http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(ဒုတိယတွဲ)

TIPIṬAKA NIKĀYA MISSIONARY MINISTRATIVE ORGANIZATION

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ–၂၅၄၉ ကောဇာ–၁၃၆၇ ခရစ်–၂၀၀၅

http:\\www.dhammadownload.com

# အရဟံဂုဏ်တော်ပုတီးစိတ်နည်း

(၁) သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဝဋ်ဆင်းရဲ၏အကြောင်း မကောင်း ယုတ်မာ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

(၂) ဝါသနာ အငွေ့ခတ်နှင့်တကွ ထိုတစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့မှ ဝေးကွာ၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ပြစ်မှု ကြိမ်ဖန် အတန်တန် လည်တတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါ တို့၏ ပူဇော်အထူးကို ခံထိုက် –

(ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းတို့ကြောင့်) တစ်သောင်း တိုက်လုံး ငြိမ့်အုန်းညိုးညံ့ အရဟံ+အရဟံ ဟူသော ဂုဏ်တော် ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လှိုင်ကျော်စောတော် မူသော မြတ်စွာဘုရား ... မြတ်စွာဘုရား ... ။

**သော ဘဂဝါ ဣတိပိ အရဟံ**

(တစ်ခေါက်ဆုံးမှ ပုတီးတစ်လုံးချ)

http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

## (ဒုတိယတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http:\\www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

ပဌမအကြိမ်

၂၀၀၅၊ နိုဝင်ဘာလ

အုပ်ရေ ၁၅၀၀

**ပုံနှိပ်ထုတ်ဝေသူ**


ဦးအောင်သန်း(၂)

အတွင်းရေးမှူး

တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http:\\www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

http:\\www.dhammadownload.com



အရှင်ဝိစိတ္တသာရာဘိဝံသ၏

# ဟောစဉ်တရားတော်များ

## ဒုတိယတွဲ

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **နိဒါန်း** | | (ခ) |
| **ရှင်ရာဟုလာ တရားပေါင်းချုပ်** | ... | ၁ |
| ဘုရားပင့်ရန် စေလွှတ်ခြင်း | ... | ၃ |
| ရာဟုလာအား အမွေပေးတော်မူခြင်း | ... | ၅ |
| ဥတ္တိစတုတ္ထကံနဲ့ ရဟန်းခံခြင်းအစ အရှင်ရာဓမထေရ်က | ... | ၇ |
| ရှင်သာမဏေပြုပုံ | ... | ၉ |
| သာမဏေရပဥ္စကို ဟောတော်မူခြင်း | ... | ၁၂ |
| အမေးဆယ်ချက်၊ အဖြေ ၁၁၅-ပါး | ... | ၁၂ |
| ဝိပဿနာ ဉာဏ်ဆယ်ပါး | ... | ၁၃ |
| ရုပ်ဖြစ်ကြောင်းတရားလေးပါး (ဥဒယဉာဏ်ငါးပါး) | ... | ၁၄ |
| ရုပ်ချုပ်ကြောင်းတရားလေးပါး (ဝယဉာဏ်ငါးပါး) | ... | ၁၅ |
| ဘင်္ဂဉာဏ်စသည် | ... | ၁၅ |
| ဘာဝနာလေးဆယ်(ဝါ)တောလေးဆယ် | ... | ၁၇ |
| သောတာပန် သုရမ္ဗဋ္ဌကို မာရ်နတ်ဖျက်၍မရ | ... | ၂၁ |
| **အဘိဏှရာဟုလောဝါဒသုတ္တန်** | ... | ၂၄ |
| ဥပဇ္ဈာယ်ဆရာကို လေးစားပူဇော်အပ်ခြင်း | ... | ၂၅ |
| ဝဋ်ဒုက္ခဆုံးအောင် ကျင့်အပ်ခြင်း | ... | ၂၇ |
| မိတ်ဆွေကောင်းကို ပေါင်းသင်းသင့်ခြင်း | ... | ၂၉ |
| တောအရပ်၌ နေအပ်ခြင်း | ... | ၃၀ |

http:\\www.dhammadownload.com

[က]　　အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘောဇနေမတ္တညုု | ... | ၃၀ |
| အလှူခံယူနည်း သတိပြုပါ | ... | ၃၁ |
| ပစ္စည်းလေးဖြာ မတွယ်တာနှင့် | ... | ၃၂ |
| သီလဗိမာန် တည်ထောင်ရန် | ... | ၃၃ |
| သမာဓိဗိမာန် တည်ဆောက်ရန် | ... | ၃၄ |
| **ရာဟုလသံယုတ် ဒေသနာတော်** | ... | ၃၉ |
| ခန္ဓာ–အာယတန–ဓာတ်–သစ္စာ လက်ာဆယ်ပုဒ် | ... | ၄၁ |
| ရူပက္ခန္ဓာ၏သဘောသရုပ်ခွဲခန်း | ... | ၄၂ |
| နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါး မဟာဘုတ်ကြီးလေးပါး | ... | ၄၂ |
| ပသာဒရုပ် ငါးပါး | ... | ၄၄ |
| အာရုံရုပ်ငါးပါး | ... | ၄၆ |
| နှစ်စုံဘာဝ | ... | ၄၇ |
| ဟဒယဝတ္ထုရုပ် | ... | ၄၈ |
| ဖုတ်သက် | ... | ၄၉ |
| အနိပ္ဖန္နရုပ်ဆယ်ပါး | ... | ၅၃ |
| ဝေဒနာက္ခန္ဓာ သဘောသရုပ်ခွဲခန်း | ... | ၅၆ |
| သညာက္ခန္ဓာ သဘောသရုပ်ခွဲခန်း | ... | ၅၉ |
| သင်္ခါရက္ခန္ဓာ သဘောသရုပ်ခွဲခန်း | ... | ၆၁ |
| ဝိညာဏက္ခန္ဓာ သဘောသရုပ်ခွဲခန်း | ... | ၆၇ |
| ကာမစိတ် ၅၄–ပါး | ... | ၆၈ |
| အဟိတ်စိတ် ၁၈–ပါး | ... | ၇၀ |
| ကာမာဝစရသောဘနစိတ် ၂၄–ပါး | ... | ၇၁ |
| ရူပါဝစရစိတ် ၁၅–ပါး | ... | ၇၂ |
| အရူပါဝစရစိတ် ၁၂–ပါး | ... | ၇၃ |
| လောကုတ္တရာစိတ်အကျဉ်း ၈၊ အကျယ် ၄၀ | ... | ၇၄ |

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရှင်ရာဟုလာ ဝိပဿနာ ကိုယ်ဝန်သားတည်သော ရာဟုလသံယုတ် | ... | ၇၆ |
| ရှင်ရာဟုလာ တရားအကျဉ်းချုပ် တောင်းခြင်း | ... | ၇၆ |
| ယောဂီများ ပြည့်စုံရမည့် အင်္ဂါ | ... | ၇၆ |
| အတွင်းအာယတန ၆-ပါး ဝိပဿနာရှုခြင်း | ... | ၇၇ |
| ရှုဖန်များလျှင် ငြီးငွေ့မည် | ... | ၈၁ |
| ငြီးငွေ့လျှင် တပ်ခြင်းကင်းမည် | ... | ၈၂ |
| ရှင်ရာဟုလာ ဒုတိယအကြိမ် တရားတောင်းခြင်း | ... | ၈၂ |
| အာရုံခြောက်ပါး၌ ဝိပဿနာရှုခြင်း | ... | ၈၃ |
| ရှင်ရာဟုလာ တတိယအကြိမ် တရားတောင်းခြင်း | ... | ၈၅ |
| ဝိညာဏ် ၆-ပါး၌ ဝိပဿနာရှုခြင်း | ... | ၈၆ |
| စတုတ္ထအကြိမ် တရားတောင်းခြင်း | ... | ၈၆ |
| ဖဿ ခြောက်ပါး၌ ဝိပဿနာရှုခြင်း | ... | ၈၆ |
| ပဉ္စမအကြိမ် တရားတောင်းခြင်း | ... | ၈၇ |
| ဝေဒနာ ခြောက်ပါး၌ ဝိပဿနာရှုခြင်း | ... | ၈၈ |
| ဆဋ္ဌမအကြိမ် တရားတောင်းခြင်း | ... | ၈၉ |
| သညာ ခြောက်ပါး | ... | ၈၉ |
| သတ္တမအကြိမ် တရားတောင်းခြင်း | ... | ၉၀ |
| သဉ္စေတနာ ခြောက်ပါး | ... | ၉၀ |
| အဋ္ဌမအကြိမ် တရားတောင်းခြင်း | ... | ၉၁ |
| တဏှာခြောက်ပါး | ... | ၉၁ |
| နဝမအကြိမ် တရားတောင်းခြင်း | ... | ၉၂ |
| ဓာတ်ခြောက်ပါး | ... | ၉၂ |
| နဝမအကြိမ် တရားတောင်းခြင်း | ... | ၉၃ |
| ခန္ဓာငါးပါး ဝိပဿနာ | ... | ၉၄ |

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရှင်ရာဟုလာအား ဘုရားအလိုလိုဟောသော တရား ၁၀-သုတ် | ... | ၉၅ |
| အနုသယသုတ် | ... | ၉၅ |
| တဏှာ၊ မာန၊ ဒိဋ္ဌိ ပြတ်အောင် ဝိပဿနာရှုနည်း | ... | ၉၅ |
| အပဂတသုတ် | ... | ၉၉ |
| မာနကိုးမျိုး လွတ်မြောက်ပုံ | ... | ၉၉ |
| ရာဟုလသံယုတ် ၂၂-သုတ် | ... | ၁၀၁ |
| ရှင်ရာဟုလာ၏နှလုံးသွင်း | ... | ၁၀၁ |
| အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန် | ... | ၁၀၃ |
| သံဝေဂ ဥယျောဇဉ်ဂါထာ | ... | ၁၀၃ |
| မုသားမပြောရန် | ... | ၁၀၆ |
| ရေခွက်ထဲမှ ရေဥပမာ | ... | ၁၀၇ |
| မုသားပြောသူ တရားကို စွန့်ပြီးဖြစ်ခြင်း | ... | ၁၀၈ |
| မုသားမပြောရန် စစ်ဆင်ကြီး ဥပမာ | ... | ၁၁၀ |
| ပစ္စဝေက္ခဏာနှင့် ကြေးမုံမှန် | ... | ၁၁၁ |
| ကံသုံးပါးကို မပြုခင် ကြိုတင်စဉ်းစား | ... | ၁၁၂ |
| ပြုဆဲမှာလည်း စဉ်းစား | ... | ၁၁၂ |
| ပြုပြီးလျှင်လည်း ပြန်စဉ်းစား | ... | ၁၁၃ |
| ပစ္စဝေက္ခဏာတင်ပြီး ကံသုံးပါး စင်ကြယ်အောင် သုတ်သင် | ... | ၁၁၄ |
| မဟာရာဟုလောဝါဒသုတ္တန် | ... | ၁၁၅ |
| ရှင်ရာဟုလာ ဂေဟဿိတပေမ ဖြစ်ပုံ | ... | ၁၁၅ |
| ဘုရားရှင်တို့၏အရိုးတော် ကွင်းဆက် | ... | ၁၁၆ |
| ကာမဝိတက်ဖြစ်နေသော ရာဟုလာအား ဘုရားဆုံးမတော်မူပုံ | ... | ၁၁၆ |
| ဆွမ်းအငတ်ခံ၍ တရားအားထုတ်သော ရှင်ရာဟုလာ | ... | ၁၁၇ |

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **စူဠရာဟုလောဝါဒသုတ်** | ... | ၁၁၉ |
| ရှင်ရာဟုလာကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း | ... | ၁၁၉ |
| ရှင်ရာဟုလာကို ဗုဒ္ဓဉာဏ်တော်၌ ထင်လာပုံ | ... | ၁၁၉ |
| ဝိမုတ္တိပရိပါစနီယတရား ၁၅-ပါး | ... | ၁၁၉ |
| အန္ဓဝန်တောအုပ်သို့ ရာဟုလာနှင့် ကြွတော်မူခြင်း | ... | ၁၂၀ |
| ရှေးဘဝက ရှင်ရာဟုလာ၏ဆုတောင်း | ... | ၁၂၂ |
| ဆပဉ္စက ဓမ္မဝိပဿနာ | ... | ၁၂၂ |
| ကုသိုလ်ဟူသမျှတို့ထက် အနိစ္စသညာဘာဝနာက အကျိုးများပုံ | ... | ၁၂၉ |
| နိဗ္ဗိဒါဉာဏ်ရင့်သန်ပုံ | ... | ၁၃၀ |
| ရှင်ရာဟုလာ မဂ်ဖိုလ်ဆိုက်ရောက်ပုံ | ... | ၁၃၂ |
| ရှင်ရာဟုလာ ရဟန္တာဖြစ်ပြီ | ... | ၁၃၄ |
| တရားပေါင်းချုပ်နိဂုံး | ... | ၁၃၅ |
| **အရဏဝိဘင်္ဂသုတ္တန်တရားတော်** | ... | ၁၃၆ |
| တရားစပ်ကိုသိရန် ရဟန်းများကို ခေါ်တော်မူခြင်း | ... | ၁၃၆ |
| တရားဒေသနာ မာတိကာ | ... | ၁၃၇ |
| ဆင်းရဲကြောင်းတရား | ... | ၁၃၈ |
| အသိဉာဏ်ဖြစ်ကြောင်းတရား | ... | ၁၃၈ |
| အရဏတရား ၆-ပါး အကျဉ်း | ... | ၁၃၈ |
| ချမ်းသာစွာ နေနိုင်ကြောင်း တရား | ... | ၁၄၀ |
| အရဏတရား ၆-ပါး အကျယ် | ... | ၁၄၁ |
| ပင်ပန်းမှုနဲ့ ရတဲ့သုခ | ... | ၁၄၁ |
| ကိုယ်ကိုမပင်ပန်းအောင်အားထုတ်မှု | ... | ၁၄၂ |
| မဂ္ဂင်ရှစ်ပါး မီးရထား ဥပမာ | ... | ၁၄၃ |
| သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်နည်း | ... | ၁၄၃ |
| သစ္စာလေးပါး | ... | ၁၄၄ |

http:\\www.dhammadownload.com



**အကြောင်းအရာ** **စာမျက်နှာ**


ကောင်းတာလုပ်ယင် မဂ္ဂင် ... ၁၄၅
မရှိုမပငိုပဒါ ... ၁၄၆
မမြှောက်မစား မနှိမ့်ချနဲ့ ... ၁၄၆
ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့ ... ၁၄၇
ဓမ္မာဓိဋ္ဌာန် ပြောပါ ... ၁၄၈
ဗဟိဒ္ဓသုခ မလိုက်စားနဲ့ ... ၁၅၀
အဇ္ဈတ္တသုခကို ဖြစ်အောင်ကြိုးစား ... ၁၅၁
အချိန်အခါကို ကြည့်ပြောပါ ... ၁၅၂
အဆောတလျင် ပြောခြင်း၏အပြစ် ... ၁၅၃
ဒေသအလိုက် ရေခွက်အခေါ် ၇-မျိုး ... ၁၅၄
ကြက်ဟင်းခါးသီးနဲ့ ဂျင်းခါးသီး ... ၁၅၄
နင်တံ သို့မဟုတ် နွားကန် ... ၁၅၆
တရားအသိနှင့် ယှဉ်အောင်ပြောရန် ... ၁၅၇
ချမ်းသာလိုငြား အဇ္ဈတ္တသုခကိုပွား ... ၁၅၈
အကျဉ်းချုပ် မှတ်သားရန် ... ၁၆၀
အရဏတရားကိုသာ အားထုတ်ကြ ... ၁၆၁
အရဏပဋိပတ်ကိုကျင့်သော သုဘူတိ အမျိုးကောင်းသား ... ၁၆၂
တောဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ် ... ၁၆၂
လွယ်ကူသော ကာမသုခကို မလိုက်စားခြင်း ... ၁၆၄
အရဏတရား နိဂုံး ... ၁၆၄

**သီလဝန္တသုတ္တန်တရားတော်** ... ၁၆၆
မူလဋီကာကို လယ်တီဆရာတော်ဘုရားကြီး ချီးမွမ်းတော်မူခြင်း ၁၆၆
စာတစ်ပိုဒ် ရွှေချောင်းတစ်ချောင်း တန်ဖိုးရှိ ... ၁၆၇
သီလရှိသောပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ... ၁၆၉
တော ၁၁-ချက် လက္ခဏာသုံးပါးသို့ ဝင်ပုံ ... ၁၇၀
သောတာပန်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ... ၁၇၃

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သကဒါဂါမ်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား | ... | ၁၇၄ |
| အနာဂါမ်ပုဂ္ဂိုလ် ကျင့်ရမည့်တရား | ... | ၁၇၅ |
| ရဟန္တာပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား | ... | ၁၇၆ |
| ရဟန္တာပုဂ္ဂိုလ်တို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှားရသည့်အကျိုး | ... | ၁၇၇ |
| သုတ္တန်နိဂုံး | ... | ၁၇၉ |
| **တေသကုဏဇာတ် တရားတော်** | ... | ၁၈၀ |
| တေသကုဏဇာတ် ပစ္စုပ္ပန်ဝတ္ထု | ... | ၁၈၂ |
| မင်းကျင့်တရား ၁၀–ပါး | ... | ၁၈၂ |
| မင်းက တရားမစောင့်လျှင် ပြည်သူပြည်သားလည်း တရားမစောင့် | ... | ၁၈၃ |
| နတ်တို့စိတ်ဆိုး လေမိုးမမှန် | ... | ၁၈၅ |
| လူသားများ တရားကျင့်သုံးလျှင် | ... | ၁၈၅ |
| အဂတိတရားလေးပါး | ... | ၁၈၈ |
| သေမင်းနှင့် စစ်မခင်းနိုင် | ... | ၁၈၉ |
| ကောင်းမှုသည်သာ အားကိုးရာ | ... | ၁၉၀ |
| တေသကုဏဇာတ် အတိတ်ဝတ္ထု | ... | ၁၉၂ |
| အသိုက်တစ်ခုထဲ၌ ငှက်မသုံးကောင်၏ ဥသုံးဥ | ... | ၁၉၃ |
| ဘုရင်မွေးစား ဘုရင့်သား | ... | ၁၉၅ |
| ဓိးကွက်ဖို, သာလိကာမ, ကြက်တူရွေးအဖို | ... | ၁၉၆ |
| ငှက်သုံးကောင်ကို ချစ်လွန်းသောဘုရင် | ... | ၁၉၈ |
| ခင်ပုပ်ငှက်၏ ပညာအရည်အချင်း | ... | ၁၉၉ |
| ရှင်ဘုရင်နှင့်သားတော်ခင်ပုပ်ငှက်တို့အမေးအဖြေ | ... | ၂၀၁ |
| မင်းကျင့်တရားသုံးပါး (သစ္စာ, မေတ္တာ, ဓိတိ) | ... | ၂၀၃ |
| အသရေရှိနတ်သမီးနှင့် အသရေမဲ့နတ်သမီးတို့၏အဖြေ | ... | ၂၀၆ |
| လုံ့လဝီရိယရှိရမည် | ... | ၂၀၈ |
| လုံ့လရှိလျှင် နတ်ကောင်းစောင့်ရှောက် | ... | ၂၁၀ |

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ခင်ပုပ်ငှက်၏ မင်းကျင့်တရားငါးပါး | ... | ၂၁၁ |
| ဝေဿန္တရာငှက်မင်းအား ပြို့ဝန်ရာထူးခန့် | ... | ၂၁၃ |
| ကုဏ္ဍလိနီသာလိကာမ၏ အမေးအဖြေခန်း | ... | ၂၁၄ |
| သာလိကာမ၏ မင်းကျင့်တရားအဖြေ | ... | ၂၁၆ |
| အောက်လူတွေအပြော မယုံပါနှင့် | ... | ၂၁၈ |
| အမှုထမ်းတွေ အလုပ် လုပ် မလုပ် ကိုယ်တိုင်သိအောင်ကြိုးကုတ် | | ၂၁၉ |
| ဒေါသစိတ် မပြင်းဘဲ ညာတာစွာ စဉ်းစားရန် | ... | ၂၂၁ |
| သာလိကာမလေး ဘဏ္ဍာရေးဝန်ကြီးခန့် | ... | ၂၂၄ |
| ဇမ္ဗုကကျေးသား၏ ဖြေဆိုခန်း | ... | ၂၂၅ |
| မင်းတို့၌ ရှိရမည့် အား ၅ ပါး | ... | ၂၂၆ |
| ပညာရှိသူ၏ သဘောလက္ခဏာများ | ... | ၂၂၉ |
| ရာဇောဝါဒ ဓမ္မဥ္စရ ၁၀-ဂါထာ | ... | ၂၃၃ |
| ဇမ္ဗုကကျေးသားအား စၥ်သနာပတိရာထူးခန့်အပ်ခြင်း | ... | ၂၃၆ |
| ခမည်းတော နတ်ရွာစံခြင်း | ... | ၂၃၈ |
| ဇမ္ဗုကကျေးသား ထီးနန်းလက်မခံ | ... | ၂၃၈ |
| အနှစ်လေးသောင်း ကြာအောင်တည် | ... | ၂၃၉ |
| ဓာတ်တော်ပေါင်းခြင်း | ... | ၂၃၉ |
| **ဗဟုပုတ္တိကသောဏာထေရီဝတ္ထု တရားတော်** | ... | ၂၄၁ |
| ပိဋကတ်ကျမ်းတတ်ဆိုသည်မှာ | ... | ၂၄၁ |
| ဉာဏ်ရှင်တဲ့အသိတရား | ... | ၂၄၁ |
| ရူပက္ခန္ဓာရဲ့ သဘောသရုပ် | ... | ၂၄၂ |
| ဓာတ်ကြီးလေးပါး | ... | ၂၄၂ |
| အာရုံရုပ်ငါးပါး | ... | ၂၄၃ |
| ဘာဝရုပ်သော ရုပ်ငါးပါး | ... | ၂၄၃ |
| နိပ္ဖန္နရုပ် ၁၈-ပါး | ... | ၂၄၅ |
| အနိပ္ဖန္နရုပ် တစ်ဆယ် | ... | ၂၄၅ |

http:\\www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝေဒနာအကျယ် ၁၀၈-ပါး ပွားပုံ | ... | ၂၄၇ |
| သညာက္ခန္ဓာ | ... | ၂၅၀ |
| သင်္ခါရက္ခန္ဓာ ငါးဆယ် | ... | ၂၅၂ |
| ဝိညာဏက္ခန္ဓာ | ... | ၂၅၃ |
| ဝေပုလ္လပဗ္ဗတ သုတ္တန် | ... | ၂၅၄ |
| ဝေပုလ္လတောင်၏အမြင့် | ... | ၂၅၄ |
| ထေရီအပဒါန်ဟူသည် | ... | ၂၅၆ |
| သောဏာထေရီ လျှောက်ထားချက် | ... | ၂၅၆ |
| သောဏာထေရီမကြီး အတိတ်ဝတ္ထု | ... | ၂၅၇ |
| ထေရီမကြီး ဆုတောင်း | ... | ၂၅၈ |
| ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်တော် | ... | ၂၆၀ |
| ပါရမီဖြည့်ပုံ | ... | ၂၆၁ |
| သာသနာ့ ဘောင်ဝင်ပြီ | ... | ၂၆၆ |
| ရဟန္တာမကြီး ဖြစ်ပြီ | ... | ၂၆၉ |
| အဘိညာဏ်ဖြင့် ရေနွေးတည် | ... | ၂၇၃ |
| ဗုဒ္ဓမြတ်စွာ ချီးမွမ်းစကား | ... | ၂၇၅ |
| ထေရီမကြီး ဥဒါန်း | ... | ၂၇၈ |
| ဒေသကဆရာတော်၏ ပတ္ထနာ | ... | ၂၈၁ |
| **စုန္ဒသုတ္တန် တရားတော်** | ... | ၂၈၂ |
| အရှင်သာရိပုတ္တရာ အာယုသင်္ခါရ လွှတ်တော်မူခြင်း | ... | ၂၈၃ |
| အဂ္ဂသာဝကတို့၏ ပရိနိဗ္ဗာန် | ... | ၂၈၄ |
| ရဟန္တာခုနစ်ပါး၏မယ်တော် | ... | ၂၈၅ |
| မယ်တော်ကိုချေချွတ်ခြင်း | ... | ၂၈၆ |
| အရှင်သာရိပုတ္တရာ ဘုရားထံ ခွင့်ပန်ခြင်း | ... | ၂၉၀ |
| အာယုသင်္ခါရ လွှတ်ပုံ | ... | ၂၉၁ |
| ဗုဒ္ဓ၏ အာယုသင်္ခါရ | ... | ၂၉၂ |

http:\\www.dhammadownload.com

[ကော်]　　အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဖလသမာပတ် ၃–မျိုး | ... | ၂၉၃ |
| အာယုပါလက ဖလသမာပတ် | ... | ၂၉၅ |
| မဟာဝဇိရ ဝိပဿနာဉာဏ် | ... | ၂၉၅ |
| အရှင်သာရိပုတ္တရာက ဘုရားထံ လျှောက်ပုံ | ... | ၂၉၇ |
| ပရိနိဗ္ဗာန်စံရန် မြတ်စွာဘုရား အမိန့်ရှိပုံ | ... | ၂၉၈ |
| တန်ခိုးအမျိုးမျိုး ဖန်ဆင်း၍ တရားဟောခြင်း | ... | ၂၉၉ |
| မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာ နောက်ဆုံးပူဇော်ခြင်း | ... | ၃၀၂ |
| အရှင်သာရိပုတ္တရာ၏ တစ်သမျှ်နှင့် ကမ္ဘာတစ်သိန်းပါရမီ | ... | ၃၀၅ |
| အရှင်သာရိပုတ္တရာ၏ နောက်ဆုံးဩဝါဒ | ... | ၃၀၇ |
| မွေးရပ်မြေသို့ ရောက်ခြင်း | ... | ၃၀၉ |
| သွေးအန်ရောဂါ ဖြစ်ပေါ်လာ | ... | ၃၁၁ |
| သူနာပြုရန် နတ်မင်းကြီးများ ရောက်လာခြင်း | ... | ၃၁၂ |
| သူနာပြုရန် သိကြားမင်း၊ ဗြဟ္မာမင်းများ လာရောက်ခြင်း | ... | ၃၁၃ |
| အာရာမ်စောင့်နှင့်တူသော နတ်မင်းကြီးများ | ... | ၃၁၅ |
| သမဏေယ်လေးနှင့် တူသော သိကြားမင်း | ... | ၃၁၆ |
| အဂ္ဂသာဝက ၂–ပါး အဆုံးအမပေးပုံ ထူးခြားချက် | ... | ၃၁၈ |
| မယ်တော်၏ ပီတိသောမနဿ | ... | ၃၁၉ |
| မယ်တော်အား တရားဟောခြင်း | ... | ၃၂၀ |
| မယ်တော် ရှုပသာရီ သောတာပန်ဖြစ်ခြင်း | ... | ၃၂၀ |
| တပည့်ရဟန်းများအား နောက်ဆုံး ကန်တော့ခြင်း | ... | ၃၂၃ |
| အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူပြီ | ... | ၃၂၅ |
| မယ်တော်ကြီး ဟစ်အော်ငိုကြွေး မြည်တမ်းခြင်း | ... | ၃၂၆ |
| အရှင်သာရိပုတ္တရာ၏ ရှာပန သာဓုကီဠနသဘင်အခမ်းအနား | ... | ၃၂၈ |
| ရှာပန၌ မယ်တော်၏ ပူဇော်ပုံ | ... | ၃၂၈ |
| ရှာပန၌ သိကြားမင်း၏ ပူဇော်ပုံ | ... | ၃၂၈ |
| ရှာပနသဘင်၌ လူအနင်းခံရ၍ သေသော ရေဝတီအမျိုးသမီး | ... | ၃၂၉ |

http:\\www.dhammadownload.com



အကြောင်းအရာ | စာမျက်နှာ


ရေဝတီနတ်သမီး၏ ပူဇော်ပုံ ... ၃၃၀
အရှင်အနုရုဒ္ဓါ စာတ်တော်ကောက်ခြင်း ... ၃၃၂
အရှင်စုန္ဒမထေရ် ဘုရားရှင်ထံ သွားရောက်ခြင်း ... ၃၃၂
အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာ ရင်းနှီးပုံ ... ၃၃၃
အရှင်အာနန္ဒာက လျှောက်ထားခြင်း ... ၃၃၄
ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ဟောကြားတော်မူခြင်း ... ၃၃၅
ဒုတိယပုဂ္ဂိုလ် ... ၃၃၆
ဓမ္မစက်ကို လည်စေတတ်သော ပုဂ္ဂိုလ် ... ၃၃၆
ပညာအရာ မနှိုင်းယှဉ်သာသော ပုဂ္ဂိုလ် ... ၃၃၆
အပိစ္ဆ စသော ဂုဏ်ရှင် ... ၃၃၇
ဘဝငါးရာ ကာမဂုဏ်ကို ပယ်သောပုဂ္ဂိုလ် ... ၃၃၉
တရားပွဲ၌ မျက်နှာငယ်၍ သောကရောက်နေသော ရှင်အာနန္ဒာ .. ၃၄၂
သောကပျောက်ကြောင်းတရား ... ၃၄၄
မိမိကိုယ်နှင့် တရားကိုသာ အားကိုးရန် ... ၃၄၆
သတိပဋ္ဌာန်လေးပါး ... ၃၄၆
စုန္ဒသုတ္တန် နိဂုံး ... ၃၄၈

**ဗဟုစိတရသုတ္တန် တရားတော်** ... ၃၅၀
သတ္တဝါတို့၏ ကိုးစားရာ ဗုဒ္ဓဂုဏ်တော် ... ၃၅၀
ဗဟုစိတရပုဏ္ဏား ... ၃၅၁
နွားပျောက်ရှာ ဘုရားနှင့်တွေ့ ... ၃၅၃
ဗဟုစိတရပုဏ္ဏား ဘုရားအနီးမှာ ညည်းတွားနေခြင်း ... ၃၅၄
နွားပျောက်ရှာခြင်း ... ၃၅၄
နမ်းခင်းပျက်ခြင်း ... ၃၅၅
ကြွက်များက ကျီထဲဝင်ဖျက်ခြင်း ... ၃၅၆
အိပ်ရာခင်းက ၇-လကြာ ... ၃၅၇

http:\\www.dhammadownload.com

[ကား] အရှင်ဂိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လင်ကွာတဲ့သမီးက ခုနစ်ယောက် | ... | ၃၅၈ |
| ပုဏ္ဏေးမက ခြေဖြင့် ကျောက်နှိုးခြင်း | ... | ၃၆၀ |
| ကြွေးတွေက ဝိုင်းဝိုင်းလည် | ... | ၃၆၂ |
| မြတ်စွာဘုရား၏ တုံ့ပြန်မိန့်မှာသော ဥဒါန်းဂါထာများ | ... | ၃၆၃ |
| နွား မရှိ၍ချမ်းသာ | ... | ၃၆၃ |
| နှမ်းခင်း မရှိ၍ချမ်းသာ | ... | ၃၆၄ |
| ကြွက်သောင်းကျန်းသော စပါးကျီ မရှိ၍ ချမ်းသာ | ... | ၃၆၄ |
| ကြမ်းပိုးရှိသော အိပ်ရာခင်း မရှိ၍ ချမ်းသာ | ... | ၃၆၅ |
| သားသမီး မြေး မရှိ၍ ချမ်းသာ | ... | ၃၆၆ |
| မယား မရှိ၍ ချမ်းသာ | ... | ၃၆၆ |
| ကြွေးမြီ မရှိ၍ ချမ်းသာ | ... | ၃၆၇ |
| ပုဏ္ဏား၏အမြင်မှန် သတိတရား | ... | ၃၆၇ |
| ပုဏ္ဏားကြီး ရှင်ရဟန်းပြုခြင်း | ... | ၃၆၉ |
| ဃာဂုလောင်းလှူမှု တားမြစ်တော်မူခြင်း | ... | ၃၇၀ |
| ဣဏာပလိဗောဓကို မြတ်စွာဘုရား ရှင်းစေတော်မူခြင်း | ... | ၃၇၁ |
| ဗဟုဓိတရပုဏ္ဏားရဟန်းကြီး၏ ဣဏာဗလိဗောဓ | ... | ၃၇၃ |
| ကောသလမင်းကြီးက ကြွေးရှင်းပေးခြင်း | ... | ၃၇၄ |
| သမီး ၇-ယောက်ကို မင်းကြီးက ကူညီခြင်း | ... | ၃၇၅ |
| ပုဏ္ဏေးမကြီးကို နန်းတော်ခေါ်ထားခြင်း | ... | ၃၇၆ |
| ဘာရဒွါဇပုဏ္ဏား ရဟန္တာဖြစ်ခြင်း | ... | ၃၇၈ |
| ဗဟုဓိတရသုတ္တန် နိဂုံး | ... | ၃၈၀ |
| **သာစုသုတ္တန်တရားတော်** | ... | ၃၈၂ |
| အဘိဓမ္မာ ၂-မျိုး | ... | ၃၈၂ |
| တန်းခိုးပြာဋိဟာ သုံးကြိမ် | ... | ၃၈၃ |
| မြတ်စွာဘုရား အဘိဓမ္မာတရား ဆင်ခြင်တော်မူပုံ | ... | ၃၈၄ |
| မြစ်ကမ်းမဆုံသော ငါးကြီးဥပမာ | ... | ၃၈၅ |

http:\\www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဆဗ္ဗညုတာရဲသိဝဏ္ဏနာ ဘုရားရှိခိုးဂါထာများ | ... | ၃၈၆ |
| သဗ္ဗညုတဉာဏ် ကွန့်မြူးတော်မူခြင်း | ... | ၃၈၇ |
| ရောင်ခြည်တော် ခြောက်သွယ် | ... | ၃၈၉ |
| သာဓုသုတ္တန် နိဒါန်း | ... | ၃၉၂ |
| ဗုဒ္ဓကိစ္စ ငါးပါး | ... | ၃၉၃ |
| သဟုလ္လပကာယိက နတ်များ | ... | ၃၉၅ |
| သေခါနီး သရဏဂုံကြောင့် နတ်ပြည်ရောက်ကြခြင်း | ... | ၃၉၆ |
| မလှူချင်သော အကြောင်း ၂-ပါး | ... | ၃၉၉ |
| ဝန်တိုမှုနှင့် အာရုံငါးပါးလိုက်စားမှု | ... | ၃၉၉ |
| မြတ်စွာဘုရားလက်ခံအတည်ပြုသောဒါနအကြောင်း | ... | ၄၀၁ |
| သဒ္ဓါနှစ်ခု စွယ်စုံညီသောဒါန | ... | ၄၀၅ |
| စစ်တိုက်ခြင်းနှင့် အလှူပေးခြင်း တူပုံ | ... | ၄၀၆ |
| တရားသဖြင့်ရသောဥစ္စာ | ... | ၄၀၈ |
| ပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူသင့်ပုံ | ... | ၄၀၉ |
| ဒါနဝတ္ထုကိုလည်းရွေး၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေး၍လှူရန် | ... | ၄၁၁ |
| သတ္တဝါတို့၌ မညှဉ်းဆဲရန် | ... | ၄၁၄ |
| သတ္တဝါကို မညှဉ်းဆဲယင် ငါးပါးသီလ လုံခြုံ | ... | ၄၁၅ |
| မြတ်စွာဘုရား အထူးချီးမွမ်းတော်မူသော အကျင့်တရား | ... | ၄၁၇ |
| အနိစ္စ, ဒုက္ခ, အနတ္တ | ... | ၄၁၉ |
| ဝိပဿနာဉာဏ် | ... | ၄၂၀ |
| သာဓုသုတ္တန် နိဂုံး | ... | ၄၂၁ |
| **မှတ်သားဖွယ်ရာ အကွရာစဉ်အညွှန်း** | ... | ၄၂၂ |

အရှင်ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူသော တရားတော်များ (ဒုတိယတွဲ)

မာတိကာ ပြီး။

http:\\www.dhammadownload.com

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး
# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ (ဒုတိယတွဲ)

## နိဒါန်း

**ဟောစဉ်တရားဒုတိယတွဲ ။** ။ သာသနာရေး ဦးစီးဌာန၊ ကျမ်းပြု ဌာနစုက ကျမ်းပြု ဝန်ထမ်းများက မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၏ ဟောစဉ်တရားတိတ်ခွေများမှ ဟောစဉ်တရားတော် ၈–ပုဒ်ကို ရွေးချယ်ကူးယူ၍ လွန်ခဲ့သည့် ၂ နှစ်က "အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ" ပထမတွဲကို သာသနာရေး ဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ဟောစဉ်တရားတော် ၈–ပုဒ်ကို ကျမ်းပြုဝန်ထမ်းများကပင် ရွေးချယ်ကူးယူ၍ "အရှင်ဝိစိတ္တသာရာဘိဝံသ၏ တိပိဋကဓရ ဟောစဉ်တရား" ဒုတိယတွဲ အမည်ဖြင့် သာသနာရေး ဦးစီးဌာနက ဒုတိယကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ပေပြီ။ ဤတိပိဋကဓရ ဟောစဉ်တရား ဒုတိယတွဲ ဖြစ်ပေါ်လာပုံမှာ ဟောစဉ်တရားတော်များ ပထမတွဲ ဖြစ်ပေါ်လာပုံနှင့် ခြားနားခြင်း မရှိ၍ ပထမတွဲတွင် တင်ပြထားသည့် အတိုင်းပင် ဖြစ်ပါသည်။

### ကျမ်းစာအုပ်၏ဂုဏ်ရည်

**ဟောစဉ်တရားတော် ၈–ပုဒ် ။** ။ ဤ "တိပိဋကဓရ ဟောစဉ်တရား" ဒုတိယတွဲကို မဖတ်ရှု မလေ့လာမိ စာဖတ် ပရိသတ် ဓမ္မမိတ်ဆွေများကို ဤစာအုပ်နှင့် မိတ်ဆက်ပေးပါဦးမည်။ ဤစာအုပ်ကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား တရားသဘင်တွင် ဟောစဉ်ကကဲ့သို့ တရားဟောနည်း ဟောဟန်အတိုင်း ကူးယူရိုက်နှိပ်ထားပါသည်။ ဤသို့ မူလ ဟောနည်းအတိုင်း ကူးယူ ရိုက်နှိပ်ရခြင်းမှာ စာဖတ်ပရိသတ်များအဖို့ ကျမ်းစာအုပ် ရေးနည်းရေးဟန်ထက် တရား ဟောနည်းဟောဟန်က ပို၍ သိလွယ်၊ ပို၍ နားလည်လွယ်သောကြောင့် ဖြစ်ပါသည်။

http:\\www.dhammadownload.com



သို့ရာတွင် စာရှုသူများသည် ဤဟောစဉ်တရားတော်များကို လေ့လာဖတ်ရှုကြသည့်အခါ ဤစာအုပ်၌ အဓိပ္ပာယ် တစ်မျိုးတည်းကိုပင် နှစ်ကြိမ် သုံးကြိမ် ထပ်၍ ထပ်၍ ဟောကြားသည့် နေရာအချို့ကို တွေ့ရှိကြမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ တွေ့ရှိကြသည့်အခါ "ဤသို့ နှစ်ကြိမ် သုံးကြိမ် ထပ်၍ ဟောခြင်းမှာ တရားနာ ပရိသတ်များအား မိမိတို့ သိနားလည်သလို သိမြင်စေလို၊ နားလည် သဘောပေါက်စေလိုသည့် ဆရာတော်ဘုရား၏ မွန်မြတ်သည့် စေတနာ ပါကလား"လို့ နှလုံးသွင်းကြရန် ဖြစ်ပါသည်။

ဤကျမ်းစာအုပ်တွင် ရွေးချယ်ကောက်နုတ် တင်ပြထားသည့် တိပိဋကဓရ ဟောစဉ်တရားတော် ၈–ပုဒ်မှာ –

၁။ ရှင်ရာဟုလာ တရားတော်ပေါင်းချုပ်

၂။ အရဏဝိဘင်္ဂသုတ္တန် တရားတော်

၃။ သီလဝန္တသုတ္တန် တရားတော်

၄။ တေသကုဏဇာတ် တရားတော်

၅။ ဗဟုပုတ္တိက သောဏာထေရီဝတ္ထု တရားတော်

၆။ စုန္ဒသုတ္တန် တရားတော်

၇။ ဗဟုဓိတရသုတ္တန် တရားတော်

၈။ သာခုသုတ္တန် တရားတော်

တို့ဖြစ်ပါသည်။

**ရှင်ရာဟုလာတရားပေါင်းချုပ်** ။ ။ဤဖော်ပြပါ တရားတော် ၈–ပုဒ်တွင် ရှင်ရာဟုလာ တရားပေါင်းချုပ်ကား ဘုရား သားတော်ကလေး ရှင်ရာဟုလာကို အကြောင်းပြု၍ ဟောထားသမျှ တရားတော်များကို ရှာဖွေ ပေါင်းစု၍ ဟောကြားထားသော စုပေါင်းတရားတော်များ ဖြစ်သည်။ ထိုတရားတော်များမှာ လေးပိုင်း ပိုင်း၍ လေးညတိုင်တိုင် ဟောကြားထားသော တရားတော်များဖြစ်၍ အလွန်များလှပေသည်။ ဤစာအုပ်တွင် စာမျက်နှာ ၁–မှ ၁၃၅ မျက်နှာအထိ ရှိသည်။ တရားများသလောက် တရားသားပါ၍ မှတ်သားဖွယ်ရာ အဖြာဖြာတို့ဖြင့် ပြည့်နှက်နေပေသည်။ ဤရှင်ရာဟုလာ တရားပေါင်းချုပ်တွင် –

http:\\www.dhammadownload.com



၁။ သာမဏေရပဥှာ

၂။ အဘိဏှရာဟုလောဝါဒ သုတ္တန်

၃။ သုတ်ပေါင်း ၂၂-သုတ် ပါဝင်သော ရာဟုလသံယုတ်

၄။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်

၅။ မဟာရာဟုလောဝါဒသုတ္တန်

၆။ စူဠရာဟုလောဝါဒသုတ္တန်

ဟူ၍ သုတ်ပေါင်း ၂၇ သုတ်ပါဝင်ပေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော် ရာဟုလာကို စမရီသားကောင်သည် မိမိ၏မြီးဆံများကို စောင့်ရှောက်သကဲ့သို့ အလွန်ဂရုတစိုက် စောင့်ရှောက်တော်မူသည်။ အရှင်ရာဟုလာကို အကြောင်းပြု၍ တရားဒေသနာပေါင်း အမြောက်အမြား ဟောကြားတော်မူ၏။ ရှင်သာမဏေဖြစ်စ ခုနစ်နှစ်သား အရွယ်မှာပင် မဂ်ဖိုလ်နိဗ္ဗာန်အတွက် အကျိုးကျေးဇူးမထွက်၊ ပေါ့ပျက်သည့် စကားများကို ပြောနေခွင့် မရအောင် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဆက်စပ်သည့် အမေးဆယ်ထွေ အဖြေ ၁၁၅-မျိုး ပါဝင်သည့် သာမဏေရပဥှာကို ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားက ကျောင်းတော်မှာ ရှိကြသည့် ရှင်ဟုလာစသော သာမဏေကလေးများ မဂ်ဖိုလ်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် မြို့စကား၊ ရွာစကား၊ မင်းစကား၊ စိုးစကား စသော စကားများနှင့် အချိန်မဖြုန်းကြဘဲ မဂ်ဖိုလ်ရရန်အတွက် အထောက်အပံ့ဖြစ်သည့် တရားတို့ကို တစ်ပါးက မေးလိုက် တစ်ပါးက ဖြေလိုက် သဘောမျိုးဖြင့် မေးဖြေကြရန် ဤသာမဏေရပဥှာ တရားတထုံးကို ဟောကြားဆုံးမတော်မူခြင်း ဖြစ်ပါသည်။

လိမ်ညာ ပြောလိုက်ရသည်ကို အားရကျေနပ် နှစ်သက်ခြင်းသည် ကလေးသူငယ်တိုင်း၏ သဘာဝပင် ဖြစ်သည်။ ထို့ကြောင့် ခုနစ်နှစ်သားအရွယ် ရာဟုလာသာမဏေငယ်ကလေး လိမ်ညာစကား၊ မုသား မပြောတတ်ရန် အမ္ဗလဋ္ဌိက ရာဟုလာဝေါဒသုတ္တန်တစ်ပုဒ်ကို ထုတ်ဆောင် ဟောကြားတော်မူပါသည်။ ဤသုတ္တန်မှာ မကျဉ်းမကျယ် အလယ်အလတ် ဖြစ်သဖြင့် သင်္ဂါယနာတင် မထေရ်များက မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသတွင် ထည့်သွင်းခဲ့ပါသည်။ ဤသုတ်၌ ရှင်ရာဟုလာအား မုသား မပြောရန်

http:\\www.dhammadownload.com



ဟောကြားသည့် တရားများအပြင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ စင်ကြယ်အောင် သုတ်သင်ရမည့် အကြောင်းတို့ကို ဥပမာများ ဖြင့် တန်ဆာဆင်၍ ဟောကြားထားသည်ကိုလည်း ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ရာဟုလာမှာ သာကီဝင် မင်းသားကလေးဖြစ်၍ ဇာတ်အားဖြင့် ဖြစ်စေ၊ အမျိုးအနွယ်အားဖြင့်ဖြစ်စေ မြင့်မြတ်သူကလေး ဖြစ်သည်။ ထို့ကြောင့် ရှင်ရာဟုလာသည် ဇာတ်အမျိုးအနွယ်ကို စွဲ၍ မာန်တတ်နိုင်သည်။ ထိုမာန်မျိုး ဖြစ်ပေါ်လာက ဥပဇ္ဈာယ်ဆရာအရှင်သာရိပုတ္တရာအား မလေးမစား မထိမဲ့မြင် ပြုနိုင်သည်။ ထိုမာန်မျိုး မပေါ်လာနိုင်စေရန် သာမဏေဖြစ်သည်မှစ၍ အရိယာနယ်သို့ မရောက်မီအတွင်း အမြဲမပြတ် ဤအဘိဏှရာဟုလောဝါဒသုတ်ဖြင့် ဆုံးမတော်မူပါသည်။ အမှန်အားဖြင့်ဆိုသော် ဤအဘိဏှရာဟုလောဝါဒသုတ်သည် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းမိလျှင် အရဟတ္တဖိုလ်ပေါက် အကျိုးရောက်နိုင်သည် ဆိုသည့်အချက်ကို ပဓာနထား၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ဆရာတော်သည် အဘိဏှရာဟုလောဝါဒသုတ်၌ ဘုရားရှင် ဟောကြားတော်မူသည့် အချက်အလက်များကို တရားနာပရိသတ်များ အစဉ်အမြဲ စိတ်ထဲ၌ စွဲသွားအောင်

"မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေမတ္တညူ။
ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု"

စသည်ဖြင့် ကျက်မှတ်စရာ သံပေါက်လင်္ကာကလေးများ စီကုံးပေးထားပါသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာ၏ သန္တာန်မှာ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေကြည် ကိုယ်ဝန်သားရယူနိုင်ဖို့ရန် သုတ်ပေါင်း ၂၂ သုတ်ကို ၇ နှစ် အရွယ် ရှင်ဖြစ်စမှ စ၍ ရဟန်းဖြစ်၍ ဝါမရသေးမီအတွင်း ဟောကြားတော်မူသည်။ ထိုသုတ်များကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ "ရာဟုလသံယုတ်" အမည်ဖြင့် သင်္ဂါယနာတင် မထေရ်ကြီးများက သင်္ဂါယနာ တင်ခဲ့ကြပါသည်။

ဤ ရာဟုလသံယုတ်လာ သုတ်များမှာ ရုပ်နာမ်နှစ်ပါးတို့ကို မမြဲ (အနိစ္စ)၊ ဆင်းရဲ (ဒုက္ခ)၊ အတ္တမဟုတ် (အနတ္တ)ဟု ရှုမြင်ကြရမည်ဟု ဟောကြားထားသည့် တရားတော်များဖြစ်ရာ ရုပ်တရား နာမ်တရားတို့ကို အခြေခံကျကျ သိမထားလျှင် ထိုသုတ္တန်များကို နားလည်ဖို့ရန် မလွယ်ကူပါချေ။ ထိုအချက်ကို ဆရာတော်သည် ကောင်းစွာ သိမြင်

http:\\www.dhammadownload.com



တော်မူပါသည်။ ထို့ကြောင့် ထိုသုတ်များကို မဟောကြားမီ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ခန္ဓာ+အာယတန+ဓာတ်+သစ္စာလင်္ကာ ၁၀ ပုဒ်ကို ထုတ်၍ ရုပ်တရား နာမ်တရားတို့ကို နားလည်သင့်သမျှ နားလည်အောင် ရှေးဦးစွာ အခြေချပေး လိုက်သည်။ ထိုသို့ အခြေချပေးခြင်းဖြင့် မိမိဟောမည့် တရားများကို နာယူနိုင်သည့် အခြေခံနားများ ပြုလုပ်ပေးပြီးမှ ထိုရာဟုလာသံယုတ်ကို ဟောကြားတော်မူထားသည်ကို တွေ့ရပေသည်။

အရှင်ရာဟုလာသည် ဘုရားရှင်က ဝိပဿနာတရားများ ဟောကြား နည်းပေးသော်လည်း ထိုဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်၌ သမာဓိအား ကောင်းဟန် မရှိသေးပေ။ ၁၈-နှစ်သားအရွယ်သို့ ရောက်နေသော အရှင်ရာဟုလာသည် တစ်နေ့တွင် လှုငယ်ပီပီ အာရုံငါးပါး ကာမဂုဏ်တရားများကို မှီ၍ ဂေဟဿိတပေမ ခေါ်သည့် တဏှာတရား ဖြစ်ပွားခဲ့သည်။

ထိုစဉ်အခါက မိမိရှေ့က ကြွနေသည့် ဘုရားရှင်၏ မဟာပုရိသ လက္ခဏာတော်နှင့် မိမိ၏မဟာပုရိသ လက္ခဏာတို့ကို ကြည့်ပြီး စကြာမင်းကြီးနောက်က သားကြီးဥပရာဇ် လိုက်ပါသလို အလွန်တင့်တယ်ပါတကား၊ အကယ်၍သာ မြတ်စွာဘုရား စကြဝတေးမင်းကြီး ဖြစ်လို့ရှိယင် ငါဟာ သားအကြီးအရာ ဖြစ်မယ်၊ အဲဒီလိုများ ဖြစ်လိုက်ယင် "ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ဘယ်လောက်များ သာယာလိုက်မလဲ၊ တင့်တယ်လိုက်မလဲ"ဟု ကာမဝိတက်များ တဖွားဖွား ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ အရှင်ရာဟုလာ သန္တာန်၌ ကာမဝိတက်များ ဖြစ်ပွားနေပုံကို ရှေ့က ကြွသွားတော်မူနေသည့် ဘုရားရှင် ကောင်းစွာ သိတော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ဖြင့် ဟောကြားဆုံးမတော်မူရသည့် အကြောင်းကို ဆရာတော်သည် မကျဉ်းမကျယ် နားလည်လွယ်သော နည်းတို့ဖြင့် ဟောကြားထားသည်မှာ ဖတ်ကြားဖွယ် မှတ်သားဖွယ်ရာများပင် ဖြစ်ပါသည်။

ဤကဲ့သို့ ဘုရားရှင် ကိုယ်တော်တိုင် ဂရုတစိုက် စောင့်ရှောက်တော်မူသဖြင့် အရှင်ရာဟုလာ သန္တာန်၌ ရဟန်းဖြစ်စ ဝါမရသေးမီအချိန်မှာပင် အရဟတ္တဖိုလ်ကို ရင့်ကျက်စေနိုင်၊ ရစေနိုင်သော ဝိမုတ္တိပရိပါစနီယ တရားများ ရင့်ကျက်လျက် ရှိနေကြပေပြီ။ နေရောင်ခြည်ကို မျှော်လင့်နေသော ပန်းဖူးပန်းငုံသည် နေရောင်ခြည် ရသည်နှင့် တပြိုင်

http:\\www.dhammadownload.com



နက် ပွင့်လာသကဲ့သို့ စရိုက်နှင့် ကိုက်ညီသည့် တရားတစ်ပုဒ်ကို နာကြားလိုက်ရလျှင် အရဟတ္တဖိုလ်သို့ ရောက်ရန် အရှင်ရာဟုလာမှာ အဆင်သင့် ဖြစ်နေပေပြီ။ ထိုအကြောင်းကို မြတ်စွာဘုရား အထင်အရှား သိတော်မူသည်။ ထို့ကြောင့် ဤ စူဠရာဟုလောဝါဒသုတ်ကို ဖော်ထုတ်ဟောကြားတော်မူရာ အရှင်ရာဟုလာမှာ ရဟန္တာဖြစ်သွားခဲ့ပါသည်။ ဝိမုတ္တိပရိပါစနီယ တရားဆိုသည်မှာ သံသရာဝဋ်မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်ကို ရင့်ကျက်စေနိုင် (ဝါ) ရစေနိုင်သောတရားဟု အဓိပ္ပာယ် ရသည်။ ထိုဝိမုတ္တိပရိပါစနီယ တရားများမှာ ၁၅-ပါး ရှိသည်။ ဆရာတော်သည် ထိုတရား ၁၅-ပါးကို ရှင်းလင်းဟောကြားထားသည်ကို ဤဟောစဉ် တရားစာအုပ်၌ လေ့လာဖတ်ရှုရမည် ဖြစ်ပါသည်။

**အရဏဝိဘင်္ဂသုတ်** ။ ။ ဤ သုတ်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၌ လာရှိသည်။ ဤသုတ္တန်ကား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အကြောင်းပြု၍ ဟောကြားသည့် သုတ္တန် မဟုတ်။ ဗုဒ္ဓမြတ်စွာသည် မိမိအလိုတော်အတိုင်း တပည့်သာဝကများအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေနိုင်ကြောင်း အကျင့်ကောင်းကို ညွှန်ပြသောအားဖြင့် ဟောကြားတော်မူသည့် သုတ္တန် ဖြစ်သည်။ အရဏဝိဘင်္ဂ ဆိုသည်မှာ ဆင်းရဲဒုက္ခတည်းဟူသော မြူကင်းကွာ၍ ချမ်းသာစွာ နေနိုင်ကြောင်း တရားတို့ကို အကျယ်ဝေဖန် ဟောကြားသောသုတ်ဟု အဓိပ္ပာယ်ရသည်။

ဤသုတ်၌ ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း တရား ၆-ပါးကို ဟောတော်မူသည်။ ထိုတရား ၆-ပါး မှာ-

၁။ ကာမဂုဏ် ချမ်းသာ ခံစားခြင်း၊ မိမိကိုယ်ကို အပင်ပန်း အဆင်းရဲခံ၍ ကျင့်ခြင်းဟူသော အယုတ်တရား ၂-ပါးတို့မှ လွတ်သော မဂ္ဂင်ရှစ်ပါးဟူသော အလယ်အလတ် မဇ္ဈိမပဋိပဒါတရား၊

၂။ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မြှောက်ပင့်ခြင်း နှိပ်ကွပ်ခြင်း မပြုဘဲ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဟုတ်မှန်သော သဘောတရားတို့ကို ဟောပြောခြင်း၊

၃။ ပြင်ပချမ်းသာ (ဗဟိဒ္ဓသုခ) ခေါ်သည့် ကာမချမ်းသာကို ရှောင်ရှား၍ ကိုယ်တွင်းတရားကို အစွဲပြု၍ရသော ဈာန်ချမ်းသာစသော ချမ်းသာများ (အဇ္ဈတ္တသုခ) ကို ပွားများခြင်း၊

http:\\www.dhammadownload.com



၄။ ပုဂ္ဂိုလ်တစ်ယောက်၏ အကြောင်းကို မျက်မှောက်၌ဖြစ်ဖြစ် မျက်ကွယ်၌ဖြစ်ဖြစ် ပြောသည့်အခါ အကျိုးရှိ၍ မှန်ကန်သော စကားမျိုး ဖြစ်စေကာမူ အချိန်အခါ ကြည့်ပြီး ပြောရခြင်း၊

၅။ စကားပြောသည့်အခါ၊ တရားဟောသည့်အခါတို့၌ အလျင်တဆော မပြောဘဲ ပြေပြစ်သိမ်မွေ့စွာ မလျင်မဆော ပြောရခြင်း၊

၆။ ဝေါဟာရများကို သုံးစွဲရာ၌ အရပ်ဒေသ အစွဲအလမ်း မထားဘဲ ထိုထိုအရပ်ဒေသ အားလျော်စွာ သုံးနှုန်းပြောဆိုရခြင်း -

တို့ ဖြစ်ပါသည်။ ထိုတရား ၆-ပါးတို့ကို လွယ်ကူစွာ မှတ်သားမိနိုင်ရန် ဆရာတော်က ဤစာအုပ်တွင် -

"အယုတ်နှစ်ပါး၊ မလိုက်ငြား၊ လမ်းသွားမရှိမ။
မမြွောက်မစား၊ မနိုပ်ငြား၊ တရားဟောဖော်ပြ။
သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအစ္ဆတ္တ"

စသည်ဖြင့် လင်္ကာ ၆-ပုဒ် သီကုံး ဖော်ထုတ် ထားသည်ကိုလည်း မှတ်သားကြရမည် ဖြစ်ပါသည်။

**သီလဝန္တသုတ္တန်** ။ ။ ဤ သုတ်သည် ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်၊ ဓမ္မကထိက ဝဂ်၌ လာရှိသည်။ အရှင်မဟာကောဋ္ဌိက မထေရ် မေးမြန်း လျှောက်ထားသဖြင့် တရားစစ်သူကြီး အရှင်သာရိပုတ္တရာ မထေရ်ကြီး ဖြေကြားသော အမေးအဖြေ သုတ္တန်ဖြစ်သည်။ ဤသုတ္တန်၌ အနှစ်သာရမှာ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ် သည် သောတာပတ္တိမဂ်ကို ရလိုလျှင် လောကီခန္ဓာ ငါးပါး ရုပ်နာမ် နှစ်ပါးတို့ကို မမြဲ (အနိစ္စ)၊ ဆင်းရဲ (ဒုက္ခ)၊ အတ္တမဟုတ် (အနတ္တ)ဟု ရှုရမည်၊ သောတာပန်ဖြစ်သွားပြီး သည့် နောက်၌လည်း အထက်မဂ်ကို ရအောင် ဤလောကီခန္ဓာ ငါးပါးတို့ကိုပင် ဝိပဿနာ ရှုရမည်။ နောက်ဆုံး ရဟန္တာ ပုဂ္ဂိုလ် ဖြစ်သွားသည့်တိုင်အောင် အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားရန်နှင့် သတိသမ္ပဇဉ် လက်မလွတ်ဖို့ရန်အတွက် ဝိပဿနာ ရှုရ သေးသည်ဟူ၍ ဖြစ်ပါသည်။

ဤသုတ္တန်သည်လည်း ရုပ်နာမ် နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဝိပဿနာ ရှုရသော တရားဒေသနာတော် ဖြစ်၍ ဆရာတော်သည် မိုးမိ ဟောခနေကျ တရား

http:\\www.dhammadownload.com



ဟောနည်းအတိုင်း ဤသုတ္တန်ကို မဟောမီ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာငါးပါး လက်ကြီးကို ရွတ်ဆို အခိပ္ပာယ် ရှင်းပြထားသည်မှာလည်း မှတ်သားဖွယ် ရာ ဖြစ်ပါသည်။

**တေသကုဏဇာတ်** ။ ။ ဤ ဇာတ်သည် ငါးရာ့ ငါးဆယ် ဇာတ်တော်များတွင် စတ္တာသီလနိပါတ်၌ ပါဝင်သော ဇာတ်တော်တစ်ခု ဖြစ်သည်။ ဤဇာတ်တွင် ဂါထာပေါင်း ၄၀-ရှိသဖြင့် စတ္တာသီလ(၄၀) နိပါတ်၌ ပါဝင်ရခြင်း ဖြစ်သည်။ ပသေနဒီ ကောသလမင်းကြီးကို အကြောင်းပြု၍ ဤဇာတ်တော်ကို ဟောတော်မူခြင်း ဖြစ်သည်။ ဤဇာတ်၌ ခင်ပုပ် (ဇီးကွက်)၊ သာလိကာ၊ ကျေးသား ဟူ၍ ငှက်သုံးကောင် ပါဝင်သောကြောင့် တေသကုဏဇာတ်ဟု ခေါ်သည်။ (တေ= သုံးကောင်+သကုဏ=ငှက်)။ ဤငှက်သုံးကောင်သည် ဤဇာတ်၌ အဓိက ဇာတ်လိုက် များ ဖြစ်ကြသည်။ ခင်ပုပ်ငှက်သည် လက်ယာတော်ရံ အရှင်သာရိပုတ္တရာအလောင်း၊ သာလိကာမကလေးသည် ဥပ္ပလဝဏ်ထေရီမအလောင်း၊ ကျေးသားပညာရှိသည် ဘုရား အလောင်းတို့ ဖြစ်ကြပါသည်။

ဤဇာတ်၌ ဟောကြားတော်မူသော တရားများကို ခြုံ၍ ဖော်ပြရလျှင် အုပ်ချုပ်ရေး တွင် စနစ်တကျ အသုံးချရမည့် အုပ်ချုပ်ရေးဆိုင်ရာ နည်းပညာများ ဖြစ်သည်။ ဤ ဇာတ်တွင် မှတ်သားဖွယ်ရာများကို နှစ်ပိုင်းခွဲ၍ မှတ်သားနိုင်သည်။ ပထမပိုင်းမှာ ပစ္စုပ္ပန် ဝတ္ထုဖြဲ ဘုရားရှင် ဟောတော်မူချက်များ ဖြစ်၍ ဒုတိယပိုင်းမှာ ငှက်သုံးကောင်တို့ ညွှန် ကြားသော လမ်းညွှန်ချက်များ ဖြစ်ပါသည်။ ထိုတွင် ပစ္စုပ္ပန်ဝတ္ထုဖြဲ ဘုရားရှင်က ပသေနဒီ ကောသလမင်းကြီးအား တိုင်းပြည်၊ မြို့ရွာ၊ ရပ်ကွက်၊ အိမ်ထောင်စု စသည် တို့ကို အုပ်ချုပ်သူသည် -

(၁) လှူဒါန်းပေးကမ်းခြင်း ဒါန၊ ငါးပါးသီလ လုံခြုံခြင်း သီလ၊ အရည်အချင်း အလိုက် ထိုက်သလို စွန့်ကြဲပေးကမ်းရခြင်း ပရိစ္စာဂ စသော မင်းကျင့်တရား ၁၀-ပါးနှင့် ပြည့်စုံရမည်။

(၂) အုပ်ချုပ်သူက တရားမစောင့်လျှင် အုပ်ချုပ်ခံ လူတန်းစားများကလည်း တရား ပျက်ကြမည်။

http:\\www.dhammadownload.com



(၃) လူသားတို့ တရားမစောင့်လျှင် နေ၊ လ၊ နက္ခတ်တာရာတို့ အသွားမမှန်ဘဲ ရာသီဥတု ဖောက်ပြန်မည်။

(၄) ရာသီဥတုဖောက်ပြန်လျှင် နတ်များ စိတ်ဆိုးပြီး မိုးလေမမှန် ဖြစ်လာမည်။

(၅) မိုးလေမမှန်လျှင် ကောက်စပါးများ ညံ့ဖျင်းပြီး လူများ အနာရောဂါရကြ၊ အသက်တိုကြမည်။

(၆) လူသားများ တရားကျင့်သုံးလျှင် ကောက်စပါးများ ကောင်း၍ လူများ ကျန်းမာသက်ရှည်ကြမည်။

(၇) အဂတိတရား လေးပါးကို မလိုက်စားရ။

(၈) သတ္တဝါများ သေဆုံးသည့်အခါ ကောင်းမှုသည်သာ အားကိုးရာဖြစ်၍ ကုသိုလ်တရားကို မမေ့သင့် - ဟူ၍ဖြစ်သည်။

ဒုတိယပိုင်း၌ ငှက်သုံးကောင်တွင် ဝေဿန္တရာမည်သော ခင်ပုပ်ငှက်၏ ညွှန်ကြားချက်များမှာ -

(၁) မုသားစကားကို ရှောင်ရှား၍ သစ္စာတရား ရှိရမည်။ (သစ္စာ)

(၂) အုပ်ချုပ်ခံ လူများအား အမျက်မထွက်ပါနဲ့၊ မေတ္တာတရားထားရမည်။ (မေတ္တာ)

(၃) အာရုံငါးပါး မလိုက်စားဘဲ ကုသိုလ်တရားကို မမေ့မလျော့ရ။ (အပ္ပမာဒ)

(၄) သူတစ်ပါးတို့ အပေါ်၌ မနာလိုစိတ် မရှိရ။ (အနသူယျက)

(၅) ပေါးလား ဟားလား တဝါးဝါး မနေဘဲ ထကြွလုံ့လ ဝီရိယ ရှိရခြင်း။ (ဓိတိ) တို့ဖြစ်ပါသည်။

ကုဏ္ဍလိနီမည်သော သာလိကာမလေး၏ လမ်းညွှန်ချက်များမှာ အမတ်ရာထူးခန့်ရာ၌ -

(၁) သမာဓိ ရှိသူများ ဖြစ်ရမည်။

(၂) ဓမ္မသတ် ရာဇသတ်၌ ကျွမ်းကျင် လိမ္မာသူများ ဖြစ်ရမည်။

(၃) ကစားသမား၊ ကြွေအန်သမားများ မဖြစ်စေရ။

http:\\www.dhammadownload.com



(၄) ကောက်ကျစ် စဉ်းလဲမှုကင်း၍ ရိုးသားဖြောင့်မတ်သူများ ဖြစ်ရမည်။

(၅) အရက်သေစာ သောက်စားခြင်း ကင်းရမည်။

(၆) မင်း၏ဘဏ္ဍာတော်ကို မဖျက်ဆီးသူများ ဖြစ်ရမည်။

ထို့ပြင် -

(၁) အောက်လူတွေပြောတိုင်း မယုံရ၊

(၂) အမှုထမ်းများ အလုပ် လုပ်မလုပ် ကိုယ်တိုင်သိအောင် အားထုတ်ရမည်။

(၃) ကိစ္စတစ်ခုပေါ်လာသည့်အခါ မိမိကိုယ်တိုင်လည်း မဆင်ခြင် အရေးတကြီး သုတ်သီးသုတ်ပျာ မလုပ်ရ၊ အမှုထမ်းများကိုလည်း မလုပ်ခိုင်းရ။

(၄) အပြစ်ကျူးလွန်သူများကို လျှော့လျှော့ပေါ့ပေါ့ ညာညာတာတာ စဉ်းစားရမည်။

(၅) "ငါ မင်းပဲ" ဆိုပြီး အခြားသူများအပေါ်မှာ အကျိုးမဲ့ဖြစ်အောင် မဆုံးဖြတ်ရ။

(၆) ကြောက်လန့် ရှက်ခြင်း မရှိဘဲ ကာမဂုဏ်တရားကို မလိုက်စားရခြင်း။

တို့ဖြစ်သည်။

အချုပ်အားဖြင့် မရသေးသော စည်းစိမ်ဥစ္စာကို ရရှိလာအောင် ကြိုးကုတ် အားထုတ်ရခြင်း၊ ရရှိပြီးသော စည်းစိမ်ဥစ္စာတို့ကို မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း နှစ်ပါးကို ညွှန်ကြားလိုရင်း ဖြစ်ပေသည်။

ဇမ္ဗုကမည်သော ဘုရားလောင်း ကျေးသားလေး၏ လမ်းညွှန်ချက်များမှာ -

(၁) လက်ရုံးရည်အား

(၂) ပစ္စည်းဥစ္စာဓနအား

(၃) အမတ်ဗိုလ်ပါအင်အား

(၄) မြင့်မြတ်သည့် အမျိုးဇာတ်အား

(၅) ပညာအား

ဟု အား ၅-ပါး တိုင်းပြည် အုပ်ချုပ်သူတို့၌ ရှိရမည်။ ထို အား ၅-မျိုးတို့တွင် ပညာအားသည် ပဓာနဖြစ်သည်။ ပညာအားရှိက အခြားအား ၄-ပါးရှိသူကို အောင်နိုင်သည်။

http:\\www.dhammadownload.com



ပညာ ရှိဆိုသည်မှာ ကြားသမျှ အကြောင်းအရာများကို မှန် မမှန် ဆုံးဖြတ်နိုင်သည်။ သုဂတိရောက်ကြောင်း ကောင်းမှုဆယ်ပါးကို ခွဲခြားဝေဖန်ခြင်း၌ ကျွမ်းကျင်လိမ္မာသည်။ လုံ့လကြိုးကုတ် အားထုတ်ရမည့် အချိန်၌ ပျင်းရိမနေဘဲ နောက်မဆုတ်တမ်း အားသွန် ခွန်စိုက် ပြုလုပ်လေ့ရှိသည်။

ထို့ပြင် အခြား မင်းကျင့်တရား တို့ကိုလည်း ညွှန်ကြားသည်။ ထိုတရားများမှာ

(၁) မိဘနှစ်ပါးကို ပြုစု လုပ်ကျွေးရမည်၊

(၂) သားဝတ် မယားဝတ် စသောကျင့်ဝတ်များကို ကျင့်ရမည်၊

(၃) မိတ်ဆွေနှင့် အမတ်တို့ကို ထောက်ပံ့ရမည်၊

(၄) ဆင်ယာဉ်၊ မြင်းယာဉ်နှင့် ဗိုလ်ပါတို့၌ ထောက်ပံ့ရမည်၊

(၅) ရွာသူ ရွာသား စသော သူတို့အား အမတော်ကြေး ထုတ်ပေးရမည်၊

(၆) တိုင်းသူ ပြည်သားတို့၌ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်ရမည်၊

(၇) ရဟန်း ပုဏ္ဏားတို့ကို တရားသဖြင့် စောင့်ရှောက်ရမည်၊

(၈) သားငှက်တို့ကို ဘေးမဲ့ပေးရမည် -

စသည်တို့ ဖြစ်ပါသည်။

**ဗဟုပုတ္တိကသောဏာထေရီဝတ္ထု** ။ ။ဤဝတ္ထုသည် ထေရီအပဒါန် ပါဠိတော်၌ လာရှိသည်။ ရဟန္တာထေရီမကြီးတို့၏ ဘဝဖြစ်စဉ်ကို မိမိတို့ကိုယ်တိုင် ပြန်လည်ထုတ်ဖော် ပြောကြားသော ကိုယ်တိုင်ဟော အတ္ထုပ္ပတ္တိများ ဖြစ်သည်။ (ထေရီ=ရဟန္တာထေရီတို့၏+အပဒါန=အပဒါန်=အကြောင်းအတ္ထုပ္ပတ္တိ။) ထိုရဟန္တာထေရီတို့၏+အပဒါန=အပဒါန်=အကြောင်းအတ္ထုပ္ပတ္တိ။) ထိုရဟန္တာထေရီနာမည်ရင်းမှာ သောဏာ ဖြစ်ပါသည်။ သို့နောက် အိမ်ထောင်သည် ဘဝ၌ သားသမီး ၁၀-ယောက် မွေးဖွားခဲ့သောကြောင့် သားသမီးများသည့် သောဏာထေရီဟူသော အဓိပ္ပာယ်ဖြင့် "ဗဟုပုတ္တိက" ဟူသော ပုဒ်ဖြင့် အထူးပြုကာ ဗဟုပုတ္တိကသောဏာထေရီဟု ခေါ်ကြခြင်း ဖြစ်ပါသည်။ (ဗဟုပုတ္တိက=သားသမီးများစွာရှိသော။ ပါဠိတော်၌မူ သောဏာထေရီဟုသာ လာရှိသည်)

http:\\www.dhammadownload.com



ထို သောဏာ ထေရ်ကား - သာမန် ဘိက္ခုနီမ မဟုတ်ပေ။ အားသွန်ကြိုးကုတ် တရားအားထုတ်သည့် ဝီရိယ (အာရဒ္ဓဝီရိယ) အရာ၌ ဧတဒဂ်ဘွဲ့ ရသည့်အပြင် ဆဠဘိည၊ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ ရဟန္တာမကြီးတစ်ပါး ဖြစ်ပါသည်။ ထိုရဟန္တာမကြီး သည် ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတင်၍ ဆင်ခြင်အားထုတ်သော ကြောင့် ဤကဲ့သို့ ရဟန္တာမကြီးအဖြစ် ရောက်ခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် ဤသောဏာထေရီ၏ အကြောင်းကို မဟောကြားမီ တရားနာ ပရိသတ်များအား ခန္ဓာ ငါးပါးတရားကို တတ်နိုင်သမျှ ပိုင်းခြားသိမြင်စေရန် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏ ခန္ဓာငါးပါးလင်္ကာဖြင့် ရှင်းပြထားသည်ကို ဖတ်ရှုရမည် ဖြစ်သည်။

ဤသောဏာထေရီဝတ္ထု၌ ကြည်ညိုဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ လိုက်နာဖွယ်ရာ ကောင်းသည့် အချက်များမှာ ထေရီမကြီး၏ နှလုံးသွင်းနှင့် ကြိုးစားအားထုတ်မှုပင် ဖြစ်သည်။ သောဏာ ခေါ်သည့် အိမ်ထောင်သည် သေ့ွးသမီးကြီးသည် သာသနာ့ ဘောင်ဝင်၍ ဘိက္ခုနီမ လုပ်ပြီးသည့်အခါ "ငါဟာ အသက်ငါးဆယ်ကျော် ခြောက်ဆယ် နီးပါးရောက်မှ ဘိက္ခုနီမ လုပ်ရတာ၊ အခြားငယ်စဉ်ကတည်းက သာသနာ့ဘောင် ဝင်လာခဲ့တဲ့ ဘိက္ခုနီမများလို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေသင့်ဘူး၊ အချိန်ရှိ သမျှ ကြိုးစားမှုပဲ"ဟု နှလုံးသွင်းပြီး နေ့ရောညပါ မအိပ်မနေ တရားအားထုတ်သည်။ တရားအားမထုတ်မီမှာလည်း အတူနေ ဘိက္ခုနီမတို့၏ ဝတ်ကြီး ဝတ်ငယ်များကိုလည်း ပြုလိုက်သေးသည်။ ဤသည်မှာ အတုယူဖွယ်ရာ၊ ကြည်ညိုဖွယ်ရာများပင် ဖြစ်သည်။

ဤဝတ္ထု၌ သိပ္ပံပညာဖြင့် စိစစ်၍ မရနိုင်သော ဆန်းကြယ်သည့် ဖြစ်ရပ်တို့ကို ဖတ်ရှု ရပေမည်။ ထိုဖြစ်ရပ်မှာ မီးမပါဘဲ ရေနွေးအိုးကို ပွက်ပွက်ဆူအောင် တည်ခြင်း ပင် ဖြစ်သည်။

**စုန္ဒသုတ္တန်** ။ ။ ဤ သုတ္တန်မှာ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သတိပဋ္ဌာနသံယုတ်၌ ပါဝင်သော သုတ္တန်ဖြစ်သည်။ အရှင်စုန္ဒ မထေရ်ကား မြတ်စွာဘုရား ၏ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ၏ ဒုတိယမြောက် ညီတည်း။ နောင်တော်ကြီး အရှင်သာရိပုတ္တရာ မထေရ်၏ အနီးတွင် နေ၍ ဝတ်ကြီးဝတ်ငယ်ကို ပြုနေသူ ဖြစ်သည်။ နာလကရွာ မွေးဖွားခဲ့ရာ တိုက်ခန်း၌ နောင်တော်ကြီး ပရိနိဗ္ဗာန် စံသွားသည့်အခါ နောင်တော်ကြီး၏ သပိတ်သင်္ကန်း (ပါဠိတော်)နှင့် ဓာတ်တော်ထည့်

http:\\www.dhammadownload.com



ထားသော ရေစစ် (အဋ္ဌကထာ) တို့ကို ယူဆောင်၍ အရှင်အာနန္ဒာ မထေရ်ထံ သွားသည်။ ထို့နောက် အရှင်အာနန္ဒာနှင့် ရှင်စုန္ဒတို့ နှစ်ပါးလုံး အရှင်သာရိပုတ္တရာ မထေရ်၏ သပိတ် သင်္ကန်းနှင့် ဓာတ်တော်တို့ကို ဘုရားရှင်ထံ ပို့ဆောင်ကြသည်။ ဤအကြောင်းကို အစွဲပြု၍ ဤသုတ်ကို စုန္ဒသုတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဤသုတ်၌ ပါဠိတော်အရ အရှင်စုန္ဒမှာ ပဓာန ဇာတ်ဆောင်ဖြစ်သော်လည်း ဖတ်ချင်စရာ၊ မှတ်ချင်စရာ စိတ်ဝင်စားဖွယ်ရာ ကောင်းသည့်အခန်းမှာ "တရားဇစ်သူကြီး အရှင်သာရိပုတ္တရာ **မထေရ်မြတ်ကြီး** ပရိနိဗ္ဗာန် ဝင်စံခန်း" ပင်ဖြစ်သည်။ အဋ္ဌကထာ ဆရာ **ကြီးသည် ဤ စုန္ဒသုတ်ကို** ဖွင့်ဆိုရာ၌ ဤ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ပရိနိဗ္ဗာန် **ဝင်စံခန်းကိုပင် အသား**ပေး၍ ခမ်းခမ်းနားနား အကျယ်တဝင့် ဖွင့်ဆိုထားသည်ကို **တွေ့ရသည်။** **ဆရာတော်ဘုရားကလည်း** အဋ္ဌကထာအဖွင့်ကို မှီငြမ်းပြု၍ မိမိ၏ဒေသနာ **နည်းဖြင့်** တန်ဆာဆင်၍ ဟောကြားထားရာ စာရှုပရိသတ်များသည် ဤစုန္ဒသုတ္တန်ကို ဖတ်ရှုကြရာ၌ တအံ့တသြဖြစ်ခြင်း (အဗ္ဘုတရသ)၊ ကြင်နာသနားခြင်း (ကရုဏာရသ)၊ တရားနှင့် မွေ့လျော်လိုခြင်း (ဓမ္မသံဂါရရသ) စသော အရသာမျိုးစုံတို့ကို ခံစားကြရမည် ဖြစ်ပေသည်။

အထူးသဖြင့် ဤသုတ္တန်၌ -

(၁) အာယုသင်္ခါရပုဒ်၏ အဓိပ္ပာယ်အကျယ်

(၂) ဖလသမာပတ် သုံးမျိုး

(၃) အဂ္ဂသာဝက ၂-ဦး ဩဝါဒပေး ထူးပုံ

(၄) ရှာပနသဘင်၌ လူနင်းခံရ၍ သေရသော ရေဝတီအမျိုးသမီးအကြောင်း

(၅) အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများ

(၆) သောက ပျောက်ကြောင်းတရား -

စသော ဗဟုသုတဖြစ်စရာ အဖြာဖြာ တို့ကိုလည်း လေ့လာမှတ်သား ကြရမည် ဖြစ်ပါသည်။

http:\\www.dhammadownload.com



**ဗဟုစိတရသုတ္တန်** ။ ။ ဤသုတ်သည် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် မြာပဝ္ဂဏ သံယုတ် အရဟန္တဝဂ်၌ လာရှိသည်။ ဗဟုဓီတာ၊ အမည်ရှိသည့် ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားတစ်ဦး၏အကြောင်းကို ဟောကြားသော သုတ်ဖြစ်သည်။ ဗဟုဓိတရ ဆိုသည်မှာ သမီး ၇-ယောက် ရှိသူဖြစ်၍ သမီးများစွာရှိသော ပုဏ္ဏားဟု အဓိပ္ပာယ် ရသည်။

တစ်နေ့တွင် ထိုဗဟုဓိတရ ပုဏ္ဏားကြီးသည် တောင်သူအလုပ် လုပ်နေစဉ် သူ၏နွားလား တစ်ဆယ့်လေးကောင်လုံး ပျောက်သွားသဖြင့် တောအနှံ့ လိုက်လံရှာဖွေနေသည်။ ထိုအချိန်တွင် ဘုရားရှင်၏ ဉာဏ်တော်၌ ထိုပုဏ္ဏားကြီးကို ကျွတ်ထိုက်သူအဖြစ် ပေါ်လာသဖြင့် မိမိသီတင်းသုံးနေရာ တောအုပ်အတွင်း တစ်နေရာတွင် ဖလမာပတ်ကို ဝင်စားနေပေသည်။ ပုဏ္ဏားကြီးသည် နွားပျောက်ရှာရင်း ဘုရားရှင် သီတင်းသုံးရာ အနီးသို့ ရောက်သွားရာ ဘုရားရှင်၏ အေးချမ်းငြိမ်သက်စွာ သီတင်းသုံးနေသည်ကို မြင်ရသဖြင့် မိမိ၏ဆင်းရဲ ဒုက္ခများကို ဆင်ခြင်မိသည်။
ထို့ကြောင့် မိမိ၏ -

(၁) နွားလား ၁၄-ကောင်ပျောက်တဲ့ ဆင်းရဲဒုက္ခ

(၂) နှမ်းခင်းပျောက်တဲ့ ဆင်းရဲဒုက္ခ

(၃) ကြွက်များ ကျီထဲဝင်လို့ အိပ်မပျော်တဲ့ ဆင်းရဲဒုက္ခ

(၄) အိပ်ရာခင်းကို ခုနစ်လ ကြာသည်အထိ ခါပေးမည့်သူ မရှိ၍ ကြမ်းပိုးကိုက်ပြီး အိပ်ရေးပျက်ရသည့် ဆင်းရဲဒုက္ခ

(၅) လင်ကွာသမီးခုနစ်ယောက်နှင့် မြေးဆယ်ယောက်တို့ကြောင့် ဖြစ်သည့် ဆင်းရဲဒုက္ခ

(၆) သန်းခေါင်ကျော်မှ အိပ်ရသော်လည်း မိုးမလင်းမီ ပုဏ္ဏားမကြီးက ခြေနှင့် ပေါက်ကာ ငေါက်ကာ နှိုးသည့် ဆင်းရဲဒုက္ခ

(၇) မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကြွေးရှင်များ ဝိုင်းအုံတောင်းကြသည့် ဆင်းရဲဒုက္ခ

များကို ဘုရားအနီးအနားမှာ ညည်းတွားပြီး ဘုရားရှင်မှာ ဤလို ဆင်းရဲဒုက္ခမျိုး မရှိသဖြင့် ဤကဲ့သို့ အေးငြိမ်းချမ်းသာစွာ နေရပေသည်ဟု ပြောဆိုသည်။

http:\\www.dhammadownload.com



ဗုဒ္ဓ ရှင်တော်မြတ်ဘုရားက "ယခု အသင်ပုဏ္ဏား ခံစားနေရသည့် ဆင်းရဲခုနစ်မျိုး ငါဘုရားမှာ မရှိသဖြင့် ဤကဲ့သို့ ချမ်းချမ်းသာသာ နေရပေသည်"ဟု ဟောကြားတော်မူရာ ပုဏ္ဏားကြီးမှာ သရဏဂုံ ဆောက်တည်ပြီး ရှင်ရဟန်းပြုလုပ်ပေးရန် လျှောက်ထားသည်။ ဘုရားရှင်က ရှင်ရဟန်း ပြုပေးလိုက်သည်။ ရဟန်းပြုပြီး မကြာမီမှာပင် တရားအားထုတ်ရာ ရဟန္တာ ဖြစ်သွားခဲ့ပေသည်။

ဤ သုတ္တန်၌ ဗုဒ္ဓမြတ်စွာ၏ ပရဟိတစရိယဂုဏ်၊ သတ္ထာဒေဝ မနုဿာနံဂုဏ်တို့ကို ကြည်ညိုဖွယ်ရာ ဖတ်ရှုရပေမည်။ ရှင်တော်ဗုဒ္ဓသည် သာရဒ္ဒါရဇနွယ်ဖွား ဗဟုဓိတရ ပုဏ္ဏားကြီးအား ရဟန္တာဖြစ်သည်အထိ လောကုတ္တရာအကျိုးကို ရွက်ဆောင်ပေးသည့် အပြင်တင်နေသော ကြွေးပြဿနာ၊ လင်ကွာသမီး ခုနစ်ယောက်ပြဿနာနှင့် ပုဏ္ဏေးမကြီး ပြဿနာတို့ကိုလည်း ပသေနဒီ ကောသလမင်းကြီး၏ အကူအညီဖြင့် ဖြေရှင်းပေးသည်ကို ကြည်ညိုဖွယ်ရာ တွေ့ရှိရသည်။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်၊ ဒေါဏပါကသုတ်၌ ပသေနဒီ ကောသလမင်းကြီးသည် မိမိ၏ပေါ့ပါးလာသော ခန္ဓာ ကိုယ်ကို ကိုင်တွယ်သုံးသပ်ပြီး "ထို ဘုန်းခြောက်ပါးသခင် ဘုရားရှင်သည် ပစ္စုပ္ပန် အကျိုးအားဖြင့်လည်းကောင်း၊ တမလွန် အကျိုးအားဖြင့်လည်းကောင်း၊ အကျိုးနှစ်မျိုးဖြင့် အကျွန်ုပ်ကို အစဉ် စောင့်ရှောက်တော်မူ ပေစွတကား"ဟု ဥဒါန်းကျူးတော်မူခြင်း ဖြစ်ပေသည်။

**သာဓုသုတ္တန်။** ။ဤ သုတ္တန်သည် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် သတုလ္လပကာယိကဝဂ်၌လာသော သုတ္တန်ဖြစ်သည်။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတုလ္လပကာယိက နတ်သားများသည် ဒါနအကြောင်း၊ သီလအကြောင်းတို့ကို "သာဓု ခေါ မာရိသ ဒါနံ" (မြတ်စွာဘုရား အလှူဒါန ကောင်းမှုပြုခြင်းသည် တကယ်ချီးမွမ်းအပ် တကယ်ကောင်းမြတ်သည့်အလုပ် ဖြစ်ပါသည်ဘုရား)ဟု "သာဓု" (ကောင်းမြတ်သည့်အလုပ် ဖြစ်ပါသည်ဘုရား) သဒ္ဒါ ထိပ်ကတင်ပြီး လျှောက်ထားသည့်အတွက် "သာဓု" သုတ်ဟု ခေါ်ခြင်း ဖြစ်ပါသည်။

သတုလ္လပကာယိကနတ်များ ဆိုသည်မှာ သူတော်ကောင်းတို့ တရားဖြစ်သည့် သရဏဂုံ သီလတို့၏ ဂုဏ်ကျေးဇူးတို့ကို အခြားနတ်များထက် အထူးပြောကြားသည့် နတ်များဟု အဓိပ္ပာယ်ရသည်။ ထိုနတ်များသည် သေခါနီး၌ အချိန်မီ သရဏဂုံ ဆောက်တည် လိုက်ရသောကြောင့် နတ်ပြည်၌ နတ်သားများ သွားဖြစ်ကြသည်။ သူတို့၏

http:\\www.dhammadownload.com



အဏ္ဏုပ္ပတ္တိအကျယ်ကို ဟောစဉ်တရားတော်လာ ဤသုတ်၌ စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ထိုနတ်များသည် မိမိတို့ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ သိရသည့် တရားသဘောတို့ကို တစ်ဦးစီလာပြီး ဘုရားရှင်အား လျှောက်ထားကြခြင်း ဖြစ်သည်။ လာရောက်လျှောက်ထားသည့် နတ်သားများမှာ အားလုံးခြောက်ယောက် ဖြစ်ပေသည်။ ထိုနတ်သားခြောက်ယောက်တို့၏ လျှောက်ထားချက်တို့ကို အတိုချုပ်၍ ဖော်ပြရလျှင် –

(၁) အလှူဒါနပြုလျှင် မိမိမှာရှိတဲ့ ပစ္စည်းထဲက တရားသဖြင့် ရထားသည့် ပစ္စည်းကိုရွေးလှူပါ။

(၂) အကျင့်သီလနှင့် ပြည့်စုံတဲ့ သီလဝန္တ အလှူခံပုဂ္ဂိုလ်ကို ရွေးလှူပါ။

(၃) အလှူဒါန မပြုမီ ရတနာသုံးပါးဂုဏ်ကို ယုံယုံကြည်ကြည်နှင့် သရဏဂုံဆောက်တည်ပါ။

(၄) အခု ငါကောင်းမှု ပြုမယ်၊ ထိုကောင်းမှုကြောင့် ကောင်းသည့်အကျိုး ရလိမ့်မယ်ဟု သဒ္ဓါယုံကြည်စိတ်ကို ပွားပြီးလှူပါ။

(၅) သတ္တဝါတို့ကို ညှဉ်းဆဲခြင်း မပြုဘဲ ငါးပါးသီလ လုံခြုံအောင် နေပါ။ တို့ဖြစ်သည်။

ဤအချက် ၅–ချက်ကို စိစစ်ကြည့်လျှင် အင်္ဂါလေးရပ်နှင့် ညီညွတ်သည့် ဒါနကို ပြုရမည်။ ငါးပါးသီလကို လုံခြုံအောင် ဆောက်တည်ရမည်ဟု ဆိုထားကြောင်း တွေ့ရသည်။

ဗုဒ္ဓမြတ်စွာက ထိုနတ်သားများ လျှောက်ထားချက်နှင့် ပတ်သက်၍ လှူဒါန်း ပေးကမ်းခြင်းသည်လည်း အလွန်ကောင်းမွန်သည့်အလုပ် ဖြစ်သည်။ ငါးပါးသီလ ဆောက်တည်ခြင်းသည်လည်း အလွန်ကောင်းမွန်သည့် အလုပ်ဖြစ်သည်။ ဒါန, သီလ ဆိုသည်မှာ ဂုဏ်ပေါင်းများစွာတို့ဖြင့် ချီးကျူးထိုက်သည့် လုပ်ငန်းမွန်များ ဖြစ်ကြပေသည်။

သို့သော် ထိုဒါန သီလတို့ထက် မြတ်သည့် အကျင့်မြတ်များ ရှိသေးသည်။ ထိုအကျင့်မြတ်များမှာ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာဟု ဖြစ်သည်။ ထိုဘာဝနာကျင့်စဉ်များဖြင့်သာ နိဗ္ဗာန်တည်းဟူသော နောက်ဆုံးပန်းတိုင်သို့ ရောက်နိုင်ပေသည်ဟု

http:\\www.dhammadownload.com



ဟောကြားတော်မူပေသည်။ သို့ဖြစ်၍ ဤသာဓုၤ၃တ္တန်ကို ကြည့်လျှင် ဤသုတ္တန်၌ ဘုရားရှင်သည် "ဒါန၊ သီလ၊ ဘာဝနာ" ကျင့်စဉ်တရား သုံးဖြာတို့ကို အပြည့်အစုံ ဟောထားကြောင်း တွေ့ရပေသည်။ ထို့ကြောင့် ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း ဤသုတ္တန်၌ အမြတ်ဆုံးကျင့်စဉ် တရားဖြစ်သည့် ဝိပဿနာတရား အားထုတ်နည်းတို့ကို နိဂုံးချုပ် ဟောကော်မူထားသည်ကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။ ဤသည်တို့ကား ဤ ဟောစဉ် တရားလာ တရားတော် ၈–ပုဒ်ကို လိုရင်းအချုပ် အနှစ်သာရထုတ်၍ ပြခြင်းဖြစ်ပါသည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့ သာသနာရေးဦးစီးဌာနက ဆရာတော်၏ ဖော်ပြပါ တရား ၈–ပုဒ်တို့ကို ရွေးချယ်ကူးယူ၍ ဤတိပိဋကဓရ ဟောစဉ်တရား (ဒုတိယတွဲ) အဖြစ် ရိုက်နှိပ် ထုတ်ဝေလိုက်ပေသည်။ စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤ ဟောစဉ်တရား ဒုတိယတွဲလာ တရားတော်များကို လေ့သာမှတ်သား၍ တရားတော်လာ သည့်အတိုင်း စွမ်းနိုင်သမျှ လိုက်နာကြိုးကုတ် အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရ ပါသည်။

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)
လက်ထောက်ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

http:\\www.dhammadownload.com



### အရှင်ဝိစိတ္တသာရာဘိဝံသ၏

## ဟောစဉ်တရားတော်များ

### (ဒုတိယတွဲ)

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရှင်ရာဟုလာတရားတော်ပေါင်းချုပ်

### (ပထမပိုင်း)

ကောဇာ သက္ကရာဇ် ၁၃၃၂–ခုနှစ်၊ သာသနာတော် ၂၅၁၄–ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၇ ရက်နေ့ည၊ ရန်ကုန်မြို့ အောက်ပုဇွန်တောင်ရပ် မော်တော်ရေယာဉ်များ ပိုင်ရှင် ဦးသန်း+ဒေါ်ယဉ်မေ မိသားစု၏ သားများ တူများ ရှင်ပြုခြင်း စသော သာသနာနုဂ္ဂဟ ကောင်းမှုသဘင်ပွဲအတွက် ဟောကြားအပ်သော ရှင်ရာဟုလာ တရားပေါင်းချုပ် ... ။

ရှင်ရာဟုလာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီး ကြည်ညိုသမျှ တစ်ညနဲ့ မပြီးယင် နှစ်ည၊ နှစ်ညနဲ့ မပြီးယင် သုံးညဆိုယင်တော့ ပြီးကောင်းပါရဲ့၊ ၂–ပွဲနှင့် ၃–ပွဲ တစ်ခုခု ပေါ့။ ဒီဒကာကြီး ဦးသန်းက အင်မတန် တောင့်တလိုချင်တော့ ဘုန်းကြီးတို့ကလဲ ဒီလို လိုချင်တောင့်တတဲ့ ပုဂ္ဂိုလ်ကို တမင်တောင် ရှာရဦးမယ်၊ အခုတော့ "မခေါ်ပင့်စေ ရောက်လာချေ" ဆိုတာလို အင်မတန် တောင့်တလိုချင်တဲ့ ဒကာကြီး ဒကာမကြီးတို့ရဲ့ ဆန္ဒကို ကျေနပ်လောက်အောင် ကြိုးစားပြီးတော့ ဖြည့်စွမ်းပေးပါ့မယ်။

ရှင်ရာဟုလာ တရားပေါင်းချုပ်ကို အာရုံပြုမယ်လို့ဆိုတော့ မြတ်စွာဘုရားရဲ့ ဘုရား ဖြစ်တော်မူတဲ့ နှစ်ကစပြီး ခပ်ကျဉ်းကျဉ်း စဉ်းစားကြည့်ကြရအောင် ...။ ဘိုးတော် အဥ္စနမင်း ဖြို့လို့ ကြွင်းတဲ့ မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာ ဘုရား ဘုရား ဖြစ်တယ်။ ထိုနှစ် မိဂဒါဝုန်မှာ ဝါကပ်လို့ ဝါကျွတ်တဲ့အခါ ခြောက်ကျိပ် သော ရဟန္တာများကို သာသနာပြု စေလွှတ်ပြီး ကိုယ်တော်တိုင်က ဥရုဝေလ တောအုပ်သို့ ကြွတော်မူတယ်။

http:\\www.dhammadownload.com



ဥရုဝေလ ကဿပညီနောင် ဂိုဏ်းဆရာကြီး သုံးဦးခေါင်းဆောင်တဲ့ တစ်ထောင်သော ရှင်ရသေ့များကို အရဟတ္တဖိုလ်ပေါက် "ဧဟိဘိက္ခု" ရဟန်းအဖြစ် ရောက်အောင် ချီးမြှောက်လို့ ထိုရဟန်းတစ်ထောင် ခြံရံလျက် ထိုမဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်ကို ရောက်တော်မူတယ်။

ရာဇဂြိုဟ်သို့ ရောက်တယ်လို့ သတင်းစကား ကြားယင်ပဲ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက ခေါင်းဆောင်အမတ် တစ်ယောက် တစ်ယောက်နဲ့ မင်းချင်းယောကျ်ားတစ်ထောင် တစ်ထောင် တစ်ကြိမ် တစ်ကြိမ် လွှတ်တယ်၊ 'သားတော်ဘုရားကို ပင့်ပေးပါ၊ သားတော်ဘုရားကို ဖူးချင်လှချေရဲ့'လို့ အဲဒီလို ကျွန်ယုံတော် အမတ်နဲ့ မင်းချင်းယောကျ်ားတစ်ထောင်ကို ပထမအကြိမ် လွှတ်လိုက်တယ်။

## သုဒ္ဓေါဒနမင်းကြီး၏အသက် မှန်းဆချက်

အဲဒီလို လွှတ်တဲ့အချိန်မှာ သာမန်စဉ်းစားယင် သုဒ္ဓေါဒနမင်းတရားကြီးကို အသက် ၅၅–နှစ် ၆၀–လောက်ပဲ အမှတ်တမဲ့ အောက်မေ့တယ်၊ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ သုဒ္ဓေါဒနမင်းတရားကြီးဟာ အသက် ၉၀–ကျော်နေပါပြီ၊ မှန်းကြည့်ရတာပ။ စာထဲကလဲ မဆိုဘဲနဲ့၊ ကိုယ်တော်က ဘာပြုလို့ မှန်းရတုံးဆိုတော့ – သုဒ္ဓေါဒနမင်းတရားကြီးရဲ့ အသက်ကို တိုက်ရိုက်မဆိုသော်လဲဘဲ မယ်တော်မာယာရဲ့ အသက်ကို ကျမ်းဂန်များမှာ ဖွင့်ပြထားတာ ရှိတယ်။ မယ်တော်မာယာသည် မဇ္ဈိမအရွယ်မှာ အလောင်းတော် သိဒ္ဓတ်မင်းသားကို ဖွားမြောက်တယ်ဆိုတဲ့ အဋ္ဌကထာ ဖွင့်ပြချက်အရ မုံရွေးမြို့ ဇေတဝန်ဆရာတော်ဘုရားက အတိအကျ တွက်ပြီးတော့ မယ်တော်မာယာရဲ့ အသက်ကို ဟောဒီလို လင်္ကာကလေးဖွဲ့ထားတယ်။

ဆပဉ္စာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်။

(ဟောစဉ်တရားတော် ပထမတွဲ စာမျက်နှာ ၂၅၁ လည်း ကြည့်)။

ဆပဉ္စာသဆိုတာ ငါးဆယ့်ခြောက်နှစ်၊ ငါးမာသ ဆိုတာ ငါးလ၊ သုံးရက်ပယ်ဆိုတာ သုံးရက်နုတ်လိုက်၊ ဒီတော့ ငါးဆယ့်ခြောက်နှစ် လေးလနှင့် နှစ်ဆယ့်ခုနစ်ရက်မှာ မယ်တော်မာယာ နတ်ရွာစံတယ်။ မယ်တော်မာယာ နတ်ရွာစံတဲ့ အချိန်အရွယ် ပြောလို့ရှိယင် ငါးဆယ့်ခြောက်နှစ်လေးလ နှစ်ဆယ့်ခုနစ်ရက်မှာ နတ်ရွာစံတယ်လို့ဆိုတော့ သုဒ္ဓေါဒန မင်းတရားကြီးနဲ့ မယ်တော်မာယာဟာ သုဒ္ဓေါဒန မင်းတရားကြီးက ကြီးယင်သာ ကြီးရမယ်၊ ဘယ်လိုနည်းနဲ့မှ မငယ်ဘူး။ အလောင်းတော် ဖွားမြောက်တော်

http:\\www.dhammadownload.com



မှုတဲ့ အချိန်မှာဆိုယင် သုဒ္ဓေါဒနမင်းတရားကြီးလဲ ၅၆ - နှစ် ရှိလောက်ပြီ။ အဲဒီ ၅၆-နှစ်လောက်မှာ အလောင်းတော်ဖွားတဲ့ နှစ်ပဲ။ အလောင်းတော် ဘုရားဖြစ်တာက ၃၅-နှစ်မှာ ဘုရားဖြစ်တော့ အဲဒီ ၅၆-နှစ်ထဲကို သုံးဆယ့်ငါးနှစ် ထည့်လိုက်လို့ရှိယင် ၉၁-နှစ်၊ ဘုရားဖြစ်ပြီးတဲ့ တစ်ဝါပါ ထည့်လိုက်ယင် ၉၂-နှစ်၊ သုဒ္ဓေါဒနမင်းတရားကြီး ဟာ အင်မတန် အရွယ်တော် အိုနေပြီ၊ သူ့ရဲ့ သားတော် ဘုရားကို အင်မတန် ဖူးချင်မှာ ပေါ့။

## ဘုရားပင့်ရန် စေလွှတ်ခြင်း

ဒါကြောင့် ကျွန်ယုံတော်အမတ်ကို မင်းချင်းယောကျ်ား တစ်ထောင်နဲ့ ပထမ အခေါက် လွှတ်လိုက်၊ ဝေဠုဝန်ကျောင်းတော်ရောက်၊ တရားနာ၊ ရဟန္တာဖြစ်၊ "ဧဟိ ဘိက္ခု" ခေါ်လို့ ရဟန်းအသွင်ရောက်၊ ရဟန်းဖြစ်ပြီးတော့ ဖလသမာပတ်နဲ့ပဲ နေတော့ တယ်၊ သုဒ္ဓေါဒနမင်းကြီးထံ ဘယ်သူမှ ပြန်ပြီးတော့ အကြောင်းကိုလဲ မကြား၊ ဘုရားကို လဲ ပင့်မပေးကြဘူး။ လူ့လောက ကိစ္စလို ဖြစ်နေတာပ။ ပထမ အမတ်က သတင်း အစအနမှ မပြန်တော့ ဒုတိယအမတ်တစ်ယောက် လွှတ်၊ ထိုနည်းငှင်း။ တတိယ + စတုတ္ထ + ပဉ္စမ + ဆဋ္ဌမ + သတ္တမ + အဋ္ဌမ + နဝမ အမတ်တိုင်အောင် အမတ် ကိုးယောက်တို့ကို မင်းချင်းယောကျ်ား တစ်ထောင်စီနဲ့ သုံးကြိမ်တိုင်တိုင် လွှတ်သော် လည်း လွှတ်သမျှ အကုန်လုံး အာသဝေါကုန်ခန်း "ဧဟိ ဘိက္ခု" အခေါ်ခံရတဲ့ ရဟန္တာ ရဟန်းချည်းပဲ ဖြစ်ကုန်ကြတယ်။

နောက်ဆုံး ဆယ်ကြိမ်မြောက်ကျတော့မှ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို မင်းချင်းတစ်ထောင်နဲ့ လွှတ်လိုက်တယ်။ ကာဠုဒါယီကတော့ သွားကတည်းကိုက သူက သုဒ္ဓေါဒနမင်းတရားကြီးထံမှာ "ဟိုရောက်ယင် တရားနာရလိမ့်မယ်၊ တရားနာရယင် ရဟန်းတော့ ပြုခွင့်ပေးပါ"လို့ ခွင့်တောင်းတယ်။ သုဒ္ဓေါဒနမင်းတရားကြီးကလဲ ရဟန်း ပြုလိုက ပြုပါ။ ရဟန်းပြုသော်လဲပဲ သားတော်ဘုရားကိုတော့ဖြင့် အရ ပင့်ပေးပါ"လို့ နှစ်ဘက်အာမခံနဲ့ သွားတယ်။ ကာဠုဒါယီလဲပဲ ဟိုရောက်တော့ ရှေးအမတ် များ နည်းတူပဲ မင်းချင်းတစ်ထောင်နဲ့ တရားနာလို့ ရဟန္တာဖြစ်၊ "ဧဟိဘိက္ခု" အခေါ်ခံ ရလို့ "ဧဟိဘိက္ခု ဥပသမ္ပဒါ" နဲ့ ရဟန်းဖြစ်တယ်။ ဒီတော့ ကပိလဝတ်ပြည်သား ရဟန္တာပေါင်း တစ်သောင်း ရှိသွားပြီ။

http:\\www.dhammadownload.com



ပြာသိုလက နေပြီးတော့ တပေါင်းလပြည့်အထိ ဒီနှစ်လအတွင်းမှာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူကာ မြတ်စွာဘုရား တရားဟောတော့ ကျွတ်လိုက်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီနှစ်လအတွင်းမှာပဲ မာဂဓတိုင်းက ရဟန္တာပေါင်း တစ်သောင်းပေါ်ထွန်းတော်မူကြတယ်။ (ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန် အပါအဝင်ပေါ့)။

တပေါင်းလပြည့်နေ့ရောက်တော့ ဂါထာခြောက်ဆယ်တို့ဖြင့် ကာဠုဒါယီမထေရ် လျှောက်ထားတောင်းပန်လို့ မြတ်စွာဘုရားသည် မဂဓတိုင်းသား ရဟန္တာတစ်သောင်း၊ ကပိလဝတ်ပြည်ကလာတဲ့ ကပိလဝတ်ပြည်သား ရဟန္တာတစ်သောင်း၊ ပေါင်း ရဟန္တာနှစ်သောင်း ခြံရံလျက် ထိုမဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကစပြီး တစ်နေ့ တစ်နေ့ တစ်ယူဇနာ တစ်ယူဇနာ မှန်မှန်ကြွတယ်။ ကပိလဝတ်နဲ့ ရာဇဂြိုဟ်ဆိုတာ ယူဇနာ ခြောက်ဆယ်ဝေးတယ်။

လမ်းခရီးအကြားမှာ နေ့တိုင်း နေ့တိုင်း အရှင်ကာဠုဒါယီ မထေရ်က ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းတရားကြီးရဲ့ ရွှေနန်းတော်ကို နံနက်ခင်း ကြွတော်မူတယ်၊ သုဒ္ဓေါဒနမင်းတရားကြီးနှင့်တကွ မဟာဆွေတော်မျိုးတော်များကို မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို တစ်နေ့တစ်မျိုး ဟောပြ၍ သုဒ္ဓေါဒနမင်းတရားနှင့်တကွ မဟာဆွေတော် မျိုးတော်များသည် မြတ်စွာဘုရားကို မဖူးတွေ့ရမီကပင် ဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြည်ညိုရင်းစွဲ ဖြစ်ရှိနေကြလေပြီ။

သုဒ္ဓေါဒနမင်းတရားကြီးကလဲပဲ အရှင်ကာဠုဒါယီ မထေရ်ကို ရွှေနန်းတော်မှာ ဆွမ်းကပ်ပြီးသကာလ သားတော် ဘုရားအတွက်ဆိုပြီး ကာဠုဒါယီ မထေရ်ရဲ့ သပိတ်ထဲမှာ မြတ်စွာဘုရားဖို့ ဆွမ်းတော်များ ထည့်ပေးလိုက်တယ်။ အဲဒါ နေ့တိုင်း နေ့တိုင်း အရှင်ကာဠုဒါယီရဲ့ အလုပ်ပေါ့။ ဘုရားဖို့ ဆွမ်းသွားယူရတယ်၊ ဘုရားဂုဏ်နဲ့ ပတ်သက်တဲ့ တရားကိုလဲ နေ့စဉ်နေ့စဉ် တစ်မျိုးတစ်မျိုး ဟောပြလို့ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ မရောက်မီကပင် သုဒ္ဓေါဒနမင်းတရားကြီးဟာ တရားရည်တွေ နူးလှပြီ၊ အရှင်ကာဠုဒါယီကလဲ "ဘုရား ယခု ဘယ်ရောက်ပြီ၊ ဒီကနေ့ ဘယ်ရောက်ပြီ" တရားဟောပြီးယင် အဲဒီလို ပြောပြီးတော့ ဆွမ်းနဲ့သပိတ်ကို ယူလာပြီး မြတ်စွာဘုရားကို နေ့စဉ် ဆက်ကပ်တယ်။

http:\\www.dhammadownload.com



**ရာဟုလာအား အမွေပေးတော်မူခြင်း**

လမ်းခရီးတလျှောက် မြတ်စွာဘုရားသည် ခမည်းတော်ရဲ့ ဆွမ်းကို ဘုဉ်းပေးပြီးတော့ မဟာသက္ကရာဇ် ၁၀၄-ခု ကဆုန်လပြည့် (ဘုရားဖြစ်ပြီး၍ တစ်နှစ်တင်းတင်း ပြည့်သော)နေ့မှာ ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူတယ်။ လပြည့်ကျော် ၃-ရက်နေ့လောက်မှာ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူတယ်။ ခုနစ်ရက် မြောက် ရောက်တဲ့နေ့ကျတော့ ကပိလဝတ်ရွှေနန်းမှာ ရဟန္တာခုနစ်သောင်းနဲ့ ရွှေဟင်္သာ အပေါင်းတို့ရဲ့ အလယ်မှာ ရွှေဟင်္သာမင်းသဖွယ် တင့်တယ်စွာဖြင့် ခမည်းတော် သုဒ္ဓေါ ဒနမင်းတရားကြီးကပ်တဲ့ ဆွမ်းကို ဘုဉ်းပေးလို့ တရားဓမ္မများ ဟောပြလို့ ရွှေနန်းတော် မှာ နေတဲ့အခိုက်မှာ ယသောဓရာမိဖုရားက ခုနစ်နှစ်အရွယ်ရှိတဲ့ သားတော် ရာဟုလာ မင်းသားကလေးကို အလှဆုံး ပြင်ဆင်ပြီးတော့ ပါဠိတော်မှာ လာတဲ့အတိုင်းပဲ ပြောကြစို့

"ဧသော တေ ရာဟုလ ပိတာ"

ရာဟုလ = ချစ်သား ရာဟုလာ ... ။ ဧသော = ဟောဟိုက ရဟန္တာခုနစ်သောင်းရဲ့ အလယ် ရွှေဟင်္သာမင်းကြီးသဖွယ် တင့်တယ်စွာ ထိုင်နေတော်မူတဲ့ ပုဂ္ဂိုလ်မြတ်ကြီး သည်။ တေ = သင်ချစ်သား၏။ ပိတာ = ခမည်းတော်ဘုရားပါတည်း။

"ဂစ္ဆ ဒါယဇ္ဇံ ယာစာဟိ"။

ဂစ္ဆ = သင်ချစ်သား သွားပါလေ။ ဒါယဇ္ဇံ = အမွေကို ယာစာဟိ = တောင်းခံပါ လော့။

ပါဠိတော်မှာ သင်္ဂါယနာတင်တာကတော့ ယသောဓရာ ပြောတဲ့စကားဟာ နှစ်ပိုဒ်ပဲ ရှိတယ်။ "ချစ်သား ... ဟောဟိုမှာ ရဟန္တာခုနစ်သောင်းရဲ့အလယ် ရွှေဟင်္သာမင်းကြီး သဖွယ် တင့်တယ်စွာ ထိုင်နေတော်မူတဲ့ ပုဂ္ဂိုလ်ကြီးဟာဖြင့် ချစ်သားရဲ့ ခမည်းတော်ပဲ၊ ချစ်သား ... သွားပါချေ၊ အမွေတောင်းပါလော့" လို့ ပြောဆိုလိုက်တဲ့အခါ ရာဟုလာ မင်းသားကလေး ဘုရားကိုယ်တော်မြတ်ရဲ့ အနီးကိုသွား၊ အနားရောက်တဲ့အခါကျတော့-

"သုခါ တေ သမဏ ဆာယာ"။

သာမဏ=ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီးသော ခမည်းတော်ဘုရား ...။ တေ =အရှင်ဘုရား၏။ ဆာယာ=အရိပ်သည်။ သုခါ=ချမ်းအေးလှပါဘိတယ်ဘုရား ...။

"ခမည်းတော်ဘုရား ... ၊ ခမည်းတော်ဘုရားရဲ့ အရိပ်သည် အင်မတန် ချမ်းအေး လှပါတယ်"လို့ ပါဠိတော်ထဲမှာ ဒါလောက်ပဲ လာတယ်။ အဋ္ဌကထာကျတော့ ဤသို့

http:\\www.dhammadownload.com



စသည်ဖြင့် ကလေးတို့ရဲ့ သဘာဝအတိုင်း စကားတွေပြောပြီးတော့ ဘုရားအနားမှာ နေတော့တယ်။ မြတ်စွာဘုရားကလဲ ဘာမှ မပြောဘူး။ အားလုံး ရဟန်းများ ဆွမ်းကိစ္စ ပြီးတဲ့ အခါကျတော့ ဘုရားကိုယ်တော်မြတ်က ကပိလဝတ် ရွှေနန်းတော်ကနေပြီး နိဂြောဓာရုံကျောင်းတော်သို့ ကြွသွားတော်မူတယ်။ အဲဒီအခါ ရာဟုလာမင်းသားလေးက နောက်က လိုက်ပြီးတော့ -

"ဒါယဇ္ဇံ မေ သမဏ ဒေဟိ"

သာမဏ = ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီးသော ခမည်းတော်ဘုရား ...။ မေ=အကျွန်ုပ်အား။ ဒါယဇ္ဇံ=အမွေကို။ ဒေဟိ=ပေးတော်မူပါဘုရားလို့ လျှောက်တယ်။

ပါဠိတော်ကတော့ ဒါပဲ။ ဒီဝါကျ ဒီစာပိုဒ်နဲ့ "ခမည်းတော်ဘုရား ... အမွေပေးပါ၊ ခမည်းတော်ဘုရား ... အမွေပေးပါ" ဆိုတဲ့ "ဒါယဇ္ဇံ မေ သမဏ ဒေဟိ" နဲ့ အမွေတောင်းရင်း နောက်က လိုက်တယ်တဲ့။ မြတ်စွာဘုရားက " ဒီကလေး ခေါ်ထားလိုက်ကြ "လို့ အဲဒီလို အမိန့် မရှိတော့ ကပိလဝတ် ရွှေနန်းတော်ထဲက တစ်ဦးတစ်ယောက်မှ ကလေးကို လှမ်းလဲ မခေါ်ဘူး၊ ကလေးကလဲ ရွှေနန်းတော်က ဆင်းပြီး နောက်က လိုက်တယ်။ အေး ... နိဂြောဓာရုံကျောင်းတော်အရောက် နောက်ကလိုက်ပြီးတော့ "ဒါယဇ္ဇံ မေ သမဏ ဒေဟိ" ဒီစာပိုဒ်ကလေးနဲ့ပဲ "ခမည်းတော်ဘုရား ... အမွေပေးပါ"လို့ တစာစာ တောင်းပြီးတော့ နိဂြောဓာရုံ ကျောင်းတိုက်သို့ ရောက်ခဲ့ကယ်။ လုပ်ငန်းက အင်မတန် ရှင်းတယ် နော်၊ စကားတွေ သိပ်ရှည်ရှည် မပြောကြားဘူး၊ နိဂြောဓာရုံ ကျောင်းတော် ရောက်တော့ မြတ်စွာဘုရားကလဲ တိုတိုပဲ -

"တေန ဟိ တွံ သာရိပုတ္တ ရာဟုလံ ကုမာရံ ပဗ္ဗာဇေဟိ။"

သာရိပုတ္တ = ချစ်သား သာရိပုတ္တရာ ... ။ တေန ဟိ = ထိုသို့ ရာဟုလာ အမွေတောင်းခံသောကြောင့်ပင်လျှင်။ တွံ=သင် ချစ်သားသည်။ ရာဟုလံ ကုမာရံ = ရာဟုလာမင်းသားကို။ ပဗ္ဗာဇေဟိ = ရှင်သာမဏေ ပြုပေးလိုက်လော့။

တစ်ခွန်းပဲ မြတ်စွာဘုရားက အမိန့်ပေးတယ်။ "ချစ်သား သာရိပုတ္တရာ ...၊ ရာဟုလာ အမွေတောင်းခံလာတယ်၊ ရာဟုလာကို ရှင်သာမဏေ ပြုပေးလိုက်" အဲဒီနေရာမှာ အဓိပ္ပာယ်တွေကတော့ အများကြီး ရှိသပေါ့၊ ဘုရားရှင်ရဲ့ နှလုံးသွင်း။ ဒီ အဓိပ္ပာယ်တွေကို အဋ္ဌကထာက ဖွင့်ပြပါတယ်။

http:\\www.dhammadownload.com



လောကီအမွေဆိုတာ ထိုအချိန်မှာ ပေးလဲ ပေးစရာ မြတ်စွာဘုရားမှာ မရှိဘူး၊ လောကီအမွေအနှစ်ဆိုတာ သံသရာဝဋ်ကို ညွှတ်စေတတ်တဲ့ အမွေမျိုးပဲ။ ဒီတော့ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကြာ ပါရမီတွေ ဆည်းပူးလို့ ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့်ပြီးမှ ရတဲ့ ကိုယ်တော်မြတ်ရဲ့ သာသနာအမွေကို သားတော်ရာဟုလာအား ပေးတော်မူလိုတဲ့အတွက် ရှင်သာရိပုတ္တရာကို "သာရိပုတ္တရာ ... ၊ ရာဟုလာ အမွေတောင်းခံရကား သူ့ကို ရှင်ပြုပေးလိုက်"၊ အဲဒီလို အမိန့်ရှိတယ်။ အရှင်သာရိပုတ္တရာက ပြန်လျှောက်တယ်။

"ကထာဟံ ဘန္တေ ရာဟုလံ ကုမာရံ ပဗ္ဗာဇေမိ"

(ဝိနည်းမဟာ ဝါ အဋ္ဌကထာ ၂၉၁။)

ဘန္တေ=ရှင်တော်ဘုရား ... ။ ကထံ = အဘယ်သို့။ အဟံ = တပည့်တော်သည်။ ရာဟုလံ ကုမာရံ = ရာဟုလာမင်းသားကို။ ပဗ္ဗာဇေမိ = ရှင်ပြုပေးရမည်လဲဘုရား။

"မြတ်စွာဘုရား ... ၊ တပည့်တော် ရာဟုလာမင်းသားကို ဘယ်လို ရှင်ပြုပေးရမှာပါလဲဘုရား၊ အဲဒီလိုလျှောက်ထားတယ်။ ဒီနေရာမှာ အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝက လက်ယာရံ ကိုယ်တော်ကြီး၊ ပညာဧတဒဂ်ရ၊ ဘုရားကလွဲယင် သူ့ထက် ပညာကြီးတဲ့ ပုဂ္ဂိုလ် မရှိဘူး။ အဲဒီလို ပညာဧတဒဂ်ရ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ဖြစ်ပါလျက်နဲ့ ဘယ်လို ရှင်ပြုပေးလိုက်ရမလဲဘုရား ... လို့ မေးတာဟာ ရှင်ပြုမပေးတတ်လို့လား၊ မဟုတ်ပါဘူး။ နို့ ဘာပြုလို့ မေးနေရသလဲ။

## ဥတ္တိစတုတ္ထကံနဲ့ ရဟန်းခံခြင်းအစ အရှင်ရာဓ မထေရ်က

မြတ်စွာဘုရား ဗာရာဏသီပြည် မိဂဒါဝုန်မှာ ပထမ ဝါကျွတ်ပြီးတဲ့အချိန် ရဟန္တာ ခြောက်ကျိပ်ကို သာသနာပြုလွှတ်တော့ ရောက်တဲ့ ရောက်တဲ့ နေရာ နေရာက ရှင်လောင်းတွေ၊ ရဟန်းလောင်းတွေ ပေါ်လာကြတယ်။ အမျိုးကောင်းသားတွေပ။ အချို့က ရှင်ပြုချင်တယ်၊ အချို့က ရဟန်းပြုချင်တယ်ဆိုတဲ့ ရှင်လောင်းတွေ၊ ရဟန်းလောင်းတွေ ပေါ်ပေါက်လာတဲ့ အခါကျတော့ အဲဒီ သာသနာပြု မထေရ်မြတ်ကြီးတွေဟာ ရှင်လောင်းလေးတွေ၊ ရဟန်းလောင်းလေးတွေကို ဘုရားရှိရာ မိဂဒါဝုန်တော စသည်သို့ ခေါ်ခေါ်လာကြတယ်။ ရောက်တော့မှ မြတ်စွာဘုရားက သူတို့ကို ကြည့်ပြီး "ဧဟိဘိက္ခု" လို့ ခေါ်လို့ မဖြစ်နိုင်တော့ မြတ်စွာဘုရားက ရှင်ပြုချင်ပါတယ်ဆိုတဲ့ အမျိုးကောင်းသားကိုလဲပဲ သရဏဂုံသုံးပါးကို ဌာန်ကရိုဏ်းကျကျ ရွက်ပေးပြီးတော့ ရှင်သာမဏေ

http:\\www.dhammadownload.com



အဖြစ်ကို ခွင့်ပြုတယ်၊ ရဟန်းပြုချင်ပါတယ်ဆိုတဲ့ အမျိုးကောင်းသားကိုလဲပဲ ပထမပိုင်း အဲဒီ အချိန်မှာ သရဏဂုံနဲ့ပဲ ရဟန်းခံပေးတယ်။

သရဏဂုံသုံးပါးကို ဥဒန် ကရိဏ်း ပီပီသသ ဆရာတပည့် ရွတ်ဆိုနိုင်ယင် ရဟန်းခံချင်တဲ့ ပုဂ္ဂိုလ်လဲပဲ ရဟန်းဖြစ်တယ်၊ ရှင်ပြုလိုတဲ့ ပုဂ္ဂိုလ်လဲပဲ ရှင်သာမဏေ ဖြစ်တယ်၊ ရှင်ပြုတာရော၊ ရဟန်းခံတာရောဟာ တစ်မူထဲပဲ၊ သရဏဂမနဉပသမ္ပဒါလို့ ခေါ်ပါတယ်။ အဲဒီလို လာခဲ့ရာက နောက်အချိန် လ တောင်မကြာဘူးနော်၊ ရက်ပေါင်း တော်တော်လေးများလာတဲ့ အခါကျတော့ မြတ်စွာဘုရားက "ဩော် ... ဒီလို သာသနာပြုတဲ့နေရာက ပေါ်ပေါက်တိုင်း ပေါ်ပေါက်တိုင်း ရှင်လောင်း၊ ရဟန်းလောင်းများတွေကို ငါဘုရားထံ ခေါ်လာကြယင် ရှင်လောင်း၊ ရဟန်းလောင်းများလဲ ပင်ပန်းတယ်၊ သာသနာပြု ကိုယ်တော်တွေလဲ ပင်ပန်းတယ်၊ ဒီတော့ သာသနာပြု ကိုယ်တော်တွေသည် မိမိတို့ ရောက်တိုင်း ရောက်တိုင်းသော နေရာမှာ ရှင်လောင်း ရဟန်းလောင်း ပေါ်ပေါက်ယင် ရဟန်းတို့ ကိုယ်တိုင် သရဏဂုံဖြင့် ရှင်ရဟန်း ပြုပေးဖို့ရန် ခွင့်ပြုမှပဲ ... အဲဒီလို အကြံဖြစ်ပြီးတော့ ရဟန်းတော်တို့ကို ....

> ရဟန်းတို့ ... ၊ ရဟန်းလောင်း၊ ရှင်လောင်းလေးတွေကို ခေါ်ခေါ်လာရတာ ချစ်သားတို့လဲ အင်မတန် ပင်ပန်းတယ်၊ ရဟန်းလောင်း၊ ရှင်လောင်းလေးများလဲ ပင်ပန်းတယ်၊ ဒီတော့ ယခုအချိန်က စပြီးတော့ သင်ချစ်သားတို့ ဘာသာပဲ သရဏဂုံပေးပြီး၊ ရဟန်းခံကြ၊ သရဏဂုံပေးပြီး ရှင်ပြုကြ။ (ဝိ၊ ၃။ ၂၈-၂၉။)

လို့ မိန့်တော်မူတော့မှ ရဟန်းတော်တွေ ကိုယ်တိုင် ရှင်ပြုပေးရတယ်၊ ရဟန်းခံပေးရတယ်၊ သရဏဂုံနဲ့ပဲ ရှင်ပြုပေး၊ ရဟန်းခံ ပေးခဲ့ကြပါတယ်။ အဲဒီလို လာခဲ့တာဟာ သီတင်းကျွတ်လကွယ် (သို့မဟုတ်) တန်ဆောင်မုန်း လဆန်းလောက်ကစပြီး ဒီဘက် ပြာသို၊ တပို့တွဲလထဲလောက် ရောက်အောင် သရဏဂုံနဲ့ပဲ ရှင်ပြုပေး၊ သရဏဂုံနဲ့ပဲ ရဟန်းခံပေးခဲ့တယ်။ အဲဒီ တပို့တွဲလလောက် ရာဇဂြိုဟ်မှာ ရာဓဆိုတဲ့ ပုဏ္ဏားကြီးကို ရဟန်းခံပေးဖို့ အကြောင်း ပေါ်လာတော့ မြတ်စွာဘုရားက ထိုနေ့မှစ၍ သရဏဂုံနဲ့ ရဟန်းခံပေးမှုကို ရုပ်သိမ်းတဲ့ အကြောင်း -

"အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပာဒေတုံ"

(ဝိ၊ ၃၊ ၇၀။ ဝိ၊ ၄၊ ၃၊ ၂၆၄။)

http:\\www.dhammadownload.com



"ရဟန်းတို့၊ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံဖို့ရန် ခွင့်ပြု၏"ဆိုတဲ့ အကြောင်း မိန့်တော်မူတယ်။ အဲဒီမှာမှ ကမ္မဝါစာဖြင့် ရဟန်းခံမှုဆိုတာ အရှင်ရာဓကို အကြောင်း ပြုပြီးတော့ စတင်ပေါ်လာတယ်။

ဒီတော့ အရှင်သာရိပုတ္တရာက အခုလို မလျှောက်ထားဘဲ ရိုးရိုးသရဏဂုံနဲ့ ရှင်ပြု ပေးလိုက်လို့ရှိယင် မြတ်စွာဘုရားက ထပ်ပြီးတော့ ခိုင်ခိုင်မာမာ သိက္ခာပုဒ် ပညတ်ခွင့် ရမှာ ကြုံမှာ မဟုတ်ဘူး၊ အဲဒီလို မကြုံလို့ရှိယင် အထူးထပ်ပြီးတော့ ပညတ်ချက်မရှိယင် နောက်တစ်ချိန်၌ သာသနာမှာ ယုံမှားသံသယ ဖြစ်စရာအကြောင်း ရှိကောင်းရှိနိုင်တယ်၊ ဘယ်လိုရှိနိုင်သလဲဆိုတော့ "ပထမပိုင်းမှာ ရှင်ပြုတာရော၊ ရဟန်းခံတာရော သရဏဂုံနဲ့ပဲ ရှင်ပြု ရဟန်းခံ ခဲ့တယ်။ နောက် ရဟန်းခံမှုကို ဉတ္တိစတုတ္ထ ဂကမ္မဝါစာနဲ့ ပြောင်းပြီး ရဟန်းခံဖို့ ခွင့်ပြုတယ်၊ ဘုရားရှင်ရဲ့ အလိုတော်မှာ ရှင်ပြုတာလဲပဲ ကမ္မဝါစာနဲ့များ ရှင်ပြုစေတော်မူလိုသလား" လို့ စိတ်ထဲမှာ ထွေးရာလေးပါး ယုံမှားသံသယ အကြံများ ဖြစ်ဖွယ် ရှိတယ်။ အဲဒီလို ဖြစ်မယ့်အရေးကို မြော်တွေးမိတော်မူတဲ့အတွက် ယုံမှား သံသယ မဖြစ်ကြရလေအောင် ရှင်သာမဏေပြုတာကို ခိုင်ခိုင်မာမာဖြင့် သိက္ခာပုဒ် ထပ်ပြီးတော့ ပညတ်တော်မူရန် မြတ်စွာဘုရားအား လျှောက်ထားတယ်။ ဒီတော့ မြတ်စွာ ဘုရားက ...

"အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇံ"

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ တီဟိသရဏဂမနေဟိ=သရဏဂုံသုံးပါးတို့ဖြင့်။ သာမဏေရပဗ္ဗဇ္ဇံ=သာမဏေတို့အတွက် ရှင်ပြုမှုကို။ အနုဇာနာမိ=ငါဘုရား ခွင့်ပြု၏။

**ရှင်သာမဏေပြုပုံ**

အဲဒီလို အကြောင်းအတ္ထုပ္ပတ္တိနဲ့ သိက္ခာပုဒ်ကို ပညတ်လိုက်ယင်တော့ နောက်နောက် ပုဂ္ဂိုလ်တွေဟာ ယုံမှားသံသယ မရှိဘဲ ယနေ့တိုင်အောင် သရဏဂုံနဲ့ ရှင်ပြုပေးတယ်။

"ဧဝဉ္စ ပန ဘိက္ခဝေ ပဗ္ဗာဇေတဗ္ဗော"

ချစ်သားတို့ ... ၊ ယခုပြောမည့်နည်းအတိုင်း ရှင်ပြုပေးရမယ်။ (ဘယ်လိုလဲဆိုတော့)

(၁) ပဌမံ ကေသမဿုံ ဩဟာရာပေတွာ = ရှေးဦးစွာ ဆံ+မုတ်ဆိတ်များ ရိတ်ပေး ရမယ်၊ (ဒါ ရှင်ပြုတာရဲ့ အစပထမပိုင်းပဲ)။

http:\\www.dhammadownload.com



(၂) အဲဒီလို ဆံ + မုတ်ဆိတ်ကို ရိတ်ပေးပြီးပြီ ဆိုတော့ "ကာသာယာနိ ဝတ္ထာနိ အစ္ဆာ ဒါပေတွာ" = ဖန်ရည်စွန်းသော သင်္ကန်းများကို ဝတ်ရုံစေရမယ်။ (ဒါက ရှင်ပြုတာရဲ့ အလယ်)။

(၃) ဧဝံ ဝဒေဟီတိ ဝတ္တဗ္ဗော

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" တိ ။ ။

အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇံ။

(ဝိနယ မဟာဝဂ္ဂပါဠိ၊ ၁၁၅)

**ရှင်ပြုပေးပုံ**

၁။ ရှေးဦးစွာ ဆံချပေး။ (ဤကား ရှင်ပြုခြင်းရဲ့ ပထမပိုင်း)

၂။ သင်္ကန်း ဝတ်ပေး။ (ဤကား ရှင်ပြုခြင်းရဲ့ အလယ်ပိုင်း)

၃။ သင်္ကန်းဝတ်ပေးပြီးသောအခါ ဆရာဖြစ်သူက "ဧဝံ ဝဒေဟိ" ဟိုတုန်းကတော့ တိုတို ဤသို့ဆိုတယ်။

ယနေ့ခေတ်ကျတော့ "ယ+မဟံဝဒါမိ၊ တံ ဝဒေဟိ"ဟု ဆိုပြီး သရဏဂုံပါဠိကို ဆရာတပည့် ဌာန်ကရိုဏ်း ကျကျ ရွတ်ဆိုကြခြင်းသည် ရှင်ပြုခြင်း၏ တတိယပိုင်း အဆုံးပိုင်းဖြစ်တယ်။

သရဏဂုံပေးတဲ့နေရာမှာ -

(က) မ–ကာရန္တ +

(ခ) နိဂ္ဂဟိတန္တလို့ ၂–မျိုး ရှိခဲ့ရာ ...

http:\\www.dhammadownload.com



မ-ကာရန္တ ပေးတဲ့အခါ (မ) ဆိုတဲ့ စာလုံးကိုက နှုတ်ခမ်းကို ပိတ်ပြီးယင် ဖွင့်လိုက်ရတယ်။ နှုတ်ခမ်းကို လုံးလုံးပိတ်ထားလျှင် (မ)သံ မထွက်ဘူး၊ လုံးဝမပိတ်ဘဲနှင့် နှုတ်ခမ်းကို အမြဲဖွင့်ထားလျှင်လည်း (မ)သံ မထွက်ဘူး၊ (ရွတ်ဆိုကြည့်ပါ)။ (မ)ကာရန္တ ရွတ်လိုလျှင် နှုတ်ခမ်းကို ပိတ်ပြီးလျှင် ဖွင့်လိုက်ရပါတယ်၊ (ရွတ်ကြည့်ပါ)။ ဒီအခါမှာ (မ)သံ ပေါ်ပြီးတော့ လေပြတ်သွားသည်ကို ကိုယ်တိုင် တွေ့ရပါလိမ့်မယ်။

ဗုဒ္ဓံမှာ ဓမ်လို့ မ-သတ်ကလေးနဲ့၊ သရဏံမှာ ဏမ်လို့ မ-သတ်ကလေးနဲ့။ ဓမ္မံမှာ မမ်လို့ မ-သတ်ကလေးနဲ့၊ သံဃံမှာ ဃမ်လို့ မ-သတ်ကလေးနဲ့ ရွတ်၊ အဲဒီလို တတိယမ္ပိ ဆုံးအောင် ရွတ်ဆိုတာကို မ-ကာရန္တလို့ ခေါ်တယ်။ ဗမာလိုတော့ မ-သတ်နဲ့ ရွတ်ခြင်းလို့ ဆိုလိုတယ်။ အဲဒီလို မ-သတ်နဲ့ ပီပီသသရွတ်ယင် သဘာဝအားဖြင့်လည်း လေပြတ်သွားတယ်။ ဥပမာ -

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊
ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊
သံဃမ် သရဏမ် ဂစ္ဆာမိ။ ။(မ-ကာရန္တ ပီသယင် အလိုလို လေပြတ်သွားတယ်)

(ခ) နိဂ္ဂဟိတန္တနည်းက ဗုဒ္ဓံ သရဏံ + ဓမ္မံ သရဏံ + သံဃံ သရဏံ လို့ နိဂ္ဂဟိတ်=သေးသေးတင်နဲ့ ရွတ်တဲ့အခါ လေမပြတ်ရဘူး။ အဲဒီလို ရှင်ပြု သရဏဂုံ ရွတ်ဆိုခြင်းဟာ နှစ်နည်းရှိပါတယ်။

အဲဒီလို သရဏဂုံဖြင့် ရှင်ပြုပေးရမယ်ဆိုတော့ အရှင်သာပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပဆိုတဲ့ မထေရ်မြတ်ကြီး သုံးပါးမှာ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ဆရာ ပြုတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က ရာဟုလာမင်းသားကလေးကို ရှင်ပြု ပေးတဲ့ ပဗ္ဗဇ္ဇာစရိယ ပြုတယ်။ ဆံရိတ်ပေးတယ်၊ သင်္ကန်းတောင်းများကို ချပေး၊ သင်္ကန်းဝတ်ပေး၊ သရဏဂုံများကို ဌာန်ကရိုဏ်းကျကျ ချပေးကယ်။ အရှင်မဟာကဿပက ဩဝါဒါစရိယ ပြုလုပ်တော်မူတယ်။

ရာဟုလာ သာမဏေကလေးကို ဝိုင်းပြီးတော့ အဂ္ဂသာဝကကြီးနှစ်ပါးနဲ့ အရှင်မဟာကဿပ မထေရ်ကြီး သုံးပါးတို့ ဝိုင်းပြီး ချီးမြှောက်တော်မူကြတယ်။ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက "ရာဟုလာ ... သင်္ကန်းကို ဒီလို ဝတ်ရတယ်၊ ဒီလို သွားရတယ်၊ ဒီလိုလျှောက်စားရတယ်၊ ဒီလိုကြည့်ရတယ် စသည်ဖြင့် သင်ကြားဆုံးမ ဩဝါဒပေးတော်မူတယ်။ ဤနည်းဖြင့် ရာဟုလာ မင်းသားကလေး သာမဏေ ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



**သာမဏေရပဥှကို ဟောတော်မူခြင်း**

ရှင်ရာဟုလာ သာမဏေပြုပြီးတဲ့ အချိန်က စပြီးတော့ မြတ်စွာဘုရားက ကျောင်းတော်မှာရှိတဲ့ ကိုရင်လေးတွေသည် မြို့စကား၊ ရွာစကား၊ မင်းစကား၊ စိုးစကား မဂ်ဖိုလ်အား ကျေးဇူးမများတဲ့ ပါဠိလို တိရစ္ဆာနကထာ–လို့ ခေါ်သော စကားတွေနဲ့ အချိန်ကုန်မနေဘဲ မဂ်ဖိုလ်အား ကျေးဇူးများတဲ့စကားနဲ့ အချိန်ကုန်အောင် သာမဏေရပဥှာ (ခု၊ ၁၊ ၃။ ကုမာရပဥှ) ဆိုတဲ့ တရားကစ်ထုံး ဟောတော်မူတယ်။ ဒါ ကိုရင်ရာဟုလာကို အကြောင်းပြုပြီးတော့ ဟောတာဖြစ်တယ်။ ကိုရင်ရာဟုလာ ရှင်ပြုပြီးတဲ့နောက် ကိုရင်ရာဟုလာကို အားကျပြီး ရှင်ပြုကြတဲ့ သာမဏေငယ်တွေလဲ ရှိကြသပေါ့။ အဲဒီတော့ သာမဏေငယ်ကလေးများ မဂ်ဖိုလ်အား ကျေးဇူးမပြုမယ့် စကားများကို မပြောစေဘဲနဲ့ ကျောင်းတော်က သာမဏေကလေးများ အားတဲ့အချိန်မှာ ဘာပြောရသလဲ -

**အမေး ဆယ်ချက် အဖြေ ၁၁၅–ပါး**

တစ်ပါးက မေးရတယ်၊ အများက ဖြေကြရတယ်။ မေးတဲ့ ကိုရင်က -

၁။ ဧကံ နာမ ကိံ။

ဒီလို မေးရတယ်။

မြန်မာလိုဆိုတော့ – ကိုရင်တို့ ... ၊ ဒီဘုရားသာသနာမှာ တရားတစ်ခု ရှိတယ်။ အဒီ တရားတစ်ခုကို ဉာတ+တီရဏ+ပဟာန ဆိုတဲ့ ပရိညာ သုံးမျိုးနဲ့ ပိုင်းပိုင်းခြားခြား သိလို့ရှိယင် ကိုရင်တို့ တပည့်တော်တို့ရဲ့ ရှင်ပြုတာရဲ့ ရည်ရွယ်ချက်ဖြစ်သော မဂ်+ဖိုလ်+ နိဗ္ဗာန်ကို ရောက်နိုင်တယ် ကိုရင် ... ၊ အဲဒီ တရားတစ်ပါးက ဘယ်တရားလဲ ... လို့ ဒီအဓိပ္ပာယ် ဒီနှလုံးသွင်းနဲ့ မေးတဲ့ ကိုရင်က "ဧကံ နာမ ကိံ" လို့ မေးရတယ်။ ဧကံ နာမ= ဒီ သာသနာမှာ သိစရာ တစ်ခုသော တရားဆိုတာ။ ကိံ=ဘယ်တရားလဲ။ ပရိညာ သုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိရမယ့် တစ်ခုသော တရားဆိုတာ ဘယ်တရားလဲလို့ မေးတော့၊ ဖြေတဲ့ ကိုရင်တွေက ...

"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" လို့ ဖြေရတယ်။

သဗ္ဗေ သတ္တာ=ခပ်သိမ်းဉသုံ အလုံးစုံသော သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ= ဆိုင်ရာဆိုင်ရာ အကြောင်းတရားလျှင် အခြေခံရှိကြကုန်တဲ့ အချက်ပဲလို့ ဖြေကြရတယ်။ သတ္တဝါတိုင်း သတ္တဝါးကိုင်းသည် ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားလျှင် အခြေခံ

http:\\www.dhammadownload.com



ရှိတဲ့အဖြစ်ကို (၁)ဉာတပရိညာ + (၂) တီရဏပရိညာ + (၃) ပဟာနပရိညာဆိုတဲ့ ပရိညာသုံးပါးနဲ့ ပိုင်ပိုင်နိုင်နိုင် သိယင် ကိုရင် ... သံသရာဝဋ်က ကျွတ်လွတ်တာပေါ့၊ ဒီလို ဖြေရတယ်။ အလွတ်ဖြေပြီးပြီ ဆိုတော့ မေးတဲ့ ကိုရင်က တစ်ဆင့်တက်ပြီး မေးရပြန်တယ်။

၂။ ဒွေ နာမ ကိံ။

ဒီသာသနာမှာ တရားနှစ်ပါး ရှိတယ်။ အဲဒီ တရားနှစ်ပါးကို ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိလို့ရှိယင် သံသရာဝဋ်က ကျွတ်လွတ်ခြင်း အကျိုးရတယ် ကိုရင်၊ အဲဒီ တရားနှစ်ပါးဟာ ဘယ်တရားတွေလဲလို့ မေးတော့ ဖြေတဲ့ကိုရင်များက -

နာမဉ္စ ရူပဉ္စ၊

နာမ်တရားနဲ့ ရုပ်တရားပေါ့ ကိုရင်ရဲ့၊ နာမ်တရား ရုပ်တရား။ ဒီနှစ်ပါးကို ဉာတပရိညာဖြင့် ပထမပိုင်းမှာ သိရတယ်။ ဤတရားက နာမ်၊ ဤတရားက ရုပ်၊ ခန္ဓာကိုယ်ထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါးဆိုတဲ့ ပညတ်ပျောက်ပြီး ရုပ်တရား၊ နာမ်တရားဆိုတဲ့ ပရမတ္ထတရားသားချည်းပဲ မြင်အောင် ပထမ ကြည့်ရမယ်။ အဲဒါ ဉာတပရိညာ။ ဉာတပရိညာပိုင်းကို အောင်မြင်ပြီဆိုယင် ပုဂ္ဂိုလ်သတ္တဝါ အထင်ပျောက်ပြီးတော့ ရုပ်နာမ်နှစ်ပါးရှိတာကို အမှန်အတိုင်း အမြင်ရောက်တယ်။ ဘာမှ မလုပ်ရသေးဘူး။ အနိစ္စ ဒုက္ခ အနတ္တ နလုံးမသွင်းရသေးဘူး။ အဲဒါ ဉာတပရိညာ။ ဒီလို အမြင်ရောက်အောင် အားထုတ်ရတယ်။ ဆရာသမားများထံ သင်ကြားရတယ်။

**ဝိပဿနာဉာဏ်ဆယ်ပါး**

အဲဒီ ဉာတပရိညာ ပြီးပြီဆိုတော့ တီရဏပရိညာ။ ခန္ဓာကိုယ်မှာ ပုဂ္ဂိုလ်သတ္တဝါတွေ အထင်တွေ ပျောက်ပြီးတော့ ရုပ်တရား နာမ်တရားဆိုတဲ့ ပရမတ္ထတရားသားကို အသိဉာဏ် အမြင်ရောက်ပြီးတဲ့နောက် ပရမတ်ကို အသိဉာဏ်ဆိုက်လိမ့်မယ်။ အဲဒီ ပရမတ်တရားတွေရဲ့ တဖြစ်ချုပ်ချုပ် နေတာတွေဟာ တစ်ခါတည်း ဉာဏ်ထဲမှာ ပေါ်လာတယ်။ အဲဒီလိုပေါ်လာတဲ့ တဖြစ်ချုပ်ချုပ် နေတာကွေကို သိပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တလို့ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ ဒီလို သိရမယ်။ ဒါက အကျဉ်းဆုံးနည်း။ သူ့ထက်တိုးပြီး မကျဉ်းမကျယ် ဆင်ခြင်မယ်ဆိုလို့ရှိယင် -

http:\\www.dhammadownload.com



ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ သညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ သင်္ခါရ အနိစ္စာ ဒုက္ခာ အနတ္တာ၊ ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တံ - လို့ အဲဒီလို ရုပ်နာမ်နှစ်ပါးကို ခန္ဓာငါးပါးအနေနဲ့ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် သုံးချက်တင်ပြီးတော့ မြင်အောင် ကြည့်ရမယ်၊ ဆင်ခြင်ရမယ်၊ သုံးသပ်ရမယ်၊ ဒါဟာ **သမ္မသနဉာဏ်** ပဲ။

**ရုပ်ဖြစ်ကြောင်း တရားလေးပါး**
**ဥဒယဉာဏ်ငါးပါး**

အဲဒီ သမ္မသနဉာဏ် ရင့်သန်လာတဲ့အခါကျတော့ အနိစ္စ ဒုက္ခ အနတ္တ ရိုးရိုးမြင်နေခြင်းထက် တိုးပြီးတော့ အသိဉာဏ် ဝင်လာတယ်။

ဒီ "ရုပ်တရား ဖြစ်ပြီးတော့ ချုပ်တယ်ဆိုတဲ့ စကားမှာ ဖြစ်တာက ဘာကြောင့် ဖြစ်ပါလိမ့်၊ ချုပ်တာကတော့ ဘာကြောင့် ချုပ်ပါလိမ့်" လို့ တိုးပြီးတော့ စဉ်းစားလာတယ်၊ ဆရာသမားများကို လျှောက်ထားမေးမြန်းတယ်၊ ဆရာသမားများက ဟောပြတယ်။

အဝိဇ္ဇာသမုဒယာ ရူပသမုဒယော။ တဏှာသမုဒယာ ရူပသမုဒယော။ ကမ္မသမုဒယာ ရူပသမုဒယော။ အာဟာရသမုဒယာ ရူပသမုဒယော ကိုရင် ... ။ ရုပ်ဖြစ်တာ ဘာကြောင့် ဖြစ်သလဲဆိုယင် အကြောင်းလေးပါး ရှိတယ်။

(၁) အတိတ်က အဝိဇ္ဇာဖြစ်ခဲ့သောကြောင့် ယခုဘဝ ရုပ်ဖြစ်တယ်။

(၂) အတိတ်က တဏှာဖြစ်ခဲ့သောကြောင့် ယခုဘဝ ရုပ်ဖြစ်တယ်။

(၃) အတိတ်က ကံဖြစ်ခဲ့သောကြောင့် ယခုအခါ ရုပ်ဖြစ်တယ်။

(၄) အာဟာရကြောင့် ရုပ်ဖြစ်တယ်။ အကြောင်းနဲ့စပ်ပြီးတော့ ရုပ်ဖြစ်ခြင်းကို လေးမျိုးသိရမယ်။

(၅) ရုပ်ရဲ့ဖြစ်ခြင်းဆိုတာ ရုပ္ပနသဘာဝ နဂိုမရှိဘဲနဲ့ ထင်ထင်ရှားရှား ဘွားကနဲ ဖြစ်ပေါ်လာတာကို ရုပ်ဖြစ်ခြင်းလို့ ခေါ်တယ်၊ အဲဒီလို သိရမယ်။

အဖြစ်နဲ့ ပတ်သက်ပြီးတော့ ငါးချက်သိရမယ်၊ အဲဒါကို **ဥဒယဉာဏ်ငါးပါး** လို့ ခေါ်တယ်။

http:\\www.dhammadownload.com



**ရုပ်ချုပ်ကြောင်းတရားလေးပါး (ဝယညဏ်ငါးပါး)**

ဖြစ်တာကိုသိယင် ပျက်တာ ချုပ်တာကိုလဲ သိတယ်။

(၁) အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၂) တဏှာချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၃) ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၄) အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်။ အဲဒီလို ဖြစ်တတ်တဲ့အကြောင်း ချုပ်ခြင်းကြောင့် ဒီရုပ်တရားချုပ်သပေါ့။ အဲဒီလို အကြောင်းနဲ့ ပတ်သက်ပြီး ရုပ်ချုပ်မှု၊ ရုပ်ပျက်မှု လေးမျိုးကို သိရမယ်။

(၅) ရုပ္ပနသဘောကလေးရဲ့ ဘင်ခဏသို့ ရောက်ပြီးတော့ သဘာဝချုပ်ဆုံးသွားတာကို ရုပ်ပျက်တယ်လို့ ခေါ်သတဲ့။ အဲဒီ အသိမျိုးကို သလက္ခဏာအားဖြင့် သိခြင်းလို့ ခေါ်တယ်။ ရှေ့လေးချက်က ပစ္စယခေါ်တဲ့ အကြောင်းနဲ့ စပ်ပြီး သိတာဖြစ်လို့ ပစ္စယအားဖြင့် သိခြင်းလို့ ခေါ်တယ်။ အားလုံး **ဝယညဏ်** ငါးချက် စုံသွားပြီ။

ရုပ်၌ ဥဒယညဏ်ငါးပါး၊ ဝယညဏ်ငါးပါး တိုးတက်လာပြီးတော့ "ဩော် ... ဒီရုပ်ဟာ အနိစ္စ ဒုက္ခ အနတ္တ ဧကန် မုန်စွ၊ ထို့အတူ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့မှာလဲပဲ သူတို့ရဲ့ ဆိုင်ရာ အကြောင်းအကြောင်းနဲ့ ပတ်သက်၍ လေးချက်၊ ခဏနဲ့ ပတ်သက်၍ တစ်ချက်စီ အဲဒီလို အဖြစ်+အပျက်ကို အကြောင်း ပစ္စယ+သလက္ခဏာ=နှစ်ချက်နဲ့ မြင်နေတော့ ယောဂီပုဂ္ဂိုလ်၏ အဖို့ရာ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ် အသိကတော့ ပိုပြီးတော့ ဆင်ခြင်လို့ ကောင်းတယ်၊ ပိုပြီးတော့ ဆင်ခြင်တယ်။

**ဘင်္ဂဉာဏ် စသည်**

ဥဒယဗ္ဗယ ဉာဏ်ဖြစ်ပြီးတော့ ဘင်္ဂဉာဏ် ဖြစ်တယ်။ "ဖြစ်တယ် ပျက်တယ်ဆိုတာ စကားထဲမှာ ထည့်ပြောရုံသာ ပြောနေရတာ၊ ဖြစ်ပြီး ဖြုန်းဆို ချုပ်တာပဲ+ချုပ်တာချည်းပါပဲ"လို့ အချုပ်ပေါ်မှာ အပျက်ပေါ်မှာတင်ပဲ ပဓာန ဦးတည်ပြီးတော့ သိတဲ့ ဉာဏ်တစ်မျိုး တိုးလာတယ်။ အဖြစ်+အပျက်နှစ်ပါးကို သိတဲ့ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာတဲ့အခါကျတော့ "အဖြစ်ကို ဖယ်ထားလိုက်ပါတော့၊ ပျက်တာချည်းပါပဲ"လို့ အပျက်ကိုပဲ ဦးစိုက်ပြီးတော့ သိတဲ့ဉာဏ်ဟွေ ပေါ်လာတယ်။ **(ဘင်္ဂဉာဏ်)**။

ဘပျက်တည်း ပျက်နေသည်ကို မြင်လာတော့ "ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးဟာ ကြောက်စရာ တရားတွေ ပါလားဟ"လို့ အဲဒီလို

http:\\www.dhammadownload.com



ကြောက်ဖွယ်အနေနဲ့ သိလာတယ်။

ကြောက်စရာ တရားတွေပါတကားလို့ သိတာဟာ တစ္ဆေကြောက်တဲ့ အကြောက်မျိုး=ဒေါသမူစိတ်နဲ့ ကြောက်တဲ့သဘောမျိုး မဟုတ်ဘူး၊ အခုကြောက်ခြင်းက ပညာကြောက်၊ ဉာဏဘယ ခေါ်တယ်။ တစ္ဆေကြောက်တာ၊ ကျားကြီးကြောက်တာဆိုတဲ့ အဲဒီအကြောက်မျိုးက ဆုတ်နစ်သော ဒေါသမူစိတ်နဲ့ ကြောက်တာ၊ စိတ္တုတြာသဘယ ခေါ်တယ်။ ဒီ အကြောက်မျိုးကို မဆိုလိုဘူး။

ယခုပြောတဲ့ အကြောက်က ရုပ်နာမ်ရဲ့ သဘောကို သိပြီးတော့ "ဒီတရားတွေဟာ အင်မတန် ကြောက်စရာ ကောင်းတဲ့ တရားတွေပါတကား"လို့ အသိဉာဏ်တစ်မျိုး တိုးပြီးတော့ သိတာကို ခေါ်တယ်၊ ဒီဉာဏ်ကို **ဘယဉာဏ်**လို့ ခေါ်တယ်။ ဘယဉာဏ် ရောက်တော့လဲ ယောဂီပုဂ္ဂိုလ်မျိုးဟာ အနိစ္စ ဒုက္ခ အနတ္တ နှလုံးသွင်း၍ ပိုအားရှိ အားကောင်းလာတယ်။

အဲဒီ ဘယဉာဏ်ကို ရှေ့သွားပြုပြီး ဝိပဿနာရှုရင်းက တော်တော်ရင့်သန်လာတဲ့ အခါကျတော့ ကြောက်စရာတွေပဲလို့ သိပြီးတဲ့နောက် ဒီ ရုပ်+နာမ် တရားတွေပေါ်မှာ "ဘယ်လိုနည်းနဲ့မှ ကိုးစား၍ မရတဲ့ တရားတွေပါတကား"လို့ ကိုးရာမထင်တဲ့ သဘောကို နက်နက်နဲနဲ သိတဲ့ အသိဉာဏ် ပေါ်လာတယ်၊ အဲဒါကို "**အာဒီနဝဉာဏ်**"လို့ ခေါ်တယ်။ အဲဒီ အာဒီနဝဉာဏ်ပိုင်းမှာလဲပဲ အနိစ္စ ဒုက္ခ အနတ္တလို့ ဆုံးဖြတ်တဲ့ တီရဏ ပရိညာကတော့ အုပ်ချုပ်လိုက်ပါ နှလုံးသွင်းလျက်ပဲ။

အာဒီနဝဉာဏ် ရင့်သန်လာတဲ့အခါကျတော့ **နိဗ္ဗိဒါဉာဏ်** ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုတော့ ဝိပဿနာအလုပ် မလုပ်ခင်တုန်းကတော့ မိမိရဲ့ ရုပ်ကို။ ဝေဒနာကို။ သညာကို။ သင်္ခါရကို။ ဝိညာဏ်ကို ငါပဲ+ပုဂ္ဂိုလ်ပဲလို့ စွဲယူလို့ရှိယင် ရသလိုလိုပဲ။ ရနေတယ်ပဲ ပြောကြစို့။ အခုပြောသလို သမ္မသန+ဥဒယဗ္ဗယ+ဘင်္ဂ+ဘယ+အာဒီနဝ ဉာဏ်ထိအောင် ရင့်သန်လာတဲ့ အခါကျတော့ နောက်တစ်မျိုး တိုးပြီးတော့ ပေါ်လာပြန်တယ်။ ဘာလဲ၊ **နိဗ္ဗိဒါဉာဏ်**။ အဲဒီ နိဗ္ဗိဒါဉာဏ်ပေါ်လာတဲ့အခါကျတော့ ရုပ်ကိုလဲ ငါဟု စွဲလို့ မရတော့ဘူး၊ ဝေဒနာကို။ သညာကို။ သင်္ခါရကို။ ဝိညာဏ်ကို ဘယ်လိုနည်းနဲ့မှ ငါလို့ စွဲယူလို့ မရတော့ဘူး။ အဲဒီ ဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်။ အဲဒီ နိဗ္ဗိဒါ ဉာဏ်အခိုက်မှာလဲပဲ အနိစ္စ ဒုက္ခ အနတ္တကို ယောဂီပုဂ္ဂိုလ်သည် နှလုံးသွင်းလျက်ပဲ။

http:\\www.dhammadownload.com



နိဗ္ဗိဒါဉာဏ် ရင့်သန်တဲ့ အခါကျတော့ ရုပ်နာမ်တရားတို့မှ လွတ်မြောက်လိုတဲ့ အလိုဆန္ဒနဲ့ တွဲဖက်ပြီး ရုပ်နာမ်ကိုသိတဲ့ အသိဉာဏ် ဖြစ်ပေါ်လာတယ်။ ဒီကျတော့ "ကိုးရာမထင်၊ ဘာမှ ပြောလို့မရ၊ ဒီတရားကတော့ လွတ်မှကောင်းမှာပဲ"လို့ အဲဒီလို လွတ်လိုတဲ့ ဆန္ဒနဲ့ တွဲဖက်ပြီး အသိဉာဏ် ရုပ်+နာမ်ပေါ်မှာ ပေါ်လာတယ်။ ဒါကို **"မုစ္စိတုကမျတာဉာဏ်"** လို့ ခေါ်တယ်။ အဲဒီအခါမှာလဲ အနိစ္စ ဒုက္ခ အနတ္တ ကိုတော့ ယောဂီဟာ နှလုံးသွင်းလျက်ပဲ။

**ဘာဝနာလေးဆယ် (ဝါ) တောလေးဆယ်**

အဲဒီ လွတ်လိုတဲ့ = မုစ္စိတုကမျတာဉာဏ် ပေါ်လာတဲ့ အခါကျကော့ "လွတ်ချင်ရုံနဲ့ လွတ်မှာ မဟုတ်ဘူး၊ လွတ်အောင်ကြိုးကုတ် အားထုတ်မှ လွတ်မှာ"လို့ နှလုံးသွင်းပြီး အားထုတ်ရပါမယ်။ ဘယ်လို အားထုတ်ရမလဲ ဆိုတော့ ဒီခန္ဓာငါးပါးတွင် တပ်ပါး တစ်ပါးလျှင် ဘာဝနာလေးဆယ်လို့ ခေါ်တဲ့ အခြင်းအရာ လေးဆယ်စီ ရှိကြတယ်။ ရုပ်တရားတစ်ခုပေါ်မှာ -

> ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ။
> ဝိပရိဏာမာ+သာရကံ၊ ဝိဘဝံ မစ္စု သခ်တံ။

[ပဋိသံ။ ၄၁၁။ ဝိသုဒ္ဓိ၊ ၄၊ ၂။ ၂၄၇-၂၄၈-တို့အရ ဂါထာ စီကုံးထားခြင်း ဖြစ်သည်။ ပရမတ္ထသရူပဘေဒနီ (ဒုတိယ) ၅၂၉-ရှု။]

စသည်ဖြင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးဖွဲ့စီခဲ့သည့်အတိုင်း -

ဩော် ... ရုပ်တရားသည် မမြဲတဲ့ အနိစ္စပါတကား ... ။

| | | |
|---|---|---|
| ပလောက | = | ပျက်စီးတတ်တဲ့ သဘောပါတကား ... ။ |
| စလ | = | တုန်လှုပ်တဲ့ တရားပါတကား ... ။ |
| ပဘင်္ဂု | = | ဖရိုဖရဲ ပြိုကွဲပျက်စီးတဲ့ တရားပါတကား ... ။ |
| အဒ္ဓုဝ | = | စောစောတုန်းက အခိုင်အမာကြီးထင်ပေမယ့် နည်းနည်းမှ မခိုင်မာတဲ့ တရားပါတကား ... ။ |
| ဝိပရိဏာမ | = | ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ တရားပါတကား ... ။ |
| အသာရက | = | နိစ္စဆိုတဲ့ အခိုင်အမာ အနှစ်မရှိပါတကား ... ။ |
| ဝိဘဝ | = | ဆုံးရှုံးပျက်စီးတတ်တဲ့ တရားပါတကား ... ။ |

http:\\www.dhammadownload.com



မစ္ဆု = သူ့သဘာဝကို စွန့်သွားတတ်တဲ့ တရားပါတကား ... ။
(သေတယ်ဆိုတာ သူ့သဘာဝကို စွန့်တာ)
သင်္ခတ = အကြောင်းအမျိုးမျိုးတို့ ပေါင်းစည်းမှ မဖြစ်ချင့်ဖြစ်ချင်
အနိုင်နိုင် ဖြစ်တဲ့ တရားပါတကား ... ။

အနိစ္စ အခြင်းအရာ ဆယ်ပါးလို့ ခေါ်တယ်။ ဒုက္ခ အခြင်းအရာ နှစ်ဆယ့်ငါးပါး၊ အနတ္တ အခြင်းအရာ ငါးပါး၊ ပေါင်း ဘာဝနာလေးဆယ်လို့ ခေါ်တယ်။ ဒါကို အရပ်ထဲကျတော့ "တောလေးဆယ်"လို့ ခေါ်တယ်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ အနိစ္စတော ဒုက္ခတော အစရှိသည်ဖြင့် တောတွေနဲ့ဟောလို့ "တောလေးဆယ်"လို့ အရပ်က သုံးတယ်။ ဓမ္မနယ်ပယ်ကတော့ "ဘာဝနာလေးဆယ်" လို့ခေါ်တယ်။ ဘာဝနာလေးဆယ်ဖြင့် ပွားများတာကို ပဋိသင်္ခါဉာဏ် လို့ ခေါ်တယ်။

(လွတ်လိုလှ၍၊ လွတ်ရတဲ့ ဌာ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါရဉာဏ်။ ။ ပရမတ္ထသံခိပ်)။

အဲဒီ ပဋိသင်္ခါရဉာဏ် ရင့်သန်လာတဲ့အခါကျတော့ ဒီခန္ဓာငါးပါးပေါ်မှာ ချစ်လဲ မချစ်တော့ဘူး၊ မုန်းလဲ မမုန်းတော့ဘူး၊ ကိုယ်က ဘယ်လိုပင် ဖြစ်ချင်ပေမယ့် သူ့ဖြစ်ချင်သလို ဖြစ်တဲ့တရားတွေပဲ ... လို့ သိတဲ့ **"သင်္ခါရုပေက္ခာဉာဏ်"** ပေါ်လာတယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးတဲ့နောက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်ပွားများပြီးနောက် မဂ္ဂဝီထိကျတော့မယ်။ မဂ်ဇော ပေါ်တော့မယ် ဆိုလို့ရှိယင် ပထမ နှလုံးသွင်းနေကျ ဖြစ်တဲ့ တေဘူမကသင်္ခါရ ခန္ဓာတရားတွေ (သို့မဟုတ်) အာယတန ကမ္မဋ္ဌာန်း စီးဖြန်းသူဆိုယင် အာယတနတရားတွေ၊ ဒါတွေကို ဆင်ခြင်တဲ့ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ကြိမ်ဖြစ်တယ်။ ၎င်းနောက် အဲဒီ တေဘူမက သင်္ခါရ တရားတွေကိုပဲ အာရုံပြုပြီးတော့ ပရိကံရယ်၊ ဥပစာရယ်၊ အနုလုံရယ် လို့ ကာမာဝစရ မဟာကုသိုလ်ဇော သုံးကြိမ်ဇောတယ်။ အဲဒီ ဇောသုံးချက်ပါ ပညာကို **"အနုလောမဉာဏ်"** လို့ခေါ်တယ်။

အနုလောမဉာဏ်သို့ ရောက်လို့ရှိယင်ဖြင့် ဘယ်တော့မှ နောက်ပြန်မဆုတ်တော့ဘူး၊ အနုလုံ၏ အခြားမဲ့မှာ ဂေါတြဘူခေါ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော တစ်ကြိမ်ကျတယ်။ အဲဒီ ဂေါတြဘူဇောက နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်+ဖိုလ်တို့၏ အာဝဇ္ဇန်းအရာ၌ တည်ပြီးတော့ ဖြစ်တယ်။ ဒါကြောင့် သူ့ကို အသီးအခြားပဲ "ဂေါတြဘူဉာဏ်" လို့

http:\\www.dhammadownload.com



ခေါ်ရတယ်။ ဂေါတြဘူပြီးတော့ နိဗ္ဗာန်ကို အာရုံပြု၍ မဂ်ဇော တစ်ကြိမ် ဇောတယ်၊ ထို့နောက် ဖိုလ်ဇော နှစ်ကြိမ်ဇောပြီးတော့ ဘဝင်ကျသွားပြီ။

အဲဒီ မဂ်ထဲ ရောက်ရော ပယ်သင့်တဲ့ ပယ်ထိုက်တဲ့ အကုသိုလ်တရားတွေကို (သောတာပတ္တိမဂ်ဆိုယင်) ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အမြစ်ပြတ် ပယ်ပြီးတော့ အပါယ်လား ရောက်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ မှန်သမျှ အကုန်ပယ်ပစ်တယ်။

ယခုပြောခဲ့တဲ့ သဘောသွားအစဉ်ကို ပြန်လည်ဆင်ခြင် ကြည့်လိုက်ပါ။ ကြည့်လိုက်ယင် အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာယဉ် မသုံးသပ်ရသေးခင် ဆရာသမားထံ သင်လို့ နာလို့ မိမိခန္ဓာကိုယ်ပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ အထင်အမြင်များတွေ ပျောက်ပြီး ရုပ်နာမ် နှစ်ပါး ပရမတ္ထ တရားသားအနေနဲ့ အသိဉာဏ် ဖြစ်နေတယ်။ အဲဒါကို **"ဉာတပရိညာ"** လို့ ခေါ်တယ်။ ဝိသုဒ္ဓိ ခုနစ်ပါးမှာ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ နယ်ပယ် ဖြစ်တယ်။

အဲဒီနောက် ဝိပဿနာဉာဏ် ဆယ်ထောက်ဖြင့် တစ်ဆင့်တိုးဟိုးပြီး တစ်မျိုး တစ်မျိုး တစ်မျိုးနဲ့ အနိစ္စ ဒုက္ခ အနတ္တပေါ်မှာ ချဲ့ထွင်ပြီးတော့ ဆယ်မျိုးထိအောင် တက်ပြီး သိလာတဲ့ ဝိပဿနာဉာဏ်ဆယ်မျိုးကို **"တီရဏပရိညာ"** လို့ ခေါ်တယ်။

မဂ်ဉာဏ်ကို **"ပဟာနပရိညာ"** လို့ ခေါ်တယ်။ မဂ်ဉာဏ်ကျတော့ ပယ်သင့် ပယ်ထိုက်တဲ့ ကိလေသာကို အမြစ်ပြတ် (နောက်ထပ် ဘယ်တော့မှ မဖြစ်အောင်) ပယ်သတ်ပြီးတော့မှ ပိုင်းပိုင်းခြားခြား သိတယ်၊ (ပရိညာသုံးပါး)။

ကိုင်း ... ကိုရင်လေးက မေးတယ်၊ ကိုရင်ကလေးပေမယ့် ဒါလောက် ကျယ်ကျယ် သိတယ်။ ဘုရားဟောတာကို သူတို့ မပြတ်မပြတ် ကြားသပေါ့၊ သိကြရသပေါ့။ ကလေးတွေရဲ့ မုန့်ကို လူကြီးတွေက စားသလို ကိုရင်လေးတွေဖို့ ဟောတဲ့တရားကို ဆက်ပြီးတော့ စားယင် ဒီလို စားရမယ်။

၂။ ဒွေ နာမ ကိံ။

ကိုရင်တို့၊ သာသနာတော်မှာ တရားနှစ်မျိုး ရှိတယ်၊ အဲဒီ တရားနှစ်မျိုးကို ဉာတ၊ တီရဏ၊ ပဟာန ပရိညာ သုံးမျိုးနဲ့ ပိုင်းပိုင်းခြားခြား သိယင် သံသရာဝဋ်က ကျွတ်လွတ်ခြင်း အကျိုးရတယ်။ အဲဒီ တရားနှစ်မျိုးက ဘယ်တရားတွေလဲ။ ဖြေတဲ့ ကိုရင်တို့က ဖြေကြတယ်။

နာမဉ္စ ရူပဉ္စ။

http:\\www.dhammadownload.com



ကိုရင် ... နာမ်တရားနဲ့ ရုပ်တရားပေါ့။ အဲဒီ နာမ်တရား၊ ရုပ်တရားကို ပရိညာ သုံးပါးနဲ့ ပိုင်းပိုင်းခြားခြားသိယင် ကိုရင်တို့ တပည့်တော်တို့ ရည်သန်တဲ့ သံသရာဝဋ်က ကျွတ်လွတ်ခြင်း အကျိုးရတယ်။ ဒီလို ဖြေကြတယ်။

နှစ်ကို ဖြေတဲ့ ကိုရင်တွေက ဖြေပြီးတော့ သုံးကို တက်မေးတယ်။

၃။ တီဏိ နာမ ကိံ။

ကိုရင်တို့ ... နှစ်တော့ ဖြေကြပြီ၊ သာသနာတော်မှာ တရားသုံးမျိုး ရှိတယ်၊ အဲဒီ တရားသုံးမျိုးကို ဘာစ်မျိုးတစ်မျိုးလျှင် ပရိညာ သုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိယင် သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းဆိုတဲ့ နိယျာနိက အကျိုးကို ရတယ်။ အဲဒီ တရားသုံးမျိုး က ဘယ်တရားတွေလဲ။ ဖြေတဲ့ကိုရင်များက -

တိဿော ဝေဒနာ (လို့ ဖြေကြရတယ်)။

ကိုရင် ... သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဒီဝေဒနာ သုံးပါးပေါ့။ ဒီ ဝေဒနာ သုံးပါးကို ပရိညာသုံးပါးနဲ့ အသီးသီး ပိုင်းပိုင်းခြားခြား သိလို့ရှိယင် မဂ်ရောက် ဖိုလ်ပေါက်ပြီးတော့ သံသရာဝဋ်က ကျွတ်လွတ်သွားတာပေါ့ ကိုရင် ... ။ သုံးပြီးတော့ မေးတဲ့ ကိုရင်ဘလေးက ဆက်မေးရတယ်။

၄။ စတ္တာရိ နာမ ကိံ (လို့ မေးရတယ်)။

သုံးတော့ ဖြေပြီးပြီ ကိုရင်တို့ ... ၊ ဒီသာသနာတော်မှာ ကိုရင်တို့ တပည့်တော်တို့ သိရမယ့် တရားလေးမျိုး ရှိတယ်။ အဲဒီ တရားလေးမျိုးကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိယင် သံသရာဝဋ်က ကျွတ်လွတ်တယ်။ အဲဒီတရားလေးမျိုးဆိုတာ ဘယ်တရားတွေ လဲ ကိုရင်တို့တဲ့ ... ၊ ဖြေတဲ့ ကိုရင်များက -

စတ္တာရိ အရိယသစ္စာနိ (လို့ ဖြေကြရတယ်)။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒီသစ္စာလေးပါးကို ပိုင်းပိုင်း ခြားခြား ဘယ်သူမှ ဖျက်မရအောင် သိယင် မဂ်ဖိုလ်ပေါက်တာပဲ၊ မဂ်ဖိုလ်ပေါက်ယင် သံသရာဝဋ်က ကျွတ်လွတ်တယ်။

ဒါကြောင့် တရားသဘောကို သိတဲ့နေရာမှာ မိမိရဲ့ သား+သမီးကို သိသလောက် တရားသဘောကို သိယင် မဂ်နား+ဖိုလ်နား တစ်ခါတည်း ကပ်ရောက်သွားတယ်။ ဥပမာ ဦးဖြူမှာ မောင်ညွန့်ဆိုတဲ့ သားရှိတယ် ဆိုပါစို့၊ "ဦးဖြူရဲ့သား မောင်ညွန့်"လို့ ပြောလိုက် ယင် ဦးဖြူရဲ့ ဉာဏ်ထဲမှာ (လက္ခဏာနှင့်ကူတဲ့) မောင်ညွန့်ရဲ့ ရုပ်ရည်အဆင်းကိုလဲ

http:\\www.dhammadownload.com



သိတယ်၊ မောင်ညွန့်ရဲ့ လုပ်ဆောင်ချက်ခေါ်တဲ့ သူ့ရဲ့ကိစ္စကိုလဲ သိတယ်။ မောင်ညွန့်ရဲ့ မိဘနှစ်ပါးအား ကျေးဇူးပြုပုံ လိမ္မာပုံ အခြင်းအရာ ပစ္စုပ္ပန္နဒ်ကိုလဲ သိတယ်။မောင်ညွန့် ရဲ့ အခြေခံအကြောင်းရင်း ဖြစ်တဲ့ ပဒဋ္ဌာန် မိဘနှစ်ပါးကိုလဲ ပိုင်းပိုင်းခြားခြား သိတယ်။ လေးဘက်လေးတန် သိထားတဲ့ ဦးဖြူရဲ့ အဖို့ရာ မောင်ညွန့်အကြောင်းကို တစ်မျိုး တစ်မည် လွဲပြောယင် ဘယ်လိုနည်းနဲ့မှ မယုံဘူး။ ပြောမရဘူး။ အမည်က မောင်ညွန့်၊ အသားက ဖြူဖြူလေး ဆိုပါစို့။ အဲဒီ မောင်ညွန့်ကို သိထားတဲ့ သူ၏အဖို့ရာ "ဖြူဖြူ ကလေး မဟုတ်ပါဘူး၊ အသားမည်းပါ"လို့ ဆိုယင် လေးဘက်လေးတန် မောင်ညွန့်ကို သိထားတဲ့ လူအဖို့ရာ "မည်းပါတယ်" လာပြောလို့ မယုံဘူး။

**သောတာပန် သုရမ္ဗဋ္ဌကို မာရ်နတ်ဖျက်၍မရ**

အေး – မိမိတို့ရဲ့ သား+သမီးကို မိဘများက ပိုင်းပိုင်းခြားခြား သိသလို ရုပ်နာမ် ကိုလဲ အနိစ္စ ဒုက္ခ အနတ္တလို့ ပိုင်းပိုင်းခြားခြား ဘယ်သူမှ ဖျက်မရအောင် သိယင်တော့ "ငါ မဂ်ပေါက်ပြီ၊ ဖိုလ်ရောက်ပြီ" လို့သာ တွက်ပေတော့။

ဘုရားလက်ထက်တော်က သုရမ္ဗဋ္ဌ ဆိုတဲ့ သေဋ္ဌေးတစ်ယောက် ရှိဖူးတယ်။ မြတ်စွာ ဘုရားက သုရမ္ဗဋ္ဌ၏ သောတာပတ္တိမဂ်ရဖို့ အကြောင်းကို မြင်တော်မူလို့ သုရမ္ဗဋ္ဌရဲ့ အိမ်ကို ကြွပြီးတော့ တရားဟောတယ်။ ဒေသနာ အဆုံးမှာ သုရမ္ဗဋ္ဌ သောတာပန် ဖြစ် တယ်။ အဲဒီလို မြတ်စွာဘုရား သုရမ္ဗဋ္ဌအိမ် ကြွပြီးတော့ တရားဟောတဲ့အကြောင်း မာရ်နတ်က ကြားရတော့ "သောတာပန် ဟုတ် မဟုတ် ငါသွားပြီး စုံစမ်းမယ်" ဆိုပြီး မာရ်နတ်က ဘုရားယောင်ဆောင်ပြီး သုရမ္ဗဋ္ဌအိမ်ကို ဝင်သွားတယ်၊ သုရမ္ဗဋ္ဌသေဋ္ဌေးရဲ့ တပည့်တွေက "သေဋ္ဌေးမင်း ... ဘုရားကြွလာတယ်" လို့ ပြောကြတော့ "ဒါဖြင့် နေရာ ခင်းပေးကြ"လို့ အမိန့်ပေးတယ်။ ဘုရားကြွလာတယ်ဆိုတော့ သုရမ္ဗဋ္ဌ အရိယာ သူတော် ကောင်းပီပီ တရိုတသေ နေရာခင်း၊ အရိုအသေပေး၊ အပြစ်လွှတ်တဲ့နေရာက ထိုင်ကော့မှ ဘုရားယောင်ဆောင်တဲ့ မာရ်နတ်က "သုရမ္ဗဋ္ဌ ... နေ့လယ်တုန်းကက ငါဟောတဲ့ တရားထဲမှာ အလုံးစုံသော ခန္ဓာငါးပါးတို့သည် 'အနိစ္စ ဒုက္ခ အနတ္တ'လို့ ဟောလိုက် တယ်။ အဲဒီ ခန္ဓာငါးပါးထဲမှာ အချို့ အချို့ ခန္ဓာကသာ အနိစ္စ ဖြစ်တယ် အချို့ အချို့ ခန္ဓာက နိစ္စ ဓုဝ သဿတ"လို့ အဲဒီလို မဟုတ်တရုတ် လာပြောတော့ သုရမ္ဗဋ္ဌက

"ဗုဒ္ဓါနံ့ဥ် အနုပဓာရေတွာ ကထနံ နာမ နတ္ထိ=ဘုရားရှင်တို့ အဖို့ရာ မဆင်မခြင် ပြောဆိုသော စကားရယ်လို့ မရှိဘူး၊ မှန်တာ တစ်ခုနဲ့တည်းကိုပဲ ပြောတယ်၊ မှားတစ်မျိုး

http:\\www.dhammadownload.com



ခုတစ်မျိုး ပြောတယ်ဆိုတော့ သူဟာ မှုမမှန်ဘူး၊ ဒါဖြင့် သူဟာ ဘုရားအစစ် မဟုတ်၊ မာရ်နတ်ပဲ" အဲဒီလို သိပြီးတော့ "သင်ကဲ့သို့သော မာရ်နတ်မျိုး အရာအထောင် လာပြောပေမယ့် ငါဟာ ခန္ဓာငါးပါးရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမပိုင်တဲ့သဘောကို ဖျက်မရအောင် သိပြီး ဖြစ်တယ်၊ သင်ကဲ့သို့သော မာရ်နတ်အထောင် လာပြီးတော့ ဖျက်စေကာမူ မပျက်ဘူး" အဲဒီလို ရဲရဲတောက် ပြန်ပြောတယ်။ (အံ၊ ၄၊ ၁။ ၃၀၅)

ဒါကို ထောက်သဖြင့် သိကြားမင်းကြီးက နားကင်းကြီးနဲ့ ဆင်းပြီးတော့ နိစ္စပါ၊ သုခပါ၊ အတ္တပါလို့ ပြောပေမယ့် ငါမယုံဘူးဆိုတဲ့ အခြေအနေရောက်ယင် အဲဒါ အရိယာ မဂ်ဖိုလ်ပေါက်တာပဲလို့ အောက်မေ့ရ ရတယ်။

ကိုင်း ... ရှေ့တစ်ခါ မေးလိုက်ပြန်တယ်။ လေးမေးပြီးကော့ ငါးကိုမေးတယ်။

၅။ ပဥ္စ နာမ ကိံ။

လေးကတော့ သစ္စာလေးပါး ဟုတ်ပြီ ကိုရင်တို့ ... ၊ ဒီသာသနာတော်မှာ ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိရမယ့် တရားငါးမျိုး ရှိတယ်။ အဲဒီ တရားငါးမျိုး ဘယ်ဟာလဲ။ ဖြေတဲ့ ကိုရင်များက -

ပဥ္စုပါဒါနက္ခန္ဓာ။

ဥပါဒါန်ရဲ့ အာရုံဖြစ်တဲ့ လောကီခန္ဓာ ငါးပါးတို့ပေါ့ ကိုရင် ... ။ ပရိညာသုံးပါးနဲ့ တရားငါးမျိုးကို နားလည်ပြီးပြီ။ ငါးပြီးတော့ ခြောက်ကို မေးတယ်။

၆။ ဆ နာမ ကိံ တဲ့၊

ဖြေဆိုတဲ့ ကိုရင်များက အဇ္ဈတ္တိကာယတန ၆-ပါး (မျက်စိ+နား+နှာ+လျှာ ကိုယ်+စိတ်)= အတွင်း အာယတန ခြောက်ပါးတို့ကို ဖြေကြရတယ်။

၇။ ခြောက်ပြီးလို့ ခုနစ်မေးတဲ့အခါ ဗောဇ္ဈင် ခုနစ်ပါး ဖြေရတယ်။

၈။ ရှစ်မေးတဲ့အခါ ဖြေတဲ့ ကိုရင်များက အဋ္ဌင်္ဂိကမဂ်=မဂ္ဂင်ရှစ်ပါးလို့ ဖြေရတယ်။

၉။ နဝ နာမ ကိံ လို့

ကိုးကိုမေးတဲ့အခါ ... နဝ သတ္တာဝါသာလို့ သတ္တဝါတို့ နေရာဖြစ်တဲ့ ဘုံကိုးပါး "သတ္တာဝါသ=ဘုံကိုး၀" လို့ ခေါ်တဲ့ ဘုံကိုးမျိုး ဖြေရတယ်။

(သတ္တာဝါသ၏ ဘုံကိုး၀ အကျယ်ကို ဒီ၊၂။၂၈။ ဒီ၊ဋ္ဌ၊၂။၉၉ မှ သတ္တဝိညာဏဋ္ဌိက် အဖွင့်နှင့် ပဋိသံ၊ ဋ္ဌ။ ၁၀၆-၇ မှ နဝသတ္တာဝါသာ အဖွင့်ရှုပါ။)

http:\\www.dhammadownload.com



**ဘုံကိုးမျိုးဆိုတာက**

(၁) နာနတ္တကာယ နာနတ္တသညီ=ကိုယ်ခန္ဓာပုံကလဲ အမျိုးမျိုး၊ ပဋိသန္ဓေနေကဲ့ စိတ်ကလဲ အမျိုးမျိုးရှိကြတဲ့ ဝိနိပါတိက အသူရာခေါ်တဲ့ မြင်းမိုရ်တောင် အောက်က အသူရာတွေ၊ လူတွေ၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်က နတ်တွေ။ အဲဒါတွေကို နာနတ္တကာယ နာနတ္တသညီ လို့ ခေါ်တယ်။

(၂) နာနတ္တကာယ ဧကတ္တသညီ=ရူပါဝစရ ပထမဈာန်ဘုံက ဗြဟ္မာတွေ၊ ကိုယ်ပုံကိုယ်ပန်းက အမျိုးမျိုး ရှိကြတယ်။ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံက သတ္တဝါတွေ၊ သူတို့လဲပဲ ကိုယ်ပုံပန်းက အမျိုးမျိုး ရှိကြသည်။ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ သညာကတော့ တစ်မျိုးပဲ တူကြတယ်။ အပါယ်ဘုံသားတွေဆိုယင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ၊ ပထမဈာန်ဘုံသား ရူပဗြဟ္မာတွေကျတော့ ရူပါပစရ ပထမဈာန် ဝိပါက်စိတ်တစ်မျိုးတည်းပဲ တူကြတယ်။ ဒါကြောင့် သူတို့ကို နာနတ္တကာယ ဧကတ္တသညီ လို့ ခေါ်တယ်။

(၃) ဧကတ္တကာယ နာနတ္တသညီ=ကိုယ်ခန္ဓာက တစ်ပုံတည်း။ ပဋိသန္ဓေ ဝိညာဏ်ကျတော့ ကွဲပြားကြတဲ့ ရူပါဝစရ ဒုတိယ ဈာန်ဘုံက ဗြဟ္မာတွေကို ဆိုလိုတယ်။ သူတို့မှာ ကိုယ်ပုံက တူကြတယ်။ အရောင်တလက်လက် ထွက်ကြတာချင်း တူကြတယ်။ အဲ ပဋိသန္ဓေ ဝိညာဏ်ကျတော့ ဝိပါက်စိတ်၊ တချို့က တတိယဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေ နေကြလို့ နာနတ္တသညီလို့ ခေါ်တယ်။ (ကိုယ်ပုံပန်းတူပြီး ပဋိသန္ဓေ ဝိညာဏ် သညာ မတူတဲ့ သတ္တဝါတွေလို့ ဆိုလိုတယ်။)

(၄) ဧကတ္တကာယ ဧကတ္တသညီ=တတိယ ဈာန်ဘုံက ဗြဟ္မာတွေ၊ ဝေဟပ္ဖိုလ်ဘုံက ဗြဟ္မာတွေ၊ သုဒ္ဓါဝါသ ငါးဘုံက ဗြဟ္မာတွေကို ခေါ်တယ်။ သူတို့မှာ ရူပကာယ ကိုယ်နေပုံကလဲပဲ တူကြတယ်၊ ပဋိသန္ဓေ ဝိညာဏ်သညာကလဲပဲ တူကြတယ်။

(၅) ဧကတ္တကာယ=အသညသတ် ဗြဟ္မာကြီးတွေ၊ သူတို့မှာ ကိုယ်နေပုံ ရူပကာယ တူကြတယ်၊ ဝိညာဏ် သညာ မရှိကြလို့ ဧကတ္တကာယ လို့ ခေါ်ရတယ်။

(၆+၇+၈+၉) ဧကတ္တသညီ ၄ ဘုံ=အရူပ လေးဘုံကျတော့ ထိုဘုံတို့က ဗြဟ္မာတို့မှာ ပဋိသန္ဓေ စိတ်သညာ တူကြလို့ ဧကတ္တသညီ ၄–ဘုံလို့ ခေါ်ရတယ်။ အဲဒါကို သတ္တာဝါသ ဘုံကိုးဝလို့ ခေါ်တယ်။ အဲဒီ သတ္တာဝါသ ၉ ပါးကို ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိယင် သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း နိဿရဏအကျိုး၊ နိယျာနိက အကျိုးရတယ်။ ကိုရင်ငယ်ကလေးများ ဆိုတော့ ခါယ်ပုစ္ဆာလောက်ဆိုယင် သင့်တော်လေးက

http:\\www.dhammadownload.com



ပြီ၊ အဲဒီတော့ မေးတဲ့ ကိုရင်က နောက်ဆုံး ပုစ်ဆယ်ကို -

၁၀။ ဒသ နာမ ကိံ (လို့ မေးရတယ်။)

ကိုရင်တို့ ... ၊ ဒီသာသနာတော်မှာ အရေးကြီးတဲ့ တရားဆယ်ပါး၊ လိုရင်း တရားဆယ်ပါးရှိတယ်။ အဲဒီ တရားဆယ်ပါးက ဘယ်ဟာတွေလဲလို့ မေးတော့ ဖြေတဲ့ ကိုရင်များက -

ဒသဟ+ငေ်ဟိ သမန္နာဂတော အရဟာတိ ဝုစ္စတိ။

ကိုရင် ... အသေက္ခသမ္မာဒိဋ္ဌိ၊ အသေက္ခသမ္မာသင်္ကပ္ပ၊ အသေက္ခသမ္မာဝါစာ၊ အသေက္ခသမ္မာကမ္မန္တ၊ အသေက္ခသမ္မာအာဇီဝ၊ အသေက္ခသမ္မာဝါယာမ၊ အသေက္ခသမ္မာသတိ၊ အသေက္ခသမ္မာသမာဓိ၊ အသေက္ခသမ္မာဉာဏ၊ အသေက္ခသမ္မာဝိမုတ္တိ ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ အင်္ဂါဆယ်ပါး (အသေက္ခအင်္ဂါ ဆယ်ပါး လို့ ခေါ်တယ်)။ ဒီတရားဆယ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်တယ်။ အေး ... တရားဆယ်မျိုးဆိုတော့ အသေက္ခအင်္ဂါတရား ဆယ်ပါးပေါ့ ကိုရင် ... ။ ဒီကျတော့ တရားသဘောဟာ အရဟတ္တဖိုလ်သို့ ရောက်သွားပြီ၊ မြတ်စွာဘုရားရဲ့ သာသနာဟာ မီးခိုးမဆုံး မိုးမဆုံး သာသနာမဟုတ်၊ အရဟတ္တဖိုလ်ရောက်လျှင် ဆုံးတဲ့ သာသနာ၊ အဆုံးရှိတဲ့ သာသနာဖြစ်တယ်။ ယခုလဲ အရဟတ္တဖိုလ်ရောက်၍ အမေးအဖြေ တရားတစ်ခေါက် ဆုံးပြီ။

## အဘိဏှရာဟုလောဝါဒသုတ္တန်

အဲဒီလို ရာဟုလာကို ရှင်ပြုပြီးတဲ့ အခါကျတော့ "သာမဏေရပဉှာ"လို့ တရားဆယ်မျိုး မြတ်စွာဘုရား ဟောတော်မူတယ်။ ထို့အပြင် ရှင်ရာဟုလာကို အကြောင်းပြုပြီး တရားတွေ တော်တော်များများ ဟောပါတယ်။ ရှင်ရာဟုလာ တရားပေါင်းချုပ်လို့ စကားပလ္လင်ခံခဲ့တယ်။

ကလျာဏမိတ်ဆွေကောင်း ပေါင်းသင်းမိလို့ရှိယင် အရဟတ္တဖိုလ်ပေါက် အကျိုးရရောက်တယ်ဆိုတဲ့ တရားအချက်ကို ပြတော်မူလို၍ အဘိဏှရာဟုလောဝါဒသုတ် * လို့ ခေါ်တဲ့ သုတ္တန်တစ်ခု၊ ဒါကတော့ မပြတ်မပြတ် တစ်ရက်ခြား တစ်ခါ၊ နှစ်ရက်ခြား တစ်ခါ၊ ရက်ဆက် တစ်ခါ အချိန်ရလျှင် ရသလိုပဲ မြတ်စွာဘုရားက ဒီသုတ္တန်ကရားကို ကိုရင် ရာဟုလာအား မပြတ်မပြတ် ဟောဟောပေးတယ်။ သာဝတ္ထိမှာ ဟောတယ်၊ ရာဇဂြိုဟ်မှာ ဟောတယ်လို့ တစ်ခုထဲ မှတ်လို့ မရဘူး။ ဘုရားကြွရောက်တဲ့ ထိုထိုမြို့ရွာ

* ရာဟုလသုတ်ကို အဘိဏှ ရာဟုလောဝါဒသုတ်ဟု ခေါ်သည်။

http:\\www.dhammadownload.com



နေရာမှာ အကြောင်းညီညွတ် အခြေအနေပေးယင် ပေးသလိုပဲ ကိုရင်ရာဟုလာအား ဒီ တရားကို မပြတ်မပြတ် ဟောပြဆုံးမတော်မူတယ်။ ဒါကြောင့် ဒီသုတ္တန်ကို "အဘိဏှ ရာဟုလော ဝါဒသုတ္တန်" လို့ခေါ်တယ်။

## ဥပဇ္ဈာယ်ဆရာကို လေးစားပူဇော်အပ်ခြင်း

အဲဒီ အဘိဏှ ရာဟုလောဝါဒသုတ္တန်ကို ဟောတော့မယ်ဆိုတော့ ဘုရားကိုယ်တော် မြတ်က ရှင်ရာဟုလာကို တရားနာခံထားပြီး ဘာကို စ ဟောလိုက်သလဲဆိုယင် -

၁။ ကစ္စိ အဘိဏှသံဝါသာ၊
နာဝဇာနာသိ ပဏ္ဍိတံ။
ဩက္ကာဓာရော မနုဿာနံ၊
ကစ္စိ အပစိတော တယော။ (သုတ္တနိ၊ ၃၂၈)

ရာဟုလ=ချစ်သားရာဟုလာ။ ကစ္စိ=အသို့နည်း။ အဘိဏှသံဝါသာ=အမြဲတစေ တစ်ကျောင်းတည်းဝယ် အတူတကွ နေထိုင်ရခြင်းကြောင့်။ ပဏ္ဍိတံ=ပညာဉာဏ်ရှိ သင်၏ဥပဇ္ဈာယ်ဆရာ သာရိပုတ္တရာ မထေရ်မြတ်ကို။ နာဝဇာနာသိ=မထီမဲ့မြင် သင် ချစ်သား မပြုမိဘဲ ရှိပါ၏လား။ နာဝဇာနာသိ=သူသော် ပုဏ္ဏား ငါကား မင်းဇာတ် အမျိုးမြတ်ဟု မအပ်မလျော် မာန်ထော်ခုလု မထီမဲ့မြင်မှု သင်ချစ်သား မပြုမိဘဲ ရှိပါ၏လား။

ချစ်သား ...၊ လောကကြီးရဲ့ သဘောက အနေကြာလို့ရှိယင် အရိုအသေ တန်တတ် တယ်။ ချစ်သားဟာ ဥပဇ္ဈာယ်ဆရာနဲ့ အမြဲမပြတ် တစ်တိုက်တည်း၊ တစ်ကျောင်းတည်း မှာ အတူတကွ အနေကြာခြင်းဟူသော အကြောင်းကြောင့် ဥပဇ္ဈာယ်ဆရာတော် အပေါ် မှာ အထင်သေးမှု၊ အမြင်သေးမှု၊ မထီမဲ့မြင်မှုများ ပြုမှားမိသလား၊ မပြုမှားမိဘဲ ရှိပါ၏ လား။ မထီမဲ့မြင်မှု ပြုမှားမိမှာ စိုးလို့ မေးတော်မူတာ။ ဥပဇ္ဈာယ်ဆရာကို အထင်သေးပြီး ကိုယ့်ကိုယ်ကိုတော့ အထင်ကြီးတတ်တယ်။ အဝမာန ခေါ်တယ်။ ဒီသဘောမျိုးများ သင်ချစ်သား သန္တာန်မှာ မဖြစ်ဘဲ ရှိရဲ့လား။

ကစ္စိ=အသို့နည်း။ တယာ=ရာဟုလာခေါ် ချစ်သားတော်သည်။ မနုဿာနံ= ဦးမဲ ဦးဖြူ ထိုထိုလူတို့အနက်။ ဩက္ကာဓာရော=ပညာတန်ဆောင် မီးရှူးရောင်ကို ဆောင်တော်မူတတ် ဥပဇ္ဈာယ် ဆရာမြတ်ကို။ အပစိတော=လေးမြတ်ကော်ရော် ပူဇော်အပ်ပါ၏လား သင်ချစ်သား။

http:\\www.dhammadownload.com



ချစ်သားရဲ့ ဆရာကို သေးသေးညှော်ညှော် ငေါ်ငေါ်မထင်နဲ့ ပညာဇတဒဂ် ရထားတဲ့ လူ့လောကမှာ ပညာတန်ဆောင် မီးရှူးရောင်ကို ဆောင်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီ ဥပဇ္ဈာယ်ဆရာကို သင်ချစ်သား လေးမြတ်ကော်ရော် ပူဇော်အပ်ရဲ့လား။ ရိုသေရဲ့လား လို့ မေးတယ်။

လောကမှာ အဝဇာတသား၊ အနုဇာတသား၊ အတိဇာတသား လို့ သားသုံးမျိုး ရှိတယ်။

မိဘအောက် ကိုယ်ကျင့်ဂုဏ် နိမ့်ကျတဲ့ သားကို အဝဇာတသား၊ မိဘနောက်ကို အလိုကျအောင် လိုက်နိုင်တဲ့ ကိုယ်ကျင့်ရှိတဲ့ သားကို အနုဇာတသား။

တချို့သားကျတော့ ကိုယ်ကျင့်သီလ စသည်ဟာ မိဘထက် သာလွန်သွားတယ်။ အဲဒီ သားမျိုးကျတော့ အတိဇာတသား လို့ခေါ်တယ်။

ရှင်ရာဟုလာက မြတ်စွာဘုရားရဲ့ အလိုတော်ကျ ကိုယ်ကျင့်သီလ စသည် လိုက်ပါ နိုင်တဲ့ အနုဇာတ သားကောင်းပီပီ ဘယ်လို ပြန်လျှောက်သလဲဆိုတော့ -

၂။ နာဟံ + အဘိဏှသံဝါသာ၊
အဝဇာနာမိ ပဏ္ဍိတံ။
ဩက္ကာဓာရော မနုဿာနံ၊
နိစ္စံ အပစိတော မယာ။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား ... ။ အဟံ= ရာဟုလာခေါ် တပည့်တော်သည်။ အဘိဏှသံဝါသာ=အမြဲမပြတ် တစ်တိုက် တည်း တစ်ကျောင်းတည်းမှာ အတူတကွ နေထိုင်ရခြင်းကြောင့်။ ပဏ္ဍိတံ=ပညာ ဉာဏ်ရှိ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ သာရိပုတ္တရာ မထေရ်မြတ်ကို။ နာဝဇာနာမိ=မထီမဲ့မြင်မှု တစ်ရံတစ်ခါမျှ မပြုမိခဲ့ပါဘုရား။

မြတ်စွာဘုရား ... ၊ တပည့်တော် ဥပဇ္ဈာယ် ဆရာတော်နဲ့ အတူတကွ အနေကြာ သော်လဲ ဥပဇ္ဈာယ်ဆရာ့ အပေါ်မှာ မထီမဲ့မြင်မှု အထင်သေးမှု တစ်ကြိမ်တစ်ဖန် တစ်ရံ တစ်ခါမျှ မပြုမိပါဘူး ဘုရား။

မယာ=ရာဟုလာခေါ် ရှင့်သားတော်သည်။ မနုဿာနံ=ဦးမဲ+ဦးဖြူ ထိုထိုလူတို့ အနက်။ ဩက္ကာဓာရော=ပညာတန်ဆောင် မီးရှူးရောင်ကို ဆောင်တော်မူတတ် ဥပဇ္ဈာယ် မထေရ်မြတ်ကို။ နိစ္စံ=နေ့ညဥ့်မစဲ အမြဲကာလ။ အပစိတော=လေးစားကော် ရော် ပူဇော်အပ်ပါ၏ မြတ်စွာဘုရား။

http:\\www.dhammadownload.com



ဘုရားရဲ့ အလိုတော် ဘယ်လောက်ကျလိုက်သလဲ။ ဘုရားကလဲ မထိမ့်မြင်မှု ပြုပ်မှာစိုးလို့ မေးတယ်၊ မေးတဲ့အတိုင်း မပြုမိပါဘူး ဘုရားတဲ့၊ ရှိသေရဲ့လားမေးတော့ နေ့နေ့ညည ကာလမစဲ အမြဲတစေ ရှိသေအပ်ပါတယ်ဘုရား ဆိုတော့ ဘယ်လောက် နှစ်လိုအားရမ်း ဝမ်းမြောက်တော်မူလိုက်မလဲ။ အကယ်၍များ ရာဟုလာသန္တာန်မှာ မာန်မာနကြီးရှိနေမယ်၊ ဇာတိမာန် ခက်ထန်နေမယ်ဆိုယင် ထွန်တုံးမျိုထားတဲ့ စပါးကြီး မြွေကြီးဟာ မခွေနိုင်ဘဲ တောင့်ခိုင်ခိုင်ကြီး ဖြစ်နေသလို ဘယ်လိုနည်းနဲ့မှ မင်္ဂဖိုလ်ကို မရဘူး၊ အာခံနေတာကိုး၊ အခုတော့ မာန်မာန လုံးဝမရှိဘဲ ခြေသုတ်ကြိုးဝန်းလို ဥပဇ္ဈာယ်ဆရာတော်အပေါ်မှာ အမြဲတစေ ရှိသေနေတယ်ဆိုတော့ ရာဟုလာရဲ့ နှလုံးအိမ်သည် တရားတည်းဟူသော ခြင်္သေ့ဆီ တည်နိုင်တဲ့ သိင်္ဂီရွှေခွက်သဖွယ် ဖြစ်နေပြီ။ ဒီတော့ ရှင်ရာဟုလာရဲ့ နှလုံးအိမ် တည်းဟူသော သိင်္ဂီရွှေခွက်ထဲမှာ တရားတည်းဟူသော ခြင်္သေ့ဆီကို ထည့်လောင်းပေးရန် အချိန်တန်ပြီလို့ သိမြင်တော်မူပြီး မြတ်စွာဘုရားက–

၃။ ပဉ္စ ကာမဂုဏေ ဟိတွာ၊
ပိယရူပေ မနောရမေ။
သဒ္ဓါယ ဃရာ နိက္ခမ္မ၊
ဒုက္ခဿန္တကရော ဘဝ။

## ဝဋ်ဒုက္ခ ဆုံးအောင် ကျင့်အပ်ခြင်း

ရာဟုလ=ချစ်သားရာဟုလာ ... ။ တွံ=သင်ချစ်သားသည်။ ပိယရူပေ=ချစ်အပ်သော သဘောရှိကုန်သော။ မနောရမေ=စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော်စေနိုင်ကုန်သော။ ပဉ္စကာမဂုဏေ=အာရုံငါးပါး ကာမဂုဏ်တရားကို။ ဟိတွာ=ကိုယ်မှထွေးဟက် တံတွေးခွက်သို့ ရက်ရက်ကြီး စွန့်ခွာ၍။ သဒ္ဓါယ=သဒ္ဓါတရားဖြင့်။ ဝါ-သဒ္ဓါယ=သာသနာဝင်လျှင် နိယျာနိက အကျိုးကို မုချရမှာပဲလို့ မမိုတ်မသုန်ယုံကြည်တဲ့ သဒ္ဓါတရားဖြင့်။ ဃရာ=အိမ်ရာမထောင် ရဟန်းဘောင် အရောက်ထွက်မြောက်လေပြီး ဖြစ်သောကြောင့်။ (ဝါ) သဒ္ဓါယ ဃရာ နိက္ခမ္မ=သဒ္ဓါပဗ္ဗဇိတကုလပုတ္တစင်စစ် သင်ချစ်သား ဖြစ်ရကား။ ဒုက္ခဿ=စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တကရော=အဆုံးရောက်အောင် ကျင့်ဆောင် ကြိုးကုတ်အားထုတ်သည်။ ဘဝ ဘဝါဟိ=မနေမနား သင်ချစ်သား ဖြစ်ပွားပါလေ။

http:\\www.dhammadownload.com



ချစ်သား ... ချစ်သားကိုယ် ချစ်သား ပြန်စဉ်းစားကြည့်စမ်း။ ရွှေနန်းတော်မှာ ဘိုးတော်ဘုရားနဲ့ နေလို့ရှိယင် စကြဝတေးလောက်နီးနီး ကြီးကျယ်တဲ့ စည်းစိမ်တွေ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို သုံးဆောင်ရမည် အမှန်ပင်။ စကြဝတေးမင်း ဖြစ်ယင်လဲ စကြဝတေးရဲ့ စည်းစိမ်တွေ သုံးဆောင်ခံစားရမှာတွေကို ကိုယ်မှထွေးဟက် တံတွေးခွက်ကဲ့သို့ ရက်ရက်ကြီး စွန့်ခွာ၍ သဒ္ဓါပဗ္ဗဇိတ သာသနာဝင် ရှင်ပြုခဲ့တဲ့ ရှင်သာမဏေပီပီတဲ့ ... ချစ်သား သဒ္ဓါပဗ္ဗဇိတသမားတို့ သွားရာ လမ်းကြောင်းဖြစ်တဲ့ သံသရာ ဝဋ်ဆင်းရဲရဲ့ အဆုံးရောက်အောင် ကျင့်ဆောင်မှုဆိုတဲ့ အဲဒီအလုပ်ကို ရဲရဲတောက် ချစ်သား ပြုလုပ်လေ။

ပရိသတ် မြင်နေတာကတော့ ရာဟုလာ အမွေတောင်းတာကို ဘာမှမပြောဝံ့တဲ့ ကလေးကို မြတ်စွာဘုရားက အတင်း ရှင်ပြုပေးလိုက်သလို ထင်ရ မြင်ရတယ်။ ဘုရားက ရာဟုလာကို **သဒ္ဓါပဗ္ဗဇိတ** လို့ ပြောတော့ အရပ်အမြင်က အမွေတောင်းလို့ ရှင်ပြုပေးလိုက်တာကို အပေါ်ယံ မြင်ပြီးတော့ "ဘယ်သဒ္ဓါပဗ္ဗဇိတ ဟုတ်မလဲ၊ ကလေးမို့ ဘာမှ မပြောဝံ့လို့ ကိုရင်ဝတ်လိုက်ရတာ"လို့ ထင်တယ်။ အမှန် မြတ်စွာဘုရား မြင်တော်မူတာက ရာဟုလာရဲ့ အတွင်းအဇ္ဈာသယဓာတ်က နေက္ခမ္မဇ္ဈာသယဓာတ် ရှိတယ်၊ အဲဒီ နေက္ခမ္မဇ္ဈာသယဓာတ် ရှိတာကို အစွဲပြုပြီးတော့ သူ့ကို သဒ္ဓါပဗ္ဗဇိတ=သဒ္ဓါကြည်ညို၍ ရှင်ပြုတဲ့ သာမဏေလို့ မိန့်တော်မူတာ ဖြစ်တယ်။

(သုတ္တနိ၊ ပါ၊ ၃၂၉။ သုတ္တနိ၊ ဋ၊ ၁၊ ၇၄။)

ဒီနေရာမှာ "သဒ္ဓါယ ဃရာ နိက္ခမ္မ၊ ဒုက္ခဿန္တကရော ဘဝ=ချစ်သား ... ၊ သဒ္ဓါပဗ္ဗဇိတပီပီ သဒ္ဓါပဗ္ဗဇိတတို့ရဲ့ အလုပ်ဖြစ်တဲ့ သံသရာဝဋ်ဒုက္ခရဲ့ အဆုံးရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်လေ" ဤမျှလောက် ပြောပြီး "ကဲ သွားတော့" လို့ လွှတ်လိုက်ယင် ကိုရင်ကလေး ထသွားရမှာပဲ။ သံသရာဝဋ်က ကျွတ်အောင် အဆုံးရောက်အောင် အားထုတ်ပုံကို မဟောဘဲနဲ့ ဒီအတိုင်း လွှတ်လိုက်ယင် နားထောင်ကြည့်လေ။ "အားထုတ်ရမယ်"ဆိုပြီး "ကဲ သွားတော့" လို့ ဆိုက လောက သဘောပြီးတာပဲ။ အားထုတ်နည်းကို မဖော်ပြတဲ့ သာသနာ မဟုတ်ဘူး၊ အားထုတ်နည်းကို အပြည့်အစုံ ဖော်ပြတဲ့ သာသနာ ကာရားဒေသနာကော် ဖြစ်ပါတယ်။ ဒီတော့ သံသရာဝဋ်က ကျွတ်လွတ်အောင် သံသရာဝဋ်ရဲ့ အဆုံးရောက်အောင် ကစ်ကနေပြီးတော့ ဟောဒီလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်၊ ဒီလို ပြုလိုကော်မူလိုလို့ မြတ်စွာဘုရားက –

http:\\www.dhammadownload.com



၄။ မိတ္တေ ဘဇဿု ကလျာဏေ၊
ပန္တဉ္စ သယနာသနံ။
ဝိဝိတ္တံ အပ္ပနိဂ္ဃောသံ၊
မတ္တညူ ဟောဟိ ဘောဇနေ။

စသည်ဖြင့် ကျင့်ပုံကို အကျယ်တဝင့် ဟောပြတော်မူခဲ့တယ်။ ရာဟုလ=ချစ်သား သည်းချာ ရာဟုလာ ...။ ကလျာဏေ မိတ္တေ=ကလျာဏမိတ်ပေါင်း ဆရာကောင်းတို့ကို။ ဘဇဿု=နှစ်ရှည်ရက်လျား သင်ချစ်သား ခစား ဆည်းကပ်ပါလေ။

## မိတ်ဆွေကောင်းကို ပေါင်းသင်းသင့်ခြင်း

မိတ်ဆွေကောင်းဆိုတာ ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းတွေ ကလျာဏမိတ္တဆိုတဲ့အထဲမှာ ဆရာကောင်းလဲ ပါပါစေ။ အဲဒါ တစ်ပဲ။ ကလျာဏမိတ္တ ဆိုတဲ့ မိတ်ဆွေကောင်း ပေါင်းမိတာများ သာသနာအတွက် ကျပ်ပြည့်တင်းပြည့် အကျိုး ကြီးတယ်။ တစ်ချိန်က ... အရှင်အာနန္ဒာတစ်ပါးတည်း စဉ်းစားတယ်။ "သြော် ... မိတ်ဆွေကောင်းများကို ပေါင်းသင်းမိတာဟာ သာသနာကိစ္စ တစ်ဝက်ခရီး ရောက်တာ" လို့ အဲဒီလို စဉ်းစားပြီး ညနေကျတော့ မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားတယ်။

"မိတ်ဆွေကောင်း ပေါင်းသင်းမိတာဟာ သာသနာအတွက် တစ်ဝက်ခရီး ရောက် တယ်။ အဲဒီလို အကြံဖြစ်ပါတယ်ဘုရား" ... လို့ မြတ်စွာဘုရားအား လျှောက်ထားတော့ မြတ်စွာဘုရားက –

"မာ ဟေဝံ အာနန္ဒ မာ ဟေဝံ အာနန္ဒ၊ သကလမေဝ ဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ"

"ချစ်သား ... အာနန္ဒာ၊ ဒီလိုမပြောနဲ့၊ ချစ်သားအာနန္ဒာ ဒီလိုမပြောနဲ့ ... လို့ နှစ်ကြိမ်တိုင်တိုင် လေးလေးနက်နက် ကန့်ကွက်တယ်။ ကန့်ကွက်ပြီးတော့မှ ချစ်သား အာနန္ဒာ ... ၊ မိတ်ဆွေကောင်း ပေါင်းသင်းမိလျှင် သာသနာကိစ္စ အကုန်လုံး ပြည့်စုံ တယ်၊ ဟုတ်ပါ့မလား၊ သက်သေပြစမ်းပါဆိုယင် –

မမဉှိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာ ဇရာယ ပရိမုစ္စန္တိ၊ ဗျာဓိဓမ္မာ သတ္တာ ဗျာဓိတော ပရိမုစ္စန္တိ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသဓမ္မာ သတ္တာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသေဟိ ပရိမုစ္စန္တိ။

http:\\www.dhammadownload.com



ကလျာဏမိတ်ကောင်း ပေါင်းသင်းမိလို့ရှိယင် အကုန်လုံးပြီးတယ်ဆိုတဲ့ အထောက် ပြရလျှင် ငါဘုရားတည်းဟူသော ကလျာဏမိတ်ဆွေကောင်း ပေါင်းသင်းဆည်းကပ်မိ ခြင်းကြောင့် ဇာတိဘေး မအေးကြသေးတဲ့ သတ္တဝါတွေ ဇာတိဘေးမှ လွတ်မြောက်ကြရ တယ်။ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဘေးတို့မှ မအေးကြသေးတဲ့ သတ္တဝါတွေ၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဘေးတို့မှ ကင်းဝေးလွတ်မြောက်ကြ ရတယ်။ အဲဒီ ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဘေးတို့မှ ကင်းဝေး ငြိမ်းအေးယင် အဲဒါ သာသနာကိစ္စ ပြီးဆုံး တာပဲ။ ဒါကြောင့် မိတ်ဆွေကောင်း ပေါင်းသင်းမိယင် သာသနာအတွက် အကုန်လုံး ကိစ္စပြီးတယ် ... လို့ မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ ဟောထားတယ်။ (သံ၊ ၁၊ ၈၈) ဒါဟာ တစ်ပြီးပြီ။ နှစ်အနေနဲ့-

## တောအရပ်၌ နေအပ်ခြင်း

ဝိဝိတ္တံ=လူသံမှ ဆိတ်သော။ အပ္ပနိဂ္ဃောသံ=မြို့သံ ရွာသံ=မြို့တွန်သံ ရွာတွန်သံ တို့နှင့် မရောသော။ ပန္တဉ္စ သယနာသနံ=မြို့စွန်ရွာဖျား တောကျောင်းများကိုလဲပဲ။ ဘဇဿု=နေ့ရှည်ရက်ညောင်း သင်ချစ်သား ကိန်းအောင်း မှီခိုပါလေ။

အေး ... မြို့ကလူတွေ ကြားယင် ဘယ်ခံချင်မလဲ။ မြတ်စွာဘုရားကတော့ "ချစ်သား၊ မြို့စွန်ရွာဖျား တောကျောင်းများမှာ သင်ချစ်သား နေပါ။ မြို့စွန်ရွာဖျား တောကျောင်းများ မှာ နေတော့ သစ်ရွက်ကလေးများ ကြွေကျတာကို တွေ့ရ၊ မြင်ရတာနဲ့ အဲဒါက ဗဟိဒ္ဓဥပ နိဿရည်း ပစ္စည်းအထောက်အပံ့ ဖြစ်ပြီးတော့ အစ္ဈတ္တ ငါ့ခန္ဓာလဲ ဒီသစ်ရွက် ကလေး တွေလို ကြွေရမှာပါလား ..." လို့ အဲဒီလို သံဝေဂများ ဖြစ်ရတယ်။ မြို့ထဲ ရွာထဲကျတော့ သပ္ပါယ မဖြစ်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက ရဟန်းတရား အားထုတ် ဖို့ သပ္ပါယ နေရာအနေနဲ့ တောကျောင်းကို ညွှန်ပြတော်မူတယ်။ (ဒါက နှစ်အချက်)

## ဘောဇနေ မတ္တညုူ

ဘောဇနေ=ဆွမ်းခဲဖွယ်ဘောဇဉ်၌။ မတ္တညုူ=ခံယူတဲ့နေရာ၊ စားသုံးတဲ့နေရာမှာ အတိုင်းအရှည်ကို သိသူ မတ္တညုူပုဂ္ဂိုလ်သည်။ ဟောဟိ=ပညာတရား ရှေ့ဝယ်ထား၍ သင်ချစ်သား ဖြစ်ပွားပါလေ။

http:\\www.dhammadownload.com



ချစ်သား ... ဆွမ်းခဲဖွယ်ဘောဇဉ်ကို ခံယူတဲ့ နေရာမှာလဲပဲ မတ္တညုပုဂ္ဂိုလ် ဖြစ်လိုက်ပါ။ စားသုံးတဲ့ နေရာမှာလဲပဲ မတ္တညုပုဂ္ဂိုလ် ဖြစ်လိုက်ပါ တဲ့။

## အလှူခံယူနည်း သတိပြုပါ

ခံယူတဲ့နေရာမှာ မတ္တညုပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာ ဘာလဲ။

(၁) လှူဖွယ်ပစ္စည်းက နည်းတယ်၊ သဒ္ဓါတရားက များတယ်ဆိုယင် သဒ္ဓါတရားငဲ့ပြီးတော့ ပစ္စည်းတွေကို အများကြီး အလှူမခံနဲ့၊ လှူဖွယ်ပစ္စည်း နည်းတဲ့ဘက်ကို ထောက်ပြီးတော့ နည်းနည်းအလှူခံရတယ်။

(၂) လှူဖွယ်ပစ္စည်းများသော်လဲပဲ သဒ္ဓါတရား အားနည်းတဲ့ ပုဂ္ဂိုလ်ဆိုယင် သဒ္ဓါတရား အားနည်းတာကို ကြည့်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(၃) လှူဖွယ်ပစ္စည်းကလဲနည်း၊ သဒ္ဓါတရားကလဲ နည်းယင် အနည်းနှစ်ပါးကို ကြည့်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(၄) လှူဖွယ်ပစ္စည်းကလဲများ သဒ္ဓါတရားကလဲ များလို့ရှိယင်လဲပဲ နှစ်ဖက် များနေတာကြည့်ပြီး ပုံးပေါလအောအလှူခံရမလား ဆိုတော့ မဟုတ်ဘူး။ ကိုယ်နဲ့ မျှတရုံပဲ အလှူခံပါတဲ့။ (သံ ဋ၊ ၃၊ ၆၇-၈)

အေး .. ဆိုကြပါစို့။ မြို့ထဲ၊ ရွာထဲ ဆွမ်းစား သွားကြည့်၊ ဆွမ်းကပ်ပြီးဆိုကတည်းက ဘုန်ကြီးများ ဝပြီးတဲ့နောက်တောင်မှ ဒကာ၊ ဒကာမတွေက ထပ်ထည့်အုန်း။ အဲဒီသဘောလို သဒ္ဓါတရားကလဲ အင်အားကြီး တယ်၊ လှူဖွယ်ဝတ္ထုတွေကလဲ များတယ်ဆိုတဲ့ နှစ်ဘက်ပေါ်များနေယင် သူတော်ကောင်း ရဟန်းတစ်ပါး၊ သာမဏေတစ်ပါးအနေနဲ့ ကိုယ်နဲ့မျှတရုံကိုပဲ အလှူခံပါတဲ့။ ဒါဟာ ခံယူတဲ့နေရာမှာ အတိုင်းအရှည်ကို သိခြင်းပဲ။

စားသုံးတဲ့နေရာမှာ အတိုင်းအရှည်ကို သိတယ် ဆိုတာက လေးလုတ်၊ ငါးလုတ် လျှော့စားရမယ်။

စတ္တာရော ပဉ္စအာလောပေ၊
အဘုတ္ဂွာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။

(ထေရ။ ၃၄၃။ မ၊ ဋ္ဌ၊ ၁။ ၂၈၆။ သံ၊ ဋ္ဌ၊ ၂။ ၉၉။ အဘိ၊ ဋ္ဌ၊ ၁။ ၄၃၂။ အဘိ၊ ဋ္ဌ၊ ၂။ ၂၅၈။ ဣတိဝုတ်၊ ဋ္ဌ၊ ၄၀။ ဝိသုဒ္ဓိ၊ ၁။ ၃၂ ရှု)

http:\\www.dhammadownload.com



ထေရဂါထာပါဠိတော်မှာ ဒီတရားဂါထာ လာရှိပါတယ်။ လေးလုတ်၊ ငါးလုတ် လျှော့၍ စားရမယ်။

အဲဒီလို စားယင် စားသုံးတဲ့နေရာမှာ အတိုင်းအရှည်ကို သိတယ်၊ ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးတော့ စားရမယ်။ အဲဒီလို စားယင် စားသုံးတဲ့ နေရာတိုင်း ဘောဇနေမတ္တညူ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီဂါထာဖြင့် အခြေခံတရား သုံးမျိုးကို ပြတယ်။

(၁) မိတ်ကောင်းမှီစေ (၂) တောရပ်နေ (၃) သုံးလေမတ္တညု

(၁) မိတ်ဆွေကောင်း ပေါင်းသင်းရမယ်။
(၂) ဆိတ်ငြိမ်ရာ တောအရပ်မှာ မှီခိုကိန်းအောင်းရမယ်။
(၃) ဆွမ်း ခဲဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိပြီးတော့ ခံယူသုံးဆောင်ရမယ်။
ပြီးပြီလားလို့ ဆိုတော့ မပြီးသေးပါ။

## ပစ္စည်းလေးဖြာ မတွယ်တာနှင့်

၅။ စီဝရေ ပိဏ္ဍပါတေ စ၊
ပစ္စယေ သယနာသနေ။
ဧတေသု တဏှံ မာကာသိ၊
မာ လောကံ ပုန+ရာဂမိ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ ... ။ စီဝရေ စ=သင်္ကန်းပစ္စည်း၌လည်းကောင်း။ ပိဏ္ဍပါတေ စ=ဆွမ်းပစ္စည်း၌လည်းကောင်း။ ပစ္စယေ စ=ဆေးပစ္စည်း၌လည်းကောင်း။ သယနာသနေ=ကျောင်းအိပ်ရာ နေရာ ပစ္စည်း၌လည်းကောင်း။ ဧတေသု=ဤသင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့၌။ တဏှံ=ငါ့သင်္ကန်း၊ ငါ့ဆွမ်း၊ ငါ့ကျောင်း၊ ငါ့ဆေးဟု သာယာစုံမက် တပ်နှစ်သက်မှုကို။ မာကာသိ=သတိရှေ့ထား သင်ချစ်သား မပြုမှားလေလင့်။ လောကံ=ဒုက္ခတွေပေါလှတဲ့ ဤလောကကြီးထဲသို့။ မာ ပုန အာဂမိ=နောက်ထပ်တစ်ဖန် သင်ချစ်သား ပြန်မလာချင်လေနှင့်။

သာသနာရဲ့ အရှိန်အဝါနဲ့ သင်ချစ်သားအား ဒကာ၊ ဒကာမများက သင်္ကန်းကောင်း၊ ဆွမ်းကောင်း၊ ကျောင်းကောင်း၊ ဆေးကောင်း=ပစ္စည်းလေးပါးတွေ လှူကြလိမ့်မယ်။ အဲဒီ ဒကာ၊ ဒကာမများ လှူတဲ့ ပစ္စည်းလေးပါးပေါ်မှာ ငါ့သင်္ကန်း၊ ငါ့ဆွမ်း၊ ငါ့ကျောင်း၊ ငါ့ဆေးလို့ တွယ်တာတဲ့ တဏှာတရား သင်ချစ်သား မပြုမှားလေနဲ့၊ တွယ်တာယင်

http:\\www.dhammadownload.com



ဒုက္ခတွေ ပေါလှတဲ့ ဤလောကကြီးထဲကို သင်ချစ်သား တစ်ဖန် ပြန်လာနေရလိမ့်မယ်။ ပြန်မလာချင်နဲ့ ချစ်သား။

ဤဂါထာဖြင့် -

**ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု** - ဟူသော ဓမ္မပုဒ်ဒေသကို ဖော်ပြသည်။

ဆိုခဲ့ပြီးသော ၄ နံပါတ် ဂါထာ၊ ၅ နံပါတ် ဂါထာ၊ ဤနှစ်ဂါထာတို့ဖြင့် -

(၁) မိတ်ဆွေကောင်း ပေါင်းသင်းဆည်းကပ်ခြင်း၊

(၂) ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်နေထိုင်ခြင်း၊

(၃) ဆွမ်းခဲဖွယ်ဘောဇဉ်ကို ခံယူသုံးစွဲရာ၌ အတိုင်းအရှည်ကို သိခြင်း၊

(၄) ပစ္စည်းလေးပါး၌ မတွယ်တာခြင်း တည်းဟူသော -

**ဓမ္မကွန်းတိုင်ကြီးလေးတိုင် စိုက်ထူပြီးတဲ့နောက် ထိုအပေါ်မှာမှ သီလ၊ သမာဓိ၊ ပညာ ဘာဝနာ သုံးပါး တရားဗိမာန်ကြီးများ ဆောက်လုပ်ဖို့ရန် အစဉ်အတိုင်း ဟောပြတော်မူသည်။**

## သီလဗိမာန် တည်ဆောက်ရန်

၆။ သံဝုတော ပါတိမောက္ခသ္မိံ၊
ဣန္ဒြိယေသု စ ပဉ္စသု။
သတိ ကာယဂတာ တျ+တ္ထု၊
နိဗ္ဗိဒါ ဗဟုလော ဘဝ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ ... ။ တွံ=သင်ချစ်သားသည်။ ပါတိမောက္ခသ္မိံ=ပါတိမောက္ခသံဝရသီလ၌။ သံဝုတော=လုံခြုံအောင် စောင့်ထိန်းသည်။ ဘဝ-ဘဝါဟိ=သဒ္ဒါတရား ရှေ့ဝယ်ထား၍ သင်ချစ်သား ဖြစ်ပွားပါလေ။

ပဉ္စသု=ငါးမျိုးကုန်သော။ ဣန္ဒြိယေသု=မျက်စိ, နား, နှာ, လျှာ, ကိုယ် အား ဣန္ဒြေတရားတို့၌။ သံဝုတော=အကုသိုလ် ခိုးသားတို့ ဝင်ရောက်၍ မနှောင့်ယှက်နိုင်အောင် စောင့်ထိန်းသည်။ ဘဝ-ဘဝါဟိ=သတိရှေ့ထား သင်ချစ်သား ဖြစ်ပွားပါလေ။

မျက်စိ, နား, နှာ, လျှာ, ကိုယ် စိတ်ဆိုတဲ့ ဣန္ဒြေ ခြောက်ပါး ဟံခါးခြောက်ပေါက်တို့မှ အကုသိုလ် ခိုးသားတို့ ဝင်ရောက်၍ ရဟန်းဟရား တည်းဟူသော ဥစ္စာတို့ကို

http:\\www.dhammadownload.com



အလုအယက် မခံရလေအောင် သတိတည်းဟူသော တံခါးဗိုလ် တံခါးမှူးခန့်၍ လုံခြုံ
အောင် စောင့်စည်းလေ ချစ်သား ...။ (ပါဠိ၌ ဥပလက္ခဏာ နည်းအားဖြင့် ဣန္ဒြေငါးပါးဟု
ဟောသည်။)

**တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်းစေပိတ်ဆို့ပြု၊**

**သမာဓိဗိမာန် တည်ဆောက်ရန်**

တေ=သင်ချစ်သား၏။ သတိ=သတိသည်။ ကာယဂတာ=ဒွတ္တိံသာကာရ တည်းဟူ
သော သုံးဆယ့်နှစ် ကောဋ္ဌာသ ကိုယ်ကာယ၌ တည်သည်။ အတ္ထု=ဘဝတု=ဖြစ်ပါစေ၊
နိဗ္ဗိဒါ ဗဟုလော=ငြီးငွေ့အားသန် နိဗ္ဗိဒါဉာဏ် ပေါများရင့်သန်သည်။ ဘဝ=ဘဝါဟိ=
သတိရှေ့ထား သင်ချစ်သား ဖြစ်ပွားပါလေ။

ချစ်သားရာဟုလာ၊ သီလဘုံဗိမာန်ကြီး ဆောက်ပြီးလျှင် ထို၏အထက်က သမာဓိ
ဘာဝနာ ဓမ္မဗိမာန်ကြီး တည်ဆောက်လေ။ သမာဓိဘာဝနာကို ပွားများအားထုတ်ရာမှာ
သင်ချစ်သားနှင့် သပ္ပာယဖြစ်တဲ့ ကာယဂတာသတိ သမာဓိ ဘာဝနာတရား ပွားများ
လေ။ ဤတစ်လံမျှလောက်သော ကိုယ်၌ သုံးဆယ့်နှစ်ကောဋ္ဌာသ ရှိနေသည်ကို မြင်လာ
သောအခါ လောကကြီးကို ငြီးငွေ့လာလိမ့်မယ်။ ခန္ဓာလောကကို ငြီးငွေ့လာလိမ့်မယ်၊
ငြီးငွေ့လာအောင် ရှုလေ။

**သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု၊**

ကာယဂတာသတိကမ္မဋ္ဌာန်း လျင်မြန်စွာ ပြည့်စုံအောင် ဘယ်လိုကျင့်ရမလဲ၊ ထို
ကာယဂတာသတိ သမာဓိ ဘာဝနာကို ဘယ်အဆင့်ရောက် ပွားများရမည်လဲဟု မေးဖွယ်
ရှိလို့ ထိုအမေးနှစ်ချက်အတွက် ဖြေရှင်းဟောပြရန် ဤဂါထာကို ဆက်လက်ဟောတော်
မူသည်။

၇။ နိမိတ္တံ ပရိဝဇ္ဇေဟိ၊
သုဘံ ရာဂူပသံဟိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊
ဧကဂ္ဂံ သုသမာဟိတံ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ။ (ကာယဂတာ သတိကမ္မဋ္ဌာန်းအောင်မြင်
ချင်ယင် ရှောင်ကြဉ်ရမှာက ဟောဒါ) သုဘနိမိတ္တံ=တင့်တယ်သည်၊ ဖွယ်ရာသည်၊
မင်္ဂလာ ရှိသည်၊ ထို + ဤ စွဲကြိတ် သုဘနိမိတ်ကို။ ပရိဝဇ္ဇေဟိ=သတိရှေ့ထား သင်

http:\\www.dhammadownload.com



ချစ်သား ရှောင်ရှားပါလေ။

ဆံပင်ကလေးများကို ကြည့်ပြီး "ငါ့ဆံပင်ကလေးတွေက တင့်တယ်လိုက်တာ၊ ဖွယ်ရာလိုက်တာ၊ မင်္ဂလာရှိလိုက်တာ၊ ပိတုန်းရောင် မှောင်လို့ပါတကား" စသည် မှတ်ထင်မှု=သုဘနိမိတ်ကို ခွာပါ ရှောင်ပါလေ။

ဧကဂ္ဂံ=ဥပစာရသမာဓိဖြင့် တစ်ခုသော အာရုံရှိသော။ သုသမာဟိတံ=အပ္ပနာသမာဓိဖြင့် လွန်စွာတည်ကြည်ခြင်းရှိသော။ အသုဘာယစိတ္တံ=သက်ရှိ အသုဘ ခေါ်ဆိုရတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်း၍ ရသော ဥပစာရ သမာဓိဈာန်စိတ် (တတ်နိုင်လျှင်) အပ္ပနာ သမာဓိဈာန်စိတ်ကို။ ဘာဝေဟိ=မနေမနား သင်ချစ်သား ပွားများ အားထုတ်ပါလေ။

ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အနည်းဆုံး ဥပစာရ သမာဓိရောက်အောင်၊ တတ်နိုင်လျှင် ရူပါဝစရ ပထမဈာန် အပ္ပနာသမာဓိရောက်အောင် သင်ချစ်သား ပွားများရမည်ဟု ဆိုလိုသည်။

**သုဘနိမိတ်၊ ခွာရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု၊**

သမာဓိဓမ္မဗိမာန်ကြီး ဆောက်လုပ်ပြီးပြီ၊ အဲဒီအပေါ်မှာ တစ်ဆင့် ပညာဗိမာန်ကြီး ဘယ်လို ဆောက်လုပ်ရမလဲ။

ဂ။ အနိမိတ္တဉ္စ ဘာဝေဟိ၊
မာနာနုသယ+မုဇ္ဇဟ။
တတော မာနာဘိသမယာ၊
ဥပသန္တော စရိဿသိ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ ...။ တတော=ထိုသို့ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ နှစ်ပါးလုံ့ခြုံ ကာယဂတာသတိဖြင့် ဥပစာရသမာဓိရောက် (သို့မဟုတ် တတ်နိုင်ယင်) အပ္ပနာသမာဓိရောက် သမာဓိဘာဝနာကို ထူထောင်ပြီးသည်မှ နောက်ကာလ၌။ အနိမိတ္တဉ္စ=နိစ္စနိမိတ် သုခနိမိတ် အတ္တနိမိတ် ခွာရှောင်ဆိတ်စေသဖြင့် အနမိတ္တ အမည်ရသော အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ဘာဝနာကိုလည်း။ ဘာဝေဟိ=မနေမနား သင်ချစ်သား ပွားများပါလေ။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပြီးတော့ ချစ်သား အနိမိတ္တဘာဝနာခေါ်တဲ့ အနိစ္စဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာတရား ပွားများပါလေ။ အနိစ္စဘာဝနာသည်

http:\\www.dhammadownload.com



နိစ္စနိမိတ်ကို ဆိတ်စေတတ်လို့၊ ဒုက္ခဘာဝနာသည် သုခနိမိတ်ကို ဆိတ်စေတတ်လို့၊ အနိမိတ္တ+အနတ္တ ဘာဝနာသည် အတ္တနိမိတ်ကို ဆိတ်စေတတ်လို့ အနိမိတ္တဘာဝနာလို့ အမည်ရတယ်။

အေး ... အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီဘာဝနာသုံးပါးကို ဘယ်လောက်ကြာကြာ ဘယ်အခြေအနေရောက်ပွားရမှာလဲ ... လို့ မေးစရာရှိတယ်။ ဤနေရာမှာ အဖြေ နှစ်မျိုး ဖြေနိုင်တယ်။

(၁) အဖြေက " အရဟတ္တဖိုလ်ရောက်အောင် ပွားရမယ်လို့လဲ ဖြေနိုင်တယ်၊ အဲဒီလို ဖြေယင် နားထောင်တဲ့ ပုဂ္ဂိုလ်အဖို့ရာ အရဟတ္တဖိုလ်ဆိုတာ သူမမြင်ဖူး မရဖူးတဲ့ တရား၊ မမြင်ဖူးတဲ့ အရပ်ရောက်အောင် သွားဟလို့ ပြောတာနဲ့ တူနေတယ်။ မမြင်ဖူးတဲ့ တရား၊ မသိဖူးတဲ့ တရား၊ ကိုယ့်မှာ တစ်ခါမှ မမြင်ဖူးတဲ့ တရားကို ရအောင် ပွားရမယ်ဆိုတော့ (မရောက်ဖူးတဲ့ အရပ်ကို ရောက်အောင် သွားရမယ်ဆိုယင် အသွားရခက် အားပျက်သလို) ကိုယ့်မှာ မဖြစ်ဖူး၊ မရောက်ဖူး၊ မသိဖူးတဲ့ အရဟတ္တဖိုလ်ရောက်အောင် ပွားရမယ် ဆိုယင် အပွားရခက် အားပျက်နိုင်တယ်။

(၂) အဲဒီလို မဟုတ်ဘဲ "အနိမိတ္တ ဘာဝနာကို များများ မဟုတ်ပါဘူး၊ မာနာနုသယ ပြွတ်ရုံသာ=ငါဆိုတဲ့ မာန်တစ်လုံး ပြွတ်ရုံ ပြုတ်ရုံပဲ အားထုတ်ပါ"လို့ ဆိုလိုက်ယင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ် အားရှိတယ်။ ဘာကြောင့်လဲဆိုယင် မာနက ကိုယ့်သန္တာန်မှာ ရှိနေတဲ့ တရား၊ မိမိမြင်တွေ့နေရတဲ့ တရား ငါတစ်လုံး ပြွတ်ယင် ဘာဝနာအလုပ် အောင်တာပဲလို့ စဉ်းစားလိုက်တိုင်း စိတ်ထဲမှာ ပွားဖို့လွယ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက တရားနာတဲ့ ပုဂ္ဂိုလ်များ စိတ်တွန့်သွားရန် မဟုတ်ဘဲ စိတ်အားတိုးတက်လာအောင်–

"မာနာနုသယ+မုဇ္ဇဟ" ... လို့ ဟောတော်မူတယ်။

မာနာနုသယံ=အနမတဂ္ဂ အစမထင် သံသရာတခွင်မှ တစဉ်လုံး ငုပ်ကိန်းလိုက်ပါလာတဲ့ ငါဆိုတဲ့ မာနနုသယကို။ ဥဇ္ဇဟ=သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်တောက် အမြစ်မကျန် ပျောက်နိုင်သည့် အခြေအနေသို့ ရောက်အောင် သင်ချစ်သား ကျင့်ဆောင် ကြိုးကုတ် အားထုတ်ပါလေ။

အဲ မာနနုသယကို ပယ်ပြီးပြီ၊ အမြစ်ပြုတ် ပျောက်ပြီးပြီဆိုယင် ချစ်သား သွားနိုင်ပြီ၊ အဲဒီလို ပယ်ပြီးယင် ချစ်သား ဟောဒီ အကျိုးကို ရလိမ့်မယ်။

http:\\www.dhammadownload.com



တတော မာနာဘိသမယာ၊
ဥပသန္တော စရိဿသိ။

တတောမာနာဘိသမယာ=ထိုသို့ မာနာနုသယကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်တောက်ရခြင်းကြောင့်၊ (ဝါ) ပယ်လှန်ဖြတ်တောက် ရသည်ရှိသော်။ တွံ=သင်ချစ်သားသည်။ ဥပသန္တော=(မာနာနုသယကို ပယ်နိုင်သူ ရဟန္တာဖြစ်၊ ရဟန္တာမဖြစ်ယင် အဲဒီဘဝ ပရိနိဗ္ဗာန စုတိတိုင်အောင် ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးသွားမယ်) ငြိမ်းအေးသည်ဖြစ်၍။ စရိဿသိ=လှည့်လည်ကျက်စား သင်ချစ်သား သွားလာရလိမ့်မည်။

ပရိနိဗ္ဗာန စုတိစိတ်၏ နောက်ကျတော့လဲ ခန္ဓပရိနိဗ္ဗာန်၊ အနုပါဒါနိဗ္ဗာန် စံရတဲ့အတွက်။ ဥပသန္တော=သံသရာဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းအေးသည်။ စရိဿသိ= ဘဝိဿသိ =သင်ချစ်သား ဖြစ်ပေလိမ့်မည်။ အဲဒီလို မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ကို အထွတ်တပ်ပြီး (တစ်နည်းအားဖြင့်) အနုပါဒါပရိနိဗ္ဗာန်=ခန္ဓပရိနိဗ္ဗာန် အထွတ်တပ်ပြီးတော့ ဒီသုတ္တန်ကို ဟောတော်မူတယ်။

**ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု၊**

**တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့ပြု၊** (ဒါက သီလအတွက်)။

**သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု၊** (ဒါက ကာယဂတာသတိ သမာဓိ ဘာဝနာပွားရန်အတွက်)။

**သုဘနိမိတ်၊ စွဲရှောင်ဆိတ်၊ ချာန်စိတ်ပိုင်အောင်ရှု၊** (ကာယဂတာသတိ သမာဓိ ဘာဝနာကို ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ရောက်အောင်ပွားရမည်)။ (သုဘနိမိတ်ကို ခွာရမည်၊ သို့မှသာ သမာဓိ ဘာဝနာ မြန်မြန်ပြည့်စုံရည်။)။

**အနိမိတ္တ၊ ထင်စေမှ မာနကွာအောင်ပြု၊** (အနိမိတ္တ ဘာဝနာ ထင်ပါစေ၊ မာနာနုသယ ပြတ်သည်တိုင်အောင် ပွားများပါလေ။

**ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမုန်ပြီဟု၊**
(အနုပါဒါ ပရိနိဗ္ဗာန်စံလျှင် ဝဋ်သုံးပါးငြိမ်းပြီ)။

http:\\www.dhammadownload.com



သင်္ဂီတိကာရက မထေရ်တို့က အဲဒီသုတ်ရဲ့ နိဂုံးအနေဖြင့် -

"ဣတ္ထံ သုဒံ ဘဂဝါ အာယသ္မန္တံ ရာဟုလံ ဣမာဟိ ဂါထာဟိ အဘိဏှံ ဩဝဒတီ"။

ဣတ္ထံ=ဤသို့လျှင်။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာယသ္မန္တံ ရာဟုလံ=အရှင်ရာဟုလာကို။ ဣမာဟိ ဂါထာဟိ=ဤဂါထာတို့ဖြင့်။ အဘိဏှံ=အမြဲမပြတ်။ ဩဝဒတိ=ဆုံးမတော်မူ၏။ အမြဲမပြတ် ဆုံးမတော်မူတဲ့ သုတ္တန်ဖြစ်လို့ ဤသုတ္တန်ကို သင်္ဂီတိကာရက မထေရ်တို့က "အဘိဏှရာဟုလောဝါဒသုတ္တန်"လို့ အမည်ပေးတော်မူကြတယ်။

ဤနေရာမှာ အဘိဏှရာဟုလောဝါဒသုတ်ရဲ့ အချုပ်လင်္ကာ ၉-ပုဒ်ကို ရအောင်နှုတ်တက် ဆောင်ထားသင့်ပါတယ်။ ၎င်းတို့မှာ -

**၁။ မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေ မတ္တညူ။**

**၂။ ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။**

**၃။ ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။**

**၄။ တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့မှု။**

**၅။ သတိမြဲရာ၊ ကိုယ်၌သာ၊ စန္ဒာငြီးငွေ့မှု။**

**၆။ သုဘနိမိတ်၊ စွာရှောင်ဆိတ်၊ ချာန်စိတ်ပိုင်အောင်ရှု။**

**၇။ အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ပြု။**

**၈။ ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်ပြီဟု။**

**၉။ ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြားနေ့နေ့မှု။**

ဒီလင်္ကာ ၉-ပုဒ်ကို နှုတ်တက်ရအောင် ဆောင်ထားယင်ဖြင့် ဒီသုတ္တန်လာ ကျင့်စဉ်ကို ကောင်းစွာ နားလည်ပါတယ်။

(ဤတွင်တရားတစ်ပွဲ ရပ်နားသည်။)

http:\\www.dhammadownload.com



# ရာဟုလသံယုတ် ဒေသနာတော်

## (ဒုတိယပိုင်း)

ကောဇာသက္ကရာဇ် ၁၃၃၂-ခု၊ သာသနာတော် ၂၅၁၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉-ရက်နေ့ညဦး (လွန်ခဲ့သော သီတင်းကျွတ်လပြည့်ကျော် ခုနှစ်ရက်နေ့ ညဦးက ဝန်ခံထားခဲ့တဲ့) "ရှင်ရာဟုလာ တရားပေါင်းချုပ်" ကို ဆက်ပြီးတော့ ဟောပါမယ်။

ရှင်ရာဟုလာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးများ သိရသလောက် အသိပေးဖို့ စေတနာ ဒကာကြီးများ မလာခင်ကတည်းကိုက ဒကာမကြီး ဒေါ်ခင်သန်းက တရားတွေ အများကြီး ထည့်ယူသွားချင်တာဆိုတဲ့ လျှောက်ထားချက်အရ "ဘုန်းကြီးကလဲ ဟောချင်ချင် ဒကာကြီးကလဲ ကူးချင်ချင်" ဆိုပြီး ပြောတဲ့အတိုင်း ဟောကြ၊ ကူးကြတယ်။ ယနေ့ ပစ္စုပ္ပန် အခြေအနေကိုတော့ ဘုန်းကြီး ဥပမာတစ်ခု မြင်လာတယ်။ ရှေးက ရွာကျောင်းဘုန်းကြီးနဲ့ ကျောင်းဒကာကြီးတို့လိုတော့ ဖြစ်နေကြပြီ။

ရှေးက ရွာကျောင်းတစ်ကျောင်းမှာ ကျောင်းဒကာကြီးရော၊ ကျောင်းအစ်မကြီးရော၊ သမီးရော လာပြီးတော့ ဥပုသ်နေ့ ဥပုသ်စောင့်ရင်း တရားနာရင်း ကျောင်းကို လာကြတော့ ကျောင်းဘုန်းကြီးက တရားဟော၊ အဲဒီ ဘုန်းကြီးကလဲပဲ ယခုဘုန်းကြီးလိုပဲ မျက်စိမှိတ်ပြီး ဟောတဲ့ ဘုန်းကြီးနဲ့ တူပါတယ်။ ဟော- ပိုက်တာ ဘုန်းကြီးက မျက်စိမှိတ်ထားတော့ ကျောင်းအစ်မကြီးတို့၊ သမီးတို့က ကြာတော့ ညောင်းလို့ ထသွားကြတယ်။ အသကာကလေး ထသွားကြတာ ဖြစ်တော့ ကျောင်းဘုန်းကြီးက မသိဘူး။ ကျောင်းဒကာကြီးနဲ့ ဘုန်းကြီးပဲ ကျန်နေတယ်။ ကျန်နေတော့ တော်တော်ကြာလဲ တရားက မပြီးသေး၊ တော်တော်ကြာလဲ တရားက မပြီးသေးဆိုတော့ သမီးကလေးက လာလာပြီး နောက်နားက ကျောင်းဒကာကြီးကို "အဖေ ပြန်ကြစို့၊ အဖေ ပြန်ကြစို့" လို့ တိုးတိုးလေး ပြောသတဲ့။

လာလာပြောတော့ ကျောင်းဒကာကြီးကလဲပဲ ဘုန်းကြီးချည်း ပယ်ထားခဲ့ရမှာ သိပ်ပြီးတော့ အားနာသပေါ့။ ဒီတော့ "အေးပါ၊ ပြီးလုပါပြီ သမီးရဲ့၊ တရားချလုပါပြီ၊ ပြီးလုပါပြီ" လို့ ဖခင်ကြီးက တိုးတိုးပြောတယ်။ သမီးလေးက သွားပြန်ရော၊ တစ်အောင့်လောက်ကြာတော့ လာပြန်ရော၊ "အဖေ မိုးချုပ်လှပြီ၊ ပြန်ကြရအောင်" ပေါ့လေ။

http:\\www.dhammadownload.com



ဘုန်းကြီးလဲ မကြားအောင် တိုးတိုးပြောတယ်။ အဲဒီလို အကြိမ်ကြိမ် ပြောဖန်များတော့ နောက်ဆုံး ကျောင်းဒကာကြီးက ဘာပြောသလဲဆိုတော့ "သမီးရယ်၊ အဖေ့ကံနဲ့ အဖေ ရှိပါစေတော့"၊ အဲဒီလို ပြောသလိုပဲ။

အခုလဲပဲ ဒကာကြီး ဦးသန်းမှာလဲ သမီးကရော၊ ဒကာမကြီးကရော "ပြန်ကြစို့ အဖေ ...၊ ပြန်ကြစို့ ကိုအောင်သန်း" လို့ ဆိုကြပေမယ်လို့ "ဒို့ တရားကူးတာ မပြီးသေးဘူး" နောက်ဆုံးတော့ "ကိုင်း ... မင်းတို့ ပြန်နှင့်ကြတော့၊ အဖေတော့ အဖေ့ကံနဲ့ အဖေပဲ ရှိပါစေတော့" ဆိုပြီး ဒကာကြီးတစ်ယောက်တည်း ကျန်ရစ်လိမ့်မယ် ထင်တယ်။ ဘာပဲပြောပြော ဘုန်းကြီးလဲ ဝန်ခံချက်အတိုင်း ကိုယ်ပေးချင်တဲ့ အသိဉာဏ်များကို ကြိုးစားပြီးတော့ မြန်မြန်လဲ ခရီးရောက်အောင် ပေးပါ့မယ်။

ရှင်ရာဟုလာ ရှင်ဖြစ်တဲ့အချိန်ကို မှန်းကြည့်ယင် အသက်ခုနစ်နှစ်မှာ ရှင်သာမဏေ ဖြစ်တယ်။ အင်မတန် ငယ်တဲ့အရွယ်မှာ ဖြစ်လို့ မြတ်စွာဘုရားက မဂ်ဖိုလ်အား ကျေးဇူးမများတဲ့ မြို့စကား ရပ်စကား ရွာစကားတွေနဲ့ အချိန်မကုန်အောင် "သာမဏေရပဉှာ" ကို ဟောပေးတယ်။

တစ်ခါ မိတ်ဆွေကောင်း ပေါင်းသင်းမိရင် အရဟတ္တဖိုလ်ပေါက် ကျေးဇူးမြောက်တယ်ဆိုတာ ထင်ရှားအောင်လို့ "အဘိဏှရာဟုလောဝါဒသုတ်" ကို ဟောတော်မူတယ်။ မြတ်စွာဘုရားဟာ ရှင်ရာဟုလာအား တော်တော် မြောက်မြောက်မြားမြားပဲ တရားဟောတော်မူပါတယ်။ အဲဒီ ဟောတဲ့ တရားတွေထဲမှာ ရှင်ရာဟုလာ၏ ဝိပဿနာဉာဏ် ပညာတည်းဟူသော ကိုယ်ဝန်သားကို ယူစေတဲ့ သုတ္တန်တွေကတော့ "ရာဟုလသံယုတ်" လို့ အမည်တပ်ပြီး "နိဒါနဝဂ္ဂသံယုတ် ပါဠိတော်" မှာ သုတ်ပေါင်းနှစ်ဆယ်နဲ့ နှစ်သုတ် ရှိတယ်။

ဆူးသည် ပေါက်သစ်စ အချိန်ကတည်းက ထက်လာသလို ကိုရင်ရာဟုလာလဲပဲ ထက်မြက်တဲ့ အမျိုးဖြစ်တော့ ငယ်ပင်ငယ်သော်လဲ ရှင်သာမဏေ ဖြစ်သစ်စပင် ဖြစ်လင့်ကစား ဆူးသဘောလို ထက်ထက်မြက်မြက်နဲ့ ရာဟုလသံယုတ် သုတ္တန်ပေါင်း နှစ်ဆယ်ကျော် ဟောယူရအောင် မြတ်စွာဘုရားကို တောင်းပန်စကား လျှောက်ထားတယ်။ ရှင်ရာဟုလာမေးလို့ ဟောတာက ဆယ်သုတ်၊ ဘုရားအလိုတော်အတိုင်း ဟောတာက ဆယ့်နှစ်သုတ် ဖြစ်တယ်။

http:\\www.dhammadownload.com



## ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ လင်္ကာဆယ်ပုဒ်

ရာဟုလသံယုတ် သုတ္တန်တွေကို စမိလို့ရှိယင် အခြေခံက မပါယင် သိပ်ပြီးတော့ နားထောင်လို့ နားလည်ဖို့ မဖြစ်ဘူး။ ဒီတော့ အခြေပါဒ နည်းနည်းပျိုးကြည့်ရအောင်။ လယ်တီဆရာတော်ဘုရားကြီးက မိမိရဲ့ မြန်မာပြည်မှာ ရှိတဲ့ ဗုဒ္ဓဘာသာ အမျိုးသား၊ အမျိုးသမီးတိုင်း အဘိဓမ္မာ ပရမတ္ထနဲ့ ပတ်သက်ပြီးတော့ ပါးနပ်အောင်၊ အရည်ပြည့် အောင် ဆိုပြီးတော့ ပထမ "ပရမတ္ထသံခိပ်" ဆိုတဲ့ လင်္ကာကျမ်းကြီးကို ရေးတယ်၊ သင်္ဂြိုဟ်ကိုးပိုင်းအတွက်။

"ခြောက်ရာ့ ခြောက်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ်ပြီးကဗျာ" တဲ့။

လင်္ကာပုဒ်ပေါင်း ခြောက်ရာ့ခြောက်ဆယ် ရှိတယ်။ ပရမတ္ထသံခိပ်ကျမ်းကလဲ ပိုဒ် ပေါင်းခြောက်ရာ့ခြောက်ဆယ်၊ အပိုင်းပေါင်းက ကိုးပိုင်းဆိုတော့ ပုဂ္ဂိုလ်တိုင်း မဆောင် နိုင်ဘဲ အစိတ်အဝက်လောက်သာ ဆောင်နိုင်သည်ကို သိတော်မူသောကြောင့် ဆရာတော် ကြီးက ပုဂ္ဂိုလ်တိုင်း ဆောင်နိုင်အောင် ရည်ရွယ်ပြီး "ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ လင်္ကာကျမ်း" ဆိုပြီးတော့ လင်္ကာဆယ်ပုဒ် ရေးထားခဲ့တယ်။ ဒီလင်္ကာ ဆယ်ပုဒ်ရယင် ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါး နား လည်နိုင်တယ်။

ဒီ လင်္ကာဆယ်ပုဒ်တွင် ပထမဆုံး အပိုဒ်၌ ပရမတ္ထတရားတွေကို ခင်းပြတဲ့ နေရာမှာ ပထမဆုံး လင်္ကာအနေနဲ့ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့ကို ဖော်ပြထားပုံက ဒီလိုပါ။

**ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊**
**အစုငါးတန်၊ ငါးရပ်စန်တည်း** (တဲ့)

ဒီစာပိုဒ်ကလေးကိုရယင် ခန္ဓာငါးပါးကို အစဉ်ကျကျ ပြောတတ်တယ်။ ခန္ဓာငါးပါး ဆိုတာ (၁) ရူပက္ခန္ဓာ၊ (၂) ဝေဒနာက္ခန္ဓာ၊ (၃) သညာက္ခန္ဓာ၊ (၄) သင်္ခါရက္ခန္ဓာ၊ (၅) ဝိညာဏက္ခန္ဓာ။ ရုပ်တရားအစုကို ရူပက္ခန္ဓာ ခေါ်တယ်၊ ဝေဒနာတရားအစုကို ဝေဒနာ က္ခန္ဓာ ခေါ်တယ်။ သညာတရားအစုကို သညာက္ခန္ဓာ ခေါ်တယ်၊ သင်္ခါရတရားအစုကို သင်္ခါရက္ခန္ဓာ ခေါ်တယ်၊ ဝိညာဏ်တရားအစုကို ဝိညာဏက္ခန္ဓာ ခေါ်တယ်။ (ဒီစာပိုဒ် ကလေးရယင် ခန္ဓာငါးပါးကို သွက်သွက်လက်လက် ပြောနိုင်တယ်။)

http:\\www.dhammadownload.com



## ရူပက္ခန္ဓာ၏သဘော သရုပ်ခွဲခန်း

ရုပ်အစု၊ ဝေဒနာအစု၊ သညာအစု၊ သင်္ခါရအစု၊ ဝိညာဏ်အစုလို့ ဒုတိယ မြန်မာပြန် ချက်အရ အစုဆိုတာ တစ်ခုတည်း ဘယ်တော့မှ မဟုတ်ဘူး၊ ရုပ်အစုဆိုတာ ရုပ်တရား ပေါင်းများစွာကို စုထားတဲ့ သဘော။ ထို့အတူ ဝေဒနာပေါင်းများစွာ၊ သညာပေါင်း၊ သင်္ခါရပေါင်း၊ ဝိညာဏ်ပေါင်းများစွာတို့ကို စုထားတဲ့ သဘောကို ဝေဒနာက္ခန္ဓာ စသည် ခေါ်ဆိုတယ်။ ရုပ်ဆိုတာ ရူပဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ စကားဖြစ်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတာက ပါဠိအတိုင်း မြန်မာမှာ သုံးစွဲတဲ့ စကားဖြစ်တယ်။ နောက်ဆုံး ဝိညာဏ်ဆိုတာက ဝိညာဏဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့စကား။ အဲဒီတော့ ရုပ်ဆို တာ ဘယ်လိုသဘောကို ခေါ်တယ်၊ အဲဒီ ရုပ်တရားပေါင်း ဘယ်လောက်ရှိတယ် အဲဒီ ရုပ်တရားတွေကို စုပေါင်းထားတာကို ရူပက္ခန္ဓာ ခေါ်တယ်။ ဒီလို ဆင့်ကဲ ဆင့်ကဲ သိဖို့ အခြေခံက "ရုပ်" ခေါ်တဲ့ အကြောင်းကို ပထမ -

**ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားရှဲ၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။** (တဲ့)။

အအေးနဲ့တွေ့ယင် တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး (စသည်ဖြင့်) အမျိုးမျိုး ဖောက် ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတယ်လို့ ဒီတရားတွေကို ရုပ်ခေါ်တယ်၊ ဒီလို ရုပ်ခေါ်တဲ့ အကြောင်းကို စာတစ်ပိုဒ် ရေးတော်မူတယ်။ အဲဒီ အအေးနဲ့ တွေ့ယင် တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်တဲ့ ရုပ် ဘရားတွေဟာ သရုပ်အရေအတွက် ဘယ်လောက်ရှိတယ် ဆိုတာကိုလဲပဲ သိဖို့ အရေး ကြီးတယ်။ အဲဒီ သရုပ်ကိုလဲ ဆက်ပြီးတော့ လင်္ကာဖော်ပြတယ်။

## နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါး မဟာဘုတ်ကြီးလေးပါး

**မြေဓာတ် ရေဓာတ်၊ မီး လေဓာတ်ဟု၊ လေးရုပ်ဘုတ်ကြီး ပွားစီးအနက်**

(တဲ့) ဒါက စကားတစ်ခု။

ပထဝီ=မြေဓာတ် ရုပ်ကြီးတစ်ပါး။ အာပေါ=ရေဓာတ် ရုပ်ကြီးတစ်ပါး။ တေဇော= မီးဓာတ်ရုပ်ကြီးတစ်ပါး။ ဝါယော=လေဓာတ်ရုပ်ကြီးတစ်ပါး။ အဲဒီလေးပါးကို မဟာ ဘုတ်ကြီးလေးပါး=ဘူတရုပ်ကြီးလေးပါးလို့ ခေါ်တယ်။ ဓာတ်ကြီးလေးပါးလို့လဲ ခေါ် တယ်။ ဘာကြောင့် သူတို့ကို မဟာဘုတ်ကြီးလေးပါး ဘူတရုပ်ကြီးလေးပါးလို့ ခေါ်ရ သလဲ။ "ပွားစီးအနက်"တဲ့ အဖြေ။ တစ်နေ့တခြား သန္တတိ ဆက်ပြီးတော့ တိုးပွား တတ်လို့ သူတို့ကို မဟာဘုတ်ကြီး လေးပါးလို့ ခေါ်ရတယ်။

http:\\www.dhammadownload.com



ဘူတဆိုတဲ့ ပါဠိဟောချက်အရ ဘယ်လို သန္တတိ ဆက်ပြီးတော့ ပွားစီးလာသလဲ ဆိုယင် မိမိရဲ့ဘဝကို ပြန်လည်စဉ်းစားကြည့်ပါ။ ဟို ... ကလလရေကြည် တည်တဲ့ အချိန်တုန်းက မိမိရဲ့ ရုပ်ကိုယ်သည် ပကတိမျက်စိနဲ့ ကြည့်လို့ မမြင်ရဘူး၊ ဒိဗ္ဗစက္ခုနဲ့မှ မြင်ကောင်းတယ်။ ကာယဒသက ကလာပ်၊ ဘာဝဒသ ကလာပ်၊ ဝတ္ထုဒသက ကလာပ် ဆိုတဲ့ ကံကြောင့်ဖြစ်တဲ့ ရုပ်ကလာပ်သုံးမျိုး (တစ်မျိုး တစ်မျိုးလျှင် အနည်းဆုံး ရုပ်ကလာပ်ပေါင်း ၄၉ စည်း စီလောက်) စုပေါင်းလာခဲ့တဲ့ ရုပ်ကလာပ် အစုအပေါင်းကို ကလလ ရေကြည်လို့ ခေါ်တယ်။ အဲဒီ ကလလ ရေကြည်ရုပ်အစုကို ကျမ်းဂန်များမှာ ဘယ်လိုဖွင့်သလဲဆိုယင် –

တောင်ကျွန်းသူတို့၏ ဆံပင်သည် ကြမ်းတယ်၊ ၎င်းကို ရှစ်စိတ် စိတ်လိုက်ယင် မြောက်ကျွန်းသူတို့၏ ဆံပင် ပမာဏဖြစ်တယ်၊ အဲဒီ မြောက်ကျွန်းသူတို့ရဲ့ ဆံခြည်မျှင်ကို ရှစ်စိတ် စိတ်လို့ရတဲ့ တစ်စိတ်ကို အသာကလေးယူထားပါ။ အကြိမ်တစ်ရာ ချက်ပြီးတဲ့ ထောပတ်ထဲကို အဲဒီ ဆံခြည်မျှင်ကလေးကို နှစ်လိုက်၊ ထုတ်ပြီး ခါလိုက်၊ နောက်ဆုံး ဆံခြည်မျှင် ထိပ်ဖျားမှာ သီးနေတဲ့ ဆီပေါက်ကလေးလောက်ပဲ ရှိတယ်တဲ့။ ထို့အောက် လဲ သေးသိမ်တဲ့ အကြောင်းတွေကို ပြောသေးသပေါ့။ သို့သော် ဤမျှလောက် သေးသိမ် တယ်ဆိုယင်ပဲ အများကြီး အထောက်အပံ့ ရသွားပါပြီ။

အဲဒီ ထောပတ် ဆီပေါက်ကလေးလောက် စခဲ့တဲ့ မိမိသည် ယခုအချိန်မှာ "အဲဒါလောက် သေးငယ်တဲ့ ရုပ်သန္တတိကလေးက စခဲ့တယ်။ သန္တတိဆက်ပြီး ယခုအခြေအနေ ရောက် ကြီးပြင်းလာတယ်" ဆိုလျှင်ပင် မယုံနိုင်လောက်အောင် ကြီးလာတယ်။ ပွားစီးလာတယ်။ မိမိကိုယ်ကို ထောက်သဖြင့် ယင်းကဲ့သို့ ပွားစီးကြီးပြင်းလာတာဟာ "ဘယ်သူတို့ ခေါင်းဆောင်ပြီး မ တည် ပွားစီးလာတာလဲ" ဆိုယင် အခုပြောနေတဲ့ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ် ဆိုတဲ့ မဟာဘုတ်ကြီးလေးပါး = ဘူတရုပ်ကြီးလေးပါး = ဓာတ်ကြီးလေးပါးတို့နဲ့ မ တည်ပြီးတော့ သန္တတိဆက်ကာ တစ်နေ့တခြား ကြီးပွားကြီးပွား လာခဲ့ကြတာ အမျိုးမျိုးပေါ့။ ပိဿ သုံးဆယ်မှ သုံးဆယ်ရဲ့ အထက်မှာ ရှိနေကြတယ်။

သြော် မြေ၊ ရေ၊ လေ၊ မီးဆိုတဲ့ ဒီဓာတ်ကြီးလေးပါးအနက်က ခန္ဓာကိုယ်ကို စမ်းကြည့်လိုက်ပါ။ ကြမ်းတယ်၊ (သို့မဟုတ်) နုတယ်၊ ဒီသဘော နှစ်မျိုး တစ်မျိုးမျိုး တွေ့ရလိမ့်မယ်။ အဲဒီ ကြမ်းတယ် နုတယ် ဆိုသမျှတွေဟာဖြင့် ပထဝီ=မြေဓာတ်ရုပ်ကြီးပဲ။

http:\\www.dhammadownload.com



ပြီးတော့ တစ်ခါ စမ်းကြည့်လိုက်။ ပူသလား၊ အေးသလား၊ ပူရင် ဥဏှတေဇော၊ အေးရင် သီတတေဇောဓာတ်၊ မီးဓာတ်ပဲ။

နောက်တစ်ခါ အပျော့၊ အမာ စမ်းကြည့်လိုက်ပါဦး။ ပျော့ယင် အားနည်းတဲ့ ထောက်ကန်မှု ဓာတ်၊ မာယင်အားကြီးတဲ့ ထောက်ကန်မှုဓာတ်၊ ဝါယောဓာတ်။ ဒီ သုံးမျိုးက စမ်းကြည့်ယင် သိရတယ်။

အာပေါဓာတ် ဆိုတာကတော့ မုန့်မှုန့်တွေ ဖြောက်ဖြားစွာကို တစ်ခုတခြား လွင့်ပါး မသွားအောင် တွဲဖွဲ့ပေးတဲ့ ပကတိရေလို ကလာပ်တိုင်း ကလာပ်တိုင်းမှာ ပါရှိကြတဲ့ ရုပ်သဘာဝတွေကို ဓာတ်တွေကို တစ်ခုတခြား လွင့်ပါးမသွားအောင် တစ်စုတည်း တစ်စည်းတည်းဖြစ်အောင် တွဲဖွဲ့ပေးတဲ့ သဘောဖြစ်တယ်။ ဆန်မှုန့် ဂျုံမှုန့်ကို ရေနဲ့ လုံးပြီး ထားကြည့်၊ အလုံးကလေးကို ကြည့်ယင် ပကတိ ရေဓာတ်ကို မမြင်ရဘူး။ ဒါပေမယ့် ရေက တွဲပေးထားတယ် ဆိုတာကို စိတ်နဲ့ သိရတယ်။

အဲဒီလိုပဲ၊ ရုပ်သဘာဝ သတ္တိကလေးတွေဟာ ရှစ်မျိုးက စပြီးတော့ ကိုးမျိုး၊ ဆယ်မျိုး၊ ဆယ့်တစ်မျိုး၊ ဆယ့်နှစ်မျိုး၊ ဆယ့်သုံးမျိုးထိအောင် သူ့အစုနဲ့သူ ဒီခန္ဓာကိုယ်ထဲမှာ ရှိနေကြတယ်။ အဲဒီ ရုပ်သဘာဝ သတ္တိကလေးတွေ တစ်ခုတခြား လွင့်ပါး မသွားအောင် တွဲဖွဲ့ပေးတာဟာ အာပေါဆိုတဲ့ ရေဓာတ် မဟာဘုတ်ကြီးပဲ။ ဆိုခဲ့ပြီးသည်ကား ဘူတရုပ် ကြီးလေးပါး။ တစ်ခါ –

**စက် သော ဃာ ဇိ၊ ကာ ငါးလီမူ၊ အကြည်ရုပ၊ ပသာဒတည့်။**

**ပသာဒရုပ်ငါးပါး**

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုပြီး ဒီခန္ဓာကိုယ်မှာ အကြည်ရုပ်တွေ=မျက်စိ အကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ် လို့ အကြည်ရုပ် ငါးမျိုးရှိတယ်။

ဒို့ သူ ငါမြင်နေရတဲ့ မျက်လုံးကြီးကတော့ သမ္ဘာရ မျက်လုံး ဖြစ်တယ်။ သူ့အထဲ မှာ ပါရှိနေတဲ့ သန်းဦးသန်းခေါင်ခန့် ပမာဏရှိတဲ့ စက္ခုအကြည် ပသာဒအကြည်ကြောင့် မျက်လုံးကြီး တစ်ခုလုံး လင်းပြီး ကြည်ပြီး နေတယ်။

သောတပသာဒ = နားအကြည် ဆိုလို့ရှိယင်လဲ အပြင်ဘက်က မြင်နေရတဲ့ နားရွက် ကြီးဟာက လေ့မှာ ထောင်ထားတဲ့ ရွက်ကြီးလို၊ အသံချဲ့စက်မှာ တပ်ထားတဲ့ လောက် စပီကာရဲ့ ဟွန်းကြီးလို အသံလွင့်ပါး မသွားအောင် ဖမ်းကာထားတဲ့ သဘောပဲ။ အမှန်က

http:\\www.dhammadownload.com



နှားခေါင်းလောင်ထဲမှာ မွေးညင်းကလေးများ မိုးကြိုးကွင်းကဲ့သို့ ပေါက်နေတယ်။ အဲဒီနေရာမှာ နှံ့တည်တဲ့ အကြည်ဓာတ်သဘောပါပဲ။

ဃာနပသာဒ = နှာခေါင်းအကြည်ဆိုယင် ပကတိ မြင်နေရတဲ့ သမ္ဘာရနှာခေါင်း အဖျားပိုင်းက ဆိတ်ခွာသဏ္ဌာန်ရှိသော အရပ်မှာ နှံ့၍ တည်နေတဲ့ အကြည်ရုပ် တစ်မျိုး ဖြစ်တယ်။

ဇိဝှာပသာဒ = လျှာအကြည်ရုပ်မှာ ပကတိ မြင်နေရတဲ့ သမ္ဘာရလျှာကြီးရဲ့ အပေါ်မှာ ကြာရွက်ဖျား သဏ္ဌာန်ရှိတဲ့ အရပ်မှာ နှံ့၍ အကြည်ဓာတ်သဘော ဖြစ်တယ်။ အရသာတွေကို ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ ဖန်တယ်၊ စပ်တယ်၊ ခါးတယ်လို့ သိဖို့ရန်အတွက် ကျေးဇူးပြုပေးတဲ့ အကြည်ဓာတ်တစ်မျိုး ရှိတယ်။ အဲဒီ အကြည်ဓာတ်ကို ဇိဝှာ ပသာဒရုပ်လို့ခေါ်တယ်။

ကာယပသာဒ = ကိုယ်အကြည်ရုပ်ဆိုတာ အရေခြောက်၊ ဆံပင်ဖျား၊ လက်သည်းဖျားတို့ကို လွတ်၍ ကျန်တဲ့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီး တည်နေတဲ့ အကြည်ရုပ်တစ်မျိုးကို ခေါ်တယ်။ ဒီနေရာမှာ ကာယအကြည်=ကိုယ်အကြည်ရုပ် ရှိတယ် မရှိဘူး သိချင်ယင် အပ်ကလေးနဲ့ အသာထောက်လိုက်၊ ထောက်လိုက်လို့ မျက်ကနဲနာယင် ဒီနေရာမှာ ကာယအကြည်ရုပ် ရှိတယ်။ ဒီလို သိရမယ်။

ဒီ သဘာဝ ပသာဒ ကာယအကြည်ကလဲပဲ နယ်မကျွံ နယ်မကျော်ဘူးနော်။ သန္တတိဘယ်လောက် ဆက်ပေမယ့်လို့ အလွန်ထင်ရှားတယ်။ ဥပမာ ခြေသည်း လက်သည်းအဖျားကလေးမှာ ကာယပသာဒ မရှိဘူး၊ ဒီဘက်မှာ အတွင်းပိုင်းမှာ ကာယပသာဒရှိတယ်။ အဲဒီ အဖျားပိုင်းကို ကတ်ကြေးနဲ့ ကိုက်ကြည့်၊ နည်းနည်းမှ မနာဘူး။ ကာယပသာဒ မရှိလို့ မနာတာ။ အနီရောင်သန်းနေတဲ့ အရင်းဘက်ကို ကတ်ကြေးကိုက် လွန်သွားယင် ဆတ်ဆတ်ခါ နာလိုက်ပါဘိ။

ဒါဖြင့် လက်သည်း ခြေသည်းမှာ အနီရောင်သန်းတဲ့ အရင်းပိုင်းက နာတယ် အဖြူရောင်သန်းတဲ့ အဖျားပိုင်းက မနာဘူး။ အဲဒီ အဖျားပိုင်းက ကာယပသာဒ မရှိလို့ မနာဘူးလို့ ပြောရယင် အရင်းပိုင်း အနီရောင်သန်းနေတဲ့ အပိုင်းက ကာယပသာဒရှိလို့ နာတယ်လို့ ဆိုရယင် ဒီအနီရောင်ကလေးဟာ ကာယပသာဒပဲ ထင်ပါရဲ့လို့လဲ သွားမထင်နဲ့၊ မဟုတ်ဘူး။ မြင်နေရတဲ့ အနီရောင်ကလေးဟာက ကာယပသာဒရဲ့ အဖော်တစ်ကိုယ်လုံးမှာ ပျံ့ပြီး ပြေးသွားနေတဲ့ "သံသရဏသွေး" ဓာတ်ကြောင့် အနီရောင်

http:\\www.dhammadownload.com



ကလေး သန်းနေခြင်း ဖြစ်တယ်။ ဒီတော့ အနီရောင်ဟာ ကာယပသာဒ မဟုတ်ဘူး၊ ကာယပသာဒရဲ့အဖော် သံသရဏသွေးပဲလို့ ဒီလို သိထားရမယ်။ ကာယပသာဒ အကြည်ဆိုတာ မျက်စိနဲ့ ကြည့်လို့ကို မမြင်ရဘူး၊ ရူပါရုံမှ မဟုတ်ဘဲ။

မျက်စိအကြည်၊ နားအကြည်၊ နှာအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်လို့ အကြည်ရုပ်ငါးပါး၊ မြင်တဲ့စိတ်ဖြစ်ဖို့ရန်၊ ကြားတဲ့စိတ် ဖြစ်ဖို့ရန်၊ နမ်းရှုတဲ့စိတ် ဖြစ်ဖို့ရန်၊ စားတဲ့လျက်တဲ့စိတ် ဖြစ်ဖို့ရန်၊ တွေ့ထိတဲ့စိတ် ဖြစ်ဖို့ရန်လို့ အကျိုးအကြောင်း အနေနဲ့ ကျေးဇူးပြုမလို့ ပေါ်နေတဲ့ အကြည်ရုပ်သဘာဝ ငါးမျိုး ရှိတယ်။ ဒါကို "စက် သော၊ ဃာ၊ ဇိ၊ ကာ ငါးလီမူ၊ အကြည်ရူပ၊ ပသာဒတည့်" လင်္ကာဖွဲ့ခြင်း ဖြစ်တယ်။

## အာရုံရုပ်ငါးပါး

**ရူပ သဒ္ဒ၊ ဂန္ဓ ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအာရုံ။**

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ လို့ အာရုံအမည်နဲ့ တပ်ပြီး ခေါ်ရတဲ့ ရုပ်ငါးမျိုး ရှိတယ်။

မျက်စိနဲ့ ကြည့်လို့ မြင်ရသမျှ အဖြူ အနီ အကြောင်အကျား စတဲ့ အဆင်းမျိုးစုံကို ရူပါရုံရုပ်လို့ ခေါ်တယ်။

နားနဲ့ထောင်လို့ ကြားသိရတဲ့ ကောင်းကောင်းဆိုးဆိုး သက်ရှိသက်မဲ့ အသံမျိုးစုံ ကို သဒ္ဒါရုံရုပ်လို့ ခေါ်တယ်။

နှာခေါင်းနဲ့ နမ်းရှုလို့ သိရတဲ့ ကောင်းကောင်းဆိုးဆိုး အနံ့အမျိုးမျိုးကို ဂန္ဓာရုံ ရုပ်လို့ ခေါ်တယ်။

လျှာဖြင့် စားကြည့်လို့ သိရတဲ့ အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါးဆိုတဲ့ အရသာမျိုးစုံကို ရသာရုံရုပ်လို့ ခေါ်တယ်။

ကိုယ်ဖြင့် တွေ့ထိ၍ သိရတဲ့ အကြမ်း အနု ဆိုတဲ့ ပထဝီအတွေ့၊ အပူ အအေးဆိုတဲ့ တေဇောအတွေ့၊ ပျော့တယ် မာတယ်လို့ ခေါ်ဆိုရအောင် အားနည်း အားကြီးသော ဝါယောအတွေ့၊ ဒီ အတွေ့သုံးမျိုးကို ဖောဋ္ဌဗ္ဗာရုံရုပ်လို့ ခေါ်တယ်။ (ဖောဋ္ဌဗ္ဗာရုံဆိုသည်မှာ ပထဝီ၊ တေဇော၊ ဝါယော၊ မဟာဘုတ်ကြီး သုံးပါးကိုပင် ခေါ်ဆိုသည်ကို သတိရှိပါ။ အာရုံငါးပါးဆိုသော်လည်း အသစ်ရုပ်ကား ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ ဤလေးမျိုးသာ အသစ် ဖြစ်သည်။) ဒီအာရုံရုပ် ငါးမျိုးကို "ရူပ သဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု ငါးဖြာအာရုံ"လို့ ဆရာတော်ကြီးက လင်္ကာဖွဲ့ သီခဲ့ပါတယ်။

http:\\www.dhammadownload.com



## နှစ်ခုံ ဘာဝ
## ဘာဝရုပ် နှစ်ပါး

ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်။ အမျိုးသမီးများ သန္တာန်မှာ တစ်ကိုယ်လုံး ဣတ္ထိဘာဝရုပ် စိုးအုပ်လျက် ဖြစ်နေတယ်။ အမျိုးသားများ သန္တာန်မှာ တစ်ကိုယ်လုံး ပုမ္ဘာဝရုပ် စိုးအုပ်လျက် ဖြစ်နေတယ်၊ မျက်စိနဲ့ကြည့်လို့ကတော့ (ရူပါရုံ မဟုတ်တဲ့အတွက်) ဘာဝရုပ်ကို မမြင်ရဘူး။ စိတ်နဲ့ ကြံဆသိရတယ်။ ဒီဘာဝရုပ်နှစ်မျိုးကို သိသရုပ်ဟူ၍လည်း ခေါ်တယ်။ ဘဝရဲ့ ခေါင်းသဖွယ် ရုပ်လို့ ဆိုလိုပါတယ်။ နောက်တချိန်ကျတော့ သူတို့ကို ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေလို့ အဘိဓမ္မာ နယ်ပယ်မှာ နာမည်တပ်တယ်။

သူတို့ကလဲပဲ ဘယ်လောက် ခရီးရောက်သလဲ ဆိုယင် အာဏာ အင်မတန် ရှိတယ်လို့ ဆိုရပေမယ်။ ဒီခန္ဓာကိုယ်ပေါ်မှာ သူတို့ စိုးမိုး ခြယ်လှယ်နိုင်တယ်။ ဘယ်လိုလဲ ဆိုတော့ ဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့ သန္တာန်မှာ ဣတ္ထိဘာဝရုပ်က "မောင်တို့ ငါစိုးအုပ်တဲ့ သန္တာန်မှာ လာ၍ ဖြစ်ဖြစ်သမျှသော ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ လေးမျိုးစလုံးပဲ တစ်ဘက်သားက အဆင်းကို ကြည့်လိုက်မယ်၊ အသံကို နားထောင်လိုက်မယ်၊ အနံ့ကို နမ်းရှုကြည့်လိုက်မယ်၊ အရသာကို လျက်ကြည့်လိုက်မယ်၊ အတွေ့ကို တွေ့ထိကြည့်လိုက်မယ်ဆိုယင် မိန်းမပဲ၊ အမျိုးသမီးပဲလို့ တစ်ဘက်သားတို့ မှတ်ယူလောက်တဲ့ အမူအရာနဲ့ မင်းတို့ ဖြစ်ကြရမယ်"လို့ အမိန့်မပေးသော်လဲ ပေးဘိသကဲ့သို့ တစ်ခါတည်း သူက စိုးအုပ်ထားတယ်။ ဒီဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့ သန္တာန်မှာ လာပြီးဖြစ်ရလို့ ယခင်ပြောခဲ့တဲ့ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်လေးမျိုးစလုံး တစ်ခါတည်း မိန်းမပဲ၊ အမျိုးသမီးပဲလို့ သူတစ်ဘက်သား စွဲမှတ်ယူလောက်တဲ့ အခြင်းအရာနဲ့ ဖြစ်ကြရတယ်။

နောက်တစ်ခါ ပုမ္ဘာဝရုပ်ကလဲ ထို့အတူပဲ၊ ပုမ္ဘာဝရုပ် အုပ်စိုးတဲ့ ခန္ဓာအစဉ် သန္တာန်မှာ ပုမ္ဘာဝရုပ်က "မောင်တို့ ... ငါစိုးအုပ်တဲ့ သန္တာန်မှာ လာ၍ ဖြစ်ဖြစ်သမျှသော ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ လေးမျိုးစလုံးပဲ တစ်ဘက်သားက အဆင်းကို ကြည့်လိုက်မယ်၊ အသံကို နားထောင်လိုက်မယ်၊ အနံ့ကို နမ်းရှုလိုက်မယ်၊ အရသာကို လျက်ကြည့်လိုက်မယ်၊ အတွေ့ကို တွေ့ထိ ကြည့်လိုက်မယ်ဆိုယင် ယောကျ်ားပဲ၊ အမျိုးသား

http:\\www.dhammadownload.com



ပဲလို့ တစ်ဘက်သားတို့ မှတ်ယူလောက်တဲ့ အမူအရာနဲ့ မင်းတို့ ဖြစ်ကြရမယ်" လို့ အမိန့်မပေးသော်လဲ ပေးဘိသကဲ့သို့ တစ်ခါထဲ သူက စီးအုပ်ထားတယ်။ ဒီပုမ္ဘာဝရုပ် စိုးအုပ်တဲ့ သန္တာန်မှာလာပြီး ဖြစ်ရလို့ ယခင်ပြောခဲ့တဲ့ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတု ကြောင့်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်လေးမျိုးစလုံး တစ်ခါထဲ ယောကျ်ားပဲ၊ အမျိုးသား ပဲလို့ သူတစ်သား စွဲမှတ်ယူလောက်တဲ့ အခြင်းအရာနဲ့ ဖြစ်ကြရတယ်။

ဒါကြောင့် သူတို့ (ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့) ကို ဣန္ဒြေပိုင်းကျတော့ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ လို့ ခေါ်ရတယ်။ ရုပ်ပိုင်းမှာတော့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်လို့ ခေါ်တယ်။ ဘယ်လောက်များ ထူးဆန်းသလဲ၊ မျက်စိနဲ့လဲ မြင်ကောင်းတဲ့ ရုပ် မဟုတ်ဘူး၊ ဟောဒီ လက်ချောင်းကလေးထဲမှာလဲ သူတို့ အသီးသီး ရှိကြတယ်။ တစ်ကိုယ်လုံးမှာလဲ ရှိကြ တယ်၊ ဥပမာ ယောကျ်ားကလေး တစ်ယောက်နဲ့ မိန်းမကလေးတစ်ယောက်ကို တစ် ကိုယ်လုံး မမြင်ရအောင် စောင်အသီးသီး ခြုံထား၊ လက်ညှိုးထိပ်ကလေးတင် ထုတ်ပေး၊ လိမ္မာပါးနပ်တဲ့ ပုဂ္ဂိုလ်ဆိုယင် ဒီလက်ညှိုးကလေးကို မြင်တာနဲ့ ဟောဒါ မိန်းကလေး၊ ဒါက ယောကျ်ားလေးလို့ ပြောပြနိုင်တယ်။ အဲဒီလို ပြောပြနိုင်အောင် ဘယ်သူဖန်တီး ပေးသလဲဆိုတော့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်က ဖန်တီးပေးတယ်။ အဲဒီ လက်ညှိုးထိပ်က အဆစ်ကလေးမှာလဲပဲ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့ရဲ့ ခြယ်လှယ်ချက်အရ ဟောဒါ ယောကျ်ားလေး၊ ဟောဒါ မိန်းကလေးလို့ ပြောယူရတယ်။ ဤကဲ့သို့ ပြောယူရ လောက်အောင် ခြယ်လှယ်တဲ့ ရုပ်နှစ်မျိုးကို ဘာဝရုပ်နှစ်မျိုး (နှစ်စုံဘာဝ)လို့ ခေါ်တယ်။

## (ဟဒယနှင့်) ဟဒယ ဝတ္ထုရုပ်

**ဟဒယနှင့်**လို့ ဆိုတာက ရင်ချိုင့်ထဲမှာ လက်ဆွမ်းဝက်မျှသော သွေးမှာ နံ့တည်တဲ့ ဟဒယဝတ္ထု ရုပ်ဆိုတာ ရှိတယ်။ ယနေ့ သိပ္ပံက ပြောနေတဲ့ ပြဿနာ။ ဘယ်လိုလဲဆို တော့ "နှလုံးသားအတုနဲ့ ဆေးကုလို့ ကမ္ဘာမှာ သိပ္ပံပညာရှင်တွေ အောင်မြင်နေပြီ"တဲ့။ အမှန်က ဟဒယဝတ္ထု (ကမ္မဇ)ရုပ် အစစ်ရှိမှ မနောဓာတ်၊ မနောဝိညာဏဓာတ်ဆိုတဲ့ စိတ်တွေဖြစ်တယ်။ ဗုဒ္ဓတရားတော်အလိုက ဒီ ဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ မနော ဓာတ်၊ မနောဝိညာဏဓာတ်ဆိုတဲ့ အာရုံကို ထူးထူးချွန်ချွန် သိတဲ့စိတ်တွေ၊ ထိုစိတ်တို့နဲ့ တွဲယှဉ်တဲ့ စေတသိက်တွေ ဖြစ်ကြတယ်လို့ ဗုဒ္ဓက ဟောခဲ့တယ်။

ဗုဒ္ဓရဲ့ အဘိဓမ္မာကို တော်လှန်ချင်တဲ့ ပုဂ္ဂိုလ်များက "နှလုံးသားအတုနဲ့ ပြောင်းလဲ တပ်ဆင်ထားတဲ့လူဟာ ဘယ်နှစ်ရက် အသက်ရှည်တယ်၊ အဲဒီ အသက်ရှည်နေ

http:\\www.dhammadownload.com



သလောက် ထိုလူက စကားပြောလျက် သွားလျက် လာလျက်ပဲ ရှိတယ်၊ ဒီတော့ ကိုယ်တော်တို့ရဲ့ ဟဒယဝတ္ထုရုပ် ဘယ့်နှယ်လုပ်မလဲ၊ သူ မရှိပေမယ့် သွားနိုင် လာနိုင် စကားပြောနိုင်တယ်" လို့ ဆိုကြတယ်၊ အဘိဓမ္မာကို တော်လှန်ကြတယ်။

## ဖုတ်သက်

ဒီနေရာမှာ ဘုန်းကြီးကတော့ ကိုယ်ဆင်ခြင်မိတာကို လွတ်လွတ်လပ်လပ်ပဲ ပြောလိုက်ချင်ပါတယ်။ ဘယ်လိုလဲဆိုတော့ "ဟဒယဝတ္ထုနဲ့ မူလတည်လာတဲ့ သတ္တဝါကတော့ ဟဒယဝတ္ထုကို ဖြတ်လိုက်ကတည်းက သေသွားပြီ၊ မရှိတော့ဘူး" လို့ ပြောလိုပါတယ်။ "အဲဒီ နှလုံးအတု တပ်ထားတဲ့လူက ဘယ်နှစ်ရက် အသက်ရှင်နေတယ်ဆိုတာက ဘယ်လိုလဲ" လို့ ပြောစရာရှိတယ်။ အဖြေက အဲဒါဟာ "ဖုတ်သက် ဖုတ်သက်၊ ဖုတ်သက်နဲ့" ဖြစ်နေတာ။ ဖုတ်သက်များလဲ ရှိတက်တယ်။ ၎င်းကို စာထဲမှာ "ဘူတ" လို့ ခေါ်တယ်။ ဒီ "ဘူတ" လို့ ခေါ်တဲ့ ဖုတ်သက် (ဘုတ်သက်)ကလဲ အလွန်ဆန်းတယ်။ ဝိနည်းမှာလဲ ဒီ ဘူတဝတ္ထု ရှိတယ်။ ရှိပုံမှာ ပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်သွားတယ်၊ ဥတုဇရုပ်ကလာပ် သန္တာန်က မပြတ်သေးတော့ အဲဒီ မပြတ်သေးတဲ့ ဥတုဇရုပ်ကလာပ် သန္တာန်ပေါ်မှာ စွဲလမ်းပြီးသေလို့ ဘူတ ခေါ်တဲ့ ဘုတ်ပြိတ္တာ (ဖုတ်ပြိတ္တာ) လာတယ်၊ အဲဒီအချိန်မှာ ဥတုဇရုပ်သန္တာန်က မပျက်စီးသေးခင်ဆိုတော့ သူက တည်လို့ မှီလို့ ရတယ်။

ဥတုဇရုပ်ကလာပ် (အလောင်း)ကို ရစ်ပတ်ပြီး ပစ်လိုက်တဲ့ အဝတ်ကို မူတင်ဆောင် ရဟန်းတစ်ပါး ပံ့သုကူသွားကောက် (ခွာပြီးယူ) လာတော့ အဲဒီ ဥတုဇရုပ်အလောင်းက ထပြီး "အရှင်ဘုရား ... ၊ တပည့်တော်ရဲ့ အဝတ်ကို မယူပါနဲ့၊ တပည့်တော်အဝတ် မယူပါနဲ့" လို့ နှုတ်က မြွက်ပြီး ထလိုက်လာတယ်။ အဲဒီလို ဝိနည်းမှာလဲပဲ ဘူတဆိုတဲ့ (ယနေ့ လူ့ဝေါဟာရဘုတ် ခေါ်တဲ့) အရာဟာ ဘုရားလက်ထက်ကလဲ ရှိတယ်။ ဘုံအားဖြင့်တော့ ပြိတ္တာဘုံက ပြိတ္တာ သတ္တဝါ ပါပဲ။ နှလုံးအတုနဲ့ အသက်ရှင် နေတယ်ဆိုတဲ့ လူဟာလဲ ထိုနည်း၎င်း နေမှာပါ။

မကြာမီ ရက်အတွင်းကပဲ ကြားရသေးတယ်။ ဘုန်းကြီးတို့နဲ့ ရင်းတဲ့ ဒကာမကြီးက ပြောတယ်။ "သူ့မိခင်ဟာ အင်မတန် အသည်းအသန် မကျန်းမမာ ဖြစ်ပြီးတဲ့နောက် စိတ်တစ်မျိုး ပြောင်းလဲသွားသကဲ့သို့ ဖြစ်ပြီးနေတာ ရှေးတုန်းကထက်လဲ ပိုရှိစားတယ်၊ ရှေးတုန်းကထက်လဲ ပိုပြီး တစ်မျိုးတစ်မည် ပြောင်းပြီး သားသမီးတွေအပေါ်မှာလဲ

http:\\www.dhammadownload.com



စကားပြောလျက်ပဲ၊ သို့သော် ရေးကမှုနဲ့တော့ မတူတော့ဘူးတဲ့။ ဒီတော့ တပည့်တော်တို့က အောက်မေ့နေတယ်၊ "သြော် ... တို့အမေဟာ အသက်ကြီးလို့ သူငယ်ပြန်တာပဲ" လို့ အောက်မေ့တယ်၊ စားလိုက်တာဘုရား(တဲ့)၊ လွန်လွန်ကြူးကြူး စားတာပဲ။ အဲဒီတော့ ဒီလို ပြုစုလာလို့ နှစ်နှစ်ကျော် သုံးနှစ်ရာသီထဲရောက်တော့ တပည့်တော်က အမေ့ကို ချစ်တော့ ညညကျယင် အမေနဲ့ အတူတူအိပ်တယ်။ ဒီလို အိပ်လို့ ရက်တော်တော်ကြာတော့ အမေလုပ်သူက အငွေ့နဲ့ချစ်တဲ့ သမီးကို လည်ပင်းကိုင်ပြီး ဆုပ်ပြီး ညှစ်တယ်။ ဒီအခါ သမီးက လန့်ဖျပ်ပြီး ပြောတယ်။

"သြော် ... ဘယ့်နှယ်လုပ်တာလဲ အမေ၊ ကျုပ်တို့ အမေဟာ ဒီလောက် သမီးအပေါ်မှာ မရက်စက်ဘူးလို့ အောက်မေ့တယ်၊ အမေ ဘယ့်နှယ်လုပ်တာလဲ" လို့ ပြောတယ်။ အဲဒီကျတော့မှ သူဟာ သူ့ဇာတိ ပေါ်လာတယ် (တဲ့)။ "ငါ့ကို ညီး သိရဲ့လား" လို့ မေးတယ်။ "ကျုပ်အမေတော့ ကျုပ်သိတာပေါ့၊ အခုပြောတဲ့ 'ငါ့ကို ညီး သိရဲ့လား' လို့ မေးတဲ့ ပုဂ္ဂိုလ်ကိုတော့ မသိဘူး" လို့ ဆိုတော့မှ "အေး၊ ဘယ်အနားက" လို့၊ အဲဒီတော့မှ ပြောတာဘုရား။ နှစ်နှစ်လောက်ကြာတယ်" တဲ့။ "သူတို့ မိခင်ဟာ ဖုတ်သက်နဲ့ နေတာ နှစ်နှစ်လောက် ကြာတယ်" တဲ့။

အဲဒီတော့ ကမ္ဘာ့သိပ္ပံ ပညာရှင်တွေ နှလုံးသား အစားထိုးပြီး ကုထားတဲ့ အသက်ရှင်နေတဲ့ လူနာဟာ ပကတိ ဟဒယဝတ္ထုရုပ်တော့ မရှိဘူး၊ မရှိဘဲနဲ့ ဘယ်နှစ်ရက် အသက်ရှည်တယ်ဆိုတာဟာ ဗုဒ္ဓရဲ့ အဘိဓမ္မာ အလိုကတော့ ပကတိ အသက်နဲ့တော့ ရှည်ဖို့ မလွယ်ဘူးပေါ့။ သို့သော် ရှည်နေတာကိုတော့ သိပ္ပံပညာရဲ့ ဆန်းကြယ်မှုအရ လက်ခံပါတယ်။ အဘိဓမ္မာနဲ့ မဆန့်ကျင်အောင်ကတော့ဖြင့် "သြော် ... ဒီပြင် အသက်တစ်ခု (ဖုတ်သက်) ဝင်ပြီးတော့ ဟန်လုပ်နေမှာပါပဲ" လို့ ဒီလိုပဲ တွေးခေါ်ရမည် ဖြစ်ပါတယ်။

**နှစ်ခုံဘာဝ၊ ဟဒယနှင့်၊ ဇီဝ+ဩဇာ၊ ဆယ့်ရှစ်မှာမူ (တဲ့)**

## ဇီဝိတရုပ်နှင့် ဩဇာ (အာဟာရ) ရုပ်

ဇီဝိတရုပ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကို စောင့်ထိန်းပေးမယ့် ဒီရုပ်ကိုယ်ကို စောင့်ထိန်းပေးတဲ့ ဇီဝိတလို့ (အသက်လို့) ခေါ်တဲ့ ရုပ်တစ်ခု ရှိတယ်။ အတ္တ၊ လိပ်ပြာ၊ ဝိညာဏ်ကောင်လို့ ခေါ်တဲ့ အသက် မဟုတ်ဘူးနော်။ ပရမတ္ထအသက်၊ ပရမတ္ထဇီဝိတရုပ် တစ်မျိုးရှိတယ်။ ဒီခန္ဓာကိုယ်မှာ ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့ ရုပ်လေးမျိုး ရှိတယ်။ ဒီလေးမျိုးထဲမှာ

http:\\www.dhammadownload.com



စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်သုံးမျိုးတို့မှာတော့ အကြောင်းရင်း မိဘသဖွယ်ဖြစ်သော စိတ်၊ ဥတု၊ အာဟာရတို့က ပစ္စုပ္ပန်အကြောင်းတွေ မိဘနှစ်ပါး ထင်ရှားရှိပြီး အစောင့်အရှောက် အပြုအစု ခံကြရတဲ့ သားသမီးများလို စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကို အကြောင်းစိတ်က ခဏာပစ္စုပ္ပန်အနေနဲ့ သူ့အသက်ရှည်သလောက် စောင့်ပြီးတော့မှ ချုပ်သွားတယ်။ ဥတုကလဲ ထို့အတူပဲ။ အာဟာရကလဲ ထို့အတူပဲ။ မိဘနှစ်ပါး အသက်ရှိလျက် အစောင့်အရှောက် ခံရတဲ့ သားသမီးများလို စိတ္တဇ ဥတုဇ အာဟာရဇ ခေါ်တဲ့ ရုပ်သုံးမျိုးတို့လဲပဲ အကြောင်းဖြစ်တဲ့ မိဘနဲ့ တူတဲ့ စိတ်၊ ဥတု၊ အာဟာရတို့က ပစ္စုပ္ပန် အနေနဲ့ အစောင့်အရှောက် အပြုအစုကို ခံကြရတယ်။

ကံကြောင့်ဖြစ်တဲ့ ရုပ်များကျတော့ အကြောင်းဖြစ်တဲ့ ကံက ဟို ... လွန်ခဲ့တဲ့ အတိတ်ဘဝက ကံ၊ ပစ္စုပ္ပန်အကြောင်း မဟုတ်ဘူး၊ အတိတ်အကြောင်း ဖြစ်တယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ခုနကပြောတဲ့ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ခေါ်တဲ့ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဟဒယဝတ္ထု၊ ဒါတွေဟာ ကံကြောင့် ဖြစ်တဲ့ ရုပ်ကော၊ အဲဒီ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကျတော့ မိခင်နဲ့တူတဲ့ အကြောင်းဖြစ်တဲ့ ကံက အတိတ်၊ သားသမီးနဲ့တူတဲ့ အကျိုးဖြစ်တဲ့ ကမ္မဇရုပ်က အခု ပစ္စုပ္ပန်မှာ ဖြစ်လာတယ်၊ တကယ့်ကိုပဲ ကမ္မဇရုပ်တွေဟာ မိမဲ့ ဖမဲ့ သားသမီးတွေနဲ့ တူကြတယ်။

ဆိုကြပါစို့၊ စက္ခုဒသက ကလာပ်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတ၊ စက္ခုပသာဒဆိုတဲ့ ရုပ်ဆယ်ခု စုပေါင်း ပါဝင်နေတယ်၊ ၎င်းတို့ကို စက္ခုဒသက ကလာပ်သို့ ခေါ်တယ်။ "စက္ခုပသာဒဖြင့် မှတ်အပ်သော ရုပ်ဆယ်ခုအပေါင်း" လို့ ဆိုလိုတယ်။ အဲဒီ ရုပ်ဆယ်ခုအပေါင်း သူတို့ချင်း ဆွေးနွေး စည်းဝေး တိုင်ပင်ကြတယ် ဆိုပါစို့။ (အဘိဓမ္မာသဘော ဆိုတာ တစ်ခါတလေ ဒီလိုလဲ ဥပမာနဲ့ တွေးမှ သဘောကျတယ်။)

ဟော ... ဟောဟို စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ရုပ်တို့မှာတော့ မိခင်နဲ့တူတဲ့ အကြောင်းဖြစ်သော စိတ်၊ ဥတု၊ အာဟာရတို့က ပစ္စုပ္ပန်အနေနဲ့ အုပ်ထိန်းစောင့်ရှောက် (ဆိုင်ရာဆိုင်ရာ ပဋ္ဌာန်းစိတ်တို့ဖြင့်) ကျေးဇူး ပြုပေးကြလို့ အားရှိကြတယ်။ တို့ကမ္မဇရုပ်ကလာပ် ရုပ်ဆယ်ခုတို့မှာတော့ မိခင်နဲ့ တူတဲ့အကြောင်းကံက ချုပ်ခဲ့တာ ကြာပြီ၊ ပစ္စုပ္ပန် အနေနဲ့ ထင်ရှားမရှိတော့ဘူး။ ဒီတော့ လောကမှာ မိဘမဲ့တဲ့ သားသမီးများဟာ သားသမီး အချင်းချင်း ပြန်ပြီး ထိန်းသိမ်းအုပ်ချုပ်ရတယ်။ စောင့်ရှောက်ပေးရတယ်။ အဲဒီမှ

http:\\www.dhammadownload.com



အတိုင်းပဲ၊ ဒို့အထဲမှ အခြား ရုပ်များနည်းတူ "စိတ္တက္ခဏဆယ့်ခုနစ်ချက်=ခဏငယ် ငါးဆယ့်တစ်ချက် အသက်ရှည်အောင် အုပ်ချုပ်စောင့်ရှောက်ခြင်းကိစ္စ" ကို ရွက်ဆောင်မည့် ရုပ်ကို ရွေးကြစို့ ... ။

"အုပ်ချုပ် စောင့်ရှောက်ခြင်းကိစ္စကို သင် ဆောင်ရွက်နိုင်ပါ့မလား" လို့ ပထဝီကို မေးတယ် ဆိုပါစို့။ ပထဝီက "မဖြစ်ဘူး၊ ဒို့ကျန်တဲ့ ရုပ်တွေ ကျုပ်ကို မှီကြရတယ်၊ ကျုပ်က ကျန်တဲ့ရုပ်တို့ရဲ့ မှီရာ အလုပ်ကို လုပ်ကိုင်ရတယ်" လို့ ပထဝီက ပြန်ပြီး ပြောတယ်ဆိုပါစို့။

အာပေါကို မေးတော့လဲ ထို့အတူပဲ တေဇော၊ ဝါယောတို့ကလဲ ထို့အတူပဲ။ ကျန်တဲ့ ရုပ်တို့ရဲ့ မှီရာအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရတယ်။ မဟာဘုတ်ကြီးလေးပါးတို့က ကျန်သော ရုပ်တို့ရဲ့ မှီရာအလုပ်ကို ရွက်ဆောင်နေရတယ်။ ဒါ့ကြောင့် ၎င်းတို့က စောင့်ရှောက်မှုဆိုတဲ့ အလုပ်ကို မလုပ်နိုင်ကြဘူး။ ကိုင်း ... ဒါဖြင့် ရုပ်ဆယ်ခုထဲမှာ အဆင်းဆိုတဲ့ ရူပါရုံ ရုပ်တစ်ခု ပါတယ်၊ ကံကြောင့် ဖြစ်တဲ့အဆင်း၊ အဲဒီအဆင်း= ဝဏ္ဏရုပ်ကို "ခင်ဗျား စောင့်ရှောက်နိုင်မည်လား" လို့ မေး။ အဆင်းရုပ်ကလဲ ပြောတယ်။ "ဟင် မဖြစ်ဘူး" တဲ့။ "ဘာပြုလို့လဲ" "မျက်စိနဲ့ ကြည့်ယင် အမြင်ခံရမှာက ကျုပ်အလုပ် ဖြစ်တယ်" တဲ့။ ဂန္ဓကိုမေးတော့လဲ "ကျုပ်လဲ မဖြစ်ဘူး"တဲ့။ "ဘာပြုလို့လဲ"။ "ဃာန ဝိညာဏ်နဲ့ နမ်းရှုကြည့်ယင် ဒီ ဝတ္ထုက မွှေးတယ်၊ ဒီဝတ္ထုက မမွှေးဘူးလို့ အဲဒီလို ဃာနဝိညာဏ်ရဲ့ အာရုံဖြစ်ဖို့ရန် အလုပ်တာဝန်ကြီး ကျုပ်မှာ ရှိတယ်" တဲ့။ ရသကို မေးပြန်တော့လဲ "ခင်ဗျားတို့လိုပဲ ကျုပ်ကလဲ ဇိဝှါ ဝိညာဏ်ရဲ့ အာရုံအဖြစ် ခံရမယ့်ကိစ္စ အလုပ်ရှိတယ်"တဲ့။ ဩဇာကို မေးပြန်တော့လဲ ဩဇာက (ဩဇဆိုတာက ပါဠိစကား ဩရယ် ဇရယ်။ ဩက ဥဒ္ဓ - အထက်ဆိုတဲ့ အနက်ကို ဟောတယ်။ မိမိဖြစ်ပြီးသည်မှ အထက် ဌီခဏသို့ ရောက်ရင်၊ ဇယ အာဟာရဇရုပ်ကို ဖြစ်စေရတယ်လို့ အနက်ရှိတယ်)။ အာဟာရဇရုပ်ကို ဖြစ်စေတတ်လို့ ကျုပ်ကို ဩဇာလို့ ခေါ်တာ။ ဒီတော့ ခင်ဗျား တို့က အမှီခံရုံ (နဲ့) အာရုံ အပြုခံရုံရယ်၊ ကျုပ်က အာဟာရဇရုပ်ကလာပ် တစ်ခုကို ဖြစ်အောင် ပြုလုပ်ပေးရမယ့် အလုပ်ကြီး အကြီးအကျယ် ရှိတယ်။ ဒါ့ကြောင့် မစောင့်ရှောက်နိုင် ဘူး" တဲ့။

စက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို မေး၊ "ခင်ဗျားမစောင့်နိုင်ဘူးလား"။ မစောင့် နိုင်ဘူး"။ "ဘာပြုလို့လဲ"။ "စက္ခုဝိညာဏ်က ဒီသန္တာန်မှာ လာဖြစ်ယင် ကျုပ်က အမှီခံ

http:\\www.dhammadownload.com



ရမှာ၊ ဒီတော့ ကျုပ်က စက္ခုဝိညာဏ်ရဲ့ **အမှီခံ ကိစ္စ** လုပ်ရလိမ့်မယ်။ မပြောပေမယ့် ပြောသကဲ့သို့ ကိုယ့်ကိစ္စနဲ့ကိုယ် ရှိတယ်။

ဒီတော့မှ ဇီဝိတကိုမေး၊ "ခင်ဗျားကော စောင့်ရှောက်မှုကိစ္စ လုပ်နိုင်ပါ့မလား"။ "အေး စောင့်ရှောက်မှု တာဝန် ကျုပ်ကို ထားလိုက်"။ ဒီ ဇီဝိတရုပ်ကနေပြီးတော့ သူ့ ကလာပ်သူ ကမ္မဇရုပ်တွေကို စောင့်ပေးတယ်။ အဲဒီ စောင့်ပေးမှု သဘာဝရှိတဲ့ ရုပ် တစ်မျိုး ရှိတယ်၊ အဲဒီရုပ်ကို ဇီဝိတ ခေါ်တယ်။

အာဟာရဇရုပ်ကို ဖြစ်စေတတ်တဲ့ ဓာတ်သတ္တု အဆီအစေးကို သြဇာခေါ်တယ်။

**ဇီဝ, သြဇာ၊ ဆယ့်ရှစ်မှာမူ၊ လေးဖြာဟေတု၊ ကြောင်းစတုကြောင့်၊ ဖြစ်မှု ပေါ်လာ၊ သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရှုပ၊ နိပ္ဖန္နတည်း။**

အခုပြောခဲ့တဲ့ ရုပ်တွေကို ပြန်ပြီးတော့ တစ်ခုစီ ရေတွက်ယင် တစ်ဆယ့်ရှစ်ခု ရှိ တယ်။ သို့သော် ဖောဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ တေဇော ဝါယောကို ယူပြီးတဲ့အတွက် အသစ် ဂဏန်း မတိုးနဲ့တော့၊ ယူပြီးလို့ ချန်လိုက်။ အဲဒီ တစ်ဆယ့်ရှစ်ပါးသော ရုပ်တွေဟာတဲ့ မိမိတို့ သက်ဆိုင်ရာ ကံတည်းဟူသော အကြောင်း၊ စိတ်ဟူသော အကြောင်း၊ ဥတု အကြောင်း၊ အာဟာရ အကြောင်းကြောင့် ပေါ်ပေါ်လောလော ဖြစ်တယ်။ မိမိတို့ရဲ့ ကိုယ်စီကိုယ်င ကိုယ့်သဘာဝနဲ့ သဘောအသီးသီးနဲ့ ပြီးကြ ဖြစ်ကြတယ်။ ဒါကြောင့် သူတို့ကို နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးလို့ ပါဠိလို ခေါ်ပါတယ်။

လက္ခဏာယာဉ် တင်ပြီးတော့ ဝိပဿနာ ရှုတဲ့အခါ ဒီနိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးပဲ ရှုရမယ်။ ဒါကြောင့် အဘိဓမ္မာကျတော့ သူ့ကို သမ္မသနရုပ်။ အနိစ္စ ဒုက္ခ အနတ္တလို့ အရှုခံတဲ့ရုပ်။ ဟိုဘက်က အနိပ္ဖန္နရုပ်။

**အနိပ္ဖန္နရုပ် ဆယ်ပါး**

**ထိုမှတစ်ပါး၊ ကလာပ်ခြားမျှ၊ အာကာသနှင့်**

**အာကာသဓာတ် ၁-ပါး**

ရုပ်ကလာပ် ကလေးတွေ တစ်ခုနဲ့တစ်ခု ရော မသွားအောင် ခြားပေးတဲ့ အန္တရ ဝိဝရ ဆိုတဲ့ ရုပ်ကလာပ်တစ်ခုနဲ့ တစ်ခုအကြား၊ ဒါကို အာကာသဓာတ်လို့ ခေါ်တယ်၊ ဒါ ရုပ်တစ်ပါး။

**ကာယဝစီ၊ နှစ်လီကိုယ်နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ဝိညတ် -**

http:\\www.dhammadownload.com



## ဝိညတ်ရုပ် ၂-ပါး

လွယ်လွယ် ဆရာတော်ကြီးက ပြောလိုက်တယ်။ ကိုယ်လှုပ်ရှားမှု=ကာယဝိညတ်ရုပ်၊ နှုတ်လှုပ်ရှားမှု=ဝစီဝိညတ်ရုပ်၊ အမှန်ကတော့ လှုပ်ရှားတဲ့ ကိုယ်၊ လှုပ်ရှားတဲ့ နှုတ်၊ အဲဒီလို လှုပ်ရှားတဲ့ ကာယကံရှင်၊ မြွက်ဆိုတဲ့ ဝစီရှင်ရဲ့ အလိုကို သိစေတတ်တဲ့ အမူအရာ သဘာဝသတ္တိကို ကာယဝိညတ်၊ ဝစီဝိညတ် ခေါ်တယ်။ သို့သော် ဆရာတော်ကြီးက အရပ်ထဲက လူတွေ ဖြန်းကနဲ အကြမ်းဖျင်း သသမ္ဘာရ ကထာအနေနဲ့ နားလည်အောင် ကိုယ်လှုပ်ရှားမှု=ကာယဝိညတ်၊ နှုတ်လှုပ်ရှားမှု=ဝစီဝိညတ်၊ ဒါ ဝိညတ်ရုပ် နှစ်ပါး။ နှစ်ခု ဝိညတ်။

**ရူပဿလဟု၊ မုဒု၊ ကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား၊**
**ပေါ့ပါးနူးညံ့၊ ကျန်းခံ့မှုရာ** - တဲ့။

## ဝိကာရရုပ် ၃-ပါး

ပါဠိလို ခေါ်တော့ ရူပဿလဟုတာ၊ ရူပဿ မုဒုတာ၊ ရူပဿ ကမ္မညတာလို့ ဝိကာရရုပ် သုံးပါးလို့ ခေါ်တယ်။ ဆိုခဲ့ပြီးတဲ့ နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးတို့ရဲ့ ပေါ့ပေါ့ပါးပါး ပေါ့ပါးမှု ဆိုတဲ့ဂုဏ်၊ အဲဒါကို ရူပဿလဟုတာ ခေါ်တယ်။ နိပ္ဖန္နရုပ်တို့ရဲ့ နူးညံ့မှု ဆိုတဲ့ဂုဏ်၊ ရူပဿ မုဒုတာ ခေါ်တယ်။ နိပ္ဖန္နရုပ်တို့၏ ထိုထိုကိစ္စ၌ ခံ့ကျန်းမှု ရူပဿ ကမ္မညတာလို့ ခေါ်တယ်။ အဲဒီ ရူပဿ လဟုတာ မုဒုတာ ကမ္မညတာရုပ် ရှိ မရှိကို မကျန်းမာတဲ့ ပုဂ္ဂိုလ်များကို ကျန်းမာတဲ့ ပုဂ္ဂိုလ်များက ကိုင်ကြည့်။ မကျန်းမာတဲ့ ပုဂ္ဂိုလ်များ ရုပ်က အင်မတန် လေးကန်တယ်။ လဟုတာ မရှိဘူး။ လက်ဖဝါး ခြေဖဝါးတွေ အကုန်လုံး ကြမ်းပြီးတော့ နူးနူးညံ့ညံ့ မရှိဘူး။ သြော် - သူ့မှာ မုဒုတာ မရှိဘူး ဟဲ့။ အင်း ကျန်းမာတဲ့ လူအဖို့ ရေပုံးကြီးဆွဲရမှာ ဝန်မလေးပေမယ့် အင်မတန် မကျန်းမာတဲ့ လူအဖို့ ရေခွက်ကလေး ကိုင်သောက်ဖို့ရာ အင်မတန် ဝန်လေးတယ်။ သွက်သွက်လက်လက် ချက်ချက်ချာချာ မရှိဘူး။ ကမ္မညတာရုပ် မရှိဘူး။ ပကတိ ကျန်းမာတဲ့ လူမှာ ကမ္မညတာရုပ်တွေ၊ နိပ္ဖန္နရုပ်တို့ရဲ့ ထိုထိုအမှုတို့၌ ခံ့ကျန်းခြင်းကို ရူပဿ ကမ္မညတာ ဆိုတဲ့ ဂုဏ်ရုပ်တွေ ရှိတယ်။ ဒါကို " ရူပဿလဟု၊ မုဒုကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား" အဲဒီ ရုပ်သုံးခုကို ဝိကာရရုပ်လို့ ခေါ်တယ်။ 'ပေါ့ပါးနူးညံ့၊ ကျန်းခံ့မှုရာ' တဲ့၊ ပေါ့ပါးတဲ့ အမူအရာ၊ နူးညံ့တဲ့ အမူအရာ၊ ကျန်းခံ့တဲ့ အမူအရာ၊ ဒီသုံးပါးကို အစဉ်

http:\\www.dhammadownload.com



အတိုင်း ရူပဿ လဟုတာ၊ ရူပဿ မုဒုတာ၊ ရူပဿ ကမ္မညတာလို့ ခေါ်တယ်တဲ့။ တစ်ခါသွားလိုက်၊ လက္ခဏာရုပ်အတွက်။

**တစ်ဖြာထိုမှ၊ ဥပစယ၊ အစပွားတိုး၊ အရိုးပြည့်မိ၊ တည်စဉ် သန္တတိ။**

## လက္ခဏာရုပ် ၄-ပါး

ဥပစယ ရုပ်တစ်မျိုး၊ သန္တတိရုပ်တစ်မျိုး၊ '**ရင့်ဘိ ဇရာ**' တဲ့။ ရင့်ရော်တဲ့ အပိုင်းကို ဇရာလို့ ခေါ်တယ်။ "**ပျက်မှာ အနိစ္စ**" ရုပ်ကလာပ်တွေ ဘင်ခဏသို့ ရောက်ပြီးတော့ ပျက်တဲ့ အပိုင်းကလေးကို ရူပဿ အနိစ္စတာလို့ ခေါ်တယ်။

ရုပ်ကလာပ်တိုင်း ကလာပ်တိုင်းမှာ ဖြစ်စ ဥပါဒ်ပိုင်း၊ တည်နေတဲ့ ဠီပိုင်း၊ ပျက်တဲ့ ဘင်ပိုင်းလို့ အပိုင်းသုံးပိုင်း၊ သုံးခဏ ရှိတယ်။ အဲဒီ သုံးခဏမှာ ဖြစ်စဆိုတဲ့ ဥပါဒ်ပိုင်းကို နှစ်မျိုးခွဲရမယ်။ တစ်ဘဝ တစ်ဘဝ၌ ရသင့်ရထိုက်သော ရုပ်ကလာပ်တို့ မပြည့်စုံသေးမီ ဤအတွင်းမှာ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တို့ရဲ့ ဥပါဒ်ကို ဥပစယလို့ ခေါ်တယ်။ အဲဒီ ရသင့်ရထိုက်တဲ့ ရုပ်ကလာပ်တွေ ပြည့်စုံပြီးတဲ့ အချိန်ကစ၍ နောက်ထပ်ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တို့ရဲ့ ဥပါဒ်ကို **သန္တတိ** လို့ ခေါ်တယ်။ ရုပ်ကလာပ် မစုံချိန်၊ ရုပ်ကလာပ် စုံချိန်၊ နှစ်ချိန်စလုံးမှာပင်လျှင် တစ်သက်တာလုံး ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တို့ရဲ့ ဠီကို **ဇရတာ**၊ ရုပ်တို့ရဲ့ ဘင်ပိုင်းကလေး ပျက်စီးတဲ့အပိုင်းကလေးကို **အနိစ္စတာ** လို့ ဒီလေးခုကို လက္ခဏာရုပ် ခေါ်တယ်။ ဒါကို -

**ဥပစယ၊ အစပွားတိုး၊ အရိုးပြည့်မိ၊ တည်စဉ်သန္တတိ၊ ရင့်ဘိဇရာ၊**
**ပျက်မှာအနိစ္စ၊ ဤလေးဝမှု၊ လက္ခဏာရုပ်၊ ခေါ်သမုတ်၏။**

## ရုပ်ပေါင်းဆယ်တန်၊ အနိပ္ဖန်တည့်

သူတို့က နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးကို လွတ်ပြီးတော့ သူတို့ချည်း သီးခြား ပြောလို့ မရဘူး။ နိပ္ဖန္နရုပ်နဲ့ ကိုင်ကိုင်ပြောတယ်။ နိပ္ဖန္နရုပ်တို့ရဲ့ ဂုဏ်သဘောရှိတယ်။ အဲဒါကြောင့် သူတို့ကို သီးခြား မိမိတို့ဘာသာ ယူလို့မရနိုင် မပြီးနိုင်သောကြောင့် သူတို့ကို အနိပ္ဖန္နရုပ် ဆယ်ပါးလို့ ခေါ်တယ်။ နှစ်ရုပ်ပေါင်းလိုက်ပါတဲ့။

**ရုပ်ပေါင်းဆယ်တန်၊ အနိပ္ဖန်တည့်၊ နိပ္ဖန်ဆယ့်ရှစ်၊ ပေါင်းတုံလစ်က၊**
**ရှစ်ခုစွန်းကယ်၊ ရုပ်နှစ်ဆယ်သည်၊ အကျယ် ရူပက္ခန္ဓာတည်း။**

http:\\www.dhammadownload.com



အဲဒီ စာပိုဒ်ကလေးရတဲ့ အမျိုးသား အမျိုးသမီးများဟာ မိမိကိုယ်မှာ ရှိတဲ့ ရုပ်တွေကို ဆရာသမားများထံ မေးမြန်းလျှောက်ထားပြီး ရှာကြရမယ်။ အဲဒါကို ရူပက္ခန္ဓာ ခေါ်တယ်။

**ဝေဒနာက္ခန္ဓာသဘော သရုပ်ခွဲခန်း**

ဝေဒနာက္ခန္ဓာ = ဝေဒနာအစု၊
ဘာကို ဝေဒနာ ခေါ်သလဲ။

**ခံစား ခံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ်၊ ခန္ဓာမှတ်လော့။**

ခံစားတယ်၊ စံစားတယ်၊ များသောအားဖြင့် ချမ်းသာသုခ ဝေဒနာကျတော့ စံစားသည်။ ဒုက္ခနဲ့ကျတော့ ဒုက္ခခံစားနေရတာပါလို့ ပြောကြတယ်။ ခံစားတယ်လို့ ပြောပြော၊ စံစားတယ်လို့ ပြောပြော၊ အဲဒီလို ပြောယူရတဲ့ သဘာဝတစ်မျိုး ဒီ ကိုယ်ထဲမှာ ရှိတယ်။ သူ့ကို ဝေဒနာလို့ ခေါ်ပါတဲ့။ အဲဒီ ဝေဒနာအစု ဆိုတာ ဘယ်လိုလဲ။

**သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာဟူ၊ လျစ်လျူခံစား၊ မထင်ရှားတည်။**

**ဝေဒနာ ၃-ပါး**

အဲဒီ ဝေဒနာဟာ ခံစားမှု အနေနဲ့ သုံးမျိုး ရှိတယ်။ သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ= ဆင်းဆင်းရဲရဲ ခံစားမှုကို **ဒုက္ခဝေဒနာ** ခေါ်တယ်။ သုခချမ်းသာ=ချမ်းချမ်းသာသာ ခံစားမှုကို သုခဝေဒနာ၊ ဥပေက္ခာဟူ လျစ်လျူခံစား မထင်ရှားတည်း=မထင်မရှား အလယ်အလတ် လျစ်လျူခံစားမှု သဘောကို **ဥပေက္ခာဝေဒနာ** ခေါ်တယ်။ သုံးခု ရတယ်။

ကိုယ်ပေါ်တင်ပဲကြည့်၊ ချောမွေ့နူးညံ့တဲ့ အဝတ်ကလေး ဝတ်လိုက်ရယင် အတွေ့ကောင်းလိုက်တာ၊ ဒါ ချမ်းချမ်းသာသာ ခံစားမှု။ ဒီ ကိုယ်ပေါ်မှာ ဆူးကလေး ကျလိုက်တော့ နာလိုက်တာ၊ ဒါ ဆင်းဆင်းရဲရဲ ခံစားမှု၊ အလယ်အလတ် မထင်မရှား ခံစားမှုတွေကတော့ ကာယပေါ်မှာတော့ မဖြစ်ဘူးပေါ့။ ဒီကိုယ်ထဲမှာ မထင်မရှား ခံစားမှုကို ဥပေက္ခာလို့ ခေါ်တယ်။ ဥပက္ခာဝေဒနာ။ ဒါကို - ဥပေက္ခာဟူ၊ လျစ်လျူခံစား၊ မထင်ရှားတည်း။

**ငါးပါးအလို၊ တစ်ပုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊
ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲလော့။**

http:\\www.dhammadownload.com



## ဝေဒနာ ၅-ပါး

ဝေဒနာငါးပါးရအောင် စဉ်းစားကြည့်စမ်း။ ကိုယ်ချမ်းသာမှု ကာယိကသုခ။ အဝတ်အချောကလေး ကိုယ်ပေါ်မှာ တွေ့လိုက်ယင် အတွေ့တယ်ချမ်းသာတယ်။ ဒါ ကာယိကသုခ ခေါ်တယ်။ ဒီ ကိုယ်ပေါ်မှာ ဆူးကျတော့ ကာယိက ဒုက္ခ ဝေဒနာ ဖြစ်တယ်။ ထို့အတူ စိတ်ပေါ်မှာလဲပဲ ကိုယ်ကြိုက်တဲ့ အာရုံနဲ့ ကျတော့ သိပ်ပြီး ချမ်းသာတယ်၊ စေတသိက သုခ၊ မကြိုက်တဲ့ဟာကျတော့ ငါ ဒါ ကြည့်ရတာ၊ ဒါ ကြားရတာ စပါးမွေးစူးလွန်းလို့၊ အဲဒီလို ပြောရော၊ စိတ်ထဲမှာ မသက်မသာ ခံစားမှု စေတသိက ဒုက္ခဝေဒနာတဲ့။ ဥပေက္ခာကတော့ စေတသိက်ချည်းပဲ၊ ကာယိက မရှိဘူး၊ တစ်မျိုးတည်း။

ကာယိက သုခဝေဒနာ၊ ကာယိက ဒုက္ခဝေဒနာ၊ စေတသိက သုခဝေဒနာ၊ စေတသိက ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာလို့ ငါးပါးခွဲတတ်ပါစေ။ ဒါတွေနဲ့ မိမိနေ့စဉ် တွေ့တယ်။

**တစ်ခုထို့ပြင်၊ အမြင်အကြား၊ အနံ့အာနင့်၊ စားလျက်တွေ့ထိ၊**
**ကြံသိ ၆-ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲပြား၊ ဆယ့်ရှစ်ပါးတည်း။**

**ဝေဒနာပေါင်း ၁၈-မျိုး**

အမြင်နဲ့ ပတ်သက်ပြီးတော့ ချမ်းသာတဲ့သုခ ဝေဒနာ၊ ဆင်းရဲတဲ့ ဒုက္ခဝေဒနာ၊ အလယ်အလတ် လျစ်လျူဆိုတဲ့ ဥပေက္ခာဝေဒနာလို့ သုံးမျိုး ရှိတယ်။ ဆိုကြပါစို့ ...၊ ကိုယ်မချစ်တဲ့လူ၊ ကိုယ်မချစ်တဲ့ အာရုံ မျက်စိနဲ့ မြင်ရပြီ ဆိုလို့ရှိယင် အဲဒီနောက်မှာ ဒုက္ခဝေဒနာတွေ ဝင်လာတယ်။ ကိုယ်နှစ်သက်တဲ့ ချစ်တဲ့အာရုံကို မျက်စိနဲ့မြင်ရယင် သုခဝေဒနာတွေ ဝင်လာတယ်။ ကိုယ်ချစ်သည်လဲည်း မဟုတ်၊ မချစ်မနှစ်သက်သည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်တဲ့ အာရုံကို မြင်ရတော့ အလယ်အလတ် ဥပေက္ခာ ဝေဒနာ နောက်ပိုင်းက ဖြစ်တယ်။

အသံမှာလဲ ထို့အတူပဲ၊ ချစ်နှစ်သက်အပ်သော အသံ၊ မချစ်မနှစ်သက်အပ်သော အသံ၊ အလယ်အလတ် မဇ္ဈတ္တအသံလို့ အသံသုံးမျိုး ရှိတယ်။ ချစ်နှစ်သက်တဲ့ အသံကြားယင် သုခဝေဒနာ ဖြစ်တယ်။ ကြားတဲ့ သောတဝိညာဏ်မှာတော့ မဖြစ်ဘူးပေါ့။ ဒီ ကြားတဲ့ နောက်နားက သုခဝေဒနာဖြစ်ပြီ။ ကိုယ်မချစ်မနှစ်သက်တဲ့ အသံကို ကြားရပြီဆိုယင် ကြားတုန်းတော့ ဒုက္ခဝေဒနာ မဖြစ်ပါဘူး၊ အလယ်အလတ် ဥပေက္ခာ သောတဝိညာဏ် ဖြစ်တယ်။ သို့သော် အဲဒီ သောတဝိညာဏ်ရဲ့ နောက်မှာ မခံချင်မှုတွေ မသက်

http:\\www.dhammadownload.com



သာမှု ဒုက္ခဝေဒနာတွေ ပါလာတယ်။ အလယ်အလတ် အသံ သဒ္ဒါရုံကျတော့ ဥပေက္ခာဝေဒနာ။ ဒီတော့ အာရုံခြောက်ပါးမှာ -

၁။ အဆင်းကို မြင်တဲ့အခါ

၂။ အသံကို ကြားတဲ့အခါ

၃။ အနံ့ကို နမ်းရှူတဲ့အခါ

၄။ အရသာကို လျက်တဲ့ စားတဲ့အခါ

၅။ အတွေ့အထိကို တွေ့ထိတဲ့အခါ

၆။ ရုပ်နာမ်ဓမ္မကို မနောဒွါရ မနောဝိညာဏ် ဆင်ခြင်တဲ့အခါ

တစ်ခါတလေ သုခဖြစ်တယ်၊ တစ်ခါတလေ ဒုက္ခ ဖြစ်တယ်၊ တစ်ခါတလေ ဥပေက္ခာ ဖြစ်တယ်။ အဲဒီတော့ ဒီခြောက်ပါးနဲ့ ပွားယူလိုက်ယင် သုခ ၆-မျိုး၊ ဒုက္ခ ၆-မျိုး၊ ဥပေက္ခာ ၆-မျိုး၊ ပေါင်း ၁၈-မျိုး ဖြစ်တယ်တဲ့။ ဒါကြောင့် -

အမြင်အကြား၊ အနံ့အားနှင့်၊ စားလျက်တွေ့ထိ၊ ကြံသိ ၆-ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲပြား၊ ဆယ့်ရှစ်ပါးတည်း။

**သုံးပါးကာလ၊ ပွားထတုံသော်၊ ငါးဆယ့်လေးတည်း။**

**ဝေဒနာ ၅၄-မျိုး**

ယမန်နေ့က စပြီးတော့ လွန်ခဲ့တဲ့ ရက်တွေ လတွေ နှစ်တွေတုန်းက ခံစားခဲ့တာကို ပြန်ကြည့်ယင် ဒီ ၁၈-မျိုးပဲ။ ယနေ့ ဒီပစ္စုပ္ပန်မှာ ခံစားတာလဲ ၁၈-မျိုးပဲ။ နောက်ရက် နောက်လ နောက်နှစ် နောက်တချိန်တွေမှာ အနာဂတ်မှာ ခံစားတာလဲ ၁၈-မျိုးပဲတဲ့။ ဆယ့်ရှစ်သုံးလီ ငါးဆယ့်လေး (၁၈× ၃) = ၅၄။

**တစ်ရေးသန္တာန်၊ နှစ်ပွားပြန်က၊ တစ်ရာ့ရှစ်ပင်၊ အကျယ်မြင်လော့။**

**ဝေဒနာပေါင်း ၁၀၈-မျိုး**

သန္တာန် ၂-ပါးနဲ့ ပွားဦး၊ ကိုယ်ခံစားမှု အဇ္ဈတ္တသန္တာန် ၅၄-ရှိတယ်။ မိမိမှတစ်ပါး အခြားသော ပုဂ္ဂိုလ်တွေဟာ မိမိမှ ထောက်ယင် ဗဟိဒ္ဓတွေ ခေါ်တယ်။ အခြားသော ပုဂ္ဂိုလ်တို့ရဲ့ ခံစားမှု သူခံစားမှု ၅၄။ နှစ်ရပ်ပေါင်းလိုက်တော့ ဝေဒနာ အကျယ်တစ်ရာ့ရှစ် (၅၄+၅၄=၁၀၈) ဖြစ်တယ်။ ဒါကို ဆရာတော်ဘုရားကြီးက 'တစ်ရေးသန္တာန်၊ နှစ်ပွားပြန်က၊ တစ်ရာ့ရှစ်ပင်၊ အကျယ်မြင်လော့' လို့ မိန့်ပြောတာ။

http:\\www.dhammadownload.com



ဝေဒနာက္ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ရှုချင်ယင် အဲဒီလို ဝေဒနာ တရားလုံးတွေကို စဉ်းစားရဦးမယ်။ ကိုင်း သညာ သွားရအောင်။

**သညာက္ခန္ဓာသဘော သရုပ်ခွဲခန်း**

**ထိုပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်။**

**သညာဆိုတာဘာလဲ –**

သညာဆိုတာ ဘာခေါ်သလဲဆိုတော့ လောကကြီးမှာ လိမ္မာလိုက်တာ၊ တတ်လိုက်တာ၊ သိလိုက်တာ၊ ပါးနပ်လိုက်တာလို့ လောကီရေးရာမှာ လိမ္မာတယ်၊ တတ်တယ်၊ သိတယ်၊ ပါးနပ်တယ်ဆိုတာတွေဟာ သညာပဲ။ ဒါ ဆရာတော်ကြီးမို့လို့ လူတွေ တစ်ခါတည်း ဖြန်းကနဲ သဘောကျအောင် ပြောတာ၊ ဆရာတော်ကြီး ပြောတာကို မတွေ့ရ၊ မသိရတဲ့ စာပေသက်သက် ပုဂ္ဂိုလ်ဆိုလို့ရှိယင် သညာဆိုတာ အမှတ်ပြု၍ သိတာဆိုတာ ဘာတုန်းဆိုတော့ မပြောတတ်တော့ဘူး။ ဒါ အမှန်အတိုင်း ဝန်ခံတာ။ ဆရာတော်ကြီးကတော့ ပရိယတ်လဲ ပါတယ်။ ကိုယ်တိုင်လဲ ကျင့်သုံးတယ်။ စိန္တာကဝိ=ဓမ္မသဘာဝကိုလဲ အလွန်နက်နက်နဲနဲ စဉ်းစားဆင်ခြင်တဲ့ ပညာရှိကြီးဖြစ်တော့ ဒီသညာအကြောင်းကို လူတွေ နားလည်အောင် ပြောယင် ဟောဒီလို ပြောမှ နားလည်တယ်ဆိုပြီးတော့ ရဲရဲကြီး ပြောသွားတယ်။ 'ထို့ပြင် သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်" လိမ္မာလိုက်တာ၊ တတ်လိုက်တာ၊ သိလိုက်တာ စတဲ့ လောကီရေးရာမှာ လိမ္မာတယ်ဆိုသမျှ တတ်တယ် သိတယ် ဆိုသမျှ၊ ပါးတယ် နပ်တယ် ဆိုသမျှ ဒါတွေဟာ သညာတွေပဲတဲ့။ ဆရာတော်ကြီးက အချုပ် အဲဒီလို ပြောတယ်။

**လူ၏ဘောင်မှာ၊ လူတကာနဲ၊ လိမ္မာမြဲမူ၊ မှတ်စွဲဖြာဖြာ၊ ဤသညာပင်။**

လူ့ဘောင်လောကမှာ သူများနည်းတူ လိမ္မာတယ်၊ ရောင်းမှု ဝယ်မှု လိမ္မာတယ်၊ ပြောမှု ဆိုမှု လိမ္မာတယ်။ လောကီနယ်ပယ်မှာ လိမ္မာတယ်ဆိုတာတွေဟာ သညာတွေချည်းထဲပါပဲတဲ့။

**နတ်မှာ နတ်လျောက်၊ လိမ္မာမြောက်၏၊ အောက်အပါယ်သား၊ ကျွဲ၊ နွား၊ မြင်း၊ ဆင်၊ မြင်မြင်သမျှ၊ အနန္တလည်း၊ ဘာဝ ဘာဝ၊ သိတတ်ကြ၏။**

အထိုက်အလျောက် သူ့သဘာဝအလျောက် သိတတ်ကြတယ်၊ လိမ္မာကြတယ်။ ဒါကြောင့် ဆင်လိမ္မာ၊ မြင်းလိမ္မာ၊ ကျွဲလိမ္မာ၊ ခွေးလိမ္မာနဲ့ အဲဒီလို ပြောယူရတတ်။

http:\\www.dhammadownload.com



အဲဒီလို ဘာဝ ဘာဝ သိတတ်ကြတဲ့ သဘာဝကလေးတွေဟာတဲ့ သူ့အလိုက် သိတတ်တဲ့ သဘာဝဟာ လောကီရေးရာမှာ သိတယ်ဆိုတဲ့ သဘာဝဟာ သညာတွေပါပဲ။

**လောကအလုံး၊ မြော်မဆုံးအောင်၊ အသုံးတွင်စွာ၊ အလိမ္မာဟု၊**

**အခြာအချုပ်၊ ခေါ်သမုတ်၏၊**

လောကမှာ သူ့ အချုပ်အခြာပဲတဲ့။ အလိမ္မာလို့ သူ့ကို ခေါ်တယ်။

**မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာကျွမ်းကျင်၊ သညာပင်တည်း၊**

**သို့စဉ်နည်းပြ၊ သိကုန် ကြလော့၊**

မုဆိုးအရာမှာ မုဆိုး လိမ္မာတယ်၊ တံငါရဲ့ အရာမှာ တံငါ လိမ္မာတယ်၊ တောင်သူ နေရာမှာ တောင်သူ လိမ္မာတယ်၊ သူ့နေရာနှင့်သူ ကျွမ်းကျင်လိမ္မာမှုတွေဟာ သညာပဲတဲ့။ မုဆိုးကြည့်။ အရပ်သားက တောထဲဝင်သွားယင် ဆင်ရှိမှန်း ကျားရှိမှန်း မသိဘူး။ မုဆိုးကျတော့ သိတယ်။ ဟာ မသွားနဲ့၊ ဒီအထဲမှာ ကျားရှိတယ်။ အနံ့နဲ့ သူတို့ သိတယ်။ ဘယ်လောက်အတွင်းမှာ ရှိတယ် ထိအောင်တောင် သိတယ်။ ဒါမုဆိုး။ တံငါမှာလဲ အရပ်သား ရေထဲလှမ်းကြည့်၊ ပွက်ယင် ရေပွက်တယ်ပဲ သိတယ်၊ ပုဇွန်ပွက်တာ၊ ငါးပွက် တာ နားမလည်ဘူး။ အဲ တံငါကတော့ဖြင့် ဟောဒါ ပုဇွန်ပွက်တာ၊ ဒါက ငါးပွက်တာ၊ ဒီဟာက ဘာငါး၊ အဲဒါလောက်ထိအောင် နားလည်တယ်။ သူတို့နယ်ပယ်မှာ သူတို့ ကျွမ်းကျင်သမျှ၊ လိမ္မာသမျှတွေဟာ သညာတဲ့။ "မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာ ကျွမ်းကျင်၊ သညာပင်တည်း။" ပန်းထိမ်အရာမှာ ပန်းထိမ်ဆရာ လိမ္မာတယ်။ ဈေးသည် ဟာ ဈေးရောင်းမှုမှာ လိမ္မာတယ်။ အကုန်လုံး မိမိတို့ဆိုင်ရာ မိမိတို့အမှုမှာ လောကီ ရေးရာ လိမ္မာသမျှ ကျွမ်းကျင်သမျှ ဒါဟာ သညာသါပဲတဲ့။ မုဆိုးနဲ့တံငါ အခု ပြောခဲ့တာ က နည်းပြတာ။ "သို့စဉ် နည်းပြ၊ သိကုန်ကြလော့။"

ဒါတွေကို ချုပ်ပြောစမ်းပါဆိုတော့ -

**ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ-**

**သညာ ၆-မျိုး**

ဘုရားဟောတဲ့ ပါဠိတော်များမှာ သညာဟာတဲ့ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာလို့ အာရုံအလိုက် ခြောက်မျိုး ရှိတယ်။

ရူပါရုံနဲ့ ပတ်သက်၍ လိမ္မာပါးနပ်သမျှ ရူပသညာ၊ သဒ္ဒါရုံနဲ့ ပတ်သက်၍ လိမ္မာ ပါးနပ်သမျှ သဒ္ဒသညာ၊ ဂန္ဓာရုံနဲ့ ပတ်သက်၍ ဂန္ဓသညာ၊ ရသာရုံနဲ့ ပတ်သက်၍

http:\\www.dhammadownload.com



လိမ္မာပါးနပ်သမျှ ဂန္ဓသညာ၊ ရသာရုံနဲ့ ပတ်သက်၍ လိမ္မာပါးနပ်သမျှ ရသသညာ၊ ဖောဋ္ဌဗ္ဗရုံနဲ့ ပတ်သက်၍ လိမ္မာပါးနပ်သမျှ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံနဲ့ ပတ်သက်၍ လိမ္မာပါးနပ်သမျှ ဓမ္မသညာလို့ ခြောက်ခုဆိုယင် အားလုံးကုန်တာပါပဲ။

**ပွားပြန်ဘိမူ၊ မြေသိရေသိ၊ နေ လ သိက၊ စသည်သွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာက္ခန္ဓာတည်း။**

ချုံးလိုက် ချဲ့လိုက်။ ချုံးယင် ခြောက်ပါးပဲ။ ချဲ့လိုက် ပွားလိုက်ယင် မြေဟူ၍ သိတာ၊ ရေဟူ၍သိတာ၊ လေဟူ၍သိတာ၊ မီးဟူ၍သိတာ၊ နေဟူ၍သိတာ၊ လဟူ၍သိတာ၊ နက္ခတ်တာရာ ကြယ်တွေပဲဟု သိတာ၊ ဒါတွေ ပညာသိတွေ မဟုတ်ဘူးတဲ့၊ သညာသိတွေ ဖြစ်တယ်။ ဒီလောကမှာ သညာ အကျယ်ဆုံးပါတဲ့။ ဒါကို ဆရာတော်ဘုရားကြီးက "မြေသိရေသိ၊ နေလသိက၊ စသည်သွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာက္ခန္ဓာတည်း။" သညာက္ခန္ဓာ = လိမ္မာပါးနပ်မှုအစုပဲ။

### သင်္ခါရက္ခန္ဓာသဘော သရုပ်ခွဲခန်း

သင်္ခါရက္ခန္ဓာ ပြောကြပါစို့။ သင်္ခါရက္ခန္ဓာမှာ လက်ာတစ်ပုဒ်ရေးတယ်။ လူတိုင်းလူတိုင်း နားလည်အောင် သင်္ခါရက္ခန္ဓာ ပြောစမ်းပါ၊ ဘုန်းကြီးတို့ လာမေးယင် သင်္ခါရက္ခန္ဓာ ငါးဆယ် ရှိတယ်။ ငါးဆယ်ဆိုတာ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ... လျှောက်ပြောမယ်။ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ ငါးဆယ်လုံးကုန်အောင် လျှောက်ပြောမယ်။ ကရုဏာ မုဒိတာထိအောင် ပြောမယ်။ အဲဒါ သင်္ခါရက္ခန္ဓာပဲ၊ လာမေးတဲ့ ဒကာကြီးက စိတ်ထဲမှာ သဘောမကျဘူး၊ ဆရာတော်ကြီးကတော့ သဘောကျအောင် ဘာပြောလိုက်သလဲ။

**ကာယဝစီ၊ မနောပြီးသည့်၊ သုံးလီကမ္မ၊ သင်္ခါရမူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။**

### သင်္ခါရက္ခန္ဓာ ၅၀–ပါး

ကာယဝစီ၊ မနောပြီးသည့်၊ သုံးလီကမ္မ၊ သင်္ခါရတဲ့။ ဆရာတော်ကြီးက ဒီလို ပြောတယ်။ ကာယကံမှု ပြုပြုသမျှတွေ ဒါ သင်္ခါရ – သင်္ခါရက္ခန္ဓာပဲ။ ဝစီကံမှု ပြောဆိုသမျှ၊ စိတ်နဲ့ ကြံစည်သမျှ၊ မနောကံမှုတွေ ဒါတွေဟာ သင်္ခါရက္ခန္ဓာပဲတဲ့။ ဘယ်သူမှ မဟုတ်ဘူးလို့ မပြောနိုင်ဘူး၊ ဒါ အမှန်ပဲ။ ဒီတော့ လူတွေ ချိုင်းကနဲ သဘောကျသွားရော၊ လူ့လောက နားမလည်မှာကို တတ်နိုင်သမျှ နားလည်အောင် ဆရာတော်ကြီးက ဓမ္မ

http:\\www.dhammadownload.com



တရားလုံးအနေနဲ့ သင်္ခါရက္ခန္ဓာကို ပြောယင် ငါးဆယ်ရှိတယ်တဲ့။

ကာယဝစီ၊ မနောပြီသည့်၊ သုံးလီစမ္မ၊ သင်္ခါရမူ။ ကာယကံ ဝစီကံ မနောကံတွေကို သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်။ သူ့ကို ပရမတ္ထတရားလုံးနဲ့ ကြည့်လို့ ရှိယင်ဖြင့် သုံးလီကမ္မ၊ သင်္ခါရမူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။ ပရမတ္ထတရားသား ရောက်ယင် တစ်ခါတည်း ပျင်းလာပြီး အိပ်ချင်သွားတတ်တယ်။ အဲဒီ ငါးဆယ်ကိုလဲပဲ နားလည်အောင် ဆရာတော်ကြီးက ထုတ်ပြောတယ်။

**တွေ့ငြား ဖဿ** တဲ့။

အဆင်းမြင်တယ်၊ အသံကြားတယ်၊ အနံ့ရှူတယ်၊ အစာ စားလိုက်ရတယ်။ အတွေ့အထိတွေ၊ စိတ်နဲ့ ဓမ္မသဘော ကြုံစည်တယ်။ အဲဒီနေရာမှာ မျက်စိနဲ့ ကြည့်လိုက်၊ ကိုယ်နှစ်သက်တဲ့ အာရုံကျတော့ ဩော် ... မျက်စိထဲ တွေ့လိုက်တာဟ၊ အင်း ... ကိုယ်မုန်းတဲ့ အာရုံကျတော့ ဒါကြီး ကြည့်ရတာ မတွေ့ပါဘူး၊ တကထဲ မျက်စိထဲ စပါးမွေးစူးတယ်၊ ဘာညာပြောတယ်။ ဘယ်ဟုတ်မလဲ၊ တွေ့တော့ တွေ့တာပေါ့၊ အတွေ့ ကြမ်းလွန်းလို့။

မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ လို့၊ အတွေ့ခြောက်မျိုး ရှိတယ်။ ဒါကြောင့် ဆရာတော်ကြီးက တွေ့ငြား ဖဿ။

**ဆော်ထ စေတနာ** –

အားလုံးသော ပရမတ္ထ တွဲဖက်တရားတွေ၊ မိမိတို့ရဲ့ လုပ်ငန်းကို မလုပ် လုပ်အောင် လှုံ့ဆော်ပေးတဲ့ သဘာဝတစ်ခုကို စေတနာခေါ်တယ်တဲ့။

**ဧကဂ္ဂါမှု၊ တည်ကြည်ဟူ၏**။ လူ့စိတ်ဟာ မျောက်စိတ်ကဲ့သို့ အင်မတန် ပျံ့လွင့်နေတဲ့ ဒီစိတ်ကို ဒီအာရုံထဲမှာ စိတ္တလက္ခဏာကလေး ဒီတစ်ဝီထိစာကလေး တခြား ရောက်မသွားအောင် တည်ကြည်အောင် လုပ်ပေးတာ ဧကဂ္ဂတာ စေတသိက်ပဲတဲ့။

**သက်မှုဇီဝိ၊ မနသိကား၊ နှလုံးထားတည်**။ ဒီဖြစ်ပေါ်လာတဲ့ နာမ်တရားကလေးတွေ ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ သူတို့ရဲ့ အသက်ပြည့် နေနိုင်ဖို့ရန် သူတို့ရဲ့ အချိန်ပြည့် နေနိုင်ဖို့ရန် စောင့်ရှောက်ပေးတဲ့ တရားဟာဖြင့် ဇီဝိတပဲတဲ့။ ဇီဝိတစေတသိက်ပဲတဲ့။ မနသိကာရဆိုတာ အာရုံကို စိတ်၌ ယူပေး၊ နှလုံး၌ ထားပေးတယ်ဆိုတာ အာရုံကို စိတ်၌လာပြီး ထားပေးသကဲ့သို့ ဖြစ်တဲ့သဘော၊ ဒါကို နှလုံးသွင်းတယ်။ နှလုံးထဲကို အာရုံကို သွင်းပေးတဲ့ သဘော။ ဒါ မနသိကာရပဲ။ အဲဒါ **တွေ့ငြားဖဿ၊ ဆော်ထ**

http:\\www.dhammadownload.com



**စေတနာ၊ ကေဂ္ဂါမှု၊ တည်ကြည်ဟူ၏၊ သက်မှုဇီဝိ၊ မနသိကာရ၊ နလုံးထားတည့်။**

**ငါးပါးစမ္မ၊ စိတ်တိုင်းရ၏။**

ဒီငါးပါးဖြင့် စိတ်တိုင်း စိတ်တိုင်းမှာ သူတို့ ယှဉ်ကြတယ်။ ဆိုခဲ့ပြီးတဲ့ ဖဿ၊ ဆိုခဲ့ပြီးတဲ့ ဝေဒနာနဲ့ သညာတို့လဲ စိတ်တိုင်း စိတ်တိုင်းမှာ ပါတယ်။ ဒါကြောင့် ဝေဒနာရယ်၊ သညာရယ်၊ ယခု ငါးပါးရယ် ပေါင်းယင် ဘုန်းကြီးတို့ သင်္ဂြိုဟ်စကားက "သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး" လို့ ဒီလို နာမည်သုံးရမယ်နော်။ ခပ်သိမ်းသော စိတ်တို့နှင့် ဆက်ဆံတယ်။ ယှဉ်တွဲကြတယ်။ ယခု ဒီမှာတော့ သခ်ါရက္ခန္ဓာထဲက ငါးပါးမို့လို့ "ငါးပါးစမ္မ၊ စိတ်တိုင်းရ၏" လို့ ဆိုတာ။

**ပကိဏ်းစေတသိက် ၆-ပါး**

ဟိုဘက် ပကိဏ်းစေတသိက် ခြောက်ပါးကိုတော့ **တက္ကကြံခြင်း၊ ဖွဲ့ရစ်ခြင်းမှာ၊ ဝိစာရမှတ်**။ ထွေထွေလာလာ ကြံစည်ခြင်းကို ဝိတက်စေတသိက် ခေါ်တယ်။ ထိုထိုအာရုံ၌ တရစ်ဝဲဝဲ ဖြစ်ပွား၍ နေခြင်းဟာဖြင့် ဝိစာရပဲ။

**ဆုံးဖြတ်ဓိမောက္ခ၊ ဝီရိယနှင့် ဆန္ဒပီတိ၊ ထင်ရှားဘိ၏။**

မှန်မှန်မှားမှား တစ်ဘက်သတ် ဆုံးဖြတ်ချက် ချလိုက်တာ ဒါ အဓိမောက္ခပဲ။ နောက် ဝီရိယ စေတသိက်ရယ်၊ ဆန္ဒစေတသိက်ရယ်၊ ပီတိစေတသိက်ရယ်၊ ဒီစေတသိက် သုံးပါးဟာ အများအရပ်ထဲမှာကို အင်မတန် ဝီရိယရှိတဲ့လူ၊ အင်မတန် ဆန္ဒကောင်းတဲ့လူ၊ အောင်မယ် သူဟာ ပီတိဖြစ်နေလိုက်တာနဲ့ ပြောဆိုနေကြလို့ အင်မတန် ထင်ရှားတဲ့ တရားတွေပါ။ ဒါကို ဆရာတော်ဘုန်းကြီးက "ဝီရိယနှင့်၊ ဆန္ဒ ပီတိ၊ ထင်ရှားဘိ၏" လို့ ပြောတာ။ အဲဒီ ယခုပြောခဲ့တဲ့ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒကို ပကိဏ်းစေတသိက် ခြောက်ပါးလို့ ခေါ်တယ်။

**အကုသိုလ် စေတသိက် ၁၄-ပါး**

**မသိမလင်း၊ မထိုးထွင်းချက်၊ မောဟနက်တည့်**။ ဒုက္ခကို ဒုက္ခမှန်း မသိ၊ ဒုက္ခရဲ့ အကြောင်းဖြစ်တဲ့ သမုဒယကို ဒုက္ခရဲ့ အကြောင်းပဲလို့ မသိ။ ဒုက္ခရဲ့ ချုပ်ရာ နိဗ္ဗာန်ကို နိဗ္ဗာန်ပဲလို့ မသိ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာပဲလို့ မသိတဲ့ မထိုးထွင်းတဲ့ မထင်းတဲ့ အမိုက်မှောင်ဓာတ်ဟာ မောဟပဲတဲ့။

http:\\www.dhammadownload.com



**ရက်ကြောက်မရှိ၊ အဟီရိက၊ နောတ္တပ္ပမည်**။ ဒုစရိုက်မှုတို့မှ မရှက်တတ်တဲ့သဘော၊ မကြောက်တတ်တဲ့ သဘောဟာဖြင့် အဟိရိက၊ အနောတ္တပ္ပလို့ ခေါ်တယ်။

**မတည်ကြည်က၊ ဥဒ္ဓစ္စမှု၊ ဤလေးခုကား၊ အကုသိုလ်တွင်၊ စိတ်တိုင်းယှဉ်၏**။

ထိုထိုအာရုံ၌ အာရုံတစ်ခုထဲမှာ ပီတိတွေ ထပ်တလဲလဲ ဝီထိအစဉ် ထပ်တလဲလဲ ကျပြီးတော့ မနေနိုင်အောင် ပျံ့လွင့်မှု သဘောကတော့ ဥဒ္ဓစ္စတဲ့။ အဲဒီ ဆိုခဲ့ပြီးတဲ့ မောဟရယ်၊ အဟိရိကရယ်၊ အနောတ္တပ္ပရယ်၊ ဥဒ္ဓစ္စရယ်၊ ဒီလေးခုဟာ သင်္ခါရက္ခန္ဓာ စေတသိက်အစုက ဘယ်အကုသိုလ်ပဲဖြစ်ဖြစ် ဖြစ်တဲ့ အကုသိုလ်တိုင်းမှာ ယှဉ်တယ်တဲ့။

**လိုချင်လောဘ၊ မာနထောင်လွှား၊ မြင်မှား ဒိဋ္ဌိ** တဲ့။ လိုချင်တာ လောဘစေတသိက်၊ ထောင်လွှားမှု သဘောဟာဖြင့် မာနစေတသိက်၊ အမြင်မှားမှု သဘောဟာဖြင့် ဒိဋ္ဌိ စေတသိက်ပဲ။

**ကြမ်းဘိဒေါသ** တဲ့။ အာရုံနဲ့ တွေ့လိုရှိယင် မတဲ့တာနဲ့ တွေ့လိုရှိယင် စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်လာတယ်၊ အဲဒီ ကြမ်းလာတဲ့ သဘောဟာဖြင့် ဒေါသတဲ့။

**မစ္ဆေရဝန်တို၊ မနာလိုဣဿာ**။ ဝန်တိုတာဟာ မစ္ဆရိယစေတသိက်ပဲ။ သူတစ်ပါး စည်းစိမ်ချမ်းသာကို မနာလို မရှုစိမ့်တာဖြင့် ဣဿာစေတသိက်ပဲတဲ့။

**တစ်ဖြာကုက္ကုစ္စ၊ နောင်တပူပင်**။ သုစရိုက်မှု မပြုလိုက်မိတဲ့အတွက် ဒုစရိုက်တွေကို ပြုမှားမိလိုက်တဲ့အတွက် နောက်တစ်ချိန်မှာ ပူပန်နေမှုသဘော၊ ဒါ ကုက္ကုစ္စပဲတဲ့။

**မရွှင်မကြည်၊ ထိုင်းမှိုင်းသည်မှာ၊ နှစ်မည် ထိမိဒ္ဓ**။ စိတ်လဲထိုင်းမှိုင်း၊ စေတသိက်လဲ ထိုင်းမှိုင်းတာ၊ ဒါတွေကို ထိနမိဒ္ဓလို့ ခေါ်တယ်။ **စိတ်ထဲ ဒွိဟ၊ နှစ်ခွနေဘိ၊ ဝိစိကိစ္ဆာ** တဲ့။ စိတ်ထဲမှာ သို့လော သို့လော တွေးတော ကြံစည်မှုသည် ဝိစိကိစ္ဆာ စေတသိက်။ အဲဒီ တစ်ဆယ့်လေးမျိုးကတော့ အကုသိုလ်စေတသိက်တွေ ပါပဲတဲ့။ မောဟကစပြီး တော့ ဝိစိကိစ္ဆာထိအောင် တစ်ဆယ့်လေးမျိုး ရှိတယ်။

**သောဘန စေတသိက် ၂၅-ပါး**

**သဒ္ဓါကြည်လှ၊ မမေ့သတိ**။ ဘုရားအစရှိသော အာရုံတို့၌ စိတ်ကြည်ကြည် လင်လင် ဖြစ်နေတာ သဒ္ဓါစေတသိက်။ အာရုံကို မမေ့ပျောက်မှုဟာ သတိစေတသိက် ပဲတဲ့။

http:\\www.dhammadownload.com



**ရှက်ကြောက်ဘိမှာ၊ ဟီရိဩတ္တပ်** တဲ့။ ဒုစရိုက်မှုမှ ရှက်ခြင်းက ဟီရိစေတသိက်၊ ဒုစရိုက်မှုမှ ကြောက်ခြင်းလန့်ခြင်းက ဩတ္တပ္ပ စေတသိက်ပဲတဲ့။

**မကုပ်မငြိ၊ မကြမ်းဘိနှင့် အသိတရား၊ ဟိတ်သုံးပါးဟု**။ ထိုထိုအာရုံတို့၌ မကပ်မငြိ မတွယ်တာက အလောဘ စေတသိက်၊ ထိုထိုအာရုံတို့အပေါ်မှာ မကြမ်းတမ်းတာက အဒေါသ စေတသိက်၊ အသိတရားက အမောဟ စေတသိက်။ ဒီသုံးပါးကို ဟိတ်သုံးပါး လို့လဲ ခေါ်တယ်တဲ့။

**လျစ်လျူနေတတ်၊ တတြမဇ္ဈတ္တတာ**။ ဣဋ္ဌအာရုံ အနိဋ္ဌအာရုံနဲ့ တွေ့ဆုံတဲ့အခါ ဣဋ္ဌအာရုံရယ်လို့လဲပဲ ချစ်ခြင်း၊ အနိဋ္ဌအာရုံရယ်လို့လဲပဲ မုန်းခြင်းမရှိဘဲနဲ့ လျစ်လျူ ရှုနေတတ်တဲ့သဘော တတြမဇ္ဈတ္တတာပဲတဲ့။ အဲဒီ တတြမဇ္ဈတ္တတာ မပါတဲ့အတွက် လောဘမူစိတ်၊ ဒေါသမူစိတ်တွေ ဖြစ်တဲ့အခါ ချစ်ခြင်း မုန်းခြင်းဆိုတာ ပေါ်လာတယ်။

**နှစ်ဖြာပဿဒ္ဓိ၊ ငြိမ်းဘိကိုယ်စိတ်**။ ကိုယ်၏ငြိမ်းချမ်းမှု၊ စိတ်၏ငြိမ်းချမ်းမှု၊ ကာယ ပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိလို့ နှစ်မျိုး ရှိတယ်တဲ့။

**ပေါ့ရိပ်လဟု** တဲ့။ ကိုယ်၏ပေါ့ပါးမှု၊ စိတ်၏ပေါ့ပါးမှု၊ ကာယလဟုတာ၊ စိတ္တ လဟုတာလို့ လဟုတာက နှစ်မျိုး ရှိတယ်တဲ့။

**မုဒုနူးညံ့**။ ကိုယ်၏နူးညံ့မှု၊ စိတ်၏နူးညံ့မှုလို့ ကာယမုဒုတာ၊ စိတ္တမုဒုတာ စေတသိက် နှစ်မျိုး။

**ကျန်းခံ့ ကမ္မည်**။ ကိုယ်၏ ကျန်းခံ့မှု၊ စိတ်၏ကျန်းခံ့မှု ဆိုတဲ့ ကာယကမ္မညတာ စိတ္တကမ္မညတာ။ ကျန်းခံ့ဆိုတာ ဘာလဲဆိုတော့ ထိုထိုအမှုကို ပြုလုပ်စွမ်းနိုင်တယ်။ စိတ်ကလဲ ပြုလုပ်စွမ်းနိုင်တယ်။ စိတ္တကမ္မညတာ။ စေတသိက်တွေကလဲပဲ လိုက်ပါပြီး ပြုလုပ်စွမ်းနိုင်တယ်။ ဒါ ကာယကမ္မညတာ။ ဒီ ကာယစိတ္တကတော့ ကာယအရ စေတ သိက် ခန္ဓာသုံးပါးကို ခေါ်တယ်။ ကောင်းမှုကုသိုလ်ကိစ္စမှာ ကိုယ်ခေါ်တဲ့ စေတသိက် သုံးပါကလဲပဲ အလုပ်လုပ်ဖို့ရန် ခံ့ကျန်းတယ်။ စိတ်ဆိုတဲ့ ဝိညာဏ်ကလဲ အလုပ် လုပ်ဖို့ရန် ခံ့ကျန်းတယ်။ ဒါကို ကာယကမ္မညတာ၊ စိတ္တကမ္မညတာလို့ခေါ်တယ်။

**ကျွမ်းကျင်ပါဂုဉ်**။ ထိုထိုအမှု ကုသိုလ်မှုတို့၌ ကျွမ်းကျင်မှုဟာဖြင့် ဒါ ကာယ ပါဂုညတာ၊ စိတ္တပါဂုညတာ ပါပဲတဲ့။

**ဖြောင့်တဲ့ဥဇု** ဆိုတာ ထိုထိုကောင်းမှု ကုသိုလ်တို့၌ ကိုယ်၏ဖြောင့်မတ်မှု၊ စိတ်၏ ဖြောင့်မတ်မှု=ကာယုဇုကတာ စိတ္တုဇုကတာလို့ ဥဇုကတာကလဲ နှစ်ပါးရှိတယ်တဲ့။

http:\\www.dhammadownload.com



**ဝိရတီစေတသိက် ၃-ပါး**

**နှုတ်ဒုကာဒု၊ ကြဉ်မှုသုံးဖြာ** တဲ့။ နှုတ်ဒုဆိုတာ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာ။ ကာဒုဆိုတာ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာ။ အဲဒီ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာ၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာကို သုံးမျိုးရအောင် လုပ်ကြည့်ရမယ်တဲ့။

(၁) ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာက တစ်မျိုး (=သမ္မာဝါစာ)

(၂) ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက တစ်မျိုး (=သမ္မာကမ္မန္တ)

(၃) အသက်မွေးမှု ဟူသော အကြောင်းကြောင့် ကာယ ဝစီ ဒုစရိုက် နှစ်မျိုးလုံးမှ ရှောင်ကြဉ်ကာက တစ်မျိုး (=သမ္မာအာဇီဝ)လို့ သုံးမျိုးထားတယ်။

ရိုးရိုးတန်းတန်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာကို သမ္မာဝါစာလို့ ခေါ်တယ်။ ရိုးရိုးတန်းတန်း အသက်မွေးမှုကို မငဲ့ဘဲနဲ့ ကုသိုလ်ရချင်လို့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက သမ္မာကမ္မန္တ။ အသက်မွေးမှုဟူသော အကြောင်းကြောင့်ပင် ကာယဒုစရိုက် ဝစီဒုစရိုက် မပြုဘဲ ရှောင်တာကတော့ သမ္မာအာဇီဝလို့ ခေါ်တယ်။ အဲဒါကို -

**ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ သတ္တအများ၊ သနားသမှု၊**
**ဝမ်းမြောက်မှုဟု၊ ကရုမုဒိ၊ ငါးဆယ်ရှိ၏။**

**အပ္ပမညာ ၂-ပါး**

သတ္တဝါများအပေါ်မှာ သနားမှု ကရုဏာ၊ သတ္တဝါတို့ စီးပွားချမ်းသာနဲ့ နေတာကို ဝမ်းမြောက်မှု ခေါ်တဲ့ မုဒိတာ၊ ပေါင်းသင်းလို့ရှိယင် ငါးဆယ်ရှိသွားပြီတဲ့။ အဲဒီလို ငါးဆယ်စလုံး ထုတ်ပြောတယ်။ အေး၊ အရပ်ထဲက လူတွေ နားလည်အောင် -

**သုစရိတ၊ ဒုစ္စရိတ၊ ဒါန, သီလ, ဘာဝနာ, စသည်ဖြာသား။**

သုစရိုက်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါး၊ ဒါန သီလ ဘာဝနာ အပစာယန စသည်ဖြင့် ပုညကိရိယာဆယ်ပါးတဲ့။ ဒါတွေဟာ သင်္ခါရက္ခန္ဓာတွေ။

**ဝေါဟာသွယ်သွယ်၊ မဆုံဖွယ်သည်၊ အကျယ်သင်္ခါရက္ခန္ဓာတည်း။**

ခုနင်က တရားလုံး ငါးဆယ်ကို တစ်စုစီ မြန်မာနဲ့ ပါဠိနဲ့ တွဲဖက်ပြီးတော့ လင်္ကာ လေးပြပြီးတဲ့နောက် သုစရိုက်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါး၊ ဒါန သီလ ဘာဝနာဆိုတဲ့ ဒီအလုပ်တွေဟာ သင်္ခါရက္ခန္ဓာတွေတဲ့။ အဲဒါလောက်တော့ နားလည်ထားရမယ်။

http:\\www.dhammadownload.com



**ဝိညာဏက္ခန္ဓာသဘော သရုပ်ခွဲခန်း**

ဝိညာဏက္ခန္ဓာကျတော့ ဆရာတော်ကြီးက ဘာပြောလဲ၊ ဝိညာဏ်ဆိုတာ ဘာလဲ၊ နားမလည်ဘူး။

**အာရုံ ယူဘိ၊ အသိ သဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။**

ထိုထိုအာရုံကို ခေါင်းဆောင်ပြီး ယူတတ်တဲ့ အသိဓာတ်တစ်မျိုး ရှိတယ်၊ အဲဒါကို ဝိညာဏ် ခေါ်တယ်တဲ့။ သူ့ကို စိတ်လဲ ခေါ်တယ်။ မနောလဲ ခေါ်တယ်။ မနောကလဲ အသိပဲ၊ စိတ်ဓာတ်ကလဲ အသိပဲ။ ဝိညာဏ်ကလဲ အသိပဲ။ ပါဠိမှာ အနက် မြန်မာ တူတယ်။

**ထိုဝိညာဏ်ကား၊ မြင်, ကြား, နံ, လျက်၊**
**ထိ, သိ, ချက်ဟု၊ ခြောက်စု အကျဉ်း။**

**အကျဉ်းနည်း ဝိညာဏက္ခန္ဓာ ၆-ပါး**

အဲဒီ ဝိညာဏ်ဆိုတဲ့ စိတ်ဟာ မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံတဲ့စိတ်၊ လျက်တဲ့ စားတဲ့စိတ်၊ ထိတဲ့စိတ်၊ သိတဲ့စိတ်လို့ ခြောက်ပါးရှိတယ်။ အဲဒီ ဝိညာဏ်ခြောက်ပါး အစုကို ဝိညာဏက္ခန္ဓာ ခေါ်တယ်။ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိစိတ် သိစိတ် ခြောက်မျိုးရှိတယ်။ အဲဒါ ကနေ့လဲ ဒီခြောက်မျိုးပဲ၊ နက်ဖြန်လဲ ဒီခြောက်မျိုးပဲ ဖြစ်မယ်။ ပြီးခဲ့တဲ့ ရက် လ နှစ်တွေတုန်းကလဲပဲ ဒီခြောက်မျိုးပဲလို့ အဲဒီလို အကျဉ်း ခြောက်မျိုးကို ပြတယ်။

ဒါထက် အကျယ် သိချင်ပါတယ် ဘုရားလို့ ဆိုယင် ဆရာတော်ကြီးက -

**အကျယ်ခင်းက၊ ကာမရူပ၊ အရူပနှင့်၊ လောကုတ္တရာ၊ စိတ်လေးဖြာတည်း။**

**တစ်နည်းဝိညာဏက္ခန္ဓာ အကျဉ်း ၄ မျိုး**

အကျယ်ကို ပြောမလို့ လက်ာစလိုက်တယ်။ ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်ကယ်လို့ စိတ်လေးမျိုး ထားပါတဲ့။

**ဝိညာဏက္ခန္ဓာအကျယ် ၁၂၁-ပါး**

အဲဒီစိတ် လေးမျိုးမှာ ကာမစိတ်က ငါးဆယ့်လေး၊ ရူပစိတ်က တစ်ဆယ့်ငါး၊ အရူပစိတ်က တစ်ဆယ့်နှစ်၊ လောကုတ္တရာစိတ်အကျဉ်း ရှစ်ခု အကျယ်လေးဆယ်တဲ့

http:\\www.dhammadownload.com



နော်။ အဲဒါကိုပဲ ဆရာတော်ဘုရားကြီးက လောဘမူစိတ် ရှစ်ပါး ရှစ်ခါတောင် မရေတွက်သေးဘူး။

**ကာမစိတ် ၅၄-ပါး**

**ကာမဓော်ရေး၊ ငါးဆယ့်လေးခု၊ သောဥယှဉ်ဒွိက်၊ ဒိဋ္ဌိယှဉ် မယှဉ်၊ သင် ရှိ မရှိ၊ ရှစ်ပါးသိလော့။**

**လောဘမူစိတ် ၈-ပါး**

ကာမစိတ် ငါးဆယ့်လေးခုကို ရေတွက်ပြရယင်တဲ့ လောဘမူစိတ် ရှစ်ပါး ရှိတယ်တဲ့၊ အဲဒီ ရှစ်ပါးက "သော ဥ ယှဉ် ဒွိက်၊ ဒိဋ္ဌိယှဉ် မယှဉ်၊ သင်ရှိ မရှိ၊ ရှစ်ပါသိလော့" လို့ ဆိုတော့ ဒီရှစ်ပါးကို သိချင်ယင် ကျောက်သင်ပုန်းထဲမှာ သောမနဿသဟဂုတ်၊ သောမနဿသဟဂုတ်၊ သောမနဿသဟဂုတ်၊ သောမနဿသဟဂုတ်လို့ စာလေးကြောင်း လေးခုရေး၊ အဲဒီအောက်က ဥပေက္ခာသဟဂုတ်၊ ဥပေက္ခာသဟဂုတ်၊ ဥပေက္ခာသဟဂုတ်၊ ဥပေက္ခာသဟဂုတ်လို့ လေးခုရေး၊ ရှစ်ပါးရှိတယ်။ သောမနဿသဟဂုတ်က လေးခု၊ ဥပေက္ခာသဟဂုတ်က လေးခု။ အဲဒီရှေ့ပိုင်းမှာ သောမနဿနဲ့ ဥပေက္ခာ နှစ်မျိုးပဲ။ ဒီလို "သော ဥ ယှဉ်ဒွိက်" ကွဲအောင် လုပ်ပေးပါအုန်း။ ဒီရှစ်ခုကွဲအောင် လုပ်ပေးပါအုန်းလို့ ဆိုလို့ရှိယင် "ဒိဋ္ဌိ ယှဉ် မယှဉ်" တဲ့နော်။ ဒိဋ္ဌိနဲ့ ယှဉ်၊ ဒိဋ္ဌိနဲ့ မယှဉ်။ ခုနင် ကတုန်းက သောမနဿသဟဂုတ် လေးခုမှာ အခုတစ်ခါ လာတဲ့ ဒိဋ္ဌိနှင့် ယှဉ်၊ ဒိဋ္ဌိနှင့် မယှဉ်၊ ဒိဋ္ဌိနှင့် ယှဉ်၊ ဒိဋ္ဌိနှင့် မယှဉ်လို့ အောက်က ဥပေက္ခာသဟဂုတ်မှာလဲ ဒီလိုပဲ ဒိဋ္ဌိနှင့် ယှဉ်၊ ဒိဋ္ဌိနှင့် ယှဉ်၊ ဒိဋ္ဌိနှင့် မယှဉ်၊ ဒိဋ္ဌိနှင့် မယှဉ် အလယ်ပိုင်းက တပ်ပေးရတယ်။ ဒီတော့ ဘယ်လိုဖြစ်မလဲ၊ သောမနဿသဟဂုတ် ဒိဋ္ဌိနှင့် ယှဉ်တာက နှစ်မျိုး၊ ဒိဋ္ဌိနှင့်မယှဉ်တာက နှစ်မျိုး။ ဥပေက္ခာမှာလဲ ဒိဋ္ဌိယှဉ် နှစ်မျိုး၊ ဒိဋ္ဌိမယှဉ် နှစ်မျိုး။ တူတာ ထပ်ယင် မထပ်နဲ့အုန်း။ ပြီးတော့မှ ဘာတပ်လိုက်သလဲ။

**ဒိဋ္ဌိ ယှဉ် မယှဉ်၊ သင် ရှိ မရှိ၊ ရှစ်ပါးသိလော့။**

အဲဒီ နောက်နားက နေပြီးတော့ သင်္ခါရရှိသော စိတ်လို့ တစ်ခုတပ်၊ သင်္ခါရ မရှိသော စိတ်လို့ နောက်တစ်ခုတပ်။ အဲဒီလို ရှစ်ခုလုံး တစ်ခုစီ လှည့်တပ်သွားလို့ရှိယင် ဘယ်လိုဖြစ်သတုန်း။

(၁) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်ပြီးလျှင် သင်္ခါရ ရှိသော စိတ်က တစ်ပါး။

http:\\www.dhammadownload.com



(၂) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်ပြီးလျှင် သင်္ခါရ မရှိသော စိတ်က တစ်ပါး။

(၃) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် မယှဉ်ဘဲ သင်္ခါရ ရှိသော စိတ်က တစ်ပါး။

(၄) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် မယှဉ်ဘဲ သင်္ခါရ မရှိတဲ့ စိတ်က တစ်ပါး။

သောမနဿဘက်က လေးမျိုး ကွဲသွားတယ်နော်။ ဥပေက္ခာမှာလဲပဲ အဲဒီလိုပဲ နောက်ဖျားကနေပြီး ဒိဋ္ဌိယှဉ် မယှဉ်၊ သင်္ခါရ ရှိ မရှိ ထည့်ပါတဲ့။ ဥပေက္ခာက လေးပါး ဖြစ်ရော။ အဲဒါကို ဆရာတော်ဘုရားကြီးက "သော ဥ ယှဉ် ဒွိက်၊ ဒိဋ္ဌ ယှဉ် မယှဉ်၊ သင်ရှိ မရှိ၊ ရှစ်ပါးသိလော့" ဟု ဆိုတာ။

**ဒွိ စတု ရှစ်၊ လောဘ ဖြစ်၏ တဲ့ –**

"ဒွိ" ဆိုတာက သောမနဿဟုဂုတ်နဲ့ ဥပေက္ခာသဟုဂုတ် နှစ်ပါး။ "စတု" ဆိုတာ ဒိဋ္ဌိဂတသမ္ပယုတ်နဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ် ပွားလိုက်တော့ လေးပါး ဖြစ်တယ်။ နောက်တစ်ခါ အသင်္ခါရိက သသင်္ခါရိက ဆိုတာနဲ့ ပေါင်းလိုက်တော့ ရှစ်ပါးဖြစ်တယ်။ ဒါကို "ဒွိ စတုရှစ်၊ လောဘ ဖြစ်၏"။ အဲဒါ လောဘမူစိတ် ရှစ်ပါး။

**ဒေါသမူစိတ် ၂–ပါး ။** ။ ဒေါသမူဒွေက ဘယ်သူတုန်းဆိုတော့ ဒေါသမူဒွေမှာ –

**နှစ်ဒေါမူလ၊ ပဋိဃယှဉ်၊ သင် ရှိ မရှိ။**

ဒေါသမူစိတ်နှစ်ပါးလဲ ဒီလိုပဲ။

(၁) ဒေါမနဿ ဝေဒနာနှင့်တကွ ဖြစ်ပြီးလျှင် ပဋိဃနှင့် ယှဉ်၍ သင်္ခါရ ရှိသော စိတ်တစ်ပါး။

(၂) ဒေါမနဿ ဝေဒနာနှင့်တကွ ဖြစ်ပြီးလျှင် ပဋိဃနှင့် ယှဉ်၍ သင်္ခါရ မရှိတဲ့ စိတ်တစ်ပါးလို့ အဲဒီလို နှစ်ပါးသိပါတဲ့။

**မောဟဒွိမှာ၊ ဝိစိ ဥဒ္ဓစ်၊ ဥယှဉ်လစ်သည်၊ ဆယ့်နှစ် အကုသိုလ်။**

**မောဟမူစိတ် ၂–ပါး ။** ။ မောဟမူစိတ် ဆိုတာ –

(၁) ဝိစိကိစ္ဆာနှင့်ယှဉ်၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သောစိတ်၊

(၂) ဥဒ္ဓစ္စနှင့်ယှဉ်၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သောစိတ်၊

လို့ နှစ်မျိုးထား။ ဒီတော့ လောဘမူစိတ်က ရှစ်ပါး၊ ဒေါသမူစိတ်က နှစ်ပါး၊

http:\\www.dhammadownload.com



မောဟမူစိတ်က နှစ်ပါးပေါင်းလိုက်ယင် အကုသိုလ်စိတ် တစ်ဆယ့်နှစ်ပါး ဖြစ်တယ်တဲ့။

**ထို့ပြင် အဟိတ်၊ စိတ်ဆယ့်ရှစ်ခု၊ စက္ခုသောတ၊ ဃာနဇိဝှာ၊**

**ကာယ ဝိညာဏ်၊ သမ္ပဋိစ္ဆိ၊ နှစ်ခုစီတည်း။**

**အဟိတ်စိတ် ၁၈-ပါး**

စက္ခုဝိညာဏ်က ၂-ခု၊ သောတဝိညာဏ်က ၂-ခု၊ ဃာနဝိညာဏ်က ၂-ခု၊ ဇိဝှါဝိညာဏ်က ၂-ခု၊ ကာယဝိညာဏ်က ၂-ခု သမ္ပဋိစ္ဆိုင်းက ၂-ခု၊ အဲဒီလို နှစ်ခုစီ ရှိတယ်တဲ့။ နောက်တစ်ခါ -

**သန္တီရဏ၊ သုံးခုရ၏၊ ပေါင်း၍ထ ဆယ့်ငါး၊ ဝိပါက်ပြားရှင့်။**

သန္တီရဏကတော့ သုံးမျိုးရှိတယ်တဲ့နော်။ အကုသိုလ်အကျိုးဖြစ်တဲ့ သန္တီရဏ တစ်မျိုး၊ ကုသိုလ်၏ အကျိုးဖြစ်တဲ့ သန္တီရဏကတော့ နှစ်မျိုးလို့ ပေါင်းလိုက်တော့ အဟိတ်ဝိပါက်စိတ်ဟာ တစ်ဆယ့်ငါးပါး ပြားပါတယ်တဲ့။

ခုနင်က စက္ခုဝိညာဏ် ၂-ခု ၂-မျိုးလို့ ဆိုတာက အကုသိုလ် အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ် တစ်မျိုး၊ ကုသိုလ်၏ အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်က တစ်မျိုး၊ နှစ်မျိုး။ အဲဒီလိုပဲ သောတဝိညာဏ် နှစ်မျိုး၊ ဃာနဝိညာဏ် နှစ်မျိုး၊ ဇိဝှါဝိညာဏ် နှစ်မျိုး၊ ကာယဝိညာဏ်နှစ်မျိုး၊ သမ္ပဋိစ္ဆိုင်း နှစ်မျိုးလို့ ဒီလို သိရမယ်။ သန္တီရဏ သုံးမျိုးမှာ ကုသိုလ်၏ အကျိုးဖြစ်တဲ့ သန္တီရဏ နှစ်မျိုးလို့ ဆိုတာက သောမနဿဝေဒနာနှင့်တကွ ဖြစ်တဲ့ သန္တီရဏ, ဥပေက္ခာနဲ့ တကွဖြစ်တဲ့ သန္တီရဏလို့ နှစ်မျိုး။ ဒါက ဝေဒနာယှဉ်တဲ့ အနေနဲ့ ပြောနေတာ ဖြစ်ပါတယ်။ ကာယဝိညာဏ် ဆိုတာလဲ အကုသိုလ် အကျိုးဘက်မှာ ဒုက္ခဝေဒနာနှင့်တကွဖြစ်တယ်။ ကုသိုလ်၏အကျိုးဖြစ်တဲ့ ကာယဝိညာဏ်ကတော့ သုခဝေဒနာနှင့်တကွဖြစ်တယ်။ အခုပြောလို့ ကျန်တဲ့ အဟိတ်စိတ် တရားတွေကတော့ ဥပေက္ခာ ဝေဒနာနဲ့ တကွဖြစ်တဲ့ တရားတွေပဲလို့ ဒီလို သိထားကြပါ။

ပြီးတော့မှ တစ်ခါ ဆရာတော်ကြီးက ဘာဆက်ပြောသလဲ -

**ငါးပါးဒွါရာ၊ မနောဒွါဟု၊ အာဝဇ္ဇန်းဒွိ၊ ဟသိတုပ္ပါဒ်၊**

**သုံးရပ်ကိရိယာ၊ ဆယ့်ရှစ်ဖြာတည်း။**

ဒီလက်ာပိုဒ်အရ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ငါးဒွါရမှာ ထင်လာတဲ့ အာရုံကို ဆင်ခြင်တတ်တဲ့ အာဝဇ္ဇန်းစိတ်က တစ်မျိုး၊ မနောဒွါရခေါ်တဲ့ စိတ်မှာထင်လာတဲ့ မနောဒွါရာဝဇ္ဇန်းစိတ်က တစ်မျိုး၊ အဲဒီလို အာဝဇ္ဇန်းစိတ် နှစ်မျိုး ရှိတယ်တဲ့။

http:\\www.dhammadownload.com



အာဝဇ္ဇန်းဒွိ။ ဟသိတုပ္ပါဒ်ဆိုတာ ရဟန္တာသခင် အရှင်သူမြတ်တို့ရဲ့ ရယ်ရွှင်တော်မူကြတဲ့ စိတ် = ဟသိတုပ္ပါဒ်စိတ်။ အဲဒီ စိတ်ဝိညာဏ် သုံးရပ်ဟာ အဟိတ်ကိရိယာ သုံးပါး ဖြစ်တယ်တဲ့။ အဲဒီလို အဟိတ်စိတ်မှာ စက္ခုဝိညာဏ် ၂-ခုက စပြီးတော့ ဟသိတုပ္ပါဒ် အထိ ပေါင်းကြည့်လိုက်၊ အဟိတ်စိတ် တစ်ဆယ့်ရှစ်ပါး ရှိတယ်။ ဒါကို ဆရာတော်ဘုရားကြီးက "ငါးပါးဒွါရာ၊ မနောဒွါဟု၊ အာဝဇ္ဇန်းဒွိ၊ ဟသိတုပ္ပါဒ်၊ သုံးရပ်ကိရိယာ၊ ဆယ့်ရှစ်ဖြာတည့်" လို့ ပြောတာ။

**ကာမာဝစရ၊ ကုသလစ၊ သော ဥနှစ်တန်၊**
**ဉာဏ်ယှဉ် မယှဉ်၊ သင်ရှိ မရှိ၊ ရှစ်ပါးသိလော့။**

**ကာမာဝစရသောဘန စိတ် ၂၄ ပါး**

ကာမာဝစရသောဘနကို ပြောလို့ရှိယင်တဲ့၊ ခုနင်က လောဘမူ စိတ်လိုပဲ "သောဥနှစ်တန်=သောမနဿ သဟဂုတ် လေးပါး၊ အထက်အောက်တန်းရေး၊ ဥပေက္ခာသဟဂုတ်လေးပါး အထက်အောက် တန်းရေးပါ။ "ဉာဏ်ယှဉ် မယှဉ်" = အဲဒီမှာ ဉာဏ်ယှဉ်တာ နှစ်တန်း၊ ဉာဏ်မယှဉ်တာ နှစ်တန်း၊ ဉာဏ်ယှဉ် နှစ်တန်း၊ ဉာဏ်မယှဉ် နှစ်တန်း၊ ဒီလို အထက်အောက်တန်းရေး။ "သင် ရှိ မရှိ" = နောက်ကတော့ တစ်ခုစီရေး။ သင်္ခါရ ရှိ၊ သင်္ခါရ မရှိ သင်္ခါရ ရှိ၊ သင်္ခါရ မရှိလို့ ရေးလိုက်ယင် ဉာဏ်ထဲ ဘယ်လို ထွက်လာမလဲလို့ ဆိုတော့ -

(၁) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့ယှဉ်ပြီးလျှင် သင်္ခါရ ရှိတဲ့ စိတ်တစ်ပါး။

(၂) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့ယှဉ်ပြီးလျှင် သင်္ခါရ မရှိတဲ့ စိတ်တစ်ပါး။

(၃) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့မယှဉ်ဘဲ သင်္ခါရ ရှိတဲ့ စိတ်တစ်ပါး။

(၄) သောမနဿ ဝေဒနာနှင့်တကွဖြစ်၍ ဉာဏ်နဲ့မယှဉ်ဘဲ သင်္ခါရ ရှိတဲ့ စိတ်တစ်ပါးလို့ သောမနဿသဟဂုတ် အပိုင်းလေးပိုင်း၊ ဥပေက္ခာဝေဒနာနဲ့ ယှဉ်တဲ့ အပိုင်းကလေးပိုင်း ထွက်တယ်။ အဲဒီ ရှစ်ခုကို မဟာကုသိုလ် ရှစ်ပါး၊ မဟာကုသိုလ် ရှစ်ပါးလို့လဲ ခေါ်တယ်။

**ဝိပါက်မဟာ၊ ကိရိယာလည်း၊ ထိုနည်းရှစ်စီ၊ သုံးလီပေါင်းထွေး၊နှစ်ဆယ့်လေးတည်း။**

http:\\www.dhammadownload.com



**မဟာဝိပါက်**ခေါ်တဲ့ စိတ်များလဲပဲ ဒီအတိုင်း ရှစ်ပါးပဲ။ **မဟာကိရိယာ**ခေါ်တဲ့ စိတ်များလဲပဲ ဒီအတိုင်း ရှစ်ပါပဲ။ အဲဒီ သုံးမျိုးကို ပေါင်းလိုက်လို့ရှိယင် ရှစ်သုံးလီ နှစ်ဆယ့်လေး = ကာမာဝစရ သောဘန စိတ် ၂၄–ဖြစ်တယ်။ ရှေးကဆိုပြီးသော ၁၂– အကုသိုလ်၊ ၁၈–ပါးသော အဟိတ်စိတ်၊ ယခု ၂၄–နဲ့ ပေါင်းလို့ရှိယင် –

**ရှေးတစ်ဆယ့်နှစ်၊ တစ်ဆယ့်ရှစ်နှင့်၊ ပေါင်းလစ်တုံက၊ အကျယ်ရသည်၊**

**ကာမငါးဆယ့်လေးလျှင်တည်၊ –**

လို့ ဆရာတော်ဘုရားကြီးက ကာမစိတ်အတွက် လင်္ကာ တစ်ပိုဒ်ရေးတယ်။

**ရူပါဝစရစိတ် ၁၅–ပါး**

ရူပါဝစရစိတ်၊ အရူပါဝစရစိတ်၊ လောကုတ္တရာစိတ်တို့လဲပဲ ကိုယ်မရသေး မသိသေးတဲ့ စိတ်ဆိုတော့ အင်မတန် ခက်တယ်လို့ အောက်မေ့ရတယ်။ ဆရာတော်ဘုရားကြီး ရေးလိုက်တော့ အင်မတန် ရှင်းတယ်။

**ဈာန်စိတ်ရူပ၊ ဆယ့်ငါးမျှတည်။**

ရူပါဝစရစိတ်ဆိုတာ ၁၅–ပါးပဲ။ ဈာန်ငါးပါးကို ပဌမ နားလည်ထားပါတဲ့။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်လို့ ဈာန်ငါးပါးကို နားလည်ပါတဲ့။ ပဌမဈာန်ဆိုတာ ဘာလဲဆိုတော့ နောက်အကျယ်ခွဲယူ။ ပဌမဆုံး ရတဲ့ဈာန် ပဌမပဲ။ နှစ်ခုမြောက် ရတဲ့ဈာန်က ဒုတိယဈာန်၊ သုံးခုမြောက် ရတဲ့ဈာန်က တတိယဈာန်၊ လေးခုမြောက် ရတဲ့ဈာန်က စတုတ္ထဈာန်၊ ငါးခုမြောက် ရတဲ့ဈာန် ပဉ္စမဈာန်ပဲ။ ရူပဈာန်ကတော့ ငါးဆင့်ဆို ကုန်တာပဲတဲ့။ အဲဒီလို ဈာန်ငါးပါးရှိလို့ –

**ပဌမဈာန်၊ ဒုတယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊**
**ငါးတန်အပြား၊ ဈာန်ငါးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်ငါး။**

ပဌမဈာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်က တစ်မျိုး၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်က တစ်မျိုးစီဆိုတော့ ကုသိုလ်စိတ် ၅–ပါး ရှိတယ်။ အဲဒီ ကုသိုလ်စိတ် ၅–ပါးရဲ့ အကျိုးဝိပါက် စိတ်က ၅–ပါး၊ ရဟန္တာပုဂ္ဂိုလ်များ သန္တာန်မှာ ဖြစ်တဲ့ ကိရိယာ စိတ်ကလဲ ၅–ပါးပဲတဲ့။ ဒါကို –

**ကုသိုလ်စိတ် ငါး၊ ဝိပါက်ငါးနှင့်၊ ငါးပါးကိရိယာ၊**
**ဆယ့်ငါးဖြာကား၊ ဗြဟ္မာရူပ၊ ဈာန်စိတ်ရတည်း။**

http:\\www.dhammadownload.com



အဲဒါ ရူပဗြဟ္မာတို့ရတဲ့ ဈာန်စိတ် ၁၅-ပါး။ ရူပါဝစရ ဈာန်စိတ် ၁၅-ပါးလို့ ခေါ်တယ်။

**အရူပါဝစရစိတ် ၁၂-ပါး**

အရူပါဝစရစိတ် ဆိုတာလဲ မရတော့ အခက်ကြီးပဲ။ ဆရာတော်ကြီးကတော့-

(၁) အာကာသာနဉ္စာယတနဈာန်
(၂) ဝိညာဏဉ္စာယတနဈာန်
(၃) အာကိဉ္စညာယတနဈာန်
(၄) နေဝသညာနာသညာယတနဈာန်

လို့ အရူပဈာန်လေးပါး ရှိတယ်။

အဲဒီလေးပါးက ဘယ်လိုဟာလဲဆိုတာ လုပ်ကြည့်၊ လုပ်ကြည့်လို့ အဲဒီရောက်တော့ သူတကာ မေးနေမှ မဟုတ်ဘူး။ သိလိမ့်မယ်။ အဲဒီ အရူပဈာန်လေးပါးနာမည်သာ မှတ်ထားအုန်း။ အခုအချိန်တော့ နာမည်ပဲ သိမယ်၊ သဘာဝကတော့ သိ မဖြစ်ဘူးတဲ့။ အဲဒီ ဈာန်လေးပါးရယင် ဘယ့်နှယ်လုပ်မလဲဆိုတော့ -

> **အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်၊ လေးတန်အပြား၊ ဈာန်လေးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်လေး၊ ဝိပါက်လေးနှင့်၊ လေးပါးကိရိယာ၊ ဆယ့်နှစ်ဖြာကား၊ ဗြဟ္မာအရူပ၊ ဈာန်စိတ်ရတည်း။**

ဆရာတော်ကြီးက ဈာန်လေးပါး အမည်ကို လင်္ကာထဲမှာ တစ်ခါတည်း ဖော်ပြထားတယ်။ အဲဒီမှာ အာကာသာနဉ္စာယတန ဈာန်ကလဲပဲ ကုသိုလ်မှာ တစ်ပါး၊ ဝိပါက်မှာ တစ်ပါး၊ ကိရိယာမှာ တစ်ပါး သုံးပါး ရှိတယ်။ အာကာသာနဉ္စာယတနဈာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်တစ်ပါး၊ ဝိပါက်စိတ် တစ်ပါး၊ ကိရိယာစိတ်တစ်ပါးလို့ သုံးပါး။ ထို့အတူပဲ ဝိညာဏဉ္စာယတနဈာန်မှာ သုံးပါး၊ အာကိဉ္စညာယတနဈာန်မှာ သုံးပါး၊ နေဝသညာနာသညာယတနဈာန်မှာ သုံးပါး။ သုံးပါးစီ လေးလီ ၁၂-ပါးပဲ။ အဲဒီတော့ ပေါင်းလိုက်ယင် အရူပါဝစရကုသိုလ်စိတ်က လေးပါး ရတယ်။ ဝိပါက်စိတ်လေးပါး၊ ကိရိယာစိတ်လေးပါး၊ အဲဒီ အရူပါဝစရစိတ် ဝိညာဏက္ခန္ဓာထဲမှာပါတဲ့ အရူပါဝစရ စိတ် ၁၂-ပါး ပဲတဲ့။

http:\\www.dhammadownload.com



**လောကုတ္တရာစိတ်အကျဉ်း ၈၊ အကျယ် လေးဆယ်**

လောကုတ္တရာကတော့ ကောဆိုတော့ "သောတာပတ္တိမဂ္ဂ၊ သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟတ္တမဂ္ဂ" လို့ အရိယာပုဂ္ဂိုလ်များ ပထမအကြိမ် ရတဲ့မဂ်ကို သောတာပတ္တိမဂ် လို့ ခေါ်တယ်။ ဒုတိယဆင့် ရတဲ့မဂ်ကို သကဒါဂါမိမဂ်လို့ ခေါ်တယ်။ တတိယဆင့် ရတဲ့မဂ်ကို အနာဂါမိမဂ်လို့ ခေါ်တယ်။ စတုတ္ထ လေးကြိမ်မြောက် ရတဲ့မဂ်ကို အရဟတ္တမဂ်လို့ ခေါ်တယ်။ အဲဒါ လောကုတ္တရာမဂ် လေးပါးပါပဲတဲ့။ ဒါကို -

**သောတာပတ္တိမဂ္ဂ၊ သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟတ္တမဂ္ဂ၊ အဋ္ဌင်္ဂိက၊ မဂ္ဂအပြား၊ မဂ်လေးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်လေး၊ ဖိုလ်စိတ်လေးဟု၊ ရှစ်ခုလောကုတ်၊ အကျဉ်းချုပ်၏။**

(၁) သောတာပတ္တိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ်တစ်ပါး

(၂) သကဒါဂါမိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ်တစ်ပါး

(၃) အနာဂါမိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ်တစ်ပါး

(၄) အရဟတ္တမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ်တစ်ပါး -

မဂ်စိတ်လေးပါးရတယ်။

သောတာပတ္တိမဂ်စိတ်ရဲ့ အကျိုးဖြစ်တဲ့ သောတာပတ္တိဖိုလ်စိတ် တစ်ပါး၊ 'ဖလ' ဆိုတဲ့ ပါဠိမှ ဖိုလ်ဆိုတဲ့ မြန်မာစကား ဖြစ်တယ်။ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် စိတ်လို့ ဖိုလ်စိတ်လေးခု၊ ပေါင်းလိုက်လို့ရှိယင် " **ရှစ်ခု လောကုတ်၊ အကျဉ်းချုပ်၏** "။ လောကုတ္တရာစိတ် အကျဉ်းရှစ်ခု ဖြစ်ပါတယ်တဲ့။

လောကုတ္တရာစိတ် အကျယ် လေးဆယ်ကို ပြောစမ်းပါဆိုလို့ရှိယင် သောတာပတ္တိမဂ်ကိုက ငါးဆင့်၊ စိတ်ငါးပါးပြားအောင် လုပ်ပေးရမယ်။ ဘယ်နယ့်ပြားမလဲ။

**လောကုတ်အကျယ်၊ လေးဆယ်အရ၊ သရုပ်ပြမှု၊ ပထမဈာန် သောတာပတ္တိမဂ်စိတ်တစ်ပါး၊ ဒုတိယဈာန် သောတာပတ္တိမဂ် စိတ်တစ်ပါး၊ တတိယဈာန် သောတာပတ္တိမဂ် စိတ်တစ်ပါး၊ စတုတ္ထဈာန် သောတာပတ္တိမဂ် စိတ်တစ်ပါး၊ ပဉ္စမဈာန် သောတာပတ္တိမဂ် စိတ်တစ်ပါးဟူ၍ သောတာပတ္တိမဂ်စိတ် အပြား ငါးပါး** လို့ - လက်ာမှာ ပေါ်လွင်သွားပြီ။

http:\\www.dhammadownload.com



ဘာလို့ ဒီလို ပြားရသလဲ၊ သောတာပတ္တိမဂ်ကို ရကြတာ မတူကြဘူးနော်၊ ပုဂ္ဂိုလ် ငါးပါး ထားတယ်။

(၁) တစ်ဦးသော ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ကိုရတာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါငါးပါး ရှိပြီးတော့ ရတယ်။ အဲဒီသူ့ရဲ့ သောတာပတ္တိမဂ် စိတ်ကိုတော့ ပဌမဈာန် သောတာပတ္တိမဂ်စိတ်လို့ ခေါ်ရတယ်။

(၂) ဟိုတစ်ဦးရပုံက အဲဒီထဲ ဝိတက်မပါဘဲနဲ့ ဈာန်အင်္ဂါလေးပါးနဲ့ရတဲ့ ပုဂ္ဂိုလ်ရဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ ဒုတိယဈာန် သောတာပတ္တိမဂ်လို့ ခေါ်ရတယ်။

(၃) ဟို တတိယပုဂ္ဂိုလ်ကျတော့ ဝိတက်ရော ဝိစာရရော မပါဘဲနဲ့ သောတာပတ္တိမဂ် ရတယ်။ အဲဒီ ပုဂ္ဂိုလ်ရဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ တတိယဈာန် သောတာပတ္တိမဂ် စိတ်လို့ ခေါ်တယ်။

(၄) ဟို စတုတ္ထမြောက် ပုဂ္ဂိုလ်ရဲ့ သောတာပတ္တိမဂ်စိတ်ထဲမှာတော့ သုခနဲ့ ဧကဂ္ဂ တာလို့ ဈာန်အင်္ဂါ နှစ်ပါးပဲ ပါတယ်။ ဒါဖြင့် သူ့ရဲ့ သောတာပတ္တိမဂ်စိတ်ဟာဖြင့် စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ်။

(၅) ထိုပုဂ္ဂိုလ်တစ်ဦးကျတော့ သုခတောင် မဟုတ်ပြန်ဘူး။ သုခနေရာမှာ ဥပေက္ခာ နဲ့ ဧကဂ္ဂတာ တွဲပြီးတော့ ဈာန်အင်္ဂါနှစ်ပါးပါတဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ ပဉ္စမ ဈာန် သောတာပတ္တိမဂ်စိတ်လို့ ခေါ်ရတယ်။

အဲဒီလို သောတာပတ္တိမဂ်စိတ်ကိုက ပုဂ္ဂိုလ်အလိုက် ငါးမျိုး ရတယ်။ သောတာပတ္တိ မဂ်စိတ် အပြားငါးပါး။

**ဤနည်းအားဖြင့်၊ ရှစ်ပါးအကုန်၊ ဈာန်ပွားတုံက၊ လေးဆယ်ရ၏၊**
**တစ်ရာ့နှစ်ဆယ်၊ တစ်ပါးကယ်သည်၊ အကျယ် ဝိညာဏက္ခန္ဓာတည်း –**

လို့ ဆိုပြီးတော့ ဖြန့်လိုက်မယ်ဆိုလို့ရှိယင် ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ်အကျယ် ၄၀ ဆိုတော့ "တစ်ရာ့နှစ်ဆယ်၊ တစ်ပါးကယ်သည်၊ (ဆိုတာ ၁၂၁-ပါး) အကျယ် ဝိညာဏက္ခန္ဓာတည်း" လို့ ဒီမှာ ဝိညာဏက္ခန္ဓာကို အပြီး သတ်လိုက်တယ်။ ဝိညာဏက္ခန္ဓာတို့ရဲ့ သရုပ်အရေအတွက်ကို သိလောက်ပြီ သူတော် ကောင်းတို့။ ခန္ဓာငါးပါးလုံး ပြီးသွားပြီ။

http:\\www.dhammadownload.com



## ရှင်ရာဟုလာ ဝိပဿနာ ကလလရေကြည် ကိုယ်ဝန်သား တည်သော ရာဟုလသံယုတ်

### ရှင်ရာဟုလာ တရားအကျဉ်းချုပ် တောင်းခြင်း

ရှင်ရာဟုလသံယုတ် ပြောကြစို့။ ရှင်ရာဟုလာက ကိုရင်ကလေးပေမယ့်လဲ ပေါ့ပေါ့ ဆဆ မဟုတ်ဘူး။ သာမဏေရပဉှာတို့၊ အဘိဏှရာဟုလောဝါဒသုတ်တို့ ဒါတွေကို မပြတ်လေ့လာ ကြားနာနေရတော့ ကိုရင်လေးက တရားရည်နှုးတဲ့ ကိုရင်ကလေး ဖြစ်နေပြီ။ ဖြစ်နေတော့ တစ်နေ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို မြတ်စွာဘုရား သွားလျှောက်တယ်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

(သံ၊ ၁။ ၄၃၉)

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ သာဓု အာယာစာမိ=တပည့်တော် ရာဟုလာ တောင်းပန်စကား လျှောက်ထားပါ၏။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ မေ=တပည့်တော်အား။ သံခိတ္တေန=အကျဉ်းအားဖြင့်။ ဓမ္မံ=တရားကို။ ဒေသေတု=ဟောတော်မူစေချင်ပါ၏။ အဟံ=ရာဟုလာခေါ် တပည့်တော်သည်။ ဘဂဝတော=ရှင်တော်ဘုရား၏။ ယံ ဓမ္မံ=ယင်းသို့ ဟောကြား တရားတော်ကို။ သုတွာ=ကြားနာရသည်ရှိသော် -

(၁) ဧကော = အဖော်မမှီး တစ်ကိုယ်တည်း ဖြစ်လျက်။
(၂) ဝူပကဋ္ဌော = ဆိတ်ငြိမ်ရာသို့ ကပ်လျက်။
(၃) အပ္ပမတ္တော = မမေ့မလျော့။
(၄) အာတာပီ = သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိလျက်။
(၅) ပဟိတတ္တော=နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက်။
ဝိဟရေယျံ = ရဟာန်းတရား ပွားများကြိုးကုတ် အားထုတ်နိုင်လေရာ၏။

### ယောဂီများ ပြည့်စုံရမည့် အင်္ဂါ

အင်္ဂါ ငါးချက်ကို ဖော်ပြတယ်။ ယောဂီပုဂ္ဂိုလ်များ ပြည့်စုံရမယ့် အင်္ဂါဆိုတာ -

(၁) ဧကော = အဖော်မမှီး တစ်ကိုယ်တည်း ဖြစ်ရမယ်။
(၂) ဝူပကဋ္ဌော = ဆိတ်ငြိမ်ရာသို့ ကပ်ရမယ်။

http:\\www.dhammadownload.com



(၃) အပ္ပမတ္တော = မမေ့မလျော့ ရှိရမယ်။ မေ့လျော့နေယင် ဒါဟာ တရားအလုပ်ကို မဟုတ်ဘူး။

(၄) အာတာပီ = သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိရမယ်။

(၅) ပဟိတတ္တော=ယောဂီပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ငါသည် ယခု ဓမ္မာနုဓမ္မ ပဋိပတ်ဖြင့် နိဗ္ဗာန်ကို ဖြောင့်ဖြောင့်မတ်မတ် သွားမယ်ဆိုတဲ့ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ် ရှိရမယ်။

အဲဒီ အင်္ဂါငါးချက် ပြည့်နှက်ပြီးတော့ တပည့်တော် ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်နေနိုင်လောက်အောင် တပည့်တော်အား အကျဉ်းချုပ်အားဖြင့် တရားဟောပါလို့ ကိုရင်ရာဟုလာက လျှောက်တယ်။ မြတ်စွာဘုရားကလဲ လျှောက်ပြီးတာနဲ့ ဘာဟောလိုက်သလဲ ဆိုတော့ -

တံ ကိံ မညသိ ရာဟုလ၊
စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ။

**အတွင်းအာယတန ၆-ပါး ဝိပဿနာရှုခြင်း**

ရာဟုလ=ချစ်သား သည်းချာ ရာဟုလာ။ တံ=ထို ယခု ငါဘုရား မေးမြန်းမည့် စကားကို။ ကိံ မညသိ=သင်ချစ်သား ဘယ်လိုသဘောကျသလဲ (သဘောကျတဲ့အတိုင်း ဖြေစမ်းပါ။ ငါဘုရား အခု မေးမယ့်စကား ချစ်သား သဘောကျတဲ့အတိုင်း ဖြေတဲ့။) စက္ခု=မျက်စိတွင်မည် ရုပ်အကြည်သည်။ နိစ္စံ ဝါ=နိစ္စလော။ အနိစ္စံ ဝါ=အနိစ္စလော။

စောစောကပြောတဲ့ ပသာဒရုပ် ငါးပါးထဲမှာ စက္ခုပသာဒ=မျက်စိအကြည် မျက်စိတွင်မည် ရုပ်အကြည်ဟာ နိစ္စလား၊ အနိစ္စလား။ ရာဟုလာ သဘောကျတဲ့အတိုင်း ဖြေစမ်းဆိုတော့ ရာဟုလာကလဲ ဒါဘယ်လောက် သဘောမဝေးပါဘူး၊ နလုံးသွင်းရင်းစွဲလဲရှိတယ်။

အနိစ္စံ ဘန္တေ။

အနိစ္စပါ ဘုရားတဲ့။ ဒါမှန်ပြီ။ နောက်တစ်ကျော့ လာပြန်ပြီ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ပန=ဆက်၍ မေးဦးအံ့။ ယံ=အကြင်မျက်စိတွင်မည် ရုပ်အကြည်သည်။ အနိစ္စံ=သင်ချစ်သား ပြောတဲ့အတိုင်း အနိစ္စ ဧကန်စင်စစ် မှန်၏။ တံ=ထိုအနိစ္စ ဧကန်စင်စစ်မှန်တဲ့ မျက်စိအကြည်ရုပ်သည်။ ဒုက္ခံ ဝါ=ဒုက္ခလေလော။ သုခံ ဝါ=သုခလေလော။

http:\\www.dhammadownload.com



အဲဒီရုပ်ကို သင်ချစ်သား ဒုက္ခလို့ သဘောကျသလား၊ သုခလို့ သဘောကျသလား လို့ မေးတယ်။ ကိုရင်ရာဟုလာက ပြန်ဖြေတယ်။

ဒုက္ခံ ဘန္တေ။

တပည့်တော် ဒုက္ခလို့ သဘောကျပါတယ် ဘုရား၊ ဒုက္ခပါ ဘုရားတဲ့။ ဒါက တစ်ကျော့။ တတိယ တစ်ကျော့ မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ' တိ။

ရာဟုလာ=ချစ်သားသည်းချာ ရာဟုလာ။ ပန=ဆက်၍ တစ်ကျော့ မေးဦးအံ့။ ယံ=အကြင် မျက်စိတွင်မည် ရုပ်အကြည်သည်။ အနိစ္စံ=သင်ချစ်သား ပြောတဲ့အတိုင်း အနိစ္စလဲ ကေန်မှန်၏။ ဒုက္ခံ=ဒုက္ခလဲ မှန်၏။ ဝိပရိဏာမဓမ္မံ=ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောလဲ ရှိ၏။ တံ=ထိုမပြဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ မျက်စိတွင်မည် ရုပ်အကြည်ကို။ ဧတံ မမ=ငါ့ဥစ္စာပဲဟူ၍ တဏှာနဲ့များ။ ဧသောဟမသ္မိ=ငါပဲလို့ မာနနဲ့များ။ ဧသော မေ အတ္တာတိ=ငါ၏ အတ္တလိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့များ။ သမနုပဿိတုံ=အလွဲလွဲ အချော်ချော် ရှုမြော်ခြင်းငှာ။ ကလ္လံ နု=သင့်လျော်လျောက်ပတ် သေးသလော။

မြတ်စွာဘုရားက တတိယ တစ်ကျော့ မေးတယ်။ ကိုရင်ရာဟုလာက ပြန်ဖြေတယ်။

နော ဟေတံ ဘန္တေ။

ဘန္တေ=ရှင်ပင်ဘုရား။ ဧတံ=ဤသို့ ရှုခြင်းသည်။ ဝါ=ဤသို့ ရှုဖို့ရန်။ နော ဟိ= မသင့်ပါ။ ဧတံ မမ=ငါ့ဥစ္စာပဲ။ ဧသောဟမသ္မိ=ငါပဲ။ ဧသော မေ အတ္တာ=ငါ၏ အတ္တလိပ်ပြာပဲလို့ မရှုသင့်ပါဘူး ဘုရားလို့ ဆိုကတည်းကိုက ပြန်လိုက်။ နေတံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ=ငါမဟုတ်ပါတကား။ န မေသော အတ္တာ=ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား။

ဒီလိုသာ ရှုသင့်ပါတယ်လို့ ဖြေလိုရင်း။ အဲဒါဟာ ပါဠိလို **တေပရိဝဋ္ဋဓမ္မ** မည် တယ်။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် သုံးချက်ပေါ်အောင် သုံးကျော့ ဓမ္မဒေသနာလို့ ခေါ်တယ်။ စက္ခုပသာဒ စက္ခုမေးပြီးတော့ မြတ်စွာဘုရားက ထို့အတူ သောတပသာဒ ကိုလဲပဲ –

သောတံ နိစ္စံ ဝါ အနိစ္စံ ဝါ။

http:\\www.dhammadownload.com



ဟောဒီလို မေးတယ်။ ရာဟုလာ၊ စက္ခုအတွက်တော့ သုံးကျော့စလုံး အဖြေမှန်ပြီ၊ သောတခေါ်တဲ့ နားဟုတွင်မည် ရုပ်အကြည် အတွက်လဲ မေးကြအုန်းစို့။ နားခေါ်တဲ့ သောတပသာဒရုပ်ကို ချစ်သား နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား တဲ့။ ကိုရင် ရာဟုလာကတော့ ခုနင်ကမှ မမှားဘဲ၊ အခုလဲ ဘယ်မှားမလဲ။ အနိစ္စလို့ သဘောကျပါတယ်ဘုရား။

အဲဒီ နားဟာ မမြဲတာ အမှန်။ အဲဒီ မမြဲတဲ့ နားကို ချစ်သား ဒုက္ခ, သုခ ဘယ်လိုများ သဘောကျသလဲ မေးတော့ 'ဒုက္ခံ ဘန္တေ' တပည့်တော် ဒုက္ခလို့ သဘောကျပါတယ်။ အေး ... ဟုတ်ပြီ၊ ဒုတိယအကျော့လဲ မှန်ပြီ။ ဒီ သောတပသာဒ=နားဆိုတဲ့ အကြည်ရုပ် ဟာ မြဲလဲ မမြဲဘူး။ ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လဲ ဖောက်ပြန်ဖြစ်တယ်။ အဲဒီလို မမြဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တယ်တဲ့ သောတပသာဒ နားအကြည် ရုပ်ပေါ်၌ ဧတံမမ=ငါ့ဥစ္စာပဲ တဏှာနဲ့။ ဧသောဟမသ္မိ= ငါပဲလို့ မာနနဲ့။ ဧသော မေ အတ္တာ = ငါရဲ့ အတ္တလိပ်ပြာပဲလို့ ဒိဋ္ဌိနဲ့ အလွဲလွဲ အချော်ချော် များ ရှုမြော်သင့်သေး သလား ချစ်သားလို့ဆိုတော့ ကိုရင်ရာဟုလာက "နော ဟေတံ ဘန္တေ" ဒီလို မရှုသင့်ပါ ဘုရား၊ ဒီလို လျှောက်တယ်။

ဒီလို မရှုသင့်ကတည်းက နားဟု တွင်မည် ရုပ်အကြည်သည် မမြဲတဲ့သဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါ တကားလို့ အဲဒီလိုသာ ရှုရမယ်။ ဒီလို ရှုဆင်ခြင်လို့ ဒီလိုနှလုံးသွင်းနေယင် ဒါအမှန်ပဲ။ ဘုရားအလိုကျပဲ။ ထို့အတူ သောတမေးသလို ဃာနခေါ်တဲ့ နှာခေါင်းအကြည်ရုပ်ကို သုံးကျော့ ထိုနည်းဌင်း မေးတယ်။ ထိုနည်းဌင်း ဖြေတယ်။ ဇိဝှာ=လျှာအကြည်ရုပ်ကို လဲပဲ သုံးကျော့မေးတယ်။ သုံးကျော့စလုံး ယခင်နည်းအတိုင်း အနိစ္စ ဒုက္ခ အနတ္တ အဖြေမှန်တယ်။ ကာယပသာဒ=ကိုယ်အကြည်ကိုလဲပဲ သုံးကျော့မေးတယ်။ သုံးကျော့ စလုံး ကိုရင်ရာဟုလာက အနိစ္စ ဒုက္ခ အနတ္တ ဖြေတယ်။ ပြီးတော့ မနောဆိုတဲ့ စိတ် အကြည်ကိုလဲ သုံးကျော့ မေးတယ်။

တံ ကိံ မညသိ ရာဟုလ၊ မနော နိစ္စော ဝါ အနိစ္စော ဝါ။

ရာဟုလာ၊ မနောစိတ်လို့ ခေါ်တဲ့ ဝိပဿနာရဲ့ အာရုံဖြစ်ရမှာဆိုတော့ တေဘူမက စိတ်ဝိညာဏ် ခြောက်မျိုးကို ချစ်သား နိစ္စလို့ သဘောကျသလား။ အနိစ္စလို့ သဘောကျ သလား။

http:\\www.dhammadownload.com



ကိုရင်ရာဟုလာက မြင်စိတ်လဲ မမြဲဘူး၊ ကြားစိတ်။ နံစိတ်။ လျက်စိတ်။ ထိစိတ်။ သိစိတ်။ ဘယ်စိတ်မှ မမြဲဘူး၊ ဒါတွေပဲ တွေ့တယ်။ ဒီတော့ "အနိစ္စော ဘန္တေ" ဒီလိုပဲ ဖြေတယ်။ အနိစ္စပါဘုရား။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

အေး ... ဟုတ်ပြီ၊ စိတ်ခြောက်မျိုးဆိုတဲ့ ဒီမနောဝိညာဏ်ဟာ ဝိညာဏ်ခြောက်မျိုးဆိုတဲ့ ဒီစိတ်ခြောက်မျိုး မနောခြောက်မျိုးဟာ မမြဲတာ အမှန်ပဲ။ အဲဒီ မမြဲတဲ့ ဝိညာဏ်ခြောက်မျိုးကို ဒုက္ခလို့ သဘောကျသလား။ သုခလို့ သဘောကျသလား။ ကိုရင်ရာဟုလာက 'ဒုက္ခံ ဘန္တေ' ဒုက္ခလို့ သဘောကျပါတယ် ဘုရားလို့ လျှောက်တယ်။ အဲဒီ နှစ်ချက် မှန်ပြီ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသောမေ အတ္တာ" တိ။

ရာဟုလာ၊ အဲဒီ မနောဆိုတဲ့ တရားသည် မြဲလည်းမမြဲဘူး၊ ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လဲ ဖောက်ပြန်တယ်၊ အဲဒီ မမြဲဆင်းရဲ ဖောက်လွှဲဖောက်ပြန်တဲ့ ဒီမနောခေါ်တဲ့ စိတ်ကိုများ ချစ်သား "ဧတံ မမ"= ငါ့ဥစ္စာပဲလို့ တဏှာနဲ့များ။ "ဧသောဟမသ္မိ" = ငါပဲလို့ မာနနဲ့များ။ "ဧသောမေအတ္တာ"=ငါ၏ အတ္တလိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့များ အလွဲလွဲ အချော်ချော် ရှုသင့်သေးသလားဆိုတော့ "နော ဟေတံ ဘန္တေ" မရှုသင့်ပါဘူးဘုရား။ အကုန် မှန်တယ်။

စက္ခုကိုလဲ အနိစ္စ ဒုက္ခ အနတ္တ။ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ မဟုတ်ပါတကား၊ ငါရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကား လို့ ဒီလိုပဲ ရှုသင့်တဲ့ အဲဒီလို ရှုတဲ့။ အတိုင်း ရှုပေတော့။

သောတကို၊ ဃာနကို၊ ဇိဝှာကို၊ ကာယကို၊ မနကို။ ဒီတော့ အခုလောက်ပြောယင် ကိုရင်ရာဟုလာက ဝိပဿနာရှုပုံ နားလည်သွားပြီ။ ဒီ ပထမသုတ္တန်က နေပြီးတော့ အလုပ်ကို သူ ထုတ်တတ်သွားပြီ။ ဘယ်လိုလဲ။

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
သောတံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ဃာနံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ဇိဝှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

http:\\www.dhammadownload.com



ကာယော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
မနော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

လို့ ပါဠိလို ဒီလို နှလုံးသွင်းတတ်တယ်။ ကိုရင် ရာဟုလာက ဒီသုတ္တန်အရက ဒီလိုပဲ နှလုံးသွင်းရတယ်။ ဒီတော့မှ မြတ်စွာဘုရားက နှလုံးသွင်းတတ်တဲ့ ရာဟုလာကို –

ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော။

## ရှုဖန်များလျှင် ငြီးငွေ့မည်

ချစ်သား ရာဟုလာ၊ ဤသို့ မျက်စိရယ်၊ နားရယ်၊ နှာရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါး၊ ဒီ ဝိပဿနာဘူမိတရားများကို အနိစ္စ ဒုက္ခ အနတ္တလို့ အဖန်ဖန် ရှုမြင်မှ ငါဘုရားရဲ့ တပည့်သား သာဝက+သုတဝန္တ၊ သူမှ သုတရှိတာတဲ့။ ပိဋကတော် သုံးပုံပေါ့လေ၊ အခေါက်ခေါက် အခါခါ ဖတ်ပေမယ်လို့ ဖတ်ရုံနဲ့ သုတဝန္တ မဟုတ်သေးဘူး။ အခုလို တရားကို မြင်အောင်ရှုမှ သုတဝန္တ သုတ ရှိတဲ့ ပုဂ္ဂိုလ်တဲ့။ အရိယသာဝက=ငါဘုရားရဲ့ တပည့်သား သာဝက။ အဲဒီ သာဝကဟာ ဒီလို ရှုဖန်များပြီ ဆိုယင်ဖြင့်

စက္ခုသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

မျက်စိခေါ်တဲ့ အကြည်ရုပ်ပေါ်မှာလဲပဲ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာလို့ စွဲယူလို့ မရတဲ့ နိဗ္ဗိဒါဉာဏ် ရင့်သန်လာလိမ့်မယ်။

သောတသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

နားဆိုတဲ့ သောတပသာဒ ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

ဃာနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

ဃာနခေါ်တဲ့ နှာခေါင်းအကြည် ရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

ဇိဝှာယပိ နိဗ္ဗိန္ဒတိ။

ဇိဝှာခေါ်တဲ့ လျှာအကြည် ရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

ကာယသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

ကာယခေါ်တဲ့ ကိုယ်အကြည်ရုပ်၊ ပသာဒရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

မနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

မနောခေါ်တဲ့စိတ်၊ မနာယတနပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

http:\\www.dhammadownload.com



## ငြီးငွေ့လျှင် တပ်ခြင်းကင်းမည်

နိဗ္ဗိဒါဉာဏ် ရင့်သန်အားကြီးတော့ မဂ်ရောက်ပြီးတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ ဒီတရားတွေပေါ်မှာ တပ်ခြင်းကင်းသွားလိမ့်မယ်။ "ဝိရဇ္ဇတိ" ဖြင့် မဂ်ကို ဟောတယ်။

ဝိရာဂါ ဝိမုစ္စတိ။

ဝိရာဂါ=တပ်ခြင်းကင်းတဲ့ မဂ်ကြောင့်။ ဝိမုစ္စတိ=မဂ်၏ အကျိုးအနေနဲ့ ကိလေသာမှ လွတ်ပြီးတော့ ဖိုလ်ဖြစ်လိမ့်မယ်။

ဝိမုတ္တသ္မိံ=ကိလေသာမှ လွတ်ပြီးတဲ့ဖိုလ်၌။ ဝိမုတ္တမိတိဉာဏံ ဟောတိ=ဩော် ... ဒါ ကိလေသာမှ လွတ်ပြီးတဲ့ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်လို့ မိမိရောက်တဲ့ အရိယာဘုံ အဆင့်ဆင့်မှာ ရောက်တဲ့ ရောက်တဲ့ အတိုင်း ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ် ဖြစ်လိမ့်မယ်တဲ့။ အဲဒီလို ပစ္စဝေက္ခဏာဉာဏ်ရဲ့ နောက်မှာ အဆက်ဆက် ပရမ္ပရပစ္စဝေက္ခဏာ ဉာဏ်အနေနဲ့ အရဟတ္တဖိုလ်ပေါက် ရောက်ပြီးတဲ့ အခါကျတော့ 'ခီဏာ ဇာတိ'=ဩော် ... ငါ့ဘဝ ပဋိသန္ဓေ အနာဂတ် နေစရာ မရှိတော့ဘူး၊ ကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ=သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သော အကျင့်ဖြင့် အရဟတ္တဖိုလ်ပေါက် ငါကျင့်သုံးလို့ ပြီးပြီ။ "ကတံ ကရဏီယံ=ရဟန်းကိစ္စ လုပ်ငန်းအဝဝကို ငါပြုပြီးပြီ။ နာပရံ ဣတ္ထတ္တာယ=နောက်ထပ်တစ်ဖန် မဂ်ကိစ္စအတွက် အလုပ်လုပ်ရန် မရှိတော့ဘူး" လို့ ဣတိ=ဤသို့။ ပဇာနာတိ=အဆက်ဆက်သော ပရမ္ပရ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိလေတော့၏။

အရဟတ္တဖိုလ်နောက် ပစ္စဝေက္ခဏာမှ ရိုးရိုးမဂ်ကို ဆင်ခြင်တယ်။ ဖိုလ်ကို ဆင်ခြင်တယ်။ နိဗ္ဗာန်ကို ဆင်ခြင်တယ်။ ပယ်ပြီးသော ကိလေသာ ဆင်ခြင်တယ်။ ဒါတင်မကဘူး။ အဲဒီနောက်မှာ အဆက်ဆက်ပေါ်တဲ့ ပရမ္ပရပစ္စဝေက္ခဏာ ရောက်အောင်ကို ဟောလိုက်တယ်။ ဒါက စက္ခုသုတ်လို့ ခေါ်တယ်။

## ရှင်ရာဟုလာ ဒုတိယအကြိမ် တရားတောင်းခြင်း

ကိုရင်ရာဟုလာက အဲဒီ တရားနာပြီး ကျောင်းပြန်တယ်။ တစ်ခါတည်း "စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ။ သောတံ။ ဃာနံ။ ဇိဝှါ။ ကာယော။ မနော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ရှုလဲ ရှုတတ်တယ်။ ရှုလဲ ရှုတယ်။ သုံးလေးရက်လောက်ကြာတော့ တစ်ခါ သွားမေးပြန်တယ်။

http:\\www.dhammadownload.com



သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။

မြတ်စွာဘုရား၊ တပည့်တော် တောင်းပန်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည် တပည့်တော်အား အကျဉ်းဆုံးအားဖြင့် တရားဟောတော်မူပါ။

ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

မြတ်စွာဘုရား ဟောကြားတဲ့တရားကို တပည့်တော် သုတမယဉာဏ်ဖြင့် နာခံပြီးတဲ့ နောက် အင်္ဂါငါးချက် ပြည့်နက်၍ တပည့်တော် ရဟန်းတရား အားထုတ်လိုပါတယ်။

ဒီလို မြတ်စွာဘုရား လျှောက်တော့ အဲဒီ ဒုတိယကျတော့ မြတ်စွာဘုရားက ဘာ ဟောသလဲ။ တစ်နေ့ကတုန်းက ကိုရင်ရာဟုလာကို အတွင်းအာယတန=အဇ္ဈတ္တိ ကာယတန ခြောက်ပါးခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟောပြီးတော့ အခု ဒုတိယမြောက် မေးလျှောက်တဲ့အခါကျတော့ အာရုံခြောက်ပါး ဟောတယ်။

တံ ကိံ မညသိ ရာဟုလ၊
ရူပါ နိစ္စာ ဝါ အနိစ္စာ ဝါ။ (သံ၊ ၁။ ၄၄၈။ ရူပသုတ်။)

**အာရုံခြောက်ပါး၌ဝိပဿနာရှုခြင်း**

ရာဟုလာ၊ ငါဘုရား မေးမည့်စကား ဘယ်လိုသဘောကျသလဲ၊ သဘောကျတဲ့ အတိုင်း ဖြေစမ်း။ အဆင်းမျိုးစုံ ရူပါရုံတွေကို ချစ်သား နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။ ရှင်ရာဟုလာက 'အနိစ္စာ ဘန္တေ' အနိစ္စချည်းပါဘုရားတဲ့။ ဖြေပြီးပြီ။ မှန်ပြီ။ ဒါ ပထမအတွက်။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ယင်းရူပါရုံ အဆင်းမျိုးစုံဟာ အနိစ္စမှန်ပြီ။ အနိစ္စမှန်တဲ့ ဒီအဆင်းမျိုးစုံ ရူပါရုံကို ဒုက္ခလို့ ချစ်သား သဘောကျသလား၊ သုခလို့ သဘောကျသလား မေးတော့ ရှင် ရာဟုလာက 'ဒုက္ခံ ဘန္တေ' တပည့်တော် ဒုက္ခလို့ သဘောကျပါတယ် ဘုရား။ မြတ်စွာ ဘုရားက တတိယအချက် မေးလိုက်ပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ
'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ' တိ။

ရာဟုလာ၊ ချစ်သား ပြောတဲ့အတိုင်း ယင်းအဆင်းမျိုးစုံ ရူပါရုံတွေဟာ မမြဲတာလဲ အမှန်ပဲ၊ ဆင်းရဲတာလဲ အမှန်ပဲ၊ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တာလဲ အမှန်ပဲ။ ယင်း

http:\\www.dhammadownload.com



သို့ မမြဲဆင်းရဲ ဖောက်လွဲတတ်တဲ့ အဆင်းမျိုးစုံ ရူပါရုံကိုများ ချစ်သားက ဧတံ မမ= ငါ့ဥစ္စာပဲလို့ တဏှာနဲ့များ။ ဧသောဟမသ္မိ=ငါပဲလို့ မာနနဲ့များ။ ဧသော မေ အတ္တာ=ငါရဲ့ အတ္တလိပ်ပြာပဲလို့ ဒိဋ္ဌိနဲ့များ အလွဲလွဲ အချော်ချော် ရှုလို့ တော်ပါ့မလား၊ ရှုသင့်သေး သလား ချစ်သား။ ရှင်ရာဟုလာက ဖြေတယ်။

နော ဟေတံ ဘန္တေ။

ဒီလိုမရှုသင့်ပါဘုရားလို့ ဆိုလိုက်ကတည်းကိုက ဒီသုတ္တန်လဲပဲ ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသောအတ္တာ။ ရှုရမယ့်အကွက် ပေါ်သွား တယ်။ ရူပါ=အဆင်းမျိုးစုံ ရူပါရုံတို့သည်။ အနိစ္စာ=မမြဲကြကုန်။ ဒုက္ခာ=ဆင်းရဲကုန်၏။ အနတ္တာ=အစိုးမရကုန်။ နေတံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ=ငါ မဟုတ်ပါတကား။ န မေ သောအတ္တာ=ငါ့ရဲ့အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ ရူပါရုံမှာ ရှုတတ်သွားသလို မြတ်စွာဘုရား မေးတုန်းက သဒ္ဒါရုံ၊ စိတ်ရှည်လက်ရှည် တေပရိဝဋ္ဋ ဓမ္မဒေသနာနဲ့ သုံးကျော့သုံးပြန် ထိုနည်းအတူ မေးတယ်။ ဂန္ဓာရုံ၊ ထိုနည်းအတူ သုံးကျော့သုံးပြန် ပေယျာလ မပါဘဲနဲ့ မေးကြ ဖြေကြတယ်။ ရသာရုံမှာလဲ ထိုနည်း အတူ။ ဖောဋ္ဌဗ္ဗာရုံ ထိုနည်းအတူ။ ဓမ္မာရုံမှာလဲ ထိုနည်းအတူ ပေယျာလ မပါဘဲနဲ့ သုံးကျော့ သုံးပြန် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြေမှန်အောင် မြတ်စွာဘုရားက မေး၊ ရှင်ရာဟုလာက ဖြေတယ်။

အဲဒီလို မေးဖြေပြီးတော့ အာရုံခြောက်ပါးကို ရှင်ရာဟုလာက ရှုတတ်တယ်။ ရှုတတ် တဲ့ အတိုင်းလဲ နောက်က လိုက်ရှုတယ်။ အဲဒီ ရှုတတ်တဲ့အတိုင်းလဲ မြတ်စွာဘုရားက–

ဧဝံ ပဿံ ရာဟုလ အရိယသာဝကော။

ရာဟုလာ၊ ဒီအာရုံ ခြောက်ပါးကို "အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသောအတ္တာ" လို့ ရှုတဲ့ ပုဂ္ဂိုလ်မှ သုတဝန္တပုဂ္ဂိုလ်၊ ငါဘုရားရဲ့ တပည့်သား သာဝကပုဂ္ဂိုလ် ဖြစ်တယ်။ အာရုံခြောက်ပါး။ အဲဒီ တပည့်သား သာဝကပုဂ္ဂိုလ်သည် 'ရူပေသုပိ နိဗ္ဗိန္ဒတိ' အဆင်းမျိုးစုံ ရူပါရုံတို့၌လည်း ငြီးငွေ့သွားပြီ၊ နိဗ္ဗိဒါဉာဏ် ရင့်သန် ပြီ။ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဆိုတာ နှာခေါင်းရှုံ့ရမှာ မဟုတ်ဘူး။ စောစောက တရားနလုံး မသွင်းခင်တုန်းကတော့ အဆင်းကို၊ အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို၊ ငါပဲ၊ ငါ့ဥစ္စာပဲလို့ ငါ့လိပ်ပြာပဲလို့ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ စွဲလို့ သူ့အနေနဲ့ရတယ်။

http:\\www.dhammadownload.com



အမှန်ကတော့ စွဲရမယ့် တရားမဟုတ်တာကို သူသွားပြီးတော့ အလွဲလွဲစွဲတယ်၊ စွဲယူလို့ ရသေးတယ်၊ အခု တရားနှလုံးသွင်းလိုက်တော့ လုံးဝကို စွဲယူလို့ မရတော့ဘူး။ စွဲကို မစွဲဝံ့တော့ဘူး။ အဲဒီလို စွဲယူလို့ မရအောင်သိတဲ့ အသိဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်။

နိဗ္ဗိဒါဉာဏ် ရင့်သန်လာလို့ အထက် အထက် ဝိပဿနာဉာဏ်တွေက ကျေးဇူးပြု ပေးလိုက်တော့ - နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ အဲ - မဂ်ရောက်ပြီးတော့ အဲဒီ အာရုံတွေပေါ်မှာ တပ်ခြင်းကင်းရော။ ဂိရာဂါ ဝိမုစ္စတိ=မဂ်ကြောင့် ဖိုလ်ပေါက်ပြီးတော့ ကိလေသာမှ လွတ်ပြီ။ "ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"လို့ ယခင်အတိုင်း ရိုးရိုး ပစ္စဝေက္ခ ဏာဉာဏ် ပရမ္မရ အဆက်ဆက်သော ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်တိုင်အောင် မြတ်စွာ ဘုရားက ဒီတစ်ကြိမ်တည်း အာရုံခြောက်ပါးနဲ့ ကိုင် ဟောလိုက်တယ်။

ကိုရှင်ရာဟုလာ သွားပြီး နှလုံးသွင်းယ်။

ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ၊ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နှလုံးသွင်းတတ်တယ်။ သွင်းလဲ သွင်းတယ်။

## ရှင်ရာဟုလာ တတိယအကြိမ် တရားတောင်းခြင်း

သုံးရက်လောက်ရှိတော့ လျှောက်ပြန်တယ်။ ယခင်နည်းအတိုင်း။

> သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

အကျဉ်းချုပ်တရား ဟောတော်မူပါ။ ယင်းရှင်တော်ဘုရား ဟောကြားတဲ့တရားကို တပည့်တော် သုတမယဉာဏ်နဲ့ နာခံပြီးတဲ့နောက် အင်္ဂါငါးချက် ပြည့်နက်၍ ရဟန်း တရား ပွားများကြိုးကုတ် အားထုတ်နေပါတယ်ဘုရား ဆိုတော့ သုံးအချက်ကျတော့ မြတ်စွာဘုရား ဝိညာဏ် ခြောက်ပါး ဟောတယ်။

> တံ ကိံ မညသိ ရာဟုလ၊
> စက္ခု ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ။ (သံ၊ ၁။ ၄၄၀။ ဝိညာဏသုတ်။)

http:\\www.dhammadownload.com



**ဝိညာဏ်ခြောက်ပါး၌ ဝိပဿနာရှုခြင်း**

ရာဟုလာ၊ အခုမေးမယ့်စကား ဘယ်လိုသဘောကျသတုန်း။ စက္ခုဝိညာဏ် အမြင်စိတ်ကို နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။ အနိစ္စံ ဘန္တေ= အနိစ္စပါဘုရား။ အေး ... ဆိုကြပါစို့။ နောဟေတံ ဘန္တေ ထိအောင် အနိစ္စလဲ အဖြေမှန်တယ်။ ဒုက္ခလဲ အဖြေမှန်တယ်။ အနတ္တလဲ အဖြေမှန်တယ်။ စက္ခုဝိညာဏ် မေးပြီးပြန်တော့ သောတဝိညာဏ် အကြားစိတ်ကိုလဲ ထို့အတူ သုံးကျော့ ပေယျာလ တစ်ချက်မှ မပါဘူး၊ မေးတယ်။ မချန်ဘူး၊ ဖြေတယ်။ **ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်** ဆိုတဲ့ အနမ်းအရှုစိတ်တွေ၊ အစား အလျက်စိတ်တွေ၊ အတွေ့အထိစိတ်တွေ၊ ကြံသိတဲ့ မနောဝိညာဏ် စိတ်တွေကို တေပရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ အနိစ္စ ဒုက္ခ အနတ္တ အချက်ပေါ်အောင် မေးဖြေတော်မူတယ်။ အဖြေမှန်၊ အမေးမှန်။ နိဂုံးမှာလဲပဲ အရဟတ္တဖိုလ်ရဲ့ နောက်မှာ ပရမ္မရပစ္စဝေက္ခဏာ ရောက်အောင် အကျိုးရတဲ့ အကြောင်းနဲ့ နိဂုံးသိမ်းတယ်။

ရာဟုလာ၊ ဒီတစ်ခါသွား တရားနာလိုက်တာ ဝိညာဏ်ခြောက်ပါးပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တ ရှုရမယ်ဆိုတဲ့ အဆုံးအမ ရတဲ့အတိုင်း နှလုံးသွင်းတယ်။ ရှုတယ်။ နောက်သုံးရက်လောက်ကျတော့ ရှေးနည်းအတူ မေးပြန်တယ်။ မြတ်စွာဘုရားက ဒီအကြိမ် စတုတ္ထအကြိမ်ကျတော့ ဘာဟောလိုက်သလဲ။

**စတုတ္ထအကြိမ် တရားတောင်းခြင်း**

တံ ကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿ နိစ္စော ဝါ အနိစ္စော ဝါ။

(သံ၊ ၁။ ၄၄၀။ သမ္ဖဿသုတ်။)

**ဖဿခြောက်ပါး၌ ဝိပဿနာရှုခြင်း**

ချစ်သား ရာဟုလာ၊ အခု ငါဘုရား မေးမယ့်စကား ဘယ်လိုများ သဘောကျသလဲ။ မျက်စိအတွေ့ကို ချစ်သားနိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။

ကိုရင်ရာဟုလာက 'အနိစ္စော ဘန္တေ'= အနိစ္စလို့ သဘောကျပါတယ်ဘုရား။ ဒုတိယအကျော့ မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

မျက်စိအတွေ့ဟာ မမြဲတာ အမှန်ပဲ မမြဲတဲ့ မျက်စိအတွေ့ကို ဒုက္ခလို့ သဘောကျသလား၊ သုခလို့ သဘောကျသလား၊ ကိုရင်ရာဟုလာက ဒုက္ခံ ဘန္တေ = ဒုက္ခလို့

http:\\www.dhammadownload.com



သဘောကျပါတယ်ဘုရား။ ဒုတိယ အကျော့ မှန်ပြန်တော့ –

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ

'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ' တိ။

(ရှေးနည်းအတူ)

ယင်းမျက်စိအတွေဟာ မမြဲ ဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်တယ် အမှန်။ ယင်းမမြဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ မျက်စိအတွေကို ငါ့ဥစ္စာပဲလို့ တဏှာနဲ့၊ ငါပဲလို့ မာနနဲ့၊ ငါရဲ့ အတ္တလိပ်ပြာပဲလို့ ဒိဋ္ဌိနဲ့များ အလွဲလွဲအချော်ချော် ရှုမြော်သင့်သေးရဲ့လား၊ ရှုမြော်လို့ သင့်တော်ပါ့မလား ရာဟုလာဆိုတော့ 'နော ဟေတံ ဘန္တေ'= မရှုသင့်ပါဘူးဘုရား။ ဒီနေရာမှာ ရှင်ရာဟုလာက ဝိပဿနာဘူမိ တစ်မျိုးရပြီးတော့ နှလုံးသွင်းသွားနိုင်ပြီ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ။

မျက်စိအတွေ့ မေးသလို နားအတွေ့ သောတသမ္ဖဿ၊ နှာခေါင်းအတွေ့ ဃာနသမ္ဖဿ၊ လျှာအတွေ့ ဇိဝှာသမ္ဖဿ၊ ကိုယ်အတွေ့ ကာယသမ္ဖဿ၊ စိတ်အတွေ့ မနောသမ္ဖဿ၊ ဖဿခြောက်မျိုး တစ်ခုမှ ပေယျာလ မချန်ဘူး။ ဘုရားက အကုန်လုံး စိတ်ရှည်လက်ရှည် မေးတယ်။ ရှင်ရာဟုလာကလဲပဲ သုံးကျော့သုံးကျော့တိုင်း မမှားသော ဖြေခြင်းနဲ့ ဖြေတယ်။ နှလုံးသွင်းတယ်။ အဲဒီ သုတ်မှာလဲ ရှေးနည်းအတူ အရဟတ္တဖိုလ် နောက်မှာ ပရမ္မရပစ္စဝေက္ခဏာရောက်အောင် အကျိုးပြပြီးတော့ ဟောတယ်။ ဒီသုတ်ဆုံးတော့ ကိုရှင်ရာဟုလာက ဝိပဿနာဘူမိ တစ်မျိုးပေါ့လေ၊ အသိရလာပြန်တယ်။ နှလုံးသွင်းဖို့ တရား ဘယ်လိုလဲ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊

နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ –

လို့ နှလုံးသွင်းတတ်တယ်။ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ။ ထို့အတူ မနောသမ္ဖဿောမှာလဲ ထို့အတူ အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ ရှုတတ်တယ်။

## ပဥ္စမအကြိမ် တရားတောင်းခြင်း

နောက်သုံးရက်လောက် ဆိုပါစို့။ စာထဲတော့ ဒီလို တိုက်ရိုက်မဆိုသော်လဲပဲ ဥပမာပြောရတယ်။ လျှောက်ပြန်ပြီ ရှေးနည်းအတူ။ အရှင်ဘုရား၊ တပည့်တော်ကို အကျဉ်းချုပ်

http:\\www.dhammadownload.com



တရား ဟောတော်မူပါ၊ အရှင်ဘုရား ဟောတဲ့ တရားကို နာရလို့ရှိယင် တပည့်တော် အင်္ဂါငါးချက် ပြည့်နှက်၍ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေလိုပါတယ် ဘုရားလို့ လျှောက်တော့ အခု ပဌမမြောက်ကျတော့ ဘုရားက ဘာဟောသလဲ၊ ဝေဒနာ ခြောက်ပါး ဟောတယ်။

တံ ကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါ။

(သံ၊ ၁၊ ၄၄၀။ ဝေဒနာသုတ်။)

**ဝေဒနာခြောက်ပါး၌ ဝိပဿနာရှုခြင်း**

ချစ်သား ရာဟုလာ၊ ဘယ်လိုသဘောကျသလဲ။ အခုစကားကို မျက်စိအတွေ့ကြောင့် ခံစားမှု မဖြစ်ဘူးလား၊ ဖြစ်တယ်။ မျက်စိအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှုဟာ မြဲသလား၊ မမြဲဘူးလား။ နိစ္စလား၊ အနိစ္စလား။ ကိုရင်ရာဟုလာက ဖြေပြီ။ "အနိစ္စာ ဘန္တေ"= အနိစ္စပါဘုရား။ အင်း၊ ယံ ပနာနိစ္စံ၊ သွားရော့၊ ဒုတိယကျော့မှာ ဒုက္ခလို့ အဖြေမှန်တယ်။ တတိယကျော့မှာ 'နေ့ာ ဟေတံ ဘန္တေ' လို့ အဖြေမှန်တယ်။

ထို့အတူ နားအတွေ့ကြောင့်ဖြစ်တဲ့ သောတသမ္ဖဿဇာ ဝေဒနာ၊ နှာခေါင်းအတွေ့ ကြောင့် ဖြစ်တဲ့ ဃာနသမ္ဖဿဇာ ဝေဒနာ၊ လျှာအတွေ့ကြောင့် ဖြစ်တဲ့ ဇိဝှာသမ္ဖဿဇာ ဝေဒနာ၊ ကိုယ်အတွေ့ကြောင့်ဖြစ်တဲ့ ကာယသမ္ဖဿဇာ ဝေဒနာ၊ စိတ်အတွေ့ကြောင့် ဖြစ်တဲ့ မနောသမ္ဖဿဇာ ဝေဒနာ ခြောက်မျိုးစလုံး တစ်ခုမှ ပေယျာလ မကန်ဘူး၊ တစ်လုံးမှ မချန်ဘဲနဲ့ တေပရိဝဋ္ဋ သုံးကျော့ပြန်မေးတော်မူ၊ ဖြေတော်မူကြတယ်။ အဲဒီ တော့ ဒီသုတ္တန်ဆုံးတော့ ကိုရင်ရာဟုလာက တရားနှလုံးသွင်းဖို့ တိုးလာပြန်တယ်။

စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊
နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

သောတသမ္ဖဿဇာ ဝေဒနာ။ ထို့အတူ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ ထို့အတူပဲ။

မနောသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊
နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နှလုံးသွင်းတတ်သွားပြီ။ သွင်းတတ်တဲ့ အတိုင်းလဲ သွင်းတယ်။ မြတ်စွာဘုရား ကလဲ ဒီသုတ်ကို အရဟတ္တဖိုလ် အထွတ်ထပ်ပြီးတော့ ရှေးနည်းအတူ ဟောတယ်။ ပြီးပြန်ရော။

http:\\www.dhammadownload.com



## ဆဋ္ဌမအကြိမ် တရားတောင်းခြင်း

နောက်တစ်ချိန် မေးပြန်ရော။ ရေးနည်းအတူပဲ။ ခြောက်ကြိမ်မြောက် ဘာမေးလိုက်သလဲ။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။

တပည့်တော် တောင်းပန်ပါရစေ မြတ်စွာဘုရား။ တပည့်တော်အား အကျဉ်းချုပ်တရားဟောပါ။ ယင်း ရှင်တော်ဘုရား ဟောကြားတဲ့ တရားကို နာရလို့ရှိယင် တပည့်တော် အင်္ဂါငါးချက် ပြည့်နက်၍ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေပါရစေ။ ဒီကျတော့ မြတ်စွာဘုရားက –

တံ ကိံ မညသိ ရာဟုလ၊ ရူပသညာ နိစ္စာ ဝါ အနိစ္စာ ဝါ။ (သံ၊ ၁။ ၄၄၁)

**သညာခြောက်ပါး**

စောစောကပြောတဲ့ အဆင်းနဲ့ ပတ်သက်၍ လိမ္မာပါးနပ်မှုဆိုတဲ့ ရူပသညာကို ချစ်သား နိစ္စလို့ မှတ်သလား၊ အနိစ္စလို့ မှတ်သလား။ "အနိစ္စာ ဘန္တေ" = အနိစ္စပါဘုရား။ ကျန်တဲ့ နှစ်ကျော့မှာလဲပဲ ဒုက္ခပါဘုရား။ နော ဟေတံ ဘန္တေ = ငါ၏ အတ္တလိပ်ပြာလို့ မရှုသင့်ပါဘုရားလို့ ဆိုပြီးတော့ ရူပသညာ ခေါ်တဲ့ အဆင်းမျိုးစုံ ရူပါရုံနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ သဒ္ဒသညာ ခေါ်တဲ့ အသံမျိုးစုံ သဒ္ဒါရုံနဲ့ ပတ်သက်၍လဲ ပါးနပ်လိမ္မာသမျှ၊ ဃာနသညာခေါ်တဲ့ အနံ့မျိုးစုံ ဂန္ဓာရုံနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ ရသသညာ အရသာမျိုးစုံ ရသာရုံနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ ဖောဋ္ဌဗ္ဗသညာ ခေါ်တဲ့ အတွေ့မျိုးစုံနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ ဓမ္မသညာခေါ်တဲ့ ရုပ်နာမ်ဓမ္မနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ အဲဒီ သညာခြောက်ပါးစလုံး အကုန်လုံးပဲ တေပရိဝဋ္ဋလို့ ခေါ်တယ်။ ပါဠိကတော့ သုံးကျော့ သုံးပြန် အနိစ္စ တစ်ကျော့၊ ဒုက္ခ တစ်ကျော့၊ အနတ္တ တစ်ကျော့။ သုံးကျော့မေး၊ သုံးကျော့စလုံး အရှင်ရာဟုလာ မမှားအောင် ဖြေလိုက်တယ်။

ဒီတော့ ဒီဆဋ္ဌသုတ်ကျတော့ ကိုရင်ရာဟုလာ ဝိပဿနာ ရှုစရာ တရားခြောက်မျိုး တိုးလာပြန်ပြီ။ ဘာတုန်း။

> ရူပသညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

http:\\www.dhammadownload.com



နလုံးသွင်းတယ်။ တရားနာရင်း သွင်းတယ်။ ရှုလိုက်တယ်။ မြတ်စွာဘုရားက ဆက်ပြီးတော့ -

ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော ရူပသညာယပိ နိဗ္ဗိန္ဒတိ၊ သဒ္ဒသညာယပိ နိဗ္ဗိန္ဒတိ -

စသည်ဖြင့် ရှေးရှေးသုတ်များကဲ့သို့ အကျိုးတွေ၊ အရဟတ္တဖိုလ် နောက် ပစ္စဝေက္ခဏာဉာဏ် ရောက်အောင် အကျိုးရတယ်။ တစ်ခါ ပြီးပြန်ရော။

## သတ္တမမြောက်အကြိမ် တရားတောင်းခြင်း

နောက်တစ်ခါ ကိုရင်ရာဟုလာ တရားနလုံးသွင်းပြီးတော့ တစ်ခါ သွားပြန်ရော။ လျှောက်ပြန်ရော၊ ရှေးနည်းတူပေါ့။ အဲဒီ ခုနစ်ကြိမ်မြောက် လျှောက်တဲ့အခါကျတော့ ရူပသဉ္စေတနာ တဲ့၊ အဆင်းမျိုးစုံ ရူပါရုံနဲ့ ပတ်သက်၍ စေ့ဆော်ပေးတဲ့ စေတနာ။

"ရူပသဉ္စေတနာ နိစ္စာ ဝါ အနိစ္စာ ဝါ" လို့ မေးတယ်။

(သံ၊ ၁။ ၄၄၁၊ သဉ္စေတနာသုတ်။)

**သဉ္စေတနာ ၆-ပါး**

ကိုရင်ရာဟုလာက 'အနိစ္စာ ဘန္တေ' လို့ ဖြေတယ်။ သုံးကျော့စလုံးပဲ 'ဒုက္ခံ ဘန္တေ'၊ နောက် 'နောဟေတံ ဘန္တေ' အဖြေမှန်တယ်။ စေတနာ ခြောက်မျိုးလုံး အဆင်းမျိုးစုံ ရူပါရုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု=ရူပသေဉ္စေတနာ။ အသံမျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု = သဒ္ဒသဉ္စေတနာ၊ အနံ့မျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု = ဂန္ဓသဉ္စေတနာ၊ ရသာမျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု = ရသ သဉ္စေတနာ၊ အတွေ့မျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု = ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မမျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှုဆိုတဲ့ ဓမ္မသဉ္စေတနာ။ ဒီစေတနာ ခြောက်ပါးစလုံး အနိစ္စ ဒုက္ခ အနတ္တ ရှုတတ်သွားတယ်။ ရှုလဲ ရှုတယ်။ မြတ်စွာဘုရားကလဲ ဤသုတ်မှာ အရဟတ္တဖိုလ်နောက် ပစ္စဝေက္ခဏာရောက်အောင် အကျိုးတွေ ပြပြီးတော့ သုတ္တန်သိမ်းတယ်။

ရှုပြီ။ ကိုရင်ရာဟုလာ သူ့ ကျောင်းပြန်ပြီးတော့ -

http:\\www.dhammadownload.com



ရူပသဥ္စေတနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒသဥ္စေတနာ၊ ဂန္ဓသဥ္စေတနာ၊ ရသသဥ္စေတနာ၊ ဖောဋ္ဌဗ္ဗသဥ္စေတနာ၊ ဓမ္မသဥ္စေတနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စာအသစ် အသစ် ကျက်သလိုပေါ့၊ တရား အသစ် အသစ်ရလို့ ထပ်ရှုတယ်။ ဒါနှလုံးသွင်းတာပဲ။

**အဋ္ဌမမြောက် တရားတောင်းခြင်း**

အင်း ... နောက်တစ်ခါ ရှစ်ကြိမ်မြောက် သွားလျှောက်တယ်။ မြတ်စွာဘုရားက ဒီတစ်ခါကျတော့ တဏှာခြောက်ပါး ဟောတယ်။

တံ ကိံ မညသိ ရာဟုလ၊ ရူပတဏှာ နိစ္စာ ဝါ အနိစ္စာ ဝါ။

(သံ၊ ၁။ ၄၄၁။ တဏှာသုတ်)

ရာဟုလာ၊ အခု ငါဘုရား မေးမယ့် စကား ဘယ်လို သဘောကျသလဲ၊ သဘောကျတဲ့အတိုင်း သင်ချစ်သား ဖြေစမ်း။

**တဏှာခြောက်ပါး**

ရူပတဏှာ=အဆင်းမျိုးစုံ ရူပါရုံတို့၌ ခုံမင်တပ်မက်တတ်တဲ့ တဏှာလောဘသည်။ နိစ္စာ ဝါ = မြဲသလော။ အနိစ္စာ ဝါ = မမြဲဘူးလော။ ရှင်ရာဟုလာက 'အနိစ္စာ ဘန္တေ' = မမြဲပါဘူး ဘုရားလို့။

ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။

ယင်း မမြဲတဲ့ ရူပတဏှာကို ဒုက္ခလို့ ရှုသင့်သလား၊ သုခလို့ ရှုသင့်သလားဆိုတော့ 'ဒုက္ခံ ဘန္တေ' = ဒုက္ခပါဘုရား။ အဖြေမှန်တယ်။

ယံ ပနာနိစ္စံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ

ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာ။

ယင်း မမြဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ရူပတဏှာကို ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာလို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အချော်ချော် ရှုမြော်သင့် သေးသလားဆိုတော့ "နော ဟေတံ ဘန္တေ"၊ ဒီလို မရှုသင့်ပါဘူးဘုရား။ ဒီလို တစ်ခေါက် ကုန်သွားတယ်ဆိုယင်ပဲ ကိုရင်ရာဟုလာ ရှုတတ်သွားပြီ။

ရူပတဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

http:\\www.dhammadownload.com



ရှိတယ်၊ တဏှာခြောက်ပါးစလုံး။ မြတ်စွာဘုရားကလဲ စိတ်ရှည်လက်ရှည် မေးတယ်။ ရှင်ရာဟုလာကလဲ ဘုရားမေးတာ တစ်လုံးမကျန် အဖြေမှန်နဲ့ အမှတ်ပြည့်ချည်းပဲ အကုန်ရတယ်။ အဲဒီလို တေပရိဝဋ္ဋ ဓမ္မဒေသနာ ခြောက်ချက် ဆုံးလဲဆုံးရော၊ ကိုရှင်ရာဟုလာ နှလုံးလဲ သွင်းတတ်တယ်။

သဒ္ဒတဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ (နှလုံးသွင်းတတ်တယ်)။

မြတ်စွာဘုရားကလဲ အဲဒီသုတ်မှာ ရှေးသုတ်နည်းအတူပဲ တဏှာခြောက်ပါးပေါ်မှာ နိဗ္ဗိဒါဉာဏ် ရင့်သန်လာလိမ့်မယ်။ အဲဒီ နိဗ္ဗိဒါဉာဏ်က ကျေးဇူးပြုပေးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်ပြီးတော့ ပစ္စဝေက္ခဏာဉာဏ် အဆင့်ဖြင့် ပေါ်ပေါက်အောင် ရှေးနည်းအတူ ဟောလို့ ပြီးပြန်တယ်။ ကိုရှင် ရာဟုလာ သူ့ကျောင်းပြန်ပြီးတော့ နှလုံးသွင်းပြီ။

## နဝမခြောက် တရားတောင်းခြင်း

နောက်တစ်ကြိမ် ကိုးကြိမ်မြောက် မေးပြန်ပြီ။ ရှေးနည်းအတူ။

တံ ကိံ မညသိ ရာဟုလ။

ရာဟုလာ=အချင်းဂါဘုရားမေးကဲ့ စကား ချစ်သား ဘယ်လိုသဘောကျသလဲ။

ပထဝီဓာတု နိစ္စာ ဝါ အနိစ္စာ ဝါ။ (သံ၊ ၁။ ၄၄၂။ ဓာတုသုတ်)

**ဓာတ်ခြောက်ပါး**

စောစောကပြောတဲ့ ကြမ်းမှု နမ်မှုဆိုတဲ့ ပထဝီဓာတ်အစုကို နိစ္စလို့ မှတ်သလား၊ အနိစ္စလို့ မှတ်သလား။ "အနိစ္စာ ဘန္တေ"=အနိစ္စပါ ဘုရားလို့ ရှင်ရာဟုလာက ဖြေတယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ယင်း ပထဝီဓာတ်ဟာ မမြဲတာ ဧကန် အမှန်ပဲ။ အဲဒီ မမြဲတဲ့ ပထဝီဓာတ်ဟာ ဒုက္ခလား၊ သုခလား၊ ကိုရှင်ရာဟုလာက "ဒုက္ခံ ဘန္တေ"= ဒုက္ခပါဘုရား။ နှစ်ကျော့။ မြတ်စွာဘုရားက မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ။

ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

http:\\www.dhammadownload.com



ရာဟုလာ၊ ယင်း မမြဲဆင်းရဲ ဖောက်ပြန်တတ်တဲ့ ပထဝီဓာတ်ကိုများ ချစ်သားက ဧတံ မမ=ငါ့ဥစ္စာပဲ တဏှာနဲ့။ ဧသောဟမသ္မိ=ငါပဲ မာနနဲ့၊ ဧသော မေ အတ္တာ=ငါ့ လိပ်ပြာ ငါ့အတ္တ ငါ့ဝိညာဏ်ပဲလို့ ဒိဋ္ဌိနဲ့များ အလွဲလွဲ အချော်ချော် ရှုလို့ သင့်ပါ့မလား။ "နေ့တံ ဟေတံ ဘန္တေ"= မသင့်ပါဘူးဘုရား။

ဒီမှာလဲပဲ ကိုရှင်ရာဟုလာ နှလုံးသွင်းတတ်သွားပြီ။ မြတ်စွာဘုရားက ပထဝီဓာတ် မှာလဲပဲ တေပရိဝဋ္ဋ သုံးကျော့သုံးပြန်နဲ့ အဖြေမှန် ထွက်အောင် မေးသလို အာပေါဓာတ် သုံးကျော့ပြန်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်၊ ဓာတ် ခြောက်ပါး။ ထို့အတူပဲ မေးတယ်။ တေပရိဝဋ္ဋ သုံးပြန် သုံးပြန်နဲ့ပဲ အဖြေမှန် ထွက် အောင် ရှင်ရာဟုလာကလဲ မေးတိုင်း မေးတိုင်း အဖြေမှန်တယ်။ အေး ... မြတ်စွာဘုရား က ဒီ ဓာတုသုတ်မှာလဲပဲ အရဟတ္တဖိုလ်နောက် ပစ္စဝေက္ခဏာရောက်မှ တရားနိဂုံး သိမ်းပါတယ်။ ဓာတုသုတ်မှာလဲ တရားနာပြီးတော့ ကျောင်းပြန် ကိုရှင် ရာဟုလာ နှလုံးသွင်းတယ်။

> ပထဝီဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယောဓာတု၊ အာကာသဓာတု၊ ဝိညာဏ ဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ရှင်ရာဟုလာ နှလုံးသွင်းတယ်။ အဋ္ဌကထာက ပြောတယ်။ ရာဟုလသံယုတ်ဟာတဲ့၊ ရှင်ရာဟုလာ မထေရ်အတွက် ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကိုယ်ဝန်သားကို ယူလာတဲ့။ ယူဖို့ ဟောတာတဲ့။ အဲဒီလောက် ပြောယင် ပါးမှ။ သြော် ... ဝိပဿနာဉာဏ် ပညာတည်းဟူသော ကလလရေကြည် မိမိဟဒယဝတ္ထုတည်းဟူသော ဝမ်းကြာတိုက်ထဲ မှာ တည်စေတယ်လို့ ဒီလို နားလည်ရမယ်။ ပြီးပြန်ရော။

## ဒသမမြောက် တရားတောင်းခြင်း

အေး ... နောက်တစ်ခါ ဆယ်ကြိမ်မြောက် သွားလျှောက်တယ်။ အဲဒီ ဆယ်ကြိမ် မြောက် လျှောက်တော့ ရာဟုလသံယုတ်မှာ ဝဂ်တစ်ခု ကုန်သွားပြီ။ ရာဟုလာက လျှောက်တယ်။

> သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။ (သံ၊ ၁။ ၄၄၂။ ခန္ဓသုတ်)

မြတ်စွာဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ ရှင်တော်ဘုရားသည် တပည့်တော် ရာဟုလာအား အကျဉ်းအားဖြင့် တရားဟောတော်မူပါ။ ရှေးနည်းအတူ။

http:\\www.dhammadownload.com



ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော
အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

ယင်း ရှင်တော်ဘုရား ဟောကြားတဲ့တရားကို ကြားနာပြီးလို့ရှိယင် ရာဟုလာခေါ် တပည့်တော်အား အင်္ဂါငါးချက် ပြည့်နက်ပြီးတော့ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေလိုပါတယ်ဘုရားလို့ လျှောက်တယ်။ အဲဒီ ဆယ်ခုမြောက် နောက်ဆုံးကျ တော့ မြတ်စွာဘုရားက –

တံ ကိံ မညသိ ရာဟုလ။

**ခန္ဓာငါးပါး ဝိပဿနာ**

အခု ငါဘုရားမေးမယ့် စကား ချစ်သားဘယ်လို သဘောကျသလဲ။ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ၊ ရူပံ = ၂၈ ပါး ရုပ်တရားအစုသည်။ နိစ္စံ ဝါ = နိစ္စ ပေလော။ အနိစ္စံ ဝါ = အနိစ္စပေလော။ ရူပက္ခန္ဓာသည် နိစ္စလား အနိစ္စလား။ ရှင်ရာဟုလာက ဖြေတယ်။ "အနိစ္စံ ဘန္တေ" = အနိစ္စပါဘုရား။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ယင်း ရူပက္ခန္ဓာ ရုပ်တရားအစုဟာ မမြဲတာ အမှန်။ မမြဲတာ အမှန်ဖြစ်တဲ့ ဒီရူပ က္ခန္ဓာဟာ ဒုက္ခလား သုခလားတဲ့။ ရှင်ရာဟုလာက "ဒုက္ခံ ဘန္တေ" = ဒုက္ခပါဘုရား။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ၊
"ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ"

ယင်း မမြဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ရုပ်တရားအစုကို ချစ်သား 'ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာ' လို့ တဏှာ မာန ဒိဋ္ဌိတို့နဲ့ အလွဲလွဲအချော်ချော် ရှုမြော်သင့် သေးသလား။ "နော ဟေတံ ဘန္တေ" = မရှုသင့်ပါဘူး ဘုရား။

အဲဒီရုပ်ကို မေးသလို ဝေဒနာကို သုံးကျော့၊ သညာကို သုံးကျော့၊ သင်္ခါရကို သုံး ကျော့၊ ဝိညာဏ်ကို သုံးကျော့၊ ခန္ဓာငါးပါး အကုန်လုံး သုံးကျော့ သုံးကျော့စီ မေးတယ်။ ကိုရင် ရာဟုလာကလဲ မေးတိုင်း မေးတိုင်း တစ်ခါတည်း အဖြေမှန်တယ်။ မြတ်စွာဘုရား က ဒီလို ခန္ဓာကို ရှုခြင်းဖြင့်လဲပဲ အရဟတ္တဖိုလ် ပေါက်ရောက်တဲ့ အပြင် နောက်နားက ပစ္စဝေက္ခဏာထိအောင် ပေါက်သွားတယ်။ ဒါက ပထမဝဂ် ဆယ်သုတ်။

http:\\www.dhammadownload.com



## ရှင်ရာဟုလာအား ဘုရား၊ အလိုလိုဟောသော တရား ၁၀-သုတ်

နောက်တစ်နေ့ကျတော့ ရှင်ရာဟုလာရဲ့ အမေးတောင် မစောင့်တော့ဘူး။ ကိုရင်ရာဟုလာ အနားရောက်တယ်ဆိုယင်ပဲ ဘုရားကိုယ်တော်မြတ်က ပြန်ပြီးတော့ နှုးသောအနေနဲ့ -

တံ ကိံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ။

အဲဒီလို ကိုရင်ရာဟုလာ မမေး မလျှောက်ဘဲနဲ့ ဘုရားကိုက အလိုလို ကိုရင်ရာဟုလာ ဘုရားထံပါး လာရောက်တဲ့အခါ ဘုရားကိုယ်တိုင်က မေးပြီးတော့ ဟောတာကလဲပဲ အခုလိုပဲ ဆယ်သုတ်။ အရင်က ဆယ်သုတ်က ကိုရင်ရာဟုလာက လျှောက်ထားလို့ ဘုရားက တောပရိပဥ္စ ဓမ္မဒေသနာနည်းနဲ့ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ သညာခြောက်ပါး၊ စေတနာ ခြောက်ပါး၊ တဏှာခြောက်ပါး၊ ဓာတ်ခြောက်ပါး၊ ခန္ဓာငါးပါး။ တစ်စုတစ်စုလျှင် တစ်သုတ်တစ်သုတ်ပဲ။ ဆယ်ခါဟောတယ်၊ ဆယ်သုတ်။ နှစ်ဆယ် ရှိလာပြီ။

### အနုသယသုတ်

### တဏှာ မာန ဒိဋ္ဌိပြုတ်အောင် ဝိပဿနာရှုနည်း

နောက်တစ်နေ့ ရှင်ရာဟုလာက မေးတယ်။ ဒီတစ်ခါကတော့ အရင်သုတ်တွေလို မဟုတ်ဘူး။ ဝိပဿနာလဲ အားထုတ်ထားတော့ ဘယ့်နှယ်လျှောက်တုန်း၊ တစ်နေ့ ဘုရားထံ ရှင်ရာဟုလာက အပြစ်လွတ်တဲ့နေရာက ထိုင်ပြီးတော့ လျှောက်ကယ်။

> ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗသခ်ါရေသု (သဗ္ဗနိမိတ္တေသု) အဟင်္ကာရ မမင်္ကာရ မာနာနုသယာ န ဟောန္တိ။ (တစ်ချက်ပဲ မေးတယ်)
>
> (သံ ၁။ ၄၄၄။ အနုသယသုတ်)

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကထံ=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဇာနကောႊသိသော။ ပဿတော=ရှုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ=ငါ (ဒါက လိပ်ပြာနဲ့ဆန်တဲ့ ငါ) ငါဟု ပြုတတ်တဲ့ ဒိဋ္ဌိ၊ ငါ့ ဥစ္စာလဲ ပြုတတ်တဲ့ လောဘ၊ ငါ ငါလဲ အထင်ကြီးမှုဆိုတဲ့ မာနာနုသယတို့သည်။ န ဟောန္တိ= မဖြစ်ပါသလဲ ဘုရား။

http:\\www.dhammadownload.com



မြတ်စွာဘုရား၊ ဘယ်လိုသိ၊ ဘယ်လို တရားရှုယင် ငါဆိုတဲ့ ဒိဋ္ဌိ၊ အမြင်မှားတဲ့ ဒိဋ္ဌိတရား၊ ငါ့ဥစ္စာလို့ အရှုမှားတဲ့ လောဘတရား၊ ငါမြတ်သည်၊ ငါညံ့သည်၊ ငါ တန်းတူသည်လို့ မှတ်ထင်တဲ့ မာနတရား၊ အဲဒီတရားများ မဖြစ်ပါသလဲ ဘုရား။ ဝါ-တဏှာ ဒိဋ္ဌိ မာန မဖြစ်အောင် ဘယ်လို ရှုရမလဲဘုရား။ ဘယ်လို သိရမလဲ ဘုရား။ ဒီလို မေးတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီနေရာကျတော့ သူ့ ပြန်မမေးဘူး။ ဘယ်လို ဖြေသလဲ။

> ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသောအတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ (ပဿတိ)

ရာဟုလာ၊ ရုပ်တရားဟာ ကာလအနေနဲ့ ပြောယင် သုံးမျိုးပြားသကွယ်။ အဇ္ဈတ္တ ဗဟိဒ္ဓ အတွင်းအပြင်အနေနဲ့ သန္တာန်နဲ့ ပြောယင် နှစ်ထွေပြားတယ်။ အကြမ်း အနု အနေနဲ့ပြောယင် နှစ်ထွေပြားတယ်။ ဩဠာရိက၊ သုခုမ။ အညံ့စား အမြတ်စားလို့=ဟီန၊ ပဏီတ။ အနီးရုပ် အဝေးရုပ်လို့=ဒူရ၊ သန္တိက၊ နှစ်ထွေပြားပြန်တယ်။ အဲဒီလို အားလုံး စုလိုက်လို့ရှိယင် တစ်ဆယ့်တစ်ပါး အပြားရှိတဲ့ ဒီရုပ်အစုသည် "နေတံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ=ငါ မဟုတ်ပါတကား။ န မေသော အတ္တာ=ငါရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကား။" တိ=ဤသို့။ ယထာဘူတံ=မဖောက်မပြန် အမှန် အတိုင်း။ သမ္မပ္ပညာယ=မှန်ကန်သော၊ ဟုတ်သော၊ ကောင်းသော ဝိပဿနာဉာဏ်ပညာ ဖြင့်။ ဒဋ္ဌဗ္ဗံ=မနားမရပ် သင်ချစ်သား ရှုအပ်၏။ ဝါ=ရှုလေ။

ရုပ်တစ်ဆယ့်တစ်ပါး ရှုသလို -

> ယာ ကာစိ ဝေဒနာ ...
>
> ယာ ကာစိ သညာ ...
>
> ယေ ကေစိ သင်္ခါရာ ...

> ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသောအတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

http:\\www.dhammadownload.com



ခန္ဓာငါးပါး၊ အနတ္တလက္ခဏာသုတ်သွား ဟောပေးတယ်။ ရှင်ရာဟုလာတို့က ဒီသုတ္တန်တို့က တရားသား အားထုတ်ပုံ၊ တရားနှလုံးသွင်းပုံ ထုတ်ယူယင် လွယ်တယ်။ ပါဠိတော်အတိုင်း အပြည့်အစုံ သွားမယ်ဆိုယင် 'ရာဟုလ' ဆိုတဲ့ အာလုပ်ပုဒ်ကလေး ဖြုတ်။

> ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ရုပ်မှာ အဲဒီလို ရှုသလို ဝေဒနာမှာ – ယာ ကာစိ ဝေဒနာ။ သညာမှာ – ယာ ကာစိ သညာ။ သင်္ခါရမှာ – ယာ ကာစိ သင်္ခါရာ၊ ဝိညာဏ်မှာ – ယာ ကာစိ ဝိညာဏံ။ ဒီလို ရှုရမယ်။ ရှုနည်းပေါ့။ ဒါနဲ့ အားမရသေးဘူး၊ ပိုပိုကြိုကြို ဖြည့်စွက်ပြီး ရှုရမှ ကျေနပ်မယ်ဆိုယင် ဘာလုပ်မလဲ။ ပါဠိတော်မှာ ရှိတာက အနိစ္စ ဒုက္ခ အနတ္တက မပါဘူး။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ မဟုတ်ပါတကား၊ ငါရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ ဒီလို ရှုဖို့ပဲ ဟောတယ်။ ဒီတော့ ဒီအထဲမှာ အနိစ္စ ဒုက္ခ အနတ္တ ရှုတာနဲ့ အတူတူပဲ၊ အကျိုးက။

နေတံ မမ = ငါ့ဥစ္စာ မဟုတ်ပါတကား။
နေသော ဟမသ္မိ = ငါမဟုတ်ပါတကား။
န မေသော အတ္တာ= ငါရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကား။

ရှုတာ၊ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုတာ၊ ပန်းတိုင်အကျိုးရောက်ခြင်းက အတူတူနော်။ ဘယ်လိုလဲ ဆိုတော့ –

အနိစ္စလို့ရှုယင် 'ငါ' ဆိုတဲ့ 'မာန' ပြုတ်တယ်။

ဒုက္ခလို့ ရှုယင် ဒုက္ခမှန်းသိယင် ဘယ်လိုနည်းနဲ့မှ 'ငါ့ဥစ္စာပဲ' ဆိုတဲ့ 'တဏှာ' မစွဲတော့ဘူး။

အနတ္တလို့ရှုယင် 'ငါ့ အတ္တလိပ်ပြာ' ဆိုတဲ့ 'ဒိဋ္ဌိ' ပြုတ်တာပဲ။

ဒါ အနိစ္စ ဒုက္ခ အနတ္တ ရှုတဲ့ဘက်က ကြည့်တာ။

နေတံ မမ = ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ့ဥစ္စာမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ ရှုယင်လဲ ဘယ်လောက် တဏှာ စွဲမလဲ၊ မစွဲဘူး၊ အဲဒါက လောဘ ပြုတ်တာ။

http:\\www.dhammadownload.com



နေသောဟမသ္မိ = ငါမဟုတ်၊ ငါမဟုတ် ငါမဟုတ် ဆိုတာ ဒါ မာနပြုတ်အောင် ရှုတာ။ နေသောဟမသ္မိ ရှုဖန်များယင် မာနပြုတ်တယ်။

အဲဒါကြောင့် အကျိုးရောက်ချင်း အတူတူ၊ ဒါကြောင့် မြတ်စွာဘုရားက အခု ဒီသုတ္တန်မှာ လည်းကောင်း၊ အနတ္တလက္ခဏသုတ္တန်မှာလည်းကောင်း "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ" လို့ ရှုဖို့ ဟောတာ။ နှစ်ခုစလုံး ဘာနဲ့ပဲ မိမိ ငန်းဆေးနဲ့ပဲ ရောဂါပျောက်ပျောက်၊ သွေးဆေးနဲ့ပဲ ရောဂါပျောက်ပျောက် နှစ်ခုစလုံး ပေါင်းပြီးတော့ ရှုကြစို့ ဆိုယင်လဲပဲ –

ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တံ အသာရကဋ္ဌေန၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ထည့်လိုက်ပေါ့။ အနိစ္စ ဒုက္ခ အနတ္တ။ ဘာကြောင့် အနိစ္စ ခယဋ္ဌေန၊ ဘာ့ကြောင့် ဒုက္ခ ဘယဋ္ဌေန၊ ဘာကြောင့် အနတ္တ အသာရကဋ္ဌေန၊ ထည့်ဆိုရသလဲ။ ဒါထည့်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တရော၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာရော ရှုယင်လဲ ဘုရားသာ ရှိယင်ပေါ့လေ၊ သာဓုကောင်းချီးပေးမှာပါ။ ရှုတတ်သွားပြီ၊ ကိုရင်ရာဟုလာ ရှုတတ်သွားပြီ။ ပြီးတော့မှ မြတ်စွာဘုရားက ဒီသုတ်ကို နိဂုံး ဘယ်လို သိမ်းမလဲ –

ဧဝံ ခေါ ရာဟုလ ဇာနတော ဧဝံ ပဿတော၊ ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟင်္ကာရ မမင်္ကာရ မာနာနုသယာ ဟောန္တိ။

ရာဟုလ=ချစ်သား ရာဟုလာ။ ဧဝံ ခေါ=ဤသို့လျှင်။ ဇာနတော=သိသော။ ပဿတော=ရှုသော ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ=ငါဟူ၍ အယူမှားတဲ့ ဒိဋ္ဌိ၊ ငါ့ဥစ္စာဟု အထင်မှားတဲ့ လောဘ မာနာနုသယတို့သည်။ န ဟောန္တိ = မဖြစ်တော့ဘူး။

အေး ... တိုတိုပြောယင်တော့ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တလို့ ထိထိရောက်ရောက်သာ ရှုနေပါ ချစ်သား၊ အဲဒီလို ရှုနေလို့ရှိယင် တဏှာရော မာနရော ဒိဋ္ဌိရော ပြုတ်တတ်ပါတယ်။ ဒီသုတ်က တစ်မျိုး။ ငါမေးလို့ တဏှာ မာန ဒိဋ္ဌိ ပြုတ်အောင် ဘယ်လို ရှုရမယ်။ လျှော့လဲမထားဘူး၊ ပြန်မရှုဘဲ ပစ်လဲ မထားဘူး။ ကိုရင်ရာဟုလာက

http:\\www.dhammadownload.com



ကျောင်းရောက်တယ်ဆိုယင် ဒီနည်းနဲ့လဲ ရှုလိုက်တယ်။ တစ်ခါ နောက်တစ်ချိန် ကိုရင်ရာဟုလာက မေးပြန်တယ်။

**အပဂတသုတ်**

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဟင်္ကာရ မမင်္ကာရ မာနာပဂတံ မာနသံ ဟောတိ၊ ဝိဓာသမတိက္ကန္တံ သန္တံ သုဝိမုတ္တံ။

**မာနကိုးမျိုး လွတ်မြောက်ပုံ**

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကထံ နု ခေါ=အဘယ်သို့လျှင်။ ဇာနတော=သိသော။ ပဿတော=ရှုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ အဟင်္ကာရ မမင်္ကာရ မာနာပဂတံ= ငါဟူ၍ ပြုမှားတတ်တဲ့ ဒိဋ္ဌိ၊ ငါ့ဥစ္စာဟု မှတ်ယူတတ်တဲ့ လောဘ၊ ငါဟူ၍ မှတ်ထင်တဲ့ မာနမှ ကင်းသော (ပုဂ္ဂိုလ်တစ်ယောက် တစ်ယောက်လျှင် မာန်ဟာ သုံးမျိုး သုံးမျိုး ရှိတယ်။ ငါသည် သူ့ထက် မြတ်တယ်၊ ငါသည် သူ့အောက် ကျတယ်၊ ငါသည် သူနဲ့ တန်းတူတယ်လို့ သုံးမျိုးရှိတယ်။ သေယျ=မြတ်တဲ့ပုဂ္ဂိုလ်မှာ မာန်သုံးမျိုး၊ အလယ်အလတ်ပုဂ္ဂိုလ်မှာ မာန်မာန ဖြစ်တာ သုံးမျိုး၊ အောက်တန်းစား ပုဂ္ဂိုလ်မှာ မာန်မာန ဖြစ်တာ သုံးမျိုး မာနအစုဆိုတာ ကိုးမျိုးရှိတယ်။) ဝိဓာ သမတိက္ကန္တံ=ကိုးပါးသော မာနအစုကို လွန်မြောက်သော။ သန္တံ = ကိလေသာ အပူခပ်သိမ်း ငြိမ်းအေးသော။ သုဝိမုတ္တံ = ကိလေသာတို့မှ လွတ်မြောက်တဲ့။ မာနသံ = အရဟတ္တဖိုလ် စိတ်သည်။ ဟောတိ = ဖြစ်ပါသနည်း ဘုရား။

သုဝိမုတ္တ ဆိုကတည်းက အရဟတ္တဖိုလ်ကို ရည်စူးပြီး မေးတယ်။ သူမေးလိုက်တာက စာကလေး တစ်ပိုဒ်ရယ်။ မြတ်စွာဘုရားက ဖြေပြီ။

"ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုပါဒါဝိမုတ္တော ဟောတိ။

မြတ်စွာဘုရားက ဖြေတယ်။

http:\\www.dhammadownload.com



'ယာ ကာစိ ဝေဒနာ' နဲ့ တစ်ခေါက်၊ 'ယာ ကာစိ သညာ - "ယေကေစိ သင်္ခါရာ"-

[မာနကိုးမျိုး ဝိဘင်းပါဠိတော် စာမျက်နှာ ၃၆၆ (အပိုဒ် ၈၆၆)၌ အကျယ်ရှု။]

ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုပါဒါ ဝိမုတ္တော ဟောတိ။

ရာဟုလ = ချစ်သား သည်းချာ ရာဟုလာ။ ယံ ကိဉ္စိ=ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နံ=အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလအားဖြင့် သုံးထွေပြားသော။ အဇ္ဈတ္တံ ရူပံ ဝါ=အဇ္ဈတ္တရုပ်အစုလည်းကောင်း။ ဗဟိဒ္ဓါ ရူပံ ဝါ=ဗဟိဒ္ဓ ရုပ်အစုလည်းကောင်း။ (မိမိကိုယ်မှာ ရှိတဲ့ရုပ်ကို အဇ္ဈတ္တရုပ်၊ သူတစ်ပါးသန္တာန်က ရုပ်ကို ဗဟိဒ္ဓရုပ်) ဩဠာရိကံ ရူပံ ဝါ= ရုန့်ရင်းကြမ်းတမ်းတဲ့ရုပ်။ သုခုမံ ရူပံ ဝါ=သုခုမရုပ်လည်းကောင်း။ ဟီနံ ရူပံ ဝါ=ဟီနရုပ်လည်းကောင်း။ ယံ ကိဉ္စိ ပဏီတံ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ပဏီတရုပ်သည်လည်းကောင်း။ ယံ ဒူရေ ရူပံ ဝါ=အကြင်ဒူရေ ရုပ်သည်လည်းကောင်း။ ယံ သန္တိကေ ရူပံ ဝါ=အကြင်သန္တိကေ ရုပ်သည်လည်းကောင်း။ အတ္ထိ=ရှိ၏။ သဗ္ဗံ ရူပံ=အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကအားဖြင့် တစ်ဆယ့်တစ်ထွေ ပြားတဲ့ ရုပ်တရားအစုသည် ၊ နေတံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ=ငါမဟုတ်ပါတကား။ န မေသော အတ္တာ=ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား။ ဣတိ=ဤသို့။ ဧတံ=ဤ တစ်ဆယ့်တစ်ပါး အပြားရှိတဲ့ ရုပ်တရားကို။ ယထာဘူတံ=မဖောက်မပြန် အမှန်အတိုင်း။ သမ္မပ္ပညာယ=ကောင်းသော ဝိပဿနာ ဉာဏ်ပညာ မဂ်ပညာဖြင့်။ ဒိသွာ= မြင်၍။ (ဝါ) မြင်အောင်ကြိုးကုတ် အားထုတ်လတ်သည်ရှိသော်။ (ဝိပဿနာပညာဖြင့် အရိယာမဂ် ပညာလေးပါးဖြင့် မြင်အောင် ကြိုးကုတ်အားထုတ်လို့ရှိယင်ဖြင့်၊ အနုပါဒါ= တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ သုဝိမုတ္တော=ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သော ပုဂ္ဂိုလ်သည်။ ဟောတိ=ဖြစ်၏။

ပုဂ္ဂလာဓိဋ္ဌာန်ပြောပေမယ့် ဓမ္မာဓိဋ္ဌာန်ဆိုယင် အရဟတ္တဖိုလ် ပေါက်ရောက်တယ်။ ခန္ဓာငါးပါးကို အဲဒီအတိုင်း ရှုခိုင်းတယ်။ အဲဒီ ခန္ဓာငါးပါးကို ဟောပြီးတဲ့နောက်ပိုင်းမှာ မြတ်စွာဘုရားက သုတ္တန်နိဂုံး အုပ်တော်မူတယ်။

http:\\www.dhammadownload.com



ဧဝံ ခေါ ရာဟုလ ဧဝံ ဇာနတော ဧဝံ ပဿတော (ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု)" အဟင်္ကာရ မမင်္ကာရ မာနာနုသယာ န ဟောန္တိ ဝိဓာသမတိက္ကန္တံ သန္တံ သုဝိမုတ္တံ။

ရာဟုလာ၊ အခုပြောတဲ့အတိုင်း ခန္ဓာငါးပါးကို 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' အဲဒီလိုသိတဲ့ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာတဲ့ ငါလို့ အယူမှားတဲ့ ဒိဋ္ဌိ၊ ငါ့ဥစ္စာလို့ စွဲတဲ့လောဘ၊ ငါလို့ မှတ်တဲ့ မာန၊ တဏှာ မာန ဒိဋ္ဌိ သုံးပါးကင်းသော။ ဝိဓာသမတိက္ကန္တံ=မာန်အစု ကိုးပါးကို လွန်မြောက်သော ကိလေသာ အပူခပ်သိမ်း ငြိမ်းအေးတဲ့ ကိလေသာမှ လွတ်မြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါရော။

## ရာဟုလသံယုတ် ၂၂-သုတ်

မြတ်စွာဘုရားက အဲဒီအတိုင်း ဟောတော်မူတယ်။ ဒီတော့ ရာဟုလသံယုတ်ဟာ သုတ်ပေါင်း ၂၂-သုတ်ရှိတယ်။ ရှင်ရာဟုလာ မေးလို့ ဖြေတာက ၁၀-သုတ်၊ ဒါ တစ်ဝဂ်။ နောက် ဒုတိယဝဂ်ကျတော့ ရှင်ရာဟုလာ မမေးဘဲနဲ့ ရှင်ရာဟုလာ မေးပြီးလို့ ဖြေခဲ့တဲ့ သုတ်တွေကို အစဉ်အတိုင်း တစ်ကြိမ် တစ်သုတ်၊ တစ်ကြိမ် တစ်သုတ်နဲ့ ဟောခဲ့တာက ၁၀-သုတ်၊ နောက်ဖျား ၂-သုတ်က ရှင်ရာဟုလာ မေးတဲ့ ၂-သုတ်။ သုတ်ပေါင်း ၂၂-သုတ် ပါဠိတော်မှာ ရှိတယ်။ အဲဒီ သုတ်ပေါင်း ၂၂-သုတ်ကို ရာဟုလ သံယုတ်လို့ ခေါ်တယ်။ အဲဒီ ရာဟုလသံယုတ်ကို မြတ်စွာဘုရား ဟောတာ ကိုရှင် ရာဟုလာရဲ့ သန္တာန်မှာ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေကြည် ကိုယ်ဝန်သားတည်အောင် ရအောင် ယူအောင်လို့ ဟောတာတဲ့။

## ရှင်ရာဟုလာ၏ နလုံးသွင်း

ဒီလောက်နာလိုက်ရယင် ကိုရှင်ရာဟုလာတို့ အနေနဲ့ ဝိပဿနာ ကလလရေကြည် တည်သွားပြီ။ တည်သမှ ကြပ်ကြပ် နလုံးသွင်းတော့ ဘုရားဟောတာတွေလဲ အကုန် ပါချင်တယ်။ ပြီးတော့ မဇ္ဈိမပဋိပဒါ ကျအောင်လဲ နလုံးသွင်းချင်တယ်။ ဒီ ၁၀-သုတ်က တရားတွေ အကုန်ပါချင်တယ်။ ပထမက ဒွါရ၊ ဒုတိယက အာရုံ၊ တတိယက ဝိညာဏ်၊ စတုတ္ထက ဖဿ၊ ပဉ္စမ ကျတော့ အဲဒီဖဿကို အကြောင်းပြု၍ ဖြစ်ပေါ်တဲ့ ဝေဒနာ သညာ သင်္ခါရဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ။ ခုနင်က ဆယ်သုတ်ထဲမှာ ပဉ္စမအစုထဲမှာ ဘာတွေ ပါသွားမလဲ။ ဝေဒနာခြောက်ပါးလဲ ပါမယ်၊ သညာ သင်္ခါရ ဝိညာဏ်လို့

http:\\www.dhammadownload.com



ဆိုသဖြင့် သညာခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါး၊ ဓာတ်ခြောက်ပါး။ ဆယ်သုတ်က တရားတွေ အကုန်ပါအောင် ရှင်ရာဟုလာ သိမ်းဆည်းတာ၊ တရားနှလုံး ကျင့်သုံးတာပဲ အကဲခတ်ရတယ်။ ဘယ်လိုတုန်း၊ သူ့အစွဲနဲ့သူ ဒီအဲလို သူကိုယ်တိုင်–

**စက္ခု** အနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

**ရူပါ** အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

**စက္ခုဝိညာဏံ** အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

**စက္ခုသမ္ဖဿော** အနိစ္စော ဒုက္ခော အနတ္တံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ယမိဒံ **စက္ခုသမ္ဖဿပစ္စယာ** ဥပ္ပဇ္ဇတိ၊ **ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ**၊ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

အဲဒီလို ငါးချက် နှလုံးသွင်းလိုက်ယင် စက္ခုပဉ္စက၊ ထို့အတူ သောတပဉ္စက၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနောပဉ္စက။ နှလုံးသွင်းလိုက်ယင် ဒီသုတ်ပေါင်း ၂၂ သုတ်က လာတဲ့ ဘုရားအဆုံးအမတွေဟာ အကုန်လုံး နှလုံးသွင်းပြီးသား ဖြစ်တယ်။ ဒီတော့ အချုပ်ကိုလဲ တတ်တဲ့ ထက်မြက်တဲ့ ပုဂ္ဂိုလ်ပီပီ အခုပြောတဲ့အတိုင်း ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဖဿပစ္စယာ နာမ်ခန္ဓာနဲ့ တရားတွေ အကုန်ချုပ်ပြီးတော့ ကိုရင်ရာဟုလာသည် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ လုပ်တယ်လို့ပဲ ဘုန်းကြီးများက ယူဆတယ်။ နောက်လာမယ့် **စူဠရာဟုလောဝါဒ** သုတ်ကျတော့ ဒီအချက် ကောင်းကောင်းကြီး ပေါ်တယ်နော်။

ဒါကြောင့် ရှင်ရာဟုလာ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေကြည် ကိုယ်ဝန်သားယူတဲ့ ရာဟုလသံယုတ်ကို ကနေ့ ဟောပြီးပြီ။

(ဤတွင် တရားတစ်ပွဲ ရပ်နားသည်)

http:\\www.dhammadownload.com



# အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်

## (တတိယပိုင်း)

ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ သာသနာတော် ၂၅၁၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်နေ့ည မင်းကွန်းဓမ္မဒူတ ဗိုလ်ကလေးချောင် ဓမ္မာရုံ၌ ရန်ကုန်မြို့ ပုဇွန်တောင် မော်တော်ရေယာဉ်များပိုင်ရှင် အလှူ့ဒါယကာ ဦးသန်း + ဒေါ်ယဉ်မေတို့၏ ရှင်ပြု ကမ္မဋ္ဌာန်းကျောင်းအလှူ ကျောက်ပုတ်အလှူ အစရှိသော အလှူပွဲများအတွက် ဟောကြားအပ်သော ရာဟုလာ တရားပေါင်းချုပ်၏ တတိယပိုင်း တရားတော်။

တစ်နေ့တစ်လံ ပုဂံဘယ်မှ မသွားနိုင်ဘူးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကထိန်နဲ့ ပတ်သက်လို့လဲပဲ ဟောချင်သလောက် ပြည့်ပြည့်စုံစုံ ဘုန်းကြီး လေ့လာထားသလောက် ဟောရပြီ၊ ရှင်ရာဟုလာ အကြောင်းနဲ့ ပတ်သက်လို့လဲပဲ ပြည့်ပြည့်စုံစုံ ကိုယ်သိသလောက် ဟောပြောရတဲ့အတွက် အလှူ့ဒါယကာ၊ အလှူ့အမ ဖြစ်ကြတဲ့ ဒါယကာကြီး ဦးသန်း၊ ဒါယိကာမကြီး ဒေါ်ယဉ်မေတို့ကိုလဲ ဘုန်းကြီးအနေနဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

အရှင်ရာဟုလာရဲ့ အကြောင်းနဲ့ ပတ်သက်၍ **သာမဏေရပဉှာ**ကိုလဲ ဟောပြီးခဲ့ပြီ၊ **အဘိဏှရာဟုလောဝါဒသုတ်**ကိုလဲပဲ ဟောပြီးခဲ့ပြီ၊ **ရာဟုလသံယုတ်** ဆိုတဲ့ သုတ်ပေါင်း ၂၂-သုတ်ကိုလဲပဲ ဟောပြီးခဲ့ပြီ။

ယနေ့ ဘုန်းကြီးဟောမှာ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၊ မဟာရာဟုလောဝါဒသုတ်တို့မှာ လိုရင်းလောက် ပြောပြီးတော့ အရှင်ရာဟုလာ အရဟတ္တဖိုလ်ပေါက် ရောက်တဲ့ စူဠရာဟုလောဝါဒသုတ်ကို အပြည့်အစုံ ဟောပါ့မယ်။

### သံဝေဂဥယျောဇဉ် ဂါထာ

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သခါရဓမ္မတာ။

သကိစ္စမနုယုဉ္ဇ ဝေါ၊ နတ္ထိ နော မစ္စု သင်္ဂရံ။

လွန်ခဲ့တဲ့ ၁၃၂၂-ခုနှစ်လောက်က စပြီးတော့ ဘုန်းကြီးဟောခဲ့တဲ့ သံဝေဂလဲ ဆိုနိုင်ပါတယ်။

http:\\www.dhammadownload.com



## သံဝေဂ ဂါထာ အနက်

ဘောဟန္တော=နှလုံးပျော့ပျောင်း အိုသူတော်ကောင်းတို့။ သခ်ါရဓမ္မတံ=ကိုယ်က ဤပုံဖြစ်လိုတုံလည်း တစ်ဖုံဆင်ကွဲ သူတစ်နဲဖြင့် ဖောက်လွဲတတ်စွာ ရုပ် နာမ် ဓမ္မ သခ်ါရတို့၏ ဓမ္မတာကို။ ဥတ္တာ=ယထာဘူတ သဘာဝဉာဏ် အမှန်အတိုင်း သိမြင်အောင် ကြိုးကုတ် အားထုတ်ကြကုန်၍။ ဥတ္တာ=ယထာဘူတ သဘာဝဉာဏ် အမှန်အတိုင်း သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။ သဒါ=နေ့ရောညပါ ခပ်သိမ်းသော အခါကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်စု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင် ထားကြကုန်သည်။ အပ္ပမတ္တာ=မမျှော်လင့်ဘဲ သူ၏နဲ အိုလဲ အိုနိုင်၏။ မမျှော်လင့်ဘဲ ဖြုန်းကနဲ နာလဲ နာနိုင်၏။ မမျှော်လင့်ဘဲ ဖြုန်းကနဲ ဖောက်လွဲ သေနိုင်၏ဟု သတိလိုက်လှုံ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=ကေန်စင်စစ် ဖြစ်ကြပါကုန်လော့။ နောဘ=တဏှာမာရ်ညွှတ် ခန္ဓာဝဋ်မှ ကျွတ်ရန် ခြွေရန် ဒို့တစ်တွေအား။ နောဘ=တဏှာတည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်း ဟူသော သံသရာ ဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်ခြွေ ဒို့တစ်တွေအား။ မစ္စုသင်္ဂရံ=မစ္စု မည်လျှင်း ရှင်သေမင်းနှင့် အတွင်းကျိတ်ပူး မိတ်ရည်နှူး၍ နှစ်ဦးနှစ်ဘက် အချိတ်အဆက်ဖြင့် ဤရက်ခါမှ သေအံ့ဟူ၍လည်းကောင်း။ ဤလခါမှ သေအံ့ဟူ၍လည်းကောင်း၊ ဤနှစ်ခါမှ သေအံ့ဟူ၍လည်းကောင်း သဘောတူ ချိန်းအချက် စာချုပ်စာတမ်း စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုး ထိုး၍ထားကြခြင်းသည်။ နတ္ထိ=လူတိုင်းဧကန် မရှိနိုင်။

တသ္မာ=ထို့ကြောင့်။ သကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နောင်းတောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်၍ နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနယုဋ္ဌဝေါ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။ သကိစ္စ မ နယုဋ္ဌဝေါ=ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူရှိဖြစ်ချင်သလို ဖြစ်ကြသည့် သဘာဝ သူ့ဉာဉ်ကို သမ္မဇဉ်နှိုင်းညှိ အမှန်အတိုင်း သိကြပြီးလျှင် မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကိုဖြင့် ရှည်လျားကာလအချိန်ကို မဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာ ကြိုးကုတ်အားထုတ် ကျင့်ကြံကြပါကုန်လော့လို့-

http:\\www.dhammadownload.com



လွန်ခဲ့တဲ့ ၁၃၂၂–ခုနှစ်က မိမိအနေနဲ့ သံဝေဂ ဂါထာအဖြစ်ဖြင့် ဖော်ခဲ့တဲ့ တရားဂါထာ ဖြစ်ပါတယ်။ ၁၃၂၁–ခုနှစ်၊ နတ်တော်လဆန်း ၁၁–ရက်နေ့ကျတော့ မွေးသမိခင် ကွယ်လွန်ခဲ့တယ်။ အနိဋ္ဌလောကဓံတွေ မိမိအထံသို့ ဦးတည်လာနေပြီဆိုတာ ကြိုတင် စဉ်းစားမိပါတယ်။ ၁၃၂၂–ခုနှစ်၊ တပေါင်းလဆန်း ၈–ရက်နေ့ကျတော့ ကျောင်း ဒကာကြီး ကွယ်လွန်သွားပါတယ်။ ၁၃၂၂–ခုနှစ်၊ ကဆုန်လလောက်ကျတော့ မိမိ ကိုယ်တိုင် နေထိုင်မကောင်းဘူး ဆိုတဲ့အဖြစ်ကို ရောက်ခဲ့ပါတယ်။ အဲဒီနှစ် နတ်တော်–ပြာသိုလလောက်မှာ တည၌ ကိုယ်စောင့်နတ်များက သတိပေးသလားတော့ မသိဘူးပေါ့၊ 'ဇီဝိတသန္တတိဟာ နှစ်နာရီလောက် ကျန်တော့တယ်' လို့ ဒီလို ပြောတယ်။

ဒီတော့ စဉ်းစားတယ်။ ဩော် ... ဇီဝိတသန္တတိ နှစ်နာရီကြာရင် ငါ့မှာ ဘာကိစ္စမှ မပြီးသေးဘူး။ မပြီးသေးတော့ ဘဝသံသရာခရီးကို သွားရအုံးမယ်၊ ဘာကိုများ အားကိုးပြီး သွားရပါ့မတုန်းလို့ စဉ်းစားတော့ 'ပညာ ပညာ' ဒီလိုပဲ စိတ်ထဲမှာ ပေါ်လာတယ်။ အဲဒီ ပညာဆိုတာ ဘာလဲလို့ တဖန် စဉ်းစားပြန်တော့ ဒီစူဠရာဟုလောဝါဒသုတ္တန်က လာတဲ့အတိုင်း ဆပဋ္ဌက ဓမ္မဝိပဿနာကို သွားပြီးတော့ သတိရတယ်။ ကိုယ်စောင့်နတ်များက သတိပေးတာ ဖြစ်မှာပဲလို့ လေ့လာလိုက်တယ်ဆိုယင်ပဲ –

သုညော ဝတ ဘော လောကော။

ဘော=အိုအချင်းတို့။ လောကော=လောကကြီးသည်။ သုညောဝတ=“နိစ္စ သုခ အတ္တသဘောမှ ဆိတ်သုဉ်းစွတကား” ဆိုတဲ့ ဒီ ဥဒါန်းသဘောမျိုး အသိဉာဏ်ထဲ ပေါ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ မိမိစိတ်ထဲမှာ **“မမေ့မလျော့ နေထိုင်ပါ၊ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး၊ မိမိတို့ လုပ်ဆောင်သင့်သမျှသော လာကဓမ္မစီးပွားများကို မြန်မြန်လုပ်ပါ”**လို့ ကိုယ့်ကိုယ်ကိုလဲ အဲဒီလို သတိပေးပါတယ်။ ရောက်လာတဲ့ ဒကာ ဒကာမများကိုလဲပဲ ဤစကားသုံးခွန်းဖြင့် သတိပေးခဲ့ပါတယ်။ မပေးလိုက်ရယင် ဝတ္တရား မကျေပွန်ဘူးလို့ အောက်မေ့ပြီးတော့ ကျန်ရစ်ပါတယ်။ နောက်တော့ ဒီစကား သုံးခွန်း စာပေနယ်ထဲ ရောက်အောင် “နှုတ်တစ်ရာ စာတစ်လုံး” မကြွင်းဖြစ်အောင် ဘယ်လိုရွတ်ရပါ့မလဲလို့ စဉ်းစားတော့ အလွယ်တကူ ယခင် ဂါထာ ပေါ်လာတယ်။ အဲဒီ ဂါထာရဲ့ အနက်ကိုလဲပဲ ရွတ်ဆိုခဲ့တဲ့အတိုင်း အလွယ်တကူ ပေါ်လာခဲ့ပါတယ်။ အဲဒီ ပေါ်လာတဲ့ သန္ဓေက တစ်နည်းအားဖြင့် သူတော်စင်များအဖို့ ဥယျောဇဉ် ဂါထာကို တရားဦး လက်ဆောင်အနေဖြင့် အခု ရွတ်ပေးပါတယ်။

http:\\www.dhammadownload.com



## အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်

ဘုန်းကြီးတို့ ကတိပေးခဲ့ရတဲ့ စူဠရာဟုလောဝါဒ သုတ္တန်က ဆပဋ္ဌက ဓမ္မဝိပဿနာကို ကနေ့ အရောက်သွားရပါ့မယ်။ အဲဒီ မသွားခင် အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်အဓိပ္ပာယ်ကို ကျယ်ကျယ်ထက်ထက် ပြောချင်ပါတယ်။ မြတ်စွာဘုရားသည် အရှင်ရာဟုလာကို စမရီသားကောင်သည် မိမိရဲ့ မြီးဆံကို စောင့်ထိန်းသလို အင်မတန်ဂရုစိုက်ပြီးတော့ စောင့်ရှောက်တယ်။ အင်မတန် ဂရုစိုက်ပြီးတော့ တရားဟောတယ်။ မင်္ဂလိဖိုလ်၌ ကျေးဇူးမများတဲ့ စကားတွေကို ပြောမနေအောင် သာမဏေရပဥှာကို ဟောတယ်။ ဆရာဥပဇ္ဈာယ်တည်းဟူသော ကလျာဏမိတ်ဆွေရဲ့ ကျေးဇူးများပုံ အဘိဏှရာဟုလောဝါဒသုတ်နဲ့ မပြတ်မပြတ် ဟောရတယ်။ ရှင်ရာဟုလာရဲ့ သန္တာန်မှာဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေကြည် ကိုယ်ဝန်သား ရယူနိုင်ဖို့ရန်ရာဟုလသံယုတ်ဆိုတဲ့ သုတ်ပေါင်း ၂၂-သုတ် ဟောရတယ်။ ဒါ မနေ့က အားလုံးဟောခဲ့ပြီးပြီ။

ကိုရင် ရာဟုလာက အသက်ငယ်နေတော့ -

ဒဟရ ကုမာရာ နာမ ပိယမုသာဝါဒါ ဟောန္တိ။ (မ၊ ဋ္ဌ။ ၃။ ၈၈)

ဒဟရကုမာရာ နာမ=ကလေးသူငယ် လူမမယ်တို့မည်သည်။ ပိယမုသာဝါဒါ=မုသားစကား ပြောကြားရခြင်းကို ချစ်ခင်နှစ်သက်ကြကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

### မုသားမပြောရန်

ကလေးဆိုတာ လိမ်ပြောရတာကို နှစ်သက်တတ်တယ်။ မမြင်ပေမယ့် မြင်တဲ့ပုံ၊ မကြားပေမယ့် ကြားတဲ့ပုံ၊ ဒီလို လိမ်ပြောရတာကို သူတို့ နှစ်သက်တယ်။ ဒီတော့ ကလေးအရွယ် ရှိသေးတဲ့ ရာဟုလာကို မြတ်စွာဘုရားက မုသာဝါဒ မပြောအောင်ဆိုပြီးတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် ရှင်ရာဟုလာကလဲ တက်သစ်စ ပီပီပြင်ပြင် ထက်ထက်မြက်မြက် သဒ္ဓါပညာ ထက်မြက်သူဖြစ်တော့ ကမ္မဋ္ဌာန်းကျောင်းကို အမ္ဗလဋ္ဌိကလို့ ခေါ်တယ်။ သရက်ပင်ပျို ကမ္မဋ္ဌာန်းကျောင်းလေးပေါ့။ အဲဒီ ကမ္မဋ္ဌာန်းကျောင်းကလေးမှာနေတုန်း မြတ်စွာဘုရားက ပြထားတယ်။ ကလေးမို့လို့ မုသားပြောမှာစိုးလို့ မပြောအောင် တရားဟောသလို ပြထားတယ်။ မြတ်စွာဘုရား ပြထားတာကို ရှင်ရာဟုလာက သရက်ပင်ငယ်ကလေးအောက်က တရားနလုံးသွင်းရင်းက မြတ်စွာဘုရားဖို့ နေရာခင်းထားတယ်။ မြတ်စွာဘုရား ရောက်လာ

http:\\www.dhammadownload.com



ယင် ခြေတော်ဆေးဖို့ ရေများကိုလဲ တည်ထားတယ်။ ဘုရားရောက်လာပြီ၊ ရှင်ရာဟုလာ ခင်းထားတဲ့ နေရာမှာ ထိုင်ပြီး၊ ခြေတော်ကို ဆေးကြောပြီးပြီ၊ ခြေဆေး ရေခပ်တဲ့ ရေခွက် ကလေးထဲမှာ ရေကလေးနည်းနည်း ချန်ပြီးတော့ မြတ်စွာဘုရားက ရှင်ရာဟုလာကို ပြပြီးတော့ မေးတယ်။

ပဿသိ နော တွံ ရာဟုလ ဣမံ ပရိတ္တံ ဥဒကာဝသေသံ ဥဒကာဓာနေ ဌပိတံ။
(မ၊ ၂။ ၇၉)

**ရေခွက်ထဲမှာ ရေဥပမာ**

ရာဟုလ=ချစ်သားပီသ ရာဟုလ။ ဥဒကာဓာနေ=ခြေဆေးတဲ့ ရေခွက်ကလေးထဲ၌။ ဌပိတံ=ငါဘုရား တမင်သက်သက် ချန်၍ထားအပ်သော။ ပရိတ္တံ=မပြောပလောက် အနည်းငယ်မျှသာ ဖြစ်သော။ ဣမံ ဥဒကာဝ သေသံ=ဤ ရေကြွင်းရေကျန်ကလေးကို။ တွံ=သင် ချစ်သားသည်။ ပဿသိ နော ပဿသိ နု = မြင်သည် မဟုတ်လော။

အဲဒီ ခြေဆေးခွက်ထဲမှာ ငါဘုရား တမင်သက်သက် ချန်ထားခဲ့တဲ့ ခြေဆေးရေလေး ကို ချစ်သား မြင်တယ် မဟုတ်လား။

ရှင်ရာဟုလာက လျှောက်တယ်။ "ဧဝံ ဘန္တေ"= မြင်ပါတယ် ဘုရား။

၁။ ဩဝါဒ ပေးပြီ။

ဧဝံ ပရိတ္တကံ ခေါ ရာဟုလ တေသံ သာမညံ၊
ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ။ ယေသံ = အမှတ်မထင် အကြင်သူတို့၏ သန္တာန်၌။ သမ္ပဇာန မုသာဝါဒေ=သိလျက် မုသားစကား ပြောကြားရခြင်း၌။ လဇ္ဇာ=ရှက် ခြင်းမည်သည်။ နတ္ထိ=မရှိ၊ တေသံ=ထိုမုသားစကား ပြောကြားဖို့ရာ အလွယ်ကလေးမျှ မရှက်ကြတဲ့ ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ သာမညံ=ကိလေသာခပ်သိမ်းကို ငြိမ်းအောင် ပြုတတ်တဲ့ ရဟန်းတို့ တရားမြတ်သည်။ ဧဝံ=ဤခြေဆေး ရေခွက်ကလေးထဲက အနည်း ငယ်သော ရေနှင့်အတူပင်လျှင်။ ပရိတ္တကံ ခေါ ပရိတ္တကံ ဧဝ=နည်းပါးလှကုန်သည်သာ ... လို့ -

ချစ်သား ... ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဟောဒီ ရေခွက် ကလေးထဲ ရေလေး နည်းနည်း ကျန်သလိုပဲ ရဟန်းတရား သူတော်ကောင်းတရားဆိုတာ နည်းနည်းကလေးပဲ ကျန်တယ်တဲ့။ အဲဒါက တစ်ချက်။

http:\\www.dhammadownload.com



နောက်တစ်ခါ မြတ်စွာဘုရား ရေခွက်ထဲက ရေကို သွန်ပစ်လိုက်တယ်။ ဒီလို သွန်ပစ်လိုက်ပြီးတော့ မေးပြန်တယ်။

ပဿသိ နော တွံ ရာဟုလ ပရိတ္တံ ဥဒကာဝသေသံ ဆဍ္ဍိတံ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ။ ပရိတ္တံ=အနည်းငယ်မျှသော။ ဥဒကာဝသေသံ =ယခင် ခြေဆေးရေခွက်ကလေးထဲ၌ တမင်သက်သက် ငါဘုရား ချန်၍ ထားတဲ့ ရေကြွင်း ရေကျန်ကလေးကို။ ဆဍ္ဍိတံ=ယခု ငါဘုရား စွန့်ပစ်လိုက်သည်ကို။ တွံ=သင် ချစ်သားသည်။ ပဿသိ နော=မြင်၏ မဟုတ်လား။

ရေကျန်ကလေးကို ငါဘုရား သွန်ပစ်လိုက်တာ ချစ်သား မြင်တယ်မဟုတ်လား။ "ဧဝံ ဘန္တေ"= မြင်ပါတယ်ဘုရား။

၂။ ဒီတော့ မြတ်စွာဘုရားက ဒုတိယ ဩဝါဒ ပေးပြန်တယ်။

ဧဝံ ဆဍ္ဍိတံ ခေါရာဟုလ တေသံ သာမညံ၊

ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

**မုသားပြောသူ တရားကို စွန့်ပြီး ဖြစ်ခြင်း**

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ။ ယေသံ = အမှတ်မထင် အကြင်သူတို့၏ သန္တာန်၌။ သမ္ပဇာနမုသာဝါဒေ=သိလျက် မုသားစကား ပြောကြားခြင်း၌။ လဇ္ဇာ= ရှက်ခြင်းမည်သည်။ နတ္ထိ=မရှိ။ တေသံ=ထို မုသားပြောရန် ဝန်မလေးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်၌။ သာမညံ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတို့ရဲ့ တရားမြတ်သည်။ ဧဝံ=ဤ အတူ။ ဆဍ္ဍိတံ ခေါ ဆဍ္ဍိတံ ဧဝ=သွန်ပြီး စွန့်ပြီး ဖြစ်သလျှင်ကတည်း ... တဲ့။

မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သူတော်ကောင်းတရား ရဟန်းတရားဆိုတာ သွန်ပြီး စွန့်ပြီးသာ ဖြစ်နေတယ်။ ဒီရေခွက်ကလေးနဲ့ပဲ ဩဝါဒ လေးချက် ရအောင် ပေးတယ်။

၃။ နောက်တစ်ခါ မြတ်စွာဘုရားက ဒီခြေဆေးရေခွက်ကလေးကိုပဲ ရှင်ရာဟုလာ ရဲ့ မျက်မှောက်မှာ မှောက်လိုက်ပြီးတော့ မေးပြန်တယ်။

ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ နိက္ကုဇ္ဇိတံ။

http:\\www.dhammadownload.com



ရာဟုလ=ချစ်သားရာဟုလာ။ နိက္ကုဇ္ဇိတံ=ငါဘုရားမှောက်၍ ထားအပ်သော။ ဣမံ ဥဒကာဓာနံ=ဤခြေဆေးရေခွက်ကလေးကို။ တွံ=သင်ချစ်သားသည်။ ပဿသိ နော-ပဿသိ နု=မြင်သည်မဟုတ်လော။

ရေခွက်ကလေး မှောက်ထားတာ ချစ်သား မြင်တယ် မဟုတ်လား။ "ဧဝံ ဘန္တေ"= မြင်ပါတယ်ဘုရား။

အဲဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက -

ဧဝံ နိက္ကုဇ္ဇိတံ ခေါ ရာဟုလ တေသံ သာမညံ၊
ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သားရာဟုလာတဲ့။ ဒီအတိုင်းပဲ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရဟန်းတရား သူတော်ကောင်း တရားဆိုတာ မှောက်ပြီးသား ဖြစ်နေတယ်တဲ့။

၄။ တဖန် အဲဒီ ရေခွက်ကလေးကို လှန်လိုက်တော့ ရေတစ်စက်မှ မရှိဘူး။ အချည်းနှီး ဆိတ်သုဉ်းနေတာကို လက်တွေ့ညွှန်ပြပြီးတော့ -

ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ ရိတ္တံ တုစ္ဆံ။

ရာဟုလာ၊ ဟောဒီ ရေခွက်ကလေးထဲမှာ ရေစက်မှ မရှိတာ ချစ်သား မြင်တယ် မဟုတ်လား။ "ဧဝံ ဘန္တေ" = မြင်ပါတယ် ဘုရား။

အဲဒီလို ရှင်ရာဟုလာက လျှောက်တော့ မြတ်စွာဘုရားက စတုတ္ထ ဩဝါဒအနေနဲ့-

ဧဝံ ရိတ္တံ တုစ္ဆံ ခေါ ရာဟုလ တေသံ သာမညံ၊
ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သား၊ ဤအတူပဲတဲ့၊ မုသားစကား ပြောဖို့ရာ ဝန်မလေး၊ မုသားစကား ပြောဆိုဖို့ရာ မရှက်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ သူတော်ကောင်းတရားဟာ ဟောဒီ ရေခွက်ထဲမှာ ရေမရှိသလို သူတော်ကောင်းတရား မရှိတော့ဘူးတဲ့။ ဆိတ်သုဉ်းနေတယ်။

၅။ ရေဆေးခွက်ကလေးနဲ့ ဥပမာ လေးချက်ပေးပြီးတော့ ဩဝါဒ လေးချက်ပြတယ်။ ပြီးတော့မှ ပဥ္စမဩဝါဒအနေနဲ့ မြတ်စွာဘုရားက -

http:\\www.dhammadownload.com



**မုသားမပြောရန် စစ်ဆင်ကြီး ဥပမာ**

သေယျထာပိ ရာဟုလ ရညော နာဂေါ ဤသာဒန္တော ဥရူဠှဝါ အဘိဇာတော သင်္ဂါမာဝစရော သင်္ဂါမဂတော ပုရိမေဟိပိ ပါဒေဟိ ကမ္မံ ကရောတိ၊ ပစ္ဆိမေဟိပိ ပါဒေဟိ ကမ္မံ ကရောတိ။ ... ”

စသည်ဖြင့် စစ်ဆင်ကြီး ဥပမာပြောမယ်တဲ့။ စစ်မြေပြင် ရောက်တဲ့အခါကျတော့ ရှေ့လက်နှစ်ချောင်းနဲ့လဲပဲ ရှေ့က ရန်သူတွေကို နင်းပစ်တယ်။ နောက်ခြေနှစ်ချောင်းနဲ့ လဲပဲ နောက်က ရန်သူတွေကို နင်းတယ်။ ရှေ့ပိုင်းကိုယ်နဲ့လဲပဲ တိုးစရာရှိတာ တိုးတယ်၊ နောက်ပိုင်းကိုယ်နဲ့လဲပဲ ရန်သူတွေကို ဖိပြီးတော့ နှိပ်စက်တယ်။ အစွယ်နဲ့လဲပဲ စစ်တိုက်တယ်။ နားရွက်ကလဲပဲ ဟိုတစ်ဘက်က ပစ်လိုက်တဲ့ မြားတွေကို နားရွက်နဲ့ ခတ်ခတ်ပြီးတော့ ချတယ်။ အဲဒီ စစ်ဆင်ကြီးဟာ နှာမောင်းကို ပါးစပ်ထဲ ထည့်ပြီးတော့ ထိန်းသိမ်းတဲ့အခါကျတော့ ဆင်းစီးသူရဲ၏ စိတ်ထဲမှာ ဩော် ... ဒီ စစ်ဆင်ကြီးဟာ စစ်မြေပြင် ရောက်လို့ စစ်ပွဲ ဆင်နွှဲနေတဲ့အခါမှာ ရှေ့ပိုင်းကိုယ်၊ နောက်ပိုင်းကိုယ်၊ ရှေ့ပိုင်းလက်နှစ်ချောင်း၊ နောက်ပိုင်းခြေနှစ်ချောင်း၊ ဦးခေါင်းတို့၊ အစွယ်တို့၊ နားရွက်တို့နဲ့ ပြုလုပ်သင့်သမျှ ပြုလုပ်ပါသော်လဲပဲ သူ့နှာမောင်းကိုတော့ တစ်ဘက်ရန်သူတို့ ပစ်လိုက်တဲ့မြား မမှန်အောင် ပါးစပ်ထဲ ထည့်ထားတယ်။ သူ့အသက်ကို မစွန့်သေးဘူး။ အဲဒီလို အောက်မေ့တယ်။

စစ်မြေပြင်မှာ ဆင်နွှဲနေတဲ့ စစ်ဆင်ကြီး မာန်မာန ကြီးလာပြီဆိုတော့ ခံတွင်းထဲမှာ ငုံထားတဲ့ သူရဲ့နှာမောင်းကို ဖြုန်းကနဲ ထုတ်ပြီးတော့ ကြိုးကြာသံဟစ်၍ နှာမောင်းက လဲပဲ ဧရာမ ကြီးစွာသော တင်းပုတ်ကြီးတွေကို ပွေ့ပိုက်ပြီးတော့ ရန်သူထဲကို ကြမ်းကြမ်းကြီး ဝင်တိုက်ပြီဆိုတော့ ဆင်စီးသူရဲ၏ စိတ်ထဲမှာ 'ဟာ .. စစ်ဆင်ကြီးဟာ အသက်ကို ပေးပြီ၊ အသက်ကို စွန့်ပြီ' လို့ အောက်မေ့သတဲ့။

ထို့အတူပဲ ချစ်သား ... ။ အကြင်မျှလောက် သူတော်ကောင်းတရားကို မုသာဝါဒ မပြောမိအောင် မုသာဝါဒ ဝိရတီဆိုတဲ့ သီလနှာမောင်းကို အသာကလေး ခံတွင်းထဲမှာ ထည့်ထားသလို ထိန်းသိမ်းထားရမယ်။ ထိုမျှလောက် ပုဂ္ဂိုလ်သည် ငါဘုရားသာသနာရဲ့ အသက်ကို မစွန့်သေးဘူး။ အကြင်အခါ၌ မုသားပြော၏။ ထိုအခါကျတော့ ဆင်ကြီး နှာမောင်းကို ထုတ်ပြီးတော့ အကြမ်းပတမ်း စစ်ပွဲဆင်နွှဲသလိုပဲ၊ သူ့အသက်ကို စွန့်သလို

http:\\www.dhammadownload.com



ပဲ၊ မုသားစကားပြောယင် သာသနာ အသက်ကို စွန့်တော့တာပဲတဲ့၊ မြတ်စွာဘုရားက ဒါ မုသာဝါဒ မပြောအောင် ဩဝါဒ တစ်ခု။

၆။ ခြောက်ခုမြောက် ဩဝါဒ အနေနဲ့ မေးပြန်တယ်။

## ပစ္စဝေက္ခဏာနှင့် ကြေးမုံမှန်

တံ ကိံ မညသိ ရာဟုလ၊
ကိမတ္ထိ ယော အာဒါသော။

ငါဘုရား မေးမယ့် စကားကို ချစ်သား ဘယ်လို သဘောကျသလဲ။ လူတို့ရဲ့ အိမ်တိုင်းမှာ ရှိနေတဲ့ ကြေးမုံဆိုတဲ့မှန်ဟာ ဘာအသုံးကျသလဲ၊ ဘာအကျိုးရှိသလဲတဲ့။ ရှင်ရာဟုလာက ပြန်ဖြေတယ်။

ပစ္စဝေက္ခဏတ္ထော ဘန္တေ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အိမ်တိုင်း အိမ်တိုင်းမှာ ရှိတဲ့ မှန်ဟာ မှန်ကို ကြည့်ပြီးတော့ လူကို ကြည့်ရှုဆင်ခြင် ပြင်ဆင်ရခြင်း အကျိုးရှိပါတယ် ဘုရား။ အဲဒီ တော့မှ မြတ်စွာဘုရားက အကျယ် ဒီသုတ်ကို ဟောတော့တာပဲ။

ဧဝမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကတ္တဗ္ဗံ။

မာတိကာသဘော တရားဦးစပြီးတော့ ဟောတယ်။ ရာဟုလာတဲ့၊ ဤကြေးမုံ ဥပမာ အတူပဲ လူတွေဟာ မှန်ထဲကို နေ့စဉ်နေ့စဉ် ကြည့်ကြည့်ပြီးတော့ မိမိကိုယ်ကို လှပ အောင် ပြင်ဆင်တယ်။ ထိုနည်းအတိုင်းပဲ ပစ္စဝေက္ခဏာ မှန်ကို နေ့တိုင်းနေ့တိုင်း မိမိကိုယ်ကို ပစ္စဝေက္ခဏာမှန်ပေါ် ကြည့်ပြီးတော့ –

ကာယကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။

ဝစီကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။

မနောကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။

http:\\www.dhammadownload.com



## ကံသုံးပါးကို မပြုခင် ကြိုတင်စဉ်းစား

ဆက်ပြီး ပြောကြစို့။ ကာယကံမှု ပြုမယ် ကြံရင် မပြုနဲ့၊ ဝစီကံမှု ပြုမယ်ကြံယင် မပြုနဲ့၊ မနောကံမှု ကြံတော့မယ်ဆိုယင် မကြံခင်က အသင် လက်ဦး စဉ်းစားပါဦး၊ ငါပြုမယ့် ကာယကံ၊ ငါပြောမယ့် ဝစီကံ၊ ငါကြံမယ့် မနောကံဟာ မိမိဆင်းရဲဖို့များ ဖြစ်သလား၊ သူတစ်ပါး ဆင်းရဲဖို့များ ဖြစ်သလား၊ မိမိသူတစ်ပါး နှစ်ဦးစလုံးပဲ ဆင်းရဲဖို့ များ ဖြစ်သလားလို့ ဒီလို ပထမ စဉ်းစားပါ၊ အကုသိုလ် ဖြစ်သလား၊ ဒုက္ခပွားကြောင်း များ ဖြစ်သလားလို့ ပထမ စဉ်းစားပါ၊ အဲဒီလို စဉ်းစားလို့ မိမိပြုမယ့် ပြောမယ့် ကြံမယ့် ရည်သန်ထားတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိပင်ပန်း ဆင်းရဲဖို့သော် လည်းကောင်း၊ သူတစ်ပါး ပင်ပန်း ဆင်းရဲဖို့သော်လည်းကောင်း၊ နှစ်ဦးစလုံး ပင်ပန်း ဆင်းရဲဖို့သော်လည်းကောင်း ဖြစ်မယ်၊ အကုသိုလ် ဖြစ်မယ်၊ ဒုက္ခကို တိုးပွားစေတတ်တဲ့ အမှုမျိုး ဖြစ်မယ်ဆိုယင် ထိုသို့သဘောရှိသော ကာယကံမှုမျိုး မပြုနဲ့၊ ဝစီကံမှုမျိုး မပြောနဲ့၊ မနောကံမှုမျိုး မကြံနဲ့တဲ့။ ဒါက မပြုခင် မပြောခင် မကြံခင်ကို ပြောတာ။ ကြိုတင်ပြီးတော့ ပစ္စဝေက္ခဏာ မှန်ပြင်ပေါ် တင်ပြီးတော့ ပြင်ဆင်ပါ။

အကယ်၍ စဉ်းစားကြည့်လို့ မိမိပြုမယ့် ပြောမယ့် ကြံမယ့် ကိစ္စဟာ မိမိချမ်းသာဖို့ ဖြစ်မယ်၊ သူတစ်ပါး ချမ်းသာဖို့ ဖြစ်မယ်၊ နှစ်ဦးစလုံး ချမ်းသာဖို့ ဖြစ်မယ်ဆိုယင် ကာယကံမှုကို ပြုပေတော့။ ထိုသို့သော ဝစီကံမှုကို ပြောပေတော့။ ထိုသို့သော မနောကံ မှုကို ကြံပေတော့။ ဒါ မပြုခင် မပြောခင် မကြံခင် ကတည်းကိုက ကြိုတင်ပြီးတော့ စဉ်းစားရတယ်။ စဉ်းစားသလို ပြုတယ် ပြောတယ် ကြံတယ်။ မပြီးသေးဘူး။

## ပြုဆဲမှာလည်း စဉ်းစား

နေ့နေ့ကို ပြန်စဉ်းစား၊ စဉ်းစားလို့ မိမိပြုဆဲ ပြောဆဲ ကြံဆဲဖြစ်တဲ့ ကာယကံမှု ဝစီကံမှု မနောကံမှုဟာ မိမိ သူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲဖို့များ ဖြစ်သလား၊ အကုသိုလ်မျိုး ဒုက္ခပွားတိုးစေတတ်တဲ့ အမှုမျိုးများ ဖြစ်သလားလို့ စဉ်းစားပါတဲ့။ စဉ်းစားလို့ မိမိ သူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲစေမယ့် အလုပ်မျိုး၊ ဆင်းရဲဒုက္ခ ပွားတိုးမယ့် အကုသိုလ်မျိုး ဖြစ်ယင် ရှေ့ဆက် မလုပ်နဲ့၊ မပြုနဲ့၊ မကြံနဲ့တော့။ စဉ်းစား မိတဲ့နေရာက ရပ်တော့။ အကယ်၍များ မိမိပြုနေဆဲ ပြောနေဆဲ ကြံနေဆဲဆိုတဲ့ ကာယ ကံမှု ဝစီကံမှု မနောကံမှုဟာ ဆင်ခြင် ကြည့်လိုက်လို့ မိမိလဲ ချမ်းသာဖို့၊ သူတစ်ပါးလဲ

http:\\www.dhammadownload.com



ချမ်းသာဖို့၊ မိမိ သူတစ်ပါး နှစ်ဦးသား ချမ်းသာဖို့ သုခတရားကို ပွားစေ တတ်တဲ့ ကုသိုလ်မျိုးလဲ ဖြစ်မယ်ဆိုယင် အဲဒီ ကာယကံမှုကို ပြုပေတော့၊ ဝစီကံမှုကို ပြောတော့၊ မနောကံမှုကို ကြံတော့။ ဆက်ပြီးတော့ပြု၊ ဆက်ပြီးတော့ ပြော၊ ဆက်ပြီးတော့ကြံ။

## ပြုပြီးလျှင်လည်း ပြန်စဉ်းစား

ပြုပြီး ပြောပြီး ကြံပြီးတဲ့ အခါမှာလဲပဲ ပြန်ပြီးတော့ စဉ်းစားအုန်း။ ပစ္စဝေက္ခဏာ မှန် ပေါ်တင်ပြီးတော့ ပြင်ဆင်အုန်း။ ဘယ်လို စဉ်းစားရမလဲ။ ငါပြုပြီး ပြောပြီး ကြံပြီး ဖြစ်တဲ့ ကာယကံ ဝစီကံ မနောကံ အမှုဟာ ဆင်းရဲပွားကြောင်း မကောင်းမှု အကုသိုလ် များ ဖြစ်သလား၊ သုခပွားကြောင်း ကောင်းမှုကုသိုလ်များ ဖြစ်သလားလို့ စဉ်းစား။

အကယ်၍ စဉ်းစားလို့ ဒုက္ခပွားကြောင်း မကောင်းမှု အကုသိုလ်များဖြစ်ယင် နောက် ဘယ်တော့မှ မပြုဖြစ်အောင် တစ်ခါတည်း အာယတိ သံဝရ စိတ်ကို မွေးမြူလိုက်။ အကယ်၍များ မိမိပြုပြီး ပြောပြီး ကြံပြီးတဲ့ ကာယကံ ဝစီကံ မနောကံမှုဟာ ပစ္စဝေက္ခဏာ တင် ဆင်ခြင်စဉ်းစားလို့ မိမိသူတစ်ပါး နှစ်ဦးသား ချမ်းသာဖို့ ဖြစ်တယ်၊ ချမ်းသာ ပွားတိုး ကုသိုလ်မျိုး ဖြစ်တယ်ဆိုယင် အဲဒီ မိမိပြုခဲ့ ပြောခဲ့ ကြံခဲ့တဲ့ ကုသိုလ်ကိုပင်လျှင် ထပ်တလဲလဲ အောက်မေ့ပြီးတော့ ဝမ်းမြောက်ဝမ်းသာနေ။

အဲ ... နောက်ဆုံးမှာ ချစ်သား ... ။

> ယေ ဟိ ကေစိ ရာဟုလ အတီတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ကာယကမ္မံ ပရိသောဓေသုံ၊ ဝစီကမ္မံ ပရိသောဓေသုံ၊ မနောကမ္မံ ပရိသောဓေသုံ၊ သဗ္ဗေ တေ ဧဝမေဝံ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ပရိသောဓေသုံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝစီကမ္မံ ပရိသောဓေသုံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနောကမ္မံ ပရိသောဓေသုံ။
>
> (မ၊ ၂။ ၈၄)

ချစ်သား၊ အတိတ်က ပွင့်တော်မူကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာအပေါင်း သူတော်ကောင်းတွေဟာ အခုပြောတဲ့အတိုင်း ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံ မှု စင်ကြယ်အောင် သုတ်သင်တော်မူခဲ့ကြပြီ။ ဝစီကံမှု စင်ကြယ်အောင် သုတ်သင်၊ မနောကံမှု စင်ကြယ်အောင် သုတ်သင်တော်မူခဲ့ကြပြီ။ အနာဂတ်မှာ ဖြစ်ပွင့်တော်မူကြ မည့် ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတို့လဲပဲ ဤနည်းအတူ ပစ္စဝေက္ခဏာ တပ်ဆင်ခြင်ပြီးမှ ကာယကံမှု ဝစီကံမှု၊ မနောကံမှု သုံးမှုစလုံးကို သုတ်သင်တော်မူကြ

http:\\www.dhammadownload.com



လိမ့်မယ်။ ယနေ့ ပစ္စုပ္ပာန်မှာ ကိလေသာ ခပ်သိမ်းငြိမ်းစေတဲ့ ရဟန်းသူမြတ်တွေ မကောင်းမှု အပပြုတတ်တဲ့ ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်အရှင်မြတ်တို့လဲပဲ ဤနည်းနှင်နှင် ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံမှုကို သုတ်သင်နေကြဆဲ၊ ဝစီကံမှုကို သုတ်သင်နေကြဆဲ၊ မနောကံမှုကို သုတ်သင်နေကြဆဲ ဖြစ်တယ်။

အဲဒီလို အေးအေးဆေးဆေး ဟောပြီးတော့ နောက်ဆုံးသြဝါဒ အနေနဲ့ -

## ပစ္စဝေက္ခဏာတင်ပြီး ကံသုံးပါး စင်ကြယ်အောင် သုတ်သင်

> တသ္မာ တိဟ ရာဟုလ 'ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယကမ္မံ ပရိသောဓေဿာမိ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝစီကမ္မံ ပရိသောဓေဿာမိ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနောကမ္မံ ပရိသောဓေဿာမိ' တိ ဧဝံ ဟိ တေ ရာဟုလ သိက္ခိတဗ္ဗံ။

"ရာဟုလ=ချစ်သား သည်းချာ ရာဟုလာ။ တသ္မာ=ထိုထို ကာလသုံးပါး၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်ကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကအပေါင်း သူတော်ကောင်းတို့သည် ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို စင်ကြယ်အောင် သုတ်သင်တော်မူကြသောကြောင့်။ အဟံပိ=ငါသည်လဲပဲ။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ=ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ။ ကာယကမ္မံ ပရိသောဓေဿာမိ =ကာယကံကို စင်ကြယ်အောင် သုတ်သင်ပါအံ့။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ=ပစ္စဝေက္ခဏာတင် ဆင်ခြင် ဆင်ခြင်ပြီးမှ။ ဝစီကမ္မံ ပရိသောဓေဿာမိ=ဝစီကံကို သုတ်သင်ပါအံ့။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ = ပစ္စဝေက္ခဏာ မှန်ပေါ်တင် ဆင်ခြင် ဆင်ခြင်ပြီးမှ။ မနောကမ္မံ ပရိသောဓေဿာမိ = မနောကံအမှု ကြံစည်သမျှ အစုစုကိုလဲပဲ စင်ကြယ်အောင် သုတ်သင်ပါအံ့ဟူ၍။ ဧဝံ = ဤသို့လျှင်။ ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ။ တေ=သင်ချစ်သားသည်။ သိက္ခိတဗ္ဗံ=သိက္ခာသုံးပါး ပွားများ ကြိုးကုတ် အားထုတ်ရမယ်၊ ကျင့်ရမယ်" လို့ နောက်ဆုံး သြဝါဒ ပေးတယ်။

အဲဒီ သုတ္တန်ကို မဇ္ဈိမနိကာယ်ထဲမှာ ထည့်သွင်းထားတယ်။ ဒီဃနိကာယ်က သုတ္တန်တွေလောက် မရှည်သော်လဲပဲ ခုဒ္ဒကနိကာယ်က သုတ္တန်တွေလောက် မတိုဘူး။ ဒီဃနိကာယ်က သုတ္တန်တွေလောက် မရှည်ဘူး။ အလယ်အလတ် ဟောတဲ့ သုတ္တန်မို့လို့ ဒီဃနိကာယ်ကို မဇ္ဈိမနိကာယလို့ ခေါ်တယ်။ မကျဉ်းမကျယ် အလယ်အလတ်

http:\\www.dhammadownload.com



သုတ္တန်တွေကို ပေါင်းစု ပြအပ်တဲ့ မဇ္ဈိမနိကာယ်ဟု ခေါ်သော ပဏ္ဏာသသုံးကျမ်းအနက် မဇ္ဈိမပဏ္ဏာသမှာ ဒီသုတ္တန် ဟောတယ်။ အဲဒီ သုတ္တန်ကို ကောက်ချက်ချလိုက်တော့ ရှင်ရာဟုလာ မုသား မပြောအောင် ဟောတာ။

## မဟာရာဟုလောဝါဒသုတ္တန်

### ရှင်ရာဟုလာ ဂေဟဿိတပေမဖြစ်ပုံ

ဒီအပြင် ဘာဟော သေးသလဲဆိုတော့ မဟာရာဟုလောဝါဒ သုတ္တန်ကို ဟောတယ်။ ကိုရင်ရာဟုလာ ၁၈–နှစ်အရွယ် ရောက်တော့ ဘုရားနဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ကနေပြီး သာဝတ္ထိပြည်ထဲမှာ ဘုရားက ရှေ့ကသွား၊ ရာဟုလာက နောက်က လိုက်သွားပြီးတော့ မြတ်စွာဘုရားရဲ့ မဟာပုရိသ လက္ခဏာတော်ကြီး ကြည့်လိုက်၊ မိမိမှာလဲ မဟာပုရိသ လက္ခဏာပါလို့ မိမိရဲ့ လက္ခဏာတွေကြည့်လိုက်၊ ခြင်္သေ့မင်းကြီး နောက်က ခြင်္သေ့ကလေး လိုက်သလို၊ ကျားမင်းကြီးနောက်က သားကျားငယ်ကလေး လိုက်သလို စကြာမင်းကြီးနောက်က သားကြီး ဥပရာဇ် လိုက်ပါသလို အလွန်တင့်တယ် ပါကလား၊ အကယ်၍သာ မြတ်စွာဘုရား စကြဝတေးမင်းကြီး ဖြစ်လို့ရှိယင် ငါဟာ သားကြီးရဲ့ အရာဖြစ်မယ်။ အဲဒီလိုများ ဖြစ်လိုက်ရယင် ဇမ္ဗူဒိပါတစ်ကျွန်းလုံး ဘယ်လောက်များ သာယာလိုက်မလဲ၊ တင့်တယ်လိုက်မလဲ၊ ဂေဟဿိတပေမ ခေါ်တဲ့ တဏှာတရား ဖြစ်ပွားတယ်။

ဒီလို ဖြစ်နေတဲ့အခါ မြတ်စွာဘုရားက ရှေ့ကကြွရင်း ရှင်ရာဟုလာကို ဆင်ခြင်ကြည့်တော်မူတဲ့အခါ ခိုးထုပ်ခိုးထည်နဲ့တကွ သူခိုးမိသလိုပဲ။ ရှင်ရာဟုလာသည် (ဂေဟဿိတ– ပေမ=အာရုံငါးပါး ကာမတရားကို အိမ်နဲ့တူလို့ ဂေဟ၊ အဲဒါကို အမှီပြုပြီး ဖြစ်တဲ့ တဏှာကို ဂေဟဿိတပေမ တဏှာလို့ ခေါ်တယ်။) ဂေဟဿိတပေမ တဏှာနဲ့ ယှဉ်တဲ့ ဝိတက်တွေ ဖြစ်နေပါကလား။ ဒီတော့ ဒီကာမဝိတက် ကြီးပြင်းလာယင် ရာဟုလာရဲ့ သန္တာန်မှာ ဟို ယမန်နေ့ကတည်းက ငါဘုရား ဟောကြားလို့ သံယုတ္တနိကာယ် ရာဟုလသံယုတ်လို့ ခေါ်ဆိုရမယ့် သုတ္တန်တွေ နာပြီးတဲ့ အချိန်ကစပြီး ရာဟုလာ အလုပ်လုပ်ဘဲ့ ဝိပဿနာ အလုပ်တွေ ပျက်ကုန်လိမ့်မယ်။

http:\\www.dhammadownload.com



## ဘုရားရှင်တို့၏ အရိုးတော် ကွင်းဆက်

အဲဒီလို ဆင်ခြင် ကြံစည်တော်မူပြီးတော့ **နာဂါပလောကိတ** လို့ ခေါ်တဲ့ ဆင်ပြောင်ကြီးများ နောက်ကိုကြည့်ယင် တစ်ကိုယ်လုံး လှည့်ပြီး ကြည့်သလို ဘုရားကိုယ်တော်မြတ်လဲပဲ နောက်ကို မျက်နှာပြန်လှည့် ကြည့်ချင်ယင် တစ်ကိုယ်လုံးလှည့်ပြီး ကြည့်တယ်။ ပုထုဇဉ် လူသာမန်တွေကတော့ နောက်ပြန်ကြည့်ချင်ယင် တစ်ကိုယ်လုံး မလှည့်ဘဲ ခေါင်းချည်းပဲ လှည့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုထုဇဉ်တို့ရဲ့ အရိုးဟာ တော့ပြီးကော့ ဆက်ထားတယ်။ လှည့်လို့ရတယ်။ ထိပ်ချင်းတော့ဆက်တယ်။ ပစ္စေကဗုဒ္ဓါတို့ရဲ့ အရိုးများကျတော့ **အရိုးချိတ်ချင်း** ကောက်ပြီးတော့ ဆက်ထားတယ်။ ဘုရားများကျတော့ အရိုးကွင်းဆက်။

(အရိုးတော်**ကွင်းဆက်**, ချိတ်ဆက်အကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ။ နှာ-၁၅၄၊ ၁၅၅-ရှု။)

ဒါကြောင့် ကွင်းဆက်အရိုး **ရှိယင် တန်ခိုးရှိတယ်လို့** လူတွေက သတ်မှတ်တယ်။ ဘုရားကိုယ်တော်မြတ်က ကွင်းဆက်ဆိုတော့ ဘယ်လိုနည်းနဲ့မှ ခေါင်းချည်း လှည့်မကြည့်နိုင်ဘူး။ တစ်ကိုယ်လုံး လှည့်ကြည့်တော့ ခိုးထုပ်ခိုးထည်နှင့်တကွ သူခိုးမိသလို ရှင်ရာဟုလာကို ကြည့်ပြီးတော့ -

> ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

### ကာမဝိတက်ဖြစ်နေသော ရာဟုလာအား ဘုရားဆုံးမတော်မူပုံ

ရာဟုလာ၊ ပစ္စုပ္ပန် အတိတ် အနာဂတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကအား ဆယ့်တစ်ထွေပြားတဲ့ ရုပ်တရားအစုကို နေတံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား၊ နေသောဟမသ္မိ=ငါ မဟုတ်ပါတကား၊ န မေသောအတ္တာ=ငါရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ အဲဒီလို တဏှာပြုတ်အောင် မာနပြုတ်အောင် ဒိဋ္ဌိပြုတ်အောင် ဉာဏ်နည်းဖြင့် ယထာဘူတ ကျကျနန မဖောက်မပြန် အမှန်သိတဲ့ ဝိပဿနာဉာဏ်နဲ့ ချစ်သား ရှုရမှာ။ ဘယ်နှယ့်ကြောင့် ဂေဟာဿိတ ပေမတဏှာနဲ့ ရုပ်တရားတွေ

http:\\www.dhammadownload.com



ကို အလွဲလွဲ အချော်ချော် ရှုရသတုန်း။ ဒီအဓိပ္ပာယ်နဲ့ပြောတော့ ကိုရင်ရာဟုလာက ၁၈–နှစ်သားလောက်ရှိတယ်။ မကြာခင် ရဟန်းဖြစ်ပြီးတော့ ရဟန္တာ ဖြစ်တော့မယ်။ ဒီတော့ အရွယ်ကလဲ နည်းနည်းမြောက်လာတော့ စိတ်ကူးယဉ်သပ၊ ရူပကာယကို အမှီပြု၍ ဖြစ်ချင်တဲ့ တဏှာလောဘ ဖြစ်တယ်။ မြတ်စွာဘုရားက ရောင်ဆွဲပြီး ဆုံးမသလို ရာဟုလာ၊ ရုပ်မှန်သမျှ အနိစ္စ ဒုက္ခ အနတ္တ=ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တ လိပ်ပြာမဟုတ်၊ အဲဒီလို ယထာဘူတကျအောင် ချစ်သား ကြည့်ရမယ်။ လှလိုက်တာ၊ တင့်တယ်လိုက်တာ၊ ဤအနေနဲ့ မကြည့်ရဘူး။ အဲဒီလို ဩဝါဒ ပေးပါတယ်။ ဒီတော့ ကိုရင်ရာဟုလာက –

ဇပမေ နု ခေါ ဘဂဝါ၊ ရူပမေဝ နု ခေါ သုဂတ။

အရှင်ဘုရား၊ ရုပ်ကိုသာ ဒီလို ရှုရမှာလား ဘုရား။ သုဂတ=မြတ်စွာဘုရား။ ရုပ်ကိုသာ ဒီလို ရှုရမှာလားတဲ့။ မြတ်စွာဘုရားက အတိုချုပ် ဖြေတယ်။

ရူပမ္ပိ ရာဟုလ။ ဝေဒနာပိ ရာဟုလ။ သညာပိ ရာဟုလ။

သင်္ခါရာပိ ရာဟုလ။ ဝိညာဏမ္ပိ ရာဟုလ။

ရာဟုလာ၊ ရုပ်ကိုလဲ ဒီလို ရှုရမယ်။ ဝေဒနာကိုလဲပဲ။ သညာကိုလဲပဲ။ သင်္ခါရကိုလဲပဲ။ ဝိညာဏ်ကိုလဲပဲ ဒီခန္ဓာငါးပါးစလုံး အကုန်လုံး "အနိစ္စ ဒုက္ခ အနတ္တ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသောအတ္တာ" လို့ပဲ ရှုရမှာပဲလို့ အမိန့်ရှိတယ်၊ ရာဟုလာက စဉ်းစားတယ်။

ကော နဇ္ဇ ဘဂဝတော သမ္မုခါ ဩဝါဒေန ဩဝဒိတော ဂါမံ ပိဏ္ဍာယ ပဝိသိဿတိ။

## ဆွမ်းအငတ်ခံ၍ တရားအားထုတ်သော ရှင်ရာဟုလာ

ဘုရားကိုယ်တော်မြတ်နဲ့ မျက်နှာချင်းဆိုင်ပြီးတော့ မျက်မှောက်အဆုံးအမ အနေနဲ့ ဆုံးမတဲ့ အဆုံးအမဖြစ်လို့ ဒီအဆုံးအမကို "သမ္မုခါဩဝါဒ" လို့ ခေါ်ဟယ်။ ဒီလို သမ္မုခါ ဩဝါဒကို ရလို့ ဉာဏ်ပညာရှိသူ မည်သည် အဘယ်သူနည်းတဲ့။ ဆွမ်းခံကြွနေတုန်းမှာ။ ဉာဏ်ပညာရှိသူသည် ဒီကနေ့ ဆွမ်းငတ်လျှင် ငတ်ပစေ၊ ဆွမ်းမစားဘူး၊ ဘုရားရဲ့ အဆုံးအမကိုသာ လိုက်နာမယ်ဆိုပြီး ကိုရင်ရာဟုလာက လမ်းဘေးက သစ်ပင်အောက်မှာ ထိုင်ပြီးတော့ စဉ်းစားတယ်။ ဘုရားကလဲ တစ်ပါးတည်း ကြွသွားတယ်။ သူတကာဆိုယင် ကိုရင်ရာဟုလာ စိတ်ဆိုးသွားတာ ထင်ပါရဲ့လို့ အောက်မေ့ကြမှာ။

http:\\www.dhammadownload.com



စိတ်မဆိုးဘူး။ မြတ်စွာဘုရားကလဲ 'ရာဟုလာ၊ လာ လိုက်ခဲ့'လို့ မခေါ်ဘူး။ ရှင်ရာဟုလာရဲ့ ရဲရဲတောက် စိတ်အကြံကို သိတော်မူတယ်။

ရှင်ရာဟုလာ သစ်ပင်ရင်းမှာ စက်ကြွေချပြီး ထိုင်နေတဲ့အခါ အရှင်သာရိပုတ္တရာက ကျောင်းတိုက်မှာ အဆင်မပြေတာတွေကို ရှင်းလင်းပြီးမှ နေမြင့်မှ ဆွမ်းခံရတယ်။ အရှင်သာရိပုတ္တရာက ကြွလာရင်း ကိုရင်ရာဟုလာ သစ်ပင်ရင်းမှာ ထိုင်နေတာ မြင်ရတော့ အရှင်သာရိပုတ္တရာက သွားရင်းက ဘာပြောသွားသလဲ။

အာနာပါနဿတိံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အာနာပါနဿတိ ရာဟုလ ဘာဝနာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

ရာဟုလာ၊ အာနာပါနဿတိ ဘာဝနာကို ပွားပါ။ ရာဟုလာ၊ အာနာပါန ဘာဝနာကို အသင် ပွားလို့ ကြိမ်ဖန်များစွာ လေ့လာလို့ရှိယင် အကျိုးအာနိသင် သိပ်ကြီးမှာပဲတဲ့။ အဲဒီလို အမိန့်ရှိပြီးတော့ ကြွသွားတယ်။ သူက ဥပဇ္ဈာယ်ဆရာပဲ။ ရာဟုလာသည် အရှင်သာရိပုတ္တရာရဲ့ သဒ္ဓိဝိဟာရိက တပည့်ပဲ။ ဒါပေမယ့် ရာဟုလာ ငါ့နောက် လိုက်ခဲ့လို့ ခေါ်မသွားဘူး။ မြတ်စွာဘုရားကလဲ ဆွမ်းမပို့ဘူး။ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကလဲ ရာဟုလာလေး ဟိုမှာ နေတယ်။ ဆွမ်းပို့ကြပါလို့ ဘယ်သူ့မှ မပြောဘူး။ ဘထွေးတော် အရှင်အာနန္ဒာကလဲ ဆွမ်းပို့ဖို့ အကြံအစည် မရှိဘူး။ ဖြောင့်ဖြောင့်ပြောယင် ကိုရင်ရာဟုလာ အဲဒီနေ့က ဆွမ်းငတ်တယ်။ ညနေစောင်းကျမှ မြတ်စွာဘုရားထံ သွားပြီးတော့ –

ကထံ ဘာဝိတာ နု ခေါ ဘန္တေ အာနာပါနဿတိ ကထံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ (မ၊ ၂။ ၂၈၄)

မြတ်စွာဘုရား၊ ဘယ်လိုပွားယင် အာနာပါနဿတိ အကျိုးများပါသလဲ ဘုရား။

အဲဒီလို မေးမြန်းလျှောက်ထားတဲ့ အခါကျတော့ မြတ်စွာဘုရားက ဓာတ် ၆–ပါး ဟောတယ်။ အလျင် –

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ ဝိညာဏဓာတ်။ ပြီးတော့မှ အာနာပါနဿတိကို အကျယ် ဟောပြတယ်။ ဒီသုတ္တန်မှာ ဆိုကြပါစို့၊ အကျဉ်းပြောချင်တာက အဲဒီ မဟာရာဟုလောဝါဒသုတ္တန်ကို ဘုရားဟောပေးတာက ရှင်ရာဟုလာ ဂေဟဿိတတဏှာကို ပယ်ဖျောက်စေချင်လို့ ဟောတာ။ ပြီးပြီ ထားကြပါစို့။

(ဤတွင် တရားတစ်ပွဲ ရပ်နားသည်)

http:\\www.dhammadownload.com



## စူဠရာဟုလောဝါဒသုတ်

## (စတုတ္ထပိုင်း)

## ရှင်ရာဟုလာကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း

### ရာဟုလာကို ဗုဒ္ဓဉာဏ်တော်၌ ထင်လာပုံ

ယမန်နေ့က ဟောခဲ့တဲ့ ရာဟုလ သံယုတ်ကို ကြားနာပြီးတဲ့ အချိန်က စပြီး ကိုရင်ရာဟုလာသည် ဒွါရ အာရုံ ဝိညာဏ် ဖဿ၊ ဖဿပစ္စယ နာမ်ခန္ဓာအနေနဲ့ ဝိပဿနာနှလုံး နေ့စဉ် နေ့စဉ် ကျင့်သုံးခဲ့တယ်။ အေး ... ရှစ်နှစ်သားလောက်က ရာဟုလသံယုတ်နာရတယ် ဆိုပါစို့၊ အဲဒီအချိန်က စပြီးတော့ ဆပဥ္စက ဓမ္မဝိပဿနာနည်း=ပဥ္စကခြောက်မျိုးကို နှလုံးသွင်းတဲ့နည်းနဲ့ ဝိပဿနာနှလုံး ကျင့်သုံးခဲ့တယ်။ ဒါဟာ သူ့ရဲ့လက်ကိုင် ဝိပဿနာ တရားပဲ။ အဲဒီလို ကျင့်သုံးခဲ့ရင်း ကိုရင်ရာဟုလာ ရဟန်း ဖြစ်တယ်။ ဝါမရသေးခင် တစ်နေ့သ၌ မြတ်စွာဘုရား အရုဏ်တက်ချိန်မှာ သတ္တလောကကို ရွှေဉာဏ်တော်ကွန်ရက် ဖြန့်ကျက်ပြီး ကြည့်တော်မူတဲ့အခါ ကိုယ်တော်မြတ်ရဲ့ ဉာဏ်ထဲမှာ အခုမှ ရဟန်းပြုသစ်ပြီးစ ဝါမရသေးခင် ရာဟုလာကို ဉာဏ်ထဲ ထင်လာတယ်။ ဘယ်လို ကျင့်တာပါလဲလို့ ကြည့်၊ ကိုယ်တော်မြတ် ဉာဏ်ထဲမှာ အကြံ ပေါ်ခဲ့ပြီ။

ဘယ်လို ပေါ်သလဲ။

> ပရိပက္ကာ ခေါ ရာဟုလဿ ဝိမုတ္တိပရိပါစနီယာ ဓမ္မာ၊ ယံ နူနာဟံ ရာဟုလံ အာသဝါနံ ခယေ ဝိနေယျံ။ (သံ၊ ၂။ ၃၂၄)

ဘုရားစိတ်ထဲမှာ ပေါ်တာကို ပေါ်တဲ့အတိုင်း သင်္ဂီတိကာရက မထေရ်မြတ်တို့က သဘာဝနိရုတ္တိနည်းကျကျ ပါဠိထည့်ထားတယ်။

### ဝိမုတ္တိပရိပါစနီယတရား ၁၅-ပါး

ရာဟုလဿ=ရာဟုလာ၏ သန္တာန်၌။ ခေါ=စင်စစ်။ ဝိမုတ္တိပရိပါစနီယာ=အရဟတ္တဖိုလ်ကို ရင့်သန်စေနိုင်ကုန်သော။ ဓမ္မာ=တစ်ဆယ့်ငါးပါး တရားအစုတို့သည်။ ပရိပက္ကာ = ရင်ခဲ့ ကျက်ခဲ့ မှည့်ခဲ ကြလေပြီ။

ဩော် ... ရာဟုလာသည် **ဝိမုတ္တိပရိပါစနီယတရား တစ်ဆယ့်ငါးပါး** ရင့်နေပြီ၊ မှည့်နေပြီ။ ဒီအချိန်မှာ ဒေသနာဉာဏ်နဲ့ အသာကလေး ပို့လိုက်ယင် ရာဟုလာသန္တာန်က ကိလေသာတွေက အကုန်ပြိုကုန်တော့မယ်။ ရာဟုလာ အရဟတ္တဖိုလ်ပေါက် ရောက်

http:\\www.dhammadownload.com



တော့မယ်။ ဒီတော့ –

အဟံ=ငါဘုရားသည်။ ရာဟုလံ=ရာဟုလာကို။ ဉတ္တရိံ= ဝိပဿနာမှ အထက်ဖြစ်သော။ အာသဝါနံခယေ=အာသဝက္ခယ အမည်ရတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်၌။ ဝိနေယျံ=မရောက်ရောက်အောင် ချေချွတ်ဆုံးမရပါမူ။ ယံ နူန=ကောင်းလေစွ။

**အန္ဓဝန်တောအုပ်သို့ ရှင်ရာဟုလာနှင့် ကြွတော်မူခြင်း**

ယနေ့ ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ငါဘုရား ဆုံးမရယင် ကောင်းမှာပဲ။ တစ်နည်း၊ ငါဘုရား ဆုံးမမယ်လို့ အဲဒီလို စိတ်တော်ထဲက ဆုံးဖြတ်ချက်ချပြီး နံနက်ခင်း သာဝတ္ထိပြည်ကို ဆွမ်းခံဝင်တယ်။ ဆွမ်းကိစ္စပြီးလို့ သာဝတ္ထိပြည်ထဲက ဖဲကြွတော်မူတဲ့အခါ ရှင်ရာဟုလာကို ဘယ့်နှယ် အမိန့်ရှိလဲ။

ဂဏှာဟိ ရာဟုလ နိသီဒနံ၊ ယေန အန္ဓဝနံ တေနုပသင်္ကမိဿာမ ဒိဝါ ဝိဟာရာယ။

ရာဟုလာ၊ ဟောဒီ နိသီဒိုင်ထိုင်စရာ အခင်းကလေးယူခဲ့။ အန္ဓဝန်တောအုပ်ကြီးရှိရာ ဒို့သွားကြစို့ နေ့သန့်ဖို့။ အန္ဓဝန် တောအုပ်ဆိုတာ ဇေတဝန်ကျောင်းတိုက်ရဲ့ နောက်ဖေးနားမှာ ရှိတယ်။ အလွန် တိတ်ဆိတ်တယ်။

အဲဒီလို မြတ်စွာဘုရားက အမိန့်ရှိတယ်ဆိုယင်ပဲ ကိုရင်ရာဟုလာက "ဧဝံ ဘန္တေ" = ကောင်းပါပြီ မြတ်စွာဘုရား။ အဲဒီလို လျှောက်တင်ပြီး နိသီဒိုင် အခင်းကလေး ယူ၊ မြတ်စွာဘုရား နောက်က လိုက်သွားတယ်။

ဝိမုတ္တိပရိပါစနိယတရား ရင့်လာလို့ရှိယင် ချေချွတ်ဆုံးမလို့ အလွန် လွယ်တယ်။ ဒီတော့ အရဟတ္တဖိုလ်ကို လိုချင်ယင် **ဝိမုတ္တိပရိပါစနိယတရား တစ်ဆယ့်ငါး၊ပါး**ကို နားလည်ရမယ်။ ကျင့်လဲ ကျင့်ရမယ်။ နားလည်ချင်ယင် အတိုချုပ် –

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ။ ဒီတရားငါးမျိုးကို အလျင် မှတ်ထားရမယ်။ အဲဒီနောက် **သဒ္ဓါ**နဲ့ ပတ်သက်ပြီးတော့–

၁။ သဒ္ဓါတရား မရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခြင်း၊

၂။ သဒ္ဓါတရားပြည့်ဝတဲ့ ပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံ မှီဝဲခြင်း၊

၃။ သဒ္ဓါတရား ဖြစ်ပွားစေတတ်တဲ့ တရားတော်များကို လေ့လာလိုက်စား မှတ်သား ဆင်ခြင်ခြင်း၊ သဒ္ဓါနဲ့ သုံးချက်။

ထို့အတူ **ဝီရိယ**နဲ့ ပတ်သက်ပြီးတော့လဲ သုံးချက်။

http:\\www.dhammadownload.com



၁။ ဝီရိယမရှိ ပျင်းရိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
၂။ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ်မှီဝဲခြင်း၊
၃။ ဝီရိယနဲ့ စပ်တဲ့တရား လိုက်စားလေ့လာ နာကြားဆွေးနွေးခြင်း
ဒါ ဝီရိယနဲ့ စပ်၍ သုံးပါး တရားရတယ်။

**သတိ**လဲ ထို့အတူပဲ

၁။ သတိမေ့လျော့ ပေါ့တန်တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
၂။ သတိထင်လင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ်ခြင်း၊
၃။ သတိပဋ္ဌာန်နဲ့ စပ်သော တရားများကို လိုက်စားနာယူ မှတ်သားပါ၊ လေ့လာပါ၊ ဆွေးနွေးပါ၊ မေးမြေကြပါလို့ အကုန်လုံး ပါတယ်။ ဒါ သတိအတွက်။

**သမာဓိ**နဲ့ စပ်၍ သုံးချက်က –

၁။ သမာဓိမရှိတဲ့ ဥဒ္ဓစ္စသမား ရှောင်ရှားခြင်း၊
၂။ သမာဓိရှိတဲ့ ပုဂ္ဂိုလ်များ မှီဝဲခြင်း၊
၃။ သမာဓိနဲ့ စပ်သော တရားများ လေ့လာလိုက်စားခြင်း – သုံးပါး။

**ပညာ**နဲ့ ပတ်သက်၍လဲ သုံးပါးပဲ။

၁။ ပညာမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း
၂။ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း
၃။ နက်နဲတဲ့ သုတ္တန်များကို ပညာရဲ့ အခြေခံ ဖြစ်အောင် လေ့လာလိုက်စား မှတ်သားနာယူခြင်း။

တစ်ဆယ့်ငါးပါး။ အဲဒီ တစ်ဆယ့်ငါးပါး ပြည့်စုံယင် အရဟတ္တဖိုလ်ကို တစ်ခါတည်း အလွယ်နဲ့ ရောက်သွားတယ်။ ကိလေသာတွေ အကုန်လုံး ပြိုသွားတယ်။

ဒီတော့ ရှင်ရာဟုလာက **ဝိမုတ္တိပရိပါစနီယတရား တစ်ဆယ့်ငါးပါး**[၁] ရင့်နေမှည့်နေပြီ ဖြစ်လို့ ဘုရားကိုယ်တော်မြတ်က အန္ဓဝန် တောအုပ်သို့ သွားဖို့ ခေါ်တယ်။ ရှင်ရာဟုလာက "ဧဝံ ဘန္တေ" ပြောပြီး ဘုရားကိုယ်တော်မြတ်က ရှေ့ကကြွ၊ ရှင်ရာဟုလာက နောက်ကလိုက်၊ မြတ်စွာဘုရားနဲ့ ရှင်ရာဟုလာ နှစ်ဦးတည်းပဲ မြင်ရတယ်။ ပရိသတ်က မမြင်ရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်။

---

**၁။** (၃-၅)=ပဋိသံ။ ၁၉၈။ ၁၉၉။ ပဋိသံ၊ ဋ ၂။ ၁၃၂။ ဥဒါန်းပါဠိတော် မေဃိယသုတ် ၁၁၉။ ဥဒါန၊ ဋ၊ ၁၉၉။ သံ ဋ၊ ၃။ ၃၆။ နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် စတုတ္ထတွဲ ၂၀၈ လည်းရှု။

http:\\www.dhammadownload.com



တေန ခေါ ပန သမယေန အနေကာနိ ဒေဝတာသဟဿာနိ ဘဂဝန္တံ အနုဗန္ဓာနိ ဟောန္တိ အဇ္ဇ ဘဂဝါ အာယသ္မန္တံ ရာဟုလံ ဥတ္တရိံ အာသဝါနံ ခယေ ဝိနေဿတီတိ။

## ရှေးဘဝက ရှင်ရာဟုလာ၏ ဆုတောင်း

ဩော် ... ဒီကနေ့ ရှင်ရာဟုလာကို မြတ်စွာဘုရား အရဟတ္တဖိုလ်ပေါက် ချေချွတ်ဆုံးမတော်မူလိမ့်မယ်လို့ အချင်းချင်း နှီးဆော်ပြီးတော့ ထောင်ပေါင်းများစွာသော နတ်ဗြဟ္မာတို့လဲပဲ မြတ်စွာဘုရား နောက်က လိုက်ခဲ့တယ်။ သူတို့ ဘယ်လို အဆက်ရှိသလဲ ဆိုတော့ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်က အရှင်ရာဟုလာအလောင်း ပထဝိန္ဓရ နဂါးမင်းအဖြစ်နဲ့ ပဒုမုတ္တရ မြတ်စွာဘုရား အထံမှာ ဘုရားသားတော် သိက္ခာကာမအရာဧတဒဂ်ရတဲ့ ရှင်ဥပရေဝတလေးကို အားကျပြီးတော့ ဆုတောင်းခဲ့လို့ အခြံအရံဖြစ်တဲ့ နတ်နဂါးပေါင်း မြောက်မြားစွာက "အရှင်ပထဝိန္ဓရ နဂါးမင်း၊ အရှင်သခင် ကျွတ်တမ်းဝင်တဲ့အခါမှာ ကျွန်တော်တို့လဲ ကျွတ်တမ်းဝင်ရပါလို၏" လို့ ဆုတောင်းခဲ့တယ်။

(အရှင်ရာဟုလာ၏ ဘဝဖြစ်စဉ်အကျယ်ကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပထမအုပ်၊ နှာ ၁၉၇-မှ ၂၁၃-အထိ ရှုပါ။ သုတ္တနိပါတ် အဋ္ဌကထာ၊ ဒုအုပ်၊ နှာ ၇၄-၌ ရာဟုလာအလောင်း သင်္ခနဂါးမင်းဟု ရှိသည်။)

အဲဒီ ဆုတောင်းခဲ့တဲ့ နတ်နဂါးတွေဟာ နောက်ဆုံး ပစ္ဆိမဘဝကျတော့ တချို့က စတုမဟာရာဇ်မှာ၊ တချို့ တာဝတိံသာ၊ တချို့ယာမာ၊ အနံ့အပြား ရောက်နေတယ်။ တချို့က ဗြဟ္မာ့ပြည် ရောက်နေတယ်။ အဲဒီလို အနံ့အပြား ရောက်နေတဲ့ နတ်ဗြဟ္မာတွေဟာ အကုန်လုံး ဒီကနေ့ စုလာတယ်။

အန္ဓဝန်တောအုပ် ရောက်လာကြပြီ။ အရှင်ရာဟုလာက နိသီဒိုင် ထိုင်စရာလေး ခင်းပေးတယ်။ ဘုရားကိုယ်တော်မြတ်က ထိုင်တယ်။ အပြစ်လွတ်တဲ့ နေရာက နေပြီး ရှင်ရာဟုလာက မြတ်စွာဘုရားကို ရှိခိုးပြီးတော့ ထိုင်နေတယ်၊ အဲဒီအချိန်မှာ ချေချွတ်ဆုံးမခဲ့ပါတယ်။

### ဆပဥ္စက ဓမ္မဝိပဿနာ

တံ ကိံ မညသိ ရာဟုလ၊
စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါ။

ရာဟုလာ၊ အခု ငါဘုရား မေးမယ့်စကား ချစ်သား ဘယ်လို သဘောကျသလဲ၊

http:\\www.dhammadownload.com



မျက်စိတွင်မည် ရုပ်အကြည်သည် နိစ္စလား၊ အနိစ္စလား။ ရှင်ရာဟုလာက အားထုတ်နေတာ ရင့်လှ ကျက်လှပေါ့၊ အချိန်မဆိုင်းပဲနဲ့ "အနိစ္စံ ဘန္တေ" လို့ ဖြေလိုက်တယ်။ အနိစ္စပါ ဘုရား။ ဒါ ပထမတစ်ချက်။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ရာဟုလာ၊ မျက်စိတွင်မည် ရုပ်အကြည်ဟာ သင်ချစ်သား ပြောတဲ့အတိုင်း မမြဲ ကေန်မှန်လှ၏။ ဒုက္ခလို့ ရှုမလား၊ သုခလို့ ရှုမလား ချစ်သား။ ဒုက္ခလို့ သဘောကျသလား၊ သုခလို့ သဘောကျသလားဆိုတော့ -

"ဒုက္ခံ ဘန္တေ" = ဒုက္ခပါဘုရား။ တပည့်တော် ဒုက္ခလို့ နှစ်နှစ်ကာကာကို သဘောကျပါတယ်ဘုရား။

တတိယအချက်ကို မေးတော်မူပြန်တယ်။

ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ။

ရာဟုလာ၊ ယင်း မျက်စိတွင်မည် အကြည်ရုပ်ဟာ မြဲလဲ မမြဲဘူး၊ ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လွှဲ ဖောက်ပြန် ဖြစ်တတ်တယ်၊ ဘာကောင်းသေးလဲ၊ တစ်ခုမှ မကောင်းဘူး၊ မမြဲဆင်းရဲ ဖောက်လွှဲတတ်တဲ့ ဒီရုပ်အကြည်ကို သင်ချစ်သားက -

ဧတံ မမ = ငါ့ဥစ္စာပဲလို့ တဏှာနဲ့များ။ ဧသောဟမသ္မိ=ငါပဲလို့ မာနနဲ့များ။ ဧသော မေ အတ္တာ = ငါရဲ့လိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့များ အလွဲလွဲအချော်ချော် ချစ်သား ရှုမျှော်သင့်သေးသလားတဲ့။

ရှင်ရာဟုလာက "နော ဟေတံ ဘန္တေ" = ဒီလို မရှုသင့်ပါဘူး ဘုရား။ နေတံ မမ =ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ=ငါမဟုတ်ပါတကား။ န မေသောအတ္တာ =ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ ဒီလိုသာ ရှုသင့်ပါတယ်။

မြတ်စွာဘုရားက စက္ခုမှာ သုံးချက်၊ တေပရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ ဝိပဿနာ ရှုနိုင်ရန် ဟောဒီလို မေးပြီးတော့ အဲဒီ စက္ခုဒွါရမှာ ထင်တဲ့ အဆင်းမျိုးစုံ ရူပါရုံကို တေပရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ ထိုနည်းငင်းပဲ မေးတယ်။

ရူပါ နိစ္စာ ဝါ အနိစ္စာ ဝါ။

"စက္ခု"နေရာမှာ "ရူပါ"ထည့်ပြီးတော့ မေးတယ်။ ကိုရင်ရာဟုလာကလဲ ဒီရူပါရုံနဲ့ ပတ်သက်တဲ့ တေပရိဝဋ္ဋဓမ္မဒေသနာ အမေးမှာလဲပဲ အဖြေမလွှဲဘူး။ ဘယ်လွှဲမလဲ၊ သူ

http:\\www.dhammadownload.com



နှလုံးသွင်းနေတဲ့ တရားတွေပဲ။ နောက်တစ်ခါ မြတ်စွာဘုရားက စက္ခုနဲ့ ရူပါရုံနဲ့ နှစ်ပါး ပေါင်းဆုံ၍ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏ် အမြင်စိတ်ကို တတိယ တေပရိဝဋ္ဋဓမ္မ ဒေသနာနည်းနဲ့ မေးပြန်တယ်။

စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ။

ရှင်ရာဟုလာကလဲပဲ တစ်ချက်မှ အဖြေမလွဲဘူး။ "အနိစ္စံ ဘန္တေ၊ ဒုက္ခံ ဘန္တေ၊ နော ဟေတံ ဘန္တေ"။ အားလုံးအဖြေ မှန်ခဲ့တယ်။ မြတ်စွာဘုရားက ဆက်ပြီးတော့ မျက်စိရယ်၊ အဆင်းရယ် နှစ်ပါးခိုက်မိခြင်းကြောင့် စက္ခုဝိညာဏ် အမြင်စိတ်ဖြစ်သော ဒီတရားသုံးပါး ပေါင်းမိယင် တစ်ခါတည်း အာရုံကို တွေ့ထိမှုဆိုတဲ့ ဖဿ ပေါ်တယ်။ အဲဒီဖဿကို စက္ခုသမ္ဖဿလို့ ခေါ်တယ်။ အဲဒီ 'စက္ခုသမ္ဖဿ' ကို -

စက္ခုသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါ။ (သံ၊ ၂။ ၃၂၄)

စသည်ဖြင့် သုံးချက် သုံးပြန် အနိစ္စအတွက်၊ ဒုက္ခအတွက်၊ အနတ္တအတွက် သုံးချက် ကျော့ပြီးတော့ မေးတယ်။ အရှင်ရာဟုလာကလဲပဲ သုံးချက်စလုံးပဲ "အနိစ္စော ဘန္တေ၊ ဒုက္ခံ ဘန္တေ၊ နော ဟေတံ ဘန္တေ" အဖြေမှန် ထွက်ခဲ့တယ်။ မျက်စိအတွေ့ စက္ခုသမ္ဖဿ ပြီးတော့ မနေ့က ပြောခဲ့တဲ့ ဆယ်ပုဒ်အနက် ကျန်တဲ့ ခြောက်ပုဒ်ကလာတဲ့ တရားတွေကို အကုန်သိပြီးတော့ ရှင်ရာဟုလာ နှလုံးသွင်းခြင်း ရှိတယ်။ အဲဒီ သိတဲ့အတိုင်း ဘုရား ကိုယ်တော်မြတ်က -

တံ ကိံ မညတိ ရာဟုလ၊ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တံမ္ပိ နိစ္စံ ဝါ အနိစ္စံ ဝါ။

(သံ၊ ၂။ ၃၂၅)

ရာဟုလာ၊ အခုမေးမယ့် စကား ဘယ်လိုသဘောကျသလဲ။ မျက်စိအတွေ့ကို အကြောင်းပြုပြီးတော့ ဖြစ်လိုက်တာ၊ ဝေဒနာတွေ၊ သညာတွေ၊ သင်္ခါရတွေ၊ ဝိညာဏ်တွေ။ တချို့ပြန်ပြီးတော့ အတွေးနယ်ကျယ်ပြီးတော့ နေကြတယ်။ အဲဒီ အတွေးနယ် ကျယ်ပြီးတော့ နေတယ်ဆိုတာ မျက်စိနဲ့ အဆင်းမြင်ပြီးတဲ့နောက် အတွေးနယ် ကျယ်သလောက် အတွင်းမှာ နာမ်ခန္ဓာတွေ ဖြစ်လာတယ်။ အဲဒီ နာမ်ခန္ဓာတွေကိုကော သင်ချစ်သား နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလားဆိုတော့ "အနိစ္စံ ဘန္တေ="အနိစ္စလို့ သဘောကျပါတယ် ဘုရား။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ (ဒုတိယအချက်)

http:\\www.dhammadownload.com



အဲဒီ မျက်စိအတွေကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော နာမ်ခန္ဓာတွေဟာ မမြဲဘူး။ မမြဲတဲ့ နာမ်ခန္ဓာတွေကို ဒုက္ခလို့ သဘောကျသလား၊ သုခလို့ပဲ သဘောကျသလား ဆိုတော့ ကိုရင်ရာဟုလာက "ဒုက္ခံ ဘန္တေ" = ဒုက္ခလို့ သဘောကျပါတယ်ဘုရား။ တတိယအချက် ထိုနည်းအတူပဲ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'။

ချစ်သား ရာဟုလာ၊ ယင်း စက္ခုသမ္ဖဿကြောင့် ဖြစ်တဲ့ နာမ်ခန္ဓာလေးပါး တရားအစုသည် မမြဲကေန်၊ ဆင်းရဲတာ ဧကန်၊ ဖောက်လွဲတာ ဧကန် အမှန်ပဲ။ ယင်းမမြဲ ဆင်းရဲ ဖောက်လွဲတတ်တဲ့ နာမ်ခန္ဓာလေးပါး တရားအစုကို 'ငါ့ဥစ္စာ' လို့ တဏှာနဲ့၊ 'ငါ'လို့ မာနနဲ့၊ 'ငါ့လိပ်ပြာ' လို့ ဒိဋ္ဌိနဲ့များ ချစ်သား အလွဲလွဲအချော်ချော် ရှုမြော်သင့်သေးသလား ... တဲ့။ အရှင်ရာဟုလာက "နော ဟေတံ ဘန္တေ" = ဒီလို မရှုသင့်ပါဘူး ဘုရားတဲ့။ ဒါဖြင့်ယင် နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ – လို့ ဒီအဓိပ္ပါယ်နဲ့ ပြန်ပြီးရှုတဲ့။ အဲဒါ တစ်ထုံးပဲ ထားကြစို့။ အဲဒီ တစ်ထုံးကို 'စက္ခုပဉ္စက' လို့ ခေါ်တယ်။

စက္ခုရုယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿပစ္စယ နာမ်ခန္ဓာ လို့ ပဉ္စကတရား တစ်စုရတယ်။

ထို့အတူ သောတပဉ္စက၊ ဃာနပဉ္စက၊ ဇိဝှာပဉ္စက၊ ကာယပဉ္စက၊ မနောပဉ္စကလို့ ပဉ္စက ခြောက်ပါး တရားအစုကို တစ်ခုမှ မကျန်ဘူး။ အကြိမ်ပေါင်းသုံးဆယ်စလုံး အပြေမှန်တွေ ပြီးရော။ ဒါဖြင့် ကောင်းပြီ။ အရှင်ရာဟုလာ နှလုံးသွင်းတဲ့ ဆပဉ္စက ဓမ္မဝိပဿနာကို နှလုံးသွင်းချင်ပါတယ်ဆိုယင် စာအနေနဲ့ မဟာဗုဒ္ဓဝင် စတုတ္ထတွဲထဲမှာ၊ အဲဒါ နစ်သက်လွန်းလို့ ဝိပဿနာ နှလုံးသွင်းပုံလေး ထည့်ထားတယ်။

(နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ နာ – ၂၁၅ ကြည့်။ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ တို့၌ ပေယျာလများကို ပဉ္စက ပေါ်အောင်ဖော်၍ ဝိပဿနာ ရှုရပါမည်)

လောလောဆယ်အနေနဲ့ ဘုန်းကြီးတို့လဲ သ:က်သာအောင် သူတော်ကောင်းတွေလဲ အလွယ်ရအောင် နှလုံးသွင်းပေးရမယ်။

နှလုံးသွင်းကြည့်ကြစို့။ ဆိုကြပါစို့၊ ဘုန်းကြီးများ ပါဠိဏာပေနဲ့ လာတဲ့ ပုဂ္ဂိုလ်များ ကျတော့ –

http:\\www.dhammadownload.com



စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ လို့ ဆိုယင် ပြီးသွားရော။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ စက္ခုပဉ္စက ပြီးသွားရော။

လူတွေကို ဒီ ပါဠိအတိုင်း နှလုံးသွင်းခိုင်းလို့ ဘယ်ဖြစ်မလဲ။ ဘာမှ သိမှာ မဟုတ်ဘူး။ ဒီတော့ လူတွေအလျောက် နှလုံးသွင်းနိုင်အောင် ဆိုပြီးတော့ ဆပဉ္စက ဓမ္မဝိပဿနာ လင်္ကာတွေ အားလုံးရကြတယ်၊ ရကြတော့ ရွတ်ကြပါ ဆိုယင်တော့ဖြင့် ဘုန်းကြီးတို့ ဩကာသ၊ ဩကာသနဲ့ ပရိတ်ရွတ်သလို နေတော့မှာပဲ၊ မညီမညွတ် ဖြစ်နေတော့မှာ သေချာတယ်။ ဒီတော့ ညီညွတ်အောင် သူတော်ကောင်းတွေ နှုတ်မြွက်ပြီး နှလုံးသွင်းဖြစ်အောင် ဘုန်းကြီးက ရှေ့က ဆိုပေးပါ့မယ်။ သူတော်ကောင်းတွေက နောက်က လိုက်ဆိုကြ။

## ဆပဉ္စက ဓမ္မဝိပဿနာ လင်္ကာ

**၁–စက္ခုပဉ္စကအတွက်**

(၁) မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါ တကား။ (ပရိသတ်က လိုက်ဆိုကြသည်။)

အဓိပ္ပာယ် အင်မတန် ထင်ရှားပါတယ်။ ရှေ့သွားကြစို့။

(၂) အဆင်းတွင်မည်၊ ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲ ကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

(၃) မျက်စိဒွိမှီ၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

http:\\www.dhammadownload.com



(၄) မျက်စိ၌မှီ၊ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

(၅) မျက်စိအတွေ့၊ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

(အဲဒါက စက္ခုပဉ္စက။ သောတပဉ္စက သွားရအောင်။)

## ၂။ သောတပဉ္စကအတွက်

(၁) **နားဟုတွင်မည်**၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

(၂) **အသံတွင်မည်**၊ ရုပ်ထိုဉ်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၃) **နား၌စွဲမှီ**၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၄) **နား၌စွဲမှီ**၊ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၅) **နား၌အတွေ့**၊ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏ ဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊
(ရှေးနည်းအတိုင်းဆိုပါ)

## ၃။ ဃာနပဉ္စကအတွက်

(၁) **နှာခေါင်း တွင်မည်**၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

http:\\www.dhammadownload.com



(၂) **အနံ့တွင်မည်၊** ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၃) **နှာခေါင်းနှိမှီ၊** ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၄) **နှာခေါင်းနှိမှီ၊** အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၅) **နှာခေါင်းအတွေ့၊** ကြောင်းပြု၍လျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊
(ရှေးနည်းအတိုင်းဆိုပါ)

**၄။ ဇိဝှာပဉ္စကအတွက်**

(၁) **လျှာဟုတွင်မည်၊** ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၂) **ရသာတွင်မည်၊** ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၃) **လျှာနှိစွဲမှီ၊** ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၄) **လျှာနှိစွဲမှီ၊** အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၅) **နှာခေါင်းအတွေ့၊** ကြောင်းပြု၍လျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့် သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊
(ရှေးနည်းအတိုင်းဆိုပါ)

**၅။ ကာယပဉ္စကအတွက်**

(၁) **ကိုယ်ဟုတွင်မည်၊** ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၂) **အတွေ့တွင်မည်၊** ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၃) **ကိုယ်နှိစွဲမှီ၊** ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

http:\\www.dhammadownload.com



(၄) **ကိုယ်၌ခွဲမှီ**၊ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၅) **ကိုယ်၌အတွေ့**၊ ကြောင်းပြုရှုလျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့် သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊
(ရှေးနည်းအတိုင်းဆိုပါ)

**၆၊ မနောပဥ္စကအတွက်**

(၁) **မနောတွင်မည်**၊ စိတ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၂) **ဓမ္မတွင်မည်**၊ ရုပ်နာမ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၃) **မနောတွင်မည်**၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၄) **မနောတွင်မည်**၊ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ . . . .
(ရှေးနည်းအတိုင်းဆိုပါ)

(၅) **မနောအတွေ့**၊ ကြောင်းပြုရှုလျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့် သညာသင်္ခါရ၊ ဝိညာဏ ဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ **နိပ်စက်ဒဏ်ဖြင့်**၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

**ကုသိုလ်ဟူသမျှတို့ထက် အနိစ္စသညာက အကျိုးများပုံ**

အားလုံး ပဥ္စက ခြောက်မျိုး။ ဆပဥ္စက ဓမ္မဝိပဿနာလို့ ခေါ်ပါတယ်။ ရှင်ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ချေချွတ်တာဟာ ဆပဥ္စက ဓမ္မဝိပဿနာနဲ့ ချေချွတ်တာ ဖြစ်ပါတယ်။ ဟို ဝေလာမသုတ်မှာ –

ယဉ္စ ဂဟပတိ ဝေလာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ၊ ယော စေကံ ဒိဋ္ဌိသမ္ပန္နံ ဘောဇေယျ၊ ယော စ သတံ ဒိဋ္ဌိသမ္ပန္နာနံ ဘောဇေယျ၊ ယော စေကံ သကဒါဂါမိံ ဘောဇေယျ၊ ယော စ သတံ သကဒါဂါမိနံ ဘောဇေယျ။

(အံ၊ ၃။ ၁၉၇။ အင်္ဂုတ္တိုရ် မြန်မာပြန် တတိယ၊ ၁၉၇။)

http:\\www.dhammadownload.com



စသည်ဖြင့် အဲဒီလို ချီးပြီးတော့ လာလိုက်တာ မြတ်စွာဘုရားက တစ်ဘက်က ဘုရားအလောင်း ဝေလာမပုဏ္ဏားရဲ့ အလှူကြီးဝယ် သောတာပန် တစ်ရာ့တစ်ပါး ဆွမ်းကျွေးရတဲ့ ကောင်းမှုရယ်၊ သကဒါဂါမ် တစ်ရာ့တစ်ပါး၊ အနာဂါမ် တစ်ရာ့တစ်ပါး၊ ရဟန္တာ တစ်ရာ့တစ်ပါး၊ ပစ္စေကဗုဒ္ဓါဆုရေ တစ်ရာ့တစ်ပါး၊ ဘုရားကိုယ်တော်မြတ်ကြီး၊ ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းကျွေးရတဲ့ ကောင်းမှုတွေကို တစ်ဘက်သား၊ စတုဒိသာသံဃိက ကျောင်းဆောက်လို့ရရှိတဲ့ ကောင်းမှု၊ သရဏဂုံကောင်းမှု၊ သီလကောင်းမှု၊ မေတ္တာဘာဝနာကို နို့သာတစ်ရှပ်လောက်မျှ ပွားများရတဲ့ သမထဘာဝနာ ကောင်းမှုဆိုတဲ့ ဒီတစ်ဆယ့်နှစ်ခု ကောင်းမှုတွေကို တစ်ဘက်က သိထားပါတဲ့။

ယော စ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။ (အံ ၃။ ၁၉၇) (အန္တမသော-လိုက်ပုဒ်)

ယော စ=အကြင်သူသည်ကား။ အန္တမသော = အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ=လက်ဖျစ်တစ်တွက်ခန့်မျှလည်း။ အနိစ္စသညံ=အနိစ္စသညာဘာဝနာကို။ ဘာဝေယျ=ပွားများငြားအံ့။ ဣဒံ=ဤလက်ဖျစ်တစ်တွက်မျှ အနိစ္စသညာ ဘာဝနာတရား ပွားများရခြင်းသည်။ တတော=ထိုဆိုအပ်ပြီးတဲ့ တစ်ဆယ့်နှစ်ပါးကောင်းမှုကုသိုလ် အစုများထက်။ မဟပ္ဖလတရံ=အထူးသဖြင့် အကျိုးရှိ၏။

ဝေလာမသုက်မှာ ဒီလို အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ရှုယင် အားလုံး ကုသိုလ်တွေထဲမှာ ဒူဟာ အကျိုးအကြီးဆုံးပဲ။ အဲဒီလို ဟောကြားချက်အရ အခု လက်ဖျစ်တစ်ကွက်မှ မကဘဲ နာရီဝက်လောက် ရှိတာပဲ။ လက်ဖျစ်တစ်တွက်တောင်မှ အကျိုးများယင် နာရီဝက်ဟာ ပြောစရာ မရှိဘူး။

ဒီတော့ မြတ်စွာဘုရားက ရှင်ရာဟုလာကို ဒီလိုပဲ ပဥ္စကခြောက်မျိုး တစ်မျိုးမှ မခိုဘူး၊ အခု ဘုန်းကြီးတို့ ရွတ်ခဲ့တာ တစ်ပိုဒ်မှ မခိုဘူး၊ ပေယျာလ မပါဘူး။ အဲဒီလို မချန်ဘဲ ရွတ်သလိုပဲ မြတ်စွာဘုရားကလဲပဲ တရားလုံးသုံးဆယ်ကို မကျော်သွားဘဲ ဟောတယ်။ တေပရိဝဋ္ဋ သုံးချက် သုံးပြန် အနိစ္စတစ်ကျော့၊ ဒုက္ခတစ်ကျော့၊ အနတ္တတစ်ကျော့ မေးမေးပြီးတော့ ဝိပဿနာ အရှုခိုင်းတယ်။ ပြီးတော့မှ မြတ်စွာဘုရားက-

ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခုသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ရူပေသုပိ နိဗ္ဗိန္ဒတိ၊ စက္ခုဝိညာဏေပိ နိဗ္ဗိန္ဒတိ၊ စက္ခုသမ္ဖဿေပိ နိဗ္ဗိန္ဒတိ၊ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ (သံ၊ ၂။ ၃၂၅။)

http:\\www.dhammadownload.com



## နိဗ္ဗိဒါဉာဏ် ရင့်သန်ပုံ

ရာဟုလ=ချစ်သား သည်းချာ ရာဟုလာ။ ဓဝံ=ဤသို့။ ပဿံ ပဿန္တော=ရှုသော။ သုတဝါ=(ဗဟုသုတနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ငါဘုရား ပြောလိုတယ်) သုတဝါ=အကြား အမြင် ဗဟုသုတနဲ့ ပြည့်စုံသော။ အရိယသာဝကော=ငါဘုရားရဲ့ တပည့်သား သာဝက သည်။ စက္ခုသ္မိမ္ပိ=မျက်စိတွင်မည် ရုပ်အကြည်၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန် တော့၏။ ရူပေသုပိ=အဆင်းမျိုးစုံ ရူပါရုံတို့၌လဲပဲ။ နိဗ္ဗိန္ဒတိ-နိဗ္ဗိဒါဉာဏ် ရင့်သန်တော့ ၏။ စက္ခုဝိညာဏေပိ=မျက်စိ၌မှီ ဝိညာဏ်ခေါ်တဲ့ အမြင်စိတ်၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါ ဉာဏ် ရင့်သန်တော့၏။ စက္ခုသမ္ဖဿေပိ=မျက်စိအတွေ့၌လည်း။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်လေတော့၏။ စက္ခုသမ္ဖဿပစ္စယာ=မျက်စိအတွေ့ဟူသော အကြောင်းကြောင့်။ ယမ္ပိ ဝေဒနာ ဂတံ=အကြင် နောက်နောက်သော ဝေဒနာတရားအစုသည် လည်းကောင်း။ ယမ္ပိ သညာဂတံ =အကြင် နောက်နောက်သော သညာတရားအစုသည် လည်းကောင်း။ ယမ္ပိ သင်္ခါရဂတံ= အကြင် မြင်ပြီးတဲ့နောက် ဖြစ်တဲ့ သင်္ခါရတရား အစုသည်လည်း ကောင်း။ ယမ္ပိ ဝိညာဏ ဂတံ=အကြင် ဝိညာဏ် တရားအစုသည် လည်းကောင်း။ ဥပ္ပဇ္ဇတိ=ဖြစ်၏။ တမ္ပိ=ထိုမျက်စိအတွေ့ကို အကြောင်းပြု၍ (ဖြစ်လေ့များစွာဆိုတာ အဘိဓမ္မာသဘောအနေနဲ့ အမှန်က မြဲတာမဟုတ်ဘူး။ ဝေဒနာပေါင်းများစွာ၊ သညာ ပေါင်းများစွာ၊ သင်္ခါရပေါင်းများစွာ၊ ဝိညာဏ်ပေါင်းများစွာ၊ မျက်စိအတွေ့ကို အကြောင်း ပြုပြီး နောက်ဆက်တွဲ အနေနဲ့ ဖြစ်နေတာ။ စိတ်ကူးယဉ် ယဉ်သလောက် ဖြစ်နေတယ် ပြောပါတော့) တမ္ပိ=ထိုမျက်စိအတွေ့ အကြောင်းပြု၍ ဖြစ်သမျှ များစွာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟု အစုငါးတန် ငါးရပ်ခန့်၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန် တော့၏။

အဲဒီလို စက္ခုပဉ္စကမှာ တစ်ပါးမှမကျန် အကုန်လုံး နိဗ္ဗိဒါဉာဏ် ရင့်သန်သလို သောတပဉ္စကမှာလဲပဲ ထိုနည်းလည်းကောင်း။ သောတသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ ဃာနပဉ္စကမှာလဲ ဃာနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ ဇိဝှာပဉ္စကမှာလဲ ထိုနည်းလည်းကောင်း။ ဇိဝှာယပိ နိဗ္ဗိန္ဒတိ။ ကာယပဉ္စကမှာလဲ ထိုနည်းလည်းကောင်း။ ကာယသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ မနောပဉ္စကမှာလဲ ထိုနည်းလည်းကောင်း။ မနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ ငါးခုစလုံးပဲ သင်္ဂါယနာမှာ ရိုက်ထားတဲ့ စာအုပ်က သရုပ်ဖော်ပါတယ်။

http:\\www.dhammadownload.com



မနသ္မိမ္ပိ=မနောတွင်မည် စိတ်အကြည်၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ ဓမ္မေသုပိ=ဓမ္မတွင်မည် ထိုဉ်ရုပ်နာမ်တို့၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောဝိညာဏေပိ=မနောဝိညာဏ်၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောသမ္ဖဿေပိ=စိတ်အတွေ့၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောသမ္ဖဿပစ္စယာ=စိတ်အတွေ့ဟူသော အကြောင်းကြောင့်။ ယမ္ပိ ဝေဒနာဂတံ=အကြင်ခံစားမှု ဝေဒနာတရားအစုသည်လည်းကောင်း။ ယမ္ပိသညာဂတံ=အကြင် ပါးနပ်လိမ္မာမှု သညာတရား အစုသည်လည်းကောင်း။ ယမ္ပိ သင်္ခါရ ဂတံ=အကြင် ကာယကံမှု ပြုသမျှ၊ ဝစီကံမှု ပြောသမျှ၊ မနောကံမှု ကြံသမျှ သင်္ခါရ တရားအစုသည် လည်းကောင်း။ ယမ္ပိ ဝိညာဏဂတံ=အကြင်နောက်၌ ဖြစ်ပွားသော စိတ်ဝိညာဏ် တရားအစုသည် လည်းကောင်း။ ဥပ္ပဇ္ဇတိ=ဖြစ်၏။

တသ္မိမ္ပိ=ထို မနောသမ္ဖဿ မနောအတွေ့ကြောင့် ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာလေးပါး၌လဲပဲ။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ်ရင့်သန်လေတော့၏။

နိဗ္ဗိဒါဉာဏ် ရင့်သန်လေတော့ -

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

**အရှင်ရာဟုလာ မဂ်ဖိုလ်ဆိုက်ရောက်ပုံ**

နိဗ္ဗိန္ဒံ = နိဗ္ဗိန္ဒန္တော = နိဗ္ဗိဒါဉာဏ် ရင့်သန်တဲ့ ပုဂ္ဂိုလ်သည်။ ဝိရဇ္ဇတိ=မဂ်ခဏသို့ ရောက်၍ ဖိုလ်တရားတို့၌ တပ်ခြင်းကင်းလေတော့၏။ (ဝိရဇ္ဇတိ ဆိုတာ မဂ်ကို ပြတယ်) ဝိရာဂါ = မဂ်ဖြင့် တပ်ခြင်း ကင်းခြင်းကြောင့်။ ဝိမုစ္စတိ = ဖိုလ်ခဏ ရောက်တဲ့အခါ ကိလေသာမှ လွတ်လေတော့၏။ (ဒါ ဖိုလ်ခဏ ပြောတာ)

ဝိမုတ္တသ္မိံ=ကိလေသာမှ လွတ်ပြီးတဲ့ ဖိုလ်၌။ ဝိမုတ္တမ္ပိတိ=ဒါဟာဖြင့် ကိလေသာမှ လွတ်တဲ့ ဖိုလ်ပဲလို့။ ဉာဏံ ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟောတိ=ဖြစ်၏။ (ဖလပစ္စဝေက္ခဏာကို တိုက်ရိုက်ပြသဖြင့် မဂ္ဂပစ္စဝေက္ခဏာ, နိဗ္ဗာနပစ္စဝေက္ခဏာ, ပဟီနပစ္စဝေက္ခဏာ, အဝသေသ ကိလေသပစ္စဝေက္ခဏာဆိုတဲ့ ကျန်တဲ့ လက္ခဏာ လေးပါးလဲပဲ လက္ခဏာ သဘောတူ ပေါင်းပြီးတော့ ယူပေတော့။)

ခ်ီဏာ ဇာတိ = ဘဝပဋိသန္ဓေ ကုန်လေပြီ။ ဝုသိတံ ဗြဟ္မစရိယံ = သာသနာတည်းဟူသော ဗြဟ္မစရိယ၊ မဂ်တည်းဟူသော ဗြဟ္မစရိယတို့ဖြင့် လုလုကြီးအဆုံး ငါကားကျင့်သုံးရလေပြီ၊ ကရဏီယံ=ပြုဖွယ်ကိစ္စ ဟူသမျှကို။ ကတံ=ပြုအပ်ပြီ။ (အရဟတ္တဖိုလ်

http:\\www.dhammadownload.com



မရောက်ခင် ဘယ်သူမှ အလုပ်ပြီးတယ်လို့ မပြောနိုင်ဘူး။ ဒီတစ်လုပ်ပြီး နောက်တစ်လုပ်၊ နောက်တစ်လုပ်ပြီး နောက်တစ်လုပ်။ အလုပ်ကသာ ထပ်ထပ်လာတယ်၊ ဘယ်တော့မှ ပြီးတယ်ရယ်လို့ မရှိဘူး။ အရဟတ္တဖိုလ်ကျမှ အလုပ်ပြီးတာတဲ့။) ဣတ္ထတ္တာယ=ဤမဂ်ကိစ္စ အလို့ငှာ။ အပရံ=အခြားတစ်ပါး ပြုဖွယ်ကိစ္စသည်။ န=ငါ့အဖို့ရာ မရှိတော့ပြီ။ ဣတိ=ဤသို့။ ပဇာနာတိ=အဆက်ဆက်သော ပစ္စဝေက္ခဏာအားဖြင့် ပိုင်းခြားထင်ထင် သိမြင်လေတော့၏။

အေး ... အရဟတ္တဖိုလ်ရဲ့ နောက်မှာ ပစ္စဝေက္ခဏာ ရောက်အောင် မြတ်စွာဘုရား တရားဟောတယ်။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ=တစ်ခါတည်း အသံတိတ်သွားတယ်။ တရားပြီးသွားတယ်။ အရဟတ္တဖိုလ်ရောက်ယင် သာသနာကိစ္စ ပြီးသွားရော။ တရားဟောဟော၊ စကားပြောပြော ဘာပဲပြောပြော အရဟတ္တဖိုလ်ရောက်ယင် ပြီးရမယ်။

အေး ... အဲဒီတော့ ရှင်ရာဟုလာနှင့်တကွ နတ်တွေက သာဓု ကောင်းချီးခေါ်လိုက်တာ။ အဲဒီတုန်းက သာဓု သာဓု သာဓုပဲ၊ တကယ့် ဖြစ်ရပ်က အဲဒီ ဖြစ်ရပ်ကို အခု သင်္ဂါယနာတင် မထေရ်မြတ်တွေက စာနဲ့ မှတ်တမ်းတင် ပေးထားခဲ့တာ။

> ဣဒမဝေါစ ဘဂဝါ၊ အတ္တမနော အာယသ္မာ
> ရာဟုလော ဘဂဝတော ဘာသိတံ အဘိနန္ဒိ။

မြတ်စွာဘုရားသည် ဤ ဆပဥ္စက ဓမ္မဝိပဿနာ တရားကို ဟောတော်မူခဲ့ပြီ။ အရှင်ရာဟုလာသည် နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ပြီ။ နတ်တွေရော အရှင်ရာဟုလာရော သာဓုအနုမောဒနာ ခေါ်တယ်။ သာဓုနဲ့ပဲ တရားပွဲသိမ်းရသလား၊ ဓမ္မာဘိသမယခေါ်တဲ့ မဂ်ဖိုလ်များ မရတော့ဘူးလားဆိုတော့ ရတယ်။ ဘယ်သူရသလဲ။ ဘယ်သူကမှ မပြောဘူး။ အရှင်ရာဟုလာကလဲ ငါ အရဟတ္တဖိုလ်ရတယ်လို့ မပြောဘူး။ ထောင်ပေါင်းများစွာသော နတ်ဗြဟ္မာတွေကလဲပဲ ကျုပ်သောတာပန်ဖြစ်ပြီ၊ ကျုပ် သကဒါဂါမ်ဖြစ်ပြီ၊ ကျုပ် အနာဂါမ်ဖြစ်ပြီ၊ ကျုပ် ရဟန္တာဖြစ်ပြီလို့ ဘယ်သူမှ မပြောဘူး။ မိမိတို့ရတဲ့ မဂ်ဖိုလ်နဲ့ မိမိတို့ ကျေကျေနပ်နပ်နဲ့ပဲ တရားပွဲကြီး ပြီးသွားတာပဲ။ အဲဒါကို သရုပ်ပေါ်အောင် သင်္ဂါယနာ မထေရ်မြတ်တွေက အဲဒီတရား ဟောလိုက်တဲ့အခါ ဤရွေ့ ဤမျှ ကျွတ်တမ်းဝင်ကြတယ်ဆိုတာ ဖော်ရမယ့် ဝတ္တုရားအတိုင်း –

http:\\www.dhammadownload.com



ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော
ရာဟုလဿ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

**ရှင်ရာဟုလာ ရဟန္တာဖြစ်ခြင်း**

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ= (ဒီသုတ္တန်ကတော့ဖြင့် ဂါထာ လုံးဝ မထည့်ဘူး) ဂါထာမဖက် စကားပြေ စုဏ္ဏိယ သက်သက်ဖြစ်သော ဤအမေးအဖြေ တရား ဒေသနာ ဆိုတဲ့ ဝေယျာကရဏ်းကို။ ဘညမာနေ=မြတ်စွာဘုရား ဟောကြားအပ်သည်ရှိသော် (ဟောကြားနေတုန်း၊ ဟောကြားနေဆဲ အရှင်ရာဟုလာသည် နောက်က လိုက်ပြီးတော့ ဆပဥ္စက ဓမ္မဝိပဿနာနည်းနဲ့ ဝိပဿနာအလုပ်ကို တရားနာရင်းက ဆက်ပြီးတော့ နောက်က လုပ်လာလို့)။ အာယသ္မတော ရာဟုလဿ=အရှင်ရာဟုလာ၏။ စိတ္တံ= စိတ်တော်သည်။ အနုပါဒါယ=တဏှာဒိဋ္ဌိတို့ဖြင့် မစွဲမူ၍။ အာသဝေဟိ=အာသဝတရားတို့မှ။ ဝိမုစ္စိ=ကျွတ်တော်မူ လွတ်တော်မူပြီ။ (ရှင်ရာဟုလာအတွက်)

အရှင်ရာဟုလာသည် အာသဝလေးပါးမှ ကျွတ်လွတ်သွားပြီ။ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားပြီလို့ ပြောတာ။ ဒါဖြင့် ကျန်တဲ့ ထောင်ပေါင်းများစွာ လိုက်လာကြတဲ့ နတ်ဗြဟ္မာတွေကောလို့ ဆိုတော့ –

အနေကာနဉ္စ ဒေဝတာသဟဿာနံ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ
'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ'န္တိ။

အနေကာနဉ္စ ဒေဝတာသဟဿာနံ = ထောင်ပေါင်းများစွာ ထိုနတ်ဗြဟ္မာတို့၏ သန္တာန်မှာလဲပဲ။ ယံ ကိဉ္စိ သမုဒယဓမ္မံ=ဖြစ်သမျှ ဥဿုံ အလုံးစုံသော တရားအစုဟာဖြင့်။ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ=အားလုံးချုပ်ငြိမ်းခြင်း သဘောရှိကြတာပဲလို့ အဲဒီလို ဘယ်နတ် ဘယ်ဗြဟ္မာမှ ဖျက်မရတဲ့ အသိဉာဏ် ဖြစ်တယ်တဲ့။

ဓမ္မစက္ခုံ=အချို့ အချို့သော နတ်ဗြဟ္မာတို့၌ သောတာပတ္တိမဂ်ဉာဏ်၊ အချို့အချို့သော နတ်ဗြဟ္မာတို့၌ သကဒါဂါမိမဂ်ဉာဏ်၊ အချို့ အနာဂါမိမဂ်ဉာဏ်၊ အချို့ အရဟတ္တမဂ်ဉာဏ်လို့ဆိုတဲ့ ဓမ္မစက္ခုသည်။ ဥဒပါဒိ = ထင်ရှားဖြစ်ပြီ။

ဒီ စာပိုဒ်က တရားနာရန် လိုက်လာတဲ့ ထောင်ပေါင်းများစွာ နတ်ဗြဟ္မာတွေထဲမှာ တချို့သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့အနာဂါမ်၊ တချို့ ရဟန္တာ ဖြစ်တယ်တဲ့။ တရား ပြီးဆုံးပြီ။

http:\\www.dhammadownload.com



## တရားပေါင်းချုပ်နိဂုံး

ဤသို့လျှင် အရှင်ရာဟုလာနဲ့ ပတ်သက်တဲ့ တရားပေါင်းချုပ် အစ အလယ် အဆုံး သုံးကြိမ်တိုင်တိုင် နာကြားရတဲ့ ဓမ္မဿဝန ကုသိုလ်ကောင်းမှု စေတနာ၊ သရဏဂုံသီလ ဆောက်တည်ရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဘုရားသာသနာကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ရတဲ့ သာသနာနုဂ္ဂဟ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ အရှင်ရာဟုလာတို့ နှလုံးသွင်းတဲ့နည်းတူ ဒွါရ အာရုံ ဝိညာဏ် ဖဿ ဖဿပစ္စယ နာမ်ခန္ဓာဆိုတဲ့ ဆပဥ္စက တရားအစုတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာနှလုံး ကျင့်သုံးရတဲ့ ဘာဝနာမယ ကုသိုလ်ကံစေတနာ၊ ဤသို့ ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ် အရပ်ရပ်တို့ကြောင့် အရှင်ရာဟုလာ မထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တ ပစ္စုပဋ္ဌာန်ရှိသော အသခ်ံတဓာတ် နိဗ္ဗာန် ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်တောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဒို့တစ်တွေ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါလိုကုန်၏။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ကိုယ် နောက်ဆုံး ပစ္ဆိမ ဘဝဝယ် ပရိနိဗ္ဗာန ရဟန္တာတို့၏ စုတိစိတ်မှ အခြားမဲ့ဖြစ်သော နောက်ကာလဝယ် တစ်စုံတစ်ခု သော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခ သစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းဆိုတဲ့ အနုပ္ပါဒ နိရောဓ, အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံရ ပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးပုံကြီး အပြီးတိုင် ငြိမ်းရပါစေ ကုန်သတည်း။

သာဓု ... သာဓု ... သာဓု ... ။

ရှင်ရာဟုလာ တရားပေါင်းချုပ် ပြီး၏။

http:\\www.dhammadownload.com



## အရဏဝိဘင်္ဂသုတ္တန် တရားတော်

ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ရန် ရည်ရွယ် ဟောကြားတော်မူခြင်း

ကောဇာသက္ကရာဇ် ၁၃၃၇-ခု၊ သာသနာတော် ၂၅၁၉-နှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက်နေ့ည၊ တောင်ငူမြို့ မြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ၇-ကြိမ်မြောက် စာမေးပွဲကြီး၌ ဟောကြားအပ်သော ဥပရိပဏ္ဏာသ ပါဠိတော်မှာလာတဲ့ အရဏဝိဘင်္ဂ သုတ္တန် ... တဲ့။ သုတ္တန်တစ်ခု၊ ဟောကြ နာကြရအောင်။

အရဏဝိဘင်္ဂသုတ္တန်ဆိုတာ ပါဠိစကားပါ။ ဗမာလို ပြောယင် ဆင်းရဲဒုက္ခတည်းဟူသော မြူကင်းကင်းရှင်းရှင်းနဲ့ နေနိုင်ကြောင်း တရားတွေကို ခွဲခြားပြီးတော့ ဟောပြတဲ့ သုတ္တန် ဖြစ်ပါတယ်။ ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း တရား ၆-ပါးကို ခွဲခြားပြီးတော့ ဟောပြတဲ့ သုတ္တန် ဖြစ်ပါတယ်။

ဒီသုတ္တန်ကို မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့အခိုက် အတ္တဖွဲ့ဘူသယလို့ ဘုန်းကြီးတို့ စာအခေါ်က ခေါ်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်၏ အလိုဆန္ဒအတိုင်း တပည့်သာဝကတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေနိုင်ကြောင်း အကျင့်ကောင်းကို ညွှန်ပြသောအားဖြင့် ဟောဖော်ပြတဲ့ သုတ္တန် ဖြစ်ပါတယ်။ အဲဒီလို မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူဖို့ရန် အရှင်အာနန္ဒာ၊ အရှင်မဟာကဿပတို့က သုတ္တန်နိဒါန်းကို "ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ"လို့ နိဒါန်း ပျိုးပေးပါတယ်။

### တရားစပ်ကိုသိရန် ရဟန်းများကို ခေါ်တော်မူခြင်း

သူတော်ကောင်းတို့၊ တစ်ချိန်က ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ပုံကို အာရုံယူထားပါ။ ယူပြီးပါပြီ။ ဆက်၍ ဘာယူရမလဲ။

တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါ တိ။

ထိုသို့ နေတဲ့အခါ မြတ်စွာဘုရားသည် ဓမ္မသဘာ ဓမ္မာရုံအတွင်း ရဟန်းတော်တွေ စုဝေးစုံညီ ရောက်ရှိတဲ့အခါမှာ အလွန်ကြည်လင်ပြတ်သား ကရဏာပြဋ္ဌာန်းတဲ့ အသံဖြင့်

http:\\www.dhammadownload.com



"ဘိက္ခဝေါ၊ ရဟန်းတို့" အဲသလို ခေါ်လိုက်တယ်။ ဘာပြုလို့ ခေါ်ရကန်းဆိုတော့ ဘုရားလက်ထက်က ကိုယ်တော်တွေ ဓမ္မာရုံအတွင်း စုပေးပေမယ်လို့ တရားနှလုံး ကျင့်သုံးနေကြတယ်။ အောက်မေ့နေတယ်။ ဘုရားဂုဏ် အောက်မေ့တယ်။ တရားဂုဏ် အောက်မေ့နေတယ်။ မိမိတို့ဆိုင်ရာ တရားနှလုံး ကျင့်သုံးနေတော့ မခေါ်ဘဲနဲ့ တရား ဟောလိုက်ယင် တရားစပ် မသိမှာစိုးလို့ 'ဘိက္ခဝေါ' လို့ ခေါ်လိုက်တယ်။

ဘိက္ခဝေါ=ရဟန်းတော်များ အိုချစ်သားတို့ - လို့ ခေါ်လိုက်တော့ ရဟန်းတော်တွေက ပြန်ပြီးတော့ "ဘဒ္ဒန္တေ"။ တေ=ရှင်ပင်ဘုရားအား။ ဘဒ္ဒံ=ကောင်းခြင်းမင်္ဂလာသည်။ ဟောတု=ဖြစ်ပါစေ။ ဒီအဓိပ္ပာယ်နဲ့ "ဘဒ္ဒန္တေ" လို့ ပြန်ကြတယ်။ အဲဒီလို ရဟန်းတော်တွေက ပြန်လိုက်တယ်ဆိုယင်ပဲ မြတ်စွာဘုရားက အရဏဝိဘင်္ဂသုတ္တန် တရားကို ရဟန်းတော်တွေသည် တရားနာဖို့ အသင့်ရှိနေပြီဆိုတာ ထင်ရှားလာပြီ။ အရဏဝိဘင်္ဂသုတ္တန်တရားကို တစ်ခါတည်း ဆက်ပြီး ဟောတော့တယ်။

**တရားဒေသနာ မာတိကာ**

အရဏဝိဘင်္ဂံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊
တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမိ တိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဝေါ=သင်ချစ်သားကို့အား။ အရဏဝိဘင်္ဂံ=ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်းတရားတို့ကို ဝေဖန်ဟောပြရာဖြစ်တဲ့ အရဏ ဝိဘင်္ဂ နာမတွင်စွာ တရားဒေသနာကို။ ဒေသေဿာမိ=ကရုဏာရှေ့ထား ငါဘုရား ဟောကြားပေအံ့။ တံ=ထို အရဏ ဝိဘင်္ဂတရားတို့ကို။ သုဏာထ=နာကြကုန်။ သာဓုကံ=မြဲမြဲမြံမြံ။ မနသိကရောထ=နှလုံးသွင်းကြကုန်။ ဘာသိဿာမိ=သင်ချစ်သားတို့ နားမလည် နားလည်အောင် အကျယ်တဝင့် ငါဘုရား ဟောပြပေအံ့။

ချစ်သားတို့၊ အရဏဝိဘင်္ဂခေါ်တဲ့ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်းတရားများကို ခွဲခြားဖော်ပြတဲ့ ဓမ္မဒေသနာ ချစ်သားတို့အား ငါဘုရား ဟောမယ်။ အဲဒီအရဏဝိဘင်္ဂတရားကို ချစ်သားတို့ နားထောင်ကြပါ။ မြဲမြဲစိတ်ထဲမှာလဲပဲ နှလုံးသွင်းထားကြပါ။ ငါဘုရားသည် ချစ်သားတို့ နားမလည်လည်အောင် အကျယ်တဝင့်ကို ဟောပေးမယ်။ အေး အဲဒီလို မြတ်စွာဘုရားက အမိန့်ရှိလဲ ရှိလိုက်ရော ရဟန်းတော်တွေက "ဧဝံ ဘန္တေ။" ဘန္တေ=မြတ်စွာဘုရား။ ဧဝံ=ကောင်းပါပြီ။ "ကောင်းပါပြီ မြတ်စွာ

http:\\www.dhammadownload.com



ဘုရား။" အဲဒီလို စကားတုံ့ ပေးလိုက်တယ်။ အဲဒီလို စကားတုံ့ပေးပြီးရော မြတ်စွာဘုရားသည် တရားသားကို ဟောပြီ။

နကာမသုခမနုယုဥ္ဇေယျ ဟီနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ၊ န စ အတ္တကိလမထာနုယောဂမနုယုဥ္ဇေယျ၊ ဒုက္ခံ အနရိယံ အနတ္ထသံဟိတံ။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ မာတိကာ ခင်းနေတယ်။

**ဆင်းရဲကြောင်းတရား**

ချစ်သားတို့၊ ဟီနံ=အညံ့စားဖြစ်သော။ ဂမ္မံ=ရိုင်းပြသော။ ပေါထုဇ္ဇနိကံ=ပုထုဇဉ်တို့ရဲ့ အလေ့အကျင့်သာဖြစ်သော။ အနရိယံ= အရိယာတို့ရဲ့ အကျင့်မျိုးမဟုတ်သော။ အနတ္ထ-သံဟိတံ=အကျိုးမဲ့နဲ့စပ်တဲ့ ကာမသုခ ကို အားမထုတ်ရ။

ဆင်းရဲကြောင်း ဒုက္ခ၊ သူ့ကိုယ်က ဆင်းရဲနေတဲ့ဒုက္ခ၊ အရိယာတို့ရဲ့ ဥစ္စာမဟုတ် အကျိုးမဲ့နဲ့စပ်တဲ့ မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်မှုဆိုတဲ့ အတ္တကိလမထာနုယောဂ အလုပ်ကိုလဲ အားမထုတ်ရဘူးတဲ့၊ အားမထုတ်နဲ့။ အဲဒီ အစွန်းနှစ်ပါးကို မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒ်ကို သင်တို့ဆရာ ငါဘုရားသည် ပိုင်းပိုင်းခြားခြား သိထားအပ်ပြီ။ ယင်း မဇ္ဈိမပဋိပဒ် ဆိုကြပါစို့။

**အသိဉာဏ်ဖြစ်ကြောင်းတရား**

စက္ခုကရဏီ=အသိဉာဏ်မျက်စိကို ပြုတတ်တယ်။ ဉာဏကရဏီ=အသိဉာဏ်ကို ပြု တတ်တယ်။ ဥပသမာယ=ကိလေသာ ဒုက္ခခပ်သိမ်း ငြိမ်းအေးဖို့ရန် ဖြစ်တယ်။ အဘိညာယ=ထူးသော ဉာဏ်အမြင် ဖြစ်ဖို့ရန် ဖြစ်တယ်။ သမ္ဗောဓာယ=မဂ်ဉာဏ် လေးပါး ဖြစ်ဖို့ရန် ဖြစ်တယ်။ နိဗ္ဗာနာယ=ကိလေသ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဝင်စံဖို့ရန် ဖြစ်တယ်။

**အရဏတရား ၆-ပါး အကျဉ်း**

ဒါ တရား မာတိကာပဲ။ ကိုင်း၊ ဒါက ပါဠိနဲ့ မြန်မာ ပါဠိအလိုက် မြန်မာပါဠိအလိုက် မြန်မာပြောနေတာ။ အရပ်ထဲက ပြောသလို ပြောယင် -

http:\\www.dhammadownload.com



**မစ္ဆိမပဋိပဒါလမ်းလိုက်ရန်**

ချစ်သားတို့၊ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လက်ယာအစွန်းလဲပဲ မလိုက်စားကြနဲ့၊ အတ္တကိလမထာနုယောဂ ဆိုတဲ့ လက်ဝဲစွန်းလဲပဲ မလိုက်စားကြနဲ့။ ဘာပြုလို့တုန်း၊ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လက်ယာအစွန်းလဲပဲ ဆင်းရဲဒုက္ခနဲ့ မကင်းကွာဘူး၊ အတ္တကိလမထာနုယောဂဆိုတဲ့ ဒီလက်ဝဲစွန်းလဲပဲ ဆင်းရဲဒုက္ခနဲ့ မကင်းကွာဘူး။ အဲဒီတော့ ဆင်းရဲဒုက္ခနဲ့တကွဖြစ်တဲ့ တရားတွေဖြစ်လို့ အဲဒီတရားနှစ်ပါး ချစ်သားချစ်သမီးတို့ မလိုက်စားကြနဲ့။ မစ္ဆိမပဋိပဒါ ခေါ်တဲ့ မဂ္ဂင်ရှစ်ပါး တရားကိုသာ ချစ်သား ချစ်သမီးတို့ အားထုတ်ကြ၊ ဆိုလိုရင်းက ဒါပဲ။

**(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမစ္ဆိမ။**

အယုတ်နှစ်ပါး မလိုက်နဲ့၊ မစ္ဆိမပဋိပဒ် လမ်းကိုလိုက်ယင် အဲဒီ အမျိုးသား၊ အဲဒီ အမျိုးသမီး၊ အဲဒီ ရှင်၊ အဲဒီ လူသည် ချမ်းသာရော၊ ဒါကို ဆိုလိုတယ်။ အေး ... ပြီးတော့မှ တစ်ပတ်ပြန်လည်ရအောင်။

ဥဿာဒနဉ္စ ဉတွာ၊ အပသာဒနဉ္စ ဉတွာ၊ ဥဿာဒနဉ္စ ဉတွာ အပသာဒနဉ္စ ဉတွာနေဝုဿာဒေယျ န အပသာဒေယျ ဓမ္မမေဝ ဒေသေယျ။

**မနှိမ်ချ မမြှောက်စားရန်**

ဘယ်လိုလုပ်ယင် မြှောက်ပင့်တာ ဆိုတာလဲပဲ သိရတယ်။ ဘယ်လိုပြောယင် နှိမ်တယ်၊ နှိမ်တာမည်တယ် ဆိုတာကိုလဲပဲ သိရတယ်။ အဲဒီလို ဘယ်လိုပြောယင် မြှောက်တယ်ဆိုတာ သိပြီး၊ ဘယ်လိုပြောယင် နှိမ်တယ်ဆိုတာ သိပြီးတော့ မမြှောက်ပါနဲ့၊ မနှိမ်ပါနဲ့၊ တရားပဲ ဟောပါတဲ့။ အဲဒီအတွက် မာတိကာ လင်္ကာချုပ်လိုက်ယင်–

**(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။**

ဒါကို ဒုတိယ မာတိကာ ရမယ်။

သုခဝိနိစ္ဆယံ ဉတွာ၊ သုခဝိနိစ္ဆယံ ဉတွာ အဇ္ဈတ္တံ သုခမနုယုဉ္ဇေယျ။

**အဇ္ဈတ္တသုခကို ပွားများရန်**

သုခ အဆုံးအဖြတ်ကို နားလည်ရ သိရမယ်တဲ့။ ဒီသုခက အဇ္ဈတ္တသုခ၊ ဒီသုခက ဗဟိဒ္ဓသုခလို့ အဲဒီလို နားလည်ပြီးတဲ့နောက် အဇ္ဈတ္တသုခကို ပွားများပါ။

http:\\www.dhammadownload.com



## ချမ်းသာစွာ နေနိုင်ကြောင်းတရား

**(၃) သုခနှစ်ပါး၊ ညဏ်ပိုင်းခြား၊ ပွားများအစွမ်းတ္တ။**

ရဟောဝါဒံ န ဘာသေယျ၊

သမ္မုခါ န ခီဏံ ဘဏေ။

**အတင်းမပြောရန်**

ရဟောပါဒံ=မျက်ကွယ်၌ သူ့အတင်းကို။ န ဘာသေယျ=မပြောဆိုရာ။ သမ္မုခါ=မျက်မှောက်၌။ ခီဏံ=ရှုတ်ချတဲ့စကားကို။ န ဘဏေ=မပြောဆိုရာ။

**(၄) မျက်မှောက်မျက်လွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။**

တစ်ခုလာပြန်ပြီ။

## အဆောတလျင် မပြောရန်

အတရမာနော ဘာသေယျ နော တရမာနော။

အတရမာနော=ဆောဆောလျင်လျင် မဟုတ်ဘဲသာလျှင်။ ဘာသေယျ=ပြောဟောရာ၏။ တရမာနော=ဆောဆောလျင်လျင် ဖြစ်လျက်။ နော ဘာသေယျ=မပြောဟောရာ။

**(၅) မလျင်တဆော၊ စကားပြော၊ (မလျင်မဆော၊ တရားဟော) ပြောချောမွေ့သိမ်စွ။**

စကားပဲပြောပြော၊ တရားပဲဟောဟော မလျင်မဆော ပြောပါ၊ မလျင်မဆော ဟောပါ။ အရေးတကြီး ပျာယီးပျာယာနှင့် မပြောပါနဲ့။ အေး ... ဟောတဲ့အခါမှာ ချောချော ပြေပြေ သိမ်သိမ်မွေ့မွေ့ ဟောပါ။ အဲဒီလို ဆိုယင် ဒီပုဂ္ဂိုလ် မဆင်းရဲဘူး ... တဲ့။

**(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါးအရထာ။**

ဇနပဒနိရုတ္တိံ နာဘိနိဝေသေယျ၊

သမညံ နာတိဓာဝေယျ။

**ဒေသသုံး ဝေါဟာရကို မငြင်းရန်**

ဇနပဒနိရုတ္တိံ=မိမိတို့ ဇနပုဒ်တိုက်နယ်၌ သုံးစွဲတဲ့ ဝေါဟာရကို။ နာဘိနိဝေသေယျ =အကြိတ်အခဲ ငါ့ဥစ္စာမှ မှန်တယ်လို့ အပြင်းအထန် နှလုံးမသွင်းရာ။ သမညံ=ထိုထို အရပ်၌ ခေါ်ဝေါ်သုံးစွဲနေတဲ့ ဝေါဟာရပညတ်ကို။ နာတိဓာဝေယျ=မကျူးကျော်ရာ။

အေး ... ထိုထိုအရပ်ဒေသ ရောက်သွားတဲ့အခါ ထိုထိုအရပ်ဒေသက သုံးစွဲတဲ့ ဝေါဟာရစကားကို ကိုယ်က လွန်ဆန်ပြီး မပြောနဲ့။

http:\\www.dhammadownload.com



အယမုဒ္ဒေသော အရဏ ဝိဘင်္ဂဿ=ဤဆိုအပ်ခဲ့ပြီးသည့်ကား အရဏဝိဘင်္ဂသုတ္တန်ရဲ့ ဥဒ္ဒေသ မာတိကာပါတဲ့။ ပါဠိလို တပည့်တော်တို့ ဘယ်သိမလဲ၊ ဗမာလို ပြောရအောင်။

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဖျံမ။

(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။

(၄) မျက်မှောက် မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

(၅) မလျင်မဆော၊ စကားပြော၊ (မလျင်မဆော၊ တရားဟော၊) ပြေချောမွေ့သိမ်မွ။

(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါးအရဏ - ဒီဟာ မာတိကာပါတဲ့။

**အရဏတရား ၆-ပါး အကျယ်**

အဲဒီမှ မြတ်စွာဘုရားက ဆက်ပြီးတော့ -

'န ကာမသုခမနုယုဉ္ဇေယျ ဟီနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ၊ န စ အတ္တကိလမထာနုယောဂ မနုယုဉ္ဇေယျ ဒုက္ခံ အနရိယံ၊ အနတ္ထသံဟိတန္တိ၊ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ချစ်သားတို့၊ အစွန်းနှစ်ပါး မလိုက်ကြနဲ့လို့ ငါဘုရား ဟောတာ၊ ဘာကို အကြောင်းပြုပြီး ဟောတာ မှတ်သလဲ၊ ဘာကို အစွဲပြုပြီး ဟောတာ မှတ်သလဲ။

ယော ကာမပဋိသန္ဓိသုခိနော သောမနဿာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိ ကော အနရိယော အနတ္ထသံဟိတော၊ သဒုက္ခော ဧသော ဓမ္မော သဥပဃာတော သဥပါယာသော သပရိဠာဟော မိစ္ဆာပဋိပဒါ၊ ယော အနတ္ထသံဟိတော၊ သဒုက္ခော ဧသော ဓမ္မော သဥပဃာတော သဥပါယာသော သပရိဠာဟော မိစ္ဆာပဋိပဒါ။

**ပင်ပန်းမှုနဲ့ ရတဲ့သုခ**

ချစ်သားတို့ **ကာမသုခလ္လိကာနုယောဂ**လို့ ခေါ်တဲ့ ဝတ္ထုကာမနဲ့စပ်၍ဖြစ်တဲ့ သုခ သောမနဿကို ရရာရကြောင်း အားထုတ်မှုဆိုတဲ့ လက်ယာအစွန်းဟာလဲ အလွန်ဆင်းရဲ ဟယ်၊ သုခချည်းပဲရမှာ မဟုတ်ဘူးတဲ့၊ အဲဒီ သုခ ရယူလိုတဲ့အတွက် မိမိတို့မှာ ဒုက္ခက ခံရတယ်။ ဒီသုခသည် ဒုက္ခနဲ့ တွဲလျက်ရတဲ့ သုခတဲ့။ ပင်ပန်းမှုနဲ့ရကဲ့ သုခတဲ့၊ ပူပန်မှုနဲ့

http:\\www.dhammadownload.com



ရတဲ့ သုခတဲ့၊ အေး ... ပဋိပတ်အနေနဲ့ ပြောယင် အဲဒါ ဖောက်ပြန်မှားယွင်းသော အကျင့်ပဋိပတ် ဖြစ်တယ်။

**ကိုယ်ပင်ပန်းအောင် အားထုတ်မှု**

ထို့အတူပဲ၊ မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်မှုဆိုတဲ့ **အတ္တကိလမထာနုယောဂ** က ဗမာပြည်အနေနှင့် သိပ်မထင်ရှားဘူး၊ ဟို အိန္ဒိယကျတော့ ထင်ရှားတယ်။ ဒီကိုယ် ထဲက လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ အကုန်လုံး ကုန်အောင်လို့တဲ့ဗျာ။ တကတဲ သံစူးတွေပေါ် ထိုင်နေတယ်။ အိပ်တော့လဲ ဒီ သံစူးသံချွန်တွေပေါ် အိပ်တယ်။ "ကဏ္ဍကာပဿယ" လို့ ခေါ်တယ်။

အေး ... ကိုယ်ထဲက ရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ကျွမ်းသွား အောင် ချုပ်သွားအောင် ဆိုပြီးတော့ နေမွန်းတည့် ရှိန်ရှိန်မှာ အရှေ့ဘက်က မီးဖိုကြီး တစ်ဖို၊ အနောက်ဘက်မှာ တစ်ဖို၊ တောင်ဘက်တစ်ဖို၊ မြောက်ဘက်တစ်ဖို၊ လေးမျက်နှာ မီးဖိုကြီးတွေ ထားပြီးတော့ နေတာ။ အထက်ကလဲပဲ နေပူ၊ လေးမျက်နှာကလဲ မီးပူနဲ့ ဒါ "ပဥ္စာတပ"အကျင့်လို့ ခေါ်တယ်။ အဲဒီလို ကိုယ့်ကိုယ်ကို ဆင်းရဲအောင် လုပ်တာကို "အတ္တကိလမထာနု ယောဂ" အဲဒီ အတ္တကိလမထာနုယောဂ ဆိုတာက "လုပ်ပေါ့" လို့ ဆိုကထဲက ဆင်းရဲဒုက္ခ ပါလာတဲ့ ဖောက်ပြန် မှားယွင်းသော မိစ္ဆာပဋိပတ်ပဲ ဖြစ်တယ်တဲ့။

ဒါကြောင့် ချစ်သားတို့ကို အယုတ်နှစ်ပါး မလိုက်စားကြနဲ့လို့ ငါဘုရား ဟောတာ။ ဒါ စာကအတိုင်း ပြောတာပေါ့။

ဆိုပါစို့ရဲ့၊ ကာမသုခလ္လိကာနုယောဂကို အရပ်ထဲက လူတွေ နားလည်အောင် အရပ် စကားနဲ့ ပြောလို့ရှိယင် အဝတ်မှာ ကောင်းကောင်း ဝတ်ချင်တယ်။ ကောင်းကောင်း ဝတ်ချင်တယ် ဆိုလို့ရှိယင် ကောင်းကောင်းဝတ်လို့ရမယ့် သုခက နည်းနည်းရယ်။ သို့သော် ဒီကောင်းတာကို ဝတ်ချင်တဲ့အကွက် ရှာလိုက်ရတဲ့ ပရိယေသနဒုက္ခတွေ၊ အလွန့်ကို ရှာရတယ်။

ဒါကြောင့် ဒီကာမသုခကို ဝတ္ထုကာမနှင့် စပ်၍ ဖြစ်တဲ့ သုခကို ချစ်သားတို့၊ ချစ်သမီးတို့ မလိုချင်ပါနဲ့။ ဘာပြုလို့တုန်း၊ ဒီဝတ္ထုကာမနဲ့ စပ်၍ဖြစ်တဲ့ ချမ်းသာသုခဟာ ဒုက္ခနဲ့ ဘယ်သုခမှ မကင်းဘူး။ ဒုက္ခနဲ့ ရင်းနှီးရတာ။ အင်း ... ဝတ္ထုကာမမှီဝဲ၍ ဝတ္ထု ကာမ သုံးစွဲ၍ ရတဲ့ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှု ဆိုတာကို **ကာမသုခလ္လိကာနုယောဂ**

http:\\www.dhammadownload.com



လို့ ခေါ်တယ်နော်။

အေး ... အဲဒီဟာကို ကြိုးစားအားထုတ်ယင် ဆင်းရဲမှုတော့ သေချာတယ်။ အဲသလို ဆင်းရဲတဲ့ တရားမို့လို့ ချစ်သားတို့၊ ကာမသုခလ္လိကာနုယောဂဘက်လဲ မလိုက်ကြနဲ့။ ဆင်းရဲတဲ့ တရားမို့လို့ အတ္တကိလမထာနုယောဂကိုလဲ မလိုက်ကြနဲ့။ သူတို့ကို အယုတ်နှစ်ပါးလို့ ခေါ်တယ်။ မလိုက်ဘဲနဲ့ မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးကိုလဲပဲ ပွားကြ။

## မဂ္ဂင်ရှစ်ပါး မီးရထား ဥပမာ

မဂ္ဂင်က ရှစ်ပါးမို့လို့ ရှစ်မျိုးတောင်မှ အလုပ်ကို ခဲခဲယဉ်းယဉ်း လုပ်ရမှာလား၊ မဟုတ်ပေါင်။ ဒီမဂ္ဂင်ရှစ်ပါး ဖြစ်အောင် ကြိုးစားတာက မီးရထားလိုပေါ့။ မီးရထားမှာ ခေါင်းတွဲကသာ လမ်းမှန်ပါစေ။ နောက်က ကုန်တွဲတွေဟာ တစ်ခါတည်း ခေါင်းတွဲနောက်က လိုက်တာချည်းပဲ။ အေး ... ခေါင်းတွဲက လမ်းမချော်နဲ့ ချော်ယင် နောက်တွဲတွေကလဲ အကုန်ချော်ကုန်ရော။ အဲဒါလိုပဲ ဒိဋ္ဌိဆိုတဲ့ အသိအမြင်က မမှားပါစေနဲ့၊ ဒိဋ္ဌိဆိုတဲ့ အသိအမြင်က မမှားလို့ သမ္မာဒိဋ္ဌိဖြစ်ယင် နောက်က ကျန်တာကလဲပဲ သမ္မာသင်္ကပ္ပ=ကောင်းသောအကြံ၊ စကားကလဲ ကောင်းတာပဲ ပြောလိမ့်မယ်၊ အလုပ်ကလဲ ကာယကံမှုကလဲ ကောင်းတာ ပြုလိမ့်မယ်။ သမ္မာကမ္မန္တ ဖြစ်မယ်ပေါ့။

ဆိုပါစို့၊ ဒီသမ္မာဒိဋ္ဌိဖြစ်အောင် အဓိက ကြိုးစား၊ သမ္မာဒိဋ္ဌိဖြစ်ယင် နောက်ပိုင်းက လိုက်လာမယ့် နောက်တွဲတွေက သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒီ နောက်တွဲတွေက တစ်ခါတည်း အကုန်လုံး သမ္မာမဂ္ဂင်တွေ လိုက်လာတယ်။ အဲဒီလိုဆိုယင် မိမိမှာ သေချာတယ် မဆင်းရဲဘူး။

## သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်နည်း

ဒါဖြင့် သမ္မာဒိဋ္ဌိ ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ စာပေ လက်လွတ် စကားပြောလို့ မဖြစ်ဘူး။

> ကတမံ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊

ချစ်သားတို့၊ သမ္မာဒိဋ္ဌိဆိုတာ ဘယ်တရားလဲ။ မဟာသတိပဋ္ဌာနသုတ်မှာ -

> ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ -

လို့ ဟောတော်မူတယ်။

http:\\www.dhammadownload.com



ဒုက္ခကို ဒုက္ခမှန်းသိတဲ့ဉာဏ်၊ ဒုက္ခသမုဒယကို ဒုက္ခသမုဒယမှန်း သိတဲ့ဉာဏ်၊ ဒုက္ခရဲ့ ချုပ်ရာ နိရောဓသစ္စာကို နိရောဓသစ္စာမှန်း သိတဲ့ဉာဏ်၊ ဒါမှ ဒုက္ခရဲ့ ချုပ်ရာပဲ။ တစ်ခါ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာမှ ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း တကယ့် အကျင့်ကောင်းပါးလားလို့ သိရမယ်။ အေး ... သစ္စာလေးပါးတရားကို သိရမယ်၊ ဆင်ခြင်ရမယ်၊ အဲဒီလို သိမှု ဆင်ခြင်မှုဟာတဲ့ ...

သစ္စာလေးပါးကို သိတဲ့ အသိဉာဏ်လေးပါးကို သမ္မာဒိဋ္ဌိ ခေါ်တာတဲ့။ ဒီတော့ စဉ်းစားကြည့်ပါ၊ ပုဂ္ဂိုလ်တစ်ယောက်သည် ဒုက္ခသစ္စာကို ကြည့်တယ်။

**သစ္စာ ၄–ပါး**

ဩော်– ပဋိသန္ဓေနေရတာ၊ အိုရတာ၊ နာရတော၊ သေရတာ၊ ဒါဒုက္ခပါပဲ၊ ဒါ အခြေခံ လူတိုင်း လူတိုင်း မရှောင်နိုင်တဲ့ ဒုက္ခ။ မချစ်မနှစ်သက်အပ်တဲ့ သတ္တဝါ သင်္ခါရတို့နှင့် ယှဉ်တွဲရခြင်း၊ ချစ်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နဲ့ သေကွဲ ရှင်ကွဲ ကွဲရခြင်း၊ ကိုယ်အလိုရှိတာ မရခြင်း၊ အေး ... အကျဉ်းချုပ် ပြောရလို့ရှိယင် ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာပါတကား၊ အဲဒီလို အောက်မေ့စမ်းပါ။ အဲဒီလို နှလုံးသွင်းစမ်းပါ။ အဲဒီလို စိတ်ကလေးပါလာအောင် အဲဒီအကြောင်းကို ပါးစပ်နဲ့ ရွတ်ဆိုပြီးတော့ နှလုံးသွင်းစမ်းပါ။

**ပဋိသန္ဓေ၊ အို နာ သေ ဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနဲ့၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စဉပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။**

အဲဒီလို ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒုက္ခ သစ္စာဉာဏ် ဖြစ်တယ်။ ဒုက္ခသစ္စာဉာဏ်ဖြစ်ယင် သမ္မာဒိဋ္ဌိ ဖြစ်မယ်။ သမ္မာဒိဋ္ဌိ ဆိုတာ ဒုက္ခေ ဉာဏံ=ဒုက္ခသစ္စာကို သိတဲ့ဉာဏ်၊ ဒုက္ခသမုဒယေ ဉာဏံ=သမုဒယသစ္စာကို သိတဲ့ဉာဏ်၊ ဒုက္ခနိရောဓေ ဉာဏံ= နိရောဓသစ္စာကို သိတဲ့ဉာဏ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ ဉာဏံ=မဂ္ဂသစ္စာကို သိတဲ့ ဉာဏ်၊ အဲဒါကို သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ သွားလိုက်အုန်း၊ ဟို သမုဒယ သစ္စာကျတော့–

**ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာ သမုဒယ မှန်မောလှ။**

ဩော် ... ဒုက္ခဖြစ်ဖို့ရန် အခြေခံ အကြောင်းဖြစ်ငဲ့ မကောင်းသောတရား၊ လောဘ တရား၊ တဏှာသုံးပါး၊ ဒီတရားဟာဖြင့်ယင် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာပါလား။ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာပါလား။ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘ မှာ၊ သစ္စာသမုဒယ .... မှန်မောလှ။

http:\\www.dhammadownload.com



အဲဒီ ဥစ္စာကို ပါးစပ်ကလဲဆို၍ စိတ်ကလဲပဲ အဲဒီ ကိုယ့်အသံဆိုတဲ့ နောက်ကို ကောက်ကောက်လိုက်ပါစေ၍ အောက်မေ့သိရှိနေယင် အဲဒီ ပုဂ္ဂိုလ်သည် သမုဒယသစ္စာ ဉာဏ်ကို ပွားနေတဲ့ပုဂ္ဂိုလ်။

**တဏှာချုပ်ရာ၊ နိဗ္ဗာန်ဟာ၊ သစ္စာနိရောဓ မှန်မောလှ။**

တဏှာသုံးပါးရဲ့ ချုပ်ရာ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားသည် နိရောဓသစ္စာပါလား၊ နိရောဓဧကန် အမှန်ပါတကားလို့ အဲဒီလို သိတဲ့ဉာဏ်ကို နိရောဓသစ္စာဉာဏ်၊ သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။

**ကောင်းတာလုပ်ယင် မဂ္ဂင်**

**နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသော အသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသော အပြု၊ ကောင်းမှု သက်မွေး၊ ကောင်းရေး လုံ့လ၊ ကောင်းထ သတိ၊ ကောင်းဘိ တည်ကြည် ဤရှစ်မည်၊ တူညီမဂ္ဂ မှန်မောလှ။**

သြော် ... နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အသိကောင်း၊ အကြံကောင်း၊ အပြော ကောင်း၊ အပြုကောင်း၊ အေး ... အသက်မွေးကောင်း၊ လုံ့လကောင်း၊ သတိကောင်း၊ သမာဓိကောင်း၊ ဒီ အကောင်းရှစ်ပါးဟာ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ အရိယမဂ္ဂသစ္စာပဲ၊ အဲဒီလို သိပါ။ အဲဒီလိုသိယင် မိမိမှာ သမ္မာဒိဋ္ဌိ ဖြစ်နေပြီ၊ သမ္မာဒိဋ္ဌိဖြစ်ယင် အခု ပြောသလို စတုသစ္စကမ္မဋ္ဌာန်းစီးဖြန်း ဆိုတာလိုပဲ သစ္စာလေးပါးကို နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သန္တာန်မှာ ဘယ်လိုနည်းနဲ့မှ မကောင်းတဲ့ ဝိတက်မဝင်တော့ဘူး။ ကောင်းတဲ့ အကြံအစည်၊ ကောင်းတဲ့ ဝိတက် ဝင်မယ်။ သမ္မာ သင်္ကပ္ပ ဖြစ်မယ်။

ဒီလို ကမ္မဋ္ဌာန်း လက်မလွှတ်တဲ့ ပုဂ္ဂိုလ် တကယ်သာ ကမ္မဋ္ဌာန်းကို အာရုံရောက် ရောက် ရှုယင် ပြောတဲ့စကားဟာ မုသားစကား အစရှိတဲ့ ဝစီဒုစရိုက်တွေ မပြောတော့ဘူးတဲ့။ ပြောယင် ဝစီဒုစရိုက်က လွတ်တဲ့ သမ္မာဝါစာ စကားတစ်မျိုးပဲ ပြောမယ်။

အေး ... ကမ္မဋ္ဌာန်းမှာ စိတ်အာရုံပါနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ကာယကံဒုစရိုက် မပြုဘူး။ အေး ... မပြုကတည်းက သူပြုယင် သမ္မာကမ္မန္တဖြင့် ကာယသုစရိုက်သာ ပြုတယ်။ တကယ် တရားကို စိတ်ပါလက်ပါ အားထုတ်နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ဆိုယင် အသက်မွေးမှုကလဲ မိစ္ဆာဇီဝ=ဘုရား မချီးမွမ်းတဲ့ အသက်မွေးမှုမျိုး၊ ရောင်းဝယ်ဖောက် ကားမှုကို မပြုဘဲနဲ့။ ဓမ္မိကဝါဏိဇ္ဇ=တရားသော ကုန်သွယ်ခြင်း၊ ပြီးတော့ တရားသော

http:\\www.dhammadownload.com



အလုပ်လုပ်ခြင်းဖြင့် မိမိဘဝကို အသက်မွေးလိမ့်မယ်။ သမ္မာအာဇီဝ ဖြစ်အောင် မွေးလိမ့်မယ်။

သမ္မာဒိဋ္ဌိဖြစ်ယင် နောက်ပိုင်းက သတိကလဲ သမ္မာသတိ၊ ဧကဂ္ဂတာကလဲ သမ္မာသမာဓိ။ အဲဒီလို မဂ္ဂင်ရှစ်ပါး တရားအစုဟာ ဒါမဂ္ဂသစ္စာပါလား၊ သမ္မာဒိဋ္ဌိတစ်ခု ဖြစ်အောင် နောက်က သမ္မာဒိဋ္ဌိတစ်ခုဖြစ်အောင် အားထုတ်ယင် နောက်ကနေပြီးတော့ ကျန်တဲ့ ခုနစ်ပါးလဲပဲ သမ္မာမဂ္ဂင်တွေ လိုက်လာတယ်။ အဲဒီလိုသိ။

အေး ... အခုပြောနေတဲ့ –

**မဇ္ဈိမပဋိပဒါ**

**(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဇ္ဈိမ။**

ချစ်သားတို့၊ ချစ်သမီးတို့၊ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လက်ယာအစွန်းကိုလဲ မလိုက်နဲ့။ ဘာပြုလို့တုန်း၊ ဆင်းရဲတယ်။ အတ္တကိလမထာနုယောဂ ဆိုတဲ့ လက်ဝဲအစွန်းလဲ မလိုက်နဲ့။ ဘာပြုလို့တုန်း၊ သူလဲဆင်းရဲတယ်။ သူကတော့ အတ္တကိလမထာနုယောဂကိုက ဆင်းရဲဒုက္ခတရား။ ကာမသုခလ္လိကာနုယောဂဆိုတာ ဒုက္ခနဲ့ ရင်းနှီးရတဲ့ သုခမျိုး။

ချမ်းသာစေချင်ယင် အဲဒီ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လက်ယာအစွန်း၊ အတ္တကိလမထာနုယောဂ ဆိုတဲ့ လက်ဝဲအစွန်း ချစ်သား ချစ်သမီး မသွားနဲ့၊ မဇ္ဈိမပဋိပဒါ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး လမ်းမှာ တည်နေကြ။ မဂ္ဂင်ရှစ်ပါးဆိုလို့လဲ ချစ်သားတို့ ရှစ်ကိစ္စတောင် အထူးလုပ်နေရမှာ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်ရင် ကျန်တဲ့ မဂ္ဂင်တွေဟာ သမ္မာမဂ္ဂင်ချည်း တစ်ခါတည်း တွဲထွက်လာလိမ့်မယ်။ ဟော–ဒါ။ အဲဒီလို ဆိုယင် ချစ်သား ချစ်သမီးတို့ ဆင်းရဲဦးမလား။ မဆင်းရဲပါဘူး။ ဒါ အရဏတရား တစ်ပါး၊ နောက်လာလိမ့်မယ်။

**မမြှောက်စား မနှိမ့်ချနဲ့**

**(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။**

မြှောက်တာကိုလဲပဲ ဘယ်လိုဟာကို မြှောက်တယ်လို့ ခေါ်တာလဲ သိရမယ်။ ဘယ်လို ဟာသည် နှိမ်တယ်လို့ ခေါ်တာလဲပဲ သိရမယ်။ အဲဒီ နှစ်မျိုးကို သိပြီးတော့မှ–

ဥဿာဒနဉ္စ ဉတွာ၊ အပသာဒနဉ္စ ဉတွာ။

မြှောက်တာကိုလဲ သိ၊ နှိမ်တာကိုလဲ သိပြီးတော့မှ –

http:\\www.dhammadownload.com



နေဝ ဥဿာဒေယျ၊ န အပသာဒေယျ။

သူတစ်ဘက်သားကို မြှောက်လဲ မမြှောက်နဲ့၊ နှိမ်လဲ မနှိမ်နဲ့၊

ဓမ္မမေဝ ဘာသေယျ။

တရားကိုသာ ပြောဆိုပါတဲ့ အဲဒီစကားအရ လက်ချုပ်လိုက်ယင် –

"မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ"လို့ ဒုတိယ ချမ်းသာကြောင်းတရား ဖြစ်တယ်။

ကဲ ဆိုပါစို့။ ဟို ပါဠိတော်က ဖွင့်တာကို ကြည့်ပြောမယ်နော်။ စိတ်က စောင်းပြီးတော့၊ စိတ်က ဉာဏ်ဟိုဘက်ကို ကြည့်ပြီးတော့ အရပ်စကားနဲ့ ပြောကြစို့။

**ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့**

အရပ်ထဲမှာ မောင်ဖြူဆိုတဲ့ သူငယ်ဟာ အင်မတန် တော်တယ်၊ ရပ်ရေး ရွာရေးလဲ ရှေ့က၊ ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာ့ကိစ္စဆိုလဲပဲ ဘယ်တော့မှ နောက်က မနေဘူး၊ ရှေ့ကချည်း ကြိုးစား၊ ဒါ လူကောင်းတစ်ယောက်လို့ ပြောတယ်။ အဲဒီ လူကောင်း တစ်ယောက်ရဲ့ အကြောင်းကို ပြောယင် –

ချစ်သားတို့၊ ပုဂ္ဂလာဓိဋ္ဌာန် မပြောပါနဲ့၊ လူကောင်းတစ်ယောက် အကြောင်း ပုဂ္ဂလာဓိဋ္ဌာန်နှင့် ပြောယင် မြှောက်တာ၊ မကောင်းတဲ့ လူတစ်ယောက် အကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန် ပြောယင် နှိမ်တာ။ အေး ... ကောင်းတာကို ကောင်းတဲ့ပုဂ္ဂိုလ်ရဲ့ အကြောင်း ပုဂ္ဂလာဓိဋ္ဌာန် ပြောယင် မြှောက်တာ။

ဆိုပါစို့၊ မောင်ဖြူသည် လိမ္မာတယ်။ ဒီတော့ မောင်ဖြူရဲ့ လိမ္မာမှုမှာ မောင်ဖြူကို ဦးတည်ပြီးတော့ – "ဟာ အလွန်တော်တဲ့ မောင်ဖြူလေးပါကွယ်၊ လူနဲ့ အရွယ်နဲ့ မလိုက်ပါဘူး၊ ဘုရားကိစ္စဆိုလဲ သူရှေ့က၊ တရားကိစ္စဆိုလဲ သူရှေ့က၊ သံဃာ့ကိစ္စဆိုလဲ သူရှေ့က၊ သာသနာ့ကိစ္စဆိုလဲ သူရှေ့က၊ ရပ်ရွာကိစ္စဆိုလဲ သူရှေ့က၊ လူကြီးမိဘ တွေယင်လဲ ရိုသေလိုက်တာ၊ လိမ္မာလိုက်တာ၊ မောင်ဖြူလေး၊ မောင်ဖြူလေးနဲ့" အဲသလို ပုဂ္ဂလာဓိဋ္ဌာန်ပြောလို့ မောပြီ၊ သိမ်းတော့မယ်ဆိုယင် ဘယ်လို သိမ်းတတ်သလဲ။ "ဒါကြောင့် ငါကတော့ မောင်ဖြူလေးကို ချစ်တယ်" လို့ ဟော ... လောဘနဲ့ နိဂုံး အုပ်တတ်တယ် နော်။

အေး ... မောင်ညို ဆိုးတယ် ဆိုပါစို့။ မောင်ညိုတစ်ယောက်က ဆိုးတယ်။ အဲဒီ ဆိုးတဲ့ မောင်ညိုအကြောင်း ပြောယင်လဲပဲ ပုဂ္ဂလာဓိဋ္ဌာန် ပြောကြတယ်။ မောင်ညိုဆိုတဲ့

http:\\www.dhammadownload.com



လူကပြင်ငိုကွာ၊ နာမည်နဲ့အလိုက်၊ ညိုပါ၊ ဆိုးပါ၊ ဘယ်ဘုရားပွဲတုန်းကလဲပဲ ဒီမောင်ညိုပဲ၊ အင်း ... ဘယ်ပွဲတုန်းကလဲပဲ ဒီမောင်ညိုကြောင့် ပွဲပျက်တယ်" စသည်ဖြင့် မောင်ညို ဆိုတဲ့ ပုဂ္ဂိုလ်ကိုချည်းပဲ ဦးတည်ပြီးတော့ စကားပြောယင် ဘုန်ကြီးတို့ စာအခေါ်က "အပသာဒန"တဲ့။ မြန်မာလို ပြောယင် သူ့နှိမ်တာတဲ့။ မြတ်စွာဘုရားက မမြှောက်နဲ့၊ မနှိမ်နဲ့လို့ ပြောတာ။ ဒါပြင့် ဘယ့်နှယ်လုပ်မတုန်း၊ မမြှောက်မစား၊ မနှိမ်ငြား၊ တရား ဟောဖော်ပြ" အရ ဘယ်လိုတုန်း။

**ဓမ္မာဓိဋ္ဌာန် ပြောပါ**

မောင်ဖြူတစ်ယောက် ကောင်းတာ လုပ်တာကို တွေ့ယင် မောင်ဖြူ သိပ်လိမ္မာတယ်၊ သိပ်ကောင်းတဲ့ မောင်ဖြူပဲလို့ မပြောနဲ့။ ထိုမောင်ဖြူ ပြုသောအမှုသည် အပြစ်ကင်းသော အမှု၊ သမ္မာပဋိပတ် အကျင့်မျိုး ဖြစ်တယ်။ ဓမ္မကို ဦးတည်ပြီးတော့ ဓမ္မကို တည်ရာ လုပ်ပြီးတော့ ဓမ္မဓိဋ္ဌာန် ပြောရမယ်၊ အဲသလို ပြောယင် ဘာဖြစ်တတ်သလဲ၊ အင်း ... အဲသလို ပြောလို့ရှိယင် ဒီကောင်းမှုမျိုး ငါသန္တာန် ဖြစ်အောင် လုပ်မဟဲ့လို့ အဓိဋ္ဌာန် ကသိုလ်တွေ ပေါ်တယ်။

ဥပမာပုံ - မောင်ညို မကောင်းတာ လုပ်ကယ်ဆိုတာ " ဒီ မောင်ညို အင်မတန်ဆိုးတဲ့ မောင်ညိုပဲ" လို့ မောင်ညို့ချည်းပဲ ပုဂ္ဂလာဓိဋ္ဌာန် မပြောဘဲနဲ့ မောင်ညိုပြုသော ဤအမှု၊ ဤအမှုကား ဆင်းရဲကြောင်းတရား၊ ပူပန်ကြောင်းတရား ဖြစ်ပါတယ်။ မိစ္ဆာပဋိပတ် ဖြစ်တယ်လို့ အဲဒီလို ဓမ္မပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ပါ။ မူတည်ပြီး ပြောပါ။

အဲသလို ပြောလို့ရှိယင် "မမြှောက်မစား၊ မနှိမ့်ငြား၊ တရားဟောဖော်ပြ" ပုဂ္ဂိုလ်တစ် ယောက်ရဲ့ ကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် လောဘဖြစ်တယ်။ ပုဂ္ဂိုလ်တစ် ယောက်ရဲ့ မကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် ဒေါသဖြစ်တယ်။ လောဘ ဖြစ်ဖြစ်၊ ဒေါသဖြစ်ဖြစ် မချမ်းသာဘူး။ ချမ်းသာချင်ယင် အဲဒီ ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့။

ပုဂ္ဂိုလ် တစ်ယောက်ယောက် ကောင်းကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် မြှောက်တာ၊ ပုဂ္ဂိုလ်တစ်ယောက်ယောက် ဆိုးကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် နှိမ်တာ၊ မြှောက်ယင် လောဘဖြစ်တယ်၊ နှိမ်ယင် ဒေါသဖြစ်တယ်၊ လောဘ ဒေါသ ဖြစ်ကတည်းက ဘယ်ချမ်းသာမလဲ။ အဲဒါကြောင့် ချစ်သားတို့၊ ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောပြီး မြှောက်လဲ မမြှောက်နဲ့၊ နှိမ်လဲ မနှိမ်နဲ့၊ "ဓမ္မမေဝဘာသေယျ"၊ ဓမ္မဓိဋ္ဌာန်သာ ပြော၊ ဓမ္မဓိဋ္ဌာန်သာပြောယင် ခုနင်ကလိုပဲ "မောင်ဖြူ ပြုလုပ်သော အမှုကား ချမ်းသာ

http:\\www.dhammadownload.com



ကြောင်း တရားဟော့၊ ကောင်းမြတ်သော အကျင့်ပဋိပတ် ဟာ၊ မောင်ညိုပြုလုပ်သော တရားကား ဆင်းရဲကြောင်းတရား"လို့ အဲဒီလို တရားကိုသာ ဦးတည်ပြီးပြောပါ။ ပြော ယင် အဲဒီ ပုဂ္ဂိုလ် ချမ်းသာပြီ။ ဒါ နှစ်ခုမြောက် အရဏတရား။

ဟို ပါဠိတော်မှာ ဓမ္မဓိဋ္ဌာန်နဲ့ ပြောဖို့၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်းရဲကင်းကွာ ချမ်းသာ အောင် နေနိုင်ဖို့ရန် ပြောပုံ ဖော်ပြထားတယ်။

ယေသံ ကေသဥ္စိ ဘဝသံယောဇနံ အပ္ပဟီနံ၊ သဗ္ဗေ တေ သဒုက္ခာ

သဥပဃာတာ သဥပါယာသာ သပရိဠာဟာ မိစ္ဆာပဋိပန္နာတိ န ဓေမာဟ။

ဘဝသံယောဇဉ် မပယ်ရသေးတဲ့ လူတွေဟာ ဆင်းရဲဒုက္ခနဲ့တကွ ဖြစ်တဲ့ လူချည်းပဲ။ အေး ... ပင်ပန်းမှု၊ ပင်ပန်းနွမ်းနယ်မှု၊ နှလုံးမချမ်းသာမှုနဲ့တကွ ဖြစ်တဲ့လူတွေ၊ တကယ့် လူတွေ ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေပဲလို့ အဲဒီလို ပုဂ္ဂလာဓိဋ္ဌာန် သွားပြောယင် ဆင်းရဲပြီ၊ မပြောနဲ့။ နို့ ဒါဖြင့် ဘယ်လိုပြောရမလဲ။

ဘဝသံယောဇနေ စ ခေါ အပ္ပဟီနေ ဘဝေါပိ အပ္ပဟီနော ဟောတိ။

ဘဝသံယောဇဉ်ကို မပယ်ရသေးလျှင် ဘဝလဲပဲ မပယ်အပ်သေးဘူး။ အဲသလို ဓမ္မ တင် ပြောပါတဲ့။ ပုဂ္ဂိုလ်သွား မထိနဲ့။ ဘဝသံယောဇဉ် မပယ်ရသေးတဲ့ ပုဂ္ဂိုလ်တွေမှာ ဒုက္ခရောက်မယ့်သာ ကြံပေ့။ အေး ... အဲဒီလို ပြောမယ့်အစား ဘဝသံယောဇဉ်ကို မပယ်ရသေးလျှင် ဘဝတည်းဟူသော ဒုက္ခကိုလဲပဲ မပယ်ရသေးဘူး။ ဘဝသံယောဇဉ်ကို ပယ်မှ ဘဝဒုက္ခကို ပယ်ပြီးသား ဖြစ်တယ်ဆိုတော့ ဒီပုဂ္ဂိုလ် မပါဘူး။

မြတ်စွာဘုရားက ဓမ္မဓိဋ္ဌာန်ပြောယင် စိတ်လဲ ချမ်းသာတယ်တဲ့၊ ကိုယ်လဲပဲ လောဘ ဒေါသ အကုသိုလ် မဖြစ်ဘူးတဲ့။ လောကကြီးထဲမှာ နေတာပဲ ကောင်းတဲ့လူ၊ မကောင်း တဲ့ လူနှစ်မျိုး တွေ့မယ်၊ ကောင်းတဲ့လူ တွေ့ယင်လဲ ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့၊ ပြောယင် ဘာဖြစ်မလဲ၊ နောက်ဆုံး လောဘနဲ့ နိဂုံးအုပ်တတ်တယ်။ မကောင်းဟာတွေလဲ ပုဂ္ဂလာ ဓိဋ္ဌာန်နဲ့ မပြောနဲ့၊ ပြောယင် နောက်ဆုံး ဒေါသနဲ့ နိဂုံးအုပ်တင်တယ်။

ဆိုပါစို့၊ မောင်ဖြူလေးဟာ သိပ်တော်တာပဲ ကြွပ်ကြွပ်ပြော၊ မောပြီဆို၊ ဒါကြောင့် မောင်ဖြူလေး ငါက ချစ်တာ၊ လောဘနဲ့ နိဂုံးသိမ်းတယ်။ ထို့အတူပဲ မောင်ညိုဆိုးတာ ပြောပြန်လဲပဲ မောင်ညိုကို ပုဂ္ဂလာဓိဋ္ဌာန် ပြောလို့ရှိယင် ပြောလို့ မောပြီ၊ တော်တော့မယ် ဆိုတော့ ဒါကြောင့်မို့လို ငါမောင်ညိုကို ကြည့်လို့ကို မရဘူး၊ စပါးမွေး အမြဲတမ်း ထူးတယ်။ ဒေါသ ဟုတ်လား၊ ဒီအသံ ထွက်လာတာ ဒေါသက ခိုင်းတယ်။

http:\\www.dhammadownload.com



အေး ... လောဘ ဒေါသ ဖြစ်ကတည်းက မချမ်းသာဘူးတဲ့။ ဓမ္မာဓိဋ္ဌာန် ပြောပါ၊ ဓမ္မာဓိဋ္ဌာန် ကြည့်ပါ၊ ကြည့်ယင် လောဘလဲ မဖြစ်ဘူး၊ ဒေါသလဲ မဖြစ်ဘူး၊ မကောင်းတာ ဆိုလို့ရှိယင်လဲပဲ ဩော် ... ဒီတရားမျိုး ငါ့သန္တာန်မှာ မဖြစ်အောင် ငါ ထိန်းသိမ်းမဟဲ့ ဆိုတဲ့ ဆောက်တည်ချက် ပေါ်တယ်တဲ့။ အေး ... ကောင်းတာ ဆိုလို့ရှိယင်လဲပဲ ဒီတရားမျိုး ငါ့သန္တာန်မှာ အမြန်ရောက်အောင် ကြိုးစားမဟဲ့ ဆိုတဲ့ ဆောက်တည်ချက် ပေါ်တယ်တဲ့။ ဒါကြောင့် ဓမ္မာဓိဋ္ဌာန် ဟောကြ ပြောကြပါတဲ့။ ဒါ ဒုတိယ – မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟော ဖော်ပြ။

**ဗဟိဒ္ဓသုခ မလိုက်စားနဲ့**

**(၃) သုခနှစ်ပါး၊ ဉာဏ်ထိုင်းဖြား၊ ပွားများအဇ္ဈတ္တ၊**

သူတော်ကောင်းတို့၊ **သုခဆိုတာ** အဇ္ဈတ္တသုခ၊ ဗဟိဒ္ဓသုခလို့ နှစ်မျိုးရှိတယ်။ ဗဟိဒ္ဓသုခဆိုတာ အပြင်အပ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့မျိုးစုံ၊ အဲဒီ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို အစွဲပြု၍ ဖြစ်တဲ့ ချမ်းသာသုခသည် ဗဟိဒ္ဓသုခ၊ အဲဒီ ဗဟိဒ္ဓသုခမျိုးကို စာထဲမှာ 'ကာမသုခ' လို့လဲ ခေါ်တယ်။ 'မီဠှသုခ' လို့လဲ ခေါ်တယ်၊ မစင်ဘင်ပုပ်နဲ့ တူတဲ့ ချမ်းသာသုခ။

ဆိုပါစို့၊ ဒီ အပြင်အပ ဖြစ်တဲ့ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ ရသာမျိုးစုံ၊ အတွေ့မျိုးစုံကို အစွဲပြု၍ ဖြစ်တဲ့ ဒါတွေကို ပွဲကြည့်လို့ ဖြစ်တဲ့ ချမ်းသာမျိုးလို့ ပြောပါတယ်။ အဆင်းကြည့်လို့ရတဲ့ ချမ်းသာမျိုး၊ အသံနားထောင်လို့ရတဲ့ ချမ်းသာမျိုး၊ အနံ့ကို နာမ်းရှုလို့ရတဲ့ ချမ်းသာမျိုး၊ အရသာကို လျက်လို့ရတဲ့ ချမ်းသာမျိုး၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုရတဲ့ ချမ်းသာမျိုးဟာ ဒါ ကာမချမ်းသာ၊ တစ်နည်းအားဖြင့် ဗဟိဒ္ဓချမ်းသာ ခေါ်တယ်။ အပြင်အပ ချမ်းသာ၊ မိမိကိုယ်ကျိုး ကိုယ့်ပြင်ဘက်က တရားနဲ့ရတဲ့ ချမ်းသာ။

အေး ... အဲဒီသုခ မလိုက်စားနဲ့၊ လိုက်စားယင် ဘာဖြစ်တုန်း။ အဲဒီ ဗဟိဒ္ဓသုခကို လိုက်စားယင် ဆင်းရဲတယ်။ ဘာဖြစ်လို့တုန်း။ ကိုယ်က ဒီအဆင်း ကြည့်ချင်တယ်၊ ဒီအသံပေါက် နားထောင်ချင်လို့မို့လို့ တကတည်း ကျားကုတ်ကျားခဲ သွားပြီးတော့ အငြိမ့်ငှားပါ၊ အဲ အငြိမ့်က သူ အကြောင်း မညီညွတ်လို့ မလိုက်နိုင်ဘူးဆိုတာ ပြောလိုက်တော့ ဟောဒီ ကိုယ်က အလကားနေရင်း ကာယိကဒုက္ခ၊ စေတသိကဒုက္ခတွေ အလကား ပိုရတယ်၊ ဒါ စဉ်းစားကြည့်ပေါ့။

http:\\www.dhammadownload.com



ဟာ ... သေသေချာချာ စဉ်းစားမယ် ဆိုလို့ရှိပါင် လူတစ်ယောက်သည် ဟင်းနှစ်ခွက်နဲ့ စားယင် ဟင်းနှစ်ခွက်နဲ့ မျှတတယ်၊ မျှတရုံလေး စားယင် ဟင်းနှစ်ခွက်ဆိုယင် နှစ်ခွက်ဒုက္ခပဲ ရှိတယ်။ အဲဒီအထဲက လောဘအလို ကြိုက်လိုက်ပြီးတော့ ဒါရသတဏှာပေါ့နော်။ ရသာရုံ ဆိုတဲ့ ကာမဂုဏ်အကျက် လိုက်စားတာ၊ ဟင်းနှစ်ခွက်ကနေပြီးတော့ လေးခွက် စားချင်ကယ်၊ လောဘ အလိုလိုက် လေးခွက် စားချင်တယ်ဆိုကတည်းကိုက အလုပ်ကို တစ်ဆ ထပ်တိုးရမယ်၊ ဆင်းရဲတွေ တိုးလာကယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဗဟိဒ္ဓသုခများ ချစ်သားတို့ မလိုချင်နဲ့တဲ့။ ဗဟိဒ္ဓသုခဆိုတာ ဒါကို ခေါ်တယ် ဆိုတာလဲပဲသိ။

**အဇ္ဈတ္တသုခကို ဖြစ်အောင်ကြိုးစား**

အဇ္ဈတ္တသုခဆိုတာ ဘယ်သူလဲ၊ အဇ္ဈတ္တသုခဆိုတာ မိမိကိုယ်တွင်းမှာရှိတဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား အစရှိသော သုံးဆယ့်နှစ်ကောဋ္ဌာသ တရားတွေရှိတယ်။ အဲဒီ တရားတွေကို ကာယဂတာသတိ ကမ္မဋ္ဌာန်း စီးဖြန်းသောအားဖြင့်ကြည့်လို့ရတဲ့ ချမ်းသာမျိုး၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း စီးဖြန်းလို့ရတဲ့ ချမ်းသာမျိုး၊ အေး ... ဈာန်ဝင်စားလို့ရတဲ့ ချမ်းသာမျိုး၊ အေး ... ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဝိပဿနာ ရှုလို့ရတဲ့ ချမ်းသာမျိုး၊ အဲဒီ ချမ်းသာမျိုးကို အဇ္ဈတ္တသုခလို့ ခေါ်တယ်။

အဲဒီ အဇ္ဈတ္တသုခကို ချစ်သား ချစ်သမီးတို့ ကြိုးစားကြပါ။ ဗဟိဒ္ဓသုခကို မမြော်လင့်နဲ့၊ ဘာပြုလို့လဲဆိုတော့ ဗဟိဒ္ဓသုခက ကိုယ်လိုချင်တဲ့ အချိန်တိုင်း အချိန်တိုင်းရဖို့ မဖြစ်ဘူး၊ ကိုယ်က အကြောင်း ညီညွတ်နေပေမယ့် သူက အကြောင်း မညီညွတ်တော့ မရဘူး၊ မရယင် စိတ်ဆင်းရဲရတယ်၊ အဇ္ဈတ္တသုခဖြစ်တဲ့ ဒီကိုယ်တွင်း တရားကိုအစွဲပြု၍ ရတဲ့ ချမ်းသာသုခကတော့ –

ဆိုပါစို့၊ ပုဂ္ဂိုလ်တစ်ယောက်ဟာ သန်းခေါင်ကျော် ထပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဝိပဿနာရှုတယ်၊ ရှုချင်တဲ့အချိန် ရှုဖြစ်တယ်၊ သန်းခေါင်ကျော် ထပြီးတော့ သုံးဆယ့်နှစ် ကောဋ္ဌာသကို စိတ်နဲ့ကြည့်မယ်၊ ကြည့်ယင် ဖြစ်တယ်။ အဲဒါက အဇ္ဈတ္တသုခကိုး၊ ဘယ်နားမှ ခဲခဲယဉ်းယဉ်း မရှိဘူး၊ အချိန်မရွေး ယူလို့ရကယ်။ အဲဒါကြောင့် မြတ်စွာဘုရားက အဇ္ဈတ္တသုခကို ပွားကြ၊ ဗဟိဒ္ဓသုခကို မပွားနဲ့လို့ ဟောတာ။ "သုခနုစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများ အဇ္ဈတ္တ။"

http:\\www.dhammadownload.com



## အချိန်အခါ ကြည့်ပြောပါ

ရဟောဝါဒံန ဘာသေယျ၊ သမ္မုခါ န ခီဏံ ဘဏေ - လို့ မာတိကာက ဒီလို ခင်းထားတယ်။ အဲဒီ မာတိကာ ခင်းတာကို ဒီလင်္ကာပိုဒ် ရေးလိုက်တဲ့အခါကျတော့-

**(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။**

လူတစ်ယောက်ရဲ့ အကြောင်းကို ထိုလူရဲ့ မျက်မှောက်မှာပဲဖြစ်ဖြစ်၊ ထိုလူရဲ့ မျက်ကွယ်မှာပဲ ဖြစ်ဖြစ် ပြောမယ်ကြံယင် စဉ်းစားပါအုန်း။ ဘယ်လိုလဲ၊ မှန်ရဲ့လား မမှန်ဘူးလား၊ ငါ ပြောယင် အကျိုးရှိမလား၊ မရှိဘူးလား စဉ်းစား။ မျက်မှောက် စကား ဖြစ်ဖြစ်၊ မျက်ကွယ်စကား ဖြစ်ဖြစ် မှန်လဲ မမှန်ဘူး၊ အကျိုးမရှိဘူးဆိုယင် ဘယ်တော့မှ မပြောနဲ့။ မျက်မှောက်စကား ဖြစ်ဖြစ်၊ မျက်ကွယ်စကား ဖြစ်ဖြစ် မှန်တော့ မှန်တယ်၊ သို့သော် မိမိပြောလိုက်ယင် အကျိုးရမှာ မဟုတ်ဘူးဆိုယင် အဲဒီစကားမျိုးလဲပဲ မပြောနဲ့၊ အကျိုးမရဘူး။ မှန်လဲ မှန်တယ်၊ ငါပြောလိုက်ယင် အကျိုးလဲ ရမယ်လို့ နှစ်ဘက် ကောင်း ကောင်းတာကောင်မှ ပြောဖို့ရန် အချိန်ကျ မကျ ကြည့်ပြီးတော့မှ ပြောဖို့ရန် အချိန်ဟုတ်မှ ပြောပါ။

ဟို ပါဠိတော်မှာ -

> 'ရဟောဝါဒံ န ဘာသေယျ၊ သမ္မုခါ န ခီဏံဘဏေ' တိ ဣတိ ခေါ ပနေတံ ဝုတ္တံ။ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ၊ တတြ ဘိက္ခဝေ ယံ ဇညာ ရဟောဝါဒံ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ သသက္ကံ တံ ရဟောဝါဒံ န ဘာသေယျ -

စသည်ဖြင့် မျက်ကွယ်စကားကို သုံးခုခွဲတယ်။ မျက်မှောက်စကားလဲပဲ ထို့အတူ သုံးခု ခွဲတယ်။ ရှိတဲ့အတိုင်း ပြောနေယင် ဉာဏ်တွေ ပြားကုန်လိမ့်မယ်။ အမှန်က ပုဂ္ဂိုလ်တစ် ယောက်ရဲ့ အကြောင်းကို မျက်မှောက် မျက်ကွယ် နှစ်မျိုးပြောမယ် ဆိုယင် စဉ်းစားပါ အုန်း၊ ဒီလို ပြောတဲ့အတွက် ပြောတဲ့စကားအရ မှန်လဲ မမှန်ဘူး၊ အကျိုးလဲ မရှိဘူးဆို ယင် မပြောနဲ့၊ လုံးဝမပြောနဲ့။ မှန်သော်လဲ အကျိုးမရှိဘူး ဆိုယင်လဲပဲ ဒါလဲ မပြောနဲ့။ မှန်တယ်၊ အကျိုးရှိတယ်ဆိုတောင်မှ အခါအခွင့်ကို ကြည့်ပြောပါ။ အဲဒီလိုဆိုယင် အဲဒီပုဂ္ဂိုလ် ဘယ်တော့မှ မဆင်းရဲတော့ဘူးတဲ့၊ ချမ်းသာသတဲ့။

http:\\www.dhammadownload.com



## အဆောတလျင် ပြောခြင်း၏အပြစ်

အတရမာနော ဘာသေယျ နော တရမာနော။ (ပါဠိ)

**(၅) မလျင်မဆော စကားပြော၊ (မလျင်မဆော တရားဟော) ပြေချောမွေ့သိမ်စွ။**

မလျင်မဆော စကားပြောပါ။ ချောချော ပြေပြေ သိမ်သိမ် မွေ့မွေ့၊ မလျင်မဆော အရေးတကြီး ပျာယီးပျာယာ မဟုတ်ဘဲ စကားပြောပါ။ အဲသလိုပြောယင် အဲဒီ ပြောတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာတယ်။

စကားပြောတဲ့ နေရာမှာပေါ့လေ၊ ဆင်းရဲအောင် ပြောတဲ့နည်း ရှိတယ်၊ ချမ်းသာအောင် ပြောတဲ့နည်း ရှိတယ်။ ဘယ်လိုလဲ၊ အရေးတကြီး ပျာယီးပျာယာ ပြောလို့ရှိယင် အဲဒါ ဆင်းရဲတယ်။

> တတြ ဘိက္ခဝေ တရမာနဿ ဘာသတော ကာယောပိ ကိလမတိ၊ စိတ္တမ္ပိ ဥပဟညတိ၊ သရောပိ ဥပဟညတိ၊ ကဏ္ဍောပိ အာတုရီယတိ၊ အဝိသဋ္ဌမ္ပိ ဟောတိ အဝိညေယျံ၊ တရမာနဿ ဘာသိတံ။

အရေးတကြီး ပျာယီးပျာယာ ပြောပြီဆိုယင် အဲဒီ ပြောတဲ့ ပုဂ္ဂိုလ်မှာ –

(၁) ကိုယ်လဲပဲ ပင်ပန်းတယ်။

(၂) စိတ်လဲပဲ နွမ်းတယ်။

(၃) အသံလဲ ပျက်တယ်။

(၄) လည်ချောင်းမှာလဲ နာတယ်။

(၅) အဲဒီလို အရေးတကြီးပြောတဲ့ စကားဟာ မသန့်ရှင်းဘူး။

(၆) အရေးတကြီး ပျာယီးပျာယာ ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားသည် တစ်ဘက်သား အနက် အဓိပ္ပာယ် မသိသာဘူး။

ဒါကြောင့် အရေးတကြီး ပျာယီးပျာယာ စကားမပြောပါနဲ့၊ အရေးတကြီး ပျာယီးပျာယာ တရားမဟောပါနဲ့။ အဲဒီလို ပြောမယ်၊ အဲဒီလို ဟောမယ်ဆိုယင်တော့ ဒါ ဆင်းရဲမယ် သေချာတယ် တဲ့။

"မလျင်မဆော စကားပြော၊ (မလျင်မဆော တရားဟော)၊ ပြေချောမွေ့သိမ်စွ" ဆိုတဲ့ အတိုင်း –

> တတြ ဘိက္ခဝေ အတရမာနဿ ဘာသတော ကာယောပိ န ကိလမတိ၊ စိတ္တမ္ပိ န ဥပဟညတိ၊ သရောပိ န ဥပဟညတိ၊ ကဏ္ဍောပိ န အာတုရီယတိ၊ ဝိသဋ္ဌမ္ပိ ဟောတိ ဝိညေယျံ အတရမာနဿ ဘာသိတံ။

http:\\www.dhammadownload.com



ချစ်သားတို့၊ ထိုအရာ၌ ဆောဆောလျှင်လျှင် မဟုတ်ဘဲနဲ့ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်အား -

ကာယောပိ န ကိလမတိ = ကိုယ်လဲ မပင်ပန်းဘူး။

စိတ္တမ္ပိ န ဥပဟညတိ = စိတ်လဲပဲ မနွမ်းဘူး။

သရောပိ န ဥပဟညတိ = အသံလဲပဲ မပျက်ဘူး။

ကဏ္ဍောပိ န အာတုရီယတိ= လည်ချောင်းလဲ မနာဘူး။

ဖြည်းဖြည်းလေး ပြောပါတဲ့။ ဖြည်းဖြည်းလေးပြောယင် ကိုယ်လဲ မပင်ပန်းဘူး။ စိတ်လဲ မနွမ်းဘူး၊ အသံလဲ မပျက်ဘူး၊ လည်ချောင်းလဲ မနာဘူး၊ ချမ်းသာသုခ ဖြစ်ပုံကို ပြောနေတယ်။

ဝိသဋ္ဌမ္ပိ ဟောတိ = အဲဒီ ပုဂ္ဂိုလ်ရဲ့ စကားသည် သန့်လဲ သန့်ရှင်းတယ်။ ပြီးတော့ - ဝိညေယျံ အတရမာနဿ ဘာသိတံ = အဆောတလျှင် မဟုတ်ဘဲနဲ့ ဖြည်းဖြည်း ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားသည် သူတစ်ဘက်သား သိလွယ်တယ်။

အဲဒါကြောင့် "မလျှင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွ" စကားပြောတဲ့အခါ ဆောဆောလျှင်လျှင် မပြောပါနဲ့၊ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ မလျှင်တဆော အရေးတကြီး မဟုတ်ဘဲနဲ့ ပြောပါ။ ပြောယင် ချမ်းသာမယ်။

**(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။**

**ဒေသအလိုက် ရေခွက်အခေါ် ၇-မျိုး**

ပါဠိတော်မှာကတော့ သူတို့ အိန္ဒိယမှာ သုံးတဲ့အတိုင်း ပြောပါတော့၊ အဲဒီ ဥစ္စာဘာကို အစွဲပြုပြီး မြတ်စွာဘုရား ဟောတာလဲလို့ မေးယင် ပစ္စည်းလေးတစ်ခု၊ ရေခပ်တဲ့ ခွက်ကလေးပဲ ဆိုပါတော့။ အဲဒီ ရေခွက်ကလေးကို ပါဠိနယ်ပယ်မှာ တချို့အရပ်က "ပတ္တ"=ခွက်၊ တချို့သောအရပ်က "ဝိတ္တ"၊ တချို့ အရပ်က "ပါတိ"၊ တချို့အရပ်က "သရာဝ"၊ တချို့အရပ် က "ဒါရောပ"၊ တချို့အရပ်က "ပေါန"၊ တချို့အရပ်က "ပိသိဝလ" လို့ ခေါ်တယ်။ ဒီရေခွက်ကလေးပင်လျှင် ခေါ်ပုံဟာ ခုနစ်မျိုး ပြားတယ်။

**ကြက်ဟင်းခါးသီးနဲ့ ဂျင်းခါးသီး**

အေး ... အဲဒီလိုပဲ ဒီဗမာပြည်မှာလဲပဲ ပစ္စည်းဝတ္ထု တစ်ခုကိုပင်လျှင် နှစ်မျိုး သုံးမျိုး စသည် ခေါ်ကြရှိတယ်။

http:\\www.dhammadownload.com



ဘုန်းကြီးတို့ ၁၉-နှစ် သားတုန်းက အောက်ကို ရောက်ဖူးတယ်။ ဟောဒီ ရန်ကုန်နဲ့ ပြည်လမ်း အုတ်ဖိုမှာ ရောက်တယ်။ အုတ်ဖို အနောက်ဘက်က "မတောင့်တ"ဆိုတဲ့ ရွာကို ရောက်ဖူးတယ်။ အဲဒီတော့ သူတို့ဆီမှာက ကြက်ဟင်းခါးသီးကြီးတွေက တော်တော် အောင်အောင်မြင်မြင်ကိုး။ ဟိုအချိန်ပေါ့၊ သီတင်းကျွတ်လလောက်။

ကြက်ဟင်းခါးသီးကြီးတွေက အောင်အောင်မြင်မြင်ဆိုတော့ ကိုယ်က ရိုးရိုးပဲ ပြောလိုက်တယ်။

"ဟာ ... ကိုရင်တို့ရာ၊ ကိုရင်တို့ဆီက ကြက်ဟင်းခါးသီးကြီးတွေက သိပ်ကောင်းတာပါလား"

ဆိုတော့ သူတို့က ဝိုင်းရီသဗျား။ "ဘာပြုလို့ ရီတာတုန်း ကိုရင်တို့က"ဆိုတော့-

"ဟာ ... ကိုရင်ကြီး၊ ဒါ ကြက်ဟင်းခါးသီး မခေါ်ဘူးဗျာတဲ့"

"ဘာခေါ်တုန်း ကိုရင်တို့က" ဆိုတော့

"ဂျင်းခါးသီး" တဲ့။

ဟော ... ဒီလို ပြောတယ်။ ကြက်ဟင်းခါးသီး မခေါ်ဘူး၊ ဂျင်းခါးသီးတဲ့။ ကြည့်နော် အဲဒီမှာ မငြင်းနဲ့၊ သွားပြီးတော့ ဂျင်းခါးသီးပြောတဲ့ အရပ်မှာ ငါတို့ ကြက်ဟင်းခါးသီးဆိုတဲ့ ဝေါဟာရကမှ မှန်တယ်ကွ၊ မင်းတို့ ဂျင်းခါးသီးဆိုတာ မှားတယ်ဆိုရင်တော့ အဲဒါ ဒုက္ခရောက်မယ်သာ ကြံရော့။ ဟင် ... ဘာပြုလို့တုန်း၊ ငြင်းရ ခုံရမှာ။ ငြင်းခုံယင် ဒေါသမူစိတ်နဲ့ ငြင်းကြခုံကြရတာ၊ ဒေါသမူစိတ်မှာ ဒေါမနဿဝေဒနာဆိုတာ စိတ်ဆင်းရဲမှုဆိုတဲ့ စေတသိက ဒုက္ခဝေဒနာ ပါနေတယ်။ အေး ... ဒါကြောင့် မြတ်စွာဘုရားက "အရပ်စကား မလွန်ငြား" ဆိုတဲ့အတိုင်း သူတို့အရပ်သုံး ဝေါဟာရကို ကိုယ်က လွန်ဆန်ပြီးတော့ ငါ့ဥစ္စာမှ မှန်တယ်၊ မင်းတို့ဟာ မှားတယ်၊ သွားမပြောနဲ့၊ ပြောယင် ဆင်းရဲမယ်။ ဘာပြုလို့တုန်း။ ငြင်းခုံရတော့မှာ၊ ငြင်းခုံတာနဲ့တွဲလျက် ခိုက်ရန်ဒေါသ ဖြစ်တတ်တယ်။

အဲ ... ပါးစပ်နဲ့ ငြင်းလို့ အားမရတော့ တော်တော်ကြာတော့ ကိုယ်နဲ့ ငြင်းကုန်ရော။ လက်နဲ့ ငြင်းကုန်ရော၊ ဟုတ်လား။ ပါးစပ်နဲ့ ငြင်းလို့ အားမရတော့ ထ လက်သီးနဲ့ ထိုးရောနော်။ လက်သီးချင်းထိုးလို့ အားမရတဲ့ အခါကျတော့ တော်ကြာ တုတ်ချင်းရိုက်ရော၊ တုတ်ချင်းရိုက်လို့ အားမရတော့ ဓားချင်းခုတ်ရော၊ ဒီမှာ ဆင်းရဲဒုက္ခတွေ ရောက်ရော။

မြတ်စွာဘုရားက -

http:\\www.dhammadownload.com



"ချစ်သားတို့၊ ထိုထိုပစ္စည်းကို ထိုထိုအရပ်ဒေသ ရောက်တဲ့အခါ မိမိအရပ်ဒေသက ဝေါဟာရကသာ မှန်တယ်၊ မင်းတို့ အရပ်ဒေသက ဝေါဟာရ မမှန်ဘူးလို့ သွားမငြင်းနဲ့။ နို့ ဘယ်လို နလုံးသွင်းရမလဲ။

"ဩော် ..ဒီပစ္စည်းကို သူတို့နေရာ၌ ဤကဲ့သို့ ခေါ်ဝေါ်သုံးစွဲပါလား"လို့ သိပြီးတော့ သူတို့အရပ်နေယင် သူတို့အရပ်က ဝေါဟာရအတိုင်း သုံးပါတဲ့။ မြတ်စွာဘုရားက –

အေး ... ဆိုပါစို့၊ ပါဠိတော်မှာ –

ဣဒံ ကိရ ဣမေ အာယသ္မန္တော သန္ဓာယ ဝဒန္တိ – တဲ့။

ဩော် ... ဤပစ္စည်းကို ရည်စူးပြီးတော့ ဤအရှင်မြတ်တွေ ဤကဲ့သို့ ပြောကြတာပါလား ... လို့ စိတ်ကို နူးနူးညံ့ညံ့ထား၊ ထားပြီးတော့မှ ထိုထိုဒေသမှာ ပြောတဲ့အတိုင်း မိမိကလဲပြော၊ ငါ့ဥစ္စာမှ မှန်တယ်လို့ အလွဲလွဲ အချော်ချော် မသုံးသပ်နဲ့။ မြတ်စွာဘုရားက အဲဒီလိုဆိုယင် ချမ်းသာပြီ ... တဲ့။

## နင်တံ သို့မဟုတ် နွားကန်

ကဲ ဆိုပါစို့ရဲ့၊ နွားနင်တဲ့၊ နွားကို မောင်းတဲ့ လှည်းသမားကိုင်တဲ့ ဝါးတို့ ကြိမ်တို့ပေါ့။ အဲဒီ နွားမောင်းတဲ့ လှည်းသမားကိုင်တဲ့ ဝါး၊ သို့မဟုတ် ကြိမ်ကို ဘုန်းကြီးတို့စာပေဝေါဟာရကတော့ နင်တံပဲ။ နွားတို့ ကျွဲတို့ကို နင်တဲ့ သွားအောင် မောင်းပေးတဲ့ တုတ်ချောင်းမို့လို့ နင်တံ၊ သူ့မှာ အငြင်းအခုံ မရှိဘူး။ သို့သော် အရပ်စကားကျတော့ တစ်မျိုးစီ။

ဘုန်းကြီးတို့ မြင်းခြံနား ကျတော့ဗျာ၊ အဲဒီ နွားမောင်းတဲ့တုတ်ကို "နွားကန်" တဲ့၊ ဟုတ်လား။ ဟို ... မန္တလေးနားကျတော့ အဲဒီ နွားမောင်းတဲ့ တုတ်ကိုပင်လျှင် "တံပြာ" တဲ့။ ကဲ နွားကန်သမားက တံပြာနယ် ရောက်သွားပြီတော့ –

"မင်းတို့ တံပြာဆိုတဲ့ စကား မှားတယ်ကွာ၊ ငါ့ နွားကန်ကမှ မှန်တယ်" လို့ ပြောယင် ဟိုလူတွေနဲ့ ရန်ဖြစ်မယ်သာ ကြရော၊ ဟုတ်လား။ အငြင်း ငြင်းရ ခုံရတယ်၊ ငြင်းခုံတာ၊ ပါးစပ်ချင်း ရန်ဖြစ်တာ၊ အေး ... ပါးစပ်နဲ့ ပထမ ရန်ဖြစ်လို့ အားမရတော့ ထပြီးတော့ ကိုယ်နဲ့ လက်သီးထိုးကုန်ကြရော။ ဆင်းရဲဒုက္ခ ရောက်မယ်။

အဲဒီတော့ ဩော် ... "ဤအရပ်မှာ ဤပစ္စည်းကို ဤအရှင်သူမြတ်တို့သည် ဤကဲ့သို့ ခေါ်တာပါလား" လို့ ထိုထို အရပ်ဒေသမှာ သုံးတဲ့စကားအတိုင်းသာ လိုက်သုံးပါတဲ့။ အဲသလို သုံးယင် ချစ်သားတို့ ဆင်းရဲဒုက္ခ မဖြစ်ဘူး။ ပါဠိတော်မှာကတော့ ဆင်းရဲဒုက္ခ

http:\\www.dhammadownload.com



နဲ့တကွ ဖြစ်တဲ့တရား၊ ဆင်းရဲဒုက္ခ မရှိတဲ့ တရားတွေကို အများကြီး ဝေဖန်ပြတယ်။ ကဲ မှတ်ကြစို့။

**(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွား မဇ္ဈိမ။**

အယုတ်တရားနှစ်ပါး ဘာပြုလို့ မလိုက်စားရသလဲ။ အဲဒါ ဆင်းရဲဒုက္ခနဲ့တကွ ဖြစ်တဲ့ တရားမို့ မလိုက်စားနဲ့။ မဇ္ဈိမပဋိပဒါလမ်းကို လိုက်ပါ။ အဲဒါသည် ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြောင်း တရားတစ်ပါး။

## တရားအသိနှင့် ယှဉ်အောင် ပြောရန်

**(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။**

အေး .... ကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန် ပြောပြီးတော့ မြှောက်လဲ မမြှောက်နဲ့၊ မကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန် ပြောပြီးတော့ နှိမ်လဲ မနှိမ်နဲ့၊ ဘာသာ ပြောရမလဲ။

ဓမ္မမေဝ ဒေသေယျ = ဓမ္မာဓိဋ္ဌာန်သာပြော (ဝါ) တရားကိုသာ အသိဉာဏ်ခိုက်အောင် ရောက်အောင်ပြော။

ဆိုပါစို့၊ ကာမသုခလ္လိကာနုယောဂဆိုတာ လက်ယာလမ်း၊ အတ္တကိလမထာနုယောဂ ဆိုတာ လက်ဝဲအစွန်း၊ အဲဒီနှစ်ခုမှာ မြှောက်စားတယ်၊ နှိမ်ချတယ်ဆိုတဲ့ နေရာမှာ ကာမသုခလ္လိကာနုယောဂကို လိုက်စားတဲ့ ပုဂ္ဂိုလ်တွေဟာ မိစ္ဆာပဋိပတ်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေပဲ။

အဲဒီလို ပုဂ္ဂိုလ်, ပုဂ္ဂိုလ်နဲ့ ပုဂ္ဂလာဓိဋ္ဌာန်၊ ပုဂ္ဂိုလ်ကို ပြောယင် ဆင်းရဲမယ်သာကြဲ။ မိမိဆင်းရဲတယ်။ နို့ ဒါဖြင့် ဘယ်လိုလုပ်ရပ့်၊ အဲဒီလို ကာမသုခလ္လိကာနုယောဂ အလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲနှင့်တကွ ဖြစ်တဲ့ တရားတွေပါတကား။ ပင်ပန်းမှု၊ ပူပန်မှု၊ ညှိုးနွမ်းမှုနဲ့ တကွဖြစ်တဲ့ တရားပါတကား။ ဖောက်ပြန်မှားယွင်းတဲ့ မိစ္ဆာအကျင့်ပဋိပတ် ပါတကားလို့ သူရဲ့ အားထုတ်ခြင်းဆိုတဲ့ ဓမ္မပေါ်မှာသာ ဝေဖန်တဲ့။

အေး ... ထို့အတူပဲ အတ္တကိလမထာနုယောဂမှာလဲ ဒီအတ္တကိလမထာနုယောဂ လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ မိစ္ဆာပဋိပန္န ပုဂ္ဂိုလ်တွေ၊ ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ကျင့်တဲ့ ပုဂ္ဂိုလ်တွေဆိုယင် ပုဂ္ဂလာဓိဋ္ဌာန်ပြောလို့ နှိမ်တာ။ အဲ ... နှိမ်ယင် ကိုယ်ဆင်းရဲမယ်။

နို့ ဘယ်နယ်ပြောရပ့်။ အဲဒီလို အတ္တကိလမထာနုယောဂခေါ်တဲ့ လက်ဝဲအစွန်းကို အားထုတ်ခြင်းဟာဖြင့် ဆင်းရဲရောက်ဖို့ အကြောင်းပဲ၊ နလုံးပူပန်ဖို့ အကြောင်းပဲ၊ မိစ္ဆာ

http:\\www.dhammadownload.com



ပဋိပတ်ပါလားလို့ အဲဒီလို ဆင်ခြင်ပါ။ အဲဒီလို ဆင်ခြင်ယင် ဓမ္မာဓိဋ္ဌာန်းနည်းနဲ့ ပြော ယင်လဲပဲ အဲဒီအတိုင်းပြော၊ ဓမ္မာဓိဋ္ဌာန်နည်းနဲ့ပဲ ဆင်ခြင်၊ အဲဒီလိုဆိုယင် မိမိ မဆင်းရဲ ဘူး။ ဒါကို "မမြွောက်မစား၊ မနိမ်ငြား၊ တရားဟောဖော်ပြ"။

## ချမ်းသာလိုငြား အဇ္ဈတ္တသုခတိုးပွား

### (၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။

ဗဟိဒ္ဓသုခ၊ အဇ္ဈတ္တသုခ နှစ်မျိုးရှိတယ်။ အပြင်အပမျိုး ဖြစ်တဲ့အဆင်းကို၊ အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို စွဲ၍ဖြစ်တဲ့ ချမ်းသာသုခမျိုးကို ကာမသုခလို့လဲ ခေါ်တယ်။ အဲဒီလို မဟုတ်ဘဲနဲ့၊ မိမိသန္တာန်မှာ ဖြစ်တဲ့ ဈာန်တရားများ၊ မိမိသန္တာန်မှာရှိတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို ကြည့်လို့ရတဲ့ ချမ်းသာသုခ၊ မိမိသန္တာန်မှာ အမှန်တကယ် ပရမတ္ထအားဖြင့်ရှိတဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာ ရှုလို့ ရတဲ့ သုခမျိုး။

အဲဒီ သုခမျိုးက အဇ္ဈတ္တသုခ၊ ကိုယ်တွင်းတရားကို အစွဲပြု၍ရတဲ့သုခ။ အဲဒီ သုခ နှစ်မျိုးတွင် အဇ္ဈတ္တသုခကို ပွားပါ၊ ဗဟိဒ္ဓသုခကို ချစ်သားတို့ မလိုက်နဲ့။ မသွားနဲ့၊ ဘာပြုလို့တုန်း။ ဗဟိဒ္ဓသုခက မောတယ်။ အဆင်းကို အကြောင်းပြု၍ဖြစ်တဲ့ သုခကို လိုချင်ယင် ဒီအဆင်းကို ရအောင် ရှာရတယ်။ ဒီအဆင်းက ကိုယ်ရှာတဲ့ အချိန် ရချင်မှ ရမယ်၊ မရယင် အဲဒီမှာ စိတ်ဆင်းရဲတတ်တယ်။

အဲဒါကြောင့် ချစ်သားတို့ ချမ်းချမ်းသာသာ နေချင်ယင် အဇ္ဈတ္တသုခ၊ ဗဟိဒ္ဓသုခ နှစ်ပါး ကွဲကွဲပြားပြားသိ။ သိပြီးတော့ ဗဟိဒ္ဓသုခကို မလိုက်စားနဲ့၊ အဇ္ဈတ္တကိုသာပွား၊ လိုက်စား။ ချမ်းသာပြီ။ လူတွေဟာ ချမ်းသာချင်ကြတာပဲ။ တစ်ခါလာခဲ့ဦး။

### (၄) မျက်မှောက် မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းအရာကို သူ့ရဲ့ မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ သူ့ရဲ့ မျက်ကွယ်မှာပဲ ဖြစ်ဖြစ် ပြောမယ်ဆိုယင် စဉ်းစားအုန်း။ မမှန်ဘူး၊ အကျိုးမရှိဘူး၊ လုံးဝ မပြောနဲ့။ မှန်တယ်၊ မှန်သော်လဲ အကျိုးမရှိဘူးဆိုလဲ အဲဒီ စကားမျိုးလဲ မပြောနဲ့။ မပြောဖို့ဘဲ လေ့လာရတယ်။

မှန်လဲ မှန်တယ်၊ အကျိုးလဲ ရှိတယ် ဆိုလို့ရှိယင်ဖြင့် ဒါတောင်မှ အဲဒီစကားကို ပြောဆိုဖို့ရန် အခါအခွင့် ရောက်မှ ပြောပါ။ အခါအခွင့် မရောက်သေးဘူး၊ လွန်သွားပြီ၊ ပမာ ဒီစကားမျိုး ပြောဖို့ရန် အချိန်မဟုတ်တော့ဘူး၊ လွန်သွားပြီဆိုလဲ မပြောနဲ့၊ ဒီစကား

http:\\www.dhammadownload.com



ပြောဖို့ရန် မရောက်သေးဘူးဆိုလဲ မပြောနဲ့၊ ခုချိန်မှာ ဒီစကား ပြောဖို့ရန် အချိန်တန်ပြီ ဆိုမှ ပြောပါ။

ကဲ ပြောတဲ့အခါမှာ -

**(၅) မလျင်မဆော စကားပြော၊ (မလျင်မဆော တရားဟော) ပြေချောမွေ့သိမ်စွ။**

အရေးတကြီး ပျာယီးပျာယာ မဟုတ်ဘဲ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ မလျင်လဲ မလျင်၊ အနှေးကြီးလဲ မဟုတ်၊ အမြန်ကြီးလဲ မဟုတ်၊ အလယ်အလတ် မရှိုမပဋိပဒါနဲ့ ပြောပါ။ ပြောယင် မိမိချမ်းသာပြီ။ ဒီလို မဟုတ်ပါဘဲနဲ့ အရေးတကြီး ပျာယီးပျာယာ ပြောပြီဆိုယင် အပြစ်ခြောက်ပါး သင့်တယ်။

အေး ... အလျင်ကြီးလဲ မဟုတ်၊ အနှေးကြီးလဲ မဟုတ်၊ အလယ်အလတ် မရှိုမ ပဋိပဒါ ပြေပြေချောချော သိမ်သိမ်မွေ့မွေ့ ပြောပါ။ အဲဒီလို ပြောယင် ဘယ်လိုဖြစ်တုန်း၊ ပြေပြေချောချော သိမ်သိမ်မွေ့မွေ့ ပြောတဲ့လူ အဖို့ရာ ကိုယ်လဲ မပင်ပန်းဘူး၊ စိတ်လဲ မနွမ်းဘူး၊ အသံလဲပဲ မပျက်ဘူး၊ လည်ချောင်းလဲပဲ မနာဘူး၊ ထိုပုဂ္ဂိုလ်ရဲ့ စကားသည် သန့်လဲ သန့်ရှင်းတယ်။ ထိုပုဂ္ဂိုလ်ရဲ့ စကားသည် သိလဲ သိလွယ်တယ်။ အဲဒီလို အကျိုး ခြောက်ပါးရှိလို့ ပြေပြေချောချော သိမ်သိမ်မွေ့မွေ့ စကားပြောပါ၊ တရားဟောပါ၊ ပျာယီး ပျာယာ ရေးကြီးသုတ်ပျာ ဘာမှ မပြောပါနဲ့၊ အင်မတန် ပင်ပန်းပါတယ်။ မြတ်စွာဘုရား က တပည့်သာဝကတွေ ပင်ပန်းမှာစိုးလို့၊ ဆင်းရဲမှာစိုးလို့၊ ချမ်းချမ်းသာသာ နေချင်ယင် ချစ်သားတို့ ဒီ တရားနဲ့နေ။

**(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။**

ထိုထိုအရပ်စကား၊ အရပ်မှာသုံးတဲ့ စကားကို သွားပြီးတော့ မလွန်ဆန်နဲ့။ ဟုတ် လား။ မလွန်နဲ့၊ လွန်ဆန်လို့ရှိယင် မင်းဒုက္ခရောက်မယ်၊ အဲဒီတော့ သူတို့အရပ်မှာ ဩော် ... ဒီပစ္စည်း သူတို့အရပ် ဒီလို ခေါ်သကိုးလို့ ဒီအရပ်မှာ နေတုန်းဖြင့် ဒီအရပ် သုံးတဲ့ စကားအတိုင်းသာ သုံးတဲ့၊ ခိုက်ရန်ဒေါသ ဖြစ်အောင် မလုပ်နဲ့တဲ့၊ ငါ့စကားကမှ မှန်တယ်၊ မင်းတို့အရပ် ဝေါဟာရ မှားတယ်လို့ သွားမလုပ်နဲ့၊ အဲဒါ "အရဏဝိဘင် သုတ်" ဆိုတာ ဒီတရားခြောက်ပါးကို ဖော်ပြတဲ့သုတ်။

အဲဒီ သုတ္တန်မှာ ဒီက သရဏတရား၊ ဒီက အရဏတရား၊ ဒါက သရဏတရား၊ ဒါက အရဏတရား ဆိုတာ မြတ်စွာဘုရား တစ်ခါတည်း ထပ်ပြီးတော့ ဝေဖန်ပေးသေး တယ်။

http:\\www.dhammadownload.com



ကာမသုခလ္လိကာနုယောဂ အလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲဒုက္ခ ရောက်ကြောင်းတရား။

အေး ... ကာမသုခလ္လိကာနုယောဂ အလုပ်ကို အားမထုတ်ခြင်းသည် ချမ်းသာစွာ နေရကြောင်း တရား။

အတ္တကိလမထာနုယောဂ အလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲစွာ နေရကြောင်း တရား။

အတ္တကိလမထာနုယောဂ အလုပ်ကို အားမထုတ်ခြင်းသည် ဆင်းရဲစွာ မနေရကြောင်း တရား။

အဲဒီလို အရဏတရား၊ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရကြောင်းဖြစ်သော တရား၊ အေး ... အဲဒီလို အသေးစိတ်ကို ဖော်ပြပါတယ်။

ဒီတော့ ဆင်းရဲကင်းကွာ ချမ်းသာစွာနေကြောင်း၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော မဇ္ဈိမပဋိပတ်သည် ဆင်းရဲကင်းကွာ ချမ်းသာစွာနေကြောင်း ဖြစ်သောတရား။

တစ်ဖန် သူတစ်ဘက်သားကို မြှောက်တယ်၊ သူတစ်ဘက်သားကို ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မြှောက်တယ်၊ သူတစ်ဘက်သားကို ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် နှိမ်တယ်ဆိုယင် အဲဒါ ဆင်းရဲကြောင်းတရား။ သူတစ်ဘက်သားကို ပုဂ္ဂလာဓိဋ္ဌာန်နဲ့ မမြှောက်၊ မနှိမ်ဘဲနဲ့ ဓမ္မာဓိဋ္ဌာန်ကျကျ မြှောက်ယင် အဲဒါ ဆင်းရဲကင်းကွာ ချမ်းသာကြောင်း တရားတဲ့။

ပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းကို မျက်မှောက်ပဲ ဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲဖြစ်ဖြစ် မှန်ကန်၍ အကျိုးရှိသော စကားကိုသာ အချိန်ကိုသိ၍ ပြောခြင်းဟာ အရဏတရားတဲ့၊ ဒီတရား ပွားရမယ့် တရားပေါ့။

### အကျဉ်းချုပ် မှတ်သားရန်

အဲဒီလို တစ်ခုစီ တစ်ခုစီ အသေးစိတ် ဒါက သရဏ၊ ဒါက အရဏလို့ ဟောပါတယ်။ တရားနာ ပရိသတ် နားလည်ထားဖို့ကတော့ ဒီလင်္ကာခြောက်ပုဒ် ရထားယင် ဒို့ချမ်းချမ်းသာသာ နေနိုင်ကြောင်း တရားတွေကို သိပြီ။

ဆိုကြပါစို့ –

(၁) အယုတ်နှစ်ပါး၊ မလိုက်ငြား၊ လမ်းသွားမဇ္ဈိမ။

(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။

http:\\www.dhammadownload.com



(၄) မျက်မှောက်မျက်ကွယ်၊ ဤ နှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

(၅) မလျင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွ။

(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါးအရဏ။

မြတ်စွာဘုရားက အဲဒီ သုတ္တန်ကို နိဂုံးအုပ်တဲ့အခါကျတော့ -

တသ္မာ တိဟ ဘိက္ခဝေ။

ဘိက္ခဝေ=ချစ်သားတို့။ တသ္မာ=ထို့ကြောင့်။ (ဝါ) ထိုသို့ သရဏတရား ပွားယင် ဆင်းရဲဒုက္ခ ရောက်မယ်။ အရဏတရားပွားယင် ဆင်းရဲဒုက္ခ ကင်းကွာမယ် ဖြစ်ရကား-

သရဏဉ္စ ဓမ္မံ ဇာနိဿာမ၊

အရဏဉ္စ ဓမ္မံ ဇာနိဿာမ။

မယံ = ငါတို့သည်။ သရဏဉ္စ ဓမ္မံ = ဆင်းရဲနှင့်တကွ ဖြစ်တဲ့ **တရားကိုလည်း။** **ဇာနိဿာမ=သိအောင်ကြိုးကုတ် အားထုက်ကြကုန်အံ့။**

ဒီတရား ဒီတရားစုဟာ သရဏတရားဆိုတာ သိ**အောင် အားထုတ်ရမယ်။**

**အရဏတရားကိုသာ အားထုတ်ကြ**

အရဏဉ္စ ဓမ္မံ=အရဏမည်သောတရား ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်တဲ့ တရားကိုလဲပဲ။ ဇာနိဿာမ=သိအောင်ကြိုးကုတ် ငါတို့ အားထုတ်ကြမဟဲ့၊ အား ထုတ် ကြမဟဲ့လို့ အံကြိတ်ပြီးတော့ စဉ်းစားလိုက်စမ်းပါတဲ့။

သရဏဉ္စ ဓမ္မံ ဉတွာ၊ အရဏဉ္စ ဓမ္မံ ဉတွာ -

ဤတရားကား ဆင်းရဲဒုက္ခနဲ့တကွ ဖြစ်တဲ့တရားပဲ၊ ဤတရားကား ဆင်းရဲဒုက္ခ ကင်းကွာတဲ့ တရားပဲလို့ သိပြီးတော့ -

အရဏပဋိပဒံ ပဋိပဇ္ဇိဿာမာတိ။

ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြောင်းဖြစ်တဲ့ အကျင့်ကောင်းကိုသာ ကျင့်ကြံကြိုး ကုတ် အားထုတ်ကြမဟဲ့လို့ -

ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

ဘိက္ခဝေ=ချစ်သားတို့။ ဧဝံ ဟိ=ဤသို့ နှလုံး စွဲပိုက် သုံး၍သာလျှင်။ ဝေါ တုမှေဟိ =သင်ချစ်သားတို့သည်။ သိက္ခိတဗ္ဗံ=အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ပဋိပတ်ကို ကြိုးစားအားထုတ်သင့်၏။ (ဝါ) အားထုတ်သင့်လှ၏။ အားထုတ်ကြလေ။

http:\\www.dhammadownload.com



**အရညပဋိပတ်ကိုကျင့်သော သုဘူတိအမျိုးကောင်းသား**

သက်သေများရှိရဲ့လား၊ အရညပဋိပတ်ကို ကျင့်တဲ့ ကိုယ်တော်ရှိသလား ဆိုတော့ မြတ်စွာဘုရားက ဒီပြင် သုတ္တန်များမှာပေါ့လေ၊ အဲဒီလို ဩဝါဒပေးယင် ပြီးတာပဲ။ ဒီသုတ္တန်မှာ တကတည်း ရှင်သုဘူတိကို ဘုရားက သီးခြားပြောတာ။

သုဘူတိ စ ပန ဘိက္ခဝေ ကုလပုတ္တော အရဏပဋိပဒံ ပဋိပန္နော။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ သုဘူတိ စ ပန ကုလပုတ္တော=သုဘူတိ အမျိုးကောင်းသားသည်။

ဘယ်ကလာတဲ့ အမျိုးသားကောင်းလဲ။ အနာထပိဏ်သေဋ္ဌေးရဲ့ ညီအရင်း သုဘူတိ သေဋ္ဌေးသားလို့ ရှိတယ်။ အဲဒီ သုဘူတိ သေဋ္ဌေးသားသည် ဇေတဝန်ကျောင်းတိုက်ကြီး ရေစက်ချတဲ့နေ့က သာသနာတော်ကို သက်ဝင်ယုံကြည်ပြီးတော့ နောင်တော် အနာထပိဏ်သေဋ္ဌေးထံ ခွင့်ပန်၍ သာသနာ့ဝန်ထမ်း ရဟန်းပြုတယ်။

နောက် ရဟန်းတရား ပွားများအားထုတ်လို့ ရဟန္တာဖြစ်တယ်။ အသီတိသာဝကကြီး ရှစ်ကျိပ်ထဲမှာ ဧတဒဂ်ဘွဲ့ထူး နှစ်ချက်ရတဲ့ မဟာသာဝကကြီး တစ်ပါးပါ။ အရှင် သုဘူတိ။ အေး ... လောကမျိုးရိုး ပြောယင်လဲ သေဋ္ဌေးသားပဲ၊ ပြီးတော့ သာသနာတော် ရောက်ပြန်တော့လဲပဲ အထက်တန်းကျလိုက်တာ၊ မြတ်စွာဘုရားကိုက ချီးမွမ်းယူရတယ်။

**ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်**

ချစ်သားတို့တဲ့၊ သုဘူတိဆိုတဲ့ အမျိုးကောင်းသား ရဟန်းသည် အရဏပဋိပတ်ကို အမြဲကျင့်ကြံတယ်။ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရကြောင်းဖြစ်တဲ့ တရားကို ကျင့်ခြင်းဆိုတဲ့ ပဋိပဒါ အမြဲမပြတ် ကျင့်နေတယ်။

အရဏပဋိပဒံ=အရဏပဋိပတ်ကို။ ပဋိပန္နော=အမြဲမပြတ် ကျင့်ကြံ၍ နေ၏။

ချစ်သားတို့၊ သုဘူတိဆိုတဲ့ ကိုယ်တော်ရှိတယ်။ အဲဒီ ကိုယ်တော်သည် အရဏ တရား ခြောက်ပါးနဲ့ နေကြတဲ့ ငါဘုရားရဲ့ တပည့်သာဝကထဲမှာ သူ အသာဆုံးကွဲ့။ အဲဒါကို "အရဏဧတဒဂ်"လို့ ခေါ်တယ်။ အေး ... အဲဒီလိုလဲ အရှင်သုဘူတိဟာ ဘုရား ချီးကျူးခံရတယ်။

http:\\www.dhammadownload.com



အရှင်သုဘူတိသည် မေတ္တာ ဝိဟာရ မေတ္တာနဲ့ နေကြတဲ့ ရဟန်းတော်ထဲမှာ ဘုရားသားတော်ထဲမှာ သူ့အသာဆုံး အမြတ်ဆုံး။ ဘယ်လောက်များလဲဆိုယင် မေတ္တာဈာန်နဲ့ နေလိုက်တာ၊ အယုတ်သဖြင့် ဒီအိမ်ဝ ဆွမ်းရပ်တယ်၊ ရပ်တဲ့အချိန်က စပြီးတော့ မေတ္တာဈာန် ဝင်စားနေတယ်။ ဆွမ်းလောင်းတဲ့လူ အနားရောက်လာမှ မေတ္တာဈာန်က ထ၍ ထိုလှူတဲ့ ဆွမ်းကို အလှူခံတယ်။

အေး ... အဲဒါကိုပဲ မြတ်စွာဘုရားက သူ့ကို အရဏ ပဋိပတ်ကို တကယ်ကျင့်တဲ့ ကိုယ်တော်ပဲလို့ ချီးမွမ်းတော် မူရတယ်။ မှန်တယ်။ ပုဂ္ဂလာဓိဋ္ဌာန် ဘုရားကမှ တခါတလေ ပြောသေးတယ်၊ "မောဃပုရိသ=မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ဟဲ့ ယောကျ်ား" မြည်တဲ့အခါ၊ ဆဗ္ဗဂ္ဂီတွေ ဘာတွေကို မြည်တဲ့အခါ ဒီလို သုံးသေးတယ်။

အရှင်သုဘူတိကတော့ ပုဂ္ဂလာဓိဋ္ဌာန် ဘယ်တော့မှ မပြောဘူးတဲ့။ ဓမ္မာဓိဋ္ဌာန်ပဲ ပြောတော့ အမြဲတမ်း သူချမ်းသာတာပေါ့။ ဒီတော့ ချမ်းသာချင်ယင် အဲဒီတရား ခြောက်ပါးနဲ့ ပြည့်အောင်နေပါ၊ (ဝါ) အဲဒီတရား ခြောက်ပါးနဲ့ ပြည့်အောင်နေ၍ ချမ်းသာနိုင်ကြပါစေ။ လူတွေဟာက ဒုက္ခကို ပြောရမှ ကြိုက်ကြတယ်။ ဆင်းရဲတာကို ပြောရမှ လူတွေက ကြိုက်တယ်၊ အဲဒီလို ချမ်းသာဖို့ရန်ကျတော့ ခြောက်သွေ့တယ်။

အဲ ... ဆင်းရဲတာကျတော့ ကြိုက်တယ်၊ အပူကျတော့ ကြိုက်တယ်။ ဘုန်းကြီးများ ဒီဒကာ ဒကာမတွေ စိတ်တွေ ပူပူနေ၊ ဒီက အေးအောင်ပြော၊ ဟိုတစ်ခါ ဒကာ ဒကာမက ပူတဲ့စကားပြော၊ ဒီက အေးတဲ့စကား ပြောတော့ ဒကာတစ်ယောက်က ပြောတယ်။

"ဆရာတော် အဲဒါ သိပ်မပြောနဲ့၊ မကြိုက်ဘူး" တဲ့။

"ဘာပြုလို့တုန်း"

"ဟာ ... သူတို့က အဲဒါ မကြိုက်ဘူး"။

"မကြိုက်ပေမယ့်လို့ ဒီလို ရှိတယ်။ မီးလောင်နေတဲ့ အထဲကို အမှိုက်မထည့်ရဘူး၊ မီးလောင်နေတာ အမှိုက်ထည့်ယင် တိုး မီးလောင်တာပေါ့။ သူတို့က စိတ်ပျက်နေတာ၊ စိတ်ပျက်စရာ အကြောင်းတွေ ထပ်ပြော၊ ပိုပြီးတော့ စိတ်ပျက်တာပေါ့။ ဒီတော့ မီးလောင်ယင် ရေနဲ့ ငြိမ်းမှ၊ ဒါမှ မိတ်ဆွေအစစ်၊ ငါကတော့ အေးအောင်ကတော့ ပြောရမှာပဲလို့ ပြောရပါတယ်"

http:\\www.dhammadownload.com



ဆိုကြပါစို့။ ဥပမာ–လူတွေ ဒီ အရဏဝိဟာရ တရားနဲ့ ချမ်းချမ်းသာသာနေဖို့ တရားခြောက်ပါး ပွားကြပါဆိုယင် ဒါကျတော့ သိပ်လွယ်တာ မဟုတ်ဘူးနော်၊ သိလား။ ဒါကျတော့ လူတွေက သိပ်မလွယ်ဘူး။ ဟော ... အရဏဝိဟာရ တရားနဲ့ကျကော့ လွယ်တယ်၊ ဒီတော့ ဆုပဲ တောင်းလိုက်ကြရအောင်။

အရဏဝိဟာရတရား ခြောက်ပါးကို ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ မိမိတို့ ကိုယ်တိုင်ကလဲပဲ အရဏ ဝိဟာရတရား ခြောက်ပါးကို ပွားများကြိုးကုတ် အားထုတ်မယ်။

## လွယ်ကူသော ကာမသုခကို မလိုက်စားရန်

ပမာပုံ – မဂ္ဂင်ရှစ်ပါးကို သမ္မာဒိဋ္ဌိ ဖြစ်အောင် စတုသစ္စ ကမ္မဋ္ဌာန်းကို စီးဖြန်းစမ်းပါ၊ နှလုံးသွင်းစမ်းပါဆိုတာနဲ့၊ ရုပ်ရှင်သွားကြည့်ရအောင်၊ ဇာတ်ပွဲ သွားကြည့်ရအောင်၊ လာ လိုက်မလား ဆိုတာနဲ့ ဘယ်က လွယ်သလဲ။ အေး ... ဇာတ်ပွဲသွားကြည့်ရအောင်၊ ရုပ်ရှင် သွားကြည့်ရအောင်က ဒါက လွယ်တယ်။ ဘာလို့တုံး၊ အဲဒီက သူက ကာမသုခ ရှိတာကိုး၊ ဟုတ်လား။

အဆင်းတည်းဟူသော ဝတ္ထုကာမ၊ အသံတည်းဟူသော ဝတ္ထုကာမကို အစွဲပြုလို့ ရတဲ့ သုခ ရှိတယ်။ အဲဒီဘက်ကို ပုထုဇဉ်စိတ်က များသောအားဖြင့် ယိုင်တာ၊ လဲတာ။ အဲ ... လဲယင် အဲဒါ ဆင်းရဲမှာ ဆင်းရဲရမယ်။ အဲ ... ခုနကပြောသလိုပဲ မဇ္ဈိမပဋိပဒါကျ အောင်ကတော့ သစ္စာကမ္မဋ္ဌာန်းကို စီးဖြန်းနေ၊ ဒါ မဇ္ဈိမပဋိပဒါ ကျတယ်။

အေး ... အဲဒါကြောင့် ကောင်းတာလုပ်နိုင်ပါစေဆိုတာ ဆုညွှန်းရအောင်။

### အရဏတရားနိဂုံး

ဤသို့လျှင် ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း ခြောက်ပါးသော တရားတို့ကို ခွဲခြားဖော်ပြရာ ဖြစ်သော ဥပရိပဏ္ဏာသ ပါဠိတော်လာ အရဏဝိဘင်္ဂသုတ္တန် တရားဒေသနာမြတ်ကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလ ဆောက်တည်ကြရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ နှစ်စဉ် နှစ်စဉ် စာပြန်ပွဲ စာမေးပွဲ ဓမ္မသဘင် ဆင်ယင်၍ အောင်မြင်တော်မူကြသော ရှင်ငယ်၊ ရဟန်းငယ်တို့အား အသီးအသီး တရားဓမ္မ ဒါနဝတ္ထုတို့ဖြင့် ဓမ္မပူဇာ ပြုလုပ်ရ သော မင်္ဂလာကောင်းမှု ကုသိုလ်ကံ စေတနာ၊ ထိုစာပြန်ပွဲ စာမေးပွဲရက်အတွင်း၌ ဘုရား

http:\\www.dhammadownload.com



အမှုံးရှိသော သံဃာတော် အရှင်သူမြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းကျွေးမွေး ပြုစုရခြင်းတည်းဟူသော ဗုဒ္ဓပမုခ သံဃိက ဘောဇန ဒါနကောင်းမှု ကုသိုလ်ကံစေတနာ၊ ဤသို့ စသည် ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် -

**ဒုက္ခစပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်။**

ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ၊ ပြတ်ရာ၊ ငြိမ်းရာ၊ သံသရာဓာတ် သိမ်းရာဖြစ်တဲ့ တရားသည် နိဗ္ဗာန်ပဲလို့ အဲဒီလို ပုထုဇဉ်တို့ရဲ့ အနုမာနသိနဲ့ အဲဒါလောက်ပဲ သိထားပါ။

ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ၊ ပြတ်ရာ၊ ငြိမ်းရာ၊ သံသရာ ဓာတ်သိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ပန်ထွာ တောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ဘဝသည် နောက်ဆုံးဘဝ ပါပေ။ ထို နောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိစုမှ အခြားမဲ့ နောက်ကာလ၌ ကာမဘဝ၊ ရူပဘဝ၊ အရူပ တည်းဟူသော ဘဝသုံးပါးတို့တွင် ဘယ်ဘဝ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန်အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၊ အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း။ အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီး ဘိုင် ငြိမ်းကြပါစေကုန်သတည်း။

အရဟာဝိဘင်္ဂသုတ္တန်တရားတော်
ပြီးပြီ။

http:\\www.dhammadownload.com



# သီလဝန္တသုတ္တန်တရားတော်

## ရဟန္တာပုဂ္ဂိုလ်များ ဆက်လက် ရှုပွားရမည့်တရား ရှိ မရှိဟူသော သံသယကို ပယ်ဖျောက်ရန် ရည်ရွယ်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃–ခု၊ သာသနာတော် ၂၅၁၅–ခုနှစ်၊ နှောင်းတန်ခူး လပြည့် ကျော် ၁၀–ရက်နေ့ည၊ မင်းကွန်းဓမ္မနာဒတိုက်၊ မဟာဗန္ဓုလ ဓမ္မာရုံ၌ ရန်ကုန်မြို့ ရွှေတောင်တန်းရပ်၊ အလှူဒါယကာ ဦးအေးမောင် + ဒေါ်ညိုဝင်း တို့၏သားများ ရှင်ပြု၊ သမီးနားသ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲ၌ ၃–ည မြောက် ဟောကြားအပ်သော သာဝနာနှင့်စပ်သော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ သီလဝန္တသုတ္တန် တရားတော်။

ကနေ့ ဘုန်းကြီးဟောမယ့် သုတ်ဟာ သံယုတ္တနိကာယ်ထဲက သံယုတ်ငါးကျမ်းဝင် ခန္ဓဝဂ္ဂသံယုတ်ဆိုတဲ့ ကျမ်းကလာတဲ့ သီလဝန္တသုတ်တဲ့။ အဲဒီ သီလဝန္တသုတ်ကို နာမယ် ကြဲတော့ ကြိုတင်ပြီး အကျဉ်းချုပ် ခန္ဓာငါးပါး ကိုယ်ထဲမှာ ရှာထားရအောင်။ လယ်တီ ဆရာတော်ဘုရားကြီးက ခန္ဓာငါးပါး ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီးတွေ နားလည် အောင် လင်္ကာလေးတွေ ရေးထားခဲ့တယ်။

### ခန္ဓာငါးပါးလင်္ကာများ

**ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန့်တည်း။**

### မူလဋီကာကို လယ်တီဆရာတော်ဘုရားကြီး ချီးမွမ်းတော်မူခြင်း

တစ်ပိုဒ် တစ်ပိုဒ် သူ့အခန်းနဲ့သူ သန့်လျက် သန့်လျက် ရေးထားတယ်။ ဆရာတော် ဘုရားကြီးများ ခေတ်တုန်းက စာပေများ ဆရာတော်ကြီး ချီးမွမ်းတော့ ဘုန်းကြီးတို့ အဘိဓမ္မာကို ဖွင့်တဲ့ မူလဋီကာဆိုတာ စာလဲ ခက်ခဲတယ်၊ အဓိပ္ပာယ်လဲ နက်နဲတယ်၊ အဲဒီ မူလဋီကာစာပေကို လယ်တီဆရာတော်ဘုရားကြီးက သူ့ခေတ် အချီးအမွမ်းနဲ့ ဘယ်လို ချီးမွမ်းတုန်းဆိုတော့ "မူလဋီကာ စာတစ်ပိုဒ် တစ်ပိုဒ်သည် ရွှေမန်ကျည်းသီး တစ်ထောင့် တစ်ထောင့်လောက် အဖိုးတန်သကွ"၊ အဲဒီလို ချီးမွမ်းသတဲ့။

မှန်ပါတယ်။ သူတို့ ခေတ်တုန်းကတော့ ကနေ့လို ရွှေချောင်းခေတ် မဟုတ်ပါဘူး။ သူတို့ခေတ်တုန်းက တန်ဖိုး အမြင့်ဆုံးထားပြီး သုံးတာ ရွှေမန်ကျည်းသီးတောင့် သုံးပုံ

http:\\www.dhammadownload.com



ရပါတယ်။ သူ့ခေတ် သူ့အခါ သူ့ဒေသမှာ အမြတ်တနိုး ထားပြီးတော့ သုံးတဲ့စကားတွေဟာ စကားကို ထောက်ပြီး ထိုခေတ်က အဖြစ်မှန်ကို မှန်းဆနိုင်ပါတယ်။

ဟောဒီ ဘုန်းကြီးတို့ မင်းကွန်းမှာ တိုက်အုပ်ဆရာတော် အခု သီတင်းသုံးတဲ့နေရာနဂိုတုန်းက "ဘိုးသံပရာ"လို့ ကိုယ်တော်ကြီး ရှိတယ်။ အဲဒီ အချိန်တုန်းက ငွေတောင်တောရ ရွှေကျောင်တိုက်ကြီးမှာ ဥပုသ်နေ့ ဥပုသ်နေ့ကျ တရားပွဲဟာ ညလုံးပေါက် ရှိတယ်။ မန္တလေးက ရွှေကျောင်တိုက်က ကိုယ်တော်တွေ လာလာပြီးတော့ တရားဟောရတယ်။ တရားနာတဲ့ ပရိသတ်က မလဲဘူး၊ တရားဟောတဲ့ ပုဂ္ဂိုလ်ကသာ အလဲအလှယ်နဲ့ မိုးလင်းအောင် တရားဟောတယ်။

အဲဒီလို ဟောတဲ့ အထဲမှာ ဆရာတော် ဦးဇနိတ ပထမဆုံး ပါလာတဲ့ အချိန် ဘုန်းကြီးတို့ ဒကာမကြီးက ပြောတယ်။

"ဆရာတော် ဦးဇနိတ၊ သူ့အသံက ပင်ကိုယ်ကိုက စည်းမိ ဝါးမိ ကြည်ညိုဖွယ်ရှိတဲ့ အသံ၊ သိပ်ပြီး ပြင်နေရတာ မဟုတ်ဘူး"။

ဒီတော့ မင်းကွန်းမှာ အစဆုံး ဘုန်းကြီး ဦးဇနိတ ငွေတောင်တောရတိုက်မှာ ဟောတဲ့ တရားကို နာလာရတော့ ဒီဘိုးသံပရာကြီးက ချီးမွမ်းတာတဲ့။ ဒကာမကြီး ပြောလို့ တစ်ဆင့် ကြားရတယ်။ ဘိုးသံပရာက ဘယ့်နှယ် ချီးမွမ်းတုန်းဆိုတော့ -

"အောင်မလေးဗျာ ... မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး အုပ်ထားတဲ့ သခွားသီးမှည့်ကြီးတွေ ခုမှ လှပ်တော့တယ်။"

ဘိုးသံပရာက ချီးမွမ်းသတဲ့။ မှန်ပါတယ် ဘိုးသံပရာတို့အနေနဲ့ အဲဒီခေတ် အဲဒီအချိန်လောက်က အကောင်းဆုံးထားပြီး စားရတဲ့ သွားရည်စာက သခွားသီး မှည့်ကြီးတွေပဲ ရှိပါလိမ့်မယ်။

**စာတစ်ပိုဒ် ရွှေချောင်းတစ်ချောင်း တန်ဖိုးရှိ**

လယ်တီဆရာတော်ဘုရားကြီးများက ချီးမွမ်းသလို ရွှေမန်ကျည်းသီး တစ်တောင့်တစ်တောင့် မူလဋီကာ စာတစ်ပိုဒ် တစ်ပိုဒ် တန်ဖိုးရှိသကွလို့ ချီးမွမ်းသလိုပဲ ကနေ့ရွှေချောင်းခေတ်နဲ့ ချီးမွမ်းယင် လယ်တီဆရာတော်ဘုရားကြီးများ ရေးသားတဲ့ စာတစ်ပိုဒ် တစ်ပိုဒ်လျှင် ရွှေချောင်းတစ်ချောင်း တစ်ချောင်းလောက် တန်ဖိုးရှိတယ်လို့ ချီးမွမ်းနေရတယ်။ အင်မတန် စာနေသန့်တယ်။

ခန္ဓာငါးပါး တန်းပြီး ပြောတတ်အောင်

http:\\www.dhammadownload.com



**ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏာဟု၊ အစုငါးတန်၊ ငါးရပ်ခန်တည်း။**

ဒီစာပိုဒ်ကလေးရယင် ခန္ဓာငါးပါး တန်းပြီး ပြောတယ်။

ရူပက္ခန္ဓာ = ရုပ်တရားအစု၊

ဝေဒနာက္ခန္ဓာ = ဝေဒနာတရားအစု၊

သညာက္ခန္ဓာ = သညာတရားအစု၊

သင်္ခါရက္ခန္ဓာ = သင်္ခါရတရားအစု၊

ဝိညာဏက္ခန္ဓာ = ဝိညာဏ်တရားအစု၊

"ခန္ဓ" သဒ္ဒါသည် "အစု" ဟူသော အနက်ကို ဟောပါတယ်။ ဒီလင်္ကာပိုဒ်ရယင် ခန္ဓာငါးပါး တန်းပြောတတ်ပြီးတော့ ပြီးတော့မှ ပထမဆုံးပေါ်တဲ့ ရူပက္ခန္ဓာကို ဝေဖန်ပြချင်လို့။

**ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။**

တစ်ပိုဒ်တည်း၊ သူ့အကန့်ကလေးနဲ့ ရူပက္ခန္ဓာ=ရုပ်တရားအစုဆိုတဲ့ စကား၌ ဒီတရားကို ဘာပြုလို့ ရုပ်ခေါ်သလဲလို့ မေးယင် အအေးနဲ့တွေ့ယင် တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး အမျိုးမျိုး အဖုံဖုံ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်သော သဘောတရားကို ရုပ်ခေါ်တယ်။

ဥပမာ – နေ့လယ်က ပူတဲ့ အချိန်တုန်းက ဖြစ်တဲ့ ရုပ်တွေနဲ့ အေးတဲ့ အချိန်မှာ ဖြစ်တဲ့ ရုပ်ဟာ မတူဘူး။ စဉ်းစားကြည့်ယင် ပေါ်နိုင်တယ်။ အဲဒီလို အအေးနဲ့တွေ့ယင် တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး ပြောင်းလဲဖောက်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်တဲ့ တရားအစုကို ရုပ်ခေါ်တယ်။ ဒါက ရူပက္ခန္ဓာ၌ ရူပ ဟူသောပုဒ်အရ မြန်မာပြန် ပြောလိုက်ခြင်း ဖြစ်တယ်။ အဲဒီ ရုပ်တရားသည် ဘယ်လောက်ရှိသလဲဆိုတော့ –

**မြေဓာတ် ရေဓာတ်၊ မီးလေဓာတ်ဟု၊ လေးရုပ်ဘုတ်ကြီး၊ ပွားစီးအနက်။**

ဒါ စကားတစ်ရပ်။ ဒီခန္ဓာငါးပါး လင်္ကာတို့၊ အာယတနလင်္ကာတို့ဆိုတဲ့ ဒီလင်္ကာလေးတွေ လယ်တီဆရာတော်ဘုရားကြီးရဲ့ အလိုတော်ကျအောင် ရိုက်နှိပ်မယ်ဆိုယင် အဲဒီစကား တစ်ရပ်တစ်ရပ်မှာ နှစ်ချောင်းပိုဒ် နှစ်ပိုဒ် နှစ်ပိုဒ်နဲ့ ဒီလိုရိုက်ရမှာ ဖြစ်ပါတယ်။ အခုပြောပြီ။ ရုပ်တရား သရုပ် ထုတ်ပြောတာ။

**ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်။**

http:\\www.dhammadownload.com



**မှတ်ချက်** – ဤနေရာ၌ ဆရာတော်သည် ခန္ဓာငါးပါးလင်္ကာများနှင့် အဓိပ္ပာယ်များ ရှင်းလင်း ဟောကြားပါသည်။ ရာဟုလာတရားပေါင်းချုပ် စာမျက်နှာ (၄၂)၌ ပါရှိပြီး ဖြစ်၍ ခန္ဓာငါးပါးလင်္ကာနှင့် ဟောကြားချက်များကို ချန်ထားခဲ့ပါသည်။

## သီလရှိသော ပုဂ္ဂိုလ် နှလုံးသွင်းရမည့် တရား

အခုဟောမယ့် သီလဝန္တသုတ္တန်က ခန္ဓာ၊ ဒီတော့ သုတ္တန်ကို အရှင်အာနန္ဒာ၊ အရှင်မဟာကဿပတို့ နိဒါန်း ပျို့ပေးလိုက်တယ်။

ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာကောဋ္ဌိကော ဗာရာဏသိယံ ဝိဟရန္တိ ဣသိပတနေ မိဂဒါယေ။

မှို ... တစ်ချိန်တုန်းက အရှင်သာရိပုတ္တရာမထေရ်ရယ်၊ အရှင်မဟာကောဋ္ဌိက မထေရ်ရယ်၊ ဤမထေရ်မြတ်ကြီး နှစ်ပါး ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တောမှာ သီတင်းသုံး နေတော်မူကြတယ်။ အဲဒီလို နေကြရာက –

အထ ခေါ အာယသ္မာ မဟာကောဋ္ဌိကော သာယနှသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ သာရိပုတ္တော တေနုပသင်္ကမိ။

ထိုသို့ နေတဲ့အခါ တစ်နေ့သ၌ အရှင်မဟာကောဋ္ဌိက မထေရ်သည် ညနေချမ်းအခါ တစ်ကိုယ်တည်း ကိန်းအောင်းရာက ထွက်ပြီးတော့ အရှင်သာရိပုတ္တရာရှိတဲ့ နေရာသွားသတဲ့။

ဥပသင်္ကမိတွာ အာယသ္မတာ သာရိပုတ္တေန သဒ္ဓိံ သမ္မောဒိ။

သွားရောက်ပြီးတော့ အရှင်သာရိပုတ္တရာနဲ့ အတူတကွ ဝမ်းမြောက်ဝမ်းသာ စကားများ ပြောတယ်၊ ပြီးတော့မှ –

သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ။

ဝမ်းမြောက်ထိုက်တဲ့ တစ်သက်လုံး အောက်မေ့ထိုက်တဲ့ စကားကို ပြောပြီးတဲ့နောက် အပြစ်လွတ်တဲ့ တစ်နေရာက အရှင်မဟာကောဋ္ဌိက မထေရ် ထိုင်လိုက်တယ်။ ထိုင်ပြီး–

ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ မဟာကောဋ္ဌိကော အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ။

အပြစ်လွတ်တဲ့ နေရာက ထိုင်ပြီးတဲ့ အရှင်မဟာကောဋ္ဌိက မထေရ်သည် အရှင်သာရိပုတ္တရာမထေရ်ကို ဤအမေးစကား လျှောက်ထားပြောဆိုတယ်။ ဘယ့်နယ်လျှောက်သလဲ၊ ဒါလိုရင်း။

http:\\www.dhammadownload.com



သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

ဟောဒါ အရှင်မဟာကောဋ္ဌိက က အရှင်သာရိပုတ္တရာကို မေးတဲ့စကား။

အာဝုသော သာရိပုတ္တ=ငါ့ရှင်သာရိပုတ္တရာ။ သီလဝတာ=သီလရှိသော။ ဘိက္ခုနာ=ရဟန်းသည်။ ဘိက္ခုနာ=သံသရာဘေး ထောက်တွေးမြော်မြင် သူတော်စင်သည်။ ကတမေ ဓမ္မာ=အဘယ်တရားတို့ကို။ ယောနိသော=အသင့်အားဖြင့်။ မနသိကာတဗ္ဗာ=နှလုံးသွင်းအပ်ပါကုန်သနည်း။

ငါ့ရှင်သာရိပုတ္တရာ ... သီလရှိတဲ့ ရဟန်း၊ ရဟန်းကတော့ ပဓာန ပြောတယ်ပေါ့၊ သီလရှိကဲ့ ပုထုဇဉ်ပုဂ္ဂိုလ်။ ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ အဲဒီ ပုဂ္ဂိုလ်သည် ဘယ်တရားတွေကို အသင့် နှလုံးသွင်းရမှာလဲ။ ဘယ်တရားတွေကို အသင့် နှလုံးသွင်းရမှာလဲ။ ဘယ် တရားတွေကို ဘယ်လို အသင့် နှလုံးသွင်းရမှာလဲ မေးတယ်။ ဒီတော့ အရှင်သာရိပုတ္တရာက ဖြေတယ်။

**တောတစ်ဆယ့်တစ်ချက် လက္ခဏာသုံးပါးသို့ ဝင်ပုံ**

> သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ (ဣမေ) ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက=ငါ့ရှင်ကောဋ္ဌိက။ သီလဝတာ=သီလရှိသော။ ဘိက္ခုနာ=ရဟန်းသည်။ ဘိက္ခုနာ=သံသရာဘေး ထောက်တွေးမြော်မြင် သူတော်စင်သည်။ ဣမေ ပဉ္စုပါဒါန က္ခန္ဓာ=ဤဆိုလတ္တံ့သော ဥပါဒါန်၏ အာရုံဖြစ်တဲ့ လောကီခန္ဓာ ငါးပါးတို့ကို။ အနိစ္စတော= အနိစ္စ ဟူ၍လည်းကောင်း။ ဒုက္ခတော=ဒုက္ခ ဟူ၍လည်းကောင်း။ ရောဂတော=အနာရောဂါတွေပါတကား ဟူ၍လည်းကောင်း။ ဂဏ္ဍတော=အိုင်းအမာတွေပါတကား ဟူ၍လည်းကောင်း။ သလ္လတော=ငြောင့်တံကျင်တွေပါတကား ဟူ၍လည်းကောင်း။ အဃတော=ဆင်းရဲ ဒုက္ခတွေပါတကား ဟူ၍လည်းကောင်း။ ပရတော=သူစိမ်းပြင်ပတွေပါတကား ဟူ၍လည်း ကောင်း။ ပလောကတော=တဖြုတ်ဖြုတ် ပျက်စီးနေတဲ့ သဘောရှိတဲ့ တရားတွေပါတကား ဟူ၍လည်းကောင်း။ သုညတော=ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ားမိန်းမမှ ဆိုတဲ့ သဘောတွေပါတကား ဟူ၍လည်း

http:\\www.dhammadownload.com



ကောင်း။ အနတ္တတော=အတ္တ မဟုတ်တဲ့ တရားတွေပါတကား ဟူ၍လည်းကောင်း။ ယောနိသော=အသင့်အားဖြင့်။ မနသိကာတဗ္ဗာ=နှလုံးသွင်းအပ်ကုန်၏။

အေး ... အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို အရိယာ ကိုယ်တော်ကြီးချင်း ပြောတော့ သူတို့က ပဋိသမ္ဘိဒါဉာဏ်ကို အမြဲတမ်း အသုံးချနေတော့၊ ဒီတော့ ပဋိသမ္ဘိဒါဉာဏ်ရဲ့နည်းနဲ့ ရဟန္တာ ကိုယ်တော်ကြီးတွေ ပြောတော့ ရှုရမယ့် အလုပ်ကိစ္စကိုက ၁၁–မျိုးဖြစ်နေတယ်။ သူတို့ကတော့ အဲဒီလို အသေး စိတ် ၁၁–မျိုး စဉ်းစားတယ်။ အဲဒီ ၁၁–မျိုး ကို အနိစ္စ ဒုက္ခ အနတ္တထဲ ပေါင်းလိုက်ယင် ဒီ အနိစ္စ ဒုက္ခ အနတ္တထဲ အကုန်ဝင်သွားတယ်။

ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော ဆိုတဲ့ ဒီ "တော" ၅–ချက်ဟာ ဒုက္ခလက္ခဏာ ဗျ။ ဒုက္ခလို့ ရှုယင် ဒီ "တော" ငါးချက် ပါသွားတယ်။

ပလောကတော = တဖြုတ်ဖြုတ် ပျက်စီးတတ်တယ် ဆိုကတည်းက အနိစ္စသဘော ပြတယ်။

ပြီးတော့ ပရတော၊ သုညတော၊ အနတ္တတော၊ အဲဒီ ပရ သုည အနတ္တဆိုတဲ့ အချက်နဲ့ အနတ္တလက္ခဏာကို ပြတယ်။ ဒီတော့ ၁၁–ချက် ညွှန်ပြတာကို ခြုံကြည့် လိုက်ယင် အနိစ္စ ဒုက္ခ အနတ္တ။

အေး ... ဒို့ ဉာဏ်မမီတဲ့ လူပြောယင် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက ပြန်ပြောတာ။

"ငါ့ရှင် ကောဋ္ဌိက၊ သီလရှိတဲ့ သူတော်စင်သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။"

ဒါအဖြေ။ ပြီးတော့မှ ငါးပါး နားမလည်မှာစိုးလို့ –

ကတမေ ပဉ္စ။

"ငါးပါးက ဘာတွေလဲ"

သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ဥပါဒါန်၏ အာရုံဖြစ်တဲ့ ရုပ်အစု၊ ၎င်းဝေဒနာအစု၊ ၎င်းသညာအစု၊ ၎င်းသင်္ခါရအစု၊ ၎င်းဝိညာဏ်အစုပါပဲ။ ကဲ ဒါဖြင့်ယင် စကားသိမ်းပါတော့။

http:\\www.dhammadownload.com



သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက၊ သီလရှိတဲ့ သံသရာဘေး ထောက်ထွေး မြော်မြင် သူတော်စင်သည် ဤယခု ပြောခဲ့တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါး တို့ကို အေး ဒို့သိတဲ့ နည်းနဲ့ ပြောကြစို့ဆိုယင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အချုပ်နည်းနဲ့ ပြောတယ်။ အစဉ်အားဖြင့် နှလုံးသွင်းရပါ့မယ်။ နှလုံးသွင်းရမယ်။ ဒါပဲ ရှင်သာရိပုတ္တရာ အဆိုက။

အေး ... သီလရှိအောင် ကျင့်ပြီးယင် ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။ နှလုံးသွင်းတော့ ဘာအကျိုးရမှာလဲ ကိုယ်တော်လို့ မေးစရာ ရှိတယ်။ အရှင်သာရိပုတ္တရာက ပြောတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

အရိယာပြောတော့ အရိယာသံတွေ အင်မတန်လဲပဲ ပါဠိဟာ အပိုလဲ မရှိဘူး။ အလိုလဲ မရှိဘူး။ ပြီးတော့ သဘာဝနိရုတ္တိ စည်းကမ်းက ကျပါဘိသနဲ့။ အေး ... ပုထုဇဉ်ကတော့ ပါဠိပြောလဲပဲ ပရမ်းပတာ သူသူငါငါပဲ၊ အရိယာကြီးများကျတော့ သူတို့ကိုက သဘာဝနိရုတ္တိက နိုင်ပြီးသား။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်ရှင်ဆိုတော့ တစ်ခါတည်း ပြောလိုက်တဲ့ ပါဠိစကားတွေဟာ အချိုးကျပြီးသား။

ငါ့ရှင်တဲ့ ... သီလဝန္တပုထုဇဉ် ပုဂ္ဂိုလ်သည် ဤ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့ရန် အကြောင်းပါပဲ။ အေး ... ဒီလိုပြုခြင်းကြောင့် ဘာအကျိုးရမလဲဆိုယင် ဒီလိုပြုခြင်းကြောင့် ဘာအကျိုးရမလဲဆိုယင် ဒီလို ပြုခြင်းကြောင့် ဒီပုထုဇဉ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရမယ်။ သောတာပတ္တိဖိုလ် ရောက်မယ်၊ အရပ်စကားနဲ့ ဒီလို ဖြေလိုပါတယ်။ ဒါပထမ အမေးအဖြေ။

အရှင်ကောဋ္ဌိက က မေးတယ်။

http:\\www.dhammadownload.com



"ငါ့ရှင် သာရိပုတ္တရာ၊ သီလရှိတဲ့ ပုဂ္ဂိုလ်သည် ဘယ်ကရားတွေကို အသင့် နှလုံးသွင်းရမလဲ"။

ရှင်သာရိပုတ္တရာရဲ့ အဖြေ –

"ငါ့ရှင် ကောဋ္ဌိက၊ သီလရှိတဲ့ ရဟာန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။"

ယင်းသို့ နှလုံးသွင်းယင် ထိုသီလဝန္တပုထုဇဉ် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်သို့ ရောက်နိုင်ဖို့ရန် အကြောင်းရှိတယ်။ (ဝါ) ယင်းသို့ နှလုံးသွင်းခြင်းကြောင့် ထို သီလဝန္တပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရတယ်။ ဒါ အကျိုး။ ဒီတော့ ဒီကနေ့ ပြောပေါ့။ သောတာပန်ဖြစ်ချင်ယင် ဘာလုပ်မလဲ။ ဒီသုတ်အလိုတော့ ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ပဲရှု။ ပြီးသလားဆိုတော့ အရှင်မဟာကောဋ္ဌိက ကလဲ အမေး လိမ္မာတယ်နော်။

> သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
> ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

**သောတာပန်ပုဂ္ဂိုလ် နှလုံးသွင်းရမည့် တရား**

'ငါ့ရှင် သာရိပုတ္တရာ၊ သောတာပန် ဖြစ်ပြီးတဲ့ အရိယာပုဂ္ဂိုလ်ကကော ဘယ်တရားတွေကို အသင့်အားဖြင့် နှလုံးသွင်းရမလဲ။'

ဒါ ရှင်ကောဋ္ဌိကရဲ့ အမေး။

အရှင်သာရိပုတ္တရာရဲ့ အဖြေက –

> သောတာပန္နေနပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက၊ သောတာပန်ဖြစ်ပြီးတဲ့ အရိယာ ရဟာန်းလဲပဲ စောစောက ပြောတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အသင့်အားဖြင့် နှလုံးသွင်းရပါမယ်၊ နှလုံးသွင်းယင် ဘယ်လို အကျိုးရမလဲ။

> ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါန က္ခန္ဓေ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကရောန္တော သကဒါဂါမိဖလံ သစ္ဆိကရေယျ။

http:\\www.dhammadownload.com



ငါ့ရှင် ကောဋ္ဌိကတဲ့၊ သောတာပန်ဖြစ်တဲ့ အရိယာပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းယင် သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုနိုင်ပါတယ်။ ယင်းသို့ မျက်မှောက် ပြုနိုင်ရန်အကြောင်း ကောင်းကောင်းကြီး ရှိတယ်။

သောတာပန် ဖြစ်ပြီးပကောလို့ အာရုံတစ်ပါးပေါ့လေ။ ဟို-ကမ္မဋ္ဌာန်းအာရုံ တစ်မျိုး မပြောင်းနဲ့၊ ခန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှု၊ ရှုရင်း သကဒါဂါမ်ဖြစ်မယ်။ ဒါ အရပ်ပြော၊ လွယ်လွယ်ပြောယင် ဒီအတိုင်းပဲ။

အေး ... ရှင်ကောဋ္ဌိက က မေးပြန်တယ်။

သကဒါဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

"ငါ့ရှင် သာရိပုတ္တရာ၊ သကဒါဂါမ်ဖြစ်ပြီးတဲ့ ရဟန်းကကော ဘယ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့်အားဖြင့် ရှုရမလဲ။"

သကဒါဂါမိနာပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ
အနိစ္စ တော။ ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

### သကဒါဂါမ်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား

"ငါ့ရှင် ကောဋ္ဌိက၊ သကဒါဂါမ် ဖြစ်ပြီးတဲ့ အရိယာရဟန်းလဲပဲ စောစောက ပြောခဲ့တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင်လျှင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အသင့်အား ဖြင့် နှလုံးသွင်းရမယ်၊ ဒီပြင် တရား ပြောင်းမနေနဲ့"

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျ။

"ငါ့ရှင် ကောဋ္ဌိက၊ သကဒါဂါမ် ဖြစ်ပြီးတဲ့ အရိယာရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့်အားဖြင့် နှလုံးသွင်းခဲ့သည်ရှိသော် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာ၏။ မျက်မှောက်ပြုရမှာ ဧကန်ပဲ။ ယင်းသို့ မျက်မှောက် ပြုဖို့ရန် အကြောင်း ခိုင်ခိုင်လုံလုံ ရှိတယ်။ ဒါ စာပြော ပြောနေတာ။ သကဒါဂါမ် ရဟန်းသည်လဲ ဥပါဒါနက္ခန္ဓာ ငါးပါးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုရမယ်၊ အဲဒီလို

http:\\www.dhammadownload.com



ရှုယင် အဲဒီ သကဒါဂါမ် ရဟန်းသည် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရမယ်။ အနာဂါမ် အရိယာ ဖြစ်မယ်။ ဒါ အကျိုး။ အကြောင်းအကျိုး အဲဒီလို ရှင်းတယ်။

ကိုင်း ... ရှင်ကောဋ္ဌိက က ဆက်မေးတယ်။

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

## အနာဂါမ်ပုဂ္ဂိုလ် ကျင့်ရမည့်တရား

"ငါ့ရှင် သာရိပုတ္တရာ၊ အနာဂါမ်ဖြစ်ပြီးတဲ့ ရဟန်းကကော ဘယ်တရားတွေကို အသင့်အားဖြင့် နှလုံးသွင်းရမလဲ။"

ငါ အနာဂါမ် ဖြစ်ပြီဆိုပြီးတော့ အလုပ်မလုပ်ဘဲ နေရမလား၊ မနေရဘူး။ ဘယ်တရား နှလုံးသွင်းရမလဲတဲ့၊ အလုပ် လုပ်ရမယ်။

ရှင်သာရိပုတ္တရာ ပြန်ဖြေတယ်။

အနာဂါမိနာပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

"ငါ့ရှင် ကောဋ္ဌိက၊ အနာဂါမ်ဖြစ်ပြီးတဲ့ ရဟန်းလဲပဲ ဒီ ဥပါဒါနက္ခန္ဓာ ငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ အသင့်အားဖြင့် နှလုံးသွင်းရမယ်"

နှလုံးသွင်းတော့ ဘာအကျိုးရမှာလဲ ကိုယ်တော်ဆိုတော့ -

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ အနာဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။ ပ။ အနတ္တတော ယောနိသော မနသိကရောန္တော အရဟတ္တံ သစ္ဆိကရေယျ။

အရှင်သာရိပုတ္တရာကြီး ဖြေတယ်။

"ငါ့ရှင် ကောဋ္ဌိက၊ အဲဒီ အနာဂါမ်ဖြစ်တဲ့ ရဟန်းသည် ဤ ဥပါဒါနက္ခန္ဓာ ငါးပါးကိုပင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အသင့်အားဖြင့် နှလုံးသွင်းဖန်များယင် အရဟတ္တဖိုလ်ကိုပင် မျက်မှောက်ပြုဖို့ရန် ခိုင်လုံသော အကြောင်းရှိတယ်။"

http:\\www.dhammadownload.com



တစ်နည်းအားဖြင့် အနာဂါမ်ပုဂ္ဂိုလ်က ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုပင် အနိစ္စ ဒုက္ခ အနတ္တ အဖန်ဖန် နှလုံးသွင်းယင် ဘာအကျိုးရမလဲ ကိုယ်တော်လို့ မေးတာ။ အဖန်ဖန် နှလုံးသွင်းတော့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း အကျိုးရတယ်။ ကိုင်း ... ရဟန္တာ ဖြစ်သပေါ့။

အရှင် ကောဋ္ဌိက က မေးပြန်တယ်။

အရဟတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

## ရဟန္တာပုဂ္ဂိုလ် နှလုံးသွင်းရမည့် တရား

ငါ့ရှင် သာရိပုတ္တရာ၊ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ ငါ ရဟန္တာဖြစ်ပြီ၊ ဘာမှ အလုပ် လုပ်ရန် မရှိတော့ဘူးလို့ အဲဒီလို နေရမှာလား။ ပေါ့ပေါ့စားစား၊ သွားသွား လာလာ၊ စားစား သောက်သောက်။ သို့မဟုတ် ဘယ်တရားကို အသင့် နှလုံးသွင်းရမလဲ။ ဒီလို မေးတယ်။

အရှင်သာရိပုတ္တရာက ဖြေတယ်။

> အရဟတာပိ ခေါ အာဝုသော ကောဋ္ဌိက ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။
> ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

"ငါ့ရှင် ကောဋ္ဌိက၊ ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကလဲပဲ ဒီ ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့် နှလုံးသွင်းရမယ်တဲ့"။ ခိုင်မာလိုက်တာ၊ မြတ်စွာဘုရား ရဲ့ တရားတော်ဟာ ဒါသုတ္တန်ပဲ။ သုတ္တန်ပေမယ်လို့ အဘိဓမ္မာတရားတွေ ဖြစ်နေတယ်။ အဲဒီ အဘိဓမ္မာသံချည်း သက်သက် မဟုတ်ဘဲ ပုဂ္ဂိုလ်သံ ရောလို့သာ၊ နို့မို့ယင် အင်မတန် အိပ်ချင်စရာ။ ဒီ ထိနမိဒ္ဓကိုပေါ့။ ထိနမိဒ္ဓသမား အင်မတန် အင်အားရှိတယ်၊ တရားက တရားခြောက်ကြီးပဲ။ အဋ္ဌကထာကလဲ ဝန်ခံထားတယ်။

> ဘဂဝတော ဟိ အဘိဓမ္မဒေသနာ ပတတိယာဝ လူခါကာရာ။

ဟိ=မှန်၏။ ဘဂဝတော=မြတ်စွာဘုရား၏။ အဘိဓမ္မဒေသနာ=အဘိဓမ္မာဒေသနာ တော်သည်။ ပကတိယာဝ=ပြကတေ့ကပင်လျှင်။ လူခါကာရာ=ခြောက်သွေ့သော အခြင်းအရာ ရှိ၏။

http:\\www.dhammadownload.com



မြတ်စွာဘုရားရဲ့ အဘိဓမ္မာ ဒေသနာတော်သည် သူ့နဂို ပကတိ သဘောကိုက ခြောက်သွေ့သတဲ့။ အခု ရှင်သာရိပုတ္တရာက ပြောလိုက်၊ အရှင်မဟာကောဋ္ဌိက က ပြောလိုက်မို့လို့ပေါ့၊ သိပ်မခြောက်သလို ဖြစ်နေတယ်။ တဖြည်းဖြည်း ပြောင်းပြောင်းပြီးတော့ မြန်မြန် ပြောင်းပေးတယ်။ အခု မေးတယ်။

"ရဟန္တာပုဂ္ဂိုလ်ကလဲ ဘယ်တရားတွေ နှလုံးသွင်းရမှာလဲ ငါ့ရှင်" ဆိုတော့ -

အရှင်သာရိပုတ္တရာက ပြောတယ်။

"ရဟန္တာပုဂ္ဂိုလ်ကလဲပဲ ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ် ကိုယ်တော်" တဲ့။

"ဟာ့ ... ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်မှာ အထက်မဂ်ဖိုလ်ရယ်လို့ မဂ်ကိစ္စများ ရှိသေးလို့လား ကိုယ်တော်" ဆိုတော့ -

အာဝုသော=ငါ့ရှင်။ အရဟတော=ရဟန္တာပုဂ္ဂိုလ်၏ အဖို့ရာ။ ဥတ္တရိ=အရဟတ္တမဂ် အရဟတ္တဖိုလ်မှ နောက်၌။ ကရဏီယံ=ပြုလုပ်ဖွယ် မဂ်ကိစ္စသည်။ နတ္ထိ=မရှိတော့ပြီ။

အရဟတ္တဖိုလ်မှ အထက် ရဟန်းကိစ္စ၊ မဂ်ကိစ္စရယ်လို့ မရှိပါဘူး။ ဟို ပုထုဇဉ် သောတာပန် ဖြစ်ပြီးတဲ့နောက် ဒီ မိမိပြုပြီးတဲ့ မဂ်ကိစ္စကိုပဲ ထပ်ပြီးတော့ ပွားရတယ်၊ "ကတပတိစယ" ခေါ်တယ်။ အဲဒီလို ရဟန္တာမှာ ရှိသလားဆိုတော့ -

ကတဿ ဝါ ပတိစယော။

ကတဿ=ပြုအပ်ပြီးသော မဂ်ကိစ္စကို။ ပတိစယောဝါ=တစ်ဖန်ထပ်၍ ပွားများခြင်းလဲပဲ။ နတ္ထိ=မရှိပါဘူး။

## ရဟန္တာပုဂ္ဂိုလ်များ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုပွားရသည့် အကျိုး

ဒါဖြင့် ကိုယ်တော် ဘာပြုလို့ ရဟန္တာပုဂ္ဂိုလ်က ဒီ ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုနေရသေးသတုန်း၊ ဒီလို ရှုတဲ့အတွက် ဒီ ရဟန္တာပုဂ္ဂိုလ်က ဘာအကျိုးရမလဲ ကိုယ်တော်၊ ဒီလို မေးတယ်။ အဲဒီလို မေးတော့ အရှင်သာရိပုတ္တရာက ဒီအမေးရဲ့ အဖြေကို အလိုက်သိစွာ ဘယ့်နှယ်ဖြေတုန်း။

အပိ စ ဣမေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိသမ္ပဇညာယ စ။

http:\\www.dhammadownload.com



အပိ စ = စင်စစ်သော်ကား (ဝါ) ရဟန္တာပုဂ္ဂိုလ်မှာ အထက်အထက် မဂ်ကိစ္စလဲ မရှိ၊ ယူပြီးတဲ့ အရိယာမဂ်ကို ထပ်၍ ပွားများဖွယ်ကိစ္စလဲ မရှိပင် မရှိသော်လဲဘဲ။ ဣမေ ဓမ္မာ= ဤဥပါဒါနက္ခန္ဓာငါးပါး တရားတို့ကို။ ဘာဝိတာ=အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ပွားအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာ=ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည် ရှိသော်။ ဒိဋ္ဌဓမ္မသုခ ဝိဟာရာယ စေဝ=မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေနိုင်ကြောင်း ကောင်းမြတ်တဲ့ အရဟတ္တဖိုလ်သမာပတ် အလို့ငှာ လည်းကောင်း။ သတိသမ္ပဇညာယ စ=သတိတရား, သမ္ပဇညတရား အလို့ငှာ လည်းကောင်း။ သံဝတ္တန္တိ=ဖြစ်ကုန်၏။

အေး ... ရဟန္တာပုဂ္ဂိုလ် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတဲ့ အတွက် ဘာအကျိုးရတုံးဆိုတော့ အရဟတ္တဖိုလ်သမာပတ်ကို ရောက်ခြင်းအကျိုးရ တယ်။ ဒီ အရဟတ္တဖိုလ်သမာပတ်ကို မဝင်စားချင်ဘူး ဆိုလို့ရှိယင်လဲပဲ ဒီခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုနေတဲ့အတွက် ရဟန္တာမှာ သတိသမ္ပဇဉ် လက်မလွတ်ခြင်း ဆိုတဲ့ အကျိုးရတယ်။

အေး ... ဓမ္မသဘောပြောယင် အရဟတ္တဖိုလ်ရောက်၊ အရဟတ္တဖိုလ်ရောက်ယင် သုတ္တန်ပဲဖြစ်ဖြစ်၊ တရားဟောပဲဖြစ်ဖြစ် ဒါ ဆုံးရတယ်။ ဟိုမှာ ... သုတ္တန်လဲ ဆုံးပြီ။ ဒီတော့ ရဟန္တာပုဂ္ဂိုလ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတာ ဘာလုပ်ဖို့တုံး။ လမ်းနှစ်သွယ် ရှိတယ်။

(၁) မိမိရတဲ့ အရဟတ္တဖိုလ်သမာပတ် ဝင်စားချင်လို့လဲပဲ ရှုရတယ်။

(၂) သတိသမ္ပဇဉ် လက်မလွတ်ဖို့လဲပဲ ဒီ ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုရတယ်။

ဥပမာ - ရဟန္တာပုဂ္ဂိုလ်ဟာ ငါ ရဟန္တာဖြစ်ပြီ၊ အရဟတ္တဖိုလ် ဝင်စားမယ်လို့ ဝင်စားမယ်ကြံယင် "ငါဝင်စားချင်ပါဘိတော့" ဆိုရုံနဲ့ သူ့သန္တာန်မှာ အရဟတ္တဖိုလ်က ဖြစ်လာတာ မဟုတ်ဘူး၊ အရဟတ္တဖိုလ် သမာပတ္တိဝီထိဖြစ်ဖို့ရန် ရှေးက ဝိပဿနာ ခံ ရတယ်။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အကြိမ်ကြိမ် ရှုရတယ်။ အေး ... ငါးမိနစ်လောက် ရှုလိုက်တော့ အဲဒီ ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အရဟတ္တဖိုလ် ဝင်စားတဲ့ စိတ်အစဉ် မှ အရဟတ္တဖလသမာပတ္တိဝီထိ ဖြစ်လာတယ်။ အဲဒီလို ဖြစ်လာမှ မျက်မှောက်ဘဝမှာ ချမ်းသာတယ်။ အဲဒီလို အရဟတ္တဖိုလ် သမာပတ် တည်းဟူသော မျက်မှောက်ဘဝ ချမ်းသာမှု အကျိုးရပါတယ် ငါ့ရှင်။

http:\\www.dhammadownload.com



အဲဒီလို အရဟတ္တဖိုလ် မဝင်စားချင်လဲပဲ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုနေတဲ့အတွက် အဲဒီ ရဟန္တာပုဂ္ဂိုလ်မှာ သတိသမ္ပဇဉ် လက်မလွှတ်ခြင်းဆိုတဲ့ အကျိုးထူး ရပါတယ်။ သီလဝန္တသုတ်က ဒီတင်ပဲ ဆုံးပါတယ်။

## သုတ္တန်နိဂုံး

ဤသို့လျှင် သရဏဂုံသီလ ဆောက်တည်ရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဘုရားမြတ်စွာ သာသနာကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ရခြင်းတည်းဟူသော သာသနာနုဂ္ဂဟ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် များမြတ်သော ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဇာတ်တော်ဝင် ဖြစ်တော်မူကြတဲ့ မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ်မြတ်တို့ နောက်ဆုံးဘဝ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစ္စုတရသ အနိမိတ္တ ပစ္စုပဋ္ဌာန်ရှိသော နိရောဓသစ္စာ မဟာအသင်္ခတဓာတ် စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ် တစ်စု မျက်မှောက်ပြုရတဲ့ ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိစိတ်မှ အခြားမဲ့ နောက်ကာလ၌ တစ်စုံတစ်ခုသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၊ ယင်း အနုပ္ပါဒ နိရောဓကိုပင် ခေါ်တဲ့ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန် သတည်း။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု … သာဓု … သာဓု … ။

သီလဝန္တသုတ္တန် တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



# တေသကုဏဇာတ်တရားတော်

## အာဏာရှိသူတို့ သတိထား၍ ကျင့်ဆောင်အုပ်ချုပ်နိုင်ရန် ရည်ရွယ်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၆–ခု၊ သာသနာတော် ၂၅၁၈–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉–ရက်နေ့ည၊ တောင်ငူမြို့၊ မြို့နယ်လုံးဆိုင်ရာ အဘိဓမ္မာ ပရိယတ္တိစာပြန်ပွဲကြီး၊ ၆–ကြိမ်မြောက် စာတော်သဘင်ပွဲ ကျင်းပရာဝယ် နှစ်ညဥ့်မြောက် ဟောကြားအပ်သော စတ္တာလီသနိပါတ် တေသကုဏဇာတ်တဲ့။

ဘုန်းကြီးဟောရမယ့် တရားဟာ နိပါတ်အနေနဲ့ စတ္တာသီလနိပါတ်၊ ဂါထာ ၄၀ ရှိသော ဇာတ်အပေါင်းကို စတ္တာလီသနိပါတ်လို့ ခေါ်ပါတယ်။ အဲဒီထဲမှာပါတဲ့ တေသကုဏဇာတ် ဟောရပါမယ်။ အဲဒီ တေသကုဏဇာတ်သည် အင်္ဂုတ္တိုရ်ကလာသော အဓမ္မိကသုတ်[၁]၊ တစ်နည်းအားဖြင့် ရာဇောဝါဒသုတ်[၂] ကို ဆက်စပ်ရင်းနဲ့ ကြည့်ပါ။

တိရစ္ဆာနဂတော ဟုတွာ၊
ဗဟူနံ အတ္ထသာဓကော။
ယော ဒါနိ သမ္မာသမ္ဗုဒ္ဓေါ၊
ပဂေဝ အတ္ထသာဓနေ။

နာဘထော=အကျွန်ုပ်တို့ရဲ့ ကိုးကွယ်ရာ ဘုရားကိုယ်တော်မြတ်သည်။ ဗောဓိသတ္တကာလေ=ဘုရားအလောင်းတော် ဖြစ်တော်မူစဉ်ကာလ၌။ တိရစ္ဆာနဂတော= တိရစ္ဆာန် ဇာတ် သတ္တဝါတစ်ဦးသည်။ ဟုတွာပိ=ဖြစ်လင့်ကစား။ ဗဟူနံ=များစွာကုန်သော လူတို့၏။ အတ္ထ သာဓကော=အကျိုးစီးပွားကို ပြီးစေတော်မူတတ်ပါ၏။ သော နာထော=ထို

---

၁။ အံ၊ ၁။ ၃၈၆။

၂။ သုတ္တန်ပါဠိတော်များ၌ "ရာဇောဝါဒသုတ်" အမည်သီးသန့် မရှိပါ။ အဋ္ဌကထာ ဋီကာတို့၌သာ သုတ်အမည်မျှဖြင့် ဖော်ညွှန်းဖွင့်ဆိုကြသည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က ကောသလမင်းအား ဆုံးမတော်မူသော ရာဇောဝါဒသည် ရာဇောဝါဒသုတ်ဖြစ်ကြောင်းနှင့် အင်္ဂုတ္တိုရ်မှလာသော အပ္ပမာဒသုတ်ကို ရာဇောဝါဒသုတ်ဟု ဆိုအပ်ကြောင်း ဖွင့်ဆိုကြသည်။ ဝိ၊ ဋ္ဌ၊ ၃၊ ၉။ ဇာ၊ ဋ္ဌ၊ ၂။ ၁။ ဇာ၊ ဋ္ဌ၊ ၃။ ၄၁၇။ ဇာ၊ ဋ္ဌ၊ ၅။ ၁၀၃။ ဝိမတိ၊ ၁။ ၃၄၊ သံ၊ ဋီ၊ ၁။ ၂၀၁။ စသည် (ဇာ၊ ၁၊ ၃၆။ ၁၁၀။ ဇာ၊ ဋ္ဌ၊ ၂၊ ။ ဇာ၊ ဋ္ဌ၊ ၃။ ၁၀၀ တို့၌ ရာဇောဝါဒဇာတ် ပါရှိသည်။)

http:\\www.dhammadownload.com



အကျွန်ုပ်တို့ရဲ့ ကိုးစားရာ မြတ်စွာဘုရားသည်။ ဒါနိ ဣဒါနိ=ဘုရား ဖြစ်ရာ ယခု နောက်ဆုံးအခါ၌။ သမ္မာသမ္ဗုဒ္ဓေါ=မဖောက်မပြန် ဥဿုံချဝါးပါး ထိုတရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီး ဖြစ်ရကား။ အတ္တသာဝနေ=ဝေနေယျတို့၏ အကျိုးကို သယ်ပိုးသောထွေ ပြီးစေရာ၌။ ပဂေဝ=အဘယ်သို့ ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဒီဇာတ်ကလဲ ပစ္စုပ္ပန်ဝတ္ထုနဲ့ကို ဆင်ခြင်ကြည့်တဲ့အခါ မြတ်စွာဘုရား ကိုယ်တော် မြတ်ဟာ အလောင်းတော်ဘဝ စရိယ ကျင့်စဉ်တုန်းကလည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ် ရောက်တဲ့အခါမှာလည်းကောင်း ဝေနေယျတို့ရဲ့ အကျိုးကို သယ်ပိုး ရွက်ဆောင်တော်မူတဲ့ ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေ ပေါ်လာပါတယ်။

ပဋိဘာဏ်ဂါထာပိုဒ် တစ်ပိုဒ် ဆိုပါရို့။ ဒီဇာတ်ကို နှလုံးသွင်းတော့ ပေါ်လာတယ်။

ပဋိဘာဏ်ဂါထာပိုဒ် –

အကျွန်ုပ်တို့ဆရာ နာထဂုဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည် အလောင်း တော်မြတ် တိရစ္ဆာန်ဇာတ် ဖြစ်တုန်းကတောင်မှ များစွာသော လူတို့ရဲ့ အကျိုးကို သယ်ပိုး ပြီးစေတော်မူခဲ့ပါပေ၏။ အခု နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ထူးနဲ့ ပြည့်စုံတော်မူရကား ဝေနေယျတို့၏ အကျိုးကို သယ်ပိုးသောထွေ ပြီးစေခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ စာဓာကပင် ဝေနေယျတို့၏ အကျိုးကို သယ်ပိုးပြီးစေတော်မူပါတကား။

မြတ်စွာဘုရားရဲ့ ဝေနေယျကျိုး သယ်ပိုးတော်မူပုံကို ဉာဏ်ထဲမှာ ပဋိဘာန် ဂါထာ ပိုဒ် ပေါ်လာပါတယ်။ အလောင်းတော် ဘဝမှာလည်းကောင်း၊ နောက်ဆုံး ပစ္ဆိမ သမ္မာသမ္ဗုဒ္ဓ ဘုရားဘဝမှာလည်းကောင်း ဝေနေယျတို့ရဲ့ အကျိုးကို သယ်ပိုးတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို မိမိတို့ ဉာဏ်အမြင်က သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူထားပါ။

မြတ်စွာဘုရားနဲ့ ပသေနဒီ ကောသလမင်းတရားကြီးသည် အသက်အရွယ်တူပဲ။ အရွယ်တူကြတယ်၊ ကောသလမင်းကြီးသည် မြတ်စွာဘုရားကို အလွန်ပဲ ကြည်ညို တယ်၊ ကြည်ညိုသမှ –

"သြော် – မြတ်စွာဘုရားဟာ ငါ့အပေါ်မှာ တမလွန်ကောင်းကျိုး အတွက်တင် မဟုတ်ဘူး၊ ပစ္စုပ္ပန်ကောင်းကျိုးအတွက်လဲပဲ ချီးမြှောက်တော်မူတယ်" ဆိုပြီး ချစ်တာ ရော၊ ခင်တာရော၊ အားကိုးတာရော၊ ကြည်ညိုတာရော ပသေနဒီကောသလ မင်းကြီးက

http:\\www.dhammadownload.com



ဘုရားအပေါ်မှာ အများဆုံး စုပုံပြီးတော့ ချစ်ခင်ကြည်ညို အားကိုးတဲ့စိတ် ရှိပါတယ်။ မြတ်စွာဘုရားကလဲ မဟာကရုဏာတော်ရှင်ပီပီ ပသေနဒီ ကောသလမင်းကြီးကို မြောက်မြားစွာ တရားတွေ ဟောပါတယ်။

"ကောသလသံယုတ်" ဆိုပြီးတော့ သင်္ဂါယနာ တစ်ဖွဲ့တစ်စောင် သင်္ဂါယနာတင်ယူရပါတယ်။ အဲသလို မြတ်စွာဘုရား အပေါ်မှာ အားကိုးတဲ့စိတ်၊ ကြည်ညိုတဲ့စိတ် တစိမ့်စိမ့် ဖြစ်တဲ့အတွက် ပသေနဒီ ကောသလမင်းကြီးသည် ဘုရားထံမှောက် မကြာမကြာ သွားရောက်ပြီးတော့ အဆုံးအမ ဩဝါဒ ခံယူတယ်၊ တရားနာတယ်။

တစ်ချိန်မှာတော့ မြတ်စွာဘုရားက ပသေနဒီ ကောသလမင်းကြီး ကိုယ်တော့်ထံမှောက် လာရောက်၍ တရားနာတဲ့အချိန်မှာ ဒီတစ်ခါတော့ ကောသလမင်းကို ရည်စူးပြီး သီးသန့် တရားပွဲတစ်ခု ကျင်းပပေးတယ်။

## တေသကုဏဇာတ် ပစ္စုပ္ပန်ဝတ္ထု

မဟာရာဇ ရည် နာမ ဓမ္မေန ရဇ္ဇံ ကာရေတဗ္ဗံ။

(ဇာတ်အဋ္ဌကထာ၊ ပဉ္စမအုပ်။ ၁၁၄)

မဟာရာဇ=မြတ်သောမင်းကြီး။ ရည် နာမ=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူ မည်သည်။ ဓမ္မေန=ရာဇဓံ ဆယ်ပါး မင်းကျင့်တရားဖြင့်။ ရဇ္ဇံ=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်မှုကို။ ကာရေတဗ္ဗံ=ပြုသင့်ပြုထိုက်၏။

## မင်းကျင့်တရား ၁၀-ပါး

မြတ်သောမင်းကြီး၊ ရာဇာ=မင်းဆိုတာ "ဒါန, ပိယဝါစာ, အတ္ထစရိယာ, သမာနတ္တတာ" (ဒီ၊ ၃။ ၁၂၅။) ဆိုတဲ့ သင်္ဂဟလေးပါးဖြင့် တိုင်းသားပြည်သူ ဗိုလ်လူတို့ကို နှစ်သက်စေတတ်လို့ ရာဇာခေါ်တယ်။ အဲဒီ ရာဇာဆိုတဲ့ ပုဂ္ဂိုလ်သည် -

(၁) ဒါန=တမလွန်ဘဝ ကောင်းစားရေးအတွက် အလှူဆယ်စင်း ပေးလှူခြင်း၌ မမေ့မလျော့ရဘူး၊ ဒါ မင်းကျင့်တရား တစ်ပါး။

(၂) သီလ=နေ့စဉ် နေ့စဉ် ငါးပါးသီလကို အမြဲ လုံခြုံရတယ်။

(၃) ပရိစ္စာဂ = ပစ္စုပ္ပန်ဘဝ ချမ်းသာရေးအတွက် အမှုထမ်းများအား အရည်အချင်းအလျောက် ချီးမြှောက်ပေးကမ်း စွန့်ကြဲရတယ်။

(၄) အဇ္ဇဝ=တိုင်းသားပြည်သူတို့အပေါ်မှာ ဖြောင့်မတ်သော စိတ်နှလုံး ထားရတယ်။

http:\\www.dhammadownload.com



(၅) မဒ္ဒဝ = တိုင်းသားပြည်သူတို့ရဲ့ အပေါ်မှာ မိဘက သားသမီး အပေါ်၌ နူးညံ့သော စိတ်နှလုံး ရှိသလို တိုင်းသူပြည်သားတို့ အပေါ်မှာ နူးညံ့သောနှလုံး ရှိရမယ်။

(၆) တပ = မိမိကိုယ်တိုင်က ခြိုးခြိုးခြံခြံ စံနမူနာပြ အနေနဲ့ ကျင့်ပေးရမယ်။

(၇) အက္ကောဓ = တိုင်းသူပြည်သားသည် မြေကြီးပေါ်မှာနေတဲ့ လူနဲ့တူတယ်။ မင်းသည် မြေကြီးနဲ့တူတယ်၊ မြေကြီးပေါ်မှာ နေတဲ့လူသည် ချွတ်ချော် တိမ်းပါးယင် မြေကြီးပေါ်မှာပဲ ချွတ်ချော်တိမ်းပါးမယ်။ တိုင်းသားပြည်သူ သားသမီးနဲ့တူသော မိုလ်လူသည် မတော်တဆ ချွတ်ချော်တိမ်းပါးခဲ့သော် မြေကြီးနဲ့တူသော အမိအဖနဲ့တူသော မင်းအပေါ်မှာ ချွတ်ချော် တိမ်းပါးမယ်။ မိဘသည် သားသမီးအပေါ်မှာ အမြဲတမ်း မေတ္တာပွားသလို တိုင်းသူပြည်သားတွေ အပေါ်မှာ မေတ္တာတရား အမြဲထားပါ။

(၈) အဝိဟေသာ = တိုင်းသားပြည်သူ အပေါ်မှာ ကရုဏာနှလုံး အမြဲကျင့်သုံးပါ။

(၉) ခန္တီ = မိမိထံ ရောက်ရှိလာသော ဆင်းရဲဒုက္ခကို ယောကျ်ားသားပီပီ ကြံ့ကြံ့ကြီး သည်းခံပါ။

(၁၀) အဝိရောဓန = တိုင်းသားပြည်သူတို့ရဲ့ အလိုဆန္ဒနဲ့ မဆန့်ကျင်အောင် ကျင့်ပါ။ ဤရာဇဓမ္မ ဆယ်ပါးဖြင့် [၁] တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ပါလေ။

### မင်းတရားမစောင့်လျှင်
### ပြည်သူပြည်သားလည်း တရားမစောင့်

ယသ္မိံ ဟိ သမယေ ရာဇာနော အဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တာပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ။ (အံ၊ ၁။ ၃၈၆။)

မြတ်သောမင်းကြီး၊ အကြင်အခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်ဟာ တရားမကျင့်ဘူး ဆိုလို့ရှိယင် မင်းမှုထမ်းတွေကလဲပဲ တရားမကျင့်တော့ဘူး။

ရာဇယုတ္တေသု အဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ။

---

၁။ မင်းကျင့်တရား ဆယ်ပါး ဇာတ်ပါဠိတော်၊ ဒု၊ ၉၇။ အဋ္ဌကထာ၊ ပဥ္စမ (အသီတိနိပါတ်) ၄၀၃။ ဇာရာဏသီ၊ စုံစီပြည့်ဝ၊ ထိုပြည်မဉ္ဇူ၊ ဒါန မမေ့၊ စောင့်လေသီတင်း၊ မင်း၏ကံခွန်၊ စွန့်ကြဲဟန်လည်း စသည် ကိုးခန်းပျို့ - အပိုဒ် ၅။

http:\\www.dhammadownload.com



မင်းမှုထမ်းတွေက တရား မကျင့်ကြပြီဆိုလျှင် တိုင်းသူပြည်သားထဲမှာ စာရင်းအပါ ဖြစ်တဲ့ ပုဏ္ဏားတို့၊ သေဌေးသူကြွယ်တို့ကလဲ တရားကို မကျင့်တော့ဘူး၊ မတရားကို ကျင့်ကုန်ကြပြီ။

ဗြာဟ္မဏဂဟပတိကေသု အဓမ္မိကေသု နေဂမဇနပဒါပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ။

ပုဏ္ဏားတွေ သူကြွယ်တွေ အထက်တန်းစား လူတွေက မတရားကျင့်ပြီဆိုယင် နိဂုံးသူ နိဂုံးသားတွေ၊ ဇနပုဒ် တိုက်နယ်သူ တိုက်နယ်သားတွေ အားလုံး မတရားတာတွေ ပြုလုပ်ကုန်တယ်။

## လူသားတို့ တရားမစောင့်လျှင်

နေဂမဇနပဒေသု အဓမ္မိကေသု ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ။

နိဂုံးနေသူ၊ ဇနပုဒ် တိုက်နယ်သူ၊ ဗိုလ်လူခပ်သိမ်း မင်းနှင့်တကွ မတရားကျင့်ကြပြီ ဆိုယင် ကောင်းကင်က နေတွေ လတွေ နေသွား လသွား မမှန်တော့ဘူး၊ မညီမညွတ် လှည့်လည်သွားလာကြရော။

ဝိသမံ စန္ဒိမသူရိယေသု ပရိဝတ္တန္တေသု ဝိသမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တိ။

ကောင်းကင်မှာ အကြီးဆုံးဖြစ်တဲ့ နေ လ နှစ်ပါး အသွားမမှန်ယင် နက္ခတ်တွေ ဂြိုဟ်တာရာတွေ အားလုံးလဲ အသွား ဖောက်ပြန်ကုန်ရော့။

ဝိသမံ နက္ခတ္တေသု တာရကရူပေသုံ ပရိဝတ္တန္တေသု ဝိသမံ ရတ္တိံ ဒိဝါ ပရိဝတ္တန္တိ။

ကောင်းကင်က နက္ခတ်တွေ၊ ကြယ်တာရာတွေ အသွားမမှန်ပြီ ဆိုလို့ရှိယင် ညဥ့်နေ့ ဆိုတဲ့ အချိန်ပိုင်းတွေလဲ အကုန်လုံး ဖောက်ပြန်ကုန်ပြီ။

ဝိသမံ ရတ္တိံ ဒိဝေသု ပရိဝတ္တန္တေသု ဝိသမံ မာသဍ္ဎမာသာ ပရိဝတ္တန္တိ။

ညဥ့်နေ့ကမှ ဖောက်ပြန်ယင် လတို့ လဝက်တို့ဆိုတဲ့ ဒီအချိန်တွေလဲ ဖောက်ဖောက် ပြန်ပြန် ဖြစ်ကြရော။

ဝိသမံ မာသဍ္ဎမာသေသု ပရိဝတ္တန္တေသု ဝိသမံ ဥတုသံဝစ္ဆရာ ပရိဝတ္တန္တိ။

တစ်လ, လဝက်ဆိုတဲ့ ဒီအချိန်တွေ မမှန်ပြီဆိုယင် ဥတုလဲ မမှန်တော့ဘူး၊ နှစ်လဲ မမှန်တော့ဘူး။

http:\\www.dhammadownload.com



## နတ်တို့ စိတ်ဆိုး လေမိုး မမှန်

ဝိသမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု ဝိသမံ ဝါတာ ဝါယန္တိ ဝိသမာ အပဋ္ဌသာ။

ဥတုသံဝစ္ဆရေသု=ဥတုနဲ့ နှစ်တို့သည်။ ဝိသမံ=မညီမညွတ်။ ပရိဝတ္တန္တေသု=ဖြစ်ကြကုန်သည်ရှိသော်။ ဝိသမာ=မညီညွတ်ကုန်သော။ အပဋ္ဌသာ=လမ်းမှား၌ ဖြစ်ကြကုန်သော။ ဝါတာ=လေတို့သည်။ ဝိသမံ=မညီမညွတ်။ ဝါယန္တိ=တိုက်ခတ်ကုန်၏။

ရာသီဥတုမှ မမှန်ယင် လေတွေလဲ မညီမညွတ် လမ်းမမှန်ဘဲနဲ့ တိုက်ကုန်ရောတဲ့။

ဝိသမံ ဝါတေသု ဝါယန္တေသု ဝိသမေသု အပဋ္ဌသေသု
ဒေဝတာ ပရိကုပိတာ ဘဝန္တိ။

လေတွေ လမ်းလွဲပြီး မညီမညွတ် တိုက်ခတ်ပြီဆိုယင် ကောင်းကင်က ရှိကြတဲ့ နတ်တွေ စိတ်ဆင်းရဲကုန်ကြ အမျက်ထွက်ကုန်ကြတယ်။

ဒေဝတာသု ပရိကုပိတာသု ဒေဝေါ န သမ္မာဓာရံ အနုပ္ပဝေစ္ဆတိ။

ကောင်းကင်က နတ်တွေ အမျက်ထွက် စိတ်ဆိုး စိတ်ညစ်ကုန်ပြီဆိုယင် မိုးသည် အလျင်မှန်မှန် မရွာတော့ဘူး။

ဒေဝေ န သမ္မာဓာရံ အနုပ္ပဝေစ္ဆန္တေ ဝိသမပါကာနိ သဿာနိ ဘဝန္တိ။

မိုးအလျင် မမှန်ပြီ ဆိုလို့ရှိယင် ကောက်တွေ စပါးတွေ မညီမညွတ် မှည့်ကြရင့်ကြ ကျက်ကြရတယ်။ ကောက်ပင်တွေထဲမှာပဲ နုတာတစ်မျိုး၊ အလယ်အလတ်က တစ်မျိုး၊ ရင့်တာက တစ်မျိုး၊ အဲဒီလို အမျိုးမျိုး ဖြစ်ကုန်တတ်တယ်။

ဝိသမပါကာနိ မဟာရာဇ သဿာနိ မနုဿာ ပရိဘုဉ္ဇိတွာ အာပ္ပယုကာ စ
ဟောန္တိ၊ ဒုဗ္ဗဏ္ဏာ စ ဗဟွာဗာဓာ စ။

မြတ်သောမင်းကြီး၊ မညီမညွတ် မှည့်ရ ကျက်ရတဲ့ ကောက်စပါးတွေကို လူတွေ စားရပြီ ဆိုယင် အဲဒီ လူတွေသည် အသက်တိုကုန်တယ်၊ ရုပ်အဆင်းတွေ ပျက်ကုန်တယ်၊ အနာရောဂါတွေ ပေါများကုန်တယ်။

## လူသားများ တရားကျင့်သုံးလျှင်

ရှောင်ရမယ့်လမ်းစဉ်၊ ဟောဒီလို ရှောင်ရမယ့် လမ်းစဉ် ဟောပြီးတော့၊ လိုက်နာကျင့်သုံးရမယ့် လမ်းစဉ်ကို –

ယသ္မိံ မဟာရာဇ သမယေ ရာဇာနော ဓမ္မိကာ ဟောန္တိ၊
ရာဇယုတ္တာပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

http:\\www.dhammadownload.com



မြတ်သောမင်းကြီး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်များ ရာဇဓမ္မနဲ့အညီ ကျင့်ကြံလို့ရှိယင် မင်းမှုထမ်းတွေလဲ တရားကျင့်ကြပါတယ်။

ရာဇာယုတ္တေသု ဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ

တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

မင်းမှုထမ်းတွေ တရားကျင့်ပြီ ဆိုလို့ရှိယင် ပုဏ္ဏားတွေ၊ သူကြွယ်တွေ၊ သေဋ္ဌေးတွေ၊ ကုန်သည်တွေ၊ ပွဲစားတွေ၊ အဲဒီ ပုဂ္ဂိုလ်တွေလဲပဲ အကုန်လုံး တရားကို ကျင့်ကုန်ကြရော။

ဗြာဟ္မဏဂဟပတိကေသု ဓမ္မိကေသု နေဂမဇနပဒါပိ

တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

ပုဏ္ဏားများ သူကြွယ်များ တရားကျင့်ပြီကြပြီ ဆိုယင်တော့ ရွာနိဂုံး ဇနပုဒ် တိုက်နယ်သားတွေလဲပဲ တရားကျင့်ကြရော။

နေဂမဇနပဒေသု ဓမ္မိကေသု သမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ။

မင်းကအစ နိဂုံးသူ နိဂုံးသား ဇနပုဒ် တိုက်နယ်သား လူ့ပြည်လူသားတွေ တရားကျင့်ကြပြီ ဆိုလို့ရှိယင် ကောင်းကင်မှာ သွားတဲ့ နေလနှစ်ပါးလဲပဲ အညီအညွတ် မိမိတို့လမ်းက လှည့်လည်ကြတယ် ... တဲ့။

သမံ စန္ဒိမသူရိယေသု ပရိဝတ္တန္တေသု သမံ နက္ခတ္တာနိ တာရကာ ရူပါနိ ပရိဝတ္တန္တိ။

လတွေ နေတွေ မိမိတို့လမ်းက အညီအညွတ် သွားယင် နက္ခတ်တွေ ဂြိုဟ်တာရာတွေလဲပဲ မဖောက်တော့ဘူး။ မိမိတို့လမ်းက အညီအညွတ် သွားကြတယ်။

သမံ နက္ခတ္တေသု တာရကရူပေသု ပရိဝတ္တန္တေသု သမံ ရတ္တိံ ဒိဝေသု ပရိဝတ္တန္တိ။

ဂြိုဟ် နက္ခတ် တာရာတွေ အသွားမှန်ပြီဆိုယင် ညဉ့်ကာလ၊ နေ့ကာလ၊ ညဉ့်အခါ၊ နေ့အခါဆိုတဲ့ ဒီအခါတွေလဲပဲ ညီညွတ်မှန်ကန်တယ် မြတ်သောမင်းကြီး။

သမံ ရတ္တိံ ဒိဝေသု ပရိဝတ္တန္တေသု သမံ မာသဒ္ဓမာသာပိ ပရိဝတ္တန္တိ။

ညဉ့်တွေ နေ့တွေ မှန်လာလို့ရှိယင် လ–ရယ် လ–ဝက်ကယ်ဆိုတဲ့ ဒီပက္ခ ဒီအချိန်တွေ အကုန်လုံး ညီညွတ်မှန်ကန်လာတယ်။

သမံ မာသဒ္ဓမာသေသု ပရိဝတ္တန္တေသု သမံ ဥတုသံဝစ္ဆရာ ပရိဝတ္တန္တိ။

လ, လဝက်ဆိုတဲ့ အချိန်မှန်လာပြီဆိုတော့ လေးလ တစ်ဥတုခေါ်သော ဥတုများလဲ မှန်လာတယ်၊ ဆယ့်နှစ်လ တစ်နှစ်ဆိုတဲ့ နှစ်များလဲပဲ မှန်လာတယ်။

http:\\www.dhammadownload.com



သမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု သမံ ဝါတာ ဝါယန္တိ သမာ ပဋ္ဌသာ။

ဥတုတွေ နှစ်တွေ မှန်လာယင် ညီညွတ်သော မိမိလမ်း မှန်ကန်စွာ သွားသော လေသည် အညီအညွတ် မှန်မှန်ကန်ကန် တိုက်တယ်။

သမံ ဝါတေသု ဝါယန္တေသု သမေသု ပဋ္ဌသေသု ဒေဝတာ အပရိကုပိတာ ဘဝန္တိ။

အေး … ကောင်းကင်က လေတွေ သူ့လမ်းနဲ့သူ မှန်မှန်တိုက်ပြီဆိုတော့ နတ်တွေ လဲပဲ အမျက်မထွက်ဘဲနဲ့ စိတ်ချမ်းသာကြတယ်။

ဒေဝတာသု အပရိကုပိတာသု ဒေဝေါ သမ္မာဓာရံ အနုပ္ပဝေစ္ဆတိ။

ပဇ္ဇုန်နတ်တွေ စိတ်မဆိုးဘဲနဲ့ စိတ်ချမ်းသာလာပြီဆိုယင် မိုးလဲပဲ အချိန်မှန်မှန် အကုန်ခံပြီး ရွာသွန်းပေးတယ်။

ဒေဝေ သမ္မာဓာရံ အနုပ္ပဝေစ္ဆန္တေ သမပါကာနိ သဿာနိ ဘဝန္တိ။

မိုးသုံးမိုး အချိန်မှန်မှန် ရွာလို့ရှိယင် ကောက်ပင် စပါးပင်တွေလဲပဲ အညီအညွတ် ရင့်ကြ ကျက်ကြ မှည့်ကြတယ်။

သမပါကာနိ မဟာရာဇ သဿာနိ မနုဿာ ပရိဘုဥ္ဇန္တာ ဒီဃာယုကာ စ ဟောန္တိ၊ ဝဏ္ဏဝန္တော စ ဗလဝန္တော စ အပ္ပာဗာဓာ စ။

မဟာရာဇ=မြတ်သောမင်းကြီး။ သမပါကာနိ=အညီအညွတ် ရင့်ကျက်ကုန်သော။ သဿာနိ=ကောက်စပါးတို့ကို။ ပရိဘုဥ္ဇန္တာ=စားသုံးကြရကုန်သော။ မနုဿာ=လူ့ပြည် လူသားတို့သည်။ ဒီဃာယုကာ စ=အသက်ရှည်ကြကုန်သည်လည်းကောင်း။ ဝဏ္ဏဝန္တော စ= ခွန်အားဗလ ကြီးမားကြကုန်သည်လည်းကောင်း။ အပ္ပါဗာဓာ စ=အနာရောဂါ ကင်းစင်ကြကုန်သည်လည်းကောင်း။ ဟောန္တိ=ဖြစ်ကုန်၏။

မြတ်စွာဘုရားက စိတ်ရှည်လက်ရှည် ပသေနဒီကောသလမင်းတရားကို အကြောင်းနဲ့အကျိုး အကြောင်းနဲ့အကျိုး အဲသလို ဖော်ပြပြီးတော့ မင်းတရားစောင့်ယင် တစ်တိုင်းပြည်လုံး တရားစောင့်ရော၊ တစ်တိုင်းပြည်လုံး တရားစောင့်လို့ရှိယင် ကောင်းကင်က နေ-သွား-လ-သွား နက္ခတ် ကြယ်တာရာတွေ အသွား မှန်တယ်။ နက္ခတ်ကြယ်တာရာ တွေ အသွားမှန်လို့ရှိယင် ညဥ့်နေ့ဆိုတဲ့ အချိန်နာရီတွေ မှန်ပြီ၊ နာရီမှန်ယင် ရက် အပေါင်းကိုခေါ်တဲ့ လ, လဝက်ဆိုတာတွေလဲပဲ ရာသီမှန်လာတယ်။ လ, လဝက် မှန်လို့ရှိ ယင် လေးလ တစ်ရာသီဆိုတဲ့ ရာသီလဲ မှန်ရော၊ ဆယ့်နှစ်လ တစ်နှစ်ဆိုတဲ့ နှစ်လဲပဲ ရာသီမှန်ရော … တဲ့။

http:\\www.dhammadownload.com



ဥတု၊ နှစ် မှန်ခဲ့လို့ရှိယင် ကောင်းကင်က နေတွေလဲပဲ သူ့လမ်းနဲ့သူ အမှန်အကန် ကိုက်လို့ ဝလာဟကနတ်တွေ စိတ်မညစ်ဘဲ စိတ်ရွှင်လန်း ဝမ်းမြောက်ကြပြီ ဆိုလို့ရှိယင် မိုးတွေဟာ သူရွာသင့်တဲ့အချိန်မှာ အဟုန်ထန်ထန်သည်းသည်း ရွာသွန်းပေးတယ်။ မိုးတွေ ရွာသင့်တဲ့အချိန် အဟုန် ထန်ထန်သည်းသည်း မိုးသုံးပါး ညီညီညွတ်ညွတ် ရွာခဲ့လို့ရှိယင် လူတွေ စိုက်ပျိုးတဲ့ ကောက်စပါးတွေ အညီအညွတ် မှည့်ကြတယ်။ အညီအညွတ် မှည့်ကြတဲ့ ကောက်စပါးတွေကို စားကြတဲ့ လူတွေသည် အသက်ရှည်ကြ တယ်၊ အဆင်းလှကြတယ်၊ ခွန်အားဗလ ကောင်းကြတယ်၊ အနာရောဂါ ကင်းရှင်းကြ တယ်။

ဟောဒါ ရှောင်ရမယ့်လမ်းနဲ့ လိုက်နာရမယ့်လမ်း၊ အမည်းနဲ့အဖြူနှစ်ခု ရာဇောဝါဒ သုတ္တန်လို့လဲ ဆိုနိုင်၏။

**အဂတိတရား လေးပါး**

အဲဒီလို ပသေနဒီ ကောသလမင်းကြီးကို သီးသန့်ဆုံးမပြီးတဲ့နောက် မြတ်စွာဘုရား ဟာ အများနဲ့ဆိုင်သော တရားနဲ့ကိုင်ပြီးတော့ ဆုံးမချင်လို့ ရှိသေးတယ်။ မင်းမှာ အဂတိ လေးပါး။ မြတ်သောမင်းကြီး-

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊
ယော ဓမ္မံ အတိဝတ္တတိ။
နိဟီယတိ တဿ ယသော၊
ကာဠပက္ခေဝ စန္ဒိမာ။

(သုတ်ပါထေယျပါဠိ ၁၄၇။ အံ၊ ၁။ ၃၂၆။ ဝိ၊ ၅။ ၂၉၄။)

မဟာရာဇ=မြတ်သောမင်းကြီး။ ယော=အမှတ်မထင် အကြင် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ် သည်။ ဆန္ဒာစ=ချစ်သဖြင့်လည်းကောင်း။ ဒေါသာ စ=မုန်းသဖြင့်လည်းကောင်း။ မောဟာ စ=မိုက်မဲသဖြင့် လည်းကောင်း။ ဘယာ စ=ကြောက်သဖြင့် လည်းကောင်း။ ဓမ္မံ=မိမိကျင့်ရ မယ့်တရားကို။ အတိဝတ္တတိ=ကျူးကျော်ဖောက်ပြား ကျင့်မှားပေ၏။ တဿ=ထိုအဂတိ လေးပါး လိုက်စားတဲ့ မင်းအဖို့ရာ။ ကာဠပက္ခေ=လဆုတ်ပက္ခ၌။ စန္ဒိမာ=လစန်းသည်။ နိဟီယတိဣဝ=တစ်နေ့တခြား လျော့ပါးသကဲ့သို့။ တဿ=ထို အဂတိလေးပါး လိုက်စားတဲ့ မင်းအဖို့ရာ။ ယသော=စည်းစိမ်အခြံအရံသည်။ နိဟီယတိ =တစ်နေ့တခြား လျော့ပါး လျော့ပါး၍သာ လာတော့၏။

http:\\www.dhammadownload.com



မြတ်သောမင်းကြီး၊ ချစ်သဖြင့် မလားရောက်ရမယ့် ဘက်ကို လားရောက်ခြင်း၊ မုန်းသဖြင့် မလားရောက်ရမယ့် ဘက်ကို လားရောက်ခြင်း၊ မသိမလိမ္မာ တွေဝေသဖြင့် မလားရောက်ရမှာကို လားရောက်ခြင်း၊ မသိ မလိမ္မာ တွေဝေသဖြင့် မလားရောက်ရမှာကို လားရောက်ခြင်း၊ ကြောက်သဖြင့် မလားရောက်ရမှာကို လားရောက်ခြင်းဆိုတဲ့ အဂတိ လေးပါး လိုက်စားတဲ့ မင်းအဖို့ရာ လဆုတ်ပက္ခ၌ လသည် တစ်ရက်ထက် တစ်ရက် တစ်ရက်ထက် တစ်ရက် လျော့သွားလိုက်တာ နောက်ဆုံး လသည် ကွယ်သွားသလို တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် စည်းစိမ်တွေ အခြံအရံတွေ ဂုဏ်ကျေးဇူးတွေ လျော့ လျော့ သွားတယ်။ အဲဒီလမ်း မလိုက်နဲ့ရောင်။

ဆန္ဒာ ဒေါသာ ဘယာ မောဟာ။
ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊
သုက္ကပက္ခေဝ စန္ဒိမာ။

မဟာရာဇ=မြတ်သောမင်းကြီး။ ယော=အမှတ်မထင် အကြင်သူသည်။ ဆန္ဒာ=ချစ်သဖြင့် လည်းကောင်း။ ဒေါသာ=မုန်းသဖြင့်လည်းကောင်း။ ဘယာ=ကြောက်သဖြင့် လည်းကောင်း။ မောဟာ=တွေဝေမိုက်မဲသဖြင့် လည်းကောင်း။ ဓမ္မံ=မိမိကျင့်ရမယ့် တရားကို။ နာတိဝတ္တတိ=မလွန်ကျူး။ သုက္ကပက္ခေ=လဆန်းပက္ခ၌။ စန္ဒိမာ=လသည်။ အာပူရတိ ဣဝ= တစ်နေ့တခြား ပြည့်၍ပြည့်၍သာ လာသကဲ့သို့။ တဿ=ထိုအဂတိ လေးပါး မလိုက်စားသော မင်းအဖို့ရာ။ ယသော=စည်းစိမ်ဥစ္စာ အခြွေအရံ ကျော်စောသတင်း ကောင်းခြင်းဆိုတဲ့ ဂုဏ်အစုသည်။ အာပူရတိ=တစ်နေ့တခြား ကောင်းကင်က လရထားလို ပြည့်၍ ပြည့်၍သာ လာပါ၏။

အဂတိလေးပါး မလိုက်စားတဲ့ မင်းအဖို့လဲပဲ လဆန်းပက္ခ လသည် တစ်ရက်ထက် တစ်ရက် ပြည့်၍ပြည့်၍ လာသလို ကောင်းသော ကျော်စောသတင်းတွေ အခြံအရံတွေ စည်းစိမ်တွေ တစ်ရက်ထက်တစ်ရက် ပြည့်၍ပြည့်၍ လာပါတယ် မြတ်သောမင်းကြီး။

**သေမင်းနှင့် စစ်မခင်းနိုင်**

"မဟာရာဇ ဣမေသဉ္စ သတ္တာနံ "။ ဟိ=အကျယ် သြဝါဒ ပြဦးအံ့။ မဟာရာဇ= မြတ်သောမင်းကြီး။ ဣမေသံ သတ္တာနံ=ဤသတ္တဝါတို့အဖို့ -

http:\\www.dhammadownload.com



မစ္စုနော သင်္ဂရော နတ္ထိ၊ လဥ္စဂ္ဂါဟော န ဝိဇ္ဇတိ။

ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယဏာ။

ဣမေသံ သတ္တာနံ=မင်းနဲ့တကွ ရှိသမျှဥဿုံ အလုံးစုံသော သတ္တဝါတို့အဖို့။ မစ္စုနော =သေခြင်းတရားနဲ့။ သင်္ဂရော=ဤရက်ခါမှ သေအံ့ဟူ၍လည်းကောင်း။ ဤလခါမှ သေအံ့ဟူ၍လည်းကောင်း။ ဤနှစ်ကျမှ သေအံ့ဟူ၍လည်းကောင်း အချိန်းအချက်သည်။ နတ္ထိ=လူတိုင်းဧကန် မရှိမှန်၏။ (သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူးနော်) လဥ္စဂ္ဂါဟော=လက်ဆောင်တံစိုး ထိုး၍ထားခြင်းသည်။ နတ္ထိ=လူတိုင်းဧကန် မရှိမှန်၏။

ကျုပ်ဗျာ ... ဤမည်သောရက်၊ ဤမည်သောလ၊ ဤမည်သောနှစ်ကျမှ သေပါရစေ၊ တိတ်တိတ်ခိုး တံစိုးထိုးထားတာ ဘယ်သူမှ မရှိဘူး။

ယုဒ္ဓံ=သေမင်းကို စစ်ထိုးနိုင်ခွင့်သည်။ နတ္ထိ=စင်စစ်ဧကန် မရှိမှန်၏။ ဇယော= သေမင်းကို အောင်နိုင်ခွင့်သည်။ နတ္ထိ=မရှိဧကန် လူတိုင်းမှန်၏။ သဗ္ဗေ=မင်းနဲ့တကွ ရှိသမျှဥဿုံ အလုံးစုံသော လူအပေါင်းတို့သည်။ မစ္စုပရာယဏာ=သေခြင်းလျှင် နောက် ဆုံးလဲရာ လျောင်းရာ ရှိကြကုန်၏။

မြတ်သောမင်းကြီး သတိထား၊ လူသတ္တဝါများအဖို့ ငါမေးမယ်၊ သေခြင်းတရားကို ငါစစ်တိုက်ပြီး အနိုင်ယူမယ်၊ စစ်တိုက်လို့လဲ မရဘူး၊ အနိုင်ယူလို့လဲ မရဘူး။ ရှိသမျှ ဥဿုံ အလုံးစုံသော သတ္တဝါတို့သည် နောက်ဆုံးမှာ သေမင်းရဲ့ ခြေရင်းမှာ ဝပ်စင်းကြရ တယ်၊ နောက်ဆုံး သေကြရတယ်။

တေသံ ပရ လောကံ ဂစ္ဆ န္တာနံ ဌပေတွာ အတ္တနာကတံ ကလျာဏကမ္မံ အညာ ပတိဋ္ဌာ နာမ နတ္ထိ။

(စတ္တာလီသ၊ တေသကုဏဇာတ် အဋ္ဌကထာ-၁၁၄။)

**ကောင်းမှုသည်သာ အားကိုးရာ**

မဟာရာဇ=မြတ်သောမင်းကြီး။ ပရလောကံ=တမလွန်လောကသို့။ ဂစ္ဆ န္တာနံ=သွား ရောက်ကြရကုန်သော။ တေသံ=ထိုသတ္တဝါတို့အဖို့။ အတ္တနာ ကတံ=မိမိပြုအပ်သော။ ကလျာဏကမ္မံ=ကောင်းမှုကို။ ဌပေတွာ=ထား၍။ အညာ=တစ်ပါးသော။ ပတိဋ္ဌာ နာမ၊ ထောက်ရာ တည်ရာ မှီခိုရာမည်သည်။ နတ္ထိ=မရှိဧကန် လူတိုင်းမှန်၏။

တမလွန်လောကသို့ သွားကြရတဲ့ သတ္တဝါတွေအဖို့ မိမိပြုလုပ်တဲ့ ကောင်းမှု ကုသိုလ်ကလွဲယင် ထောက်ရာ တည်ရာ အားကိုးရာ ဘာမှ မရှိဘူးတဲ့။ မိမိပြုလုပ်တဲ့

http:\\www.dhammadownload.com



ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ်သာလျှင် ထောက်ရာ တည်ရာ မှီခိုကိုးစား အားထားရာ ရှိတယ်။

အသင် မင်းကြီးဟာ မင်းစည်းစိမ် အင်မတန် ကြီးတယ်။ ကြီးသကောလို့လဲပဲ တစ်နေ့ အဲဒီ မင်းကြီးစည်းစိမ်ကို စွန့်ပြီးသွားရလိမ့်မယ်။

ဧဝံ ဣတ္တရပစ္စုပဋ္ဌာနံ အဝသံ ပဟာတဗ္ဗံ၊ န ယသံ နိဿာယ ပမာဒံ ကာတုံ ဝဋ္ဋတိ။

ဧဝံ=ဤသို့။ ဣတ္တရပစ္စုပဋ္ဌာနံ=တိုတောင်းသော အချိန်မျှသာ ဖြစ်လေ့ရှိသော၊ ဝါ=တစ်သက်လျာမျှသာ ဖြစ်လေ့ရှိသော။ အဝသံ ပဟာတဗ္ဗံ=မချွတ်ဧကန် သေတဲ့ အခါ စွန့်ရမည် မုန်သော။ ယသံ=လူမင်းစည်းစိမ်ကို။ နိဿာယ=အမှီပြု၍။ ပမာဒံ=ကုသိုလ်ဆယ်စင်း မေ့လျော့ခြင်းကို။ ကာတုံ=ပြုခြင်းငှာ။ န ဝဋ္ဋတိ=မသင့်။

အသင်မင်းကြီးရဲ့ စည်းစိမ်ဟာ သေချာစဉ်းစား ကြည့်ယင် ဘာမှ ကြာတာ မဟုတ်ဘူး။ တစ်သက်လျာ ခဏတာ တစ်နေ့လဲပဲ စွန့်သွားရမှာ ဧကန်၊ အဲဒီလို ဖြစ်တဲ့ မင်းစည်းစိမ်ကို အမှီပြုပြီးတော့ ကုသိုလ်ဆယ်စင်း မေ့လျော့ခြင်းကို အလျှဉ်းမပြုထိုက်ဘူး မြတ်သောမင်းကြီး။

အပ္ပမတ္တောနေဝ ဟုတွာ ဓမ္မေန ရဇ္ဇံ ကာရေတုံ ဝဋ္ဋတိ။

အပ္ပမတ္တောနေဝ=ကုသိုလ်ဆယ်ခု မြောက်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လနဲ့ အပ္ပမာဒ တရား လက်ကိုင်ထားသည်သာလျှင်။ ဟုတွာ=ဖြစ်၍။ ဓမ္မေန=ရာဇဓမ္မတရား ဆယ်ပါး ဖြင့်။ ရဇ္ဇံ=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်မှုကို။ ကာရေတုံ=ပြုခြင်းငှာ။ ဝဋ္ဋတိ=သင့်ပေ၏။

မြတ်စွာဘုရားက စိတ်ရှည်လက်ရှည်ကိုပဲ ပြောတာ –

ပေါရာဏကရာဇာနော အနုပ္ပန္နေပိ ဗုဒ္ဓေ ပဏ္ဍိတာနံ ဩဝါဒေ ဌတွာ ဓမ္မေန ရဇ္ဇံ ကာရေတွာ ဒေဝနဂရံ ပူရယမာနာ ဂမိံသု။

မဟာရာဇ=မြတ်သောမင်းကြီး။ ပေါရာဏက ရာဇာနော=ရှေးမင်းကောင်းတို့သည်။ ဗုဒ္ဓေ=မြတ်စွာဘုရားသည်။ အနုပ္ပန္နေပိ=ပွင့်ထွန်းတော် မမူသော်လဲဘဲ။ ပဏ္ဍိတာနံ= ပညာရှိတို့၏။ ဩဝါဒေ=အဆုံးအမ၌။ ဌတွာ=တည်၍။ ဓမ္မေန=ရာဇဓမ္မဖြင့်။ ရဇ္ဇံ ကာရေတွာ=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်၍။ ဝါ=မင်းပြုလုပ်သောကြောင့်။ ဒေဝနဂရံ= နတ်ပြည်လောကကို။ ပူရယမာနာ=ပြည့်စေကုန်လျက်။ ဂမိံသု=လားရောက်ကြရလေ ကုန်ပြီ။

http:\\www.dhammadownload.com



ရှေးမင်းကောင်းများဟာ–တဲ့ သာသနာခေတ်မဟုတ်လို့ ဘုရား အဆုံးအမ မရပေမယ်လို့လဲဘဲ အလောင်းတော် ပညာရှိများရဲ့ ဩဝါဒ၌ တည်၍ တရားနဲ့အညီ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့အတွက် စုတိပြတ်ကြွေ သေလွန်တဲ့အခါ နတ်ပြည်လောကသို့ ရောက်ဖူးကြရပြီ။ လားရောက်ကြရပြီလို့ အရိပ်အမြွက် အမိန့်ရှိလိုက်လျှင်ပင် ပသေနဒီကောသလမင်းကြီးက အတိတ်ဖြစ်ရပ် ဇာတ်တော် ပြန်ပြောင်း မိန့်ဆိုတော်မူပါ ဘုရား–လို့ လျှောက်ထား တောင်းပန်တဲ့အတွက် အတိတ်ဖြစ်ရပ် "တေသကုဏဇာတ်" လို့ ငှက်သုံးကောင်ရဲ့ဇာတ် မြတ်စွာဘုရား ပြန်ပြီးတော့ ဟောတော်မူတယ်။

## တေသကုဏဇာတ် အတိတ်ဝတ္ထု

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တော ရဇ္ဇံ ကာရေန္တော အပုတ္တကော အဟောသိ။

မဟာရာဇ=မြတ်သောမင်းကြီး။ အတီတေ=အတိတ်ဝေးစွာ ရှေးအခါ၌။ ဗာရာဏသိယံ=ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တော=ဗြဟ္မဒတ္တ မင်းတရားသည်။ ရဇ္ဇံ ကာရေန္တော=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သည်ရှိသော်။ အပုတ္တကော=ထီးညွန့်နန်းလျာ သားတော်သမီးတော် မထွန်းကားသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

မြတ်သောမင်းကြီး၊ အတိတ်တစ်ချိန်က ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခဲ့တယ်။ အဲဒီ မင်းပြုလုပ်တဲ့ ဗြဟ္မဒတ်မင်းမှာ မိဖုရား မောင်းမမိဿံတွေ မြောက်မြားစွာ ရှိလင့်ကစား သားတော် သမီးတော် တစ်ဦးတစ်ယောက်မှ မထွန်းပေါက်ခဲ့ဘူး။ 'သားဆုပန်ကြပါ' .. လို့ မိဖုရား မောင်းမမိဿံတို့ကို တိုက်တွန်းတဲ့အတွက် မိဖုရား မောင်းမ မိဿံတို့ သားဆုပန်ကြသော်လဲပဲ သားသမီး မထွန်းကားမြဲ မထွန်းကားဘဲ လာခဲ့တာ နှစ်ပရိစ္ဆေဒ တော်တော်ကြာညောင်းလို့ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော်ကစား အပျော်အပါး ထွက်တဲ့အခါ ဥယျာဉ်တော်ရောက် နေ့ခင်းမှာ ဥယျာဉ်တော် လှည့်လည်ကျက်စား ပျော်ပါးပြီး မောလို့ အင်ကြင်းပင်ရဲ့ အောက်မှာ သလွန်တော်များ ခင်းပြီးတော့ အိပ်၊ တစ်ရေး အိပ်လိုက်လို့ အိပ်ပျော်သွားပြီး အိပ်ရာကနိုး၊ အပေါ်ကို မော့ကြည့်လိုက်တော့ အင်ကြင်းပင်ကြီးရဲ့ ကိုင်းပေါ်မှာ အသိုက်ကြီးတစ်ခုကို လှမ်းမြင်တယ်။ အသိုက်ကို မြင်လိုက်တယ်ဆိုယင်ပဲ သူ့စိတ်ထဲမှာ သားချစ် သမီးချစ် ချစ်လိုက်တာ–တဲ့၊ ထူးထူးခြားခြားကို ချစ်တယ်။ အဲဒီလို စိတ်ထဲက ထူးထူးခြားခြား ချစ်တာနဲ့ မင်းချင်းတစ်ယောက် ခေါ်ပြီး ဘာပြောသလဲ ဆိုတော့ -

http:\\www.dhammadownload.com



ဣမံ ရက္ခ အဘိရုဟိတွာ ဧတဿ ကုလာဝကေ ကဿစိ
အတ္ထိတံ ဝါ နတ္ထိတံ ဝါ ဇာနာဟိ။

ဘဏေ=အချင်း။ ဣမံ ရက္ခံ=ဤသစ်ပင်သို့။ အဘိရုဟိတွာ အဘိရုဟာဟိ=တက်လော့။ အဘိရုဟိတွာ=တက်ပြီးသကာလ။ ဧတဿ ကုလာဝကေ=ဟောဟို အသိုက်ထဲ၌။ ကဿစိ=တစုံတခုသော သတ္တဝါ၏။ အတ္ထိတံ ဝါ=ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ နတ္ထိတံ ဝါ=မရှိသည်၏ အဖြစ်ကိုလည်းကောင်း။ ဇာနာဟိ=သိအောင် ထောက်လှမ်း အမောင် စုံစမ်းလော့။

"အချင်းယောကျ်ား၊ ထိုအသိုက်ထဲမှာ ဘယ်သတ္တဝါ တစုံတရာ ရှိသည် မရှိသည်ကို တက်ပြီးကြည့်စမ်း"လို့ ခိုင်းလိုက်တော့ မင်းချင်းယောကျ်ားက တက်ပြီး အသိုက်ကို ကြည့်ရှု စုံစမ်းပြီး လျှောက်တယ်။ "ဒီအသိုက်ထဲမှာ ဥသုံးလုံး တွေ့ပါသည် ဘုရား"လို့ လျှောက်တော့ ဗြဟ္မဒတ်မင်းကြီးက ဘာပြောသလဲဆိုတော့ –

တေန ဟိ ဧတေသံ ဥပရိ နာသဝါတံ မာ ဝိဿဇ္ဇေသိ။

တေန ဟိ=သို့တပြီးကား။ (ဝါ) ထိုသို့ ဥသုံးလုံး တွေ့ခဲ့ယင်။ ဧတေသံ=ထိုဥတို့၏။ ဥပရိ=အထက်၌။ နာသဝါတံ=နှာခေါင်းလေကို။ မာ ဝိဿဇ္ဇေတိ=မလွှတ်နဲ့။ "အေး ... မင်း အဲဒီ ဥကို တွေ့ယင် အဲဒီ ဥတွေအပေါ် မင်းနှာခေါင်းလေ မခိုက်မိပါစေနဲ့၊ မလွှတ်နဲ့"

အဲဒီလို ပြောပြီးတော့ ဆက်၍ ဘုရင်ကြီးက ဘာပြောသလဲ။

စင်္ကောဋကေ ကပ္ပါသပိစုံ အတ္ထရိတွာ တတ္ထေဝ
တာနိ အဏ္ဍကာနိ ဌပေတွာ သဏိကံ ဩတရာဟိ။

ဘဏေ=အချင်း။ ဩရောဟ=ဆင်းခဲ့လော့။ စင်္ကောဋကေ=ပန်းတောင်း၌ (ဝါ) စကောထဲ၌။ ကပ္ပါသပိစုံ=ဝါဂွမ်းဆိုင်ကို။ အတ္ထရိတွာ=ခင်း၍။ တတ္ထေဝ=ထိုဝါဂွမ်းဆိုင်၌ပင်လျှင်။ တာနိ အဏ္ဍကာနိ=ထိုဥသုံးလုံးတို့ကို။ ဌပေတွာ=ထား၍။ သဏိကံ=ဖြည်းဖြည်း။ ဩတရ ဟိ=ဆင်းခဲ့လော့။

**အသိုက်တစ်ခုထဲ၌ ငှက်မသုံးကောင်၏ ဥသုံးဥ**

ရှင်ဘုရင်ကြီး ပေးတဲ့အမိန့် "မင်း အဲဒီ ဥတွေအပေါ် နှာခေါင်းလေ မင်းအသက် ရှူတဲ့လေ မခိုက်မိပါစေနဲ့၊ ဆင်းကွယ်။ ဆင်းပြီးတော့ စကောထဲမှာ ဝါဂွမ်းစိုင်ခင်း၊ အဲဒီ ဥတွေကို ဒီဝါဂွမ်းစိုင်ပေါ်မှာ တင်ထားပြီးတော့ မင်းဖြည်းဖြည်းဆင်း"လို့ ရှင်ဘုရင်

http:\\www.dhammadownload.com



အမိန့်ရှိတဲ့အတိုင်း မင်းချင်းယောကျ်ားသည် အောက်ဆင်း၊ စကောတစ်ခုရှာ၊ ဝါဂွမ်းဆိုင်တွေ စကောထဲ ခင်းပြီးတော့မှ အဲဒါနဲ့ ပြန်တက်အုန်း၊ ဥသုံးလုံး အသာအယာ ယူပြီးတော့ ဒီဝါဂွမ်းပေါ်မှာထား၊ တဖြည်းဖြည်းဆင်းလို့ ရှင်ဘုရင်ကြီးရှေ့ ရောက်လာတဲ့ အခါ–

ကတရ သကုဏဏ္ဍကာနိ နာမေတာနိ။

ဘောန္တော အမစ္စာ=အိုအမတ်တို့။ တောနိ=ဤဥတို့သည်။ ကတရသကုဏဏ္ဍကာနိ နာမ=အဘယ်ငှက်၏ ဥတို့ မည်သနည်း။

"အမတ်တို့၊ ဒီဥတွေဟာ ဘာ ငှက်ဥလဲ"

အမတ်တွေက ပြန်ပြောတယ်။

မယံ န ဇာနာမ=ကျွန်တော်မျိုးတို့ မသိကြပါဘူး။ နေသာဒါ ဇာနိဿန္တိ=မုဆိုးတို့ သိကြပါလိမ့်မယ်ဘုရား။

"ကျွန်တော်မျိုးတို့ ဒီဥကို မသိပါဘူး၊ နားမလည်ပါဘူး။ ကျွမ်းကျင်ရာ လိမ္မာ မုဆိုးများမှ သိနိုင်ပါ ဘုရား" လို့ လျှောက်တော့ –

ဗြဟ္မဒတ်မင်းက မုဆိုးတွေ အခေါ်ခိုင်း၊ ရှေ့တော်မှောက် ရောက်တော့ –

"အမောင်တို့၊ ဒီဥသုံးလုံးဟာ ဘာဥ ဘာဥ ဘာဥလဲ၊ တစ်ဥနဲ့ တစ်ဥလဲ မတူဘူး"။

အဲဒီတော့မှ မုဆိုးတွေက ဥတွေကြည့်ပြီးတော့ –

မဟာရာဇ=မြတ်သောမင်းကြီး။ ဧတေသု=ဤဥသုံးလုံးတို့အနက်။ ဧကံ=တစ်ဥကတော့။ ဥလူကအဏ္ဍံ=ခင်ပုပ်ငှက် ဥပါဘုရား။ ဧကံ=တစ်ဥကား။ သပလိကာအဏ္ဍံ= ဆက်ရက်ဥ သာလိကာဥပါဘုရား။ ဧကံ=တစ်ခုသောဥကား။ သုဝကအဏ္ဍံ= ကြက်တူရွေး ကျေးဥ ဖြစ်ပါသည်ဘုရား။

မြတ်သောမင်းကြီး၊ ဒီဥသုံးလုံးမှာ ဥတစ်လုံးက ခင်ပုပ်ငှက်=ဇီးကွက်ဥ၊ ဥတစ်လုံးက သာလိကာဥ၊ ဥတစ်လုံးက ကြက်တူရွေးဥ၊ အသိုက်တစ်ခုထဲမယ် ဥသုံးခု တွေ့တယ်။

ရှင်ဘုရင်ကြီးက မေးတယ်။

ကိံ ပန ဧကသ္မိံ ကုလာဝကေ တိဏ္ဏံ သကုဏိကာနံ အဏ္ဍာနိ ဟောန္တိ။

တာတာ=အမောင်တို့။ ကိံ ပန=အသို့နည်း။ ဧကသ္မိံ ကုလာဝကေ=အသိုက်တစ်ခု ထဲ၌။ တိဏ္ဏံ သကုဏိကာနံ=ငှက်မသုံးကောင်တို့၏။ အဏ္ဍာနိ=အဥတို့သည်။ ဟောန္တိ= ဖြစ်နိုင်ကုန်သလော။

http:\\www.dhammadownload.com



"အမောင်တို့၊ အသိုက် တစ်ခုတည်းများကွယ်၊ ငှက်သုံးကောင်ရဲ့ အဥ ဥလို့ ဖြစ်ပါမလား"။

မုဆိုးတွေက ပြန်ပြောတယ်။

အာမ ဒေဝ=ဖြစ်နိုင်ပါတယ် အရှင်မင်းကြီး။ ပရိပန္ထေအသတိ=ဘေးရန်မရှိခဲ့သော်။ သုနိက္ခိတ္တာနိ=ကောင်းစွာ ထားအပ်ကုန်သော အဥတို့သည်။ န နဿန္တိ=မပျက်စီးကြပါကုန် ဘုရား။

ဖောက်ဖျက်မယ့် ကျီးစတဲ့ ဘေးရန်မရှိလို့ မိခင်ဖြစ်တဲ့ ဇီးကွက်မ၊ မိခင်ဖြစ်တဲ့ သာလိကာမ၊ မိခင်ဖြစ်တဲ့ ကြက်တူရွေးမက ဒီအထဲမှာ ဥထားခဲ့ယင် ကျီးငှက်စသော ဘေးရန် မရှိယင် မပျက်စီးပါဘူး ဘုရားဆိုတော့ ကျေနပ်သွားတယ်။ အဲဒီတော့မှ ရှင်ဘုရင်က –

**ဘုရင်မွေးစား ဘုရင့်သား**

ဣမေ မမ ပုတ္တာ ဘဝိဿန္တိ။

ဣမေ=ဤဥမှ ပေါက်လာတဲ့ ငှက်တို့သည်။ မမ=ငါ၏။ ပုတ္တာ=သားသမီးတို့သည်။ ဘဝိဿန္တိ=ဖြစ်ကြလိမ့်မည်။

ဒီ ဥထဲက ပေါက်တဲ့ ငှက်ကလေးတွေဟာ ငါ့ရဲ့ သားတော်၊ သမီးတော်များ ဖြစ်ကြလိမ့်မယ်။

အဲဒီလို စဉ်းစားပြီးတော့ အမတ်သုံးယောက်ခေါ်၊ ဥတစ်လုံးစီ အသီးသီး ဝေပေး။

ဣမေ မယှံ ပုတ္တာ ဘဝိဿန္တိ။

ဘောန္တော အမစ္စာ=အိုအမတ်တို့။ ဣမေ=ဤ ဥမှ ပေါက်လာတဲ့ ငှက်တို့သည်။ မယှံ=ငါ၏။ ပုတ္တာ=သားသမီးတို့သည်။ ဘဝိဿန္တိ=ဖြစ်ကြလိမ့်မည်။

အမတ်မင်းတို့၊ ဤဥမှ ပေါက်လာတဲ့ ငှက်များဟာ ငါရဲ့ သားသမီးတွေ ဖြစ်ရလိမ့်မယ်။

တုမှေ=သင်တို့သည်။ သာဓုကံ=ကောင်းစွာ။ ပဋိဇဂ္ဂထ=ပြုစုမွေးပေးကြကုန်လော့။ ပဋိဇဂ္ဂိတွာ=ကောင်းမွန်စွာ ပြုစု မွေးပေးကြပြီးလျှင်။ အဏ္ဍကောသတော နိက္ခန္တကာလေ= ဥခွံမှ ပေါက်သောအခါကာလ၌။ မမ=ငါ့အား။ အာရောစေယျာထ=လျှောက်ထားကြကုန်။

http:\\www.dhammadownload.com



**ဗီးကွက်ဖို, သာလိကာမ, ကြက်တူရွေးအဖို**

အမတ်သုံးယောက်ကို ဥတစ်လုံးစီ အသီးသီး ဝေပေးလိုက်တယ်။ အမတ်သုံးယောက်က "ကောင်းပါပြီ မြတ်သော မင်းကြီး"လို့ ဝန်ခံ၍ မိမိတို့ အိမ်မှာ ဝါဂွမ်းဆိုင်နှင့် အငွေ့ရအောင် ဥလေး တရိုတသေ ထားရတယ်။ အေး ... ထားရာကနေပြီးတော့ ပထမ ဗီးကွက်ဥ ခင်ပုပ်ငှက်ဥ၊ ခင်ပုပ်ငှက်ထက် လူနားလည်အောင် ဗိုးကွက်သာ ထားကြစို့။

အေး ... ဗီးကွက်ဥက အလျင်ပေါက်၊ အဲဒီ ဗီးကွက်ဥ ထိန်းရတဲ့ အမတ်က မုဆိုးတစ်ယောက် ခေါ်ပြီးတော့ –

တွံ ဇာနာဟိ ဣတ္ထိဘာဝံ ဝါ ပုရိသဘာဝံ ဝါ။

တွံ=အမောင်သည်။ ဣတ္ထိဘာဝံ ဝါ=အမ၏ အဖြစ်ကို လည်းကောင်း။ ပုရိသဘာဝံ ဝါ=အဖို၏အဖြစ်ကို လည်းကောင်း။ ဇာနာဟိ=သိအောင် ထောက်လှမ်း စုံစမ်းလော့။

မုဆိုးခေါ်ပြီးတော့ –

"**ဟေ့ အမောင်၊ ဒီအခု** ပေါက်လာတဲ့ ဗီးကွက်ကလေးဟာ အဖိုလား အမလား၊ မင်း **သိအောင် စုံစမ်းလေ့**လာစမ်းပါ"ဆိုတော့ မုဆိုးကလဲ သူက လေ့လာနေကျဆိုတော့ အကောင်ကို ကိုင်ကြည့်လိုက်တယ် ဆိုယင်ပဲ –

"ဟာ ... ဒီ ဥစ္စာ အဖို အမတ်မင်း"

"အေး ကောင်းပါပြီ၊ ဒါဖြင့် မင်းသွားတော့"

အဲဒီအမတ်က ဗြဟ္မဒတ်မင်းကြီးထံ သွားပြီးတော့ –

ပုတ္တော တေ ဒေဝ ဇာတော။

ဒေဝ=သမ္မုတိနတ် အိုမင်းမြတ်။ တေ=အရှင်မင်းမြတ်၏။ ပုတ္တော=သားတော်သည်။ ဇာတော=မီးရှူးသန့်စင် ဖွားမြင်ခဲ့ပြီဘုရား။

တကတဲ ဗီးကွက်ကို ဗီးကွက်ကို –

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သားတော် မီးရှူးသန့်စင် ဖွားမြင်လာပါပြီ ဘုရား"

ဒီလို ပြောလိုက်ကတည်းက အပ်တုန်းက ဗီးကွက်ဥ အပ်ထားတဲ့အမတ် လျှောက်ကာ ဆိုတော့ ရှင်ဘုရင်က သိတယ်၊ ဗီးကွက်အဖိုပဲ၊ ခင်ပုပ်ငှက် အဖိုပဲ သိတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ ရှင်ဘုရင်က ဘာပြောသလဲဆိုတော့ –

တောန ဟိ သာဓုကံ ပဋိဇဂ္ဂ။

http:\\www.dhammadownload.com



တေန ဟိ=သို့တပြီးကား။ သာဓုကံ=ကောင်းမွန်စွာ။ ပဋိဇဂ္ဂ=ကျွေးမွေးပြုပြင် သုတ်သင်လော့။

ဝေဿန္တရောတိ စဿ နာမံ ကရောဟိ။

အဿ=ထို ငါ့သားတော်အား။ ဝေဿန္တရောတိ စ=ဝေဿန္တရာဟူ၍လဲပဲ။ နာမံ=အမည်ကို။ ကရောဟိ=မှည့်ခေါ်လော့။

ကိုင်း–ဒီးကွက်ကလေးကို နာမည်ပါ ရှင်ဘုရင်က ပေးလိုက်တယ်။

"ငါ့သားရဲ့နာမည်ကို ဝေဿန္တရာလို့ ခေါ်ရမယ်"

တစ်ခါတည်း ရှင်ဘုရင်က ဥစ္စာစီးပွားတွေ များများပေးပြီးတော့ သားတော်တို့ အဆောင်အယောင်နဲ့ ဝေဿန္တရာ သားတော်ကို ကြီးပွားအောင် မင်း စောင့်ရှောက်ရမယ်။

တစ်ခါတည်း ဥစ္စာစည်းစိမ် မြောက်မြားစွာ ပေးလိုက်တယ်။ နောက် သုံးရက်လောက်ရှိတော့ သာလိကာဥကလေး ပေါက်လာပြန်တယ်။ အဲဒီအမတ်က တစ်ခါ မုဆိုးကို ခေါ်ပြီးတော့ အဖိုအမ စုံစမ်းခိုင်းတော့ အမကလေး။ "ကောင်းပြီ အမောင်" ဆိုပြီးတော့ အဲဒီ အမတ်က ဗြဟ္မဒတ်မင်းကြီးထံ သွားပြီးတော့ –

ဓီတာ တေ ဒေဝ ဇာတာ။

ဒေဝ=အရှင်မင်းကြီး။ တေ=အရှင်မင်းကြီး၏။ ဓီတာ=သမီးတော်ကလေးသည်။ ဇာတာ=မိးရှုးသန့်စင် ဖွားမြင်ခဲ့ပါပြီဘုရား။

"သမီးတော်တစ်ယောက် ဖွားမြောက်ခဲ့ပါပြီ ဘုရား"လို့ လျှောက်တော့ ရှင်ဘုရင်က–

ဓီတရံ မေ သာဓုကံ ပဋိဇဂ္ဂ။

ငါ့သမီးကို မင်းကောင်းကောင်း မွေးကျွေးသုတ်သင်။

ကုဏ္ဍလိနီတိ စဿာ နာမံ ကရောဟိ။

အဿာ=ထိုငါ့သမီး၏။ နာမံ စ=အမည်ကိုလဲပဲ။ ကုဏ္ဍလိနီတိ=ကုဏ္ဍလိနီဟူ၍။ ကရောဟိ=မှည့်ခေါ်လော့။

အေး ... သာလိကာဆိုတာ နားရွက်ကလေးက နားတောင်းလေး ဝတ်ထားတာသလို နေတယ်။ အဲဒါကို ကြည့်ပြီးတော့ "ကုဏ္ဍလိနီ" နားတောင်းဝတ်ထားတဲ့ အမျိုးသမီးလို့ အဓိပ္ပာယ်ရှိတယ်။ အေး ... ငါ့သမီးကို "ကုဏ္ဍလိနီ"လို့ နာမည်မှည့်ယူသွား၊ သမီးတော်ရဲ့ အဆောင်အယောင် အခမ်းအနားနဲ့ ခမ်းခမ်းနားနား မင်း ပြုစုလုပ်ကျွေးရမယ်။ ဥစ္စာ

http:\\www.dhammadownload.com



စည်းစိမ်များစွာ ပေးလိုက်တယ်။ နောက်သုံးရက်လောက်ရှိတော့ ကြက်တူရွေးဥကလေး က ပေါက်ပြန်ရော။ ဆိုင်ရာအမတ်က မုဆိုးတစ်ယောက် ခေါ်ပြီးတော့ "ဒါ အဖို အမ မင်းကြည့်စမ်းကွာ" ဆိုတော့ "အဖိုလေးခင်ဗျာ" ဆိုတော့ "ကောင်းပြီ မင်းပြန်တော့"။ အဲဒီအမတ်က ရှင်ဘုရင်ကြီးထံ သွားပြီးတော့ –

ပုတ္တော တေ ဒေဝ ဇာတော။

သမ္မုတိနတ် အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့ သားတော် မီးရှူးသန့်စင် ဖွားမြင်ခဲ့ ပါပြီ ဘုရားလို့ လျှောက်ထားတဲ့အခါ ဗြဟ္မဒတ်မင်းကြီးက ဘာပြောသလဲဆိုတော့ –

ပုတ္တဿ မေ မဟန္တေန ပရိဝါရေန မင်္ဂလံ ကတွာ ဇမ္ဗုကောတိဿ နာမံ ကရောဟိ။

မေ=ငါ၏။ ပုတ္တဿ=သားတော်အား။ မဟန္တေန=ကြီးစွာသော။ ပရိဝါရေန= အခြံအရံဖြင့်။ မင်္ဂလံကတွာ=မင်္ဂလာမှု ပြုပြီးသကာလ။ (ကင်ပွန်းတပ်တဲ့ မင်္ဂလာတို့ ဘာတို့ တကတည်း ကြီးစွာသော အဆောင်အယောင် အခမ်းအနားနဲ့ ကင်ပွန်းတပ်တဲ့ မင်္ဂလာမှုပြု၊ အမည်မှည့်တဲ့ မင်္ဂလာမှု ပြုပြီးတော့) အဿ=ထိုငါ့သားတော်၏။ နာမံ= အမည်ကို။ ဇမ္ဗုကောတိ= ဇမ္ဗုကဟူ၍။ ကရောဟိ=မှည့်ခေါ်လော့။

ကြက်တူရွေးကျတော့ ပိုပြီးတော့ "ငါ့သားတော်ကို မင်းကောင်းကောင်း ကျွေးမွေး သုတ်သင်ပါကွာ"။ အဲဒီလို ကောင်းကောင်း မွေးကျွေးသုတ်သင်ပြီး သကာလ ကြီးစွာ သော အဆောင်အယောင် အခမ်းအနားဖြင့် အမည်မှည့်တဲ့ နာမကရဏမင်္ဂလာပွဲ ပြုလုပ် ပြီးတော့ "ဇမ္ဗုက"လို့ နာမည်မှည့်တယ်။ ဇမ္ဗုက မည်ပါတယ်။

မှန်တယ်။ ကြက်တူရွေးမှာ ဇမ္ဗုသပြေသီးနှလို နီမြန်းသော နှုတ်သီးရှိလို့ ရှင်ဘုရင် က သပြေသီးနှလို နီတွေးသော နှုတ်သီးရှိတဲ့အတွက် "ဇမ္ဗုက" လို့ အဲဒီလို နာမည်မှည့် ခိုင်းတယ်။

## ငှက်သုံးကောင်ကို ချစ်လွန်းသောဘုရင်

ဆိုကြပါစို့။ အမတ်သုံးယောက် အသီးသီး ဝေဿန္တရာ=ခင်ပုပ်ငှက်၊ ကုဏ္ဍလိနီ= သာလိကာမ၊ ဇမ္ဗုက=ကျေးသား၊ အဲဒီ ငှက်သုံးကောင်ကို မင်းညီမင်းသား မင်းသမီး တို့ရဲ့ အဆောင်အယောင်နဲ့ ခမ်းခမ်းနားနားကို မွေးရတယ်။ တကတဲ မွေးလို့ အတောင် အလက် စုံလာတဲ့အခါ ရှင်ဘုရင်ကြီးဆီ အသီးသီးယူလာတယ်။ ရှင်ဘုရင်ကြီးက တကတဲ –

http:\\www.dhammadownload.com



မမ ပုတ္တော = ငါရဲ့ သားတော်။

မမ ဓီတာ = ငါရဲ့ သမီးတော်။

အဲဒီလို ရွတ်ပြီး မူးရူးလိုက်တာတဲ့။ ပြုလဲ ပြုစု၊ တကယ့် သားသမီးလို။ မူးရူးကျီစယ် သလိုပဲတဲ့။ အဲဒါကို မှူးမတ်တွေက မြင်တော့ အချင်းချင်း ပြောကြတယ်။

ပဿထ ဘော ရညော ကိရိယံ။ (ဇာ၊ ၄၊ ၅။ ၁၁၅-၆။)

ဘော=အို ... အချင်းတို့။ ပဿထ=ရှုကြပါလော့။ အမှာကံ=ငါတို့၏။ ရညော= မင်းကြီး၏။ ကိရိယံ=ပြုမူပုံကို။ ပဿထ=ရှုကြကုန်လော့။

အမတ်မင်းတို့၊ ကျုပ်တို့ မင်းကြီးရဲ့ အပြုအမူများကို ကြည့်ကြစမ်း။

တိရစ္ဆာနဂတေပိ 'ပုတ္တော မေ, ဓီတာ မေ' တိ ဝဒန္တော ဝိစရတိ။

တိရစ္ဆာနဂတေပိ=တိရစ္ဆာန်တို့ကိုပင်။ ပုတ္တော မေ ဓီတာ မေ တိ=ငါ့သား ငါ့သမီး ဟူ၍။ ဝဒန္တော=ပြောဆိုလျက်။ ဝိစရတိ=လှည့်လည်ကျက်စားဘိ၏။

တကယ့်သားတော် သမီးတော် အစစ်မရှိတော့ တိရစ္ဆာန်တွေကိုပဲ ငါ့ရဲ့သား, ငါ့ရဲ့သမီးနဲ့ ပါးစပ်က တတွတ်တွတ်ပြောပြီးတော့ လှည့်လည် ကျက်စားသွားလာနေ တယ်။ ပြက်ရယ်ကြ၊ ပြောင်လှောင်ကြတယ်။ ရှင်ဘုရင်က ဒီအသံကြားတော့ -

ဣမေ အမစ္စာ ဧတေသံ မမ ပုတ္တာနံ ပညာသမ္ပဒံ န ဇာနန္တိ။

(ဇာ။ ၄၊ ၅။ ၁၁၆)

ဣမေ အမစ္စာ=ဤအမတ်တို့သည်။ ဧတေသံ မမ ပုတ္တာနံ=ဤ ငါ့သားတော် သမီးတော်တို့၏။ ပညာသမ္ပဒံ=ပညာနဲ့ ပြည့်စုံခြင်းကို။ န ဇာနန္တိ=တစိုးတစိ မသိကြ ကုန်။

ဒီအမတ်တွေ ငါ့ရဲ့သားတော် သမီးတော်တို့ရဲ့ ပညာနဲ့ ပြည့်စုံပုံကို သူတို့မသိဘူး။

ပါကဋံ နေသံ ကရိဿာမိ။

နေသံ=ထိုအမတ်တို့အား။ မမ ပုတ္တာနံ=ငါ့သားတော် သမီးတော်တို့၏။ ပညာ သမ္ပဒံ=ပညာနဲ့ ပြည့်စုံပုံကို။ ပါကဋံ=ထင်ရှားအောင်။ ကရိဿာမိ=ပြုပေအံ့။

**ခင်ပုပ်ငှက်၏အရည်အချင်း**

စဉ်းစားတယ်၊ ဒီအမတ်တွေ ငါ့သားတော် သမီးတော် မင်းသုံးဖော်တို့ရဲ့ ပညာနဲ့ ပြည့်စုံပုံ၊ အရည်အချင်း ပြည့်စုံပုံကို ဒင်းတို့ မသိကြဘူး။ အေး ... ငါ့သားတော်

http:\\www.dhammadownload.com



သမီးတော်တို့ရဲ့ ပညာအရည်အချင်းနဲ့ ပြည့်စုံပုံကို ဒီအမတ်တို့အား ငါထင်ရှားစွာ ပြပေးမယ်လို့ အဲဒီလို စဉ်းစားဆင်ခြင်ပြီးတော့ ရှင်ဘုရင်က ပထမ ဝေဿန္တရာ ခင်ပုပ်ငှက် နေတဲ့အိမ်ကို ဝေဿန္တရာ ခင်ပုပ်ငှက်မင်းထံကို တမန်တော် လွှတ်ပြောတယ်။ ဘယ်လို ပြောသလဲ။

တုမှာကံ ပိတာ ပဉှံ ပုစ္ဆိတုကာမော။

တုမှာကံ=အရှင့်သားတို့၏။ ပိတာ=ခမည်းတော်ဘုရားက။ ပဉှံ=အမေးပုစ္ဆာပြဿနာကို။ ပုစ္ဆိတုကာမော=မေးခြင်းငှာ အလိုရှိပါသည် ဘုရား။

ကဒါ ကိရ အာဂန္ဘာ ပုစ္ဆတု။ ကဒါ=အဘယ်အခါ၌။ အာဂန္ဘာ=လာရောက်၍။ ပုစ္ဆတုကိရ=မေးရမတဲ့လဲ ဘုရား။

မင်းချင်းကို ဒီအတိုင်း စေလွှတ်တယ်။ "မင်းသွားလျှောက်ချေ၊ ငါ့သားတော် ဝေဿန္တရာဆီ၊ သွားလျှောက်ချေ၊ ငါ့သားတော် ဝေဿန္တရာဆီ၊ "အရှင့်သားတော် အရှင်မင်းသား၊ အရှင်မင်းသားတို့ရဲ့ ခမည်းတော်ဘုရားက အမေးပုစ္ဆာ ပြဿနာ မေးချင်လို့ပါ၊ ဘယ်နေ့ ဘယ်ရက်မှာ လာပြီးတော့ မေးရမတဲ့လဲ"လို့ သွားလျှောက်။

အေး ... မင်းမှုထမ်းက ဒီအတိုင်း သွားပြီးတော့ ဝေဿန္တရာငှက်ထံကို မင်းသားအား အရိုအသေပေးပြီး လျှောက်သလို ဒီအတိုင်း လျှောက်ရတယ်။

"အရှင့်သား၊ အရှင့်ခမည်းတော်ဘုရားက ပြဿနာ မေးချင်လို့ ဘယ်ရက်မှာ လာပြီး မေးရမတဲ့လဲ"လို့ ဆိုတော့ ဝေဿန္တရာ ခင်ပုပ်ငှက်မင်းက အထိန်းတော်အမတ်ကိုခေါ်-

မယှံ ကိရ ပိတာ မံ ပဉှံ ပုစ္ဆိတုကာမော။

မယှံ=ငါ၏။ ပိတာ=ခမည်းတော်ဘုရားက။ မံ=ငါ့ကို။ ပဉှံ=အမေးပုစ္ဆာပြဿနာကို။ ပုစ္ဆိတုကာမော ကိရ=မေးခြင်းငှာ အလိုရှိသတဲ့။

အထိန်းတော်အမတ်ကြီး၊ ခမည်းတော်ဘုရားက ကျွန်ုပ်ကို ပြဿနာ မေးချင်လို့တဲ့။

တဿ ဣဓာဂတဿ သက္ကာရံ ကာတုံ ဝဋ္ဋတိ။

ဣဓ=ဤကျွန်ုပ်တို့ အိမ်သို့။ အာဂတဿ=ကြွရောက်လာသော။ တဿ=ထိုခမည်းတော်အား။ သက္ကာရံ=ပူဇော်သက္ကာရကို။ ကာတုံ=ပြုလုပ်ခြင်းငှာ။ ဝဋ္ဋတိ=သင့်ပေ၏။

ခမည်းတော်မင်းကြီး သားတော်အိမ် ဆိုပြီးတော့ လာတဲ့အခါ ဝတ်ကြီးဝတ်ငယ် ပြုရလိမ့်မယ်၊ မပြုလို့ မဖြစ်ဘူး။

http:\\www.dhammadownload.com



ကဒါ အာဂစ္ဆတု။

ကဒါ=အဘယ်အခါ၌။ အာဂစ္ဆတု=လာစေချင်သလဲ။ "အမတ်မင်း ဘယ်ရက်လာရမတဲ့လဲ" လို့ မေးတဲ့အခါ အထိန်းတော်အမတ်က စဉ်းစားပြီး ခုနစ်ရက် ဝေယျာဝစ္စ ပြင်ဆင်လို့ ရှိယင် ပြီးနိုင်ပါတယ်။

ဣတော သတ္တမေ ဒိဝသေ တဝ ပိတာ အာဂစ္ဆတု။

ဣတော=ဤရက်မှ။ သတ္တမေ ဒိဝသေ=ခုနစ်ရက် မြောက်သောနေ့၌။ တဝ=အရှင့်သား၏။ ပိတာ=ခမည်းတော်ဘုရားသည်။ အာဂစ္ဆတု=လာတော်မူပါစေ။

ဒီကနေ့က ခုနစ်ရက်မြောက်၌ အရှင့်သားတို့ရဲ့ ခမည်းတော် လာတော်မူပါစေလို့ အဲဒီလို အမတ်က ပြန်ကြားလျှောက်ထားတဲ့အခါမှာ ဝေဿန္တရာခင်ပုပ်ငှက်က မင်းချင်းယောကျာ်းကို -

ပိတာ မေ ဣတော သတ္တမေ ဒိဝသေ အာဂစ္ဆတု။

မေ=ငါ၏။ ပိတာ=ခမည်းတော်ဘုရားသည်။ ဣတော=ယနေ့မှ။ သတ္တမေ ဒိဝသေ =ခုနစ်ရက်မြောက်သောနေ့၌။ အာဂစ္ဆတု=ကြွလာတော်မူပါလော့။

ဒီအတိုင်း လျှောက်ထားလိုက်တော့ ခမည်းတော်ဘုရားကို အဲဒီ မင်းချင်းယောကျာ်းက ဒီအတိုင်း လျှောက်ထားတယ်။

"အရှင့်သားတော် ပြန်ကြားလိုက်ပါတယ်၊ အကျွန်ုပ်ရဲ့ ခမည်းတော်သည် ယနေ့မှ နောက် ခုနစ်ရက်မြောက်သောနေ့၌ ကြွလာတော်မူပါတဲ့ ဘုရား"လို့ ဆိုတော့ အေး ... အထိန်းတော် အမတ်ကလဲပဲ ဒီအတွင်းမှာ သူ့အိမ်မှာ ညှော်ခံစရာတွေ ပြင်ရတယ်။ မင်းလာယင် အခြံအရံတွေ ပရိသတ်နဲ့တကွ ကျွေးဖို့မွေးဖို့ ညှော်ခံစရာ ပြင်ရတယ်။ ခုနစ်ရက်မြောက်တော့ လာပြီ။ ရှင်ဘုရင်လာတဲ့အခါမှာ သားတော်အိမ် ခမည်းတော်လာတဲ့ အဆောင်အယောင်မျိုး၊ အခမ်းအနားမျိုးနဲ့ မင်းခမ်းမင်းနားကြီးစွာနဲ့ လာတဲ့မင်းနှင့်တကွသော ပရိသတ်ကို ညှော်ခံကျွေးမွေး၊ သားတော်အိမ်က ကျွေးမွေးသပေါ့။

## ရှင်ဘုရင်နှင့် သားတော်ခင်ပုပ်ငှက်တို့ အမေးအဖြေ

အဲဒီလို ရှင်ဘုရင်သည် သားတော် ဝေဿန္တရာရဲ့ အိမ်မှာ စားသောက်ပြီးတော့ ရွှေနန်းတော်ပြန်၊ နန်းတော်မြေကွက်လက်မှာ မဏ္ဍပ်ကြီးထိုး၊ တိုင်းသားပြည်သူတွေကို စည်လှည့်စေ၍ ဒီမဏ္ဍပ်ကြီးထဲမှာ အားလုံးဖိတ်၊ တစ်မြို့လုံးက လူကွေ့ ဒီကို လာရ

http:\\www.dhammadownload.com



တယ်။ အားလုံးပရိသတ် စုံနေပြီဆိုတော့မှ ရှင်ဘုရင်က အလယ်ခေါင် ရာဇပလ္လင်နဲ့ ထိုင်ပြီးတော့–

ဝေဿန္တရံ အာနေတ။

ဝေဿန္တရံ=ငါရဲ့သားတော် ဝေဿန္တရာကို။ အာနေတ=ခေါ်ဆောင်ခဲ့လော့။

"အထိန်းတော်အမတ်၊ ငါ့ရဲ့သားတော် ဝေဿန္တရာကို ခေါ်ခဲ့ ဆောင်ခဲ့"။

အဲဒီလို အမိန့် ပေးလိုက်တယ်ဆိုယင်ပဲ အထိန်းတော်အမတ်က ရွှေအင်းပျဉ်၊ အင်းပျဉ်ဆို လေးထောင့်ဆိုပါစို့ရဲ့၊ ကုလားထိုင်လေးလို ခုံလေးပေါ့၊ လေးထောင့်ခုံလေး၊ အဲဒီ လေးထောင့်ခုံလေးပေါ်မှာ ဝေဿန္တရာ ခင်ပုပ်ငှက်ကလေး တင်ပြီးတော့ လာရ၊ ရွှေအင်းပျဉ်လေး ရွှေခုံလေးပေါ့။ အဲဒါနဲ့ လာပြီးတော့ ဒီအနားမှာ ရှင်ဘုရင်ရဲ့ အနီး အပါးမှာ ချလိုက်တယ်ဆိုယင်ပဲ ဝေဿန္တရာ ခင်ပုပ်ငှက်က ဒီရွှေအင်းပျဉ်ပေါ်က နေပြီး တော့ ခမည်းတော်ရဲ့ ရင်ခွင် တစ်ခါတည်း သွားနားတယ်။

အား … ရှင်ဘုရင်ကြီးက "ငါ့သားတော် နေကောင်းသလား၊ ဘာလား" ခေါင်းသပ် ဘာသပ် တကတဲ ပွေ့ပွေ့ယုယု ကျီစယ်ပြုစုလို့ ဝပြီ၊ သားတော်ကို ပြုစုပွေ့ယု ကျီစယ် ချင်သလို ကျီစယ်လို့ ဝပြီဆိုတော့မှ ဝေဿန္တရာက သူ့ရဲ့ ရွှေအင်းပျဉ်ကလေးပေါ်မှာ ပြန်နား၊ အား … တိုင်းသူပြည်သားတွေက တအံ့တသြကြည့်။ အားလုံးပရိသတ် ငြိမ်တော့မှ ဗြဟ္မဒတ်မင်းကြီးက စ, မေးပြီ။

**ဝေဿန္တရံ တံ ပုစ္ဆာမိ၊ သကုဏ ဘဒ္ဒမတ္ထု တေ။**

**ရဇ္ဇံ ကာရေတုကာမေန၊ ကိံ သု ကိစ္စံ ကတံ ဝရံ။**

(ဇာ၊ ၂။ ၁။ ဇာ၊ ၄၊ ၅။ ၁၁၆။)

ရှင်ဘုရင်ကြီး မေးတဲ့ဂါထာ။

သကုဏ=သကုဏဇာတ် အို … သားတော်မြတ်။ ဝေဿန္တရံ=ဝေဿန္တရာ အမည်ရှိ သော။ တံ=သင်ချစ်သားကို။ ပုစ္ဆာမိ=သိလိုရေးနဲ့ ခမည်းတော်မေးပါ၏။ တေ=သင် ချစ်သားအား။ ဘဒ္ဒံ= ကောင်းခြင်း မင်္ဂလာသည်။ အတ္ထု=ဖြစ်ပါစေသတည်း။

ချစ်သား ဝေဿန္တရာ၊ ချစ်သားကို သိလိုရေးနဲ့ ပြဿနာ မေးပါ၏။ ချစ်သားရဲ့ အတွက် ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။

ရဇ္ဇံကာရေတုကာမေန=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည်။ ကိံသုကိစ္စံ= အဘယ်ကိစ္စမျိုးကို။ ကတံ=ပြုအပ်သည်ရှိသော်။ ဝရံ=ချီးမွမ်းအပ် မြတ်ပါသနည်း။

http:\\www.dhammadownload.com



သားတော်၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် ဘယ်လိုအလုပ်ကို လုပ်ယင် ချီးမွမ်းအပ် ကောင်းမြတ်သလဲလို့ မေးလိုက်တယ်။ ဝေဿန္တရာ ခင်ပုပ်ငှက်မင်းက ဘာပြန်ပြောသလဲ။

စိရဿံ ဝတ မံ တာတော၊
ကံသော ဗာရာဏသိဂ္ဂဟော။
ပမတ္တော အပ္ပမတ္တံ မံ၊
ပိတာ ပုတ္တံ အစောဒယိ။ (ဇာ၊ ၂။ ၁။ ဇာ၊ ၄၊ ၅၊ ၁၁၆)

ဘောန္တော=တိုင်းသားပြည်သူ အို ... ဗိုလ်လူအပေါင်းတို့။ တာတော=ကျွန်ုပ်ကို စောင့်ရှောက်မွေးမြူတော်မူပါပေသော။ တာတော=ကျွန်ုပ်ကို စောင့်ရှောက်မွေးမြူ ကျေးဇူးယူ ဖြစ်ဘော်မူပါပေသော။ ကံသော=ကံသအမျိုးအနွယ် ဖြစ်ပေသော။ ဗာရာဏသိဂ္ဂဟော=ဗာရာဏသီပြည်ကို သိမ်းပိုက်တော်မူသော။ ပမတ္တော=မေ့လျော့တော်မူသော။ ပိတာ=ခမည်းတော်ကြီးသည်။ စိရဿံ=အချိန်ကြာမြင့်မှ။ အပ္ပမတ္တံ=မမေ့မလျော့သော။ မံ=အကျွန်ုပ်ကို။ အစောဒယိ=သိလိုရေးနဲ့ မေးမြန်းဘိ၏။

အပြစ်တင်တဲ့ ဂါထာတဲ့။ တိုင်းသူပြည်သား လူအများတို့၊ ကံသအမျိုးအနွယ် ဗာရာဏသီပြည်ကို စိုးအုပ်တဲ့ ကျွန်ုပ်ရဲ့ ခမည်းတော်မင်းကြီးဟာတဲ့၊ မေ့မေ့လျော့လျော့ အချိန်ကြာကြာ နေပြီးမှ အခုမှ မမေ့မလျော့တဲ့ ကျွန်ုပ်ကို ပြဿနာ မေးတယ်၊ ဒီပြဿနာ မေးသင့်တာ ကြာလှပြီ၊ အခုမှ မေးတယ်ပေါ့။ အင်း ... အပြစ်တင်တယ်။ အဲဒီလို အပြစ်တင်စကား ပြောကြားပြီးသကာလ -

**မင်းကျင့်တရား သုံးပါး - သစ္စာ၊ မေတ္တာ၊ ဓိတိ**

မဟာရာဇ ရညာ နာမ တီသု ဓမ္မေသု ဌတွာ ဓမ္မေန ရဇ္ဇံ ကာရေတဗ္ဗံ။

မဟာရာဇ=မြတ်သောမင်းကြီး၊ ရညာ နာမ=တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူမည်သည်။ တီသု ဓမ္မေသု=တရားသုံးမျိုးတို့၌။ ဌတွာ=တည်၍။ ဓမ္မေန=တရားသဖြင့်။ ရဇ္ဇံ=မင်းအဖြစ်ကို။ ကာရေတဗ္ဗံ=ပြုသင့်ပြုထိုက်ပါ၏ဘုရား။

ခမည်းတော်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ တရားသုံးပါး တည်၍ ရာဇဓမ္မဖြင့် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ရပါမယ် ဘုရား။

http:\\www.dhammadownload.com



ပဌမေနေဝ ဝိတထံ၊ ကောဓံ ဟာသံ နိဝါရယေ။
တတော ကိစ္စာနိ ကာရေယျ၊ တံ ဝတံ အာဟု ခတ္တိယ။

(ဇာ၊ ၂။ ၁။ ဇာ၊ ဋ္ဌ၊ ၅။ ၁၇၇။)

ခတ္တိယ=ရေမြေပိုင်သ အစိုးရတဲ့ ခမည်းတော်ဘုရား။ ပဌမေနေဝ=ရှေးဦးကပင်လျှင်။ ဝိတထံ=မုသားစကား ပြောကြားခြင်းကိုလည်းကောင်း။ ကောဓံ=အမျက်ထွက်ခြင်းကိုလည်းကောင်း။ ဟာသံ=တဟားဟား မေ့လျော့ခြင်းကိုလည်းကောင်း။ နိဝါရယေ –နိဝါရေယျ=တားမြစ်ရာ၏။

ခမည်းတော်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အစကောင်းမှ အနှောင်း သေချာတယ်။ အစကတည်းကိုက –

(၁) မုသားစကားကို ရှောင်ပါ။ သစ္စာတရားတစ်ပါး။
(၂) တိုင်းသူပြည်သားတွေအပေါ်မှာ အမျက်မထွက်ပါနဲ့၊ မေတ္တာတရား တစ်ပါး။
(၃) ရယ်လား မောလား တဟားဟားနဲ့ မေ့လျော့မနေပါနဲ့၊ မေ့လျော့ပေါ့တန် အလုပ်မလုပ်ဘဲ မနေပါနဲ့။ မိတိ=လုံ့လကြိုးကုတ် အားထုတ်တဲ့ တရား။

သစ္စာရယ်၊ မေတ္တာရယ်၊ ဓိတိရယ် အဲဒီ တရားသုံးပါး၌ တည်ရမယ်။ ဒါ မင်းတို့ တည်ရမယ့် တရားသုံးပါးတဲ့၊ ဘယ်လောက် ခမ်းနားသလဲ။

တတော=ထိုသို့ သစ္စာ မေတ္တာ ဓိတိ တရားသုံးပါး၌ တည်ပြီးသည်မှ နောက်ကာလ၌။ ကိစ္စာနိ=မင်းတို့ပြုရန် ကိစ္စအဝဝတို့ကို။ ကာရေယျ=ပြုလုပ်ရွက်ဆောင်ရာ၏။ တံ=ထိုသို့ ပြုလုပ်ခြင်းကို။ ဝတံ=မင်းပြုကျင့်အပ်သော အကျင့်ဟူ၍။ အာဟု=ရှေးသူတော်ကောင်းများ မိန့်ကြားတော်မူကုန်၏။

သစ္စာရယ်၊ သမာဓိရယ်၊ ဓိတိရယ် ဒီတရားသုံးပါးကို တည်ပြီးတဲ့ နောက်မှ မင်းဆိုတာ မိမိလုပ်ဆောင်ဖွယ်ကိစ္စ လုပ်ဆောင်ရတယ်။ အဲဒါဟာ မင်းတို့ ကျင့်ရမယ့် အချုပ်တရားတဲ့။

ယံ တွံ တာတ တပေါကမ္မံ၊
ပုဗ္ဗေ ကတံ မသံသယံ။
ရတ္တော ဒုဋ္ဌော စ ယံ ကယိရာ၊
န တံ ကယိရာ တတော ပုန။

http:\\www.dhammadownload.com



တာတ = ခမည်းတော်ဘုရား။ တွံ = အသင် ခမည်းတော်ဘုရားသည်။ ရဇ္ဇော= တပ်နှစ်သက်သည်ဖြစ်၍။ အသံသယံ=ယုံမှားမဲ့။ ပုဗ္ဗေ ကတံ=ရှေးက ပြုအပ်ဖူးသော။ ယံ ဘပေါ ကမ္မံ=အကြင်စိတ်နှလုံး ပူပန်စေတတ်တဲ့အမှုကို။ ကယိရာ=ပြုခဲ့လေရာ၏။ ဒုဋ္ဌော=ဒေါသ ထွက်သည်ဖြစ်၍။ ယံ တပေါကမ္မံ=အကြင် စိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှုကို။ ကယိရာ=ပြုခဲ့လေရာ၏။ တံ=ထိုစိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှုကို။ ပုန=တစ်ဖန်။ န ကယိရာ=မပြုရာ။

ကျင့်သုံးဖို့ တရားကို၊ ရာဇဓမ္မ=မင်းတို့လိုက်နာ ကျင့်သုံးဖို့ တရားကို ပြောတယ်။

ခမည်းတော်မင်းကြီး၊ ခမည်းတော်မင်းကြီးဟာ ... တဲ့၊ ရှေးအချိန်တုန်းက စေတ္တ ပါပဲ၊ လောဘအလို လိုက်ပြီးတော့ စိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှုကိုလဲ ပြုခဲ့ လိမ့်မယ်။ ဒေါသအလိုကို လိုက်ပြီးတော့ စိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှု တပေါကမ္မကိုလဲ ပြုခဲ့ပါလိမ့်မယ်။

အဲဒီ လောဘအလို ဒေါသအလို လိုက်ပြီးတော့ ရှေးကပြုမှားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံမျိုးကို နောက်တစ်ဖန် မပြုမိအောင် သတိပြုပါ။ ဟောဒါ ဩဝါဒ တစ်ခု။

ခတ္တိယဿ ပမတ္တဿ၊ ရဋ္ဌသ္မိံ ရဋ္ဌဝဍ္ဎန။
သဗ္ဗေ ဘောဂါ ဝိနဿန္တိ၊ ရညော တံ ဝုစ္စတေ အဃံ။ (ဇာ၊ ၄၊ ၅။ ၁၁၇။)

ရဋ္ဌဝဍ္ဎန=ပြည့်စီးပွားကို တိုးပွားစေတတ်သော။ တာတ=ခမည်းတော်ဘုရား။ ပမတ္တဿ=မေ့လျော့သော။ ခတ္တိယဿ=ရေမြေ့သနင်း ပြည့်ရှင်မင်း၏။ ရဋ္ဌသ္မိံ=တိုင်း နိုင်ငံ၌။ သဗ္ဗေ=အလုံးစုံကုန်သော။ ဘောဂါ=စည်းစိမ်ဥစ္စာတို့သည်။ ဝိနဿန္တိ=ပျက်စီး တတ်ပါကုန်သည် ဘုရား။

ခမည်းတော်ဘုရား ခုနင်က ပြောတာက လောဘ အလိုလိုက်ပြီး နောက်ထပ် မကောင်းမှုများ မပြုပါနဲ့။ ဒေါသအလို လိုက်ပြီးတော့ ရှေးကပြုဖူးတဲ့ မကောင်းမှုတွေရှိ လိမ့်မယ်။ နောက်ထပ် အဲဒီ မကောင်းမှုမျိုး မပြုပါနဲ့။ အခု ရယ်လား မောလား တဟား ဟားနဲ့ ပေါ့ပေါ့တန်တန် မနေနဲ့ ဆိုတဲ့ တတိယ တရားအတွက် ပြောချင်လို့။

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် အာရုံငါးပါး လိုက်စား မူယစ်နေယင် အဲဒီ ပြည့်စီးပွားတွေ ပျက်စီးတတ်ပါသည် ဘုရား။

တံ=ထိုအမှုကို။ ရညော=မင်း၏။ အဃံ=အပြစ်ဟူ၍။ ဝါ=ဆင်းရဲဒုက္ခဟူ၍။ ဝုစ္စတေ=ခေါ်ဆိုအပ်ပါသည်ဘုရား။

http:\\www.dhammadownload.com



**အသရေရှိ နတ်သမီးနှင့် အသရေမဲ့ နတ်သမီးတို့၏ အပြေ**

တိုင်းပြည်ဆင်းရဲယင် မင်းရဲ့အပြစ်၊ အာရုံငါးပါး လိုက်စားမေ့လျော့နေယင် အားလုံး စည်းစိမ်ဉစ္စာတွေ စီးပွားရေးတွေ အကုန်လုံး ပျက်စီးကုန်တယ်၊ အဲဒါ မင်းရဲ့အပြစ်။

သိရီ တာတ အလက္ခီ စ၊ ပုစ္ဆိတာ ဓတေဒဖြဝုံ။

ဥဋ္ဌာနဝီရိယေ ပေါသေ၊ ရမာဟံ အနသူယကေ။ (ဇာ၊ ဋ္ဌ၊ ၅၊ ၁၁၇။)

တာတ=ခမည်းတော်ဘုရား။ သိရီ စ=သိရီနတ်သမီးသည် လည်းကောင်း။ အလက္ခီ စ=ကာဠကဏ္ဏီ နတ်သမီးသည် လည်းကောင်း။ ပုစ္ဆိတာ=သုစိပရိဝါရ သေဋ္ဌေး မေးအပ်သည်ဖြစ်၍။ ဓတေ=ဤစကားကို။ အဖြဝုံ=ဖြေဆိုအပ်ကုန်ပြီ။

ခမည်းတော်ကြီးဘုရား၊ သိရီနတ်သမီးနဲ့ ကာဠကဏ္ဏီ နတ်သမီးနှစ်ဦးတို့ သုစိပရိဝါရ သေဋ္ဌေးထံ လာရောက်တဲ့အခါ သုစိပရိဝါရသေဋ္ဌေး မေးလို့ အသီးသီး ပြောကြား လျှောက်ထားကြတယ်။

ဘယ်လိုလဲ။

အဟံ=အကျွန်ုပ် သိရီနတ်သမီးသည်။ ဥဋ္ဌာနဝီရိယေ=ထကြွလုံ့လ ဝီရိယရှိသော။ အနသူယကေ=သူတစ်ပါးတို့ကို မနာလိုစိတ် ဘိတ်မရှိသော။ ပေါသေ=အမျိုးကောင်းသား မင်းယောကျာ်း၌။ ရမေ ရမာမိ=မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်ပါ၏။

သိရီနတ်သမီး ပြောတဲ့ဟာ ခမည်းတော်ဘုရား ဘယ့်နယ်လဲ၊ သုစိပရိဝါရသေဋ္ဌေးက "အသင် သိရီနတ်သမီး၊ ဘယ်လိုပုဂ္ဂိုလ်ကို သင်ဆည်းကပ်လို့ ဘယ်လိုပုဂ္ဂိုလ်ကို သင့်စိတ်ထဲမှာ မွေ့လျော် ပျော်ပိုက်သလဲ" မေးတဲ့အခါ သိရီနတ်သမီးက –

"သေဋ္ဌေးမင်း၊ ကျွန်ုပ်သိရီနတ်သမီးသည် ထကြွလုံ့လ ဝီရိယ ရှိရမယ်၊ အမျိုးကောင်းသား မင်းယောကျာ်း သူတစ်ပါးကို မနာလိုစိတ် ဘိတ်မရှိရဘူး။ အဲဒီ အင်္ဂါ ၂-ချက် ပြည့်နက်တဲ့ အမျိုးကောင်းသား မင်းယောကျာ်း၌ ကျွန်ုပ်ရဲ့ စိတ်သည် အမြဲ မွေ့လျော် နှစ်ခြိုက်ပျော်ပိုက်ပါတယ်" အဲဒီလို သိရီနတ်သမီးက ပြောပါသည်ဘုရား။

ကာဠကဏ္ဏီ=ကျက်သရေမဲ့ နတ်သမီး ပြောတာလဲ နားထောင်ပါအုန်း။

ဥသူယကေ ဒုဟဒယေ၊
ပုရိသေ ကမ္မဒုဿကေ။
ကာဠကဏ္ဏီ မဟာရာဇ၊
ရမတိ စက္ကဘဉ္ဇနီ။

http:\\www.dhammadownload.com



မဟာရာဇ=ခမည်းတော်မင်းတရား။ စက္ကဘဥ္ဆိ=သတ္တဝါတို့ရဲ့ သမ္ပတ္တိစက်ကို ဖျက်ဆီးလေ့ရှိသော။ ကာဠကဏ္ဏီ=ဘုန်းကျက်သရေမဲ့တဲ့ ကာဠကဏ္ဏီ နတ်သမီးသည်။ ဥသူယကေ=သူတစ်ပါးကို မနာလိုတတ်သော။ ဒုဟဒယေ=မကောင်းသော စိတ်နှလုံးရှိသော။ ကမ္မဒုဿ ကေ=အပြစ်ရှိတဲ့ ကာယကံ၊ အပြစ်ရှိတဲ့ ဝစီကံ၊ အပြစ်ရှိတဲ့ မနောကံကိုသာ ပြုလေ့ရှိသော။ ပုရိသေ=လူယုတ်ယောကျ်ားဌ်။ ရမတိ=မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ပါသတဲ့ ဘုရား။

ခမည်းတော်ကြီး၊ စဉ်းစားကြည့်စမ်း။ သိရီဆိုတဲ့ ဘုန်းကျက်သရေ နတ်သမီးက ထကြွလုံ့လ ဝီရိယရှိ၍ သူတစ်ဘက်သားကို မနာလိုစိတ် ဘိတ်မရှိသော အမျိုးကောင်းသား မင်းယောကျ်ားဌ် မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တယ်။ ပုဂ္ဂိုလ်နဲ့ ကိုင်ပြောနေတယ်နော်။ သူတစ်ဘက်သားအပေါ် မနာလိုစိတ် ဘိတ်မရှိသော ပုဂ္ဂိုလ်ဌ် သိရီဆိုတဲ့ ဘုန်းကျက်သရေ နားတယ်။

အခု လာတဲ့ ကာဠကဏ္ဏီနတ်သမီး ပြောတဲ့ စကားအတိုင်း ပြောကြအုန်းစို့၊ ကာဠကဏ္ဏီနတ်သမီးက ဘယ့်နှယ်ပြောသတုန်း။

"အရှင်သေဌေးမင်း၊ အကျွန်ုပ်ကတော့ သူတစ်ပါးကို မနာလို စိတ်နှလုံး မကောင်းတဲ့ အပြစ်ရှိတဲ့ ကာယကံ ဝစီကံ မနောကံတို့ကို ပြုတဲ့ အဲဒီလို လူယုတ်ကိုမှ ကျွန်တော်မက မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တာ"လို့ အဲဒီလို ပြောတယ် ခမည်းတော်ကြီး။

ခမ္မာဓိဋ္ဌာန် ပြောလို့ရှိယင် သူ့တစ်သားကို မနာလို၊ စိတ်နှလုံးလဲ မကောင်း၊ အပြစ်ရှိတဲ့ ကာယကံ ဝစီကံ မနောကံမှုကိုသာ ပြုလုပ်တဲ့ ပုဂ္ဂိုလ်ကိုမှ သူနှစ်သက်တယ်။ (အလက္ခီဆိုတဲ့ ဘုန်းကျက်သရေမဲ့) ကာဠကဏ္ဏီ=ကျက်သရေမဲ့တဲ့ တရားတွေ စုပုံနေတယ်။ အဲဒါ ဘယ်နောက် လိုက်မလဲ၊ သိရီရဲ့လမ်း လိုက်မလား ခမည်းတော်ကြီး၊ သိရီနတ်သမီးရဲ့ ကိန်းပျော်ရာ ဖြစ်မလား၊ ကာဠကဏ္ဏီ နတ်သမီးရဲ့ ကိန်းပျော်ရာ ဖြစ်မလား။ သားတော် ပြောချင်တာကဖြင့် -

သော တွံ သဗ္ဗေ သုဟဒယော၊
သဗ္ဗေသံ ရက္ခိဟော ဘဝ။
အလက္ခိံ နုဒ မဟာရာဇ၊
လက္ချာ ဘဝ နိဝေသနံ။

တာတ=ခမည်းတော်ဘုရား။ သော တွံ=ထိုအသင်ခမည်းတော်သည်။ သဗ္ဗေ=

http:\\www.dhammadownload.com



အလုံးစုံသော တိုင်းသားပြည်သူ မိုလ်လူတို့ကို။ သုဟဒယော=ကောင်းသော စိတ်နှလုံး ရှိသည် ဖြစ်၍။ သဗ္ဗေသံ=အလုံးစုံသော တိုင်းသားပြည်သူ မိုလ်လူတို့က။ ရက္ခိတော= ဘေးမရောက်အောင် စောင့်ရှောက်အပ်တဲ့ ပြည်ရဲ့ မိဘသည်။ ဘဝ-ဘဝါဟိ=ဖြစ်တော်မူပါ ဘုရား (ဝါ) ဖြစ်တော်မူစေချင်ပါ၏။

သားတော်အကြိုက် ပြောရလို့ရှိယင် ခမည်းတော်ဘုရားသည် အားလုံးသော တိုင်းသားပြည်သူရဲ့ အပေါ်မှာ စိတ်နှလုံးကောင်း ထားတော်မူပါ။ ခမည်းတော်က စိတ်နှလုံးကောင်း ထားလို့ရှိယင် တိုင်းသူပြည်သားတွေက ခမည်းတော်အတွက် အသက်ပေးပြီးတော့ စောင့်ရှောက်ကြပါလိမ့်မယ်။ အဲဒီလို စောင့်ရှောက်အပ်တဲ့ ပြည်သူ့မိဘ ဖြစ်တော်မူပါ။

မဟာရာဇ = မြတ်သော ခမည်းတော်မင်းကြီး။ အလက္ခိံ = ဘုန်းကျက်သရေမဲ့တဲ့ အလက္ခိ ကာဠကဏ္ဏိ နတ်သမီးကို။ နုဒ=ပယ်ရှားပါလော့။ လက္ယာ=လက္ခိခေါ်တဲ့ အသရေ နတ်သမီးရဲ့။ နိဝေသနံ=တည်ရာနေအိမ်သည်။ ဘဝ-ဘဝါဟိ=ဖြစ်တော်မူပါ ဘုရား။

## လုံ့လဝီရိယ ရှိရမည်

ကာဠကဏ္ဏိ=ဘုန်းကံမဲ့ဆိုတဲ့ ဘုန်းမဲ့ ကံမဲ့ အကုသိုလ်တရားရဲ့ တည်ရာ မဖြစ်ပါနဲ့။ သိရိလက္ခိဆိုတဲ့ အသရေရဲ့ တည်ရာ ဖြစ်တော်မူပါ။ ထကြွလုံ့လ ဝီရိယ ရှိတော်မူပါ။ တိုင်းသူပြည်သား လူအများရဲ့ မိဘ ဖြစ်တော်မူပါ။

သ လက္ခိ ဓိတိသမ္ပန္နော၊ ပုရိသော ဟိ မဟဂ္ဂတော။
အမိတ္တာနံ ကာသိပတိ၊ မူလံ အဂ္ဂဉ္စ ဆိန္ဒတိ။

သိရီနတ်သမီးရဲ့ ရွှင်ပျော်ရာ ဖြစ်တော်မူပါ-လို့ ပြောရတာ အကြောင်းရှိတယ်။

ကာသိပတိ=ကာသိတိုင်းရှင် ဖြစ်တော်မူသော ခမည်းတော်ဘုရား။ လက္ခိ=သိရီနတ်သမီးရဲ့ ကိန်းပျော်ရာ ဖြစ်သော။ ဓိတိသမ္ပန္နော=တည်ကြည်ခြင်း လုံ့လရှိခြင်းဆိုတဲ့ ဓိတိတရားနဲ့ ပြည့်စုံသော။ မဟဂ္ဂတော=မြတ်သော မင်းအဖြစ်သို့ ရောက်သော။ သော ပုရိသော= ထိုအမျိုးကောင်းသား မင်းယောကျ်ားသည်။ အမိတ္တာနံ=ရန်သူတို့၏။ မူလဉ္စ -အရင်းကိုလည်းကောင်း။ အဂ္ဂဉ္စ-အဖျားကိုလည်းကောင်း။ ဆိန္ဒတိ=ဖြတ်သည် မည်ပါသည် ဘုရား။

http:\\www.dhammadownload.com



ခမည်းတော်ဘုရား၊ ရန်သူကို သွားသတ်နေရမှာ မဟုတ်ဘူး။ မိမိကိုယ်တိုင်က ထကြွ လုံ့လ ဝီရိယရှိရှိနဲ့ အလုပ်လုပ်ရမယ်။ ဒါ တစ်။ နှစ်က တိုင်းသူပြည်သားတွေရဲ့ အပေါ်မှာ မနာလိုစိတ် ဘိတ်မထားနဲ့။ အေး ... အဲဒီ တရားနှစ်ပါး မြဲလို့ရှိယင် ခမည်းတော်ဘုရားဟာ ကျက်သရေနဲ့ ပြည့်စုံတဲ့ ခမည်းတော်ဘုရား ဖြစ်၍ ယောလား ဟားလား တဝါးဝါး နေမှုဆိုတဲ့ ပမာဒတရား ကင်းစင်ပြီးတော့ သမာဓိရှိတဲ့ မင်းမြတ် ဖြစ်တော်မူယင် ခမည်းတော်ဘုရားဟာ ဟို ... တစ်ဘက်ရန်သူတို့ရဲ့ အရင်းကိုရော အဖျားကိုရော ဖြတ်ပြီးသား နှိမ်ပြီးသား ဖြစ်ပါတယ်။ ရန်သူကို သွားပြီးတော့ နှိမ်နေမှ မဟုတ်ဘူး။ မိမိက ထကြွလုံ့လ ဝီရိယရှိ၍ တိုင်းသားပြည်သူ ဗိုလ်လူတို့အပေါ် မနာလိုစိတ် ဘိတ်မထားယင် မိမိသည် သိရီနတ်သမီးရဲ့ ကိန်းပျော်ရာ မြတ်သော မင်းအဖြစ်ကို ရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပြီး ရန်သူရဲ့ အရင်း ရန်သူရဲ့ အဖျား အကုန်လုံး ဖြတ်ပြီးသား ဖြစ်ပါသည်ဘုရား။ အဓိက က အလုပ်လုပ်နိုင်ဖို့ ထကြွလုံ့လ ဝီရိယရှိဖို့ အရေးကြီးပါတယ်။

သက္ကောပိ ဟိ ဘူတပတိ၊
ဥဋ္ဌာနေ နပ္ပမဇ္ဇတိ။
သ ကလျာဏေ ဓိတိံ ကတွာ၊
ဥဋ္ဌာနေ ကုရုတေ မနော။

တာတ=ခမည်းတော်ဘုရား။ ဘူတပတိ=နတ်တို့ရဲ့ အရှင်ဖြစ်သော။ သက္ကောပိ= သိကြားနတ်မင်းပင်သော်လဲပဲ။ ဥဋ္ဌာနေ=ထကြွလုံ့လ ဝီရိယ ရှိခြင်းသည်။ နပ္ပမဇ္ဇတိ= မမေ့မလျော့ပါဘူး ဘုရား။

သိကြားမင်းကြီးတောင်မှ "ငါ သိကြားပဲ၊ အာရုံငါးပါး လိုက်စားတော့မယ်" ဒီလို မဟုတ်ဘူး ဘုရား။ နတ်တကာတို့ရဲ့ အရှင် သိကြားမင်းတောင်မှ ထကြွလုံ့လ ဝီရိယ ရှိရှိ အလုပ်လုပ်ခြင်းဆိုတဲ့ ဥဋ္ဌာနသမ္ပဒါ တရားကို မမေ့မလျော့ဘူး။ အမြဲထကြွ လုံ့လ ဝီရိယ ရှိတယ်။

သ–သော=ထို နတ်တို့သနင်း သိကြားမင်းသည်။ ကလျာဏေ=ကောင်းသောတရား၌။ ဓိတိကတွာ=စိတ်ရဲ့တည်ကြည်မှုကို ပြုပြီးသကာလ။ ဥဋ္ဌာနေ=ထကြွလုံ့လဝီရိယ၌။ မနော=စိတ်ကို။ ကုရုတေ=အမြဲပြု၍ နေ၏။ ဝါ ဥဋ္ဌာနေ=ထကြွလုံ့လ ဝီရိယ၌။ မနော ကုရုတေ=အမြဲတစေ နှလုံးသွင်းလျက် နေပါ၏။

http:\\www.dhammadownload.com



## လုံ့လရှိလျှင် နတ်ကောင်းစောင့်ရှောက်

ဥဋ္ဌာနသမ္ပဒါဆိုတဲ့ တရား အရေးကြီးတယ်။ ဥဋ္ဌာနသမ္ပဒါ ဆိုတဲ့ တရားမှာ သိကြားမင်းသည် အမြဲ နှလုံးသွင်းလျက် ရှိတယ်။

ဂန္ဓဗ္ဗာ ပိတရော ဒေဝါ၊
သာဇီဝါ ဟောန္တိ တာဒိနော။
ဥဋ္ဌာဟတော အပ္ပမဇ္ဇတော၊
အနုတိဋ္ဌန္တိ ဒေဝတာ။

တာတ=ခမည်းတော်ဘုရား။ တာဒိနော=ထိုသို့ သဘောရှိသော (ထကြွလုံ့လ ဝီရိယရှိရှိနဲ့ ဟေးလားဝါးလား မမေ့မလျော့ဘဲ သမာဓိရှိရှိနဲ့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်၏အဖို့)။ ဂန္ဓဗ္ဗာ စ=ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း။ ပိတရော စ=ပြဟ္မာတို့သည်လည်းကောင်း။ ဒေဝါ စ=အခြားနတ်တို့သည် လည်းကောင်း။ ဥဋ္ဌာဟတော=ကောင်းမှု၌ ထကြွလုံ့လဝီရိယရှိသော ပုဂ္ဂိုလ်နှင့်။ သာဇီဝါ=တူသော အသက်မွေးခြင်း ရှိကြကုန်သည်။ ဟောန္တိ=ဖြစ်ကြကုန်၏။ တသ္မာ=ထို့ကြောင့်။ တာဒိနော=ထိုသို့ သဘောရှိသော သူအား။ ဒေဝတာ=နတ်တို့သည်။ အနုတိဋ္ဌန္တိ=နောက်က တကောက်ကောက် လိုက်၍ စောင့်ရှောက်ကုန်၏။

ထကြွလုံ့လ ဝီရိယ ရှိရမယ်။ သူတစ်ဘက်သားအပေါ် မနာလိုစိတ် ဘိတ်မရှိရဘူး။ သမာဓိ ရှိရမယ်၊ ဟေးလားဟားလား မေ့မေ့လျော့လျော့ မနေရဘူး။ အဲဒီလို ပုဂ္ဂိုလ်ရဲ့ အနီးအပါးမှာ ဂန္ဓဗ္ဗနတ်တွေ ပြဟ္မာတွေ အခြားနတ်တွေ အမြဲတမ်း ရှိနေပါတယ်။

ထကြွလုံ့လ ဝီရိယ ရှိရမယ်။
အာရုံငါးပါး လိုက်စားခြင်း ကင်းရမယ်။

အဲဒီတရား နှစ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ နောက်မှာ နတ်ကောင်းတွေ အမြဲတမ်း လိုက်နေတယ်။ ထကြွလုံ့လ ဝီရိယ မရှိဘူး၊ အာရုံငါးပါး မွေ့ချင်တိုင်း မွေ့နေယင် ဘယ်လောက် ကန်တော့ပွဲပေးပေး နတ်တွေ နောက်က မစောင့်ရှောက်ဘူး။

သော အပ္ပမတ္တော အက္ကုဒ္ဓေါ၊
တာတ ကိစ္စာနိ ကာရယ။
ဝါယမဿု စ ကိစ္စေသု၊
နာလသော ဝိန္ဒတေ သုခံ။

http:\\www.dhammadownload.com



တာတ=ခမည်းတော်ဘုရား။ သော တွံ=ထိုခမည်းတော်ဘုရားသည်။ အပ္ပမတ္တော =အပ္ပမာဒတရား လက်ရှိထားလျက်။ အတ္ထုဒ္ဒေါ=တိုင်းသား ပြည်သူတို့အပေါ် အမျက်ထွက်တော်မမူဘဲ မေတ္တာတရား အမြဲထားလျက်။ ကိစ္စာနိ=ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ ကာရယ=ပြုတော်မူပါဘုရား။

ခမည်းတော်ဘုရား လိုက်နာရမယ့် တရားဟာ သိပ်မများပါဘူး ... တဲ့။ အာရုံငါးပါး လိုက်စားမူးမေ့ခြင်းဆိုတဲ့ ပမာဒတရားကို ဖယ်လိုက်ပါ။ အာရုံငါးပါးကို မလိုက်စားဘဲနဲ့ အပ္ပမာဒတရား ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လဖြင့် အပ္ပမာဒတရား လက်ကိုင်ထားတော်မူပါ။ အတ္ထုဒ္ဒေါ=တိုင်းသားပြည်သူတို့ အပေါ်မှာ အမျက်ထွက်ခြင်း ကင်း၍ မေတ္တာတရား ထားတော်မူပါ။ အဲဒီ နှစ်ပါး ထားပြီးတော့ မိမိပြုဖွယ် ကိစ္စတွေကို ပြုယင် မမှားဘူး။

ကိစ္စေသု=ကိစ္စကြီးငယ် အသွယ်သွယ်တို့၌။ ဝါယမသ္မ=လုံ့လပြုတော်မူပါဘုရား။ အလသော=အလုပ်မလုပ် ပျင်းရိငြီးငွေ့တဲ့သူသည်။ သုခံ=ချမ်းသာသုခကို။ န ဝိန္ဒတေ= ဘယ်လိုနည်းနှင့်မျှ မရနိုင်။

ပစ်မထားပါနဲ့၊ အာရုံငါးပါး လိုက်စားမေ့ပြီးတော့ အလုပ်တွေ ပြစ်ထားလို့ရှိယင် ဘာဖြစ်သလဲ။ ပျင်းရိငြီးငွေ့ အလုပ်မလုပ်တဲ့လူ ဘယ်တော့မှ ချမ်းသာသုခ မရဘူး ခမည်းတော်။

တတ္ထေဝ ဝတ ဝတ္တပဒါ၊
သော၀ အနုသာသနီ။
အလံ မိတ္တေ သုခါပေတုံ၊
အမိတ္တာနံ ဒုခါယ စ။

နောက်ဆုံး ဂါထာ။

**ခင်ပုပ်၏ မင်းကျင့်တရား ငါးပါး**

တာတ=ခမည်းတော်ဘုရား။ တေ=သင်ခမည်းတော်ဘုရား၏အဖို့။ တတ္ထေဝ- တေဝေ=ထိုဆိုခဲ့ပြီးတဲ့ သစ္စာရယ်, မေတ္တာရယ်, အပ္ပမာဒရယ်, ဥဋ္ဌာနရယ်, အနသူယျကရယ်ဆိုတဲ့ ဒီတရားတွေသည်ပင်။ ဝတ္တပဒါ=ကျင့်ကြံရမယ့် တရားအစု ဖြစ်ပါသည် ဘုရား။ သော၀=ဤသို့ ဆိုအပ်ပြီးတဲ့ စကားသည်ပင်လျှင်။ အနုသာသနီ= သားတော်ညွှန်ပြတဲ့ မင်းတို့ ကျင့်ရမယ့် အဆုံးအမပါ ဘုရား။

http:\\www.dhammadownload.com



တသ္မိံ=ထိုတရား၌။ ဋ္ဌိတေန=တည်သော ခမည်းတော်သည်။ မိတ္တေ=အဆွေခင်ပွန်းတို့ကို။ သုခါပေတုံ စ=ချမ်းသာစေခြင်းငှာ လည်းကောင်း။ အမိတ္တာနံ=ရန်သူတို့ကို။ ဒုခါယ စ=စိတ်ဆင်းရဲစေခြင်းငှာ လည်းကောင်း။ အလံ=စွမ်းနိုင်ပါလိမ့်မည် ဘုရား။

သစ္စာ ရှိရမှာ မရှိဘဲ ခမည်းတော်ဘုရား မုသားသာပြောနေယင် ခမည်းတော် မေတ္တာတရား မကျင့်ဘဲနဲ့ တိုင်းသူပြည်သားအပေါ်မှာ စိတ်ဆိုးပြီးတော့ ကောဓတရား အမြဲပွားနေယင် ရန်သူတွေ ချမ်းသာဖို့ ဖြစ်ပါလိမ့်မယ်ဘုရား။ မိတ်ဆွေတွေ စိတ်ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်ဘုရား။

ဥဋ္ဌာန ဝီရိယ ရှိရမယ့် မင်းဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ထကြွလုံ့လ မရှိဘဲ ပျင်းရိနေယင် ရန်သူတွေ ချမ်းသာဖို့၊ မိတ်ဆွေတွေ ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်။ ဟေးလားဟားလား၊ သမာဓိ မရှိယင် ရန်သူတွေ ချမ်းသာဖို့ မိတ်ဆွေတွေ ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် - ခမည်းတော်ဘုရားသည် -

(၁) သစ္စာ

(၂) မေတ္တာ

(၃) အပ္ပမာဒ

(၄) အနုသူယျက = တိုင်းသားပြည်သူတို့အပေါ် မနာလိုစိတ် ဘိတ်မရှိခြင်း ဆိုတဲ့ တရား

(၅) ဓိတိ=ဟေးလားဟားလား တဝါးဝါးနဲ့ မနေဘဲ သမာဓိရှိရှိ အလုပ်လုပ်ခြင်း ဒီတရားငါးပါး၌ -

ဋ္ဌိတေန=တည်သော ခမည်းတော်သည်၊ ဝါ၊ ခမည်းတော် မင်းတရား တည်ပါမူကား။ မိတ္တေ=အဆွေခင်ပွန်းတို့ကို။ သုခါယ စ=ချမ်းသာစေခြင်းငှာ လည်းကောင်း။ အမိတ္တာနံ=ရန်သူတို့ကို။ ဒုခါယ စ=စိတ်ဆင်းရဲစေခြင်းငှာ လည်းကောင်း။ အလံ= စွမ်းနိုင်ပါလိမ့်မယ် ဘုရား။

ရန်သူတွေ မိမိအပေါ် ကြောက်သွားအောင်၊ မိတ်ဆွေတွေ ဝမ်းမြောက်ဝမ်းသာ ချမ်းသာ သုခရအောင် ဤတရားငါးပါးကို ကျင့်တော်မူပါ။ ခမည်းတော်သည် ဤတရား ငါးပါးကို ကျင့်တော်မူပါ။ ခမည်းတော်သည် ဤတရားငါးပါး၌ တည်ခဲ့လို့ရှိယင် မိတ်ဆွေတွေ ချမ်းသာဖို့၊ ရန်သူတွေ စိတ်ဆင်းရဲဖို့ စွမ်းနိုင်ပါလိမ့်မယ်ဘုရား။

ဒါ ဝေဿန္တရာ ခင်ပုပ်ငှက်မင်း ပြောတဲ့ အဆုံးအမ၊ ဝေဿန္တရာရဲ့ တရားသြဝါဒ ဿယ်ဂါထာဖြင့် အဆုံးအမ သြဝါဒ ပေးတော့ ဒီမဏ္ဍပ်ကြီးအတွင်း စည်းဝေးမိတဲ့

http:\\www.dhammadownload.com



လူတွေက –

ဗုဒ္ဓလီဠာယ ပဍ္ဍော ကထိတော။

"သြော် ဘုရားရဲ့ တင့်တယ်ခြင်းဖြင့် ပြဿနာကို ရဲရဲတောက် ဖြေအပ်ပါပေတယ်" လို့ ကောင်းချီးပေးလိုက်ကြတာတဲ့၊ ကောင်းချီးတရား ပေးကြ၊ လက်ခုပ်လက်ဝါးတီး သြဘာ ပေးကြ၊ အားလုံး သြဘာသံတွေ တိတ်စဲသွားမှ မင်းကြီးက –

**ဝေဿန္တရာငှက်မင်းအား မြို့ဝန်မင်းရာထူးခန့်**

ဘောန္တော အမစ္စာ=အို ... အမတ်တို့။ မမ ပုတ္တေန=ငါ့သားတော် ဖြစ်သော။ ဝေဿန္တ ရေန=ဝေဿန္တရာသည်။ ဧဝံ=ဤသို့။ ကထေန္တေန=ပြောဆိုသဖြင့်။ ဝါ၊ ပြောဆိုသော။ မမ ပုတ္တေန ဝေဿန္တရေန=ငါ့ရဲ့သားတော် ဝေဿန္တရာသည်။ ကေန= အဘယ်သူသည်။ ကတ္တဗ္ဗံ=ပြုအပ်သော။ ကိစ္စံ=အမှုကိစ္စကို။ ကတံ နာမ=ပြုအပ်သည် မည်သနည်း။

အမတ်တို့၊ အခုလို ပြောတဲ့ ကျုပ်သား ဝေဿန္တရာဟာ ဘယ်သူဆောင်ရွက်တဲ့ အလုပ် ကိစ္စကို ရွက်ဆောင်တာမည်သလဲ။ အမတ်တို့ သဘောကျတဲ့အတိုင်း ပြောကြ စမ်း။ အမတ်တွေက ပြောတယ်။

မဟာသေနဂုတ္တေန ဒေဝ။

ဒေဝ=အရှင်မင်းကြီး။ မဟာသေနဂုတ္တေန=မြို့ဝန်မင်းသည်။ ကတ္တဗ္ဗံ=ပြုအပ်သော အမှုကိစ္စကို။ ကတံ နာမ=ပြုအပ်သည် မည်ပါသည် ဘုရား။

ဝေဿန္တရာ အခုလို ပေးလိုက်တဲ့ သြဝါဒဟာ မြို့ဝန်မင်း ပြုလုပ်ရမယ့် အလုပ်ကို ပြုလုပ်တာ မည်ပါသည်ဘုရား ... လို့ အဲဒီလို လျှောက်တော့ ဗြဟ္မဒတ်မင်းကြီးက ဒီ ပရိသတ် မျက်မှောက်မှာပင် –

တေန ဟိဿ မဟာသေနဂုတ္တဋ္ဌာနံ ဒမ္မိ။

တေန ဟိ=ထိုသို့ တပြီးကား။ အဿ=ထို ငါ့သားတော် ဝေဿန္တရာအား။ မဟာ သေန ဂုတ္တဋ္ဌာနံ=မြို့ဝန်မင်းရာထူးကို။ ဒမ္မိ=ပေးပါ၏–လို့ အားလုံးပရိသတ်ရှေ့မှောက်မှာ ကြေညာပြီးတော့ ဝေဿန္တရာ ခင်ပုပ်ငှက်ကို မြို့ဝန်မင်းတို့ရဲ့ အဆောင်အယောင် အခမ်းအနား ပေးပြီးတော့ မြို့ဝန်ရာထူးခန့်ကယ်လို့ ပြောပါတယ်။

သော တတော ပဋ္ဌာယ မဟာသေနဂုတ္တဋ္ဌာနေ ဌိတော ပိတု ကမ္မံ အကာသိ။

http:\\www.dhammadownload.com



သော=ထို ဝေဿန္တရာ ငှက်မင်းသည်။ တတော=ထိုအချိန်မှ။ ပဋ္ဌာယ=စ၍။ မဟာသေနဂုတ္တဋ္ဌာနေ=မြို့ဝန်မင်းရာထူး၌။ ဌိတော=တည်ပြီးသကာလ။ ပိတု=ခမည်းတော်၏။ ကမ္မံ=ပြုလုပ်ဖွယ် ကိစ္စအဝဝကို။ အကာသိ=ရွက်ဆောင် ပြုလုပ်ခဲ့လေပြီ။

ဝေဿန္တရာ ငှက်မင်းသည် မြို့ဝန်မင်း ရာထူးအပ်တယ်ဆိုယင်ပဲ တကယ့် လူမြို့ဝန်မင်းလို တခါထဲ အမိန့်အာဏာတွေ မြို့ဝန်မင်း အလုပ်တွေ အကုန် အမိန့်အာဏာပေးပြီး လုပ်တာပဲတဲ့။

ဤတွင် "ဝေဿန္တရပဉှာ နိဋ္ဌိတော"

ဝေဿန္တရပဉှာ=ဝေဿန္တရာ ငှက်မင်းရဲ့ အမေးအဖြေ ပြဿနာသည်။ နိဋ္ဌိတော=ပြီးပြီ။

**ကုဏ္ဍလိနီ သာလိကာမ၏ အမေးအဖြေခန်း၊**

ဝေဿန္တရာ ခင်ပုပ်ငှက်ရဲ့ တရားဟောပြောချက် ပြီးသွားပြီ။ နှစ်ဦး ကျန်သေးတယ်။ ကုဏ္ဍလိနီနဲ့ ဇမ္ဗုက။ ဗြဟ္မဒတ်မင်းတရားကြီးသည် ဝေဿန္တရာ ခင်ပုပ်ငှက်မင်းရဲ့ တရားကို နာပြီးတော့ နောက်နှစ်ရက် သုံးရက် လွန်တဲ့အခါမှာ ရှေးအတူပဲ ကုဏ္ဍလိနီ သာလိကာမ အထံကို တမန် လွှတ်တယ်။

သမီး၊ သမီးရဲ့ ခမည်းတော်မင်းကြီး ပြဿနာ မေးချင်လို့၊ ဘယ်အချိန်လာ မေးရမလဲလို့ အဲဒီလို မေးတဲ့အခါမှာ ကုဏ္ဍလိနီ သာလိကာမက အထိန်းတော်အမတ်ကို ခေါ်ပြီးတော့-

"ခမည်းတော် ဘုရားက သမီးကို ပြဿနာ မေးချင်လို့တဲ့၊ ခမည်းတော်ဘုရား လာလို့ရှိယင် ပူဇော်သက္ကာရမှု ပြုရလိမ့်မယ် အထိန်းတော် အမတ်မင်း။ ဒီတော့ ခမည်းတော်ဘုရား ဘယ်နေ့ရက်လောက် လာရမလဲ"လို့ မေးတဲ့အခါ အမတ်တို့က-

"ယနေ့မှ နောက် ခုနစ်ရက်မြောက်၌ အရှင်မရဲ့ ခမည်းတော် လာပါစေ" -

လို့ အဲဒီလို ပြန်ကြားတဲ့အတိုင်း ကုဏ္ဍလိနီ သာလိကာမလေးက မင်းချင်းယောကျ်ားမှ တစ်ဆင့် ခမည်းတော်ထံ ပြန်ကြားလိုက်တယ်။

ပိတာ မေ ဏ္ဍတော သတ္တမေ ဒိဝသေ အာဂစ္ဆတု။

သမီးတော်ရဲ့ ဖခမည်းတော်သည် ယနေ့မှ နောက်ခုနစ်ရက်မြောက်၌ ကြွရောက်တော်မူပါလို့ ဆိုတဲ့အတိုင်း ခုနစ်ရက်မြောက်သကာလ ဗြဟ္မဒတ်မင်းကြီး၊ သမီးတော် ကုဏ္ဍလိနီ အိမ်သွား၊ မင်းပရိသတ် အခြံအရံနဲ့တကွ ချည့်ခံတာ ကျွေးမွေးတာ စား

http:\\www.dhammadownload.com



သောက်ပြီးလို့ ရှေးနည်းအတူ ရွှေနန်းတော်ကွက်လပ် မဏ္ဍပ်ကြီးထဲမှာ မြို့သူမြို့သားတွေ စုဝေးစေပြီးတဲ့နောက် ကုဏ္ဍလိနီကို ခေါ်ခဲ့တော့ ပရိသတ် မုံညီတဲ့အခါ အထိန်းတော်အမတ်က ကုဏ္ဍလိနီ သာလိကာမလေးကို ရွှေအင်းပျဉ်ပေါ်တင် ထမ်းလာတယ်။ အနားရောက်တယ်ဆိုယင်ပဲ သာလိကာမလေးက ဗြဟ္မဒတ်မင်းကြီးရဲ့ ရင်ခွင်ကို သွားနား။ သားအဖ ကျီစယ်ကြ၊ သမီးနဲ့ အဖေ ကျီစယ်သလို ကျီစယ်ကြ၊ ပြီးတော့မှ ရွှေအင်းပျဉ်လေးပေါ် ပြန်နား၊ နေသားတကျ ရှိတော့မှ ဗြဟ္မဒတ်မင်းကြီးက မေးပြီ –

သက္ခိသိ တံ ကုဏ္ဍလိနိ၊
မညသိ ခတ္တဗန္ဓုနိ။
ရဇ္ဇံ ကာရေတုကာမေန၊
ကိံ သု ကိစ္စံ ကတံ ဝရံ။

ခတ္တဗန္ဓုနိ=မင်းမျိုးဖြစ်ပါပေသော။ ကုဏ္ဍလိနိ=သမီးတော် ကုဏ္ဍလိနီ။ တွံ=သင်သမီးတော်သည်။ သက္ခိသိ=ခမည်းတော် မေးသည်ကို ဖြေနိုင်လိမ့်မည်ဟူ၍။ တွံ=သင်သမီးတော့်ကို။ မညသိ=အောက်မေ့ မှတ်ထင်အပ်ပါ၏။

မင်းဆွေမင်းမျိုး သတိုးနွယ်ဝင်ဖြစ်ပေသော သမီးတော် ကုဏ္ဍလိနီ၊ သမီးတော်လည်း မောင်တော် ဝေဿန္တရာလို ခမည်းတော် မေးတာ ဖြေနိုင်လိမ့်မယ်လို့ ခမည်းတော် ယုံကြည်တယ်။ အားလေး ပေးပြီးတော့ ပြောတယ်။

ကုဏ္ဍလိနိ=သမီးတော် ကုဏ္ဍလိနီ။ ရဇ္ဇံ ကာရေတု ကာမေန=တိုင်းပြည်အုပ်ချုပ်မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည်။ ကိံသု ကိစ္စံ=အဘယ်ကိစ္စကို။ ကတံ=ပြုအပ်သည်ရှိသော်။ ဝရံ=ချီးမွမ်းအပ် မြတ်ပါသနည်း သမီးတော်။

ညာညာလျှော့လျှော့ မေးတာနော်။ သမီးတော် ကုဏ္ဍလိနီ၊ သမီးတော်လဲ မောင်တော် ဝေဿန္တရာလို ဖြေနိုင်လိမ့်မယ်လို့ ခမည်းတော် ယုံကြည်တယ်။ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် ဘယ်လို အလုပ်ကို ပြုလုပ်ယင် ကောင်းမလဲ၊ ဖြေစမ်းပါ သမီးတော်ဆိုတော့ ကုဏ္ဍလိနီ သာလိကာမလေးက –

တာတ တွံ မံ "ဣတ္ထိကာ နာမ ကိံ ကထေဿတိ" တိ ဝိမံသတိ မညေ။

တာတ=ခမည်းတော်ဘုရား။ တွံ=သင်ခမည်းတော်ဘုရားသည်။ မံ=သမီးတော်ကို။ ဣတ္ထိကာ နာမ=မိန်းမငယ်မည်သည်။ ကိံ ကထေဿတိ=အဘယ်မှာလျှင် ဖြေနိုင်ရာလိမ့်မည်နည်း။ ဣတိ=ဤသို့ အောက်မေ့၍။ ဝိမံသတိ မညေ=စုံစမ်းယောင်တကား။

http:\\www.dhammadownload.com



ခမည်းတော်၊ ခမည်းတော်ဟာ သမီးတော်ကို မေးသမျှ ဘာမှ ဖြေနိုင်မှာ မဟုတ်ဘူး လို့ အဲဒီလို အောက်မေ့ပြီးတော့ စုံစုံစမ်းစမ်း မြေစမ်း ခရမ်းပျိုးတဲ့ သဘောမျိုး ပြောနေတာ ထင်ပါတယ်တဲ့။

သကလံ တေ ရာဇဓမ္မံ ဒွိသုယေဝ ပဒေသု ပက္ခိပိတွာ ကထေဿာမိ။

တေ=သင် ခမည်းတော် မင်းတရားကြီးအား။ သကလံ=အလုံးစုံသော။ ရာဇဓမ္မံ= မင်းတို့ ကျင့်ရမယ့် တရားကို။ ဒွိသုယေဝ ပဒေသု=နှစ်ပုဒ်တို့၌ ပင်လျှင်။ ပက္ခိပိတွာ= ထည့်သွင်း၍။ ကထေဿာမိ=ဖြေကြားပါ့မယ်ဘုရား။

**သာလိကာမ၏မင်းကျင့်တရားအဖြေ**

ခမည်းတော်ဘုရား၊ မင်းကျင့်တရား အားလုံးကို နှစ်ခုထဲမှာ သွင်းပြီးတော့ သမီးတော် ဖြေမယ်၊ အဲဒီလို စကားပလ္လင်ခံပြီးတော့ –

ဒွေဝ တာတ ပဒကာနိ၊

ယတ္ထ သဗ္ဗံ ပတိဋ္ဌိတံ။

အလဒ္ဓဿ စ ယော လာဘော၊

လဒ္ဓဿ စာနုရက္ခဏာ။

တာတ=ခမည်းတော်ဘုရား။ ပဒကာနိ=မင်းတို့ကျင့်ရမယ့် တရားအစုတို့သည်၊ ဒွေဝ= နှစ်ပါးတို့သာလျှင်တည်း။ ယတ္ထ=အကြင်တရား နှစ်ပါး၌။ သဗ္ဗံ=အလုံးစုံ မင်းတို့ ကျင့်ရမယ့် တရားတွေသည်။ ပတိဋ္ဌိတံ=အကျုံးဝင်၍ တည်နေပါသည်ဘုရား။

ခမည်းတော်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်များ ကျင့်ရမယ့် တရားဟာ အကျဉ်းချုပ် ပြောယင် နှစ်မျိုးပဲ ရှိတယ်။ အဲဒီနှစ်မျိုးမှာ အားလုံးသော မင်းကျင့်တရားတွေ ဝင်နေတယ်။ အဲဒီ နှစ်မျိုးက ဘာလဲ။

အလဒ္ဓဿ=မရသေးသော စည်းစိမ်ဥစ္စာကို။ ယော လာဘော စ=အကြင်ရအောင် ကြိုးကုတ် အားထုတ်ခြင်းသည် လည်းကောင်း။ လဒ္ဓဿ=ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အခြံအရံကို။ ယာ အနုရက္ခဏာ စ=အကြင် မပျက်မပျောက်အောင် စောင့်ရှောက်ခြင်း လည်းကောင်း။ ဣတိ=ဤသို့။ ဒွေဝ=နှစ်ပါးတို့သာလျှင်တည်း။

မင်းကျင့်တရားသည် အချုပ်အားဖြင့် မရသေးသော စည်းစိမ်ဥစ္စာကို ရအောင် ကြိုးကုတ် အားထုတ်ခြင်း၊ ရပြီးသော စည်းစိမ်ဥစ္စာကို မပျက်မပျောက်အောင် စောင့် ရှောက်ခြင်းလဲ ဒီ နှစ်ပါးပဲ။

http:\\www.dhammadownload.com



ဘယ်လိုကျင့်လျှင် မရသေးသော စည်းစိမ်ဥစ္စာကို ရအောင်ကျင့်သည် မည်သလဲ သမီး၊ ဘယ်လို ကျင့်လျှင် ရပြီးသော စည်းစိမ်ဥစ္စာကို မပျက်မပျောက်အောင် စောင့်ရှောက်သည် မည်သလဲ သမီး၊ အကျယ်တဝင့် ဖြေပါ။

အဲဒီ အဖြေကို ကုဏ္ဍလိနီ သာလိကာ သမီးတော်က ဖြေတယ်။

အမစ္စေ တာတ ဇာနာဟိ၊
ဓီရေ အတ္ထဿ ကောဝိဒေ။
အနက္ခာကိတဝေ တာတ၊
အသောဏ္ဍေ အဝိနာသကေ။

တာတ=ခမည်းတော်ဘုရား။ ဓီရေ=မြဲမြံခိုင်ခံ့တည်တံ့သော သမာဓိ ရှိကြကုန်သော။ အတ္ထဿ = အကြောင်းအကျိုးအရာ၌။ ကောဝိဒေ = လိမ္မာကြကုန်သော။ အနက္ခေ = ကြွေအန် မကြူးကြကုန်သော။ အကိတဝေ=မလိမ်လည် မလှည့်ဖြားကြကုန်သော။ အသောဏ္ဍေ = သေသောက် မကြူးကြကုန်သော။ အဝိနာသကေ = မင်းရဲ့ ဘဏ္ဍာကို မဖျက်ဆီးတတ်ကုန်သော။ အမစ္စေ=အမတ်တို့ကို။ ဇာနာဟိ=သိအောင် ထောက်လှမ်း စုံစမ်းတော်မူပါဘုရား။

ခမည်းတော်ဘုရား၊ ခမည်းတော်ဘုရားရဲ့ အမတ်ရာထူး ခန့်ရမယ့် လူတွေ အရည်အချင်း ပြောမယ်။

(၁) ဓီရ=သမာဓိရှိရမယ်၊ သမာဓိရှိတဲ့ လူတွေကို အမတ် ခန့်ပါ၊ သမာဓိ မရှိတဲ့ ဥဒ္ဓစ္စသမားကို အမတ် မခန့်ပါနဲ့။

(၂) အတ္ထကောဝိဒ=ဓမ္မသတ် ရာဇသတ်၌ လိမ္မာတဲ့ ပုဂ္ဂိုလ်များကို အမတ်ခန့်ပါ။ ဓမ္မသတ် ရာဇသတ် မလိမ္မာ မကျွမ်းကျင်တဲ့ လူတွေကို အမတ် မခန့်ပါနဲ့။

(၃) အနက္ခ=ကစားသမား မဟုတ်တဲ့၊ ကြွေအန်သမား မဟုတ်တဲ့ လူတွေကို အမတ် ခန့်ပါ။

(၄) အကိတဝ=မကောက်ကျစ်တဲ့ လူတွေကို အမတ် ခန့်ပါ။

(၅) အသောဏ္ဍ=သေရည်သေရက် မသောက်တဲ့ လူတွေကို အမတ် ခန့်ပါ။

(၆) အဝိနာသက=မင်းရဲ့ ဘဏ္ဍာကို မဖျက်ဆီးတဲ့ လူကို အမတ် ခန့်ပါ။

အဲဒီက အပြန် ပုဂ္ဂိုလ်တွေကို အမတ်ခန့်ယင် ခမည်းတော်ဘုရားမှာ မရသေးတဲ့ စည်းစိမ်တွေကိုလဲ ရမှာ မဟုတ်ဘူး၊ ရပြီးသား စည်းစိမ်လဲဘဲ မြန်မြန်ပျက်မယ်။ ဒီတော့ အခုပြောခဲ့တဲ့ အရည်အချင်းနှင့် ပြည့်စုံတဲ့ အမတ်များကို ခန့်အပ်လို့ရှိယင် ခမည်းတော်

http:\\www.dhammadownload.com



သည် မရသေးသော စည်းစိမ်တို့ကို ရအောင်၊ ရပြီးသော စည်းစိမ်ကိုလည်း မပျက်မပျောက်အောင် စောင့်ရှောက်တာ မည်ပါတယ်ဘုရား။ အင်း ... ဒီထဲ အကုန် ဝင်ရတယ်။ ဒါတင်ပဲလား ဆိုတော့ -

ယော စ တံ တာတ ရက္ခေယျ၊
ဓနံ ယဉ္စေဝ တေ သိယာ။
သူတောဝ ရထံ သင်္ဂဏှေ၊
သော တေ ကိစ္စာနိ ကာရယေ။

တာတ=ခမည်းတော်ဘုရား။ သူတော=ရထားထိန်းသည်။ ရထံ-မိမိ၏ရထားကို။ သင်္ဂဏှေ-သင်္ဂဏှာတိ ဣဝ=မပျက်မပျောက်အောင် ချီးမြှောက်သကဲ့သို့။ (ရထားထိန်းသည် မိမိရဲ့ ရထားကို မပျက်မစီးအောင် ထိန်းသိမ်းစောင့်ရှောက် တရိုတသေ ပြုသလို) ယော စ=အမှတ်မထင် အကြင်သူသည်ကား။ တံ=ထိုခမည်းတော်ဘုရားကိုလည်းကောင်း။ တေ=သင်ခမည်းတော်၏ ယဉ္စေဝ ဓနံ=အကြင်ဥစ္စာ အမျိုးမျိုးကိုလည်းကောင်း။ ရက္ခေယျ= စောင့်ရှောက်လေရာ၏။ (မပျက်မပျောက်အောင် ဘေးမရောက်အောင် စောင့်ရှောက်လေရာ၏)။ သော တာဒိသော=ထိုသို့သဘောရှိတဲ့ ခမည်းတော်ကိုလဲ ဘေးမရောက်အောင် ခမည်းတော်ရဲ့ ဥစ္စာကိုလဲပဲ မပျက်မပျောက်အောင် စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကို။ တေ=သင်ခမည်းတော်၏။ ကိစ္စာနိ=ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ ကာရယေ-ကာရေယျ=ပြုလုပ်စေရာ၏။

ခမည်းတော်ရဲ့ အမှုထမ်း ဖြစ်ရမယ့် ပုဂ္ဂိုလ်ဟာ ခမည်းတော်ကိုလဲ ဘေးမရောက်အောင် ခမည်းတော်ရဲ့ ပစ္စည်းဥစ္စာတွေကိုလဲ မပျက်မပျောက်အောင် ရထားထိန်းသည် ရထားကို ကြည့်ရှုစောင့်ရှောက်သလို ... အဲဒီလို ပြုစုစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကို ခမည်းတော်ရဲ့ အမှုထမ်း ခန့်ပါ။

ပြီးတော့ကောလို့ ဆိုတော့ -

သုသင်္ဂဟိတန္တဇနော၊ သယံ ဝိတ္တံ အဝေက္ခိယ။
နိဝိဋ္ဌ ဉာဏဒါနဋ္ဌ၊ န ကရေ ပရပတ္တိယာ။

**အောက်လူတွေအပြော မယုံပါနှင့်**

တာတ=ခမည်းတော်ဘုရား။ သုသင်္ဂဟိတန္တဇနော=ကောင်းစွာ ချီးမြှောက်ထောက်ပံ့ခြင်းသည်။ ဘဝ-ဘဝါဟိ=ဖြစ်တော်မူပါဘုရား။ (မိမိရဲ့ အမှုထမ်းများကို အရည်အချင်း

http:\\www.dhammadownload.com



အလျှောက် ချီးမြှောက်တော်မူပါ။ အဲဒီလို ချီးမြှောက်တာပင်လျှင် မရသေးသော စည်းစိမ်ကို ရရှိအောင် လုပ်ခြင်း၊ ရပြီးသော စည်းစိမ်ကို မပျက် မပျောက်အောင် စောင့်ရှောက်ခြင်း မည်ပါတယ်။) သယံ=ကိုယ်တိုင်။ ဝိတ္တံ=ဥစ္စာကို။ အဝေက္ခိယ=ရှုမျှော်၍။ နိဓိဥ္စ=ဥစ္စာပစ္စည်း သိမ်းဆည်းခြင်းကိုလည်းကောင်း။ ဣဏဒါနဉ္စ=ကြွေးမြီ ပေးခြင်းကိုလည်းကောင်း။ ပရပတ္တိယာ=သူတစ်ပါးကို ယုံစားသဖြင့်။ န ကရေ= မပြုရာ။

ဘယ်လောက် **သေချာသလဲနော်၊** ခမည်းတော်၊ မိမိရဲ့ ဘဏ္ဍာတော်ဟာ ဘယ်လောက်ရှိတယ်ဆိုတာ **ကိုယ်တိုင်စစ်ဆေး** ကိုယ်တိုင်သိပါ။ အဲဒီလို သိပြီးတဲ့နောက် ဥစ္စာပစ္စည်း သိုမှီး သိမ်းဆည်းတာ၊ ကြွေးမြီတွေ ပေးတာ၊ အောက်ကလူတွေ ပြောတာကို မယုံပါနှင့်။ အောက်လူတွေကို ယုံကြည်သဖြင့် ဥစ္စာပစ္စည်း သိမ်းဆည်းခြင်း၊ ကြွေးမြီ ပေးခြင်း အမှုကို မလုပ်ပါနှင့်။

သယံ အာယံ ဝယံ ဇညာ၊
သယံ ဇညာ ကတာကတံ။
နိဂ္ဂဏှေ နိဂ္ဂဟာရဟံ၊
ပဂ္ဂဏှေ ပဂ္ဂဟာရဟံ။

## အမှုထမ်းတွေ အလုပ် လုပ်၊ မလုပ်ကိုယ်တိုင်သိအောင် ကြိုးကုတ်

တာတ=ခမည်းတော်ဘုရား။ အာယံ=ကိုယ်ရဲ့ ရတဲ့ ပစ္စည်းကိုလည်းကောင်း။ ဝယံ=ကုန်တဲ့ ပစ္စည်းကိုလည်းကောင်း။ သယံ=ကိုယ်တိုင်။ ဇညာ=သိအောင် ကြိုးကုတ် အားထုတ်ရာ၏။ (အရအသုံး ခန့်မှန်းခြေကို အောက်လူတွေ တွက်တာနှင့် မပြီးပါနှင့်၊ ကိုယ်တိုင် သိအောင် အားထုတ်ပါ)။ ကတာကတံ=အောက်က အမှုထမ်းများ တကယ် အလုပ်လုပ်သည် အလုပ် မလုပ်သည်ကို။ သယံ=ကိုယ်တိုင်။ ဇညာ=သိအောင် ကြိုးကုတ် အားထုတ်ရာ၏။ (မိမိရဲ့ အမှုထမ်းများဟာ တကယ် အလုပ်လုပ်တယ် မလုပ်ဘူးဆိုတာ ခမည်းတော် ကိုယ်တိုင် သိအောင်လုပ်ပါ။ ဟို - ဆိုင်ရာဌာနက ပုဂ္ဂိုလ်တွေ ပြောတာနဲ့ပဲ ယုံမနေနှင့်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ လက်လုည့်သင့်သလို မလုပ်တာလဲ လုပ်တယ်လို့ ပြောမှာပဲ၊ လုပ်တာကိုလဲ မလုပ်ဘူးလို့ ပြောချင် ပြောမှာပဲ၊ ပြီးတော့ မိမိရဲ့ အမှုထမ်းများသည် တကယ် အလုပ် လုပ်တယ်၊ မလုပ်ဘူးဆိုတာ ကိုယ်တိုင်သိအောင် စုံစမ်းထောက်လှမ်းပါ၊ အဲဒီလို စုံစမ်းထောက်လှမ်းပြီး သကာလ) နိဂ္ဂဟာရဟံ=

http:\\www.dhammadownload.com



နိပ်သင့်သော ပုဂ္ဂိုလ်ကို။ နိဂ္ဂဏှေ=ကိုယ် တိုင်နှိပ်ရာ၏။ ပဂ္ဂဟာရဟံ=ချီးမြှောက်သင့်သော ပုဂ္ဂိုလ်ကို။ ပဂ္ဂဏှေ=ချီးမြှောက်ရာ၏။

သယံ ဇာနပဒံ အတ္ထံ၊ အနုသာသ ရထေသဘ။
မာ တေ အဓမ္မိကာ ယုတ္တာ၊ ဓနံ ရဋ္ဌဉ္စ နာသယုံ။

တာတ=ခမည်းတော်ဘုရား။ ဇာနပဒံ အတ္ထံ=ဇနပုဒ် တိုင်းသူပြည်သူ ဗိုလ်လူတို့၏ အကျိုးကို။ သယံ=ကိုယ်တိုင်ပင်လျှင်။ အနုသာသ=စီမံအုပ်ချုပ် ပြုလုပ်တော်မူပါဘုရား။ (ဟို ... နယ်က လူတွေရဲ့ ကောင်းကျိုး အကျိုးရှိတဲ့ ကိစ္စအဝဝကို ကိုယ်တိုင်စီမံအုပ်ချုပ်ပြီးတော့ ဆောင်ရွက်တော်မူပါ၊ အောက် လူတွေချည်းပဲ ပုံမထားပါနှင့်) တေ=သင် ခမည်းတော်၏။ အဓမ္မိကာ ယုတ္တာ=တရားမစောင့်တဲ့ အမှုထမ်းတို့သည်။ တေ=သင် ခမည်းတော်၏။ ဓနဉ္စ=ဥစ္စာကိုလည်းကောင်း။ ရဋ္ဌဉ္စ=တိုင်းနိုင်ငံကို လည်းကောင်း။ မာ နာသယုံ=မဖျက်ဆီးကြပါစေကုန်လင့်။

ခမည်းတော်ဘုရား၊ အမှုထမ်းတွေချည်း ပစ်ထားယင် အဲဒီအမှုထမ်းတွေက မတရားတဲ့ အဓမ္မိက အမှုထမ်းတွေ ဖြစ်ယင် ခမည်းတော်ရဲ့ ဥစ္စာတွေ ... ခမည်းတော်ပိုင်တဲ့ တိုင်းပြည်တွေဟာ ဆုံးမည်သာကြဲတော့။ အဲဒီတော့ ခမည်းတော် ဇနပုဒ် တိုင်းသူပြည်သူ ဗိုလ်လူတို့ရဲ့ အကျိုးကို အောက်လူတွေနှင့်ချည်းပဲ ပစ်မထားပါနှင့်၊ ကိုယ်တိုင်ကိုယ်ကျ စီမံအုပ်ချုပ်ပြီးတော့ တကယ် တောသူ တောင်သား ဗိုလ်လူများရဲ့ ထံမှောက်မိမိရဲ့ လူကြီးများ အချီးအမြှောက် ရောက်မရောက်ကို ကိုယ်တိုင်သိအောင် စုံစမ်းပါ။

မာ စ ဝေဂေန ကိစ္စာနိ၊
ကရောသိ ကာရယေသိ ဝါ။
ဝေဂသာ ဟိ ကတံ ကမ္မံ၊
မန္ဒော ပစ္ဆာနုတပ္ပတိ။

တာတ=ခမည်းတော်ဘုရား။ ဝေဂေန=အရေးတကြီး ကြားလည်းကြားရသော၊ ကိစ္စာနိ=ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ မာ စ ကရောသိ=ကိုယ်တိုင်လည်း မပြုလင့်ပါဘုရား။ မာ စ ကာရယေသိ=သူတစ်ပါးတို့ကိုလည်း အပြုမခိုင်းပါနှင့် ဘုရား။ (ခမည်းတော်ဘုရား ... ကိစ္စတစ်ခုပေါ်လာယင် အရေးတကြီး မဆင်မခြင် ပျာယီးပျာယာနှင့် ကိုယ်တိုင်လဲ မလုပ်ပါနှင့် အမှုထမ်းတွေကိုလဲပဲ အရေးတကြီး ပျာယီးပျာယာ မဆင်မခြင်ဘဲနှင့် မခိုင်းပါနှင့်။ ဘာကြောင့်လဲ။)

http:\\www.dhammadownload.com



ကမ္မံ=အမှုကိစ္စ အဝဝကို။ ဝေဂသာ=အဆောတလျင် အရေးတကြီး။ ကတံ=ပြုအပ်သည်ရှိသော်။ မန္ဒော=ပညာနည်းသောသူသည်။ ပစ္ဆာ=နောက်ကာလမှ။ အနုတပ္ပတိ=နောင်တ တစ်ဖန် ပူပန်ရတတ်ပါတယ်ဘုရား။ (ဘယ်ကိစ္စမဆို အရေးတကြီး ပျာယီးပျာယာ မလုပ်နဲ့၊ အရေးတကြီး ပျာယီးပျာယာ လုပ်ယင် လွဲရော၊ လွဲယင် နောင်တ တစ်ဖန် ပူပန်ရတတ်တယ် တဲ့)

မာ တေ အဓိသရေ မုဉ္စ၊
သုဗာဠှမဓိကောပိတံ။
ကောဓသာ ဟိ ဗဟူ ဖီတာ၊
ကုလာ အကုလတံ ဂတာ။

**ဒေါသစိတ် မပြင်းဘဲ ညှာတာစွာ စဉ်းစားရန်**

တာတ=ခမည်းတော်ဘုရား။ အဓိသရေ=ရာဇဝတ်မှု ကျူးလွန်ကြတဲ့ သူတို့ကို။ တေ=အသင်မင်းတရား ခမည်းတော်ဘုရား၏။ သုဗာဠှံ=အလွန်ပြင်းထန်သော။ အဓိကောပိတံ=အလွန် အမျက်ထွက်ခြင်းဟူသော အမှုကို။ မာ မုဉ္စ=မလွှတ်ပါနှင့်။

ခမည်းတော်ဘုရား၊ မတော်တဆ ဥပဒေကို ချိုးဖောက်လာတဲ့ ပုဂ္ဂိုလ်များ တွေ့ခဲ့လို့ရှိယင် အဲဒီ ပုဂ္ဂိုလ်တွေကို ငါသတ်မှတ်ထားတဲ့ ဥပဒေကို ချိုးဖောက်ရကောင်းလားဆိုပြီးတော့ အပြင်းအထန် အမျက်ထွက်မှု ဆိုတဲ့ အမျက်အခိုးကို မလွှတ်ပါနှင့်ဘုရား၊ လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပါ၊ ညှာညှာတာတာ စဉ်းစားပါ၊ သိပ်ပြီးတော့ အရှင်မင်းကြီး စိတ်ဆိုးပြီးတော့ ဒေါသခိုး လွှတ်လို့ရှိယင် ဘာဖြစ်သလဲ။

ဟိ=အပြစ်ကား။ ကောဓသာ=အမျက်ထွက်ခြင်းကြောင့်။ ဗဟူ=များစွာကုန်သော။ ဖီတာ=ဝပြောကုန်သော။ ကုလာ=အမျိုးတို့သည်။ အကုလတံ=အမျိုးကောင်း မဟုတ်သည်၏ အဖြစ်သို့။ ဂတာ=ရောက်တတ် ကြပါကုန်သည်ဘုရား။

"မင်းတို့မျက်စောင်း အကြောင်းမရွေး" ဆိုသလို အမျက်ထွက်ပြီ ဆိုလို့ရှိယင် နဂိုက ကုံထံကြွယ်ဝတဲ့ အိမ်တွေ ကုန်းကောက်စရာ မရှိအောင် ပျက်စီးတတ်ပါတယ် ဘုရား။ မင်းအမျက်ဟာ အင်မတန် ကြောက်မက်ဖွယ် ကောင်းပါတယ်ဘုရား။ နဂိုက ကုံထံကြွယ်ဝတဲ့ အမျိုးတွေ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲပြီ ဆိုလို့ရှိယင် နောက်ဆုံးမှာ မိမိမှာလဲ ဆင်းရဲရာ ရောက်ပါတယ်ဘုရား။

http:\\www.dhammadownload.com



မာ တာတ ဣဿရောမှီတိ၊
အနတ္ထာယ ပတာရယိ။
ဣတ္ထီနံ ပုရိသာနဉ္စ၊
မာတေ အာသိ ဒုခုဒြယော။

တာတ=ခမည်းတော်ဘုရား။ အဟံ=ငါသည်။ ဣဿရော=အစိုးရသည်။ အမှိ=ဖြစ်၏။ ဣတိ=ဤသို့ နှလုံးပိုက်၍။ ဣတ္ထီနံ စ=မင်းမိန်းမတို့အားလည်းကောင်း။ ပုရိသာနဉ္စ=မင်းယောကျ်ားတို့အားလည်းကောင်း။ အနတ္ထာယ=အကျိုးမဲ့အလို့ငှာ။ မာပတာရယိ=မဆုံးဖြတ်ပါနှင့်ဘုရား။ တေ=သင်ခမည်းတော်ဘုရားအား။ ဒုခုဒြယော=ဒုက္ခတရား တိုးပွားခြင်းသည်။ မာ အာသိ=မဖြစ်ပါစေလင့်။

ခမည်းတော်ဘုရား ... တိုင်းသူပြည်သား ယောကျ်ား မိန်းမ ဗိုလ်လူများရဲ့ အပေါ်မှာ ငါဟာ မင်းပဲ၊ ငါ ဆုံးဖြတ်တဲ့အတိုင်း သင်တို့ နာခံရမယ်လို့ တိုင်းသား ပြည်သူ ယောကျ်ား မိန်းမတို့ရဲ့ အပေါ်မှာ အကျိုးမဲ့ဖြစ်အောင် မဆုံးဖြတ်ပါနှင့်ဘုရား။ အကျိုးမဲ့ဖြစ်အောင် ဆုံးဖြတ်လို့ရှိယင် နောက်ဆုံး ခမည်းတော်မှာသာ ဒုက္ခရောက်မယ်။

အဲဒါ ကုဏ္ဍလိနီ ဆိုတဲ့ သာလိကာမကလေးက ပြောတာ။

အပေတလောမဟံသဿ၊
ရညော ကာမာနုသာရိနော။
သဗ္ဗေ ဘောဂါ ဝိနဿန္တိ၊
ရညော တံ ဝုစ္စတေ အဃံ။

တာတ=ခမည်းတော်ဘုရား။ အပေတလောမဟံသဿ=ကြက်သီးမွေးညင်း ထခြင်းကင်းလျက်။ ကာမာနုသာရိနော=ကာမအလို အကြိုက်ကို အမြဲတမ်း ပါလေ့ရှိသော။ ရညော=မင်း၏အဖို့။ သဗ္ဗေ ဘောဂါ=ခပ်သိမ်းကုန်သော စည်းစိမ်တို့သည်။ ဝိနဿန္တိ=ပျက်စီးတတ်ပါကယ်ဘုရား။

ခမည်းတော်ဘုရား၊ ကြောက်လန့်ခြင်း ရှက်ခြင်း အလျှင်းမရှိဘဲနှင့် ကာမအလို အကြိုက် လိုက်စားတဲ့ မင်းမြတ်ရဲ့ စည်းစိမ်တွေဟာ ပျက်စီးတတ်တယ်။

တံ=ထိုစည်းစိမ်ပျက်စီးခြင်းကို။ ရညော=မင်း၏။ အဃံ=ဆင်းရဲဟူ၍။ ဝုစ္စတေ=ဆိုအပ်ပါတယ် ဘုရား။

http:\\www.dhammadownload.com



အဲဒါကြောင့် မဝံ့မကြောက် ဝတ္တုကြာမနှောက် ကောက်ကောက်လိုက်ပါခြင်း အမှု ခမည်းတော် မပြုပါနှင့်၊ မပြုလျှင် မရသေးသော ဥစ္စာကို ရအောင် ကြိုးကုတ် အားထုတ်ခြင်း၊ ရပြီးသော ပစ္စည်းဥစ္စာကို မပျက်မပျောက်အောင် စောင့်ရှောက်ခြင်း ဖြစ်ပါလိမ့်မယ်။

တတ္ထေဝ တေ ဝတ္တပဒါ၊ ဧသာဝ အနုသာသနီ။

အခုပြောခဲ့တဲ့ စကားရပ်သည်ပင်လျှင် ခမည်းတော်ဘုရား လိုက်နာရမယ့် ဝတ်အကျင့်များ ဖြစ်ပါတယ် ဘုရား။ ဤသည်ပင် ခမည်းတော် ညွှန်ပြတဲ့ လိုက်နာကျင့်သုံးရမယ့် ရာဇဓမ္မတွေ ဖြစ်ပါတယ် ဘုရား။

ဒက္ခဿ ဒါနိ ပုညကရော၊
အသောဏ္ဍော အဝိနာသကော။
သီလဝါဿု မဟာရာဇ၊
ဒုဿီလော ဝိနိပါတိကော။

တေ=သင်ခမည်းတော်ဘုရား၏။ ဒါနိ ဣဒါနိ=ဤယခုအခါ၌။ ဒက္ခော=အစစအရာရာ လိမ္မာသူသည်။ ပုညကရော=ကောင်းမှုကို ပြုသူသည်။ အာသောဏ္ဍော=သေသောက် မကြူးသူသည်။ အဝိနာသကော=တိုင်းပြည်၏ အစီးအပွားကို မဖျက်ဆီးသူသည်။ အဿု= ဖြစ်တော်မူပါဘုရား။

ခမည်းတော်ဘုရား၊ လူအ,ကြီး မဖြစ်ပါစေနှင့်၊ အောက်က အမှုသည်တွေ လိမ်သမျှခံရတဲ့ လူအ,ကြီး မဖြစ်ပါစေနှင့်၊ သာယာကျေလည် နားပါးလည်တဲ့ လိမ္မာပါးနပ်တဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူပါ၊ ကုသိုလ်ကောင်းမှုတွေလဲ အမြဲမပြတ် ပြုတော်မူပါ၊ သေအရက်ကိုလဲ မသောက်စားသူ ဖြစ်တော်မူပါ။ အေး ... အဲဒါတွေ မလိုက်နာလို့ရှိယင် ကိုယ့်ပစ္စည်းကို ဖျက်ဆီးတဲ့ ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်၊ မဖျက်ဆီးတဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူပါ။

မဟာရာဇ=ခမည်းတော်မင်းကြီး။ တွံ=သင် ခမည်းတော်ဘုရားသည်။ သီလဝါ=သီလရှိသူသည်။ အဿု=ဖြစ်တော်မူပါဘုရား။ ဟိ=မှန်၏။ ဒုဿီလော=သီလမရှိတဲ့ ပုဂ္ဂိုလ်သည်။ ဝိနိပါတိကော=ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်-အပါယ်ဘုံသို့ကျ၍ ဖရိဖရဲ ပျက်စီးရပါတယ် ဘုရား။

ကုဏ္ဍလိနီ သာလိကာမလေး ပြောတဲ့ ဩဝါဒဆုံးပြီ။ သူကလဲ ဆယ့်တစ် ဂါထာ။ အေး ... ဗြဟ္မဒတ်မင်းကြီးက မှူးမတ်တွေ မေးတယ်။

http:\\www.dhammadownload.com



**သာလိကာမလေး ဘဏ္ဍာရေးဝန်ကြီး**

ဘောဇ္ဇွော အမစ္စာ=အို အမတ်တို့။ မမ ဓီတာယ ကုဏ္ဍလိနိယာ ဧဝံကထယမာနာယ =အခုလို ဖြန်းဖြန်းကွဲ နှစ်ပုဒ်ထဲမှာ အကုန်လုံး မင်းကျင့်တရားတွေ ပါဝင်အောင် ပြောသွားတဲ့ ငါ့သမီး ကုဏ္ဍလိနီသည်။ ကေန ကတ္တဗ္ဗံ ကိစ္စံ ကတံ=ဘယ်သူ ပြုလုပ်ရမယ့် အလုပ်ကို ပြုလုပ်ပါသလဲ အမတ်အပေါင်းတို့ ... လို့ အဲဒီလို မေးတဲ့အခါ အမတ်တွေက တညီတညွတ်တည်း ဘဏ္ဍာဂါရိကေန ဒေဝ=ဘဏ္ဍာရေးဝန်ကြီး လုပ်ရမယ့် ကိစ္စတွေ လုပ်တာ မည်ပါတယ်။

ဟုတ်တယ်။ ဒီကုဏ္ဍလိနီ သာလိကာမလေး ပြောတာဟာ ဘဏ္ဍာရေးဝန်ကြီး လုပ်ရမယ့် ကိစ္စတွေကို အကုန်လုံး သူပြောတာပဲ။ ဘာပြုလို့တုန်း၊ အရည်အချင်း မရှိတဲ့ သူတွေ အမတ် မလုပ်ပါနှင့်၊ အရည်အချင်း မရှိတဲ့ လူတွေ အမတ်ဖြစ်ခဲ့လို့ရှိယင် အရှင်မင်းကြီးလဲ ဥစ္စာရော တိုင်းပြည်ရော ပျက်စီးဆုံးရှုံး ကုန်ပါလိမ့်မယ်။ သူပြောတာ အကုန်လုံး ဘဏ္ဍာရေးဝန်ကြီး စိတ်ဝင်စားရမယ့် အလုပ်တွေကို သူပြောတာ ဘုရား။

ဒီတော့ ဗြဟ္မဒတ်မင်းကြီးက ...

တေန ဟိဿာ ဘဏ္ဍာဂါရိကဋ္ဌာနံ ဒမ္မိ။

တေန ဟိ=ထိုသို့ တပြီးကား။ အဿာ=ထိုငါ၏ သမီးတော်အား။ ဘဏ္ဍာဂါရိက ဋ္ဌာနံ=ဘဏ္ဍာရေးဝန်ကြီးရဲ့ ရာထူးကို။ ဒမ္မိ=ပေးသနား၏။

ဒီလိုဆိုယင် ... ငါသည် ငါ့သမီးတော်အား ဘဏ္ဍာရေးဝန်ကြီးရဲ့ ရာထူးဌာနန္တရ ပေးအပ်တယ် ... ဆိုပြီးတော့ အားလုံးပရိသတ် ရှေ့မှောက်မှာ ဘဏ္ဍာရေးဝန်ကြီးရဲ့ အဆောင်အယောင် အခမ်းအနားနှင့်တကွ အမိန့်တော်စာချွန် ကုဏ္ဍလိနီ သာလိကာမ အား ဘဏ္ဍာရေးဝန်ကြီး၏ ရာထူးကို နှင်းအပ်တယ်။

သာ တတော ပဋ္ဌာယ ဘဏ္ဍာဂါရိကဋ္ဌာနေ ဌတွာ ပိတု ကမ္မံ အကာသိ။

သာ=ထိုကုဏ္ဍလိနီမည် သာလိကာမသည်။ တတော ပဋ္ဌာယ=ထိုဘဏ္ဍာရေးဝန်ကြီး ရာထူးအပ်နှင်းသည့် နေ့မှစ၍။ ဘဏ္ဍာဂါရိကဋ္ဌာနေ=ဘဏ္ဍာရေးဝန်ကြီး၏ အရာ၌။ ဌတွာ=တည်၍။ ပိတုကမ္မံ=ခမည်းတော်၏ အမှုကိစ္စ ဟူသမျှကို၊ အကာသိ=ရွက်ဆောင် ပြုလုပ်လေပြီ။

အဲဒီအချိန်ကစပြီး ကုဏ္ဍလိနီ သာလိကာမသည် ဘဏ္ဍာရေးဝန်ကြီး ရာထူးကို လက်ခံပြီးတော့ ဘဏ္ဍာရေးဝန်ကြီး လုပ်ထိုက်တဲ့ အလုပ်မှန်သမျှကို ခမည်းတော် လုပ်ရမယ့် ကိစ္စတွေကို လုပ်ကယ် ... တဲ့။ ဒါက သာလိကာမရဲ့ အဖြေ ပြီးပြီ။

http:\\www.dhammadownload.com



**ဇမ္ဗုက ကျေးသား၏ ဖြေဆိုခန်း**

အေး ... အဲဒီနောက် မေးဖို့ သားတော် ဇမ္ဗုကကျေးသား ကျန်သေးတယ်။ ရှေး နည်းအတိုင်းပဲ နှစ်ရက် သုံးရက်လောက် ကြာတော့ သားတော် ဇမ္ဗုကကျေးသားထံ တမန်တွေ လွှတ်။ ကျေးသားက အခြံအရံတွေနှင့် တပျော်တပါး စားသောက် ဧည့်ခံ ကျွေးမွေးတယ်။ စားသောက်ပြီး ရက်ချိန်းပေးလို့ ရွှေနန်းတော် ပြန်လာ ... ။ ခုနစ် ရက်မြောက် ရောက်တော့ နန်းတော်ကွက်လပ်မှ မဏ္ဍပ်ကြီးထဲမှာ တရားစည် လည်စေ၍ ... ခေါ်၊ ပရိသတ် စုညီတဲ့ အခါကျတော့မှ ... ငါ့သားတော် ဇမ္ဗုက ခေါ်ခဲ့။

အဲဒီအခါ အမတ်က ... ဇမ္ဗုက ကျေးသားကို ရွှေအင်းပျဉ်ပေါ်မှာ တင်ပြီး ရွက် တယ်။ ရှင်ဘုရင်ကြီးနားကျတော့ ဇမ္ဗုက ကျေးသားက ဘုရင်ကြီးရဲ့ ရင်ခွင်ထဲ ဝင်နား၊ ရှင်ဘုရင်ကြီးက ... ငါ့သား နေကောင်းရဲ့လား၊ တကတဲ ... ခေါင်းသပ် ကျောသပ် ပေါ့လေ၊ အဲဒီလို သားအဖ ကျီစယ်၊ ပဋိသန္ထာရပြောလို့ ဝတော့ကမှ ဇမ္ဗုက ကျေးသားက ရွှေအင်းပျဉ်ပေါ်မှာ နားမိတော့မှ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးက မေးပြီ။

အပုစ္ဆိမှ ကောသိယဂေါတ္တံ၊
ကုဏ္ဍလိနိံ တထေဝ စ။
တွံ ဒါနိ ဝဒေဟိ ဇမ္ဗုက၊
ဗလာနံ ဗလမုတ္တမံ။

ဇမ္ဗုက=ချစ်သား ဇမ္ဗုက။ ကောသိယဂေါတ္တံ=ကောသိယအနွယ်ဖြစ်တဲ့ သင်ရဲ့ နောင်ကြီး ဝေဿန္တရာကိုလည်းကောင်း။ ကုဏ္ဍလိနိံ စ=သင်ရဲ့ အမကြီး ကုဏ္ဍလိနီကို လည်းကောင်း။ မယံ=ငါခမည်းတော်သည်။ အပုစ္ဆိမှ=မင်းတို့ ကျင့်ရမယ့် တရားကို မေးမြန်း၍ သိရပြီ။

မောင့် ... နောင်ကြီး အစ်မကြီးကို ခမည်းတော်ဘုရား မင်းပြုလုပ်ရမယ့် တရားတွေ မေးပြီးပြီ။

တာတ ဇမ္ဗုက=ချစ်သား ဇမ္ဗုက။ တွံ=သင်ချစ်သားသည်။ ဗလာနံ=အားအင်ဗလ ဟူသမျှတို့ထက်။ ဥတ္တမံ ဗလံ=အမြတ်ဆုံးဖြစ်သော အင်အားကို။ ဝဒေဟိ=ဖြေကြားပါ လော့။

ငါ့သား ... မင်းကျင့်တရားနှင့် ဖြေပေါ့ ငါ့သားရယ်။ အားဘယ်နှစ်မျိုး ရှိသလဲ။ အဲဒီ အားထဲမှာ ဘယ်အားသည် အကောင်းဆုံး အမြတ်ဆုံးလဲ ဆိုတာ ငါ့သား ဖြေပါ။

http:\\www.dhammadownload.com



အဲဒီလို ဗြဟ္မဒတ်မင်းကြီးက ဂါထာနှင့် မေးလိုက်တဲ့ အခါကျတော့ ဇမ္ဗူက ကျေးသားက ဘာပြောသလဲဆိုတော့ -

တေန ဟိ မဟာရာဇ ဩဟိတသောတော သုဏာဟိ။

မဟာရာဇ=မြတ်သောမင်းကြီး။ တေန ဟိ=ထိုသို့ တပြီးကား။ ဩဟိတသောတော =ထောင်အပ်သော နားရှိသည်ဖြစ်၍။ သုဏာဟိ=နာကြားပါတော့။

## မင်းတို့၌ ရှိရမည့်အား ငါးပါး

သဗ္ဗံ တေ ကထေဿာမိ။

တေ=သင် ခမည်းတော်၏။ သဗ္ဗံ=အလုံးစုံသော မင်းတို့ကျင့်ရမယ့် တရားရဲ့ အကြောင်းအရာကို။ ကထေဿာမိ=အကျယ်တဝင့် ဖွင့်ပြဟောကြားပါ့မယ်။ အဲဒီလို စကား ပလ္လင်ခံပြီးတော့ -

ဗလံ ပဉ္စဝိဓံ လောကေ၊ ပုရိသသ္မိံ မဟဂ္ဂတေ၊
တတ္ထ ဗာဟုဗလံ နာမ၊ စရိမံ ဝုစ္စတေ ဗလံ။

တာတ=ခမည်းတော်ဘုရား။ လောကေ=လောက၌။ မဟဂ္ဂတေ=မြတ်သော မင်းအဖြစ်သို့ ရောက်သော။ ပုရိသသ္မိံ=ယောက်ျား၌။ ဗလံ=အားအင်ဗလသည်။ ပဉ္စဝိဓံ= ငါးပါးအပြား ရှိပါတယ်ဘုရား။

(လောကမှာ အထက်တန်း မင်းအဖြစ်ကို ရောက်နေတဲ့ ပုဂ္ဂိုလ်၌ အား ငါးမျိုး ရှိပါတယ်)

တတ္ထ=ထိုငါးမျိုးတို့ ရှိတဲ့အနက်။ ဗာဟုဗလံ နာမ=လက်ရုံးအား မည်သည်ကို။ စရိမံ=အညံ့ဆုံးသော။ ဗလံ=အား ဟူ၍။ ဝုစ္စတေ=ဆိုအပ်ပါတယ် ဘုရား။

ခမည်းတော်ဘုရား၊ မြတ်သော မင်းအဖြစ်သို့ ရောက်ယင် ပုဂ္ဂိုလ်တစ်ယောက် အနေနှင့် ကြည့်မယ်ဆိုယင် အားငါးမျိုး ရှိပါတယ်။ (အဲဒီ အားငါးမျိုးဟာ နောက်တော့ သရုပ် အကောင်အထည် ပေါ်လာလိမ့်မယ်။) အဲဒီ အားငါးမျိုးထဲမှာ လက်ရုံးအားဟာ အညံ့ဆုံးအား ဖြစ်ပါတယ်။ ပညာရှိ သူတော်ကောင်းများက လက်ရုံးအားကို မချီးမွမ်း ဘူး၊ ဒါ အညံ့ဆုံးအားလို့ ပြောနေပါတယ်။

ဘောဂဗလဉ္စ ဒီဃာဝု၊ ဒုတိယံ ဝုစ္စတေ ဗလံ။
အမစ္စဗလဉ္စ ဒီဃာဝု၊ တတိယံ ဝုစ္စတေ ဗလံ။

http:\\www.dhammadownload.com



ဒီဃာဝု = သက်တော်ရှည် ဖြစ်တော်မူတဲ့ ခမည်းတော်ဘုရား။ ဘောဂဗလဉ္စ= စည်းစိမ် ဥစ္စာအားကိုကား။ ဒုတိယံ ဗလံ=နှစ်ခုမြောက်သော ခွန်အားဟူ၍။ ဝုစ္စတေ= ပညာရှိတို့ ဆိုအပ်ပါတယ်ဘုရား။ အမစ္စဗလံ=အမက်ဗိုလ်ပါ အင်အားကိုတော့။ တတိယံ=သုံးခုမြောက်သော။ ဗလံ=ခွန်အားဟူ၍။ ဝုစ္စတေ=ပညာရှိတို့ ဆိုအပ်ပါတယ် ဘုရား။

ခမည်းတော်ဘုရား မင်းဖြစ်သော ပုဂ္ဂိုလ်မှာ အားငါးမျိုး ရှိပါတယ်ဘုရား။ လက်ရုံး အား ဒါ အညံ့ဆုံးအား။ စည်းစိမ်ဥစ္စာ ရွှေငွေ ဘဏ္ဍာ အား၊ ဒါ ဒုတိယ။ မှူးမတ်ဗိုလ်ပါ စစ်သည် အင်အား ဒါ တတိယအား လို့ ဆိုရပါတယ်။

## ပညာအားသည် အမြတ်ဆုံး၊ အသာဆုံး။

အဘိဇစ္စဗလံ စေဝ၊
တံ စတုတ္ထံ အသံသယံ။
ယာနိ စေတာနိ သဗ္ဗာနိ၊
အဓိဂဏှာတိ ပဏ္ဍိတော။

တာတ=ခမည်းတော်ဘုရား။ အဘိဇစ္စဗလံ=မြင့်မြတ်ခြင်းတည်းဟူသော ခွန်အား ကို။ စတုတ္ထံဗလံ=လေးခုမြောက်အားဟူ၍။ အာဟု=ပညာရှိတို့ ဆိုကြပါသည်ဘုရား။

စတုတ္ထ ဗလကို အဘိဇစ္စအား ... လို့ ခေါ်တယ်။ မြင့်မြတ်ခြင်း အားပေါ့လေ။ အမျိုး မြင့်မြတ်ခြင်းဆိုသော အားသည် စတုတ္ထ အားပါ။

ယာနိ စေတာနိ သဗ္ဗာနိ=အကြင် အလုံးစုံသော အခု ဆိုခဲ့ပြီးတဲ့ ဗာဟုဗလ, ဘောဂ ဗလ, အမစ္စဗလ, အဘိဇစ္စဗလဆိုတဲ့ အားလေးမျိုးတို့ကို။ ပဏ္ဍိတော=ပညာရှိသော ပုဂ္ဂိုလ်သည်။ အသံသယံ=မချွတ်မယွင်း ယုံမှားကင်းစွာ။ အဓိဂဏှာတိ=လွှမ်းမိုးအုပ်ချုပ် နိုင်ပါတယ် ဘုရား။

ယခု ဆိုခဲ့ပြီးတဲ့ အားလေးမျိုးကို ပညာရှိတဲ့ အားက လွှမ်းမိုးနိုင်ပါတယ်။ ဒါပြောလို တယ်။ ဒီတော့ အားဟာ ငါးမျိုး ရှိတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ အား ငါးမျိုး ရှိတယ်။

(၁) ဗာဟုဗလ = မိမိရဲ့ လက်ရုံးရည်အား။
(၂) ဘောဂဗလ = စည်းစိမ် ဥစ္စာအား။
(၃) အမစ္စဗလ = မိမိရဲ့ အမတ်ဗိုလ်ပါအင်အား။

http:\\www.dhammadownload.com



(၄) အဘိဇစ္စဗလ = အမျိုးဇာတ်မြင့်မြတ်တဲ့အား။

(၅) ပညာဗလ = ပညာအားပါပဲ။

ပညာရှိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ရှေ့လေးမျိုးကို လွှမ်းမိုးနိုင်နင်း သွားနိုင်တယ်။ နိုင်နင်း သွားတာပဲ။

တံ ဗလာနံ ဗလံ သေဋ္ဌံ၊ အဂ္ဂံ ပညာဗလံ ဗလံ။

ပညာဗလေနုပတ္ထဒ္ဓေါ၊ အတ္ထံ ဝိန္ဒတိ ပဏ္ဍိတော။

တာတ=ခမည်းတော်ဘုရား ပညာဗလံ=ပညာအားတည်းဟူသော။ ယံ ဗလံ= အကြင်အားသည်။ အတ္ထိ=ရှိ၏။ တံ=ထိုပညာတည်းဟူသော အားသည်။ ဗလာနံ=အား ဟူကာတို့အနက်။ သေဋ္ဌံ=အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော။ အဂ္ဂံ ဗလံ=အထွတ် အဖျား အမြတ်ဆုံး ဖြစ်သော အားမည်ပါတယ် ဘုရား။

ခမည်းတော်ဘုရား၊ ပညာဆိုတဲ့ အားဟာ အားလုံးသော အားတွေထက် အမြတ်ဆုံး ချီးမွမ်းအပ် မြတ်လှပါတယ် ဘုရား။ ဘာကြောင့်လဲဆိုတော့ -

ပညာဗလေန=ပညာအားသည်။ ဥပတ္ထဒ္ဓေါ=ထောက်ပံ့အပ်သည်ဖြစ်၍။ ဝါ= ထောက်ပံ့အပ်သော။ ပဏ္ဍိတော=ပညာရှိသည်။ အတ္ထံ=ကောင်းကျိုးကို။ ဝိန္ဒတိ=ရနိုင် ပါသည် ဘုရား။

ပညာအားရှိမှ၊ ဒီပညာအား အထောက်အပံ့ရမှ၊ ပညာရှိ ပုဂ္ဂိုလ်သည် ကောင်း သောအကျိုးကို တိုးပွားခြင်းဆိုတဲ့ အကျိုးရမှာ ဖြစ်ပါတယ် ဘုရား။

အပိ စေ လဘတိ မန္ဒော၊ ဖိတံ ဓရဏိမုတ္တမံ။

အကာမဿ ပသယှ ဝါ၊ အညော တံ ပဋိပဇ္ဇတိ။

တာတ=ခမည်းတော်ဘုရား။ မန္ဒော=ပညာအား မရှိတဲ့ လူနုံ့သည်။ ဖိတံ=ဝပြော သော။ ဥတ္တမံ=မြတ်သော။ ဓရဏိံ=မြေပြင်တစ်ဝန်းလုံးကို။ စေ အပိ လဘတိ= အကယ်၍ပဲ ရတယ်ထားအုန်းတော့။

ဘာမှ ပညာမရှိတဲ့လူ ဟောဒီ မဟာပထဝီ မြေပြင်တစ်ဝန်းလုံးကို သူ့လက်ထဲ ရောက် သိမ်းဆည်းထားနိုင်တယ်၊ သိမ်းကျုံးမိတယ်ပဲ ထားအုန်းတော့။

အညော=ပညာနုံ့တဲ့သူမှတစ်ပါး အခြားပညာရှိတဲ့ သူတစ်ယောက်က။ အကာမဿ =ထိုပညာနုံတဲ့သူ အလိုမတူဘဲလျှင်။ ပသယှ ဝါ=လွှမ်းမိုးနှိပ်စက်၍ မူလည်း။ ကတွာ= ပြု၍။ တံ=ထိုပညာမဲ့သူပိုင်သော မြေပြင်အဝန်းကို။ ပဋိပဇ္ဇတိ=စီမံအုပ်ချုပ် ယူသွား တတ်၏။

http:\\www.dhammadownload.com



ခမည်းတော်ဘုရား၊ ပညာမရှိတဲ့လူ မြေပြင်တဝန်းလုံးကို ပိုင်ဆိုင် အစိုးရတယ်ပဲ ထားအုန်း၊ အဲဒီလူကို ပညာရှိတဲ့လူက အဲဒီ ပညာမရှိတဲ့ သဘောမတူဘဲ ဖြစ်စေ၊ သူ့အပေါ် လွှမ်းမိုး၍ ဖြစ်စေ အကုန်လုံး အဲဒါတွေကို စိမ်အုပ်ချုပ်၍ သွားရောတဲ့ ...။ ပညာအား မရှိယင် ခံရတာတ်တယ် ... ။

အဘိဇာတောပိ စေ ဟောတိ၊
ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဒုပ္ပညော ဟိ ကာသိပတိ၊
သဗ္ဗေနပိ န ဇိဝတိ။

တာတ=ခမည်းတော်ဘုရား။ ခတ္တိယော=ခတ္တိယဇာတ် ဖြစ်သော ပုဂ္ဂိုလ်သည်။ ရဇ္ဇံ= မင်းအဖြစ်ကို။ လဒ္ဓါန=ရ၍။ အဘိဇာတော=ဇာတ်မြင့်မြတ်သူသည်။ စေပိ ဟောတိ= အကယ်၍လဲ ဖြစ်ပေဦးတော့။ ကာသိပတိ=ကာသိတိုင်းရှင် ဖခင်မင်းကြီး။ ဒုပ္ပညော= ပညာမရှိတဲ့ ဇာတ်မြင့်တဲ့ ပုဂ္ဂိုလ်သည်။ သဗ္ဗေန=အလုံးစုံသော မင်းအဖြစ်ကို။ န ဇိဝတိ= မှီ၍ အသက်မမွေးနိုင်။

ခမည်းတော်ဘုရား၊ ဇာတိဗလ အမျိုးဇာတ် မြင့်မြတ်တဲ့ ခတ္တိယဇာတ် ပုဂ္ဂိုလ်ဖြစ်လို့ မင်းအဖြစ်ကိုပဲ ရတယ်ထားဦးတော့၊ အဲဒီ မင်းဟာ ပညာအား မရှိယင် သူရတဲ့ စည်းစိမ် နှင့် သူ့အသက် ရှည်ရှည် မနေနိုင်ဘူး။

ဇမ္ဗုကြ ကလဲ တော်တော်ကို လေးနက်တယ်နော်။ ဘယ်လောက်ပဲ ဘောဂဗလရှိရှိ၊ ဘယ်လောက်ပဲ ဗာဟုဗလ၊ ဘယ်လောက်ပဲ အမစ္စဗလ၊ ဘယ်လောက်ပဲ အဘိဇစ္စဗလ ရှိရှိ၊ ပညာဗလ မရှိယင် ပညာတည်းဟူသော အားမရှိယင် ပညာရှိတဲ့ ပညာအားကြီးတဲ့ လူက ရှေ့အားလေးပါး ရှိတဲ့လူကို လွှမ်းမိုးပြီးတော့ သွားတာပဲ။ ဒါဖြင့် ကောင်းပြီ၊ ပညာရဲ့ သဘောကို ပြောစမ်းပါအုန်းဆိုတော့ -

**ပညာရှိသူ၏ သဘောလက္ခဏာများ**

ပညာဝ သုတံ ဝိနိစ္ဆိနိ၊
ပညာ ကိတ္တိ သိလောကဝဍ္ဎနီ။
ပညာသဟိတော နရော ဣဓ၊
အပိ ဒုက္ခေ သုခါနိ ဝိန္ဒတိ။

http:\\www.dhammadownload.com



တာတ=ခမည်းတော်ဘုရား။ ပညာဝ=အသိပညာ အလိမ္မာသည်သာလျှင်။ သုတံ= ကြားအပ်သမျှ ဥဿုံ အလုံးစုံကို။ ဝိနိစ္ဆိနီ=မှန် မမှန် ဆုံးဖြတ်နိုင်၏။

ခမည်းတော်ဘုရား၊ ပြောတာကိုတော့ ဟုတ်တာရော၊ မဟုတ်တာရော နားထဲမှာ အကုန်ကြားမှာ၊ သို့သော် ပညာရှိမှ အဲဒီ ကြားသမျှ ဥစ္စာတွေကို မှန်တယ် မမှန်ဘူးဆို တာ ဆုံးဖြတ်နိုင်မယ်။

ပညာ=ပညာသည်။ ကိတ္တိသိလောကဝမ္ဗနီ=ကျော်စောသတင်း ပူဇော်သက္ကာရ လာဘ်လာဘတို့ကို တိုးပွားစေတတ်၏။ ဣဓ=ဤလောက၌။ ပညာသဟိတော=ပညာ နှင့်တကွ ဖြစ်သော။ နရော=လူသည်။ ဒုက္ခေ အပိ=ဆင်းရဲသောအခါ၌လည်း။ သုခါနိ= ချမ်းသာသုခတို့ကို။ ဝိန္ဒတိ=ရယူနိုင်၏။

ခမည်းတော်ဘုရား၊ ပညာရှိတဲ့ လူမှ ဤလောကမှာ ဆင်းရဲဒုက္ခ ရောက်တဲ့အခါမှာ လဲပဲ ချမ်းသာသုခကို ရအောင် ယူနိုင်တာ၊ ပညာမရှိယင် ဆင်းရဲဒုက္ခ ရောက်ခဲ့ပါသော် ဆင်းရဲတွင်းက မတက်ဘူး၊ ချမ်းသာသုခ ထိုသူ့မှာ မရနိုင်တော့ဘူး။

ပညဉ္စ ခေါ အသုဿူသံ၊ န ကောစိ အဓိဂစ္ဆတိ။
ဗဟုဿုတံ အနာဂမ္မ၊ ဓမ္မဋ္ဌံ အဝိနိဗ္ဘုဇံ။

တာတ=ခမည်းတော်ဘုရား။ ဗဟုဿုတံ=များသော အကြားအမြင်ရှိသော။ ဓမ္မဋ္ဌံ= သူတော်တရား၌ တည်သောသူကို။ အနာဂမ္မ=မချဉ်းကပ်မူ၍။ အသုဿူသံ=ပညာရှိတို့ ထံ ရှိသေစွာ မနာခံသော။ အဝိနိဗ္ဘုဇံ=ကိုယ်တိုင် သေချာဝေဖန်တဲ့ ဉာဏ်ပညာ မရှိသော။ ကောစိ=တစုံတယောက်သော သူသည်။ ပညဉ္စ=အသိ အလိမ္မာ ဉာဏ်ပညာဆိုတဲ့ အား ကိုလဲပဲ။ န အဓိဂစ္ဆတိ=မရနိုင်။

ခမည်းတော်ဘုရား ...။ ပညာရှိမှ၊ ပညာရှိမှ ကောင်းတာ အမှန်ပါ။ ဒါပေမယ့် ဒီ ပညာဆိုတဲ့ တရားဟာ ဗဟုသုတရှိတဲ့ လူကို ဆည်းကပ်ရတယ်။ အေး ... တစ်ခါ သူတော်တရား၌ တည်တဲ့သူကို ဆည်းကပ်ရတယ်။ အဲဒီလို ဆည်းကပ်ရုံနဲ့ ပြီးသလား ဆိုတော့ သူပြောတာကို ရိုရိုသေသေ နာယူမှတ်သားရတယ်။ အဲဒီလို နာယူမှတ်သားမှ ပညာက ရဖြစ်တာတဲ့။ အဲဒီလို မဟုက်ဘဲ ဗဟုသုတ ရှိတဲ့လူကို ကျောပေး၊ မိမိက ဘာမှ ခွဲခြမ်းစိတ်ဖြာတတ်တဲ့ အသိဉာဏ်လဲ မရှိဘူးဆိုယင် အဲဒီ ပုဂ္ဂိုလ် ပညာ ဘယ် တော့မှ မရဘူး။

http:\\www.dhammadownload.com



ယော စ ဓမ္မဝိဘင်္ဂညူ၊
ကာလုဋ္ဌာယီ အတန္ဒိတော။
အနုဋ္ဌဟတိ ကာလေန၊
ကမ္မဖလံ တဿိဇ္ဈတိ။

မဟာရာဇ=ခမည်းတော်မြတ် လောကနတ်။ ဓမ္မဝိဘင်္ဂညူ =ကုသိုလ် ကမ္မပထ တရားဆယ်ပါးကို ခွဲခြား ဝေဖန်ခြင်း၌ လိမ္မာသော။ ကာလုဋ္ဌာယီ=ပြုသင့်ကာလ၌ လုံ့လဝီရိယကို ပြုလေ့ရှိထသော။ အတန္ဒိတော=ပျင်းရိခြင်း ကင်းထသော။ ယော စ ပဏ္ဍိတော=အကြင် ပညာရှိသော သူသည်လည်း။ ကာလေန=လုံ့လပြုသင့်သော ကာလ၌။ အနုဋ္ဌဟတိ=လုံ့လပြု၏။ တဿ ပဏ္ဍိတဿ=ထိုပညာရှိအား။ ဖလံ=ကံ၏ အကျိုးသည်။ ဣဇ္ဈတိ–သမိဇ္ဈတိ=ပြည့်စုံပါသည် ဘုရား။

ခမည်းတော်ဘုရား၊ ပညာရှိဆိုတာ ကောင်းသောဘဝသို့ ရောက်ကြောင်းဖြစ်တဲ့ ကုသလ ကမ္မပထတရား ဆယ်ပါးကို ခွဲခြမ်းဝေဖန်ခြင်း၌ ကျွမ်းကျင်ရပါမယ်။ လုံ့လကြိုးကုတ် အားထုတ်ဖို့ အချိန်အခါ ကြုံကြိုက်ပြီဆိုယင် နောက်မဆုတ်တမ်း အားသွန်ခွန်စိုက် ပြုလုပ်ရပါမယ်။ လုံ့လကြိုးကုတ် အားထုတ်ရမယ့် အချိန်မှာ ပျင်းရိမနေပါနှင့်။ အဲဒီလို လုံ့လ ဆင်ခြင်မှုတွေနဲ့ ပြည့်စုံယင် ထိုပညာရှိ ပုဂ္ဂိုလ်မှာ ကောင်းသော အကျိုးစီးပွားတွေနဲ့ ပြည့်စုံပါမယ် ဘုရား။

အနာယတနသီလဿ၊ အနာယတနသေဝိနော။
န နိဗ္ဗိန္ဒိယကာရိဿ၊ သမ္မဒတ္ထော ဝိပစ္စတိ ... ။

တာတ=ခမည်းတော်ဘုရား။ အနာယတနသီလဿ=အားထုတ်ခြင်း မရှိသော။ (ဝါ) ထိုထိုကိစ္စ အဝဝကို ဝါယမစိုက် အားထုတ်ခြင်း လုံးဝ မရှိသော။ အနာယတနသေဝိနော=ထိုထိုကိစ္စ အဝဝ၌ အားထုတ်တဲ့သူကို မမှီဝဲသော။ နိဗ္ဗိန္ဒိယကာရိဿ=ငြီးငြီးငွေ့ငွေ့ ထိုထိုအမှုတို့ကို မလုပ်ချင် လုပ်ချင်နဲ့ ပျင်းရိစွာ ပြုလုပ်လေ့ရှိသော ပုဂ္ဂိုလ်အား။ သမ္မာ=ကောင်းစွာ။ အတ္ထော=အကျိုးသည်။ န ဝိပစ္စတိ=မရင့်ကျက်နိုင်။

ခမည်းတော်ဘုရား ... ။ အလုပ်ကို မလုပ်ဘဲ ပျင်းရိလေ့ ရှိတဲ့သူ၊ အလုပ်လုပ်တဲ့လူနဲ့ ပေါင်းသင်းဆက်ဆံပြီးတော့ လုပ်တော့လဲပဲ စိတ်မပါ လက်မပါ ငြီးငြီးငွေ့ငွေ့ အလုပ်ကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ကောင်းကျိုးကို ဘယ်တော့မှ မရဘူး။

http:\\www.dhammadownload.com



အဇ္ဈတ္တဉ္စ ပယုတ္တဿ၊ တထာယတနသေဝိနော။
အနိဗ္ဗိန္ဒိယကာရိဿ၊ သမ္ပဒတ္တော ဝိပစ္စတိ။

တာတ=ခမည်းတော်ဘုရား။ အဇ္ဈတ္တံ=မိမိ၏ အဇ္ဈတ္တ သန္တာန်၌။ ပယုတ္တဿ စ=လုံ့လ ကြိုးကုတ် အားထုတ်သည်လည်းဖြစ်သော။ တထာ=ထို့အတူ။ အာယတန သေဝိနော=လုံ့လကြိုးကုတ် အားထုတ်တဲ့သူကို မှီဝဲဆည်းကပ် ပေါင်းသင်းလေ့ ရှိသော။ အနိဗ္ဗိန္ဒိယ ကာရိဿ=မိမိအလုပ်ကို မငြီးမငွေ့ စိတ်ပါလက်ပါ ထက်ထက်သန်သန် ပြုလုပ်လေ့ရှိသော ပုဂ္ဂိုလ်အား။ သမ္ပဒတ္တော=ကောင်းသော အကျိုးသည်။ ဝိပစ္စတိ= တစ်နေ့တစ်ခြား ရင့်ကျက်၍ လာပါတယ်ဘုရား။

ကိုယ့်အလုပ်ကို ကြိုးကြိုးစားစား မပျင်းမရိ လုပ်ရမယ်၊ အလုပ်လုပ်တဲ့သူကို မှီဝဲ ပေါင်းသင်းရမယ်၊ အလုပ်လုပ်တဲ့အခါမှာ ထက်ထက်သန်သန် သွက်သွက် လက်လက် အလုပ် လုပ်ရမယ်၊ အဲဒီလိုဆိုယင် ကောင်းကျိုးတွေ မိမိကို အကျိုးပေးပြီ မှတ်တော့။

ယောဂပ္ပယောဂသင်္ခါတံ၊
သမ္ဘတဿာနုရက္ခဏံ။
တာနိ တွံ တာတ သေဝဿု၊
မာ အကမ္မာယ ရန္ဓယိ။
အကမ္မုနာ ဟိ ဒုမ္မေဓော၊
နဠာဂါရံဝ သီဒတိ။

တာတ=ခမည်းတော်ဘုရား။ သမ္ဘတဿ=အပုံအစု ပြုအပ်သော စည်းစိမ်ဥစ္စာကို။ အနု ရက္ခဏံ=အစဉ်စောင့်ရှောက်ခြင်း။ ယောဂပ္ပယောဂသင်္ခါတံ=ယှဉ်သင့်သည်၌ ယှဉ် ခြင်းဟု ဆိုအပ်သော ပညာ။ တာနိ=ထိုနှစ်ပါးသော အကြောင်းတို့ကို။ တွံ=ခမည်းတော် မင်းမြတ်သည်။ သေဝဿု=မှီဝဲတော်မူလော့။ ဒုမ္မေဓော=ပညာမရှိသူသည်။ အကမ္မုနာ= မသင့်လျော်သော အကြောင်းဖြင့်။ ဓနံ=ဥစ္စာကို။ နာသေတွာ=ပျက်စီးစေ၍။ နာဠာဂါရံ= ကျူအိမ်ဆွေးသည်။ သီဒတိ ဣဝ=ပျက်စီးသကဲ့သို့။ တွံ=ခမည်းတော်သည်။ အကမ္မာယ =မသင့်လျော်သော အကြောင်းဖြင့်။ မာရန္ဓယိ=ဥစ္စာကုန်ခန်းစိမ့်သောငှာ လုံ့လပြုတော် မမူပါလင့်။

ခမည်းတော်ဘုရား ယှဉ်သင့်သောအခါ၌ ပညာနှင့် ယှဉ်၍ လုပ်ပါ။ စည်းစိမ်ဥစ္စာ တွေကိုလဲ စောင့်ရှောက်ပါ။ ဒီအကြောင်းကရားနှစ်ပါးနဲ့ ဆိုခဲ့ပြီးတဲ့ မင်းကျင့်တရားတွေ

http:\\www.dhammadownload.com



ကို ခမည်းတော် မှီဝဲကျင့်သုံးပါ။ ပညာမရှိယင် ကျူအိမ်ဆွေးလိုပဲ မသင့်လျော်သော အကြောင်းနဲ့ ခမည်းတော် ပျက်စီးပြီး အပါယ်သို့ ကျရောက်တတ်ပါတယ်ဘုရား၊ ဒီလို မပျက်စီးပါစေနဲ့လို့ ပြောတာ ဖြစ်တယ်။

အေး ... အဲဒီလို ဘုရားအလောင်း ဇမ္ဗုက ကျေးသားက အားငါးပါးထဲမှာ ပညာအားက အမြတ်ဆုံးဖြစ်ကြောင်း ပညာအားကို အမွှမ်းတင်ပြီး ဖြေဆိုပြီးတဲ့နောက် ခမည်းတော်အား မင်းကျင့်တရား ဆယ်ပါးတို့ဖြင့် ဆုံးမပြန်တယ်။

## ရာဇောဝါဒ ဓမ္မစရိယ ဆယ်ဂါထာ

ဗောဓိသတ္တ ဘုရားအလောင်းဖြစ်တဲ့ ဇမ္ဗုက ကျေးသားပေးတဲ့ ရာဇောဝါဒ ဓမ္မစရိယ ဆယ်ဂါထာ။

(၁) ဓမ္မံ စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။

ခတ္တိယ=ရေမြေပိုင်သ အစိုးရသော။ မဟာရာဇ=မြတ်သော ခမည်းတော်မင်းကြီး။ မာတာပိတူသု=မယ်တော် ခမည်းတော်တို့၌။ ဓမ္မံ=တရားကို။ စရ-စရာဟိ=ကျင့်တော်မူပါဘုရား။ ရာဇ=ခမည်းတော်မင်းဘုရား။ ဣဓ=ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ=မယ်တော် ခမည်းတော်တို့အပေါ် တရားသော အမှုကို။ စရိတွာန=ကျင့်ကြံ၍၊ (ဝါ) ကျင့်ကြံသည်ရှိသော်။ သဂ္ဂံ=နတ်ရွာလောကသို့။ ဂမိဿသိ=ခမည်းတော် လားရောက်ရပါလိမ့်မည်။

မယ်တော် ခမည်းတော် မင်းနှစ်ဖော်တို့ကို ပစ်မထားပါနဲ့၊ မယ်တော် ခမည်းတော်တို့အပေါ်မှာ ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ တရားကျင့်ပါ။ ကျင်လို့ရှိယင် ခမည်းတော်ဘုရား .. ဒီဘဝက စုတေ ... နတ်ရွာလားရပါလိမ့်မယ်။ နတ်ပြည်စံဝင်တော်မူပါလိမ့်မယ်ဘုရား။

(၂) ဓမ္မံ စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။

ခတ္တိယ=ရေမြေကို အစိုးရသော။ မဟာရာဇ=မြတ်သော ခမည်းတော်မင်းကြီး။ ပုတ္တဒါရေသု=သားမယားတို့အပေါ်၌။ ဓမ္မံ=တရားကို။ စရ-စရာဟိ=ကျင့်လော့။ (သားဝတ် မယားဝတ် ပြုရမည့် ကျင့်ဝတ်တွေ အပြည့်အစုံ ကျင့်တော်မူပါ။) ရာဇ=ခမည်းတော်မင်း ဘုရား။ ဣဓ=ပစ္စုပ္ပန်မြတ် ဤဘဝ၌။ ဓမ္မံ=သားမယားတို့အပေါ် ပြုရမည့် အကျင့်ကို။ စရိတွာန=ကျင့်ကြံသည်ရှိသော်။ တွံ=သင်ခမည်းတော် မင်းတရားကြီး

http:\\www.dhammadownload.com



သည်။ သဂ္ဂံ=နတ်ရွာ လောကသို့။ ဂမိဿသိ=လားရောက်ရပါလိမ့်မယ်ဘုရား။

(၃) ဓမ္မံ စရ မဟာရာဇ၊ မိတ္တာမစ္စေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။

(၄) စတုတ္ထဂါထာကျတော့ "ဝါဟနေသု ဗလေသု စ"

(၅) ပဉ္စမ ဂါထာကျတော့ "ဂါမေသု နိဂမေသု စ"

(၆) ဆဋ္ဌဂါထာကျတော့ "ရဋ္ဌေဇနပဒေသု စ"

(၇) သတ္တမဂါထာကျတော့ "သမဏေဗြာဟ္မဏေသု စ"

(၈) အဋ္ဌမ ဂါထာကျတော့ "မိဂပက္ခီသု ခတ္တိယ"

(၉) နဝမ ဂါထာကျတော့ "ဓမ္မော စိဏ္ဏော သုခါဝဟော"

တန်းလို့။ စာကျက်ယင် ဒီကိုးပုဒ် မှတ်ထားရတယ်။ ကျန်တာတွေက အကုန်တူတယ်။ (ကိုးခုတန်းပြီးတော့ ကိုးဂါထာ၊ ကျန်တာကို အကျဉ်းချုံး ပေးကြစို့)။

မိတ္တာမစ္စေသု=မိတ်ဆွေနှင့်တကွ အတူတကွ လုပ်ဖော်လုပ်ဖက်ဖြစ်တဲ့ အမတ်တို့၌။ ဓမ္မံ=ထောက်ပံ့ခြင်းစတဲ့ ပြုကျင့်ရမယ့် အကျင့်ကို။ စရ-စရာဟိ=ကျင့်ကြံကြိုးကုတ်အားထုတ်ပါလော့။

ဝါဟနေသု=ဆင်ယာဉ် မြင်းယာဉ် စသည်တို့၌ လည်းကောင်း။ ဗလေသုစ=ဗိုလ်ပါတို့၌လည်းကောင်း။ ဓမ္မံ=အထောက်အပံ့ ပေးခြင်းဆိုတဲ့အကျင့်ကို။ စရ စရာဟိ=ကျင့်ကြံပါလော့။

ဂါမေသု စ=ရွာသူ ရွာသားတို့၌ လည်းကောင်း။ နိဂမေသု စ=နိဂုမ်းနေသူ ဗိုလ်လူတို့အပေါ်၌ လည်းကောင်း။ ဓမ္မံ=အမတော်ကြေး ထုတ်ပေးခြင်း အစရှိတဲ့ မင်းတို့ကျင့်ရမည့် တရားကို။ စရ-စရာဟိ=ကျင့်ကြံတော်မူပါဘုရား။

ရဋ္ဌေ=တိုင်းပြည်၌လည်းကောင်း။ ဇနပဒေသု စ=ဇနပုဒ် တိုက်နယ်တို့၌ လည်းကောင်း။ (ဝါ) ရဋ္ဌေ=တိုင်းသားပြည်သူ ဗိုလ်လူတို့၌ လည်းကောင်း။ ဇနပဒေသု စ=ဇနပုဒ် တိုက်နယ်သူ တိုက်နယ်သားတို့၌ လည်းကောင်း။ ဓမ္မံ=ရာဇဓမ္မ ဆယ်ပါး မိမိကျင့်ရမည့်တရားကို။ စရ-စရာဟိ=ကျင့်ကြံကြိုးကုတ် အားထုတ်မှုပါဘုရား။

သမဏေ စ=ရဟန်းသူမြတ်တို့ အပေါ်၌လည်းကောင်း။ ဗြာဟ္မဏေသု စ=ပုဏ္ဏားသူမြတ်တို့အပေါ်၌လည်းကောင်း။ ဓမ္မံ=တရားသော အစောင့်အရှောက်ကို ပေးခြင်းစတဲ့ ကျင့်ရမည့်ပက်ကို။ စရ-စရာဟိ=ကျင့်တော်မူပါဘုရား။

http:\\www.dhammadownload.com



ရဟန်းပုဏ္ဏား သူမြတ်များကို သူတော်ကောင်း တရားရဲ့ အနှောင့်အယှက် မရှိအောင် တရားသော အစောင့်အရှောက်များ ပေးရပါမယ်။

အဲဒါ ရဟန်းပုဏ္ဏား သူမြတ်များအပေါ် မင်းတို့ ကျင့်ရမယ့် မင်းကျင့်တရားပါ။

ရာဇ=ခမည်းတော်မြတ် လောကနတ်။ ဣဓ=ဤပစ္စုပ္ပန်လောက၌။ ဓမ္မံ=ရဟန်းပုဏ္ဏား သူမြတ်များအား လေးပါးသော ပစ္စည်းတို့ ချီးမြှောက်ထောက်ပံ့ခြင်း တည်းဟူသော မင်းတို့ ကျင့်ရမည့် ရာဇဓံကို။ စရိတွာန=ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူလတ်သည်ရှိသော်။ သဂ္ဂံ=နတ်ပြည်လောကသို့။ ဂမိဿသိ=လားရောက်တော် မူရပါလိမ့်မည်။

မိဂပက္ခီသု=သားငှက်တို့ အပေါ်၌။ ဓမ္မံ=မသတ်ရ **မဖြတ်ရ မယစ်ရ တည်း**ဟူသော အဘယ ဘေးမဲ့ပေးခြင်းတည်းဟူသော မင်းတို့ ကျင့်ရန် **ရာဇဓံကို။ စရ**–စရာဟိ=ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူပါလော့။

စိဏ္ဏော=နေ့စဉ်ရက်ဆက် လေ့ကျင့် ဆည်းပူးအပ်သော။ ဓမ္မော=သုစရိုက်ဆယ်ပါး သူတော်တရားသည်။ သုခါဝဟော=လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တည်းဟူသော ချမ်းသာသုံးပါးကို ရောက်အောင် ရွက်ဆောင်နိုင်ပါပေ၏။ ရာဇ=ခမည်းတော်မြတ် လောကနတ်။ ဣဓ=ဤပစ္စုပ္ပန် ဘဝ၌။ ဓမ္မံ=မင်းတို့ ကျင့်ရန် ရာဇဓံကို။ စရိတွာန=ကျင့်ကြံ ကြိုးကုတ် အားထုတ်တော် မူလတ်သည်ရှိသော်။ တွံ=ခမည်းတော် မင်းဘုရားသည်။ သဂ္ဂံ= နတ်ပြည်လောကသို့။ ဂမိဿသိ=လားရောက်တော် မူရပါလိမ့်မည်။

ကိုးဂါထာပြီးသွားပြီ၊ ဆယ်ဂါထာမြောက်ကျတော့ -

(၁၀) ဓမ္မံ စရ မဟာရာဇ၊
သဣန္ဒာ ဒေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဝံ ပတ္တာ၊
မာ ဓမ္မံ ရာဇ ပါမဒေါ။

မဟာရာဇ=ခမည်းတော်မြတ် လောကနတ်။ ဓမ္မံ=မင်းတို့ကျင့်ရန် ရာဇဓံဆယ်ပါး ကောင်းမြတ်သော တရားကို။ စရ–စရာဟိ=ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါလော့။ သဣန္ဒာ=သိကြားနှင့်တကွကုန်သော။ သဗြဟ္မကာ=ဗြဟ္မာ့ပြည် နှစ်ဆယ်နှင့် တကွကုန်သော။ ဒေဝါ=နတ်ဗြဟ္မာ အပေါင်းတို့သည်။ သုစိဏ္ဏေန=ကောင်းစွာ လေ

http:\\www.dhammadownload.com



ကျင့်အပ်သော ကောင်းမှုဖြင့်။ ဒိဝံ=နတ်ပြည် ဗြဟ္မာ့ပြည်သို့။ ပတ္တာ=ရောက်ခဲ့ကြလေကုန်ပြီ။ ရာဇ=ခမည်းတော်မြတ် လောကနတ်။ ဓမ္မံ=မင်းတို့ကျင့်ရန် ရာဇဓမ်ကို။ မာ ပါမဒေါ=အသက်ကို စွန့်ရသော်လည်း မေ့လျော့တော် မမူပါနှင့်။

ဤသို့ အပ္ပမာဒတရား အနားကွပ်သော အဆုံးအမ ဩဝါဒ ဒသ ရာဇဓမ္မ ဓမ္မဥ္စရ ဆယ်ဂါထာတို့ဖြင့် အဆုံးအမဩဝါဒ ပေးပြီးလျှင် နောက်ဆုံးဩဝါဒ ပေးသောအနေဖြင့်

တတ္ထေဝ တေ ဝတ္တပဒါ၊ သောဝ အနုသာသနီ။

သပ္ပညသေဝီ ကလျာဏီ၊ သမတ္တံ သာမံ တံ ဝိဒူ။

တာတ=ခမည်းတော်ဘုရား။ တတ္ထေဝ=ထိုဆိုခဲ့ပြီးသော တရားအစုသည်ပင်လျှင်။ (မိမိရဲ့ အလုပ်ကို ကြိုးကြိုးစားစား လုပ်၊ အလုပ်လုပ်တဲ့ လူနှင့် ပေါင်းသင်းဆက်ဆံ၊ အလုပ် လုပ်တဲ့အခါမှာ ငြီးငြီးငွေ့ငွေ့ မလုပ်နှင့်၊ စိတ်ပါလက်ပါလုပ်၊ ပညာရှိအောင်လဲပဲ ဗဟုသုတ ပညာရှိတဲ့လူကို ဆည်းကပ်၍ ရိုရိုသေသေ နာယူ။ အဲဒီတရားတွေသည်) တေ=သင် ခမည်း တော် မင်းတရားကြီး၏။ ဝတ္တပဒါ=ကျင့်ရမည့် တရားအစုတို့ပါပေ။ သောဝ=ဤသည်ပင်။ အနုသာသနီ=သားတော်ရဲ့ အဆုံးအမပါ။ တွံ=သင် ခမည်းတော်မင်းတရားကြီးသည်။ သပ္ပညသေဝီ=ပညာရှိကို မှီဝဲဆည်းကပ်လေ့ ရှိသည်ဖြစ်၍ လည်းကောင်း။ ကလျာဏီ= ကောင်းသောကုသိုလ်အမှု ပြုသည်ဖြစ်၍လည်းကောင်း။ သမတ္တံ= အပြည့်အစုံဖြစ်တဲ့။ တံ=ထို သားတော်ပေးတဲ့ အဆုံးအမကို။ သာမံ=ကိုယ်တိုင်။ ဝိဒူ= ပိုင်းခြားထင်ထင် သိမြင်သည် ဖြစ်၍။ ယထာနုသိဋ္ဌ=ဘုရားသားတော် ဆုံးမအပ်သည့် အတိုင်း။ ပဋိပဇ္ဇ=ကျင့်ကြံပွားများ အားထုတ်တော်မူပါလော့။

ခမည်းတော်ဘုရား၊ ပညာရှိကို မှီဝဲပါ၊ ကုသိုလ်ကောင်းမှုကို ပြုပါ၊ အဲဒီလို ပြုခြင်းဖြင့် အပြည့်အစုံ မိမိရသင့်တဲ့ မင်းစည်းစိမ်ကို ခမည်းတော်ဘုရားသည် သိတော်မူရတော်မူပါလို့ ပြောပြီးတော့ ဓမ္မကုက က သူရဲ့ ဩဝါဒကို သိမ်းလိုက်တယ်။

ဗြဟ္မဒတ်မင်းကြီးက သူရဲ့ အမတ်တွေကို ပြောတယ်။

**ဓမ္မကုက ကျေးသားကို စစ်သေနာပတိရာထူး ခန့်အပ်ခြင်း**

ဘောန္တော အမစ္စာ၊ မမ ပုတ္တေန တရုဏဓမ္မဖလသမာနတုဏ္ဍောတေန

ဓမ္မကုက ပဏ္ဍိတေန ဇဝ်ကထေန္တေန ကေန ကတ္တဗ္ဗံ ကိစ္စံ ကတံ။

အခုလိုပြောတဲ့ ဓမ္မသပြေသီး အမှည့်နှင့် တူတဲ့ နှုတ်သီးရှိတဲ့အတွက် 'ဓမ္မကုက'လို့ ငါကိုယ်တိုင် အမည်မှည့်ပေးထားတဲ့ ငါရဲ့သားတော် ဤကဲ့သို့ ပြောဆိုတာဟာ ဘယ်သူ

http:\\www.dhammadownload.com



ပြုလုပ်တဲ့ အလုပ်ကို လုပ်တာမည်သလဲ၊ ဘယ်သူလုပ်ရမယ့် အလုပ်ကို သူလုပ်တာလဲ လို့ အဲဒီလို မေးတဲ့အခါ မှူးမတ်တွေက–

သေနာပတိနာ ဒေဝ။

ဒေဝ=အရှင်မင်းမြတ် သမ္မုတိနတ်။ သေနာပတိနာ=စစ်သေနာပတိကြီးသည်။ ကတ္တဗ္ဗံ=ပြုအပ်သော အလုပ်ကို။ ကတံ နာမ=ပြုအပ်သည် မည်ပါတယ်ဘုရား။

ဒီအချက်တွေဟာ စစ်သေနာပတိ လုပ်ရမယ့် အလုပ်ကို လုပ်တာမည်ပါတယ်ဘုရား လို့ ဆိုတော့ –

တေန ဟိဿ သေနာပတိဋ္ဌာနံ ဒမ္မိ။

တေန ဟိ=ထိုသို့ ထပြီးကား။ အဿ=ထို ငါ့သား ဇမ္ဗုကအား။ သေနာပတိဋ္ဌာနံ= စစ်သူကြီး ရာထူးကို။ ဒမ္မိ=ငါပေးသနား၏။

ဗြဟ္မဒတ်မင်းကြီးက အဲဒီလို ပရိသတ်ရှေ့မှောက်မှာ ကြေညာပြီးတော့ စစ်သူကြီး တို့ရဲ့ အဆောင်အယောင် အားလုံး ရာထူးပါ ဇမ္ဗုက ကျေးသားအား တစ်ခါတည်း ခန့်အပ်တယ်။

သော တတော ပဋ္ဌာယ သေနာပတိဋ္ဌာနေ ဌတွာ ပိတုကမ္မာနိ အကာသိ။

သော=ထိုဇမ္ဗုက ကျေးသားသည်။ တတော=ထိုရာထူးခန့်အပ်ချိန်မှ။ ပဋ္ဌာယ=စ၍။ သေနာပတိဋ္ဌာနေ=စစ်သူကြီး၏ ရာထူး၌။ ဌတွာ=တည်၍။ ပိတု=ခမည်းတော်၏။ ကမ္မာနိ=လုပ်ဆောင်ဖွယ် ကိစ္စအဝဝတို့ကို။ အကာသိ=ရွက်ဆောင်ပြုလုပ်လေပြီ။

စစ်သူကြီးရာထူးကို လက်ခံပြီးတော့ တစ်ခါတည်း အမိန့်ပေးလိုက်တာ စစ်သူကြီး ရဲ့ အလုပ်တွေကို အကုန်လုံး လုပ်တယ်။

တိဏ္ဏံ သကုဏာနံ မဟန္တော သက္ကာရော အဟောသိ။

တိဏ္ဏံ သကုဏာနံ=ခင်ပုပ်, သာလိကာ, ကျေးသား, သုံးကောင်သော ငှက်သားတို့ အား။ မဟန္တော=ကြီးစွာသော။ သက္ကာရော=ပူဇော်သက္ကာရသည်။ အဟောသိ=ဖြစ်လတ် ပြီ။

(၁) ဝေဿန္တရာ ခင်ပုပ်ငှက်က မြို့ဝန်၊ မြို့ဝန်ကြီး၊ မြို့ဝန်မင်း။

(၂) ကုဏ္ဍလိနီ သာလိကာမလေးက ဘဏ္ဍာရေးဝန်ကြီး။

(၃) ဇမ္ဗုက ကျေးသားလေးက စစ်သူကြီး၊ စစ်သေနာပတိ၊ စစ်ဦးစီးချုပ်ကြီး။

http:\\www.dhammadownload.com



သူတို့ကလဲ တခါတည်း ဟုတ်တိပတ်တိကိုပဲ မိမိတို့ ဆိုင်ရာ အလုပ်တွေကိုပေါ့ လေ၊ သွက်သွက်လက်လက် အာဏာပေးပြီးတော့ လုပ်ကြတယ်။ ပြီးတော့ ပကတိအားဖြင့် တိရစ္ဆာန်မို့ သနားရတဲ့အပေါ် သူတို့လုပ်တာတွေကို ချီးမွမ်းတော့ တိုင်းသူပြည်သားတွေဟာ မနေနိုင်ဘူးတဲ့။ ဝေဿန္တရာရော၊ ကုဏ္ဍလိနီရော၊ ဇမ္ဗုကရော။ အေး ... ခင်ပုပ်ဇီးကွက်ရဲ့ အထံရော၊ ကျေးသားလေးရဲ့ အထံရော၊ နေ့စဉ်နေ့စဉ် လက်ဆောင်ပဏ္ဏာတွေ ပို့ကြတယ်။

တယောပိ ဇနာ ရညော အတ္ထဉ္စ ဓမ္မဉ္စ အနုသာသိံသု။

တယောပိ ဇနာ=ငှက်သုံးကောင်လုံးတို့သည်လည်း။ ရညော=မင်းကြီး၏။ အတ္ထဉ္စ=အကျိုးကိုလည်းကောင်း။ ဓမ္မဉ္စ=အကြောင်းကိုလည်းကောင်း။ အနုသာသိံသု=စီမံအုပ်ချုပ် ပြုလုပ်ကြလေပြီ။

**ခမည်းတော်နတ်ရွာစံခြင်း**

ဗြဟ္မဒတ်မင်းတရားသည်လည်း ဘုရားအလောင်း ဇမ္ဗုကကျေးသား၏ အဆုံးအမ ဩဝါဒ၌ တည်ပြီးလျှင် ဒါန **အစရှိသော** ကောင်းမှုတို့ကို ပြု၍ အသက်၏ အဆုံး၌ဝယ် နတ်ပြည်လောကသို့ လားရောက်ခဲ့ပါသည်။

ထိုအခါ အမတ်အပေါင်းတို့သည်လည်း ဘုရင်မင်းတရား၏ ဥတုဇရုပ်ကလာပ်ကို ဖုတ်ကျည်းသင်္ဂြိုဟ်သည့် ပူဇော်ရာ အခါကာလဝယ် သားတော် သမီးတော် လက်သုံးတော်တို့အား ဖခင်မင်းတရား နတ်ရွာလားကြောင်း လျှောက်ထားကြပြီးလျှင် -

**ဇမ္ဗုကကျေးသား ထီးနန်းလက်မခံ**

သာမိ ဇမ္ဗုက သကုဏ ရာဇာ တုမှာကံ ဆတ္တံ ဥဿာပေတဗ္ဗံ အကာသိ။

သာမိဇမ္ဗုကသကုဏ=ဇမ္ဗုက အမည်ရသော အရှင့်သား။ ရာဇာ=အရှင့်သားတို့၏ ခမည်းတော်မင်းတရားသည်။ တုမှာကံ=အရှင့်သားတို့အား။ ဆတ္တံ=ထီးဖြူတော်ကို။ ဥဿာပေတဗ္ဗံ=စိုက်ထူအပ်သည်ကို။ အကာသိ=ပြု၍ သွားခဲ့လေပြီဘုရား။

ဤသို့ လျှောက်ထားလတ်သည်တွင် အလောင်းတော် ဇမ္ဗုက ကျေးသားပညာရှိက-

န မယှံ ရဇ္ဇေန အတ္ထော၊ တုမှေ အပ္ပမတ္တာ ရဇ္ဇံ ကာရေထ။

http:\\www.dhammadownload.com



ဘောန္တော အမစ္စာ=အို ... အမတ်တို့။ မယှံ=ငါ့အား။ ရဇ္ဇေန=မင်းအဖြစ်ဖြင့်။ န အတ္ထော=အလိုမရှိပါ။ တုမှေ=သင့်တို့သည်။ အပ္ပမတ္တာ=မမေ့မလျော့ မပေါ့ဆကုန်သည် ဖြစ်၍။ ရဇ္ဇံ=မင်းအဖြစ်ကို။ ကာရေထ=ပြုရစ်ကြကုန်လော့။

ဤကဲ့သို့ မိန့်ကြားပြီးလျှင် တိုင်းသားပြည်သူ မိုလ်လူတို့အား ငါးပါးသီလ၌ တည် စေခဲ့ပါသည်။ တိုင်းသားပြည်သူ မိုလ်လူတို့အား ငါးပါးသီလ၌ တည်စေပြီးသကာလ-

ဧဝံ ဝိနိစ္ဆယံ ပဝတ္တေယျာထ။

ဘောန္တော အမစ္စာ=အို ... အမတ်အပေါင်းတို့။ (ငါ တောထွက် သွားပြီးသည်မှ နောက် ကာလဝယ်) ဧဝံ=ဤဆိုလတ္တံ့သော နည်းအတိုင်း။ ဝိနိစ္ဆယံ=အဆုံးအဖြတ်ကို။ ပဝတ္တေ-ယျာထ=ဖြစ်စေကြကုန်။

ဤသို့ မိန့်ကြား၍ တရားအဆုံးအဖြတ်ကို ဓမ္မသတ်တို့ကို ရွှေပေလွှာ၌ ကောင်းစွာ ရေးထည့်စေပြီးလျှင် မိမိကိုယ်တိုင်ကား ဘုရားအလောင်းတော် ကျေးသားသည် တောသို့ ဝင်ခဲ့ပါသည်။

တသောဝါဒေါ စတ္တာလီသ ဝဿသဟဿာနိ ပဝတ္တတိ။

**အနှစ်လေးသောင်း ကြာအောင်တည်**

ထို ဘုရားအလောင်း ဓမ္မကျေးသား၏ အဆုံးအမ ဩဝါဒသည်ကား လူ့ပြည် လောကဝယ် အနှစ်လေးသောင်း ကြာညောင်းအောင် တည်ရှိခဲ့ပါသည်။

## ဇာတ်တော်ပေါင်းခြင်း

လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းတရားအား ဩဝါဒ ပေးသောအနေဖြင့် ဤတေသကုဏဇာတ် တရားဒေသနာတော်မြတ်ကို ဟော ကြားတော် မူပြီးလျှင် -

မြတ်သောမင်းကြီး၊ ယခုအခါ အာနန္ဒာသည် ထိုစဉ်အခါက ဗြဟ္မဒတ်မင်း ဖြစ်ခဲ့ လေပြီ။

ယခုအခါ ဥပ္ပလဝဏ်ထေရီမသည် ထိုစဉ်ကာလဝယ် ကုဏ္ဍာလိနီ အမည်ရှိသော သမီးတော် သာလိကာငှက်မ ဖြစ်ခဲ့ပြီ။

http:\\www.dhammadownload.com



ယခုအခါ သာရိပုတ္တရာသည် ထိုစဉ်ကာလ ဝေဿန္တရာ=အမည်ရှိသော ပညာရှိ ခင်ပုပ်ငှက် ဖြစ်ခဲ့လေပြီ။

ယခုအခါ ငါဘုရားသည်ပင် ထိုစဉ်ကာလ အငယ်ဆုံး ညီထွေးဖြစ်၍ ဇမ္ဗုက အမည်ရသော ပညာရှိ ကျေးသား ဖြစ်ခဲ့လေပြီဟု ဇာတ်တော်ကို ပေါင်းခဲ့ပါသည်။

ဤအကြောင်းကို အဋ္ဌကထာ၌ -

> သတ္ထာ ရညော ဩဝါဒဝသေန ဣမံ ဓမ္မဒေသနံ ဒေသေတွာ ဇာတကံ သမောဓာ နေသိ၊ တဒါ ရာဇာ အာနန္ဒော အဟောသိ၊ ကုဏ္ဍလိနီ ဥပ္ပလဝဏ္ဏာ၊ ဝေဿန္တရော သာရိပုတ္တော၊ ဇမ္ဗုကသကုဏော ပန အဟမေဝ အဟောသိ' -

ဟူ၍ ဖွင့်ပြခဲ့ပါသည်။

သတ္ထာ=လူ နတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ ရညော=ပသေနဒီ ကောသလ မင်းတရားအား။ ဩဝါဒဝသေန=အဆုံးအမ ဩဝါဒ ပေးတော်မူသည်၏ အစွမ်းအား အဟောသိ=ဖြစ်ခဲ့လေပြီ။

ဣဒါနိ=ယခုအခါ၌။ သာရိပုတ္တော=ငါဘုရား၏ လက်ယာရံ သာရိပုတ္တရာမထေရ် သည်။ တဒါ=ထိုစဉ်ကာလ၌။ ဝေဿန္တရော=ဝေဿန္တရာ အမည်ရသော သားတော် ပညာရှိ ခင်ပုပ်ငှက်သည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

ဣဒါနိ=ယခုအခါ၌။ အဟမေဝ=လူနတ်တို့၏ဆရာ ငါဘုရားသည်ပင်။ တဒါ= ထိုစဉ်ကာလ၌။ ဇမ္ဗုကသကုဏော=ဇမ္ဗုက အမည်ရှိသော ကျေးသားပညာရှိသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

ဣတိ=ဤသို့။ ဇာတကံ=ဇာတ်တော်လို။ သမောဓာနေသိ=ပေါင်းတော်မူ၏။

တေသကုဏဇာတ် တရားတော်

ပြီးပြီ။

http:\\www.dhammadownload.com



# ဗဟုပုတ္တိကသောဏာထေရီ ဝတ္ထု တရားတော်

## လင်ယောကျ်ားနှင့် သားသမီးများနည်းတူ သာသနာတော်ဝင်၍ တရားအားထုတ်သော သေဌေးသမီး သောဏာထေရီကို အတုယူရန် ရည်ရွယ်ဟောကြားခြင်း

သာသနာတော်နှစ် ၂၅၁၁-ခု၊ ကောဇာသက္ကရာဇ် ၁၃၂၉-ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၁၄-ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် ပုဏ္ဏားကန်ရပ် ပုဏ္ဏားကြီး ဦးတုတ် - ဒေါ်သန်းခင်တို့၏ ဓမ္မာရုံ ဥပုသ် တရားပွဲ၌ ဟောကြားအပ်သော ဗဟုပုတ္တိကသောဏာ ထေရီဝတ္ထု တရားတော်။

## ပိဋကတ်ကျမ်းဂန်တတ်ဆိုသည်မှာ

ခန္ဓာငါးပါးကို နားလည်တဲ့နေရာမှာ ဟို မင်းတုန်းရှင်ဘုရင်ကြီး လက်ထက်တုန်းက အချို့ဆရာတော်များ ပိဋကသုံးပုံကို နားလည်သလိုတော့လဲ မကိုက်သေးဘူး။ ထို ဆရာတော်များက "ဒို့လဲ ပိဋကသုံးပုံကို တတ်ပါရဲ့" လို့ ပြောတယ်။ တတ်ယင် ပြော စမ်းပါလို့ ဆိုတော့ သုတ္တန်ပိဋက၊ ဝိနည်းပိဋက၊ အဘိဓမ္မာပိဋက၊ အဲဒါ ပိဋက သုံးပုံပဲ။ ပိဋကသုံးပုံဆိုတော့ အဲဒါပဲ ... ပိဋကသုံးပုံကို နာမည်ပြောရုံနဲ့ ဒါ ပိဋကသုံးပုံ တတ်တယ်လို့ ဒီလို မမှတ်ယူသင့်ဘူး။

## ဉာဏ်ယှဉ်တဲ့ အသိတရား

အခုလဲပဲ ဒို့ ခန္ဓာငါးပါး တတ်ပါ့ဗျာ။ သိပါ့ဗျာ။ ဘာလဲဆိုတော့ ရူပက္ခန္ဓာ၊ ဝေဒနာ က္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဒါ ခန္ဓာငါးပါး။ အဲဒါလောက် သိတာကို ပြောလိုတာ မဟုတ်ဘူးနော်။

ဥပမာပုံ - မိမိတို့ရဲ့ ရပ်ထဲရွာထဲ မိမိတို့ရဲ သားများ၊ မိမိတို့ရဲ့ တူများ၊ မိမိတို့ရဲ့ မြေးများ ရှိကြတယ်။ အဲဒီ မိမိတို့ရဲ့သား၊ တူ၊ မြေး ဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ နာမည်ကို ပြောလိုက်တယ်ဆိုယင်ပဲ မောင်ဖြူ၊ မောင်နီ၊ မောင်ညို၊ မောင်ရွှေ၊ မောင်ဝါလို့ ဆိုလို့ ရှိယင် အဲဒီနာမည်ရဲ့ နောက်နားက၊ အသံရဲ့ နောက်နားက ဉာဏ်ထဲမှာ ဘာတွေ ပေါ် လာသလဲ ဆိုတော့ မောင်ဖြူရဲ့ ပုံပန်း၊ မောင်နီတို့၊ မောင်ညိုတို့၊ မောင်ရွှေတို့၊ မောင်ဝါ တို့ရဲ့ ပုံပန်းတွေဟာ အကောင်အထည် အနက်ဒြပ်တွေ ဉာဏ်ထဲမှာ သိပြီးတော့ လိုက် လာတယ်။

http:\\www.dhammadownload.com



အဲဒီလိုသိမှ။ ဟို ကိုယ့်မြေး၊ ကိုယ့်တူကို သိတဲ့ အသိမျိုးလို အခုလိုပဲ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ပြောလိုက်ယင် ပြောတဲ့ အသံရဲ့ နောက်ပိုင်းကိုက ရူပက္ခန္ဓာလို့ ဆိုလို့ရှိယင် သူ့ရဲ့ သဘာဝတွေ နှစ်ဆယ်နဲ့ ရှစ်ပါးသော သဘာဝတွေ ရှိတယ်ဟဲ့လို့ သိဖို့၊ ဝေဒနာက္ခန္ဓာဆိုလို့ရှိယင် အကျယ် တစ်ရာနဲ့ရှစ် ရှိတယ်၊ သညာက္ခန္ဓာဆိုလို့ရှိယင် အကျဉ်းချုပ် သညာ ခြောက်မျိုး ရှိတယ်၊ သင်္ခါရက္ခန္ဓာဆိုယင် အကျဉ်းချုပ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဒါ သင်္ခါရက္ခန္ဓာ ခေါ်တယ်။ ဝိညာဏက္ခန္ဓာဆိုယင် အကျဉ်းချုပ် မြင်မှု ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုဆိုတဲ့ ဒီ စိတ်ရဲ့ အလုပ်ခြောက်မျိုးနဲ့ ကိုင်ပြီးတော့ ဝိညာဏက္ခန္ဓာဆိုတဲ့ အသံ ကြားယင် ဒီအနက် သဘာဝခြောက်မျိုးကို ဉာဏ်ထဲမြင်မှ ဒါမှ ကိုယ့် ခန္ဓာငါးပါးကို သိတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

**ရူပက္ခန္ဓာရဲ့ သဘောသရုပ်**

လယ်တီဆရာတော် ဘုရားကြီးက ဒီခန္ဓာအာယတန ဓာတ် သစ္စာ နားလည်အောင် လင်္ကာ ၁၀-ခု ရေးထားတယ်။ ခန္ဓာငါးပါးအတွက် ဆိုင်ရာ လင်္ကာထဲမှာ ရူပက္ခန္ဓာ စယင်ပဲ ...

**ရူပက္ခန္ဓာ၊ ဝေဒနာနှင့် သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန့်တည်း၊**

ဒါ ... ခန္ဓာငါးပါး ခေါင်းစဉ်လိုက်တာ ... ။

**ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။**

အအေးနဲ့တွေ့ပြန် တစ်မျိုး၊ အပူနဲ့တွေ့ပြန် တစ်မျိုး၊ ဆာလောင်မွတ်သိပ်တဲ့အခါ တစ်မျိုး၊ ဝတဲ့အခါ တစ်မျိုး၊ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား၊ ဖြစ်ပွားတတ်တဲ့ သဘာဟာဖြင့် ဒါ ရုပ်ပဲလို့ ဒီလို သိစေချင်လို့ "ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။" ဒီသဘောအစုကို ရူပက္ခန္ဓာ ခေါ်တယ်ဟဲ့လို့ အဲဒီလို အကျဉ်းချုပ် နားလည်ဖို့။

**ဓာတ်ကြီးလေးပါး**

ဟာ ဒီထက် နားလည်ချင်သေးတယ်ဆိုယင် -

**မြေဓာတ် ရေဓာတ်၊ မီး, လေဓာတ်ဟု၊ လေးရပ်ဘုတ်ကြီး၊ ပွားစီးအနက်။**

http:\\www.dhammadownload.com



ပါဠိလို ... ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ မြန်မာလို မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်လို့ မဟာဘုတ်ကြီးလေးပါး၊ ဘူတရုပ်ကြီး လေးပါးရှိတယ်၊ စမ်းကြည့်လိုက်လို့ အကြမ်းအနုတွေ့တာ ဒါ ... မြေဓာတ်ဟဲ့။ စမ်းကြည့်လိုက်လို့ အပူအအေး တွေ့တာ ဒါ တေဇောဓာတ်ဟဲ့။ စမ်းကြည့်လိုက်လို့ အပျော့အမာတွေ့တာ ဒါ ဝါယောဓာတ်ဟဲ့။ ဒီ သဘာဝတွေ စုပေါင်းပြီးနေအောင် တွဲဖွဲ့ပေးတဲ့ သဘောကဖြင့် အာပေါဓာတ်ပဲ ရေဓာတ်ပဲ။ အဲဒီလို အကြမ်းဖျင်းမှတ်။

## အာရုံရုပ် ငါးပါး

အဲဒီလို သိပြီးတဲ့ နောက်တစ်ခါ –

**ရူပ သဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအာရုံ၊**

မျက်စိနဲ့ မြင်ကောင်းသမျှ အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ ရုပ်။ နားနဲ့ ကြားကောင်းသမျှ အသံမျိုးစုံ၊ သဒ္ဒါရုံဆိုတဲ့ရုပ်။ နှာခေါင်းနဲ့ နမ်းရှူ၍ သိကောင်းသမျှ အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ရုပ်။ လျှာနဲ့လျက်၍ သိအပ်သမျှ ရသာမျိုးစုံ ရသာရုံဆိုတဲ့ရုပ်။ ကိုယ်နဲ့တွေ့ထိ၍ သိအပ်သမျှ အကြမ်းအနု အပူအအေး အပျော့အမာဆိုတဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံလို့ အာရုံငါးပါးလို့လဲ ခေါ်တဲ့ ရုပ်ပါ၊ အာရုံရုပ် ငါးပါး။

## ဘာဝစသော ရုပ်ငါးပါး

**နှစ်စုံဘာဝ၊ ဟဒယနှင့်၊ ဇီဝိတြေ၊ ဆယ့်ရှစ်မှာမူ၊**

ဘာဝရုပ် နှစ်မျိုးရှိတယ်၊ အမျိုးသမီးတို့ရဲ့ သဏ္ဌာန် ဣတ္ထိဘာဝရုပ်၊ အမျိုးသားတို့ရဲ့ သဏ္ဌာန် ပုမ္ဘာဝရုပ်၊ အမျိုးသား အမျိုးသမီးတို့ သဏ္ဌာန်မှာ အသီးသီး ရှိကြတဲ့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့သည် ဆံဖျားမှ ခြေဖျားကိုင် တစ်ကိုယ်လုံး နှံ့ပြီးတော့ တည်တဲ့ရုပ်တစ်မျိုး ဖြစ်ပါတယ်။

အမျိုးသားလေး တစ်ယောက်၊ အမျိုးသမီးလေး တစ်ယောက် တစ်ကိုယ်လုံး အဝတ်နဲ့ ခြုံထား၊ လက်ညှိုးလေး တစ်ချောင်းစီသာ အပြင်ဘက်ထုတ်ထား၊ ကြည့်လိုက်လို့ရှိယင် လက်ညှိုးလေး ကြည့်တာနဲ့ ဟောဒါ အမျိုးသား၊ ဟောဒါ အမျိုးသမီးလေးလို့ သိတယ်။ သိရအောင် ဘယ်သူက ခြယ်လှယ်ပေးသလဲလို့ ဆိုတော့ ... အဲဒီ လက်ညှိုး ထဲမှာရှိတဲ့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်က နေပြီးတော့ သိအောင် လုပ်ပေးတယ်။

http:\\www.dhammadownload.com



တစ်နည်းအားဖြင့်တော့ ဣတ္ထိဘာဝရုပ် ကိန်းဝပ်တဲ့ သဏ္ဌာန်မှာ ဖြစ်သမျှ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေဟာ တစ်ဘက်သားက ကြည့်လိုက်ယင် မိန်းကလေးလို့ အထင်မှတ်ယူရအောင် ဖြစ်တယ်၊ အဲဒါ ဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့ တန်ခိုးပဲ။

ပုမ္ဘာဝရုပ် စိုးအုပ်တဲ့ သဏ္ဌာန်မှာ ယောကျ်ားလေးရဲ့ သဏ္ဌာန်မှာဆိုယင် ဖြစ်ဖြစ်သမျှသော ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် ဖြစ်တဲ့ ရုပ်လေးမျိုးလုံးဟာ လူတစ်ဘက်သားက ကြည့်လိုက်ယင် ယောကျ်ားလေးလို့ ထင်ယူရအောင် ဒီအမူအရာနဲ့ ဖြစ်ရတယ်။ ဒီလိုဖြစ်အောင် ပုမ္ဘာဝရုပ်က စိုးအုပ်ခြယ်လှယ်ထားတယ်။

အဲဒါကြောင့် ... ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ်တို့ရဲ့ ခြယ်လှယ်ချက်အရ လက်ညှိုးလေးနှစ်ချောင်းကို မြင်သဖြင့် ဟောဒါ ယောကျ်ားလေး၊ ဟောဒါ မိန်းကလေးလို့ သိရတယ်။ လက်ညှိုးလေးထဲမှာ ပါတဲ့ ဘာဝရုပ်က မိန်းကလေးလို့ ပြောတယ်။ ဘာဝရုပ်ရဲ့ ခြယ်လှယ်မှု ဖြစ်တယ်။ ပြီးတော့ "နှစ်စုံဘာဝ၊ ဟဒယနှင့်" ရင်တွင်းကြားမှာ ... ဟဒယဝတ္ထုရုပ်လို့ ရှိတယ်။ " ဇီဝ, သြဇာ" ဇီဝိတရုပ် ကမ္မဇရုပ်ကလာပ်တွေကို အထိန်းအကျောင်း (အစောင့်) ဖြစ်တဲ့ ရုပ်တစ်မျိုးကို ဇီဝိတရုပ်လို့ ခေါ်တယ်။ သြဇာ ဆိုတာက ဒီခန္ဓာကိုယ်ထဲမှာ အာဟာရဇရုပ်ကို ဖြစ်စေနိုင်တဲ့ ရသာဓာတ်နဲ့ တွဲဖော်တွဲဖက် ရသာဓာတ် အားကောင်းယင် ကောင်းတယ်၊ ရသာဓာတ် နည်းယင် နည်းနည်းပဲ သူဖြစ်တတ်တယ်။

ဥပမာ ... အစာအာဟာရ တစ်ခုကို စားကြည့်လိုက်တယ်။ အဲဒီ စားလိုက်တဲ့ အစာအာဟာရသည် ရသာဓာတ်ဆီ။ အင်မတန် ရသာ ကောင်းလို့ရှိယင် "တကယ် သြဇာရှိတဲ့ အစာပဲ" လို့ ပြောတယ်။

အမှန်ကတော့ ... သြဇာက စားလို့ လျှာပေါ်မှာ သိတာမဟုတ်ဘူး၊ လျှာပေါ်မှာ သိတာက ရသာရုပ်ကို သိတာ၊ သို့သော် ရသာရုပ် ကောင်းလျှင် ကောင်းသလောက် သြဇာဓာတ်ဆီ ကောင်းတယ်။ အဲဒါကြောင့် ရသာရုပ်ကောင်းတာကို အစွဲပြုပြီးတော့ "တယ် သြဇာရှိသကိုး" လို့ ပြောယူရတယ်။ အမှန်တော့ သြဇာဆိုတဲ့ ရုပ်ကတော့ စိတ်နဲ့ သိရတဲ့ရုပ်၊ လျှာနဲ့ သိရကဲ့ ရုပ် မဟုတ်ပါဘူး။ ဒီတော့ ရသာဓာတ်နဲ့ ယှဉ်ဖော်တွဲဖက် အဖော်သဟဲ ဖြစ်တဲ့ ဓာတ်ဆီရုပ်တစ်မျိုးကို ... ဒါ သြဇာရုပ်ခေါ်တယ် ... ။

http:\\www.dhammadownload.com



## နိပ္ဖန္နရုပ် ၁၈-ပါး

အားလုံး ပြန်ပေါင်းလိုက်တော့ ဆယ်ရှစ်ခု ရှိသွားတယ်။ အဲဒီ ဆယ့်ရှစ်ခုဟာတဲ့။

**ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါ်လာ၊ သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရှပ၊ နိပ္ဖန္နတည်း။**

ဒီတစ်ဆယ့်ရှစ်ပါးသော ရုပ်များကို ... ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ဆိုတဲ့ အကြောင်းလေးပါးတို့ကြောင့် ပေါ်ပေါ်လောလော သူတို့သဘောနဲ့ ထင်ထင်ရှားရှား ကိုယ်စီကိုယ်င အသီးသီး ဖြစ်ကြ ပြီးကြလို့ သူတို့ကို နိပ္ဖန္နရုပ်လို့ ခေါ်တယ်။ လက္ခဏာယဉ် သုံးချက်တင် ဆင်ခြင်သုံးသပ်လို့ရှိယင် ဒီရုပ်တွေဟာ ဉာဏ်နဲ့ မြင်တယ်။ ဟောဒါ နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါး။

## အနိပ္ဖန္နရုပ် တစ်ဆယ်

နောက် ... အနိပ္ဖန္နရုပ် တစ်ဆယ်ကိုတော့ -

**"ထိုမှ တစ်ပါး၊ ကလာပ်ခြားမျှ၊ အာကာသ"** တဲ့

အခုလို နွေရာသီ ပိုသိသာပါတယ်၊ လက်မောင်းထောင်ပြီး ကြည့်လို့ ဟိုဘက် မမြင်ရပေမယ့် အဲဒီ အာကာသထဲက ချွေးလေးတွေ အပေါက်လိုက် အပေါက်လိုက် ထွက်နေတယ်။

ဩော် ... ရုပ်ကလာပ် တစ်ခုနဲ့တစ်ခု အကြား အကာသရှိလို့ ဒီချွေးကလေးတွေ ထွက်တာပဲ။ အဲဒီတော့ ထိုထိုရုပ်ကလာပ်တို့ရဲ့ အကြားကို အာကာသဓာတ်လို့ ခေါ်တယ်ဟဲ့လို့ သိရမယ်။

**"ကာယဝစီ၊ နှစ်လီ ကိုယ်နှုတ်၊ လှုပ်မှု ရှားမှု၊ နှစ်ခု ဝိညတ်"** တဲ့။

ကိုယ်လှုပ်ရှားမှု ကာယဝိညတ်၊ နှုတ်လှုပ်ရှားမှု ဝစီဝိညတ်လို့ ဝိညတ်ရုပ် နှစ်မျိုးရှိတယ်။

**ရူပဿ လဟု၊ မုဒု ကမ္မည၊ ဝိကာရခေါ်၊**
**ရုပ်သုံးဖော်ကား၊ ပေါ့ပါး နူးညံ့၊ ကျန်းခံ့မှုရာ။**

ရူပဿ လဟုတာရယ်၊ ရူပဿ မုဒုတာရယ်၊ ရူပဿကမ္မညတာ ... လို့ ပါဠိလို ခေါ်တဲ့ ဝိကာရရုပ် သုံးမျိုးရှိတယ်။ ဝိကာရ ဆိုတာ သတ္တိထူး သုံးမျိုးပေါ့လေ။ ပထမ၊ ရူပဿ လဟုတာက ပေါ့ပါးမှု နိပ္ဖန္နရုပ်တို့ရဲ့ ပေါ့ပါး သွက်လက်မှုကို ရူပဿ

http:\\www.dhammadownload.com



လဟုတာ။ နိပ္ဖန္နရုပ်တို့ရဲ့ နူးညံ့မှုကို ရူပဿ မုဒုတာ။ နိပ္ဖန္နရုပ်တို့ရဲ့ အမှုဒ္ဓ ခံ့ကျန်းမှု အလုပ်လုပ်နိုင်မှုကို ရူပဿ ကမ္မညတာ ... လို့ခေါ်တယ်။ ဒါကလဲပဲ ဒီခန္ဓာကိုယ်မှာပေါ့လေ ရှာတတ်ရမယ်။ လက္ခဏာယဉ် သုံးသပ်တင်တဲ့ အခါကျတော့ အင်း ... ဒီ အနိပ္ဖန္နရုပ်က မပေါ်လွင် မထင်ရှားသော်လဲပဲ ရုပ်တရားနယ်ပယ်မှာ သူတို့ကိုလဲပဲ အကုန်သိအောင် လုပ်ရတယ်။

ဥပမာ – လူတစ်ယောက်သည် နေထိုင်မကောင်းပြီးခါစ နာလံထစ ဘယ့်နှယ်တုန်းဗျ–လို့ မေးယင် မပေါ့ပါးသေးပါဘူးဗျာ၊ မသွက်လက်သေးပါဘူး၊ ဟောဒီလို ပြောကြတယ်။ သြော် ... တန်တော့၊ သူ့သန္တာန်မှာ လဟုတာရုပ် အဖြစ်နည်းသေးတယ်လို့ ဒီလို သိရမယ်။

အဲ ... ရူပဿ လဟုတာရုပ် အဖြစ်များတဲ့ ပုဂ္ဂိုလ်ကျတော့ လုပ်ရ, ကိုင်ရ, သွားရ, လာရ၊ ပေါ့ပါးသွက်လက်လိုက်တာ လွန်လို့ ... ဒီလို ပြောယူရတယ်။

အဲ – မုဒုတာကလဲ ထို့အတူပဲ၊ မုဒုတာဆိုတာ နူးညံ့တဲ့ သဘော၊ နိပ္ဖန္နရုပ်တို့ရဲ့ နူးညံ့မှုသဘော၊ ကြမ်းတမ်းမှု သဘောနဲ့ ယှဉ်ကြည့်မှ နူးညံ့မှုသဘော ပေါ်တယ်။ အစစ အဆင်ပြေမှု သဘောပေါ်တယ်။ အဲ–ကြမ်းခက်မှုဆိုတာက နေထိုင်မကောင်းပြီး ခါစ လက်တွေ ခြေတွေ အကုန်လုံး ခက်တရော် ရှိပြီးတော့ နေတဲ့အခါမျိုး၊ သြော် ... မုဒုတာရုပ် မရှိဘူးဟဲ့–လို့ သိရမယ်။ အဲဒီက ကျန်တော့မှ နူးညံ့မှုဆိုတဲ့ အဲ – မုဒုတာကို နားလည်ရမယ်။

ကမ္မညတာ၊ အင်း ... အမှုဒ္ဓ ခံ့ကျန်းတယ်၊ ခံ့ကျန်းဆိုတာ ဘာလဲ၊ အလုပ် လုပ်နိုင်တယ်။ တကယ့် အသက်အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်များကျတော့ လူငယ်တွေလို သွက်သွက်လက်လက် မသွားနိုင်ဘူး၊ မပြောနိုင်၊ သွက်သွက်လက်လက် မစားနိုင်တော့ဘူး။ လူငယ်ကတော့ သွားခြင်း၊ လာခြင်း၊ လှမ်းခြင်း၊ စားခြင်းဆိုတဲ့ အလုပ်ကို လုပ်တဲ့ ကမ္မညတာရုပ်၊ သွက်လက်ပေါ့ပါးမှုဆိုတဲ့ လဟုတာရုပ်တွေ အားများတယ်။ အဲဒီလို ဟာကို မြင်သဖြင့် သြော် ... တို့သန္တာန်မှာ လဟုတာ–မုဒုတာ–ကမ္မညတာ ရုပ်တွေ တော်တော် အားကောင်းသကိုး။ လူအိုကြီးတွေ သန္တာန်မှာ အဲဒီ ဝိကာရရုပ် နည်းပါးတာ ကို မြင်သဖြင့် အဲ ... လူငယ်လူရွယ်တို့ သန္တာန်မှာရှိတဲ့ ဝိကာရုပ်ကို ဆပြီးတော့ သိရမယ်။

**တစ်ဖြာထိုမှ၊ ဥပစယ၊ အစပွားတိုး၊ အရိုးပြည့်မှီ၊ တည်စဉ်သန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာအနိစ္စ၊ ဤလေးဝမှု၊ လက္ခဏာရုပ်၊ ခေါ်သမုတ်၏ – တဲ့။**

http:\\www.dhammadownload.com



ထို့ပြင် ရုပ်ကလာပ်တို့ တစ်ဘဝမှာ မစုံခင် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်တို့ရဲ့ ဥပါဒ်ပိုင်းကို ဥပစယလို့ ခေါ်တယ်။ ဖြစ်သင့် ဖြစ်ထိုက်၊ ရသင့် ရထိုက်သော ရုပ်ကလာပ်များ အားလုံးစုံပြီးတဲ့နောက် ဖြစ်ပေါ်သမျှသော ရုပ်တို့ရဲ့ ဥပါဒ်ပိုင်း ဖြစ်ပေါ်တဲ့ ပထမပိုင်းကို သန္တတိလို့ ခေါ်တယ်။

အဲဒီ ထိုထို ရုပ်ကလာပ်တို့ရဲ့ ရင့်ရော်မှု အလယ်ပိုင်း ဌီ ခဏကိုတော့ ဇရတာလို့ ခေါ်တယ်။ ထိုထိုရုပ်ကလာပ်တို့ရဲ့ နောက်ဆုံး ပျက်တဲ့ အစိတ်အပိုင်း ကလေးကိုတော့ အနိစ္စတာ။

ဒါက လက္ခဏာရုပ်လေးပါးလို့ ခေါ်တယ်။ အားလုံးပေါင်း "ရုပ်ပေါင်း ဆယ်တန်၊ အနိပ္ဖန်တည့်" ပြန်ပေါင်းယင်ပေါ့လေ။ အာကာသဓာတ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာလို့ အနိပ္ဖန္နရုပ် ဆယ်ပါးရှိတယ်-တဲ့။ ရှေ့ဆိုပြီး နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်နှင့် ပေါင်းလို့ရှိယင် ဖြင့် ရုပ်နှစ်ဆယ့်ရှစ်ပါး ဖြစ်တဲ့အကြောင်းကို -

**နိပ္ဖန်ဆယ့်ရှစ်၊ ပေါင်းတုံလစ်က၊ ရှစ်ခုစွန်းကယ်၊**

**ရုပ်နှစ်ဆယ်သည်၊ အကျယ် ရူပက္ခန္ဓာတည်း -**

လို့ လယ်တီဆရာတော် ဘုရားကြီးက ရူပက္ခန္ဓာ အကျယ်နားလည်အောင် လင်္ကာ ရေးထားခဲ့တယ်။

## ဝေဒနာအကျယ် ၁၀၈-ပါး ပွားပုံ

အဲ ... ဝေဒနာက္ခန္ဓာ ကျတော့ -

**ခံစားစံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ်၊ ခန္ဓာမှတ်လော့။**

ခံစားမှု ခံစားမှုလို့ ပြောဆိုတဲ့ သဘောတစ်ခုဟာဖြင့် ဒါဝေဒနာပဲ။ ခံစားတယ်၊ စံစားတယ်ဆိုတဲ့ အသုံးဟာပေါ့လေ ဝေဒနာ တရားအားလုံးကို အစွဲပြုပြီး သုံးတဲ့ ဝေါဟာရပါပဲ။

အဲဒီ ဝေဒနာတွေဟာ ဘယ်လောက်ရှိသလဲဆိုတော့ -

**သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာဟူ၊**

**လျစ်လျူခံစား၊ မထင်ရှားတည်း။**

ဝေဒနာသုံးပါးကို ခွဲကြတယ်။ ခံစားပုံ အခြင်းအရာ "သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ" တဲ့- ဆင်းဆင်းရဲရဲ ခံစားရယင် ဒါ ဒုက္ခဝေဒနာ၊ ချမ်းချမ်းသာသာ သက်သက်သာသာ

http:\\www.dhammadownload.com



ခံစားမှုသဘောကို သုခဝေဒနာ။ "ဥပေက္ခာမှု၊ လျစ်လျူခံစား၊ မထင်ရှားတည်း"တဲ့။ ချမ်းချမ်းသာသာလဲ မဟုတ်၊ ဆင်းဆင်းရဲရဲလဲ မဟုတ်၊ ချမ်းသာသည်လဲ မဟုတ်၊ ဆင်းရဲသည်လဲ မဟုတ်၊ အလယ်အလတ် လျစ်လျူ မထင်မရှား ခံစားမှု သဘောကို ဥပေက္ခာ ဝေဒနာလို့ ခေါ်ရတယ်။

နည်းနည်း ဝေဒနာ ရှုကြဦးစို့ ဆိုပြီးတော့ -

**ငါးပါးအလို၊ တစ်ဖုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူ ခွဲလော့ -**

ဝေဒနာ ငါးမျိုး ခွဲကြအုန်းစို့တဲ့၊ ကိုယ်၊ စိတ်၊ နှစ်ပါးနဲ့ မှတ်ထားတယ်၊ ကိုယ်ပေါ်မှာ ဖြစ်တဲ့ ချမ်းသာ၊ စိတ်ပေါ်မှာ ဖြစ်တဲ့ ချမ်းသာ၊ ကိုယ်ပေါ်မှာ ဖြစ်တဲ့ ဆင်းရဲ၊ စိတ်ပေါ် မှာဖြစ်တဲ့ ဆင်းရဲ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ စေတသိကသုခ၊ စေတသိက ဒုက္ခ၊ သုခနှင့် ဒုက္ခ၊ နှစ်မျိုးစီ ရှိကြတယ်။

ဥပမာပုံ – ကောင်းသော အဝတ်ကလေးကို ကိုယ်ပေါ်ထိလို့ရတယ်၊ အဲဒီ ကိုယ်ပေါ် မှာဖြစ်တဲ့ ကောင်းတယ်လို့ ကောင်းကောင်း ခံစားမှုလေးက ကာယိကသုခ။ အဲဒီ အဝတ် ကောင်းကလေး ဝတ်ရလို့ စိတ်ထဲက ပီတိတွေကျပြီး အင်မတန် နှစ်သက်အားရ ဝမ်းပန်း တသာဖြစ်၊ အဲဒီအခါမှာ စေတသိက သုခဝေဒနာ ဖြစ်တယ်။

ထို့အတူပဲ သုခသည် ကာယိကသုခ စေတသိကသုခ နှစ်မျိုးရှိတယ်၊ ဒုက္ခကလဲ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ဥပမာ–လက်ဖဝါးအပေါ် ဆူးစူးလိုက်တယ်။ လက် ဖဝါး အပေါ်တွင် ဖြစ်တဲ့ မြက်ကနဲ ဒုက္ခဝေဒနာဟာ ကာယိက ဒုက္ခဝေဒနာပဲ။

အဲဒီမှာ အောင်မယ် ငါ့မှ အထူး စူးရလေခြင်းဆိုပြီး ရင်ထဲကိုက နာလာတယ်၊ အဲဒါကျတော့ စေတသိက ဒုက္ခ ဖြစ်တယ်၊ အဲဒီလို သုခက ကာယိက သုခ၊ စေတသိက သုခ။ ဒုက္ခကလဲ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခ နှစ်မျိုးစီ ပြားကြတော့ လေးပါး ဖြစ်တယ်။

ဥပေက္ခာကတော့ စေတသိကမှာပဲ စိတ်ပေါ်မှာပဲ ဖြစ်တယ်၊ သူကတော့ လျစ်လျူ ခံစား မထင်ရှားဘဲ၊ ဒါ ကောင်းတယ်၊ ကြည်နူးတယ် ပြောယင် ဣန္ဒြိယဘေဒ အားဖြင့် ဝေဒနာငါးပါး ရှိတယ်တဲ့။

**တစ်နဲ့ထို့ပြင်၊ အမြင်အကြား၊ အနံ့အားဖြင့်၊ စားလျက်တွေ့ထိ၊ ကြွသိ ခြောက်ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲငြား၊ ဆယ့်ရှစ်ပါးတည်း။**

http:\\www.dhammadownload.com



ဝိညာဏ်ခြောက်ပါး ရှိတယ်–နော်၊ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုလို့ ခြောက်ပါးရှိတယ်။ **အဲဒီ ခြောက်ပါးမှာ မြင်မှုနဲ့ ပတ်သက်ပြီးတော့ မြင်မှုကို အခြေခံ အကြောင်းပြုပြီးတော့ ချမ်းချမ်းသာသာ ခံစားမှု၊ ဆင်းဆင်းရဲရဲ ခံစားမှု၊ အလယ်အလတ် ခံစားမှု သုံးမျိုး ပြားတယ်။ ကြားမှုနဲ့ ပတ်သက်လို့ သုံးမျိုးပြားတယ်။ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုတို့နဲ့ ပတ်သက်၍လဲ သုံးမျိုးစီ ပြားတယ်။**

ဥပမာပုံ ... ကိုယ်မြင်ချင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ကိုယ့်မျက်စိအောက် ရောက်လို့ မြင်လိုက်တယ်ဆိုယင် **အတော်စိတ်က ချမ်းချမ်းသာသာ** ရှိတယ်။ ဒါ အမြင်ချမ်းသာမှု၊ ဒီမျက်စိအပေါ်မှာ ပေါ့လေ **အစွဲပြုပြီးတော့ သုခဝေဒနာ** ဖြစ်တယ်။ ကိုယ် မုန်းတဲ့ လူ တစ်ယောက် မျက်စိထဲ မြင်တယ်ဆိုယင် ဒီလူ **ငါကြည့်ရတာ** စပါးမွေး စူးလိုက်တာလို့ ပြောတယ်။ ဒါ ဒုက္ခဝေဒနာပဲ၊ အမြင်ဆင်းရဲမှု။

လျစ်လျူ အလယ်အလတ် ပုဂ္ဂိုလ်ကျတော့ ဆင်းရဲတယ်လဲ မဟုတ်ဘူး၊ ချမ်းသာ တယ်လဲ မဟုတ်ဘူး၊ မြင်ကာမျှ အကုန်သိ ပျောက်ဆိုတဲ့ မထင်မရှား ခံစားမှု သဘော ပေါက်တယ်။ အဲဒီလို အမြင်နဲ့ ပတ်သက်ပြီးတော့ သုံးမျိုး ပြားသလို။ အကြားနဲ့ ပတ်သက်၍ သုံးမျိုး၊ အနံ့နဲ့ ပတ်သက်၍ သုံးမျိုး၊ အစားအလျက်နဲ့ ပတ်သက်၍ သုံးမျိုး၊ အတွေ့အထိနဲ့ ပတ်သက်၍ သုံးမျိုး၊ အသိနဲ့ ပတ်သက်၍ သုံးမျိုးလို့ သုံးမျိုးစီ ခြောက် လီပြားတော့ ဆယ့်ရှစ်ပါး ဖြစ်တယ်။

**သုံးပါးကာလ၊ ပွားထတုံသေး၊ ငါးဆယ့်လေးတည်း။**

**အဲဒီ ဆယ့်ရှစ်ပါးကို ကာလသုံးပါးနဲ့ ပွားကြည့်**တဲ့။ လွန်ခဲ့တဲ့ ရက်က လွန်ခဲ့တဲ့ **နှစ်က ဝေဒနာတွေ ဘယ်လောက်များများကြီး**ပဲ ဖြစ်ခဲ့တယ် ဆိုစေကာမူ တရားကိုယ် **သဘောဖြင့် ကြည့်ယင် အမြင်နဲ့ ပတ်သက်၍** ချမ်းသာမှု ဆင်းရဲမှု လျစ်လျူရှုမှု သုံးမျိုး။ **အကြားနဲ့ ပတ်သက်၍ သုံးမျိုး၊ အနမ်းအရှုနဲ့ သုံးမျိုး**။ အစားအလျက်နဲ့ ပတ်သက်၍ **သုံးမျိုး။ အတွေ့အထိနဲ့ ပတ်သက်၍ သုံးမျိုး**၊ သိမှုနဲ့ ပတ်သက်၍ သုံးမျိုး ဒါပဲ ရှိတယ်။ **ဆယ့်ရှစ်ပါး။**

**ယနေ့ ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ ဝေဒနာတွေလဲ ကုဋေကုဋာ ဘယ်လောက်ပဲ များများ တကယ် ဒီ ၁၈ ပါးရဲ့ ပိုင်းကြည့်လိုက်လို့ရှိယင် ဆယ့်ရှစ်ပါး**ပဲ ရှိတယ်။

**အမြင်နဲ့ ပတ်သက်၍ သုံးပါး၊ အကြားနဲ့ ပတ်သက်၍ သုံးပါး**။ အနံ့နဲ့၊ အလျက်နဲ့၊ **အတွေ့အထိနဲ့၊ အသိနဲ့ ပတ်သက်၍ သုံးပါးစီ**၊ အားလုံး ပစ္စုပ္ပန်မှာလဲ ဆယ့်ရှစ်ပါးပဲ ရှိတယ် – တဲ့။

http:\\www.dhammadownload.com



အဲ ... နောက်နေ့ နောက်လ နောက်နှစ်များမှာ ဖြစ်လတ္တံ့သော ဝေဒနာလဲပဲ ဆယ့်ရှစ်ပါး။ အဲဒါကြောင့် ကာလသုံးပါးနှင့် ပွားလိုက်ယင် ဝေဒနာငါးဆယ့်လေးဖြစ်တယ်။

**တစ်ရေးသန္တာန်၊ နှစ်ပွားပြန်က၊ တစ်ရာ့ရှစ်ပင်၊ အကျယ်မြင်လော့။**

အဲဒီ ငါးဆယ့်လေးပါးကို ကိုယ်ခံစားမှုဟာ ကာလသုံးပါးအလိုက် ငါးဆယ့်လေးရှိသလို သူခံစားမှုဟာလဲပဲ ငါးဆယ့်လေးရှိတယ်။ ကိုယ်ခံစားမှု ငါးဆယ့်လေးကို အဇ္ဈတ္တဝေဒနာ ငါးဆယ့်လေးလို့ ခေါ်တယ်။ သူခံစားမှု ငါးဆယ့်လေးကို ဗဟိဒ္ဓဝေဒနာ ငါးဆယ့်လေးလို့ ခေါ်တယ်။ နှစ်ရပ်ပေါင်းတော့ ဝေဒနာအကျယ်သည် တစ်ရာ့ရှစ်ပဲ ရှိတယ်တဲ့။ ဝေဒနာက္ခန္ဓာဆိုယင် အဲဒီ တစ်ရာ့ရှစ်ပါးရှိအောင် ဝေဒနာကို မြင်သွားမှ ဝေဒနာသဘော နားလည်တယ်လို့ ခေါ်တာ။

သညာက္ခန္ဓာ ကျတော့ ဆရာတော်ကြီးက –

## သညာက္ခန္ဓာ

**ထို့ပြင် သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်။**

ဘုန်းကြီးတို့ စာပေပို့ချတဲ့ အခါကျတော့ သညာက္ခန္ဓာဆိုယင် အမှတ်ပြု၍ သိခြင်းလက္ခဏာ ဒါ သညာပဲ။ ဒါ–ရိုးရိုးပြောတာ၊ လယ်တီဆရာတော် ဘုရားကြီးကတော့ ဝေနေယျတို့ရဲ့ နားထဲမှာ ရှင်းကနဲ သဘောကျသွားအောင် အမိန့်ရှိတယ်။ မိန့်လိုက်ကတည်းကိုက သညာက္ခန္ဓာဆိုတာ ဘာကို ခေါ်တယ်ဆိုတာ ရှင်းသွားတယ်။

လိမ္မာတယ်၊ တတ်တယ်၊ သိတယ်၊ လောကီနယ်ပယ်မှာ ပါးတယ်၊ နပ်တယ် ဆိုတာ ဒါ သညာက္ခန္ဓာတွေပဲ။

**လူ့၏ဘောင်မှာ၊ လူ့တကာနဲ့၊ လိမ္မာမြဲမှု၊ မှတ်စွဲဖြာဖြာ၊ ဤသညာပင်။**

လူ့ဘောင် လူ့လောကမှာ သူများနည်းတူ ရောင်းတတ်တယ်၊ ဝယ်တတ်တယ်၊ ဝတ်တတ်တယ်၊ စားတတ်တယ်။ သွားတတ်တယ်၊ လာတတ်တယ်။ လူ့လောက နယ်ပယ် လည်ပတ်မှုတွေ အကုန်လုံးဟာ ဒါ သညာက္ခန္ဓာပဲတဲ့။

**နတ်မှာ နတ်လျောက်၊ လိမ္မာမြောက်၏။**

နတ်လဲပဲ နတ်အလျောက် နတ်ကိစ္စမှာ ဆိုင်ရာဆိုင်ရာ ကိုယ့်ကိစ္စ လိမ္မာကျွမ်းကျင်မှုဟာ သညာက္ခန္ဓာပဲ–တဲ့။

**အောက် အပါယ်သား၊ ကျွဲ နွား မြင်း ဆင်၊ မြင်မြင်သမျှ၊ အနန္တလည်း၊ ဘာဝဘာဝ၊ သိတတ်ကြ၏ – တဲ့။**

http:\\www.dhammadownload.com



အောက် အပါယ်ဘုံသား ဖြစ်တဲ့ ကျွဲတွေ၊ နွားတွေ၊ မြင်းတွေ၊ ဆင်တွေ မြင်မြင်သမျှ တိရစ္ဆာန် သတ္တဝါတွေဟာ သူတို့ ဘာ၀ဘာ၀ ထိုက်သလောက် ထိုက်သလောက် သိတတ်ကြတယ်။ အဲဒီ အသိသဘောတွေဟာ သညာတွေပဲ။

လောကအလုံး၊ မြော်မဆုံးလျှင်၊ အသုံးတွင်စွာ၊ အလိမ္မာဟု၊ အခြာအချုပ်၊ ခေါ်သမုတ်၏။

လောကီရေးရာနယ် နယ်ကျယ်သလောက် လိုက်ပြီး အလိမ္မာ အချုပ်အခြာပဲလို့ ခေါ်ဆိုယူရတဲ့ သဘောဟာဖြင့် ဒါ သညာကွန္ဓာပဲ။

**မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာကျွမ်းကျင်၊ သညာပင်တည်း။**

မုဆိုးအရာ၌ မုဆိုးကျွမ်းကျင်တယ်၊ လိမ္မာတယ်၊ တံငါအရာ၌ တံငါကျွမ်းကျင်တယ်၊ လိမ္မာတယ်၊ အဲဒါတွေဟာ သညာတွေပါပဲ။

**သို့စဉ်နည်းပြ၊ သိကုန်ကြလော့။**

အခုပြောတာ နည်းပြမျှသာ ရှိပါသေးတယ်တဲ့။ လက်သမားနေရာမှာ လက်သမားကျွမ်းကျင်၊ တံငါနေရာ တံငါကျွမ်းကျင်၊ ပန်းပုနေရာ ပန်းပုကျွမ်းကျင်၊ အဲဒီ ကျွမ်းကျင်မှု ကိစ္စတွေဟာ အကုန်လုံးဟာ ဒါ-သညာတွေပဲ။

ဒါဖြင့် ကိုယ်တော် လောကီနယ်ပယ်မှာ ပညာလဲ မပါတော့ဘူးလားဆိုတော့ ပညာ မယှဉ် မဟုတ်ပါဘူး၊ ယှဉ်တယ်။

ဒါဖြင့် ဒါတွေ သညာချည်းပဲ - ဘယ့်နှယ်ကြောင့် ပြောနေရတုန်းလို့ ဆိုတော့ အဲဒီကိစ္စတွေမှာက သညာက ခေါင်းဆောင်ပြီး သိတယ်၊ ပညာက အဲဒီအခိုက်မှာ ရေသာခိုနေ၊ သညာရဲ့ နောက်ကနေပြီးတော့ ဟုတ်လား၊ တော်ရုံလျော်ရုံပေါ့လေ၊ ဟို သူရဲ့ အလုပ် ပညာရဲ့အလုပ်ကတော့ အခုပြောတဲ့ ခန္ဓာငါးပါးကို သိဖို့ကျတော့ သညာတို့က မသိနိုင်ဘူး၊ သညာတို့က နောက်လိုက် ဖြစ်တယ်၊ ပညာကမှ အဲဒီကျတော့ ရှေ့သွား အသိ ဖြစ်ပါတယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတဲ့နေရာကျတော့ ပညာက အဲဒီ သူ့နယ်ပယ်ရောက်လာတယ်။ အဲဒီ အချိန်အခါမှာ သညာကို ဗိုလ်ခန့်လို့ မရဘူး၊ ပညာကမှ ရှေ့သွားခေါင်းဆောင် ဗိုလ်အသိနဲ့ သိတယ်။ အဲဒါကြောင့် လောကီနယ်ပယ်မှာ သိတယ်၊ လိမ္မာတယ်၊ ကျွမ်းကျင်တယ်၊ ပါးနပ်တယ် ဆိုတာတွေဟာ သညာပဲတဲ့။

ဒါဖြင့် အင်မတန် ကျယ်နေတဲ့ သညာတွေကို ချုံကြည့်လိုက်လို့ရှိယင် ဘယ်လောက် ရှိတုန်းဆိုတော့ -

http:\\www.dhammadownload.com



**ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ။**

အဆင်းနဲ့ပတ်သက်၍ ပါးနပ်မှု ရူပသညာ၊ အသံနဲ့ ပတ်သက်၍ ပါးနပ်မှု သဒ္ဒသညာ၊ အနံ့နဲ့ ပတ်သက်၍ ပါးနပ်မှု ဂန္ဓသညာ၊ ရသာနဲ့ ပတ်သက်၍ ပါးနပ်မှု ရသသညာ၊ အတွေ့အထိနဲ့ ပတ်သက်၍ ပါးနပ်မှု ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသဘောနဲ့ ပတ်သက်၍ ပါးနပ်မှု ဓမ္မသညာ-လို့ အာရုံခြောက်ပါးအလိုက် သညာခြောက်ပါး ရှိပါတယ်။

သူ့ကို တစ်ခါ ရှုချင်သေးတယ်၊ ပွားချင်သေးတယ် ဆိုလို့ရှိယင် ...

**ပွားပြန်ဘိမူ၊ မြေသိ၊ ရေသိ၊ နေ၊ လ သိက၊ စရိုသွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာကွန္ဓာတည်း။**

မြေဟူ၍ သိတာ၊ ရေဟူ၍ သိတာ၊ နေဟူ၍ သိတာ၊ လဟူ၍ သိတာ၊ ကြယ်ဟူ၍ သိတာ၊ နက္ခတ်တာရာဟူ၍ သိတာ၊ ကျောင်းဟူ၍ သိတာ၊ အိမ်ဟူ၍ သိတာ ... အဲဒါ သိသမျှဟာဖြင့် သညာ-တဲ့၊ ဒါ သညာသိချည်းပဲ။

လောကီပညာ နယ်ပယ်မှာ ပါးသလောက် နပ်သလောက်ဟာဖြင့် ဒါသညာတွေ ချည်းပဲတဲ့။

## သင်္ခါရက္ခန္ဓာငါးဆယ်

သင်္ခါရက္ခန္ဓာကျတော့ ဆရာတော်ကြီးက -

**ကာယဝစီ၊ မနောပြီတည့်၊ သုံးလီကမ္မ၊ သင်္ခါရမှု - လို့၊**

ကာယကံ ဝစီကံ မနောကံလို့ ဆိုတဲ့ ကံသုံးပါးကို သင်္ခါရက္ခန္ဓာ ခေါ်တယ်။ ဆရာတော်ဘုရားကြီး ပြောတာ အင်မတန်မှတ်လို့ လွယ်တယ်။ အဲ ... ဘုန်းကြီးတို့ ပြောမယ့် သင်္ခါရက္ခန္ဓာကတော့ ကျယ်သွားတယ်။

**သုံးလီကမ္မ၊ သင်္ခါရမှု၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။**

တရားသားအနေနဲ့ ပြောယင် များတယ်၊ ငါးဆယ် ရှိတယ်။

**တွေ့ငြား ဖဿ၊ ဆော်ထစေတနာ၊ ဧကဂ္ဂါမှု၊ တည်ကြည်ဟူ၏။**

**သက်မှု ဇီဝိ၊ မနသိကာ၊ နလုံးထားတည့်၊ ငါးပါးဓမ္မ၊ စိတ်တိုင်းရ၏။**

ဒါကျတော့ ဘုန်းကြီးသံတွေ ဖြစ်သွားတယ်၊ "ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ" ဒီငါးပါးကို ပြောလိုတယ်။

အဲ အကျဉ်းချုပ်တော့ဖြင့် ကာယကံမှု ပြုပြုသမျှ၊ ဝစီကံမှု ပြောပြောသမျှ၊ မနောကံမှု ကြံကြံသမျှ တွေဟာဖြင့် ဒါတွေဟာ သင်္ခါရက္ခန္ဓာတွေပဲ၊ လူပြိန်းနားလည် လွယ်တယ်

http:\\www.dhammadownload.com



နော်၊ အဲဒီနည်းဟာ ...

ဟို "ဖဿတို့ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ"ဆိုတဲ့ စေတသိက်ငါးဆယ် ထုတ်ပြောတာက နားထဲ ကြားရဘာက ကျယ်တယ်။ ဘာမှ စိတ်ထဲ မမှတ်မိလိုက်ဘူး။ အဲဒါတွေ သင်္ခါရက္ခန္ဓာ ခေါ်သတဲ့ သို့ "သတဲ့" လောက်ပဲ ပြောရတယ်။

အော် ဟုတ်တာပေါ့၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဒါတွေ သင်္ခါရက္ခန္ဓာဆိုတာ ဟုတ်တယ်။ ကိုယ်ပြုပြင်မှု၊ နှုတ်ပြုပြင်မှု၊ စိတ်ပြုပြင်မှု ဆိုတာတွေဟာ သင်္ခါရက္ခန္ဓာတွေပဲလို့ အဲဒီလို သဘောကျတယ်။

ဒါကြောင့် မြတ်စွာဘုရားကလဲပဲ သင်္ခါရက္ခန္ဓာ ဟောယင်ပေါ့လေ။ ကာယကံ ဝစီကံ မနောကံ ထိုက်တဲ့ စေတနာနဲ့ ကိုင်ပြီးတော့ ဟောပြတယ်။ သင်္ခါရက္ခန္ဓာထဲပဲ ခေါင်းဆောင်က စေတနာမို့လို့ထားတော့ ကာယကံမှု ဝစီကံမှု မနောကံမှု ပြုသမျှ ပြောသမျှ ကြံသမျှဟာဖြင့် သင်္ခါရက္ခန္ဓာပဲ သိပြီပေါ့လေ၊ ဒို့ ဒီလောက်နားလည်ယင် တော်ပြီ။

## ဝိညာဏက္ခန္ဓာ

ဝိညာဏက္ခန္ဓာကျတော့ –

**အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။**

အာရုံယူတတ်တဲ့ အသိဘသော စိတ်၊ အသိမနော၊ အဲဒီ သဘောတရားကို ဝိညာဏ် ခေါ်တယ်တဲ့။ ဝိညာဏက္ခန္ဓာ ဆိုတာ အဲဒီ အသိသဘော စိတ်အစုကို ဝိညာဏက္ခန္ဓာ။

**ထိုဝိညာဏ်ကား၊ မြင် ကြား နံ လျက်၊ ထိ သိ ချက် ဟု၊ ခြောက်စုအကျဉ်း။**

အဲဒီ ဝိညာဏ်သည် မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု အဲ–တစ်နေ့ကုန် ဖြစ်သမျှ ခြုံပြီး ကြည့်ယင် စိတ်ဟာ ခြောက်မျိုးပဲ ရှိတယ်။

မြင်တဲ့ စိတ်ရယ် ကြားတဲ့ စိတ်ရယ် နမ်းရှုတဲ့ စိတ်ရယ် စားတဲ့ လျက်တဲ့ စိတ်ရယ် ထိတဲ့ စိတ်ရယ် ဒါပဲ ခြောက်မျိုးပဲ ရှိတယ်။ အဲဒါ တစ်နေ့လုံး ယနေ့လဲပဲ ဒီခြောက်မျိုးပဲ။ နက်ဖြန်လဲပဲ ဒီခြောက်မျိုးဖြစ်မှာပဲ၊ ပြီးခဲ့တဲ့ ရက်၊ လ၊ နှစ်ကလဲပဲ ဒီစိတ်နယ်ပယ်ကတော့ ဒီခြောက်မျိုးပဲ၊ အဲဒီလောက်သိယင် တော်ပြီတဲ့။ ဒီတော့ –

ရူပက္ခန္ဓ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုတဲ့ အသံကြားလျှင် အင်း ရူပက္ခန္ဓာဆိုယင် ရုပ်နှစ်ဆယ့်ရှစ်ပါး။ ဝေဒနာက္ခန္ဓာဆိုယင် ဝေဒနာ တစ်ရာ့ရှစ်ပါး။

http:\\www.dhammadownload.com



သညာက္ခန္ဓာဆိုယင် လောကီ လူ့လောက လည်ပတ်မှု မှန်သမျှ ခေါ်တာပဲ ဟဲ့ ...။ သင်္ခါရက္ခန္ဓာဆိုယင် ကာယကံ ဝစီကံ မနောကံမှု ပြုသမျှ ပြောသမျှ ကြံသမျှ ဟဲ ... ဝိညာဏက္ခန္ဓာဆိုယင် မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု ဒီဟာ ခေါ်တာပဲ။ ဒီတရား အစုကို ဝိညာဏက္ခန္ဓာ ခေါ်တယ်လို့ သိတာ။

အခုပြောခဲ့တဲ့ ရုပ်အစု ဝေဒနာအစု သညာအစု သင်္ခါရအစု ဝိညာဉ်အစု ဆိုတဲ့ ဒီသဘောကို ဘယ်ဟာကိုပဲ ကြည့်ကြည့် ယမန်နေ့က ဖြစ်ခဲ့တဲ့ ခန္ဓာငါးပါး ယနေ့ မပါဘူး။ ယနေ့ ဖြစ်တဲ့ ခန္ဓာငါးပါး နက်ဖြန် မရောက်ဘူး။ ဒီယနေ့မှာပဲ ချုပ်တယ်။ ဒါ အင်မတန် ကျဲတဲ့ အပြောပဲ။

## ဝေပုလ္လပဗ္ဗတသုတ္တန်

ဘုရားရှင် ကိုယ်တော်မြတ် ဝေပုလ္လသုတ္တန်များကျတော့ ... ဒီထက် ကျဲတာနဲ့တောင် အနိစ္စကို ဖော်ပြတယ်။ အင်း ဝေပုလ္လသုတ္တန်များမယ် မြတ်စွာဘုရားက ဒီ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ရဲ့ မမြဲတာကို ပြချင်တော့လေ အကျဲဆုံးနည်းဖြင့် ဟောတော်မူထားတယ်။

> ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "ပါစီနဝံသော" တွေဝ သမညာ ဥဒပါဒိ။ (သံ၊ ၁။ ၃၉၆။)

ချစ်သားတို့ ... ဟောဒီ ဝေပုလ္လတောင်ကြီးက ဒီက နောက်ပြန် ပဋိလောမ အဆန် ပြန်ရေတွက်ယင် အန္တရကပ် လေးကပ်လောက် အချိန်တုန်းက ပါစီနဝံသလို့ ခေါ်တယ်။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ပေါ်က နေပြီးတော့ ဝေပုလ္လတောင်ကို လက်ညှိုးညွှန်ပြီး တော့ တရားဟောတယ်။ ဒီဝေပုလ္လတောင်ကြီးဟာ အန္တရကပ် လေးကပ် ကျော်ကျော် လောက်တုန်းက ပါစီနဝံသလို့ ခေါ်တယ်၊ ဟောဒီ ရာဇဂြိုဟ်ပြည် ဒီနားက လူတွေ ဒီနေရာမှာ အဲဒီတုန်းက လူတွေကို "တိဝရ"လို့ ခေါ်တယ်။ အဲဒီတုန်းက "တိဝရ"ခေါ်တဲ့ လူတွေဟာ အနှစ်လေးသောင်းခန့်မှာ လူဖြစ်ကြတယ်။

## ဝေပုလ္လတောင်၏အမြင့်

အသက် လေးသောင်း ရှည်တယ်။ အဲဒီ "တိဝရ" ခေါ်တဲ့ လူတွေဟာ ပါစီနဝံသလို့ ခေါ်တဲ့ ဟောဒီ ဝေပုလ္လတောင်ကြီးကို အဲဒီတုန်းက လေးရက် တက်ရတယ်၊ လေးရက် ဆင်းရတယ်၊ လေးယူဇနာ မြင့်တယ်လို့ ပြောတာ၊ သို့သော် ဘုရားပြတဲ့ အချိန်ကျတော့ တစ်ယူဇနာတောင် မမြင့်ဘူး၊ လေးရက် တက်ရတယ်၊ လေးရက် ဆင်းရတယ်။

http:\\www.dhammadownload.com



အဲဒီတုန်းက ကကုသန် မြတ်စွာဘုရား ပွင့်တယ်၊ အဲဒီ ကကုသန် မြတ်စွာဘုရားမှာ ဘုရင်ရဲ့ ကျောင်းတိုက်ကြီးထဲမှာ ဝိဓုရ, သဉ္ဇိဝ ထေရ်ရယ်လို့ အဂ္ဂသာဝက နှစ်ပါးရှိတယ်၊ ချစ်သားတို့ ကြည့်စမ်း၊ အဲဒီတုန်းက ဒီတောင်ရဲ့ ပါစီနဝံသ ဆိုတဲ့ အမည်ဟာ ရှိသေးရဲ့လား၊ မရှိတော့ဘူး၊ ကွယ်ပျောက်ပြီ။

အဲဒီတုန်းက တိဝရလို့ ခေါ်တဲ့ လူတွေရော ယခု ရှိသေးလား၊ မရှိတော့ဘူး၊ ကွယ်ပျောက်ပြီ။ အဲဒီတုန်းက ပွင့်တော်မူတဲ့ ကကုသန် မြတ်စွာဘုရားရော ရှိသေးရဲ့လား။ သာဝကနှင့်တကွ မရှိတော့ဘူး။ ပရိနိဗ္ဗာန် စံသွားပြီ။

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊

ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ –

လို့ အနိစ္စလို့ ပြောမယ့် အခါကျတော့ အဲဒီလို ကမ္ဘာနှင့် ချီပြီးတော့ အနိစ္စကို ဒီလို ပြောရမယ်။

အခုလဲပဲ ရက်နှင့် ချီပြီးတော့ အနိစ္စ, ဒုက္ခထင်အောင် ကြည့်ရမယ်၊ အော်–ယမန်နေ့ဖြစ်တဲ့ ဖောက်ပြန်မှု ရုပ်တရားတွေ၊ ခံစားမှု ဝေဒနာ တရားတွေ၊ မှတ်သားမှု သညာတရားတွေ၊ ပြုပြင်မှု သင်္ခါရ တရားတွေ၊ မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု ဆိုတဲ့ ဝိညာဉ်တရားတွေသည် ယနေ့သို့ မရောက်ခင် ယမန်နေ့ကပင် ချုပ်ပျောက်လေသောကြောင့် အနိစ္စတွေပါတကား၊ ဒုက္ခတွေပါတကား၊ အနတ္တတွေပါတကားလို့ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောကို အဲဒီလို ပေါလောပေါ်အောင် ကြည့်ရမယ်။

အဲ – အဲဒါ နည်းနည်းကျဲသေးတယ်လို့ ထင်ယင် ယနေ့နံနက်ခင်း ဖြစ်တဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဤခန္ဓာငါးပါး တရားအစုသည် ဝေးတဲ့ အချိန်သို့ မလိုက်ပါ၊ ထိုနံနက်ခင်း အချိန်မှာပင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ ဒုက္ခ အနတ္တလို့ ဟောဒီလိုလဲ သိနိုင်တယ်။

အဲ ဒီလိုက နေပြီးတော့ သြော် ... ရတနာသုံးပါး ကန်တော့ချိန်တုန်းက ဖြစ်တဲ့ ငါဟို့သန္တာန်မှာ ဖြစ်တဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဤ ခန္ဓာငါးပါးဟာ ယခု တရားနာနေတဲ့ အချိန်မှာ မရောက်တော့ဘူး၊ သီလယူတုန်းက ဖြစ်တဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးဟာ ထိုအချိန်မှာပင် ချုပ်ပျောက်ကြတယ်။

အနိစ္စ ဒုက္ခ အနတ္တ ဟောဒီလို ကြည့်ရမယ်၊ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခကို တဖြည်းဖြည်း စိပ်ပြီးတော့ ကြည့်ရပါမယ်။ အဲဒီလို ကြည့်တတ်မှ ယနေ့ ဘုန်းကြီးဟောမယ့်

http:\\www.dhammadownload.com



**သောဏာထေရီမကြီး** ရဲ့ လုပ်ငန်းစဉ်နဲ့ ဟာန်ကျမယ်။

**ထေရီအပဒါန်ဟူသည်**

ဒီတော့ ဗဟုပုတ္တိက သောဏာထေရီမကြီးအကြောင်း ဘုန်းကြီးဟောပါ့မယ်လို့ ပဋိညာဉ် ပြုခဲ့တယ်၊ အဋ္ဌကထာ ဖွင့်ပြချက်ကို ဦးတည်ပြီးတော့ ဟောဒါက ဟို ပါဠိတော် အရှိကို ဦးတည်ပြီးတော့ ဟောရတာ တစ်မျိုး၊ ယနေ့ ပါဠိတော် ရှိတာကို ဦးတည်ပြီးတော့ ဟောမယ်။

ဘုရားလက်ထက်ဘုန်းက ရဟန္တာ ထေရီမကြီးတွေ ရဟန္တာ မထေရ်မြတ်ကြီးတွေ မိမိတို့ရဲ့ ရဟန္တာအဖြစ် ရောက်အောင် ကျင့်ဆောင်လာတဲ့ အကျင့်ပဋိပတ်လမ်းစဉ်တွေ ရှိကြတယ် ဖြစ်ရပ်တွေ၊ အဲဒီဖြစ်ရပ်တွေကို ဖော်ပြ ဖော်ပြပြီးတော့ လျှောက်ထားကြစမြဲ ဖြစ်ကြတယ်။

ဂါထာဗန္ဓတွေနဲ့ လျှောက်ထားတဲ့ ဟောကြားတဲ့ တရားဒေသနာ အစဉ်ကို ဘုန်းကြီးတို့ စာထဲကတော့ "အပဒါနပါဠိ" လို့ ခေါ်တယ်။

ရှင်သာရိပုတ္တရာက မိမိရဲ့ ဖြစ်ရပ်အစဉ်ကို ပြန်ကြားပြီးတော့ ဟောဆိုတဲ့ တရားအစဉ်ကို သာရိပုတ္တအပဒါန=ထေရာပဒါန်၊ ရှင်မဟာမောဂ္ဂလ္လာန်က မိမိရဲ့ ဖြစ်စဉ်ကို ပြန်ကြားပြီးတော့ ဟောဆိုတဲ့ တရားအစဉ်ကို မောဂ္ဂလ္လာနထေရာပဒါန်လို့ ခေါ်ရမယ်၊ ထေရီမကြီးတွေ ကျတော့လဲပဲ ထို့အတူပဲ "ထေရီအပဒါန်"လို့ ခေါ်ရတယ်။ အဲဒီလို ထေရာထေရီ အသီးသီးတို့ ကျင့်စဉ်ဖြစ်စဉ်ကို ဖော်ပြကြတဲ့ အထဲက ဘုရားလက်ထက်က **သောဏာထေရီ** ဆိုတဲ့ ရဟန္တာထေရီမကြီး တစ်ပါး သီတင်းသုံး ဘိက္ခုနီမတို့အား မိမိရဲ့ကျင့်စဉ်ကို ပြန်ကြားလျှောက်ထားတဲ့ ထေရီ အပဒါန်ပါဠိလို့ ရှိတယ်။

သူ့ရဲ့ ကျင့်စဉ်ကို ဘိက္ခုနီမတွေကို ပြန်ကြားလျှောက်ထားတော့ ဘာလျှောက်လဲ ဆိုတော့ -

**သောဏာထေရီ လျှောက်ထားချက်**

**ပဒုမုတ္တရော နာမ ဇိနော၊**
**သဗ္ဗဓမ္မာန ပါရဂူ။**
**ဣတော သတသဟဿမှိ၊**
**တပ္ပေ ဥပ္ပဇ္ဇိ နာယကော။** (အပ၊ ၂။ ၂၅၇။ ထေရီဂါထာ၊ ၄၊ ၉၉။)

http:\\www.dhammadownload.com



စိတ်ထဲ ကြည့်ထားဖို့က အသက်အရွယ် ခုနစ်ဆယ်ကျော် ရှစ်ဆယ်လောက်ရှိတဲ့ ရဟန္တာ ထေရီမကြီး သောဏာထေရီမကြီးက သီးတင်းသုံးဘော် ဘိက္ခုနီထေရီမများကို ပြန်ကြားပြီးတော့ သူ့ရဲ့ကျင့်စဉ်ကို လျှောက်ထားနေတဲ့ပုံ ... အာရုံပြုထားရမယ်။

အယျာယော=သီတင်းသုံးဘော် သူတော်မှန်လှ အို ... အရှင်မတို့။ ဣတော=ဘဒ္ဒ မည်သော ဤကမ္ဘာမှ။ သတသဟဿမှိ ကပ္ပေ=ပဋိလောမ အဆန်အပြန် ရေတွက်လျှင် သချၤာတွက်ကိန်း ကမ္ဘာတစ်သိန်းထက်၌။

ယနေ့ ဘဒ္ဒကမ္ဘာက နောက်ပြန် ရေတွက်လို့ရှိလျှင် ကမ္ဘာတစ်သိန်းထက်မှာ တဲ့။

နာယကော=လူသုံးပါးတို့၏ ရှေ့သွားရှေ့ဆောင် ဖြစ်တော်မူပေထသော။ သဗ္ဗဓမ္မာနံ=ခပ်သိမ်းသော အပရိညေယျတရား၊ ပရိညေယျတရား၊ ပဟာတဗ္ဗတရား၊ ဘာဝေတဗ္ဗတရား၊ သစ္ဆိကာတဗ္ဗ တရားတို့၏။ ပါရဂူ=အဘိညာပါရဂူ, ပရိညာပါရဂူ, ပဟာန ပါရဂူ, ဘာဝနာပါရဂူ, သစ္ဆိကိရိယာ ပါရဂူတည်းဟူသော ပါရဂူငါးပါး အကောင်းဆုံး မြောက် ရောက်တော်မူပြီးထသော။

ဒါတွေက ဟိုစာပေနယ်ပယ်က အရိယာ ကိုယ်တော်မြတ်တွေရဲ့ အသုံးတွေ ဖြစ်ပါ တယ်။

သဗ္ဗဓမ္မာနံ = ခပ်သိမ်းသော အဘိညေယျ အစရှိသော တရားတို့၏။ ပါရဂူ = အကောင်းဆုံးမြောက် ရောက်တော်မူပြီးထသော။ ပဒုမုတ္တရော နာမ=ပဒုမုတ္တရ အမည် တော် ရှိတော်မူသော။ ဇိနော=ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ=နေဝါလဝန်း ပေါ်ထွန်းတော်မူခဲ့လေပြီ။

လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့ တယ်။ **ဒါသသူ** ဒီတရား ခင်းလိုက်တာပဲ အဲဒီတော့ ဘာဖြစ်ခဲ့လဲ ... ဆိုတော့ –

## သောဏာထေရီမကြီး အတိတ်ဝတ္ထု

တဒါ သေဋ္ဌိကုလေ ဇာတာ၊
သုခိတာ ပူဇိတာ ပိယာ။
ဥပေတွာ တံ မုနိဝရံ၊
အဿောသိံ မဓုရံ ဝစံ။ (အပ၊ ၂၊ ၂၅၇။)

အယျာယော=သီတင်းသုံးဘော် သူတော်မှန်လှ အို ... အရှင်မတို့။ တဒါ=ထို ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူရာ အခါကာလ၌။ အဟံ=ယခုအခါ

http:\\www.dhammadownload.com



သောဖောတွင်ခေါ် တပည့်တော် ထေရီမသည်။ သေဋ္ဌိကုလေ=သေဌေးမျိုး၌။ ဇာတာ= ဖြစ်ခဲ့ပြီ။

အဲဒီတုန်းက သူဟာတဲ့ သေဌေးမျိုးမှာ သွားပြီးတော့ သေဌေးသမီးတစ်ယောက် ဖြစ်ပါတယ်။

သုခိတာ=ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍။ ပူဇိတာ=လူသူအများ လေးစားကော်ရော် ပူဇော်အပ်သည်ဖြစ်၍။ ပိယာ=ချစ်ခင်နှစ်သက်အပ်သည်ဖြစ်၍။

သေဌေးသမီးဘဝက ကာယစိတ္တသုခနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်ခဲ့ရတဲ့ သေဌေးသမီး ဆိုတော့ မျက်နှာကြီး၊ သူကလဲ ရိုသေ ကော်ရော် ပူဇော်၊ ငါကလဲ ပူဇော်၊ သူကချစ်၊ ငါကချစ်နဲ့ ဘဝကိုက ဒီလို အကျိုးပေးခဲ့တော့ အားလုံးရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရတဲ့ သေဌေးသမီးကလေး တစ်ယောက် ဖြစ်ခဲ့ပါတယ် ... ။

အဲဒီလို ဖြစ်တဲ့အခါမှာ -

တံ မုနိဝရံ=ထိုမြင့်မြတ်ကြီးမားသော လုံ့လဝီရိယဓာတ် ရှိတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားကို။ ဥပေတွာ=ဆည်းကပ်၍။ မဓုရံ ဝစံ=ချိုမြိန် ကောင်းမြတ်တဲ့ တရား စကားတော်မြတ်ကို။ အဿောသိ=သဒ္ဓါနားဖြင့် နာကြားခဲ့ပါပြီ။

သေဌေးသမီး ဖြစ်တဲ့ဘဝ တစ်ခုသော မြို့မှာ ပဒုမုတ္တရ မြတ်စွာဘုရား တရားပွဲကြီး သဘင်ဆင်ရာဌာန သွားရောက်ပြီး အလွန်ချိုမြိန် ကောင်းမြတ်တဲ့ တရားစကားကို သူ နာကြားနေပါတယ်။

## ထေရီမကြီးဆုတောင်း

အဲဒီ တရားပွဲကြီး ကျင်းပလို့ တရားနာတဲ့အချိန် ဘာဖြစ်သလဲ ဆိုတော့ -

အာရဒ္ဓဝီရိယာနဂ္ဂံ၊
ဝဏ္ဏေသိ ဘိက္ခုနိံ ဇိနော။
တံ သုတွာ မုဒိတာ ဟုတွာ၊
ကာရံ ကတွာန သတ္ထုနော။ (အပ၊ ၂။ ၂၅၇။)

အယျာယော=သိတင်းသုံးဘော် သူတော်မှန်လှ အိုအရှင်မတို့။ ကဒါ=ထိုသို့ ပဒုမုတ္တရ မြတ်စွာဘုရားထံ တရားနာ၍ နေသောကာလ၌။ ဇိနော=ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်သည်။ ဘိက္ခုနိံ=ဘိက္ခုနီမတစ်ပါးကို။ အာရဒ္ဓဝီရိယာနံ=အားသစ် အပ်သော လုံ့လဝီရိယရှိကြတဲ့ ဘိက္ခုနီမကို အနက်။ အဂ္ဂံ=အသာဆုံး အမြင့်ဆုံးဟူ၍။

http:\\www.dhammadownload.com



ဝဏ္ဏေသိ=ချီးမွမ်းတော်မူပြီ။ (ဝါ) ဘိက္ခုနီမ တစ်ပါးကို အာရဒ္ဓဝီရိယအရာ ဧတဒဂ် ဘွဲ့ထူးသဘင် နှင်းအပ်တော်မူလေပြီ။

ပဒုမုတ္တရ မြတ်စွာဘုရား ထေရီမများကို ဧတဒဂ်ဘွဲ့ နှင်းအပ်တဲ့နေ့ တရားပွဲကြီးမှာ ဤမည် ဤမည်သော ထေရီမ အင်း ... မဟာပညာအရာ ဧတဒဂ်, ဣဒ္ဓိမန္တ အရာ ဧတဒဂ်, ဤကဲ့သို့ အသီးအသီး ဧတဒဂ် ဘွဲ့ထူးသဘင် နှင်းအပ်တဲ့အခါမှာ ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ထေရီမကြီး တစ်ပါးကို ဆိုကြပါစို့ရဲ့ အဲဒီ ထေရီမသည် တိဿာ အမည်ရှိတယ်လို့ ပြောကြစို့။

ပဒုမုတ္တရ မြတ်စွာဘုရားက –

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ
အာရဒ္ဓဝီရိယာနံ ယဒိဒံ တိဿာထေရီ။

ချစ်သားတို့ တိဿာထေရီဟာ အာရဒ္ဓဝီရိယလို့ ခေါ်ဆိုယူရအောင် လုံ့လကြီးကုက် သမ္မပ္ပဓာန် ဝီရိယနှင့် အားထုတ်ကြတဲ့ ငါဘုရားရဲ့ တပည့်မ သာဝိကာ ဘိက္ခုနီမထဲ မှာဖြင့် အသာဆုံးပဲ။

အဲဒီလို နှုတ်တော် မြွက်ပြီးတော့ ဧတဒဂ် ဘွဲ့ထူး ချီးကျူးတဲ့ အဖြစ်ကို သူတွေ့ ခဲ့တယ်။ မြင်ခဲ့တယ်။ ကြားခဲ့တယ်။

ဣဒံ=ဤဧတဒဂ်ဘွဲ့ထူးသဘင် ဆင်ယင်၍ နေသည်ကို။ သုတွာ=ကြားရ၍။ မုဒိတာ=နှစ်လိုအားရမ်း ဝမ်းမြောက်သည်။ ဟုတွာ=ဖြစ်၍။

သူဟာ အဲဒီ ဧတဒဂ် ပွဲကြီးသဘင် ဆင်ယင်နေတာကို ကိုယ်တိုင် မျက်မြင် ကြား နာရ ပြီးတဲ့နောက် အလွန် ဝမ်းမြောက်ဝမ်းသာနဲ့။

သတ္တာဟံ=မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ် အပေါင်းအား။ ကာရံ=ကြီးစွာသော အလှူဒါနကို။ အကာသိ=ပြုခဲ့ပါပြီ။ ကတွာန=ပြုလက်ပြီးသော်-

အဲဒီ ဧတဒဂ် ပွဲကြီးသဘင် ဆင်ယင်တာကို မြင်ပြီးတော့ ပဒုမုတ္တရ ဘုရားရှင်နှင့် တကွ တစ်သိန်းသော သံဃာတော်တို့အား သဒ္ဒေါသမီးတွေလို ကြီးစွာသော အလှူဒါန ကြီး ခုနစ်ရက် လှူခဲ့ပါတယ်တဲ့။ လှူခဲ့ပြီးတော့ ဘာဖြစ်သလဲဆိုတော့။

အဘိဝါဒိယ သမ္ဗုဒ္ဓံ၊ ဌာနံ တံ ပတ္ထယိံ တဒါ။
အနုမောဒိ မဟာဝီရော၊ သိဇ္ဈတံ ပဏိဓီ တဝ။

http:\\www.dhammadownload.com



အယျာယော=သီတင်းသုံးဘော် သူတော်မှန်လှ အို အရှင်မတို့၊ သမ္ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ပဒုမုတ္တရ မြတ်စွာဘုရားကို။ အဘိဝါဒိယ=ရှိသေဝပ်လျှိုး ရှိခိုးပြီးသကာလ။ တံ ဌာနံ=ထို အာရဉ္ဉဝိရိယအရာ ဧတဒဂ်ဆိုတဲ့ ရာထူး ဌာနန္တရကို။ အဟံ=ငါသည်။ ပတ္ထယိံ=တောင့်တ ပန်ထွာခဲ့ပါပြီ။

လှူဒါန်းပြီးတဲ့အခါ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့်တော်မ ဤကြီးစွာသော အလှူဒါနကြောင့် လွန်ခဲ့တဲ့ ခုနစ်ရက်က အာရဉ္ဉဝိရိယအရာ ဧတဒဂ်ရသော ဘိက္ခုနီမနှင့် အလားတူ တစ်ဆူဆူသော ဘုရားရှင်ရဲ့ သာသနာမှာ သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ရဟန်းတရား ပွားများကြီးကုတ်အားထုတ်တဲ့ နေရာမှာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ အာရဉ္ဉဝိရိယ ဧတဒဂ်ရ ဘိက္ခုနီထေရီ ရဟန္တာမ ဖြစ်ရပါလို၏လို့ ဆုတောင်းတယ်တဲ့၊ အဲဒီလို ဆုတောင်းလိုက်တော့ ဘုရားကိုယ်တော်မြတ်က ဆိတ်ဆိတ်ပဲ နေသလားလို့ ဆိုတော့။

## ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်တော်

တဒါ=ထိုအခါ၌။ မဟာဝီရော=ကြီးမားသော လုံ့လဝီရိယ ရှိတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားသည်။ အနုမောဒိ=နှစ်လိုအားရ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ စကား မိန့်ကြားတော်မူပြီ။

ဘယ်လို အမိန့်ရှိသလဲ ....

ဘဝ=သင် သေဌေးသမီး၏။ ပဏိဓိ=တောင့်တခြင်းသည်။ သိဇ္ဈတံ သိဇ္ဈတု= ပြည့်စုံပါစေသတည်း။

သေဌေးသမီးလေး၊ သင်ရဲ့ တောင့်တချက် ပြည့်စုံပါစေ၊ အဲဒါ ဆုတောင်းတာမှတ်၊ ဆုတောင်းရုံတွင် မကဘူး၊ ဗျာဒိတ်စကား ဘယ်လို မိန့်ကြားလဲ ဆိုတော့။

> သတသဟဿိတော ကပ္ပေ။
> ဩက္ကာကကုလသမ္ဘ ဝေါ။
> ဂေါတမော နာမ ဂေါတ္တေန၊
> သတ္ထာ လောကေ ဘဝိဿတိ။

ဣတော=ဤကမ္ဘာမှ။ သတသဟဿေ ကပ္ပေ=အနာဂတ် ကမ္ဘာတစ်သိန်းထက်၌။ ဩက္ကာကကုလသမ္ဘဝေါ=ဩက္ကာကရာဇ် မင်းမျိုးမှ ဖြစ်သော။ ဂေါတ္တေန=အနွယ်အားဖြင့်။ ဂေါတမော နာမ=ဂေါတမ အမည်တော်ရှိသော။ သတ္ထာ=မြတ်စွာဘုရားသည်။

http:\\www.dhammadownload.com



လောကေ=လောက၌။ ဘဝိဿတိ=နေဝါလဝန်း ပေါ်ထွန်းတော်မူလိမ့်မည်။

ဒီက နောက် ကမ္ဘာတစ်သိန်း လွန်မြောက်ယင် ဩက္ကာကရာဇ် မင်းမျိုးမှဖြစ်၍ အနွယ်တော်အားဖြင့် ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရားသည် လူသုံးပါးတွင် ထင်ရှား ပွင့်ပေါ်တော်မူလိမ့်မည်။

တဿ ဓမ္မေသု ဒါယာဒါ၊
ဩရသာ ဓမ္မနိမ္မိတာ။
သောဏာတိ နာမ နာမေန၊
ဟေဿတိ သတ္ထု သာဝိကာ။

တဒါ=ထိုဂေါတမမြတ်စွာ ပွင့်ထွန်းရာကာလ၌။ တဿ=ထိုမြတ်စွာဘုရား၏။ ဓမ္မေသု=ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးတို့၌။ ဒါယာဒါ=တရားအမွေကို အရဟတ္တဖိုလ်ပေါက် ခံယူရသည်ဖြစ်၍။ ဩရသာ=တရားရင်နှစ်မှ ဖွားမြင်လစ်သော။ ဓမ္မနိမ္မိတာ=တရားတော်သည် ဖန်ဆင်းအပ်သော။ နာမေန=အမည်အားဖြင့်။ သောဏာတိ နာမ=သောဏာ အမည်ရှိသော။ သတ္ထု=မြတ်စွာဘုရား၏။ သာဝိကာ=အဆုံးအမ ဩဝါဒကို အရဟတ္တမဂ်ဖိုလ်ရောက် ကျင့်ဆောက်လိုက်နာသော သာဝိကာမသည်။ ဟေဿတိ=ဖြစ်ပါလိမ့်မည်။

ပဒုမုတ္တရ မြတ်စွာဘုရားက နာမည်နှင့်တကွ သင်ဟာ သောဏာထေရီ ဆိုပြီးတော့ ကျွတ်တမ်းဝင်လိမ့်မည်။ အဲဒီလို ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တယ်။ အဲဒီကျတော့ ဘာ ပြောသလဲ။

## ပါရမီဖြည့်ပုံ

တံ သုတွာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တာ ပရိစရိံ၊ ပစ္စယေဟိ ဝိနာယကံ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို-အရှင်မတို့။ တံ=ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို။ သုတွာ=ကြားရသည်ရှိသော်။ မုဒိတာ=နှစ်လို အားရမ်း ဝမ်းမြောက်သောစိတ်ရှိသည်၊ ဟုတွာ=ဖြစ်၍။ ယာဝဇီဝံ=အသက်ထက်ဆုံး။ ဝိနာယကံ=လူသုံးပါးတို့၏ ရှေ့သွားဖြစ်တော်မူသော။ ဇိနံ=ငါးမာရ်အောင်မြင် ပဒုမုတ္တရ မြတ်စွာ ဘုရားရှင်ကို။ မေတ္တစိတ္တာ=မေတ္တာနှင့် ယှဉ်သော စိတ်ရှိသည်ဖြစ်၍။ ပစ္စယေဟိ=သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့်။ ယာဝဇီဝံ=အသက်

http:\\www.dhammadownload.com



ထက်ဆုံး။ ပရိစရိံ = ပြုကျင့် ကိုးကွယ်ခဲ့ပြီ။

ပစ္စည်းလေးပါးဖြင့် ပဒုမုတ္တရ မြတ်စွာဘုရားအား အသက်ထက်ဆုံး ကော်ရော်ပူဇော်ခဲ့ပြီးတဲ့နောက် –

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

သူ့ရဲ့အဖြစ် သူပြန်ပြီး ပြောနေတော့ ဘာမှ ယုံမှားသံသယ ဖြစ်စရာ မလိုဘူးဟုတ်လား။

သုကတေန=ကောင်းစွာပြုအပ်သော။ တေန ကမ္မေန=ထိုမြတ်စွာဘုရားအား ပစ္စည်းလေးဖြာ သဒ္ဓါကော်ရော် ပူဇော်ရသော ကောင်းမှုကြောင့် လည်းကောင်း။ စေတနာပဏိဓိဟိ စ=စေ့ဆော် တောင့်တချက်တို့ကြောင့် လည်းကောင်း။ မာနုသံ ဒေဟံ=လူ၌ဖြစ်သောကိုယ်ကို။ ဇဟိတွာ=စွန့်၍။ အဟံ=ငါသည်။ တာဝတိံသံ=တာဝတိံသာ နတ်တို့ရွာသို့၊ အာဂစ္ဆိံ=သွားရောက်ခဲ့ပြီ။

အဲဒီဘဝက စုတေတော့ တာဝတိံသာ နတ်ပြည်မှာ သွားပြီးတော့ ဖြစ်တယ်။ အခြားအခြားသော ထေရီတွေ၊ အခြား အခြားသော မထေရ်တွေပါ တချို့ တချို့သော မထေရ်တွေဟာ အင်း ... တာဝတိံသာ နတ်ပြည်မှာ ဘုံဗိမာန်က ဘယ်ဇလောက်ဘယ်၍၊ ဟစ်ခ် အမျိုးသမီး နတ်သမီးတွေဘက် ကျပြန်တော့လဲ နတ်မိဖုရားအဖြစ် အကြိမ် ဘယ်လောက်၊ အင်း ... လူမိဖုရား ကျတော့လဲပဲ အကြိမ် ဘယ်လောက် စကြဝတေးမင်းရဲ့ မိဖုရားအကြိမ် ဘယ်လောက်၊ တချို့ကျတော့ ပါတယ်။

အခု သောဏာထေရီဆိုတဲ့ ဒီထေရီမကြီးကျတော့ အဲဒါတွေ မပါဘူး၊ သူဟာ အင်သေခွေးသမီးဘဝက စုတေ တာဝတိံသာနတ်ပြည် ရောက်တယ်၊ ဒါပဲ ပါတယ်။ တာဝတိံသာ နတ်ပြည် ရောက်ပြီးတော့ အဲဒီ ကမ္ဘာက နေပြီးတော့ ယနေ့ ကျွတ်တမ်းဝင်တဲ့ကမ္ဘာတစ်သိန်းအတွင်းမှာ အပါယ်လေးပါး မလားရတော့တာကိုလဲ မပြောဘူး။ ဘာကျော်လိုက်သလဲဆိုတော့၊ အဋ္ဌကထာ ဆရာတော်များက ဘာဖွင့်ပြောသလဲဆိုတော့

သူဟာ ကမ္ဘာတစ်သိန်း အပါယ်မလားဘဲနဲ့ ဤဘုရားသာသနာကျတော့ လာပြီသောဏာဆိုတဲ့အမည်နဲ့ ဖြစ်တဲ့အကြောင်း ဖွင့်ပြတယ်။ ဒါက အဋ္ဌကထာနှင့် စပ်ပြီကော့ သိရတာပေါ့လေ၊ အဲ ကိုယ်နားလည်ဖို့ကတော့ဖြင့် အဲဒီ သောဏာထေရီအလောင်းသည် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရားထံမှာ မဟာဒါနလှူပြီး

http:\\www.dhammadownload.com



မြတ်စွာဘုရားကလဲပဲ ဗျာဒိတ်စကားကြားခဲ့လို့ ထိုဘဝမှ စုတေ တာဝတိံသာ နတ်ပြည် ရောက်၊ ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်မလားဘဲနဲ့ ဤဘုရားသာသနာခေတ် ရောက် လာတော့ ဘာဖြစ်တုန်းဆိုတော့ -

ပစ္ဆိမေ စ ဘဝေ ဒါနိ၊
ဇာတာ သေဋ္ဌိ ကုလေ အဟံ။
သာဝတ္ထိယံ ပုရဝရေ၊
ဣဒ္ဓေ ဖီတေ မဟဒ္ဓနေ။

အယျာယော=သီတင်းသုံးဖော် သူတော်မွန်လှ အို-အရှင်မတို့။ အဟံ=သောဏာ တွင်ခေါ် တပည့်တော် သေဋ္ဌေးသမီးသည်။ ဣဒါနိ ပစ္ဆိမေ စ ဘဝေ=ယခုဖြစ်လာ နောက်ဆုံး ဘဝမှာကား။ သာဝတ္ထိယံ ပုရဝရေ=သာဝတ္ထိခေါ် ပြည်တော်မြတ်၌။ ဣဒ္ဓေ= ကြွယ်ဝ ပြည့်စုံသော။ ဖီတေ=စည်ပင်သော။ မဟဒ္ဓနေ=များသောဥစ္စာ ရှိသော။ သေဋ္ဌိ ကုလေ=သေဋ္ဌေးမျိုး၌။ ဇာတာ=ဖြစ်ခဲ့ပါပြီ။

အခုနောက်ဆုံး ဘဝမှာလဲ သာဝတ္ထိပြည်မှာ အလွန်ကြွယ်ဝချမ်းသာတဲ့ သေဋ္ဌေးမျိုး မှာ လာပြီးတော့ သေဋ္ဌေးသမီး ဖြစ်ပါတယ်။ အမည်အားဖြင့် သောဏာခေါ်တဲ့ သေဋ္ဌေး သမီး ဖြစ်ပါတယ်၊ အဲဒီ သောဏာလို့ခေါ်တဲ့ သေဋ္ဌေးသမီး ဖြစ်ပြီးတဲ့နောက် -

ယဒါ စ ယောဗ္ဗနုပ္ပတ္တာ၊ ဂန္တွာ ပတိကုလံ အဟံ။
ဒသပုတ္တာနိ အဇနိံ၊ သုရူပါနိ ဝိသေသတော။

အယျာတော=သီတင်းသုံးဖော် သူတော်မွန်လှ အို-အရှင်မတို့။ ယဒါ=အကြင်အခါ ၌။ အဟံ=သောဏာတွင်ခေါ် တပည့်တော် သေဋ္ဌေးသမီးသည်။ ယောဗ္ဗနုပ္ပတ္တာ=ပျိုမြစ် နနယ် အရွယ်သို့ ရောက်လတ်သည်။ အာသိ=ဖြစ်ခဲ့ပြီ။ တဒါ=ပျိုမျစ်နနယ် အရွယ်သို့ ရောက်သောအခါ၌။ ပတိကုလံ=အရှင်သခင် လင်ယောကျ်ား သေဋ္ဌေးသားရဲ့ အိမ်သို့။ ဂန္တွာ=ပိုက်ပါလာခဲ့ရ၍။ သုရူပါနိ=ရုပ်ရည်အဆင်းလှပခြင်း ရှိကြကုန်သော။ ဒသ ပုတ္တာနိ-ဒသပုတ္တေ=တစ်ကျိပ်သော သားသမီးတို့ကို။ အဇနိံ=ဖွားမြောက်ခဲ့လေပြီ။

သူ့ရဲ့ အဖြစ်တွေ သူပြောနေတာ၊ သားသမီးတစ်ကျိပ် ထွန်းကားခဲ့တယ်ကဲ့၊ သူ့ သားသမီးတွေဟာ အရုပ်ဆိုးတွေလားဆိုတော့ -

ဝိသေသတော=သူ့ထက်ထူးချွန် သာလွန်၍။ သုရူပါနိ=ရုပ်ရည်အဆင်း တင့်တယ် ခြင်းနှင့် ပြည့်စုံကုန်သော။ ဒသပုတ္တေ=သားသမီးတစ်ကျိပ်တို့ကို။ အဇနိံ= မီးရှူးသန့်ရှင်

http:\\www.dhammadownload.com



ပွားမြင်ခဲ့ပါပြီ။

အလွန် ရုပ်အဆင်းလှတဲ့ သားသမီး တစ်ကျိပ် ပွားခဲ့ပါတယ်။ ဩော် ... ဒီသားသမီး တစ်ကျိပ်ဆိုလို့ရှိယင် ဒီသားသမီးတွေဟာ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် အစားဆင်းရဲ အဝတ်ဆင်းရဲနှင့် ကြီးပွားခဲ့ရသလားဆိုတော့ မဟုတ်ပါဘူးတဲ့။

သုခေဓိတော စ တေ သဗ္ဗေ၊ ဇနနေတ္တမနောဟရာ။

အဓိတ္တာနမ္ပိ ရုစိတာ၊ မမ ပဂေဝ တေ ပိယာ။

အယျာယော=သိတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ တေ သဗ္ဗေ=ထို တစ်ကျိပ်သော အလုံးစုံသော သားသမီးတို့သည်။ သုခေဓိတာ စ=ချမ်းချမ်းသာသာ ကြီးလည်း ကြီးပွားခဲ့ရပါကုန်၏။ ဇနနေတ္တမနောဟရာ=တွေ့မြင်သူ လူအားလုံးရဲ့ မျက်စိနဲ့ စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင်တတ်ပါပေကုန်၏။

သူ့သားသမီးတွေ သိပ်လှတာ၊ သူတို့ကို မြင်တဲ့ လူတိုင်းလူတိုင်း မျက်စိရော စိတ်နှလုံးရော အကုန်လုံး သူ့သားသမီးတွေရဲ့ ဘက်ကို မျက်စိ လှည့်ကြည့်ကြတယ်။ စိတ်ကလဲ "အမလေး တယ်လှတဲ့ ကလေးတွေပါလား"လို့ သူ့သားသမီးတွေကို မြင် တိုင်း မြင်တိုင်းသော လူအားလုံးရဲ့ မျက်စိနှင့် စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင် နိုင်လောက်အောင် လှပကြသတဲ့။

အဓိတ္တာနမ္ပိ=အကျိုးကို မလိုလား မေတ္တာမပွား ရန်သူတစ်ဘက်သားတို့က သော်မှ လည်း။ ရုစိတာ=ချစ်ခင်နှစ်သက် အပ်ပါပေကုန်၏။

မတဲ့ တဲ့ အိမ်နီးနားချင်း ရန်သူတွေကတောင် သူ့သားသမီးတွေကို ချစ်ရတာတဲ့၊ ဒီလောက်တောင် ချစ်စရာ ကောင်းတယ်။

မမ=ကျွန်တော်မ၏ အတွက်ကတော့။ တေ=ထိုသားသမီးတို့သည်။ ပဂေဝ ပိယာ= အဘယ်မှာလျှင် မချစ်ဘဲ ရှိအံ့နည်း။ ချစ်သည်ကား ရှေးဦးကပင်။

သားသမီးအပေါ် ချစ်ခင်နှစ်သက်မှုသည် ရှေးဦးက သူတကာ မချစ်ခင်၊ ကိုယ်က အလျင်အဦး အချစ်ထူး ခဲ့ပါတယ်။ အဲဒီ သားသမီးတွေကို အလွန်ချစ်ပြီးတော့ နေခဲ့ ပါတယ်။ ချစ်လည်း ချစ်လောက်တဲ့ ရုပ်ရည်အဆင်းနှင့် ပြည့်စုံပါတယ်။

ဒါဖြင့် သားသမီးတစ်ကျိပ်နှင့် အရှင်သခင် လင်ယောကျ်ား သေဋ္ဌေးသားနှင့် သာယာသော အိမ်ထောင်မှုဘဝနှင့် နေသလားလို့ဆိုတော့ ...

http:\\www.dhammadownload.com



တတော မယှံ အကာမာယ၊ ဒသပုတ္တာပုရက္ခတော။
ပဗ္ဗဇိတ္တ သ မေ သတ္တာ၊ ဒေဝဒေဝဿ သာသနေ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို .... အရှင်မတို့။ တတော=ထိုမှ နောက်၌။ မယှံ=ကျွန်တော်မသည်။ အကာမာယ=သဘောမတူဘဲလျှင်။

ဟို . လူ့ပြည်လောက ငယ်ရွယ်စဉ် ပျော်ကြ ပါးကြတုန်းကတော့ သေဋ္ဌေးကတော် လေး၊ သေဋ္ဌေးသားလေး တကတဲ သားသမီး တစ်ကျိပ်နှင့် ပျော်ပျော်ပါးပါး နေလာရာက နောက်တစ်ချိန်ကျတော့ ကျွန်မသဘောမတူဘဲနှင့် ဘယ်လိုဖြစ်သွားလဲ ဆိုတော့ -

ဒသပုတ္တာပုရက္ခတော = သားသမီး တစ်ကျိပ်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၍။ မေ= ကျွန်တော်မ၏။ သ–သော ဘတ္တာ=ထိုအရှင်သခင် လင်ယောကျ်ား သေဋ္ဌေးသားသည်။ ဒေဝ ဒေဝဿ သာသနေ=ဝိသုဒ္ဓိနတ် ဘုရားမြတ်၏ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်၌။ ပဗ္ဗဇိတ္တ=ရှင်ရဟန်း ပြုခဲ့လေပြီ။

နောက်တစ်ချိန် အသက်လေးဆယ်ကျော် ငါးဆယ် ဟုတ်လား။ အဖွားအိုဘဝသို့လဲ ရောက်ကရောတဲ့၊ ကျွန်မ အရှင်သခင်ဖြစ်တဲ့ သေဋ္ဌေးသားဟာ သားသမီးတစ်ကျိပ် ခြံရံပြီး သကာလ သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်ဆိုတဲ့ နတ်သုံးမျိုးမှာ ဝိသုဒ္ဓိနတ် ဒေဝ ဒေဝ ဖြစ်တော်မူတဲ့ ဘုရားမြတ်ရဲ့ သာသနာတော်တွင်း ဝင်ပြီးတော့ သားတွေရော၊ သမီးတွေရော၊ လင်ယောကျ်ားရော အကုန်လုံး ရဟန်းပြုသွားကြတယ်။ ကျုပ် တစ် ယောက်တည်း ကျန်တယ်။ အဲ သေဋ္ဌေးကတော်ကြီး တစ်ယောက်တည်း ကျန်ယင် လူ့လောက နေပါ့လားဆိုတော့ မနေနိုင်ဘူး။

တဒေကိကာ ဝိစိန္တေသိံ၊
ဇီဝိတေနာလမတ္ထု မေ။
စတ္တာယ ပတိပုတ္တေဟိ၊
ဝုမ္မာယ စ ဝရာကိယာ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို–အရှင်မတို့။ တဒါ=ထိုသို့ သား သမီး တစ်ကျိပ်နှင့်တကွ အရှင်သခင် လင်ယောကျ်ား သေဋ္ဌေးသား ဘုရားသာသနာ တွင်း ရဟန်းပဉ္စင်း အဖြစ်သို့ ကပ်ရောက်၍ သွားသောအခါကာလ၌။ အဟံ=ယခုအခါ သောဏာတွင်ခေါ် တပည့်တော်မသည်။ ဧကိကာ=အဖော်မမိုး တစ်ကိုယ်တည်းဖြစ်၍။ ဝိစိန္တေသိံ = ဤကဲ့သို့ စဉ်းစား ကြံစည်ခဲ့လေပြီ။

http:\\www.dhammadownload.com



တစ်ယောက်တည်း ဟောဒီလို စဉ်းစားကြံစည် ခဲ့မိပါတယ်။ ဘယ်လို စဉ်းစားမိခဲ့သလဲ။

ပတိပုတ္တေဟိ=အရှင်သခင် လင်ယောကျ်ားနှင့်တကွ သမီး သားတို့က။ စတ္တာယ= စွန့်ပယ်အပ်သော။ ဝုဍ္ဎာယ စ=အသက်အရွယ်ကြီးသည်လည်းဖြစ်သော။ ဝရာကိယာ စ=အထီးကျန် တစ်ယောက်တည်းသာလျှင် ဖြစ်သော။ မေ=ငါ့အဖို့ရာ။ ဇီဝိတေန=လူ့ဘောင်လောက အသက်ရှည်နေရခြင်းဖြင့်။ အလံ=အကျိုးမရှိသည်။ အတ္ထု=ဖြစ်ချေပေါ့တကား။

## သာသနာ့ဘောင်ဝင်ပြီ

အို ငါတစ်ယောက်တည်း လူ့လောက ပျော်စရာရယ်လို့လဲပဲ အရွယ် မရှိတော့ဘူး။ ငါ အရွယ်ကြီးပြီ။ ငါ့သားတွေ၊ ငါ့သမီးတွေ၊ ငါ့အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ သေဋ္ဌေးသားတို့ အားလုံး ဘုရားသာသနာတွင်း ဝင်သွားကြပြီ။ ငါ အထီးကျန် တစ်ယောက်တည်း လူ့လောကမှာ အသက်ရှည်နေလို့တော့ ဘာမျှ ငါ အကျိုး မရှိတော့ပါဘူး။

အဟမ္ပိ တတ္ထ ဂစ္ဆိဿံ၊
သမ္ပတ္တော ယတ္ထ မေ ပတိ။
ဧဝါဟံ စိန္တယိတွာန၊
ပဗ္ဗဇိံ အနဂါရိယံ။

အယျာယော=သီတင်းသုံးဖော် သူတော်မွန်လှ အို-အရှင်မတို့။ အဟမ္ပိ=ငါလဲပဲ။ ယတ္ထ=အကြင်အံ့ဖွယ်ရစ်ဖြာ ဘုရားရှင်သာသနာတော်၌။ မေ=ငါ၏။ ပတိ=အရှင်သခင် လင်ယောကျ်ား သေဋ္ဌေးသည်။ သမ္ပတ္တော=သားသမီးတစ်ကျိပ် နှင့်အတူတကွ ရဟန်းပဉ္စင်းအဖြစ်သို့ ဆိုက်ရောက်ခဲ့လေပြီ။ အဟမ္ပိ=ငါကိုယ်တိုင်လဲပဲ။ တတ္ထ=ထိုငါ့သား၊ ငါ့သမီးနှင့် ငါ့အရှင်သခင် သေဋ္ဌေးသားတို့ သွားရောက်ရာ ဘုရားသာသနာသို့။ ဂစ္ဆိဿံ =ငါလဲ လိုက်ပါတော့အံ့။

ငါလဲ ... ငါ့သား၊ ငါ့သမီး၊ ငါ့အရှင်သခင် သေဋ္ဌေးသားတို့ သွားရောက်တဲ့ ဘုရားသာသနာတော်တွင်း ဘိက္ခုနီမ တစ်ယောက် ပြုလုပ်ပါတော့မယ်လို့ ဒီအကြံနှင့် -

ဧဝံ = ဤသို့။ အဟံ=အကျွန်ုပ်သည်။ စိန္တယိတွာန=ကြံစည်ပြီးသကာလ။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိံ= ရှင်ရဟန်းအဖြစ်မြောက် ကပ်ရောက်ခဲ့လေပြီ။

http:\\www.dhammadownload.com



ဘိက္ခုနီမ ပြုလုပ်လိုက်တယ်။ အဲဒီလို ဘိက္ခုနီမ ပြုလုပ်ပြီးတော့ သူစဉ်းစားကြည့်တော့ သြော် ... ငါဘိက္ခုနီမ ပြုရတာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးဖြစ်မှ ဘိက္ခုနီမ ပြုရတာ၊ ညနေစောင်းမှ စပါးလှမ်းရတာနဲ့ သိပ်တူနေတယ်။ ဒီတော့ အခြား အခြားသော ဘိက္ခုနီမတွေနှင့် အတူတူနေလို့တော့ မဖြစ်ချေဘူး၊ အဲဒီတော့ ... နေစောင်းမှ စပါးလှမ်းတဲ့ ပုဂ္ဂိုလ်ဟာ ကြိုးစားပြီးတော့ မွှေရတယ်။ ငါလဲပဲ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးဖြစ်မှ ဘိက္ခုနီမ ပြုလုပ်ရတော့ ကြိုးစားမှပဲလို့ ဆိုပြီးတော့ အားထုတ်တယ်။

ဟို–ရှေးတုန်းက ဘိက္ခုနီမ ကျောင်းတိုက်ဆိုတာ မြို့တွင်း ရွာတွင်းမှာ ရှိတယ်။ သာဝတ္ထိပြည်ထဲမှာပဲ ရှိတယ်။ ဆိုကြပါစို့၊ သာဝတ္ထိပြည်ထဲမှာ ဘိက္ခုနီမ ကျောင်းတိုက်မှာနေမယ်။ အဲဒီလို နေတဲ့အခါကျတော့ သီတင်းသုံးဖော် ဘိက္ခုနီမတွေရဲ့ ဝတ်ကြီးဝတ်ငယ်တွေကို သူပြုတယ်။ အဲဒီလို သူပြုပြီးတဲ့နောက် ဝတ်ကြီးဝတ်ငယ်တွေ ဘိက္ခုနီမကျောင်းတိုက် အာရာမ် ပြုစရာရှိတဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုပြီးတဲ့နောက် ရဟန်းတရားအားထုတ်။ ဒါ ဝတ္တသီသ ကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ (ဝတ်ကို အကုန်လုပ်ပြီးမှ အားထုတ်တဲ့ ကမ္မဋ္ဌာန်း)။

ဤကဲ့သို့ အားထုတ်လို့ ရှိယင်ပေါ့လေ၊ ဝတ္တသီသ အဲဒီဝတ်က စာရိတ္တသီလဖြစ်ပြန်၊ အဲဒီ စာရိတ္တသီလကို ဦးတည်ပြီးတော့ စီးဖြန်းတဲ့ ကမ္မဋ္ဌာန်းဆိုတော့ မြန်မြန်ပေါက်ရောက်၊ အဲဒါကြောင့် ဝတ္တသီလ ကမ္မဋ္ဌာန်းကို စီးဖြန်းကြ၊ အဲဒီ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တဲ့နေရာ ညများ ... တစ်ခါတည်း ကျောင်းအောက် မအိပ်မနေ အားထုတ်တာ။ အဲဒီလို အားထုတ်ပြီ ဆိုလို့ရှိယင် ဟောဒီ တိုင်ကြီး လက်ကကိုင်ပြီးတော့ အသက်ကလဲကြီးတော့ ဟိုဟိုဒီဒီ သွားယင် ခလုတ်တိုက် လဲမယ်။ အဲဒီလို မဖြစ်ရအောင် ဘာမှ မပြောနဲ့ တိုင်ကြီး လက်က ကိုင် ... တိုင်ကြီးကို ပတ်ချာပတ်ချာ လှည့်ပြီး တရားအားထုတ်တယ်။

အဲဒီလို ကျောင်းအောက်မှာ အားထုတ်ရာက တော်တော်လေး အချိန်ကြာညောင်းသွားတဲ့အခါကျတော့ အေး ... အပြင်ဩကာသ အပြင်လွင်တီးခေါင် ထွက်ပြီး တရားအားထုတ်မယ်ဆိုပြီး လွင်တီးခေါင် ဟင်းလင်းပြင် ထွက်ပြီးတော့ နှစ်ခေါက် သုံးခေါက်လောက် လမ်းလျှောက်၊ သစ်ပင်တစ်ပင်ကို ကိုင်ပြီး၊ အဲဒီ ... သစ်ပင်ကြီး လှည့်ပြီးတော့ တရားအားထုတ်၊ ဟိုသွား ဒီသွား မတော်တဆ ချော်လဲသော်ရှိ တုန်းသော်ရှိပေါ့။ အဲဒီလို

http:\\www.dhammadownload.com



ရှိမှာစိုးလို့ပေါ့လေ၊ အဲ လွင်ပြင်မှာဆိုယင် သစ်ပင်ကို လှည့်ပြီးတော့ တရား အားထုတ်တယ်။ ကျောင်းအောက်မှာ ဆိုယင် ကျောင်းတိုင်ကြီးကို ကိုင်ပြီး လှည့်ပြီးတော့ တရားအားထုတ်တယ်။

အဲဒါနဲ့ ... သူ့အကြောင်း ဘိက္ခုနီမတွေက မြတ်စွာဘုရား လျှောက်ထားလို့ ဘုရားရှေ့နားတော် ကြားသိရတော့၊ သြော် ... သောဏာဆိုတဲ့ ဘိက္ခုနီကြီး သားသမီးကတစ်ကျိပ်ရှိလို့ သူ့ကို "ဗဟုပုတ္တိကသောဏာ"လို့ ခေါ်တယ်။ များသော သားသမီးရှိသော သောဏာ ဗဟုပုတ္တိက သောဏာထေရီ ဘိက္ခုနီမကြီးဟာဖြင့် အင်မတန် လုံ့လကြီးကုတ်အားထုတ်တယ်၊ "အာရဒ္ဓ ဝီရိယ" အားသစ်အပ်သော လုံ့လဝီရိယရှိသော ဘိက္ခုနီမကြီးပဲလို့ ဘုရားရှေ့နားတော်ကြား၊ သိတင်းပေါက်။ အဲဒီလို နေ့ဆက် ရက်ဆက် ဆိုသလိုပေါ့လေ၊ ဝတ္တသီသဖြစ်တဲ့ ကမ္မဋ္ဌာန်း သမ္မပ္ပဓာန် လုံ့လဝီရိယလေးပါး အားကုန်ထားပြီးတော့ တရားအားထုတ်လိုက်တာ တစ်နေ့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်မယ့်နေ့မှာ အကြောင်း ဘယ်လို ပေါ်လာသလဲဆိုတော့ -

ဟာသော စ မံ ဘိက္ခုနိယော၊
ဧကံ ဘိက္ခုနုပဿယေ။
ဝိဟာယ ဂစ္ဆုမောဝါဒံ၊
တာပေဟိ ဥဒကံ ဣတိ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို ... အရှင်မတို့။ တဘော=ထိုရဟန်းအဖြစ်မြောက် ရောက်သည်မှ နောက်ကာလ တစ်နေ့သ၌။ ဘိက္ခုနိယော=သီတင်းသုံးဖော် အဖော်ဖြစ်သော ဘိက္ခုနီမတို့သည်။ မံ=ငါ့ကို။ ဧကံ=တစ်ယောက်ထီးတည်း။ ဘိက္ခုနုပဿယေ=ဘိက္ခုနီမ ကျောင်းတိုက်ထဲ၌။ ဝိဟာယ=ချန်ထား၍။ ဥဒကံ=ရေကို။ တာပေဟိ=ရေနွေးကျိုထားလိုက်နော်။ ဣတိ=ဤသို့ အမှာစကား ပြောကြားကြ၍။ ဘိက္ခုနိယော=အဖော် ဘိက္ခုနီမတို့သည်။ ဩဝါဒံ=အဆုံးအမ ခံယူဖို့ရန်။ ဂစ္ဆုံ=ဘုရားသီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ သွားရောက်ကြလေပြီ။

တစ်နေ့သ၌ များစွာသော ဘိက္ခုနီမတွေက ဗဟုပုတ္တိက သောဏာထေရီ ဘိက္ခုနီမကြီး တစ်ယောက်တည်း။ ဒီတော့ ယနေ့အပြော ပြောမယ် ဆိုလို့ရှိယင်ပေါ့လေ၊ သူကအသက်အရွယ်ကြီးမှ ဘိက္ခုနီမ ပြုတယ်ဆိုတော့ ခပ်ရိုင်းရိုင်း ပြောရယင်တော့ တောထွက် ဘိက္ခုနီမကြီးပေါ့လေ။ မျက်နှာကလဲ ခပ်ငယ်ငယ်နှင့် တူပါရဲ့။ အင်း ... ဒီ

http:\\www.dhammadownload.com



အဖွားကြီးကို ဘိက္ခုနီမတွေက ကျောင်းတိုက်ထဲ တစ်ယောက်တည်း ထားကြတယ်။

"အဘွားကြီး၊ ကျောင်းတိုက် စောင့်နေနော်"

"ကောင်းပါပြီ"

"အင်း ... ကျုပ်တို့လာလို့ရှိယင် ရေနွေးလေး ဘာလေး အသင့်ရအောင် ရေနွေးအိုးလေးများလဲ တည်ထားလိုက်နော်"

"ကောင်းပါပြီ"

"အင်း ... ကျုပ်တို့အားလုံး ဇေတဝန်ကျောင်းတော် သွားပြီးတော့ အဆုံးအမ ဩဝါဒတရား သွားနာချေဦးမယ်"

"ကောင်းပါပြီ"

သူက အသက်ကြီးမှ ရဟန်းပြုတာကိုး။ ဘိက္ခုနီမကြီးတော့ မျက်နှာငယ်ပြီးတော့ ဘိက္ခုနီမ အငယ်တွေ ခိုင်းတာကို ကောင်းပါပြီ၊ ကောင်းပါပြီ၊ သဘောကလဲ ကောင်း၊ စိတ်ရင်းကလဲ ကောင်း၊ အဲဒီလို ပြောပြီးတော့၊ ဘိက္ခုနီမတွေ သွားကြ၊ ကျောင်းတိုက်ကြီး တစ်တိုက်လုံး သူပဲကျန်၊ အဲဒီလို ကျန်တဲ့အခါ ဘာဖြစ်တုန်းဆိုတော့ –

တဒါ ဥဒကမာဟိတွာ၊
ဩကိရိတွာန ကုမ္ဘိယာ။
စုလ္လေ ဌပေတွာ အာသီနာ၊
တတော စိတ္တံ သမာဒဟိံ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို ... အရှင်မတို့။ တဒါ=ထိုသို့ အဖော် ဘိက္ခုနီမများ ရေနွေးအိုး ကျိုထားလိုက်နော် ... မှာကြား၍ ကျောင်းတော်သို့ အဆုံးအမခံရန် သွားကြသောအခါ၌။ အဟံ=သောဏာတွင်ခေါ် တပည့်တော်မသည်။ ဥဒကံ=ရေကို။ အာဟိတွာ=ခပ်ယူခဲ့၍။ ကုမ္ဘိယာ=ရေနွေးအိုးထဲ၌။ ဩကိရိတွာန=သွန်းလောင်းပြီး သကာလ။ စုလ္လေ=ဖိုခနောက်၌ (ဝါ) ခုံလောက်၌။ ဌပေတွာ=ရေနွေးအိုးကိုတည်၍။ အာသီနာ=အနီးအပါးမှ ကြံမှိုင်နေထိုင်လျက်။ တတော=ထို့နောက်မှ။ စိတ္တံ=မိမိစိတ်ကို။ သမာဒဟိံ=ကောင်းစွာ ဆောက်တည် တည်ကြည်စေခဲ့လေပြီ။

## ရဟန္တာမကြီး ဖြစ်ပြီ

ဘိက္ခုနီမတွေလဲ သွားရော ... သူ ရေသွားခပ်တယ်၊ ရေနွေးအိုးထဲ ရေထည့်၊ အဲဒီ ရေနွေးအိုးကြီးကို ဖိုခနောက်ပေါ် တည်၊ မီးတော့ မထိုးမိဘူး၊ ဖိုခနောက်ပေါ်

http:\\www.dhammadownload.com



ရေနွေးအိုးကြီး တည်ပြီးတော့ သမာဓိဘာဝနာ အလုပ်ကို သူလုပ်နေတယ်။ အဲဒီ သမာဓိဘာဝနာ အလုပ်ကို လုပ်ရင်း လုပ်ရင်း လုပ်ရင်းက သမာဓိ အားကောင်းပြီး တော်တော်ကြာတော့ သူ ဘာဖြစ်တာလဲဆိုတော့ -

ခန္ဓေ အနိစ္စတော ဒိသွာ၊
ဒုက္ခတော စ အနတ္တတာ။
ခေပေတွာ အာသဝေ သဗ္ဗေ၊
အရဟတ္တမပါပုဏိ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လု အို ... အရှင်မတို့။ တတော=ထိုသို့ သမာဓိဘာဝနာတရား ပွားပြီးသည်မှ နောက်ကာလ၌။ ခန္ဓေ=ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ အနိစ္စတော စ=အနိစ္စ ဟူ၍လည်းကောင်း။ ဒုက္ခတော စ=ဒုက္ခဟူ၍လည်းကောင်း။ အနတ္တတော စ=အနတ္တ ဟူ၍လည်းကောင်း။ ဒိသွာ ပဿာမိ=ယထာဘူတသဘာဝဉာဏ်ဝင် အမှန်အတိုင်း မြင်၍နေပါ၏။

သမာဓိအလုပ် လုပ်ပြီးတဲ့နောက် ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းတယ်။ အဲဒီ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာ ဉာဏ်မျက်စိနှင့် ကြည့်ရှုနေပါတယ်။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ။
သညာ အနိစ္စာ ဒုက္ခာ အနတ္တာ။
သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ။
ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ။

လို့ ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းနေသတဲ့။ အဲဒီလို စီးဖြန်းနေရင်း ဒီတရားလုံးတွေ ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်တွေ တော်တော်ကြီးကို နက်နက်နဲနဲ မြင်လို့ တရားဝင်ပြီးတော့ နေတဲ့အချိန်မှာ ဘိက္ခုနီမတွေ ကျောင်းထဲမှာ အဆုံးအမ သြဝါဒခံနေတာ၊ သူ့ဟာနဲ့သူ ဆိုင်ရာဘိက္ခုနောဝါဒက ရဟန်းက တရားဟောတဲ့ ကိုယ်တော်က တရားဟောလို့ တရားနာနေတာ၊ အဲဒီအခါ ဘုရားကိုယ်တော်မြတ်က အဲဒီက နေပြီးတော့ ကျောင်းတော်ကနေကြည့်တယ်။ "သြော် ... ဗဟုပုတ္တိက သောဏာထေရီ ဘိက္ခုနီမကြီး ဘိက္ခုနီမကျောင်းထဲ တစ်ပါးတည်း ကျန်ရစ်ပါလား။ သူ ဘယ်လိုနေပါလိမ့်" လို့ ကြည့်လိုက်တော့ "ဟာ ဘိက္ခုနီမတွေမှာလို့ ရေနွေးအိုးတည်၊ ဖိုခနောက်ပေါ် ရေနွေးအိုးတင်၊ မီးတော့မထိုးခဲ့

http:\\www.dhammadownload.com



ဘူး၊ တစ်ခါတည်း သူ့နေရာသူ ပြန်ပြီးတော့ သမာဓိဘာဝနာ အလုပ် တရားအားထုတ်ရာက ယခု ဝိပဿနာ အလုပ် အားထုတ်လို့ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံကို သူ ကြည့်နေပါပကော"။

ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ (ခဏအတွင်းဖြစ် ခဏအတွင်း ပျက်တာပဲတဲ့။)

ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တဟု သူပြုနေတာ အင်မတန်ပဲ အသိဉာဏ်တွေ ရင့်သန်လာပြီ။ ဒီအချိန်မှာ ငါဘုရား ဩဝါဒဂါထာများ ဟောဖို့ အချိန်တန်ပြီလို့ စဉ်းစားတော် မူမိတယ် ဆိုယင်ပဲ ကိုယ်တော်မြတ် ကျောင်းတော်ကနေပြီးတော့ ဩော် ... သ'ဘော်တို့၊ မီးရထားတို့က ဆလိုက်မီးကြီးများ ထိုးလိုက်သလို ကျောင်းတော်ကနေပြီး ကိုယ်တော့်ဆီနှင့် အဲဒီ သောဏာထေရီ ဘိက္ခုနီမကြီး နေတဲ့နေရာ တစ်ခါတည်း ဆလိုက်မီးကြီး ထိုးလိုက်သလို ရောင်ခြည်တော်ကြီးက တစ်ခါတည်း တန်းနေတယ်။

ဘိက္ခုနီမကြီးက ကမ္မဋ္ဌာန်းထိုင်နေတဲ့ နေရာက လှမ်းကြည့်တော့ ဘာပါလိမ့်မတုန်း။ တကတည်း ဆလိုက်မီးကြီးကို အရောင်အလင်းကြီး တကတည်း စိုက်စိုက်စူးစူးကြီး ထိုးထားတာ ကြည့်လိုက်တော့ ဟို–ရုပ်ရှင်ထဲများမှာ ရုပ်ရှင်ကားကြီးထဲ ဘုရားကိုယ်တော် ပေါ်သလိုပေါ့၊ တစ်ခါတည်း သူ့မျက်စိထဲမှာ ဘုရားကိုယ်တော်မြတ်ကို မြင်လာတယ်။ အဲဒီလို မြင်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက အသက်ဝင်လျက် အဲဒါဇေတဝန်ကျောင်းတော်က ဘုရားကိုယ်တော်မြတ်ကြီး ဘစ်ခါတည်း သူ့ရှေ့မှာ လာပြီး ထိုင်၍ ဟောဘိသကဲ့သို့ ထင်ရတယ်။

> ယော စ ဝဿသတံ ဇီဝေ၊
>
> အပဿံ ဓမ္မမုတ္တမံ။
>
> ဧကာဟံ ဇီဝိတံ သေယျော၊
>
> ပဿတော ဓမ္မမုတ္တမံ။

သောဏာ=ချစ်သမီး သောဏာထေရီ။ ယော စ=အကြင်သူသည်ကား။ ဥတ္တမံ ဓမ္မံ =မြတ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို လောကုတ္တရာ ... တရားတော်မြတ်ကို။ အပဿံ-

http:\\www.dhammadownload.com



အပဿန္တော=မမြင်ဘဲ။ ဝဿသတံ=အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်။ ဇီဝေ-ဇီဝေယျ =အသက်ရှည် နေရာ၏။ တဿ=ထိုသူ၏။ ဇီဝိတံ=အသက်ရှည်ရခြင်းသည်။ န သေယျော=မချီးမွမ်းအပ် မမြတ်လှပါ။

ချစ်သမီး သောဏာ ... ၊ လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်ဆိုတဲ့ တရားမြတ်ကို မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်တဲ့ ပုဂ္ဂိုလ်ရဲ့ အသက်ရှည်ခြင်းကား မမြတ်လှပါ။

ဥတ္တမံ ဓမ္မံ=မြတ်သော မဂ် ဖိုလ် နိဗ္ဗာန် လောကုတ္တရာ တရားတော်မြတ်ကို။ ပဿ တော-ပဿန္တဿ=ရှုမြင်ရသော ပုဂ္ဂိုလ်၏။ ဥတ္တမံ ဓမ္မံ=မြတ်သော ဝိပဿနာတရား တော်ကို။ ပဿတော ပဿန္တဿ=ရှုဆင်ခြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ=တစ်ရက်မျှ။ ဇီဝိတံ=အသက်ရှည်ရခြင်းက။ သေယျော=ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဒါ ဩဝါဒကထာ ခေါ်တယ်။ အားပေးတဲ့ ဂါထာ –

ချစ်သမီး သောဏာ တဲ့။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ အချက်ကို ကွက်ကွက်ကွင်းကွင်း မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ရသော်လဲပဲ ထိုသူတို့ရဲ့ အသက်ရှည်ရခြင်းဟာ မမြတ်ပါဘူး၊ ချစ်သမီးတို့လို ရုပ် နာမ် ဓမ္မ သင်္ခါရတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ အချက်ကို ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင်ကြီး မြင်ပြီး တော့ တစ်ရက်လောက် အသက်ရှည်ရတာ မြတ်ပါတယ်။

ဟာ ... မိမိရဲ့ ဘဝကြီး အမြတ်ဆုံးဆိုတာကို ဘုရားကိုယ်တိုင်က ဩဘာသ ရောင်ခြည်တော်ကို လွှတ်ပြီးသကာလ ချီးမွမ်းခြင်းကို ခံရတဲ့အခါ တရားကလဲ အား ထုတ်ဆဲ ဝမ်းအလွန်သာပြီးတော့ ထူးကဲပြီးတော့ အလွန်ကြိုးကုတ် အားထုတ်တော့ ဘာဖြစ်သွားလဲ။

ခေပေတွာ အာသဝေ သဗ္ဗေ၊ အရဟတ္တမပါပုဏိ။

သဗ္ဗေ အာသဝေ=ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝအားဖြင့် လေးပါး ဥဿုံ အလုံးစုံကုန်သော အာသဝေါတရားတို့ကို။ ခေပေတွာ=အရဟတ္တမဂ်ဖြင့် အကြွင်း မဲ့ ကုန်စေ ခန်းစေ ကျွမ်းစေ၍။ အရဟတ္တံ=အရဟတ္တဖိုလ်သို့။ အပါပုဏိ=ဆိုက်ရောက် ခဲ့လေပြီ။

ခန္ဓာ ကမ္မဋ္ဌာန်းနဲ့ သွားတယ်၊ အရဟတ္တဖိုလ် ပေါက်ရောက်တော့ အင်း ပယ်ပြီးတဲ့ ကိလေသာကို ဆင်ခြင်တယ်၊ ကြွင်းကျန်တဲ့ ကိလေသာ မရှိတော့ဘူး၊ မဂ်ကို ဆင်ခြင် တယ်၊ နိဗ္ဗာန်ကို ဆင်ခြင်တယ်၊ ပစ္စဝေက္ခဏာ ဂီတိလေးမျိုး ပြုပြီးတော့ ...

http:\\www.dhammadownload.com



ဩော် ... ငါဖြင့် -

ခီဏာ ဇာတိ = ဘဝပဋိသန္ဓေ ကုန်ပြီ။

ဝုသိတံ ဗြဟ္မစရိယံ = မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ရတာ အရဟတ္တဖိုလ်ပေါက် ကျင့်သုံးပြီးပြီ။

ကတံ ကရဏီယံ = ရဟန်းတို့ ပြုလုပ်ရမယ့် ရဟန်းကိစ္စကို အရဟတ္တဖိုလ်ပေါက် ငါပြုလုပ်ရပြီ။

နာပရံ ဣတ္ထတ္တာယ = နောက်ထပ်တစ်ဖန် မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါး ငါပြုရန် မလိုတော့ဘူး ...

လို့ အဆင့်ဆင့် ပရမ္မရ ပစ္စဝေက္ခဏာဉာဏ်များနှင့် မိမိရဲ့ ရဟန္တာဖြစ်တာကို သိပြီးတော့ ဝမ်းမြောက်ဝမ်းသာ ပစ္စဝေက္ခဏာဇောတွေ ကျပြီးတဲ့နောက် မိမိရောက်ရှိသော အရဟတ္တဖိုလ် သမာပတ်ဝင်စား၍ ချမ်းချမ်းသာသာနေပြီး ဖလသမာပတ် ချမ်းသာနဲ့ အဖော်ဘိက္ခုနီမတွေ မလာမချင်း ဟောဒီ ဘိက္ခုနီမ ကျောင်းတိုက်ထဲ တစ်ပါးတည်း ဖလသမပတ် ချမ်းသာနှင့် နေတယ်။

**အဘိညာဉ်နှင့် ရေနွေးတည်**

ဟို တော်တော်လေး နေဝင်ဖြိုးဖျ အချိန်ကျလို့ ဘိက္ခုနီမများ ကျောင်းတော်က ပြန်လာတဲ့ အခါကျတော့ သောဏာထေရီ ဘိက္ခုနီမက ဘာပြောဆိုလဲတော့ -

တဒါ ဂန္ဒာ ဘိက္ခုနိယော၊ ဥဏှောဒကမပုစ္ဆိသုံ။

တေဇောဓာတုမဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိံ ဇလံ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ တဒါ=ထိုသောဏာ ထေရီ ကျွန်တော်မ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော နောက်ကာလ၌။ ဘိက္ခုနိယော= အဖော်ဘိက္ခုနီမတို့သည်။ အာဂန္ဒာ=ဘိက္ခုနီမကျောင်းတိုက်သို့ ပြန်လာကြ၍၊ ဥဏှော ဒကံ=ရေနွေးကို။ အာပုစ္ဆိသုံ=မေးကြပါကုန်ပြီ။

ဘိက္ခုနီမတွေ ကျောင်းတော်က တရားနာပြီး ပြန်လာ၊ ကျောင်းတိုက်ထဲ ရောက်၊ ဘယ့်နှယ်တုန်း သောဏာထေရီ ဘိက္ခုနီမကြီး ... ရေနွေးအိုး တည်ထားပါဆို မကျက် သေးဘူးလား၊ မရှိဘူးလား၊ ဟိုကမေး ဒီကမေးနှင့်ပေါ့၊ ဒီအဘွားကြီး ရေနွေးအိုးတည် ထားပါဆို။ မြည်တာ ငေါက်တာလဲ ပါမယ်ပေါ့။ တည်ပြီးပလားဟော့၊ ကြည့်ပါလား၊ အခုထက်ထိ မီးတောင် မမွေးရသေးဘူး၊ မီးဖိုပေါ် ရေနွေးအိုးကို တည်ရုံ **တည်ထား**

http:\\www.dhammadownload.com



တယ်၊ **ပွက်ပါလိမ့်မယ်**၊ နွေးပါလိမ့်မယ်ပေါ့လေ။ အဲဒီလို ပြောကြတော့ သောဏာထေရီမကြီးကို နေ့တိုင်းလို မှတ်ပြီးတော့ ဒီအဘွားကြီးဟာ ဟိုကပဲ ပြောတော့မလို၊ ဒီကပဲ ပြောတော့မလို၊ ရန်တွေ့တော့မလို၊ ဒီအချိန်ရောက်တော့ကမှ ဘိက္ခုနီမကြီးက သူ့ရဲ့ ခုတင်ညောင်စောင်းမှာ မတွေ့တော့ဘူး။

"ရှင်မတို့၊ ရေနွေးလိုချင်လို့လား"

"ဟုတ်တယ်၊ ဘယ်မလဲ ရှင်မကို ရေနွေးတည်ထားပါဆို အခုထက်ထိ မီးတောင်မမွေးသေးဘူး၊ အို သွားကြည့်ကြ"

သူ ဘာပြောလဲ။

အဟံ=ကျွန်တော်မသည်။ တေဇောဓာတုံ=တေဇောကသိဏ်းစျာန်ကို။ **အဓိဋ္ဌာယ=** ဆောက်တည်၍။ တေဇောဓာတု မဓိဋ္ဌာယ=တေဇောကသိဏ်းစျာန်ကို **ဆောက်တည်** ၍လို့ ဒီသာသနာမှာ ဒီအကြီးစား စကားလုံးကို ဒီလောက် ပြောလိုက်ယင် ဘုန်းကြီးတို့ အဘိဓမ္မာ နယ်ပယ်က ပုဂ္ဂိုလ်တွေကတော့ နားလည်တယ်၊ ဘယ့်နှယ်လဲ။

ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန်ပါဒက၊ စတုတ္ထ၊ ကျတုံအဘိညာ။

ပထမ တေဇောကသိဏ်းကို အာရုံပြုပြီးတော့ ရူပါဝစရကိရိယာ စတုတ္ထစျာန်ကို ဝင်စားရတယ်။ တေဇောကသိဏ်းကို အာရုံပြု၍ ရူပါဝစရ ပါဒက စတုတ္ထစျာန်ကို ဝင်စားတယ်။ ဒါ အခြေပါဒ၊ အဲဒီ အခြေပါဒက ပြုတာ။ ဘာလုပ်ဖို့လဲဆိုတော့ အဲဒီစျာန်က ထယင် အဓိဋ္ဌာန်မလို့၊ အဓိဋ္ဌာန်ယင် – အဲဒီ အဓိဋ္ဌာန်တန်ခိုး ရောက်အောင်လို့၊ ဒီက ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေလို့ လူတိုင်းလူတိုင်း အဓိဋ္ဌာန်တယ်၊ ဒါပေမယ့် အဲဒီ အဓိဋ္ဌာန်ချက်ရဲ့ အခြေပါဒ ရူပါဝစရ စတုတ္ထစျာန် ဒို့မှာ မရှိဘူး။ ဒို့ရဲ့ အဓိဋ္ဌာန်ချက်ဟာ မပြည့်သော်ရှိ ပြည့်သော်ရှိတောင်မှ မဟုတ်ဘူး၊ မပြည့်သော်ရှိ ချည်းပါပဲ။ အင်း မပြည့်သော်ရှိ ပြည့်သော် မရှိကြနေတာပါပဲ၊ ဒို့ အဓိဋ္ဌာန်ချက်တွေ ဘာပြုလို့ မပြည့်သလဲ၊ တောင်းလိုက်တာ သိန်းဆုပေါက်ရပါလို၏၊ သိန်းဆု မပေါက် ငါးသောင်းဆုပေါက်ရပါလို၏၊ ဘာလို့ မပေါက်။ ဒို့က ပါဒကမှ မရှိဘဲ၊ အခြေပါဒ သမာဓိမှ မရှိဘဲ။

ဟိုမှာကတော့ အဓိဋ္ဌာန်တော့မယ်ဆိုယင် အဓိဋ္ဌာန်ရဲ့ အခြေပါဒအနေနှင့် ပထမဦးဆုံး ရူပါဝစရ ကိရိယာ ပဥ္စမစျာန်ကို ဝင်စားတယ်၊ တိက္ခပုဂ္ဂိုလ်မှာပေါ့လေ၊ စတုတ္ထစျာန် ဆိုပါစို့။ အဲဒီ စျာန်ကို ဝင်စားတဲ့အခါမှာ ဟိုက ပူစေချင်တော့ ဒီက တေဇောကသိဏ်းကို အာရုံပြုပြီးတော့ ရူပါဝစရပါဒက စတုတ္ထစျာန်ကို ဝင်စား၊ ထိုစျာန်က

http:\\www.dhammadownload.com



ထတဲ့ အခါကျတော့ကမှ ကာမာဝစရ ကိရိယာ အဓိဋ္ဌာန်ဇောတို့ဖြင့် ခုံလောက်ပေါ်မှာ ငါတည်ထားတဲ့ ရေနွေးအိုးထဲက ရေနွေးတွေ ကျိုက်ကျိုက်ဆူ ပွက်ပါစေသား။

အောက်က မီးမရှိဘဲနဲ့ ပွက်နေတာ ကျိုက်ကျိုက်ဆူ ပွက်ပါစေသားလို့ အဓိဋ္ဌာန်လိုက်တာ၊ ပြောတာက ကြာတယ်၊ အဲဒီလို ဓိဋ္ဌာန်လို့လဲ ပြီးရော တစ်ဖန် ပါဒက ရူပါဝစရ စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်တယ်။ အခု ပါဒကဈာန်က အဘိညာဉ်ရဲ့ အခြေပါဒ အဘိညာဉ်ဇောကျအောင်လို့ တစ်ဖန် ရူပါဝစရ စတုတ္ထဈာန်ကို အခြေပြုပြီး ဝင်စားရတယ်၊ အဲဒီဈာန်က ထတော့မှ ဘဝင်နှစ်ကြိမ် ကျပြီးတော့မှ ဘဝင်္ဂစလနေ၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဇောလို့ ဝီထိစိတ်တွေ စဉ်လျက် တန်းလျက် ဖြစ်လို့ အဘိညာဉ်ဇောလဲ ဘွားကနဲ ပေါ်ရော၊ ပေါ်ဟို ခုံလောက် ဖိုခနောက်ပေါ်မှာ တည်ထားတဲ့အောက်က မီးမမွှေးရဘဲ တည်ထားတဲ့ ရေနွေးအိုးကြီးက အောက်က မီးတောက်မရှိဘဲနဲ့ ပွက်ပွက် ပွက်ပွက် ပွက်ပွက်နဲ့ တစ်ခါတည်း ကျိုက်ကျိုက်ဆူ တစ်ခါတည်း ရေနွေးတွေ ပွက်ရော၊ အဲဒါကို ထေရီမကြီးက ပြောတယ်။

တေဇောဓာတုမဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိံ ဇလံ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ တဒါ=ထိုသို့ အဖော်ဘိက္ခုနီမများက ရေနွေးရလိုကြောင်း တောင်းကြ မေးကြသော အခါကာလ၌။ အဟံ=အကျွန်ုပ်သည်။ တေဇောဓာတုံ=တေဇောကသိဏဈာန်ကို။ အဓိဋ္ဌာယ=ဆောက်တည်၍။ (ဝါ) တေဇောကသိဏပါဒကဈာန် ထိုဈာန်က ထ၊ အဓိဋ္ဌာန် ဝီထိကျ၊ တစ်ဖန် တေဇောကသိဏပါဒကဈာန် ဝင်စား၊ ထိုဈာန်က ထ၊ အဘိညာဉ် ဝီထိကျ၊ အဘိညာဉ်ဇော တစ်ကြိမ်စော စေပြီးလျှင်။ ဇလံ=ရေနွေးအိုးထဲက ရေကို။ ခိပ္ပံ=လျင်မြန်စွာ။ သန္တာပယိံ=တကျိုက်ကျိုက် ပွက်ဆူခဲ့လေပြီ။

## ဗုဒ္ဓမြတ်စွာ ချီးမွမ်းစကား

အောက်က မီးလဲ မရှိဘဲနဲ့ ရှင်မတို့ သွားပြီးတော့ ခပ်ကြတော့၊ ဟောဟိုက ရေနွေးအိုးကြီး ပွက်နေပြီ၊ တစ်ခါတည်း ပြောလိုက်တယ်။ မီး မရှိဘဲနဲ့ ဟိုမှာ ရေနွေးအိုးကြီးက ပွက်ပွက်, ပွက်ပွက်, ပွက်ပွက်နှင့် ပွက်နေတော့ သွားပြီး ခပ်ကြတဲ့ ဘိက္ခုနီမတွေ သိတာပေါ့၊ ဒီအကြောင်းကို သိကာမှ –

http:\\www.dhammadownload.com



ဝိမိုတာ တာ ဖိနဝရံ၊ ဧတမတ္ထမသာဝယုံ။

တံ သုတွာ မုဒိတော နာထော၊ ဣမံ ဂါထံ အဘာသထ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ တာ=ထိုအဖော် ဘိက္ခုနီမတို့သည်။ ဝိမိုတာ=အလွန်အမင်း အံ့ဩခြင်း ရှိကြကုန်လျက်။ (ဟုတ်တာပ၊ အောက်က မီးတောက်မရှိဘဲ ရေနွေးတွေ ကျိုက်ကျိုက် ဆူပွက်နေတာ သွားတွေ့တော့ ဟာ-ဒါ သောဏာထေရီ ဘိက္ခုနီမကြီးရဲ့ အဓိဋ္ဌာန်တန်ခိုး၊ တန်ခိုးဣဒ္ဓိပါဒ်၊ တအံ့တဩ၊ စောစောကသာဖြင့် ဒီအသွားကြီး ဘာညာနှင့် ရန်တွေ့စကား ပြောမလောက် ဖြစ်ရာက အံ့ဩတဲ့ စိတ်တွေ၊ ချီးမွမ်းတဲ့ စိတ်တွေ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားပြီး သကာလ)။ ဝိမိုတာ=ချီးမွမ်းအံ့ဩ ပြောမကုန်သောစိတ် ရှိကြကုန်သည်ဖြစ်၍။ ဖိနဝရံ=ဘုရား မြတ်ထံသို့ ကပ်ရောက်ကြ၍။ ဧတမတ္ထံ=ထိုအကြောင်းကို။ အသာဝယုံ=ကြားလျှောက် ကြကုန်ပြီ။

ဘိက္ခုနီမတွေ တအံ့တဩ ဖြစ်ပြီး မြတ်စွာဘုရား ... ၊ သောဏာထေရီ ဘိက္ခုနီမကြီး ဟာ အင်မတန် တန်ခိုးကြီးသွားပါပြီ၊ ဒီလို ဒီလိုပဲလို့ လက်တွေ့အကြောင်း လျှောက်ထား တော့ကမှ -

တံ သုတွာ မုဒိတော နာထော၊ ဣမံ ဂါထံ အဘာသထ။

တံ=ထိုအကြောင်းကို။ သုတွာ=ကြားတော်မူ၍။ မုဒိတော=ဝမ်းမြောက်သော စိတ် နှလုံး ရှိတော်မူသည် ဖြစ်၍။ နာထော=လူသုံးပါးတို့ရဲ့ ကိုးစားရာ ဘုရားမြတ်စွာသည်။ ဣမံ ဂါထံ=ဤဂါထာကို။ အဘာသထ=ချီးမွမ်းစကား မိန့်ကြားတော်မူပြီ။

ဘိက္ခုနီမတွေ လျှောက်ထားလို့ ဒီအကြောင်းကို ကြားတော့ ဘုရားကိုယ်တော်မြတ်က-

ယော စ ဝဿသတံ ဇီဝေ၊

ကုသီတော ဟီနဝီရိယော။

ဧကာဟံ ဇီဝိတံ သေယျော၊

ဝီရိယမာရဘတော ဒဠှံ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ကုသီတော=ပျင်းရိလျက်။ ဟီနဝီရိယော=ယုတ်လျော့သော ဝီရိယ ရှိသည်ဖြစ်၍။ (ဝါ) ဝီရိယလုံ့ဝ မရှိဘဲ။ ဝဿသတံ=အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်။ ယော စ=အကြင်သူသည်လည်း။ ဇီဝေ ဇီဝေယျ=အသက်ရှည်ငြားအံ့။ တဿ=ထိုသူ၏။ ဇီဝိတံ=အနှစ်တစ်ရာ အသက်ရှည်ကြာ

http:\\www.dhammadownload.com



ခြင်းသည်။ န သေယျော=မချီးမွမ်းအပ် မမြတ်လှပါပေ။ လုံ့လ ဝီရိယမရှိ ပျင်းပျင်းရိရိနှင့် အနှစ်တစ်ရာ အသက်ရှည်သော်လဲပဲ ထိုသူ၏ အသက်ရှည်ခြင်းသည် ချီးမွမ်းအပ်မြတ်သော အသက်ရှည်ခြင်း မဟုတ်ပါဘူး - တဲ့။

ဝီရိယံ=ဝီရိယကို (ဝါ) သမ္မပ္ပဓာန် လုံ့လဝီရိယ လေးပါးကို။ ဒဠှံ=မြဲမြံစွာ။ အာရဘတော=လုံ့လကြိုးကုတ် အားထုတ်သော သောဏာထေရီ ဘိက္ခုနီတို့လို ပုဂ္ဂိုလ်၏။ ဧကာဟံ=တစ်ရက်တာမျှ။ ဇီဝိတံ=အသက်ရှည်ရခြင်းက။ သေယျော=ချီးမွမ်းအပ်မြတ်လှပါပေ၏။ ... လို့ ဘုရားကိုယ်တော်မြတ်က သောဏာထေရီကို အကြောင်းပြုပြီးတော့ ဟောဒီ ဂါထာ ချီးမွမ်းစကား ဒီတရားဂါထာများကို ဟောကြားပါတယ်။

မြတ်စွာဘုရားက သောဏာထေရီ ဘိက္ခုနီမကြီးအတွက် -

ယော စ ဝဿသတံ ဇီဝေ၊
ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော။
ဝီရိယမာရဘတော ဒဠှံ -

ဆိုတဲ့ ဒီ ချီးမွမ်းဂါထာ စကားကို ဟောကြားပြီးတဲ့ နောက်တစ်နေ့မှာ ဘိက္ခုနီမများ ဧတဒဂ် ရာထူးထားတဲ့ နေ့ကျတော့ အစဉ်အတိုင်း ခေမာထေရီ ဘိက္ခုနီမကို ပညာရှိတဲ့အရာ၊ ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမကို တန်ခိုးကြီးတဲ့အရာ၊ ယသောဓရာထေရီ ဘိက္ခုနီမကို မဟာပညာအရာ၊ အဲဒီလို အဲဒီလို အသီးအသီး ကိုယ်စီကိုယ်င ဧတဒဂ် ဘွဲ့ထူးသဲ့ဘင်ဆင်ယင်တဲ့ပွဲနေ့မှာ ဘုရားကိုယ်တော်မြတ်က အဲဒီ ဗဟုပုတ္တိက သောဏာထေရီဆိုတဲ့ အဘွားကြီးကို -

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ
ယဒိဒံ သောဏာ ဗဟုပုတ္တိကာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ (ဝါ) ပရိသတ်လေးပါး အို ချစ်သားချစ်သမီးတို့။ အာရဒ္ဓဝီရိယာနံ=အားသစ်အပ်သော လုံ့လဝီရိယ ရှိကုန်သော။ မမ သာဝိကာနံ ဘိက္ခုနီနံ=ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့ အနက်။ ယဒိဒံ ယာသော ဗဟုပုတ္တိကာ သောဏာ=အကြင်ဗဟုပုတ္တိက သောဏာထေရီသည်။ အတ္ထိ-ရှိ၏။ ဧတံ သောသောဏာ=ဤဗဟုပုတ္တိက သောဏာထေရီသည်။ အဂ္ဂံ အဂ္ဂေါ=အမြတ်ဆုံးပေ ...

http:\\www.dhammadownload.com



လို့ တေဒင်္ဂဘွဲ့ထူး နှင်းအပ်တော်မူတယ်။ ပြီးတော့မှ သူက ဘိက္ခုနီမတွေကို ဆက်ပြီးတော့ သူ့ရဲ့လျှောက်ထားမြဲ စကားအတိုင်း ပြောပြန်တယ်။ အဲဒီ တေဒင်္ဂဘွဲ့ထူး နှင်းအပ်တော်မူပြီးတဲ့ နောက်မှာမှ သာသနာမှာ ရသင့်ရထိုက်တဲ့ ဂုဏ်တွေရပြီးတဲ့ နောက်မှာမှ သူက အခုဂါထာနှင့် သူ့ရဲ့ အဖြစ်ကို ပြန်ပြီး ပြောနေတာနော်။ အဲဒီ အကြောင်းကိုပါ သူ နောက်ဆုံးထည့်ပြီး ဘာပြောလဲဆိုတော့ –

အာရာဓိတော မဟာဝီရော၊ မယာ သုပ္ပဋိပတ္တိယာ။

အာရဒ္ဓ ဝီရိယာနဂ္ဂ၊ မမာဟ သ မဟာမုနိ။

အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ မယာ=ကျွန်တော်မသည်။ မဟာဝီရော=ကြီးမားသော လုံ့လဝီရိယ ရှိတော်မူတဲ့ မြတ်စွာဘုရားကို (ဘုရားကလဲ ဝီရိယ အလွန်ကောင်းတဲ့ ဘုရား)၊ သုပ္ပဋိပတ္တိယာ=သမ္မပ္ပဓာန် လုံ့လဝီရိယကို မချတဲ့ အလွန်ကောင်းမြတ်တဲ့ အကျင့်ပဋိပတ်ဖြင့်။ မယာ=ကျွန်တော်မသည်။ အာရာဓိတော=နှစ်သိမ့်အားရမ်း ဝမ်းမြောက်စေအပ်ခဲ့ပြီ။

ဘုရားကိုယ်တော်မြတ်ကြီး စိတ်ကျေနပ်အောင်လေ၊ ဝီရိယကြီးတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို ဝီရိယကြီးကြီးနဲ့ သုပ္ပဋိပတ္တိနဲ့ စိတ်ကျေနပ်အောင် ကျွန်မ ကျင့်ပြလိုက်တယ်တဲ့။ ကျင့်ပြလိုက်တော့ ဘာဖြစ်သလဲဆိုတော့ မဟာမုနိ=မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရတော်မူတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ မံ=ကျွန်တော်မကို။ အာရဒ္ဓဝီရိယာနံ=အားသစ်အပ်တဲ့ လုံ့လဝီရိယ ရှိကြတဲ့ ဘိက္ခုနီမတို့အနက်။ အဂ္ဂ= အမြတ်ဆုံးဟူ၍။ အာဟ=တေဒင်္ဂ ဘွဲ့ထူးစကား မိန့်ကြားတော်မူခဲ့ပါပြီ။

တေဒင်္ဂ ဘွဲ့ထူးသဘင် အပ်နှင်းခဲ့ပါတယ်။ ဟာ ဒါဖြင့် ရဟန္တာထေရီ ဖြစ်တယ်၊ တေဒင်္ဂကလဲပဲ အာရဒ္ဓဝီရိယ အရာ တေဒင်္ဂရတယ်။ ဒါလောက်တင်ပါ။ ဒီပြင် တေဝိဇ္ဇာတို့၊ ဆဠဘိညတို့ ဆိုတဲ့ ဒီဂုဏ်တွေတော့ ရ မထင်ပါဘူးလို့ အဲဒီလို ပြောစရာရှိလို့။

## ထေရီမကြီး ဥဒါန်း

ကိလေသာ ဈာပိတာ မယှံ၊

ဘဝါ သဗ္ဗေ သမူဟတာ။

နာဂီဝ ဗန္ဓနံ ဆေတွာ၊

ဝိဟရာမိ အနာသဝါ။

(ဒါ ရဟန္တာ ထေရီမတိုင်း ထေရီမတိုင်း မြိန်မြိန်ရွတ်တဲ့ ဂါထာ။)

http:\\www.dhammadownload.com



အယျာယော=သီးတင်သုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ မယှံ=ငါ့သန္တာန်၌။ ကိလသာတစ်ထောင့်ငါးရာ ကိလေသာတို့ကို။ ဈာပိတာ=အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ လောင်မြိုက်အပ်ကုန်ပြီ။

ကိလေသာတွေ အကုန် ပြာကျပြီးပြီ။

သဗ္ဗေ ဘဝါ=ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ကမ္မဘဝ ဥပပတ္တိ ဘဝတို့ကို။ သမူဟတာ=အမြစ်မကျန် ငယ်လှန်နုတ်ပစ် အပ်ကုန်ပြီ။

ကာမဘဝ မရှိတော့ဘူး။ ရူပဘဝ မရှိတော့ဘူး။ အရူပဘဝ မရှိတော့ဘူး။ ဘဝ သုံးခုလုံး မရှိတော့ဘူး။ နုတ်ပြီးပြီ။ ဘာဖြစ်လို့တုန်း၊ ကာမဘဝကို ရောက်စေတတ်တဲ့ ဘဝဂါမိကံ၊ ရူပဘဝကို ရောက်စေတတ်တဲ့ ဘဝဂါမိကံ၊ အရူပဘဝကို ရောက်စေတတ် တဲ့ ဘဝဂါမိကံ အဲဒီကံတို့ရဲ့ အခြေခံ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာတဏှာဆိုတဲ့ အမြစ်ကို နုတ်ထားတယ်။ အဝိဇ္ဇာ တဏှာ တည်းဟူသော ရေသောက်မြစ် ဖြတ်ထား တော့ အဲဒီ ဘဝဂါမိကံကလည်း ဘဝအကျိုးကို မပေးနိုင်တော့ဘူး။

အလွန်ကောင်းမွန်ပြီး အောင်မြင်နေတဲ့ သစ်ပင်ကြီးကို အသာလေး အောက်က ရေသောက်မြစ်ကို ဖြတ်ပစ်လို၊ ဖြတ်ပစ်လိုက်ယင် အဲဒီ သစ်ပင်ကြီး ဘယ်လောက်ကြီး ပဲ ထိုးထိုးထောင်ထောင် နေပေမယ်လို့ မပွင့်တော့ဘူး။ မသီးတော့ဘူး။ အဲဒါလို သူရဲ့ ခန္ဓာဟာ သစ်မြစ်ဖြတ်ထား ရေသောက်ဖြစ်ဖြတ်ထားတဲ့ သစ်ပင်ကြီးလို ဖြစ်နေတယ်။ အဲဒါကြောင့် သူသည် ဘဝအားလုံးကို အမြစ်မကျန် ပယ်လှန် ဖြတ်တောက် အပ်ပြီး ဖြစ်နေပြီ ... တဲ့။

ဗန္ဓနံ=သံကြိုး အနှောင်အဖွဲ့ကို။ ဆေတွာ=ပယ်ဖြတ်၍ ဖြတ်တောက်၍။ နာဂီ=ဆင် ပြောင်မသည်။ ဝိဟရတိ ဣဝ=အလိုရှိရာ နေထိုင်သွားလာသကဲ့သို့။ အဟမ္ပိ=ကျွန်တော် မလဲဘဲ။ ဗန္ဓနံ=တစ်ထောင့်ငါးရာ ကိလေသာ အနှောင်အဖွဲ့ကို။ ဆေတွာ=ဖြတ်တောက် ပြီး၍။ အနာသဝါ=အာသဝေါလေးဖြာ ကုန်ခန်းသည် ဖြစ်၍။ ဝိဟရာမိ=ချမ်းသာစွာ လျှောင်းရ ထိုင်ရ ရပ်ရ နေရ လေပြီ ... ။

လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် လေးပါးမှ အာသဝေါတရား ကုန်ခန်းပြီး ဖြစ်၍ ဣရိယာ ပုတ်တိုင်းပုတ်တိုင်း ချမ်းချမ်းသာသာ သူနေရပြီတဲ့။ ဒါ ပြောပါတယ်။

သုဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

http:\\www.dhammadownload.com



အယျာယော=သီတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ မေ=ကျွန်တော်မ၏။ ဗုဒ္ဓဿ သန္တိကေ=ဘုရားမြတ်စွာ အထံတော်၌။ အာဂတံ=လာရောက်ရခြင်းသည်။ သွာဂတံ ဝတ=ကောင်းသော လာရောက်ခြင်းပါတကား။ အကျိုးရတဲ့ လာရောက်ခြင်း၊ အရဟတ္တဖိုလ် အကျိုးရတဲ့ လာရောက်ခြင်း ဖြစ်လို့ ကောင်းသော လာရောက်ခြင်း ဖြစ်ပါတယ်။

တိဿော ဝိဇ္ဇာ=ပု-ဒိ-အာ ဝိဇ္ဇာ သုံးပါးတို့ကို။ အနုပ္ပတ္တာ=အစဉ်တစိုက် ဆိုက်ရောက်အပ်ခဲ့ပါပြီ။ ဗုဒ္ဓဿ သာသနံ=ဘုရားမြတ်စွာသုံးပါး သိက္ခာသာသနာကို။ ကတံ=အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်အပ်လေပြီလို့ ကျွန်ုပ်ဟာ ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးကို အစဉ်အတိုင်း ရောက်ပြီ၊ သာသနာသုံးပါးကို အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်ပြီးပြီဆိုတော့ သူဟာ တေဝိဇ္ဇရဟန္တာ ဖြစ်ပါတယ်လို့ ပြောတာ။

> ပဋိသမ္ဘိဒါ စတဿော၊
> ဝိမောက္ခာပိ စ အဋ္ဌိမေ။
> ဆဠဘိညာ သစ္ဆိကတာ၊
> ကတံ ဗုဒ္ဓဿ သာသနံ။

ပဋိသမ္ဘိဒါ စတဿော စ=ပဋိသမ္ဘိဒါအပြား ဉာဏ်လေးပါးတို့ကို လည်းကောင်း။ ဣမေ အဋ္ဌဝိမောက္ခာပိ စ=ဝိမောက္ခအပြား ဤရှစ်ပါးတို့ကို လည်းကောင်း။ ဆဠဘိညာ စ=အဘိညာဉ် ခြောက်ပါးတို့ကိုလည်းကောင်း။ သစ္ဆိကတာ=ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုကုန်ပြီ။ ပဋိသမ္ဘိဒါပတ္တ=ဝိမောက္ခ ဈာနလာဘီ=ဆဠဘိညာ အရဟန္တာ ထေရီပါလို့ ပြောတယ်။

ဗုဒ္ဓဿ သာသနံ=ဘုရားမြတ်စွာ သုံးပါးသိက္ခာ သာသနာကို။ ကတံ=အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်အပ်ပါပြီဆိုတော့ သူ့ရဲ့ အပြောလဲပဲ ထပ်တလဲလဲ ပြောလာတာ အရဟတ္တဖိုလ်ကို နှစ်ကြိမ်တိုင်တိုင် ရောက်တယ်၊ အရဟတ္တဖိုလ်ရောက်ယင် စကားပြောယင်လဲပဲ ဆုံးရမယ်၊ တရားဟောယင်လဲ ဆုံးရမယ်၊ တရားကျင့်လို့ အရဟတ္တဖိုလ် ရောက်ယင် အဲဒီ ပုဂ္ဂိုလ်လဲပဲ အကျင့်ဆုံးတော့တာပဲ၊ အဲ ... တရားလဲပဲ ဆုံးပြီလို့ ဆိုပြီးတော့ -

ဣတ္ထံ သုဒံ ဗဟုပုတ္တိကသောဏာဘိက္ခုနီ ဣမာဂါထာယော အဘာသိတ္ထ -

http:\\www.dhammadownload.com



လို့ သင်္ဂီတိကာရက မထေရ်မြတ်ကြီးတွေက ဗဟုပုတ္တိက သောဏာထေရီ ဘိက္ခုနီမသည် ဤဂါထာတို့ ရွတ်ဆိုရွတ်ဖွား ဟောကြားခဲ့လေပြီ–လို့ သုံးတယ်။

## ဒေသကဆရာတော်၏ ပတ္ထနာ

ဤသို့လျှင် ဗဟုပုတ္တိက သောဏာထေရီ၏ အကြောင်းအရာနှင့် စပ်သော တရားဓမ္မကို ကြားနာရခြင်း ဓမ္မသဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံသီလ ဆောက်တည်ရခြင်း သီလ မယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဓမ္မပူဇာ ဖြစ်စိမ့်သောငှာ အထူးထူးသော ဒေယျဓမ္မ ဒါနဝတ္ထုတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်း တည်းဟူသော ဒါနကောင်းမှု ကုသိုလ်ကံ စေတနာ – ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤဗဟုပုတ္တိက သောဏာထေရီမတို့ အာရုံပြုအပ်သော နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င မျက်မှောက် ပြုနိုင်ကြသည့် ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပစ္ဆိမ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောက်ကာလဝယ် တစုံတခုသော ဘဝ, ဂတိ, ယောနိ, ဝိညာဏဋ္ဌိတိမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန် မဖြစ်သော ချုပ်ခြင်း၊ တစ်ဖန် မဖြစ်ခြင်းကိုပင် ခေါ်တဲ့ ချုပ်ခြင်း, ငြိမ်းခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း။

အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

ဗဟုပုတ္တိကသောဏာထေရီဝတ္ထု တရားတော်
ပြီးပြီ။

http:\\www.dhammadownload.com



# စူဠသုတ္တန်တရားတော်

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း
ဘုန်းရှင် ကံရှင် ပါရမီရှင်များနှင့်တကွ သေဒွေး သူကြွယ်များပါ မကျန်
သတိသံဝေ ရယူနိုင်စေရန် ရည်ရွယ်ဟောကြားတော်မူခြင်း

ကောဇာသက္ကရာဇ် ၁၃၃၂၊ သာသနာတော် ၂၅၁၄–ခု၊ ဝါခေါင်လပြည့်ကျော် ၁၄–ရက်နေ့၊ မန္တလေးမြို့၊ ပုဏ္ဏားကန်ရပ်၊ ဒါယကာကြီး ဦးတုတ်၏ ဓမ္မာရုံ၌ တရားပွဲ ဒါယကာ ဦးတုတ်–ဒေါ်ခင်စီတို့ ဦးဆောင်လျက် ကျင်းပအပ်သော ဥပုသ်သီတင်းစဉ် တရားပွဲ၌ ဟောကြားအပ်သည့် စူဠသုတ္တန်တရားတော်။

ဘုန်းကြီးဟောတဲ့ တရားဟာ သုတ္တန် နာမည်နဲ့ ခေါ်ယင် **စူဠသုတ္တန်** လို့ ခေါ်ပါတယ်။ သံယုတ်ငါးကျမ်းမှာ နောက်ဆုံးက မဟာဝဂ္ဂသံယုတ် သတိပဋ္ဌာန သံယုတ်ထဲမှာ ပါပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ အကြောင်းအရာတွေကို နှစ်ဥပုသ်လောက် ဟောပြီးပါပြီ။ ပြီးခဲ့တဲ့ ဥပုသ်နေ့က အရှင်သာရိပုတ္တရာရဲ့ တရားဟောင်းလေးအိုးကြီးလဲ ဟောပြီးပြီ။ "အရှင်သာရိပုတ္တရာသည် ဒီမျှသာ တရားဟောသလား" မဟုတ်ပါဘူး။ အရှင်မြတ်ကြီးဟောတဲ့ တရားတွေ ကုန်အောင် လိုက်ဟောနေလို့ရှိယင် ဒီတစ်ဝါတွင်း ဟောလို့လဲ မကုန်ပါဘူး။

အဲဒီတော့ ဟင်းအမြည်းလိုပေါ့။ "သြော် ... သာရိပုတ္တရာ ဟောတဲ့ တရားများ ဒီလို နက်နဲပါလား"လို့ တရားဟင်းလေးကို နာသဖြင့် သိပြီးတဲ့နောက် ဒီအရှင်မြတ်ကြီးရဲ့ ဘဝဇာတ်နိဂုံး၊ သံသရာနိဂုံး သိမ်းပုံကို လှမ်းပြီးတော့ အာရုံပြုကြည့်ရအောင်။ စူဠသုတ္တန်မှာ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတဲ့အကြောင်း –

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ
အနာထ ပိဏ္ဍိကဿ အာရာမေ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ၁၃၉။)

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့အခိုက် ဖြစ်ပါတယ်။ အဲဒီ "တစ်ချိန်က"ဆိုတဲ့ တစ်ချိန်သည် ဘယ်အချိန်လောက်လဲ။

http:\\www.dhammadownload.com



**အရှင်သာရိပုတ္တရာ အာယုသင်္ခါရ လွှတ်တော်မူခြင်း**

မြတ်စွာဘုရား ၄၅-ဝါမြောက် ဝေဠုဝရွာမှာ ဝါကပ်ပြီးလို့ အဲဒီ ဝေဠုဝရွာက ဝါကျွတ်တဲ့အခါ မူလကြွတော်မူတဲ့ ခရီးစဉ်အတိုင်း ဝေဠုဝရွာက သာဝတ္ထိပြည်ကို တဖြည်းဖြည်း ပြန်ကြွလာလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ တန်ဆောင်လမုန်းလဆန်း ၈-ရက်နေ့ လောက်ရောက်ပါတယ်။

အဲဒါ မြတ်စွာဘုရားကို သာဝတ္ထိကို နောက်ဆုံး ကြွခြင်းပဲ။ အဲဒီကနေပြီးတော့ သွားတဲ့အခါကျတော့ သာဝတ္ထိကို မရောက်တော့ဘူး၊ ကုသိနာရုံပဲ ရောက်ပြီးတော့ ဘုရားဟာ ပရိနိဗ္ဗာန် စံရမယ့် နောက်ဆုံးအခေါက် ဖြစ်ပါတယ်။ သာဝတ္ထိပြည်။ အဲဒီလို မြတ်စွာဘုရား သာဝတ္ထိပြည်မှာ နောက်ဆုံး သီတင်းသုံးခြင်းအနေနဲ့ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့လောက် ဆိုရမယ့် တစ်ချိန်မှာ ဘုရား သီတင်းသုံး နေတဲ့အခိုက် သီတင်းသုံး ဆိုတာလဲ အဲဒီဝါကို ဇေတဝန်မှာ ဝါဆိုလို့ မဟုတ်ဘူးနော်။ ဝေသာလီပြည်ရဲ့ အနီး ဝေဠုဝရွာငယ်မှာ ဝါဆိုလို့ ဝါကျွတ်ပြီးတဲ့ ၄၅-ဝါ ပြည့်မြောက်လို့ အဲဒီဝါလဲ ကျွတ်ပြီးရော တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့ လောက် သာဝတ္ထိတစ်ခေါက် ပြန်ကြွတယ်။

အဲဒီအချိန်မှာ အဂ္ဂသာဝက နှစ်ပါး စုံစုံလင်လင် ရှိသေးတယ်။ အရှင်သာရိပုတ္တရာလဲပဲ မြတ်စွာဘုရားကို ရိုသေဝပ်လျှိုး ရှိခိုးဝတ်ပြုပြီးတော့ မိမိနေ့သန့်ရာ ဆိုတဲ့ နေရာလေးကို ကြွတယ်။ အဲဒီ မိမိနေ့သန့်တဲ့ နေရာလေး ရောက်တဲ့အခါကျတော့ သူ့ရဲ့ တပည့်တွေက လာရောက်ပြီးတော့ ရှိခိုးဝတ်ပြုပြီး ပြန်သွားတဲ့အခါ နေ့သန့်တဲ့ နေရာလေး တံမြက်တလင်းလှည်းလို့ သာသာယာယာလေး နေရာထိုင်လေးများ ခင်းပြီးတော့ အရှင်သာရိပုတ္တရာသည် အချိန်နဲ့ ပိုင်းပြီးတော့ ဖလသမာပတ် ဝင်စားတယ်။ အဲဒီ ဖလသမာပတ် ဝင်စားလို့ နေ့ တစ်နာရီ ကျော်ကျော်လောက် ဖလသမာပတ်က ထတဲ့ အချိန်ကျတော့ ဓမ္မတာ လှူဆော်ချက်အရ အရှင်သာရိပုတ္တရာ နေ့သန့်ရာ နေရာကလေးမှာ ဖလသမာပတ်က ထပြီးတော့ စဉ်းစားတယ်။

ဗုဒ္ဓါ နု ခေါ ပဌမံ ပရိနိဗ္ဗာယန္တိ၊ ဥဒါဟု အဂ္ဂသာဝကာ။

(သံ၊ ဋ္ဌ၊ ၃။ ၂၄၆။ စန္ဒသုတ်အဋ္ဌကထာ။ ဒီ၊ ဋ္ဌ၊ ၂။ ၁၃၉။ မဟာပရိနိဗ္ဗာနသုတ်လည်း ရှု။)

ဗုဒ္ဓါ=ဘုရားရှင်တို့သည်လျှင်။ ပဌမံ=ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ နု ခေါ=ပရိနိဗ္ဗာန်ဝင်စံတော်မူကြကုန်သလော။ ဥဒါဟု=ထိုသို့မဟုတ်။ အဂ္ဂသာဝကာ=အဂ္ဂသာဝက အစုံ

http:\\www.dhammadownload.com



တို့ကပင်လျှင်။ ပဌမံ=ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ န ခေါ=ပရိနိဗ္ဗာန် စံကြကုန်သလော။

**အဂ္ဂသာဝကတို့၏ ပရိနိဗ္ဗာန်**

ရှေးရှေးဘုရားရှင်တွေရဲ့ အတိတ်ဖြစ်ရပ်ကို မှန်းပြီးတော့ ပုဗ္ဗေနိဝါသ အဘိညာဏ်နဲ့ ကဿပမြတ်စွာ လက်ထက်တော်အခါကို မျှော်ကြည့်လိုက်၊ အင်း ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်ကို မျှော်ကြည့်လိုက်၊ ကကုသန် မြတ်စွာဘုရား လက်ထက်တော်ကို မျှော်ကြည့်လိုက်၊ ပုဗ္ဗေနိဝါသ အဘိညာဏ်နဲ့ ကြည့်လိုက်တာ အဆူဆူသော ဘုရားရှင်တို့ လက်ထက်တိုင်း လက်ထက်တိုင်းမှာ အဂ္ဂသာဝက နှစ်ပါးက အလျှင် ပရိနိဗ္ဗာန် စံရမြဲ ဓမ္မတာလို့ မြင်ရတယ်။

**အဂ္ဂသာဝကာ ပဌမံ။**

**ပဌမံ=ရှေးဦးစွာ။ အဂ္ဂသာဝကာ=အဂ္ဂသာဝက အစုံတို့က။ ပရိနိဗ္ဗာယန္တိ=ပရိနိဗ္ဗာန်** ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရိုး ဓမ္မတာ ဖြစ်ကုန်၏–လို့ သိတော်မူပြီးတဲ့နောက် ကိုယ်တော်ရဲ့ အာယုသင်္ခါရများ ဘယ်လောက်ရှိသေးသလဲ။ "အာယုသင်္ခါရ"ဆိုတဲ့ စကားဟာ ဗုဒ္ဓဘာသာတွေရဲ့ နယ်ပယ်မှာ အင်မတန် အသုံးတွင်တဲ့ စကားဖြစ်တယ်။ "အာယုသင်္ခါရ" ဆိုသော အသုံးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမလဲ "အာယုသင်္ခါရ လွှတ်တယ်" လို့ အသုံးရှိတယ်။

အခု အရှင်သာရိပုတ္တရာ အာယုသင်္ခါရဟာ ဘယ်လောက် ရှိသလဲလို့ ကြည့်တယ် ဆိုတဲ့ ဒီလို နေရာမှာလဲ အာယုသင်္ခါရ ဆိုတဲ့ အသုံးရှိတယ်။ တချို့ တချို့ နေရာ၌ "အာယုသင်္ခါရ" ဆိုသော စကားသည် ဇီဝိတသန္တာန်အစဉ်ကို အာယုသင်္ခါရ ခေါ်တယ်။ ကံအကြောင်းတရားတို့ ပြုပြင်အပ်တဲ့ ရုပ်ဇီဝိတသန္တာန် အစဉ်သည် အာယုသင်္ခါရ။

'သင်္ခါရ' က ကံ အကြောင်းတရားတို့ ပြုပြင်အပ်သော၊ 'အာယု'က ဇီဝိတသန္တာန်ကို ခေါ်တယ်။ အေး "ငါရဲ့ ဇီဝိတသန္တာန်ဟာ နောက် ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ်ထိအောင် တည်နေအုန်းမလဲ" အဲဒီလို ကြည့်တာကို အာယုသင်္ခါရကို မျှောက်ကြည့်တယ်လို့ ခေါ်တယ်။

အဲဒီလို ကြည့်တဲ့အခါကျတော့ အရှင်သာရိပုတ္တရာရဲ့ ဉာဏ်နဲ့ ဘယ်လိုမြင်လာသလဲလို့ ဆိုတော့ –

သတ္တာဟမေဝ မေ အာယုသင်္ခါရာ ပဝတ္တိဿန္တိ။ မေ=ငါ၏ သန္တာန်၌။ သတ္တာဟမေဝ=ခုနစ်ရက်သာလျှင်။ အာယုသင်္ခါရာ=အာယုသင်္ခါရတို့သည်။ (ဝါ) ကံအကြောင်း

http:\\www.dhammadownload.com



တရား ပြုပြင်အပ်တဲ့ ဇီဝိတသန္တာန် အစဉ်တို့သည်။ ပဝတ္တိဿန္တိ=ဖြစ်ကုန်လိမ့်မယ်။

အင်း ... ငါရဲ့ အာယုသင်္ခါရ ဇီဝိတ အစဉ်ဟာ ကနေ့က နောက် ၇–ရက်ပဲ ဖြစ်တော့မယ်။ ခုနစ်ရက်ဆိုယင် ဇီဝိတသန္တာန်အဖြစ် ရပ်ပြီးကော့ ပရိနိဗ္ဗာန် စံရတော့မယ်။

ဒီအနေ မြင်တော့ –

ငါ ယနေ့က နောက် ခုနစ်ရက်မြောက် ပရိနိဗ္ဗာန် စံရလိမ့်မယ်။

ကတ္ထ ပရိနိဗ္ဗာယိဿာမိ။

ဘယ်အရပ်မှာများ ငါ ပရိနိဗ္ဗာန် စံရပါ့မလဲ။

"ငါ ပရိနိဗ္ဗာန်စံယင် ဘယ်မှာ စံရမှာပါလိမ့်" ဆက်ပြီး စဉ်းစားတော်မူပြန်တယ်။ အဲဒီလို စဉ်းစားတဲ့အခါ –

ရာဟုလော တာဝတိံသေသု ပရိနိဗ္ဗုတော၊ အညာသိ ကောဏ္ဍညတ္ထေရော ဆဒ္ဒန္တဒဟေ၊ အဟံ ကတ္ထ ပရိနိဗ္ဗာယိဿာမိ။

ရာဟုလော=ငါ့ရဲ့ညီထွေး ရာဟုလာ မထေရ်သည်။ တာဝတိံသေသု=တာဝတိံသာ နတ်ပြည်တို့၌။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့လေပြီ။ (အဲဒီအချိန်မှာ ရှင်ရာဟုလာလေး မရှိတော့ဘူး၊ တာဝတိံသာ နတ်ပြည်မှာ တက်ပြီးတော့ ပရိနိဗ္ဗာန်'စံပြီးခဲ့ပြီ) အညာသိ ကောဏ္ဍညတ္ထေရော=အရှင်အညာသိကောဏ္ဍည မထေရ်ကြီးသည်။ ဆဒ္ဒန္တဒဟေ=ဆဒ္ဒအိုင်၌။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။ အရှင်ကောဏ္ဍညလဲပဲ ဆဒ္ဒန်အိုင်မှာ ပရိနိဗ္ဗာန် စံခဲ့ပြီ။

အဟံ ကတ္ထ ပရိနိဗ္ဗာယိဿာမိ=ငါကိုယ်တိုင်ကတော့ ဘယ်နေရာမှ ပရိနိဗ္ဗာန် စံရပါ့မလဲ။ အဲဒီလို အဖန်ဖန် စဉ်းစားတော်မူတဲ့အခါ ကိုယ်တော်ရဲ့ ဉာဏ်တွင်းမှာ မယ်တော်ကြီးဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေးမကြီးကို ဉာဏ်ထဲမှာ မြင်လာတယ်။ မြင်လာယော့ မယ်တော်ကြီးနဲ့ ပတ်သက်ပြီး ဆက်ပြီး အကြံဝင်လာပြန်တယ်။

## ရဟန္တာ ခုနစ်ပါး၏ မယ်တော်

မယှံ မာတာ သတ္တန္နံ အရဟန္တာနံ မာတာ ဟုတွာပိ ဗုဒ္ဓ ဓမ္မ သံဃေသု အပ္ပသန္နာ။

မယှံ=ငါ၏။ မာတာ=မယ်တော်ဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေးမကြီးသည်။ သတ္တန္နံ အရဟန္တာနံ=ရဟန္တာ ခုနစ်ဆူတို့၏။ မာတာ=မွေးမယ်တော်သည်။ ဟုတွာပိ=ဖြစ်ပါလျက်လည်း။ ဗုဒ္ဓ ဓမ္မ သံဃေသု=ဘုရား တရား သံဃာ ရတနာ သုံးပါးတို့၌။ အပ္ပသန္နာ=သဒ္ဓါတရား ခေါင်းပါးသော သူမ ဖြစ်ခဲ့၏။

http:\\www.dhammadownload.com



ဩော် ... ငါ့မယ်တော်ကြီးဟာ သားလေးယောက်က ရဟန္တာ၊ သမီးသုံးယောက်က လဲ ရဟန္တာ။

သားလေးယောက် ဆိုတာက -

၁။ အရှင်သာရိပုတ္တရာရယ်

၂။ အရှင်ဥပသေနရယ်

၃။ အရှင်စုန္ဒရယ်

၄။ ဟို ... ရှားတော်မှာနေတဲ့ အရှင်ရေဝတ -

အားလုံး သားလေးယောက်စလုံးက ရဟန္တာ။

သမီးကလဲပဲ -

၁။ စာလာ ... တဲ့၊

၂။ သီသူပစာလာ ... တဲ့၊

၃။ ဥပစာလာ ... တဲ့ -

သမီးသုံးယောက်စလုံးကလဲပဲ သာသနာမှာ ရဟန္တာထေရီမတွေ။

အဲဒီလို ရဟန္တာ ခုနစ်ဆူရဲ့ မယ်တော်ကြီးပင် ဖြစ်လင့်ကစား သူ့ကိုယ်တိုင်ကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ ယုံကြည်တဲ့ သဒ္ဓါတရား ခေါင်းပါးသူ ဖြစ်နေတယ်။

အတ္ထိ နု ခေါ တဿာ ဥပနိဿယော၊ နတ္ထိ နု ခေါ။

**မယ်တော်ကို ချေချွတ်တော်မူခြင်း**

တဿာ=ထိုငါ့မယ်တော်အား။ ဥပနိဿယော=မဂ်ဖိုလ် ဥပနိဿရည်း အားကြီးသော ရှေးကောင်းမှုသည်။ အတ္ထိ နု ခေါ=ရှိလေသလော။ ဥဒါဟု=သို့မဟုတ်။ နတ္ထိ နု ခေါ=မရှိဘဲ မရှိလေသလော။

"ဩော် ... ငါ့မယ်တော်ကြီး မဂ် ဖိုလ်ရဲ့ ဥပနိဿရည်း ရှေးကောင်းမှု ကုသိုလ် ဆိုတဲ့ ပစ္စည်းများ ရှိလေသလား၊ မရှိဘူးလား"

လို့ စဉ်းစားလိုက်တဲ့ အခါကျတော့ သူ့မယ်တော်ကြီးမှာ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ ဥပနိဿယ ပစ္စည်း အားကြီးသော ရှေးကောင်းမှု ရှိတာကို သိတော်မူတော့ ဆက်ပြီး စဉ်းစားပြန်တယ်။

ကဿ ဒေသနာယ အဘိသမယော ဘဝိဿတိ။

http:\\www.dhammadownload.com



ကဿ=အဘယ်ပုဂ္ဂိုလ်၏။ ဒေသနာယ=တရားဒေသနာဖြင့်။ အဘိသမယော=ငါ့မယ်တော်ကြီး သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ=ဖြစ်ပါ့လိမ့်မည်နည်း။ "ဘယ်အရှင်မြတ်ရဲ့ တရားဒေသနာဖြင့် ငါ့မယ်တော်ကြီး ဓမ္မာဘိသမယ=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်မှာပါလိမ့်" အဲဒီလို မယ်တော်ကို တရားဟောမယ့် ပုဂ္ဂိုလ်ကို ဉာဏ်နဲ့ လိုက်ပြီး စဉ်းစားပြန်တော့ ကိုယ်တော့်ဉာဏ်ထဲမှာ မြင်လာတယ်။

မမေဝ ဓမ္မဒေသနာယ ဘဝိဿတိ။

မမေဝ=ငါ၏သာလျှင်။ ဓမ္မဒေသနာယ=တရားဒေသနာဖြင့်။ ဓမ္မာဘိသမယော=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ န ဘဝိဿတိ=ဖြစ်လိမ့်မည် မဟုတ်။

အင်း ... ငါရဲ့ တရားဒေသနာနဲ့ပဲ ငါ့မယ်တော်ကြီးဟာ အင်း သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် အပေါက် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသို့ ရောက်ဖို့ အကြောင်းရှိတယ်။ အခြားတစ်ပါးသော ပုဂ္ဂိုလ်၏ တရားဒေသနာဖြင့် သစ္စာလေးပါး တရား သိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်လိမ့်မည် မဟုတ်ဘူး – တဲ့။

သစေ ခေါပနာဟံ အပ္ပေါဿုက္ကော ဘဝေယျံ၊

ဘဝိဿန္တိ မေ ဝတ္တာရော။

အဟံ=ငါသည်။ သစေ ခေါ ပန=အကယ်၍များ။ အပ္ပေါဿုက္ကော=ကြောင့်ကြမဲ့။ ဘဝေယျံ=ဖြစ်လိုက်ငြားအံ့။ မေ=ငါ့အား။(ဝါ)ငါ၏အပေါ်၌။ ဝတ္တာရော=ပြစ်တင်စကားပြောကြမယ့် ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ=အထင်အရှား ဖြစ်ပွား၍ လာကြလိမ့်မယ်။

ဒီကိစ္စမှာ ငါ မယ်တော်ကြီးကို တရားမဟော လျစ်လျူရှု အပ္ပေါဿုက္က=ကြောင့်ကြမဲ့ နေလိုက်မယ် ဆိုလို့ရှိယင် ငါ့အပေါ် အပြစ်တင်စကား ပြောကြားတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လာလိမ့်မယ်။ ဘယ်လို ပေါ်ပေါက်လာမလဲ၊ ဘယ်လို အပြစ်တင်ကြမလဲ။

သာရိပုတ္တတ္ထေရော အဝသေသဇနာနမ္ပိ အဝဿယော ဟောတိ။

သာရိပုတ္တတ္ထေရော=အရှင်သာရိပုတ္တရာ မထေရ်သည်။ အဝသေသဇနာနံ=သူ့မယ်တော်မှ ကြွင်းကျန်တဲ့ ပုဂ္ဂိုလ်တို့၏။ အဝဿယော=မှီခိုအားထားရာသည်။ ဟောတိ=ဖြစ်ပေ၏။

http:\\www.dhammadownload.com



အရှင်သာရိပုတ္တရာဟာ မယ်တော်မှတစ်ပါး အခြား ပုဂ္ဂိုလ်များရဲ့ မှီရာတော့ ဖြစ်ပါ၏။

တထာ ဟိ=ထိုစကားကို ထင်ရှားစေရလျှင်။ **သမစိတ္တသုတ္တန္တဒေသနာဒိဝသေ**[1]= သမစိတ္တ သုတ္တန်တရား ဟောကြားတော် မူသောနေ့၌။ ကောဋိသတသဟဿ ဒေဝတာ အရဟတ္တံ ပတ္တာ=ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ဆိုက် ရောက်ခဲ့လေပြီ။

တယော မဂ္ဂေ ပဋိဝိဒ္ဓဒေဝတာနံ ဂဏနာ နတ္ထိ။

တယော မဂ္ဂေ=သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် တည်းဟူသော အောက်မဂ်သုံးပါးတို့ကို။ ပဋိဝိဒ္ဓဒေဝတာနံ=ထိုးထွင်း၍ သိမြင်ကြတဲ့ နတ်ဗြဟ္မာတို့၏။ ဂဏနာ=အရေအတွက်သည်။ နတ္ထိ=မရှိ။

အရှင်သာရိပုတ္တရာ သမစိတ္တသုတ္တန်တရား ဟောကြားတဲ့ နေ့တုန်းက ဆိုယင် စကြဝဠာကပ်ကြီး အပြည့် နတ်တွေ ဗြဟ္မာတွေ တရားနာလာကြတယ်။ သမစိတ္တ သုတ္တန်ကို အဲဒီမှာ ဘယ်လောက် ပရိသတ် မများတယ် များတယ် အသံချဲ့စက်လဲ မရှိသေးတော့ အရှင်သာရိပုတ္တရာဟာ ဣဒ္ဓိဝိဓ အဘိညာဏ်နဲ့ တရားနာပရိသတ်က စကြဝဠာတိုက် အနားရောက်အောင် နတ်တွေ ဗြဟ္မာတွေ ပြည့်နေတော့ ပကတိအသံဖြင့် ပရိသတ် အစွန်ရောက်အောင် တရား မဟောနိုင်ဘူး။

အဲဒါကြောင့် ဣဒ္ဓိဝိဓ အဘိညာဉ်နဲ့ "ငါဟောလိုက်တဲ့ တရားသံကို စကြဝဠာ အနားရေးမှာ တည်ရှိတဲ့ ပရိသတ် အစွန်အဖျားတိုင်အောင်သော နတ်ဗြဟ္မာများလဲပဲ ကြားကြစေ"လို့ အဓိဋ္ဌာန်တော်မူပြီးတော့ ဣဒ္ဓိဝိဓ အဘိညာဏ် အသံချဲ့စက် တပ်ပေး ရတယ်။

အဲဒီ တရားပွဲမှာ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်ပေါက် ရောက် ကြတယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်, သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ဆိုတဲ့ အောက်မဂ်ကို ရောက်ကြတဲ့ နတ်ဗြဟ္မာတို့ရဲ့ အရေအတွက်ကား ဤရွေ့ ဤမျှ ဂဏန်းချ၍ မပြနိုင်ဘူး၊ အင်မတန် များတယ်။

---

၁။ အံ-၁၊ ၆၂-ရှိ သမစိတ္တဝဂ်ကိုပင် သမစိတ္တသုတ်ဟူ၍ လည်းကောင်း၊ သမစိတ္တပဋိပဒါ သုတ် ဟူ၍လည်းကောင်း ရှေးအဋ္ဌကထာ ဆရာမြတ်တို့ သုံးစွဲ ခေါ်ဝေါ်ကြသည်။ အံ၊ ဋ္ဌ၊ ၂။ ၃၀။ ၃၉။ ဒီ၊ ဋ္ဌ၊ ၂။ ၁၃၉-၄၀။ ဝိ-ဋ္ဌ၊ ၁။ ၅၈။

http:\\www.dhammadownload.com



အညေသု စ ဌာနေသု အနေကာ အဘိသမယာ ဒိဿန္တိ။

အညေသု စ=ဤမှ တစ်ပါးလည်း ဖြစ်ကုန်သော။ ဌာနေသု=အရပ်ဌာနတို့၌။ အနေကာ=တစ်ပါးမက များလှကုန်သော။ အဘိသမယာ=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းတို့သည်။ ဒိဿန္တိ=ထင်ကုန်၏။

ထေရေ စ စိတ္တံ ပသာဒေတွာ သင်္ဂေ နိဗ္ဗတ္တာနေဝ အသီတိ ကုလသဟဿာနိ။

စ=အထူးကား။ ထေရေ=မထေရ်မြတ်၌။ စိတ္တံ=စိတ်သည်။ ပသာဒေတွာ=သဒ္ဒါရွှမ်းစို ကြည်ညိုကုန်ကြသည်ဖြစ်၍။ အသီတိ ကုလသဟဿာနိ=အိမ်ထောင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည်။ သင်္ဂေ=နတ်ပြည်၌။ နိဗ္ဗတ္တာနိ ဧဝ=ဖြစ်ကြကုန်သည်သာတည်း။

အရှင်သာရိပုတ္တရာကို သဒ္ဒါရွှမ်းစို ကြည်ညိုကြတဲ့အတွက် အိမ်ထောင်ပေါင်း ရှစ်သောင်းလေးထောင် နတ်ပြည်ကို ရောက်ကြတယ်။

သော ဒါနိ သကမာတု မိစ္ဆာဒဿနမတ္တမ္ပိ ဟရိတုံ နာသက္ခိ။

သော=ထို ရှင်သာရိပုတ္တရာ မထေရ်သည်။ (တခြားတစ်ပါးသော ပုဂ္ဂိုလ်တွေအတွက် ဘယ်လောက်ပင် မင်္ဂဖိုလ်ကျေးဇူး ဖြန့်ဖြူးစေကာမူ) ဒါနိ=ယခုအခါမှာ။ သကမာတု=မိမိမွေးမယ်တော်၏။ မိစ္ဆာဒဿနမတ္တမ္ပိ=မိစ္ဆာ အယူမျှကိုလည်း။ ဟရိတုံ=ပယ်ရှားခြင်းငှာ။ နာသက္ခိ=မတတ်နိုင်ခဲ့ဘူး။ ဣတိ=ဤသို့။ ဝတ္တာရော=အပြစ်တင်စကား ပြောကြားတဲ့ ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ=အထင်အရှား အများကြီး ပေါ်ပေါက်ကြလိမ့်မယ်။

အကယ်၍သာ မယ်တော်ကြီးကို ငါတရားမဟောဘဲနဲ့ ကြောင့်ကြမဲ့ နေသွားယင် ယခုကဲ့သို့ အပြစ်တင်စကား ပြောကြားမယ့် ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လိမ့်မယ်။

တသ္မာ မာတရံ မိစ္ဆာဒဿနာ မောစေတွာ ဇာတောဝရကေယေဝ
ပရိနိဗ္ဗာယိဿာမိ။

တသ္မာ=သို့ရကား။ မာတရံ=မွေးသမိခင် ကျေးဇူးရှင်ကို။ မိစ္ဆာဒဿနာ=မိစ္ဆာအယူမှ။ မောစေတွာ=လွတ်မြောက်စေ၍။ ဇာတောဝရကေယေဝ=ငါရဲ့မွေးဖွားရာ တိုက်ခန်း၌ပင်လျှင်။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော့မယ်။

ဒီကနေ့က နောက် ခုနစ်မြောက် ပရိနိဗ္ဗာန် စံရမှာကလဲ ကပ်နေပြီ။ အဲဒီတော့ ကနေ့ သွားမှ။ သာဝတ္ထိကနေပြီး ရာဇဂြိုဟ်ဆိုတာ ယူဇနာကိုက ၄၅-ယူဇနာ အင်မတန်

http:\\www.dhammadownload.com



ဝေးတဲ့ ခရီးပါ။ တစ်ယူဇနာလျှင် ၁၂-မိုင် ဝေးတယ်။ အဲဒီတော့ မိုင်ပေါင်း ၅၀၀ လောက် ဝေးတဲ့ခရီးကို ဆိုတော့ ဒါ ခုနစ်ရက်လောက် ကြွတင်သွားမှ ကိုယ်တော် ပရိနိဗ္ဗာန် စံမယ့်နေ့နဲ့ အတော်ကျမယ်။ အဲဒါနဲ့ ရှင်သာရိပုတ္တရာ ဆက်ပြီးတော့ ဘာ စဉ်းစားမိသလဲ ဆိုတော့ -

## အရှင်သာရိပုတ္တရာ ဘုရားထံ ခွင့်ပန်ခြင်း

အဇ္ဇေဝ ဘဂဝန္တံ အနုဇာနာပေတွာ နိက္ခမိဿာမိ။

အဟံ=ငါသည်။ အဇ္ဇေဝ=ယနေ့ပင်လျှင်။ ဘဂဝန္တံ=မြတ်စွာဘုရားကို။ အနုဇာနာ ပေတွာ=ခွင့်ပြုစေ၍။ နိက္ခမိဿာမိ=ထွက်မှပဲ။

သာဝတ္ထိက ထွက်မှာပဲ။ ခုနစ်ရက်ဆိုယင် မနည်း ခရီးပြင်းသွားရမယ်။ အဲဒီလို ဆင်ခြင် စဉ်းစားပြီးတဲ့နောက် သူ့ညီဖြစ်တဲ့ အရှင်စုန္ဒ ရဟန္တာမထေရ်ကို ခေါ်ပြီးတော့-

အာဝုသော စုန္ဒ အမှာကံ ပဉ္စသတာယ ဘိက္ခုပရိသာယ သညံ ဒေဟိ။

အာဝုသော စုန္ဒ=ငါ့ရှင် စုန္ဒ။ အမှာကံ=ငါတို့၏ ပဉ္စသတာယ ဘိက္ခုပရိသာယ= ငါးရာ အတိုင်းအရှည်ရှိသော ရဟန်းပရိသတ်အား။ သညံ=အမှတ်အချက်ကို။ ဒေဟိ= ပေးလော့။

ငါ့ရှင်စုန္ဒ=ငါတို့ရဲ့ ပရိသတ်ဖြစ်တဲ့ ရဟန်းငါးရာကို အချက်ပေးပါတော့၊ အမှတ် ပေးတော့။ ဘယ်လို ပေးရမလဲ။

ဂဏှထာဝုသော ပတ္တစီဝရာနိ၊ ဓမ္မသေနာပတိ နာလကဂါမံ ဂန္တုကာမောတိ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့။ ပတ္တစီဝရာနိ=မိမိတို့ရဲ့ သပိတ် သင်္ကန်း တို့ကို။ ဂဏှထ=ယူဆောင်ကြကုန်။ ဓမ္မသေနာပတိ=တရားစစ်မှူးဖြစ်တဲ့ အရှင်သာရိ ပုတ္တရာသည်။ နာလကဂါမံ=ဖွားတော်မူရာ နာလကရွာသို့။ ဂန္တုကာမော=ကြွခြင်းငှာ အလိုရှိ၏။ ဣတိ=ဤသို့။ သညံ=အမှတ်အချက်ကို။ ဒေဟိ=ပေးပါလော့။

ငါ့ရှင်စုန္ဒ ... ဒို့ရဲ့ ပရိသတ်ဖြစ်တဲ့ ရဟန်းငါးရာကို "ငါ့ရှင်တို့၊ သပိတ် သင်္ကန်း များ ယူကြ၊ ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ မထေရ် မြတ် နာလက ခေါ်တဲ့ ဖွားတော်မူရာ နေရပ်သို့ ကြွတော်မူလိုတယ်" အဲဒီလို အမှတ် အချက် ပေးလိုက်ပါဆိုတော့ -

ရှင်စုန္ဒကလဲပဲ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်း ငါးရာနေတဲ့ ကမ္မဋ္ဌာန်း ကျောင်း ကလေးတွေ လိုက်ပြီးတော့ -

http:\\www.dhammadownload.com



"ငါ့ရှင်တို့၊ သပိတ်သင်္ကန်းများ မြန်မြန်ပြင်ပြီးတော့ ယူကြ၊ စုဝေးကြ၊ ဓမ္မသေနာပတိ ငါရဲ့ နောင်တော်ကြီး ရှင်သာရိပုတ္တရာ မထေရ်သည် ဖွားတော်မူရာ နာလကမြို့သို့ ကြွမလို့ " –

ဆိုတော့ ခဏအတွင်းမှာပဲ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်း ငါးရာဟာ မိမိတို့ အိပ်ရာတွေ သိုမှီးသိမ်းဆည်းခဲ့ပြီးတော့ သပိတ် သင်္ကန်းယူ၊ အရှင်သာရိပုတ္တရာထံမှာ အားလုံးညီမျှ စုဝေးမိကြတယ်။ ရဟန်းငါးရာ အားလုံးစုံတော့မှ အရှင်သာရိပုတ္တရာက မိမိရဲ့ နေ့သန့်တဲ့ နေရာကလေး ထပ်ပြီး တံမြက်လှည်းတယ်။ လှည်းပြီးတော့မှ အဲဒီ နေ့သန့်တဲ့ နေရာကလေးရဲ့ တံခါးဝက ရပ်ပြီးတော့ –

ဣဒံ ဒါနိ ပစ္ဆိမဒဿနံ၊ ပုန အာဂမနံ နတ္ထိ။

ဒါနိ ဣဒါနိ=ယခုအခါ၌။ ဣဒံ ဒဿနံ=ဤယခု နေ့သန့်ရာ နေရာကလေးကို ကြည့်ခြင်းသည်။ ပစ္ဆိမဒဿနံ=နောက်ဆုံး ကြည့်ခြင်းပါပေ။ ပုန=တစ်ဖန်။ အာဂမနံ= လာရောက်ခြင်းသည်။ နတ္ထိ=မရှိတော့ဘူး။

အခု တစ်ကြိမ် ငါရဲ့ နေ့သန့်ရာ ဒီနေရာလေးကို ကြည့်ခြင်းဟာဖြင့် နောက်ဆုံး ကြည့်ခြင်းပဲ။

အဲဒီလို သူ နေ့သန့်ရာ နေရာကလေး နှုတ်ဆက်တဲ့သဘော ပြောဆိုပြီးတော့ သူ့ တပည့်ရဟန်း ငါးရာ ခြံရံ၍ မြတ်စွာဘုရား သီတင်းသုံးတဲ့ ဇေတဝန် ကျောင်းတိုက် တော်က အလယ်ခေါင်မှာ ရှိတဲ့ ဓမ္မသာလာ တရားခန်းမဆောင် ရဟန်းပရိသတ်တို့ရဲ့ အစည်းအဝေးမှာ ဝင်ပြီးတော့ သူ့ပရိသတ် ရဟန်းငါးရာ နဲ့တကွ ဝင်ရောက်ပြီး မြတ်စွာ ဘုရားကို ရိုသေမြတ်နိုး ရှိခိုး အပြစ်လွှတ်တဲ့ နေရာက ထိုင်ပြီးတော့ –

## အာယုသင်္ခါရလွှတ်ပုံ

အနုဇာနာတု မေ ဘန္တေ ဘဂဝါ၊
အနုဇာနာတု သုဂတော။
ပရိနိဗ္ဗာနကာလော မေ၊
ဩဿဋ္ဌော မေ အာယုသင်္ခါရော။

ဘဂဝါ=ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရားသည်။ မေ=တပည့်တော်အား။ အနုဇာနာတု=ခွင့်ပြုတော် မူစေချင်ပါသည်ဘုရား။ သုဂတော=ကောင်းသော စကား မိန့်ကြား၍ ကောင်းသော နိဗ္ဗာန်သို့ ကြွချီတော်မူသော မြတ်စွာဘုရားသည်။ မေ=တပည့်

http:\\www.dhammadownload.com



တော်အား။ အနုဇာနာတု=ခွင့်ပြုတော် မူစေချင်ပါသည်ဘုရား။ မေ=တပည့်တော်အဖို့။ ပရိနိဗ္ဗာနကာလော=ပရိနိဗ္ဗာန် ဝင်စံဖို့ရန် အချိန်တန်ခဲ့ပါပြီဘုရား။ မေ=တပည့်တော် သည်။ အာယုသင်္ခါရော=အာယုသင်္ခါရကို။ ဩဿဋ္ဌော=စွန့်လွှတ်အပ်ပါပြီဘုရား။

ဟောဒီနေရာကျတော့ အာယုသင်္ခါရကို လွှတ်တယ်တဲ့။ "အာယုသင်္ခါရကို လွှတ်တယ်" ဆိုတာ ဘာကို ဆိုလိုတာလဲ။ စောစောကပြောတဲ့ "ငါ့ရဲ့ အာယုသင်္ခါရသည် ခုနစ်ရက်သာ ရှိတော့တယ်။ ခုနစ်ရက် ဟိုဘက်မှာ အာယုသင်္ခါရ မရှိတော့ဘူး"ဆိုတဲ့ အဲဒီစကားထဲမှာ ပါတဲ့ အာယုသင်္ခါရဆိုတာ ကံကြောင့်ဖြစ်တဲ့ ရုပ်ဇီဝိတသန္တာန်အစဉ်ကို အာယုသင်္ခါရ ခေါ်တယ်။

## ဗုဒ္ဓ၏ အာယုသင်္ခါရ

အဲဒီ ရုပ်ဇီဝိတသန္တာန် အစဉ်မပြတ်မှ သေမသွားမှာ။ အဲဒီလို မပြတ်အောင်ကလဲပဲ "အာယုပါလက ဖလသမာပတ်" ဆိုတာ ဝင်စားတော်မူရတယ်။ အဲထူးသဖြင့် မြတ်စွာ ဘုရားကို ကြည့်ရအောင်။ မြတ်စွာဘုရားကို ကြည့်လို့ရှိယင် မြတ်စွာဘုရားဟာ ၄၅- ဝါမြောက် ဝေသာလီပြည် ဝေဠုဝရွာငယ်မှာ ဝါကပ်တယ်၊ ၄၅-ဝါမြောက်။

အဲဒီ ဝါကပ်လဲ ပြီးရော၊ ဘုရားကိုယ်မှာ ဖွဲ့ရောက်လာတဲ့ ဝေဒနာဟာ အသက်ကို ခြွေနိုင်လောက်အောင် ပြင်းထန်ပါတယ်။ ပြင်းထန်လို့ ဒီအတိုင်းသာ လျစ်လျူရှုထား လိုက်ယင် ကိုယ်တော်ရဲ့ ဇီဝိတသန္တာန် ခြွေပြီးတော့ ဒီဝေဠုဝရွာငယ်မှာပဲ ဘုရား ပရိနိဗ္ဗာန် စံရမယ်။

အဲဒီတော့ "ဩော် - ငါ့သန္တာန် အသက်ကို ခြွေလောက်တဲ့ ရောဂါဝေဒနာတော့ ရောက်ပြီ၊ ငါ့ရဲ့ ဗုဒ္ဓကိစ္စ ပြီးပြီလားလို့ စဉ်းစားတယ်။ "ဗုဒ္ဓဝေနေယျ ကုန်ပြီလား". မကုန်သေးဘူး။ ဗုဒ္ဓဝေနေယျတွေ ဘယ်ကနေ့မှ ကုန်မလဲလို့ဆိုတော့ အဲဒီ ဝါဆိုလပြည့် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လပြည့် တိုင်အောင် ၁၀-လပြည့်မှ ကိုယ်တော်ရဲ့ မျက်မှောက်သာဝက ကျွတ်တမ်းဝင်မယ့် သာဝကတွေ ကုန်မယ်။

ဟာ-ဒါဖြင့် အရေးကြီးလှပေါ့ပဲ၊ ဟုတ်လား၊ သူတို့ရှိရာကို မြန်မြန်သွားပြီး မြန်မြန် ချေချွတ်၊ ဒီလိုလုပ်လို့လဲပဲ အဲဒီသာဝကတို့ရဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာဆိုတဲ့ ဣန္ဒြေ တွေ မရင့်သန်သေးဘဲ သွားပြီး တရားဟောလို့လဲ မကျွတ်နိုင်ဘူး။ အဲဒီတော့ သူ့အချိန်နဲ့ သူဆိုတော့ ဆယ်လ ထိအောင် ဘုရားက ဆိုင်းနေရဦးမယ်။

http:\\www.dhammadownload.com



ဒီအတိုင်းသာ လျစ်လျူရှုထားယင် ဆယ်လထိအောင် ကိုယ်တော်ရဲ့ ဇီဝိတိန္ဒြေ သင်္ခါရ မပါနိုင်ဘူး။ ဒီဝါတွင်ပဲ ပရိနိဗ္ဗာန် စံနိုင်တယ်။ အဲဒီတော့ ဘယ်နှယ်လုပ်ရ မတုန်းဆိုတော့ ကိုယ်တော်ရဲ့ ဇီဝိတသင်္ခါရ ပြတ်မသွားအောင် ဖလသမာပတ်နဲ့ ဇီဝိတ သင်္ခါရကို ထိန်းပေးရတယ်။

## ဖလသမာပတ် သုံးမျိုး

ဒီနေရာမှာ ဘုန်းကြီးတို့စာထဲ အခေါ် ဖလသမာပတ် သုံးမျိုးလို့ ရှိတယ်။

(၁)**မဂ္ဂါနန္တရဖလသမာပတ်** = အရိယာပုဂ္ဂိုလ်များ မဂ္ဂဝီထိ ကျပြီးတဲ့နောက် မဂ်၏ အခြားမဲ့မှာ ဖြစ်တဲ့ ဖိုလ် နှစ်ကြိမ် သုံးကြိမ်ကို မဂ္ဂါနန္တရ ဖလသမာပတ်၊ မဂ်၏ အခြားမဲ့မှာ သုံးကြိမ်ဖြစ်တဲ့ ဖိုလ်ပေါ့။ ဒါကို မဂ္ဂါနန္တရ ဖလသမာပတ်လို့ခေါ်တယ်။

(၂)**ဝလဥ္စန ဖလသမာပတ်** = ရဟန္တာ ပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ် ရောက်ပြီးတဲ့နောက် ပရိနိဗ္ဗာန် မစံမီ ကြားကာလမှာ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစား သုံးဆောင်သော အနေနဲ့ အချိန်ရသလောက် အခွင့်ရသလောက် ဖလသမာပတ်ကို ဝင်စားတယ်၊ အဲဒီ ဝင်စားတဲ့ ဖလသမာပတ်မျိုးကို ပါဠိလို "ဝလဥ္စန ဖလသမာပတ်"၊ မြန်မာလို တော့ နိဗ္ဗာန်ရဲ့ အရသာကို အသုံးအစွဲပြုတဲ့ ဖလသမာပတ်လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားဟာ အဲဒီ ဝလဥ္စန ဖလသမာပတ် နိဗ္ဗာန်ရဲ့ သန္တိအရသာကို သုံးစွဲတဲ့ ဖလသမာပတ် ဘယ်လောက်များ သုံးစွဲသလဲဆိုယင် -

> စိတ္တိသရာ ဟိ ဗုဒ္ဓါ ဘဂဝန္တော ဓမ္မံ ဒေသေန္တာပိ ယံ မုဟုတ္တံ တုဏှီ ဘဝိတဗ္ဗံ ဟောတိ။ တံ မုဟုတ္တမ္ပိ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ၊ ပဂေဝ အညသ္မိံ ကာလေ။
>
> (အဋ္ဌသာလိနီ မူလဋီကာ။ နှာ ၄၈။)

ဟိ=မှန်၏။ စိတ္တိသရာ=စိတ္တိသရိယ ဘုန်းတော်ရှင် ဖြစ်တော်မူကြကုန်သော။ ဘဂဝန္တော=ဘုန်းတော် ခြောက်ပါး ရှိတော်မူကြကုန်သော။ ဗုဒ္ဓါ=ဘုရားရှင်တို့သည်။ ဓမ္မံဒေသေန္တာပိ=တရားဟောခိုက် ဖြစ်ကုန်သော်လည်း။ ယံ မုဟုတ္တံ=အကြင်မုဟုတ်ပတ် လုံး။ တုဏှီ ဘဝိတဗ္ဗံ=ဆိတ်ဆိတ်နေသင့်သည်။ ဟောတိ=ဖြစ်၏။ တံ မုဟုတ္တမ္ပိ=တရား ဟောခိုက် တရားနာပရိသတ်တို့က သာဓု အနုမောဒနာ ခေါ်နေခိုက်ဖြစ်၍ ဆိတ်ဆိတ် နေရမယ့် အဲဒီ ခဏမှာပင်သော်လဲပဲ။ ဖလသမာပတ္တိံ=ဖလသမာပတ်ကို။ သမာပဇ္ဇန္တိ= ဝင်စားတော်မူကြကုန်၏။ အညသ္မိံ ကာလေ=တစ်ပါးသော အခါ၌။ ပဂေဝ=အဘယ်ဆို

http:\\www.dhammadownload.com



ဖွယ်ရာ ရှိပါအံ့နည်း။

စိတ္တိဿရိယ ဘုန်းတော်ရှင်ဖြစ်တော့ ... ကိုယ်တော့်စိတ်ကို အစိုးရတယ်။ တရားနာပရိသတ်တွေ တရားဟောတုန်း သဘောကျလို့ သာဓုအနုမောဒနာ သုံးကြိမ် ခေါ်တဲ့ အဲဒီ အချိန်လေးမှာတောင်မှ စိတ္တိဿရိယ ဘုန်းတော်ရှင်ဆိုတော့ ဖလသမာပတ်ကို ဝင်စားမိအောင် ဝင်စားလိုက်သေးတယ်။

အဲဒီလို ဝင်စားပြီးတော့ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစား သုံးဆောင်တော်မူတယ်။ အဲဒီလို သုံးဆောင်တဲ့ ဖလသမာပတ်မျိုးကို "ဝလဥ္ဇန ဖလသမာပတ်" သို့ ... ဒါ ၂-နံပါတ် မှတ်ထားရမယ်။ အဲဒီက နောက် -

(၃) **အာယုပါလက ဖလသမာပတ်** = အာယုသင်္ခါရလို့ ခေါ်တဲ့ ဖလသမာပတ်၊ အာယုပါလကလို့ ခေါ်တဲ့ ဖလသမာပတ်၊ ဇီဝိတသန္တာန်ကို ပြတ်မသွားအောင် ထိန်းထားတဲ့ ဖလသမာပတ်လို့ ဆိုလိုပါတယ်။

အဲ - မြတ်စွာဘုရားဟာ ဒီ မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ဝေဠုဝရွာမှာ ဝါကပ်ကတည်းက ဒီ ဇီဝိတိန္ဒြေ ကြွေနိုင်လောက်တယ်၊ ကြွေသွားမယ့် ဇီဝိတိန္ဒြေကို ဆယ်လကြာ ဆက်ပြီးတော့ သန္တာန်ဆက်၍ အသက်ရှည်နိုင်အောင် အာယုပလက ဖလသမာပတ်နဲ့ ထိန်းထားရပါတယ်။ အဲဒီ အာယုပါလက ဖလသမာပတ်ကျတော့ ရှေ့မဂ္ဂါနန္တရ ဖလသမာပတ်၊ ဝလဥ္ဇန ဖလသမာပတ်တို့လို မဟုတ်တော့ဘူး။

ရှေ့ ဝလဥ္ဇန ဖလသမာပတ်တုန်းကတော့ သာမန်အားဖြင့် တေဘူမက သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာ ရှုလိုက်ယင် ဖလသမာပတ္တိ ဝီလိဆက်ကျပြီးတော့ ဖိုလ်ဇောတွေ အလျှင်မပြတ် ဖြစ်တယ်။ အဲဒါမျိုးကို "ခဏိက ဖလသမာပတ်"လို့ ခေါ်တယ်။ ကိုယ်တော် အလိုရှိတဲ့အချိန်မှာ ဖလသမာပတ်ကို ခဏအတွင်း ဝင်စားလိုက်တယ်၊ အဲဒီ ခဏိက ဖလသမာပတ်၊ ဝလဥ္ဇန ဖလသမာပတ်ကတော့ သမာပတ် ဝင်စားနေတဲ့ အတွင်းမှာ ဇီဝိတိန္ဒြေ ပြတ်မသွားအောင် ထိန်းနိုင်တယ်။ သမာပတ်ဝင်စားပြီးလို့ သမာပတ်ကလဲ ထရော၊ ရောဂါဝေဒနာကို မဖြစ်အောင် မထားနိုင်ဘူး။

လောကဥပမာအားဖြင့် မှော်သေးထူထပ်တဲ့ ရေကန်ထဲ ခဲချလိုက်တော့ ခဲကျတုန်းပဲ မှော်ဟာ ရှဲတယ်။ ခဲလဲကျပြီးရော တစ်ခါတည်း မှော်ဟာ ဖုံးမြဲ ဖုံးသလို အဲဒီလို နေထိုင်မကောင်းတဲ့အခါ ခဏိက ဖလသမာပတ် ဝင်စားလိုက်ယင် ဖလသမာပတ် ဝင်စားနေတုန်း အခိုက်မှာတော့ အဲဒီ ရောဂါဝေဒနာ မှော်တွေဟာ ရှဲနေတာ ဖလသမာ

http:\\www.dhammadownload.com



ပတ်လဲပဲ ပြတ်သွားရော ရောဂါဝေဒနာ ပြန်ပြီးတော့ ဒီကိုယ်ခန္ဓာ နိုပ်စက်တယ်၊ အဲဒီ ခဏိက ဖလသမာပတ်နဲ့ မရဘူး ... တဲ့။

**အာယုပါလက ဖလသမာပတ်**

အာယုပါလက ဖလသမာပတ်=အာယုသင်္ခါရခေါ်တဲ့ ဖလသမာပတ်၊ ဖလသမာပတ်ကိုပင် အာယုသင်္ခါရလို့ ခေါ်ရတဲ့နေရာ ပြောချင်လို့၊ အဲဒီ အာယုပါကလ ဖလသမာပတ် ဝင်စားမယ်ကြံတော့ ဟို ... မဟာဗောဓိပင်ရင်းတုန်းက တကတည်း ကုဋေသုံးသန်း ခြောက်သိန်းသော မဟာဝဇိရဝိပဿနာဉာဏ် အခြေခံပြီးတော့ မဂ္ဂဝီထိ ကျတယ်။ အဲဒီ မဟာဗောဓိပင်တုန်းက သုံးသပ်တဲ့ မဟာဝဇိရ ဝိပဿနာ ဉာဏ်မျိုး အခြေခံပြီးတော့ ဝင်စားရတယ်၊ အာယုပါလက ဖလသမာပတ် ဝင်စားချင်ယင် -

**မဟာဝဇိရဝိပဿနာဉာဏ်**

အေး ... စကြဝဠာ တိုက်ပေါင်း ကုဋေတစ်သိန်း၊ စကြဝဠာတစ်တိုက် တစ်တိုက်မှာ ရှိကြတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေကို လူ နတ် ဗြဟ္မာ သတ္တဝါဆိုတဲ့ ပညတ်က ခွာပြီးတော့ ပရမတ္ထ တရားသား ဘုရားတို့ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တော့ -

"အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ" လို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး တရားအစုပဲ ရှိတယ်။

ဒီတော့ စကြဝဠာ တစ်တိုက် တစ်တိုက်မှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး တရားအစုဆိုတော့ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း၊ အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊ သင်္ခါရပေါင်း ကုဋေတစ်သိန်း၊ ဝိညာဏ်ပေါင်း ကုဋေတစ်သိန်း၊ နာမ်ရုပ်ပေါင်း ကုဋေတစ်သိန်း၊ သဠာယတနပေါင်း ကုဋေတစ်သိန်း၊ ဖဿပေါင်း ကုဋေတစ်သိန်း၊ ဝေဒနာပေါင်း၊ တဏှာပေါင်း၊ ဥပါဒါန်ပေါင်း၊ ဘဝပေါင်း ကုဋေတစ်သိန်း၊ ဇာတိပေါင်း ကုဋေတစ်သိန်း၊ ဇရာမရဏပေါင်း ကုဋေတစ်သိန်းလို့ ဝိပဿနာဘူမိ=ဘုရားကိုယ်တော်မြတ်ရဲ့ ဝိပဿနာဉာဏ် ပညတ်တောရဲ့ ကျက်စားရာ တရားပေါင်းဟာ ကုဋေ တစ်သန်း နှစ်သိန်း သွားပြီးတော့ ရတယ်။

အဲဒီ ကုဋေတစ်သန်း နှစ်သိန်းသော ဝိပဿနာ ဘူမိသမ္ဘာရနာစာရ တရားတွေမှာမှ တစ်ပါးတစ်ပါးလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စလို့ သိဟဲ့ဉာဏ်၊ ဒုက္ခလို့ သိတဲ့ဉာဏ်၊

http:\\www.dhammadownload.com



အနတ္တလို့ သိတဲ့ဉာဏ်၊ တရားတစ်ခု တစ်ခုလျှင် ဘာမှ ပေယျာလ မခံဘဲနဲ့ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ" လို့ တရားလုံးစေ့ ဝိပဿနာနှလုံး သုံးပါတယ်။ အဲဒီလို သုံးလို့ ကုဋေတစ်သန်းနှစ်သိန်းမှာ အနိစ္စဝိပဿနာ ဉာဏ်ပေါင်းက ကုဋေ တစ်သန်းနှစ်သိန်း + ဒုက္ခဝိပဿနာ ဉာဏ်ပေါင်းက ကုဋေတစ်သန်းနှစ်သိန်း + အနတ္တ ဝိပဿနာ ဉာဏ်ပေါင်းက ကုဋေတစ်သန်းနှစ်သိန်း= သုံးရပ်ပေါင်းတော့ ကုဋေသုံးသန်း ခြောက်သိန်းသော မဟာဝဇိရ ဝိပဿနာဉာဏ်တော်နဲ့ အခြေခံပြီးတော့ သမ္မာသမ္ဗောဓိ ခေါ်တဲ့ သဗ္ဗညုတဉာဏ် အထွတ်တပ်သော မဂ်ဉာဏ်လေးရပ်ကို ရောက်တော်မူခဲ့တယ်။

အဲဒီ မဟာဗောဓိပင်တုန်းက ဝိပဿနာအကျယ် နှလုံးသွင်းသလို အခုလဲပဲ ဇီဝိတ သန္တာန်တော် ပြတ်မသွားအောင် ဖလသမာပတ် ဝင်စားမယ်ကြံတော့ မဟာဗောဓိပင်ရင်း တုန်းက ကျင့်သုံးခဲ့တဲ့ မဟာဝိပဿနာ အခြေခံ၍ ဝင်စားတဲ့ ဖလသမာပတ်၊ အဲဒီ ဖလသမာပတ်ကျတော့ ခဏိကဖလသမာပတ်လို မဟုတ်ဘူး။ ဝိပဿနာ အခြေခံ ဝီရိယ ကောင်းတယ်။ အဲဒီ အခြေခံ ဝိပဿနာ ဝီရိယ အားကောင်းလို့ ဖလသမာပတ် ဝီရိယ ကလဲ အားကောင်းတယ်။ အဲဒီ ဖလသမာပတ် အခြေခံ ဝိပဿနာနဲ့ ယှဉ်တဲ့ ဝီရိယ၊ ဖလသမာပတ်နဲ့ ယှဉ်တဲ့ ဝီရိယ၊ အဲဒီ ဝီရိယ နှစ်ပါး။

အေး ... တရား တစ်လုံးထဲ လက်ညှိုးထိုးပြ ရလို့ရှိယင် အဲဒီလို ဝင်စားတဲ့ ဖလသမာ ပတ်ကို အာယုပါလက ဖလသမာပတ်လို့ ခေါ်တယ်။ အဲဒီ အာယုပါလက အသက်တော် ကို စောင့်ထိန်းထားတဲ့ ဖလသမာပတ်၊ ဒီဖလသမာပတ်ကိုပင်လျှင် အာယုသင်္ခါရ တဲ့။ မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူတယ်ဆိုတာဟာ တခြား မဟုတ်ဘူး။

ငါ - ကဆုန်လပြည့် ရောက်ရုံပဲ၊ အာယုပါလက ဖလသမာပတ်ကို ဝင်စားတော့ မယ်၊ ကဆုန်လပြည့်နေ့ နောက်ဆုံး ဝေနေယျ သုဘဒ္ဒကိုလဲ ချွတ်ပြီးရော၊ အာယုပါလ က ဖလသမာပတ်ကို ငါဘုရား မဝင်စားတော့ဘူး -

လို့ စိတ်တော်ကို ဒုန်းဒုန်း ဆုံးဖြတ်ချက် ချလိုက်တာကို "အာယုသင်္ခါရလွှတ်တယ်" ဒီလို ခေါ်တာနော်။ အဲ ကြက်ကလေး ငှက်ကလေးကို လက်ထဲကနေပြီး သွားရော့လို့ လွှတ်လိုက်တဲ့ အလွှတ်မျိုး မဟုတ်ဘူး။

အာယုပါလက ဖလသမာပတ်ကို မဟာသက္ကရာဇ် ၁၄၇-ခုနှစ်၊ ကဆုန်လပြည့်နေ့ နောက်ဆုံး ဝေနေယျဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ်ကို ချေချွတ်ပြီးရုံသာ ဝင်စားတော့မယ်၊ အဲဒီ နောက် မဝင်စားတော့ဘူးလို့ စိတ်တော်ကို ဒုန်းဒုန်း ဆုံးဖြတ်ချက် ချလိုက်ခြင်းကို

http:\\www.dhammadownload.com



"အာယုသင်္ခါရ လွှတ်တယ်"လို့ ခေါ်တာ။ အဲဒီ အာယုသင်္ခါရ လွှတ်တယ်ဆိုတဲ့ နေရာက အာယုသင်္ခါရဆိုတာ အာယုပါလက ဖလသမာပတ် ခေါ်ပါတယ်။

## အရှင်သာရိပုတ္တရာက ဘုရားထံ လျှောက်ပုံ

အခု အရှင်သာရိပုတ္တရာ လျှောက်နေတယ်။

"မြတ်စွာဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်စံဖို့ အချိန်တန်ပြီ၊ အာယုသင်္ခါရကို တပည့်တော် လွှတ်ပြီးပြီ ဘုရား"၊ "လွှတ်" ဆိုတာကလဲ အာယုပါလက ဖလသမာပတ်ကို လိုအပ်လျှင် –

"ငါသည် ယနေ့ကနောက် ငါ့ရဲ့မွေးရာ နာလကရွာရောက်လို့ မယ်တော်ကို ချေချွတ်ပြီးတဲ့ အချိန်လောက်ရုံပဲ အာယုပါလက ဖလသမာပတ် ငါဝင်စားမယ်၊ အဲဒီနောက် မဝင်စားတော့ဘူး"

လို့ စိတ်ကို ဒုန်းဒုန်းချလိုက်ခြင်းကို "အာယုသင်္ခါရ လွှတ်တယ်" လို့ ဒီလိုခေါ်တာ။

မြတ်စွာဘုရားကို လျှောက်တာ စကား လေးခွန်းနော်။

(၁) ဘဂဝါဂုဏ်ရှင် မြတ်စွာဘုရား၊ တပည့်တော်အား ခွင့်ပြုတော်မူပါ။

(၂) သုဂတဂုဏ်ရှင် မြတ်စွာဘုရား၊ တပည့်တော်အား ခွင့်ပြုတော်မူပါ။

(၃) တပည့်တော်အဖို့ ပရိနိဗ္ဗာန်စံဖို့ အချိန်တန်နေပါပြီ။

(၄) တပည့်တော်သည် အာယုသင်္ခါရကို လွှတ်ပြီးပါပြီ ဘုရား –

လျှောက်တော့ မြတ်စွာဘုရားက

ပရိနိဗ္ဗာဟိ သာရိပုတ္တ၊

သာရိပုတ္တ=ချစ်သား သာရိပုတ္တ။ ပရိနိဗ္ဗာဟိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းလော့။

အကယ်၍များ အဲဒီလို ခွင့်ပြုလိုက်မယ် ဆိုပါစို့။

"အေး ... ချစ်သား သာရိပုတ္တ ပရိနိဗ္ဗာန် စံတော့" လို့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်မယ် ဆိုယင်လဲပဲ သာသနာပြင်ပ ဘုရားကို အပြစ်ရှာဖို့ရန် ဆီလို အပေါက်ရှာနေတဲ့ ဝါဒတစ်ပါးက ပုဂ္ဂိုလ်တွေက –

ကြည့်စမ်း၊ ရဟန်း ဂေါတမဟာ သူ့တပည့်တွေကို အသေခိုင်းတယ်၊ သေခြင်းရဲ့ ကျေးဇူး ချီးမွမ်းတယ် –

ဆိုပြီးတော့ တတိယ ပါရာဇိက သိက္ခာပုဒ် ပညတ်ချက်နဲ့ လာပြီးတော့ အပြစ်တင်စကား

http:\\www.dhammadownload.com



ပြောလိမ့်အုန်းမယ်။ ဟာ-ဒါဖြင့်ယင် ကောင်းပြီ၊ "ချစ်သား ပရိနိဗ္ဗာန် မစံနဲ့အုန်း"လို့-မှာ ပရိနိဗ္ဗာဟိ သာရိပုတ္တရာ။

"ပရိနိဗ္ဗာန် မစံနဲ့အုန်း ချစ်သား သာရိပုတ္တရာ"

လို့ အဲဒီလိုများ ပြောလိုက်ပြန်တော့လဲပဲ သံသရာဝဋ်ရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းတယ်၊ တစ်ဘက်က သံသရာဝဋ်ထဲ ကျင်လည်နေရတာကို ဟုတ်လား၊ အကျင်လည် ခိုင်းတယ်လို့ ဟောဒီလိုကလဲပဲ အစွန်းက မလွတ်ဘူး။

"ပရိနိဗ္ဗာန်စံတော့" ဆိုယင်လဲပဲ သေဖို့ရန် တိုက်တွန်းတယ်လို့ အပြစ်တင်လိမ့်မယ်၊ "ပရိနိဗ္ဗာန် မစံနှင့်အုန်း" ဆိုယင်လဲပဲ သံသရာဝဋ်ဒုက္ခထဲ ချစ်သား လည်အုန်းဆိုတာနဲ့ အဲဒီလို လာပြီးတော့ အပြစ်တင်လိမ့်မယ်။ နှစ်ဘက် အစွန်းမလွတ်လို့ မြတ်စွာဘုရားက ဘာ အမိန့်ရှိလိုက်သလဲ။

## ပရိနိဗ္ဗာန်စံရန် မြတ်စွာဘုရား အမိန့်ရှိပုံ

ကတ္ထ ပရိနိဗ္ဗာယိဿသိ သာရိပုတ္တ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ။ တွံ=သင်ချစ်သားသည်။ ကတ္ထ=အဘယ်အရပ်၌။ ပရိနိဗ္ဗာယိဿသိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းမလဲ။

"ချစ်သား ဘယ်မှာ ပရိနိဗ္ဗာန် စံမလဲ"

မှုနင်က အစွန်း နှစ်ပါးနဲ့ ဘယ်လိုမှ အပြစ်တင်လို့ မရဘူး။ အဲဒီတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်လျှောက်သလဲဆိုတော့ -

အတ္ထိ ဘန္တေ မဂဓေသု နာလက ဂါမေ ဇာတော ဝရကော၊
တတ္ထာဟံ ပရိနိဗ္ဗာယိဿာမိ။

ဘန္တေ=ရှင်ပင်ဘုရား။ မဂဓေသု=မဂဓတိုင်းတို့၌။ နာလကဂါမေ=နာလကရွာ၌။ ဇာတော ဝရကော=တပည့်တော် မွေးဖွားရာ တိုက်ခန်းသည်။ အတ္ထိ=ရှိပါသည်ဘုရား။ တတ္ထ=ထိုမဂဓတိုင်း အဝင်အပါ နာလကရွာမှာ ရှိတဲ့ တပည့်တော်ရဲ့ မွေးဖွားရာ တိုက်ခန်း၌။ အဟံ=တပည့်တော်သည်။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပါမည် မြတ်စွာဘုရား။

"မာဂဓတိုင်း နာလကရွာမှာ တပည့်တော် မွေးဖွားရာ တိုက်ခန်း ရှိပါတယ်ဘုရား။ အဲဒီ တိုက်ခန်းမှာ တပည့်တော် ပရိနိဗ္ဗာန် စံပါမယ်" လျှောက်တော့ မြတ်စွာဘုရားက -

http:\\www.dhammadownload.com



ယဿ ဒါနိ တွံ သာရိပုတ္တရာ ကာလံ မညသိ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ။ တွံ=သင်ချစ်သားသည်။ ယဿ ဂမနဿ= အကြောင်သွားခြင်း၏။ ကာလံ=အချိန်ကာလကို။ မညသိ=သိပေ၏။

"ချစ်သား၊ ချစ်သားရဲ့ သွားဖို့ရန် အချိန်ကို ချစ်သား သိပါတယ်၊ သွားဖို့ရန် ဆိုတာ ချစ်သားရဲ့ အလိုအတိုင်းပဲ"

ဣဒါနိ ပန တေ ဇေဋ္ဌ ကနိဋ္ဌဘာတိကာနံ တာဒိသဿ ဘိက္ခုနော ဒဿနံ ဒုလ္လဘံ ဘဝိဿတိ။

ပန=ငါဘုရား တိုက်တွန်းစကား ပြောကြားလိုတာကတော့။ ဣဒါနိ=ယခုအခါ၌။ တေ=သင်ချစ်သား၏။ ဇေဋ္ဌ ကနိဋ္ဌဘာတိကာနံ=နောင်ကြီး ညီငယ် ဖြစ်ကြကုန်သော ရဟန်းတော်, လူတို့၏အဖို့။ တာဒိသဿ ဘိက္ခုနော=ချစ်သားကဲ့သို့သော ရဟန်းကို။ ဒဿနံ=နောက်ထပ်တစ်ဖန် ဖူးမြော်ရခြင်းကို။ ဒုလ္လဘံ=ရခဲသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မည်။

ချစ်သား၊ ပရိနိဗ္ဗာန် စံသွားလို့ ရှိယင်တဲ့၊ ချစ်သားရဲ့ နောင်တော်တွေ၊ ညီတော်တွေ၊ အစ်မတော်တွေ၊ ညီမတော်တွေ ဖြစ်ကြတဲ့ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ ဆိုတဲ့ ငါဘုရားရဲ့ သားတော် သမီးတော် နှစ်စုံဆိုတဲ့ ဗုဒ္ဓဘာသာ အမျိုးသား, အမျိုးသမီး တွေဟာ ချစ်သားကဲ့သို့သော ရဟန်းတော်တစ်ပါး နောက်ထပ် ဖူးမြင်ခွင့် ရဖို့ရန် အင်မတန် ခဲယဉ်းသွားပြီ၊ ဒါကြောင့် -

ဒေသေဟိ နေသံ ဓမ္မံ။

နေသံ=ထိုသင်ရဲ့ နောင်တော်, ညီတော်, အစ်မတော်, နမတော် ဖြစ်ကြတဲ့ ပရိသတ် လေးပါး ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတို့အား။ ဓမ္မံ=နောက်ဆုံးတရားကို။ ဒေသေဟိ=ဟောကြားခဲ့ပါလော့။

"အဲဒီတော့ နောက်ဆုံး အနေနှင့် ချစ်သား ထိုပရိသတ်လေးပါးအား တရားဟောပါ အုန်း"လို့ အဲဒီလို မြတ်စွာဘုရား အမိန့်ရှိလိုက်တယ်ဆိုယင်ပဲ မြတ်စွာဘုရားရဲ့ အလို တော်ကို ရှင်သာရိပုတ္တရာ ဘယ်လို သိလိုက်သလဲ။

## တန်ခိုးအမျိုးမျိုးဖန်ဆင်း၍ တရားဟောခြင်း

သတ္ထာ မယှံ ဣဒ္ဓိဝိကုဗ္ဗနပုဗ္ဗင်္ဂမံ ဓမ္မဒေသနံ ပစ္စာသိသတိ။

သတ္ထာ=ငါရဲ့ဆရာ မြတ်စွာဘုရားသည်။ မယှံ=ငါ့အား။ ဣဒ္ဓိဝိကုဗ္ဗနပုဗ္ဗင်္ဂမံ=

http:\\www.dhammadownload.com



တန်ခိုးဖန်ဆင်းခြင်းလျှင် ရှေ့သွားရှိသော။ ဓမ္မဒေသနံ=တရားဟောခြင်းကို။ ပစ္စာသိသတိ=တောင့်တပေ၏။

ဩော် ... ဘုရားကိုယ်တော်မြတ်ကြီးဟာ ရိုးရိုးတရားဟောတာကို တောင့်တတာ မဟုတ်ဘူးတဲ့၊ နောက်ဆုံး တရားပွဲအနေနဲ့ တန်ခိုးအဘိညာဏ် ပြပြီးတော့ တရားဟောတာကို မြတ်စွာဘုရား လိုလားတောင့်တတော်မူတယ် -

လို့ အဲဒီလို ဘုရားရဲ့ အလိုတော်ကို သိပြီးတော့ ဣဒ္ဓိဝိဓ အဘိညာဏ်ကို ဝင်စားလိုက်တယ်။ မြတ်စွာဘုရားကို ရိသေမြတ်နိုး ရှိခိုးပြီးတော့ ကောင်းကင် ထန်းတစ်ပြန် တက်လိုက်၊ ကောင်းကင်ကနေ ရှိခိုးပြီးတော့ ပြန်ဆင်း။ နောက်တစ်ဖန် တက်၊ ထန်း နှစ်ဆင့်။ ပြန်ဆင်း။ နောက်တစ်ဖန် တက် သုံးဆင့်။ လက်အုပ်ချီပြီးတော့ မကျသော လက်အုပ်နဲ့ ဘုရားကို ရှိခိုးလို့ တက်လိုက် ဆင်းလိုက်၊ ထန်းသုံးဆင့်၊ လေးဆင့်၊ ငါးဆင့်၊ ခြောက်ဆင့်၊ ခုနစ်ဆင့်ထိအောင် တက်လိုက် ဆင်းလိုက် တက်လိုက် ဆင်း လိုက်နဲ့။

အို ... တရားလဲ နာရမယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကိုလဲပဲ ဒီပွဲမှာ ပရိသတ်တွေ မြင်ရတယ်။ အဲဒီလို ထန်း ခုနစ်ဆင့် တိုင်အောင် ခုနစ်ကြိမ်မြောက် ကောင်းကင်ကို တက်ပြီးတဲ့ နောက်ကျတော့မှ ကောင်းကင်က နေပြီးတော့ မိမိရဲ့ ပကတိကိုယ်ကို ထင်စွာပြ၍လဲ တရားဟောတယ်၊ မိမိရဲ့ကိုယ်ကို မထင်စေဘဲ ကွယ်ပြီးတော့ တရားသံချည်းထဲလဲပဲ ကြားနေရတယ်။

အင်း ... တော်တော်ကြာ ပရိသတ် မော်ကြည့်လိုက်တဲ့ အခါကျတော့ အထက်ပိုင်းကိုယ်ကလေးတင် ပေါ်ပြီးတော့ တရားဟောလျက်၊ အဲဒီလို ကြည့်ပြီး တရားနာနေတုန်း အဲဒီအထက်ပိုင်း ကိုယ်ပျောက်ပြီးတော့ တရားသံချည်းတည်း ပေါ်လိုက်၊ ပရိသတ်က ပျောက်လို့ လိုက်ရှာတဲ့ မျက်စိနဲ့ ကြည့်နေတုန်း ဟော ... အောက်ပိုင်းတစ်ခြမ်း ကိုယ်တင်ပေါ်ပြီးတော့ တရားသံကတော့ အစဉ်မပြတ် ဟောလျက်။

ဟေ ... အောက်ပိုင်း ကိုယ်ချည်းတည်း ပေါ်သဟဲ့ ပေါ်သဟဲ့နဲ့ တအံ့တသြ ကြည့်နေတုန်း တော်တော်ကြာတော့ အောက်ပိုင်းကိုယ်ကလဲ ပျောက်သွားပြန်ပြီး တရားသံချည်းပဲ ပေါ်ပြန်တယ်။ ဟင်း ... တော်တော်ကြာတော့ ဒီနေရာတင် ပျောက်တာပဲလို့ ကြည့်နေတုန်း ဖြွန်းကနဲဆို လဝန်းကြီး ပေါ်လာပြီး တရားက ဟောလျက်။

ဟယ် ... လဝန်းကြီး ပေါ်သဟဲ့လို့ ကြည့်နေတုန်း တော်တော်ကြာတော့ နေဝန်းကြီး ပေါ်လာ၊ ဒီ နေရာ တရားဟောတဲ့ နေရာက။ အဲဒီ နေစကြာ၊ နေဗိမာန်ကြီးက

http:\\www.dhammadownload.com



နေပြီးတော့ တရားသံတွေ ထွက်နေတယ်။ ဟင်း ... တော်တော်ကြာ ဒီလို ကြည့်နေရင်းက နေပြီးတော့ မြင်းမိုရ်တောင်ကြီးလို တောင်ကြီး ပေါ်လာလိုက်ပြန်၊ အဲဒီ တောင်ကြီးထဲက တရားသံတွေ ထွက်နေတယ်။

ဟာ ... တအံ့တသြ ကြည့်နေတုန်း မြင်းမိုရ်တောင်ကြီးလို တောင်ကြီး ကွယ်ပြီးတော့ သမုဒ္ဒရာကြီး ပေါ်လာလိုက်ပြန်၊ သမုဒ္ဒရာကြီးပဲ မျက်စိက မြင်နေရပြီး ရှင်သာရိပုတ္တရာ အသံနဲ့ တရားသံတွေ ထွက်နေတယ်၊ အင်း ... တအံ့တသြ ဒါ ကြည့်နေတုန်း စကြဝတေးမင်းကြီး ပေါ်လာပြန်၊ စကြဝတေးမင်းကြီး ကြည့်နေတုန်း ရှိသေးတယ်။ တော်တော်ကြာတော့ စကြဝတေးမင်း အရုပ်ပျောက်ပြီးသကာလ ဝေဿဝဏ် နတ်မင်းကြီးရဲ့ ပုံပန်းပေါ်ပြီးတော့ တရားဟောပြန်။

ဟာ ... ဝေဿဝဏ်နတ်မင်းကြီးရဲ့ ပုံဟဲ့ဆိုပြီးတော့ ကြည်ညိုနေတုန်း မတ်တတ်ဖြုန်းဆို အဲဒီ ဣန္ဒိရုပ် ပျောက်ပြီးသကာလ သိကြားမင်းရဲ့ ပုံနဲ့ တရားဟောနေပြန်ပြီ၊ ဒါကိုပဲ တအံ့တသြ ကြည့်နေတုန်း ဖြုန်းကနဲ သိကြားမင်းရဲ့ရုပ် ပျောက်ပြီးတော့ ဗြဟ္မာမင်းရဲ့ ဣန္ဒိရုပ်နဲ့ တရားဟောပြန်။

အေး ဤသို့စသည်ဖြင့် ချီးပ၍ မကုန်နိုင်အောင် ဣန္ဒိရုပ် အမျိုးမျိုးပြပြီး တရားဟောလို့ ပြီးတော့မှ ဆင်းပြီး မြတ်စွာဘုရား ခြေတော်ရင်း ရှိသေမြတ်နိုး ရှိခိုးပြီးတော့ လက်အုပ်ချီမိုး ထိုင်နေတဲ့အခါ မြတ်စွာဘုရားက –

ကော နာမော အယံ သာရိပုတ္တ ဓမ္မပရိယာယော။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ၊ အယံ ဓမ္မပရိယာယော=ဤအခု သင်ချစ်သားတရားဟောခြင်းသည်။ ကော နာမော=အဘယ်အမည်ရှိတဲ့ တရားဟောခြင်းပါလဲ။

"ချစ်သား၊ အခု ချစ်သား တရားဟောတဲ့နည်းဟာ ဘယ်လိုတရားဟောနည်းလဲ၊" ရှင်သာရိပုတ္တရာက ပြန်လျှောက်တယ်။

သီဟဝိကီဠိတော နာမ ဘန္တေ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ သီဟဝိကီဠိတော နာမ=ခြင်္သေ့ရဲ့ မြူးထူးစံပယ်ခြင်းနဲ့ တူတဲ့ တရားဟောခြင်းပါ ဘုရား။

"ခြင်္သေ့မင်း မြူးခုန်တာနဲ့ အလားတူတဲ့ တရားဟောခြင်းပါ ဘုရား"

လို့ အဲဒီလို လျှောက်ထားတော့မှ မြတ်စွာဘုရားက–

တဂ္ဃ သာရိပုတ္တ သီဟဝိကီဠိတော၊ တဂ္ဃ သာရိပုတ္တ သီဟဝိကီဠိတော။

http:\\www.dhammadownload.com



သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ။ တဋ္ဌ=ကေန်စင်စစ်ပင်။ သီဟာဝိကီဠိတော= သီဟာဝိကီဠိတ တရားဒေသနာပါပေ။

နစ်ကြိမ်တိုင်တိုင် ချီးမွမ်းတော်မူတယ်။ အဲဒီလို မြတ်စွာဘုရားက ချီးမွမ်းတော်မူလဲ ပြီးရော ရှင်သာရိပုတ္တရာဟာလေ ချိတ်ရည်အသွေး နီတွေးတဲ့ လက်ဖဝါးလေးများနဲ့ ဖြန့်ပြီးတော့ ဘုရားကိုယ်တော်မြတ်ရဲ့ ရွှေလိပ်ခုံး သဏ္ဌာန်ရှိတဲ့ ခြေဖမိုးတော်ကို တအား ဆုပ်ကိုင်ပြီးတော့ -

## မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာ နောက်ဆုံး လျှောက်ထား ပူဇော်ခြင်း

ဘန္တေ=ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဣတော=ဤယနေ့မှ။ ဣမေသံ ပါဒါနံ=ဤရှင်တော်ဘုရားရဲ့ ခြေတော်တို့ကို။ ဝန္ဒနတ္ထာယ=ရိုသေမြတ်နိုး ယခုလို လုလုပပ ရှိခိုးရခြင်း အကျိုးငှာ။ မေ=သာရိပုတ္တရာတွင်ခေါ် တပည့်တော်သည်။ ကပ္ပသတသဟဿာဓိကံ=ကမ္ဘာတစ်သိန်း အလွန်ရှိသော။ အသင်္ချေယျံ=တစ်သင်္ချေ ကာလပတ်လုံး။ ပါရမိယော=ပါရမီတို့ကို။ ပူရိတာ=ဖြည့်ကျင့်အပ်ခဲ့ပါကုန်ပြီ ဘုရား။

မြတ်စွာဘုရား တပည့်တော် သာရိပုတ္တရာ အရှင်ဘုရားရဲ့ ဟောဒီ ခြေဖမိုးတော် လေးတွေကို တအားဆုပ်ပြီး ယခုလို ရှိခိုးရန်အတွက် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာ အဂ္ဂသာဝက ပါရမီများ ဖြည့်ကျင့်ခဲ့ရပါတယ် ဘုရား။

သော မေ မနောရထော မတ္ထကံ ပတ္တော။ (မဟာဝဂ္ဂသံယုတ်၊ဋ္ဌ၊၂၄၈။)

မေ=တပည့်တော်၏။ သော မနောရထော=ထိုနှလုံးအလိုသည်။ မတ္ထကံ=အထွတ် အထိပ်သို့။ ပတ္တော=ရောက်ပါပြီဘုရား။

တပည့်တော် ထိုစိတ်နှလုံးအလိုဟာ ယနေ့ အထွတ်အထိပ် ရောက်တာပါပဲ ဘုရား ... တဲ့။

ဣတော ဒါနိ ပဋ္ဌာယ ပဋိသန္ဓိဝသေန န ပုန
ဧကဋ္ဌာနေ သန္နိပါတော သမာဂမော အတ္ထိ။ (မဟာဝဂ္ဂသံယုတ်၊ဋ္ဌ၊၂၄၈။)

ဣတောဒါနိ=ဤအချိန်မှ။ ပဋ္ဌာယ=အစပြု၍။ ပဋိသန္ဓိဝသေန=ဘဝ ပဋိသန္ဓေ အနေအားဖြင့်။ ဧကဋ္ဌာနေ=တစ်ခုသောနေရာ၌၊ သန္နိပါတော=ပေါင်းဆုံမိခြင်းသည်။ သမာဂမော=ရှင်တော်ဘုရားတို့နဲ့ စုဝေးမိခြင်းသည်။ ပုန=နောက်ထပ်တစ်ဖန်။ န အတ္ထိ =မရှိတော့ပါဘူး ဘုရား။

http:\\www.dhammadownload.com



ဒီကနေ့က စပြီးတော့ ဒီဘဝက စပြီးတော့ နောက်အနာဂတ် သံသရာမှာဆိုယင် ဘဝပဋိသန္ဓေ အနေနဲ့ ရှင်တော်ဘုရားများနဲ့ တစ်နေရာ တစ်ဌာန ပေါင်းဆုံကြဖို့ အခွင့် မရှိတော့ပါဘူး ဘုရား။

ဆိန္နော ဧသ ဝိသာသော။

ဧသ–ဧသော ဝိသာသော=ဤသံသရာဆိုတဲ့ ခင်မင်ရင်းနှီးမှုကို။ ဆိန္နော=သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပါ မကျန် ပယ်လှန် ဖြတ်တောက် အပ်ပြီးပါပြီ ဘုရား။

ဘဝသံသရာမှာ အကျွမ်းတဝင် ခင်မင်ရင်းနှီးမှု ဆိုတဲ့ အဲဒီ ဝိသာသဓာတ်ကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်ဖြတ်ပြီးပါပြီဘုရား။

အနေကေဟိ ဗုဒ္ဓသတသဟဿေဟိ ပဝိဋ္ဌံ အဇရံ အမရံ ခေမံ သုခံ
သီတလံ အဘယံ နိဗ္ဗာနပုရံ ပဝိသိဿာမိ။

အနေကေဟိ=တစ်ပါးမက များလှကုန်သော။ ဗုဒ္ဓသတသဟဿေဟိ=တစ်သိန်း သော ဘုရားရှင်တို့သည်။ ပဝိဋ္ဌံ=ဝင်စံတော် မူအပ်သော။ အဇရံ=အိုခြင်းကင်းရာဖြစ် သော။ အမရံ=သေခြင်းကင်းရာ ဖြစ်သော။ ခေမံ=ဘေးကင်းရာဖြစ်သော။ သုခံ= ချမ်းသာစင်စစ် ဖြစ်သော။ သီတလံ=အေးမြလှစွာသော။ အဘယံ=ဘေးမရှိသော။ နိဗ္ဗာန ပုရံ=နိဗ္ဗာန်ပြည်မြတ်သို့။ ပဝိသိဿာမိ=တပည့်တော် ဝင်ပါတော့မယ် ဘုရား။

သစေ မေ ကိဉ္စိ ကာယိကံ ဝါ ဝါစသိကံ ဝါ
န ရောစေထ၊ ခမထ မေ တံ ဘဂဝါ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မေ=တပည့်တော်နဲ့စပ်၍။ ကိဉ္စိ=တစုံတခုသော။ ကာယိကံ ဝါ=ကိုယ်ဖြင့် ပြုအပ်သော အမှုကို ဖြစ်စေ။ ဝါစသိကံ ဝါ=နှုတ်ဖြင့် ပြောအပ် တဲ့ အမှုကိုဖြစ်စေ။ သစေ န ရောစေထ=အကယ်၍ အရှင်ဘုရား မနှစ်သက်ကုန်ငြားအံ့။ မေ=တပည့်တော်အား။ တံ=ထိုအရှင်ဘုရား မနှစ်သက်တဲ့ ကာယကံမှု ဝစီကံမှု အစုစု ကို။ ခမထ=ကရုဏာရှေ့ထား၍ သည်းခံတော်မူကြပါဘုရား။

ရှင်တော်ဘုရားအပေါ် တပည့်တော် မတော်တဆပြုမှား ပြောမှားခဲ့တဲ့ ကာယကံ ဝစီကံ အပြစ်ဘေးများရှိရင် ခွင့်ပြုပါဘုရား၊ သည်းခံတော်မူပါဘုရား။

ဂမနကာလော မယှံ။

မယှံ=တပည့်တော်ရဲ့အဖို့။ ဂမနကာလော=သွားဖို့ရန် အချိန်ကန်ပါပြီဘုရားလို့

http:\\www.dhammadownload.com



အဲဒီလို လျှောက်ထားတဲ့ အခါကျတော့မှ မြတ်စွာဘုရားက ဘာပြန်အမိန့်ရှိတုန်း ဆိုတော့ –

ခမာမိ တေ သာရိပုတ္တ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ။ တေ=သင်ချစ်သားအား။ ခမာမိ=ငါဘုရား သည်းခံပါ၏။

န ခေါ ပန တေ ကိဉ္စိ ကာယိကံ ဝါ ဝါစသိကံ ဂါ မယှံ အရုစ္စနကံ အတ္ထိ။

ခေါ ပန=စင်စစ်သော်ကား။ တေ=သင်ချစ်သား၏။ အရုစ္စနကံ=ငါဘုရား မနှစ် သက်လောက်သော။ ကာယိကံ ဝါ = ကာယကံအမှုသည် လည်းကောင်း။ ဝါစသိကံ ဝါ = ဝစီကံအမှုသည် လည်းကောင်း။ ကိဉ္စိ = စိုးစဉ်းမျှ။ နတ္ထိ = မရှိပါ။

အေး … ငါဘုရား မနှစ်သက်လောက်တဲ့ ကာယကံမှု၊ ငါဘုရား မနှစ်သက်တဲ့ ဝစီကံမှု ချစ်သားမှာ မရှိပါဘူးတဲ့။

ယဿ ဒါနိ တွံ သာရိပုတ္တ ကာလံ မညသိ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ။ တွံ=သင်ချစ်သားသည်။ ယဿ ဂမနဿ= အကြင်သွားခြင်း၏။ ကာလံ=အခါကာလကို။ မညသိ=ချစ်သားပင် သိပေ၏။

"သွားဖို့ရန် အချိန်ကို ချစ်သား သိပါတယ်။ သွားဖို့ရန်အတွက် ချစ်သားရဲ့ အလို အတိုင်းပဲ"လို့ အဲဒီလို အမိန့်တော်ရှိပြီးတဲ့နောက် မြတ်စွာဘုရားက –

ဓမ္မသေနာပတိံ ပဋိပါဒေဿာမိ။

အဟံ=ငါဘုရားသည်။ ဓမ္မသေနာပတိံ=တရားစစ်မှူးဖြစ်တဲ့ ရှင်သာရိပုတ္တရာကို။ ပဋိပါဒေဿာမိ=နောက်ဆုံး ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်မယ်။

"ရှင်သာရိပုတ္တရာရဲ့ ကန်တော့ခန်း ပြီးဆုံးပေမဟဲ့"လို့ အဲဒီလို မြတ်စွာဘုရားက စဉ်းစားတော်မူပြီးတော့ အားလုံးပရိသတ်ရဲ့ အလယ်ခေါင် ဓမ္မာသန ဓမ္မပလ္လင်ပေါ်က ထပြီးတော့ ဂန္ဓကုဋီတိုက်တော် တံခါးဝမှာရှိတဲ့ ရတနာကျောက်ဖျာကြီးပေါ်မှာ သွားပြီး တော့ ရပ်တယ်။ ရပ်တော့ အရှင်သာရိပုတ္တရာသည် ဘုရားနောက် လိုက်ပြီးတော့ ဂန္ဓ ကုဋီ တိုက်တော် တံခါးဝ ရတနာ ကျောက်ဖျာပေါ်မှာ ရပ်နေတော်မူတဲ့ မြတ်စွာဘုရားရဲ့ အထံမှာ သွားပြီး လက်ယာရစ် သုံးပတ်လှည့်ပြီးတော့ ရှိခိုးတယ်။ ရှေ့က ရှိခိုးတယ်၊ နောက်က ရှိခိုးတယ်၊ လက်ဝဲက ရှိခိုးတယ်၊ လက်ယာက ရှိခိုးတယ်၊ လေးဌာန လက်ယာ ရစ် သုံးပတ်လှည့် ရှိခိုးပြီးတော့ အားရတော့မှ –

http:\\www.dhammadownload.com



## အရှင်သာရိပုတ္တရာ၏ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ

ဘဂဝါ=ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဣတော=ဤဘဒ္ဒကမ္ဘာမှ။ ကပ္ပသတသဟဿာဓိကဿ=ကမ္ဘာတစ်သိန်း အလွန်ရှိသော။ အသင်္ချေယျဿ= အသင်္ချေ၏။ ဥပရိ=အထက်၌။ အနောမဒဿီ မြတ်စွာဘုရား ခြေတော်ရင်း၌။ နိပဇ္ဇိတွာ =လျောင်း၍။ တုမှာကံ=အရှင်ဘုရားတို့အား။ ဒဿနံ=ဖူးမြော်ခွင့်ကို။ အဟံ=တပည့် တော်သည်။ ပတ္ထေသိံ=တောင့်တခဲ့ပါသည်ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ယနေ့ ဘဒ္ဒကမ္ဘာက ပဋိလောမ အဆန်ပြန်၍ ရေတွက်လျှင် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက် အနောမဒဿီ မြတ်စွာ ဘုရားရဲ့ ခြေတော်ရင်း ဝပ်စင်း၍ အရှင်ဘုရားတို့ကို ဖူးမြော်ဖို့ရန် ဆုပန်ခဲ့ပါတယ်။

## အရှင်သာရိပုတ္တရာ၏ နောက်ဆုံးခရီး

သာ မေ ပတ္ထနာ သမိဒ္ဓါ၊ ဒိဋ္ဌာ တုမှေ၊
ပဌမ ဒဿနံ၊ ဣဒံ ပစ္ဆိမဒဿနံ။

မေ ... တပည့်တော်၏။ သာ ပတ္ထနာ=ထိုတောင့်တချက်သည်။ သမိဒ္ဓါ=ယခုဖြင့် ပြည့်စုံပြီဘုရား။ ဒိဋ္ဌာ တုမှေ=အရှင်ဘုရားတို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲ လဆန်း ၁-ရက်နေ့တုန်းက စတင် ဖူးမြင် အပ်ခဲ့ပါကုန်ပြီ။ တံ=ထိုသို့ ဖူးမြော်ရခြင်း သည်။ ပဌမဒဿနံ=ပဌမလက်ဦး ဖူးတွေ့ရခြင်းပါဘုရား။ ဣဒံ=ဤယခု ဖူးမြော်ရခြင်း သည်။ ပစ္ဆိမဒဿနံ=နောက်ဆုံး ဖူးမျှော်ရခြင်းပါဘုရား။

ပုန တုမှာကံ ဒဿနံ နတ္ထိ။

အရှင်ဘုရားတို့အား နောက်ထပ်တစ်ဖန် ဖူးမြော်ခွင့် မရှိတော့ပါဘူးဘုရား။

အဲဒီလို ဆိုပြီးတော့ မချသော လက်အုပ်ဖြင့် မြတ်စွာဘုရားကို မြင်သလောက် နောက်ဆုတ်နောက်ဆုတ် လက်အုပ်ချီလျက် ဇေတဝန်ကျောင်းတိုက်ကြီးက ထွက်ကြွ သွားတယ်။ မြတ်စွာဘုရားကို နောက်ဆုံး ဖူးမြော်လို့ ဒဿနူပစာ လွန်လောက်တဲ့ အချိန်မှာ မဟာပထဝီမြေကြီး သည်းစွာလှုပ်တယ်။ ပေါက္ခရဝဿ ကြာရွက်ပေါ်မှာ ကျတဲ့မိုးလို၊ တစ်နည်းအားဖြင့် ကြာရွက်ဖျားလောက် တိမ်တိုက်ကလေး ကနေပြီးတော့ စိုလိုတဲ့လူ စို၊ မစိုလိုတဲ့ လူကို မစိုတဲ့ တကတည်း အလွန်သည်းထန်တဲ့ မိုးကြီးလဲ ရွာခဲ့တယ်။

http:\\www.dhammadownload.com



အရှင်သာရိပုတ္တရာ ထွက်သွားပြီ ဆိုယင်ပဲ မြတ်စွာဘုရား ရဟန်းများကို "ချစ်သား ရဟန်းတို့၊ သင်တို့ရဲ့ နောင်တော်ကြီး သာရိပုတ္တရာရဲ့ နောက်ကို လိုက်သွားကြအုန်း"လို့ မိန့်တော်မူတယ်။ ဒီတော့ ရဟန်းတွေကလဲ အကုန်လုံးပဲ အရှင်သာရိပုတ္တရာရဲ့ နောက်က လိုက်သွားကြတယ်။ ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား တစ်ပါးတည်း ကျန်တယ်။

ထိုအချိန်မှာပေါ့လေ၊ သာဝတ္ထိပြည် တစ်ပြည်လုံးပဲ တမုဟုတ်ချင်း သတင်းပျံ့သွားတယ်။

## ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း

## ဝိုကြွေး မြည်တမ်းကြခြင်း

သာရိပုတ္တော=ရှင်သာရိပုတ္တရာ မထေရ်သည်။ သမ္မာသမ္ဗုဒ္ဓံ=မြတ်စွာဘုရားကို။ အာပုစ္ဆိတွာ=ပန်ကြား၍။ ပရိနိဗ္ဗာယိတုကာမော=ပရိနိဗ္ဗာန် စံလိုသတဲ့။ အဿ=ထိုအရှင်သာရိပုတ္တရာအား။ ဒဿနံ=ဖူးမြော်ဖို့ရန်။ ဂစ္ဆာမ=ငါတို့ သွားကြကုန်အံ့။

အေး – အရှင်သာရိပုတ္တရာကြီး မြတ်စွာဘုရားကို ခွင့်ပန်ပြီး ပရိနိဗ္ဗာန် စံတော်မူလို –လို့တဲ့၊ သွားတော့မလို့တဲ့။ အေး–ငါတို့လဲပဲ နောက်ဆုံး ဖူးမြော်ခြင်းအနေနဲ့ ဖူးမြော်မှပဲ ဆိုပြီးတော့ သာဝတ္ထိပြည်ထဲက လူတွေကလဲ တံခါးပေါက်ကို မဆံ့အောင် သူ့ထက်ငါ တိုးဝှေ့ပြီးတော့ တစ်ခါတည်း ထွက်ပြီးတော့ လိုက်တယ်။ အဲ–နောက်ကလိုက်ပြီး ဘာပြောကြသလဲ၊ ရောက်လာတဲ့ လူတွေက ဘာတွေ ပြောကြသလဲ။

ဣဒါနိ မယံ ကဟံ မဟာပညော နိသိန္နော၊ ကဟံ ဓမ္မသေနာပတိ နိသိန္နောတိ ပုစ္ဆိ တွာ ကဿ သန္တိကံ ဂမိဿာမ။

ဘန္တေ = တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ဘုရား။ မယံ = တပည့်တော်တို့သည်။ ဣဒါနိ = ယခုအခါ၌။ မဟာပညော = ကြီးမြတ်သော ပညာရှိတဲ့ သာရိပုတ္တရာ မထေရ်မြတ်သည်။ ကဟံ နိသိန္နော=ဘယ်နေရာမှာ ထိုင်နေသလဲ။ ဓမ္မသေနာပတိ=တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ ကဟံ နိသိန္နော= ဘယ်နေရာမှာ ထိုင်နေသလဲ။ ဣတိ=ဤသို့။ ပုစ္ဆိ တွာ=မေးကုန်လျက်။ ကဿ သန္တိကံ= ဘယ်သူ့ အထံသို့။ ဂမိဿာမ=သွားကြရမည်နည်း ဘုရား။

ကဿ ဟတ္ထေ သတ္ထာရံ ဌပေတွာ ထေရော ပက္ကန္တော။

ဘယ်သူ့လက်ထဲ ဘုရားကိုထားပြီးတော့ အရှင်ဘုရား စိတ်ချလက်ချ ဖဲကြွတာလဲ။ ဒါကတော့ သူတို့ လက်ထက်တုန်းက တကယ့်ဖြစ်တဲ့ ဖြစ်ရပ်တွေကို ပကိဏ္ဏက ဒေသ

http:\\www.dhammadownload.com



နာ အနေနဲ့ မှတ်လာတဲ့ အချက်တွေကို အဋ္ဌကထာအမည်နဲ့ အခု သာသနာမှာ ကျမ်းတစ်ဖွဲ့ရယ်လို့ ဖြစ်နေရတယ်။ သူတို့ လက်ထက်တုန်းက တကယ့်ကိုဖြစ်တဲ့ အကြောင်းအရာတွေ။ အရှင်ဘုရားတဲ့၊ တပည့်တော်တို့ ရှေးရှေးရက်တွေတုန်းက ဆိုလို့ရှိယင် ကျောင်းတိုက်ထဲသွား၊ အဲ -

ကဟံ မဟာပညော နိသိန္နော၊

ကဟံ ဓမ္မသေနာပတိ နိသိန္နော။

မဟာပညပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာ ထိုင်နေပါလိမ့်၊ အင်း-ဓမ္မသေနာပတိ ပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာ နေပါသလဲ-လို့ မေးပြီးတော့ အရှင်ဘုရားရှိရာ သွားပြီး ဆည်းကပ်ကြတယ်။ ကဲ-ဒီကနောက် တပည့်တော်တို့ အဲဒီလို မေးပြီး တပည့်တော်တို့ ဘယ်သူ့ထံ သွားရမှာလဲ။

အရှင်ဘုရားဟာ ဘယ်သူ့လက်မှာ မြတ်စွာဘုရားကို အပ်ပြီးတော့ အရှင်ဘုရားက စိတ်ချလက်ချ ဖဲကြွတာလဲ။ အဲဒီလို ပြောပြီးတော့ နောက်က ငိုကြွေးမြည်တမ်းပြီးတော့ အုတ်အုတ်ကျက်ကျက် လိုက်ပါတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်အနေနှင့်ကတော့ ဒီလူတွေနဲ့ ခွဲခွာပြီး သွားရမယ့် ပိယေပိ ဝိပ္ပယောဂဒုက္ခ ဆိုတာက သူတို့မှာ ရှိတာမဟုတ်ဘူး။ ဒီပုထုဇဉ်တွေ အနေနဲ့ကသာ အဲဒီ ဒုက္ခတွေက ရှိတာ။

## အရှင်သာရိပုတ္တရာ၏ နောက်ဆုံး ဩဝါဒ

အရှင်သာရိပုတ္တရာကတော့ သူ့မှာ ဓမ္မသံဝေဂပဲ၊ တရားသံဝေဂပဲ ရှိတယ်။ မဟာပညာရှိတဲ့ ပုဂ္ဂိုလ်ပီပီ ဘာအမိန့် ရှိလိုက်သလဲဆိုတော့ -

သဗ္ဗေသံ အနတိက္ကမနီယော ဧသ မဂ္ဂေါ။

(တစ်ခွန်းတည်း။) အာဝုသော=ပရိသတ်လေးပါး အို-ဒကာ ဒကာမများတို့။ ဧသ ဧသော မဂ္ဂေါ=ဤသေခြင်းဆိုတဲ့ လမ်းခရီးသည်။ (ဝါ) လမ်းခရီးကို။ သဗ္ဗေသံ= ခပ်သိမ်းဥဿုံ အလုံးစုံသော ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် သတ္တဝါမှန်သမျှတို့သည်။ အနတိက္ကမနီယော=မလွန်မြောက်နိုင်တဲ့ လမ်းခရီးကြီးပါပေ။

အေး ... သေခြင်းတရားဆိုတဲ့ သေလမ်းကြီးဟာဖြင့် အားလုံးသော လူတွေ နတ်တွေ ဗြဟ္မာတွေ ကြီးသူ ငယ်သူ ရွယ်သူ မည်သူမှ မလွန်မြောက်နိုင်တဲ့ လမ်းခရီးကြီးပါတဲ့၊ ဩဝါဒရကြီး သံဝေဂပေးတယ်။

http:\\www.dhammadownload.com



တုမှေပိ အာဝုသော တိဋ္ဌထ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့။ တုမှေပိ=သင်တို့လဲပဲ။ တိဋ္ဌထ=ရပ်တည်နေရစ်ကြလော့။ ငါ့ရှင်တို့ ရပ်တည်နေရစ်ကြ။

မာ ဒသဗလေ ပမာဒံ အာပဇ္ဇိတ္ထ။

ဒသဗလေ = အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကားဖြင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား၌။ ပမာဒံ=မေ့လျော့ခြင်းသို့။ မာ အာပဇ္ဇိတ္ထ=မရောက်ကြကုန်လင့်။

ငါ့အရှင်တို့၊ ငါ့အရှင်တို့လဲ ပြန်ကြ၊ ဘုရားကို မမေ့မလျော့ကြကုန်နဲ့လို့ အဲဒီလို အမိန့်ရှိပြီးတော့ အင်း ရဟန်းတော်တွေကို အပြန်ခိုင်းတယ်။

အဲ-ကိုယ်တော့်နောက်က ရဟန်းတော်တွေ ပြန်ကြပေမယ်လို့ လူတွေက ပါသေး၊ "ပုဗ္ဗေ အယျော ပစ္ဆာဂမနာစာရိကံ စရတိ" အယျော=အရှင်သာရိပုတ္တရာ မထေရ်သည်။ ပုဗ္ဗေ=ရှေးအခါတုန်းက ဆိုယင်။ ပစ္ဆာဂမနစာရိကံ=နောက်ထပ်တစ်ဖန် ပြန်လာမယ့် ဒေသစာရီကို။ စရတိ=လှည့်လည်ကြွသွားတော်မူ၏။

ရှေးတုန်းက ကြွတာက နောက်ထပ်တစ်ဖန် ပြန်လာမယ့် ဒေသစာရီ ကြွတာ။ ဣဒံ=ဤယခု ကြွလာခြင်းကတော့။ ပုန ပစ္ဆာဂမနာယ=နောက်ထပ်တစ်ဖန် ပြန်လာဖို့ရန်။ န ဂမနံ=ကြွခြင်း မဟုတ်ဘူး။ နောက်ဆုံး ဒေသစာရီ ကြွခြင်းပဲ၊ ဒို့ အတတ်နိုင်ဆုံး လိုက်မယ်ဆိုပြီးတော့ လူတွေက လိုက်ကြတော့ ရှင်သာရိပုတ္တရာက ကြာတော့ လူတွေလဲ ပင်ပန်းကုန်လိမ့်မယ် ဆိုပြီးတော့ -

အပ္ပမတ္တာ အာဝုသော ဟောထ၊ ဧဝံ ဘာဝိနော နာမ သင်္ခါရာ။

အာဝုသော=ဒကာ ဒကာမတို့။ အပ္ပမတ္တာ=အပ္ပမာဒ တရားလက်ကိုင်ထားကြကုန်သည်။ ဟောထ=ဖြစ်ကြကုန်လော့။ သင်္ခါရာ နာမ=ရုပ်နာမ် ဓမ္မ သင်္ခါရတို့ မည်သည်ကား။ ဧဝံ ဘာဝိနော=ဤသို့ ဖြစ်လေ့ရှိကြကုန်၏။

ပရိသတ် ဒကာ ဒကာမတွေကို အပြန်ခိုင်းပြီးတော့ သွားပြီ။ အရှင်သာရိပုတ္တရာသည် မိမိရဲ့ တပည့်တပန်း ရဟန်းပရိသတ် ငါးရာနှင့် ရောက်ရာ ရောက်ရာ နေရာမှာ တစ်ညပဲ အိပ်တယ်၊ နှစ်ည မအိပ်ဘူး။

ခရီးပန်းတယ်၊ ဒို့-တစ်ည ဆက်အိပ်ကြအုန်းစို့ မရှိဘူး၊ တစ်ည တစ်ညအိပ်နဲ့ပဲ ရောက်တဲ့နေရာမှာ အားလုံးသော လူတို့အား တရားဟောကြား ချီးမြှောက်လို့ ခုနစ်ရက်

http:\\www.dhammadownload.com



မြောက်လဲ ရောက်ကရော -

## မွေးရပ်မြေသို့ ရောက်ခြင်း

ရာဇဂြိုဟ်ပြည် မဂဓတိုက်နယ် နာလကဆိုတဲ့ ရွာရောက်၊ ရွာတံခါးပေါက်က ညောင်ပင်ကြီးမှာ ညနေချမ်း ညောင်ပင်ကြီးအောက်မှာ ရဟန်းငါးရာနဲ့ ခေတ္တခဏ အပန်းဖြေ ရပ်နေတဲ့အခါမှာ -

ရှင်သာရိပုတ္တရာရဲ့ တူတော်တဲ့ ဥပရေဝတ ခေါ်တဲ့ ကလေး ၁၈-နှစ် ၁၉-နှစ် လောက် ရှိတော့မပေါ့။

တစ်နည်းအားဖြင့် ပြောယင်တော့ ရှင်သာရိပုတ္တရာရဲ့ နမ စာလာတို့ လူ့ဘဝ တုန်းက ရခဲ့တဲ့ (ဟုတ်လား) သားကလေးပါ။ ဥပရေဝတ-လို့ ခေါ်တယ်။

အဲဒီ ဥပရေဝတဆိုတဲ့ ရှင်သာရိပုတ္တရာရဲ့ တူကလေးက ရွာပြင် မြို့ပြင် ထွက်လာ တော့ ရှင်သာရိပုတ္တရာက လှမ်းမေးလိုက်တယ် ... ။

အတ္ထိ ဂေဟေ တေ အယျိကာ။

ဂေဟေ=အိမ်၌။ တေ=သင် ဥပရေဝတ၏။ အယျိကာ=အဘွားကြီးသည်။ အတ္ထိ= ရှိ၏လော။

ဥပရေဝတ၊ အိမ်မှာ မင်းအဘွားကြီး ရှိရဲ့လား၊ ဒီလို မေးတယ်။ အဘွား ဘယ် လောက် အသက်ရှည်မလဲ မှန်းကြည့်။

အရှင်သာရိပုတ္တရာသည်ပင် အဲဒီအချိန်မှာ အသက်ရှစ်ဆယ်လောက် ရှိပြီ။ ဟို- မယ်တော်ဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေးမကြီးဟာ အနည်းဆုံး အသက်တစ်ရာတော့ ရှိပြီ။ မှန်းကြည့်ပေါ့။

အရှင်သာရိပုတ္တရာဟာ သားကြီးသြရသ၊ ဟုတ်လား။ ရှင်သာရိပုတ္တရာသည်ပင် အဲဒီအချိန်မှာ အသက်ရှစ်ဆယ်ရှိပြီ ရှိနေတော့ မယ်တော်ကြီးဟာ အသက်တစ်ရာ လောက်ရှိမယ်။ မြေးကလေး ဥပရေဝတနဲ့ နေတာ ဖြစ်တော့ ရေဝတကို အရှင်သာရိ ပုတ္တရာက ဥပရေဝတ၊ အိမ်မှာ မင်း အဘွားရှိရဲ့လားတဲ့၊ အတ္ထိ ဘန္တေ=ရှိပါတယ် အရှင်ဘုရား၊ ရှိပါတယ် အရှင်ဘုရား။

ဂစ္ဆ အမှာကံ ဣဓာဂတဘာဝံ အာရောစေဟိ။

ဂစ္ဆ=သွားတဲ့ချေ။ အမှာကံ=ငါတို့၏။ ဣဓ=ဤမြို့တံခါးဝသို့။ အာဂတဘာဝံ= ရောက်ဆိုက်နေသည်၏ အဖြစ်ကို။ အာရောစေဟိ=ပြောကြားလေ။

http:\\www.dhammadownload.com



အေး ... ဒါဖြင့် မင်းသွား၊ သွားပြီးတော့ ငါတို့ ဒီရောက်နေတဲ့အကြောင်း ပြောလိုက်။

ကသ္မာ အာဂတောသိ။

ငါ့သားကြီး ဘာလို့ လာသလဲ။

ဣတိ=ဤသို့။ ဝုတ္တေ စ၊ မင်းအဘွားက မေးအပ်သော်ကား။

အဇ္ဇ ကိရ ဧကဒိဝသံ အန္တောဂါမေ ဝသိဿတိ။

အဇ္ဇ=ယနေ့။ ဧကဒိဝသံ=တစ်နေ့။ အန္တောဂါမေ=ရွာထဲ၌။ ဝသိဿတိ ကိရ= နေမလို့တဲ့ အဘွား။

အဘွား ဟုတ်လား၊ ကနေ့ တစ်နေ့တော့ မြို့တွင်းမှာ နေမလို့တဲ့။

ဓာတောဝရကံ ပဋိဇဂ္ဂထ=ငါ့ရဲ့ မွေးရာ တိုက်ခန်းကို သုတ်သင်ပြင်ဆင်၍ ထားလိုက်ကြပါ။

ပဉ္စန္နဉ္စ ကိရ ဘိက္ခုသတာနံ ဝသနဋ္ဌာနံ ဇာနာထ။

ပဉ္စန္နဉ္စ ဘိက္ခုသတာနံ=ရဟန်းငါးရာတို့အတွက်လည်း။ ဝသနဋ္ဌာနံ=နေရာအရပ်ကို။ ဇာနာထ=သိကြကုန်လော့။ ဣတိ=ဤသို့ ပြောလိုက်ပါ။

ဥပရေဝတ၊ မင်းအဘွားကလေ ဘာပြုလို့ လာသလဲလို့ မေးယင် –

အဘွားရေ၊ ကနေ့တစ်နေ့တော့ မြို့ထဲ နေမလို တဲ့၊ ဖွားရာတိုက်ခန်း သုတ်သင်ပြင်ဆင်ထားလိုက်ပါတဲ့၊ ရဟန်းငါးရာအတွက် နေရာများလဲပဲ သိထားလိုက်ပါတဲ့။ ရဟန်းဝေါဟာရ = နေရာများ ခင်းကျင်းထားလိုက်ပါလို့ ဆိုလိုတယ်။ အဲဒီတော့မှ ဥပရေဝတက ...

မြို့ထဲပေါ့လေ၊ နာလကရွာထဲ နာလကနိဂုံး နာလကရွာထဲ ဝင်ပြေးပြီးတော့ သူ့ အဘွားထံမှောက် ရောက်တော့ –

အယျိကေ မယှံ မာတုလော အာဂတော။

အယျိကေ=အဘွား။ မယှံ=ကျွန်ုပ်၏။ မာတုလော=အမေ့မောင် ဦးကြီးသည်။ အာဂတော=လာနေတယ်ခင်ဗျာ။

အဘွား၊ ကျွန်တော်တို့ ဦးကြီး ရောက်နေတယ် ခင်ဗျာ၊ ဒီလို ပြောတယ်။ အဘွားကြီးက မေးတယ်။

ဣဒါနိ ကုဟိံ = ယခု ဘယ်မှာလဲ။

http:\\www.dhammadownload.com



ဂါမဒွါရေ = ရွာတံခါးဝမှာ အမေ။

ကိံကာရဏာ အာဂတော = ဘာအကြောင်းကြောင့် လာသတဲ့လဲ။

အဘွားကြီးက မေးတယ်။ ဒီတော့ ဥပရေဝတက ရှင်သာရိပုတ္တရာ မှာလိုက်တဲ့ အတိုင်း အဘွား၊ ကနေ့ တစ်နေ့တော့ ရွာထဲနေမလို့တဲ့။ မွေးဖွားရာ တိုက်ခန်းကို သုတ်သင်ပြင်ဆင်၍ ထားလိုက်ပါတဲ့၊ ရဟန်းငါးရာအတွက် နေရာများ သိထားလိုက်ပါ တဲ့ အဘွား ဆိုတော့ -

ကိံ နု ခေါ ဧတ္တကာနံ ဝသနဋ္ဌာနံ ပဋိဇဂ္ဂါပေသိ။

မမ ပုတ္တော=ငါရဲ့ သားကြီးသည်။ ကိံ နု ခေါ=ဘာကြောင့်များ။ ဧတ္တကာနံ=ဤမျှ သော ရဟန်းငါးရာတို့အတွက်။ ဝသနဋ္ဌာနံ=နေရာကို။ ပဋိဇဂ္ဂါပေသိ=သုတ်သင်စေပါ လိမ့်။ ဘာကြောင့်များ ငါ့သား ဒါလောက်များတဲ့ ရဟန်းငါးရာရဲ့အတွက် နေရာခင်း ကျင်း ခိုင်းတာပါလိမ့်။

ဒဟရကာလေ=အသက်အရွယ် ငယ်စဉ်အခါ၌။ ပဗ္ဗဇိတွာ=ရှင်ရဟန်းပြုပြီးတော့။ ဣဒါနိ မဟလ္လကကာလေ=ဤယခု အသက်အရွယ်ကြီးသော အခါကာလ၌။ ဂိဟီ ဟောတုံကာမော=လူဖြစ်ချင်လို့ ထင်ပါ့။ လို့ -

ငါ့သားကြီးက အသက်အရွယ် ငယ်စဉ်က ရဟန်းပြုပြီးတော့ အသက်ကြီးတဲ့အခါ ကျတော့ လူ့ဘဝပြောင်းချင်လို့ ထင်ပါရဲ့ ဆိုပြီးတော့ သူ့မျှော်လင်ချက်နဲ့ သူ တပည့် တွေ တပန်းတွေနဲ့ အဲ-မွေးရာတိုက်ခန်း သုတ်သင်လို့ နေရာများခင်း၊ ရဟန်းတော် ငါးရာအတွက် နေရာများ ခင်းပြီးတဲ့ အခါကျတော့မှ ဥပရေဝတ လွှတ်ပြီးတော့ မင်း ဦးကြီး သွားပင့်ချေ ဆိုတော့ ရှင်သာရိပုတ္တရာ လိုက်လာတယ်။ ရဟန်းငါးရာနဲ့ ရောက် တယ် ဆိုယင်ပဲ သူ့တပည့် ရဟန်းငါးရာကို -

တုမှာကံ=သင်တို့၏။ ဝသနဋ္ဌာနံ=နေရာဌာနသို့။ ဂစ္ဆထ=သွားကြကုန်။

ငါ့ရှင်တို့ ... ၊ ခရီးပန်းလာပြီ။ မိမိတို့ နေရာဌာနသို့ ကိုယ်စီကိုယ်င အသီးသီး သွားကြ။

## သွေးအန်ရောဂါ ဖြစ်ပေါ်လာ

ကိုယ်တော့် အနားတော့ အပြုအစုအနေနဲ့ ဘယ်သူရှိသတုန်းဆိုတော့ သူ့ညီ ရှင်စုန္ဒ ရှိတယ်။ အဲဒီ ရှင်စုန္ဒကို စာထဲမှာတော့ 'စုန္ဒော သမဏုဒ္ဒေသော' ကိုရင်ကလေး ကတည်း ကိုက သာသနာမှာ ဝင်လာခဲ့တာ ဖြစ်တော့ အဲ-သမဏုဒ္ဒေသဆိုတာ သာမဏေကို

http:\\www.dhammadownload.com



ခေါ်တာ။ အဲဒီ ကိုယ်တော် ရဟန်းဖြစ်လဲပဲ သာသနာတော်ကတော့ စုန္ဒသမဏုဒ္ဒေသ စုန္ဒသာမဏောပဲ သုံးတယ်။

ရဟန္တာဖြစ်တော့လဲ စုန္ဒသာမဏောပဲ သုံးတယ်။ အဲ-ဒါတစ်ခုလဲပဲ မှတ်ထားပေါ့။ အဲဒီတော့ ရှင်သာရိပုတ္တရာက မိမိတပည့်တပန်း ရဟန်းငါးရာကို 'မိမိတို့နေရာ သွားနေကြ' လို့ လွှတ်လဲ လွှတ်ပေးလိုက်ရော မိမိရဲ့ မွေးရာတိုက်ခန်း အိပ်ရာထဲမှာ လှဲလဲ လှဲလိုက်ရော အာယုသင်္ခါရ လျှော့ချလိုက်တယ်။

လျှော့ဆိုတာ အာယုပါလက ဖလသမာပတ်ကို မဝင်စားတော့ဘူး။ အဲဒီမှာ တစ်ခါတည်း အသက်ကို ခြွေမယ့် သွေးလျှံ သွေးသွန်တဲ့ရောဂါ တစ်ခါတည်း ဝင်လာတယ်။ ထွေးခံတစ်လုံးဝင် ထွေးခံတစ်လုံးထွက်၊ တစ်လုံးဝင် တစ်လုံးထွက်၊ တစ်လုံးဝင် တစ်လုံးထွက်၊ အဘွားကြီး ရူပသာရီက မလှမ်းမကမ်း သူ့နေရာက လှမ်းကြည့်တော့ -

မမ ပုတ္တဿ ပဝတ္တိံ မယှံ န ရုစ္စတိ။

အဲ-ငါထင်တာက ငါ့သားကြီး အသက်အရွယ်ကြီးတော့ လူ့ဘောင် ပျော်ပျော်ပါးပါး လျှောကျဖို့ လာတယ်ထင်တယ်၊ ငါ့သားရဲ့ ဖြစ်ပုံ ကြည့်ရတာဖြင့် ငါ့စိတ်ထဲ သဘောမကျလိုက်လေ။

အဲဒီလို အောက်မေ့ပြီးတော့ ဟို-သူရဲ့ အိပ်ခန်းကလေး တံခါးဝက နေပြီးတော့ ရှင်သာရိပုတ္တရာရဲ့ ဖွားရာတိုက်ခန်းမယ် ကိုယ်တော်တွေ ရှင်စုန္ဒတို့ အပြုအစု ကိုယ်တော်တွေ အလုပ်များနေတာ လှမ်းကြည့်ပြီး နှလုံးမသာမယာနဲ့ ဖြစ်နေတယ်။

## သုနာပြုရန် နတ်မင်းကြီးများ ရောက်လာခြင်း

အချိန်က ဆိုကြပါစို့ရဲ့၊ ဟို ပထမယံ ရောက်လောက်ပြီ။ အဲဒီအချိန် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက -

ဓမ္မသေနာပတိ ကုဟိံ ဝိဟရတိ။

ဓမ္မသေနာပတိ=တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ။ ကုဟိံ=အဘယ် အရပ်၌။ ဝိဟရတိ=နေတော်မူပါလိမ့်။

ဩော်-အရှင်သာရိပုတ္တရာ ဓမ္မသေနာပတိ မထေရ်မြတ်ကြီး အခု ဘယ်မှာ နေမှာပါလိမ့်လို့ ကြည့်တော့ သူတို့မြင်ပြီ။

မဂဓေသု နာလကဂါမေ ဇာတောဝရကေ ပရိနိဗ္ဗာနမဉ္စေ နိပန္နော။

http:\\www.dhammadownload.com



မဂဓေသု=မာဂဓတိုင်းတို့၌။ နာလကဂါမေ=နာလကရွာ၌။ ဇာတာဝရကေ=ကိုယ်တော်မြတ်ရဲ့ ဖွားရာတိုက်ခန်း၌။ ပရိနိဗ္ဗာနမဉ္စေ=ပရိနိဗ္ဗာန်စံရာ ညောင်စောင်း၌။ နိပ္ပန္နော=လျောင်း၍ နေတော်မူပြီ။

"ပစ္ဆိမဒဿနံ ဂမိဿာမ" နောက်ဆုံး အဖူးအမြော် ငါတို့ သွားကြစို့-လို့ ဆိုပြီး စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ညဦးယံ လာကြတယ်ဆိုယင်ပဲ ရှင်သာရိပုတ္တရာ-

"ကေ တုမှေ" သင်တို့ ဘယ်သူတွေလဲ။ "မဟာရာဇာနော ဘန္တေ" တပည့်တော်တို့ မဟာရာဇ်နတ်မင်းကြီး လေးပါးပါဘုရား။ "ကသ္မာ အာဂတတ္ထ"၊ အဘယ်အကျိုးငှာ လာရောက်ကြသလဲ-လို့ အရှင်သာရိပုတ္တရာက မေးတဲ့အခါ "ဂိလာနုပဋ္ဌာကာ ဘဝိဿာမာ" တိ။ မယံ=တပည့်တော်တို့သည်။ ဂိလာနုပဋ္ဌာကော=သူနာပြုတို့သည်။ ဘဝိဿာမ =ဖြစ်ကုန်အံ့။ ဣတိ=ဤသို့ နလုံးပိုက်၍။ အာဂစ္ဆာမ=လာရောက်ကြပါတယ်ဘုရား။ တပည့်တော်တို့ သူနာပြု ဖြစ်မယ် ဆိုပြီးတော့ အေး ... **သူနာပြုရန် လာကြ**ပါတယ်ဘုရား ... လျှောက်တော့ ရှင်သာရိပုတ္တရာ -

ဟောတု, အတ္ထိ ဂိလာနုပဋ္ဌာကော၊ ဂစ္ဆထတုမှေ။

ဟောတု=ရှိပါစေ။ ဂိလာနုပဋ္ဌာကော=သူနာပြုသည်။ အတ္ထိ=ရှိ၏။ (သူ့ညီ စုန္ဒ တစ်ယောက်လုံး တစ်ပါးလုံး ရှိတယ်။) တုမှေ=သင်တို့သည်။ ဂစ္ဆထ=သွားကြကုန်လော့။ အဲဒီလိုဆိုပြီး ပြန်လွှတ်လိုက်တယ်။

## သူနာပြုရန် သိကြားမင်း ဗြဟ္မာမင်းများ လာရောက်ခြင်း

စတုမဟာရာဇ် နတ်ကြီးတွေ ပြန်သွားရော။ အဲ စတုမဟာရာဇ် နတ်ကြီးတွေ ပြန်သွားတော့မှ သိကြားမင်းက လာပြန်တယ်။ ထို့အတူပဲ ရှင်သာရိပုတ္တရာက မေးတယ်။ သင် ဘယ်သူလဲ။ တပည့်တော် နတ်တို့သနင်း သိကြားမင်းပါ။

ဘာလို့ လာသလဲ။ သူနာပြု ဖြစ်မလို့ပါ။ ဩော် ... ရှိပါစေ၊ သူနာပြု ရှိနေပါတယ်။ သိကြားမင်း ပြန် ပြန် ဆိုပြီးတော့ သိကြားမင်းကို လွှတ်လိုက်ပြန်တယ်။

သိကြားမင်း ပြန်သွားပြန်ရော။ သန်းခေါင်ကျော်ကျတော့ မဟာဗြဟ္မာကြီး လာပြန်တယ်။ ထို့အတူပဲ အရှင်သာရိပုတ္တရာက မေးတယ်။ "ကော တွံ" တဲ့။ သင်ဘယ်သူလဲ။ မဟာဗြဟ္မာ ဘန္တေ=တပည့်တော် မဟာဗြဟ္မာကြီးပါဘုရား။ ကိမတ္ထံ အာဂတော=ဘာအကျိုးငှာ လာသလဲ။ ဂိလာနုပဋ္ဌာကော ဘဝိဿာမီတိ=သူနာပြု ဖြစ်မလို့ တပည့်တော် လာပါတယ်ဘုရား။ ဟောတု, အတ္ထိ ဂိလာနုပဋ္ဌာကော=ရှိပါစေ၊ သူနာပြု ငါ့မှာ ရှိပါ၏။

http:\\www.dhammadownload.com



တွံ=သင်သည်။ ဂစ္ဆ=သွားလော့။ မဟာဗြဟ္မာကြီးကို လွှတ်လိုက်တယ်။ မဟာဗြဟ္မာကြီးကို လွှတ်လိုက်တော့မှ ရူပသာရီ ပုဏ္ဏေးမကြီးက အိမ်က တစ်အိမ်ထဲ ဆိုတော့ပေါ့လေ မြင်နေရတယ်။ ရှင်သာရိပုတ္တရာကြီးဆီကို ပထမ လေးယောက်ဝင်လာတယ်။ အဲဒီ လေးယောက် ပြီးပြန်တော့ နောက်တစ်ယောက် ဝင်လာတယ်။ ဒီတစ်ယောက် ထွက်သွားပြန်တော့ နောက်တစ်ဦးက ဝင်လာပြန်တယ်။ ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် ဝင်လာတာ မြင်တော့ ရူပသာရီ ပုဏ္ဏေးမကြီးက –

ကေ နု ခေါ တေ မမ ပုတ္တံ ဝန္ဒိတွာ ဂစ္ဆန္တိ။

မမ ပုတ္တံ=ငါ့သားကို။ ဝန္ဒိတွာ=ရှိခိုး ရှိခိုးပြီးတော့။ ဂစ္ဆန္တိ=သွားကြတဲ့။ တေ= ထိုသူတို့သည်ကား။ ကေ နု ခေါ=ဘယ်သူတွေပါလိမ့်။

ငါသွားပြီးတော့ မေးအုန်းမှပဲ ဆိုပြီးတော့ သူတို့ တိုက်ခန်း တံခါးဝကနေပြီးတော့ အရှင်သာရိပုတ္တရာရဲ့ မွေးဖွားရာ တိုက်ခန်း တံခါးဝ လာပြီးတော့ –

တာတ စုန္ဒ ကာ ပဝတ္တိ။

တာတ စုန္ဒ=ချစ်သား စုန္ဒ။ ပဝတ္တိ=ဖြစ်ပုံသည်။ ကာ=အသို့နည်း။ ကာ ပဝတ္တိ= ဘယ်လို ဖြစ်ကြတာလဲ။

ချစ်သားစုန္ဒ၊ ဘယ်လို ဖြစ်ကြတာလဲ။ ထွေးခံတွေ တစ်လုံးဝင် တစ်လုံးထွက်၊ တစ်လုံးဝင် တစ်လုံးထွက်၊ ဘာဖြစ်ကြတာလဲလို့ ဆိုတော့ကမှ အရှင်စုန္ဒက "ဒကာမကြီး၊ ဒကာမကြီးရဲ့သား နေမကောင်းလို့" အကြောင်းအကျိုး မယ်တော်ကြီးအား ပြောပြီးတဲ့အခါကျတော့မှ အရှင်သာရိပုတ္တရာကို –

မဟာဥပါသိကာ ဘန္တေ အာဂတာ။

ဘန္တေ=အရှင်ဘုရား။ မဟာဥပါသိကာ=ဒါယိကာမကြီးသည်။ အာဂတာ=လာနေပါသည်ဘုရား။

ဒီတော့ ... အရှင်သာရိပုတ္တရာက ဒါယိကာမကြီးကို လှမ်းပြီးတော့ "ကသ္မာ အဝေလာယ အာဂတာ" မဟာဥပါသိကေ=ဒါယိကာမကြီး။ ကသ္မာ=အဘယ့်ကြောင့်။ အဝေလာယ=အချိန်မဟုတ်သည်၌။ အာဂတာ=လာသနည်း။

ဒါယိကာမကြီး၊ အချိန်နည်းလှုပါပကော၊ ဘာကြောင့် လာရသလဲ။

တုယှံ တာတ ဒဿနတ္ထာယ။

http:\\www.dhammadownload.com



တာတ = ချစ်သား။ တယှံ = သင်ချစ်သားကို။ ဒဿနတ္ထာယ = ကြည့်ရှုခြင်းငှာ။ အာဂတာ = လာခဲ့ပါတယ်။

ချစ်သား၊ ချစ်သား ဘယ်လိုနေသလဲ ကြည့်ချင်လို့ လာတာပေါ့။

တာတ ပဌမံ ကေ အာဂတာ။

တာတ=ချစ်သား။ ပဌမံ=ရှေးဦးစွာ ညဦးပိုင်းတုန်းက။ အာဂတာ=လာကြတဲ့ ပုဂ္ဂိုလ်ကြီးလေးယောက်တို့သည်။ ကေ=အဘယ်သူတွေလဲ။

ငါ့သား၊ ညဦးပိုင်းတုန်းက ကိုယ်ရောင်ကိုယ်ဝါတွေ ထွန်းလင်းစွာနှင့် ငါ့သားထံလာပြီး ရိုသေမြတ်နိုး ရှိခိုး၍ ပြန်သွားကြတဲ့ ပုဂ္ဂိုလ်ကြီး လေးဦးတွေက ဘယ်သူတွေလဲ။

ဒီတော့ အရှင်သာရိပုတ္တရာက ပြန်ပြောတယ်။

စတ္တာရော မဟာရာဇာနော ဥပါသိကေ = စတုမဟာရာဇ် နတ်မင်းကြီးတွေပေါ့ ဒကာမကြီး။

တာတ တွံ စတူဟိ မဟာရာဇေဟိ မဟန္တတရော။

တာတ=ချစ်သား။ တွံ=သင်ချစ်သားက။ စတူဟိ မဟာရာဇေဟိ=စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ထက်။ မဟန္တတရော=သာလွန်မြင့်မြတ်သလား။

ချစ်သား ... ၊ ချစ်သားက စတုမဟာရာဇ် နတ်မင်းကြီးတွေထက် မြင့်မြတ်သလား။

ဒီတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က ဘာပြန်ပြောသလဲ။

## အာရာမ်စောင့်နှင့်တူသော နတ်မင်းကြီးများ

အာရာမိကဒိသသာ ဧတေ ဥပါသိကေ။

ဥပါသိကေ=ဒါယိကာမကြီး။ ဧတေ=ဤစတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့သည်။ အာရာမိကသဒိသာ=ငါတို့၏ အာရာမ်စောင့်နှင့် တူကြကုန်၏။

ဒကာမကြီး ... ၊ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးဆိုတာ ငါတို့ရဲ့ အဖို့ဆိုယင် အာရာမ်စောင့်ကြီးတွေ လေးဦးနဲ့ တူပါတယ်-တဲ့။ အမှာကံ သတ္ထု=ငါတို့ဆရာ မြတ်စွာဘုရား၏။ ပဋိသန္ဓိဂ္ဂဟဏတော ပဋ္ဌာယ=ပဋိသန္ဓေတည်နေတဲ့ အချိန်ကစ၍။ ခဂ္ဂဟတ္ထာ ဟုတွာ=သန်လျက်ကိုယ်စီ လက်စွဲချီကြကုန်လျက်။ အာရက္ခံ=အစောင့်အရှောက်ကို။ အကံသု=ပြုခဲ့ကြကုန်ပြီ။

ဒို့ဘုရား ပဋိသန္ဓေနေတဲ့ အချိန်ကစပြီးတော့ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးဟာ ကိုယ်စီကိုယ်င သန်လျက်လက်စွဲပြီးတော့ အာရာမ်စောင့်ခဲ့တာ၊ ဒီတော့ သူတို့ဟာ

http:\\www.dhammadownload.com



က ဒို့သာသနာက ကြည့်လျှင်တော့ အာရာမ်စောင့်ကြီး လေးဦးနဲ့ တူတယ်။

တေသံ တာတ ဂတာဝသာနေ ကော အာဂတော။

တာတ=ချစ်သား။ တေသံ=ထို စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့။ ဂတာဝသာနေ=သွားပြီးသည် အဆုံး၌။ အာဂတော=ဒုတိယ လာရောက်သော သူကား။ ကော=အဘယ်သူလဲ။

စတုမဟာရာဇ် နတ်မင်းကြီး လေးဦး သွားပြီးတဲ့နောက် ချစ်သားထံ လာရောက်တဲ့ ပုဂ္ဂိုလ်က ဘယ်သူတုန်းလို့ဆိုတော့ - သက္ကော ဒေဝါနိမိန္ဒော ဥပါသိကေ=ဒကာမကြီး၊ အဲဒါဟာ နတ်တို့သနင်း သိကြားမင်းဆိုတာ သူပဲ။

ဒေဝရာဇတောပိ တွံ တာတ မဟန္တတရော။

တာတ=ချစ်သား။ တွံ=သင်ချစ်သားက။ ဒေဝရာဇတောပိ=နတ်တို့သနင်း သိကြားမင်းထက်လဲပဲ။ မဟန္တတရော=အထူးအားဖြင့် မြင့်မြတ်သလား။ ချစ်သား ...၊ ချစ်သားက သိကြားမင်းထက် မြတ်သလား။ အဲဒီလိုမေးတော့ အရှင်သာရိပုတ္တရာက ဘာပြန်ပြောလဲဆိုတော့ -

## သာမဏေငယ်ကလေးနှင့်တူသော သိကြားမင်း

ဘဏ္ဍဂ္ဂါဟကသာမဏေရဒသိသော ဧသ ဥပါသိကေ။

ဥပါသိကေ=ဒါယိကာမကြီး။ ဧသ ဧသော=ဤသိကြားမင်းဆိုတာ။ အမှာကံ=ငါတို့အဖို့။ ဘဏ္ဍဂ္ဂါဟကာ သာမဏေရသဒိသော=သပိတ်ပရိက္ခရာ ဘဏ္ဍာကိုကိုင်၍ လိုက်သော သာမဏေငယ်ကလေးနှင့် တူ၏။ သိကြားဆိုတာ ငါတို့ဘက်က ကြည့်ယင် သပိတ် ပရိက္ခရာ အသုံးအဆောင်ကို ကိုင်ပြီးတော့ နောက်က လိုက်တဲ့ ကိုရင်ငယ် ကလေးလိုပါ။

အမှာကံ သတ္ထု=ငါတို့ရဲ့ဆရာ မြတ်စွာဘုရား၏။ တာဝတိံသတော=တာဝတိံသာ နတ်ပြည်မှ။ ဩတရဏကာလေ=သက်ဆင်းစဉ်အခါ ကာလတုန်းက။ ပတ္တစီဝရံ=ဘုရားရဲ့ သပိတ်သင်္ကန်းကို။ ဂဟေတွာ=ယူဆောင်၍။ ဩတိဏ္ဏော=တာဝတိံသာနတ်ပြည်မှ ဘုရားနောက်မှ ထက်ကြပ်မကွာ သက်ဆင်းလိုက်ခဲ့ပါပြီ။

သိကြားမင်းဟာ အဲဒီတုန်းက ကြည့်ပါ။ ဘုရားရဲ့ သပိတ်သင်္ကန်းကို ကိုင်ပြီးတော့ နောက်က လိုက်ခဲ့တော့ ငါတို့ရဲ့ ဘဏ္ဍာကို ကိုင်တဲ့ သာမဏေငယ်လေးလောက်ပဲ ရှိတယ်။

http:\\www.dhammadownload.com



တဿ ဗာဟတ ဂတာဝသာနေ ဓောတယမာနော ဝိယ ကော အာဂတော။

တာတ=ချစ်သား။ တဿ=ထိုသိကြားမင်း၏။ ဂတာဝသာနေ=သွားပြီးသည်၏ အဆုံး၌။ ဓောတယမာနော ဝိယ=တစ်တိုက်လုံး တစ်မြို့လုံး အလျှံကပြောင်ပြောင် တောက်လောင်စေသကဲ့သို့။ အာဂတော=လာရောက်တဲ့ ပုဂ္ဂိုလ်ကတော့။ ကော=ဘယ်သူလဲ။

သိကြားမင်း သွားပြီးတဲ့နောက် ဒို့ နာလကရွာ တစ်ရွာလုံး လောင်စလိမ့် အရောင်တွေ ထွန်းပပြီးတော့ နောက်ဆုံးလာတဲ့ ပုဂ္ဂိုလ်ကတော့ ဘယ်သူတုန်း။

ဥပါသိကေ=ဒါယိကာမကြီး။ တုယှံ=သင် ဒါယိကာမကြီး၏။ ဘဂဝါ စ=ဘုန်းရှိတဲ့ ဘုရားလည်း ဖြစ်တယ်။ သတ္ထာ စ=ဆရာဆိုတဲ့ ဘုရားလည်း ဖြစ်တယ်။ (ဒကာမကြီး တို့ရဲ့ ဘုရား၊ ဒကာမကြီးတို့ရဲ့ ဆရာ၊) ဧသော=ဤနောက်ဆုံးလာတဲ့ ပုဂ္ဂိုလ်သည်။ မဟာဗြဟ္မာ နာမ=မဟာဗြဟ္မာကြီးပေါ့။

## မယ်တော်ကြီး တအံ့တသြဖြစ်ခြင်း

ဒကာမကြီး ... ၊ အဲဒီ နောက်ဆုံးလာတဲ့ ပုဂ္ဂိုလ်က ဒကာမကြီးတို့ရဲ့ ဘဂဝါ၊ ဒကာမကြီးတို့ရဲ့ သတ္ထာ၊ ဒကာမကြီးတို့ရဲ့ ဘုရား၊ ဒကာမကြီးတို့ရဲ့ ဆရာ၊ မဟာဗြဟ္မာကြီးဆိုတာ သူပေါ့။

ဒီတော့ မယ်တော်ကြီးက –

မယှံ ဘဂဝတော မဟာဗြဟ္မတောပိ တွံ တာတ မဟန္တတရော။

တာတ=ချစ်သား။ တွံ=သင်ချစ်သားသည်။ မယှံ=ငါ၏။ ဘဂဝတော=ဘုရားဖြစ်သော။ မဟာဗြဟ္မတောပိ=မဟာဗြဟ္မာကြီးထက်လည်း (တွံ=သင်ချစ်သားက။) မဟန္တတရော=အထူးအားဖြင့် ကြီးမြတ်သလား။

ချစ်သား ...၊ ချစ်သားက ဒကာမကြီးတို့ရဲ့ ဘုရား မဟာဗြဟ္မာကြီးထက်လည်း မြတ်သလား။ အဲဒီလိုဆိုတော့ အရှင်သာရိပုတ္တရာက "အာမ ဥပါသိကေ"။ ဥါသိကေ= ဒါယိကာမကြီး။ အာမ=အေး ... မြတ်၏။

ဧတေ နာမ=ဤဗြဟ္မာကြီးတို့ မည်သည်။ အမှာကံ သတ္ထု=ငါတို့၏ဆရာ မြတ်စွာ ဘုရား၏။ ဇာတဒိဝသေ=လုမ္ဗိနီအင်ကြင်းတောဝယ် ဖွားမြင်သော နေ့တုန်းက။ စတ္တာရော မဟာဗြဟ္မာနော=သုဒ္ဓါဝါသ မဟာဗြဟ္မာကြီးလေးယောက်တို့သည်ပင်။ မဟာပုရိသံ =အလောင်းတော်မြတ်ကို။ သုဝဏ္ဏဇာလေန=ရွှေဇာဖြင့်။ ပဋိဂ္ဂဟိံသု=ခံယူခဲ့ကြကုန်ပြီ။

http:\\www.dhammadownload.com



အေး ... မြတ်တာပေါ့ ဒကာမကြီး၊ ငါတို့ဆရာ မြတ်စွာဘုရား လုမ္ဗိနီ အင်ကြင်းတော ဖွားမြောက် သန့်စင်တော်မူတဲ့နေ့မှာ အဲဒီဗြဟ္မာကြီးတွေပေါ့။ မဟာဗြဟ္မာကြီးလေးယောက် ရွှေဇာကွန်ယက်နှင့် အလောင်းတော်ကို ခံယူကြတယ်လေ။

ဒီတော့မှ မယ်တော်ဖြစ်တဲ့ ရူပသာရီပုဏ္ဏေးမကြီးရဲ့ စိတ်ထဲမယ်။

ပုတ္တဿ တာဝ မေ အယံ အာနု ဘာဝေါ။

တာဝ=ရှေးဦးစွာ။ မေ=ငါ၏။ ပုတ္တဿ=သားဖြစ်သော ဥပတိဿ၏။ အာနုဘာဝေါ=အာနုဘော်တောင်မှ။ အယံ=ဤသို့ သဘော ရှိသေး၏။

ခြော် – ငါ့သား ဥပတိဿရဲ့ တန်ခိုးတေဇော် အာနုဘော်တောင်မှ ဤသို့ ကြီးမြတ်သော သဘော ရှိသေး၏။

ကီဒိသော ဝတ မယှံ ပုတ္တဿ ဘဂဝတော သတ္ထု အာနုဘာဝေါ ဘဝိဿတိ။

မယှံ=ငါ၏။ ပုတ္တဿ=သားဖြစ်သော ဥပတိဿ၏။ ဘဂဝတော=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော။ သတ္ထု=ဆရာဘုရား၏။ အာနုဘာဝေါ=တန်ခိုးတေဇော်အာနုဘော်က။ ကီဒိသော=ဘယ်လိုသဘောရှိသည်။ ဘဝိဿတိ ဝတ=ဖြစ်လိမ့်မည်နည်း။

ငါ့သားရဲ့ တန်ခိုးတော်တောင် အာနုဘော်တောင် ဒီလောက် ကြီးနေသေးတယ်ဆိုယင် ငါ့သားရဲ့ဆရာ မြတ်စွာဘုရားရဲ့ တန်ခိုးရှိန်စော အာနုဘော်များဆိုယင်တော့ အံ့မခန်း မနိူင်းရဲလောက်အောင်ပါပဲလား။

**အဂ္ဂသာဝကနှစ်ပါး၏ အဆုံးအမပေးပုံ ထူးခြားချက်**

အဲဒီမှာ အရှင်မဟာမောဂ္ဂလ္လာန်ကျတော့ သတ္တဝါတစ်ယောက်ကို အနုသာသနီ ပါဋိဟာရိယ အဆုံးအမ ဩဝါဒပေးမယ်ကြံယင် မပေးခင် ဣဒ္ဓိပါဋိဟာရိယ=တန်ခိုးပြာဋိဟာနှင့် ပထမအကြမ်းဖျင်း ဆုံးမလိုက်သေးတယ်။ ပြီးတော့မှ အနုသာသနီ ပဋိဟာရိယ အဆုံးအမ ဩဝါဒ ပေးတယ်၊ ဤတရားကို ပယ်ရှား၊ ဤတရားကို ကျင့်ဆိုတဲ့ ဩဝါဒ လာတယ်။

အရှင်သာရိပုတ္တရာကျတော့ အာဒေသနာ ပါဋိဟာရိယ=အာဒေသနာဆိုတာ သူ့စိတ်ဖြစ်ပေါ်တာကို ညွှန်ပြခြင်း စဉ်းစားခြင်းလျှင် ရှေ့သွားရှိသော အနုသာသနီ ပါဋိဟာရိယတဲ့၊ အဆုံးအမ ဩဝါဒတရား။ ဒီတော့ အရှင်သာရိပုတ္တရာ တရားဟောမယ်ကြံယင် သူ့ရဲ့ တရားနာမယ့် ပရိသတ်ရဲ့ စိတ်ကို လှမ်းပြီးတော့ ကြည့်သေးတယ်။ ကြည့်ပြီးမှ

http:\\www.dhammadownload.com



အာဒေသနာ ရေ့သွားရှိပြီးမှ ဟို–တကယ့် တရားသား အဆုံးအမ သြဝါဒတွေကို ဟောတာ။ အခု ထိုနည်းဖြင့် မယ်တော်ရဲ့ စိတ်နှလုံးဖြစ်ပုံကို ပရစိတ္တဝိဇာနန အဘိညာဉ်၊ စေတောပရိယ အဘိညာဉ်နဲ့ လှမ်းကြည့်လိုက်သေးတယ်။ မြင်ပြီ –

## မယ်တော်၏ ပီတိသောမနဿ

ဥပ္ပန္နံ မေ မာတု ပီတိ သောမနဿံ။

မေ=ငါ၏။ မာတု=မွေးသမိခင် ကျေးဇူးရှင်ရဲ့ သန္တာန်၌။ ပီတိသောမနဿံ=နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိငါးပါးသော သောမနဿ ဝေဒနာတရားသည်။ ဥပ္ပန္နံ=တရိပ်ရိပ် တဖွားဖွား ဖြစ်ပွား၍ နေလေပြီ။

သြော် ... ငါရဲ့ မယ်တော်သန္တာန်မှာ ပီတိသောမနဿတွေ မရပ်မနား ဖြစ်ပွား၍ နေတယ်။ "ကာလောဒါနိ ဓမ္မဒေသနာယ" – ဒါနိ၊ ဣဒါနိ=ဤယခုအခါ၌။ ဓမ္မဒေသနာယ=တရားဟောဖို့ရန်။ ကာလော=အခါတန်ပြီ။

အဲဒီတော့ ငါတရားဟောရအောင် ဒကာမကြီးကို စ အုန်းမှပဲ။

ကိံ စိန္တေသိ မဟာဥပါသိကေ။

မဟာဥပါသိကေ=ဒါယိကာမကြီး။ ကိံ=အဘယ်ကို။ စိန္တေသိ=ကြံစည်၍ နေပါသနည်း။

ဒါယိကာမကြီး၊ ဘာတွေများ စဉ်းစားနေတုန်းလို့ ဆိုတော့ ...မယ်တော်ကြီးက–

ပုတ္တဿ တာဝ မေ အယံ ဂုဏော၊ သတ္ထု ပနဿ ကီဒိသော ဘဝိဿတီတိ။

တာဝ=ရှေးဦးစွာ။ မေ=ငါ၏။ ပုတ္တဿ=သား၏။ အယံ ဂုဏော=ဤဂုဏ်ကျေးဇူးသည်။ ဟောတိ=ဖြစ်တုံ၏။ အဿ=ထိုငါ့သားကြီး၏။ သတ္ထု=ဆရာဘုရား၏။ ဂုဏော ပန=ဂုဏ်ကျေးဇူးကတော့။ ကီဒိသော=ဘယ်သို့သော သဘောရှိသည်။ ဘဝိဿတိ=ဖြစ်လိမ့်မည်နည်း။ ဣတိ–ဣဒံ တာတစိန္တေမိ= ဤအချက်ကို အမေ စဉ်းစားနေပါတယ် ချစ်သား ... တဲ့။

ချစ်သား၊ မယ်တော်ဟာလေ သြော် ... ငါ့သားရဲ့ ဂုဏ်ကျေးဇူးတောင် ဒီလောက်ဖြစ်နေယင် ငါ့သားရဲ့ဆရာ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးဟာဖြင့် ဘယ်လိုများ နေမလဲလို့ ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကို အမေ စဉ်းစားနေပါတယ်။

တရား စတော့မယ်၊ သူတို့ကို ဟောပုံ စတော့မယ်၊ အဲဒီလို မယ်တော်က ဆိုဟော့ကမှ အရှင်သာရိပုတ္တရာက –

http:\\www.dhammadownload.com



## မယ်တော်အား တရားဟောပေးခြင်း

မဟာဥပါသိကေ=ဒါယိကာမကြီး။ မယှံ=ငါတို့၏။ သတ္ထု=ဆရာမြတ်စွာဘုရား၏။ ဇာတက္ခဏေ စ=လုမ္ဗိနီ အင်ကြင်းတောဝယ် မွေးဖွားတော် မူသောအခါ၌လည်းကောင်း။ မဟာဘိနိက္ခမနေ စ=မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသော အခါ၌လည်းကောင်း။ သမ္ဗောဓိယဥ္စ=အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက် ဘုရားဖြစ်တော်မူသော အခါ၌လည်းကောင်း။ ဓမ္မစက္ကပဝတ္တနေ စ=ဓမ္မစကြာဒေသနာမြတ်ထူး တရားဦးကို ရင့်ကျူးဟောဖော် မိန့်မြွက်တော် မူသောအခါ၌လည်းကောင်း။ (ဒကာမကြီး ဉာဏ်နဲ့ ငုံ့မိရုံပဲ လေးဌာနကို ကိုင်ပြောတယ်။)

(၁) ဒကာမကြီး၊ တို့မြတ်စွာဘုရား သုံးဆယ့်နှစ်ပါးသော အတိတ်ကြီးတွေကို ထင်ရှားဖြစ်ပေါ်စေလျက် ဖွားမြောက် သန့်စင်တော်မူတဲ့အခါ။

(၂) မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူတဲ့အခါ။

(၃) စကြဝဠာ တိုက်တစ်သောင်း ရိုက်ခြောင်းတုန်လှုပ်စေလျက် သမ္ဗာသမ္ဗောဓိ ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ရောက် ဘုရားအဖြစ် ရောက်တော်မူတဲ့အခါ–

(၄) ဓမ္မစကြာတရား ဟောကြားတော်မူတဲ့အခါ –

အဲဒီအခါများမှာလေ "ဒသသဟဿီ လောကဓာတု ကမ္ပိတ္ထ" လောကဓာတ် စကြဝဠာပေါင်း တိုက်တစ်သောင်းတို့ တုန်လှုပ်ခဲ့တယ် ဒကာမကြီး။

## မယ်တော်ရှုပသာရီ သောတာပန်ဖြစ်ခြင်း

သီလေန စ=သီလဂုဏ်အားဖြင့် လည်းကောင်း။ သမာဓိနာ စ=သမာဓိဂုဏ်အားဖြင့် လည်းကောင်း။ ပညာယ စ=လောကီ လောကုတ္တရာ ပညာဂုဏ်အားဖြင့် လည်းကောင်း။ ဝိမုတ္တိယာ စ=ဝိမုတ္တိဂုဏ်ကျေးဇူး ငါးပါးဖြင့် လည်းကောင်း။ ဝိမုတ္တိဉာဏဒဿနေန စ= ဝိမုတ္တိဉာဏဒဿန ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် ဂုဏ်ကျေးဇူး အားဖြင့် လည်းကောင်း။ သမော နာမ=တူသော သူမည်သည်။ နတ္ထိ=မရှိဘူး။

ဒကာမကြီး၊ ဒို့ဆရာ မြတ်စွာဘုရားနဲ့ သီလဂုဏ် အားဖြင့်လဲ နှိုင်းပြိုင်အပ်သူ တစ်လူမှ မရှိဘူး၊ သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ် အားဖြင့်လဲ နှိုင်းပြိုင်အပ်သူ တစ်လူမှ ရှိတော်မမူဘူး။

http:\\www.dhammadownload.com



ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဒကာမကြီး ...၊ ငါတို့ဆရာ မြတ်စွာဘုရားဟာဖြင့် ဤသို့သော အကြောင်းကြောင့် အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်၊ သုဂတဂုဏ်၊ လောကဝိဒူဂုဏ်၊ အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်၊ သတ္ထာဒေဝ မနုဿာနံဂုဏ်၊ ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ် ဆိုတဲ့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတယ် ဒကာမကြီး။

သော ဓမ္မံ ဒေသေဟိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ

ပရိယောသာန ကလျာဏံ။

အင်း ... ၊ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ ငါတို့ဆရာ မြတ်စွာဘုရားဟာ အစမှာ သီလနှင့် ကောင်းခြင်း၊ အလယ်မှာ သမာဓိကောင်းခြင်း၊ အဆုံးမှာ ပညာနှင့် ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းသုံးပုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတဲ့ ဒါနတရား၊ သီလတရား၊ သဂ္ဂကထာ၊ အဲဒီလို တရားစကားတွေ ဟောကြားတယ် ... ဆိုပြီးတော့ အရှင်သာရိပုတ္တရာက မယ်တော်ကြီးနှင့် လိုက်လျောညီညွတ်အောင် ဆိုပြီးတော့ ပထမ စိတ်နှလုံး နူးညံ့အောင် ဒါနအကြောင်းကို ဟောပြတယ်။ (ဒါနကထာ)

စိတ်နှလုံး နူးညံ့မှ သီလဆောက်တည်ဖို့ လွယ်ကူတော့မယ်၊ အဲဒီတော့မှ သီလအကြောင်း (သီလကထာ) ဟောပြ။ သီလဟောလိုက်တယ်ဆိုယင်ပဲ ရှေ့ကပြောပြတယ်။ နောက် – အင်မတန် ချစ်လှတဲ့သား ဟောပြတဲ့ တရားဆိုတော့ ပိုပြီးတော့ သား သံယောဇဉ် ခင်မင်ပြီးတော့ တရားနာရင်း သီလစောင့်ထိန်းတယ်။ အဲ ... ပြီးတော့မှ အရှင်သာရိပုတ္တရာက သီလကြောင့် ရရှိမယ့် နတ်ရွာသုဂတိရဲ့ အကျိုးတွေ၊ ဩော် ... လက်ရှိစည်းစိမ်၊ အာဝါသိကစည်းစိမ်က စိတ်ကို ဆွဲဆောင်သွားတယ်။ အဲဒီ "သဂ္ဂကထာ" ဆိုတဲ့ နတ်စည်းစိမ်ကို ဖော်ပြလို့ အာဝါသိက စည်းစိမ်တွေမှ စိတ်ကခွာပြီး နတ်စည်းစိမ်ဘက်ကို စိတ်က ညွတ်တော့မယ်၊ တွယ်တာတော့မယ်လို့ အဲဒီလို အရှိမှာမှ "ကာမာနံ အာဒီနဝကထာ" ကို ဟောပြတယ်။

ဝတ္ထုကာမ အားလုံးတို့ရဲ့ အပြစ်ဒေါသကို ဖော်ပြတဲ့ တရားစကား၊ အဲဒီကျတော့ ကိုယ်ပိုင်ဝတ္ထုကာမရော၊ အာဂန္တုက နတ်စည်းစိမ်ဝတ္ထုကာမရော ဘယ်ကာမမှ တဏှာလောဘက မစွဲဝံတော့ဘူး။ ကာမရဲ့ အပြစ်ကို မြင်တော့မှ နေက္ခမ္မေ အာနိသံသ – ယင်းကာမမှ ထွက်မြောက်အောင် ကျင့်ဆောင်ကြိုးကုဘ် အားထုတ်တဲ့ သမာဓိဘာဝနာ၊

http:\\www.dhammadownload.com



ပညာဘာဝနာ၊ အဲဒီ သမာဓိဘာဝနာပွားများပုံ၊ ပညာဘာဝနာ ပွားများပုံ၊ ယင်းသမာဓိဘာဝနာကြောင့် ရရှိတဲ့ အကျိုး၊ ပညာဘာဝနာကြောင့် ရရှိတဲ့ အကျိုး၊ အဲဒါတွေကို ဟောပြီးတော့ အနုပုဗ္ဗိကထာလို့ ခေါ်တယ်၊ အစဉ်အတိုင်းပဲ တရားဟောလို့ ဒေသနာ နိဂုံးလဲ ဆုံးရော၊ ဒကာမကြီးလဲပဲ တစ်ခါထဲ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ရော၊ အရဏ်လဲတတ်ပြီ။

အင်း ... ဒကာမကြီးလဲ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်လဲ ရောက်ရော၊ ဒကာမကြီးက ဘာပြောသလဲ။ "တာတ ဥပတိဿ ကသ္မာ ဧဝမကာသိ"

ဥပကိဿ တာတ=ချစ်သားဥပတိဿ။ ကသ္မာ=အဘယ်ကြောင့်။ ဧဝံ=ဤသို့။ **အကာသိ=ပြုဘိသနည်း။**

ချစ်သား ဥပတိဿ၊ ဘယ့်နှယ်ကြောင့် ချစ်သား ဒီလို လုပ်တာလဲ။

"ဧဝ ရူပံ နာမ အမတံ မယှံ ဧတ္တကံ ကာလံ န အဒါသိ"။

ဧဝ ရူပံ=ဤသို့ သဘော ရှိတဲ့။ အမတံ=အမြိုက်တရားကို။ (သူသည် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ဆိုတဲ့ မသေရာ အမြိုက်တရားကို မျက်မှောက်မှ လင်းလင်းကြီး ပြုလိုက်ရတော့)။

ကသ္မာ=အဘယ့်ကြောင့်။ ဧဝ ရူပံ=ဤသို့ သဘောရှိတဲ့။ အမတံ=မသေရာအမှန်အမြိုက် နိဗ္ဗာန်ဆိုတဲ့ တရားကို။ ဧတ္တကံ=ဤမျှကာလကြာအောင်။ မယှံ=ငါမယ်တော်အား။ န အဒါသိ=မပေးဘဲ ရှိရသနည်း။ (မပေးဘဲ နေဘိသနည်း)

ချစ်သား ဘယ့်နှယ်လုပ်တာလဲတဲ့၊ ချစ်သား အဘယ်ကြောင့် ဒီလောက်ကြာအောင် ငါမယ်တော်အား သောတာပတ္တိမဂ်ဉာဏ် အမြိုက်တရားကို အဘယ်ကြောင့် ချစ်သား မပေးသလဲ။

ဒီတော့မှ ရှင်သာရိပုတ္တရာက သိပြီ။ စေတာပရိယ အသိဉာဏ်နှင့် မယ်တော်ကြီးရဲ့ ဟဒယဝတ္ထုကို လှမ်းမြော်လိုက်ကရော။ "ဟာ - ငါ့မိခင် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက်လို့ ပစ္စဝေက္ခဏာဉာဏ်မှာ အခုသိပြီ။ ဒါ့ကြောင့် သူ ဒီစကား ပြောလာတာပဲ" ဆိုပြီးတော့ -

ဒိန္နံ ဒါနိ မေ မာတု ရူပသာရိယာ ဗြာဟ္မဏိယာ ပေါသာဝနိကမူလံ။

ဒါနိ ဣဒါနိ=ယခုအခါ၌။ မေ=သာရိပုတ္တရာ သမုတ် အကျွန်ုပ်သည်။ မာတု= မွေးသမိခင် ကျေးဇူးရှင်ဖြစ်သော။ ရူပသာရိယာ ဗြာဟ္မဏိယာ=မယ်တော်ရူပသာရီ ပုဏ္ဏေး

http:\\www.dhammadownload.com



မကြီးအား။ ပေါသာဝနိကမှုလံ=မွေးကျေးဇူးကို။ ဒိန္နံ=အပြေအလည် ဆပ်အပ်လေပြီ။

မယ်တော်ကြီးရဲ့ မွေးကျေးဇူးကို ငါအပြေအလည် ဆပ်အပ်လေပြီ။ "ဧတ္တကေန ဝဋ္ဋံသတိ" ငါ့မယ်တော်ကြီးဟာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်လောက်နှင့် တော်ပြီ၊ ရှေ့ကို မရဘူး။

အဲဒီလို သိပြီးတော့မှ "ဂစ္ဆ မဟာဥပါသိကေ"။ မဟာဥပါသိကေ=ဒါယိကာမကြီး။ ဂစ္ဆ=ဒါယိကာမကြီး ပင်ပန်းပြီ၊ နွမ်းပြီ၊ ညောင်းပြီ ဒါယိကာမကြီး သွားတော့၊ တရားဟော ရပ်လိုက်တယ်။ သွားသလား ဆိုတော့၊ ဒါယိကာမကြီးက မသွားဘူး။ ဒါပေမယ့် အရှင်သာရိပုတ္တရာသည် မိမိဝတ္တရားအရ ဒါယိကာမကြီးကို လွှတ်ပြီးတဲ့နောက် သူ့ညီ ဖြစ်တဲ့ ရှင်စုန္ဒကို မေးတယ်။

## တပည့်ရဟန်းများအား နောက်ဆုံးကန်တော့ခြင်း

စုန္ဒ ကာ ဝေလာ။

စုန္ဒ=ချစ်ညီစုန္ဒ။ ဝေလာ=အချိန်သည်။ ကာ=အဘယ်အချိန် ရောက်နေပြီလဲ။

စုန္ဒ ဘယ်အချိန်ရောက်နေပြီလဲ။ ဒီတော့ ရှင်စုန္ဒက ဘာပြောသလဲ ဆိုတော့ – "ဗလဝပစ္စူသ ကာလော ဘန္တေ"။ ဘန္တေ=အရှင်ဘုရား။ ဗလဝပစ္စူသကာလော=မိုးသောက်အားကြီး လင်းခါနီးနေပြီဘုရား။ မကြာခင် အရုဏ်တက်တော့မယ်။

ဘိက္ခုသံဃံ သန္နိပါတေဟိ။

ရဟန်းသံဃာအားလုံး ငါးရာကို စုဝေးလိုက်စမ်း။

ညည့်ခန်းကြီးထဲ ကိုယ်တော်တွေကို တစ်ခါတည်း လိုက်ပြီး နှိုးပြီး မီးတွေကလဲ အားလုံးထွန်းထား၊ ရဟန်းငါးရာ အားလုံး စုဝေးနေတော့ကမှ "သန္နိပတိတော ဘန္တေ ဘိက္ခုသံဃော" – ဘန္တေ=အရှင်ဘုရား။ ဘိက္ခုသံဃော=ရဟန်းသံဃာသည်။ သန္နိပတိတော=စုဝေးမိပါပြီ အရှင်ဘုရား။

ဒီတော့ကမှ အရှင်သာရိပုတ္တရာက သူညီစုန္ဒကို ဘယ့်နှယ်ပြောလဲ။

"မံ ဥက္ခိပိတွာ နိသီဒါပေဟိ စုန္ဒ"။

စုန္ဒ=စုန္ဒ။ မံ=ငါ့ကို။ ဥက္ခိပိတွာ=ပွေ့၍။ နိသီဒါပေဟိ=ထိုင်စေလော့။

ငါ့ကို ပွေ့ပြီးတော့ မတ်မတ်ကလေး ထိုင်ပေစမ်းတဲ့။ ပင်ပန်းနေပြီ၊ အဲဒီတော့မှ ရှင်စုန္ဒက သူ့နောင်တော်ကို ပွေ့ပြီးတော့ ထိုင်ပေးရတယ်။ ထိုင်မိတော့မှ အရှင်သာရိပုတ္တရာက နောက်ဆုံး သူ့တပည့်တွေကို ဘာပြောလဲ။

http:\\www.dhammadownload.com



အာဝုသော စတုစတ္တာလီသံ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊ တံ ခမထ အာဝုသော။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့။ စတုစတ္တာလီသဝဿာနိ=လေးဆယ့်လေးဝါတို့ ပတ်လုံး။ (ရှင်သာရိပုတ္တရာက မြတ်စွာဘုရား ပထမဝါကျွတ်ပြီးမှ ရဟန်းဖြစ်လေတော့ ရှင်သာရိပုတ္တရာဟာ သာသနာမှာ လေးဆယ့်လေးဝါပဲ ရတယ်။) စတုစတ္တာလီသ ဝဿာနိ=လေးဆယ့်လေးဝါတို့ ကာလပတ်လုံး။ မယာ သဒ္ဓိံ=ငါနှင့်အတူတကွ။ ဝိစရန္တာနံ=လှည့်လည်ကျက်စား သွားလာ၍ နေကြကုန်သော။ ဝေါ=သင်တို့၏အဖို့ရာ။ မေ=ငါ၏။ ကာယိကံ ဝါ=ကိုယ်အမှုကို ဖြစ်စေ။ ဝါစသိကံ ဝါ=နှုတ်အမှုကို ဖြစ်စေ။ န ရောစေထ=မနှစ်သက်ကုန်ငြားအံ့။ မေ=ငါ၏။ တံ=ထို ငါ့အရှင်တို့ မနှစ်သက်မယ့် ကာယကံမှု ဝစီကံမှု အစုစုကို။ ခမထ=ကရုဏာရှေ့ထား၍ သည်းခံကြပါကုန်ဘုရား။

တပည့်တော် လေးဆယ့်လေးဝါ အတူနေခဲ့ကြရတဲ့ ငါ့အရှင်တို့ အဖို့ရာ ကာယကံမှု ဝစီကံမှု ငါ့ရှင်တို့ မနှစ်သက်တာများ ပြောမှား ပြုမှားများ ရှိခဲ့ယင် အဲဒီ ကာယကံမှု ဝစီကံမှုများကို သည်းခံကြပါ။

ကန်တော့တယ်။

ထိုင်ပြီးတော့မှ ကန်တော့တယ်။ အိပ်ရာထဲက မဟုတ်ဘူး။ ဒီတော့ ငါးရာသော ရဟန်းတွေက ဘာပြန်လျှောက်သလဲ။

ဧတ္တကံ ဘန္တေ အမှာကံ ဆာယာ ဝိယ တုမှေ အမုဉ္စိတွာ ဝိစရန္တာနံ အရုစ္စနကံ နာမ နတ္ထိ။

ဘန္တေ=အရှင်ဘုရား။ ဧတ္တကံ=ဤမျှ လေးဆယ့်လေးဝါ ကာလကြာအောင်။ တုမှေ=အရှင်ဘုရားတို့ကို။ ဆာယာ ဝိယ=အရိပ်ကဲ့သို့။ အမုဉ္စိတွာ=မလွှတ်ကြဘဲ။ ဝိစရန္တာနံ=လှည့်လည်ကျက်စား သွားလာ၍ နေကြကုန်သော။ အမှာကံ=တပည့်တော်တို့ရဲ့ အဖို့ရာ။ အရုစ္စနကံ နာမ=မကျေနပ် မနှစ်သက်တဲ့ ကာယကံမှု ဝစီကံမှု မည်သည်။ နတ္ထိ=တစိုးတစိ မရှိပါဘုရား။

လေးဆယ့်လေးဝါ အချိန်သာ ကြာတယ်၊ အရှင်ဘုရားတို့နှင့် တပည့်တော်တို့ အရိပ်ပမာ အရှင်ဘုရားတို့ နောက်က တကောက်ကောက်လိုက်ပါ လှည့်လည်ခဲ့ရ တပည့်တော်တို့ရဲ့ အဖို့ရာ မကျေနပ်တဲ့ ကာယကံ၊ မကျေနပ်တဲ့ ဝစီကံလို့ တစိုးတစိ မရှိပါဘူး အရှင်ဘုရား။

http:\\www.dhammadownload.com



တုမ္ဟေ ပန အမှာကံ ခမထ။

ပန=စင်စစ်သော်ကား။ တုမှေ=အရှင်ဘုရားတို့ကသာ။ အမှာကံ=တပည့်တော်တို့၏။ အရစ္စနကံ=မတော်တဆ ပြုမှားခဲ့တဲ့ ကာယကံ ဝစီကံ အပြစ်ဘေးကို။ ခမထ=ကရုဏာရှေးရှု သည်းခံတော် မူကြပါကုန် ဘုရား။

ဆရာနှင့် တပည့် အပြန်အလှန် သည်းခံအောင် ကန်တော့ကြတယ်။ ပြီးလဲ ပြီးရော အရှင်သာရိပုတ္တရာက ကိုင်း–ငါ့ကို ပြန်ပြီးတော့ အိပ်ရာထဲလှဲ၊ ကန်တော့ပြီး လှဲလဲပြီးရော နှစ်ထပ်သင်္ကန်းကြီးကို ခေါင်းမြီးခြုံပြီးတော့မှ –

## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူပြီ

**အနုလောမချာန်**

(၁) ရူပါဝစရ ပထမဈာန် ဝင်စားတယ်၊

(၂) ထိုဈာန်ကထ ဒုတိယဈာန်ကို ဝင်စား၊

(၃) ထိုဈာန်ကထ တတိယဈာန်ကို ဝင်စား၊

(၄) ထိုဈာန်ကထ စတုတ္ထဈာန် ဝင်စား၊

အဲ – ရူပါဝစရဈာန် လေးပါးက ထပြီးတဲ့နောက် အရူပါဝစရဈာန် လေးပါးကို အစဉ်အတိုင်း –

(၅) အာကာသာနဉ္စာယတန ဈာန်ကို ဝင်စား၊ ဒီဈာန်က ထ၊

(၆) ဝိညာဏဉ္စာယတန ဈာန်ကို ဝင်စား၊ အဲဒီဈာန်က ထ၊

(၇) အာကိဉ္စညာယတန ဈာန်ကို ဝင်စား၊ အဲဒီ ဈာန်က ထ၊ ပြီးတော့မှ –

(၈) နေဝသညာနာသညာယတန ဈာန်ကို ဝင်စား၊ အဲဒီဈာန်ဇော နှစ်ကြိမ်လဲ စောပြီးရော နိရောဓသမာပတ်ကို တစ်ခါတည်း ရောက်တယ်။

ဒီတော့ ရူပါဝစရ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်၊ အရူပဈာန် လေးပါး၊ အဲဒီ ရှစ်ပါးကို သမာပတ်ရှစ်ပါးလို့ ခေါ်တယ်။ အဲဒီအပေါ်မယ် နိရောဓ သမာပတ်ကို ထည့်လိုက်တော့ နဝအနုပုဗ္ဗဝိဟာရ သမာပတ် အစဉ်အတိုင်း နေရာဖြစ်တဲ့ သမာပတ်ကိုးပါး။

**ပဋိလောမချာန်**

အဲဒီမှာ နိရောဓသမာပတ် ဝင်စားနေတာ တော်တော်လေး အချိန်ကြာတယ်။ နိရောဓ သမာပတ်က ထပြီးမှ နောက်ကျတော့ နေဝသညာနာသညာယတနဈာန် ဝင်စား၊ အင်း

http:\\www.dhammadownload.com



ဒီက ထ၊ အာကိဉ္စညာယတနဈာန်၊ ဒီကထ၊ ဝိညာဏဉ္စာယတနဈာန်၊ ဒီကထ၊ အာကာသာနဉ္စာယတနဈာန်၊ အဲဒီဈာန်က ဝင်စားပြီးတော့မှ တခါ အဲဒီဈာန်က ထ၍ စတုတ္ထဈာန် ဝင်စား၊ ထိုဈာန်က ထပြီးတော့မှ တတိယဈာန် တစ်ဖန်ဝင်စား၊ အင်း-ထိုဈာန်က ထပြီးတော့မှ ဒုတိယဈာန် ဝင်စား၊ အင်း-ဒုတိယဈာန်က ထပြီးတော့မှ ပထမဈာန် ဝင်စား၊ အေး - **"အနုပုဗ္ဗဝိဟာရ သမာပတ်ကိုးပါး"**လို့ ခေါ်တယ်။ အစဉ်အတိုင်း ဝင်စားတဲ့ သမာပတ်ကိုးပါးကို အနုလုံ ပဋိလုံ အစုန်အဆန် လောကဥပမာအားဖြင့် အရပ်တစ်ပါး သွားခါနီးကျတော့ မိတ်ဆွေတွေကို အနုလုံ ပဋိလုံ အစုန်အဆန် လိုက်ပြီးတော့ လက်ဆွဲ နှုတ်ဆက်သလို ကိုယ်တော် ရဟန္တာဖြစ်ပြီးတဲ့ အချိန်က စပြီးတော့ လေးဆယ့်လေးဝါ ကာလကြာအောင် ဒီသမာပတ်တွေနှင့် နေခဲ့တယ်။ အဲ ... အခု အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်တော် ကြွတော့မယ် ဆိုတော့ အဲဒီ သမာပတ်ကိုးပါးကို လက်ဆွဲပြီး နှုတ်ဆက်တဲ့ အနေနဲ့ ဝင်စားတယ်။ ပြီးတော့မှ -

ရူပါဝစရ ပထမဈာန် ဝင်စား၊
အဲဒီဈာန်ကထ ဒုတိယဈာန်၊
အဲဒီဈာန်ကထ တတိယဈာန်၊
အဲဒီဈာန်က ထပြီးတော့မှ စတုတ္ထဈာန် ဝင်စား။

ဒါ နောက်ဆုံး နှုတ်ဆက်ပြီးလို့ စတုတ္ထဈာန်ကလဲထရော ဈာနသမနန္တရ ပရိနိဗ္ဗာန်လို့ ခေါ်တယ်။ ဈာန်ဇောလဲ ဆုံးပြီးရော ဘဝင်ကျရမယ့်နေရာမှ တစ်ခါတည်း ပရိနိဗ္ဗာန စုတိကျပြီးတော့ မဟာပထဝီမြေကြီး ပဲ့တင်ထပ်စေ၍ ဒီနေရာမှာပဲ အရဏ်လဲ တက်ကရော ပရိနိဗ္ဗာန်လဲ စံရော။

## မယ်တော်ကြီး ဟစ်အော် ငိုကြွေး မြည်တမ်းခြင်း

မယ်တော်ကြီးဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေားမကြီးက အနားနားက နေပြီးတော့ သားတော်နဲ့ သံဃာတော်တွေရဲ့ အပြုအမူတွေကို လက်အုပ်ချီပြီးတော့ ကြည့်ရင်းက သားတော်ကြီး သက်န်းကို ခေါင်းပြီးခြုံပြီးတော့ သွားကတည်းက မလှုပ်မယှက် တစ်ခါတည်း ပရိနိဗ္ဗာန် စံတဲ့ အချိန်ရောက်အောင် ဒီအခြင်းအရာ ကြည့်တော့ -

ကိံ နု ခေါ မေ ပုတ္တော, န ကိဉ္စိ ကထေတိ။

မေ=ငါ၏။ ပုတ္တော=သားသည်။ ကိံ နု ခေါ=အဘယ့်ကြောင့်။ ကိဉ္စိ=တစုံတခုကိုမျှ။ န ကထေတိ=မပြောတာပါလိမ့်။

http:\\www.dhammadownload.com



ဟိုက သားဖြစ်တဲ့ ပုဂ္ဂိုလ်က ပရိနိဗ္ဗာန် စံနေပြီ၊ သမာပက် ကိုးပါးကို အနုလုံ ပဋိလုံ အစုံအဆန် ဝင်စားဆိုတော့ စကားမပြောဘဲ နေတာက အတော်ကြာ သွားတယ်။ ဘယ့်နှယ်ကြောင့်များ ငါ့သား စကားမပြောဘဲ နေပါလိမ့်၊ အသာကလေး ညောင်စောင်းရဲ့ ခြေရင်းကနေပြီးတော့ အရှင်သာရိပုတ္တရာရဲ့ ခြေဖဝါးလေး စမ်းကြည့်လိုက်တယ်။

သွေး မရှိတော့ဘူး။ သွေးမရှိတော့ကမှ မယ်တော်ကြီး ပရိနိဗ္ဗာန် စံမှန်း သိတယ်။ အရှင်သာရိပုတ္တရာရဲ့ ခြေဖဝါးသွေးကို စမ်း၊ ပရိနိဗ္ဗာန် စံမှန်းလဲ သိရော။

တာတ ဥပတိဿ=ချစ်သား ဥပတိဿ။ မယံ=ငါတို့သည်။ ဣတော=ဤအချိန်မှ။ ပုဗ္ဗေ=ရှေးကာလတုန်းက။ တဝ=သင်ချစ်သား၏။ ဂုဏံ=ဂုဏ်ကျေးဇူးကို။ န ဇာနိမှ= တစိုးတစိ မသိခဲ့ကြပါကုန်။

ချစ်သား ဥပတိဿ ... မယ်တော်တို့က ဒီအချိန်က ရှေ့ ချစ်သားရဲ့ ဂုဏ်ကျေးဇူး တစ်ရွေးသားမှ မယ်တော်တို့ မသိခဲ့ကြဘူး။ ယခု သိပြီ။

ဣဒါနိ ပန=ယခု သိတဲ့ အချိန်မှာတော့လဲပဲ။ တံ=သင်ချစ်သားကို။ အာဒိံ ကတွာ= အစအဦး အမှူးပြု၍။ အနေကသတေ ဘိက္ခူ=ရာပေါင်းများစွာ ရဟန်းသံဃာတို့ကို လည်းကောင်း။ အနေကသဟဿေ ဘိက္ခူ=ထောင်ပေါင်းများစွာ ရဟန်းသံဃာတို့ကို လည်းကောင်း။ အနေကသတသဟဿေ ဘိက္ခူ=သိန်းပေါင်းများစွာ ရဟန်းသံဃာတို့ ကို လည်းကောင်း။ ဣမသ္မိံ နိဝေသနေ=ဤမယ်တော်၏အိမ်၌။ နိသီဒါပေတွာ=ထိုင်နေ စေ၍။ ဘောဇေတုံ=ဆွမ်းကျွေးခြင်းငှာ။ န လဘိမှ=မရကြတော့ဘူး။

ငါ့သား – ရှေးတုန်းကတော့လဲ အမေက ကျေးဇူးကို မသိခဲ့ဘူး။ ငါ့သားရဲ့ ကျေးဇူး ကို အမေက မသိလို့၊ အခု သိပြန်တော့လဲပဲ ငါ့သားကို အမှူးထားပြီးတော့ ရဟန်း ရာပေါင်းများစွာ ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာ ဒီအိမ်မှာ ဆွမ်းမကျွေးလိုက် ရတော့ဘူး၊ ကျွေးချင်ယင် သူ့သား မပါတော့ဘူး။

အဲ ... စီဝရေဟိ=များစွာသော သင်္ကန်းတို့ဖြင့်။ အစ္ဆာဒေတုံ=ဖုံလွှမ်းစေခြင်းငှာ။ န သက္ခိမှ=မစွမ်းနိုင်တော့ကုန်။

သင်္ကန်းများလဲ မလှူဒါန်းရတော့ဘူး။ အို ... ယခုတော့ ငါ့သားကို အဦးထားပြီး တော့ သံဃာတော်ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်းများစွာသော ရဟန်းသံဃာအား သင်္ကန်းလဲပဲ အမေ လှူခွင့်မရတော့ဘူး။

ဝိဟာရသတံ ဝိဟာရသဟဿံ ကာရေတုံ န လဘိမှ၊

http:\\www.dhammadownload.com



ငါ့သားကို အမှူးပြုပြီးတော့ ငါ့သားကြီးကို အမှူးပြုပြီးတော့ သံဃာအား လှူပါရဲ့လို့ အမေ ကျောင်းပေါင်း တစ်ရာလဲ ဆောက်နိုင်တယ်။ ကျောင်းပေါင်း တစ်ထောင်လဲ ဆောက်နိုင်တယ်၊ ယခုတော့ ငါ့သားကို အမှူးပြုပြီးတော့ လှူရမယ့် ကျောင်းတစ်ရာ ကျောင်းတစ်ထောင်လဲ အမေ မဆောက်ရတော့ဘူး။

အင်း ... ဖြစ်ရပ်တွေကို အမှန်အတိုင်း ပြောပြီးတော့ ဟစ်အော် ငိုကြွေးလိုက်တာ အရဏ်ချင်း၍ အလင်းလဲ ရောက်ကရော အရိယာ သူတော်ကောင်းမကြီးဟာ အငိုတိတ်ပြီးတော့ ရွှေပန်းထိမ်သည်တွေ ခေါ်စမ်း။ ရောက်ပြီ၊ ရွှေတိုက်ကို ဖွင့်စမ်း။ ဖွင့်ပြီးပြီ။ အဲဒီ အထဲက ရွှေတုံးတွေ ထုတ်ခဲ့ကြစမ်း။ အလုပ်သမားတွေက ချိန်ခွင်ကြီးတွေနှင့် ချိန်ပြီးတော့ ရွှေပန်းထိမ်သည်တွေကို ဘယ့်နှယ်ခိုင်းသလဲဆိုတော့ "ပဉ္စကူဋာဂါရသတာနိ" အထွတ်တပ်သော ရွှေပြာသာဒ်ကြီး ငါးရာတို့ကိုလည်းကောင်း။ ပဉ္စ အဂ္ဂိကသတာနိ=အထွတ်တပ်တဲ့ စည့်ခံမုခ်ဦး ပြာသာဒ် ငါးရာတို့ကိုလည်းကောင်း။ ကရောထ=မောင်တို့ ပြုကြရမယ်။

## အရှင်သာရိပုတ္တရာ၏
## ရှာပန သာဓုကီဠနသဘင် အခမ်းအနား

### ရှာပနှ၌ မယ်တော်၏ ပူဇော်ပုံ

ကျုပ်သားရဲ့ ရှာပနကို လုလုပပကြီး သင်္ဂြိုဟ်မယ် အမောင်တို့။ ဟောဒီ ရွှေတုံးတွေနှင့် အထွတ်တပ်တဲ့ ရွှေပြာသာဒ် ငါးရာ၊ အထွတ်တပ်တဲ့ ရွှေဧည့်ခံ ခန်းမဆောင်၊ မုခ်ဦးတပ်တဲ့ မုခ်ဦး အထွတ်တပ်တဲ့ ဧည့်ခံမဏ္ဍပ်ပေါင်း ငါးရာ၊ ရွှေမဏ္ဍပ်ပေါင်း ငါးရာ မောင်တို့ လုပ်ရမယ်။ နေ့ချင်း ညချင်း အလုပ်ခိုင်းတယ်၊ တစ်ခါတည်း ရွှေပန်းထိမ်သည်တွေ အကုန်လုံး လုပ်ရတယ်၊ တစ်ယောက်ကမှ မအားဘူး၊ နေ့မီး ညမီး ဆက်ပြီးတော့ လုပ်ကြရတယ်။

### ရှာပနှ၌ သိကြားမင်း၏ ပူဇော်ပုံ

အဲဒီအချိန်မှာပဲ သိကြားမင်းကလဲပဲ ဝိသကြုံနတ်သားကို -

တာတ=ချစ်သား ဝိသကြုံ။ ဓမ္မသေနာပတိ=တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။

http:\\www.dhammadownload.com



အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားတော်မူပြီကွာ။ ပဥ္စကူဋာဂါရ သတာနိ= အထွတ်တပ်သော ပြာသာဒ်ငါးရာတို့ကို လည်းကောင်း။ ပဥ္စ အဂ္ဂိကသတာနိ စ=မုခ်ဦး ပြာသာဒ်တပ်တဲ့ ဧည့်ခံမဏ္ဍပ် ငါးရာတို့ကိုလည်းကောင်း။ မာပေဟိ=သင်ဝိသကြုံက ဖန်ဆင်းလေလော့။

ဝိသကြုံကို ခိုင်းလိုက်တယ်၊ မယ်တော်ကြီးက ရွှေပြာသာဒ် ငါးရာ၊ ရွှေဧည့်ခံမဏ္ဍပ် ငါးရာ၊ သိကြားမင်းက ဝိသကြုံကို လွှတ်ပြီးတော့ အဖန်ဆင်း အပူဇော်ခိုင်းတာက ရွှေပြာသာဒ်က ငါးရာ၊ ရွှေဧည့်ခံမဏ္ဍပ် ငါးရာ၊ မဏ္ဍပ်တစ်ထောင်၊ ပြာသာဒ်တစ်ထောင် ရှိပါတယ်။ ရွှေရည်သုတ် ချော်ရွှေ မဟုတ်ပါဘူးတဲ့၊ တကယ့် ရွှေသားအတိဖြင့် ပြုလုပ်ထားတဲ့ ရွှေသားပြာသာဒ်ချည်း တစ်ထောင်၊ တကယ့်ရွှေသားတွေကို အပြောက်ခြယ်တဲ့ ဧည့်ခံမဏ္ဍပ်ပေါင်းက တစ်ထောင်။

နာလက မြို့လယ်ခေါင်မှာ ကွက်လပ်ကြီး ရှိတယ်၊ အဲဒီ ကွင်းပြင်ကြီးမှာ ရွှေပြာသာဒ်တွေ လှည့်လျက် ဝန်းလျက် ရံလျက်၊ ရွှေမဏ္ဍပ်ပေါင်း တစ်ထောင်ဝန်းလျက် ရံလျက် အလယ်ခေါင်က အကြီးဆုံးဆိုတဲ့ ရွှေပြာသာဒ်ကြီးပေါ်မှာ အရှင်သာရိပုတ္တရာရဲ့ ဥတုဇရုပ်ကလာပ်ကြီး တင်ထားပြီးတော့ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပကြတယ်၊

## ဈာပနသဘင်၌ လူအနင်းခံရ၍ သေသော ရေဝတီ အမျိုးသမီး

အဲဒီလို ကျင်းပကြတဲ့အခါ လူတွေအကြား နတ်တွေသွား၊ နတ်တွေအကြား လူတွေသွား၊ လူတွေ နတ်တွေ နတ်တွေနှင့် လူတွေဟာ ရောနေကြတာပဲ။ အရှင်သာရိပုတ္တရာရဲ့ သာဓုကီဠနသဘင် ပွဲကြီးဟာ ခုနစ်ရက် ကြာသတဲ့။ အဲဒီလို ခုနစ်ရက်ကြာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပနေတဲ့ သဘင်ပွဲကြီး တစ်ရက်မှာ အဲဒီ နာလကရွာကပဲ အရှင်သာရိပုတ္တရာကို ကြည်ညိုနေတဲ့ "ရေဝတီ"ဆိုတဲ့ အမျိုးသမီးတစ်ယောက်က "အဟံ ထေရဿ ပူဇံ ကရိဿာမိ" ငါလဲပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ပူဇော်မှု ပြုအုန်းမှပဲ ဆိုတဲ့ အကြံအစည်နဲ့ ရွှေပန်းအိုး သုံးလုံး အလုပ်ခိုင်းတယ်။ သူလည်း သေဌေးသမီး တစ်ယောက်ပဲ။ အဲဒီ လုပ်ခိုင်းတဲ့ ရွှေပန်းအိုးလေး သုံးလုံးကို ယူလာပြီးတော့ အရှင်သာရိပုတ္တရာ ဈာပနသဘင် ဆင်ယင်ကျင်းပတဲ့ နေရာကို အပူဇော်သွားတော့ –အဲဒီနေ့က သိကြားနတ်မင်းကလဲ "ထေရဿ ပူဇံ ကရိဿာမိ" ငါ ဒီနေ့ အရှင်သာရိပုတ္တရာအား ပူဇော်မှု ပြုရမယ်။ နတ်ကချေသည်ပေါင်း နှစ်ကုဋေငါးသန်းနှင့် ဘုံဗိမာန်တွေကလဲ နှစ်ကုဋေ ငါးသန်း၊ တကတည်းကို တအုံ့တည်း။ အဲဒီနေ့ကတော့

http:\\www.dhammadownload.com



စည်ကားတဲ့နေ့လို့ ဆိုပါတော့။ သိကြားကလဲ လာပြီးတော့ အရှင်သာရိပုတ္တရာ ဈာပန ပွဲ ပူဇော်တဲ့နေ့ "သဏ္ဍော ဩတရတိ" နစ်ကုဋေ ငါးသန်းသော နတ်သမီးတွေနှင့် သိကြားမင်း ဆင်းလာတယ်ဆိုတော့ ဘုန်းရှိတဲ့ လူတွေလာယင် ဘုန်းမဲ့တဲ့လူတွေက နောက်ဆုတ် နောက်ဆုတ်နှင့် တစ်ခါတည်း ဖယ်ပေးကြတယ်။

ရေဝတီလဲပဲ အဲဒီ ပရိသတ်ထဲမယ် နောက်ဆုတ် နောက်ဆုတ်နှင့် လာတဲ့လူတွေက တက်နင်းတာနဲ့ အဲဒီနေရာမှာပဲ ရေဝတီခမျာဟာလဲ စုတိပြတ်ကြွေ သေလွန်လို့ တာဝတိံသာ နတ်ပြည်မှာ ဟို ... တစ်ယူဇနာလောက် ကျယ်ပြန့်တဲ့ ရွှေဗိမာန်ရှင် သွားပြီးတော့ ဖြစ်တယ်။ ဖြစ်တော့ စဉ်းစားတယ်။

## ရေဝတီနတ်သမီး၏ပူဇော်ပုံ

"ဥဋ္ဌာရာ အယံ သမ္ပတ္တိ"။ ဟာ ... ငါ့ရဲ့ ဒီစည်းစိမ်ဟာ သိပ်ပြီးတော့ ကြီးတာပဲ။ "ကိံ နု ခေါ မေ ကမ္မံ ကတံ" ငါဘယ်လို ကုသိုလ်ကံများ လုပ်ခဲ့ပါလိမ့်။ အဲဒီလို ပြန်ပြီး စဉ်းစားတဲ့အခါကျတော့ - "မယာ သာရိပုတ္တတ္ထေရဿ ပရိနိဗ္ဗုတဋ္ဌာနေ"။ မယာ=ငါသည်။ သာရိပုတ္တတ္ထေရဿ=အရှင်သာရိပုတ္တရာ မထေရ်၏။ ပရိနိဗ္ဗုတဋ္ဌာနေ= ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရာ ဈာပနသဘင် ဆင်ယင်ကျင်းပရာ အရပ်၌။ တီဟိ သုဝဏ္ဏ ပုပ္ဖကုမ္ဘေဟိ=ရွှေပန်းအိုး သုံးလုံးတို့ဖြင့်။ ပူဇာ=ပူဇော်မှုကို။ ကတာ=ပြုအပ်ခဲ့လေပြီ။

ရွှေပန်းအိုးသုံးလုံးနှင့် ငါပူဇော်ခဲ့တယ်။ "မဟာဇနော မံ မဒ္ဒိတွာ ဂတော"။ သိကြားမင်း ဆင်းလာတဲ့အတွက် များစွာသော လူတွေက ငါ့ကို နင်းပြီးတော့ သွားကြတယ်။ 'သာဟံ တတ္ထ ကာလံ ကတွာ ဣဓူပပန္နာ'။ ငါဟာ ... လူ့ပြည်က စုတေပြီးတော့ အခု နတ်ပြည်မှာ "အိပ်သောယောကျ်ား နိုးသောလားကဲ့သို့" ယခုလို လာပြီးတော့ နတ်ဖြစ်တာပါလား။

ထေရံ နိဿာယ လဒ္ဓံ ဣဒါနိ ပုညဝိပါကံ မနုဿာနံ ကထေဿာမိ။

ထေရံ=မထေရ်မြတ်ကို။ နိဿာယ=အမှီပြု၍။ လဒ္ဓံ=ရအပ်သော။ ပုညဝိပါကံ= ကောင်းမှုရဲ့ အကျိုးကို။ ဣဒါနိ=ယခုပင်။ မနုဿာနံ=လူတို့အား။ ကထေဿာမိ=သွား ရောက်၍ ပြောကြားအုန်းမှပဲ။

သူကလဲပဲ သူ့ရဲ့ နတ်ပရိသတ်နဲ့ သူရဲ့ နတ်ဗိမာန်ကြီးနဲ့ ကောင်းကင်က ဆင်းလာ ခပ်လှမ်းလှမ်းက ဆင်းလာစတော့ ဈာပနသဘင် ရောက်နေတဲ့ လူတွေက "ကိံ နု ခေါ ဒွေ သူရိယာ ဥဋ္ဌိတာ" ဟေ ... ယနေ့ ဘယ်နယ်ပါလိမ့်။ နေကြီးနှစ်စင်း ထွက်လာပြီ

http:\\www.dhammadownload.com



အမောင်တို့။ ဒီလို ပြောကြ။ ဟုတ်တာပေါ့၊ အဝေးကြီးကဆိုတော့ ရွှေဗိမာန်ကြီးကလဲ ဒီအလင်းရောင်ရှိတဲ့ ဘာပစ္စည်းပဲ ဖြစ်ဖြစ် ဝေးသွားယင် ဝိုင်းဝိုင်းပဲ မြင်ရတယ်၊ အခု မြင်နေရတဲ့ နေဗိမာန်ကြီးလဲပဲ အနီးနား ကပ်ကြည့်ယင် သူဟာ ပြာသာဒ်ကြီးပဲ ဗိမာန်ကြီး တစ်ခု။ သို့သော် အဝေးကကြည့်တော့ အဲဒီ ဗိမာန်ကြီးဟာ အဝန်းအဝိုင်းကြီးပဲလို့ ထင်ရတယ်။

အေး အဲဒီအတိုင်းပဲ ရွှေဗိမာန်ကြီးလဲ အဝေးက ကြည့်တော့ အဝိုင်းကြီးပဲ မြင်ရတယ်။ ဘယ့်နှယ်ပါလိမ့်၊ ဒီနေ့ နေကြီးနှစ်စင်း ထွက်လာတယ်ဟ – "ကိံ နု ခေါ ဒွေ သူရိယာ ဥဋ္ဌိတာ"။ လူတွေ ဒီလိုပြော၊ ပြောနေတုန်း ဟိုက ရွှေဗိမာန်ကြီးက ရိပ်ရိပ် ရိပ်ရိပ်နင့်လာ။ နီးလဲလာရော လူတွေက ဘယ့်နှယ်ပြောသလဲ။ 'ကူဋာဂါရ သဏ္ဌာနံ ပညာယတိ'။ အထွတ်တပ်တဲ့ ပြာသာဒ်သဏ္ဌာန် ထင်လာတယ်။ အမောင်တို့ "နာယံ သူရိယော"။ ဟေး ... ဒါကြီးက နေ မဟုတ်ဘူးဟ။ "ဝိမာနမေတံ ဧကံ"။ အဲဒါကြီးက ဗိမာန်ကြီး တစ်ခုပဲ။

လူတွေပြောတာ အဲဒီလို ပြောတုန်း ပြောတုန်း နှုတ်မဆိတ်သေးဘူး၊ နှုတ်မပိတ်သေး ဘူး၊ ဗိမာန်ကြီးက တစ်ခါတည်း ရောက်လာတယ်။

အဲ ... လူတွေက ရှင်သာရိပုတ္တရာရဲ့ အင်း ... ဥတုဇရုပ်ကလာပ်ကို အတောင် ကိုးဆယ့်ကိုးတောင် အမြင့်ရှိတဲ့ နံ့သာထင်းပုံကြီးပေါ် တင်ပြီးတော့ သင်္ဂြိုဟ်ဖို့ စီမံ နေကြတယ်။ အဲဒီမှာ တစ်ခါတည်း ... ရွှေနတ်သမီး ရေဝတီနတ်သမီး ဆင်းလာပြီးတော့ နံ့သာထင်းပုံကို လှည့်လည် လက်အုပ်ချီမိုး ရှိခိုး ရပ်တည်တော့မှ –

"ကာ တွံ အယျေ"။ လူတွေက မေးကြတယ်။ အယျေ=ရှင်မ။ တွံ=သင်သည်။ ကာ=ဘယ်သူလဲ။ ရှင်မ ဘယ်သူလဲ ... ။ "နု မံ တုမှေ ဇာနထ"။ တုမှေ=သင်တို့သည်။ မံ=ကျွန်တော်မကို။ နု ဇာနာထ=မသိကြဘူးလား။ ရှင့်တို့ ကျွန်မကို မသိဘူးလား။

"ရေဝတီ နာမဟံ"။ အဟံ=အကျွန်ုပ်ကား။ ရေဝတီ နာမ=ရေဝတီ အမည်ရှိတဲ့ သတို့သမီးပါ။ ဟောဒီ နာလကရွာက ရေဝတီဆိုတဲ့ အမျိုးသမီးပါ။ ထေရံ ပူဇံ ကတွာ =မထေရ်မြတ်ကို ပူဇော်မှု ပြုပြီးသကာလ။ မနုဿေဟိ မဒ္ဒိတာ=လူအများက သိကြား လာလို့ မတော်တဆ နင်းအပ်သည် ဖြစ်ရကား။ တာဝတိံသဘဝနေ=တာဝတိံသာနတ် ပြည်၌။ နိဗ္ဗတ္တာ=ဖြစ်ခဲ့ရပါပြီ။ ပဿထ မေ သိရိ သမ္ပတ္တိံ=ကျွန်တော်မရဲ့ ဥစ္စာ စည်းစိမ်ကို ကြည့်ကြပါကုန်လော့။ "တုမှေပိ ဒါနိ ဒါနာနိ ဒေထ၊ ပုညာနိ ကရောထ"။

http:\\www.dhammadownload.com



ဒါနိ ဣဒါနိ=ဤယခုအခါ၌။ တုမှေပိ=သင်တို့လဲပဲ မျက်မြင် ကျွန်ုပ်ကို သက်သေ တင်ပြီးသကာလ။ ဒါနာနိ=အလှူဒါနတို့ကို။ ဒေထ=ပေးလှူကြပါကုန်။ ပညာနိ=သီလ စသော ကောင်းမှုတို့ကို။ ကရောထ=ပြုကြကုန်။

## အရှင်အနုရုဒ္ဓါ ဓာတ်တော်ကောက်ခြင်း

လူတွေကို အလှူဒါန ပေးဖို့ရန် ကုသိုလ်ကောင်းမှု ပြုဖို့ရန် လက်တွေ့သက်သေ ညွှန်ပြပြီးတော့မှ မိမိနတ်ရွာ ဌာနသို့ ရေဝတီနတ်သမီး ပြန်သွား။ လူအများလဲပဲ ခုနစ် ရက် သာဓုကီဠနသဘင် ဆင်ယင်ကျင်းပလို့ ပြီးတဲ့အခါကျတော့မှ တေဇောဓာတ်မီး ပန်းစည်းများဖြင့် ပန်းရင်းစည်းများဖြင့် တိုက်ပြီးတော့ မီးသင်္ဂြိုဟ်ကြတယ်။ တစ်ညလုံး တရားပွဲကြီး ကျင်းပတယ်။ အဲဒီ သံဝေဂ တရားပွဲကြီး ကျင်းပလို့ မိုးလင်းတဲ့ အခါကျ တော့မှ ရှင်အနုရုဒ္ဓါက ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေကို နံ့သာရေ အမျိုးမျိုးဖြင့် ဖျန်းဖျန်းပြီးတော့ကမှ အရိုးကောက်ပွဲ ဓာတ်တော် ကောက်တယ်။ အဲဒီလို ကောက်လို့ သာ ကောက်တယ်၊ ထွက်လာတဲ့ ဓာတ်တော်တွေကို အရှင်အနုရုဒ္ဓါက အရှင်သာရိ ပုတ္တရာရဲ့ ညီအရှင်စုန္ဒရဲ့ လက်ကို အပ်တယ်။ အရှင်စုန္ဒက ဓာတ်တော်လဲ ရ၊ ရေစစ်လဲ ရ၊ အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်းလဲ ရတယ်။

## အရှင်စုန္ဒမထေရ် ဘုရားရှင်ထံ သွားရောက်ခြင်း

န ဒါနိ မယာ ဣဓေဝ သက္ကာ ဌာတုံ။

မယာ=ငါသည်။ ဣဒါနိ=ယခုအခါ၌။ ဣဓေဝ=ဤနာလကရွာ၌သာလျှင်။ ဌာတုံ= ရပ်နားခြင်းငှာ။ န သက္ကာ=မတတ်ကောင်း။

ငါ နာလကရွာမှာ နေဖို့ရာ မတော်တော့ဘူးတဲ့။

မယှံ ဇေဋ္ဌဘာတိကဿ ဓမ္မသေနာပတိ သာရိပုတ္တတ္ထေရဿ ပရိနိဗ္ဗုတဘာဝံ သမ္မာသမ္ဗုဒ္ဓဿ အာရောစေဿာမိ။

ငါ့ရဲ့ နောင်ကြီး ဓမ္မသေနာပတ်ဖြစ်တဲ့ သာရိပုတ္တရာ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန် စံဝင်တဲ့အကြောင်း မြတ်စွာဘုရားအား ငါသွားပြီး လျှောက်ထားမှပဲ။ အဲဒီအကြံနှင့် အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော် ရေစစ်ကလေး အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်း ကို တရိုတသေ ယူပြီးတော့ အရှင်စုန္ဒ ရဟန္တာမထေရ်မြတ် မဂဓတိုင်း နာလကရွာမှ ရောက်လေရာမှာ တစ်ညတစ်ညသာ အိပ်ပြီး ခရီးပြင်းနှင်၍ သာဝတ္ထိသို့ လာတယ်။

http:\\www.dhammadownload.com



ရောက်တော့ မြတ်စွာဘုရား အထံတော်သို့ တိုက်ရိုက်မသွားဘဲနဲ့ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာမထေရ်ထံ သွားပြီး ရိုသေမြတ်နိုး ရှိခိုး အပြစ်လွတ်ရာ နေရာက ထိုင်နေပြီးတော့ –

အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော ဣဒမဿ ပတ္တစီဝရံ။ (ပါဠိတော်ရောက်သွားပြီ၊ စုန္ဒသုတ်။) (မဟာဝဂ္ဂသံယုတ် ပါဠိတော်။ စာမျက်နှာ ၁၄၀။)

ဘန္တေ=ဥပဇ္ဈာယ် ဆရာမြတ် ဘုရား။ အာယသ္မာ သာရိပုတ္တော=အရှင်သာရိပုတ္တရာသည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံတော် မူခဲ့ပါပြီ ဘုရား။ ဥပဇ္ဈာယ် ဆရာတော်ဘုရား၊ အရှင်ဘုရားရဲ့ သူငယ်ချင်း အရှင်သာရိပုတ္တရာဖြင့် ပရိနိဗ္ဗာန် စံပြီ။

## အရှင်အာနန္ဒာနှင့်အရှင်သာရိပုတ္တရာ ရင်းနှီးပုံ

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာဟာ သိပ်ချစ်တာ၊ တစ်ပါးနှင့်တစ်ပါး သိပ်ခင်တာ၊ အရှင်အာနန္ဒာမှာမှ ရဟန်းလောင်း မပေါ်နှင့်၊ ပေါ်တာနှင့် တစ်ပြိုင်နက် အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံ ပေးတယ်။ ရဟန်းခံပေးတာချည်းပဲ။

အရှင့်သာရိပုတ္တရာကလဲ မိမိမှာ ရဟန်းလောင်း မပေါ်နှင့်၊ ပေါ်လာတဲ့ ရဟန်းလောင်းတွေဆိုယင် အရှင်အာနန္ဒာကို ဥပဇ္ဈာယ် လုပ်ခိုင်းပြီးတော့ ရဟန်းခံပေးတာချည်းပဲ။ အဲဒီလောက် တစ်ပါးနှင့်တစ်ပါး ချစ်ကြတာ။ အရှင်အာနန္ဒာ သင်္ကန်း ကောင်းကောင်းလေးရယင် သူမဝတ်ရက်ဘူး၊ အရှင်သာရိပုတ္တရာကို လှူတာပဲ။ ရှင်သာရိပုတ္တရာ သင်္ကန်းကောင်း ရယင် သူမဝတ်ရက်ဘူး၊ အရှင်အာနန္ဒာကို လှူတယ်။ အဲဒီလို တစ်ပါးနှင့်တစ်ပါး အင်မတန် ခင်ကြ မင်ကြ ရင်းနှီးကြ မြတ်နိုးကြတယ်။

ဒါကြောင့် ရှင်သာရိပုတ္တရာက သူ့ညီစုန္ဒ အရှင်အာနန္ဒာကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံပေးထားတယ်။ အဲဒီတော့ သူ့ညီစုန္ဒနှင့် အရှင်အာနန္ဒာကလဲ သာသနာမှာ သားအဖလို ရင်းနှီးနေတယ်။ အဲဒါကြောင့် အရှင်စုန္ဒက အရှင်ဘုရားရဲ့ သူငယ်ချင်း အရှင်သာရိပုတ္တရာဖြင့် ပရိနိဗ္ဗာန် စံပြီ။ ဟောဒါက ရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်းပဲ။

ပါဠိတော်မှာတော့ – ဣဒမဿ ပတ္တစီဝရံ – ပဲရှိတယ်။ ဣဒံ=ဤသည်ကား။ အဿ=ထိုအရှင်သာရိပုတ္တရာ၏။ ပတ္တစီဝရံ=သပိတ်သင်္ကန်းပါလို့ သပိတ်သင်္ကန်းကိုပဲ ပြောတဲ့အနေ ဖော်ပြတယ်။ အမှန်တော့ အရှင်စုန္ဒက "ဣဒဥ္စ ဓာတုပရိဿာဝနံ" ဟောဒါကတော့ အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ထည့်တဲ့ ရေစစ်ပါဘုရားလို့ သတ်သတ်စီ လျှောက်တယ်။

http:\\www.dhammadownload.com



## အရှင်အာနန္ဒာက လျှောက်ထားခြင်း

ဒါဖြင့် အရှင်အာနန္ဒာက ဒီပြင်အခါမှာတော့ ဘုရားဆီ မသွားဘူးလား၊ သွားတယ်၊ သွားသမှ တစ်နေ့ ကိုးခေါက်၊ နေ့ကိုးခေါက်၊ ညကိုးခေါက် ဘုရားထံ အပြုအစု ရောက်တယ်။ (မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ ၂၅၄။)

အခုကျတော့ အဘယ်ကြောင့် ထူးထူးဆန်းဆန်း ပြောရသလဲ။ အေး ... သွားတာ သွားတယ်၊ ဒါပေမယ့်လို့ တစ်နေ့ကို အခေါက်ပေါင်း အရာအထောင် သွားချင်ပေမယ့် အကြောင်းမဲ့ မသွားဘူး။ လျှောက်စရာ ထားစရာ အကြောင်းရမှ။ ဒါကြောင့်မို့လို့ အကြောင်းရလို့ ဝမ်းမြောက်ဝမ်းသာ အရှင်အာနန္ဒာက – ငါ့ရှင်စုန္ဒ၊ မြတ်စွာဘုရား ဖူးမြော်ဖို့ရန်အတွက် ဒို့ စကားလက်ဆောင် တစ်ခုတော့ ရပြီဟေ့ ... ။

အာယာမာဝုသော စုန္ဒ ယေန ဘဂဝါ တေနုပသင်္ကမိဿာမ။

အာဝုသော စုန္ဒ=ငါ့ရှင် စုန္ဒ။ အာယာမ=လာသွားကြစို့။ (လာ သွားကြစို့ စုန္ဒ) ယေန ဘဂဝါ တေနုပသင်္ကမိဿာမ=ဘုရားရှိရာ အရပ်သို့ သွားကြစို့။ ဥပသင်္ကမိတွာ= ဘုရားရှိတော်မူရာ အရပ်သို့ သွားရောက်ပြီး။ ဘဂဝတော=မြတ်စွာဘုရားအား။ ဧတမတ္ထံ =ဤအကြောင်းကို။ အာရောစေဿာမ=လျှောက်ထားကြစို့။ အဲဒီလို တိုင်ပင်လိုက်တော့ အရှင်စုန္ဒက – "ဧဝံ ဘန္တေ" ကောင်းပါပြီဘုရားလို့ ဝန်ခံပြီးတော့ အရှင်အာနန္ဒာရယ်၊ အရှင်စုန္ဒရယ် မြတ်စွာဘုရားရဲ့ အထံကို သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွှတ် အပြစ်လွတ်တဲ့ နေရာကနေ ထိုင်ပြီးတော့ကမှ အရှင်အာနန္ဒာက ဘာလျှောက်သလဲဆိုတော့ –

အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဧဝမာဟ။

ဘန္တေ = အရှင်မြတ်ဘုရား။ အယံ စုန္ဒော သမဏုဒ္ဒေသော = ဤစုန္ဒမည်သော သာမဏေသည်။ (သမဏုဒ္ဒေသ လို့ ပါဠိရှိလို့သာ သာမဏေလို့ ပြန်ရတယ်၊ အမှန်မှာ တော့ အဲဒီအချိန်မှာ အရှင်စုန္ဒဟာ ရဟန္တာရဟာန်း၊ သို့သော် သာသနာက သူ့ကို ချစ်မြတ်နိုးတဲ့ အနေနဲ့ စုန္ဒသာမဏေလို့။ အေး ... ပရိနိဗ္ဗာန် စံသည်ထိအောင် ယနေ့တိုင်အောင် ခေါ်နေကြတယ်။) ဒီ စုန္ဒသာမဏေသည်။ ဧဝံ=ဤသို့။ အာဟ=ပြောဆိုပါတယ်ဘုရား။ ဘယ်လိုပြောသလဲ ... ။

အာသသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော။ (သံ၊ ၃။ ၁၄၀)

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီတဲ့။ ဣဒမဿ ပတ္တစီဝရံ=ဟောဒါက အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်း၊ ဟောဒါက အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ထည့်ထား

http:\\www.dhammadownload.com



တဲ့ ရေစစ်ပါ ဘုရားလို့ အရှင်သာရိပုတ္တရာရဲ့ ခါတ်တော်တွေ ထည့်ထားတဲ့ ရေစစ်ကို ကိုင်ပြီးတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားရဲ့ လက်ထဲ ထည့်လိုက်တယ်။

## ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ဟောကြားတော်မူခြင်း

မြတ်စွာဘုရားကလေ အဲဒီ ဓာတ်တော်ထည့်တဲ့ ရေစစ်ကို ရွှေလက်ဝါးပေါ်မှာ တင်ပြီးတော့ ဟောဒီ တရားခန်းမဆောင် ဓမ္မသာလာဓမ္မာရုံအတွင်း စည်းဝေးမိကြတဲ့ ရဟန်းတော်တွေကို တစ်ခါတည်း တရားနာခံထားပြီးတော့ ဘာ အမိန့်ရှိလိုက်သလဲ။

ယော သော ဘိက္ခဝေ ဘိက္ခု ပုရိမဒိဝသေ အနေကာနိ
ပါဋိဟာရိယ သတာနိ ကတွာ ပရိနိဗ္ဗာနံ အနုဇာနာပေသိ။

(မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ၂၅၄။)

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ယော သော ဘိက္ခု= အကြင်ရဟန်းသည်။ (ဘယ်သူလဲလို့ဆိုတော့ ချစ်သား ချစ်သမီးတို့ စဉ်းစားကြည့်တော့) ပုရိမဒိဝသေ=ရှေးလွန်ခဲ့တဲ့ တစ်နေ့တုန်းက။ အနေကာနိ ပါဋိဟာရိယသတာနိ= တန်ခိုးပြာဋိဟာ ရာပေါင်းများစွာတို့ကို။ ကတွာ=ပြု၍။ ပရိနိဗ္ဗာနံ=ပရိနိဗ္ဗာန် ဝင်စံဖို့ရန်။ အနုဇာနာပေသိ=ငါဘုရားခွင့်ပြုစေ၏။

တဿ ဣဒါနိ ဣမာ သင်္ခဝဏ္ဏသန္နိဘာ ဓာတုယော ပညာယန္တိ။

(မဟာဝဂ္ဂသံယုတ်၊ အဋ္ဌကထာ၊ ၂၅၄။)

ဣဒါနိ=ဤယခုအခါ၌။ တဿ=ထိုရဟန်း၏။ သင်္ခဝဏ္ဏသန္နိဘာ=ခရုသင်းပွတ် သစ်အတူ ဖြူစင်သော အဆင်းရှိကုန်သော။ ဣမာ ဓာတုယော=ဤဓာတ်တော်တို့သည် သာလျှင်။ ပညာယန္တိ=ထင်ကုန်တော့၏။

ပုဂ္ဂိုလ်ဒြပ် ကြေပျက်သွားပြီ ချစ်သားတို့။ အဲဒီ ဣဒ္ဓိရှင် ကိုယ်တော်မြတ်ရဲ့ ခရုသင်း ပွတ်သစ်အတူ ဖြူစင်တဲ့ ဓာတ်တော်များသာ ယခု ကျန်တော့တယ်၊ တွေ့ရတော့တယ်၊ မြင်ရတော့တယ်။ ဘယ်သူ့ရယ်လို့ မပြောဘူးနော်၊ သာရိပုတ္တရာရယ်လို့ မပြောဘူး။

ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ ပူရိတ ပါရမီ ဧသ ဘိက္ခဝေ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သားတို့။ ဧသ ဧသော ဘိက္ခု=ယိုရဟန်း သည်။ ကပ္ပသတသဟဿာဓိကံ=ကမ္ဘာတစ်သိန်း အလွန်ရှိသော။ အသင်္ချေယျံ= အသင်္ချေပတ်လုံး။ ပူရိတပါရမီ=ဖြည့်ကျင့် အပ်ပြီးသော ပါရမီရှိတဲ့ ရဟန်းပါပေ။

http:\\www.dhammadownload.com



ချစ်သားတို့၊ တစ်သချေင်္ျနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီကို ဖြည့်ခဲ့တဲ့ ရဟန်းတော်သူမြတ် ပုဂ္ဂိုလ်ပါပေ။

**ဒုတိယပုဂ္ဂိုလ်**

ပဋိလဒ္ဓ ဒုတိယအာသနော ဧသ ဘိက္ခု။

ဧသ ဧသော ဘိက္ခု=ထိုရဟန်းသည်။ ပဋိလဒ္ဓ ဒုတိယအာသနော=ငါဘုရားမှ ထောက် နှစ်ခုမြောက် နေရာကို ရတဲ့ ပုဂ္ဂိုလ်ပါပေ။ သိကြပြီလားတဲ့။

## ဓမ္မစက်ကို လည်စေတတ်သော ပုဂ္ဂိုလ်

မယာ ပဝတ္တိတံ ဓမ္မစက္ကံ အနုပဝတ္တကော ဧသ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သားတို့။ (လက်ဝါးပေါ်မှာ ဓာတ်တော်တွေ ထားပြီးတော့) ဧသ ဧသော ဘိက္ခု=ဤရဟန်းသည်။ မယာ=ငါဘုရားသည်။ ပဝတ္တိယံ=လည်စေအပ်သော။ ဓမ္မစက္ကံ=ဓမ္မစက်ကို။ အနုပဝတ္တကော=သားကြီး ဥပရာဇ်ပမာ နောက်က လည်စေတတ်တဲ့ ပုဂ္ဂိုလ်မြတ်ပါပေ။

ပူရိတသာဝကသန္နိပါတော ဧသ ဘိက္ခု။

ချစ်သားတို့၊ အဲဒီ ပုဂ္ဂိုလ်ဟာ နယ်နယ်ရရ မမှတ်နဲ့၊ သာဝကသန္နိပါတ ဖြစ်ဖို့ရန် ပါရမီကောင်းမှု ကုသိုလ်တွေကို ဆည်းပူးခဲ့တဲ့ ပုဂ္ဂိုလ်။

## ပညာအရာ မနိုင်းသာသော ပုဂ္ဂိုလ်

ဌပေတွာ မံ ဒသသု စက္ကဝါဠသဟဿေသု ပညာယ အသဒိသော ဧသ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သားတို့။ ဧသ ဧသော ဘိက္ခု=ထိုရဟန်းသည်။ မံ=ငါဘုရားကို။ ဌပေတွာ=ထား၍။ ဒသသု စက္ကဝါဠသဟဿေသု=စကြဝဠာတိုက်ပေါင်း ကစ်သောင်းတို့၌။ ပညာယ=ပညာဂုဏ်အားဖြင့်။ အသဒိသော=အတုမရှိတဲ့ ပုဂ္ဂိုလ်ပါပေ။

မဟာပညော ဘိက္ခဝေ ဧသ ဘိက္ခု။

ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဟောဒီဓာတ်တော်ရဲ့ အရှင်ပုဂ္ဂိုလ်မြတ်သည်ကား။ မဟာပညော-အလွန်ကြီးကျယ်တဲ့ ပညာဂုဏ်ရှင် ရဟန်းတော်မြတ်ပါပေ။

http:\\www.dhammadownload.com



ပုထုပညော ဟာသပညော ဇဝနပညော တိက္ခပညော နိဗ္ဗေဓိကပညော
ဒသေ ဘိက္ခဝေ ဘိက္ခု။

ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဤဓာတ်တော်တွေရဲ့ အရှင်ဖြစ်တဲ့ ရဟန်း မြတ်သည်ကား။ ပုထုပည=မြေကြီးအထုကဲ့သို့ ပြန့်ကျယ်တဲ့ပညာ၊ ဟာသပည=ရွှင်တဲ့ ပညာ၊ ဇဝနပည=လျင်မြန်တဲ့ ပညာ၊ တိက္ခပည=ထက်မြက်တဲ့ ပညာ၊ နိဗ္ဗေဓိကပည =ကိလေသာတို့ကို ဖောက်ခွဲနိုင်တဲ့ ပညာရှိတဲ့ ရဟန်း သူတော်မြတ်ပါပေ။

## အပ္ပိစ္ဆ စသော ဂုဏ်ရှင်

အပ္ပိစ္ဆော ဒသေ ဘိက္ခဝေ ဘိက္ခု။

ချစ်သားတို့၊ ဤဓာတ်တော်ရှင် ကိုယ်တော်မြတ်သည်ကား အပ္ပိစ္ဆ ဂုဏ်ရှင် ဖြစ်တော်မူတဲ့ ရဟန်းပါပေ။

သန္တုဋ္ဌော ပဝိဝိတ္တော အသံသဋ္ဌော အာရဒ္ဓဝိရိယော စောဒကော
ပါပဂရဟီ ဒသေ ဘိက္ခု။

ချစ်သားတို့၊ အဲဒီ ဓာတ်တော်ရှင်ဖြစ်တဲ့ ရဟန်းတော်ဟာ သန္တုဋ္ဌ သန္တောသ တရား တစ်ဆယ့်နှစ်ပါးနှင့် ပြည့်စုံတဲ့ ရဟန်းတော်မြတ်ပါပေ။ ပဝိဝိတ္တ ဝိဝေက သုံးပါးနှင့် အမြဲတစေ မျော်ပိုက်တဲ့ ပုဂ္ဂိုလ်ပါပေ။ အသံသဋ္ဌ=အင်း ... ဂဏသံသဂ္ဂ ကိလေသသံသဂ္ဂ လုံးဝကင်းစင်ပြီးသကာလ ဂိုဏ်းသံဃာနှင့် ကိလေသာနှင့်မရော တစ်ပါးတည်း ကာယ ဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက ဆိုတဲ့ ဝိဝေက သုံးပါး အမြတ်တရားကို ပွားများ တတ်တဲ့ ပုဂ္ဂိုလ်ပါပေ။

အသံသဂ္ဂေါ အသံသဋ္ဌော အာရဒ္ဓ ဝိရိယော=အားသစ်အပ်တဲ့ သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိတဲ့ ရဟန်းပါပေ။ စောဒကော=သီးတင်းသုံးဖော်တို့မှာ အပြစ်ပေါ်လာလျှင် အပြစ်ကို ပြ၍ ဆိုဆုံးမအပ်တဲ့ ပုဂ္ဂိုလ်ပါပေ။ ပါပဂရဟီ=မကောင်းမှု အကုသိုလ်ကို အမြဲတစေ ကဲ့ရဲ့ရှုတ်ချတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။ ကုန်ပြီလားလို့ ဆိုတော့ -

ပဥ္စ ဓာတိသတာနိ ပဋိလဒ္ဓမဟာသမ္ပတ္တိယော ပဟာယ ပဗ္ဗဇိတော ဒသေ ဘိက္ခု။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သားတို့ ဒသ ဒသော ဘိက္ခု=ထိုရဟန်းသည်၊ ပဥ္စ ဓာတိသတာနိ=ဘာဝေါးရာတို့ပတ်လုံး။ ပဋိလဒ္ဓမဟာသမ္ပတ္တိယော=မိမိရပြီးတဲ့ များစွာသော စည်းစိမ်တို့ကို။ ပဟာယ=ပယ်စွန့်၍။ ပဗ္ဗဇိတော=ရှင်ရဟန်းပြုခဲ့တဲ့ ပုဂ္ဂိုလ် ပါပေ။

http:\\www.dhammadownload.com



**မမ သာသနေ=ငါဘုရား၏ သာသနာတော်၌။ သေ ဧသော ဘိက္ခု=ဤ**ခေတ်တော်ရှင်**ရဟန်းသည်**။ ပထဝီသမခန္တိကော=မြေကြီးနှင့် အလားတူတဲ့ ခန္တီအားနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါပေ။

မြေကြီးအထုပမာ သည်းခံခြင်းဆိုတဲ့ ဂုဏ်နှင့် ပြည့်စုံတဲ့ ရဟန်းတော်တစ်ပါးတဲ့။ ကုန်ပြီလားဆိုကော့ -

ဆိန္နဝိသာဏဥသဘသဒိသော သေ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ သေ ဧသော ဘိက္ခု=ထိုရဟန်းသည်။ ဆိန္နဝိသာဏဥသဘသဒိသော=ဦးချိုကျိုးတဲ့ နွားလားနှင့်တူတဲ့ မာန်မာန လုံးဝကင်းရှင်းတဲ့ ရဟန်းတော်သူမြတ်ပါပေ။

စဏ္ဍာလပုတ္တသဒိသနိစစိတ္တော သေ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သေ ဧသော ဘိက္ခု=ဟောဒီ ခေတ်တော်ရှင် ရဟန်း**တော်**မြတ်သည်။ **စဏ္ဍာလပုတ္တသဒိသနိစစိတ္တော**=ဒွန်းစဏ္ဍားရဲ့ သားပမာ **အခါခပ်သိမ်း နှိမ့်**ချအပ်သော စိတ်ရှိတဲ့ သူတော်မြတ်ပါပေ။

**ပဿထ ဘိက္ခဝေ မဟာပညဿ ခေတုယော။**

ရေစစ်ထဲက ခေတ်တော်တွေကို လက်ဝါးတော်ပေါ်မှာ သွန်ပြီးတော့ - ဘိက္ခဝေ= ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ မဟာပညဿ=မဟာပညာဂုဏ်ရှင် ပုဂ္ဂိုလ်၏။ ခေတုယော=ခေတ်တော်တို့ကို။ ပဿထ=ရှုကြကုန်လော့။ ခေတ်တော်တွေကို ဖူးလိုက်ကြ-တဲ့။

ပဿထ ဘိက္ခဝေ ပုထုပညဿ ဟာသပညဿ ဇဝနပညဿ တိက္ခပညဿ နိဗ္ဗေဓိကပညဿ အပ္ပိစ္ဆဿ သန္တုဋ္ဌဿ ပဝိဝိတ္တဿ အသံသဂ္ဂဿ အသံသဋ္ဌဿ အာရဒ္ဓဝီရိယဿ စောဒကဿ ခေတုယော။

ချစ်သားတို့၊ ဟို ... အပ္ပိစ္ဆပုဂ္ဂိုလ်ကြီး=ပုထုပညာ၊ ဟာသပညာ၊ ဇဝနပညာ၊ တိက္ခပညာ၊ နိဗ္ဗေဓိကပညာရှင် ပုဂ္ဂိုလ်ကြီးရဲ့ ခေတ်တော်များကို ကြည့်လိုက်ကြ။ အပ္ပိစ္ဆဂုဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ခေတ်တော်များကို ကြည့်လိုက်ကြ။ သန္တောသ ဆယ့်နှစ်ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်ရဲ့ ခေတ်တော်များ၊ ဝိဝေကသုံးပါးကို ပွားများနေတဲ့ ပုဂ္ဂိုလ်မြတ်ရဲ့ ခေတ်တော်များ၊ အာရဒ္ဓဝီရိယ ပုဂ္ဂိုလ်မြတ်ရဲ့ ခေတ်တော်များ အပြစ်ရှိယင် အပြစ်ကို ပြပြီးတော့ ဆုံးမတတ်တဲ့ ပုဂ္ဂိုလ်မြတ်ရဲ့ ခေတ်တော်များ၊ မကောင်းမှု အကုသိုလ်မှန်ယင်

http:\\www.dhammadownload.com



အမြဲတစေ ကဲ့ရဲ့လေ့ရှိတဲ့ ပါပဂရဟီ ပုဂ္ဂိုလ်မြတ်ရဲ့ ဓာတ်တော်များကို ချစ်သား ချစ်သမီးတို့ ရှုကြည့်ကြလော့။

အဲဒီလို တစ်ပိုဒ် တစ်ပိုဒ် တစ်ပိုဒ် ပြောလိုက် ပြောလိုက်၊ ပြောတိုင်း ပြောတိုင်း ဆားနားက အရှင်အာနန္ဒမှာတော့ဖြင့်ယင် ကြောင်ရှေ့မှာ ရောက်နေတဲ့ ကြွက်ကလေးလို၊ တစ်နည်းအားဖြင့် ကြောင်လက်က မလွတ်ရမယ့် ကြွက်လို ထောက်ရာတည်ရာကို လုံး၀ မရတော့ဘူး။ သူ ရတာ မရတာထက် မြတ်စွာဘုရားက သံဝေဂအချိန် သံဝေဂ တရားကို ဟောရတယ်။

## ဘ၀ငါးရာ ကာမဂုဏ်ကို ပယ်သောပုဂ္ဂိုလ်

ယော ပဗ္ဗဇိ ဇာတိသတာန ပဉ္စ၊
ပဟာယ ကာမာနိ မနောရမာနိ။
တံ ဝီတရာဂံ သုသမာဟိတိန္ဒြိယံ၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ယော သာရိပုတ္တော=အကြင် သာရိပုတ္တရာ မထေရ်သည်။ (ဒီကျမှ မထေရ်ရဲ့ နာမည်ကို ဖွင့်ပြတယ်။) ပဉ္စဇာတိ-သတာနိ=ဘ၀ငါးရာ အခါတို့ ဆက်လျက် ဘ၀ငါးရာ ဆက်ပြီးတော့။ မနောရမာနိ= စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ဖွယ် ရှိကုန်သော။ ကာမာနိ=၀တ္ထုအာရုံ ကာမဂုဏ်တို့ကို။ ပဟာယ=ပယ်စွန့်၍။ ပဗ္ဗဇိ=ရသေ့ရဟန်း ပြုခဲ့လေပြီ။ ဝီတရာဂံ=ယခုအခါ၀ယ် ရာဂ ကင်းပြီးသော။ သုသမာဟိတိန္ဒြိယံ=ကောင်းစွာ တည်သော ဣန္ဒြေရှိတော်မူသော။ ပရိနိဗ္ဗုတံ=အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီး ဖြစ်သော။ တံ သာရိ-ပုတ္တံ=ထိုသာရိပုတ္တရာမထေရ်ကို။ (ဝါ) ထိုသာရိပုတ္တရာရဲ့ ဓာတ်တော်များကို။ ဝန္ဒထ= ရှိခိုးကြကုန်။ (ဝါ) ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

လက်ဝါးပေါ်က ဓာတ်တော်တွေကို ပြပြီးတော့ -

ခန္တိဗလော ပထဝိသမော န ကုပ္ပတိ၊
န စာပိ စိတ္တဿ ဝသေန ဝတ္တတိ။
အနုကမ္ပကော ကာရုဏိကော စ နိဗ္ဗုတော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ (သံ၊ ဋ၊ ၃။ ၂၅၅။)

http:\\www.dhammadownload.com



ဘိက္ခဝေ=ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ သာရိပုတ္တော=သင်ချစ်သား ချစ်သမီးတို့ရဲ့ နောင်ကြီး မောင်ကြီးဖြစ်တဲ့ သာရိပုတ္တရာသည်။ ခန္တိဗလော=သည်းခံခြင်းအား ရှိသည်ဖြစ်၍။ ပထဝိသမော=မဟာပထဝီ ဤမြေကြီးနှင့် တူသူဖြစ်၍။ န ကုပ္ပတိ=ဘယ်သောအခါမျှ အမျက်မထွက်။ စိတ္တဿ=စိတ်၏။ ဝသေန=အလိုအကြိုက်ဖြင့်။ န ဝတ္တတိ=ဘယ်သောအခါမျှ လိုက်၍မကျင့်။ (တရားသဘောပဲ ကျင့်တယ်၊ စိတ်အလို ဘယ်တော့မှ မလိုက်ဘူးတဲ့။) အနုကမ္ပကော စ=သူတစ်ပါးကိုလည်း စောင့်ရှောက်တတ်သည်လည်းကောင်း။ ကာရုဏိကော စ=သူတစ်ဘက်သားကို သနားလည်း သနားတတ်သည်လည်းကောင်း။ နိဗ္ဗုတော စ=ကိလေသပရိနိဗ္ဗာန် ဝင်စံပြီးသည်လည်းကောင်း။ ဟောတိ=ဖြစ်ပါပေ၏။ ပရိနိဗ္ဗုတံ=ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဓာတ်သိမ်းပြီးသော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာ မထေရ်မြတ်ကို။ (ဝါ) သာရိပုတ္တရာမထေရ်မြတ်ရဲ့ သာရီရိက ဓာတ်တော်အစုကို။ ဝန္ဒထ=ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

ကိုယ်တော်ရဲ့ လက်ပေါ်က ဓာတ်တော်တွေ ပြပြပြီး ရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူး အင်း ... ဂါထာတွေ ဖွဲ့ဖွဲ့ပြီးတော့နော် ...

> စဏ္ဍာလပုတ္တော ယထာ နဂရံ ပဝိဋ္ဌော၊
> နီစမနော စရတိ ကဠောပိဟတ္ထော။
> တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
> ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ စဏ္ဍာလပုတ္တော=ဒွန်းစဏ္ဍား၏ သားသည်။ နဂရံ=မြို့တွင်းသို့။ ပဝိဋ္ဌော=ဝင်လတ်သည်ရှိသော်။ နီစမနော=နိမ့်ချသောစိတ် ရှိသည်ဖြစ်၍။ ကဠောပိဟတ္ထော=ခွက်ကလေး လက်ဆွဲလျက်။ စရတိ ယထာ=လှည့်လည်ရှာသကဲ့သို့။ (သူဟာ - အရှင်သာရိပုတ္တရာဟာ ဗြာဟ္မဏ မဟာသာလ သေဋ္ဌေးကြီးရဲ့သား။ ဒါပေမယ်လို့ ငါဘုရားရဲ့ သာသနာဝင်ပြီးတော့ ဒွန်းစဏ္ဍားရဲ့ သားကလေးဟာ ခွက်ကလေး လက်ဆွဲပြီး မြို့ထဲမှာ စိတ်ကလေး နိမ့်ချပြီးတော့ လှည့်လည်ကျက်စား သွားလာသလို) တထာ=ထို့အတူ။ ယော သာရိပုတ္တော=အကြင် သာရိပုတ္တရာသည်။ နီစမနော=အားလုံးသော ပုဂ္ဂိုလ်တို့၏ အပေါ်မှာ နိမ့်ချအပ်သော စိတ်ရှိသည် ဖြစ်၍။ ဝိစရတိ=လှည့်လည်ကျက်စား သွားလာ နေတော်မူပါပေ၏။

http:\\www.dhammadownload.com



ပရိနိဗ္ဗုတံ=ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးသော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာ မထေရ်မြတ်ကို။ ဝါ-ထိုသာရိပုတ္တရာ မထေရ်မြတ်၏ သာရီရိက ဓာတ်တော်အစုကို။ ဝန္ဒထ=ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

ဓာတ်တော်တွေ ပြပြီးတော့ –

ဥသဘော ယထာ ဆိန္နဝိသာဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။　　(သံ၊ ၄၊ ၃။ ၂၅၅။)

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဆိန္နဝိသာဏကော=ဦးချိုကျိုးပြီးသော။ ဥသဘော=နွားလား ဥသဘသည်။ အဟေဌယန္တော=မည်သူတစ်ဦး တစ်ယောက်ကိုမျှ မညှဉ်းပန်း မနှိပ်စက်မူ၍။ ပုရန္တရေ=မြို့ရွာအတွင်း၌လည်းကောင်း။ ဝနေ=တော၌လည်းကောင်း။ စရတိ ယထာ=လှည့်လည် ကျက်စားသကဲ့သို့ (ဦးချိုကျိုးတဲ့နွား မာန်မာန မထားဘဲ ဘယ်သူ့မှ မနှိပ်စက် မညှဉ်းပန်းဘဲ မြို့ထဲ ရွာထဲ တောအရပ်မှာ ဣန္ဒြေရရ လှည့်လည် ကျက်စားသလို) တထာ= ထို့အတူ။ အယံ သာရိပုတ္တော= ဤအရှင်သာရိပုတ္တရာသည် ဦးချိုကျိုးတဲ့ နွားပမာ။ အဟေဌယန္တော=မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မညှဉ်းဆဲဘဲ။ ဝိဟရတိ=ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံး နေထိုင်လေ့ရှိပါပေ၏။ ပရိနိဗ္ဗုတံ=ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးသော။ တံ သာရိပုတ္တရာ မထေရ် မြတ်ကို။ (ဝါ) သာရိပုတ္တရာ မထေရ်မြတ်၏ သာရီရိက ဓာတ်တော် အစုကို။ ဝန္ဒထ= ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

အဲဒီတရားပွဲမှာ မြတ်စွာဘုရားက ဂါထာကြီးတွေ ဂါထာငါးရာ ရွတ်သတဲ့ ...။ အဲဒီ ဂါထာ ငါးရာထဲက အဋ္ဌကထာက ဒီ လေးဂါထာကိုပဲ ထုတ်ပြတယ်။ အဲဒီ သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးတွေ မြတ်စွာဘုရားက တစ်ဂါထာ ရွတ်လိုက်၊ ရှင်အာနန္ဒာက နေစရာ မရှိလိုက်၊ မြတ်စွာဘုရားက ရွတ်လိုက်၊ ရှင်အာနန္ဒာက နေစရာ မရှိလိုက်။ အဲဒီတော့ ဘာလျှောက်တုန်း အရှင်အာနန္ဒာက။

http:\\www.dhammadownload.com



**တရားပွဲ၌ မျက်နှာငယ်၍ သောကရောက်နေသော ရှင်အာနန္ဒာ**

အပိ စ မေ ဘန္တေ မဓုရကဇာတော ဝိယ ကာယော၊ ဒိသာပိ မေ န ပက္ခာယန္တိ၊ ဓမ္မာပိ မံ နပ္ပဋိဘန္တိ "အာယသ္မာ သာရိပုတ္တော ပရိနိဗ္ဗုတော" တိ သုတွာ။

(သံ၊ ၃၊ ၁၄၀။)

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... ။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီ" ဆိုတဲ့ ဒီသတင်းစကား ကြားရကတည်းက တပည့်တော်ဟာ တပည့်တော်ရဲ့ ကိုယ်ဟာ တစ်ခါတည်း တောင့်တောင့်ခိုင်ခိုင်ကြီး ဖြစ်သွားတယ်။ အရှေ့အနောက် တောင်မြောက် အရပ်မျက်နှာတွေကိုလဲ တပည့်တော် မမှတ်မိတော့ဘူး။ တပည့်တော် သင်ကြားနေတဲ့ စာတွေလဲ အကုန်မေ့ကုန်တယ်။ အဲဒီလောက် စိတ်ထိခိုက်ပါတယ် မြတ်စွာဘုရား" ဆိုတော့ -

မြတ်စွာဘုရားက သြော် ... အရှင်အာနန္ဒာမှာ သောက အင်မတန် အားကြီးနေတယ်။ အားကြီးနေတော့ အရှင်အာနန္ဒာရဲ့ သောကငြိမ်းရာ ငြိမ်းကြောင်း တရားကောင်း ဟောအုန်းမှပဲ ဆိုပြီးတော့ -

ကိံ နု ခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ ပညာက္ခန္ဓံ ဝါ ဝိမုတ္တိက္ခန္ဓံ ဝါ ဝိမုတ္တိဉာဏဒဿနက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော။ (သံ၊ ၃၊ ၁၄၀။)

ချစ်သား အာနန္ဒာ၊ ငါဘုရား မေးစမ်းပါရစေ ... ။

အာနန္ဒာ=ချစ်သား အာနန္ဒာ။ ကိံ နု ခေါ=ဘယ့်နှယ်လဲ။ သာရိပုတ္တော=သာရိပုတ္တရာသည်။ တေ=သင်ချစ်သား၏။ သီလက္ခန္ဓံ ဝါ=သီလကျေးဇူးကိုလည်း။ အာဒါယ=ယူ၍။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် စံသွားသလော။ သမာဓိက္ခန္ဓံ ဝါ=သမာဓိ ဂုဏ်ကျေးဇူးကိုတည်း။ ပညာက္ခန္ဓံ ဝါ=ပညာဂုဏ်ကျေးဇူးကိုတည်း။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓံ ဝါ=ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးကိုတည်း။ အာဒါယ=ယူ၍။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် စံသွားသလား။

ချစ်သား အာနန္ဒာ၊ ငါဘုရား မေးစမ်းပါရစေ။ သာရိပုတ္တရာက ချစ်သားရဲ့ သီလဂုဏ်တွေ၊ ချစ်သားရဲ့ သမာဓိဂုဏ်တွေ၊ ချစ်သားရဲ့ ပညာဂုဏ်တွေ၊ ချစ်သားရဲ့ ဝိမုတ္တိဂုဏ်တွေ၊ ချစ်သားရဲ့ ဝိမုတ္တိဉာဏဒဿနဂုဏ်ဆိုတဲ့ ဒီဂုဏ်ကျေးဇူးငါးပါးကို ယူပြီးတော့ ပရိနိဗ္ဗာန် စံသွားလို့လား - တဲ့။

http:\\www.dhammadownload.com



ဒီတော့ အရှင်အာနန္ဒာ ပြန်လျှောက် –

နစ ခေါ မေ ဘန္တေ အာယသ္မာ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ ပညာက္ခန္ဓံ ဝါ ဝိမုတ္တိက္ခန္ဓံ ဝါ ဝိမုတ္တိဉာဏဒဿန က္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော။

မြတ်စွာဘုရား ... ၊ အရှင်သာရိပုတ္တရာဟာ တပည့်တော်ရဲ့ သီလဂုဏ်ကျေးဇူး၊ သမာဓိဂုဏ်ကျေးဇူး၊ ပညာဂုဏ်ကျေးဇူး၊ ဝိမုတ္တိဂုဏ်ကျေးဇူး၊ ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတွေ ယူသွားပြီး ပရိနိဗ္ဗာန် စံသွားတာတော့ မဟုတ်ပါဘူး – တဲ့။

ဟာ ... သင့်ပစ္စည်းတွေ သင်ရဲ့ ဂုဏ်ကျေးဇူးတွေ ပါမသွားဘဲနဲ့ ဘာပြုလို့ ဒီလောက်တောင်မှ သောက ဖြစ်ရတာလဲ။

အပိ စ မေ ဘန္တေ အာယသ္မာ သာရိပုတ္တော။

မြတ်စွာဘုရား ... ၊ သူများထက် ထူးခြားတာကို ပြောရလို့ရှိယင် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဘာလုပ်တတ်သတုန်း။ ဩဝါဒမကော အဟာသိ=ဆုံးမစရာရှိယင် ကျကျနန ဆုံးမတတ်တယ်။ "ဩတဏ္ဍော"=သက်ရောက်လာတဲ့ ဝတ္ထုတိုင်း ဝတ္ထုတိုင်း မှာ ဝတ္ထုနှင့် လျော်အောင် တရားစကား ဟောပြတတ်ပါတယ်။

ဝိညာပကော သန္ဒဿကော သမာဒပကော သမုတ္တေဇကော သမ္ပဟံသကော။

သူတစ်ဘက်သားကို နားလည်အောင်လဲ တရားဟောတတ်တယ် ဘုရား–တဲ့။ တရားကို နားလည်အောင် ပြတတ်တယ်။ သူတစ်ဘက်သားကို တရားကို မဆောက် တည် ဆောက်တည်အောင် ဆောက်တည်နေတတ်တယ်။ သူ့ရဲ့ တရားကို နာရယင် တစ်ဘက်သားက စိတ်နှလုံး ရွှင်ပြုံးသွားတာပဲ။ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေ တတ်တယ်။ အံ့ဩစရာကောင်းတာက –

အကိလာသု ဘန္တေ အာယသ္မာ သာရိပုတ္တော ဓမ္မဒေသနာယ၊
အနုဂ္ဂါဟကော သဗြဟ္မစာရီနံ။

ဘန္တေ=မြတ်စွာဘုရား။ အာယသ္မာ သာရိပုတ္တော=အရှင်သာရိပုတ္တရာသည်။ ဓမ္မ ဒေသနာယ=တရားဟောဖို့ရာဆိုယင်။ အကိလာသု=နည်းနည်းမျှ ဝန်မလေးပါဘူး ဘုရား။ သဗြဟ္မစာရီနံ=သီတင်းသုံးဖော်တို့ကို။ အနုဂ္ဂါဟကော=ချီးမြှောက်တက်ပါ တယ် ဘုရား။

http:\\www.dhammadownload.com



ဒီပြင် ကိုယ်တော်ကို တရားဟောစမ်းပါ ဆိုယင် တပည့်တော် ခေါင်းခဲလို့၊ တပည့်တော် ဗိုက်နာလို့၊ ရင်နာလို့၊ တကတည်း ဘာတွေ ညာတွေ အင်မတန်ရှုပ်။ အရှင်သာရိပုတ္တရာကိုသာ တောင်းပန်လိုက်လို့ရှိယင် တစ်ခါတည်း ခေါင်းခဲတယ်လဲ မပြောဘူး၊ လေနာတယ်လဲ မပြောဘူး၊ နှာစေးနေပါတယ်လဲ မပြောဘူး၊ ချောင်းဆိုးနေတဲ့လဲ မပြောဘူး။ တရားဟောဖို့ရန် နဲနဲမှ ဝန်မလေးဖူးဘူး ဘုရား။ အရှင်သာရိပုတ္တရာက တရားဟောဖို့ရန် ဆိုယင် သိပ်ပြီးတော့ လွယ်ကူတာ ဘုရား။

တံ မယံ အာယသ္မတော သာရိပုတ္တဿ ဓမ္မောဇံ

ဓမ္မဘောဂံ ဓမ္မာနုဂ္ဂဟံ အနုဿရာမ။

တပည့်တော်များဟာ အရှင်သာရိပုတ္တရာရဲ့ လျှောက်ဆိုရာမှာ တရားတည်းဟူသော အသုံးအဆောင် တရားဖြင့် ချီးမြှောက်ခြင်းကို အမြဲတမ်း အမှတ် ရရ, ရရ နေပါတယ် ဘုရားလို့ လျှောက်ထားတော့မှ မြတ်စွာဘုရားက အင်း ... အာနန္ဒာရဲ့ သန္တာန်မှာ သောကပရိဒေဝ ဖြစ်တာက အင်မတန့် အင်မတန် လေးလေးနက်နက်ကြီး ဖြစ်နေတယ်။ ဒီ သောကမီး ငြိမ်းအောင် –

နနု တံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ။

ချစ်သား အာနန္ဒာ၊ ငါဘုရား ယခုပြောမယ့် တရားစကားကို အစောကြီးက ချစ်သားကို ဟောပြီးသား မဟုတ်ဘူးလား။

## သောကပျောက်ကြောင်း တရား

သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ

အညထာဘာဝေါ။

မိမိချစ်နှစ်သက်အပ်သော မိဘဆွေမျိုး အစရှိတဲ့ ပုဂ္ဂိုလ်များနှင့် ဇာတိအားဖြင့် အသီးအခြား ဖြစ်ရခြင်း၊ မရဏအားဖြင့် ကွေကွင်းရခြင်း၊ ဘဝအားဖြင့် တစ်မျိုးတစ်ဖုံ ဖြစ်ရခြင်းဆိုတဲ့ **နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ** တရား မလွန်မြောက်နိုင်ဘူး ဆိုတာ ငါဘုရား အစောကြီးက ဟောထားတယ် မဟုတ်ဘူးလား။

ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊

တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ချစ်သား အာနန္ဒာ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော သင်္ခတ တရား ပျက်စီးတတ်တဲ့ သင်္ခတ တရားကို မပျက်စီးပါနှင့်လို့ တားမြစ်ဖို့ရန် လုံးဝ အကြောင်းမရှိဘူး၊ ပျက်စီး

http:\\www.dhammadownload.com



တာပဲ၊ ဖြစ်တဲ့ တကယ့်ဖြစ်ရပ်ကို ပြောရလို့ရှိယင် –

သေယျထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော။

ချစ်သား အာနန္ဒာ၊ ဥပမာ ပြောရယင်လေ အလွန်ကြီးတဲ့ အနှစ်ရှိတဲ့ သစ်ပင်ကြီး မားမားမတ်မတ် ကြံ့ကြံ့ခိုင်ပြီး တည်နေရင်းက –

ယော မဟန္တတရော သာခေါ သော ပလုဇ္ဇေယျ။

မဟန္တတရော=အကြီးဆုံးသော။ ယော သာခေါ=အကြင်အကိုင်းကြီးသည်။ အတ္ထိ=ရှိ၏။ သော=ထိုအကိုင်းကြီးသည်။ ပလုဇ္ဇေယျ သေယျထာပိ=ကျိုးကျသကဲ့သို့။ အေး အရှေ့၊ အနောက် ယူဇနာ တစ်ရာကျယ်ပြန့်တဲ့ သစ်ပင်ကြီးတစ်ခု အရှေ့ကိုထွက်တဲ့ အကိုင်းက ယူဇနာ ငါးဆယ်၊ အနောက်ကို ထွက်တဲ့ အကိုင်းက ယူဇနာ ငါးဆယ်၊ တောင်ကို, မြောက်ကို ထွက်တဲ့ အကိုင်းက ယူဇနာ ငါးဆယ်၊ အဲဒီလို ရှိတယ်။ အင်မတန် ခိုင်ခံ့ပါတယ်ဆိုတဲ့ အနှစ်သာရရှိတဲ့ သစ်ပင်ကြီးမှ တောင်ဘက်က အကိုင်းကြီးတစ်ခု ကျိုးသွားပြီဆိုယင် အဲဒီ ကျိုးသွားတဲ့ အကိုင်းကြီးရဲ့ နေရာမှာ အနှစ်တစ်ရာ အတွင်းမှာသာ မဟုတ်ဘူး၊ ဒီသစ်ပင်ကြီး တစ်သက်မှာတော့ ဒီအကိုင်းကြီးရဲ့ အစား ပြန်မရောက်တော့ဘူး။

အဲဒါလို၊ အဲဒါလို –

ဧဝမေဝ ခေါ အာနန္ဒ မဟတော ဘိက္ခုသံဃဿ တိဋ္ဌတော သာရဝတော သာရိပုတ္တော ပရိနိဗ္ဗုတော။

အာနန္ဒ=ချစ်သား အာနန္ဒာ။ ဧဝမေဝ ခေါ=ဤအတူပင်။ မဟတော=ကြီးစွာသော။ ဝါ=များစွာသော။ သာရဝတော=သီလတည်းဟူသော အနှစ်, သမာဓိအနှစ်, ပညာအနှစ် တည်းဟူသော အနှစ်ပြည့်သော။ ဘိက္ခုသံဃဿ=ရဟန်းသံဃာ၏။ ဝါ–ရဟန်းသံဃာ တည်းဟူသော သစ်ပင်ကြီးသည်။ တိဋ္ဌတော=မားမားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင်ပြီး တည် နေစဉ် အတွင်းမှာပင်။ သာရိပုတ္တော=လက်ယာတောင်ကိုင်းနှင့်တူတဲ့ သာရိပုတ္တရာ ငါဘုရားရဲ့ လက်ယာတော်ရဲ တပည့်ကြီးသည်။ ပရိနိဗ္ဗုတော= ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့လေပြီ။

သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတာကဖြင့် အဲဒီ သစ်ပင်ကြီးတောင် အကိုင်း ကျိုးသလို နောက်ထပ် အစားထိုးလို့ ဒီသာသနာမှာ မရတော့ဘူး။

http:\\www.dhammadownload.com



တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ ယံ တံ ဇာတံ ဘူတံ ပလောကဓမ္မံ
တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ချစ်သား အာနန္ဒာ၊ ဖြစ်ခဲ့တဲ့ သင်္ခတ တရားမှန်သမျှ မဖြစ်ပါနှင့် မပျက်ပါနှင့်လို့ အဲဒီလို တောင့်တလို့ ဘယ်လိုနည်းနဲ့မှ မရဘူး။ ဒီလို တောင့်တလို့ ရနိုင်တဲ့ အကြောင်း လဲပဲ လုံးဝ မရှိဘူး ... ချစ်သား အာနန္ဒာ။ အဲဒီတော့ ဘယ့်နှယ်လုပ်ရမလဲ။

## မိမိကိုယ်နှင့် တရားကိုသာ အားကိုးရန်

တသ္မာ တိဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ၊
ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

အာနန္ဒ=ချစ်သား အာနန္ဒာ။ တသ္မာ=သို့ကြောင့်ရကား။ (သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားခြင်းသည် သာသနာ့ သစ်ပင်ကြီး တောင်ကိုင်းကျိုးတာ။ ဖြစ်ပေါ်လာတဲ့ သင်္ခါရ တရားတွေကို မပျက်ပါနှင့်လို့ ဘယ်လိုနည်းနှင့်မျှ တား၍ မရနိုင်ရကား ကိုယ့်အလုပ် ကိုယ်လုပ်) တုမှေပိ=သင်ချစ်သားတို့သည်လည်း။ အတ္တဒီပါ=မိမိကိုယ်လျှင် မှီခိုရာ ကျွန်း ရှိကုန်သည်ဖြစ်၍။ အတ္တသရဏာ=မိမိကိုယ်လျှင် ကိုးကွယ်ရာ ရှိကုန်သည် ဖြစ် ၍။ အနညသရဏာ=သူတစ်ပါးကို မကိုးကွယ်ကြကုန်သည်ဖြစ်၍။ ဓမ္မဒီပါ=တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ ဓမ္မသရဏာ=တရားလျှင် မှီခိုရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ=တရားမှတစ်ပါး မှီခိုရာ မရှိကုန်သည်ဖြစ်၍။ ဝိဟရထ=နေကြကုန်။

ကိုယ့်ကိုယ်ကို အားကိုး၊ ကိုယ့်ကိုယ်ကိုပဲ မှီခိုပြီးတော့ နေကြ။ တရားကို အားကိုး၊ တရားကိုပဲ မှီခိုပြီးတော့ နေကြ၊ ဘယ်လိုနေရမလဲ။

ကထဉ္စာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ အတ္တသရဏော အနညသရဏော၊
ဓမ္မဒီပေါ ဓမ္မသရဏော အနညသရဏော။

ချစ်သား၊ အတ္တဒီပ အတ္တသရဏ အနညသရဏ ဓမ္မဒီပ ဓမ္မသရဏ အနညသရဏ။ မိမိကိုယ်သာလျှင် မှီခိုရာ ကိုင်းကျွန်းရှိ၊ မိမိကိုယ်သာလျှင် ကိုးကွယ်ရာရှိ၊ တခြားကို ကိုးကွယ်မှု အားကိုးမှု မပြုဘဲ တရားသာလျှင် မှီခိုရာ ကိုင်းကျွန်းရှိ တရားသာလျှင် ကိုးကွယ်ရာရှိ၊ တရားမှတစ်ပါး အခြား အားကိုးစရာမရှိဘဲ နေတယ်ဆိုတာ ဘယ်လို နေတာလဲ။ တရားကို အားကိုးပါ၏လို့ ဒီလို ပြောနေတာလားဆိုတော့ ဒီလို မဟုတ် ဘူးကွဲ ... ။ ဘယ့်နှယ်ကုန်း။

http:\\www.dhammadownload.com



## သတိပဋ္ဌာန်လေးပါး

ဣဓာနန္ဒ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ (သံ၊ ၃။ ၁၄၁။)

ချစ်သား အာနန္ဒာ၊ ကိုယ့်ကိုယ်ကိုအားကိုး၊ တရားကို အားကိုးဆိုတာ တခြား မဟုတ်ဘူး။ အာတာပီ=သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိရမယ်။ သမ္ပဇာနော=သမ္ပဇဉ်ငါးပါး အသိဉာဏ်တရား ရှိရမယ်၊ သတိမာ=အမြဲထင်လင်းတဲ့ သတိရှိရမယ်၊ လောကမှာ ဖြစ်ပေါ်တတ်တဲ့ အဘိဇ္ဈာဆိုတဲ့ လောဘတရား၊ ဒေါမနဿဆိုတဲ့ ဒေါသ၊ အဲဒီတရား ဖယ်ရှားပြီးတော့ ဟောဒီ ရူပကာယ ကိုယ်ပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမအနေနှင့် မရှုဘဲနှင့် ရုပ်ကာယအနေနှင့် အဖန်ဖန်ရှု၍ နေရမယ်–ကာယနုပဿနာ။

ဝေဒနာတရားတို့၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါးအနေနှင့် အရှုမမှားဘဲနဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဝေဒနာအမှန်ကိုသာ၊ တရားအမှန်ကိုသာ ရှုပြီးတော့ နေရမယ်။

စိတ် တစ်ဆယ့်ခြောက်ပါး အပြားရှိတဲ့ စိတ်ကို တစ်ဆယ့်ခြောက်ပါး အပြားရှိသော စိတ်အနေနှင့်သာ ရှုရမယ်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ အနေနှင့် မရှုရ။

အေး ... ကျန်တဲ့ သညာ သင်္ခါရ အစရှိတဲ့ ဓမ္မများကိုလဲပဲ ဓမ္မအနေနှင့်သာ ရှုရမယ်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမအနေနှင့် မရှုရ။

ကာယေ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာသု ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တေ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မေသု ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတဲ့ သတိပဋ္ဌာန်ဆိုတဲ့ သတိပဋ္ဌာန်လေးပါး မိမိနှစ်သက်ရာ တစ်ပါးပါးနှင့်နေ ...

အေး ... သမထ ကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်း တစ်ပါးပါး စီဖြန်းနေလို့ရှိယင် အဲဒီ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးနှင့် နေတာ ဖြစ်ပါလိမ့်မယ်၊ ကိုယ်နှလုံးသွင်းနေကျ ကမ္မဋ္ဌာန်းတစ်ခုခုနှင့် နေမယ်ဆိုယင်ပေါ့လေ၊ အဲဒီ သတိပဋ္ဌာန်လေးပါးနဲ့နေဟာ ဖြစ်နေပါတယ်။

အဲဒီလိုနေယင် ဘာဖြစ်သလဲ၊ အဲဒီလို နေလို့ရှိယင် အတ္တဒီပ အတ္တသရဏ၊ အနညသရဏ၊ ဓမ္မဒီပ ဓမ္မသရဏ အနညသရဏ နေတာမည်တယ် ချစ်သား ... ။

http:\\www.dhammadownload.com



ဧဝံ ခေါ အာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ အတ္တသရဏော
အနညသရဏော၊ ဓမ္မဒီပေါ ဓမ္မသရဏော အနညသရဏော။

ဒါဖြင့်ယင် အဲဒီတရားက ကိုယ်တော်ရဲ့ မျက်မှောက် လက်ထက်နှင့် သာဆိုင်တဲ့ တရား ထင်ပါရဲ့လို့ ဖြစ်နေမှာစိုးလို့ မြတ်စွာဘုရားက –

ယေ ဟိ ကေစိ အာနန္ဒ ဧတရဟိ ဝါ မမစ္စယေ ဝါ အတ္တဒီပါ ဝိဟရိဿန္တိ။

အာနန္ဒ=ချစ်သား အာနန္ဒာ။ ယေဟိ ကေစိ=အမှတ်မထင် အကြင်သူတို့သည်။ ဧတရဟိ ဝါ=ငါဘုရား ထင်ရှားရှိတဲ့ ယခုအခါ၌ဖြစ်စေ။ မမစ္စယေ ဝါ=ငါဘုရား မရှိသည့် နောက်အဖို့၌ ဖြစ်စေ။ အတ္တဒီပါ=မိမိလျှင် မှီခိုရာ ကိုင်းကျွန်း ရှိကုန်သည်ဖြစ်၍။ အတ္တသရဏာ=မိမိလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ=မိမိမှတစ်ပါး အခြားမည်သူကိုမျှ အားမကိုးကြကုန်ပဲ။ ဓမ္မဒီပါ=တရားလျှင် မှီခိုရာ ကိုင်းကျွန်း ရှိကုန်သည်ဖြစ်၍။ ဓမ္မသရဏာ=တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည် ဖြစ်၍။ အနညသရဏာ= တရားမှ တစ်ပါး အခြား ဘယ်အရာကိုမှ မကိုးကွယ်ကြကုန်ဘဲ။ ဝိဟရိဿန္တိ= သတိပဋ္ဌာန် လေးပါးတရားဖြင့် နေကြကုန်လိမ့်မည်။

ဧတရဟိ ဝါ အာယတိ ဝါ။

ယခု မျက်မှောက်ပဲ ဖြစ်ဖြစ် နောက်အခါမှာပဲ ဖြစ်ဖြစ်တဲ့။ ဘယ်သူရယ် မဟုတ်ဘူး၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့အား သတိပဋ္ဌာန်လေးပါး တရားနှင့် နေကြပြီဆိုလို့ ရှိယင်–

တမတဂ္ဂေ မေ'တေ အာနန္ဒ ဘိက္ခူ ဘဝိဿန္တိ၊ ယေ ကေစိ သိက္ခာကာမာ။

အာနန္ဒ=ချစ်သား အာနန္ဒာ။ သိက္ခာကာမာ=သိက္ခာသုံးပါး လိုလားကြကုန်သော။ ယေ ကေစိ=အမှတ်မထင် အကြင်ရဟန်းတို့သည်။ သန္တိ=ရှိကုန်၏။ ဧတေ=သိက္ခာ သုံးပါး လိုလားကြတဲ့ သတိပဋ္ဌာန်လေးပါး ပွားများကြတဲ့။ ဘိက္ခူ=ရဟန်းတို့သည်။ တမသဂ္ဂေ အဂ္ဂဓမ္မေ=အမြတ်ဆုံး ဆိုတဲ့ အရဟတ္တဖိုလ်၌။ ဘဝိဿန္တိ=ဖြစ်ကြ ရောက်ကြပေလိမ့်မည်။

ငါဘုရားရဲ့ မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ ငါဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့ နောက်အခါမှာပဲ ဖြစ်ဖြစ် သတိပဋ္ဌာန်လေးပါး ပွားများ၍ မိမိကိုယ်ကို မှီခိုရာ ကိုင်းကျွန်းရှိပြီး နေမယ်ဆိုယင် သိက္ခာကာမ ထိုပုဂ္ဂိုလ်များဟာ အရဟတ္တဖိုလ်သို့ ရောက်ဆိုက်ကြမှာ အမှန်ပဲလို့–

အဲဒီလို စန္ဒသုတ္တန်ကို အရဟတ္တဖိုလ်နှင့် နိဂုံး အထွတ်တပ်ပြီး ဟောပါတယ်။

http:\\www.dhammadownload.com



## စုန္ဒသုတ္တန်နိဂုံး

"အေး – သတိပဋ္ဌာန်လေးပါး လေးပါးပွားယင် ကိုယ်တော် မျက်မှောက်မှာပဲဖြစ်ဖြစ်၊ ကိုယ်တော် ပရိနိဗ္ဗာန် စံပြီးတဲ့ နောက်အခါမှာပဲ ဖြစ်ဖြစ် အဲဒီ သတိပဋ္ဌာန် ပွားများတဲ့ သိက္ခာလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးများဟာ အရဟတ္တဖိုလ်ပေါက်ရောက်ကြမှာ ဧကန်ပါလို့ ဒီ စုန္ဒသုတ္တန် ဒေသနာတော်မြတ်ကို မြတ်စွာဘုရား အရဟတ္တဖိုလ် အထွတ်တပ်ပြီးတော့ တရားနိဂုံး ဆုံးပါတယ်။

ဤသို့လျှင် စုန္ဒသုတ္တန် ဒေသနာတော်မြတ်နှင့် စပ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပရိနိဗ္ဗာန သံဝေဂဓမ္မ တရားနာကြားရခြင်းတည်းဟူသော ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံသီလ ဆောက်တည်ရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံစေတနာ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူတည်းဟူသော အမြိုက်အလှူ ပေးလှူရခြင်း တည်းဟူသော ဓမ္မဒါန အမတဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ – ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကုသိုလ် အရပ်ရပ်တို့ကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တ ပစ္စုပဋ္ဌာန် ရှိသော အသခၤတဓာတ် နိဗ္ဗာန်ပရမတ်ကို သုခပဋိပဒါခိပ္ပာဘိညာ တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဒို့တစ်တွေ မျက်မှောက်ပြုရပါလိုသော – လို့ လဲ ဆုတောင်းကြပါ။ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့် ထိုနောက်ဆုံး ပစ္ဆိမဘဝဝယ် ပရိနိဗ္ဗာ စုတိ၏ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ၊ သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒ နိရောဓ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း။

အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု။

စုန္ဒသုတ္တန် တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



# ဗဟုဓိတရသုတ္တန် တရားတော်

အခက်အခဲ ဆင်းရဲဒုက္ခတွေ ထပ်တလဲလဲ တွေ့ကြုံ၍
ညည်းညူနေကြသူများ တရားရစေရန်
ရည်သန်ဟောကြားခြင်း။

ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်၊ သာသနာတော်နှစ် ၂၅၂၁-ခုနှစ်၊ တော်သလင်းလဆန်း ၆-ရက်နေ့ည။ မင်းကွန်း ဓမ္မနာဒတိုက်၊ မဟာဗန္ဓုလ ဓမ္မာရုံ၌ မန္တလေး မြို့ ရွှေခတ်ဝင်း အလှူ့ဒါယကာ ကိုဘိုကေ-အလှူ့ဒါယိကာမ မလှယဉ်တို့၏ ရှင်ပြု ရဟန်းခံပွဲအတွက် ဟောကြားအပ်သော သံယုတ္တနိကာယ်၊ ဗြာဟ္မဏ သံယုတ် ပါဠိတော် အရဟန္တဝဂ် ဆယ်ခုမြောက်ဖြစ်သော ဗဟုဓိတရ သုတ္တန် တရားလို့ - ။

ဘုန်းကြီးဟောမယ့် တရားကို ဗဟုဓိတရ သုတ္တန်လို့ ခေါ်ပါတယ်။ ပစ္စေကဗုဒ္ဓါ တရားတွေချည်းတည်း ဟောပြန်တော့ ကြာတော့လဲပဲ ပစ္စေက ဗုဒ္ဓါတွေကို ကြားရဖန် များတော့ နည်းနည်း ပစ္စေကဗုဒ္ဓါအသံကိုက ငြီးငွေ့တဲ့ နိဗ္ဗိန္ဒသံပါရတယ်။ အဲဒီတော့ အခုလို တရားပွဲမှာ စိတ်ထဲမှာပေါ့လေ၊ တွေးတွေးပြီးတော့ ရွှင်လန်းဝမ်းမြောက်စေနိုင်တဲ့ သုတ္တန် လို့ သဘောရတယ်။ ဒီ သုတ္တန်ကို ဟောချင်ပါတယ်။

## သတ္တဝါတို့၏ ကိုးစားရာ ဗုဒ္ဓဂုဏ်တော်

အနာထာနဉ္စ သော နာထော၊
ဘယာနံ အဘယံ ကရော။
ကခ်ဥ္စ ဗဟူနံ ဆေဒေါ၊
သုခေတော စက္ကဝတ္တကော။

သော=ထိုအကျွန်ုပ်တို့၏ဆရာ ဘုရားမြတ်စွာသည်။ အနာထာနံ=ကိုးကွယ်ရာမဲ့သူ နတ်လူဗြဟ္မာ သတ္တဝါတို့၏။ နာထော စ=မှီခိုကိုးစား အားထားရာလည်း ဖြစ်တော်မူ ပါပေ၏။ ဘယာနံ=ဘေးရောက်လာသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏။ အဘယံ ကရော စ=ဘေးကင်းအောင်အမှု ပြုလည်း ပြုတော်မူတတ်ပါပေ၏။ ဗဟူနံ=ယုံမှားသံသယ ရှိလာ များစွာသော သတ္တဝါတို့၏။ ကခ်ဥ္စ=သို့လော သို့လော တွေးတော ယုံမှား ကင်္ခါ တရားကိုလည်း။ ဆေဒေါ=အမြစ်ပြတ်အောင် ပယ်ဖြတ်တော်မူနိုင်ပါပေ၏။ သုခေတော

http:\\www.dhammadownload.com



=လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတရား ဖြစ်ပွားစေတော်မူပါပေ၏။ စက္ကဝတ္တကော =ကဿပမြတ်စွာ သာသနာကွယ်ပ ထိုအချိန်ကစ၍ ရပ်စဲ၍ နေပေသော ဓမ္မစက်ကို တစ်ဖန် လည်စေတော် မူတတ်ပါပေ၏။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်ထဲမှာ သမုဒ္ဒရာရေထဲက ရေကြည်တစ်ပေါက် တိုက်ကျွေးသလို သင်္ဂါယနာတင် ဆရာတော် ဘုရားကြီးများက မြတ်စွာဘုရားရဲ့ ဂုဏ်တော်အသချေ မဟာသမုဒ္ဒရာ ရေထဲက ကြည်ညိုဖွယ် ဂုဏ်တော်များ၊ ဂုဏ်တော်တစ်ပိုဒ် ရေကြည်ကို သောက်စေ ဆိုပြီးတော့ အစိန္တေယျ သုံးလောကထွတ်ထား ငါတို့ မြတ်စွာဘုရားသည် မှီခိုကိုးစား အားထားရာ နာထဂုဏ်ကြီးရှင်လည်း ဖြစ်တော်မူပါပေ၏။ တစ်ကြိမ် ချီးကျူးလိုက်တယ်။

ဘေးရောက်လာသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဘေးကင်းအောင်အမူ ပြုတော်မူတတ်တဲ့ အဘယံကရ ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ယုံမှားသံသယဖြစ်၍ မနေသာ မတတ်သာ ရောက်ဆိုက်လာတဲ့ သတ္တဝါတို့ရဲ့ ကခါယုံမှား ၁၆-ပါးကိုလည်း အနုသယ အမြစ်ပြတ်အောင် ပယ်ဖြတ်တော်မူတတ်တဲ့ ကခ်ဆြေဒ ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံတော်မူပါ၏။ လူနတ် ဗြဟ္မာ သတ္တဝါတို့အား လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတရားကို ဖြစ်ပွားစေတတ်တဲ့ သုခေတဂုဏ်နှင့်လည်း ပြည့်စုံတော် မူပါပေ၏။ ဘယ်ရဟန်း, ဘယ်ပုဏ္ဏား, ဘယ်နတ်, ဘယ်ဗြဟ္မာမှ မလည်စေနိုင်တဲ့ ကဿပမြက်စွာ သာသနာ ကွယ်ချိန်မှစ၍ ရပ်နေခဲ့တဲ့ ဓမ္မစက်ကြီးကိုလဲပဲ သွက်သွက်လည်စေတော်မူတဲ့ စက္ကဝတ္တကဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘုရားရဲ့ ဂုဏ်ကို ချီးမွမ်းသောအားဖြင့် ပဏာမပြုခြင်း ဖြစ်ပါတယ်။ အဲဒီဂုဏ်ထဲမှာ သတ္တဝါတို့ရဲ့ ကိုးစားရာ ဖြစ်ပုံကို အခု ဗဟုစိတရ သုတ္တန်နှင့်လဲပဲ ဖော်ပြနိုင်ပါတယ်။ ဗဟုစိတရသုတ္တန်ဆိုတာ မြတ်စွာဘုရား ကောသလတိုင်း ကောအုပ်ကြီးတစ်ခု၌ နေတော်မူစဉ် ဟောတာ ... တဲ့။

## ဗဟုစိတရ ပုဏ္ဏား

ဧကံ သမယံ ဘဂဝါ ကောသလေသု ဝိဟရတိ အညတရသ္မိံ ဝနသဏ္ဍေ။

အခါတစ်ပါး မြတ်စွာဘုရားသည် ကောသလတိုင်း အပင်အပါ တောအုပ်တစ်ခုမှာ သီတင်းသုံး နေလိုင်တော်မူခိုက် ဖြစ်ပါတယ်။ ဒီတောအုပ်ထဲမှာမှ ဘာပြုလို့ သွားနေရ သလဲဆိုတော့ -

http:\\www.dhammadownload.com



တစ်နေ့သ၌ နံနက်စောစောထ သတ္တလောကကို ကြည့်တော်မူတဲ့အခါ ဗဟုဓိတရ ခေါ်သော ဘာရဒွါဇအနွယ်ဖွား ပုဏ္ဏားတစ်ယောက် ကိုယ်တော်မြတ်ရဲ့ ဉာဏ်ထဲမှာ ပေါ်လာတယ်တဲ့။ အဲဒီလို ပေါ်လာတဲ့အခါ "ကိံ ဘဝိဿတိ" ဘယ်လိုဖြစ်မှာပါလိမ့်လို့ ကြည့်တဲ့အခါ ဒီပုဏ္ဏားက နွားပျောက်လို့ နွားရှာတဲ့ ပုဏ္ဏား။ အဲဒီ တောအုပ်ထဲမှာ ကိုယ်တော်မြတ် သီတင်းသုံးယင် ကိုယ်တော်မြတ်ထံမှောက် ဒီပုဏ္ဏား ရောက်လာမှာ မြင်တော်မူတယ်။ ရောက်လာတဲ့အခါ ပုဏ္ဏားနှင့် လိုက်လျောတဲ့ တရားဟောလို့ ပုဏ္ဏား သည် ဘုရားသာသနာ၌ မဟာသရဏဂုံခံ၊ ၎င်းနောက် ရှင်အဖြစ် ရဟန်းအဖြစ်တောင်း ပန်လို့ သူ ရဟန်းအဖြစ် ရောက်ပြီးတဲ့နောက် အရဟတ္တဖိုလ်ပေါက် အသိဉာဏ် ဆိုက် ရောက်ပြီး ဤသာသနာမှာ ဘာရဒွါဇရဟန္တာ မထေရ်ရယ်လို့ ထင်ရှားမည့် အကြောင်း ဘုရားသဗ္ဗညုဉာဏ်ထဲ မြင်တော်မူတော့ –

ဂစ္ဆာမိဿ သင်္ဂဟံ ကရိဿာမိ။

လို့ အကြံတော် ဖြစ်ရှိသတဲ့။

အဟံ=ငါသည်။ ဂစ္ဆာမိ=ယခုပင် သွားအံ့။ အဿ=ထိုဘာရဒွါဇ ပုဏ္ဏားအား။ သင်္ဂဟံ=သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို။ ကရိဿာမိ=ပြုတော့အံ့။

ငါဘုရား သွားမှပဲ၊ ဘာဒွါရဇ ပုဏ္ဏားကို ချီးမြှောက်မှပဲ ဆိုပြီးတော့ အဖော် ရဟန်း တစ်ပါးမှ မခေါ်ဘဲနှင့် ဘုရားကိုယ်တော်မြတ်ကြီး တစ်ဆူတည်း အဲဒီ တောအုပ်ကြီးထဲ မှာ တစ်ပါးတည်း သွားပြီးတော့ သီတင်းသုံး နေထိုင်တော်မူသတဲ့။

တေန ခေါ ပန သမယေန အညတရဿ ဘာရဒွါဇဂေါတ္တဿ
ဗြာဟ္မဏဿ စတုဒ္ဒသ ဗလီဗဒ္ဒါ နဋ္ဌာ ဟောန္တိ။

တေန ခေါ ပန သမယေန=ထိုသို့ မြတ်စွာဘုရား ကောသလတိုင်း အဝင်အပါ တောအုပ်တစ်ခုအတွင်း သီတင်းသုံး နေထိုင်တော်မူသော အခါကာလ၌။ အညတရဿ= မထင်ရှားသော။ ဘာရဒွါဇဂေါတ္တဿ ဗြာဟ္မဏဿ=ဘာရဒွါဇနွယ်ဖွား ဗဟုဓိတရ အမည်ရှိသော ပုဏ္ဏား၏။ စတုဒ္ဒသ ဗလီဗဒ္ဒါ=ဝန်ဆောင်နွားပိုက်ကြီး တစ်ဆယ့်လေး ကောင်တို့သည်။ နဋ္ဌာ=ပျောက်၍ နေကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

http:\\www.dhammadownload.com



## နွားပျောက်ရှာ ဘုရားနှင့်တွေ့

အမှန်တော့ သူဟာ တောင်သူလယ်သမား ပုဏ္ဏားတစ်ယောက်ပဲ။ အလုပ်လုပ်ရင်းက သူရဲ့ ဝန်ဆောင်နွားလား တစ်ဆယ့်လေးကောင်ကို နွားကျောင်းရင်းက ထမင်းစားနေတဲ့အခိုက် နွားတွေ တောထဲဝင်သွားတယ်။ ပြီးတော့မှ ငါလိုက်မယ်ဆိုပြီးတော့ ထမင်းကိုပြီးအောင် စားတယ်။ နွားတွေကလဲ ဦးတည်ရာ လျှောက်သွားလိုက်တာ၊ အချိန်ကျလို့ ပြန်မလာတော့ တစ်နေ့ရှာလဲ မတွေ့၊ တစ်နေ့ရှာလဲ မတွေ့၊ ဘယ်လောက်ကြာသလဲ ဆိုလို့ရှိယင် ခြောက်ရက်ကြာတဲ့နေ့ ရောက်ခဲ့ပြီ၊ အဲဒီ ခြောက်ရက်မြောက်တဲ့နေ့ ရောက်တော့လဲ သူနွားရှာတာပဲ။ အဲဒီလို နွားရှာရတဲ့ အခါမှာ ဘုရားသဗ္ဗညုနှင့် ခြောက်ရက်မြောက်နေ့မှာ သွားတွေ့ခြင်း ဖြစ်ပါတယ်။ ဒီအကြောင်းကို သင်္ဂါယနာတင် အရှင်မြတ်တို့က -

> အထ ခေါ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော တေ ဗလီဗဒ္ဒေ ဂဝေသန္တော ယေန သော ဝနသဏ္ဍော တေနုပသင်္ကမိ။

အထ ခေါ=ထိုအခါ၌။ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော=ဘာရဒွါဇ နွယ်ဖွား ဗဟုဓိတရ ပုဏ္ဏားသည်။ တေ ဗလီဗဒ္ဒေ=ထိုပျောက်တဲ့ ဝန်ဆောင်နွားပိုက် တစ်ဆယ့်လေးကောင်တို့ကို။ ဂဝေသန္တော=ရှာမှီးသည်ဖြစ်၍။ ယေန=အကြင်အရပ်၌။ သော ဝနသဏ္ဍော=ထို ဘုရား သီတင်းသုံးသော တောအုပ်ရှိ၏။ တေန=ထိုဘုရား သီတင်းသုံးသော တောအုပ်ရှိရာ အရပ်သို့။ ဥပသင်္ကမိ=သွားရောက်လေ၏။

တစ်တောဝင် တစ်တောထွက်၊ တစ်တောင်ဆင်း တစ်တောင်တက်နှင့် နွားရှာခဲ့တာ ခြောက်ရက် ရှိပြီ။ အဲသလို ရှာခဲ့တဲ့ ကိစ္စမှာ ဘုရားသီတင်းသုံးတဲ့ တောအုပ်ကို ထိုနေ့ ဘုရားသီတင်းသုံးတဲ့ နေ့မှာပဲ အဲဒီ တောအုပ်ကို ရောက်သွားတယ်။ တောအုပ်ထဲ ရှာတော့ နွားပျောက်ရှာတယ်။ သို့သော် ဘာသွား တွေ့သလဲလို့ ဆိုတော့ -

> ဥပသင်္ကမိတွာ အဒ္ဒသ ဘဂဝန္တံ တသ္မိံ ဝနသဏ္ဍေ နိသိန္နံ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

ဥပသင်္ကမိတွာ=ဘုရားသီတင်းသုံးတဲ့ တောအုပ်အတွင်း ဝင်မိလျှင်ပင်။ ဘဂဝန္တံ=ဘုရားရှင် ကိုယ်တော်မြတ်ကို။ တသ္မိံ ဝနသဏ္ဍေ=ထိုတောအုပ်ရဲ့ အတွင်း၌။ ပလ္လင်္ကံ အာဘုဇိတွာ=ထက်ဝယ် တင်ပျဉ်ဖွဲ့ခွေတော်မူ၍။ ကာယံ=အထက်ဖြစ်သော ကိုယ်ကို။

http:\\www.dhammadownload.com



ဥဇုံ=ဖြောင့်မတ်စွာ။ ပဏိဓာယ=ထားတော်မူ၍။ ပရိမုခံ=ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှု။ သတိံ=သတိကို။ ဥပဋ္ဌပေတွာ=ဖြစ်စေတော်မူ၍။ နိသိန္နံ=ထိုင်နေတော်မူလတ်သည်ကို။ အဒ္ဒသ=မြင်လတ်လေပြီ။

တောအုပ်ထဲ ဝင်မိတယ်ဆိုယင်ပဲ ဒီတောအုပ်ရဲ့အတွင်း အယက်ပိုင်း ကိုယ်တော်ကို မတ်မတ်ထားပြီးတော့ ဖလသမာပတ် ချမ်းသာကို ဝင်စား၍ တင်ပျဉ်ဖွဲ့ခွေ နေတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး သူ သွားမြင်တယ် ... တဲ့။

## ဗဟုဓိတရပုဏ္ဏား ဘုရားအနီးမှာ ညည်းတွားနေခြင်း

ဒိသွာန ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတော
သန္တိကေ ဣမာ ဂါထာယော အဘာသိ။

မြင်လဲပြီးရော၊ ဘုရားကြည့်ရတာ အင်မတန် ချမ်းသာလာတယ်။ အင်မတန် ငြိမ်ငြိမ်သက်သက် ပင်ကိုယ်က ကိလေသာ အာသဝေါကုန်ခန်းလို့ အေးချမ်းတော်မူတဲ့ အပေါ်မှာ ဖလသမာပတ်ဝင်စားလို့ အအေးမြဆုံးဆိုတဲ့ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ဒီ ဖလသမာပတ်နှင့် စံစားတော်မူနေတဲ့ ဘုရားကိုယ်တော်မြတ်ကို မြင်လိုက်တော့ (ပူယင် အအေးရှာတယ်) ပုဏ္ဏားရဲ့ အဖို့ရာကလဲပဲ အင်မတန် ပူနေတော့ အအေးရှာသော အားဖြင့် ဘုရားရှိရာ သွားတယ်။

ယေန ဘဂဝါ တေနုသင်္ကမိ=ဘုရားရှိရာသို့ သွားရောက်၏။ ဥပသင်္ကမိတွာ= ဘုရားရှိရာသို့ သွားရောက်ပြီးတော့။ ဘဂဝတော သန္တိကေ=မြတ်စွာဘုရား၏ အထံ၌။ ဣမာ ဂါထာယော=ဤဂါထာတို့ကို။ အဘာသိ=ရွတ်ဆိုလျှောက်ထား၏။

ဘုရားကို "အရှင်ဂေါတမ၊ မြတ်စွာဘုရား" ဒီလို ဘာမှ ခေါ်တာမဟုတ်ဘူးနော်။ ဘုရားရဲ့ အနီးအပါးမှာ အပူသည်ကြီး ပီပီ ပါးစပ်က တွတ်တီးတွတ်တာ ပြောနေသလို သူက ဟောဒီ ဂါထာတွေကို ရွတ်တယ်။

## နွားပျောက်ရှာခြင်း

န ဟိ နူနိမဿ သမဏဿ၊ ဗလီဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာယံ သမဏော သုခီ။

သူရွတ်တာ ခုနစ်ဂါထာ ရှိတယ်။ ဒီပုဏ္ဏားရဲ့ နာမည်ကို ဗဟုဓိတရ ပုဏ္ဏားလို့ ခေါ်တယ်။ နွားက ပျောက်တယ်။ သူ့ဂါထာထဲက အခု သူက ဘုရားအနီးမှာ ညည်းတွား

http:\\www.dhammadownload.com



သော အနေနှင့် လျှောက်ထားနေတယ်။

မယှံ=ငါ့အဖို့ရာ။ အဇ္ဇသဋ္ဌိ = ယနေ့မှ အထက် ခြောက်ရက်မြောက်သော နေ့က စ၍။ န ဒိဿန္တိ=ရှာလို့သာ ရှာရ မတွေ့ရကုန်သော။ စတုဒ္ဒသ ဗလီဗဒ္ဒါ=ဝန်ဆောင်နွားပိုက် ဆယ့်လေးကောင်တို့သည်။ သန္တိ ယထာ=ရှိကုန်သကဲ့သို့။ ဣမဿ သမဏဿ =ကိလေသာ ခပ်သိမ်း အငြိမ်းကြီး ငြိမ်း၍နေတဲ့ ဤရဟန်း၏ အဖို့ရာ (ဝါ)ရဟန်းမှာ။ အဇ္ဇသဋ္ဌိ=ယနေ့က အထက် လွန်ခဲ့တဲ့ ခြောက်ရက်က အစပြု၍။ န ဒိဿန္တိ=ရှာ၍မတွေ့ကုန်သော။ စတုဒ္ဒသ ဗလီဗဒ္ဒါ=တစ်ဆယ့်လေးကောင်သော ဝန်ဆောင်နွားလားတို့သည်။ န ဟိ သန္တိ နူန=မရှိကုန်ယောင်တကား။ တေန=ထိုသို့ ငါ့မှာလို နွားပျောက် တစ်ဆယ့်လေးကောင် မရှိခြင်းကြောင့်။ အယံ=ဤရဟန်းသည်။ သုခီ နူန=ကိုယ်စိတ် နှစ်ဖြာ ချမ်းချမ်းသာသာ နေနိုင်ယောင်တကား။

ငါ့မှာ နွားတွေ ပျောက်ချင်တိုင်း ပျောက်လို့ ယနေ့က အထက် လွန်ခဲ့တဲ့ ခြောက်ရက်ကစပြီး ရှာလို့သာ ရှာတာ မတွေ့ရတဲ့ နွားဆယ့်လေးကောင် ရှိသလို ဒီရဟန်းမှာတော့ ငါလို နွားပျောက် ဆယ့်လေးကောင် ရှိမယ် မထင်ပေါင်ဘူးတဲ့။ ဤလို နွားပျောက် မရှိတဲ့အတွက် ဤရဟန်းသည် ယခုလို ကာယ စိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံနေထင်ပါရဲ့။ ဟော ... တစ်ဂါထာ ဒီလို လျှောက်တယ်။

## နှမ်းခင်းပျက်ခြင်း

သူ့စိတ်ထဲမှာ အလွန်ဆင်းရဲလို့ ဒုတိယဂါထာ နှမ်းခင်းပျက်လို့၊ နှမ်းခင်းပျက် ဆိုတဲ့အတိုင်း –

အဲဒီ ပုဏ္ဏား ဒုတိယ ဂါထာ ရွတ်မယ်ဆိုတော့ သူ့ဝမ်းထဲမှာ အကြောင်းတစ်ခု ရှိတယ်တဲ့၊ ဘယ်လို ရှိသလဲ ဆိုတော့ နှမ်းကို စိုက်မယ်ပလို့ ဆိုတဲ့အနေနှင့် နှမ်းမျိုးကို ချလိုက်တယ်–တဲ့။ နေ့လဲ နှမ်းကြဲပြီးရော၊ ညကျတော့ မိုးရွာချလိုက်တာ နှမ်းစေ့တွေ တစ်ခါတည်း မြေတွေ ဖုံးကုန်ရော၊ မပေါက်တချို့ ပေါက်တချို့။ အဲဒီလို မပေါက်တချို့ ပေါက်တချို့ကနေပြီးတော့ ပေါက်လာပြန်တော့ နှမ်းပင်ကလဲ ကျိုးတိုးကျဲတဲ ပေါက်တဲ့။ ဒီနှမ်းပင်တွေကိုလဲပဲ တစ်ဖန် ပိုးကျပြီးကော နှမ်းတစ်ပင်မှ အရွက်က နှစ်ရွက်ရှိ တစ်ရွက်ရှိနှင့် နှမ်းပင်ကြီး ကြည့်ပြီးတော့ ပုဏ္ဏားက စိတ်ပျက်နေတာကိုး။

ဝမိုယာ မေ တိလာ ဂဟိတာ၊ တေပိ နဋ္ဌာ။

http:\\www.dhammadownload.com



မေ မယှာ=ငါသည်။ ဝမိယှာ=အတိုးဖြင့်။ တိလာ=နှမ်းတို့ကို။ ဂဟိတာ=သူများအိမ်က ယူအပ်ကုန်၏။ တေပိ = ထို အတိုးယူလာတဲ့ နှမ်းတို့လဲပဲ။ မေ = ငါ့ အဖို့ရာ။ နဋ္ဌာ = ပျက်၍ကုန်ပြီ။

ငါ့မှာ သူများအိမ်က အတိုးနှင့်ယူပြီး နှမ်းချရ၊ ချတဲ့ နှမ်းတွေကလဲ ပျက်ကုန်ပြီ၊ အဲဒီလို အမြဲတမ်း စိတ်နှလုံးက ပူပန်သတဲ့။ အဲသလို ပူပန်လို့ ဘုရားအနားမှာ သူက ညည်းတွားသောအနေနှင့် -

န ဟိ နူနိမဿ သမဏဿ၊
တိလာခေတ္တသ္မိံ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊
တေနာယံ သမဏော သုခီ။

မယှံ=ငါ၏။ ခေတ္တသ္မိံ=ယာအတွင်း၌။ ပါပကာ=ညှံ့ဖျင်းလှကုန်သော။ ဧကပဏ္ဏာတိလာ စ=တစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ ဒုပဏ္ဏာတိလာ စ=နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည် လည်းကောင်း။ သန္တိ ယထာ=ရှိကုန်သကဲ့သို့။ ဣမဿ သမဏဿ=ကိလေသာခပ်သိမ်း အငြိမ်းကြီး ငြိမ်းတော်မူသော ဤရဟန်အား။ ခေတ္တသ္မိံ =သူ၏ လယ်ယာ၌။ ပါပကော=ညှံ့ဖျင်းလှကုန်သော။ ဧကပဏ္ဏာတိလာ စ= တစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ ဒုပဏ္ဏာ တိလာ စ=နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ န ဟိ သန္တိ နူန=မရှိကုန်ယောင်တကား။

ငါ့ ယာကွက်ထဲ တစ်ပင်မှ တစ်ရွက်ပေါက် နှစ်ရွက်ပေါက်တဲ့ နှမ်းပင်တွေ ငါ့မှာ ရှိသလို ဒီရဟန်းမှာတော့ ညှံ့ဖျင်းတဲ့ နှမ်းပင် မရှိယောင်တကား။

တေန=ထိုသို့ညှံ့ဖျင်းတဲ့ နှမ်းခင်း မရှိလေသောကြောင့်။ အယံ သမဏော=ဤရဟန်းသည်။ သုခီ နူန=ကာယ စိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေယောင်တကား။

## ကြွက်များက ကျိုထဲဝင်ခြင်း

ဘေးနာကနေ ညည်းတွားတာ အဲဒါ ဒုတိယ ညည်းတွားတဲ့ ဂါထာ။ တတိယ ညည်းတွားတဲ့ ဂါထာကတော့ နွားပျောက်လို့ နှမ်းခင်းက ပျက်၊ ကြွက်တွေက ကျိုထဲ ဆင်း၊ ပုဏ္ဏားမှာ တဖြည်းဖြည်း စီးပွားရေးက ချို့တဲ့လာတဲ့အခါ ပထမပိုင်းတုန်းက သူရဲ့ ကျိုတွေထဲမှာ ပဲတွေ နှမ်းတွေ ပြောင်းတွေ စပါးတွေ [illegible] အပြည့်အပြည့် ရှိသော်

http:\\www.dhammadownload.com



လဲပဲ နောက်စီးပွားရေး အဆင်မပြေမှု ဖြစ်လာတော့ ကျီတွေကလဲပဲ ပဲမရှိ၊ နှမ်းမရှိ၊ ပြောင်းမရှိ၊ စပါးမရှိ၊ ဒီအတိုင်း အချည်းအနှီး ဖြစ်နေတဲ့အခါ အရှေ့ အနောက် တောင် မြောက် ခုနစ်အိမ်လောက် ရှိနေတဲ့ ကြွက်တွေက အဲဒီ ပုဏ္ဏား ကြီးရဲ့ ကျီတွေထဲ လာပြီးတော့ နားရွက် တထောင်ထောင်၊ အမြီး တထောင်ထောင်နှင့် နေချင်သလို တစီစီနှင့် လှည့်လည်ကျက်စား ပြေးလွှားကြ ကကြ ခုန်ကြသလို ဖြစ်နေတယ်။ ဒါတွေ ကြားယင်လဲ ပုဏ္ဏားမ မချမ်းသာဘူး၊ အဲဒီဟာလဲ စိတ်ထဲ မချမ်းသာတော့ -

နဟိ နူနိမဿ သမဏဿ၊
တုစ္ဆကောဋ္ဌသ္မိံ မူသိကာ။
ဥဿောဠှိကာယ နစ္စန္တိ၊
တေနာယံ သမဏော သုခီ။

မယှံ=ငါ၏။ တုစ္ဆကောဋ္ဌသ္မိံ=စပါးမရှိ ပြောင်းမရှိ နှမ်းမရှိ အချည်းနှီးဖြစ်သော ကျီ၏ အတွင်း၌။ မူသိကာ=ကြွက်တို့သည်။ ဥဿောဠှိကာယ=နားရွက်တထောင်ထောင် အမြီးတထောင်ထောင် တောင်တောင် မြောက်မြောက် ပြေးသွားကြကုန်လျက်။ နစ္စန္တိ ယထာ=မြူတူး ကခုန်ကြကုန် သကဲ့သို့။ ဣမဿ သမဏဿ=ကိလေသာ ခပ်သိမ်း ငြိမ်းအေးပြီးသော ဤရဟန်းအား။ တုစ္ဆကောဋ္ဌသ္မိံ=ငါကဲ့သို့ စပါးမရှိတဲ့ အချည်းနှီး ဖြစ်သော ကျီထဲ၌။ မူသိကာ=ကြွက်တို့သည်။ ဥဿောဠှိကာယ=နားရွက်တထောင် ထောင် အမြီးတထောင်ထောင် လှည့်လည် ပြေးသွားကြကုန်လျက်။ န ဟိ နစ္စန္တိ နူန= မက မခုန် မပျော်ပိုက်ကြကုန်ယောင်တကား။ တေန=ထိုစပါးမရှိ ပြောင်းမရှိ ကျီကြီးနဲ့ အအိပ်ပျက်လောက်အောင် မြူးပျော်တဲ့ ကြွက်များ မရှိခြင်း ဟူသော အကြောင်းကြောင့်။ အယံ သမဏော=ဤရဟန်းသည်။ သုခီ နူန=ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံလေယောင် တကား။

## အိပ်ရာခင်းက ခုနစ်လကြာ

ကြွက်တွေက ကျီထဲဆင်း၊ အိပ်ရာခင်းက ခုနစ်လကြာတဲ့။

နဟိ နူနိမဿ သမဏဿ၊
သန္ထာရော သတ္တမာသိကော။
ဥပ္ပပါဋကေဟိ သဉ္ဆန္နော၊
တေနာယံ သမဏော သုခီ။

http:\\www.dhammadownload.com



အဲဒီ ပုဏ္ဏားမှာ အလိုလို စိတ်ပျက်ပြီး စီးပွားရေးပျက်လို့ စိတ်ပျက်နေရတဲ့အထဲ သူ့ရဲ့ အိပ်ရာခင်းကလဲပဲ မြက်တွေ သစ်ရွက်တွေနဲ့ လုပ်ထားတဲ့ အိပ်ရာခင်း။ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ညအိပ်ပြီးတယ်ဆို နေ့မှာ ထုက်ပြီး နေလှန်းတဲ့ လူနှင့်၊ ကြမ်းပိုးရှာပေးတဲ့ လူနှင့် ဒီလိုကိုး။ အခုတော့ ဒီပုဏ္ဏားက ဘယ်လို ဖြစ်နေသလဲဆိုတော့ ခင်းတဲ့ အိပ်ရာခင်းက ဒီအတိုင်းပဲ ခင်းလျက်သား အိမ်ရှင် ပုဏ္ဏေမကြီးကလဲပဲ အိပ်ရာခင်း နေလှန်းရကောင်းသည် မသိ၊ အိမ်မှာ ရှိနေတဲ့ သမီးတွေကလဲပဲ နေလှန်းရကောင်းသည် မသိ၊ ခင်းလျက်သား ခင်းလျက်သား ဒီအတိုင်း ခုနစ်လကြာ၊ ဒီလောက် ခုနစ်လကြာနေတဲ့ ဒီအိပ်ရာခင်းထဲမှာ ကြမ်းပိုးတွေကလဲပဲ အကောင်ပေါင်း မြောက်မြားစွာ၊ ညအိပ်ပြီ ဆိုလို့ရှိယင် ညဦးပိုင်း အချိန်လောက်က စပြီး ကြမ်းပိုးကိုက်တာ သန်းခေါင်ကျော်တော့လဲ ကိုက်တုန်း၊ မိုးသောက်အားကြီး လင်းခါနီးကျတော့မှ ကြမ်းပိုးတွေက သွေးဝလို့ သူ့နေရာသူ ပြန်သွားတဲ့ အခါကျတော့မှ ဒီပုဏ္ဏား အိပ်ပျော်တယ်တဲ့ ...။ သူ့ရဲ့အဖြစ်ကို ပြောတာ၊ အဲဒါ သူက သူ့အိပ်ရာခင်းကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား အနားမှာ ညည်းတွားနေတယ်။

မံယှံ=ငါ့အား။ သတ္တမာသိကော ခုနစ်လကြာသော။ ဥပ္ပါဋကေဟိ=ကြမ်းပိုးတို့ဖြင့်။ သဉ္ဆန္နော=ဖုံးအုပ်၍နေသော။ သန္ထာရော=မြက်အခင်းသည်။ အတ္ထိယထာ=ရှိသကဲ့သို့။ ဣမဿ သမဏဿ=ကိလေသာ ငြိမ်းအေးပြီးသော ဤရဟန်းအား။ သတ္တမာသိကော= ခုနစ်လကြာ ကြမ်းပိုးမချရသော။ ဥပ္ပါဋကေဟိ သဉ္ဆ န္နော=ကြမ်းပိုးတို့ဖြင့် ဖုံးအုပ်၍ နေသော။ သန္ထာရော=အိပ်ရာခင်းသည်။ န ဟိ အတ္ထိ နူန=မရှိယောင်တကား။ တေန= ထိုသို့သော အိပ်ရာခင်း မရှိခြင်းဟူသော အကြောင်းကြောင့်။ အယံ သမဏော=ဤရဟန်းသည်။ သုခီ နူန=ကာယ စိတ္တ သုခနှစ်ပါး ကုံလုံပြည့်စုံယောင်တကား။

## လင်ကွာတဲ့ သမီးက ခုနစ်ယောက်

ဒါ စတုတ္ထ ညည်းချင်းပေါ့၊ ပဉ္စမ ညည်းချင်းက ဘာလဲ။ အိပ်ရာခင်းက ခုနစ်လကြာ၊ လင်ကွာတဲ့ သမီးက ခုနစ်ယောက်၊ ဩော် ... သူ့သမီးတွေ အချိန်အရွယ်ရောက်လို့ အိမ်ထောင်ကျသွားတဲ့အခါမှာ ဒီပုဏ္ဏားကြီး ဖနီးမောင်နှံမှာ စီးပွားဥစ္စာ ရှိတုန်းကတော့ အဲဒီ ရောက်ရာ ရောက်ရာ အိမ်ကရှိတဲ့ ယောက္ခမ ယောကျ်ားသူ၊ ယောက္ခမ မိန်းမသူတွေက ကြည်ဖြူကြသေးတယ်၊ ဒီပုဏ္ဏားကြီး ဖနီးမောင်နှံ စီးပွားပျက်ကပ် ကြုံလို့ ဆင်းလဲ

http:\\www.dhammadownload.com



ဆင်းရဲလာရော အဲဒီ ချွေးမ ခုနစ်ယောက်ကို အသီးသီးသော ယောက္ခမယောကျ်ားသူ ယောက္ခမ မိန်းမသူတွေက ဒုက္ခပေးကုန်ကြရော။

ဆိုကြပါစို့၊ ဒီအိမ်ထဲက ပုဏ္ဏားကြီး စီးပွားကလဲ ပျက်၊ အေး ... ဟိုက အရှင်သခင် လင်ယောကျ်ားနှင့် ကင်းကွာလာကြတဲ့ သမီး ခုနစ်ယောက်ကလဲ အိမ်ရောက်၊ ရောက် ပြန်တော့ အေးသလားဆိုတော့ အဲဒီ သမီးတွေက သမီးတွေချည်းထဲ မဟုတ်ဘူးတဲ့။ သား သမီးတွေက တချို့က သားတစ်ယောက်ပါ၊ တချို့က နှစ်ယောက်ပါ။ အဲဒီလို သားတွဲလဲ သမီးတွဲလဲနှင့် ဒီအိမ်မှာ အကုန်လုံး စုပြုံပြီးတော့ ရောက်ကြတာ ဖြစ်တယ်။ အဲဒီလို ရောက်ကြတာ ဖြစ်တော့ ဒီဟာလဲပဲ သူ စိတ်မချမ်းသာဘူး။ ဒါလဲ ထည့်ပြီးတော့ ဘုရားရှေ့မှာ ညည်းချင်းတစ်ပုဒ် သူရွတ်လိုက်တယ်။

န ဟိ နူနိမဿ သမဏဿ၊ ဝိဓဝေါ သတ္တ ဓီတရော။

ဧကပုတ္တာ ဒွိပုတ္တာ စ၊ တေနာယံ သမဏော သုခီ။

မယ့်=ငါ့အား။ ဧကပုတ္တာ စ=သားတစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော။ ဒွိ ပုတ္တာ စ=သားနှစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော။ ဝိဓဝေါ သတ္တ ဓီတရော=လင် ကွာတဲ့သမီး ခုနစ်ဖော်တို့သည်။ သန္တိယထာ=ရှိကုန်သကဲ့သို့။ ဣမဿ သမဏဿ=ဤ ရဟန်းအား။ ဧကပုတ္တာ စ=သားတစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော။ ဒွိ ပုတ္တာ စ=သားနှစ်ယေက် ရှိသည်လည်း ဖြစ်ကုန်သော။ ဝိဓဝေါ သတ္တ ဓီတရော=လင် ကွာတဲ့ သမီး ခုနစ်ဖော်တို့သည်။ န ဟိ သန္တိ နူန=မရှိကြကုန် လေယောင်တကား။

ငါ့မတော့ သားတစ်ယောက်ရှိ သားနှစ်ယောက်ရှိတဲ့ ဒီသမီးတွေ အိမ်ရောက်လာ တဲ့ အချိန်က စပြီးတော့ အနေဆင်းရဲ အစားဆင်းရဲ အင်မတန် ဆင်းရဲ၊ ဘာဖြုလို့တုန်း။ ပုဏ္ဏားကြီး ထမင်းစားမလို့ ထမင်းခွက်လေး ချလိုက်ယင် သမီးတွေက ပါလာတဲ့ သား တွေ ပြေးချလာတယ်။

အယျကဿ သန္တိကံ ဂန္တွာ ဘုဥ္စထ။

သွားသွား – ဟိုမှာ မင်းတို့ အဘိုး ထမင်းစားနေတယ်။ ဟိုမှာ သွားစားကြဆိုတော့ ဟော–မြေးတွေက တစ်ခါတည်း ဆိုကြပါစို့၊ သမီး ခုနစ်ယောက်မှာ သုံးယောက်က သားနှစ်ယောက်စီပါတယ်။ လေးယောက်က သားသမီးတစ်ယောက်စီ ပါတယ်ဆိုတော့ မြေးဆယ်ယောက်ပေါ့။ အဲဒီ မြေးဆယ်ယောက်က အဖိုးရေ ... ကျွန်တော့်ကို ထမင်း

http:\\www.dhammadownload.com



ကျွေးပါ၊ ကျွန်တော့်ကို ထမင်းကျွေးပါ ဆိုပြီးတော့ ဟို မြေးကလာ၊ ဒီမြေးကလာဆိုတော့ အဘိုးကို ထမင်းခွက်ထဲ မနှိုက်ရဲဘူး။ မြေးဆယ်ယောက် နှိုက်နေတာနဲ့ သူတို့ လက်ဆယ်ချောင်းကို ရှောင်မလွှတ်တာနဲ့ အဘိုးက ထမင်း ဝအောင် မစားရဘူး။ ဒီအခြေအနေမျိုးတွေ မြတ်စွာဘုရား အနားမှာ သူညည်းတွားနေတယ်။ ညည်းချင်းဂါထာရွတ်နေတယ်။

## ပုဏ္ဏားမက ခြေဖြင့် ကျောက်နှိုးခြင်း

ငါလို သမီး ခုနစ်ယောက် မရှိတဲ့အတွက် ဒီရဟန်းဟာ ကာယစိတ္တသုခနှစ်ပါးနှင့် ပြည့်စုံနေတာ ထင်ပါရဲ့။ လင်ကွာသော သမီး ခုနစ်ယောက်၊ သူနှင့်ပေါင်း၍ ပုဏ္ဏားမက မွေးတယ်တဲ့။ သူ့မှာ နေ့စဉ် နေ့စဉ် တွေ့ကြုံနေရတဲ့ ဒုက္ခ၊ အိပ်ရာခင်းကလဲပဲ ဘယ်သမီးကမှ ကြမ်းပိုးချမပေးတဲ့အတွက် ခုနစ်လရှိပြီ။ ကြမ်းပိုးတွေ ဖျံ့ပြီးတော့ ညဦးပိုင်းမှာ အိပ်ပြီဟဲ့ ဆိုကတည်းက တစ်ခါတည်း တစ်ကိုယ်လုံး ကြမ်းပိုးတွေ ဝိုင်းကိုက်ကြတယ်။ မအိပ်ရဘူး။ သန်းခေါင်ကျော်တော့လဲ မအိပ်ရသေးဘူး။ ကြမ်းပိုးတွေက ကိုက်လို့ မဝသေးဘူး။ အဲဒီ သန်းခေါင်ကျော်လို့ နှစ်နာရီလောက်ကျတော့မှ ကြမ်းပိုးတွေကလဲ သွေးဝလို့ သူ့နေရာသူ ပြန်တဲ့အခါ ပုဏ္ဏားမှာလဲပဲ ကရဇကာယ ပင်ပန်းလှပြီ ဖြစ်၍ အဲဒီ အခါ အိပ်မယ်ဆိုတော့ နှစ်နာရီလောက် အချိန်က အိပ်ပျော်သွားတာ သုံးနာရီလောက် လေးနာရီလောက်ကျတော့ ပုဏ္ဏားမကြီးကလာ၊ ဘယ့်နှယ်ပြောသလဲ ဆိုတော့—

ကိံ ကရောသိ ဗြာဟ္မဏ။

ဟဲ့—ပုဏ္ဏား၊ နင်ဘာလုပ်နေတာတုန်း၊ ဒီလို မေးတာ။

ပစ္ဆာ စ ပုဗ္ဗေ စ ဂဟိတဿ ဣဏဿ ဝမိ မတ္ထကံ ပတ္တာ။

ပစ္ဆာ စ=နောက်ကလည်းကောင်း။ ပုဗ္ဗေစ=ရှေးကလည်းကောင်း။ ဂဟိတဿ=ယူအပ်သော။ ဣဏဿ=ကြွေး၏။ ဝမိ=အတိုးအပွားတို့ကား။ မတ္ထကံ ပတ္တာ=ခေါင်သို့ ခိုက်နေ၏။

ဟဲ့ ပုဏ္ဏား၊ ဘာလုပ်နေတုန်းတဲ့၊ ရှေးယူတဲ့ကြွေး၊ နောက်ယူတဲ့ကြွေးကို မဆိုထားနှင့်၊ အဲဒီ အကြွေးရဲ့ အတိုးကိုက ခေါင်ခိုက်နေပြီ။

သတ္တ ဓီတရော ပေါသေတဗ္ဗာ။

http:\\www.dhammadownload.com



တယာ=သင်သည်။ သတ္တ ဓိတရော=သားသမီး တစ်ယောက်စီ နှစ်ယောက်စီ ပါလာတဲ့ သမီး ခုနှစ်ဖော်လဲ။ ပေါသေတဗ္ဗာ=ပြုစု လုပ်ကျွေး အပ်ကုန်၏။

နင့်မှာ အင်မတန် တာဝန်ကြီးတယ်။ သမီးတွေက ခုနှစ်ယောက်၊ မြေးကိုက အားလုံး ဆယ်ယောက်ရှိတယ်။ ဒါတွေကိုလဲ ကျွေးမွေးရအုန်းမယ်။

ပစ္စုုသသမယေ=မိုးသောက်အားကြီး လင်းခါနီးအခါကာလ၌။ ဉာဏာယိကာ= ဆွေးရှင် မြိုရှင်တို့ကလဲ။ အာဂန္တွာ=လာရောက်၍။ ဂေဟံ=အိမ်ကို။ ပရိဝါရေဿန္တိ= ဝန်းရံကြကုန်လတ္တံ့။

မင်း အခု ထယင်ထ၊ မထလို့ မိုးသောက် လင်းသွားတယ်ဆိုယင် ဆွေးရှင်တွေ ဒီအိမ်လာပြီးတော့ ဝိုင်းလိမ့်မယ်။

ဂစ္ဆ ကမ္မံ ကရောဟိ။

သွား၊ မြန်မြန် အလုပ်လုပ်၊ နင်သွားဟဲ့ ဆိုပြီးတော့ ပုဏ္ဏေးမကြီးက လက်နှင့်ပုတ် နှိုးတာ မဟုတ်ဘူးတဲ့။ အိပ်ပျော်နေတဲ့ ပုဏ္ဏားကို ခြေထောက်နှင့် ကျောက်ပြီးတော့ နှိုးတာ။ အဲဒါကလဲ သူ့မှာ နေ့စဉ် နေ့စဉ် ဒုက္ခရောက်တော့ ဘုရားအနားမှာ ဒါကိုလဲ ထည့်ပြီး သူက ညည်းထွားတဲ့ ညည်းချင်း တစ်ဂါထာ ရွတ်တယ်။

န ဟိ နူနိမဿ သမဏဿ၊
ပိင်္ဂလာ တိလကာဟတာ။
သောတ္တုံ ပါဒေန ဗောဓေတိ၊
တေနာယံ သာမဏော သုခီ။

မယှံ=ငါ့မှာ။ သောတ္တုံ=သန်းခေါင်ကျော် နှစ်နာရီလောက်မှ အိပ်ပျော်ခြင်းသို့ ရောက်ရသည်ကို။ ပါဒေန=ပါးစပ်က တွတ်တီးတွတ်တာ မြည်တမ်း၍ ခြေထောက်နှင့် ပေါက်လျှက်။ ဗောဓေတိ=နှိုးတတ်သော။ ပိင်္ဂလာ=ပြူးကြောင်သော မျက်လုံးရှိသော။ တိလကာဟတာ=တစ်ကိုယ်လုံး မှဲ့မည်းတွေ စွဲ၍နေသော ပုဏ္ဏေးမသည်။ အတ္ထိ ယထာ =ရှိသကဲ့သို့။ ဣမဿ သမဏဿ=ဤရဟန်းမတော့။ သောတ္တုံ=အိပ်ပျော်၍ နေတဲ့ အခါ။ ပါဒေန=ခြေနှင့်ကျောက်၍။ ဗောဓေတိ=နှိုးတတ်သော။ ပိင်္ဂလာ=ပြူးကြောင်သော မျက်လုံးရှိသော။ တိလကာဟတာ=တစ်ကိုယ်လုံး မှဲ့မည်းတွေ စွဲ၍နေသော အိမ်ရှင်မ သည်။ န ဟိ အတ္ထိ နူန=မရှိယောင်တကား။ တေန=ထိုသို့ မရှိခြင်းကြောင့်။ အယံ သာမဏော=ဤရဟန်းသည်။ သုခီ=ကာယစိတ္တ သုခနစ်ပုံ ပြည့်စုံ၍ နေယောင်တကား။

http:\\www.dhammadownload.com



## ကြွေးတွေက ဝိုင်းဝိုင်းလည်

ပုဏ္ဏား ညည်းတွားတဲ့ ညည်းချင်းရဲ့ ခုနစ်ခုမြောက် ညည်းချင်းဂါထာက သူ့မှာ ကြွေးတွေက ဟိုလူ့ဆီက တစ်ကျပ်ချေး၊ ဒီလူ့ဆီက နှစ်ကျပ်ချေး၊ သုံးကျပ်ချေး၊ လေးကျပ်ချေး၊ ငါးကျပ်ချေး၊ တစ်ရာချေး၊ နှစ်ရာချေးနှင့် ချေးထားတဲ့ ကြွေးတွေက ဝိုင်းဝိုင်းလည်။ အဲဒီ ကြွေးရှင် မြီရှင်တွေက မနက်ပေါ့လေ။ နေ ထန်းတစ်ဖျားလောက် လာပြီးတော့ ပုဏ္ဏား လာရှာတယ်။ မတွေ့ဘူး။ ပုဏ္ဏေးမကြီးပဲ တွေ့တယ်။ ဘယ်မတုန်း ပုဏ္ဏားဆိုတော့ အလုပ်လုပ်သွားတယ်။ နေ့တိုင်း နေ့တိုင်း လာတိုင်း မတွေ့ဘူး။

အဲဒီတော့ ကြွေးရှင် မြီရှင်တွေက ကိုင်း–ကနေ့တော့ စောစောသွားမှ စောစောသွားပြီးတော့ ပုဏ္ဏားအိမ်က ထွက်သည်နှင့် တစ်ပြိုင်နက် ပုဏ္ဏားလက် ဆွဲပြီးတော့ ကြွေးတောင်းမှပဲ။ အဲဒီလို လာပြီးတော့ ကြွေးပေး ကြွေးပေးလို့ အဲဒီလို တောင်းတဲ့ ပုဂ္ဂိုလ်တွေကလဲ သူ့အိမ်မှာ အများကြီးတဲ့။ ဒီကြွေးတောင်းတဲ့ အထဲကပဲ ဖွတ်တရွတ် ထွက်သွားရတယ်။ နေစမ်းပါအုန်းဗျာ၊ ကျုပ် အလုပ် မအားသေးလို့ပါ၊ တကတည်း ထွက်ဖြစ်အောင် ကြံဖန်ပြီးတော့ ပရိယာယ်နှင့် ကြံဆောင်ပြီးတော့ ထွက်ရတာ၊ သူ့မတော့ နေ့တိုင်း နေ့တိုင်း ဒီဒုက္ခက တွေ့ရတယ်။ ဘုရားမှာတော့ အဲဒီ ဒုက္ခ မရှိဘဲကိုး။ ဘုရား ကြည့်ရတာ အလွန်အေးနေတော့ သူက ဒီနေရာမှာ ညည်းချင်း ဂါထာတစ်ပုဒ် ရွတ်ပြန်တယ်။

> န ဟိ နူနိမဿ သမဏဿ၊
> ပစ္စူသမှိ ဣဏာယိကာ။
> ဒေထ ဒေထာတိ စောဒေန္တိ၊
> တေနာယံ သမဏော သုခီ။

မယံ=ငါ့အား။ ပစ္စူသမှိ=နံနက်မိုးသောက် ရောက်သောကာလ၌။ ဣဏာယိကာ= ကြွေးရှင် မြီရှင်တို့သည်။ အာဂန္တွာ=လာလတ်၍။ ဒေထ=ဟဲ့ ပုဏ္ဏား ပုဏ္ဏေး အမြန်ပေးကြကုန်လော့။ ဒေထ=ဟဲ့ ပုဏ္ဏား ပုဏ္ဏေး ငါပေးတဲ့အကြွေး အမြန်ပေးကြကုန်လော့။ ဣတိ=ဤသို့။ စောဒေန္တိ ယထာ=အပြစ်ကိုပြ ခြိမ်းခြောက်ကာ တောင်းကြကုန်သကဲ့သို့။ ဣမဿ သမဏဿ=ဤရဟန်းမှာတော့။ ပစ္စူသမှိ=နံနက်မိုးသောက် ရောက်သောကာလ၌။ ဣဏာယိကာ=ကြွေးရှင် မြီရှင်တို့သည်။ အာဂန္တွာ=လာလတ်၍။ ဒေထ ဒေထာတိ=ပေးကြ ပေးကြ ကုန်လော့ဟူ၍။ န စောဒေန္တိ နူန=မတောင်းကြကုန်ယောင်

http:\\www.dhammadownload.com



တကား။ တေန=ထို့ကြောင့်။ အယံ သမဏော=ဤရဟန်းသည်။ သုခံ နူန=ကာယ စိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေယောင်တကား။

## မြတ်စွာဘုရား၏ တုံ့ပြန်မိန့်မှာသော ဥဒါန်းဂါထာများ

ပုဏ္ဏားကြီးဟာ သူတွေ့တဲ့ ဒုက္ခကို စာဖွဲ့ပြီးတော့ ဘုရားအနားမှာ ညည်းချင်းဂါထာ ခုနစ်ပုဒ် ရွတ်တယ်။ အဲဒီတော့မှ မြတ်စွာဘုရားက –

ယံ ယံ ဗြာဟ္မဏ တယာ ဒုက္ခံ ကထိတံ၊ သဗ္ဗမေတံ မ ႈ နတ္ထိ။

ဗြာဟ္မဏ=ပုဏ္ဏား။ တယော=သင်သည်။ ကထိတံ=လျှောက်ဆိုအပ်သော။ ယံ ယံ ဒုက္ခံ=အကြင် အကြင် ဆင်းရဲဒုက္ခသည်။ ယံ ယံ ဒုက္ခံ=အကြင် အကြင် နွားပျောက်တဲ့ ဆင်းရဲဒုက္ခ, နှမ်းခင်းပျက်တဲ့ ဆင်းရဲဒုက္ခ, ကြွက်တွေက ကျီထဲမှာ ဆင်းလို့ အိပ်မပျော်ရတဲ့ ဆင်းရဲဒုက္ခ, အိပ်ရာခင်း ခုနစ်လကြာ ခါတွက်မည့်သူ မရှိလို့ အိပ်ရေးပျက်တဲ့ ဆင်းရဲဒုက္ခ, အရှင်သခင် လင်ကွာသော သမီးခုနစ်ဖော် မြေး ဆယ်ယောက်တို့ကြောင့် ရောက်ရတဲ့ ဆင်းရဲဒုက္ခ, သန်းခေါင်ကျော်မှ အိပ်ရပါလျက် ခြေနှင့်ကျောက်၍ ခြေနှင့် ပေါက်၍ ငေါက်ကာ ငန်းကာ နိုးလာတဲ့ အိမ်ရှင် ပုဏ္ဏေးမကြောင့် ဖြစ်ရတဲ့ ဆင်းရဲဒုက္ခ မျိုး၊ နံနက်မိုးသောက် ရောက်တိုင်း ရောက်တိုင်း ကြွေးရှင် မြီရှင်တို့ လာရောက်၍ ကြွေးတောင်းခံရသည့်အတွက် ရောက်ရှိတဲ့ ဆင်းရဲဒုက္ခမျိုးသည်။ နတ္ထိ=တစိုးတစ် ငါဘုရားမှာ မရှိဘူးလို့ အဲဒီလို အတိုချုပ် ပြောပြီးတဲ့နောက် ပုဏ္ဏားရဲ့ ညည်းချင်းဂါထာ ရဲ့ အတုံ့အလှည့် ပဋိဂါထာတဲ့ ဟုတ်လား။ ပုဏ္ဏားကတော့ ညည်းချင်းဂါထာပေါ့လေ၊ ဘုရားကိုယ်တော်မြတ်ကတော့ ဝမ်းမြောက်တဲ့ ဥဒါန်းအတုံ့ဂါထာ။

## နွားမရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊ ဗလီဗဒ္ဒါ စတုဒ္ဒသ။

အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာဟံ ဗြာဟ္မဏ သုခီ။

ဗြာဟ္မဏ=ဘာရဒွါဇနွယ်ဖွား အို ... ပုဏ္ဏား။ တုယှံ=သင့်အား။ အဇ္ဇသဋ္ဌိံ=ယနေ့က အထက် လွန်ခဲ့တဲ့ ခြောက်ရက်က အစပြု၍။ န ဒိဿန္တိ=မမြင်မျက်မှောက် ပျောက်၍နေ ကုန်သော။ စတုဒ္ဒသ ဗလီဗဒ္ဒါ=ဝန်ဆောင် နွားပိုက် တစ်ဆယ့်လေးကောင်တို့သည်။ (ဝါ) နွားပိုက် ဝန်ဆောင် တစ်ဆယ့်လေးကောင်တို့သည်။ သန္တိ ယထာ=ရှိကုန်သကဲ့သို့။ မယှံ=လူသုံးပါးကို့၏ဆရာ ဘုရား ငါမှာတော့။ အဇ္ဇသဋ္ဌိံ=ယနေ့က အထက် လွန်ခဲ့တဲ့

http:\\www.dhammadownload.com



ခြောက်ရက်က အစပြု၍။ န ဒိဿန္တိ=မမြင်မျက်မှောက် ပျောက်၍နေကုန်သော။ စတု ဒ္ဒသ ဗလီဗဒ္ဒါ=နွားပိုက်ဝန်ဆောင် တစ်ဆယ့်လေးကောင်တို့သည်။ န ဟိ သန္တိ=မရှိ ကေန် သင် ညည်းတဲ့အတိုင်း မှန်ပေ၏။ တေန=ထို နွားပိုက်ဝန်ဆောင် တစ်ဆယ့်လေး ကောင် မရှိခြင်းဟူသော အကြောင်းကြောင့်။ အဟံ=လူသုံးပါးတို့၏ဆရာ ငါဘုရား သည်။ သုခီ=ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေရပေ၏။

ဟုတ်တယ် ပုဏ္ဏား၊ သင့်မှာလို ငါဘုရားမှာ ပျောက်နေတာ ခြောက်ရက်ကြာတဲ့ နွားပိုက်ဝန်ဆောင် တစ်ဆယ့်လေးကောင် မရှိဘူး။ မရှိတဲ့အတွက် ငါဘုရားမှာ နွား ပျောက် မရှိလို့ သင့်လို ဒုက္ခ မရောက်ရဘဲနှင့် ဒုက္ခ၏အပြန် ကာယစိတ္တ သုခနှစ်ပါးနှင့် ငါဘုရား ချမ်းချမ်းသာသာ နေရပေတယ်။

## နှမ်းခင်းမရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊ တိလာ ခေတ္တသ္မိံ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာဟံ ဗြာဟ္မဏ သုခီ။

ဗြာဟ္မဏ=ဘာရဒွါဇနွယ်ဖွား ဒကာ ပုဏ္ဏား။ တုယှံ=သင့်မှာတော့။ ခေတ္တသ္မိံ=ယာ ခင်း၌။ ပါပကာ=ညှံ့ဖျင်းကုန်သော။ ဧကပဏ္ဏာ တိလာ စ=တစ်ရွက်သာရှိတဲ့ နှမ်းပင် တို့သည်လည်းကောင်း။ ဒုပဏ္ဏာတိလာ စ=နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည် လည်း ကောင်း။ သန္တိယထာ=ရှိကုန်သကဲ့သို့။ မယှံ=လူသုံးပါးတို့၏ ဆရာ ဘုရား ငါမှာတော့။ ခေတ္တသ္မိံ=ယာခင်း လယ်ခင်းထဲ၌။ ပါပကာ=ညှံ့ဖျင်းကုန်သော။ ဧကပဏ္ဏာတိလာ စ= တစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည် လည်းကောင်း။ ဒုပဏ္ဏာတိလာ စ=နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ န ဟိ သန္တိ=မရှိကေန် စင်စစ်မှန်လှ၏။ တေန=ထိုသို့ နှမ်းခင်း မရှိခြင်းကြောင့်။ အဟံ=လူသုံးပါးတို့၏ဆရာ ဘုရား ငါသည်။ သုခီ=ကာယ စိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေရပေ၏။

အဲ ... ပုဏ္ဏားရဲ့ တတိယ ညည်းချင်း ဂါထာရဲ့ အပြန် ဘုရားရဲ့ အတုံးအလှည့် ဂါထာကတော့ -

## ကြွက်သောင်းကျန်းသော စပါးကျီ မရှိ၍ ချမ်းသာခြင်း

န ဟိ မယှံ ဗြာဟ္မဏ၊ တုစ္ဆကောဋ္ဌသ္မိံ မူသိကာ။
ဥဿောဠ္ဟိကာယ နစ္စန္တိ၊ တေနာဟံ ဗြာဟ္မဏ သုခီ။

http:\\www.dhammadownload.com



ဗြာဟ္မဏ=ဘာရဒွါဇနွယ်ဖွား ဒကာ ပုဏ္ဏား။ တုယှံ=သင့်မှာတော့။ တုစ္ဆကောဋ္ဌသ္မိံ-တုစ္ဆကောဋ္ဌမို=စပါးမရှိ၊ ပြောင်းမရှိ၊ အချည်းအနှီးသာ ဖြစ်သော ကျီထဲ၌။ မူသိကာ=အရှေ့အနောက် တောင်မြောက် ခုနစ်အိမ်မှ လာရောက်ကြတဲ့ ကြွက်တို့သည်။ ဥဿောဠှိကာယ=နားရွက်ကိုစွင့် အမြီးကို ထောင်ကြလျက်။ နစ္စန္တိ ယထာ=မြူးခုန် ပြေးလွှား ကစားကြကုန်သကဲ့သို့။ မယှံ=လူသုံးပါးတို့၏ဆရာ ဘုရားငါမှာတော့။ တုစ္ဆကောဋ္ဌသ္မိံ=စပါးမရှိ၊ ပြောင်းမရှိ အချည်းနှီးဖြစ်သော ကျီကျုထဲ၌။ မူသိကာ=အရှေ့အနောက် တောင်မြောက် ခုနစ်အိမ်မှ လာရောက်ကြတဲ့ ကြွက်တို့သည်။ ဥဿောဠှိကာယ=နားရွက်ကိုစွင့် အမြီးကို ထောင်ကြလျက်။ န ဟိ နစ္စန္တိ=မမြူးရွှင် မပျော်ပါး မကစားကြကုန်သည်သာတည်း။ တေန=ထိုကြွက်များ မကစားခြင်းကြောင့်။ အဟံ=လူသုံးပါးတို့ဆရာ ဘုရားငါသည်။ သုခီ=ကာယ စိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေပေ၏။

## ကြမ်းပိုးရှိသော အိပ်ရာခင်း၊ မရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊
သန္ထာရေ သတ္တမာသိကော။
ဥပ္ပါဋကေဟိ သဉ္ဆန္နော၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ=ဘာရဒွါနွယ်ဖွား ဒကာပုဏ္ဏား။ တုယှံ=သင့်မှာတော့။ သတ္တမာသိကော=ခုနစ်လကြာ မခါရ၊ နေ မလှန်းရသော။ ဥပ္ပါဋကေဟိ သဉ္ဆန္နော=ကြမ်းပိုးတွေ အပြည့် ဖုံးလွှမ်း၍ နေဘိသော။ သန္ထာရော=မြက်ခင်းသည်။ အတ္ထိယထာ=ရှိသကဲ့သို့။ မယှံ=လူသုံးပါးတို့၏ဆရာ ဘုရားငါမှာတော့။ သတ္တမာသိကော=ခုနစ်လကြာ မခါရ နေ မလှန်းရသော။ ဥပ္ပါဋကေဟိ သဉ္ဆန္နော=ကြမ်းပိုးတို့ အပြည့် ဖုံးလွှမ်းလျက်ရှိသော။ သန္ထာရော=မြက်ခင်းသည်။ န ဟိ အတ္ထိ=မရှိ ဧကန် စင်စစ်မှန်၏။ တေန=ထိုသို့ မြက်အခင်း မရှိခြင်းကြောင့်။ အဟံ=လူသုံးပါးတို့၏ဆရာ ဘုရားငါသည်။ သုခီ=ကာယစိတ္တသုခ နှစ်ပုံ ပြည့်စုံ၍ နေပေ၏။

အင်း ... ပုဏ္ဏားရဲ့ ညည်းချင်းအပြန် ပဥ္စမမြောက် ဘုရားကိုယ်တော်မြတ်ရဲ့ အတုံ့ပြန်တဲ့ ပဋိဂါထာက-

http:\\www.dhammadownload.com



## သားသမီး မြေးမရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊
ဝိဓဝါ သတ္တ ဓီတရော။
ဧကေ ပုတ္တာ ဒုပုတ္တာ စ၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ=ဘာရဒွါဇ နွယ်ဖွား ဒကာ ပုဏ္ဏား။ တုယှံ=သင့်မှာ။ ဧကပုတ္တာ စ=သား တစ်ယောက်ရှိသည်လည်း ဖြစ်ကုန်သော။ ဒုပုတ္တာ စ=သားနှစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော။ ဝိဓဝါ သတ္တဓီတရော=လင်ကွာသမီး ခုနစ်ဖော်တို့သည်။ သန္တိ ယထာ= ရှိကုန်သကဲ့သို့။ မယှံ=လူသုံးပါးတို့၏ဆရာ ဘုရားငါ့မှာတော့။ န ဟိ သန္တိ=မရှိကေန် အမှန်စင်စစ် မှန်ပေ၏။ တေန=ထိုသို့ လင်ကွာသမီး ခုနစ်ယောက် မရှိခြင်း ဟူသော အကြောင်းကြောင့်။ အဟံ=လူသုံးပါးတို့၏ ဆရာ ဘုရားငါသည်။ သုခီ=ကာယ စိတ္တ သုခ နှစ်ပုံ ပြည့်စုံ၍ နေပါပေ၏။

ခြောက်ခုမြောက် ပုဏ္ဏားရဲ့ ညည်းချင်းဂါထာရဲ့ အတုံ့အပြန် ပဋိဂါထာ ....။

## မယားမရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊
ပိင်္ဂလာ တိလကာဟတာ။
သောတ္တုံ ပါဒေန ဗောဓေတိ၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ=ဘာရဒွါဇနွယ်ဖွား ဒကာပုဏ္ဏား။ တုယှံ=သင့်အား။ သောတ္တုံ=အိပ်ပျော်၍ နေသည်ကို။ ပါဒေန=ဖနောင့်နှင့်ပေါက် ခြေနင့်ကျောက်၍။ ဗောဓေတိ=နှိုးတတ်တဲ့။ ပိင်္ဂလာ=မျက်စိပြူးကြောင်နေသော။ တိလကာဟတာ=တစ်ကိုယ်လုံး မှဲ့မည်းစွဲ၍နေ သော ပုဏ္ဏေးမသည်။ အတ္ထိ ယထာ=ရှိသကဲ့သို့။ မယှံ=လူသုံးပါးတို့ ဆရာ ဘုရား ငါမှာတော့။ သောတ္တုံ=အိပ်ပျော်၍နေလျှင်။ ပါဒေန=ဖနောင့်နှင့်ပေါက် ခြေနင့်ကျောက် ၍။ ဗောဓေတိ=နှိုးတတ်သော။ ပိင်္ဂလာ=မျက်စိပြူးကြောင်သော။ တိလကာဟတာ= တစ်ကိုယ်လုံး မှည့်မည်းစွဲ၍ နေသော အိမ်ရှင်ပုဏ္ဏေးမသည်။ န ဟိ အတ္ထိ=မရှိဧကန် စင်စစ်မှန်၏။ တေန=ထိုသို့ အိမ်ရှင် ပုဏ္ဏေးမ မရှိခြင်းဟူသော အကြောင်းကြောင့်။

http:\\www.dhammadownload.com



အဟံ=လူသုံးပါးတို့၏ဆရာ ဘုရား ငါသည်။ သုခီ=ကာယ စိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေပေ၏။

ခုနစ်ခုမြောက် ပုဏ္ဏားရဲ့ ညည်းချင်းဂါထာရဲ့ အတုံ့ ပဋိဂါထာ-တဲ့။

## ကြွေးမြီမရှိ၍ ချမ်းသာ

န ဟိ မယှံ ဗြာဟ္မဏ၊
ပစ္စုသမှိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ=ဘာရဒွါဇနွယ်ဖွား ဒကာ ပုဏ္ဏား။ တယှံ=သင့်မှာတော့။ ပစ္စုသမှိ=နံနက်မိုးသောက် ရောက်သကာလ။ ဣဏာယိကာ=ကြွေးရှင် မြီးရှင်တို့သည်။ အာဂန္တွာ=လာလတ်၍။ ဒေထ=ဟဲ့ ... ပုဏ္ဏား ပုဏ္ဏေး ငါတို့ကြွေး ပေးကြကုန်လော့။ ဒေထ=ဟဲ့ .. ပုဏ္ဏား ပုဏ္ဏေး ငါတို့ကြွေး ပေးကြကုန်လော့။ ဣတိ=ဤသို့။ စောဒေန္တိ ယထာ=အပြစ်ကို ပြ၍ ငေါက် ခြိမ်းခြောက်ကာ တောင်းခံ ကြကုန်သကဲ့သို့။ မယှံ=လူသုံးပါးတို့၏ ဆရာ ဘုရားငါမှာတော့။ ပစ္စုသမှိ=နံနက် မိုးသောက် ရောက်သောအခါကာလ၌။ ဣဏာယိကာ=ကြွေးရှင် မြီးရှင်တို့သည်။ အာဂန္တွာ=လာလတ်၍။ ဒေထ ဒေထာတိ= ပေးကြ ပေးကြကုန်လော့ဟူ၍ န ဟိ စောဒေန္တိ=မတောင်းခံရိုး စကန် စင်စစ် မှန်ကုန်၏။ တေန=ထို့ကြောင့်။ အဟံ=လူသုံးပါးတို့၏ဆရာ ဘုရားငါသည်။ သုခီ=ကာယ စိတ္တ သုခနှစ်ပုံ ကုံလုံပြည့်ဝသည်။ ဟောတိ=ဖြစ်ပေတော့၏။

## ပုဏ္ဏား၏အမြင်မှန် အသိတရား

ပုဏ္ဏားရဲ့ ညည်းချင်းဂါထာ၊ ခုနစ်ပုဒ်အလိုက် ဘုရားက ပဋိဂါထာ=အတုံ့ဂါထာ ခုနစ်ပုဒ် တရားဟောလိုက်ယင် ပုဏ္ဏားစိတ်ထဲမှာ အလွန် ကြည်ညိုသွားတယ်။ စောစောက မတ်တပ်ရပ်ပြီးတော့ တကတည်း မရှိမသေ ညည်းချင်းဂါထာ ရွတ်နေတဲ့ ပုဏ္ဏားသည် ဘုရားရှေ့မှာ တရိုတသေ ထိုင်ပြီးသကာလ -

အဘိက္ကန္တံ ဘော ဂေါတမ။

အို ... အရှင်ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိစွတကား။

http:\\www.dhammadownload.com



အဘိက္ကန္တံ ဘော ဂေါတမ။

အို ... အရှင်ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိစွတကား။

သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ။

အရှင်ဂေါတမ၊ လောက ဥပမာ ပြောကြားရမယ်ဆိုယင် မှောက်၍ထားတဲ့ ဝတ္ထုကို လှန်၍ ပြသကဲ့သို့ လည်းကောင်း။

ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ။

တစုံတခုဖြင့် ဖုံးထားတဲ့ ဝတ္ထုကို အဖုံးလှပ်၍ ပြသကဲ့သို့လည်းကောင်း။

မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ။

မျက်စိလည် လမ်းမှားနေတဲ့ ယောကျ်ားကို လက်ကို ဆွဲပြီးတော့ "မောင်သွားရမယ့် လမ်းဟာ ဟောဒီလမ်းပဲ"လို့ လမ်းမှန်ကို ညွှန်ပြလိုက်သကဲ့သို့ လည်းကောင်း။

အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ" တိ။

မျက်စိအမြင် ရှိကြတဲ့ ပုဂ္ဂိုလ်တွေ မြင်ကြပါစေ၊ မြင်ကြလိမ့်မဟဲ့လို့ အမိုက်မှောင်ထဲ ဆီမီးတန်ဆောင်ထွန်း၍ ပြဆောင်ဘိသကဲ့သို့ လည်းကောင်း။

ဧဝ မေဝ ဘောတာ ဂေါတမေန အနေကပရိယာယေန ဓမ္မော ပကာသိတော။

ဧဝ မေဝ=ဤအတူပင်။ ဘောတာ ဂေါတမေန=အရှင်ဂေါတမသည်။ အနေက ပရိယာယေန=အကြောင်းပေါင်းများစွာဖြင့်။ ဓမ္မော=နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ ပကာသိတော=အထင်အရှား ဟောကြားအပ်ခဲ့ပါပြီ။

အရှင်ဘုရား၊ အကြောင်းပေါင်း များစွာဖြင့် တပည့်တော်ကို နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း ဟောတော်မူခဲ့ပါပြီ။

ဧသာဟံ ဘဂဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

ဧသာဟံ=သာရဒ္ဒါဇခေါ်ငြား တပည့်တော် ပုဏ္ဏားသည်။ ဘဂဝန္တံ ဂေါတမံ=အရှင် ဂေါတမကိုလည်းကောင်း။ ဓမ္မဉ္စ=အရှင်ဘုရား မိန့်ဖော်ကြားတဲ့ လေးပါသောမဂ် လေးချက်သောဖိုလ် နိဗ္ဗာန်ပရိယတ်ဆိုတဲ့ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ=ရဟန်းသံဃာတော်ကိုလည်းကောင်း။ သရဏံ=ကိုးကွယ်လည်းလျောင်း ပုန်းအောင်းဆည်းကပ်ရာဟူ၍။ ဂစ္ဆာမိ=သိရှိတဲ့ ဉာဏ်ပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ကိန်းသူ သရဏဂုံတည်သူ ဥပါသကာ တစ်ယောက် ဖြစ်ပါပြီဘုရား။

http:\\www.dhammadownload.com



ဘုရားအထံမှာ ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ၊ ဒီလို ခံပြီးတဲ့နောက် ဒီတွင် ရပ်နားသလားဆိုတော့ -

## ပုဏ္ဏားကြီး ရှင်ရဟန်းပြုခြင်း

လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

ဘန္တေ=ရှင်ပင်ဘုရား။ အဟံ=ဘာရဒွါဇတွင်ခေါ် တပည့်တော်သည်။ ဘောတော ဂေါတမဿ = ရှင်ပင်ဂေါတမ၏။ သန္တိကေ = အထံတော်၌။ ပဗ္ဗဇ္ဇံ = ရှင်အဖြစ်ကို။ **လဘေယျံ**=ရပါရစေတော့ဘုရား။ ဥပသမ္ပဒံ=ရဟန်းအဖြစ်ကို။ လဘေယျံ=ရပါရစေ **တော့ဘုရား** ... လို့။

သရဏဂုံလဲ ခံပြီးရော ဘုရားရဲ့ ခြေဖမိုးတော်ကို ဖက်ပြီးတော့ "ဘုရား တပည့်တော် အရှင်ဘုရားထံမှာ ရှင်ပြုပါရစေ၊ အရှင်ဘုရားရဲ့ အထံမှာပဲ ရဟန်းခံရပါစေတော့ဘုရား" လို့ လျှောက်ထား၊ လျှောက်ထားတယ်ဆိုယင်ပဲ မြတ်စွာဘုရားဟာ ကိုယ်တော့ အနီး အပါးက ဒီပုဏ္ဏားကြီးကို ကျောင်းတော်ခေါ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ရောက်၊ ကိုယ်တော်ရဲ့ မျက်မှောက် တွေ့ကြုံလာတဲ့ ရဟန်းတော်တစ်ပါးကို "ဟောဒီ ပုဏ္ဏားကြီးကို ရှင်ပြုပေးလိုက်စမ်း" ရှင်ပြုပြီးပြီ၊ ရှင်ပြုပြီးတဲ့ အခါကျတော့ "သိမ်ဝင် ပြီးတော့ ရဟန်းခံပေးလိုက်စမ်း"။ ရဟန်းခံပြီးပြီ။

အဲဒီ ရဟန်းခံပေးပြီးတဲ့ ဘာရဒွါဇပုဏ္ဏား ဘာရဒွါဇ ကိုယ်တော်ကြီး နံနက်မိုး သောက်ရောက် သကာလ ဘုရားကိုယ်တော်မြတ်က သူ့ကို ပဏ္ဍာသမဏ=နောက်လိုက် ရဟန်းပြုပြီးတော့ ကောသလ မင်းတရားရဲ့ ရွှေနန်းတော်ကြွတယ် ... တဲ့။ ဤမှာ ဘာရဒွါဇ ပုဏ္ဏားသည် ဘုရားသာသနာမှာ ရှင်ရဟန်းအဖြစ် ရတာကို အတိုချုပ် ပါဠိတော်က ဘယ့်နယ် မှတ်ထားတုန်းဆိုတော့ -

> အလတ္ထ ခေါ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊
> အလတ္ထ ဥပသမ္ပဒံ။

"ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားသည် ဘုရားအထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရခဲ့လေ ပြီ"လို့ ပါဠိတော်ဆိုတာ အင်မတန် လွယ်လဲလွယ်ရမယ်။ ပြီးတော့ လျှို့လဲ လျှို့ဝှက် ရမယ်။ ကြည့်လိုက်တယ် ဆိုလို့ရှိယင် ရှင်းလို့ ဘာမှ သိစရာ ချဲ့ပြီးတော့ တခြား သိစရာ မလိုဘူးလို့ အောက်မေ့တယ်။ ဒါပေမယ်လို့ မဟုတ်ဘူး။ ပါဠိတော်ဆိုတာ တိမ်မယောင်နှင့် နက်တယ်။ တကယ်ရတဲ့ အရက ဘုရားက ကျောင်းတော်ကို ခေါ်သွား၊

http:\\www.dhammadownload.com



ရောက်တဲ့အခါ ပိဏ္ဍပါတိက ရဟန်းတော်တစ်ပါးကို ဤပုပ္ဖားရှင်ပြုပေးလိုက်၊ ပြီးပါပြီ ဘုရားဆိုတော့ ရဟန်းခံပေးလိုက်ဦး၊ ရဟန်းခံပြီးပြီ။ ပြီးတော့ နောက်တစ်နေ့ နံနက် မိုးသောက်ရောက်တော့ ဘုရားကိုယ်တော်မြတ်က ဘာရဒွါဇ ကိုယ်တော်ကြီးကို နောက်လိုက် ပစ္ဆာသမဏရဟန်း ပြုပြီးတော့ ပသေနဒီ ကောသလမင်းတရားရဲ့ ရွှေနန်းတော်သို့ ဘုရားကိုယ်တော်မြတ် ရှေ့ရှုကြွတော်မူတယ်။

## ယာဂုလောင်းလှူ တားမြစ်တော်မူခြင်း

ရွှေနန်းတော် ရောက်တယ်ဆိုယင်ပဲ ဘုရားကိုယ်တော်မြတ်ကြီး အထူးသဖြင့် ကြွလာတယ်။ အင်မတန် ကောင်းတဲ့ နေရာတွေ ခင်းပေးတယ်။ ပစ္ဆာသမဏ ဖြစ်တဲ့ ဘာရဒွါဇ ကိုယ်တော်ကြီးကိုလဲပဲ ပသေနဒီကောသလ မင်းတရားက သူနှင့်ထိုက်တန်လောက်အောင် မွန်မြတ်သော နေရာတွေ ခင်းပေးတယ်။ ခင်းပေးလို့ ဘုရားရော ဘာရဒွါဇ ကိုယ်တော်ကြီးရော ထိုင်မိကြပြီဆိုတော့ ပသေနဒီ ကောသလမင်းတရားက ရွှေအရိုးတပ်တဲ့ ငွေယောက်ချိုဖြင့် ငွေဖလားကြီးထဲမှာ ထည့်ထားတဲ့ ယာဂုတွေကို ဘုရားရဲ့ သပိတ်ထဲ ပသေနဒီ ကောသလမင်းတရား ကိုယ်တိုင် ယောက်ချိုကြီးနှင့် ခပ်ပြီးတော့ ဘုရားရဲ့ သပိတ်တော်ထဲ လောင်းတယ်။

ဟို ... ရှေးတုန်းကတော့ နန်းတော် ရောက်တယ်ဆိုယင် ပထမ ယာဂု ကပ်တယ်။ ယာဂုကပ်ပြီးပြီဆိုတော့မှ ဟို – ခဲဖွယ်ခေါ်တဲ့ မုန့်ပေါ့၊ မုန့်ကို ကပ်တယ်။ အဲဒီ ယာဂုများ၊ ခဲဖွယ်များ ကပ်ပြီးပြီဆိုတဲ့ အခါကျတော့မှ ဆွမ်းကပ်တယ်။ အဲဒီလို အစဉ်ရှိတယ်။

အခု ပသေနဒီ ကောသလမင်းတရားက ပထမပိုင်းအနေနှင့် ရွှေယောက်ချိုဖြင့် ခပ်၍ ယာဂုတွေ ဘုရားသပိတ်ထဲ လောင်းမယ်လို့လဲ လုပ်လိုက်ကရော ဘုရားကိုယ်တော်မြတ်ကြီးက တစ်ခါတည်း လက်နှင့်ပိတ်ထားလိုက်တယ်။ အလှူမခံဘူး။ ကောသလမင်းကြီး တော်တော်စိတ်ထဲ ထိခိုက်သွားပြီး ဘုရားက တစ်ခါတည်း ပိတ်ထားလိုက်တော့ –

သစေ မေ ဘန္တေ ဒေါသော အတ္ထိ၊ ခမထ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မေ=တပည့်တော်၏ အပေါ်၌။ ဒေါသော=ကစုံကခု ပြစ်မှားမိတဲ့ အပြစ်သည်။ သစေ အတ္ထိ=အကယ်၍ ရှိငြားအံ့။ ခမထ=ကရုဏာရှေ့ရှုသည်းခံတော် မူကြပါကုန်ဘုရား။

http:\\www.dhammadownload.com



ထိုင်ပြီးတော့ ကောသလမင်းကြီး ရှိခိုးတယ်။ တပည့်တော် အပြစ်ရှိယင် သည်းခံ တော်မူပါဘုရား၊ ချက်ချင်း ကန်တော့တယ်။ ဘာလုပ်တုန်း "ရွှေယောက်ချိုကြီးနှင့် ခပ်ပြီး တော့ကပ်လို့ မအပ်လို့များ ဘုရားက အလှူမခံတာ ထင်ပါရဲ့" ဒီလိုဆိုယင် ငါဟာ အပြစ်ရှိသွားပြီ၊ ဘုရား စိတ်ဆင်းရဲအောင် ငါသွားလုပ်မိပြီ၊ အဲဒီအနေနှင့် သူက သူ့ အပြစ်ရှိတယ် ထင်ပြီးတော့ "တပည့်တော် အပြစ်ရှိယင် သည်းခံတော်မူပါဘုရား" ဆိုပြီးတော့ ထိုင်ပြီးတော့ ရှိခိုးတော့ မြတ်စွာဘုရားက -

နတ္ထိ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး။ တုယှံ=သင်၏ ဒေါသော=အပြစ်သည်။ နတ္ထိ=မရှိ ပါ။

ကောသလမင်းကြီးက ဆက်လျှောက်တယ်။

အထ ကသ္မာ ယာဂုံ န ဂဏှထ။

ဘန္တေ=အရှင်ဘုရား။ အထ=ထိုသို့ တပည့်တော်အပြစ် မရှိပါဘဲလျက်။ ကသ္မာ= အဘယ့်ကြောင့်။ ယာဂုံ=တပည့်တော် လှူဒါန်းတဲ့ ယာဂုဆွမ်းကို။ န ဂဏှထ= ကရုဏာ ရှေ့ရှု အလှူခံတော် မမူကြပါသနည်းဘုရား။

## ဉာဏပလိဗောဓကို မြတ်စွာဘုရား ရှင်းစေတော်မူခြင်း

အရှင်ဘုရား၊ ဒီလိုဆိုလို့ရှိယင် တပည့်တော် အပြစ်မရှိယင် ဘာ့ကြောင့် တပည့် တော်လှူတဲ့ ယာဂုကို အလှူမခံကြပါသတုန်း ဘုရားလို့ လျှောက်တော့ မြတ်စွာ ဘုရားက-

ပလိဗောဓော အတ္ထိ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး။ ပလိဗောဓော=ပလိဗောဓသည်။ အတ္ထိ=ငါဘုရား မှာ ရှိ၍နေတယ်။

ဟောဒီလို အမိန့်ရှိတော့ ကောသလမင်းကြီးက -

ကိံ ပန ဘန္တေ ယာဂုံ အဂဏှန္တေဟေ၀ လဘိတဗ္ဗော သော ပလိဗောဓော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကိံ ပန=ဘယ့်နှယ်လဲ။ ယာဂုံ အဂဏှန္တေဟေ၀=ယာဂု ဆွမ်းကို မခံနိုင်လောက်အောင်ပင်။ သော သော ပလိဗောဓော=ဤပလိဗောဓကို။ လဘိတဗ္ဗော=အရှင်ဘုရားတို့ ရအပ်ပါသလား။

http:\\www.dhammadownload.com



အရှင်ဘုရားတို့ ပလိဗောဓက ယာဂုဆွမ်းတောင် မခံနိုင်လောက်အောင် ကြီးကျယ်လို့ လားတဲ့။ ဒီလို မေးတာ။

ပဋိဗလော အဟံ ပလိဗောဓံ ဒါတုံ၊ ဂဏှာထ ဘန္တေ။

အဟံ=တပည့်တော်သည်။ ပလိဗောဓံ=အရှင်ဘုရားမှာ ကျရောက်တဲ့ ပလိဗောဓကို။ ဒါတုံ=ပေးခြင်းငှာ။ ပဋိဗလော=တတ်နိုင်ပါသည်ဘုရား။ ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဂဏှာထ=ယာဂုဆွမ်းကို ဖြောင့်ဖြောင့်တန်းတန်း အလှူခံတော်မူပါဘုရား။

တပည့်တော်လို ဒကာတစ်ယောက် ရှိနေပေါ့ပဲတဲ့။ အရှင်ဘုရားတို့မှာ ကျရောက်တဲ့ ပလိဗောဓ တပည့်တော် ငြိမ်းအေးအောင် ပေးပါ့မယ် ဘုရားတဲ့။ ယာဂုကို ဖြောင့်ဖြောင့်တန်းတန်း အလှူခံတော်မူပါဘုရား ဆိုတော့ မြတ်စွာဘုရားက လက်တော် ဖွင့်ပြီးတော့ သပိတ်ထဲ လောင်းခွင့်ပေးတယ်။ သပိတ်ထဲ လောင်းခွင့်ပေးတော့မှ ယာဂုလောင်း၊ ယာဂုကပ် နောက်က ဘာရဒွါဇကိုယ်တော်ကြီးလဲ ယာဂုကပ်။ အင်း ... ယာဂုကပ်ပြီးတဲ့အခါ မုန့်များ ခဲဖွယ်များ ကပ်ပြီးလို့ ဆွမ်းချိန် ဆွမ်းကပ်ပြီးတဲ့အခါ ဆွမ်းကပ်ကိစ္စပြီးတော့'ပသေနဒီ ကောသလမင်းကြီးက ဘာလျှောက်သလဲ။

ဘဂဝါ တုမှေ ပဝေဏိယာ အာဂတေ ဥက္ကာကဝံသေ ဥပ္ပန္နောတွာ
စက္ကဝတ္တိသိရိံ ပဟာယ ပဗ္ဗဇိတွာ လောကေ အဂ္ဂတံ ပတ္တော၊
ကော နာမ ဘန္တေ တုမှာကံ ပလိဗောဓော။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား။ တုမှေ=အရှင်ဘုရားတို့သည်။ ပဝေဏိယာ အာဂတေ=ပဝေဏီရာဇဝင် အစဉ်အဆက် ဆင်းသက်၍လာခဲ့သော။ ဥက္ကာကဝံသေ=ဥက္ကာကရာဇ် မင်းမျိုး၌ အသမ္ဘိန္န ခတ္တိယ နွယ်စဉ် သာကီဝင်မင်းမျိုး၌။ ဥပ္ပန္နောတွာ=ဖြစ်တော်မူ၍။ စက္ကဝတ္တိသိရိံ=စကြဝတေးမင်းရဲ့ စည်းစိမ်အသရေကို။ ပဟာယ=ပယ်စွန့်၍။ ပဗ္ဗဇိတွာ=ရဟန်းပြုတော်မူ၍။ လောကေ=လောက၌။ အဂ္ဂတံ=အမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ်သို့။ ပတ္တော=ရောက်တော်မူခဲ့ပါပြီ။ ဘန္တေ=အရှင်မြတ်ဘုရား။ တုမှာကံ=အရှင်ဘုရားတို့၏။ ပလိဗောဓော=ပလိဗောဓ ကြောင့်ကြဆိုတာ။ ကော နာမ=ဘယ်ဟာပါလဲ ဘုရား။

ရှင်တော်ဘုရား၊ အရှင်ဘုရားတို့မှာ ဆိုလို့ရှိယင် ရာဇဝင် အစဉ်အဆက် ဥက္ကာကရာဇ် မင်းမျိုးက ဆင်းသက်လာခဲ့တာပါတဲ့။ အသမ္ဘိန္န သကျနွယ်စဉ် သာကီဝင် မင်းမျိုးက ဆင်းသက်ပြီး လာရောက်တဲ့အပြင် လက်တော်မှောက် ရောက်အံ့ဆဲဆဲ စကြဝတေး

http:\\www.dhammadownload.com



မင်း စည်းစိမ်ကြီး စွန့်ပယ်ပြီး ရဟန်းပြု၍ လူသုံးပါးမှာ အတုမရှိ အထွတ်အမြတ် ပုဂ္ဂိုလ်မြတ် အဖြစ်သို့ ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ အရှင်ဘုရားတို့ရဲ့ ပလိဗောဓ၊ ကြောင့်ကြ ဆိုတာ ဘယ်ဟာပါတုန်း။ တပည့်တော် ရှင်းပေးပါရစေ။ ဒီအဓိပ္ပာယ်နှင့် ပသေနဒီ ကောသလမင်းကြီး လျှောက်ထားတော့ မြတ်စွာဘုရားက ကိုယ့်တော့် နောက်တော်က လိုက်ပါလာ တဲ့ ဘာရဒွါဇ ကိုယ်တော်ကြီးကို လက်ညှိုးထိုးပြီးတော့ -

## ဗဟုဓိတရ ပုဏ္ဏားရဟန်းကြီး၏ ဣဏပလိဗောဓ

မဟာရာဇ ဧတဿ မဟလ္လကတ္ထေရဿ
ပလိဗောဓော အမှာကံ ပလိဗောဓသဒိသော၀။

မဟာရာဇ=မြတ်သောမင်းကြီး။ ဧတဿ မဟလ္လကတ္ထေရဿ=ဟောဟို အသက်ကြီးတဲ့ ကိုယ်တော်ကြီး၏ ပလိဗောဓော=ကြောင့်ကြ ပလိဗောဓသည်။ အမှာကံ=ငါ ဘုရားတို့၏။ ပလိဗောဓ သဒိသော၀=ကြောင့်ကြပလိဗောဓနှင့် တူသည်သာလျှင်။ ဟောတိ=ဖြစ်ပေတော့၏။

ဟုတ်ပါတယ် ဒကာတော်၊ ငါဘုရားတို့ရဲ့ ကိုယ်ရေး ကိုယ်တာအတွက် ပလိဗောဓ ကြောင့်ကြ တစုံတရာ မရှိသော်လည်း ဟောဒီကိုယ်တော်ကြီး၏ ပလိဗောဓ ရှိနေတယ်။ ဒီကိုယ်တော်ကြီး၏ ပလိဗောဓသည် ငါ့သားရဲ့ ပလိဗောဓဆိုတော့ ခမည်းတော် ဖြစ်တဲ့ ငါဘုရားတို့ရဲ ပလိဗောဓ နှင့်အတူတူပဲ ဖြစ်နေပါတယ်လို့ မြတ်စွာဘုရားက ဤကဲ့သို့ အရိပ်အမြွက်လောက် မိန့်တော်မူလိုက်လျှင်ပဲ ပသေနဒီ ကောသလမင်းကြီးက ကိုယ် တော်ကြီးကို ရှိခိုးပြီးတော့ ဘာရဒွါဇ ကိုယ်တော်ကြီးနှင့် ကောသလနှင့် ရင်ဆိုင်ကြ။ ဘာလျှောက်တုန်း။

ကော ဘန္တေ တုမှာကံ ပလိဗောဓော။

ဘန္တေ=အရှင်ဘုရား။ တုမှာကံ=အရှင်ဘုရားတို့၏။ ပလိဗောဓော=ပလိဗောဓ ကြောင့်ကြဆိုတာ။ ကော=ဘယ်လိုဟာပါလဲ ဘုရား။

အရှင်ဘုရားတို့ရဲ့ ကြောင့်ကြက ဘယ်လိုကြောင့်ကြလဲ။ ပလိဗောဓ ဘယ်လိုရှိ ဘုန်း။ ပလိဗောဓရှိလျှင် ရဟန်းတရား အားထုတ်လို့ မဖြစ်နိုင်ဘဲကိုး၊ ဒီတော့ ကိုယ် တော်ကြီးက ဘာပြောတုန်း။

ဣဏပလိဗောဓော မဟာရာဇ။

http:\\www.dhammadownload.com



မဟာရာဇ=မြတ်သောမင်းကြီး။ ဣဏပလိဗောဓော= ကြွေးမြီပလိဗောဓတွေ ရှိနေပါသည်။

## ကောသလမင်းကြီးက ကြွေးရှင်းပေးခြင်း

ကောသလမင်းကြီးက ပြောပြန်တယ်။

ကိတ္တကော ဘန္တေ။

အရှင်ဘုရား၊ ကြွေးမြီတွေက ဘယ်လောက်ရှိနေတုန်း။

ကိုယ်တော်ကြီးက ပြန်ပြောတယ်။

ဂဏေဟိ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဂဏေဟိ=လက်ချိုး၍ ရေတွက်လော့။

မဟာရာဇကြီး လက်ချိုးပြီးတော့ ရေတွက်မယ့်အကြဲ၊ ကိုင်း အမိန့်ရှိပါဘုရား ဆိုတော့ – မောင်ဖြူ့ ငွေက တစ်ကျပ်၊ မောင်နီ့ ငွေက တစ်ကျပ်၊ မောင်ညို့ ငွေက နှစ်ကျပ်၊ မောင်ရွှေ့ ငွေက လေးကျပ်၊ မောင်မဲရဲ့ ငွေက တစ်ဆယ်၊ မောင်မြဲရဲ့ ငွေက ငါးဆယ်၊ အေး ... မောင်စိန်ရဲ့ ငွေက တစ်ရာ စသည်ဖြင့် ပြောလိုက်တာ တော်တော်ကြာတော့ ကောသလမင်းကြီးရဲ့ လက်တွေ မလောက်တော့ဘူး။ လက်ကိုချိုးပြီး မလိုက်နိုင်တော့ဘူး။ မင်းကြီးလဲပဲ လက်ချောင်းတွေ မချိုးနိုင်တဲ့ အခြေ ရောက်တာမှ မဖြစ်ချေဘူး ဆိုပြီးတော့ မင်းချင်းတစ်ယောက်ကို ခေါ်ပြီး –

ဂစ္ဆ ဘဏေ နဂရေ ဘေရိံ စရာပေဟိ။

ဘဏေ=အချင်း။ ဂစ္ဆ=သွားပါတည့်ချေ။ နဂရေ=ငါတို့ရဲ့ သာဝတ္ထိမြို့အတွင်း၌။ ဘေရိံ စရာပေဟိ=စည်လည်လိုက်ပါ။ စည်လည်ချေပါ။ ဘယ်လို စည်လည်ရမလဲဆိုတော့ –

သဗ္ဗေ ဗဟုဓိတိကဗြာဟ္မဏဿ ဣဏာယိကာ ရာဇင်္ဂဏေ သန္နိပတန္တု။

သဗ္ဗေ=ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဗဟုဓိတိက ဗြာဟ္မဏဿ=ဗဟုဓိတိက ပုဏ္ဏားကြီး၏ အပေါ်၌။ ဣဏာယိကာ = ကြွေးတင် ရှိကြကုန်သော သူတို့သည်။ ရာဇင်္ဂဏေ=မင်းရင်ပြင်၌။ သန္နိပတန္တု=စည်းဝေးကြကုန်လော့။ ဣတိ=ဤသို့။ တွဲ=သင်သည်။ နဂရေ=မြို့တွင်း၌။ ဘေရိံ=စည်ကို။ စရာပေဟိ=လှည့်လည်ပါစေလော့။

http:\\www.dhammadownload.com



ဆိုပြီး မင်းချင်းတစ်ယောက် လွှတ်လိုက်တော့ – "နေပြည်တော်အတွင်း ဗဟုမိတိက ပုဏ္ဏားကြီး၏အပေါ် ကြွေးမြီးတင်ရှိကြတဲ့ ကြွေးရှင် မြီးရှင်တို့အား ရွှေနန်းတော် နန်းရင်ပြင်၌ လာရောက်စုဝေးရမည်" ဆိုပြီးတော့ မြို့ထဲလှည့်ပြီးတော့ စည်လည်တော့ စာချုပ် စာရွက်ကလေးတွေ ကိုင်ပြီးတော့ နန်းရင်ပြင် လာရောက်တဲ့ လူတွေ အများကြီးပဲ။ အဲဒီလာတဲ့ လူတွေရောက်၊ ကောသလမင်းကြီးက ဘာရဒွါဇ ကိုယ်တော်ကြီးနှင့် ဆင်း သွားပြီးတော့ –

"ကိုင်း ကိုယ်တော်ကြီး ဒီလူဟာ ဟုတ်ကဲ့လား"

"ဟုတ်တယ်"

ဟိုလူအတွက် တစ်ကျပ်ပေါ့လေ၊ တစ်ခါတည်း သူလက်မှတ်ထိုးထားတဲ့ လက်မှတ်တွေ အကုန်လုံး ပေးရတယ်။ ပေးလိုက်ရတာ တဲ့၊ ဘယ်လောက်များသလဲဆိုတော့ ရွှေဒင်္ဂါးတစ်သိန်း–တဲ့၊ ဘယ်လောက်များ ကြွေးတင်သလဲဆိုယင် ဒီပြင်ငွေတော့ မပြောနှင့်တော့၊ ရှင်ဘုရင်ကြီးကလဲ တစ်ယောက်မှ လျှော့မပေးဘူးတဲ့။ စာချုပ်စာရွက်ထဲ ငါးကျပ်ပါလာတဲ့လူ ငါးကျပ်ပေးလိုက်တာပဲ၊ တစ်ဆယ် စာချုပ်ထဲပါတဲ့လူ တစ်ဆယ်၊ အတိုးပါ မလျှော့ဘူးတဲ့။ တစ်ခါတည်း ဒါပြီးပြီ။ ပြီးတော့မှ ကိုယ်တော်ကြီး နန်းတော်ကို ဘုရားရှေ့ ပြန်ခေါ်သွားတယ်။

အညောပိ အတ္ထိ ဘန္တေ ပလိဗောဓော။

ဘန္တေ=အရှင်ဘုရား။ အညောပိ ပလိဗောဓော=အခြား ပလိဗောဓကြောင့်ကြများလဲ ပဲ။ အတ္ထိ=ရှိသေးသလား ဘုရား–တဲ့ လျှောက်တယ်။

## သမီးခုနစ်ယောက်ကို မင်းကြီးက ကူညီခြင်း

ဒီတော့ ဘာရဒွါဇ ကိုယ်တော်ကြီးက ဘာပြန်ပြောသလဲ ဆိုတော့ –

ဣဏံ နာမ မဟာရာဇ ဒတွာ မုစ္စိတုံ သက္ကာ၊

ဧတာ ပန သတ္တဓိရိကာ မဟာ ပလိဗောဓ မယှံ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဣဏံ နာမ=ကြွေးမည်သည်ကို။ ဒတွာ=ပေး၍။ မုစ္စိတုံ=လွတ်အောင်ပြုခြင်းငှာ။ သက္ကာ=တတ်ကောင်းပါ၏။

ဒကာတော် မဟာရာဇာကြီး–တဲ့၊ ကြွေးမြီဆိုတဲ့အရာ ကြွေးရှင် မြီရှင်ကို ကြွေးတွေ မြီတွေကို အပြည့်အဝ ပေးလိုက်လို့ရှိယင် ဒီကြွေးမြီက လွတ်မြောက်မယ်ဆိုယင် လွတ်မြောက်နိုင်ပါတယ်။

http:\\www.dhammadownload.com



တော ပန သတ္တဒါရိကာ=ငါ့အိမ်မှာ ရှိရစ်ကြတဲ့ သမီး ခုနစ်ဖော်တို့ကတော့။ မယံ့=ငါ့အဖို့ရာ။ မဟာပလိဗောဓာ=အလွန်ကြီးကျယ်တဲ့ ပလိဗောဓကြီးတွေပါ။

အလွန့်ကို ကြီးကျယ်တဲ့ ပလိဗောဓတွေ၊ တရားနလုံး ကျင့်သုံးမယ်ကြံ၊ ဒီသမီး ခုနစ်ယောက်မျက်နှာပဲ မြင်နေတယ်ပေါ့။ ဟုတ်လား၊ ဟုတ်တယ်–ဆိုတော့ ပသေနဒီ ကောသလမင်းကြီးက ရှေ့နန်းတော်က နေပြီးတော့ တကတည်း သူ့အိမ်က ရှိတဲ့ သမီးတွေဆီကို ဒီက ရထားတွေ ဘာတွေနှင့် လွှတ်ရတယ်။ သမီး ခုနစ်ယောက်ကို ရထားနှင့် တင်ပြီး ခေါ်ရတယ်။ အားလုံး နန်းရင်ပြင်က လူတွေကို စည်းဝေး၊ ဟောဒီ **ဗဟုဓိတ်က ပုဏ္ဏားကြီးရဲ့သမီး ခုနစ်ယောက်ကို** တော်ကောက်ပြီးတော့ ငါ့ရဲ့သမီးတော် အဖြစ် **အသိအမှတ်ပြုတယ်။ ငါ့ရဲ့သမီး**တော်တွေကို လိုချင်တဲ့လူ ထွက်ဆိုတော့ အဲဒီ အထဲက **ခုနက စောစောက လူတွေလဲ** ပါနိုင်သပ။ အဲဒီ သမီးခုနစ်ယောက်ကို **တစ်ခါတည်း နေရာချပေးလိုက်တယ်။ စားလောက်** သောက်လောက်အောင် ရင်းနှီးပေးပြီးတော့ နေရာချပေးလိုက်တော့ အဲဒီ ပလိဗောဓ ပြီးရော၊ ပြီးပြန်တော့ တစ်ခါ ပသေနဒီ ကောသလမင်းကြီးက လျှောက်ပြန်တယ်။

အညောပိ ဘန္တေ အတ္ထိ ပလိဗောဓော။

ဘန္တေ=အရှင်ဘုရား။ အညောပိ=ကြွေးမြီ, သမီးခုနစ်ဖော်မှ တစ်ပါးလည်းဖြစ်သော။ ပလိဗောဓော=ပလိဗောဓသည်။ အတ္ထိ=ရှိသေးသလား ဘုရား။

## ပုဏ္ဏေးမကြီးကို နန်းတော် ခေါ်ထားခြင်း

ဒီပြင် ကြွေးမြီများ ရှိသေးသလား၊ ပလိဗောဓများ ရှိသေးသလား ဘုရားလို့ ဆိုတော့–

ဗြာဟ္မဏီ မဟာရာဇ။

မဟာရာဇာကြီး ... မျက်စိပြူးကျယ် မဲ့မည်းတွေ စွဲနေတဲ့ ကျုပ်ရဲ့ အိမ်ရှင် ပုဏ္ဏေးမကြီး ကျန်သေးတယ်။ သူလဲ ပလိဗောဓပဲ။ ကျုပ်ရဟန်းတရား အားထုတ်မယ်ကြံ သူ ဘယ်လိုစားပါ့၊ ဘယ်လိုဝတ်ပါ့၊ ဘယ်လိုနေပါ့မတုန်း။ အဲဒါကိုက ပလိဗောဓကြီး ဆိုတော့မှ ပသေနဒီ ကောသလမင်းကြီးက ပုဏ္ဏေးမကြီးကို ရထားနှင့် လွှတ်ပြီး သွားခေါ်ရတယ်။ သူ့မျက်မှောက်တွင် –

http:\\www.dhammadownload.com



အရှင်ဘုရား စိတ်သာချပါတော့၊ တပည့်တော်က အရှင်ဘုရားရဲ့ အဲဒီ အိမ်ရှင် ပုဏ္ဏားမကြီးကို အဘွားအရာ ထားပြီးတော့ ရွှေနန်းတော်ထဲမှာ အိမ်ဖြူတော်နှင့် ချီးမြှောက်ထားပါ့မယ်" လို့ အများသိ ကြေညာလိုက်၊ ဒီတော့မှ တစ်ခါ ကောသလမင်းကြီးက လျှောက်ပြန်တယ်။

အညောပိ ဘန္တေ အတ္ထိ ပလိဗောဓော။

အရှင်ဘုရား ... အခြားတစ်ပါး ပလိဗောဓများ ရှိသေးသလား၊ ဆိုတော့ ဒီကျတော့မှ–

နတ္ထိ မဟာရာဇ = မရှိတော့ဘူး၊ မဟာရာဇာကြီး ... တဲ့။ မရှိတော့ဘူး ဆိုတော့မှ ပသေနဒီ ကောသလမင်းကြီးက တိစီဝရိတ် သက်န်းများ ဘာရဒွါဇ ကိုယ်တော်ကြီး လက်ကို ကပ်တယ် ကပ်ပြီးတော့မှ –

ဘန္တေ မမ သန္တကံ တုမှာကံ ဘိက္ခုဘာဝံ ဇာနာထ။

ဘန္တေ=အရှင်ဘုရား။ တုမှာကံ=အရှင်ဘုရားတို့ရဲ့။ ဘိက္ခုဘာဝံ=ရဟန်းအဖြစ်ကို။ မမ သန္တကံ=တပည့်တော်ရဲ့ ဥစ္စာဟူ၍။ ဇာနာထ=အသိအမှတ် ပြုတော်မူပါဘုရား။

အရှင်ဘုရားတို့ရဲ့ ရဟန်းဖြစ်ခြင်းဟာ ... တဲ့၊ တပည့်တော်ရဲ့ဥစ္စာ၊ တပည့်တော်ရဲ့ ဥစ္စာလို့ အသိအမှတ် ပြုတော်မူပါ။ အကယ်၍သာ တပည့်တော် မကူညီယင် ကိုယ်တော် ရဟန်းဘောင် ကြာကြာနေနိုင်မှာ မဟုတ်ဘူး။ အခုတော့ တင်နေတဲ့ အကြွေးတွေကိုလဲပဲ တပည့်တော် ဆပ်တယ်၊ သမီးခုနစ်ယောက်ကိုလဲပဲ စားလောက်သောက်လောက် ရင်းလောက် နီးလောက်အောင် တပည့်တော်က နေရာချထားပေးတယ်။ အင်း ... အကြီးဆုံး ဆိုတဲ့ ပုဏ္ဏားမကြီး ပလိဗောဓလဲပဲ တပည့်တော်က အဘွားအရာ ထားပြီးတော့ မွေးလို့ ကိုယ်တော်မှာ အဲဒီ ပလိဗောဓလဲ ငြိမ်းတယ်။ ငြိမ်းတော့ ကိုယ်တော် သာသနာတော်မှာ ဖြောင့်ဖြောင့် နေနိုင်တယ်၊ အဲဒီတော့ အရှင်ဘုရားတို့ရဲ့ ရဟန်းအဖြစ်ဟာ တပည့်တော် ဥစ္စာပါ မဟုတ်လား ဘုရားဆိုတော့ –

အာမ မဟာရာဇ=အိမ်း ... ဟုတ်ပေတယ် မဟာရာဇာ ဒကာတော်လို့။ အဲဒီလို ကိုယ်တော်ကြီးက ပြန်ကြား မိန့်ဆိုတဲ့ အခါကျတော့မှ ပသေနဒီ ကောသလမင်းကြီးက ဘာပြောသလဲ ... ။

http:\\www.dhammadownload.com



**ဘန္တေ စိဝရပိဏ္ဍပါတာဒယော**ပိ သဗ္ဗေ ပစ္စယာ အမှာကံ သန္တကာ ဘဝိဿန္တိ၊ တုမှေ တထာဂတဿ မနံ ဂဟေတွာ သမဏဓမ္မံ ကရောထ။

ဘန္တေ=အရှင်ဘုရား။ စိဝရပိဏ္ဍပါတာဒယော=သင်္ကန်း ဆွမ်း အစရှိကုန်သော။ သဗ္ဗေပိ ပစ္စယာ=ခပ်သိမ်းဥဿုံ အလုံးစုံသော ပစ္စည်းလေးပါးတို့သည်လည်း။ အမှာကံ= တပည့်တော်တို့၏။ သန္တကာ=ဥစ္စာတို့သည်။ ဘဝိဿန္တိ=ဖြစ်ပါလိမ့်မည်။ တုမှေ= အရှင်ဘုရားတို့ကတော့။ တထာဂတဿ မနံ=မြတ်စွာဘုရား၏ စိတ်နှလုံး အလိုကို။ ဂဟေတွာ=ရယူ၍။ သမဏဓမ္မံ=ရဟန်းတရားကို။ ကရောထ=ကျင့်ကြံကြိုးကုတ် အား ထုတ်တော်မူကြပါဘုရား။

## ဘာရဒွါဇ ပုဏ္ဏားရဟန်း ရဟန္တာဖြစ်ခြင်း

မပူနှင့်ဘုရား၊ အရှင်ဘုရား သင်္ကန်းလိုမယ် ဆွမ်းလိုမယ် ကျောင်းလိုမယ် ဆေးလို မယ်၊ အဲဒီ လိုသမျှ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတွေလဲပဲ တပည့်တော် တို့ရဲ့ ဥစ္စာ ဖြစ်ပေလိမ့်မယ်။ အရှင်ဘုရားသာ မြတ်စွာဘုရား အလိုတော်ကျ ရဟန်း တရား ပွားများ အားထုတ်ပါ ဘုရားလို့ အဲဒီလို လျှောက်တော့ –

သာဓု မဟာရာဇ=ကောင်းပါပြီ မဟာရာဇာကြီးတဲ့၊ စိတ်ကို တစ်ခါတည်း ဘာရဒွါဇ ကိုယ်တော်ကြီး အကြွင်းမဲ့ အေးသွားတယ်။ အဲဒီမှာ ဘုရားက သူ့ရဲ့ ပလိဗောဓ ငြိမ်းအေး တာ သိပြီးတော့ ရွှေနန်းတော်က ပြန်ကြွ၊ ဇေတဝန်ကျောင်း ရောက်တော့ မြတ်စွာဘုရား က သူနှင့် လျော်က်ပတ်တဲ့ ကမ္မဋ္ဌာန်းပေး၊ တစ်ခါတည်း ဆိတ်ငြိမ်ရာသို့ ကပ်၊ မမေ့ မလျော့ သမ္မပ္ပဓာန် လုံ့လရှိ၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် ရဟန်းတရား ပွားများ ကြိုးကုတ် အားထုတ်လိုက်တာ မကြာမြင့်မီ အရဟတ္တဖိုလ် ပေါက်ရောက်လို့ ဘုရားသာသနာမှာ ဘာရဒွါဇ ရဟန္တာ မထေရ်ရယ်လို့ ရဟန္တာတစ်ပါး စာရင်း အပါ အဝင် ဖြစ်ပါတယ်တဲ့။ ဒီအကြောင်းကို သင်္ဂါယနာတင် မထေရ်မြတ်တွေက အကျဉ်းချုပ် မှတ်ချက်ချထားတယ်။

အစိရူပသမ္ပန္နော=ရဟန်းဖြစ်၍ မကြာမြင့်သေးသော။ အာယသ္မာ ဘာရဒွါဇော= အရှင်ဘာရဒွါဇသည်။ ဧကော=အဖော်မမှီး တစ်ကိုယ်တည်း ဖြစ်လျက်။ ဝူပကဋ္ဌော= ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ အပ္ပမတ္တော=အပ္ပမာဒတရား လက်ကိုင်ထားလျက်။

http:\\www.dhammadownload.com



အာတာပီ=သမ္မပ္ပဓာန် လုံ့လ လေးပါးရှိလျက်။ ပဟိတတ္တော=ကမ္မဋ္ဌာန်းအာရုံကို စေလွှတ်အပ်သော စိတ်ရှိလျက်။ ဝိဟရန္တော=ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်လျက် နေလတ်သည်ရှိသော်။ န စိရဿေဝ=မကြာမြင့်မီပင်။ (ရက်, လ, နှစ် သိပ်မကြာလိုက်ဘူးတဲ့။) ယဿတ္ထာယ=အကြင် အရဟတ္တဖိုလ် အလို့ငှာ။ ကုလပုတ္တာ=ဇာတိ, အာစာရ အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ=ကောင်းစွာသာလျှင်။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ=ကပ်ရောက်ကြကုန်၏။ အနုတ္တရံ=အတုမရှိ လွန်မြတ်သော။ ဗြဟ္မစရိယပရိယောသာနံ=သာသနာတော်တည်းဟူသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော။ တံ= ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ=မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ သယံ=ကိုယ်တိုင်။ အဘိညာယ=ထိုးထွင်းဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ=မျက်မှောက်ပြုပြီးတော့။ ဥပသမ္ပဇ္ဇ=ပြည့်စုံစေ၍။ ဝိဟာသိ=နေနိုင်ပြီ။

ဘာပြောတုန်း၊ မကြာမီ အရဟတ္တဖိုလ် ရောက်ပြီးတော့ အရဟတ္တ ဖလသမာပတ်ချမ်းသာနှင့် နေနိုင်၏။

"ခီဏာ ဇာတိ=ငါ့ဘဝ ပဋိသန္ဓေ ကုန်ပြီ။

ဝုသိတံ ဗြဟ္မစရိယံ=သုံးပါးသိက္ခာ သာသနာဆိုတဲ့ မြတ်သော အကျင့်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ပြီးပြီ။ **ကတံ ကရဏီယံ=မဂ်ကိစ္စ ၁၆-ပါး ငါကား** အပြီးအပိုင် ပြုလုပ်အပ်လေပြီ။

နာပရံ ဣတ္ထတ္တာယ=နောက်ထပ် တစ်ဖန် မဂ်ကိစ္စအတွက် အလုပ်လုပ်ရန် ငါ့မှာမရှိတော့ပြီ။

ဣတိ=ဤသို့။ အဗ္ဘညာသိ=အဆက်ဆက်သော ပရမ္မရပစ္စဝေက္ခဏာဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်လေတော့၏" ဆိုတော့ တရားစကား ဒေသနာ အစဉ်အားဖြင့် သွားတဲ့ ကိစ္စမှာ အရဟတ္တဖိုလ်ရောက်၊ အရဟတ္တဖိုလ် ပြီးတဲ့အခါမှာ အရဟတ္တဖိုလ်ရဲ့ နောက်မှာ ရောက်နေတဲ့ ပစ္စဝေက္ခဏာဉာဏ်၊ အဲဒီ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ပိုင်တဲ့အပြင် အဆက်ဆက် ပရမ္မရ ပစ္စဝေက္ခဏာ လေးချက်ဖြစ်တဲ့ အကြောင်း ရောက်သွားပြီ။ ပစ္စဝေက္ခဏာ ၁၉-တန်ကို ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးလို့ ခေါ်တယ်။ သာသနာမှာ ဂုဏ်ကျေးဇူး ငါးမျိုးရှိတယ်။

http:\\www.dhammadownload.com



(၁) သီလ

(၂) သမာဓိ

(၃) ပညာ

(၄) ဝိမုတ္တိ

(၅) ဝိမုတ္တိဉာဏဒဿန

အဲဒီမှာ ဝိမုတ္တိဉာဏဒဿန ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန် ပိုင်ယင် သာသနာတော်မှာ ရသင့်ရထိုက်တဲ့ ဂုဏ်တွေ အကုန်ပိုင်တာပဲ။ သာသနာကိစ္စ ပြီးတာမှ အထူးထည့်လိုက်သေးတယ်။

အညတရော စ ပနာယသ္မာ ဘာရဒွါဇော အရဟတံ အဟောသိ။

အာယသ္မာ ဘာရဒွါဇော=အရှင်ဘာရဒွါဇသည်။ အရဟတံ-အရဟန္တာနံ=ရဟန္တာ အရှင်သူမြတ်တို့တွင်။ အညတရော=တစ်ပါးအပါအဝင်သည်။ အဟောသိ=ဖြစ်လေပြီ။

အရှင်ဘာရဒွါဇ ရဟန္တာလို့ သာသနာမှာ ရဟန္တာတစ်ပါး ထွန်းကားပေါ်ပေါက်တော်မူခဲ့လေပြီ။ ဤသည်လျှင် ဗဟုဓီတရသုတ္တန် အပြီးတည်း။

## ဗဟုဓီတရသုတ္တန်နိဂုံး

ဤသို့လျှင် ဗဟုဓီတရ သုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရခြင်း မဗ္ဗဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလ ဆောက်တည်ရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဘုရားသာသနာ အစွန့်ရှည်စွာ တည်ပါစေခြင်း အလို့ငှာ မိမိရဲ့ ရင်နှစ်သည်းချာ သမီးရတနာနှင့် တူရတနာတို့ကို မြတ်စွာဘုရား သာသနာ အတွင်း ရှင်သာမဏေအဖြစ်ရောက်, သီလရှင်အဖြစ်ရောက် ချီးမြှောက်ရခြင်း၊ မိမိတို့ရဲ့ ဆွေမျိုးများ ဖြစ်ကြသော အမျိုးကောင်းသားတို့ကို ရဟန်းအဖြစ်ရောက် ချီးမြှောက်ရခြင်း၊ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့နှင့်တကွ ရောက်ဆိုက် လာကြသော ကလျာဏမိတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ပြုစု လုပ်ကျွေး၍ ပင့်သံဃာ နှစ်ကျိပ်တို့အား သင်္ကန်းစသော ဒေယျဓမ္မ ဒါနဝတ္ထုတို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော ဒါနကောင်းမှု ကုသိုလ်ကံ စေတနာ - ဤသို့ စသည်

http:\\www.dhammadownload.com



များမြတ် ပေါင်းအပ်သော ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် အရှင်ဘာရဒွါဇ ရဟန္တာ မထေရ်မြတ်ကို အာရုံပြုအပ်သော နိဗ္ဗာန် ချမ်းသာမြတ်ကို အရဟတ္တဖိုလ်ပေါက် မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်တဲ့ အသိဉာဏ်၊ ရည်သန် တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်ဖြင့် မျက်မှောက်ပြုနိုင်တဲ့ကိုယ် ဖြစ်ပါစေကုန် သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံး ပစ္ဆိမဘဝ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောက်ကာလဝယ် တစုံတခုသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်မဖြစ်သော ချုပ်ခြင်း၊ ငြိမ်းခြင်း၊ ယင်းချုပ်ခြင်းကိုပင် ခေါ်တဲ့ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြ သဖြင့် ကမ္မဝဋ်, ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု .... ။

ဗဟုဓိတရသုတ္တန် တရားတော် ပြီး၏။

http:\\www.dhammadownload.com



# သာစုသုတ္တန် တရားတော်

မပေး မလှူသော သူတို့၏ စိတ်၌ တည်ရှိနေသော
အကြောင်းနှစ်မျိုးနှင့်
ဒါနပြုသူများအတွက် လှူပုံလှူနည်း သတိရှိစေရန်
ရည်သန် ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ သာသနာတော် ၂၅၁၈-ခု သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့ည ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ၂၆-ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ဓမ္မပူဇာ မဟာသဘင် အကြိုတရားပွဲ အဖြစ်ဖြင့် ကျားကူး ဓမ္မဗိမာန်၌ ဟောကြားအပ်သော သဂါထာဝဂ္ဂသံယုတ် သတုလ္လပကာယိကဝဂ်၌ လာသော သာစု သုတ္တန် တရား။

**အဘိဓမ္မာနှစ်မျိုး**

ဘုန်းကြီးဟောမယ့် တရားဟာ သာစုသုတ်လို့ ခေါ်ပါတယ်။ အဘိဓမ္မာ ဒေသနာ တော်နှင့် ပတ်သက်ပြီးတော့ တရားနာပရိသတ်များ ဗဟုသုတရရှိအောင် မြတ်စွာဘုရား သည် ဘုရားဖြစ်ပြီးတဲ့နောက် သတ္တ သတ္တာဟ စံတော်မူတဲ့အခါ ရတနာဃရသတ္တာဟ မှာ "မနသာ ဝဝတ္ထာပိတ" ခေါ်တဲ့ ပြန့်ပြန့်ကျယ်ကျယ် သုံးသပ်တော်မူတဲ့ အဘိဓမ္မာ နှင့် ခုနစ်ဝါမြောက် ရောက်တဲ့ကာလ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပေါ်၌ မယ်တော်မိနတ်သား အမှူးပြုသော စကြဝဠာတိုက် တစ်သောင်းမှ လာရောက်ကြသော နတ်ဗြဟ္မာတို့အား တရားနာခံထား၍ ဟောကြား အပ်တဲ့ နှုတ်မြွက် အဘိဓမ္မာလို့ နှစ်မျိုး ဆိုကြပါစို့။

စိတ်တော်နှင့် ဆင်ခြင်တဲ့ အဘိဓမ္မာ၊ နှုတ်တော်မြွက်၍ ဟောတဲ့ အဘိဓမ္မာလို့ အဲဒီလို နှစ်ပိုင်းကို သတ္တိရုပ် ဇုတ္တိရုပ် ဆိုတာလိုပဲ စိတ်တော်နှင့် ဆင်ခြင်တဲ့ အဘိဓမ္မာ က သတ္တိရုပ် အဘိဓမ္မာလို ဖြစ်နေပါတယ်။ နှုတ်တော်မြွက်၍ ဟောတဲ့ အဘိဓမ္မာက ဇုတ္တိရုပ် အဘိဓမ္မာလို့ပဲ ခေါ်ကြပါစို့။ အဲဒီ နှုတ်တော်မြွက်၍ ခုနစ်ဝါမြောက် ရောက်တဲ့ အခါ ဟောကြားတဲ့ အဘိဓမ္မာကိုပဲ အာရုံ အလေးအနက် ထားကြ မှတ်ကြ ရပါမယ်။ ဤတွင် အခြေခံဖြစ်တဲ့ မနသာ ဝဝတ္ထာပိတ အဘိဓမ္မာအကြောင်း နည်းနည်း ကြည့်သို ကြည့်ရအောင် ... ။

http:\\www.dhammadownload.com



ဘိုးတော် အဥ္စနမင်းဖြို၍ ကြွင်းတဲ့ သက္ကရာဇ်ကို မဟာသက္ကရာဇ်လို့ ခေါ်တယ်။ အဲဒီ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား ပွင့်တော်မူတယ်။ ဘုရားပွင့်ပြီးတဲ့နောက် ခုနစ်ရက် အပရာဇိတ ပလ္လင်တော်ပေါ်မှာပင် သီတင်းသုံး နေတော်မူတယ်။ အလကား မဟုတ်ပါဘူး။ အရဟတ္တဖိုလ် သမာပတ်ကို တဝကြီး ဝင်စား၊ တဝကြီး ခံစားပြီးတော့ နေတာဖြစ်ပါတယ်။ ခုနစ်ရက်မြောက် ရောက်တဲ့အခါကျတော့ နတ်ဗြဟ္မာတွေက "အို ဘုရား ... ယခုထက်ထိ ပလ္လင်ပေါ်က မထသေးဘူး၊ ဘုရားရဲ့ ဗုဒ္ဓကိစ္စ ဘုရားရဲ့အဖြစ် မပြီးမြောက်သေးလို့လား"လို့ အဲဒီလို ယုံမှား သံသယရှိကြတဲ့ နတ်ဗြဟ္မာတွေ ရှိတယ်။

## တန်ခိုးပြာဋိဟာ သုံးကြိမ်

အဲဒီ နတ် ဗြဟ္မာတွေ ယုံမှား သံသယ ကင်းအောင် ပလ္လင်္ကသတ္တာဟမှာ ခုနစ်ရက်မြောက် ရောက်တဲ့အခါ၌ (ခုနစ်ဝါမြောက် အဘိဓမ္မာတရား ဟောခါနီးမှာ ပြသလို) ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူရပါသေးတယ်။ ဘုရားဖြစ်ပြီဆိုတာ သိသာအောင်ပေါ့။ မြတ်စွာဘုရားရဲ့ ဘဝမှာ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို အသာဓာရဏ ယမက ပါဋိဟာရိယဉာဏ်တော်ဖြင့် ပြတော်မူရတာ သုံးကြိမ်။

အဲဒီ ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့လောက် ပြရတဲ့ ယမကပါဋိဟာရိယ ရေမီး အစုံအစုံသည် ပထမအကြိမ်ပါပဲ။

ဒုတိယအကြိမ်က ဘုရားဖြစ်ပြီးတဲ့ဝါမှာ မိဂဒါဝုန် ဝါကပ်၍ ထိုနှစ် တပေါင်းလ ပြည့်ကျော် ၁-ရက်နေ့က စပြီး တစ်နေ့လျှင် တစ်ယူဇနာ ရာဇဂြိုဟ်မှ ကပိလဝတ်ပြည်ကို ယူဇနာခြောက်ဆယ်ကို နှစ်လ ခရီးကြွာ မဟာသက္ကရာဇ် ၁၀၄-ခုနှစ် ကဆုန်လပြည့်နေ့မှာ ကပိလဝတ် နေပြည်တော်ကို ရောက်တယ်။ အဲဒီနေ့မှာလဲပဲ သာကီဝင်တို့ရဲ့ မာန်မာနကို နှိမ်ချိုးဖို့ရန် ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ပြန်တယ်။ အဲဒါ ဒုတိယ ယမိုက်ပြာဋိဟာ တရား။

အဘိဓမ္မာ ဟောမယ့် ဝါဦးပေါ့လေ၊ ခုနစ်ဝါမြောက် ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည် အနီး ကဏ္ဍဥယျာဉ်မှူး နေ့ချင်းပြီး စိုက်ပျိုးတဲ့ သရက်ဖြူပင်အနီးမှာ တစ်ကြိမ်၊ အဲဒီ ယမကပါဋိဟာရိယ ယမိုက်ပြာဋိဟာက တတိယအကြိမ် ဖြစ်ပါတယ်။

ယခုပြောဘာက ဘုရားဖြစ်ပြီးတဲ့နောက် ပလ္လင်္ကသတ္တာဟ အဆုံးမှာပြတဲ့ ယမိုက်ပြာဋိဟာကို ပြောပြီးပါပြီ။ ဘုရားဖြစ်ပြီဆိုတာ ထင်ရှားအောင် ယမိုက်ပြာဋိဟာကိုပြပြီး

http:\\www.dhammadownload.com



ကဆုန်လပြည့်ကျော် ရှစ်ရက်လောက်က စပြီးတော့ ခုနစ်ရက်ပတ်လုံး ပလ္လင်တော်ပေါ်က ဆင်း၊ အရှေ့မြောက်ထောင့်က နေပြီး ပလ္လင်တော်နှင့် တစ်လံကွာလောက်က နေပြီးတော့ အပရာဇိတ ပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် ကြည့်၍ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားနေတယ်။ အဲဒါကို မမှိတ်သော မျက်စိဖြင့် ကြည့်ပြီးတော့ ပလ္လင်တော်ကို ကြည့်နေပြီးတော့ ဝင်စားတဲ့ ခုနစ်ရက်ကို **အနိမိသ သတ္တာဟ** လို့ ခေါ်တယ်။

အဲဒီ ခုနစ်ရက်ကပြီးတော့ မဟာဗောဓိအပရာဇိတ ပလ္လင်တော်နဲ့ အနိမိသဌာန အကြား အရှေ့အနောက် စင်္ကြံသွောက်၍ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူတယ်။

အဲဒါကို **စင်္ကမနသတ္တာဟ** လို့ ခေါ်တယ်။

## မြတ်စွာဘုရား အဘိဓမ္မာတရား ဆင်ခြင်တော်မူပုံ

စင်္ကမနသတ္တာဟကို လွန်မြောက်ပြီးတော့ လေးခုမြောက် သတ္တာဟ ဆိုပါစို့။ စင်္ကမနသတ္တာဟ ဆုံးသွားတာက နယုန်လဆန်း ၆-ရက်က လေးခုမြောက်ကျတော့ မဟာဗောဓိပင်မှ အနောက်မြောက်အရပ်၊ အဲဒီအရပ်မှာ နေပြီးတော့ မြတ်စွာဘုရား အရဟတ္တဖိုလ် သမာပတ် ဝင်စားလိုက်၊ အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်လိုက်၊ ဓမ္မအရသာကို အမြဲတစေ သုံးဆောင် ခံစားနေပုံကို အာရုံယူထားပါ။

အဲဒီလို အဘိဓမ္မာတရား ဆင်ခြင်သုံးသပ် နှလုံးထားတော် မူတဲ့အခါမှာ အောက် အဘိဓမ္မာ ခြောက်ကျမ်းတုန်းကတော့ အဘိဓမ္မာ ဒေသနာတော်ဆိုတာ တကယ့် အဘိဓမ္မာဉာဏ်နှင့် ပြော့ယင် အပိုင်းကြီး ခုနစ်ပိုင်း ရှိသော ဧရာမ သုတ္တန်ကြီးတစ်ခုပဲလို့ မှတ်ပါ။ ဒီ အပိုင်းကြီး ခုနှစ်ပိုင်းရှိသော ဧရာမ သုတ္တန်ကြီးတစ်ခုကို ဘယ်လိုနည်းနှင့်မှ လူတွေ တစ်ထိုင်တည်းနှင့် မနာနိုင်ဘူး၊ နတ်ဗြဟ္မာတွေမှပဲ နာဖြစ်တယ်၊ နာနိုင်မယ်။ ဒါကြောင့် နတ်တွေကိုပဲ ဘုရားတိုင်း ဘုရားတိုင်း အဘိဓမ္မာကို ဟောရပါတယ်။ နတ်ပြည်မှာပဲ အဘိဓမ္မာကို ဟောရပါတယ်။

အဲဒီလို ဟောရတဲ့ အဘိဓမ္မာကို အစောကြီးက ပရမတ္ထ သဘာဝကို ကုန်စင်သိရှိတော်မူသော အနေနှင့် စဉ်းစားတော်မူတဲ့အခါ အဘိဓမ္မာ ဒေသနာတော်၊ အဲဒီ **ရတနာဃရ သတ္တာဟ**၌ သုတ္တန် ဆင်ခြင်တယ်လို့ မပါဘူး၊ သေသေချာချာ ရှာကြည့်တယ်။ ဝိနည်းကို ဆင်ခြင်တယ်လို့ မပါဘူး၊ အဘိဓမ္မာ ဆင်ခြင်တယ်ပဲ ပါတယ်။ အရဟတ္တ

http:\\www.dhammadownload.com



ဖိုလ်ကို ဝင်စားလိုက်၊ အဘိဓမ္မာ ဒေသနာတော်ကို ဆင်ခြင်သုံးသပ်လိုက်၊ အဲဒီလို နေတဲ့အခါ အောက်ဖြစ်သော ခြောက်ပိုင်း ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလ ပညတ်၊ ကထာဝတ္ထု ယမိုက်ဆိုတဲ့ အောက်ခြောက်ပိုင်းမှာ ဒေသနာနည်းက သဗ္ဗညုတ ဉာဏ်နဲ့ကြည့်ယင် ကျဉ်းတယ်လို့ တွေ့ရပါတယ်။ အဲဒီအခါမှာ သဗ္ဗညုတဉာဏ်က အရာကျယ်၊ ဒေသနာနည်းက အောက် ခြောက်ကျမ်းမှာ ကျဉ်းသလို ဖြစ်နေတော့ သဗ္ဗညုတဉာဏ်နဲ့ ကြည့်ယင်တော့ ကျဉ်းတာပေါ့။ ဉာဏ်တော် မကျက်စား မကွန့်မြူး လောက်သေးဘူး။

## မြစ်ကမ်းမဆံ့သာ ငါးကြီး ဥပမာ

အင်မတန် ခန္ဓာကြီးတဲ့ ... ငါးကြီးတစ်ကောင်ကို ဒီမြန်မာပြည်မှာရှိတဲ့ ဧရာဝတီ မြစ်လို ဒီလို မြစ်ထဲမှာ ဟိုဘက် ဒီဘက် ကမ်းမတင်အောင် မနည်းသထိထား သွားရ သလို ဖြစ်နေပါတယ်။ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဟာ ခုနစ်ဆင့်မြောက် ဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကြီးကျတော့ ပဋ္ဌာန်းတရားတော် ပဋ္ဌာန်းအပိုင်း ခုနစ်ဆင့်မြောက် အပိုင်းကြီး ရောက်လာတဲ့အခါကျတော့ ပဋ္ဌာန်းတရားတော်ကို အနန္တနယ ဒီအတိုင်း စာပေက သတ်မှတ်ရတယ်။ ပဋ္ဌာန်းဒေသနာတော် နည်းကလဲပဲ မဟာသမုဒ္ဒရာပမာ ကျယ်ဝန်းတယ်။ နယသာဂရလို့ စာထဲမှာ ခေါ်တယ်။ သဗ္ဗညုတ ရွှေဉာဏ်တော်ကလဲပဲ မဟာသမုဒ္ဒရာမက ကျယ်ဝန်းတဲ့ ဉာဏသာဂရ။

အဲဒီ ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သုံးသပ်တော်မူတဲ့အခါ ဉာဏသာဂရနှင့် နယသာဂရတို့ သာဂရချင်း သွားပြီးတော့ အာရုံအာရမ္မဏိက တွေ့ထိတဲ့အခါမှာ ကိုယ် တော်မြတ်ရဲ့ စိတ်တော်ကလဲ သိပ်ပြီး ကြည်လင်၊ သွေးတော်ကလဲ သိပ်ကြည်လင်၊ အသားတော်ကလဲ သိပ်ပြီး ကြည်လင်နေတော့ ရောင်ခြည်တော် ခြောက်ပါးတွေ ကွန့်မြူးလိုက်တာ အောက်လဲ အောက်မို့လို့၊ အထက်လဲ အထက်မို့လို့၊ ရှေ့ရော၊ နောက် ရော၊ ဝဲရော၊ ယာရော (အောက်အထက် ရှေ့နောက် ဝဲယာ) ဒီခြောက်ပါးသော အရပ် ဒေသကို ကိုယ်တော်မြတ်ရဲ့ ရောင်ခြည်တော်တွေ ကွန့်မြူးတာဟာ ယနေ့ တိုင်အောင် ပင်လျှင် ဥက္ကဇရုပ် အဆက်ဆက် အနေနှင့် အနန္တစကြာဝဠာမှာ ရောင်ခြည်တော်တွေ သွားနေတုန်းပဲ ရှိသေးသတဲ့။

အဲဒီအကြောင်းကို အဘိဓမ္မာ အဋ္ဌကထာက ဖွင့်ပြထားတဲ့အတိုင်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ဆိုပါတော့၊ သက်တော် ၂၇ နှစ်၊ ၂၈ နှစ်လောက် စာပေနယ်ပေ

http:\\www.dhammadownload.com



မြူးကွန့်တဲ့ အရွယ်မှာ သဒ္ဒါတရား‌ရော ပညာရော နှစ်ပါးစလုံး အောင်မြင်တဲ့ ဆရာတော်ဘုရားဆိုတော့ အဲဒီရောင်ခြည်တော် ခြောက်ပါး ကွန့်မြူးတဲ့ အကြောင်းကို ဆရာတော်ဘုရားကြီးက ဆဗ္ဗညုရုံသိဝန္ဒနာ ဘုရားရှိခိုး ဂါထာတွေ ရေးခဲ့တယ်။

အဲဒီ ဘုရားရှိခိုး ဂါထာတွေရဲ့ အဘိဓမ္မာဒေသနာနှင့် ပတ်သက်ပြီး ပေါ်လာတဲ့ ဘုရားရဲ့ ရောင်ခြည်တော်တွေကို ရှိခိုးသော ဘုရားရှိခိုး ဂါထာဖြင့် ရှေးဦးစွာ မြတ်စွာဘုရားကို အာရုံယူကော်ရော် ပူဇော် မြတ်နိုး ရှိခိုးကြရအောင် ... ။

## ဆဗ္ဗညုရုံသိဝန္ဒနာ ဘုရားရှိခိုး ဂါထာများ

(နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၃၆၆ လည်း ရှုနိုင်သည်။)

သတ္တ သတ္တာဟ မဇ္ဈမှိ၊
နာထော ယော သတ္တ သမ္မသိ။
ပတ္တာ သမန္တ ပဋ္ဌာနံ၊
သြကာသံ လဘတေ တဒါ။

နာထော=လူသုံးမျိုးတို့၏ ကိုးစားရာ တစ်ဆူ ဖြစ်တော်မူသော။ ယော သတ္တာ=အကြင် မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ သတ္တသတ္တာဟမဇ္ဈမှိ=ပလ်+နိမ်+စင်+ဃ+အ+မု+ရ+ဟု သတ္တာဟ ခုနစ်လီ နေ့စာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရ သတ္တာဟ၌။

(တစ်လုံးတစ်လုံးနဲ့ အတိုကောက် ခေါ်တဲ့နည်းက ယနေ့မှသာ မဟုတ်ဘူး၊ အဲဒီတုန်းက စာပေနယ်ပယ်မှာ ရှိတယ်။ အဲဒီတုန်းက တင်ပဲလားဆိုတော့ ဘုရား လက်ထက်တော် ကလဲပဲ ဒု+သ+န+သော ဆိုတဲ့ အတိုကောက် သဘောတွေက ရှိပြန်တယ်။ အဲဒီတုန်းကသာလား ဆိုတော့ ဘုရားပါရမီ ဖြည့်စဉ်တုန်းက အဋ္ဌသဒ္ဒဇာတ် တစ်လုံးတစ်လုံးစီပဲ ... ယနေ့လဲပဲ အတိုကောက် ပြောသလို ဆရာတော်ဘုရားကြီးက သတ္တာဟ ခုနစ်မျိုးကို "ပလ်, နိမ်, စင်, ဃ, အ, မု, ရ" လို့ ဆိုထားတယ်။)

၁။ ပလ်–က = ပလ္လင်္ကသတ္တာဟ
၂။ နိမ်–က = အနိမိသသတ္တာဟ
၃။ စင်–က = စင်္ကမသတ္တာဟ
၄။ ဃ–က = ရတနာဃရသတ္တာဟ
၅။ အ–က = အဇပါလသတ္တာဟ

http:\\www.dhammadownload.com



၆။ မု–က = မုစလိန္ဒသတ္တာဟ

၇။ ရ–က = ရာဇာယတနသတ္တာဟ

ခုနစ်ရက် ခုနစ်လီဆိုတော့ ခုနစ် ခုနစ်လီ လေးဆယ့်ကိုး။ ကိုးကြောင်းများကျတော့ ဒါကို နဝစာလီသ နဝစာလီ နှောစာလီ ဆိုတာ လေးဆယ့်ကိုးလို့ ပြောတာပဲ။ ဒါလောက်ပဲ ဘုန်းကြီးတို့ တရားနာ ပရိသတ်အား ပြောပြဖို့ အခွင့်ရှိပါတယ်။ ကျန်တာတွေက အင်မတန် ထွေပြားကဲ့ စကားလုံးတွေ ဖြစ်ပါတယ်။

## သဗ္ဗညုတဉာဏ် ကွန့်မြူးတော်မူခြင်း

သတ္တာသတ္တာဟမဇ္ဈမှိ=ပလ်, နိမ်, စင်, ဃ, အ, မု, ရ – ဟု သတ္တာဟ ခုနစ်လီ နှောစာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရ သတ္တာဟ၌။ သတ္တ=ဓမ်, ဝိ, ဓာ, လ, က, ယ, ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို။ (ဝါ) ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတု ကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို။ သမ္ဗုဒ္ဓိ= ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှိ နက်နဲ မွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုဖြင့် ရေးရှုတပ်ကပ် သုံးသပ်ဆင်ခြင် တော်မူခဲ့လေပြီ။ တဒါ=ထိုသို့ သုံးသပ် ဆင်ခြင်တော်မူသော အခါ၌။ သမန္တပဋ္ဌာန်=ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနေ ကျယ်ဝန်း နည်းစုံဆန်းသော သမန္တပဋ္ဌာန်း ကျမ်းကြီးသို့။ ပတ္တာ=ဉာဏ်ရည်တော် လျှောက် အစဉ်ရောက်၍။ ဉာဏ်=ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည် တည်ကြောင့် နှိုင်းရှည်မဲ့ရှိ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော် မြတ်သည်။ ဩကာသံ=မြူးထူးကျက်စား ကစားခွင့်ကို။ လဘတေ=ရတော်မူလေ၏။

ယောဇနာနံ သတာယာမော၊
ပဋ္ဌတိမိရပိင်္ဂလော။
ကီဠောကာသံ သမုဒ္ဒေပ၊
ဂမ္ဘီရေ လဘတေ ယထာ။

ယထာ=ပမာတန္တု အပြိုင်ပြု၍ နှိုင်းရှုစရာ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ယောဇနာနံ=ခုနစ်တောင်တစ်တာ ဝိသာဥသဘ ဂါဝုတသီတိ စတ္တာရိဂါဝါ ယူဇနာတို့ ၏။

http:\\www.dhammadownload.com



(ခုနစ်တောင်ကို တစ်တာလို့ ခေါ်တယ်။ ဝီသာဉသဘဆိုတာ အဟာနစ်ဆယ်ကို တစ်ဉသဘ နွားလား တစ်တွန်လို့ ခေါ်တယ်။ နစ်ဆယ်ဉသဘကို တစ်ကောသ၊ လေးကောသကို တစ်ဂါဝုတ်၊ ဉသဘလေးဆယ် တစ်ဂါဝုတ် ဖြစ်ပါတယ်၊ လေးဂါဝုတ်ကို တစ်ယူဇနာ ... ဒါကို ဆရာတော်ကြီးက)

ယောဇနာခံ=ခုနစ်တောင်တတာ ဝီသာဉသဘ ဂါဝုတသီတိ စတ္တာရိဂါဝါ ယူဇနာတို့၏။ ပဋ္ဌသတာယာမော=ငါးရာရှည်လျား လွန်ကြီးမားသော။ တိပိရပိင်္ဂလော= တိမိရပိင်္ဂလ အမည်ရသော ငါးကြီးသည်။ ဂမ္ဘီရေ=ယူဇနာပေါင်း ရှစ်သောင်းလေးထောင်နက်ဝှမ်းဆောင်သော။ သမုဒ္ဒေ၀-သမုဒ္ဒေဇဝေ=တောင်ရွေပတ်ချုပ် ရေသမုဒ်ဒ္ဒသာလျှင်။ ကီဠောကာသံ-မြီးဆံရှင်ပျယ် စံပယ်ခတ်ကူး မြူးထူးကျက်စား ကစားခွင့်ကို။ လဘာတေ ယထာ=ရလေသကဲ့သို့။ ဧဝံ တထာ=ထို့အတူ။ ဉာဏ်=ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိူင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။ ဩကာသံ=မြူတူးကျက်စား ကစားခွင့်ကို။ လဘာတေ=ရတော်မူလေ၏။

> သမ္မသန္တဿ တံ ဓမ္မံ၊
> တဒါ သတ္တု သရီရတော။
> တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊
> လောဟိတာဒိ ပဘီဒနာ။

တဒါ=ထိုသို့ သဗ္ဗညုတ ရွှေဉာဏ်တော်ကျက်စား ကစားခွင့် ရသောအခါ၌။ တံ ဓမ္မံ=ပရမာဏ်ကျမြူ ပုံတူအလား (သိမ်မွေ့နူးညံ့စွာသော) ထိုပဋ္ဌာန်းတရားတော်ကို။ သမ္မသန္တဿ=သုံးသပ်ဆင်ခြင်တော်မူသော။ သတ္တု=ဗြဟ္မာနတ်လူ သုံးဘုံသူကို ကြည်ဖြူရှင်ပြုံး ရွှေနှလုံးဖြင့် ဆုံးမတော်မူပေတတ်သော မြတ်စွာဘုရား၏။ လောဟိတာဒိ ပဘီဒနာ=သွေးတော်စသည် ကြည်လင်တောက်ပခြင်းကြောင့်။ သရီရတော=ပကတိအတောင် တစ်ဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ။ ဆဗ္ဗဏ္ဏာ=ညို၊ ရွှေ၊ ဖြူ၊ နီ၊ မောင်းရီ၊ ပြိုးပြက်၊ တခဲနက်အား ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်အလျှံတို့သည်။ တံ တံ ဌာနံ=ဝဲယာ ရှေ့နောက် အထက်အောက်ဟု ဆိုအပ်သော ထိုထိုအရပ်ဌာနသို့။ ဓာဝန္တိ=ထိုဤမြားမား ပြေးသွားတော် မူကြလေကုန်၏။

http:\\www.dhammadownload.com



## ရောင်ခြည်တော် ခြောက်သွယ်

နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဥ္ဇိဋ္ဌာ၊
နိက္ခမိံသု ပဘာဿရာ။

(၁) **နီလဋ္ဌာနေဟိ**=ဆံတော် မျက်နက်တော်ဟု ဆိုအပ်သော ညိုရာရာ အရပ်တော်တို့မှ။ နီလာယော=ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အောက်မဲညို ကြာညို မျက်စဉ်းညို ကဲ့သို့လည်းကောင်း, တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တနွဲ့နွဲ့ တလွဲ့လွဲ့ ခတ်အပ်သော ပတ္တမြား ယပ်ညို ပုဆိုးညိုကဲ့သို့လည်းကောင်း, ထိုထို ရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို လွှမ်းအုပ်ဥာိစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသော အဆင်းရှိသော ရောင်ခြည်တော် အလျှံတို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်တရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အားဖြင့်) ပြေးသွားတော် မူကြလေကုန်ပြီ ... ။

(၂) **ပီတဋ္ဌာနေဟိ**=ရွှန်းအိကိုယ်ရေ ဝါရွှေရာ အရပ်တော်တို့မှ။ ပီတာ=ပတ်လည် ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုး ဖြန့်လှန်းသကဲ့သို့ လည်းကောင်း, ကျီကျူမှုန့်ရွှေဝါ မြင်းသီလာဆေးဒန်း ပွင့်မဟာ လေ့ကားပန်းတို့သည် ကောင်းကင်ပြည့် ပြွမ်းသကဲ့သို့ လည်းကောင်း, ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာ ရပ်ခွင်ကို ဝါလွှင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ရောင်ခြည် အလျှံတော်တို့သည်။ နိက္ခမိံသု= ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွ ဝင်းဝင်း ထွန်းလင်း တောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အားဖြင့်) ပြေးသွားတော်မူကြလေကုန်ပြီ။

(၃) **ဩဒါတဋ္ဌာနေဟိ**=အရိုးတော် သွားတော် မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရာရာ အရပ်တော်တို့မှ။ ဩဒါတာ=ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော နို့ရည်

http:\\www.dhammadownload.com



အလျဉ် ကောင်းကင်ပြည့် ငွေဗိတာန် ဝေဟာသံတိမ်မြင့်က တဝင့်ဝင့် တနွဲ့နွဲ့ တလွဲလွဲ ခတ်အပ်သော ငွေပြားယပ် ငွေစပယ် သင်းခွေနွယ် ကြာဖြူ မြတ်လေးဖြူကြက်ရုံးတို့ အုပ်ဖုံးကာ ယှက်ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် ဖင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်တော် အလျှံတို့သည်။ နိက္ခမိံသု=ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အားဖြင့်) ပြေးသွားတော်မူကြလေကုန်ပြီ ... ။

(၄) **လောဟိတကဋ္ဌာနေဟိ**=မျက်စိသားသွေး နီတွေးရာ အရပ်တော်တို့မှ။ လောဟိတာ=ဆုန်းမှုန့်တပ်စွဲ ရဲသော ချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်း မိုးဇွေ ပန်းကသစ် အနေလို ရေမြေရော ကောင်းကင်ပါ အာကာသအဇဋ္ဌာမှာ တိမ်မိလ္လာ ယှက်ပြေးသကဲ့သို့ နီတွေးထိန်ကျင် လွင်သော အဆင်းရှိသော ရောင်ခြည်တော် အလျှံတို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အားဖြင့်) ပြေးသွားတော် မူကြလေကုန်ပြီ ... ။

(၅-၆) **တ**=ထိုမှတစ်ပါးကုန်သော။ **မဉ္ဇိဋ္ဌာ**=မည်းနီညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမဲ့မှိုင်းအုံ့ မှုန်ရည်သော အဆင်းရှိသော ရောင်ခြည်တော်အလျှံတို့သည် လည်းကောင်း။ ပဘဿရာ=လ ကဆုန်ခါ အဇဋ္ဌာပြင်ကျယ် ကောင်းကင်လယ်က လျှပ်နွယ်ယှက်ကူး ပိုးရေမြူးစံ မီးပေါက်လျှံကဲ့သို့ ဝဲပျံတက်သက် ပြိုးပြိုးပြက်သော အားဖြင့် တခဲနက် အဆင်းရှိသော ရောင်ခြည်တော် အလျှံတို့သည် လည်းကောင်း။ တမှာ တမှာ-သရီရပဒေသာ=ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထိုကိုယ်တော် အစိတ်မှ။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အားဖြင့်) ပြေးသွားတော်မူကြလေကုန်ပြီ ... ။

http:\\www.dhammadownload.com



ဇဝံ ဆဗ္ဗဏ္ဏာရံသိယော၊
ဧတာ ယာဝဒ္ဓဝါသရာ။
သဗ္ဗာ ဒိသာ ဝိဓာဝန္တိ၊
ပဘာ နသဿန္တိ တတ္တိကာ။

ဇဝံ=ဤသို့။ ဧတာ ဆဗ္ဗဏ္ဏာရံသိယော။ ညို, ရွှေ, ဖြူ, နီ, မောင်းရီ, ပြိုးပြက် တခဲနက်အားဖြင့် ထိုခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော် အလျှံတော်တို့သည်။ ယာဝဒ္ဓဝါသရာ=သာသ ာတော်ရောင် ထွန်းပြောင်ထိန်လက် ယနေ့ထက်တိုင်အောင်။ သဗ္ဗာ ဒိသာ=ဝန်းကျ ၁တ်ခြံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိဓာဝန္တိ=ထိုဤမြားမား ပြေး ၃ားကြလေကုန်ပြီ။ တတ္တိကာ=ရောင်ခြည်တော်ခြောက် အစဉ်လျှောက်၍ ရောက်လေ ြာ ပဒေသာပင် ဥယျာဉ်ဗိမာန် အစရှိသော ထိုထိုအရပ်၌ ဖြစ်ကုန်သော။ ပဘာ=လက် ဆယ်ချောင်းဖြင့် သောင်းစကြဝါ ထွန်းနိုင်ပါသား ဗြဟ္မာ နတ်မင်း စသည်တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည်။ နသဿန္တိ= တေဇိန် ပယ်ရှင်း မထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်းပြေပျောက် ကြရလေကုန်၏။

ဣတိ ဆဗ္ဗဏ္ဏာရံသိတ္တာ၊
အင်္ဂီရသောတိ နာမသော။
လောကေ ပတ္ထဋကိတ္တိ တံ၊ ၏
ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။

ဣတိ - ဇဝံ ယထာဝုတ္တနယေန=ဤသို့ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဆဗ္ဗဏ္ဏာရံသိတ္တာ=ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်အလျှံတော် ရှိတော်မူသည်၏ အဖြစ်ကြောင့်။ နာမသော=လွန်ကဲထူးမြတ် ဂုဏ်သကတ်ကြောင့် ရဟော်မူအပ်သော အတ္ထာနုဂတ အနွတ္ထ အမည်တော်အားဖြင့်။ အင်္ဂီရသောတိ=အင်္ဂီရသ ဟူ၍။ လောကေ= လောကသုံးရပ် ဘုံသုံးထပ်၌။ ပတ္ထဋကိတ္တိံ=ကြေညာအောက်ထက် ပျံ့ကြက် ကျော်စောသော ကျေးဇူးတော် ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေထသော။ (ဂါ) ပြည့်စုံကော်မူသောကြောင့်။ နမဿိယံ=တစ်လောကလုံး ညွှတ်ရုံးဖြန့်မိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တန်စွာ ထသော။ တံ ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရ၍ သစ္စာလေးပါး မြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီးသိတော် မူပါသော [illegible] ပွတ်ထား [illegible] ဘုရားကို။ ဝန္ဒေ ဝန္ဒာမိ [illegible] ရှည်မှန်

http:\\www.dhammadownload.com



ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် ဦးနိမ်ညွှတ်ကာ လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ သာသနာ့ အလံတော်ကြီးမှာ ဒီအရောင် ခြောက်ပါးကို ခြယ်ထားတယ်။ နီလ-ပီတ-လောဟိတ-ဩဒါတ-မဉ္ဇိဋ္ဌ-ပဘဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

## သာစုသုတ္တန် နိဒါန်း

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံ အာရုံယူနိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နှင့် ပထမသင်္ဂါယနာ တင်စဉ် ကတည်းကိုက အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့က သုတ္တန်နိဒါန်း ဆိုပြီးတော့ တရားဒေသနာကို နိဒါန်း ပျိုးပေးတယ်။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ
အနာထပိဏ္ဍိကဿ အာရာမေ။

ဤအသံသည် ကျောင်းတိုက်ထဲမှာ စာချ စာသင်တဲ့အခါမှာ စာချဘုန်းကြီးနှင့် စာသင်သားတွေ အဖို့ပဲ၊ အခုလို တရားဟောတဲ့အခါမှာ တရားဟော ပုဂ္ဂိုလ်နှင့် တရားနာတဲ့ ပုဂ္ဂိုလ်တွေ အဖို့ပဲလို့ ဒီတရားတော်ဟာ ငါတို့အဖို့ပဲလို့ တွက်ထားပါ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ဧကံ=တစ်ပါးသော။ သမယံ=အခါ၌။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ=သာဝတ္ထိပြည်၏ အနီးဖြစ်သော။ အနာထပိဏ္ဍိကဿ=အနာထပိဏ်သေဋ္ဌေး၏ အာရာမေ=မွေ့လျော်ဖွယ်ရာ ဖြစ်ပေထသော။ ဇေတဝနေ=ဇေတဝန်ကျောင်း၌။ ဝိဟရတိ=ဣရိယာပထ မျှတ ရွှင်ပြုံး သီတင်းသုံး စံနေတော်မူ၏။

သူတော်ကောင်းတို့ တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်း မွေ့လျော် နေတော်မူတဲ့ပုံ စိတ်ထဲမှာ အာရုံပြုထားပါ။ ဗုဒ္ဓဘာသာ သူတော်စင်တွေဆိုတာ တရားနှင့်စပ်လို့ ရှေ့က ဟောသွားယင် နောက်က အနက်ထင်လိုက်ကြ၊ တစ်ခါတည်းပဲ အာရုံကို အောင်အောင်မြင်မြင် ရောက်ပြီးပါပြီ။ ရှေ့ဆက်၍ အာရုံဘယ်လို ယူရမလဲ၊ အနုသန္ဓေ စကားဆက်အနေနှင့် အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာတို့ ဆက်ပေးမယ်။

http:\\www.dhammadownload.com



အထ ခေါ သမ္ဗဟုလာ သတုလ္လပကာယိကာ ဒေဝတာယော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနု ပသင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု။

သူတော်ကောင်းတို့၊ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူတဲ့အခါ မြောက်မြားစွာသော သတုလ္လလကာယိက ခေါ်တဲ့ နတ်တွေ ညဉ့်ဦးယံ လွန်မြောက် သန်းခေါင်ယံလို့ ခေါ်ရတဲ့ ၁၁–နာရီမှ ၁၂–နာရီအကြား ဒီ ကာလအချိန်မှာ –

(မြတ်စွာဘုရားရဲ့ နေ့စဉ် နေ့စဉ် ဗုဒ္ဓကိစ္စကို ရေတွက်ပြတဲ့ လင်္ကာများ ကြားညှပ်ပြီးတော့ ကြည်ညို ကြည့်ပေါ့။)

**ဗုဒ္ဓကိစ္စငါးပါး**

**နေ့ကိုငါးလီ**

(၁) မြတ်စွာဘုရားသည် ထိုထို သီတင်းသုံးတဲ့နေရာမှာ နေ့မှာ နံနက်ရော နေ့ရော ထိုထို မြို့ရွာ ဒကာ ဒကာမတွေအတွက် တရားချီးမြှောက် ဟောကြားတော်မူတယ်။

**ညဉ့်ကိုရှေ့ယံ သမဏံတည့်**

(၂) ည–ပထမယံဆိုတာ ၆–နာရီကနေပြီး ၇–နာရီ၊ ၈–နာရီ၊ ၉–နာရီ၊ ၁၀–နာရီ။ အဲဒီရှေ့ယံ ပထမယံမှာ ရဟန်းတော်တွေအတွက် တရားဟောပေးတယ်။ ဒါ နှစ် ဗုဒ္ဓကိစ္စ။

**လယ်ယံရှေ့နောက်**

(၃) အလယ်ယံခေါ်တဲ့ သန်းခေါင်ယံကို နှစ်ပိုင်း ပိုင်းပါ။ ရှေ့ပိုင်း ၂–နာရီ၊ ၁၀–နာရီ ကနေပြီးတော့ ၁၁–နာရီ၊ ၁၂–နာရီရောက်၊ အလယ်ယံရဲ့ ရှေ့ပိုင်း၊ ဒီ ၂–နာရီအတွင်းမှာ စကြဝဠာ တိုက်တစ်သောင်းက လာရောက်ကြတဲ့ နတ်ဗြဟ္မာတွေ အလှည့်ရတယ်။ ဤအချိန်မှာ နတ် ဗြဟ္မာတွေ မေးသမျှသော ပြဿနာကို ဖြေတယ်။ ဝေနေယျစရိုက် အားလျော်စွာ တရားဟောတယ်။ နတ် ဗြဟ္မာတို့အား ချီးမြှောက်တဲ့ တတိယ ဗုဒ္ဓကိစ္စ။

http:\\www.dhammadownload.com



**တစ်ရပ်လျှောင်းကာ**

(၄) အလယ်ယံရဲ့ နောက်ပိုင်း တစ်ဆယ့်နှစ်နာရီက နေပြီးတဲ့ နောက်ပိုင်း တစ်ချက် နှစ်ချက် ရောက်အောင် ဖလသမာပတ်ဖြင့် လျောင်းတော်မူတယ်။ အနားယူတယ် ပေါ့။ အရဟတ္တဖိုလ် သမာပတ်တရား ခေါင်းတည်ပြီးတော့ ပြောတာပါ။

အမှန်ကတော့ အဲဒီ နှစ်နာရီမှာ ဘုရားကိုယ်တော်မြတ် မဟာကရုဏာ သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှင့် တစ်သိန်း ဝင်စားတယ်။ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှင့် တစ်သိန်း ဝင်စားသတဲ့။ ဒီနှစ်နာရီလောက်မှာ အဲဒီလို ဝင်စားတာဟာ ဘာပြုလို့လဲ၊ နေ့စဉ်နေ့စဉ် ကိုယ်တော်မြတ်က ဝေနေယျတွေကို ဖြေရှင်း နေရတာ ဖြစ်လေတော့ မဟာကရုဏာသမာပတ် ဝင်စားထားတော့ ကိုယ်တော်မြတ် အပေါ် ရိုင်းချင်တိုင်း ရိုင်းပါစေ၊ မဟာကရုဏာတော် လက်ခံထားတဲ့ ပွားထားတဲ့ မဟာ ကရုဏာရှင် ဖြစ်နေတော့ သားဆိုးက ဖခင်အပေါ် ဘယ်လိုပင် ဆိုးပေမယ်လို့ ဖခင်က အပြုံးမပျက်သလိုပေါ့၊ လူဆိုး နတ်ဆိုး တိရစ္ဆာန်ဆိုးတွေ ဘုရားအပေါ် ဘယ်လိုပဲ ဆိုးဆိုး အပြုံးမပျက်ဘူး။ အဲဒီ မဟာကရုဏာ သမာပတ်ကြောင့် အပြုံးမပျက်ဘဲနဲ့ ကရုဏာကြီးမား မေတ္တာထားနိုင်တယ်။ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်း တစ်သိန်း ဝင်စားတာက နေ့စဉ် နေ့စဉ် တရားဒေသနာကို ဟောရလိမ့် မယ်၊ ဒေသနာဉာဏ် ဖြည့်ရလိမ့်မယ်၊ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်း တစ်သိန်း ဝင်စားထားတဲ့အတွက် ကိုယ်တော်ရဲ့ ဒေသနာဉာဏ်ဘွေ ပဇ္ဇွေက ဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံဘဲနှင့် ဟောလိုက်တိုင်း ဟောလိုက်တိုင်း ကရား နာ ပရိသတ်တို့ရဲ့ အာသယ အဓိမုတ္တိနှင့် လိုက်လျောပြီးတော့ ဆိုကြပါစို့။ တစ်ဂါထာ တည်းနဲ့လဲ မဂ်ဖိုလ် ရောက်အောင် ကျေးဇူးပြုပေးတယ်။

အရဟတ္တဖိုလ် သမာပတ် ဝင်စားတယ် ဆိုတာ ဒေသနာဉာဏ် ထက်သန်အောင်လို့ ဒေသနာဉာဏ် တည်းဟူသော ဓားထက်အောင် လုပ်ပြီးတော့ ဒေသနာဉာဏ်ဖြင့် ဝေနေယျဝို့ သန္တာန်မှာရှိတဲ့ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတွေကို ပယ်သတ်ပြီးတော့ ဤဝေနေယျတွေကို သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ် အရဟတ္တမဂ်ဖိုလ် ပါရမီအလျောက် မဂ်ဖိုလ်ရောက်အောင် ချီးမြှောက် တော်မူနိုင်ပါတယ်။

နောက်ယံရောက်က၊ မြားမြောက်ဝေနေ၊ သိရှိလေ၊ ပရမေ ကိစ္စများ

http:\\www.dhammadownload.com



(၅) ဆိုခဲ့တဲ့အတိုင်း ပစ္ဆိမယံ နှစ်နာရီက နောက် (၃-၄-၅-၆) ခြောက်နာရီကျမှ ဒီကနေ့ ဆိုတာ ကုန်ဆုံးပါတယ်။

အေး ... အဲဒီ ပစ္ဆိမယံ ၄-နာရီကတော့ လာမယ့်နေ့မှာ ကိုယ်တော်မြတ် ချေချွတ် ရမယ့် ဝေနေယျ သတ္တဝါတွေကို အစဉ်အတိုင်း ကြည့်တယ်။ နံနက်ခင်း ဘယ်မှာ ဘယ်သူ့ကို ချေချွတ်ရလိမ့်မယ်၊ ဘယ်သူ့ကို ဘယ်လိုဟောလို့၊ သူက ဘယ်လို ပြောလို့၊ သူ့ကို ငါဘုရား ဘယ်လို တရားဟောရလိမ့်မယ်။

နေ့လယ်ခင်း ဘယ်မှာ ဘယ်သူ့ကို ချေချွတ် ရလိမ့်မယ်။ ညနေ ဘယ်သူ့ကို ချေချွတ် ရလိမ့်မယ်ဆိုတာ အဲဒီ ၄-နာရီ စဉ်းစားရတယ် အကုန်လုံးကို။ အဲဒီ ဗုဒ္ဓကိစ္စ ငါးပါးထဲမှာ ဒီလင်္ကာအရ တတိယမြောက် ဗုဒ္ဓကိစ္စ ပြုချိန်မှာ ည ၁၀-နာရီနှင့် ၁၂-နာရီအကြား တတိယ ဗုဒ္ဓကိစ္စ ပြုချိန်ကို မှန်းပြီးတော့ အာရုံယူထားပါ။

## သတုလ္လပကာယိက နတ်များ

သူတော်ကောင်းတို့ ... ၊ ထိုအခါ မြောက်မြားစွာသော သတုလ္လပကာယိက နတ်များ ညဥ့်ဦးယံ လွန်မြောက် သန်းခေါင်ယံ ရှေ့ပိုင်း တတိယ ဗုဒ္ဓကိစ္စအတွက် နတ်ဗြဟ္မာများ အား ချေချွတ်တဲ့ ၁၀-နာရီမှ ၁၂-နာရီအကြား ဤကာလဟာ ဇေတဝန်ကျောင်းတိုက် ကြီး တစ်ခုလုံးကို မိမိတို့ရဲ့ ကိုယ်ရောင်ကိုယ်ဝါဖြင့် လျှပ်စစ်မီးတွေ အရာအထောင် ထွန်းညှိထားသလို တစ်ကိုယ်လုံးကို လင်းစေပြီးတော့ ဘုရားရှိရာ ခယဝပ်လျှိုး ရှိခိုး ဦးညွှတ် အပြစ်လွတ်ရာက ရပ်တည်ကြတယ်။

ဘာပြုလို့ မထိုင်တုန်း၊ နတ်တွေအဖို့ ရပ်သော ဣရိယာပုတ်က ချမ်းသာတယ်။ ထိုင်တဲ့ ဣရိယာပုတ်က အင်မတန် ဆင်းရဲတယ်။ တစ်နည်းအားဖြင့်လဲ ရပ်ပြီးတော့ လက်အုပ်ချီတာကလဲပဲ ရိုသေရာ ကျနေပါတယ်။ ပြန်ဖို့ကလဲ လွယ်တယ်။ နတ်တွေက လူ့ပြည်ကို ဘုရားရှိလို့သာ လာရတာ၊ လာကို မလာချင်ကြဘူး။ ဒါပေမယ့်လို့ တရား မနာဘဲက မနေနိုင်လွန်းလို့ လာရပါတယ်။ တရားနာပြီးလို့ရှိယင် မြန်မြန်ပြန်နိုင်အောင် အဲဒါ မတ်တတ်ရပ်ပြီးတော့ ဘုရားကိုလဲ ဂါရဝ မပျက်အောင် ရပ်တည်နေပါတယ်။ ရပ်တည်ပြီး ကြတဲ့အခါမှာ အာရုံ ဆက်ယူလိုက်ကြစမ်းပါ။

ဧကမန္တံ ဌိတာ ခေါ ဧကာ ဒေဝတာ ဘဂဝတော သန္တိကေ
ဣမံ ဂါထံ အဘာသိ။

http:\\www.dhammadownload.com



သူတော်ကောင်းတို့၊ အဲဒီလို သတ္တလ္လပကာယိက နတ်တွေ ပါဠိလို သတ္တုလ္လပကာယိက နတ်ဆိုတော့ တပည့်တော်တို့ မကြားဘူးတဲ့ နာမည်ပဲ၊ ဟုတ်တယ်၊ ဒီနတ်တွေကို သတုလ္လပကာယိက နတ်လို့ ခေါ်ရတဲ့ အကြောင်း နည်းနည်းစဉ်းစားကြရအောင်။

**သေခါနီး သရဏဂုံကြောင့် နတ်ပြည်ရောက်ကြခြင်း**

မြတ်စွာဘုရား လက်ထက်တုန်းက အိန္ဒိယက ဘာလဲ – ပထမတုန်းက ဗုဒ္ဓဘာသာ မဟုတ်ဘူး။ အသက်ထက်ဆုံး ဆိုသလို ပင်လယ်ထဲမှာ ပင်လယ်ကူးတဲ့ စက်လှေကြီးနှင့် ပင်လယ်ကူး သင်္ဘောကြီးနှင့် ကုန်ရောင်းကုန်ဝယ် သွားကြတဲ့ ကုန်သည်ခုနစ်ရာဟာ သူတို့ အသက်သေခါနီးဆိုတဲ့ အခေါက်ကျတော့ ပင်လယ်ထဲမှာ အန္တရာယ် တွေ့တယ်။ တွေ့တဲ့ အန္တရာယ်က ဘယ်လိုနည်းနဲ့မှ အသက်ကို မလွတ်နိုင်တဲ့ လေမုန်တိုင်း အန္တရာယ် ဆိုပါစို့၊ အန္တရာယ် တွေ့တဲ့အခါမှာ ဘာသာရေးလက်လွတ် ခုနစ်ရာသော ကုန်သည်တို့သည် အော်လိုက် ငိုလိုက် ရွတ်လိုက်ကြတာ၊ အဲဒီအထဲမှာ ဗုဒ္ဓဘာသာ ကုန်သည်တစ်ယောက် ပါတယ်။ သူက စဉ်းစားတယ်။ "ငါ့မှာ ထောက်ရာ တည်ရာ အားထားမှီခိုရာ ရှိရဲ့လား၊ ပြန်စဉ်းစားတယ်။ စဉ်းစားတော့ ငါသည် နေ့စဉ်လဲပဲ သရဏဂုံသီလတွေ စင်ကြယ်တယ်။ အလှူဒါနတွေ ပြုတယ်၊ အထူးသဖြင့် ငါ သင်္ဘောထွက်မယ့် နေ့တုန်းက ဘုရား အမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်ခဲ့တယ်၊ သင်္ကန်း, ထီး, ဖိနပ်များကိုလဲ လှူခဲ့တယ်၊ ငါ့မှာ သရဏဂုံ သီလတည်းဟူသော ရိက္ခာ၊ ဒါန တည်းဟူသော ရိက္ခာတွေ အများကြီးပါတယ်။ ငါ ဒီဘဝမှ စုတေယင် ဘာပူစရာ ရှိသလဲ၊ မြေအိုးနဲ့တူတဲ့ လူခန္ဓာကို စွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာကို ရမယ့် လူ တစ်ယောက်၊ ဘာပူစရာ ရှိသလဲ" ဆိုပြီး သူက အပြုံးမပျက် သီလ မကျိုးမပေါက် မပြောက်မကျား သော ငါးပါးသီလကို **ယောဂါဝစရ ပုဂ္ဂိုလ်ပမာ** ထိုင်ပြီးတော့ တစ်ခါ တည်း စဉ်းစားနေတယ်။ သီလာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်လို့ ဆိုပါစို့၊ ကျန်တဲ့ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ခုနစ်ရာသော ကုန်သည်တို့ကတော့ သေခြင်း ရောက် လာတော့ အားကိုးရာမဲ့ ဒီလူကြည့်လိုက်တော့ အပြုံးမပျက်ဘူး။ ရုပ်က ပိုပြီး ကြည်လင် သန့်ရှင်းသလို ဖြစ်လာ တော့ –

"အသင် ... ကျွန်တော်တို့ သေဘေးရောက်တော့မှာမို့ အားလုံး မျက်နှာ ပျက်နေ တယ်။ အသင်က ဘာပြုလို့ အပြုံးမပျက် အနေမပျက် ပိုပြီးတော့တောင် ကြည်လင် နေရတုန်း"ဆိုတော့ –

http:\\www.dhammadownload.com



"ကျွန်ုပ်မှာ သရဏဂုံသီလ ရှိတယ်၊ ဒါနကောင်းမှုတွေ အများကြီးပဲ တစ်သက်လုံး ပြုခဲ့တာ ရှိတယ်၊ မြေအိုးနှင့်တူသော လူ့ဘဝခန္ဓာ ပျက်ပြီးတဲ့ အခြားမဲ့၌ ရွှေအိုးနှင့်တူသော နတ်ခန္ဓာကို ရမှာ သိတဲ့အတွက်ကြောင့် ဘာပူစရာ ရှိသလဲ"။ ရဲရဲတောက်ပဲ သူက ပြန်ပြောတယ်။

ဟိုလူ ခုနစ်ရာက "အသင် ဆောက်တည်ခဲ့တယ်ဆိုတဲ့ သရဏဂုံသီလကို အကျွန်ုပ်တို့ ဆောက်တည်လို့ ရပါသလား။ ရပါတယ်ဆိုယင် ဆောက်တည်ပါရစေ"။

"ရပါတယ်။ သို့သော်လဲ ခုနစ်ရာလုံးကို တစ်ပြိုင်နက် တိုင်ပေးလို့ မရပါဘူး။ ပင်လယ်ထဲမှာ လေးပြင်းမုန်တိုင်းက အကြီးအကျယ် ကျနေတယ်။ ခုနစ်ရာစလုံး ကြားအောင် မပြောနိုင်ဘူး။ ဒီတော့ တစ်ရာလျှင် တစ်စု၊ တစ်ရာ တစ်စု မြန်မြန် စုကြ၊ ကိုရင်တို့ သိပ်အရေးက ကြီးလာပြီ၊ လှေကလဲ နစ်တော့မယ်၊" ဒီတော့ ... ပထမအစုကို သရဏဂုံသီလကို ရှေ့ကချပေး၊ ဒုတိယအစုကို တစ်ခါ သရဏဂုံသီကို ရှေ့က ချပေး၊ ခုနစ်စု ခုနစ်ခါ ချပေးရတယ်။

ပထမအစုကို သရဏဂုံသီလ ချပေးလို့ ပြီးတဲ့အချိန်မှာ ရေက ဖမျက်ရောက် ခြေမျက်စိ ရောက်လာ ရေက မြုပ်စပြုလာ၊ ဒုတိယအကြိမ် သရဏဂုံသီလ ချပေးတဲ့ အချိန်ကြည့်လိုက်တော့ ဒူးခေါင်းရောက်နေပြီ၊ တတိယအစုကို သရဏဂုံသီလ ချပေးတဲ့ အခါမယ် ပေါင်ရောက်နေပြီ၊ စတုတ္ထအစု ချပေးပြီးတဲ့ အချိန်မှာ ရေက ခါးချက်ရောက်နေပြီ၊ ပဥ္စမအစုကို ချပေးပြီးတဲ့ အချိန်မှာ ရင်ခေါင်း၊ ဆဋ္ဌအစု ချပေးပြီးတဲ့ အချိန် လည်မျို၊ သတ္တမအစု ချပေးပြီးတဲ့ အချိန်မှာ ရေက မေးစေ့ ရောက်နေပြီ။

"ကိုရင်တို့ .. အဲဒီ သရဏဂုံသီလကိုသာ မမေ့မလျော့ အောက်မေ့ကြ" ဆိုပြီး ပြောပြီး ဘာမှ ကြာမှာ မဟုတ်ပါဘူး၊ မိနစ်ပိုင်း အတွင်းမှာပဲ ရေထဲနစ်ပြီး အားလုံး အသက် ဆုံးရှုံးကုန်ကြတယ်။ ထိုခုနစ်ရာသော ကုန်သည်တို့သည် သေခါနီးကာလဝယ် ဆောက်တည်အပ်သော သရဏဂုံသီလ၏ ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်ဝယ် သွားပြီး အစုလိုက် နတ်သားတွေ ဖြစ်ကြတယ်။ အကြီးဆုံး ပုဒ္ဓဘာသာ နတ်သားရဲ့ ဗိမာန်က ဘေးက ဝိုင်းလျက် သူတို့က သရဏဂုံ သီလရဲ့ ကျေးဇူးကို မခံစားရစဖူး ခံစားရတယ်။

အေး ... တစ်သက်လုံး ဆောက်တည်တဲ့ သရဏဂုံသီလကို မဆိုထားနဲ့၊ သေခါနီး ဆောက်တည်လိုက်ရတဲ့ သရဏဂုံ သီလကောင်းမှု နတ်စည်းစိမ်ကို ရပြီး ခံစား ခံစား

http:\\www.dhammadownload.com



ရတယ်။ ဒီတော့ သူတို့က သရဏဂုံသီလရဲ့ ဂုဏ်ကို အမြဲ ချီးမွမ်းနေတယ်၊ သရဏဂုံ သီလကိုလဲပဲ မကျိုးမပေါက် မပြောက်မကျားရအောင် အမြဲတမ်း စောင့်ထိန်းကြတယ်။

ဒါကြောင့် သူတို့ကို ပါဠိမှာ သတုလ္လပကာယိက နတ်တွေလို့ ခေါ်ရတယ်။

ဝိဂ္ဂြိဟ်ဝစနတ္ထ လုပ်တဲ့အခါမှာ –

သတံ ဓနံ သမာဒါနဝသေန ဥလ္လပန္တီတိ သတုလ္လပံ။

သတုလ္လပနံ့ ကာယော သတုလ္လပကာယော။

သတုလ္လပကာယေ နိဗ္ဗတ္တာ သတုလ္လပကာယိကာ။

ဘုန်းကြီးတို့ စာသဘော ဒီအတိုင်း ဝိဂ္ဂြိဟ် လုပ်ရတယ်၊ အေး – သန္တပုဒ် ဥလ္လပပုဒ်၊ မြန်မာလို ပြောကြစို့လို့ရှိယင် သူတော်ကောင်းတို့၏ တရား၊ အထူးအားဖြင့် သရဏဂုံ သီလ ကိုယ်တိုင်ကျင့်သုံး ဆောက်တည်ပြီးသကာလ ဒီဂုဏ်ကျေးဇူးကို ဒီပြင် နတ်တွေ ထက် အထူးပြောတဲ့ နတ်တွေ ဒါကို သတုလ္လပကာယိကနတ်။ သူတို့မှာ ဒီပြင် စားရေး ဝတ်ရေး နေရေး ထိုင်ရေး ဘာမှ ပူပင်ရတာ မဟုတ်တော့ သူတို့နတ်တွေရဲ့ အလုပ်ဟာ နှစ်မျိုးပဲ ရှိတယ်၊ မေ့လျော့တဲ့ နတ်က အာရုံငါးပါးထဲမှာပဲ မေ့နေတာပဲ၊ တီးဟယ် မှုတ်ဟယ်၊ သွားဟယ်၊ လာဟယ်၊ ပျော်ဟယ်၊ ပါးဟယ်နှင့် အာရုံငါးပါး လိုက်စား မေ့လျော့နေတယ်။ မမေ့မလျော့တဲ့ အခုလို သတုလ္လပကာယိက နတ်တွေလိုကျတော့ တရားဆွေးနွေးကြတယ်၊ အေး ... တရားဆွေးနွေးပြီးပြီဆိုယင် ဘုရားကို လာလာ လျှောက်တယ်။ သူတို့ကတော့ နတ်ပြည်မှာ တရားဆွေးနွေးလိုက်၊ မိမိတို့ အချင်းချင်း ဆွေးနွေးလို့ရတဲ့ တရားကို ဘုရားအား လာလျှောက်ထားလိုက်၊ ဒီလိုနဲ့ပဲ သူတို့ဟာ အချိန်ကို ကုန်စေတယ်၊ အခု သတုလ္လပကာယိက နတ်တွေ ဘုရားထံမှောက် ရောက်လို့ အားလုံး ရိုသေမြတ်နိုး ရှိခိုးဦးညွှတ် အပြစ်လွတ်တဲ့ နေရာက ရပ်တည်ပြီးလို့ ပရိသတ် လဲ ငြိမ်ရော –

ဧကမန္တံ ဋ္ဌိတာ ခေါ ဧကာ ဒေဝတာ ဘဂဝတော

သန္တိကေ ဣမံ ဂါထံ အဘာသိ။

သူတော်ကောင်းတို့၊ အားလုံး ရပ်တည်ပြီးလို့ ပရိသတ်ငြိမ်တဲ့ အချိန်မှာ ... ခေါင်း ဆောင် နတ်သားတစ်ယောက်က မြတ်စွာဘုရားရဲ့ အထံမှာ ဤဂါထာကို ရွတ်ဆို လျှောက်ထားတယ်။

http:\\www.dhammadownload.com



## မလှူချင်သော အကြောင်းနှစ်ပါး

၁။ မစ္ဆေရာ စ ပမာဒါ စ၊
ဧဝံ ဒါနံ န ဒီယတိ။
ပုညံ အာကင်္ခမာနေန၊
ဒေယျံ ဟောတိ ဝိဇာနတာ။

မာရိသ=ဒုက္ခစပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ဒါနံ=အလှူဆယ်သင်း ပေးလှူခြင်းသည်။ ခေါ=စင်စစ်။ တာဒိ=ချီးမွမ်းအပ် မြတ်လှပါတယ်ဘုရား။

မြတ်စွာဘုရား ... အလှူဒါန ကောင်းမှုပြုတာဟာ တကယ့်ကို ချီးမွမ်းအပ် တကယ် ကောင်းမြတ်တဲ့ အလုပ်ပါပဲဘုရား။

မာရိသ=ဒုက္ခစပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ မစ္ဆေရာ စ=မလှူလို မတန်းလို မပေးလို မကမ်းလို ဝန်တိုစေးနဲတဲ့ မစ္ဆေရတရားကြောင့် လည်းကောင်း။ ပမာဒါ စ=အာရုံငါးပါး လိုက်စား မေ့လျော့နေခြင်းကြောင့် လည်းကောင်း။ ဧဝံ=ဤသို့ ဆိုအပ်အကြောင်း နှစ်ရပ်ကြောင့်။ ဒါနံ=အလှူဒါနကို။ န ဒီယတိ=မပေးအပ်ပါပြီ။

## ဝန်တိုမှုနှင့် အာရုံငါးပါးလိုက်စားမှု

မြတ်စွာဘုရား၊ တပည့်တော်တို့ တရားဆွေးနွေးပွဲမှာ တပည့်တော်တို့အားလုံး သဘောတူပြီးတော့ တရားဆွေးနွေးလို့ရတဲ့ တရားအဆက်ကို လျှောက်ထားပါရစေ၊ တချို့တချို့ လူတွေဟာ အလှူဒါန မပေးကာဟာ အကြောင်းနှစ်မျိုး ရှိပါတယ်ဘုရား။

တစ်မျိုးက ဘာလဲဆိုတော့ ငါဒီလို ပေးလိုက်ကမ်းလိုက် လှူလိုက် တန်းလိုက်ယင် သူက စဉ်းစားတာ၊ ငါရဲ့ သားမယားနှင့် အခြွေအရံတွေ ဘယ်လို စားမလဲ၊ ဘယ်လို နေမလဲ၊ ဘယ်လို ဝတ်မလဲ၊ အေး ... မိမိတို့ မစားရ မဝတ်ရ မသုံးရမှာ ကြောက်လို့။ အင်း ... မစ္ဆရိယက ကြောက်သလား ကိုယ်တော်လို့ မေးယင် မစ္ဆရိယက ဒေါသမူစိတ် မှာ ဟုဥ်တာ၊ အေး ... မဝတ်ရမှာ မစားရမှာ မသုံးရမှာ ပြီးတော့ ငါတို့ ကုန်သွားယင် ငါဘာစားရမလဲ၊ ငါဘာဝတ်ရမလဲ၊ အဲဒီလို ပူပန်မှု ဒေါသ ပါကယ်မှာ။ အဲဒီတော့ ကြောက်လို မသုံးလို မစားလိုတဲ့ မစ္ဆေရတွေ မစ္ဆရိယ စေတသိက် တရိုက်ရိုက် ဟစ်ခါတည်း ကနွားမှား ဖြင့်လာတော့ မလှူဖြစ်ဘူး မြတ်စွာဘုရား။ ဒါ [illegible] ပါး

http:\\www.dhammadownload.com



ယသေဝ ဘီတော န ဒဒါတိ မစ္ဆရီ၊
တဒေဝါဒဒတော ဘယံ။
ဇိဃစ္ဆာ စ ပိပါသာ စ၊
ယဿ ဘာယတိ မစ္ဆရီ။
တမေဝ ဗာလံ ဖုသတိ၊
အသ္မိံ လောကေ ပရမှိ စ။

ဘုရားကို သတုလ္လပကာယိက နတ်တွေ တစ်ချိန်က ဒီသုတ္တန်ရှေ့က **မစ္ဆရိယသုတ္တန်**မှာ သူတို့ လျှောက်ဖူးတယ်၊ မြတ်စွာဘုရား ... မစ္ဆရိယသမားသည် အကြင်အရာကို ကြောက်၍ အလှူအတန်း ဒါနမပြု၊ သူကြောက်တဲ့ အရာသည်ပင်လျှင် ဒါနမပြုတဲ့ အတွက် သူ့ကို ပြန်ပြီးတော့ ရောက်လာတယ်။ နှိပ်စက်လာတယ် ဘုရား။

သူကြောက်တာ ဘာလဲဆိုတော့ -

ဇိဃစ္ဆာ စ ပိပါသာ စ၊ ယဿ ဘာယတိ မစ္ဆရီ။

မစ္ဆရိယသမားသည် မစားရမှာ မသောက်ရမှာ မဝတ်ရမှာ ဒါတွေကို ကြောက်တယ်၊ ကြောက်လို့ မလှူတာ၊ အေး သူကြောက်လို့ မလှူတဲ့အတွက် သူကြောက်သော မစားရ မသောက်ရ မဝတ်ရ ကောင်းကောင်းမနေရတဲ့ သူကြောက်တာတွေသည် သူ့ကိုပဲ ရောက်လာကြတယ် ဘုရား - တဲ့။

အေး မစ္ဆရိယက အားကြီးလာတော့ တော်တော်ကြာတော့ ... သူတစ်ပါးကို မလှူရက် မတန်းရက်ရုံတွင် မကဘူး၊ ကိုယ်လဲ မစားရက်တော့ဘူး၊ ကိုယ်လဲ မသုံးရက်တော့ဘူး၊ အဲဒါကြောင့် ပစ္စုပ္ပန်မှာလဲ သူကြောက်တဲ့ မစားရခြင်း မသောက်ရခြင်း မသုံးရခြင်း - ပြီးတော့ အိမ်ယာကောင်းကောင်းတွေလဲ မနေရခြင်းဆိုတဲ့ ... ဘေးဆိုးတွေ သူ့မှာပဲ ရောက်လာကြတယ်၊ တမလွန်ကျတော့လဲ သူ့မှာ ဒါန မပါတဲ့အတွက် အဲဒီဘဝမှာ ကောင်းကောင်းမစားရ မဝတ်ရ မသုံးရ ဆိုတဲ့ဘေးတွေ သူ့မှာပဲ ရောက်လာကြပြန်တယ် မြတ်စွာဘုရားလို့ - တစ်နေရာမှာ သူတို့ တရားဆွေးနွေးပွဲက ရလာတဲ့ တရားအတွက် သူတို့ လျှောက်ဖူးတယ်။ ယခု ဒီနတ်သားက မေးတယ်၊ ရှင်းရှင်း - မလှူတာဟာ ဘာကြောင့် မလှူသလဲဆိုယင် -

(၁) မစားရမှာ မသောက်ရမှာ မဝတ်ရမှာ ပူလို့ မလှူလို မတန်းလို မပေးလို မကမ်းလို ဝန်တိုတဲ့ မစ္ဆရိယကြောင့်လဲပဲ တချို့တချို့ လူများဟာ မလှူမိ မတန်းမိကာပါဘုရား။

http:\\www.dhammadownload.com



(၂) တချို့လူကတော့ ဒါ မဟုတ်ပါဘူး၊ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးကို လိုက်စား နှစ်မျော မေ့လျော့နေခြင်းဆိုတဲ့ ပမာဒတရားကြောင့် ဒါနကောင်းမှု မပြုဖြစ်တာ။ ဒါနကောင်းမှု မပြုဖြစ်တာ ဟာ ဒီနှစ်ပါးပဲ ရှိတဲ့အကြောင်း ပြောတာ။

ပုညံ အာကင်္ခမာနေန၊
ဒေယျံ ဟောတိ ဝိဇာနတာ။

မာရိသ=ဒုက္ခခပ်သိမ်း ကင်းငြိမ်းတော်မူပြီးသော မြတ်စွာဘုရား။ ပုညံ=ဖြူစင်သော ကောင်းမှုကုသိုလ်ကို။ ပုညံ-ပစ္စုပ္ပန်တမလွန် ဖြူစင်စေတတ်တဲ့ မြတ်သော ကောင်းမှုကို။ အာကင်္ခမာနေန=တောင့်တလင့်ကြို အလိုရှိသော။ ဝိဇာနတာ=ပစ္စုပ္ပန် တမလွန် အရေး ထောက်တွေးမြော်မြင် ပညာရှင်သည်။ ဒေယျံ=အလှူဆယ်ရပ် ပေးလှူအပ် ပေးလှူထိုက်သည်။ ဟောတိ=ဖြစ်ပါသည် ဘုရား။

မြတ်စွာဘုရား=မိမိရဲ့ ပစ္စုပ္ပန် တမလွန် ဖြူစင်ကောင်းမြတ်တဲ့ ကုသိုလ်တရားကို လိုလားတောင့်တတဲ့ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဆိုယင် ဒါနကောင်းမှု ပြုအပ်ပြုသင့် ပြုထိုက်တာ အမှန်ပဲဘုရား။

## မြတ်စွာဘုရား လက်ခံအတည်ပြုသော ဒါနအကြောင်း

အဲဒီလို သူက သူတို့ တရားဆွေးနွေးပွဲက ဆုံးဖြတ်ချက် မိမိနှစ်သက်တဲ့ အချက်ကို ဘုရားကို လျှောက်တယ်။ မြတ်စွာဘုရားက သူ့ရဲ့ထံမှောက် လာရောက်ပြီးတော့ တရားနဲ့ ပတ်သက်တဲ့စကား လူကပဲ ပြောပြော၊ နတ်ကပဲ ပြောပြော၊ ပရိဗိုဇ်ကပဲ ပြောပြော၊ ဘယ်သူကပဲ ပြောပြော မဟုတ်ယင် ဘုရားက ချက်ချင်း ကန့်ကွက်တယ်နော်။

ဒီပုဂ္ဂိုလ် ပြောတဲ့စကားသည် တရား ဝင်တယ်၊ တရားသဘောအရ မမှားဘူး၊ မှန်ကန်တယ်ဆိုယင် ဘယ်သူ့မှ မတားဘူး၊ မတားတဲ့အပြင် သာခုကောင်းချီး ပေးပြီးတော့ ထိုသူရဲ့ ပြောဆိုချက်ကို လက်ခံခွင့်ပြုတယ်။

အခု ဒီနတ်သား လျှောက်ထားတဲ့ စကားဟာ အင်မတန်လဲ မှန်ကန်တယ်၊ မြတ်စွာဘုရားကို တစ်ဦးတစ်ယောက်က မေးမယ်။

"မြတ်စွာဘုရား၊ လူတွေ မလှူဖြစ်တာ ဘာကြောင့်လဲ"

http:\\www.dhammadownload.com



(၁) မစ္ဆရိယကြောင့်လဲ မလှူဖြစ်ဘူး၊
(၂) တချို့ကျတော့ ကိုယ့်ကိုယ်တိုင်က အာရုံငါးပါးထဲမှာ လိုက်စား မေ့လျော့နစ်မျောနေလို့လဲပဲ မလှူဖြစ်ဘူး။

အခု နတ်သား ပြောတဲ့အတိုင်းပဲ ဘုရား ဟောရတယ်။ ဒီတော့ ဒီနတ်သားရဲ့ လျှောက်ထားချက်သည် သဒ္ဓါအရ ဇောနန်ဟော့ ကိုယ်တော်ဟောယင်လဲပဲ ဒီအသံ ဒီပုဒ် ဒီအက္ခရာတွေနဲ့ ဟောမှာ၊ ဒီတော့ မြတ်စွာဘုရားက -

"သာဓု သာဓု ဒေဝတေ" သာဓု ... သာဓုပါ ဒကာနတ်သားလို့ သာဓုကောင်းချီး ပေးပြီးတော့ ထိုနတ်သားရဲ့ လျှောက်ထားချက်ကို လက်ခံတယ်။ အဲဒီလို လက်ခံခွင့်ပြုလိုက်ခြင်းသည် ဗုဒ္ဓရဲ့ ဓမ္မရာဇ်တံဆိပ် နှိပ်လိုက်ခြင်းပဲ။

လောကဥပမာ ပြောကြစို့၊ ရှင်ဘုရင်က အမိန့်တော် ရေးကယ်၊ ရှင်ဘုရင်က အမိန့်တော် စာချွန် ဆိုပါစို့၊ အဲဒီ စာချွန်ကို တကယ်အမှန်ရေးတာ အမှာတော်ရေးက ရေးရတယ်၊ အမှာတော်ကြီး ရေးလာတဲ့ စာချွန်ကို ရှင်ဘုရင်က နားထောင်လိုက်တယ်၊ အားလုံး သဝေ, ပိုဒ်မ မကျန် အကုန်လုံးမှန်တယ်၊ ကောင်းတယ်၊ သဘောတူလဲ တူတယ်ဆိုယင် ရုံးတံဆိပ် အမှာတော်လွှာပေါ်မှာ နှိပ်လိုက်တယ်။ နှိပ်ပြီးလိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီ တစ်လွှာလုံးဟာ မင်းရဲ့ အမိန့်တော်ဆိုတာ ဖြစ်သွားတယ်။ အမှာတော်ရေးရဲ့ အမိန့်တော်လွှာ မဟုတ်ဘူး။ အဲဒီ အတိုင်းပဲ။

တရားသဘောနဲ့ ပတ်သက်ယင် အမှာတော်ရေးနဲ့ တူတဲ့လူပဲ ဖြစ်ဖြစ်၊ နတ်ကပဲ ဖြစ်ဖြစ်၊ ဗြဟ္မာကပဲ ဖြစ်ဖြစ်၊ အေး ... ကုန်ကုန်ပြောမယ်၊ ပရိဗိုဇ် တစ်ယောက်ကပဲ ဖြစ်ဖြစ် ဗုဒ္ဓရှေ့မှာ လာပြီး တရားသဘောပြောလို့ တကယ်ပြောတဲ့ စကားသည် တရားသဘောကျလို့ မှန်ကန်တယ်၊ ဗုဒ္ဓက ပဟာပုံ ပရိဗိုဇ် ငါတို့နဲ့ အယူမတူဘူးလို့ မကန့်ကွက်ဘူး၊ ဘယ်သူလာပြောပြော ဝ ရားသာမှန်ယင် သာဓုကောင်းချီး ပေးတယ်။

အခုလဲပဲ သတုလ္လပကာယိက ခေါင်းဆောင်နတ်သား လျှောက်ထားချက်ကို မြတ်စွာဘုရားက -

"သာဓု သာဓု ဒေဝတေ" သာဓု သာဓုပါ ဒကာနတ်သားလို့ သာဓုကောင်းချီး ပေးပြီးတော့ အဲဒီ နတ်သားရဲ့ လျှောက်ထားချက်ကို လက်ခံမိန့်တည်းဟူသော ဓမ္မရာဇ်တံဆိပ် ခတ်နှိပ်ပေးလိုက်တယ်၊ သာဓုကောင်းချီးပေး၍ လက်ခံခြင်းသည်ပင်လျှင် ဓမ္မရာဇ်တံဆိပ် ခတ်ခြင်းပါပဲ။

http:\\www.dhammadownload.com



အဲဒီလို ဓမ္မရာဇ်ဟံဆိပ် နှိပ်ပြီးတဲ့ အချိန်က စပြီးတော့ အဲဒီ နတ်သားတွေ ရွတ်တဲ့ စကားတွေသည် ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်လိုပဲ မြတ်စွာဘုရား၏ တရားတော် ဖြစ်ရပါတယ်။

အခု နတ်သား လျှောက်ထားချက်ကို မြတ်စွာဘုရား နှစ်သက်ကြည်ဖြူ လက်ခံတော်မူလို့ ဝမ်းသာအားရ စိတ်က ကျေနပ်သွားတယ်။ သူပြီးတော့ ဒုတိယ နတ်သားကလဲပဲ သူ့ရဲ့ စဉ်းစားချက် တစ်ခါ ဆက်လျှောက်ပြန်တယ်။

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဥဒါနံ ဥဒါနေသိ။

သူတော်ကောင်းတို့၊ ပထမနတ်သား လျှောက်ပြီးတဲ့နောက် ဒုတိယ ခေါင်းဆောင် နတ်သားတစ်ယောက်ကလဲ မြတ်စွာဘုရား၏ အထံမှာ ဤတရားဂါထာကို ရွတ်ဆို လျှောက်ထားပြန်တယ်။ ဘယ်လိုလဲ။

သာဓု ခေါ မာရိသ ဒါနံ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ဒါနံ=အလှူဒါန ပေးလှူခြင်းသည်။ ခေါ=စင်စစ်။ သာဓု=ပထမနတ်သား တပည့် လျှောက်ထားတဲ့အတိုင်း ကောင်းရိုးမှန် ချီးမွမ်းအပ်ရိုး မှန်ပါသည် ဘုရား။

မြတ်စွာဘုရား ခုနင်က ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူဒါန ပေးလှူခြင်းဟာ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ၊ မကန့်ကွက်ပါဘူး၊ သို့သော် အဲဒီအထဲမှာ တပည့်တော် ပိုပြီးတော့ ဖြည့်စွက်၍ အထူးလျှောက်ချင်တာကတော့ -

အပိ စ အပ္ပကသ္မိမ္ပိ သာဟု ဒါနံ။

အပိစ=တပည့်တော် အထူးဖြည့်စွက်လျှောက်ထားချင်တာကတော့။ အပ္ပကသ္မိမ္ပိ=အနည်းငယ်မျှသော်လည်း။ ဒါနံ=ပေးလှူရခြင်းသည်။ သာဟု=ချီးမွမ်းအပ် ကောင်းမြတ်လှပါသည်ဘုရား။

တပည့်တော် ဖြည့်စွက်ပြီးတော့ ထောက်ခံလိုပါတယ်။ အလှူပေးတာ ကောင်းပါတယ်။ ရှိမှ လှူတာ မဟုတ်ဘဲ ကိုယ့်မှာ နည်းနည်းရှိလဲ အဲဒီရှိတာလေးကိုပဲ ခွဲခြမ်းဝေဖန်ပြီးတော့ လှူဒါန်းတာဟာ ကောင်းတယ်ဘုရား။ များများစားစား မဟုတ်ပေမဲ့ နည်းတဲ့အထဲကကို ခွဲဝေလှူတာကို ချီးမွမ်းအပ်ပါတယ်ဘုရား။

http:\\www.dhammadownload.com



## အလှူတစ်ထောင်နဲ့ တူသော ဒါန

အပ္ပသ္မေကေ ပဝေစ္ဆန္တိ၊
ဗဟုနေကေ န ဒိစ္ဆရေ။
အပ္ပသ္မာ ဒက္ခိဏာ ဒိန္နာ၊
သဟဿေန သမံ မိတာ။

ဒုတိယ နတ်သား ဆက်ပြီး လျှောက်တဲ့ တရားဂါထာ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းချမ်းပြီးသော မြတ်စွာဘုရား။ ဧကေ=အချို့ဥစ္စာနည်းပါးသူတို့သည်။ အပ္ပသ္မာ=အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုထဲမှ။ ပဝေစ္ဆန္တိ=ခွဲခြားဝေဖန်ခွဲခြမ်း လှူဒါန်းလေ့ရှိကြပါကုန်၏။ ဧကေ=ဥစ္စာထူပြော အချို့သော သေဋ္ဌေးသူကြွယ်အသွယ်သွယ်တို့သည်။ ဗဟုနာ=ဥစ္စာစည်းစိမ်ကို အသုံးအဆောင်များစွာထဲမှ။ န ဒိစ္ဆရေ=နမျောတွန့်တိုသဖြင့်၎င်း၊ မေ့လျော့ပေါ့တန်သဖြင့်၎င်း၊ တစိုးတစိကိုမျှ ခွဲခြမ်းဝေဖန်၍ လှူဒါန်းပေးကမ်းလေ့ မရှိကြကုန်။

အပ္ပသ္မာ=အနည်းငယ်မျှသော ပစ္စည်းဥစ္စာထဲမှ။ ဒိန္နာ=ဝေဖန်ခွဲခြမ်းလှူဒါန်းမှုသည်။ ဒက္ခိဏာ=မြတ်သောအလှူကြီး ဖြစ်ပါပေ၏။ သဟဿေန=အလှူတထောင်နှင့်။ သမံ=ညီမျှ၏ဟု။ မိတာ=နှိုင်းရှည်သွယ် ကြီးကျယ်လှပါသည်ဘုရား။

နည်းတာ များတာ ပမာဏ မဟုတ်ဖူး ဘုရား၊ လှူဖို့သာ မူရင်းပါ။ လှူတဲ့အခါမှာလဲ နည်းနည်းများများ လှူကို လှူရမှာပါဘုရား။ တချို့ကျတော့ ပထမနတ်သား ပြောတဲ့အတိုင်း နမျောလို့ မလှူဖူး ဘုရား။ မေ့လျော့လို့လဲ မလှူဖူး ဘုရား။ တပည့်တော်ရဲ့အယူအဆကတော့ နည်းနည်းရှိလဲ လှူကို လှူရမယ် ဘုရား။ နည်းပင်နည်းသော်လဲ ခွဲခြမ်းဝေဖန် လှူဒါန်းတာ ကောင်းတယ်ဘုရားလို့ လျှောက်တယ်။

အဲဒီလို ဒုတိယနတ်သား လျှောက်တာကို မြတ်စွာဘုရားက သာဓု ကောင်းချီးပေးပြီးတော့ သဝေ, ပိုဒ်မ မကျန် ဓမ္မရာဇ်တံဆိပ် ခပ်နှိပ်ပေးလိုက်တယ်။ ဒါကြောင့် ဒီ ဒုတိယနတ်သား လျှောက်ထားတဲ့ ဂါထာလဲ တရားသဘောနဲ့ လိုက်လျောတာမို့ ဘုရားက ဓမ္မရာဇ်တံဆိပ် ခပ်နှိပ်လိုက်ယင်ပဲ ဘုရားဟောတဲ့ ဒေသနာသဘော သက်ရောက်သွားပြီ။

http:\\www.dhammadownload.com



## သဒ္ဓါနှစ်ပုံ စွယ်စုံညီသော ဒါန

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဥဒါနံ ဥဒါနေသိ။

သူတော်ကောင်းတို့၊ ဒုတိယနတ်သား လျှောက်ပြီးတဲ့နောက် တတိယခေါင်းဆောင်နတ်သားတစ်ယောက်ကလဲ မြတ်စွာဘုရား၏ အထံမှာ ဤတရားဂါထာကို ရွတ်ဆို လျှောက်ထားပြန်တယ်။

သာဓု ခေါ မာရိသ ဒါနံ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ဒါနံ=ပေးလှူခြင်းသည်။ ခေါ=စင်စစ်။ သာဓု=ပဌမနတ်သား တပည့် လျှောက်ထားတဲ့အတိုင်း ကောင်းရိုးကေန် ချီးမွမ်းအပ်ရိုး မှန်ပါသည် ဘုရား။

မြတ်စွာဘုရား ပဌမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူဒါန ပေးလှူခြင်းဟာ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ၊ မကန့်ကွက်ပါဘူး။

အပ္ပကသ္မိမ္ပိ သာဟု ဒါနံ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ အပ္ပကသ္မိမ္ပိ=အနည်းငယ်မျှသော အလှူဝတ္ထုမှုသော်လည်း။ ဒါနံ=ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်းသည်။ သာဟု=ကောင်းမြတ်လှပါတယ်ဘုရား။

မြတ်စွာဘုရား ဒုတိယနတ်သား လျှောက်ထားလဲ မှန်တယ် ဘုရား။ နည်းနည်းများများ လှူကို လှူရမှာဆိုတော့ နည်းနည်းလေးပေမဲ့ ခွဲခြမ်းဝေဖန် လှူဒါန်းတာ ကောင်းပါတယ်ဘုရား။ တပည့်တော် မကန့်ကွက်ပါဘူး။ သို့သော် တပည့်တော် ဖြည့်စွက် လျှောက်ထားချင်တာကတော့ –

အပိ စ သဒ္ဓါယပိ သာဟု ဒါနံ။

အပိ စ=တပည့်တော် အထူးဖြည့်စွက် လျှောက်ထားလိုတာကတော့။ သဒ္ဓါယ=ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားဖြင့်။ (ဝါ) သဒ္ဓါတရား ရှေ့သွားပြု၍။ ဒါနမ္ပိ=ပေးလှူခြင်းသည်လည်း။ သာဟု=ချီးမွမ်းအပ် ကောင်းမြတ်လှပါ သည် ဘုရား။

တပည့်တော် ဖြည့်စွက်ပြီးတော့ ထောက်ခံလိုဘာယ်။ အလှူပေးကာ မတ္တ မဟုတ်ဘဲ လှူတဲ့အခါမှာ သဒ္ဓါဒါန ဖြစ်အောင် လှူပါ၊ လှူမယ်ကြံ့ယင် ကံ ကံ၏ အကျိုးကို

http:\\www.dhammadownload.com



သက်ဝင် ယုံကြည်တဲ့စိတ် ရတနာသုံးပါးရဲ့ ဂုဏ်ကို သက်ဝင်ကြည်ညိုတဲ့စိတ် ပထမ မွေးလိုက်ပါအုန်း။ အဲဒီလို ရတနာသုံးပါးရဲ့ ဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား၊ ကံနဲ့ ကံ၏ အကျိုးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ သဒ္ဓါတရား၊ အဲဒီ သဒ္ဓါ နှစ်ပုံ စွယ်စုံညီပြီးတော့ လှူယင် ပိုပြီးတော့ ချီးမွမ်းအပ်ပါတယ်ဘုရား ကောင်းမြတ်ပါတယ် ဘုရား။

## စစ်တိုက်ခြင်းနှင့် အလှူပေးခြင်း တူပုံ

ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊
အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

တတိယနတ်သား ဆက်ပြီးတော့ လျှောက်တဲ့ တရားဂါထာ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းချမ်းပြီးသော မြတ်စွာဘုရား။ ဒါနဉ္စ=အလှူပေးခြင်းကို လည်းကောင်း။ ယုဒ္ဓဉ္စ=စစ်တိုက်ခြင်းကိုလည်းကောင်း။ သမာနံ=တူ၏ဟူ၍။ အာဟု= ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့ မိန့်ဆိုတော် မူကြပါကုန်သည် ဘုရား။

မြတ်စွာဘုရား၊ အလှူပေးတာရယ် စစ်တိုက်တာရယ် ဒီနှစ်ခု တူတယ်လို့ ရှေးရှေး ဘုရား အစရှိသော သူတော်ကောင်းတို့ မိန့်ဆိုတော် မူကြပါတယ်ဘုရား။ ဘယ်လို တူတုန်း။

မိမိဥစ္စာပေါ်မှာ တွယ်တာတဲ့ လောဘရှိနေတဲ့ လူ ဘယ်တော့မှ မလှူဖြစ်ဘူး။ ထို့အတူပဲ မိမိရဲ့ အသက်ကို တွယ်တာတပ်မက်တဲ့ လူသည် ဘယ်တော့မှ စစ်မတိုက် နိုင်ဘူးတဲ့။ ဥစ္စာပေါ်မှာ တွယ်တာတဲ့ လောဘ စွန့်နိုင်တဲ့ လူမှ အလှူဒါန လှူနိုင်တယ်။ အသက်ကို တွယ်တာတဲ့ လောဘကို ဖြတ်နိုင်တဲ့လူမှ စစ်တိုက်နိုင်တယ်။ အဲဒါကြောင့် အလှူ လှူတာနဲ့ စစ်တိုက်တာဟာ တူတယ်လို့ ဘုရားအစရှိသော သူတော်ကောင်းတွေ မိန့်ဆိုကြပါတယ် ဘုရား။

အပ္ပါပိ=အနည်းငယ်မျှတို့သည်။ သန္တာပိ=ဖြစ်ကုန်လင့်ကစား။ ဗဟုကေ=များစွာ ကုန်သော ရန်သူတို့ကို။ ဇိနန္တိ=အောင်နိုင်ပါကုန်၏။

မြတ်စွာဘုရား အနည်းငယ်မျှပင် ဖြစ်လင့်ကစား များစွာသော ရန်သူတွေကို အောင် တယ်ဘုရား။ စစ်တိုက်တဲ့နေရာနဲ့ ပတ်သက်ပြီးတော့ "တစ်ယောက်ကောင်း တစ်ယောက်

http:\\www.dhammadownload.com



ဗိုလ်ခြေ ညက်ညက်ကြေ"လို့ ရှိတယ်။

တကယ် မိမိရဲ့ အသက်ကို စွန့်ထားတဲ့ သူရဲကောင်း တစ်ယောက်သည် ရန်သူ ပေါင်း တစ်သောင်းကို ခြေမှုန်းပစ်နိုင်တယ်။ ထို့အတူပဲ ဒါနကောင်းမှုပြုတဲ့ ဒါန ကုသိုလ် စေတနာသည် သူရဲကောင်း တစ်ယောက်တည်းပင် ဖြစ်လင့်ကစား မစ္ဆရိယ ခေါင်းဆောင်သော မြောက်မြားစွာသော တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့ကို ချေမှုန်းပစ်နိုင်တယ်။ အဲဒါကို ဒီနတ်သားက လျှောက်ထားတယ်။

အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။

အပ္ပါ=အနည်းငယ်မျှတို့သည်။ သန္တာပိ=ဖြစ်ကုန်လင့်ကစား။ ဗဟုကေ=များစွာ ကုန်သော ကိလေသာ ရန်သူတို့ကို။ ဇိနန္တိ=အောင်နိုင်ပါ၏ ဘုရား။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ယော=အမှတ်မထင် အကြင်သူသည်။ သဒ္ဓဟာနော=ရဝ`နာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါ တရား ထင်ရှားရှိလျက်။ အပ္ပမ္ပိ=အနည်းငယ်မျှကို ပင်သော်လည်း။ စေ ဒဒါတိ=အကယ် ၍ လှူဒါန်းငြားအံ့။ သော=ထိုလှူဒါန်းတဲ့ ပုဂ္ဂိုလ်သည်။ တေနေဝ=ထို အနည်းငယ်သော အလှူဒါန လှူဒါန်းရတဲ့ ကောင်းမှုကြောင့်ပင်လျှင်။ ပရတ္တ=တမလွန် လောက ဟို ဘဝ၌။ သုခီ=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ ဟောတိ=ဖြစ်ရပါသည် ဘုရား။

အနည်းငယ်သော စစ်သူရဲကောင်းက မြောက်မြားစွာသော ရန်သူတွေကို နိုင်သလို မိမိမှာ နည်းနည်းရှိယင် နည်းနည်းလှူ။ သို့သော်လဲ လှူတဲ့နေရာမှာ သဒ္ဓါတရား ထက် မြက်ပါစေ၊ ပန်းကလေးတစ်ပွင့်၊ ရေဖော်တစ်ခွက်၊ ဆီမီးလေးတစ်တိုင်ပင် ဖြစ်လင့် ကစား ဒါ တစ်ယောက်ကောင်းသော သူရဲကောင်းပဲ။ မိမိက **သဒ္ဓါတရားရှိဖို့ အရေး ကြီးတယ်**။ ရတနာ သုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား၊ ကံနဲ့ကံ၏ အကျိုး ကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ အဘိသဒ္ဓဟနသဒ္ဓါတရား၊ ငါ ယခု ပူဇော်မယ့် ဘုရား ကိုယ်တော်မြတ်သည် အပြောအစ ဘဂဝါအဆုံး ရှိသော ကျေးဇူးဂုဏ်ကိုးပါးနဲ့ ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရားပဲ။ အဲဒီလို ဘုရားဂုဏ်ကို အာရုံယူလိုက်ပါ။ ကြည်ညိုလိုက် ပါ။

ငါ အခု လှူမယ့် အလှူဒါနသည် ကောင်းသောအမှု ဖြစ်တယ်၊ ထိုသို့သော မျိုးစေ့ ကို စိုက်ပျိုးယင် ချိုမြိန်သော အပွင့်အသီး အရသာကို ခံစား သုံးဆောင်ရသလို ငါ

http:\\www.dhammadownload.com



ယခု ပြုသောအမှုသည် ကောင်းသောအမှု ကုသိုလ်အမှု ဖြစ်တဲ့အတွက် ကောင်းသော လူ့ရပ် နတ်ရွာ သုဂတိ ဘဝခန္ဓာ အပင်ပေါက်၍ လူ နတ် နိဗ္ဗာန် သုံးပါးသော ချမ်းသာ တည်းဟူသော ချိုမြိန်သော အပွင့်အသီး အရသာကို ခံစားရမှာ ဧကန်အမှန်ပဲ။

အဲဒီလို ကံနဲ့ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါ၊ ဤသဒ္ဓါ နှစ်ပုံ စွယ်စုံရှိပြီးတော့ လှူတာယ်။ ပစ္စည်းလေး နည်းနည်းပင် လှူရလင့်ကစား ထိုသူသည် ဤဒါန ကောင်းမှု ကြောင့် တမလွန်ဘဝ ရောက်ယင် လူချမ်းသာ နတ်ချမ်းသာရလို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါတယ် မြတ်စွာဘုရား ... လို့ လျှောက်တယ်။ သူ့ရဲ့ လျှောက်ထားချက်လဲပဲ သဝေ, ပိုဒ်မမှ မကျန် အကုန်မှန်တယ်။ သူ့ကိုလဲ မြတ်စွာဘုရားက မကန့်ကွက်ဘူး။ မကန့်ကွက်ဘဲနဲ့ သာဓု ကောင်းချီးပေးပြီးတော့ ခွင့်ပြု ကျေနပ်မှုဆိုတဲ့ သမနုညဓမ္မရာဇ် တံဆိပ် ခတ်နှိပ် ပေးလိုက်တယ် ဆိုကြပါစို့။

အေး ... သာဓု ကောင်းချီးပေးလို့ သူ့စကား လက်ခံလိုက်ခြင်းသည်ပင်လျှင် ဓမ္မရာဇ်တံဆိပ် ခတ်နှိပ် ပေးလိုက်တာပဲ။ ထိုအချိန်မှစ၍ ထို စကားအားလုံးသည် ဘုရားတည်းဟူသော ဓမ္မရာဇ်ရဲ့ မိန့်ဟောတဲ့ တရားဒေသနာသဘော ရောက်သွားပြီ။ အေး ... တတိယ နတ်သားကလဲ သူလျှောက်ထားချက် ဘုရားလက်ခံလို့ ဝမ်းသာတယ်၊ ကျေနပ်သွားတယ်။ ဒီ နတ်သား ပြီးတော့မှ –

## တရားသဖြင့် ရသော ဥစ္စာ

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ။

ထို့နောက် စတုတ္ထခေါင်းဆောင် နတ်သား တစ်ယောက်က ဘုရားထံ ဤဂါထာကို လျှောက်ထားပြန်တယ်။ ဘယ်လို လျှောက်ထားသလဲ။

သာဓု ခေါ မာရိသ ဒါနံ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား – ပထမ နတ်သား လျှောက်ထားတဲ့အတိုင်း အလှူဒါန ပေးလှူခြင်းသည် ချီးမွမ်းအပ် ကောင်း မြတ်တာ အမှန်ပါဘုရား။ အပ္ပကသ္မိမ္ပိ ဘာဟု ဒါနံ=ဒုတိယနတ်သား လျှောက်ထားတဲ့ အတိုင်း နည်းနည်းလေးပေမယ့်၊ ခွဲခြမ်းဝေဖန် လှူဒါန်းတဲ့ ဒါနလဲပဲ ကောင်းမြတ် ပါတယ် ဘုရား။ သဒ္ဓါယပိ သာဓု ဒါနံ–တတိယနတ်သား လျှောက်ထားတဲ့ အတိုင်း ရတနာသုံးပါးရဲ့ ဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါ၊ ကံနဲ့ကံ၏ အကျိုးကို နှစ်နှစ် ကာကာ ယုံကြည်တဲ့ သဒ္ဓါ၊ သဒ္ဓါ နှစ်ပုံ စွယ်စုံညီ၍ လှူတဲ့ အလှူဒါနလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည် ဘုရား။

http:\\www.dhammadownload.com



အပိ စ ဓမ္မလဒ္ဓဿာပိ သာဟု ဒါနံ။

အပိ စ=တပည့်တော် ဖြည့်စွက်၍ အထူးလျှောက်ထား လိုတာကတော့။ ဓမ္မလဒ္ဓဿ =မိမိကောင်းရောင်း ကောင်းဝယ် သမ္မာ အာဇီဝဖြင့် ရအပ်တဲ့ ဓမ္မိယလဒ္ဓဥစ္စာကို။ ဓမ္မလဒ္ဓဿ=သူတော်ကောင်း တရားရ၍ သူတော်ကောင်းတရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်အား။ ဒါနံ=ပေးလှူခြင်းသည်။ ခေါ=စင်စစ်။ သာဟု=ချီးမွမ်းအပ် ကောင်းမြတ်ပါသည် ဘုရား။

ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူ လှူတာ ကောင်းတယ်၊ ထောက်ခံတယ်။ ဒုတိယနတ်သား လျှောက်ထားတဲ့အတိုင်း လှူတဲ့အခါ သဒ္ဓါ နှစ်ပုံ စွယ်စုံညီပြီး လှူတာ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ၊ တပည့်တော် အဲဒါလဲ သဘောကျတယ်၊ ထောက်ခံတယ်။

တပည့်တော် ထပ်ပြီးတော့ ဖြည့်စွက်ချင်တာကတော့ အဲဒီ လှူရ ပြီးရော ကပ်တီးကပ်ဖဲ့ မလုပ်ပါနဲ့၊ အဓမ္မလဒ္ဓ=မတရားသော ဒုစရိုက်မှုတွေနဲ့ ရတဲ့ အလှူများ မလှူချင်ပါနဲ့။ ဓမ္မလဒ္ဓ=မိမိရဲ့ ကာယညာဏ ဗလ နှစ်ပါး အရင်းထား၍ တရားသဖြင့် ရှာဖွေရရှိအပ်သော အလှူတို့ကို (ဓမ္မိယလဒ္ဓအလှူကို) နည်းနည်းလေး ဖြစ်လင့်ကစား လှူပါ။

အဲဒီလို လှူတဲ့ နေရာမှာ ရအပ်ပြီးသော သူတော်ကောင်း တရားရှိတဲ့ ကိုယ်တော်ကို လှူပါ။ တရားရှိတဲ့ အလှူခံ ပုဂ္ဂိုလ်၊ လှူထိုက်တဲ့ ပုဂ္ဂိုလ်၊ အေး ... လှူထိုက်ဆိုပါစို့ရဲ့။ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ လူ့လောက အများကြီးရှိတယ်။ ယနေ့ ဗုဒ္ဓဘာသာ သူတော်စင်တွေထဲမှာ အဲဒီ ပုဂ္ဂိုလ်တွေကိုလဲ ဓမ္မလဒ္ဓ ပုဂ္ဂိုလ် ခေါ်တယ်။

အဲဒီလို ဓမ္မလဒ္ဓ ပစ္စည်းတွေကို ဓမ္မလဒ္ဓ ပုဂ္ဂိုလ်အား လှူတာ တပည့်တော် ပိုပြီးတော့ ချီးမွမ်းအပ် မြတ်တယ်လို့ လျှောက်ထားချင်ပါတယ် ဘုရား။

## ပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူသင့်ပုံ

ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ။
ဥဋ္ဌာန ဝီရိယာဓိဂတဿ ဇန္တု။
အတိက္ကမ္မ သော ဝေတရဏိံ ယမဿ၊
ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။

http:\\www.dhammadownload.com



မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ယော=အမှတ်မထင် အကြင်သူသည်။ ဥဋ္ဌာနဝီရိယာဓိဂတဿ=မိမိရဲ့ ကိုယ်အား ဉာဏ်အား ဤနှစ်ပါး လုံ့လ ဝီရိယကို ရှေ့ထား၍ ရှာဖွေရရှိအပ်သော။ မမ္မလဒ္ဓဿ=ဓမ္မိယာလဒ္ဓဥစ္စာကို။ ဓမ္မလဒ္ဓဿ= ရအပ်ပြီးသော သူတော်ကောင်းတရား ရှိသော အလှူခံပုဂ္ဂိုလ်အား။ ဒါနံ=အလှူဒါန ကို။ ဒဒါတိ=ပေးလှူငြားအံ့။ သော=ထိုဓမ္မိယလဒ္ဓဥစ္စာကို ဓမ္မလဒ္ဓပုဂ္ဂိုလ်အား လှူဒါန်း တဲ့ ပုဂ္ဂိုလ်သည်။ ယမဿ=ယမခေါ်ရင်း ငရဲမင်း၏။ ဝေတရဏိံ=အာဇာဘပုံ့နှံ့ရာ ဝေတ္တရဏီ ခေါ်သော ကြိမ်ပိုက်ချောင်း ငရဲကအစ ငရဲကြီးရှစ်ထပ် ဥဿဒ ငရဲငယ် ၁၂၈–ထပ်တို့ကို။ အတိက္ကမ္မ=လွန်မြောက်၍။ ဒိဗ္ဗာနိ ဌာနာနိ=နတ်ပြည်လောက ဘုံဌာန သို့။ ဥပေတိ=ဘဝ ပဋိသန္ဓေ ကပ်ရောက် နေရပါသည် ဘုရား။

စတုတ္ထ နတ်သား လျှောက်ထားတယ်။ ပထမ နတ်သား လျှောက်ထားတဲ့ အလှူ ပေးနည်း တပည့်တော် ထောက်ခံတယ်၊ ကောင်းတယ်။ ဒုတိယ နတ်သား လျှောက်ထား တဲ့ နည်းပေမယ့်လဲ လှူဒါန်းတာကောင်းတယ်၊ ထောက်ခံတယ်။ တတိယ နတ်သား လျှောက်ထားတဲ့ သဒ္ဓါနှစ်ပုံ စွယ်စုံညီပြီးတော့ လှူမှု ချီးမွမ်းအပ်တာ တပည့်တော် လက်ခံတယ်၊ ဝမ်းမြောက်တယ်၊ ထောက်ခံတယ်။

ဖြည့်စွက်ပါရစေအုန်း။ လှူတဲ့ နေရာမှာ ဓမ္မိယလဒ္ဓ လှူဖွယ် ဝတ္ထုကို ဓမ္မလဒ္ဓ= သူတော်ကောင်းတရား ရရှိထားတဲ့ သူတော်ကောင်းတရား လက်ကိုင်ပြုတဲ့ လူဖြစ်စေ၊ ရှင်ဖြစ်စေ အလှူခံ ပုဂ္ဂိုလ်အား လှူပါ။ အဲဒီ ပုဂ္ဂိုလ်သည် လယ်ကောင်း မြေကောင်းနဲ့ တူတယ်။ သီလ သမာဓိ ပညာရှိယင် လူပဲ ဖြစ်ဖြစ်၊ ရဟန်းပဲ ဖြစ်ဖြစ် သီလမြေသြဇာ၊ သမာဓိ မြေသြဇာ၊ ပညာမြေသြဇာ ဒီလို ဓမ္မမြေသြဇာတွေ ပြည့်နှက်နေတဲ့ မြေကောင်း ယာကောင်းမှာ အဲဒီမှာ လှူပါ။ ဒါကို တပည့်တော် ချီးမွမ်းအပ် မြတ်တယ်လို့ အထူး လျှောက်ထားလိုပါတယ်ဘုရား ... လို့ သူကလဲ သူ့ဂါထာနဲ့ လျှောက်တယ်။

အဲဒီ နတ်သားရဲ့ လျှောက်ထားချက် ဂါထာလဲပဲ တရားသဘော သဝေ ပိုဒ်မ မကျန် အကုန်လုံးမှန်နေလို့ ဘုရားက သာဓု သုံးကြိမ် ခေါ်တော်မူပြီး ဘုရားလက်ခံတဲ့ အချိန်က စပြီးတော့ ဘုရား တရားတော်ထဲမှာ စုရုံး ဝင်လာတယ်။

မင်းတံဆိပ် ခတ်နှိပ်ပြီးတဲ့ အချိန်က စပြီးတော့ လိုတာလွှာသည် မင်းရဲ့အမိန့်တော် တွေကဖြင့် အမှာတော် ရေးတာ။ ဒါပေမယ့် မင်းသဘောတူလို့ လက်ခံလိုက်ယင် မင်းရဲ့တံဆိပ် ခတ်နှိပ်ပေးလိုက်ယင် အဲဒါ မင်းရဲ့အမိန့်ပဲ၊ မင်းရဲ့စာပဲ ဖြစ်တယ်။

http:\\www.dhammadownload.com



## ဒါနဝတ္ထုကိုလည်း ရွေး၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေး၍လှူရန်

အဲဒီမှာ သူကလဲ သူ့လျှောက်ထားချက်ကို ဘုရားလက်ခံလို့ ဝမ်းသာကျေနပ်နေတုန်း ပဥ္စမနတ်သား တစ်ယောက်က လျှောက်ပြန်တယ်။

သာဓု ခေါ မာရိသ ဒါနံ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား – ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူဒါန ပေးလှူခြင်းဟာ ချီးမွမ်းအပ် ကောင်းမြတ်ရိုး ဧကန်မှန်ပါ၏။ အပ္ပကသ္မိမ္ပိ သာဓု ဒါနံ=ဒုတိယနတ်သား လျှောက်ထားတဲ့အတိုင်း နည်းပေမယ့်လဲ လှူတာ ကောင်းတယ် ဘုရား။

သဒ္ဓါယပိ သာဓု ဒါနံ=တတိယ နတ်သား၊ လျှောက်ထားတဲ့အတိုင်း သဒ္ဓါနှစ်ပုံ စွယ်စုံညီ၍ လှူဒါန်းတဲ့ အလှူဒါနလဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည် ဘုရား။

ဓမ္မလဒ္ဓဿပိ သာဓု ဒါနံ=စတုတ္ထ နတ်သား လျှောက်ထားတဲ့အတိုင်း ဓမ္မိယဒ္ဓဥစ္စာကို ဓမ္မလဒ္ဓ ပုဂ္ဂိုလ်အား လှူဒါန်းတဲ့ အလှူဒါနလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည် ဘုရား။

အပိ စ ဝိစေယျ ဒါနမ္ပိ သာဓု ဒါနံ။

အပိ စ=တပည့်တော် ဖြည့်စွက်၍ အထူးလျှောက်ထားလိုသည်ကား။ ဝိစေယျ ဒါနမ္ပိ =လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ကောင်းနိုးရာရာ မြတ်နိုးရာရာ ရွေးချယ်၍ လှူဒါန်းအပ်တဲ့ အလှူဒါနသည်လည်း။ သာဓု=ချီးမွမ်းအပ် ကောင်းမြတ်လှပါသည်ဘုရား

ရှေ့နတ်သားလေးယောက် ပြောတဲ့စကား အကုန်လုံး တပည့်တော် ထောက်ခံတယ်။ ဒါပေမယ့် တပည့်တော် အထူးဖြည့်စွက် လျှောက်ထားချင်ပါသေးတယ်။

"လှူယင် ဝိစေယျ ဒါန ဖြစ်အောင် လှူပါ"

အင်း ... လှူဖွယ်ဝတ္ထု မိမိမှာ နှစ်မျိုး သုံးမျိုး အကောင်း၊ အလတ်၊ အညံ့သုံးမျိုး ရှိယင် ကောင်းတာလေး ရွေးလှူပါ။ ကောင်းတာကို လှူပါ။ အလှူခံ ပုဂ္ဂိုလ်လဲပဲ မိမိ လှူရမယ့် ပုဂ္ဂိုလ်သည် အမျိုးမျိုး ရှိနေတဲ့အနက်က သီလ၊ သမာဓိ၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ မြတ်သော အလှူခံ ပုဂ္ဂိုလ်ကို ရွေးပြီးတော့ လှူပါ။ အဲဒီလို လှူတဲ့ "ဝိစေယျဒါန" ဟာလဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည် ဘုရား။

ဝိစေယျဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

http:\\www.dhammadownload.com



မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ဝိစေယျဒါနံ=လှူဖွယ်ဝတ္ထုနဲ့ အလှူခံ ပုဂ္ဂိုလ်ကို ကောင်းနိုးရာရာ မြတ်နိုးရာရာ ရွေးချယ်၍ လှူအပ်တဲ့ ဝိစေယျဒါနကို။ သုဂတပ္ပသတ္ထံ=အဆူဆူသော ဘုရားရှင်တို့ ချီးမွမ်းအပ်ပါသည်ဘုရား။

လှူဖွယ်ဝတ္ထုကို ရွေးချယ်တာ "ဒေယျဓမ္မဝိစိနန" လို့ ခေါ်တယ်။ အလှူခံ ပုဂ္ဂိုလ်ကို ရွေးချယ်တာ "ဒက္ခိဏေယျဝိစိနန"။ ရွေးချယ်စိစစ်ခြင်း ဒီနှစ်ရပ်နဲ့ စိစစ်ပြီးတော့ လှူတာမျိုးကို ဝိစေယျဒါနတဲ့။ ဝိစေယျဒါနကို အဆူဆူသော ဘုရားရှင်တို့ ချီးမွမ်းအပ်ပါသည်ဘုရား။

ဣဓ ဇီဝလောကေ=အသက်ရှည်ထွေ တည်နေပါရ ဤလောက၌။ ယေ=အကြင်သီလ သမာဓိ ပညာဂုဏ်နဲ့ ပြည့်စုံကြသည့် အလှူခံ ပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ=သီလမြေသြဇာ, သမာဓိမြေသြဇာ, ပညာမြေသြဇာနဲ့ ပြည့်နက်တော် မူကြတဲ့အတွက် မြတ်သော အလှူကို ခံတော်မူထိုက်ပါကုန်၏။ ဧတေသု=ထိုမြတ်သောအလှူကို ခံထိုက်တဲ့ သီလ, သမာဓိ, ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ အလှူခံ ပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ=ပေးလှူအပ်သမျှ အလှူဒါနတို့သည်။ သုခေတ္တေ=မြေသြဇာနဲ့ ပြည့်တဲ့ မြေကောင်း၌။ ဝုတ္တာနိ=စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ ယထာ=မျိုးစေ့တို့ကဲ့သို့။ ဗီဇာနိ=မျိုးစေ့တို့သည်။ မဟပ္ဖလာနိ=များစွာသော အသီးကို ဖြစ်ထွန်းစေကြကုန်သည်။ ဟောန္တိ ယထာ=ဖြစ်ကုန်သကဲ့သို့။ ဧတေသု=ထို သီလ, သမာဓိ, ပညာ မြေသြဇာနဲ့ ပြည့်စုံတဲ့ အလှူခံ ခေါ်ဆိုပုဂ္ဂိုလ်သူမြတ် လယ်ကောင်း မြေကောင်းတို့၌။ ဒိန္နာနိ= သဒ္ဓါဖွေးဖြူ အလေးမူ၍ ပေးလှူအပ်သမျှ အလှူဒါန တည်းဟူသော မျိုးစေ့တို့သည်။ မဟပ္ဖလာနိ=လူ့ရွာနတ်ထံ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိ ဖွံ့ဖြိုး များမြတ်သော အကျိုးရှိကြပါ ကုန်သည် ဘုရား။

သူကလဲ သူ့ရဲ့ သဘောကျချက်ကို မြတ်စွာဘုရားအား လျှောက်တယ်။ အဲဒီဂါထာမျိုး အာဒိတ္တဇာတ်[၁] မှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေလဲပဲ ဒီအတိုင်း ဟောတယ်။ 'ဟာ ပစ္စေကဗုဒ္ဓါတွေ ဟောတဲ့ စကားသံ တရားသံ စာသံ ပေသံ ကြားပြီးတော့ ဒီနတ်သားတွေက မဲဇာတောင်ခြေ ညောင်ဗုဒ္ဓဟေ တူးပြီးတော့ သူတို့ကြားဖူးတာ ရွတ်နေတာပါ'လို့ ဒီလို့ သွားပြီးတော့ အထင်သေးပြီးတော့ အတွေး မမှားပါနဲ့။

၁။ ဇာတ်အဋ္ဌကထာ တတိယအုပ်၊ ၄၄၈။ ရှေးတုန်းက ကျွန်ုပ်တို့ ဘုရားအလောင်း သိဝိတိုင်း ရောရုဝမြို့၌ ရောရုဝမင်းဖြစ်၍ ပစ္စေကဗုဒ္ဓါများအား ပင့်ဖိတ်လှူဒါန်းစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ၆-ဆူတို့လည်း ဤဂါထာများအတိုင်း ဟောကြားသည်ကို ဆိုလိုပါသည်။

http:\\www.dhammadownload.com



တရားသဘောဟာ တကယ် ဒီသဘာဝကို ဒီလို တွေးလို့ သဘာဝ မှန်တာ တွေးမိယင် ဒီပါဠိ ဒီအစဉ် ဒီအက္ခရာတွေပဲ ဖြစ်နေမယ်၊ မှန်သာ မှန်ပါစေ၊ မှန်ယင် သဘာဝ နိရုတ္တိနယ်ပယ်မှာ ဒီပါဠိ ဒီပုဒ် ဒီအက္ခရာ ဒီဂါထာတွေ အတူတူ ဖြစ်နေတယ်။ သူကိုက သူ့စကား ကိုယ့်စကားလုပ်ပြီး ပြောတာ မဟုတ်ဘူးနော်။

ပဥ္စမ နတ်သား လျှောက်ထားချက်လဲပဲ ဓမ္မနယ်ပယ်မှာ ဓမ္မသဘာဝ သဝေ ပိုဒ်မကျန် အကုန်မှန်လို့ ဘုရားက သာခု ကောင်းချီးပေး၊ ခွင့်ပြု သမနုည ဓမ္မရာဒ်တံဆိပ် ခတ်နှိပ် ပေးတဲ့အတွက် ထိုစကားသည် ဘုရားဟော တရားပဲ ဖြစ်သွားရတယ်။ အားလုံးသော ဗုဒ္ဓဘာသာတွေက ဘုရားဟော တရားလို့ပဲ ယုံရတယ်။ ဒီနတ်သားကလဲ သူ့ လျှောက်ထားချက် ကျေနပ်တယ်၊ ဘုရားလက်ခံတော့ -

(၅) ဆဋ္ဌမမြောက် နတ်သား။

အေး ... ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ နတ်သားငါးယောက်တို့ လျှောက်လို့ ဒါနပိုင်းကတော့ အတော်လေး ပြည့်စုံသွားပြီ။ အဲဒီ ပြည့်စုံတဲ့ အပိုင်းတွေ ကြည့်ရအောင်။ ငါးယောက် လျှောက်ထားချက်နဲ့ ကိုက်ညီအောင် မိမိတို့ လှူကြည့်ရမယ်။

၁။ လှူမယ်ဆိုယင် ကိုယ့်မှာရှိတဲ့ ပစ္စည်းလေးတွေထဲက ကောင်းနိုးရာရာ ရွေးပါ။
၂။ အလှူခံ ပုဂ္ဂိုလ်ထဲကလဲပဲ မြတ်နိုးရာရာကို ရွေးပါ။
၃။ အဲဒီလို ရွေးပြီးတော့ မိမိရဲ့ ဓမ္မိယလဒ္ဓပစ္စည်းကို မလှူခင် သရဏဂုံ ဆောက်တည်လိုက်ပါ။ ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ သရဏဂုံ ဆောက်တည်လိုက်ယင် ရတနာသုံးပါး ဂုဏ်ကို အစွမ်းကုန် ယုံကြည်လိုက်ပါ။
၄။ ပြီးတော့မှ ငါယခု ကောင်းမှု ပြုလိမ့်မယ်၊ ကောင်းသော အမှုကြောင့် ကောင်းသော အကျိုးရလိမ့်မယ်လို့ စိတ်ကဲ အောက်မေ့ပြီးကော့ သဒ္ဓါတရား ဖြစ်ပွားစေလိုက်ပါ။
၅။ အဲဒီလို ဖြစ်ပွားစေပြီးတော့ နည်းနည်းပဲ ဖြစ်ဖြစ် ပန်းတစ်ပွင့်၊ ရေတစ်ခွက်၊ ဆီမီးတစ်တိုင်ပဲ ဖြစ်ဖြစ် ဒီ အချက်နဲ့ ရွေးပြီးလှူပါ။ ဒီနတ်သားလေးယောက်ရဲ့ လျှောက်ထားချက်နဲ့ တစ်ခါတည်း ကိုက်ညီသွားလိမ့်မယ်။

အခု ဆဋ္ဌမနတ်သား လျှောက်ထားပြီ။

"သာခု ခေါ မာရိသ ဒါနံ" ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ ပထမ နတ်သား လျှောက်ထားတဲ့အတိုင်း အလှူအတန်း ပေးကပ်ခြင်းသည် ချီးမွမ်းအပ်

http:\\www.dhammadownload.com



ကောင်းမြတ်တာ အမှန်ပါပဲ။ အပ္ပကသ္မိမ္ပိ သာဟု ဒါနံ=နည်းပေမယ့် ခွဲခြမ်းလှူဒါန်းတာ ကောင်းတယ် ဆိုတဲ့ ဒုတိယနတ်သားစကားလဲ ကောင်းမြတ်တာ အမှန်ပါပဲ။

"သဒ္ဓါယပိ သာဟု ဒါနံ"။ တတိယ နတ်သား လျှောက်ထားတဲ့အတိုင်း သဒ္ဓါနှစ်ပုံ စွယ်စုံထား၍ လှူဒါန်းခြင်းလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ။

"ဓမ္မလဒ္ဓဿာပိ သာဟု ဒါနံ"။ စတုတ္ထ နတ်သား လျှောက်ထားတဲ့အတိုင်း ဓမ္မိယလဒ္ဓဥစ္စာကို ဓမ္မလဒ္ဓပုဂ္ဂိုလ်အား လှူဒါန်းခြင်းလဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ။

"ဝိစေယျ ဒါနမ္ပိ သာဟု ဒါနံ"။ ပဉ္စမနတ်သား လျှောက်ထားတဲ့အတိုင်း လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်ကို ကောင်းနိုးရာရာ မြတ်နိုးရာရာ ရွေးချယ်၍ လှူတဲ့ ဝိစေယျဒါနလဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ မြတ်စွာဘုရား။

ဒါပေမယ်လို့ တပည့်တော် ဖြည့်စွက်ပြီး အထူးလျှောက်ထားလိုပါသည် ဘုရား။

ဒီ ဒါနကို သူ မကဲ့ရဲ့ဘူးနော်၊ ဘာမှ အပြစ်မဆိုဘူး၊ အားလုံး လေးခုစလုံး သာဓု-သာဓု-သာဓု ကောင်းတယ်ချည်းပဲ ထောက်ခံ ချီးမွမ်းထားတယ်။ ဒါ သူတော်ကောင်း သဘောပေါ့။

အေး ... ဒါနကိုပြောတဲ့ နတ်သား လေးယောက်ကလဲပဲ မရှုတ်ချဘူး၊ မကဲ့ရဲ့ဘူး။ အခု ပဉ္စမနတ်သားကလဲ သူပြောမှာ ဒါနမဟုတ်ဘူး၊ သီလ။ ဒါပေမယ်လို့ ရှေ့နတ်သား လေးဦးပြောတဲ့ ဒါနကို အကုန်လုံး လုံးစေ့ပတ်စေ့ လိုက်ပြီးတော့ "ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ ဘုရား"လို့ ထောက်ခံတယ်၊ မရှုတ်ချဘူး၊ မကဲ့ရဲ့ဘူး၊ ဒါ သူတော်ကောင်း သဘောကိုပေါ့။ အတုယူဖို့ သူရဲ့ ဖြည့်စွက် အထူးလျှောက်ထားချက်ကို တင်ပြတာ။

## သတ္တဝါတို့၌ မညှဉ်းဆဲရန်

အပိစ ခေါ ပါဏေသု သာဟု သံယမော။ အပိစ ခေါ=တပည့်တော် အထူးဖြည့်စွက်လျှောက်ထားလိုတာကတော့။ ပါဏေသု=သူတစ်ဘက်သား သတ္တဝါတို့ အပေါ်၌။ သံယမော=ဆင်းရဲဒုက္ခ မရောက်အောင် စောင့်ထိန်းခြင်းသည်။ သာဟု=ချီးမွမ်းအပ် ကောင်းမြတ်လှပါသည် ဘုရား။

ဘာဆိုလိုတာလဲ။ အေး ... လူတစ်ယောက်သည် သူ့အသက်ကို သတ်မယ်၊ သူ့ဥစ္စာ ခိုးမယ်၊ သူများရဲ့ ဝတ္ထုကာမကို သွားရောက်ပြီး ကျူးကျော်မယ်၊ မုသားစကား ပြောမယ်၊

http:\\www.dhammadownload.com



သေအရက် သောက်မယ်၊ အကုသိုလ်မှုကြီး ငါးခုကို စိတ်ကူးနဲ့ ပြုကြည့်စမ်း၊ သူ့အသက် သတ်ယင် အဲဒီ အသတ်ခံရတဲ့ လူကို နှိပ်စက်တာပေါ့။

အေး ... သူ့ဥစ္စာ ခိုးယင် အဲဒီ ဥစ္စာရှင်ကို နှိပ်စက်တာပဲ။ သူ့ရဲ့ ဝတ္ထုကာမကို သွားရောက် ကျူးကျော်ယင် ဝတ္ထုကာမပိုင်ရှင်ကို နှိပ်စက်တာပဲ။ မုသားစကားပြောယင် တစ်ဘက်သား အကျိုးယုတ်တယ်။ အဲဒီ တစ်ဘက်သားကို နှိပ်စက်တာပဲ။ သေအရက် သောက်ယင်တော့ အဲဒီ တစ်ဘက်သားကိုရော မိမိကိုရော အကုန်လုံး နှိပ်စက်တာပဲ။

ဒီတော့ အနု ပဉ္စမနတ်သားက တစ်ခွန်းတည်းနဲ့ ပြောတာ။

## မညှဉ်းဆဲလျှင် ငါးပါးသီလ လုံခြုံ

သတ်ယင် ဟိုတစ်ဘက်သား ဒုက္ခရောက်မယ်၊ အဲဒီ ဒုက္ခရောက်အောင် နှိပ်စက်မှု မပြုဘဲ စောင့်စည်းခြင်း။ ခိုးယင် ဥစ္စာရှင် ဒုက္ခရောက်မယ်၊ အဲဒီ ဒုက္ခကြောင့် ဥစ္စာရှင် တည်းဟူသော တစ်ဘက်သား သတ္တဝါ အပေါ်မှာ ဒုက္ခမရောက်အောင် စောင့်စည်းရမယ်။ အေး ... ငါးပါးသီလကို ဆိုလိုတယ်၊ ငါးပါးသီလကို စောင့်ထိန်းပါ။

ယော ပါဏဘူတေသု အဟေဌယံ စရံ၊
ပရူပဝါဒါ န ကရောန္တိ ပါပံ။
ဘီရုံ ပသံသန္တိ န ဟိ တတ္ထ သူရံ၊
ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ယော=အမှတ်မထင် အကြင်သူသည်။ ပါဏဘူတေသု=ထွက်သက် ဝင်သက်ရှိတဲ့ သတ္တဝါတို့၌။ အဟေဌယံ =မညှဉ်းဆဲ မနှိပ်စက်ဘဲ။ စရံ စရန္တော=လှည့်လည်ကျက်စား သွားလာ၍ နေ၏။

သူ့အသက်သတ်ယင် အဲဒီ အသက်ရှင်ကို နှိပ်စက်တာပဲ၊ သူ့ဥစ္စာ ခိုးယင် အဲဒီ ဥစ္စာရှင်ကို နှိပ်စက်တာပဲ၊ သူပိုင် ကာမ သွားကျူးကျော်ယင် ကာမပိုင်ရှင်ကို နှိပ်စက် တာပဲ၊ တစ်ဘက်သားအတွက် မုသားပြောယင် အဲဒီ အပြောခံရတဲ့လူ အကျိုးပျက်အောင် နှိပ်စက်တာပဲ။ ဒီလို နှိပ်စက်မှု မပြုဆိုကာ ငါးပါးသီလ စောင့်ထိန်းတာကို ပြောတယ်။

ပရူပဝါဒါ=သူတစ်ပါးကို ဤသူကား ဒုဿီလ ပုဂ္ဂိုလ်ရယ်လို့ အပြစ်တင် စွပ်စွဲ တဲ့ရဲ့ခြင်းမှ ကြောက်သဖြင့်။ ပါပံ=ဒုစရိုက် မကောင်းမှုကို။ န ကရောတိ=မပြု။ တတ္ထ= ထိုဒုစရိုက်မှု၌။ ဘီရုံ=ကြောက်လန့်စက်ဆုပ်တဲ့ ဟိရိဩတ္တပ္ပတရား ရှိတဲ့လူကို။ ပသံ ... ရား ... ဘုရား သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏။ သူရံ=

http:\\www.dhammadownload.com



ဒုစရိုက်မှု၌ ရဲရင့်တဲ့လူကို။ န ပသံသန္တိ=ဘုရားအစရှိသော သူတော်ကောင်းတို့ မချီးမွမ်းကြကုန်။ ဟိ=မှန်၏။ သန္တော=ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဘယာ ဟိ ဘယာဒဝ=ပစ္စုပ္ပန် တမလွန် မကောင်းသော အကုသလဝိပါက် မကောင်းတဲ့ဘေး ကြောက်တွေးကြသောကြောင့်ပင်လျှင်။ ပါပံ=ဒုစရိုက်စု မကောင်းမှုကို။ န ကရောန္တိ= မပြုကြကုန်။

ဘုရား အစရှိတဲ့ သူတော်ကောင်းတွေ ဒီမကောင်းမှုကိုဆိုယင် ထိုမကောင်းမှုကြောင့် ရရောက်မယ့် အပြစ်ဘေးတွေကို ကြောက်တွေးတော်မူကြတဲ့အတွက် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ဘယ်ဒုစရိုက်ကိုမှ မပြုကြဘူး။

မြတ်စွာဘုရားဆိုတဲ့ မြတ်စွာဘုရားက သူဟာလဲ တရားတယ်။ သာဓုကောင်းချီး ပေး၍ ခွင့်ပြုလက်ခံတယ်။ သာဓုကောင်းချီးပေး၍ လက်ခံခြင်း တည်းဟူသော ဓမ္မရာဇ် တံဆိပ် ခတ်နှိပ်သဖြင့် ထိုအချိန်ကစပြီး ထိုနတ်သားရဲ့ လျှောက်ထားချက်သည် မြတ်စွာ ဘုရားတည်းဟူသော တရားမင်းရဲ့ တရားအမိန့်တော် ဖြစ်သွားပါတယ်။ ဘုရားလက်ခံ ထားလို့ ဗုဒ္ဓဘာသာ သူတော်စင်တို့အနေနဲ့ "ဒါ ဘုရားဟောတာပေါ့" ဒီလိုကို ရဲရဲ တောက် ပြောယူရတယ်။

ကဲ - ခြောက်ဦးရှိပြီ။ သတ္တမခေါင်းဆောင် နတ်သားက -

"အေး ... ပထမ နတ်သား၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ နတ်သားတွေ လျှောက် လို့လဲ ဒါန ကုန်ပြီ၊ ဆဋ္ဌမ နတ်သား လျှောက်လို့လဲ သီလရောက်ပြီ။ ကိုင်း ဘုရားအလို ငါဝင် မေးအုန်းမှပဲ"ဆိုပြီး ခုနစ်ယောက်မြောက် နတ်သားက ဘာလျှောက်လိုက်တုန်း။ သူကလဲ သူ့အယူဝါဒကို လျှောက်တယ်ပေါ့။

ကဿ နု ခေါ ဘဂဝါ သုဘာသိတံ။

ဘဂဝါ=ဘုန်းတော်သရဖူ ဆောင်းတော်မူသော မြတ်စွာဘုရား။ ကဿ=အဘယ် နတ်သား၏။ ဘာသိတံ=လျှောက်ထားအပ်တဲ့ တရားစကားသည်။ သုဘာသိတံ=သုဘာ သိတအင်္ဂါ လုံလောက်ပါသနည်း ဘုရား။

အခု နတ်သား ငါးယောက် လျှောက်ထားကြတဲ့ စကားတွေထဲက ဘယ်နတ်သားရဲ့ စကားသည် သုဘာသိတ=အပြစ်ကင်း၍ မှန်ကန်တဲ့ စကား ဖြစ်ပါသလဲ ဘုရား။

မြတ်စွာဘုရားက ပြန် အမိန့်ရှိတယ်။

သဗ္ဗာသံ ဝေါ သုဘာသိတံ ပရိယာယေန။

http:\\www.dhammadownload.com



သဗ္ဗာသံ=ခပ်သိမ်းကုန်သော။ ဝေါ=သင်တို့ ငါးဦးသားတို့၏။ ဘာသိတံ=လျှောက်ဆိုအပ်တဲ့ စကားသည်။ ပရိယာယေန=ဆိုင်ရာ ဆိုင်ရာ သူ့အကြောင်း သူ့အကြောင်းဖြင့်။ သုဘာသိတံ=သုဘာသိတ အင်္ဂါ လုံလောက်ပါပေ၏။

ခြောက်ဦးသားတို့ရဲ့ လျှောက်ထားတဲ့ စကားသည် ဆိုင်ရာ ဆိုင်ရာ သူ့အကြောင်းနဲ့ အကုန်လုံး သုဘာသိတ အင်္ဂါ လုံလောက်တယ်။ အားလုံးကောင်းတဲ့ တရားစကားတွေချည်းပဲ။

အပိ စ မမပိ သုဏာထ။

အပိ စ – ငါ ဘုရား အထူးမိန့်ကြားလိုတာကတော့။ မမပိ=ငါဘုရား၏လည်း။ ဘာသိတံ=ဟောပြချက်ကို။ သုဏာထ=သင်နတ်သားတို့ နာကြား ကြကုန်လော့။

အဲဒီလို အမိန့်ရှိပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်ရဲ့ အထူးအချက် နိဂုံးအနေနဲ့ ဒီလို ဟောပြတယ်။

## မြတ်ဘုရား အထူးချီးမွမ်းတော်မူသော အကျင့်တရား

သဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒါနာ စ ခေါ ဓမ္မပဒံဝ သေယျော။
ပုဗ္ဗေ စ ဟိ ပုဗ္ဗတရေ စ သန္တော၊
နိဗ္ဗာနမေဝဇ္ဈဂမုံ သပညာ။

ဒေဝတာ=သတုလ္လပကာယိက နာမထင်ရှား နတ်သားတို့။ ဒါနံ=အလှူဒါနကို။ ဝါ=ဒါနသီလကို။ ဗဟုဓာ=များသော အခြင်းအရာ အပြားဖြင့်။ (အဒ္ဓါတိ=မချွတ်ဧကန် အမှန်ပင်။) ပသတ္ထံ=ချီးမွမ်းအပ် ချီးမွမ်းထိုက်ပါ၏။

ဒါနကို ဂုဏ်ပုဒ်ပေါင်း များစွာဖြင့် သီလကို ဂုဏ်ပုဒ်ပေါင်း များစွာဖြင် ချီးမွမ်းထိုက်တာ အမှန်ပါပဲ။ ချီးမွမ်းကြ ချစ်သား၊ ချီးမွမ်းကြ ချစ်သမီးတို့၊ ဒီလို ဆိုလိုတယ်။ မြတ်စွာဘုရားက မချွတ်ဧကန် အမှန်ပင် ဒီဒါန သီလဟာ ချီးမွမ်းအပ်တဲ့ ကောင်းမှုတွေဆိုတာ ဝန်ခံထားတယ်။

**သမထဝိပဿနာဘာဝနာ**

စ ခေါ=အထူးဖြည့်စွက်၍ ငါဘုရား မိန့်ကြားလိုတာကတော့။ ဒါနာ=အလှူဒါနထက်။ ဝါ=ဒါန သီလထက်။ ဓမ္မပဒံဝ=နိဗ္ဗာန်တည်းဟူသော တရားအစု၊ ကိုနိဗ္ဗာန်

http:\\www.dhammadownload.com



ရောက်ကြောင်း အကျင့်ကောင်းဆိုတဲ့ တရားအစုသာလျှင်။ သေယျော=ရည်မှန်းချက် တစ်ကဏ္ဍာ ပန်းတိုင်ကျ၍ အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဒါန သီလ အထက်မှာ ချစ်သားတို့ ဒါန သီလနဲ့ ပန်းတိုင် ရောက်သလား၊ မရောက်သေးဘူး။ သူ့အထက်မှာ နိဗ္ဗာန်တည်းဟူသော နောက်ဆုံးပန်းတိုင်၊ ထိုနိဗ္ဗာန်သို့ ရောက်အောင် ချီတက်ကြောင်းဖြစ်တဲ့ သမထဝိပဿနာ ဆိုတဲ့ တရားအစု နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားအစု ဓမ္မပဒ၊ အဲဒါက ပိုပြီးတော့ အရေးကြီးကယ်၊ ပိုပြီးတော့ ချီးမွမ်းအပ်တယ်။

ဟိ=နိဗ္ဗာန်သည် အမြတ်ဆုံး ပန်းတိုင် ဆိုတဲ့စကား မှန်လှ၏။ ပုဗ္ဗေ သန္တော စ=ရှေးအခါက ပွင့်တော်မူပြီးကြတဲ့ ကဿပမြတ်စွာ အစရှိတဲ့ သူတော်ကောင်းကြီးများသည်လည်းကောင်း။ ပုဗ္ဗတရေ သန္တော စ=ထိုထက် ရှေးကျတဲ့ ဝိပဿီမြတ်စွာဘုရား အစရှိတဲ့ တကယ့်သူတော်ကောင်း ဘုရားအပေါင်းတို့သည်လည်းကောင်း။ သပညာ=ဝိပဿနာ ပညာမျက်စိ အသီးသီး ရှိတော်မူကြကုန်သည်ဖြစ်၍။ နိဗ္ဗာနမေဝ=နိဗ္ဗာန်တည်းဟူသော ဓမ္မပဒ ပရမတ္ထတရား အစုကိုသာလျှင်။ အဇ္ဈဂမုံ=ကိုယ်တိုင်မျက်မှောက် အရဟတ္တဖိုလ်တိုင် ရောက်အောင် ဆိုက်ရောက်တော်မူကြကုန်ပြီ၊ မျက်မှောက်ပြုကြလေကုန်ပြီ။

အေး ... ဂဂ်ါဝါဋ္ဌ၊ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားတွေ နိဗ္ဗာန်ဟာ အမြတ်ဆုံး တရားဖြစ်လို့ အဲဒီ နိဗ္ဗာန်ကို ဝိပဿနာ ဉာဏ်ပညာဆိုတဲ့ ဓမ္မပဒ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကြကုန်ပြီဆိုတော့ ရှေ့နတ်သား လေးယောက်က ဒါနနဲ့ လျှောက်တယ်၊ ပဉ္စမနတ်သားက သီလနဲ့ လျှောက်တယ်။ အခု မြတ်စွာဘုရားကျတော့ ဘာဝနာ။ ဒီ သုတ္တန်မှာ သေသေချာချာ စဉ်းစားယင် "ဒါန၊ သီလ၊ ဘာဝနာ" သုံးခု စုံတယ်။

မိမိတို့မှာ ပထမ နတ်သား လျှောက်ထားတဲ့အတိုင်း နေ့စဉ် ပေးလှူတယ်၊ ဒုတိယ နတ်သား လျှောက်ထားတဲ့အတိုင်း မရှိ ရှိဟာလေးနဲ့ လှူတယ်။ တတိယ နတ်သား လျှောက်ထားတဲ့အတိုင်း သဒ္ဓါတရားနဲ့ နေ့တိုင်း သရဏဂုံ ခံနေတဲ့ ပုဂ္ဂိုလ်၊ ရတနာ သုံးပါးဂုဏ်ကို ဘယ်မယုံကြည်ဘဲ ရှိမလဲ။ ဗုဒ္ဓဘာသာသည် ကံနဲ့ ကံရဲ့ အကျိုး ကို အလျင်မ, တည်သော ဘာသာဖြစ်လို့ ကံနဲ့ ကံရဲ့ အကျိုးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ သဒ္ဓါ၊ ဗုဒ္ဓဘာသာများမှာ သဒ္ဓါနှစ်ပုံ စွယ်စုံ ရှိပြီးသား။

အေး ... စတုတ္ထနတ်သား လျှောက်ထားတဲ့အတိုင်း မိမိရဲ့ ဓမ္မိယလဒ္ဓ ပစ္စည်းများကို လှူတယ်။ လှူယင်လဲပဲ သူတော်ဘုရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်တွေကို လှူတယ်၊ ပဉ္စမနတ်သား လျှောက်ထားတဲ့အတိုင်း မိမိမှာ ရှိတဲ့ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ကို

http:\\www.dhammadownload.com



ကောင်းနိုးရာရာ မြတ်နိုးရာရာ ကောင်းတာလေးဆိုယင် အလှူခံ ပုဂ္ဂိုလ်များကို လှူချင်တယ်၊ ဗုဒ္ဓဘာသာ ကနေ့ သူတော်စင်တွေ။

နတ်သားငါးယောက် လျှောက်ထားချက် တရား ဩပနေယျိက=မိမိတို့ကပ်၍ ဆောင်ထိုက်တဲ့အတိုင်း ဆောင်ကြည့်၊ ဆောင်ကြည့်ယင် အဲဒီတရား မိမိတို့မှာ ရှိတယ် ဆိုယင် ဝမ်းသာကြပေါ့။ ဆဋ္ဌမနတ်သား လျှောက်ထားတဲ့အတိုင်း ငါးပါးသီလ နေ့စဉ် စောင့်ထိန်းကြတယ်၊ ပြီးတော့ ဥပေါသထလို့ ခေါ်တဲ့ အဋ္ဌင်္ဂသီလ၊ ထိုရဲ့ ရှေ့က သရဏာ ဂုံတောင် ပိုလိုက်သေးတယ်။ ဒါကြောင့် ပဉ္စမနတ်သား လျှောက်ထားတဲ့ တရားလဲပဲ မိမိတို့ကိုယ်သို့ ကပ်၍ ဆောင်ကြည့်ယင် ရောက်ပြီးသား ရပြီးသား ဖြစ်နေတယ်။ ထို နှစ်ပါးကိုလဲ သတိပြုပါ။

မြတ်စွာဘုရား မိန့်ကြားတာ ဘာဝနာ၊ ဤဘာဝနာနဲ့ ပတ်သက်၍ အဘိဓမ္မာ အသင်းသူ အသင်းသားတွေ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီးရဲ့ တရားအရိပ်အောက် မှာ ရောက်နေတဲ့ တရားနာပရိသတ်တွေပဲ။ ခန္ဓာ ၅-ပါးကို နားလည်ပြီးသား၊ အာယတနာ ၁၂-ပါးကို နားလည်ပြီးသား၊ ဓာတ် ၁၈-ပါး နားလည်းပြီးသား ကြားဖူး နား၀နဲ့ နားကို တစ်ခါတည်း ဝအောင် ကြားဖူးနေကြတယ်။

## အနိစ္စ - ဒုက္ခ - အနတ္တ

ဤတွင် ယုံယုံကြည်ကြည် လက်တွေ့ နှလုံးသွင်း ကြည့်ရအောင် ခုနင်က ရွတ်တဲ့ ကြည်ညိုဖွယ်ရှိသော အသံသဒ္ဒရုပ်တွေ၊ စိတ္တဇသဒ္ဒ။ အေး ... ဆရာကြီး ဦးတင်မောင်ရဲ့ တရားဟောင်းဟာ ဓမ္မယာစနကထာ အသံသဒ္ဒရုပ်တွေ၊ တရားနာ ပရိသတ်တွေ ရတနာ သုံးပါးကန်တော့၊ သရဏဂုံ သီလတောင်း၊ ဘုရားရှိခိုး နမောတဿ သရဏဂုံသီလ ဆောက်တည်တဲ့ အသံတွေ စိတ္တဇသဒ္ဒရုပ်။ တရားဟော ကိုယ်တော်ရဲ့ အစဉ်အတိုင်း ဟောလာတဲ့ တရားသံတွေ အခု အကုန်လုံး ပရမတ္ထ အနေနဲ့ ချုပ်ပျောက်ကုန်ပြီ၊ ဥတုဇရုပ် အဆက်ဆက် အနေနဲ့တော့ ဟောဒီ စက်က ကြိုးခွေထဲမှာ **ဥတုဇရုပ်** အဆက်ဆက် အနေနဲ့ ကျန်ရစ်တယ် ထားပါတော့။

အေး ... မိမိတို့ရဲ့ ဥပါဒ်၊ ဌီ၊ ဘင် ထင်ရှားဖြစ်ပေါ်လာတဲ့ အသံသဒ္ဒရုပ်တွေ ဘာ့ကြောင့် ချုပ်သလဲ၊ သူ့ကို ဖြစ်စေတတ်တဲ့ စိတ်၊ စေတသိက် တည်းဟူသော အကြောင်းတရားကိုက မမြဲတဲ့ အကြောင်းတရားကြောင့် ဖြစ်တဲ့ အသံသဒ္ဒရုပ်မို့လို့ ချုပ်တာပေါ့။ ဒီခန္ဓာတစ်ခုလုံး မမြဲတဲ့ အကြောင်းဖြစ်တဲ့ ရုပ်တွေ ဝေဒနာတွေ သညာတွေ

http:\\www.dhammadownload.com



သင်္ခါရတွေ ဝိညာဏ်တွေ သူလဲ မမြဲတဲ့ အကြောင်းဖြစ်ကြတဲ့ ရုပ်နာမ် နှစ်ပါး တရားတွေ ဘယ်ဟာတွေ မြဲအံ့နည်း၊ မမြဲ ဧကန်မှန်လှ၏။

အေး ... "အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ရူပံ၊ ကုတော နိစ္စံ ဘဝိဿတိ"

(သံ၊ ၂။ ၂၀။ ၃၄၄။)

ဆိုတဲ့ သံယုတ်ပါဠိတော် အသွားအတိုင်း မြန်မာလို အရပ်သုံးနဲ့ စဉ်းစားယင် များများ မဟုတ်ပါဘူး၊ ဒီ သုံးခုပဲ ပြန်ပြီး စဉ်းစားပေတော့။

၁။ မမြဲသော အကြောင့်ကြောင့် ဖြစ်ပေါ်သော ရုပ်နာမ် နှစ်ပါး သင်္ခါရတရားသည် အဘယ်မှာလျှင် မြဲအံ့နည်း၊ မမြဲကေန် အနိစ္စ မှန်လှ၏။

၂။ ဆင်းရဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ် နှစ်ပါးသည် အဘယ်မှာလျှင် ချမ်းသာအံ့နည်း၊ ဆင်းရဲဒုက္ခ ဧကန်မှန်စွတကား။

၃၊ အစိုးမပိုင်သော မခိုင်မာသော အနတ္တအကြောင်းကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ်နှစ်ပါး သင်္ခါရ တရားအစုသည် အဘယ်မှာလျှင် စိုးပိုင်ခိုင်မာ အတ္တသာရ ဟုတ်အံ့နည်း၊ အစိုးမပိုင် မခိုင်မမာတဲ့ အနတ္တ ဧကန် မှန်စွတကား။

## ဝိပဿနာဉာဏ်

အေး ... ဒီထက်ပိုပြီး နှလုံးမသွင်းမိတောင် အခုလို နှလုံးသွင်းပါတဲ့။ ဒီလို အနိစ္စ ဒုက္ခ အနတ္တ နှလုံးသွင်းဖန်များယင် ဒီဉာဏ်က ရင့်သန်လာပြီးတော့ ဉာဏ်တစ်ဆင့် ကျေးဇူးပြုပေးမယ်။ **ဥဒယဗ္ဗယဉာဏ်** ရယ်လို့ ပေါ်လာလိမ့်မယ်။

အေး ... သူကနေပြီး ရင့်သန်လာတော့ **ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်** အစရှိတဲ့ ဝိပဿဉာဏ် ဆယ်ချက် ရင့်၍ ရင့်၍ အသိဉာဏ်တွေ တိုး၍တိုး၍ လာလိမ့်မယ်။ ဝိပဿနာဉာဏ် ဆယ်ချက် ပြည့်စုံလာပြီဆိုတော့ **အနုလောမဉာဏ်** ရောက်ယင် နောက်ပြန် မဆုတ်ပါဘူး တဲ့။ အနုလောမဉာဏ်ဆိုတာ မဂ္ဂဝီထိမှာပါတဲ့ "ပရိကံ, ဥပစာ, အနုလုံ" ဒါဆိုတော့ ဘယ်တော့မှ နောက်ပြန် မဆုတ်တော့ဘူး။

အနုလောမဉာဏ်ရောက် ဝိပဿနာ အသိဉာဏ် ပေါက်ခဲ့လိုရှိယင် နောက်မဆုတ်ဘဲ ဟိုဘက်မှာ ပထမအကြိမ် သောတာပတ္တိမဂ်ဖိုလ်၊ ဒုတိယအဆင့် နှလုံးသွင်းလိုက်ယင် သကဒါဂါမိမဂ်ဖိုလ်၊ တတိယအဆင့် နှလုံးသွင်းလိုက်ယင် အနာဂါမိမဂ်ဖိုလ်၊ စတုတ္ထ နှလုံးသွင်းလိုက်ယင် အရဟတ္တမဂ်ဖိုလ်၊ အရိယမဂ်ဖိုလ် လေးပါးကို သူ့အကွဲနဲ့သူ အစဉ်အတိုင်း ရောက်မှာ ဧကန် အမှန်ပါပဲ။

http:\\www.dhammadownload.com



ယင်းသို့ရောက်ယင် မိမိတို့လဲပဲ နိဗ္ဗာန်တည်းဟူသော ဓမ္မပဒ အမြတ်ဆုံး တရားကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုကြတဲ့ ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေစစ်စစ် ဧကန် ဖြစ်မှာပါ။ ဖြစ်အောင် ကြိုးကုတ် အားထုတ်နိုင်ကြပါစေ။

**သာဓုသုတ္တန်နိဂုံး**

ဤသို့လျှင် ဒါန သီလ ဘာဝနာ သုံးပါးထင်ရှား ဖော်ပြတဲ့ သာဓု သုတ္တန် တရား ဒေသနာကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလ ဆောက်တည်ကြရခြင်း သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ မွေ့သဘင် ဆင်ယင် ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူ အမြိုက်အလှူ ပေးလှူရခြင်း ဓမ္မဒါန အမတဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤအချိန်တွင် မနသာပူဇာ= နက်ဖြန်၌ ဝစသာပူဇာဖြင့် အဘိဓမ္မာ တရားတော်မြတ်ကို ပူဇော်ရခြင်း ဓမ္မပူဇာ မင်္ဂလာ ကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ...

ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်။

ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ ပြတ်ရာ ငြိမ်းရာ သံသရာ ဓာတ်သိမ်းရာဖြစ်သော နိဗ္ဗာန် တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာဉာဏ်၊ ပန်ထွာ တောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ မျက်မှောက်ပြုရတဲ့ ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော နောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိမှ အခြားမဲ့ နောက်ကာလ၌ ကာမဘဝ ရူပဘဝ အရူပဘဝ တည်းဟူသော ဘဝသုံးပါး တို့တွင် ဘယ်ဝဌ်မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၊ အနုပါဒိသေသနိဗ္ဗာန် ကိုယ်စီ စံရ ပါစေကုန်သတည်း။ အနုပါဒိသေသနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု ... ။

သာဓု သုတ္တန် တရားတော် ပြီးပြီ။

**အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ (ဒုတိယတွဲ)**

**ဤတွင် ပြီးဆုံးပြီ။**

http:\\www.dhammadownload.com



အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ ဒုတိယတွဲ
မှတ်သားဖွယ် ကောက်နုတ်ချက်

# အက္ခရာစဉ် အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (အ) | |
| အချိန်အခါကိုကြည့်ပြော | ၁၅၂ |
| အဂတိတရား ၄-ပါး | ၁၈၈ |
| အဂ္ဂသာဝကတို့၏ပရိနိဗ္ဗာန် | ၂၈၄ |
| အဂ္ဂသာဝက ၂-ပါး၏ အဆုံးအမပေးပုံထူးခြားချက် | ၃၁၈ |
| အဆောတလျင်ပြောခြင်း၏အပြစ် | ၁၅၃ |
| အတင်းမပြောရန် | ၁၄၀ |
| အတွင်းအာယတန ၆-ပါး | ၇၇ |
| အနာဂါမ်ပုဂ္ဂိုလ်ကျင့်ရမည့်တရား | ၁၇၅ |
| အနိစ္စ, ဒုက္ခ, အနတ္တ | ၄၁၉ |
| အနိပ္ဖန္နရုပ်ဆယ်ပါးသရုပ် | ၅၃ |
| အနုပုဗ္ဗဝိဟာရသမာပတ် ၉-ပါး | ၃၂၆ |
| အနုလောမဈာန် | ၃၂၅ |
| အဘိညာဉ်ဖြင့်ရေနွေးတည် | ၂၇၃ |
| အဘိဏှာရာဟုလောဝါဒသုတ္တန် | ၂၄ |
| မြတ်စွာဘုရား အဘိဓမ္မာတရား ဆင်ခြင်တော်မူပုံ | ၃၈၄ |
| အဘိဓမ္မာ ၂-မျိုး | ၃၈၂ |
| အမှုထမ်းတွေအလုပ်ကို လုပ်,မလုပ် | ၂၁၉ |
| အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန် | ၁၀၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (အ) | |
| အယုတ်တရား ၂-ပါး | ၁၃၈ |
| အာရာမ်စောင့်နတ်မင်းကြီးများ | ၃၁၅ |
| အရဏာ စေတဒဂ်ဘွဲ့ရသူ | ၁၆၂ |
| အရဏာ တရား ၆-ပါး အကျယ် | ၁၄၁ |
| အရဏာဝိဘင်္ဂသုတ္တန် | ၁၃၆ |
| အရူပါဝစရစိတ် ၁၂-ပါး | ၇၃ |
| အရှင်အနုရုဒ္ဓါ ဓာတ်တော်ကောက်ခြင်း | ၃၃၂ |
| အရှင်အာနန္ဒာနှင့်အရှင်သာရိပုတ္တရာရင်းနှီးပုံ | ၃၃၃ |
| အရှင်စုန္ဒမထေရ် ဘုရားထံသွားရောက်ခြင်း | ၃၃၂ |
| အရှင်ရာဟုလာ မဂ်,ဖိုလ်, ဆိုက်ပုံ | ၁၃၂ |
| အရှင်သာရိပုတ္တရာ၏ အာယုသင်္ခါရ | ၂၈၃ |
| အရှင်သာရိပုတ္တရာ၏ဂုဏ်ကျေးဇူးများ | ၃၃၅ |

http:\\www.dhammadownload.com




| **အက္ခရာစဉ်** | **စာမျက်နှာ** |
|---|---|
| **(အ-အာ-ဣ-ဥ-ဧ)** | |
| အရှင်သာရိပုတ္တရာ၏ | |
| ဈာပနာအခမ်းအနား | ၃၂၈ |
| အရှင်သာရိပုတ္တရာ၏ | |
| နောက်ဆုံးသြဝါဒ | ၃၀၇ |
| အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် | |
| စံတော်မူခြင်း | ၃၂၅ |
| အရှင်သာရိပုတ္တရာ ဘုရားထံ | |
| ခွင့်ပန်ခြင်း | ၂၉၀ |
| အလှူခံပုဂ္ဂိုလ် ရွေး၍လှူ | ၄၀၉ |
| အလှူခံယူနည်း | ၃၁ |
| အသရေမဲ့သော နတ်သမီး | ၂၀၆ |
| အသရေရှိသောနတ်သမီး | ၂၀၆ |
| အသိုက်တစ်ခု ငှက်မသုံးကောင်ဥ | ၁၉၃ |
| အာကာသဓာတ် | ၅၃ |
| အာယုပါလက ဖလသမာပတ် | ၂၉၅ |
| အာယုသင်္ခါရ လွှတ်ပုံ | ၂၉၁ |
| အာရဒ္ဓဝီရိယ ဧတဒဂ် | ၂၇၈ |
| အာရုံ ၆-ပါး၌ဝိပဿနာ | ၈၃ |
| အာရုံရုပ် ၅-ပါး | ၂၄၃ |
| အားကိုးရာ ဗုဒ္ဓဂုဏ်တော် | ၃၅၀ |
| အောက်လူတွေရဲ့အပြောမယုံပါနှင့် | ၂၁၈ |
| ဣဏပလိဗောဓ | ၃၇၁ |
| ဥဒယဉာဏ် ၅-ပါး | ၁၄ |
| ဥပဇ္ဈာယ်ဆရာကိုလေးစားပါ | ၂၅ |
| ဧတဒဂ်ရ ထေရီ | ၂၇၈ |

| **အက္ခရာစဉ်** | **စာမျက်နှာ** |
|---|---|
| **(က-ခ)** | |
| ကံသုံးပါးကိုမပြုခင် | |
| ကြိုတင်စဉ်းစား | ၁၁၂ |
| ကနဦးသာသနာမှာသရဏဂုံ | |
| ဖြင့်သာ ရဟန်းခံခြင်း | ၈ |
| ကမ္မဝါစာဖြင့် ရဟန်းခံခြင်း | |
| အစ ရာခ မထေရ် | ၇ |
| ကာမဂုဏ်ကို ဘဝငါးရာ | |
| ပယ်သောပုဂ္ဂိုလ် | ၃၃၉ |
| ကာမ သောဘနစိတ်သရုပ် | ၇၁ |
| ကုဏ္ဍလိနီသာလိကာမ | ၂၁၄ |
| ကုမာရပဉှာ | ၁၂ |
| ကုသိုလ်ဟူသမျှတို့ထက်အနှိုင်း | |
| သညာက အကျိုးများ | ၁၂၉ |
| ကောသလမင်းကကြွေးရှင်း | ၃၇၄ |
| ကောသလမင်းနှင့်ဘုရား | ၁၈၀ |
| ကောင်းမှုသည်သာ | |
| အားကိုးရာ | ၁၉၀ |
| ကြက်ဟင်းခါးသီးနဲ့ | |
| ဂျင်းခါးသီး | ၁၅၄ |
| ကြွေးတွေက ဝိုင်းဝိုင်းလည် | ၃၆၂ |
| ကြွေးမြီမရှိ၍ ချမ်းသာ | ၃၆၇ |
| ကိုယ်လုပ်ရှားမှု | ၅၄ |
| ခဏိက ဖလသမာပတ် | ၂၉၅ |
| ခန္ဓာငါးပါး | ၄၁ |
| ခန္ဓာငါးပါး ဝိပဿနာ | ၉၄ |
| ခင်ပုပ်ငှက် | ၁၉[illegible] |

http:\\www.dhammadownload.com



**အက္ခရာစဉ်** **စာမျက်နှာ**


**(ခ-င)**

ခင်ပုပ်ငှက်၏အဖြေ ၂၀၁
ချမ်းသာကြောင်း လက်ာ ၆-ပုဒ် ၁၄၀
ချမ်းသာလိုငြား အစ္ဆူတ္တသုခကိုပွား ၁၅၁
ငှက်မသုံးကောင် အသိုက်တစ်ခု ၁၉၃

**(စ-ဆ-ဇ)**

စာတပိုဒ် ရွှေချောင်းတစ်ချောင်း ၁၆၇
စစ်တိုက်ခြင်းနှင့်အလှူပေးခြင်းတူပုံ ၄၁၀
ဆပဋ္ဌကဓမ္မဝိပဿနာ ၁၂၂
ဆဗ္ဗဏ္ဏရံသိဝန္ဒနာ ၃၈၆
ဆင်းရဲကြောင်းတရား ၁၃၈
ဆွမ်းအငတ်ခံ တရားအားထုတ်
သော ရာဟုလာ ၁၁၇
ဇမ္ဗူကကျေးသား၏အဖြေ ၂၂၅
ဇမ္ဗူကကျေးသား စစ်သေနာပတိ ၂၃၆
ဇိဝိတရုပ် ၅၀
ဇိဝိတရုပ်က မိဘသဖွယ်
စောင့်ရှောက်ရပုံ ၅၁-၅၂

**(ဈ)**

ဈာပနဌ် မယ်တော်၏ ပူဇော်ပုံ ၃၂၈
ဈာပနဌ် သိကြားမင်း ပူဇော်ပုံ ၃၂၈
ဈာပနသဘင်၌အနင်းခံရ၍သေသူ ၃၂၉
ဈာန်စိတ် ၁၅-ပါး သရုပ် ၇၂

**(တ-ထ)**

တဏှာ ၆-ပါး၌ ဝိပဿနာ ၉၁
တဏှာ, မာန, ဒိဋ္ဌိ ပြုတ်အောင်
ဝိပဿနာရှုနည်း ၉၅
တပည့်များအားနောက်ဆုံး
ကန်တော့ခြင်း ၃၂၃
တရားအသိနှင့်ယှဉ်အောင်
ပြောရန် ၁၅၇
တရားသဖြင့်ရသော ဥစ္စာ ၄၀၈
တေသကုဏဇာတ်
အတိတ်ဝတ္ထု ၁၉၂
တေသကုဏဇာတ်
ပစ္စုပ္ပန်ဝတ္ထု ၁၈၂
တောအရပ်၌နေအပ်ခြင်း ၃၀
တော တစ်ဆယ့်တစ်ချက် ၁၇၀
တောလေးဆယ် ၁၇
တစ်သချိုင်းနှင့်ကမ္ဘာတစ်သိန်း
ပါရမီ ၃၀၅
တန်ခိုးအမျိုးမျိုးဖန်ဆင်း၍
တရားဟောခြင်း ၂၉၉
တန်ခိုးပြာဋိဟာ သုံးကြိမ် ၃၈၃
ထေရီအပဒါန်ဟူသည် ၂၅၆
ထေရီမကြီး ဥဒါန်း ၂၇၈
ထေရီမကြီး ဆုတောင်း ၂၅၈

**(ဒ)**

ဒါနဝတ္ထုကိုလည်း ရွေးလှူ ၄၁၁
ဒုစရိုက်မှုနဲ့ရသောအပျော်မျိုးမပျော်နဲ့ ၄၀၈

http:\\www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(ဒ–ဓ–န)** | |
| ဒေသအလိုက် ရေခွက်အခေါ် ၇–မျိုး | ၁၅၄ |
| ဒေသကဆရာတော်၏ ပဟေဠိနာ | ၂၈၁ |
| ဒေသသုံး ဝေါဟာရကို မငြင်းနှင့် | ၁၄၀ |
| ဓမ္မဥ္စရ ဆယ်ဂါထာ | ၂၃၃ |
| ဓမ္မာစိဋ္ဌာန် ပြောပါ | ၁၄၈ |
| ဓာတ် ၆–ပါး၌ ဝိပဿနာ | ၉၂ |
| နိပ္ဖန္နရုပ် ၁၈–ပါး သရုပ် | ၄၂၊၂၄၅ |
| နိဗ္ဗိဒါဉာဏ် ရင့်သန်ပုံ | ၁၃၀ |
| နတ်တို့စိတ်ဆိုး လေမိုးမမှန် | ၁၈၅ |
| နတ်မင်းကြီးများရောက် | ၃၁၂ |
| နာမ်ရုပ်တရား ၂–ပါး | ၁၃ |
| နွားပျောက်ရှာ ဘုရားနှင့်တွေ့ | ၃၅၃ |
| နွားမရှိ၍ ချမ်းသာ | ၃၆၃ |
| နှလုံးသားအတုနဲ့ ဆေးကုသော သိပ္ပံအမြင် | ၅၀ |
| နှင်တံနှင့် နွားကန် | ၁၅၆ |
| နှုတ်လုပ်ရှားမှု | ၅၃ |
| **(ပ)** | |
| ပညာအရာမနိုင်းယှဉ်နိုင်ရာ | ၃၃၆ |
| ပညာရှိသူ၏ သဘော | ၂၂၉ |
| ပဋိလောမချာန် | ၃၂၅ |
| ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်တော် | ၂၆၀ |
| **(ပ–ဖ)** | |
| ပရိညာသုံးပါးဖြင့် မဂ်,ဖိုလ် ရောက်နိုင်သောတရား | ၁၂ |
| ပရိနိဗ္ဗာန်စံရန် ဘုရားအမိန့် ရှိပုံ | ၂၉၈ |
| ပသာဒရုပ် ၅–ပါး | ၄၄ |
| ပစ္စည်းလေးဖြာမတွယ်တာနှင့် | ၃၂ |
| ပါရမီဖြည့်ပုံ | ၂၆၁ |
| ပုဂ္ဂလာဓိဋ္ဌာန်မပြောနဲ့ | ၁၄၇ |
| ပုဂ္ဂိုလ်ကို ရွေးချယ်လှူ | ၄၀၉ |
| ပုဏ္ဏား၏အမြင်မှန်သတိ | ၃၆၇ |
| ပင်ပန်းမှုနဲ့ ရတဲ့သုခ | ၁၄၂ |
| ဖလသမာပတ် ၃–မျိုး | ၂၉၃ |
| ဖဿ ၆–ပါး၌ ဝိပဿနာ | ၈၆ |
| ဖုတ်သက်နဲ့နေတာ ၂–နှစ် ကြာတဲ့အဖွား | ၄၉ |
| **(ဗ–ဘ)** | |
| ဗဟိဒ္ဓသုခ မလိုက်စားနဲ့ | ၁၅၀ |
| ဗဟုဓိကရပုဏ္ဏား | ၃၅၁ |
| ဗုဒ္ဓ၏ အာယုသင်္ခါရ | ၂၉၂ |
| ဗုဒ္ဓ၏ချီးမွမ်းစကား | ၂၇၅ |
| ဗုဒ္ဓကိစ္စငါးပါး | ၃၉၃ |
| ဘဝငါးရာ ကာမဂုဏ်ကို ပယ်သောပုဂ္ဂိုလ် | ၃၃၉ |
| ဘင်ဉာဏ် စသည် | ၁၅ |

http:\\www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **(ဘ)** | |
| ဘဏ္ဍာရေးဝန်ကြီးသာလိကာမလေး | ၂၂၄ |
| ဘာရဒွါဇပုဏ္ဏားရဟန္တာဖြစ်ခြင်း | ၃၇၈ |
| ဘာဝနာလေးဆယ် | ၁၇ |
| ဘာဝရုပ် စသည် | ၂၄၃ |
| ဘုရားချီးမွမ်းတော်မူသောအကျင့်တရား | ၄၁၇ |
| ဘုရားယောင်ဆောင်သောမာရ်နတ် | ၂၁ |
| ဘုရားရှင်တို့၏ အရိုးတော်ကွင်းဆက် | ၁၁၆ |
| ဘုရားလက်ခံသော ဒါန | ၄၀၁ |
| ဘုရင်မွေးစား ဘုရင့်သား | ၁၉၅ |
| ဘောဇနမတ္တညုတ | ၃၀ |
| **(မ)** | |
| မင်္ဂလာရှစ်ပါး မီးရထား ဥပမာ | ၁၄၃ |
| မဂ္ဂါနန္တရဖလသမာပတ် | ၂၉၃ |
| မဇ္ဈိမပဋိပဒါလမ်း | ၁၄၆ |
| မနိမ်မချမမြှောက်စားနှင့် | ၁၄၆ |
| မယားမရှိ၍ ချမ်းသာ | ၃၆၆ |
| မလှူချင်သော အကြောင်း ၂-မျိုး | ၃၉၉ |
| မဟာဝဇိရ ဝိပဿနာဉာဏ် | ၂၉၅ |
| မာန်တစ်လုံးပြုတ်ရုံပဲ အားထုတ်ပါ | ၃၆ |
| မိမိကိုယ်နှင့် တရားကိုသာအားကိုးရာ | ၃၄၆ |
| မုသားပြောသူ တရားကိုစွန့်ပြီးဖြစ်ခြင်း | ၁၀၈ |
| **(မ)** | |
| မင်းကျင့်တရားဆယ်ပါး | ၂၃၃ |
| မင်းကျင့်တရားသုံးပါး | ၂၀၃ |
| မင်းကျင့်တရားငါးပါး | ၂၁၁ |
| မယ်တော်အားတရားဟောခြင်း | ၃၂၀ |
| မယ်တော်၏ပီတိ | ၃၁၉ |
| မယ်တော်ကြီးက အံ့သြ | ၃၁၇ |
| မယ်တော်ကို ချေချွတ် | ၂၈၆ |
| မယ်တော်မာယာ၏အသက် | ၂ |
| မယ်တော်ရူပသာရီသောတာပန်ဖြစ်ခြင်း | ၃၂၀ |
| မိတ်ဆွေကောင်းကိုပေါင်းသင့် | ၂၉ |
| မြစ်ကမ်းမဆုံသောငါးကြီးဥပမာ | ၃၈၅ |
| မြတ်စွာဘုရား အဘိဓမ္မာတရားဆင်ခြင်တော်မူပုံ | ၃၈၄ |
| မြတ်စွာဘုရားအားနောက်ဆုံးပူဇော်ခြင်း | ၃၀၂ |
| မြို့ဝန်မင်း ခင်ပုပ်ငှက် | ၂၁၃ |
| မွေးရပ်မြေရောက်ခြင်း | ၃၀၉ |
| မှတ်ရန်အချုပ်လက်ာ ၉-ပုဒ် | ၃၈ |
| **(ယ-ရ)** | |
| ယောဂီများ ပြည့်စုံရမည့်အင်္ဂါ ၅-ချက် | ၇၆ |
| ရဟန္တာမကြီးဖြစ်ပြီ | ၂၆၉ |
| ရဟန္တာ ၇-ဆူ၏မယ်တော် | ၂၈၅ |
| ရဟန္တာပုဂ္ဂိုလ်နှလုံးသွင်းရမည့်တရား | ၁၇၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (ရ) | |
| ရာဇောဝါဒ ၁၀-ဂါထာ | ၂၃၃ |
| ရာဇောဝါဒသုတ်အမည် | ၁၈၀ |
| ရာဟုလ သံယုတ် | ၇၆ |
| ရာဟုလသုတ် | ၂၄ |
| ရာဟုလာ၏ကာမဝိတက် | ၁၁၆ |
| ရာဟုလာအား အမွေပေးပုံ | ၅ |
| ရူပက္ခန္ဓာ၏သဘော | ၄၂၊ ၂၄၂ |
| ရေဝတီအမျိုးသမီး | ၃၂၉ |
| ရေဝတီနတ်သမီး | ၃၃၀ |
| ရေဝတီနတ်သမီး၏ပူဇော်ပုံ | ၃၃၀ |
| ရောင်ခြည်တော်ခြောက်သွယ် | ၃၈၉ |
| ရှေးဘဝက ရှင်ရာဟုလာ၏ ဆုတောင်း | ၁၂၂ |
| ရှင်ရာဟုလာ၏နှလုံးသွင်း | ၁၀၁ |
| ရှင်ရာဟုလာ၏သဒ္ဒါပဗ္ဗဇ္ဇိတ | ၂၈ |
| ရှင်ရာဟုလာအား ဘုရားဆုံးမတော်မူပုံ | ၁၁၆ |
| ရှင်ဘုရင်နှင့်ခင်ပုပ်ငှက် | ၂၀၁ |
| ရှင်သာမဏေပြုနည်း | ၉ |
| ရုပ်ချုပ်ကြောင်းတရားများ | ၁၅ |
| ရုပ်ဖြစ်ကြောင်းတရားများ | ၁၄ |
| ရုပ်ဟုခေါ်ရခြင်းအကြောင်း | ၄၄ |
| (လ) | |
| လက္ခဏာရုပ်လေးပါးတို့၏သဘော | ၅၅ |
| လင်္ကာသမီး ၇-ယောက် | ၃၅၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (လ-ဝ) | |
| လောကုတ္တရာစိတ်သရုပ် | ၇၄ |
| လယ်တီဆရာတော်ဘုရား ကြီး၏လင်္ကာ ၁၀-ပုဒ် | ၄၁ |
| လုံ့လရှိလျှင် နတ်ကောင်း စောင့်ရှောက် | ၂၁၀ |
| လုံ့လဝီရိယ ရှိရမည် | ၂၀၈ |
| ဝယညာဏ် ငါးပါး | ၁၅ |
| ဝလဋ္ဌနဖလသမာပတ် | ၂၉၃ |
| ဝိကာရရုပ် သုံးပါး | ၅၄ |
| ဝိညတ်ရုပ် ၂-ပါး | ၅၄ |
| ဝိညာဏက္ခန္ဓာ | ၂၅၃ |
| ဝိညာဏ် ၆-ပါး၌ဝိပဿနာ | ၈၆ |
| ဝိပဿနာညာဏ် ၁၀-ပါး | ၁၃ |
| ဝိမုတ္တိပရိပါစနိယတရား | ၁၁၉ |
| ဝေဒနာအကျယ် ၁၀၈-ပါး | ၂၄၇ |
| ဝေဒနာ ၆-ပါး၌ ဝိပဿနာ ရှုခြင်း | ၈၈ |
| ဝေဒနာ ၅၄-မျိုးဖြစ်ပုံ | ၅၈ |
| ဝေဒနာ ၁၈-မျိုး | ၅၇ |
| ဝေဒနာက္ခန္ဓာသဘော | ၅၆ |
| ဝေဒနာသုံးပါး-ငါးပါး | ၅၆ |
| ဝေပုလ္လတောင်၏အမြင့် | ၂၅၄ |
| ဝေပုလ္လသုတ္တန် | ၂၅၄ |
| ဝေဿန္တရာခင်ပုပ်ငှက် | ၁၉၉ |
| ဝန်တိုမှုနှင့် အာရုံငါးပါး လိုက်စားမှု | ၃၉၉ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| (သ) | | (သ) | |
| သံဝေဂဂါထာ | ၁၀၃ | သာလိကာမ-ကုဏ္ဍလိနီ | ၂၁၄ |
| သကဒါဂါမိန်လုံသွင်းရမည့်တရား | ၁၇၄ | သိရီနတ်သမီးနှင့် ကာလကဏ္ဏီနတ်သမီး | ၂၀၆ |
| သင်္ခါရက္ခန္ဓာငါးဆယ် | ၂၅၂ | သီလဗိမာန် တည်ဆောက်ရန် | ၃၃ |
| သစ္စာလေးပါးဖြစ်ပုံ လင်္ကာများ | ၁၄၄ | သီလရှိသူနှလုံးသွင်းရမည့် တရား | ၁၆၉ |
| သဥ္စေတနာ ၆-ပါး၌ ဝိပဿနာ | ၉၀ | သီလဝန္တ သုတ္တန် | ၁၆၆ |
| သညာက္ခန္ဓာသဘော | ၅၉၊ ၂၅၀ | သုဒ္ဓေါဒနမင်း အသက် မှန်းဆချက် | ၂ |
| သညာ ၆-ပါး၌ ဝိပဿနာ | ၈၉ | သုဒ္ဓေါဒနမင်း ဘုရားပင့် စေလွှတ်ခြင်း | ၃ |
| သညာဆိုတာ ဘာလဲ | ၅၉ | သုဘနိမိတ်ခွါ, ဈာန်စိတ် ပိုင်အောင်ရှု | ၃၅ |
| သတိပဋ္ဌာန်လေးပါး | ၃၄၆ | သုဘူတိအမျိုးကောင်းသား | ၁၆၂ |
| သတုလ္လပကာယိကာနတ်များ | ၃၉၅ | သုရမ္ဗဋ္ဌကိုမာရ်နတ်ဖျက်ဆီးမရ | ၂၁ |
| သတ္တဝါများကို မညှဉ်းဆဲရ | ၄၁၄ | သူနာပြုနတ်မင်းကြီးများ | ၃၁၂ |
| သတ္တသတ္တာဟ | ၀၀၀ | သူနာပြု ဗြဟ္မာမင်းများ | ၃၁၃ |
| သဒ္ဓါနှစ်ပုံစွယ်စုံညီဒါန | ၄၀၅ | သေခါနီးသရဏဂုံ | ၃၉၆ |
| သဒ္ဓါပဗ္ဗဇိတဖြစ်သောရာဟုလာ | ၂၈ | သေမင်းနှင့် စစ်မခင်းနိုင် | ၁၈၉ |
| သမစိတ္တပဋိပဒါသုတ် | ၂၈၈ | သောကပျောက်ကြောင်းတရား | ၃၄၄ |
| သမစိတ္တသုတ် | ၂၈၈ | သောဏာထေရီ လျှောက်ထားချက် | ၂၇၈ |
| သမစိတ္တသုတ်ဟောစဉ်က | ၂၈၈ | သောတာပန်နှလုံးသွင်းရမည့်တရား | ၁၇၃ |
| သမထဝိပဿနာဘာဝနာ | ၄၁၇ | သားသမီးမရှိ၍ချမ်းသာ | ၃၆၆ |
| သမာဓိဗိမာန်တည်ဆောက်ရန် | ၃၄ | သားသုံးမျိုး | ၂၆ |
| သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်နည်း | ၁၄၃ | သွေးအန်ရောဂါဖြစ်ပေါ်လာ | ၃၁၁ |
| သမာပတ် ၉-ပါး | ၃၂၆ | | |
| သရဏဂုံကြောင့် နတ်ပြည်ရောက် | ၃၉၆ | | |
| သရဏဂုံဖြင့်သာ ရဟန်းခံ | ၈ | | |
| သာမဏေငယ်လေးနှင့်တူသော သိကြားမင်း | ၃၁၆ | | |
| သာမဏေရပဉှာ | ၁၂ | | |


အက္ခရာစဉ် [illegible] ပြီးပြီ